www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❑ ၅၀၀၃၃၁၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❑ ၅၀၀၃၉၇၀၅၀၄
စီစဉ်သူ ❑ ဖြူဖြူမင်း
မျက်နှာဖုံးပန်းချီ ❑ ဝသုန်
စာမျက်နှာဖွဲ့စည်းမှု ❑ ဝင်းထွန်း
ကွန်ပျူတာ ❑ နွေစံပယ်၊ တင်တင်မွေး
ဖလင်တာဝန်ခံ ❑ ထားထားစိုး
မျက်နှာဖုံးဖလင် ❑ Stars
ပုံနှိပ်ခြင်း ❑ ပထမအကြိမ်
ထုတ်ဝေခြင်း ❑ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ❑ ၅၀၀
တန်ဖိုး ❑ ၁၈၀၀ ကျပ်
ဖြန့်ချိရေး ❑ ကျော်ဇေယျာ၊ တင်ဇော်လတ်၊ ကိုဝင်းထွန်း
စာအုပ်ချုပ် ❑ ကိုတင်အေး(လှိုင်)
ထုတ်ဝေသူ ❑ ဦးခင်မောင်သိန်းဆွေ၊
'သလ္လာဝတီ'၊ တိုက် ၂၄၀၊ အခန်း(၃)၊
ဇေယျာသုခလမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ❑ ဦးကျော်မွေးမင်း(မြဲ-၀၅၉၉၂)
အောင်သိန်းသန်းအော့ဖ်ဆက်
အမှတ် ၄၄/ခ၊ သိမ်ဖြူလမ်း၊
ရန်ကုန်မြို့။

# အမှာစကား

ကျွန်တော် မြန်မာပြန်သော ဝတ္ထုရှည်များမှာ များသောအားဖြင့် သမိုင်းနောက်ခံ ဝတ္ထုများ ဖြစ်ကြသည်။ ဤ "စိတြဗိယာ" ဝတ္ထုမှာမူ သမိုင်းနောက်ခံဝတ္ထု မဟုတ်ဘဲ ခေတ်ဝတ္ထုဖြစ်သည်။

"စိတြဗိယာ"ဝတ္ထု၏ မူရင်းမှာ အိန္ဒိယနာမည်ကျော် ဝတ္ထုစာရေးဆရာကြီး "အခီလန်" တမီလ်ဘာသာဖြင့်ရေးသော "ကိုဗွတ္တိရပ္ပါဝေ" ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံး "ဂယာန်ဗိဇ္ဇ" စာပေဆု ဆွတ်ခူးရရှိသော ပြည်နယ်ဘာသာဖြင့် ရေးသားထားသည့် ဝတ္ထုများကို ဟိန္ဒီဘာသာဖြင့်လည်း ဘာသာပြန်ဆိုကြသည်။ မူရင်း တမီလ်ဘာသာဖြင့်ရှိနေသော "ကိုဗွတ္တိရပ္ပါဝေ" ဝတ္ထုကို ဟိန္ဒီဘာသာပြန်ဆိုသောအခါ ဝတ္ထု၏အမည်မှာ မူရင်းအမည်၏ အနက်အဓိပ္ပာယ်ထွက်သော ဟိန္ဒီဘာသာစကားလုံး "စိတြဗိယာ" ဖြစ်လာသည်။ ကျွန်တော်၏ "စိတြဗိယာ" သည် ဟိန္ဒီ ဘာသာပြန်မှတစ်ဆင့် မြန်မာပြန်ဆိုခြင်းဖြစ်၍ ဝတ္ထု၏အမည်ကို မြန်မာနားနှင့်လည်း ဝင်ဆန့်နေသောကြောင့် ဟိန္ဒီဘာသာပြန်ဝတ္ထုအမည်အတိုင်း "စိတြဗိယာ" ဟူ၍ တပ်လိုက်သည်။ "စိတြဗိယာ"သည် "ပန်းချီချစ်သူ" ဟူ၍ အနက်အဓိပ္ပာယ်ရသည်။

"စိတြဗိယာ"ဝတ္ထု "ဂယန်ဗိဇ္ဇ" စာပေဆုရရှိသောအခါ တွေ့ဆုံမေးမြန်းသူ တစ်ဦးအား ဝတ္ထုရေးဆရာက ဤသို့ ပြောပြသည်။

တစ်ခါတုန်းက မိန်းမပျိုတစ်ယောက်က ကျွန်ုပ်ကို ဖုန်းဆက်ပြောတယ်။ "ကျွန်မ မိတ်ဆွေတစ်ယောက် ကျွန်မနာမည်နှင့် ငွေချေးပြီး ပြန်မဆပ်နိုင်တော့တဲ့အတွက် ကျွန်မ[illegible] လုံးလုံးဖြစ်ရတယ်။ ကျွန်မကလည်း ဆပ်နိုင်တဲ့အခြေအနေမရှိတဲ့အတွက် အကြီးအကျယ် ဒုက္ခရောက်ရတယ်"၊ အဲဒီအဖြစ်အပျက်ကို အခြေခံပြီး ကျွန်ုပ် "စိတြဗိယာ"ကို ရေး[illegible] ယနေ့လူ့အဖွဲ့အစည်းဟာ ငွေနောက်လိုက်နေတဲ့အတွက် လူ့ကျင့်ဝတ်၊ လူ့သိက္ခာ[illegible] နိမ့်ကျနေတယ်။ ဆုတ်ယုတ်နိမ့်ကျနေတဲ့ လူ့ကျင့်ဝတ်၊ လူ့သိက္ခာကို ပြန်[illegible] ရည်ရွယ်ချက်နှင့် "စိတြဗိယာ"ကို ရေးရခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုရေးဆရာသည် သူ၏ဝတ္ထုအမှာစကား၌လည်း ဤသို့ ရေးသားဖော်ပြထားသည်။ "ယနေ့ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းသည် တစ်ဖက်တွင် လူ့ကျင့်ဝတ်နှင့် လူသားအသိ ဆိတ်သုဉ်းနေကြသော လူလိမ်၊ လူညာ၊ လူစဉ်းလဲများအား ပြည်သူကို ခေါင်းပုံဖြတ်ခွင့် ပေးနေကြပြီး အခြားတစ်ဖက်၌ အခွင့်အရေးရှိသူများအား သမ္မာအာဇီဝအလုပ်ဖြင့် မိမိတို့ ကိုယ်ကို လုံခြုံမှုရှိစေဖို့အတွက် မလုပ်နိုင်အောင် ဖန်တီးနေကြသည်။

ယင်း စိတ်ယုတ်မာရှိသော လူလိမ် လူညစ်တို့ကြောင့် ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းတော်တော်များများ၌ အကျင့်ဆိုးအကျင့်ပျက်များ ဝင်ရောက်ကိန်းအောင်း နေကြသည်။ ကျွန်ုပ်တို့၏တိုင်းနိုင်ငံ၌ တွေ့မြင်နေရသော ပြောင်းလဲမှုများစွာတို့သည် ယင်းစဉ်းလဲများအား အခွင့်အခေါင်းချည်းသာရှိသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ခွင့်ပေးနေကြသည်။ ယနေ့ လူပေါင်းများစွာတို့၏ ကပ်ပေါ်တွင် စီးပွားဥစ္စာကို ဖြတ်လမ်းကရှာလိုခြင်းသရဲနှင့် ဖြတ်လမ်းက ရှာ၍ရမည့် အခွင့်အရေးသရဲ ခွစီးနေသည်။

ငွေကို မိသားစုဘဝ၏ ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်ချမ်းမြေ့ရေးထက် အလေးပေးသူ လူမိုက်များကို ကိုယ်စားပြုနေသူမှာ ဤဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင် "မာဏဝိက္ကမ်" ဖြစ်သည်။ ဤဝတ္ထု၏ အဓိကဇာတ်ဆောင် "အဏ္ဏာမလေ"နှင့် "အာနန္ဒီ"တို့မှာမူ ယင်း လူယုတ်မာများ၏ သားကောင်ဖြစ်ကြရသော အပြစ်မဲ့ ပြည်သူလူထု၏ တစ်စိတ်တစ်ပိုင်းများ ဖြစ်ကြသည်။"

မူရင်းဝတ္ထုရေးဆရာ ဖော်ပြထားသည့်အတိုင်းပင် ဤဝတ္ထုသည် အယောင်ဆောင်နှင့် အစစ်အမှန်ကို ခွဲခြားပြသော ဘဝဒဿနဝတ္ထုဖြစ်သည်။ ဤဝတ္ထုတွင် အနုပညာကို ငွေနှင့် ရောင်းမစားသော အနုပညာရှင်စစ်စစ် ပန်းချီဆရာနှင့် ပန်းချီအနုပညာစစ်စစ်ကို ချစ်ရာမှ ပန်းချီအနုပညာရှင်ကို သံယောဇဉ်တွယ်တာသွားသူ မိန်းကလေး၏စရိုက်ကိုဖော်ပြရင်း ပန်းချီ အနုပညာ၏တန်ဖိုးကိုလည်း အကဲဖြတ်ထားသည်။ အနုပညာအစစ်နှင့် အနုပညာအတုကိုလည်း ခွဲပြထားသည်။

ပါရဂူ

၂၄၊ ၈၊ ၉၅

ထိုနေ့ညနေ သတင်းစာတွင် မနက်ဖြန်နံနက် စာမေးပွဲအောင်စာရင်း ထုတ်ပြန် ကြေညာမည်ဟူသော သတင်းပါလာသည်။

လက်ထဲတွင် သတင်းစာနှင့်ထမင်းဘူးကိုင်လျက် ပန်းရန်ဆရာ ကျိဒမ္ဘရမ်သည် ပထမဦးစွာ ဘတ်စ်ကားပေါ်မှ ဆင်းလာသည်။ သူ့နောက်က မာဏဝိက္ကမ် လိုက်ပါလာသည်။ ဘတ်စ်ကားသည် ဇဝ္ဂမှ မယိလာပူဘုရားကျောင်းရေကန်အထိ ပြေးဆွဲသည့် ဘတ်စ်ကား ဖြစ်သည်။ ပန်းရန်ဆရာ၏အိမ်သည် မယိလာပူ၌ ရှိသည်။

ဘတ်စ်ကားက ဆင်းလျက် ပန်းရန်ဆရာသည် ကန်ပေါင်ရိုးတွင် ရပ်လိုက်သည်။ ထို့နောက် မာဏဝိက္ကမ်အား ပိုက်ဆံပေးလျက် ပြောလိုက်သည်။

"သွား၊ ဟိုခြားသတင်းစာ တစ်စောင်ကို ဝယ်လာခဲ့စမ်း၊ အဲဒီသတင်းစာမှာ လည်းပဲ သတင်း ပါ မပါ ကြည့်ရအောင်"

မာဏဝိက္ကမ်သည် စိတ်ထဲက ရယ်လိုက်လေသည်။ ထို့နောက် အနီးအနားက ဆိုင်ငယ်တစ်ဆိုင်မှ အခြားသတင်းစာတစ်စောင်ဝယ်ပြီးလျှင် ပန်းရန်ဆရာ၏လက်ထဲ ထည့်လိုက်သည်။ ပန်းရန်ဆရာကျိဒမ္ဘရမ်သည် မျက်မှန်တပ်လျက် သတင်းစာတွင်ပါသည့် သတင်းများကို ဖတ်ကြည့်လိုက်သည်။ သတင်းစာထောင့်တစ်ထောင့်တွင် ရိုက်နှိပ်ထားသည့် နှစ်ကြောင်းမျှသော ထိုသတင်းကို ဖတ်ရမှ စိတ်ချသွားသည်။ သို့ရာတွင် သူ၏သံသယသည် လုံးဝ ရှင်းလင်းကွယ်ပျောက်သွားခြင်း မရှိသေးပေ။

"မနက်ဖြန် နံနက်ကျရင် အောင်စာရင်း ဆက်ဆက်ထွက်လာမှာပါနော်"

"ဟုတ်ကဲ့ ဖေဖေ"

"မင်းအဏ္ဏာမလေ ခုံနံပါတ် သိရဲ့လား"

မာဏဝိက္ကမ်က ပြန်ပြောသည်။

" အိမ်က တစ်နေရာမှာတော့ ရေးမှတ်ထားတာ ရှိတယ်"

Treasure Publishing House

www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်ဆရာ ကျော်ဒမ္မရမ်သည် အဏ္ဏာမလေး၏ ခုံနံပါတ်ကို မှတ်က ရွတ်ပြရင်း ရယ်လိုက်သည်။ ထိုခုံနံပါတ်ကို သူဘယ်အချိန်ကစ၍ မှတ်မိနေသည်မသိပေ။ ကျော်ဒမ္မရမ်က စိုးရိမ်မကင်းသောအသံဖြင့် ပြောလိုက်သည်။

''ဒီကောင်၊ ဒီတစ်ကြိမ်တော့ အောင်ကောင်းပါရဲ့နော်''

မာဏိက္ကမ်သည် ကျော်ဒမ္မရမ်အား အားပေးလိုက်လေသည်။

''ဟုတ်ကဲ့၊ အောင်ပါလိမ့်မယ်၊ ဒီတစ်ကြိမ် သူ အများကြီး ကြိုးစားထားတာပဲ''

မာဏိက္ကမ်သည် ယင်းသို့မဖြေဘဲ တခြားနည်းလမ်းဖြင့် အဖြေပေးလိုက်ပါလျှင် မိမိအား ကျော်ဒမ္မရမ်က အမျက်ပွားပြီး ဘုရားကျောင်း ရေကန်ထဲများ တွန်းချလိုက်လေမလားဟု စိတ်ထဲက ထိတ်လန့်စိုးရွံ့နေသည်။

''တကယ်လို့ ဒီကောင်အောင်ရင် မင်းနဲ့မင်းအမေကို မနက်ဖြန် ငါတို့ အိမ်မှာ ထမင်းဖိတ်ကျွေးမယ်''

ပန်းရန်ဆရာ ကျော်ဒမ္မရမ်သည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် သူတို့၏ အိမ်ဘက်သို့ လျှောက်သွားသည်။ နှစ်ဆယ့်သုံးနှစ်အရွယ်ရှိ မာဏိက္ကမ်အဖို့ ထိုအသက် ၆၀ အရွယ် လူငယ်လေးနှင့်အတူ လျှောက်သွားရသည်မှာ အတော်ကလေး အခက်အခဲတွေ့နေသည်။

မာဏိက္ကမ်လည်း မိမိနှင့်အတူ လျှောက်လာနေသည်ကို ပန်းရန်ဆရာသည် မေ့နေဟန်တူသည်။ ထို့ကြောင့် ခြေလှမ်းသွက်သွက် လှမ်းနေခြင်းဖြစ်သည်။

အသက် ၆၀ အရွယ်၌ပင် ပန်းရန်ဆရာ၏ ကိုယ်ကာယသည် အတော်ပင် သန်မာဖျတ်လတ်နေသည်။ သူ၏အတွင်းပိုင်းစွမ်းအားသည် ကိုယ်ကာယပေါ်၌ ထင်ပေါ်နေသည်။ မျက်လုံးတွင် တပ်ထားသော မျက်မှန်နှင့် လဲကဲ့သို့ ဖြူဖွေးနေသော ဦးခေါင်းပေါ်က ဆံပင်များသည်သာလျှင် သူ၏ဇရာအရွယ်ကို ညွှန်ပြနေကြသည်။ သူ၏ မျက်နှာပုံပန်းသည် အတန်ငယ် ရှည်လျားသည်။ အရပ်မြင့်ပြီး အသားညိုသည်။ အဖြူရောင် လက်ပြတ်အင်္ကျီ ဝတ်ထားသည်။ ခါးတွင် ဒိုတီ ဝတ်ထားလျက် ပခုံးပေါ်၌ တဘက်တင်ထားသည်။ ခြေထောက်တွင် ညှပ်ဖိနပ် အဟောင်း စီးထားသည်။

မာဏိက္ကမ်လည်း ကိုယ်ကာယ သန်မာသူတစ်ဦးဖြစ်သည်။ အရပ်အမောင်းမှာမူ ပန်းရန်ဆရာ၏ ပုခုံးအထိသို့ပင် မရောက်ပေ။ မျက်နှာပုံပန်းမှာ လေးထောင့်ဖြစ်သည်။ နဖူးကျယ်သည်။ မျက်လုံးစူးရှသည်။ အဝါရောင်အင်္ကျီနှင့် ဘောင်းဘီရှည် ဝတ်ထားသည်။ သားရေဖိနပ်ကိုလည်း စီးထားသည်။ လက်ထဲက အိတ်ထဲတွင်ကား ထမင်းဘူး တစ်ဘူး ပါလာသည်။

မာဏိက္ကမ်သည် ကျော်ဒမ္မရမ်တို့၏ အိမ်အပေါ်ထပ်တွင် နေသည်။ ပန်းရန်ဆရာ၏ အကူအညီ အထောက်အပံ့ဖြင့်သာလျှင် ဗိသုကာ အတတ်သင်လျက် အလ်၊စီ၊အီး ဘွဲ့ရထားသူဖြစ်သည်။ ပန်းရန်ဆရာသည် သူ၏အလုပ်ရှင်ကို မာဏိက္ကမ်အတွက် အလုပ်ရအောင် ပြောပေး





ထားသည်။ သူတို့နှစ်ဦးလုံး အလွန်ကြီးကျယ်သည့် 'အင်ဂျင်နီယာရင်း ကန်ထရိုက်တာ' ကုမ္ပဏီ၌ အလုပ်လုပ်ကြသည်။ သူတို့ ကုမ္ပဏီသည် တစ်နေရာမဟုတ် တစ်နေရာ၌ အမြဲမပြတ် အလုပ်ရှိနေသည်။ ကျော်ဒမ္မရမ်သည် ထိုကုမ္ပဏီ၌ ပန်းရန်ဆရာ ဖြစ်သည်။ မာဏိက္ကမ်ကား ပန်းရန်ဆရာ၏အထက်က ဆူပါဗိုက်ဆာဖြစ်သည်။ ကုမ္ပဏီ၏အပြင်ဘက်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း မာဏိက္ကမ်သည် ပန်းရန်ဆရာအား ရိုရိုကျိုးကျိုး ဆက်ဆံသည်။

ဘုရားကျောင်း၏ ရေကန်နှင့် ကပါလီရှရဘုရားကျောင်းကို ဖြတ်လျက် သူတို့နှစ်ဦးသည် အရှေ့ဘက်က လမ်းကြားတစ်ခုထဲ ဝင်လာကြသည်။ ထို့နောက် နှစ်ဦးသား အိမ်အပြင်တံခါးကိုဖွင့်လျက် အတွင်းဘက်ဝင်လာကြသည်။ တံခါးအနောက်ဘက်တွင် ဟာလာဟင်းလင်း ဖြစ်နေသည်။ အတွင်းဘက်၌ အုတ်တေဖြင့်လုပ်ထားသော လမ်းကလေး တစ်လမ်းရှိသည်။ ယင်းလမ်း၏ဘေးနှစ်ဖက်၌ ပန်းပင်များ စိုက်ထားသည်။ အိမ်တံခါးများမှာ မှင့်နေကြသည်။ တံခါးနားက အတွင်းဘက်လှေကားမှ မာဏိက္ကမ် အပေါ်ထပ် တက်သွားသည်။ အိမ်ထဲဝင်သွားရင်း ပန်းရန်ဆရာက ''အဏ္ဏာမလေး အိမ်မှာရှိသလားဟေ့''ဟု လှမ်းမေးလိုက်သည်။ ထို့နောက် အိမ်ထဲ ဝင်သွား အင်္ကျီကိုချွတ်လျက် တစ်ချက်ခါပြီးလျှင် ချိတ်တွင် ချိတ်ထားလိုက်လေသည်။

အိမ်ထဲတွင် လျှပ်စစ်မီးလုံးများ လင်းနေကြသည်။ ပန်းရန်ဆရာ၏အသံကို ကြားရ၍ သူ၏ဇနီး မီနာချီအမ္မာလသည် မီးဖိုချောင်ထဲက အပြင်သို့ထွက်လာပြီး ပြောလိုက်လေသည်။

''သား လာချိန်ရောက်ပြီ ထင်တယ်''

မီနာချီအမ္မာလသည် အသက်ငါးဆယ်လောက်ရှိပြီ။ ကိုယ်ဟန်အနေအထားမှာ သေးသေးသွယ်သွယ်ဖြစ်သည်။ မျက်နှာတွင် ပေါ်လွင်နေသော နနွင်းရောင်နှင့် နဖူးတွင် တို့ထားသောဆေးစက်သည် သူ့ကိုလှပတင့်တယ်အောင် ပြုမူနေကြသည်။ သူ၏ အသားအရောင်သည် စနှကူးရောင်ဖြစ်သည်။ မျက်နှာတွင် သီးနေသည့် ချွေးသီးချွေးပေါက်ကလေးများသည် သူ့မျက်နှာ၏အသရေကို တိုးတက်အောင် ဖန်တီးနေကြသည်။ သူ့ပုံပန်းကို ကြည့်ခြင်းအားဖြင့် ပျို့ရွယ်စဉ်က ပန်းချီရုပ်ပုံများတွင် ရေးဆွဲထားသည့် မိန်းမပျိုရုပ်များကဲ့သို့ပင် လှပလိမ့်မည်ဟု ခန့်မှန်းရသည်။

အိမ်ထဲတွင် ရေပိုက်တပ်ထားသည်။ သို့သော်လည်း ကျော်ဒမ္မရမ်သည် သူ့ဝသီအရ အိမ်နောက်ဘက်သို့ သွားပြီးလျှင် ရေတွင်းမှရေငင်လျက် ကိုယ်လက် ဆေးကြောသုတ်သင်သည်။ တဘက်ဖြင့် မျက်နှာကိုသုတ်လျက် ကျော်ဒမ္မရမ်သည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ကဂိုရှဏ ဘုရားရုပ်ပုံတော်အနီး၌ မီနာချီ မီးပူဇော်ထားသည်ကို တွေ့ရသည်။ ကျော်ဒမ္မရမ်သည် ဘုရားရုပ်ပွားတော် သို့မဟုတ် ဘုရားရုပ်ပုံတော် စသည်တို့၏ရှေ့၌ ရှိခိုးဦးညွှတ်လေ့မရှိပေ။ မိမိအစား မီနာချီ ဘုရားပူဇော်ပသလျှင် လုံလောက်ပြီဟု တွေးတောလေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ထိုနေ့တွင်ကား ဘုရားပုံတော်ရှေ့၌ ရှိခိုးဦးညွှတ်လိုသည့်စိတ် ဘာကြောင့်ဖြစ် လာသည်မသိပေ။ မီးတိုင်အနီးတွင်ချထားသော ခွက်ထဲက ပြာမှုန့်ကိုယူလျက် နဖူး တို့လိုက်လေသည်။ ထို့နောက် ဘုရားပုံတော်အား ရိုသေစွာ ရှိခိုးဦးညွှတ်လိုက်သ သို့သော်လည်း သူ၏အာရုံသည် ကရိုဏာ ဘုရားသခင်၏ ပုံတော်ဆီသို့လည်းကော သို့မဟုတ် ဘုရားဆီမီးဆီသို့လည်းကောင်း ရောက်မနေပေ။ ပုံတော်နှင့် ဘုရားမီးအနီး ရှိနေသော သူတို့ခြံထွက်ပန်းပွင့်များမှာ ရနံ့ကြိုင်သင်းနေကြသည်။ ထိုရနံ့များလည်း နှာဝသို့ ရောက်မလာကြပေ။ သူ၏မျက်လုံးသည် ရောင်စုံပန်းပွင့်များကို မမြင်ရ ဖြစ်နေသည်။

ကျီဒမ္မရမ်သည် ဘုရားသခင်အား စိတ်ထဲက ဆုတောင်းလိုက်သည်။

"အဏ္ဏာမလေ မနှစ်ကလို စာမေးပွဲ မကျပါစေနှင့်၊ ဤတစ်ကြိမ်၌ ဆက် အောင်ပါစေသား"ဟူသော ဆုတောင်းခြင်းနှင့်အတူပင် သူ၏ ဘုရားရှိခိုးဝတ်ပြုမှုသည်လ အဆုံးသတ်သွားလေသည်။

မိနာချီအမ္မာလက အသံပြုလိုက်သည်။

"ထမင်းစားရအောင် လာလေ"

"ကျုပ်အပေါ်ထပ် သွားဦးမယ်၊ အဏ္ဏာမလေ လာလို့ရှိရင် ကျုပ်ကို ခေါ်လို ယင်းသို့ပြောလျက် ကျီဒမ္မရမ်သည် လှေကားပေါ်တက်သွားပြီးလျှင် မာဏိကွ ခေါ်လေသည်။ လှေကားပေါ်တက်သွားရင်း သူသည် သတင်းစာထဲတွင်ပါသည့် သ အကြောင်းကိုလည်း သူ့ဇနီးအား လှမ်းပြောလိုက်သည်။

ယနေ့အဖို့ ပန်းရန်ဆရာသည် သူ့ကိုအလွတ်ပေးတော့မည်မဟုတ်ဟု မာဏိကွ နားလည်ထားသည်။ မာဏိက္ကမ်သည် ထိုင်နေရာမှထလျက် သူထိုင်နေသည့်ကုလားထိုင် ကျီဒမ္မရမ်ရှေ့သို့ တိုးပေးလိုက်သည်။ သူကမူ အနားက သံသေတ္တာပေါ်တွင် ထိုင်လိုက်သ အပေါ်ထပ်က အခြားအခန်းတစ်ခန်းမှာ သူတို့၏ မီးဖိုချောင်အခန်းဖြစ်သည်။ ထိုအခန် သူ့မိခင်သည် တစ်စုံတစ်ရာ လုပ်နေသည်။ အခန်းနှစ်ခန်းရှိသော ထိုအိမ်၌ သူတို့အ အဆင်မပြေစရာ အကြောင်းမရှိလှပေ။ အဆင်မပြေစရာအကြောင်း အဘယ့်ကြောင့် မည်နည်း။ ထိုအိမ်မှာ ပန်းရန်ဆရာကိုယ်တိုင် သူကိုယ်တိုင်နေဖို့အတွက် ဆောက်လုပ်ထား အိမ်ဖြစ်သည်။

ကျီဒမ္မရမ်က စကားစသည်။

"ငါ အဏ္ဏာမလေကို အင်ဂျင်နီယာဖြစ်တာ ကြည့်ချင်တယ်။ စက်မှုတက္ကသို ဝင်ခွင့်ရဖို့ဆိုတာ မလွယ်ဘူး၊ ဒါပေမဲ့ ငါတို့ အလုပ်ပိုင်ရှင်ရဲ့ ထောက်ခံချက်နဲ့ဆိုရင် ဝင် ကောင်းပါလိမ့်မယ်"

"ဖေဖေပြောတာ မှန်ပါတယ်"





မာဏိက္ကမ်က ပြန်ပြောသည်။ ပန်းရန်ဆရာက သူ့သားကို မိမိထက်အဆင့်မြင့်သော ပညာကိုပေးဖို့ ကြံရွယ်နေပါကလားဟု စဉ်းစားမိသဖြင့် မာဏိက္ကမ် စိတ်မကောင်း ဖြစ်သွား သည်။ သို့ရာတွင် စိတ်ထဲကအတွေးကို အပြင်သို့ ထွက်မလာအောင် ကြိုးစားထားလေသည်။

"ငါဟာ စာမတတ်ပေမတတ် လူအ လူနလို နေလာခဲ့ရတယ်၊ ဒါပေမဲ့ မင်းတို့ ကို့ကတော့ အဲဒီလိုနေလို့မဖြစ်ဘူး။ အခုခေတ်က စာတတ်ပေတတ် လူအ လူနတွေရဲ့ခေတ် ပါလား"

ပန်းရန်ဆရာ၏စကားကို ကြားရသောအခါ မာဏိက္ကမ်သည် တဟားဟားနှင့် ရယ်လိုက်လေသည်။ ပန်းရန်ဆရာက မေးလိုက်လေသည်။

"မင်းက ဘာဖြစ်လို့ ရယ်တာလဲ၊ စာတတ်ပေတတ်လူတွေအားလုံး ငါတို့ အလုပ်ရှင်နေရာကို ယူနိုင်ကြပါ့မလား။ ငါတို့အလုပ်ရှင်ဟာ စာအုပ်ထဲမှာပါတဲ့ အသိဉာဏ် ဟုသုတလည်းရှိတယ်။ လူ့လောက အတွေ့အကြုံလည်းရှိတယ်။ သူ ဘယ်အရာကို ထိလိုက် ထိလိုက် သူထိလိုက်တဲ့အရာမှန်သမျှဟာ ရွှေဖြစ်သွားတာပဲ။ တကယ်လို့ ငါတို့ဟာ လွှကို မကိုင်တတ်ဘဲ ဘွဲ့ဒီဂရီအကြီးကြီးတွေရနေရင်လည်း ဘာမှအကျိုးကျေးဇူးရှိမှာ မဟုတ်ဘူး။ အဏ္ဏာမလေနဲ့ မင်းတို့နှစ်ယောက် ငါတို့ အလုပ်ရှင်လို ကြီးပွားတိုးတက်တာ ငါမြင်ချင်တယ်။ တကယ်လို့ မင်းတို့ဆီမှာ ကိုယ်ပိုင်အိမ်တို့ ကိုယ်ပိုင်ကားတို့ တခြားပစ္စည်းဥစ္စာတို့ မရှိရင် မင်းတို့ကို ဘယ်သူကမှ အသိအမှတ်မပြုဘူးဆိုတာ သေချာတယ်"

ထိုအချိန်၌ မာဏိက္ကမ်၏အမြင်တွင် ပန်းရန်ဆရာ၏တန်ဖိုးသည် သိန်းသန်းများစွာ တိုးတက်လာလေသည်။

လွန်ခဲ့သည့်နှစ်များစွာ မတိုင်မီက ပန်းရန်ဆရာသည် ပခုံးပေါ်တွင် နံငယ်ပိုင်း တစ်ခုသာတင်လျက် လက်ထဲတွင် သံလက်စသောပစ္စည်းကိရိယာများကို ကိုင်ဆောင်ပြီးလျှင် ကျေတီနာဒူးမှ မဒရပ် ဇွတ်မူ ဘူတာသို့ ရောက်လာခဲ့သည်။ တစ်ချိန်တုန်းက ကျေတီနာဒူး၌ ပြာသာဒ်ဘုံနန်းများကဲ့သို့ အိမ်ကြီးရခိုင်များကို ဆောက်လုပ်ကြသည်။ ယခုအခါတွင်ကား ထိုဒေသ၌ ဆောက်လုပ်ပြီးသော အိမ်များကို ဖြိုဖျက်၍ မြေနေရာကို ရောင်းစားပစ်သည့် အချိန်ကာလရောက်လာသည်။

မဒရပ်ရောက်လာသောအခါ ကျီဒမ္မရမ်သည် အကြိမ်များစွာ ဗိုက်မှောက်နေရ သည်။ တခြားပန်းရန်ဆရာများနှင့်လည်းကောင်း၊ အလုပ်ကြမ်းသမားများနှင့်လည်းကောင်း အတူတကွ လမ်းများပေါ်တွင်လှည့်လည်ပြီး အကြိမ်များစွာ အလုပ်ရှာထွက်သော်လည်း အလုပ်မရသည့်အတွက် စိတ်ဓာတ်အကြီးအကျယ် ကျခဲ့ရသည်။ အုတ်ဖုတ်သော ဖိုအတွက် ကျောက်ထုသည့်အလုပ်ကို ရဖို့ရန်အတွက်ပင်လျှင် အပြိုင်အဆိုင်ဖြစ်နေကြသည်။ ပန်းရန် အလုပ်ကို မရသည့်အတွက် လုပ်ခတစ်ဝက်ဖြင့် အလုပ်ကြမ်းသမားများကဲ့သို့ အုတ်သယ်သည့် အလုပ်ကို လုပ်ခဲ့ရသည်။ ထိုအချိန်က အလုပ်ကြမ်းလုပ်ဖို့ရန် ဝန်လေးနေသူများသည် ယနေ့



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်များတွင် နေကြရသည်။ ကျိုဒမ္မရမ်ကမူ မယိလာပူ့ံတိုက်ဆောက်ပြီး နေနိုင်သည့် အခြေအနေဖြစ်လာသည်။ တံဂျာဝူရအနီးတွင် မြေသြဇာကောင်းသည့် မြေနေရာတစ်ကေကို လည်း ဝယ်ထားသည်။

"မာဏိက္ကမ်၊ အလုပ်က ငါ့ဆီကိုလာတာမဟုတ်ဘူး၊ ငါက အလုပ်ကို လိုက်ရှာခဲ့တာ၊ အလုပ်ရတဲ့အခါကျတော့လည်း လုပ်ခရတာထက်ပိုပြီး ငါက အလုပ်လုပ်တယ်။ တကယ်လို့သာ ငါ အလုပ်မလုပ်ဘဲ အဖော်အပေါင်းတွေနဲ့ ပေါးလေးဝါးလား လုပ်ပြီး အလုပ်မကြိုးစားဘဲနဲ့ လုပ်ခကိုရဖို့ အားထုတ်ခဲ့တာဖြစ်ရင် ဒီကနေ့ အခုလို ကိုယ့်အိမ်မှာ ထိုင်ပြီး မင်းနဲ့စကားပြောနေနိုင်မှာ မဟုတ်ဘူး။ အပြင် လတ်လျားလတ်လျားထွက်ပြီး ကော်ဖီသောက်တာတို့၊ အရက်သောက်တာတို့ ရုပ်ရှင်ကြည့်တာတို့ ငါမကြိုက်ဘူး၊ ငါတို့ အလုပ်ရှင်က ငါ့ကို ကောင်းကောင်းပညာပေးတယ်၊ ငါကိုယ်တိုင်က စာမတတ်ပေမတတ် လူအ လူနုဖြစ်ပေမယ့် မင်းတို့ကို ငါကောင်းကောင်း ပညာသင်ပေးထားတယ်"

မာဏိက္ကမ်သည် ကျိုဒမ္မရမ်အား ဖေဖေဟုချေါသည်။ မာဏိက္ကမ်က ပြောသည်။

"ဖေဖေ ဒီလိုမပြောပါနဲ့၊ ဖေဖေဟာ ပညာမသင်ခဲ့ပေမယ့် အသိဉာဏ်ပညာနဲ့ ပြည့်စုံသူဖြစ်ပါတယ်၊ ကျွန်တော်တို့လည်း ဖေဖေ့လောက်ဖြစ်လာရင် တော်ပါပြီ"

ကျိုဒမ္မရမ် နားထင်သွေးရောက်သွားသည်။

"မင်းတို့ ငါ့လိုကြီးပွားတိုးတက်ရုံနဲ့ မလုံလောက်သေးဘူး၊ ငါတို့ အလုပ်ရှင်လို ကြီးပွားတိုးတက်အောင် ကြိုးစားရမယ်"

"ကောင်းပါပြီ ဖေဖေ"

ထိုအခိုက် အောက်ထပ်မှ မီနာချီအမ္မလာက အသံပြုလိုက်သည်။

"အဏ္ဏာမလေ လာပြီ၊ ထမင်းစားတော့မလား"

ကျိုဒမ္မရမ်သည် ခပ်သွက်သွက် အောက်ထပ်ဆင်းလာခဲ့သည်။

◆ ◆ ◆

အဏ္ဏာမလေသည် သူ့အခန်းထဲတွင်ထိုင်လျက် သူ့ ဖခင်ယူလာသည့် သတင်းစာများကို လှန်လှောနေလေသည်။ ထိုအခိုက် ရုတ်တရက် စာမေးပွဲအောင်စာရင်းကို သတိရလာသည်။ နှစ်နှစ်ကျောင်းတက်ပြီးသည့်နောက် မနှစ်က ဥပစာတန်း စာမေးပွဲကို ဖြေဆိုခဲ့သည်။ တမိလ်ဘာသာနှင့် အင်္ဂလိပ်ဘာသာ၌ ပထမအဆင့် အမှတ်များကို ရရှိသော်လည်း ဂဏန်းသင်္ချာက သူ့ကို မျက်နှာသာမပေးပေ။ ဂဏန်းသင်္ချာတော်မှသာလျှင် စက်မှုတက္ကသိုလ် ဝင်ခွင့်ရပေမည်။ ဖခင်လုပ်သူက သူ့ကို ဂဏန်းသင်္ချာဝိဇ္ဇာဖြစ်အောင် အတင်းလုပ်ဖို့ ကြံရွယ်နေသည်။ မိမိကိုယ်တိုင်က ပညာမသင်ခဲ့ရသော်လည်း ပန်းရန်ဆရာသည် လူပေါင်းများစွာနှင့် စကားဆွေးနွေးပြောကြားဖန်များ၍ ဟိုစပ်စပ်သည်စပ်စပ် နားလည်သိရှိနေသည်။





ပန်းရန်ဆရာက မေးလိုက်သည်။

"ဘယ်သွားနေတာလဲ"

"စာကြည့်တိုက်…၊ စာကြည့်တိုက်ကနေ ပင်လယ်ကမ်းခြေဘက် ခဏသွားတာပါ"

"အေး…ကောင်းတယ်၊ လာ ထမင်းစားလှည့်"

အဏ္ဏာမလေ၏ ပုံပန်းသဏ္ဍာန်သည် သူ့မိခင် မီနာချီအမ္မာလနှင့်ဆင်သည်။ အဏ္ဏာမလေသည် တစ်ဦးတည်းသောသားဖြစ်သည်။ လက်ထပ်ပြီး နှစ်ပေါင်းများစွာကြာမှ မွေးဖွားလာသူဖြစ်သည်။ သူ၏ ကိုယ်လုံးကိုယ်ထည်သည် သူ့အရွယ်နှင့် လိုက်ဖက်လှသည်။ တွန့်လိမ်ကောက်ကွေးနေသည့်ဆံပင်၊ သိပ်သည်းထူထပ်သည့်မျက်ခုံး၊ ရှည်လျားသည့်နှာတံ၊ အိပ်မက်များထဲတွင် နစ်မြုပ်ပျောက်ကွယ်နေသည့် မျက်လုံး၊ လက်ရှည်အင်္ကျီနှင့် ဒိုတီကို ဝတ်ထားသဖြင့် အတန်ငယ်အရပ်ရှည်သည်ဟု ထင်ရသည်။

သားအဖနှစ်ယောက် ထမင်းစားဖို့ ထိုင်လိုက်ကြသည်။ ထမင်းစားနေရင်း ပန်းရန်ဆရာသည် သူ့သားအား မာဏိက္ကမ်ကို ပြောခဲ့သည့်စကားကိုပင် ပြန်ပြောနေသည်။ သူ့ဖခင် စိတ်လှုပ်ရှားတက်ကြွနေသည်ကိုတွေ့ရ၍ အဏ္ဏာမလေသည် အတန်ငယ် ပျာယာခတ်သွားသည်။ ထမင်းစားပြီးသောအခါ ကျိုဒမ္မရမ် အဏ္ဏာမလေ၏နောက်မှ အဏ္ဏာမလေ၏ အခန်းထဲ လိုက်သွားသည်။ အဏ္ဏာမလေ၏ ခုတင်ပေါ်ထိုင်လျက် ပန်းရန်ဆရာသည် အဏ္ဏာမလေအား တကယ့်အင်ဂျင်နီယာကြီး သို့မဟုတ် ကန်ထရိုက်တာကြီးသဖွယ် ဆုံးမသွန်သင်နေသည်။

"ဒီမှာ ဖေဖေပြောမယ်၊ ဒီကနေ့ မာဏိက္ကမ်ဟာ ဖေဖေထက် အလုပ်မှာ အဆင့်မြင့်တယ်၊ သားကျတော့ ဖေဖေ့ထက်ရော မာဏိက္ကမ်ထက်ပါ မြင့်တဲ့အဆင့်ကိုရောက်တာ ဖေဖေ မြင်ချင်တယ်"

ယင်းအရာအားလုံးသည် မိမိဖခင်၏ အပိုင်းအခြားမရှိသော ဖခင်မေတ္တာ၏ အကျိုးအာနိသင်လား၊ သို့မဟုတ် မြင့်မားသော မျှော်မှန်းချက်၏ အကျိုးအာနိသင်လား၊ သို့မဟုတ် ပညာမဲ့ခြင်း၏ အကျိုးအာနိသင်လား၊ အဏ္ဏာမလေ ဝေခွဲမရဖြစ်နေသည်။ သို့ရာတွင် သူ့ဖခင်အား သူအလွန်တရာ လေးစားခြတ်နိုးသည်။ သူ့ဖခင်သည် သူ့ကို ဆယ်နှစ်ကြာပြီးသည့် နောက်မှ ယနေ့ ပြောသင့်ပြောထိုက်သည့် စကားများကို ပြောကြားနေသည်။ ယင်းအချက်ကို သူသဘောမတွေ့ ဖြစ်နေသည်။ ဆယ်နာရီနောက်ပိုင်း အောင်စာရင်းသိပြီးသည့်အခါကျမှ သူ့ကို ဤစကားများ ပြောပြလျှင် မကောင်းပေဘူးလား။

သို့ရာတွင် သူ့ဖခင်က သူ့ကို ချမ်းသာပေးလိမ့်မယ် မဟုတ်ပေ။

"ဖေဖေတို့ ကျေးတိုနာဒူးမှာ ဒီကနေ့ ဘယ်နေရာကို ကြည့်လိုက်ကြည့်လိုက် မျက်စိနေတဲ့အိမ်နံရံများနဲ့ အုတ်ကျိုးအုတ်ပဲ့များကိုသာ မြင်နေရတယ်။ ဒါပေမဲ့ ဒီမြို့က မျက်စိနေတဲ့နံရံများနဲ့ အုတ်ကျိုးအုတ်ပဲ့ပုံများကတော့ အိမ်ကြီးရခိုင်များအဖြစ် ပြောင်းလဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့ ဖေဖေရောက်လာတဲ့အခါတုန်းက ဒီမြို့မှာ ယှဉ်ဆိုလို့ လူတွေဆွဲတဲ့ လန်ချားနဲ့ ဓာတ်ရထားကလွဲပြီး တခြား ဘာမှမရှိဘူး၊ ဒီကနေ့ ခြေကျင်လျှောက်တဲ့သူတွေအတွက် လမ်းပေါ်မှာဖြစ်စေ၊ ပလက်ဖောင်းပေါ်မှာဖြစ်စေ လုံးဝနေရာမရှိတော့ဘူး။ လမ်းကို ဖြတ်ကူးမယ်ကြံရင် မော်တော်ကား ကိုးစီးလောက် စောင့်ကြည့်မယ့်ပုံဖြစ်နေတယ်။ တကယ်လို့ မြို့ထဲမှာ သူဌေးသူကြွယ်တွေ အရေအတွက်များလာရင် ဖေဖေတို့လို အလုပ်လုပ်သူများအတွက် ကံကောင်းထောက်မတယ်လို့ ဆိုရလိမ့်မယ်။ ဒီကနေ့ ဖေဖေတို့ မှာဆီကွမ်ရဲ့အခြေအနေကိုကြည့်စမ်း၊ ကန်ထရိုက်တာအလုပ်အသစ် လက်မခံနိုင်တဲ့အတွက် အကြီးအကျယ်ဒုက္ခ ရောက်နေတယ်''

ဖခင်၏ အချုပ်အနှောင်ထဲတွင် ဖမ်းမိနေသော အဏ္ဏာမလေး၏အခြေအနေမှာ အလွန်တရာ စိုးရိမ်စရာဖြစ်နေသည်။ သူ့ဖခင် တက်ကြွလှုပ်ရှားမှုမှာ အဆက်မပြတ် တိုးတက်မြင့်မားလာပြီးလျှင် ခေါင်းကိုဖြိုဖျက်ပစ်လိုက်လေသည်။

''အဏ္ဏာမလေ၊ သားတို့ရဲ့ခေတ်မှာ သားတို့ကို အကူအညီပေးမယ့် အလုပ်သမားသို့မဟုတ် ပန်းရန်ဆရာဆိုတာ ရှိတော့မှာမဟုတ်ဘူး၊ ဒီကနေ့ လူသားတွေအားလုံး ပညာသင်ကြားနေကြပြီ။ သူတို့တစ်တွေဟာ အလုပ်ကြမ်းကို လုပ်နိုင်ကြတော့မှာ မဟုတ်ဘူး။ လုပ်လည်း လုပ်မှာမဟုတ်တော့ဘူး၊ အခုခေတ်မှာဆိုရင် ပညာမတတ်တဲ့လူတွေကတောင် တခြားလူတွေ ကို သွေးဆောင်ဖြားယောင်းနိုင်တယ်လို့ဆိုရင်၊ ပညာတတ်တဲ့လူတွေအဖို့တော့ ပြောစရာ မလိုတော့ဘူး၊ သူတို့ တိတ်တိတ်ကလေး စက်ကိရိယာများကို ဝယ်ကြလိမ့်မယ်၊ အမျှင်းကြောလည်း ဆန့်ကြတော့မှာမဟုတ်ဘူး၊ အချိန်အလကားဖြုန်းပြီး သားတို့ဆီကလာလည်း တောင်းကြမှာမဟုတ်ဘူး၊ မိမိတို့ရဲ့ချိတဲ့မှုကို အကြောင်းပြပြီး သားတို့ကို အပြစ်တင် စကားလည်း ပြောမှာမဟုတ်ဘူး''

''ဟုတ်ကဲ့ ဖေဖေ''

ယင်းသို့ပြောလျက် အဏ္ဏာမလေးသည် ထိုနေရာမှ တိတ်တဆိတ် ထွက်သွားရန် စိတ်ကူးလိုက်လေသည်။ နောက်ထပ် အနည်းငယ်ပြောပြီးသောအခါ ပန်းရန်ဆရာက ပြောလိုက်လေသည်။

''သား အိပ်ချင်နေပုံရတယ်၊ ကဲ.. အိပ်တော့၊ ဒီနေ့ည ဖေဖေတော့ အိပ်ပျော်မှာ မဟုတ်ဘူး''

ယင်းသို့ပြောလျက် ပန်းရန်ဆရာသည် မတ်တတ်ရပ်လိုက်သည်။ အကယ်၍ ပန်းရန်ဆရာသည် အပြင်ဘက် လျှောက်ထွက်သွားလျှင် အဏ္ဏာမလေးသည် အိပ်ပျော်ကောင်း အိပ်ပျော်ပေလိမ့်မည်။

သို့ရာတွင် ပန်းရန်ဆရာသည် သူ့သားအား အိပ်ပျော်စေချင်ပုံမရပေ။ အပြင်ထွက်သွားရင်း ပြောလိုက်သည်။





''ဒီမှာ သား၊ စက်ကိရိယာကို မေ့မထားနဲ့၊ ခေတ်ကြီးက ပြောင်းလဲလာပြီ၊ ဒီကနေ့ လက်နဲ့အားထုတ်ပြီးလုပ်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို အကောင်းမထင်ကြတော့ဘူး။ သားလည်းပဲ သံနဲ့လုပ်တဲ့ စက်ကိရိယာကို မောင်းတတ်ဖို့ သင်ရမယ်''

သူ့သားကို ဆုံးမသွန်သင်ကြားလျက် ပန်းရန်ဆရာ သွားအိပ်လေသည်။ အဏ္ဏာမလေးသည် ရုတ်တရက် သူ၏ညာဘက်လက်ကို အပေါ်ထောင်လျက် စူးစိုက်ကြည့်လိုက်သည်။ သူ၏ လက်သည် သံနှင့်လုပ်ထားသည့် လက်လည်းမဟုတ်ပေ၊ သံစက်ကိရိယာကို မောင်းမည့်လက်လည်း မဟုတ်ပေ။ ရှည်လျားသွယ်ပျောင်းသော လက်ချောင်းလက်ဆံများရှိသည့် လက်ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ သူ့အပြစ်မဟုတ်ပေ။ ဘုရားသခင်၏ အပြစ်သာ ဖြစ်နိုင်သည်။ သူ၏လက်သည် နူးညံ့သောသစ်ရွက်များမဟာ လှုပ်ယမ်းသွားသည်။ မျက်လုံးထဲတွင် မျက်ရည် နှစ်ပေါက်သုံးပေါက် ပေါ်လာသည်။ လက်နှင့်လုပ်ရသည့် အလုပ်သည် ရွံချသင့်ရွံချအပ်သည့် ယုတ်ညံ့နိမ့်ကျသော အလုပ်ဖြစ်ပါသလော။

မျက်လုံးတွင်ပေါ်လာသည့် မျက်ရည်ပေါက်၏အကြားမှ အဏ္ဏာမလေးသည် သူ၏လက်ပေါ်တွင် မြင်ကွင်းအချို့ ကြွတက်လာသည်ကိုမြင်ရသည်။ ရုတ်တရက် ကြာပွင့်အမြောက်အမြား ပွင့်လာသည်။ ဥဒေါင်းက အတောင်ကို ဖြန့်လျက်ကသည်။ သမင်က ထိတ်လန့်သောအကြည့်ဖြင့်ကြည့်သည်။ ဥသြငှက် တွန်ကျူးသည်။ ယင်းမြင်ကွင်းအားလုံး ပျောက်ကွယ်သွားသည်နှင့် အားလုံးစုပေါင်းလျက် မိန်းမပျိုတစ်ဦး လာရပ်သလိုလို ထင်သွားသည်။ ထိုမိန်းမပျိုကို သူသည် တစ်နေရာရာရှိ လူအုပ်ထဲတွင် ခဏတွေ့လိုက်ရပြီး လျှပ်စီးလက်သကဲ့သို့ သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်ဟူ၍ လည်းကောင်း၊ ထိုမိန်းမပျိုသည် သူ့အဖို့ လုံးဝ သူစိမ်းပြင်ပြင်ဖြစ်နေသည်ဟူ၍လည်းကောင်း တွေးနေမိသည်။ ရုတ်တရက် မျက်ရည်ပေါက်များသည် သူ၏လက်ဝါးပေါ်ကျလာပြီး ပြန့်သွားကြသည်။ သူ၏ ထိုပန်းချီမြတ်နိုးသူကလေးမှာလည်း မျက်စိအောက်က ပျောက်ကွယ်သွားလေသည်။

မီးပိတ်လျက် အဏ္ဏာမလေ ခုတင်ပေါ် လှဲလိုက်သည်။ ယမန်နှစ်က ကောလိပ်စာမေးပွဲ ရှုံးသွားခဲ့ရသည့်အတွက် စိတ်မချမ်းမသာဖြစ်နေသည်။ အဏ္ဏာမလေးသည် သူ့ဖခင်အား ဂဏန်းသင်္ချာကလွဲ၍ တခြားမည်သည့်ဘာသာရပ်ကိုမဆိုယူရန် အဆင်သင့်ဖြစ်သည်ဟု ကြိုတင်ပြောခဲ့သည်။ ဖခင်လုပ်သူသည် သူ၏ပြောပြချက်ကို လက်မခံခဲ့ပေ။ ယနေ့တစ်ဖန် ဂဏန်းသင်္ချာသည်ပင်လျှင် သူနှင့် တူတူပုန်းတမ်း ကစားနေပြန်သည်။ ဂဏန်းသင်္ချာကို ယူမိသည့်အတွက် သူ အကျပ်အတည်း တွေ့ရပြန်သည်။ ဂဏန်းသင်္ချာကပင် အနိုင်ရမည်လား၊ သူကပင် ရမည်လား။ မနက်ဖြန်နံနက်တွင် အဆုံးအဖြတ်ပေးတော့မည်။

နံနက်ငါးနာရီ မရှိတရှိလောက်တွင် အိမ်နောက်ဘက် သရက်ပင်ပေါ်၌ နားနေသော ဥသြငှက်က သူ့ကို နှိုးလိုက်သည်။ မြို့၏လူတော်တော်များများသည် ဥသြတွန်သံ ကျေးငှက်သာရကာတို့ ကျူးရင့်သံ၊ တောင်လေး၏အထိအတွေ့၊ ပန်းတလာတို့မှ ပျံ့လွင့်ကြိုင်လှိုင်လာ



www.burmeseclassic.com

www.burmeseclassic.com

သည့် ရနံ့များကို မသိကြပေ။ မြို့၏အာကာသ ကောင်းကင်ပြင်၌လည်း လမင်းနှင့် ကြယ် တာရာ အသေးအနုတို့သည် ပွင့်လန်းနေကြသည်။ အဏ္ဏာမလေသည် ယင်းအချက်အလက် အားလုံးကို ဘာကြောင့် သိရှိနားလည်နေသည် မသိပေ။

သရက်ဥယျာဉ်များမှ ဥသြတွန်သံကို အဏ္ဏာမလေသည် တချို့သောလများနှင့် တချို့သော အချိန်ကျမှသာလျှင် ကြားရသည်။ စံပယ်ပန်းရနံ့ကိုလည်း ထိုအချိန်အခါမျ ကျမှသာလျှင် ရှူရှိုက်ရလေသည်။ အကြိမ်များစွာ ကြိုးစားအားထုတ်ခဲ့သော်လည်း တစ်ကြိမ် သာလျှင် ထိုဥသြကို တိတ်တိတ်ကလေး ခိုးကြည့်၍မြင်ခဲ့ရသည်။ စိတ်နှလုံးကို ယူကြ သွေးဆောင်ခဲ့သော ထိုအတွေ့အကြုံကို သူဘယ်သောအခါမှ မမေ့ခဲ့ပေ။

ကျိုဒမ္မရမ်သည် အဏ္ဏာမလေကို အော်နှိုးပြီးလျှင် အဏ္ဏာမလေအခန်းထဲက မီး ဖွင့်လိုက်သည်။ မီးရောင်ကြောင့် အဏ္ဏာမလေ မျက်လုံးကျိန်းသွားသည်။ အဏ္ဏာမလေသ ပျာယီးပျာယာ ထထိုင်လိုက်လေသည်။ ငွေတစ်ရူပီး သူ့ကိုပေးလျက် သူ့ဖခင်က ပြောသည်

"စာမေးပွဲ အောင်စာရင်းပါတဲ့ သတင်းစာတွေအားလုံး တစ်စောင်စီ ဝယ်ခဲ့"

ကျိုဒမ္မရမ် တစ်ညလုံး အိပ်၍မပျော်သည်ကို သူ့မျက်လုံးက သက်သေခံနေသည်

အဏ္ဏာမလေသည် ကမူးရှူးထိုးထပြီးလျှင် ပိုက်ဆံကိုယူလျက် လမ်းကြား ထွက်လာခဲ့သည်။ မဒရပ်မြို့၏လှုပ်ရှားမှုသည် လမ်းကြားများမှ အစပြုသည်။ အလု လုပ် သွားသူများ၊ နွားနို့ညှစ်သည့် နွားမွေးသမားများ သွားမတိုက်ဘဲ ဆိုင်သွားပြီး လက်ဖ ရည်သောက်သူများ၊ ယင်းကဲ့သောလူများသည် မြို့ပြဘဝ၏စက်ကိရိယာကို စတင်လှ ကြသည်။

ထိုနေ့တွင် အောင်စာရင်းကိုသိရန် စိတ်စောနေကြသည့် အဏ္ဏာမလေကဲ့သို့သေ ကျောင်းသားများလည်း ထိုလူများထဲတွင် လာရောက်ပေါင်းဆုံကြသည်။ ခွဲထားသ ပိန္နဲသီး၌ မရေမတွက်နိုင်သည့် ယင်ကောင်များလာအုံကြသကဲ့သို့ သတင်းစာရောင်းသ ဆိုင်များ၌ ကျောင်းသားများ အစုလိုက်အပြုံလိုက် အုံနေကြသည်။ အဏ္ဏာမလေသည် ထိုမြ ထုတ်ဝေသည့် သတင်းစာ လေးစောင်ကို ခဲခဲယဉ်းယဉ်းဝယ်ယူပြီးလျှင် လူအုပ်ထဲက အပြ ထွက်လာခဲ့ကြသည်။ ထို့နောက် စိုးရိမ်မကင်းသောစိတ်ဖြင့် ကန်ပေါင်ရိုးက ဓာတ်မီးတိုင်အနီး လာခဲ့သည်။ ထိုနေရာတွင်လည်း လူအချို့ အုံနေကြသည်။ ထိုလူအုပ်မှ အတန်ငယ်ခွာပြီးလျှ အဏ္ဏာမလေသည် သတင်းစာကိုလှန်လျက် အောင်စာရင်းကို သေချာစွာဖတ်ကြည့်သည် သူ၏ ရှေ့ကခုံနံပါတ်သည် အောင်စာရင်းတွင် ပါလာသည်။ သူ့နောက်က ခုံနံပါတ်လည် အောင်စာရင်း၌ပါသည်။ သူ၏ခုံနံပါတ် ဘာဖြစ်သွားသနည်း။ သူ၏ခုံနံပါတ် ဘာဖြ သွားသနည်း။

အဏ္ဏာမလေသည် တခြားသတင်းစာတစ်စောင်ကို လှန်ကြည့်ပြန်သည် ထိုသတင်းစာလည်း အလားတူပင် ပုံနှိပ်ထားသည်။ ကျန်သတင်းစာနှစ်စောင်ကို သူ မလှ





တော့ပေ။ သတင်းစာများကို လုံးထွေးလျက် လက်ထဲတွင်ဆုပ်ကိုင်ပြီး ရေကန်လက်ရမ်းနားသို့ ကပ်သွားသည်။ ရေကန်ထဲ လိမ့်ကျမသွားအောင် လက်ရမ်းကို ကိုင်ထားသည့်ပမာ ထင်နေ ရသည်။ ရေကန်အလယ်၌ရှိသော မဏ္ဍပ်အဆောက်အအုံကို မမိုတ်မသုန် ကြည့်ရှုနေသည်။ သူ၏ စူးစိုက်နေသောမျက်စိအမြင်၌ ဘုရားကျောင်း၏ ရေကန်ပြင်ကျယ်ကြီးထဲတွင် ကူးနေ သော ကွေ့ကွေ့ကောက်ကောက် လဝန်းသည် ဩဇာသီးခြမ်းပမာ မြင်နေရသည်။ ထိုလသည် နံနက်ခင်းအချိန် ကောင်းကင်ပြင်တွင် တက်လာသော လကွယ်မရောက်မီ မြင်ရသည့်လခြမ်း ဖြစ်ပုံရသည်။

ဘုရားကျောင်း၏ ရေကန်တွင်း၌ရှိနေသော မဏ္ဍပ်အဆောက်အအုံ၊ ဘုရားကျောင်း၏ ဝင်းတံခါး၊ ကွေ့ကွေ့ကောက်ကောက် လခြမ်း၊ ယင်းအရာများအားလုံး စုပေါင်းလျက် အဏ္ဏာမလေအား သရော်နေကြသည်။ ယခင်ကလည်း အကြိမ်များစွာ ဤနေရာသို့လာ၍ ထိုမြင်ကွင်းကို ကြည့်ရှုခဲ့ဖူးသည်။ နှစ်သိမ့်မှုလည်း ရရှိခံစားခဲ့ဖူးသည်။ ဘုရားကျောင်းဘေး၌ သစ်ပင်များနှင့် ပန်းဥယျာဉ်ရှိလျှင် ဘယ်လောက်ကောင်းမည်နည်းဟု စဉ်းစားကြည့်ခဲ့ဖူးသည်။ သို့သော် ယနေ့တွင်ကား သူသည် အတိုင်းမရှိ ဒေါသအိုးပေါက်ကွဲနေသည်။

သူ ကလေးအရွယ် လူမမယ်ဘဝတုန်းက ဤဘုရားကျောင်း၌ အဖြစ်အပျက် အမျိုးမျိုးဖြစ်ပျက်ခဲ့သည်။ ယင်းအဖြစ်အပျက်များ၏ ဩဇာလွှမ်းမိုးမှုကို ခံရသောကြောင့် သာလျှင် သူ၏စိတ်နှလုံးသည် ဤကဲ့သို့ ပြောင်းလဲလာခဲ့သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။ သူ၏စိတ်မဝင်စားမှုကို မည်သည့်အရာက ဖြစ်စေခဲ့သနည်း။ ထိုဘုရားကျောင်းက သို့မဟုတ် ဘုရားကျောင်းရေကန်ထဲတွင် ရေချိုးရန်အတွက် ရေလုပ်ဖို့ ထိုနေရာသို့ရောက်လာကြသော လက်မှုပညာသည်တစ်စုတို့က ဖြစ်ပေါ်စေခဲ့သည်။

အဏ္ဏာမလေသည် ကပါလီရှုရနှင့် ကပ္ပဟမ္ဗိကေ ဘုရားများကိုလည်း ဒေါသထွက် လာသည်။ ဤဘုရားကျောင်းမှာ ထိုဘုရားများ၏ ကျောင်းဖြစ်သည်။ ဘုရားကျောင်း၏ မုခ်တံခါး၊ မုခ်တံခါးပေါ်၌ ထုလုပ်ထားသည့် ရုပ်တုများ၊ ရုပ်တုများပေါ်၌ ခြယ်ထားသည့် အရောင်မျိုးစုံ၊ အနုပညာလက်ရာ၊ အဆင်တန်ဆာ၊ ယင်းအရာအားလုံးသည် ထိုဘုရားများ အတွက်သာလျှင် ဖြစ်သည်။

တဖြည်းဖြည်း နံနက်ခင်းရောက်လာသည်။ ကောင်းကင်ပြင်မှ အမိုက်မှောင်သည် တစ်စတစ်စ ဘုရားကျောင်းရေကန်ထဲ၌ ငုပ်လျှိုးသွားသည်ဟု ထင်ရသည်။ ဩဇာသီးခြမ်း သဖွယ် မြင်နေရသောလခြမ်းသည် ကြေးပြားအထပ်ပမာ ဖြစ်သွားလေသည်။ အဏ္ဏာမလေ သည် လမ်းကြားထဲလှည့်ကြည့်လိုက်သည်။ ပန်းရန်ဆရာ ကျိုဒမ္မရမ်သည် အရှူးပမာ အလွန် လျင်မြန်သောအရှိန်အဟုန်ဖြင့် သူ့ထံလာနေလေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေထံ ခပ်သုတ်သုတ်လှမ်းလာသော ပန်းရန်ဆရာကျိဒမ္ဗရမ်ကို ကြည့်လိုက်လျှင် ပင်ကိုစိတ် ပျောက်နေသည်ဟုပင် ထင်ရသည်။ အဏ္ဏာမလေ အိမ်ပြန်နောက်ကျနေကတည်းက ပန်းရန်ဆရာသည် သံသယဝင်လာသည်။ လမ်းသို့ထွက်ပြီး ကျောင်းသားတစ်ဦးထံမှ သတင်းစာတောင်း၍ ကြည့်လိုက်သောအခါ သူ၏သံသယသည် အမှန်တကယ်ဖြစ်သွားသည်။ အဏ္ဏာမလေသည် ယခုတစ်ကြိမ်၌လည်း စာမေးပွဲကျပြန်လေပြီ။

ပန်းရန်ဆရာ၏ သံဖြင့်လုပ်ထားသောလက်သည် အဏ္ဏာမလေ၏ပခုံးပေါ် ရောက်လာသည်။ ဖခင်၏လက်ကို မီးဖုတ်ထားသည့်သံကို ခံစားရသကဲ့သို့ ခံစားရလေသည်။ ပန်းရန်ဆရာသည် ဘာတစ်ခွန်းမှ မပြောပေ။ အဏ္ဏာမလေကိုခေါ်လျက် တိတ်တဆိတ် အိမ်သို့ပြန်လာပြီးလျှင် အဏ္ဏာမလေအား သူ၏အခန်းထဲ တွန်းပို့လိုက်လေသည်။ ခဏကြာသောအခါ ပန်းရန်ဆရာသည် ရုတ်တရက် အရူးပမာ သူ့ကိုယ်သူ ထုရိုက်သည်။ ကိုယ့်ကိုကိုယ် ဆင်ကန်းတောတိုး ထုနှက်ရိုက်ပုတ်လျက် ပန်းရန်ဆရာက ..

"ငါ အသတ်ခံရပြီ၊ ငါ အသတ်ခံရပြီ" ဟု အော်ပြောလိုက်လေသည်။

မီနာချီအမ္မာလသည် သူ့ယောကျ်ားအား ထိုကဲ့သို့မပြုလုပ်ရန် မတားမြစ် မပိတ်ပင်နိုင်ရှာပေ။ ယင်းရုတ်ရုတ်သဲသဲ အသံကိုကြားရ၍ မာဏိက္ကမ်သည် အပေါ်ထပ်မှအောက်ထပ်သို့ ပြေးဆင်းလာသည်။ ပန်းရန်ဆရာ၏လက်ကို ဖမ်းချုပ်ထားပြီးလျှင် မာဏိက္ကမ်က စိတ်မကောင်းခြင်းကြီးစွာဖြင့် "ဖေဖေ..ဖေဖေ...အဲဒီလိုမလုပ်နဲ့လေ" ဟု ပြောလိုက်လေသည်။ တစ်ခဏအတောအတွင်း၌ပင် မာဏိက္ကမ်သည် အကြောင်းစုံကို သိရှိနားလည်သွားလေသည်။

"ဖေဖေ၊ ဖေဖေ ဒီလိုလုပ်တာကောင်းသလား"

ကျိဒမ္ဗရမ်က ကြိမ်းမောင်းလိုက်လေသည်။

"ဒီမေးခွန်း မင်း သူ့ကို မေးကြည့်ဖို့ကောင်းတယ်၊ ငါ ပထမဦးဆုံး ဒီမြို့ရောက်လာတဲ့အခါတုန်းက ထမင်းတစ်လုတ်စားရဖို့အရေး လမ်းတကာလှည့်လည် သွားလာခဲ့ရတယ်၊ ငါ့ဆီမှာ လဲဖို့အဝတ်မရှိဘူး၊ ဆွေးနေတဲ့အဝတ်တွေကို လျှော်လိုက်ရင် စုတ်ပြဲသွားမှာ စိုးရိမ်နေရတယ်၊ ပလက်ဖောင်းပေါ်မှာ ရပ်ရှင်ပိုစတာကိုခင်းပြီး အိပ်ခဲ့ရတယ်"

ပန်းရန်ဆရာသည် ထိုအချိန်၌ သူ့ဘဝ၌ ခါးသီးသောအတွေ့အကြုံများကို ဘာကြောင့် ပြန်လည်သတိရနေသည်မသိပေ။ ဆင်းရဲမွဲတေခြင်း သရဲသဘက်ကို မိမိ၏ဘဝမှ နှင်ထုတ်ခဲ့သည်။ သို့ရာတွင် ထိုသရဲသဘက်သည် သူ့စိတ်နှလုံး၏ ထောင့်တစ်ထောင့်၌ ပုန်းကွယ်ထိုင်နေသကဲ့သို့ပင် ဖြစ်နေသည်။ သူ၏သားကို ထိုသရဲသဘက်၏စက်ကွင်းမှ လွတ်မြောက်စေလိုသည့်ဆန္ဒ သူ့တွင်ရှိနေသည်။ ထို့ကြောင့် ထိုအချိန်၌ ပန်းရန်ဆရာသည် ထိုမျှ အမျက်မာန်ပွားနေခြင်း ဖြစ်ဟန်တူလေသည်။

အစား၊ အဝတ်၊ အိမ်၊ ပန်းရန်ဆရာ ညွှန်ကြားပြောပြသည့် ယင်းအရာဝတ္ထုသုံးမျိုးအကြောင်းကို အဏ္ဏာမလေ စဉ်းစားစိတ်ကူးနေသည်။ ဖခင်၏အခြေအနေကို တွေ့ရ





သဖြင့် သူ၏စိတ်နှလုံးသည် ပျော့သွားသည်။ သို့ရာတွင် အဏ္ဏာမလေသည် သူ့ဖခင် စိတ်မချမ်းမသာဖြစ်နေခြင်းကိုမူ မည်သည့်နည်းနှင့်မျှ ဖယ်ရှားပျောက်ဖျက်ခြင်းငှာ မစွမ်းနိုင်ပေ။

မာဏိက္ကမ်သည် ပန်းရန်ဆရာအား တဖြည်းဖြည်း စိတ်သက်သာမှု ရသွားအောင် ကြိုးစားသည်။ ပထမ တိတ်တဆိတ်ရပ်လျက် ပန်းရန်ဆရာ ဆူပူကြိမ်းမောင်းနေသည်ကို နားထောင်နေသည်။ ထို့နောက်မှ မာဏိက္ကမ်သည် ပန်းရန်ဆရာအား ထိုနေ့တွင် လုပ်ရမည့် အလုပ်ကို သတိပေးလိုက်လေသည်။ သူတို့နှစ်ဦး ဆောက်လုပ်ရမည့်အိမ်ကို ထိုနေ့တွင် အုတ်မြစ်ချရမည်ဖြစ်သည်။ အုတ်မြစ်ချသည့်အခမ်းအနား၌ ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင် လာကောင်းလာလိမ့်မည်ဟူ၍ မာဏိက္ကမ်က ပန်းရန်ဆရာအား သတိပေးလိုက်လေသည်။

ပန်းရန်ဆရာက ပြောလိုက်သည်။

"ဟုတ်လား... ဒါဖြင့် သွားရမှာပေါ့၊ ဒီကနေ့ ငါ မင်းကို ထမင်းစား ဖိတ်ထားတယ် မဟုတ်လား၊ အဲဒါ မဖြစ်တော့ဘူး၊ ငါက ထမင်းမစားဘဲ အငတ်နေနိုင်တဲ့ အကျင့်ရှိတဲ့ အကောင်"

ကျိဒမ္ဗရမ် အင်္ကျီလဲရန် အခန်းထဲဝင်သွားသည်။ မာဏိက္ကမ်သည် အဏ္ဏာမလေအနား ခပ်ဖြည်းဖြည်း ကပ်လာခဲ့သည်။ အကယ်၍ အဏ္ဏာမလေသာ စာမေးပွဲအောင်လျှင် မာဏိက္ကမ်သည် ဝမ်းသာချင်မှ ဝမ်းသာလိမ့်မည်။ သို့ရာတွင် ယခုအချိန်၌ကား သူလည်း အမှန်တကယ်ပင် စိတ်မကောင်း ဖြစ်နေလေသည်။

"ပန်းချီဆွဲတဲ့ အရှုံးအလုပ်ကို ရပ်လိုက်ပါကွာ၊ ဒီလက်နဲ့ ဂဏန်းသင်္ချာ ပုစ္ဆာတွေကို တွက်စမ်းပါ၊ မင်း နောင်နှစ်အတွက်လည်း ကျောင်းတက်ခွင့်ရအောင် ငါ ဖေဖေ့ကို ပြောပေးပါ့မယ်"

ထိုအခိုက် ကျိဒမ္ဗရမ် ထိုနေရာသို့ ရောက်လာသည်ဖြစ်၍ မာဏိက္ကမ်သည် အပေါ်ထပ်သို့ လျင်မြန်စွာတက်သွားပြီးလျှင် ထမင်းဘူးကိုယူလျက် ပြန်ဆင်းလာသည်။ မီနာချီအမ္မာလ လာထားသောထမင်းဘူးကို ပန်းရန်ဆရာသည် လှည့်တောင်မကြည့်ပေ။ ပန်းရန်ဆရာ၏ကိုယ်စား မာဏိက္ကမ်က ထမင်းဘူးကိုယူရန် ရှေ့သို့တိုးသွားသည်။ ပန်းရန်ဆရာက မာဏိက္ကမ်အား ထမင်းဘူးမယူရန် ဟန့်တားပြီးလျှင် မာဏိက္ကမ်ကို ခေါ်လျက် အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။

အချိန်သမယသည် တစစ ကုန်ဆုံးနေလေသည်။ မီနာချီအမ္မာလသည် သူ့သား အဏ္ဏာမလေအား အကြိမ်များစွာ ထမင်းစားခေါ်သည်။ သို့ရာတွင် အဏ္ဏာမလေက မသွားပေ။ သူ့ရှေ့မှောက်၌ မျက်ရည်ကို စီးကျစေခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ။ ခဏကြာသောအခါ အဏ္ဏာမလေ ထလိုက်သည်။ ရေမိုးချိုး အဝတ်အစားလဲပြီး အပြင်သို့ ထွက်သွားလေသည်။ သူ၏လက်ထဲတွင် ကော်ပီစာအုပ် ပါသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မီနာချီအမွာလက သူ့သားအား ''ထမင်းစားသွားပါလား''ဟု လှမ်းပြောလိုက်လေသည်။

''ဖေဖေစားမှ ကျွန်တော်စားမယ် မေမေ''

အဏ္ဏာမလေ အိမ်ကထွက်သွားသည်။ သို့သော် ဝေးဝေးလံလံသို့မသွား။ သူ့ခြေထောက်သည် ကပါလီရွာရှိ ဘုရားကျောင်းဘက်သို့သာလျှင် အလိုအလျောက် လှမ်းသွားလေသည်။ ဘုရားကျောင်းအနီးက ပန်းဆိုင်များကို မြင်တွေ့ရသည့်အခါ သူသည် အမြဲလိုလိုပင် အလွန်တရာ အားရွှင်လန်းခြင်းဖြစ်ခဲ့ရသည်။ သို့ရာတွင် ယနေ့အဖို့ကား အားရွှင်လန်းခြင်း ဖြစ်မလာပေ။ အတော်အတန် စိတ်ငြိမ်းချမ်းခြင်းကိုမူ ရရှိသွားသည်။ ရနံ့ကြိုင်သင်းနေသည့် ရောင်စုံပန်းကုံးများကို ထိုဆိုင်၌ ချိတ်ဆွဲထားသည်။ ငှက်ပျောဖက်များပေါ်၌ ပန်းပွင့်များ၊ ပန်းအဆုပ်များ၊ ပန်းခိုင်များ ဖြန့်ကြဲနေသည်ကို တွေ့မြင်ရသည်။ ပန်းရနံ့နှင့်အတူ ကတိုးနံ့၊ ပရုပ်နံ့၊ အမွှေးတိုင်နံ့များလည်း၊ ထိုနေရာတစ်ဝိုက်၌ ပျံ့နှံ့ကြိုင်သင်းနေသည်။

ထိုအချိန်၌ အဏ္ဏာမလေသည် ဖခင်ပြောသောစကားကို သတိရလာသည်။ အစား၊ အဝတ်၊ အိမ် ဤဆိုင်များ၌ ယင်းအရာသုံးခုထဲက မည်သည့်အရာကိုမျှ မရရှိနိုင်ပေ။ အစားနှင့် အဝတ်မှတစ်ပါး တခြားပစ္စည်းများကို ဝယ်ယူသူများလည်း လူ့လောက၌ ရှိကြသည်ဟူ၍ သူ သဘောပေါက်သွားသည်။ ကျေးရွာများတွင် ဘုရားကျောင်းအနီး၌ ပန်းဥယျာဉ်ရှိသည်ကို သူတွေ့ဖူးသည်။ မြို့ပေါ်က ဘုရားကျောင်းများ၏အနီး၌ကား ပန်းဥယျာဉ်မရှိပေ။ သို့သော်လည်း၊ ဤနေရာ၌ ပန်းဆိုင်များ အဆင်သင့်ရှိနေခြင်းမှာ အလွန်အဆင်ပြေသည့်အရာ ဖြစ်လေသည်။

ဘုရားကျောင်းတံခါး ပွင့်နေသည်။ အဏ္ဏာမလေသည် အတွင်းဝင်သွားပြီးလျှင် အမြင်ဘက်က မဏ္ဍပ်တိုင်တစ်တိုင်မှီပြီး ထိုင်လိုက်လေသည်။ ထိုအချိန် ထိုနေရာတွင် လူမရှုပ်သေးပေ။ သူလိုလားသည့် တိတ်ဆိတ်ငြိမ်သက်မှုကို ရရှိသွားသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်နေ့က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို သတိရလာသည်။ ယင်းအဖြစ်အပျက်များ၌ သူ၏ကလေးသူငယ်ဘဝက စိတ်ဝင်စားစရာ အတွေ့အကြုံများ ကွယ်ဝှက်နေကြသည်။

ထိုအချိန်က ဘုရားကျောင်းအပေါင်းကို ပြင်ဆောက်နေသည်။ တစ်ဖက်တွင် ပုံစံငယ်ငယ် ဘုရားကျောင်းကလေးကိုတင်ပြီး ရေထဲတွင် ကူးခတ်သွားလာနိုင်ရန်အတွက် လှပသော သစ်သားလှေကို ပြုလုပ်နေသည်။ အခြားတစ်ဖက်တွင်ကား ဘုရားကျောင်းကို သယ်ဆောင်သွားမည့် စီးတော်ယာဉ်များ၌ ရွှေပိန်း ငွေပိန်းချနေသည်။ ရွှေပိန်းငွေပိန်းချထားသည့်အပေါ်၌လည်း ပတ္တမြား စသော ရတနာများကို တပ်ဆင်နေကြသည်။ မုခ်ဦး၌ ရှိနေသောရုပ်တုများသည် ရောင်မျိုးစုံခြယ်ထားသဖြင့် တလက်လက် တောက်ပနေကြသည်။ တံဂျာဝူရှ မခရာစသော မြို့များမှ ကျွမ်းကျင်သောအနုပညာရှင်များ မယိလာပူသို့ ရောက်နေ





ကြသည်။ အဏ္ဏာမလေလည်း တစ်နည်းနည်းဖြင့် သူတို့အုပ်စုထဲ သွားရောက်ရောနှောလေသည်။

အချို့ပုဂ္ဂိုလ်များမှာ လက်သည်းလောက်ရှိသည့် သေးငယ်သော ဆောက်ကလေးကို ရိုက်ရိုက်ပြီး သစ်သားဖြင့် လှပသောအနုပညာလက်ရာများကို ဖန်တီးပြုလုပ်နေကြသည်။ အချို့ကား၊ အနုပညာလက်ရာဖြစ်သော လှေတွင်တပ်ဆင်ရန် ယမင်းရုပ်၊ ကချေသည်ရုပ်များကို ထုလုပ်နေကြသည်။ သူတို့၏လက်ချောင်းကလေးများသည် ကနေကြသည်ဟု အဏ္ဏာမလေ ထင်မိလေသည်။ ဆောက်တွင်းသံများသည် သာယာနာပျော်ဖွယ် ဂီတသံသဖွယ် ဖြစ်နေကြသည်။

တံဂျာဝူရမှ ယင်းလက်မှုပညာသည်တို့၏ ဝတ်စားဆင်ယင်မှုမှာ အတော်လေးဆန်းသည်ဟု အဏ္ဏာမလေ တွေးနေမိလေသည်။ ဦးခေါင်းပေါ်၌ ဆံထုံးကြီး ထုံးထားကြသည်။ ရွက်ဖျင်အဖြူများဖြင့် တဲသဖွယ်ဆောက်လုပ်ပြီးလျှင် ထိုရွက်ဖျင်တဲ ထဲတွင်ထိုင်လျက် အလုပ်လုပ်ကြသည်။ သူတို့၏တဲတွင်းသို့ မည်သူ့ကိုမှ လာခွင့်မပေးပေ။ အဏ္ဏာမလေသည် တစ်နည်းတစ်လမ်းအားဖြင့် သူတို့၏အချစ်တော် ဖြစ်သွားသောကြောင့် သူတို့၏အုပ်စုထဲ၌ သွားရောက်ပေါင်းဆုံနိုင်ခြင်းဖြစ်သည်။ သူတို့သည် ကျောက်သလင်းကဲ့သို့ ဖြူဆွတ်နေသော စက္ကူများပေါ်မှ ရွှေမှုန်ငွေမှုန်များကို ဝါဂွမ်းဖြင့် တို့ယူလျက် ဖယောင်းသုတ်ထားသည့် စီးတော်ယာဉ်များတွင် ခြယ်ကြသည်။ ရွှေမှုန့်ငွေမှုန့်ခြယ်လိုက်သည်နှင့် တစ်ပြိုင်နက် သစ်သားဖြင့်လုပ်ထားသော ဟင်္သာငှက်သည် ရုတ်တရက် ပဉ္စလက်တန်ခိုးဖြင့် ဖန်တီးလိုက်သကဲ့သို့ ရွှေရောင်၊ ငွေရောင် တောက်လာသည်။ ဟင်္သာရုပ်တွင် ရောင်စုံကျောက်များကို တပ်ဆင်လိုက်သောအခါ လှပသောအဆင်တန်ဆာဖြစ်လာလေသည်။

ဘုရားကျောင်းအတွင်း၌လည်း နေရာအနှံ့အပြား အနုပညာလက်ရာမျိုးစုံကို ဖန်တီးပြုလုပ်နေကြသည်။ ထိုဘုရားကျောင်း၌ ကျောက်ရုပ်တု စသည်မှာ အလွန်တရာနည်းပါးသည်။ သို့ရာတွင် သစ်သားပလာစတာ ရွှေငွေအများပြားဖြင့် ထူးခြားသည့် အနုပညာလက်ရာများကိုမူ ဖန်တီးပြုလုပ်နေကြသည်။ လူမမယ်အရွယ်၌ပင် အဏ္ဏာမလေ၏လက်သည် တစ်စုံတစ်ခု ပြုလုပ်ဖန်တီးရန် ဟန်တပြင်ပြင် ဖြစ်နေသည်။ ထိုလက်မှုပညာသည်များ၏ အပေါင်းအဖော်ဖြစ်သွားသည့်အခါ၌ကား သူ၏ပီတိသည် အတိုင်းအရှည်မရှိတော့ပေ။

အလုပ် ပြီးစီးသွားလေပြီ။ လက်မှုပညာသည်များ ပြန်ချိန်ရောက်လာလေပြီ။ တံဂျာဝူရမှ ဆံထုံးကြီးနှင့် ပန်းရန်ခေါင်းဆောင်ဖြစ်သော လက်မှုပညာသည်ကြီးသည် အဏ္ဏာမလေကို အထူးချီးကျူးလေသည်။ ပန်းရန်ဆရာကြီးသည် ရွှေချည်ထိုး ငွေချည်ထိုး မျှင်ဖြင့်လုပ်ထားသည့် တောပတ်မိုးမိုးစားသော ကရိရှန သူငယ်အရုပ်တစ်ရုပ်ကို အဏ္ဏာမလေအား၊ လက်ဆောင်ပေးသည်။ ပန်းရန်ဆရာကြီးသည် ထိုအရုပ်ကို အဏ္ဏာမလေအတွက် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''သား…ဒီအနုပညာကို သေသေချာချာ လေ့လာဆည်းပူးဖို့တော့ လိုလိမ့်မယ်၊ ဒါပေမဲ့ ဒီအနုပညာကို သား ဘယ်တော့မှ ဆုပ်ကိုင်မထားရဘူး''

အဏ္ဏာမလေက ပန်းရန်ဆရာကြီးပြောသောစကားကို နားမလည်ပေ။ စူးစမ်းသော အကြည့်ဖြင့် ပန်းရန်ဆရာကြီးကိုသာ ကြည့်နေလေသည်။

''ဒီအနုပညာနဲ့ သား အသက်မွေးဝမ်းကျောင်းလို့ ရမှာမဟုတ်ဘူး။ ဘဘတို့ဟာ ဒီအနုပညာကို အရိုက်အရာခံအနေနဲ့ လက်ခံရရှိထားတာဖြစ်တယ်။ ဘုရင်တွေ ဧကရာဇ်တွေဟာ ဒီအနုပညာကို ကြီးထွားတိုးတက်လာအောင် လုပ်ခဲ့ကြတယ်။ အခုတော့ ခေတ်ပြောင်းသွားပြီ။ ပိုက်ဆံကြွယ်ဝတဲ့လူတွေလည်း ဒီကနေ့တော့ စားဖို့သောက်ဖို့ ကိစ္စလောက်ကိုပဲ ကြောင့်ကြစိုက်နေကြတယ်။ ဘဘသားဟာ ခေတ်မှုပညာသင်တယ်။ ခလုတ်နှိပ်လိုက်ရုံနဲ့ တစ်စုံတစ်ယောက်ရဲ့ရုပ်ပုံကို ရိုက်ယူလို့ရတယ်၊ သား၊ ဒီအနုပညာကို မက်မက်မောမော ရှိမနေပါနဲ့။ ဒါမှမဟုတ်ရင် သားရဲ့ဘဝဟာ ပျက်စီးဆုံးပါးသွားလိမ့်မယ်''

ထိုအချိန်က အဏ္ဏာမလေသည် ပန်းရန်ဆရာကြီးပြောသောစကားကို ဘာမျှ နားမလည်ပေ။ ငွေဖြင့်လုပ်ထားသည့် ထောပတ်နီးစားသော ကရိရှုန သူငယ်ရုပ်ပုံ၏ အလှကိုသာလျှင် နားလည်သဘောပေါက်ခဲ့သည်။

ယခုအရွယ်ရောက်လာသောအခါ အဏ္ဏာမလေသည် အတိတ် အကြောင်းအရာများကို နားလည်သဘောပေါက်ရန် ကြိုးစားကြည့်သည်။ ယခုအချိန်၌ မဏ္ဍပ်တိုင်ကိုမှီပြီး ထိုင်လိုသည့်စိတ် အဘယ်ကြောင့် ပေါ်ပေါက်လာသနည်း။ ကောလိပ်ကျောင်းသား ဖြစ်ပြီးသည့်နောက်ကျမှသာလျှင် သူ၏အိပ်ပျော်နေသော အနုပညာစိတ်ဓာတ်သည် နိုးကြားလာပြီးလျှင် အရှိန်အဟုန် အပြည့်အဝဖြင့် လူးလွန့်အားယူလာလေသည်။

အဏ္ဏာမလေသည် ဂဏန်းသင်္ချာသင်ကြားရာ၌ အာရုံအပြည့်အဝ စိုက်ခဲ့သည်။ သို့ရာတွင် သူ၏စိတ်နှလုံးတွင် ဂဏန်းသင်္ချာကို ဆန့်ကျင်သော ထက်မြက်အားကောင်းသည့် တုံ့ပြန်မှု အဘယ့်ကြောင့် ဖြစ်ပေါ်လာသည်မသိပေ။

ထိုသျှောင်ထုံးကြီးနှင့် လက်မှုပညာသည်ကြီးက သူ့ကို…

''သား ဒီအနုပညာကို မက်မောမနေနဲ့၊ ဒါမှမဟုတ်ရင် သားရဲ့ ဘဝဟာ ပျက်စီးဆုံးပါးသွားလိမ့်မယ်''ဟု ပြောနေသကဲ့သို့ပင် ထင်နေလေသည်။

အဏ္ဏာမလေသည် သူ့ကိုယ်သူ ပြောလိုက်လေသည်။

''ငါ အနုပညာကို ဘယ်မှာမက်မောလို့လဲ၊ အနုပညာကသာ ငါ့ကို သူ့ဘက်ပါအောင် ဆွဲဆောင်နေတာ''

အချိန်ကုန်ဆုံး ကျော်လွန်လာသည်။ အဏ္ဏာမလေ ဆာလောင်မွတ်သိပ်လာသည်။ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်မနေချင်တော့ပေ။ ဘုရားကျောင်း၏နောက်ဘက်ရှိ ကန့်ပေါင်ရိုးက လျှောက်ပြီးလျှင် အပြင်ထွက်လာခဲ့သည်။ တဖြည်းဖြည်း နေမြင့်လာလေပြီ။ သူ့လက်ထဲတွင်





ပိုက်ဆံရှိသည်။ သို့ရာတွင် ဘာကိုမှ စားချင်စိတ်မရှိပေ။ ရှေ့အနည်းငယ် ဆက်လျှောက်သွားပြီးလျှင် ကန့်ပေါင်ရိုးအနီး၌ ရပ်နေသော ဘတ်စ်ကားတစ်စီးပေါ် တက်လိုက်သည်။ ထိုဘတ်စ်ကားသည် အဒေယာသို့သွားသည့် ဘတ်စ်ကားဖြစ်လေသည်။

✦ ✦ ✦

ဘတ်စ်ကား အဒေယာတံတားကိုဖြတ်လျက် ရှေ့သို့ကျော်လွန်လာသည့်အခါ၌ အဏ္ဏာမလေသည် တံတား၏ညာဘက် လှည့်ကြည့်လိုက်သည်။ မြစ်ရေပြင် မည်သို့ရှိနေရှိနေ မြစ်၏ဘေးနှစ်ဘက်၌ကား စိမ်းစိမ်းစိုစို မြင်ကွင်းများကိုသာလျှင် တွေ့မြင်နေရသည်။ ထိုနေရာ ဖြတ်သွားသည့်အခါတိုင်း အဏ္ဏာမလေသည် ထိုစိမ်းလန်း စိုပြည်သည့်မြင်ကွင်းကို ကြည့်ရှုဖို့ရန် မမေ့ပေ။ ခပ်လှမ်းလှမ်း၌ အိမ်တစ်အိမ်ကို လှမ်းမြင်ရသည်။ ထိုအိမ်သည် သစ်ပင်ချုံဖုတ်များ၏ အလယ်၌ သူ့အလိုလို ပေါက်လာသကဲ့သို့ထင်ရသည်။ အိမ်ပိုင်ရှင်သည် ကြိုးစားပမ်းစား နေရာကောင်းကိုရွေးလျက် အိမ်ဆောက်ထားပုံရသည်ဟု အဏ္ဏာမလေ တွေးကြည့်နေမိသည်။

အဒေယာသို့ ဘတ်စ်ကားရောက်လာသည်။ ဘတ်စ်ကားပေါ်မှ ဆင်းလာပြီးလျှင် အဏ္ဏာမလေသည် ရေဘုံဘိုင်၌ ကိုယ်လက်ဆေးကြော သုတ်သင်လျက် ရေကိုသောက်လိုက်သည်။ ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဖြစ်ပေါ်နေသည့် ပင်ပန်းနွမ်းလျခြင်းသည် အတန်ငယ် ပျောက်သလို ရှိသွားသည်။ အရပ်လေးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ထိုနေရာ၌ အိမ်သစ်များ အများအပြားတွေ့ရသည်။ ထိုအခါ သူ၏ဖခင်သည် သူ့ကိုအဘယ်ကြောင့် ဇိသုကာ အလုပ်လုပ်စေချင်သည့်အကြောင်းကို နားလည်သဘောပေါက်သွားသည်။ ယခင်က သစ်ပင်ဝါးပင်များ ခြုံယျာဉ်များ၊ ပန်းပင်များ ရှိခဲ့သည့်နေရာ၌ ယခုအခါတွင် အုတ်များ ဘိလပ်မြေများ၊ သံတိုင်သံလက်ရမ်းများကိုသာလျှင် တွေ့မြင်နေရသည်။

အဏ္ဏာမလေသည် မကြာခဏ မာဏိက္ကမ်နှင့်လည်းကောင်း၊ တခြား မိတ်ဆွေများနှင့်လည်းကောင်း၊ အတူတကွ အဒေယာ၌ရှိသော အေလိယတ် ပင်လယ်ကမ်းခြေသို့ ရောက်လာတတ်သည်။ ပင်လယ်ကမ်းခြေရောက်ရန်အတွက် အရှေ့ဘက်က လမ်းတစ်လမ်းကို ကွေ့ဝင်သွားရသည်။ လမ်းအကွေ့၌ အဏ္ဏာမလေ မြင်ကွင်းတစ်ခုကို တွေ့မြင်သွားသည်။ ခဏကြာမျှ မတုန်မလှုပ်ရပ်နေမိသည်။ မြို့တစ်မြို့၏ မြို့စည်းရိုးအနီးတွင်ရှိသော သစ်ပင်တစ်ပင်၏အရိပ်အောက်၌ သူတောင်းစားမတစ်ဦး ထိုင်နေသည်။ ဒါနရှင်တို့၏မြို့ဖြစ်သော မဒရပ်၌ တစ်နေ့တလေမှပင် သူတောင်းစားများကို မတွေ့ရဘဲမနေပေ။ ဤသူတောင်းစားမကမူ တခြားသူတောင်းစားများနှင့်မတူဘဲ တစ်မူထူးခြားနေသည်။ ထို့ကြောင့် ထိုသူတောင်းစားမသည် အဏ္ဏာမလေ၏အာရုံကို ဆွဲငင်ယူနိုင်ခြင်းဖြစ်လေသည်။

ဆွေးမြေ့ညစ်နွမ်းနေသည့်အဝတ်ကို ဝတ်ထားသည့် ကျန်းမာသန်စွမ်းသော ကိုယ်ကာယရှိသော ထိုတောသူမိန်းမရွယ်သည် ဖြစ်ကတတ်ဆန်းနေပြီး သူ့ကလေးကို နို့တိုက်



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ အသားအရောင်မှာ မည်းနက်သော်လည်း ထိုမိန်းမရွယ်သည် အနုပညာရှင်များ အနုပညာမြောက်စွာ ထုလုပ်ထားသည့် ကျောက်ရုပ်သဖွယ် မြင်နေရသည်။ မြို့ထဲ၌ ဤကဲ့သို့ ကိုယ်ခန္ဓာတောင့်တင်းဖွံ့ထွားသော မိန်းမရွယ်များကို အဏ္ဏာမလေ မတွေ့ဖူးပေ။ မိန်းမရွယ်၏ အနားတွင် အဝတ်ထုပ်တစ်ထုပ်နှင့် သံပန်းကန်ခွက်တစ်ခွက်ရှိသည်။ အဏ္ဏာမလေသည် မိန်းမရွယ်အား ကရုဏာသက်သွားလေသည်။ ထိုမိန်းမရွယ်သည် တောနေလူစုတို့၏ အနိုင်စက် အစော်ကားခံရပြီးလျှင် မြို့သို့ရောက်လာခြင်းဖြစ်သလော။ သို့မဟုတ် မိမိ၏ဘဝကို ဖျက်ဆီး ပစ်ရန်အတွက် မြို့သို့ရောက်လာခြင်းဖြစ်သလော။ အဏ္ဏာမလေ ဝေခွဲမရဖြစ်နေသည်။ မိန်းမရွယ်သည် ဆာလောင်မွတ်သိပ်နေသည်ဖြစ်၍ အဏ္ဏာမလေ၏ ကရုဏာပြည့်လျှမ်း နေသော မျက်လုံးကို ကြည့်လိုက်ပြီးလျှင် "ဘုရားသခင်"ဟု နုတ်ကရွတ်လျက် သူ့လက်ကို အဏ္ဏာမလေဘက်သို့ ဖြန့်လိုက်သည်။

အဏ္ဏာမလေသည် ပိုက်ဆံအိတ်ဖွင့်လျက် ပိုက်ဆံတစ်မတ် ထုတ်ပြီးလျှင် သူတောင်းစားမအား ပေးလျက် နောက်ဘက်ပြန်လှည့်မကြည့်ဘဲ ခပ်သုတ်သုတ် ရှေ့ဆက် လျှောက်သွားလေသည်။ သူတောင်းစားမသည် အဏ္ဏာမလေ ထွက်သွားရာသို့ အံ့ဩငေးမော ကြည့်နေလေသည်။ ဤမြို့၌ ဤကဲ့သို့သော ရှားပေါပေါပုဂ္ဂိုလ်ကို သူတောင်းစားမသည် ယခင်က မတွေ့မြင်ခဲ့ဖူးပေ။ ပိုက်ဆံနှစ်ပြားလောက် ပေးဖို့ရန်အတွက် တစ်စုံတစ်ရာ ဆင်ခြင် စဉ်းစားနေဟန်ပြုပြီးလျှင် ဆယ့်ငါးမိနစ်လောက် မျက်လုံးကြီးဖြင့် ဝင့်ကြည့်နေသော ပုဂ္ဂိုလ်မျိုး ကိုသာလျှင် တွေ့မြင်ခဲ့ဖူးလေသည်။

အေလီယက် ပင်လယ်ကမ်းခြေသည် မြို့နှင့် အတန်လှမ်းသည်။ ပင်လယ် ကမ်းခြေ၌ ဝိုင်းဝိုင်းပုံသဏ္ဌာန် မရှာပ်တစ်ခုနှင့် မြက်များကောက်ရိုးများဖြင့် ဆောက်လုပ် ထားသော တဲအချို့ကို တွေ့မြင်ရသည်။ ပင်လယ်ရေချိုးသူများ ထိုနေရာသို့လာ၍ အဝတ်အစား လဲနိုင်ရန်အတွက် မြစ်သစ်ရွက်တဲများကို ဖန်တီးပြုလုပ်ထားသည်ဟု အချို့ကပြောကြသည်။ လျှို့ဝှက်ခြင်းအပြည့်ရှိသော ပျော်ပါးကစားမှုအမျိုးမျိုးအတွက် ဟိုတယ်အခန်းများနည်းတူ ဤတဲများကိုလည်း အသုံးပြုကြသည်ဆိုသည့်အကြောင်းကို အဏ္ဏာမလေ နားမလည်ပေ။ ထိုကိစ္စသည် လူမရှုပ်ခင် ထိုနေရာသို့ ကားနှင့်လာသောသူများ၏ အလုပ်ကိစ္စဖြစ်သည်။

လေးနာရီ ထိုးတော့မည်။ ငါးနာရီထိုးပြီးသည်နှင့် လူအတော်များများ ထိုနေရာသို့ အလည်အပတ်ရောက်လာတတ်ကြသည်။ အဏ္ဏာမလေသည် တဲတစ်တဲသို့ ရောက်သွားသည်။ တဲထဲတွင် ထိုင်လိုက်ပြီးပါလာသည့် ကော်ပီစာအုပ်ကိုဖွင့်လျက် ခဲတံဖြင့် ပန်းချီဆွဲလေသည်။ ပန်းချီတွင် အာရုံစိုက်သွားသောအခါ ဆာလောင်မွတ်သိပ်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း နှစ်မျိုးလုံး ပျောက်ကွယ်သွားလေသည်။ စာမေးပွဲကျသည့်အကြောင်းနှင့် သူ့ဖခင်၏ ဆူပူ ကြိမ်းမောင်းသည့်အကြောင်းကိုလည်း သူ သတိမရတော့ပေ။





မျက်မှောက်တွင်ရှိ၍ ပင်လယ်သမုဒ္ဒရာ၏ စိမ်းဖန့်ဖန့်လှိုင်းများသည် တဖြည်းဖြည်း နက်ပြာရောင်အဖြစ် ပြောင်းလဲနေကြသည်။ နေမင်းသည် မိုးသားတိမ်လိပ်တို့၏အကြွယ်တွင် ရောက်နေသည်။ ထို့ကြောင့် နေပူရှိန်မပြင်းလှဟု ထင်နေရသည်။ ပင်လယ်လေ တိုက်ခတ် သောကြောင့် အဏ္ဏာမလေ၏နှုတ်ခမ်းတွင် ဆားဓာတ်လိုလို စိုထိုင်းထိုင်းဖြစ်လာသည်။ တဖြည်းဖြည်း ထိုနေရာသို့ လူများရောက်လာကြသည်။ ထိုအချိန်အထိ အဏ္ဏာမလေအနီးသို့ မည်သူမျှ ရောက်မလာသေးပေ။ ထို့ကြောင့် သူ၏အာရုံလည်း ပျက်မသွားသေးပေ။

ခပ်လှမ်းလှမ်းမှ လျှောက်လာသော လူနှစ်ယောက်သည် သူ့ဆီ မျက်လုံးရောက် နေကြသည်။ မြို့သူမြို့သားများသည် လေရူးရှိုက်ရန်အတွက်လည်းကောင်း၊ သို့မဟုတ် အညောင်းပြေအညာပြေ စကားတပြောပြောနှင့် လမ်းလျှောက်ရန်အတွက်လည်းကောင်း၊ ပင်လယ်ကမ်းခြေသို့ လာကြသည်။ ဂျာနယ်၊ မဂ္ဂဇင်းများကို အေးအေးဆေးဆေး ဖတ်ရန် အတွက်လည်း လာရောက်ကြသည်။ သို့ရာတွင် ထိုနေရာ၌ထိုင်ပြီး မည်သူမှ ပန်းချီဆွဲမနေပေ။ ထို့ကြောင့် ပုဂ္ဂိုလ်နှစ်ဦး၏အာရုံသည် အဏ္ဏာမလေထံ ရောက်နေခြင်းဖြစ်သည်။

ပင်လယ်ကမ်းခြေရောက်လာသော ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးမှာ အသက်ကြီးကြီး လူကြီးတစ်ယောက်ဖြစ်ပြီး ကျန်တစ်ဦးမှာ မိန်းမပျိုတစ်ဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ပင်လယ်ကမ်းခြေသို့ မကြာခဏလာရောက်တတ်သူများ ဖြစ်ကြသည်။ မိန်းမပျိုနှင့် စကား ပြောနေသောလူကြီးသည် ရုတ်တရက် စကားပြောရပ်သွားပြီးလျှင် တစ်နေရာ၌ မတ်တတ် ရပ်လျက် ထိုတဲရှိရာသို့ အာရုံစူးစိုက်ကြည့်နေသည်။ မိန်းမပျိုလည်း ထိုတဲရှိရာသို့ပင် လှမ်းကြည့်နေလေသည်။

လူကြီးသည် အံဖြူရောင်အင်္ကျီပွကို ဝတ်ထားသည်။ အဝါရောင် ရှာဇောင် တစ်ထည်ကို ဘင်္ဂါလီလူမျိုးတို့၏ ပုံစံအတိုင်းခြုံထားသည်။ ရှာဇောင်၏ အနားတစ်ဖက် သည် ရင်ဘတ်ပေါ်ကဖြတ်လျက် ပခုံး၏နောက်ဘက်တွင် လွင့်နေသည်။ တမီးနာဒူး အရပ် သားများလို ဒိုတီကိုလည်း ဝတ်ထားသည်။ ကိုယ်လုံးကိုယ်ပေါက်မှာ ပြေပြစ်အချိုးကျသည်။ ဦးထိပ်ရှေ့ပိုင်းမှာ ပြောင်နေသည်။ ထိုလူကြီးသည် သူ၏ လေးထောင့်မျက်နှာ၌ ဆော်ဒါပုလင်း ကွဲက မှန်နှင့်တူသော မှန်ထူထူမျက်မှန်ကြီးကို တပ်ထားသည်။

လူကြီးနှင့်အတူပါလာသည့် မိန်းမပျိုသည် မြင်ရသူတို့အား ညှို့ယူနိုင်လောက်သည့် အလှပိုင်ရှင်မဟုတ်ပေ။ သူ့တွင် မြင်ရသူတို့၏အာရုံကို ဆွဲဆောင်နိုင်လောက်သော သို့မဟုတ် ချုပ်ကိုင်ဖမ်းစားနိုင်လောက်သော အင်္ဂါလက္ခဏာများမှ တစ်ခုမှမရှိပေ။ အရွယ် အားဖြင့် မိန်းမပျိုသည် အဏ္ဏာမလေထက် တစ်နှစ် သို့မဟုတ် နှစ်နှစ်မျှ ငယ်ပေလိမ့်မည်။ မျက်လုံးမှ စွဲမက်လောက်သည့် အရောင်အဝါလို ထွက်နေသည်ဟုထင်ရသည်။ ဟန်ပန်မူအရာ နှင့် သွားလာလှုပ်ရှားမှု၌ သဘာဝအလှ တစ်ခုရှိနေသည်။ ဦးခေါင်းမှစ၍ ခြေဖျားအထိ သူ၏အတွင်းအပြင်၌ ရိုးသားမှုအလျဉ်း စီးဆင်းနေသည်ကိုတွေ့ရသည်။ လှုပ်ရှားသွားလာ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၌ ဟန်လုပ်သည့်အမူအရာ မရှိပေ။ ရှည်လျားသိပ်သည်းသော ဆံပင်ရှိသည်။ မိန်းမပျို၏ ဆံမြိတ်သည် ခါးအောက်ပိုင်း၌ ကပျာန်ချိနေသည်။ မျက်နှာအတန်ငယ် သွယ်သည်။ မျက်ခုံးက ရှည်လျားပြီး နှုတ်ခမ်းက နီရဲနေသည်။ ကိုယ်ဟန်အနေအထားမှာမူ သေးသေးသွယ်သွယ်ပင် ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီးက ခပ်အေးအေး ခပ်မှန်မှန်လေသံဖြင့် ပြောလိုက်လေသည်။

''ဒီသူငယ် ပန်းချီဆွဲနေတာနဲ့တူတယ်''

''ဟုတ်တယ် ဖေဖေ၊ ပန်းချီဆွဲနေတဲ့အခါ ဖေဖေ အာရုံစိုက်နေသလိုပဲ၊ သူလည်းပဲ အာရုံစိုက်ပြီး ပန်းချီဆွဲနေတယ် ဖေဖေ''

နှစ်ဦးသား အဏ္ဏာမလေအနီးသို့ ရောက်လာကြသည်။ အဏ္ဏာမလေသည် မျက်နှာ တစ်ဖက်သို့ လှည့်နေသည်ဖြစ်၍ သားအဖနှစ်ယောက် သူ့အနီးရောက်လာသည်ကို မသိပေ။ မိန်းမပျို၏ဦးခေါင်း၌ပန်ထားသော စံပယ်ပန်းအနံ့သည် အဏ္ဏာမလေ၏နှာဝသို့ ရောက်လာသည်။ အဏ္ဏာမလေသည် ခေါင်းထောင်ကြည့်လိုက်သည်။ မိန်းမပျို၏မျက်လုံးကို ပထမဦးစွာ ခတွေ့မြင်သွားသည်။ နောက်မှ ပုဂ္ဂိုလ်ကြီး၏မျက်နှာကို မြင်ရသည်။ သူတို့နှစ်ဦးကို ယခင်က တစ်နေရာရာတွင် မြင်ဖူးသည်ဟု အဏ္ဏာမလေ တွေးနေမိသည်။ ဤပြင်လယ်ကမ်းခြေ၌ပင် ခပ်လှမ်းလှမ်းက တွေ့ဖူးခြင်းဖြစ်ပေလိမ့်မည်။

ပုဂ္ဂိုလ်ကြီးက ပြောလိုက်သည်။

''စိတ်မရှိပါနဲ့ သူငယ်၊ ဦးတို့ကြောင့် မောင့်အလုပ် အနှောင့်အယှက်ဖြစ်သွားတယ်''

''အနှောင့်အယှက် မဖြစ်ပါဘူး၊ ကျွန်တော်ပျင်းတာနဲ့ ဒီလိုပဲ ဟိုခြစ်ဒီခြစ် ခြစ်ကြည့်နေတာပါ''

''ဦးတို့ မောင့်လက်ရာကို မကြည့်ရဘူးလား''

အနီး၌ မိန်းမပျိုတစ်ဦး ရပ်နေသောကြောင့် အဏ္ဏာမလေသည် သူ့ပန်းချီကားကို ထိုပုဂ္ဂိုလ်ကြီးအားပြရန် ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီး၏ အလိုဆန္ဒကို ငြင်း၍လည်း မငြင်းဆန်နိုင်ပေ။ အဏ္ဏာမလေသည် ပန်းချီကောင်းကောင်း မဆွဲတတ်သေးပေ။ ထို့ကြောင့် မိမိဆွဲထားသည့် ပန်းချီကားကို ထိုပုဂ္ဂိုလ်ကြီးအား ဘယ်လိုလုပ်ပြရမည်နည်းဟု စဉ်းစားရင်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

''ကျွန်တော် ဒီလိုပဲ ဟိုခြစ်ဒီခြစ် ခြစ်ကြည့်နေတာပါ၊ ဒီပုံကိုဆွဲပြီးရင် ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်မှာပါ''

ယင်းသို့ပြောပြီးလျှင် ရှက်ရှက်နှင့်ဦးခေါင်းငုံ့လျက် အဏ္ဏာမလေသည် ကော်ပီစာအုပ်ကို ထိုပုဂ္ဂိုလ်ကြီး၏လက်ထဲ ထည့်လိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် အဏ္ဏာမလေ၏ ပန်းချီကားကို သေသေချာချာ ကြည့်နေလေသည်။ ထို့နောက် ထိုပုဂ္ဂိုလ်ကြီးသည် တဲထဲတွင် တင်ပလ္လင်ခွေထိုင်လိုက်သည်။ သူ့သမီးကိုလည်း လှမ်းအထိုင်ခိုင်းလိုက်လေသည်။ ခဏကြာ၍





ပန်းချီကားကို သေချာစွာကြည့်ပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးသည် ပန်းချီကားကို မိန်းမပျိုအား လှမ်းပေးလိုက်သည်။ မိန်းမပျို၏ တောက်ပနေသောမျက်လုံးမှ အရောင်အဝါများ ထွက်နေသည်ကို အဏ္ဏာမလေ မြင်ရလေသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည်။

''ငါ့ ပန်းချီ မဆိုးဘူးထင်တယ်''ဟု သူ့ဘာသာသူ စဉ်းစားကြည့်လိုက်လေသည်။

ပုဂ္ဂိုလ်ကြီးက မေးလိုက်လေသည်။

''လမ်းပေါ်မှာ ထိုင်နေတဲ့ ဟိုသူတောင်းစားမကို မောင်မြင်လာခဲ့တယ် ထင်တယ်''

''ဦးကြီးလည်း မြင်ခဲ့သလား''

''အေး… မြင်တယ်၊ သူက ဦးတို့အိမ်ရှေ့မှာ ထိုင်နေတာပဲ၊ မျက်နှာနဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကတော့ အားလုံးမှန်ပါတယ်၊ ဒါပေမဲ့ သူက အခုလို အရိုးပဒေသာလို ဘယ်မှာ ပိန်လို့လဲ၊ သန်သန်မာမာ တောင့်တောင့်တင်းတင်းကြီး မဟုတ်လား''

အဏ္ဏာမလေသည် အဖြေပြန်ပေးရန် မဝံ့မရဲဖြစ်နေသည်။

''ဘယ်လိုသဘောနဲ့ အခုလို ဆွဲတာလဲ၊ ပြောပါဦး''

''သူလည်းပဲ မကြာခင် အခုလို ကြုံလှီသွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီမြို့က သူ့ကို ထမင်းအငတ်ထားပြီး သေသွားအောင် လုပ်ပါလိမ့်မယ်''

သားအဖနှစ်ယောက်သည် ရုတ်တရက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ထိုသူတောင်းစားမနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်ကို သူတို့ သိနေကြဟန်တူသည်။

အဏ္ဏာမလေ၏ ထိုပန်းချီကား၌ …

ထိုသူတောင်းစားမသည် ကမ္ဘဋ္ဌာန်းရုပ် ပေါက်နေသည်။ မျက်နှာတွင် အတိုင်းအရှည် မရှိသော နာကျင်မှုကို ခံစားနေရသည်။ သူတောင်းစားမသည် ကလေးကို ကြိုးစား၍ နို့တိုက်နေသည်။ ကပ်နေသော နို့အုံမှ နို့ထွက်မလာသောကြောင့် ကလေးသည် ခြေကန်လက်ကန်နှင့် သည်းထန်စွာ ငိုကြွေးနေသည်။ မိခင်၏မျက်လုံးက မျက်ရည်ပေါက်တို့သည် ကလေး၏မျက်နှာပေါ်၌ ကျနေကြသည်။ ပုံထဲတွင် နောက်ဘက် အတော်ခပ်လှမ်းလှမ်း၌ မြင့်မားသော အဆောက်အအုံကြီးများကို မြင်တွေ့နေရသည်။ အခြားတစ်ဖက်၌ မြင့်မားသော အဆောက်အအုံကြီးများ၏ရှေ့တွင် ဘုရားကျောင်း၏ မုခ်ဦးတစ်ခုသည် ရှက်ရွံ့သည့်အလား ဦးခေါင်းငုံ့၍ ရပ်နေသည်။ အဏ္ဏာမလေသည် ပန်းချီပုံ၏အမည်ကို ''အလှူဒါနရှင်တို့၏မြို့မဒရပ်၌''ဟု ပေးထားလေသည်။

ပုဂ္ဂိုလ်ကြီးက ရယ်ပြီး မေးလိုက်လေသည်။

''ဒီပုံရဲ့ အနက်အဓိပ္ပာယ်ကို မောင် ပြောမပြနိုင်ဘူးလား''

အဖြေပြန်ပေးနိုင်စွမ်းမရှိသည့်အတွက် အဏ္ဏာမလေ ဒုက္ခရောက်နေသည်။ မိမိ နှာခေါင်း ကျည်ပွေ့တွေ့နေပြီဟု သူ့ကိုယ်သူ ထင်နေသည်။ ဘာမှမပြောဘဲ ရပ်ပြီး ခေါင်းကုတ်နေသည်။ ပုဂ္ဂိုလ်ကြီးက သူ့ကိုအဖြေပေးရန် လှုံ့ဆော်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


အဏ္ဏာမလေက ပြောလိုက်လေသည်။

"မြင့်မားလှတဲ့ ဒီအိမ်ကြီးများဟာ ကျွန်တော်တို့ရဲ့ အမြဲမပြတ် အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ စီးပွားရေးသောင်းကျန်းမှုကြီးရဲ့ အမှတ်လက္ခဏာများ ဖြစ်ကြတယ်။ အိမ်များရဲ့ ရှေ့ဘက်မှာရှိတဲ့ ဘုရားကျောင်းရဲ့မုခ်ဦးကတော့ တရားမမှုစိတ်ခေတ် ကျဆုံးနေခြင်းကို ညွှန်ပြနေပါတယ်။ ဒီသူတောင်းစားမဟာ ကျွန်တော်တို့ရဲ့ လက်ရှိကျင့်ဝတ်နဲ့ပတ်သက်တဲ့ အတွေးအခေါ်အယူအဆများရဲ့ အမှတ်လက္ခဏာဖြစ်ပါတယ်"

မိန်းမပျိုသည် အဏ္ဏာမလေအား တအံ့တသြငေးမော ကြည့်ရှုနေသည်။ ပုဂ္ဂိုလ်ကြီးကမူ စဉ်းစားကြည့်နေသည်။

"ဒီသူငယ်ဟာ အရွယ်ငယ်ငယ်ကလေးနဲ့ တကယ့်အတွေးအခေါ် အယူအဆတွေကို တွေးခေါ်ယူဆပြီး ပန်းချီဆွဲတာပါကလား"၊ ပုဂ္ဂိုလ်ကြီး၏ အကဲဖြတ်ချက်အရ ပန်းချီပုံ၌ ချွတ်ယွင်းချက် အတန်ငယ်ရှိသည်ကား မှန်သည်။ သို့ရာတွင် ပုဂ္ဂိုလ်ကြီးသည် ထိုပန်းချီပုံကို ကြည့်လျက် အဏ္ဏာမလေ၏ အတွေးအခေါ်အယူအဆနှင့် လက်ရာမြောက်ပုံကို သိရှိသွားလည်သွားလေသည်။

ပုဂ္ဂိုလ်ကြီးက ပြောလိုက်လေသည်။

"ဒီသူတောင်းစားမရဲ့ အသွင်အပြင်ဟာ အနုပညာမျက်လုံးရှိတဲ့ လူတွေကို ဆွဲဆောင်နိုင်တဲ့ စွမ်းအားရှိတာတော့ မှန်တယ်၊ ဒါပေမဲ့ စိတ်နှလုံး ဖောက်ပြန်နေတဲ့လူတွေကို အရူးအမူး ဖြစ်စေတတ်တဲ့အသွင်အပြင်မျိုးလည်း ဖြစ်တယ်။ ဒီမြို့ဟာ ဒီသူတောင်းစားမတွေ အတွက် လုံခြုံမှုမရှိတဲ့နေရာဖြစ်တာတော့ အမှန်တကယ်ပဲ"

ပုဂ္ဂိုလ်ကြီး၏စကားကိုကြား၍ မိန်းမပျိုသည် ရှက်စိတ်ဝင်သွားပြီးလျှင် ထိုနေရာမှ အတန်ငယ် ခွာနေလိုက်လေသည်။ ထို့နောက် အဏ္ဏာမလေကိုကြည့်လျက် ပြောလိုက်လေသည်။

"ကျွန်မတို့ အခုပဲ သူ့ကိုရွာပြန်ဖို့ မီးရထားစရိတ် ပေးလာခဲ့ကြတာ၊ ဒီကနေ့ပဲ ရွာကို ပြန်သွားပါ့မယ်လို့ သူ ကတိပေးပါတယ်"

အဏ္ဏာမလေသည် ရုတ်တရက် စိတ်ဓာတ်တက်ကြွလာသည်။ ပုဂ္ဂိုလ်ကြီးအား လက်အုပ်ချီ အရိုအသေပြုပြီး ပြောလိုက်လေသည်။

"မဒရပ်မြို့မှာ စေတနာရှင်တွေ ရှိသေးတယ်ဆိုတာသိရလို့ ကျွန်တော် အများကြီး ဝမ်းသာပါတယ်"

ထိုအခိုက် တစ်နေရာမှ ပုဂ္ဂိုလ်တစ်ဦး၏ အသံပေါ်လာလေသည်။

"အဏ္ဏာမလေ ဒီရောက်နေတယ်ဟုတ်လား"

သုံးဦးလုံးပင် တစ်ပြိုင်နက် လှည့်ကြည့်လိုက်ကြလေသည်။

ပင်လယ်ကမ်းခြေတွင် အဏ္ဏာမလေကို လာတွေ့ရသည့်အတွက် မာဏိက္ကမ်သည် အလွန်တရာ အားရဝမ်းသာဖြစ်သွားသည်။ ထို့ကြောင့် အားတက်သရော အဏ္ဏာမလေကို ဆော်ခေါ်လျက် ထိုနေရာသို့ ရောက်လာခြင်းဖြစ်သည်။ မာဏိက္ကမ်၏တက်ကြွမှုမှာ အတန်ငယ် တိုးတက်မြင့်မားသွားသည်။ အကြောင်းမူကား အဏ္ဏာမလေ၏အနီး၌ အသက်အရွယ် ကြီးရင့်သည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် ရပ်နေစဉ်ကာမူ မာဏိက္ကမ်သည် ထိုမိန်းမပျိုကိုသာလျှင် ဖဦးဆုံး တွေ့မြင်သွားသည်။ အတန်ငယ်ကြာမှ အဏ္ဏာမလေလည်း ထိုနေရာ၌ ရှိနေပါကလား ဟု သိသွားခြင်း ဖြစ်လေသည်။

"သူက ကျွန်တော့်မိတ်ဆွေ မာဏိက္ကမ်ပါ"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် မာဏိက္ကမ်ကို ကျန်လူများနှင့် မိတ်ဆက်ပေးသည်။

"ဦးတို့ကို မောင့်နာမည်လည်း ပြောမပြသေးပါလား"ဟု ပုဂ္ဂိုလ်ကြီးက ပြောသောအခါ အဏ္ဏာမလေသည် သူ့နာမည်ကို ပြောပြလိုက်လေသည်။ ပုဂ္ဂိုလ်ကြီးကလည်း သူ့နာမည်မှာ ကဒိရေရှန်ဖြစ်သည်ဟူ၍လည်းကောင်း၊ သူ့သမီး၏နာမည်မှာ အာနန္ဒီဖြစ်သည်ဟူ၍ လည်းကောင်း ပြောပြလိုက်လေသည်။

မာဏိက္ကမ်သည် ထိုကဲ့သို့ အဏ္ဏာမလေနှင့် သားအဖနှစ်ယောက် ဆက်ဆံနေပုံကို တွေ့ရသောအခါ မရှုစိမ့်ဖြစ်သွားလေသည်။ အဏ္ဏာမလေကို ပြောလိုက်လေသည်။

"ငါ မင်းကို လိုက်ရှာတာ နှံ့နေပြီ၊ မင်းစိတ်ဆိုးပြီး ရေကန်ထဲဖြစ်ဖြစ် ပင်လယ်ထဲ ဖြစ်ဖြစ် ခုန်ချမှာ ဖေဖေက စိုးရိမ်နေတယ်။ ဖေဖေက မင်းကို အိမ်က လွှတ်လိုက်ရမလားဆိုပြီး မေမေ့ကို ဒေါပွနေတယ်။ တစ်နည်းနည်းနဲ့ မင်းကိုရအောင်ရှာပြီး ခေါ်လာခဲ့ပါ့မယ်လို့ ငါအိမ်ကို ပြောလာခဲ့တယ်"

အာနန္ဒီက ကြုံနာထောက်ထားသော အမူအရာဖြင့် အဏ္ဏာမလေကို ကြည့်လိုက်လေသည်။ သူ၏မျက်လုံးထဲတွင် "ရေကန်ထဲဖြစ်စေ၊ ပင်လယ်ထဲဖြစ်စေ ခုန်ချရလောက်အောင် အဏ္ဏာမလေမှာ ဘယ်လိုအကြောင်းများ ရှိနေသနည်း"ဟူသော အမေးပုစ္ဆာ ပေါ်နေသလို ဖြစ်နေသည်။ ရှက်ခြင်း၊ စိတ်မကောင်းခြင်းဖြင့် ဦးခေါင်းကို ငုံ့လိုက်သည်။ အဘိုးကြီး ကဒိရေရှန်၏ စိတ်နှလုံးထဲတွင် ထိုအကြောင်းနှင့်ပတ်သက်၍ သိလိုသည့်ဆန္ဒ လှိုက်လှိုက်ကဲကဲ ပေါ်လာလေသည်။

"ကဲ…လာကြ၊ ဒီသဲပြင်ပေါ်မှာထိုင်ပြီး၊ စကားပြောကြရအောင်"

ယင်းသို့ပြောလျက် ကဒိရေရှန်သည် အာနန္ဒီနှင့်အတူ သဲပြင်ပေါ် သွားထိုင်လိုက်လေသည်။

အဏ္ဏာမလေသည် မဆုံ့မရဲ ရှိနေသည်ဖြစ်၍ အတန်ငယ်ခွာ၍ ထိုင်လိုက်လေသည်။ အာနန္ဒီသည် ရှက်စိတ်ကြောက်စိတ် လိုသည်ထက်ပိုနေသူဖြစ်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ် ခေတ်မီလွန်းနေသူဖြစ်သည်ဟူ၍လည်းကောင်း၊ အဏ္ဏာမလေက မထင်ပေ။ အာနန္ဒီ၏လှုပ်ရှားနေမှုမှန်သမျှ၌ ထိန်းသိမ်းမှု နူးညံ့ပျောပျောင်းမှု လှပတင့်တယ်မှု တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ အာနန္ဒီသည် ပိုးတွန့်ဆာရီ ဝတ်ထားသည်။ ဆာရီ၏အစတစ်ဖက် လေထဲတွင် လွင့်မနေစေရန် ကျောတွင်ပတ်လျက် ကျန်အစတစ်ဖက်ကို ရှေ့တွင်ချထားသည်။ သူ၏ ယင်းအပြုအမူ၌ပင် လေးနက်တည်ကြည်မှုတစ်ခုကို တွေ့မြင်နေရသည်။

မာဏိက္ကမ်သည် စိတ်ပါလက်ပါ အကြောင်းစုံပြောပြနေသည်။ အဏ္ဏာမလေ၏ ဖခင်သည် ထိုနေ့တွင် အလုပ်ထဲတွင် စိတ်မပါတော့ပေ။ အချိန်တစ်ဝက်တစ်ပျက်နှင့် မာဏိက္ကမ်ကိုခေါ်ပြီး အိမ်ပြန်လာသည်။ အုတ်မြစ်ချသည့် အခမ်းအနားမှာလည်း မွန်းမတည့်မီ ပင် ပြီးဆုံးသွားသည်။ အိမ်ရောက်သောအခါ အဏ္ဏာမလေကို မတွေ့ရသောကြောင့် စိုးရိမ်ပူပန် သွားသည်။ စာမေးပွဲကျသောကြောင့် စိတ်အကြီးအကျယ်ညစ်ပြီး အဏ္ဏာမလေတစ်ယောက် အရူးလို လျှောက်လုပ်မှာ စိုးရိမ်သွားလေသည်။

စကားမစပ် စပ်အောင်လုပ်၍ မာဏိက္ကမ်သည် သူ၏ပညာအရည်အချင်း၊ အလုပ် အကိုင်စသော အကြောင်းအရာများကိုလည်း ပြောပြသည်။ အဏ္ဏာမလေသည် စာမေးပွဲ နှစ်နှစ်ရှုံးသည့်အတွက် လူညံ့တစ်ယောက်ဖြစ်ကြောင်း၊ အကယ်၍ သူသာ အဏ္ဏာမလေ၏ ပညာသင်ကြားခွင့်ရမည်ဆိုလျှင် ယခုအချိန်လောက်တွင် ဘီအီးစာမေးပွဲအောင်ပြီး အင်ဂျင်နီယာ ဖြစ်နေပြီဖြစ်ကြောင်းများကိုလည်း ပြောလေသည်။ မာဏိက္ကမ်သည် မိန်းမပျိုတစ်ဦး၏အနီး၌ ရှိနေရခြင်း၏အရေးပါပုံကို ကောင်းစွာနားလည် သဘောပေါက်ထားသည့် သူငယ်တစ်ဦး ဖြစ်နေပြီ။ သူသည် အဏ္ဏာမလေထက် အသက်ကြီးသည်။ သူ၏အပြောအဆို အမူအရာ အသွင်အပြင်ကိုထောက်လျက် မာဏိက္ကမ်သည် အဏ္ဏာမလေထက် ပါးနပ်သည်ဟူ၍ အဘိုးကြီး ကဒိရေရှန်က ခန့်မှန်းလိုက်လေသည်။ မာဏိက္ကမ်သည် ဤမြို့၌နေလျက် ရှန်းကာ လှုပ်ရှားပြီး တစ်နည်းအားဖြင့် တိုးတက်ကြီးပွားလာလိမ့်မည်ဟူ၍ ကဒိရေရှန်၏ စိတ်နှလုံး၌ တွင် ယင်းအယူအဆမျိုးဖြစ်ပွားပေါ်ပေါက်လာအောင် ဖန်တီးလိုက်လေသည်။

မာဏိက္ကမ်သည် အဏ္ဏာမလေ၏ အောင်မြင်မှုမရှိပုံကို မကြာခဏ ပြောပြနေသည်။ ထိုအချက်ကို အဏ္ဏာမလေက မကြိုက်ပေ။ ခဏအတန်ကြာက ပန်းချီရေးဆွဲနေသောကြောင့် လည်းကောင်း၊ သားအဖနှစ်ယောက်နှင့် တွေ့ဆုံနေသောကြောင့်လည်းကောင်း အဏ္ဏာမလေ သည် သူ့ဒုက္ခကို မေ့နေသည်။ ယခု သူ စိတ်မကောင်းဖြစ်သွားပြီး ထိုသားအဖနှစ်ယောက်နှင့် မတွေ့ဆုံလျှင်လည်းကောင်း၊ မာဏိက္ကမ် ထိုနေရာသို့ ရောက်မလာလျှင်လည်းကောင်း ကောင်းမည်ဟူ၍ တွေးနေမိလေသည်။

အဏ္ဏာမလေသည် စိတ်နှလုံး ဂနာမငြိမ်ဖြစ်လာသည်။ မာဏိက္ကမ်ကို ...

''ဖေဖေ ကျွန်တော်တို့နှစ်ယောက်ကို လိုက်ရှာနေလိမ့်မယ်၊ အိမ်ပြန်ကြစို့''ဟု ပြောလိုက်လေသည်။ သို့ရာတွင် မာဏိက္ကမ်သည် ထိုနေရာသို့ သူလာရောက်ရခြင်း၏ ရည်ရွယ်ချက်ကို မေ့နေလေသည်။





အဏ္ဏာမလေ စိတ်မကောင်းဖြစ်သွားသည်ဆိုသည်ကို အာနန္ဒီ ဘယ်လိုလုပ် သိသွားသည် မသိပေ။ အဏ္ဏာမလေအား ပြောလိုက်လေသည်။

''ရှင့်ပန်းချီကားအလှကို တွေ့ရတော့ ရှင်ဟာ ပန်းချီအနုပညာတက္ကသိုလ်က ကျောင်းသားတစ်ယောက်ဖြစ်မှာပဲလို့ ကျွန်မထင်နေမိတယ်''

အာနန္ဒီ၏ စကားလုံးများသည် လည်းကောင်း၊ ချိုသာသော အသံသည် လည်း ကောင်း၊ ချစ်ခင်ကြင်နာမှုအပြည့်ရှိသည့် အကြည့်သည်လည်းကောင်း တစ်ခဏအတောအတွင်း ၌ပင် အဏ္ဏာမလေ၏ စိတ်မကောင်းဖြစ်နေမှုကို တခြားဖယ်ပစ်လိုက်သည်။ အဏ္ဏာမလေ၏ မျက်လုံးတွင် ကျေးဇူးတင်သည့်အသွင်အပြင်သည် ဝင်းလက်တောက်ပနေလေသည်။

အာနန္ဒီက ပြောလိုက်ပြန်လေသည်။

''ကြိုးစားအားထုတ်လျက်သားနဲ့ ဂဏန်းသင်္ချာ စာမေးပွဲမအောင်တာ ရှက်စရာ အကြောင်း မဟုတ်ပါဘူး၊ သူ့ခေတ်တုန်းက ဖေဖေလည်းပဲ သိပ္ပံစာမေးပွဲမှာ ကျသွားတယ်။ ဒါပေမဲ့ ဒီနေ့အိန္ဒိယမှာ ဖေဖေရေးဆွဲတဲ့ ပန်းချီကားတွေဟာ ကမ္ဘာမှာရှိတဲ့ နိုင်ငံအတော် များများရဲ့ ပြတိုက်တွေမှာ ရှိနေကြတယ်၊ ပန်းချီအနုပညာတက္ကသိုလ်မှာ နှစ်ပေါင်းများစွာ အမှုထမ်းပြီးတဲ့နောက် အခု မကြာခင်ကလေးကမှ ပင်စင်ယူလိုက်တယ်''

တအံ့တဩ ဖြစ်သွားပြီးလျှင် အဏ္ဏာမလေက မေးလိုက်သည်။

''ဟုတ်လား၊ ဒီလိုဆိုရင် နာမည်ကျော် ပန်းချီဆရာကြီး ကဒိရေရှန်ဆိုတာ ဦးကြီး ပေါ့နော်''

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် သူအလွန်တရာနှစ်ခြိုက်သော၊ သူ အလွန်တရာ မြတ်နိုးသော ကဒိရေရှန်၏ပန်းချီကားများအကြောင်းကို ကဒိရေရှန်အား ပြောပြနေ လေသည်။ အဘိုးကြီးသည် အတန်ငယ် ဂုဏ်ယူလိုသောစိတ် ဖြစ်ပေါ်လာသည်မှာ အမှန်ပင် ဖြစ်သည်။ အဘိုးကြီး၏အမြင်၌ အဏ္ဏာမလေ ချိန်ခွင်ညှာ အလေးသာသွားသည်ဆိုသည့် အကြောင်းကို မာဏိက္ကမ် တွေးမိလေသည်။

အတန်ကြာမျှ ဆင်ခြင်စဉ်းစားပြီးသည့်နောက် ကဒိရေရှန်က အဏ္ဏာမလေအား မေးလိုက်လေသည်။

''မောင် ပန်းချီအနုပညာ တက္ကသိုလ်ကျောင်း တက်ချင်သလား''

အဏ္ဏာမလေသည် အတိုင်းမသိ ပီတိသောမနဿ ဖြစ်သွားလေသည်။

မာဏိက္ကမ်က ကြားဝင်ပြောလိုက်သည်။

''အရပ်ကောလိပ်မှာလား၊ အဲဒီအကြောင်း သူ့ဖေဖေ သိသွားရင်တော့ သူ့ကို အသက်ချမ်းသာပေးဖို့ မလွယ်ဘူး''

အဏ္ဏာမလေက ဝမ်းသာအားရ အဖြေပေးလိုက်သည်။

''ဦးကြီးစကားကို ကြားရမှပဲ ကျွန်တော် စိတ်ချမ်းသာသွားတော့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ကဒီရေရှုန်သည် အဏ္ဏာမလေ၏ကော်ပီစာအုပ်ထဲတွင် သူ့အိမ်လိပ်စာကို ရေးပေးပြီး ပြောလိုက်လေသည်။

"တကယ်လို့ မောင့်ဖခင်က သဘောတူရင် ဦးဆီလာတွေ့ပါ၊ ဦး မောင် ကျောင်းဝင်ခွင့်ရအောင် လုပ်ပေးမယ်"

အဘိုးကြီးသည် မာဏိက္ကမ် ဂနာမငြိမ်ဖြစ်နေပုံကိုလည်း ကောင်းစွာ ရိပ်မိသည်။ မာဏိက္ကမ်အားလည်း ကျေနပ်အောင် ပြောလိုက်လေသည်။

"မောင်လည်း ဒီဘက်လာလို့ရှိရင် ဦးတို့ဆီ လာနိုင်ပါတယ်၊ ဦးတို့ရဲ့ အိမ် ဒီလမ်းမှာပဲ ရှိပါတယ်"

အဏ္ဏာမလေ ပြန်ဖို့ရန် ဟန်ပြင်သည်။ သက်ကြီးရွယ်ကြီး ကဒီရေရှုန်အား ကျေးဇူးတင်ကြောင်းပြောလျက် လက်အုပ်ချီ၍ နှုတ်ဆက်လိုက်လေသည်။ အာနန္ဒီကိုမူ မျက်လုံးဖြင့် ကျေးဇူးတင်စကားပြောကြားပြီး ဦးခေါင်းငုံ့လျက် ရပ်နေလိုက်လေသည်။

အဏ္ဏာမလေသည် မိန်းမပျိုများနှင့် စကားပြောသည့်အခါ မဝံ့မရဲဖြစ်သွားတတ်လေသည်။ သို့ရာတွင် အာနန္ဒီသည်ပင်လျှင် ယနေ့ သူ့ကို အတိုင်းမရှိသော ရွှင်လန်းနှစ်သိမ့်မှု ပေးသည်ဟူ၍ တွေးမိသွားသောအခါ ကျေနပ်အားရသွားလေသည်။ အာနန္ဒီ၏ အကြည့်ခံလိုက်ရသည်နှင့်တစ်ပြိုင်နက် မအောင်မြင်မှု နောင်တရမှုများကြောင့် ဖြစ်ပေါ်လာသည့် စိတ်မကောင်းမှု ကြောင့်ကြမှုများသည် မီးလောင်ကျွမ်းလျက် ပြာဖြစ်သွားကုန်ကြသည်။ မိမိ၏အတွင်းစိတ်အခြေအနေကို အဏ္ဏာမလေ သေသေချာချာ နားလည်သဘောပေါက်ခြင်း မရှိပေ။ သူ့၏စိတ်နှလုံးထဲတွင် ပီတိ ပင်လယ်လှိုင်းတံပိုးများ ထနေလေသည်။

မာဏိက္ကမ်သည် သားအဖနှစ်ဦးအား သွားခွင့်ပြုရန် ပန်ကြားလိုက်လေသည်။ သူ၏ စိတ်နှလုံးလည်း အတိုင်းထက်အလွန် ပျော်ရွှင်တက်ကြွနေသည်။ အာနန္ဒီအား စူးစိုက်ကြည့်လျက် ပြုံးရွှင်သောမျက်နှာဖြင့် အိမ်ဘက်ပြန်လာခဲ့လေသည်။

လမ်းတွင် ကဒီရေရှုန်တို့၏အိမ်ကို တွေ့မြင်ရသည်။ ခပ်စောစောက သူတောင်းစားမထိုင်နေသည့်နေရာ၏ ရှေ့နားတွင်ပင် ကဒီရေရှုန်တို့၏ အိမ်ရှိသည်။ သံချေးတက်နေပြီဖြစ်သော အပြင်ဝင်းတံခါးကို ပိတ်ထားသည်။ မြေပြန့်လေးဖက် လေးတန်၌ အုတ်တံတိုင်းမရှိပေ။ သံတံခါးတပ်ရန်အတွက် အုတ်အင်္ဂတေဖြင့် တိုင်နှစ်တိုင် ပြုလုပ်ထားသည်။ ဘေးနှစ်ဖက်ရှိ ဝါးတန်းဝါးတိုင်များ၌ နွယ်ပင်များ ပွံ့နှံ့နေသည်။ အပွင့်နှင့် အရွက်များ ယှက်သန်းနေသော ထိုနွယ်ပင်များသည်ပင် ခြံစည်းရိုးသဖွယ်ဖြစ်နေကြသည်။ အိမ်၏ဘေးပတ်လည်၌ အတန်ကျယ်ဝန်းသော မြေကွက်လပ်ရှိသည်။ ယင်းမြေကွက်လပ်၌ သစ်ပင်ပန်းပင်နှင့် နွယ်ပင်အမျိုးမျိုး ပေါက်နေကြသည်။ သစ်ပင်ပန်းပင်များ၏အလယ်၌ နှစ်ထပ်တိုက်ဟောင်း တစ်လုံးကို တွေ့မြင်ရသည်။ အမိုးပေါ်၌ အခန်းတစ်ခန်းဆောက်ထားသည်။ အခန်း၏အမိုးမှာ သစ်ရွက်များ၊ ကောက်ရိုးများဖြင့် ဖန်တီးပြုလုပ်ထားသည်။ အမိုး၏ လက်ရမ်းတစ်ဘက်၌



ချောင်ပင် ငယ်တစ်ပင် ပေါက်နေသည်။ အဏ္ဏာမလေသည် ထိုအိမ်ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။

မာဏိက္ကမ်က ပြောလိုက်လေသည်။

"ဒါ သူတို့အိမ်ပဲ"

အပေါက်ဝ၌ရှိသော ကုန်းမြင့်ပေါ်က ကျောက်ပြားတွင် ထွင်းထားသည့် အဘိုးကြီး၏ အမည်နာမကို ဖတ်ကြည့်လျက် မာဏိက္ကမ်က ပြောလေသည်။

"ဟာ... ဒီမြေဟာ ဆယ်'ဂရောင်း' ထက်တော့ နည်းမှာမဟုတ်ဘူး၊ ဒီမြေဟာ ရွှေပဲ၊ ရွှေပဲ"

ထိုအိမ်နှင့် ခြံဝင်းကိုကြည့်လျက် အဏ္ဏာမလေသည် အလွန်အံ့အားသင့်နေသည်။ ဤမြေပေါ်၌ မာဏိက္ကမ်သည် ရွှေ ဘယ်မှာသွားတွေ့နေသနည်း၊ ဆိုသည်ကို သူ နားမလည် ဖြစ်နေသည်။

"အခုဆိုရင် ဒီမြေကြီးသက်သက်တင်ပဲ ရွှေဖြစ်နေပြီ။ တစ်ချိန်တုန်းက ဒီအဘိုးကြီးဟာ ဒီမြေကို ငွေငါးရာ၊ တစ်ထောင်လောက်နဲ့ပဲ ဝယ်ထားတာ ဖြစ်လိမ့်မယ်၊ ဒီကနေ့ ဒီမြေကြီးဟာ ရွှေလိုဖြစ်လာပြီ။ နောက်ငါးနှစ်လောက်ကြာရင် စိန်လိုပဲ တန်ဖိုးရှိလာလိမ့်မယ်"

မာဏိက္ကမ်၏စကားကို ကြားရ၍ အဏ္ဏာမလေသည် စိတ်ထဲက ပြုံးမိလေသည်။ မပေနှင့် ပေါင်းမိသောကြောင့် မာဏိက္ကမ်သည် မြေကြီးကို ရွှေလုပ်ဖို့အတွက်သာ မိမိ၏ ရည်မှန်းချက် လုပ်ထားပါပကော။

အဏ္ဏာမလေသည် ထိုနေရာမှ တခြားထွက်ခွာသွားလိုသည့် စိတ်မရှိဖြစ်နေသည်။ ထိုမြေနေရာအတွင်းမှ လျှံထွက်လာသည့် ထူးခြားသော ငြိမ်းချမ်းရေးအရိပ်သည် သူ့ကို ဝိုင်းရံထားသည်ဟု ထင်မိလေသည်။ အုန်းပင်၊ ကွမ်းပင်၊ တမာပင် စသောသစ်ပင်များနှင့် မျိုးပေါင်းစုံလင်သည့် ပန်းပင်များပေါက်နေသည့် ဤမြေကြီးကို လှပသာယာသော ပန်းဥယျာဉ်သဖွယ် ထင်နေမိလေသည်။ သစ်ပင်များမှာ တစ်ခုတည်းသော အရွယ်အစားဖြစ်အောင် တမင်တကာ ဖြတ်ထားပုံမရပေ။ ပန်းများကို စူးသူလည်း ရှိပုံမရပေ။ တဖြည်းဖြည်း စပယ်နံ့သင်းလာလေသည်။ အဏ္ဏာမလေသည် ရုတ်တရက် အာနန္ဒီကို သတိရလာသည်။ စပယ်နံ့သည်ပင်လျှင် သူ့အား ပထမဦးဆုံး သူ့အနီးသို့ အာနန္ဒီရောက်လာသည်ကို သတင်းပေးသည်။

အကြိမ်ပေါင်းများစွာ ထိုနေရာမှ ဖြတ်သွားဖြတ်လာလုပ်ခဲ့သော်လည်း မိမိသည် ထိုအလှကို ဘာကြောင့် မကြည့်ရှုခဲ့သနည်းဟူ၍ အဏ္ဏာမလေသည် မိမိကိုယ်ကို အပြစ်တင်နေသည်။ ဤသို့ပြောလိုက်သည်။

"ဒီမှာရပ်နေရတာ ကျွန်တော်တို့ တံဂျာဝူရခရိုင်မှာဖြစ်စေ၊ ကေရာပြည်နယ်မှာဖြစ်စေ ရပ်နေရသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်သည့်အခါများ၌ အဏ္ဏာမလေသည် မြို့တကာလှည့်လည် သွားလာတတ်သည့်အကျင့်ရှိသည်။

မာဏိက္ကမ်က ပြောလိုက်သည်။

''ဒီသစ်ပင်တွေကို ခုတ်ထွင်ရှင်းလင်းပစ်လိုက်ရင် ဒီမြေပေါ်မှာ တကယ်ကြီးကျယ်တဲ့ ပန်းတိုင်ကြီးတစ်ခု ဆောက်လုပ်လို့ရတယ်''

အဏ္ဏာမလေ အကြီးအကျယ် ဒေါသထွက်သွားသည်။

''လာ၊ အိမ်ပြန်မယ်''ဟု ပြောပြီးလျှင် မာဏိက္ကမ်ကိုခေါ်လျက် ထိုနေရာမှ ထွက်လာခဲ့လေသည်။

သားယောကျ်ားလေးမမွေးလျှင် ''ငါတို့အိမ်တွင် သားယောကျ်ားမရှိ၊ မျိုးဆက် ဘယ်သို့ပြန့်ပွားလာနိုင်မည်နည်း''ဟူ၍ လူတို့သည် စိုးရိမ်ပူပန်ကြသည်။ သားယောကျ်ား မွေးဖွားလာသည့်အခါ၌ကား ယင်းသားယောကျ်ားကို အကြောင်းပြုလျက် စိတ်နှလုံးထဲတွင် အလိုဆန္ဒ ရာပေါင်းများစွာနှင့် အတူတကွကြောင့်ကြဗျာပါဒ ရာပေါင်းများစွာတို့သည် ပေါ်လာတတ်လေသည်။ အလိုဆန္ဒများသည်သာလျှင် ကြောင့်ကြဗျာပါဒကို ဖြစ်ပွားပေါ်ပေါက်စေတတ်သည်။ ယင်းအချက်ကို ကောင်းစွာ သိကြသော်လည်း လူတို့သည် အလိုဆန္ဒမရှိဘဲနှင့် နေနိုင်ကြပါ၏လော။

အလိုဆန္ဒ မပြည့်ဝသဖြင့် ကြောင့်ကြဗျာပါဒဖြစ်နေသော ကျိဒမ္ဗရမ်သည် လမ်းမဘက် မျက်နှာလှည့်လျက် အဏ္ဏာမလေ ပြန်လာသည်ကိုတွေ့ရသည့်အခါကျမှ စိတ်သက်သာရာ ရသွားသည်။ သတိတရား အတန်ငယ် ဝင်လာသည်နှင့် သူ၏စိတ်နှလုံးတွင် ထိတ်လန့်စိုးရိမ်မှုတစ်ခုလည်း ပေါ်ပေါက်လာလေသည်။ စိတ်ကို ထိန်းမရသည့်အတွက် အလုပ်တစ်ခုကို လုပ်လိုက်မိရာ ယခု အဏ္ဏာမလေကို တွေ့ရသောအခါ အထိတ်တလန့် ဖြစ်လာလေသည်။ ကျိဒမ္ဗရမ်သည် အဏ္ဏာမလေကို ရင်ဆိုင်ရမှာ မင့်မရဲဖြစ်နေသည်။ ယောကျ်ားရင့်မကြီးတစ်ယောက် ဖြစ်နေသည့်အတွက် မိမိစိတ်နှလုံးတွင် ပေါ်ပေါက်လာသည့် ထိတ်လန့်ကြောက်ရွံ့စိတ်ကို ဘယ်မှာဖော်ပြ၍ ဖြစ်မည်နည်း။ ပန်းရန်ဆရာသည် မီနာချီအမ္မာလအား သူ့သား အိမ်ပြန်လာသည့်သတင်းကို ပေးလိုက်လေသည်။

''ငါ သိပ်စိတ်ဆိုးနေတယ်၊ ဒီအခြေအနေနဲ့ မင်းသားနဲ့ ရင်ဆိုင်တွေ့ရရင် ဘာတွေဖြစ်လာလိမ့်မယ်မသိဘူး၊ မာဏိက္ကမ်တစ်ယောက်တည်းကိုပဲ ငါ့ဆီလွှတ်လိုက်''

ယင်းသို့ပြောလျက် ကျိဒမ္ဗရမ်သည် အခန်းထဲဝင်သွားသည်။ အဏ္ဏာမလေအား နားချမည့် အလုပ်တာဝန်သည် လောလောဆယ်အားဖြင့် မီနာချီအမ္မာလ၏ ခေါင်းပေါ်ရောက်လာသည်။ မီနာချီအမ္မာလသည် သူ့ယောကျ်ားပြောသည့်အတိုင်း မာဏိက္ကမ်တစ်ယောက်တည်းကိုသာ အခန်းထဲလွှတ်လိုက်သည်။ အဏ္ဏာမလေနှင့် စကားပြောဖို့ရန်မှာလည်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ ယင်းသို့ဖြစ်ရခြင်း၌ အကြောင်းထူးတစ်ခုရှိနေသည်။





အဏ္ဏာမလေသည် သူ့အခန်းထဲသွားပြီး မီးဖွင့်လိုက်သည်။ အခန်းထဲက မြင်ကွင်းကို တွေ့လိုက်ရသည့်အတွက် မျက်လုံးအပြူးသားဖြစ်သွားသည်။ ကင်းတစ်ကောင် ကိုက်ခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ အော်ဟစ်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။ သို့ရာတွင် ပါးစပ်မှ မည်သည့်အသံမှထွက်မလာပေ။ တစ်ခန်းလုံး ရှုပ်ပွနေသည်။ အခန်းထဲ၌ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော မုန်တိုင်းမွှေ့ရမ်းသွားသည်ဟူ၍လည်းကောင်း၊ စက္ကူဝါးလိုစားလိုသည့် ဘီလူးသတ္တဝါတစ်ကောင် အခန်းထဲလာသွားသည်ဟူ၍လည်းကောင်း ထင်နေလေသည်။

တစ်စုံတစ်ယောက်သည် သူရေးဆွဲထားသည့် ပန်းချီကားများကို အစိတ်စိတ်အမွှာမွှာဆုတ်ဖြဲပြီး အခန်းထဲတွင် ကြဲဖြန့်ထားသည်။ သူ၏ ကော်ပီစာအုပ်များသည် ဖရိုဖရဲ အစိတ်စိတ်အမွှာမွှာ ဖြစ်နေကြသည်။ အဏ္ဏာမလေသည် ဖြည်းညင်းစွာငုံ့လျက် အမှိုက်သရိုက်များကို စစ်ဆေးကြည့်ရှုလိုက်လေသည်။ အခန်းထဲ၌ စစ်မြေပြင်ထက်ပင် ထိတ်လန့်ကြောက်ရွံ့စရာကောင်းသော မြင်ကွင်းများကို မြင်နေရသည်။ ဦးခေါင်းပြတ်များကို မြင်လိုမြင်၊ မြေပြတ်လက်ပြတ်များကို မြင်လိုမြင်၊ လေထဲပျံ့လွင့်နေသည့် အလောင်းများကို မြင်လိုမြင် ဖြစ်နေသည်။

ဆံပင်ဖိုးရိုးဖားရားနှင့် လမ်းပေါ်ပြေးသွားပြီး ရေကန် သို့မဟုတ် ပင်လယ်ထဲများ ထိုးကျသွားသလားဟု သူ့ကိုယ်သူ ထင်နေမိသည်။ စာမေးပွဲကျသည်ဟု သိရသည့် အချိန်တုန်းက သူ့စိတ်နှလုံးတွင် ဤကဲ့သို့သောအတွေးများ ပေါ်ပေါက်မလာခဲ့ပေ။ ထိုနေရာ၌ ရပ်မနေနိုင်တော့ပေ။ ဤအရာအားလုံး မည်သူ၏လက်ချက်ဆိုသည်ကို အဏ္ဏာမလေသိသည်။ သူ့ဖခင် ထင်တိုင်းကြဲနေသည်ကို သူ့မိခင် မပြောမဆို ရပ်ပြီး မှုချကြည့်နေလိမ့်မည်ဟူ၍လည်း စဉ်းစားမိလေသည်။

အပြင်ဘက်ထွက်ရန် လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးဝတွင်ရပ်နေသော မီနာချီအမ္မာလအား မျက်လုံးတွင် မျက်ရည်အပြည့်နှင့်တွေ့ရသည်။ မိခင်၏ နဖူးနှင့် ပါးနှစ်ဖက်၌ အနာဒဏ်ရာများကို တွေ့မြင်ရသည်။ တစ်စုံတစ်ဦးက လက်သည်းနှင့် ကုတ်ဖဲ့ထားသလို ဖြစ်နေသည်။ အဏ္ဏာမလေ အကြောင်းစုံကို သိရှိနားလည်သွားသည်။ သူ့မိခင်သည် သူ့ဖခင်ထင်တိုင်းကြဲနေသည်ကို လက်ပိုက်ကြည့်မနေနိုင်၍ သားဘက်က တိုက်ပွဲဝင်ခဲ့လိမ့်မည်။ တိုက်ပွဲတွင် ပါဝင်ဆင်နွှဲလိုက်သောကြောင့်သာလျှင် မျက်နှာ၌ ယင်းလက်သည်းရာများ ထင်နေခြင်း ဖြစ်ပေလိမ့်မည်။

မီနာချီအမ္မာလသည် သားအနီးသို့လာလျက် သား၏လက်ကို ကိုင်လိုက်သည်။ ထို့နောက်တွင်ကား အဏ္ဏာမလေသည် တင်းခံနေနိုင်သည့် စွမ်းရည်သတ္တိ မရှိတော့ပေ။ မိခင်၏ရင်ခွင်တွင်း၌ ဦးခေါင်းကိုအပ်လျက် ရှိုက်ကြီးတငင် ငိုလေတော့သည်။ ထိုအချိန်၌ သားအမိနှစ်ယောက်လုံးပင် အပြိုင်ငိုနေကြလေသည်။ မီနာချီအမ္မာလသည် အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com

သူ့ သားခုတင်ပေါ် ထိုင်လိုက်သည်။ အဏ္ဏာမလေးသည် ခုတင်ပေါ်၌ မှောက်ရက်လှဲပြီးလှ... ရှိုက်နေလေသည်။ သူ့မိခင်ကို သူအလွန်ချစ်သည်။ သူ့စိတ်နှလုံးထဲတွင် မိခင်နှင့် ပတ်သ... သော အတွေးတချို့ ပေါ်ပေါက်လာသည်။ ယင်းအတွေးများထဲတွင် မြုပ်နစ်သွားသော... အတန်ငယ်သက်သာရာ ရလာလေသည်။

အဏ္ဏာမလေးအား ငယ်ရွယ်စဉ်အခါက မိခင်သည် နို့တိုက်၍ မွေးရုံမျှသာမက... မိမိသားကိုအကြောင်းပြုလျက် မိနာချီအမ္မာလသည် သူ၏သေဆုံးပျောက်ကွယ်နေ... အလိုဆန္ဒများကိုလည်းကောင်း၊ ကျိုးပဲ့ပျက်စီးနေသည့် အိပ်မက်များကိုလည်းကော... ပြန်လည်အသက်ဝင်လာစေရန် ကြိုးစားအားထုတ်ခဲ့သည်။ မိခင်ဖြစ်သူက သားဖြစ်သူ... ပုံဝတ္ထုပြောပြသည်။ သီချင်းဆိုပြသည်။ ကစားနည်းအမျိုးမျိုးကို သင်ပေးသည်။ မိ... ကျေးလက်သူဘဝက ပျော်ရွှင်ချမ်းမြေ့ပုံများကို ပြောပြသောအခါ မိနာချီအမ္မာလသ... အလွန်တရာ ပီတိသောမနဿ ဖြစ်သွားတတ်သည်။ ဟုတ်တိပတ်တိ သူ စာမသင်ခဲ့ဖူး... သို့ရာတွင် သီချင်းပုံပြင် စသည်တို့ကိုမူ နားလည်သည်။ မြေကြီးပေါ်တွင်လည်းကော... ကျောက်သင်ပုန်းပေါ်တွင်လည်းကောင်း၊ သူ့သားအတွက် ကြောင်၊ ကျီးကန်း၊ ငှက်၊ ကြ... စသော အရုပ်များကို ရေးပေးသည်။ အဏ္ဏာမလေးသည် သူ့မိခင်ကို တအံ့တသြ ငေး... ကြည့်ရှုနေတတ်သည်။

ငယ်ရွယ်စဉ်ကအကြောင်းကို ထားလိုက်ပါဦး။ အတော်အတန်ကြီးပြင်း အ... ရောက်လာသည့်နောက်ပိုင်း၌ပင် အဏ္ဏာမလေးသည် နတ်တော်လဆန်း၈ ပြသည်နှင့် အ... တရာ ပျော်ရွှင်ချမ်းမြေ့သွားတတ်လေသည်။ မိခင်သည် သူ့ကို အစောကြီးနှိုးပြီး ရေမိုး... ပေးသည်။ ခြံထဲက ပန်းခူးလာပြီး၊ ဘုရားရုပ်ပုံတော်၌ ပန်းကပ်သည့်အလုပ်သည် သူ၏တ... ဖြစ်သည်။ ကျေးရွာများ၌ ကလေးသူငယ်များသည် နံနက်ဝေလီဝေလင်းထ၍ ရေမိုး... ပြီးလျှင် တရားဂီတကို ရွတ်ဆိုလျက် ဘုရားကျောင်းသို့ သွားလေ့ရှိသည်။ မြို့သူမြို့သား... အတွက်မူ ယင်းမြင်ကွင်းမှာ ဒုလ္လဘတစ်ခုပင်ဖြစ်နေသည်။ ထို့ကြောင့် မိနာချီအမ္မာလသ... သူ့သားအား ဘုရားပန်းတင်စေလိုသည့် ဆန္ဒရှိနေခြင်းဖြစ်သည်။

နံနက်မိုးလင်းသည်နှင့် မိနာချီအမ္မာလသည် အိမ်အပြင်ဘက်ထွက်ပြီး အလုပ်ရှု... တတ်သည်။ အပြင်ဘက်ဝရန်တာ၌ တံမြက်စည်းလှည်းလျက် သီးသန့်နေရာတစ်ခု ဖ... ပြုလုပ်ပြီး ထိုနေရာကို ပြင်ဆင်မွမ်းမံထားသည်။ နေရာ၏လေးဖက် ပတ်ပတ်လည်ပိုင်... မြေနီမှုန့်များပေါ်၌ ဖရုံပွင့်များကို ဖြန့်မိုးပေးထားသည်။ အဏ္ဏာမလေ အိမ်အပြင်ထွက်... သောအခါ၌ ဝရန်တာတွင် ပန်းများဖြင့် ပြုလုပ်ဖန်တီးထားသော တောအုပ်ကလေးတစ်... တွေ့မြင်ရသည်။ ဝရန်တာကို တန်ဆာဆင်ရန်အတွက်သာလျှင် သူ့မိခင်သည် ခြံထဲ... ဖရုံစင်ကို စိုက်ပျိုးထားခြင်းဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်သွားသည်။ သို့ရာတွင် ထိုဖရုံ... အသီးများလည်း အများအပြားသီးသည်။





တစ်ခါတုန်းက အဏ္ဏာမလေးသည် သူ့မိခင်အား မေးကြည့်ဖူးသည်။

"အိမ်နီးနားချင်း ဝရန်တာမှာ ဘာမှမလုပ်ဘဲနဲ့ မေမေက ဘာဖြစ်လို့ ကိုယ့်အိမ်က ဝရန်တာကို ဒီလိုလှလှပပဖြစ်အောင် ပြင်ဆင်မွမ်းမံနေရတာလဲ"

"သူတို့က မိဘအဆက်ဆက်ကစပြီး ဒီမြို့မှာ နေလာခဲ့ကြတဲ့လူတွေ၊ အခု မေမေ လုပ်တာတွေကို သူတို့က တောကျတယ်လို့ ထင်နေတယ်လေ။ မေမေကတော့ တောသူဟာ တောသူပဲ၊ တောကမြေကြီး အနံ့ထက်ထိ မေမေ့ကိုယ်ပေါ်မှာ ကပ်နေတုန်း ရှိသေးတယ်။ ဒါကြောင့် မေမေ ဒါတွေကိုလုပ်နေတာ သား၊"

"မေမေ ကျွန်တော်လည်း အဲဒါတွေလုပ်တာကို သဘောကျတယ်"

"အဲဒီလို သိရတာပဲ မေမေ့အတွက် အမြတ်ပဲသား၊"

ပထမဆုံးအကြိမ် အဏ္ဏာမလေ ဖရုံပွင့်သွားခူးသောအခါ၌ သူ့မိခင်က သူ့ကို အပွင့်အဖိုနှင့်အမ ကွဲပြားခြားနားပုံကို ပြောပြသည်။ အပွင့်အမကို မှားပြီး မခူးမိစေရန် ယင်းသို့ ပြောပြခြင်းဖြစ်သည်။ အပွင့်အဖို၏အောက်တွင် ညှာတံသက်သက်မျှသာရှိသည်။ ဝရန်တာ တန်ဆာဆင်ရန်အတွက် အပွင့်အဖိုကိုသာလျှင် ခူးခဲ့ရမည်ဟူ၍ မိခင်က သူ့ကို ပြောပြသည်။

အရွယ်ရောက်လာပြီးနောက် ကျောင်းတက်သောအခါ အဏ္ဏာမလေးသည် သဘာဝနှင့်ပတ်သက်၍ အတော်များများ သင်ကြားဆည်းပူးရသည်။ သဘာဝ၏ လျှို့ဝှက်ချက် အမျိုးမျိုးကို နားလည်သဘောပေါက်လာသည်။ သူ၏စိတ်နှလုံးထဲတွင် သံသယတစ်ခု ဝင်လာသည်။ ပန်းပွင့်အဖိုကိုခူး၍ ဝရန်တာက ပန်းရုံတွင်ထားလျှင် ပန်းပွင့်အမ၌ မည်ကဲ့သို့ အသီးသီးမည်နည်း၊ တစ်နေ့သ၌ ဝရန်တာက ပန်းရုံရှိ ပန်းပွင့်များအပေါ်၌ ပျားကောင်ငယ်များ ပုံနေသည်ကို တွေ့မြင်ရသည်။

အဏ္ဏာမလေးသည် ဝမ်းသာအားရ ဖြစ်လွန်းလှသဖြင့် ထခုန်လိုက်သည်။

"မေမေ... ကျွန်တော်နားလည်ပြီ"

မိခင်ဖြစ်သူက တအံ့တသြဖြစ်ပြီးလျှင် သားကို လှမ်းကြည့်လိုက်လေသည်။

"မေမေ... ကျွန်တော် ပန်းပွင့်အဖိုကိုခူးပြီး ဝရန်တာကပန်းရုံမှာ ထားတယ်၊ ပျားကောင်တွေဟာ ပန်းပွင့်အဖိုက ဝတ်မှုန့်တွေကို ပန်းပွင့်အမဆီရောက်အောင် ပို့နေကြတယ်၊ ဘယ်လောက်အံ့သြစရာကောင်းသလဲ မေမေ"

မိနာချီအမ္မာလ၏မျက်နှာသည် ရှက်သွေးကြောင့် နီမြန်းသွားသည်။ အတိုင်းထက် အလွန်လည်း အံ့သြသွားသည်။ သားအာရုံစိုက်လာအောင် ထိုနေ့ညနေချမ်းအချိန်၌ တစ်ခုခု လုပ်မည်ဟူ၍ စဉ်းစားထားလိုက်သည်။ သားသည် မျက်စိ အလွန်လျင်သည်။ ခြင်ထောင်ပင် ... သေးငယ်သည့် ပျားကောင်များကို သားမြင်သည်။ ထိုအချိန်၌ မိနာချီအမ္မာလသည် သား၏ ... အကြောင်း သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားဟာ မြို့သားတစ်ယောက်ဖြစ်တယ်၊ ဒါပေမဲ့ မျက်လုံးဖွင့်ပြီး အရာဝတ္ထု အားလုံးကို ကြည့်တတ်မြင်တတ်တယ်။ သားဖေဖေကတော့ တောသားဖြစ်ပေမယ့် မြို့သား လုံးလုံးဖြစ်နေတယ်။ မျက်လုံးမှိတ်ပြီး ခပ်သုတ်သုတ် အိမ်အပြင် ထွက်သွားတတ်တယ်။ ဝရန်တာက ပန်းရုံကို ခြေနဲ့တိုက်မိဦးမယ်လို့ မေမေကပြောတဲ့အခါ စိတ်ဆိုးသွားတတ် သေးတယ်။ အဲဒီအချိန်မျိုးမှာ မေမေပြောတဲ့စကားကို သူ နားမဝင်ဘူး။ ပန်းတွေကို ဖိနပ်နဲ့ နင်းသွားပြီး မေမေရဲ့ပန်းတွေကြောင့် သူ့ဖိနပ် ညစ်ပတ်သွားရတယ်ဆိုပြီး မေမေ့ကို ကြိမ် မောင်းသေးတယ်"

ဘုရားသခင်ပေးသော မျက်လုံးနှင့် နားကိုပိတ်လျက် ခပ်မြန်မြန် ခပ်သွက်သွက် သွားခြင်းသည်သာလျှင် မြို့သားတို့၏စရိုက်များဖြစ်နေသလားဟူ၍ အဏ္ဏာမလေက စဉ်းစား မိသည်။ သူ့မိခင်ကို အဏ္ဏာမလေက ပြောလိုက်သည်။

"ဖေဖေက တောသားပဲ၊ မြို့ကြီးသားတွေရဲ့ ဓလေ့စရိုက်ကို သိတာမဟုတ် ပါဘူး"

မီနာချီအမ္ဘာလသည် စိုနေသောလက်ဖြင့် သား၏ပါးစပ်ကို လှမ်းပိတ်လိုက်သည်။ သူမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦးက ပန်းရန်ဆရာ ကျိဒမ္ဗရမ်အား ကဲ့ရဲ့ရှုတ်ချသည်ကို သူ ခံမနေနိုင်ပေ။ အကယ်၍ အခြားအိမ်က ပုဂ္ဂိုလ်တစ်ဦးဦး သူ့ယောက်ျားကို ကဲ့ရဲ့ရှုတ်ချလျှင် မီနာချီအမ္ဘာလသည် ထိုသူအား စကားမပြောဘဲပင် နေတတ်သည်။

"သားဖေဖေလို မာနကြီးတဲ့ ယောကျ်ားမျိုးတော့ တွေ့ဖို့မလွယ်ပါဘူး၊ သား ဖေဖေက ဒီလောက်ကြီးတဲ့အိမ်ကြီးကိုဆောက်လို့ မေမေ့အနေနဲ့ ဒီကနေ့ ဝရန်တာမှာ ဘူး ကလေးလုပ်နိုင်ပြီး ခြံထဲမှာ ပန်းပင်တွေ စိုက်နိုင်ခွင့်ရရှိတာ"

ထိုအချိန်၌ အဏ္ဏာမလေသည် တစ်စုံတစ်ခု သတိရလာသည်။

"ကျွန်တော့်ခြံထဲမှာ စံပယ်ပင်တွေ စိုက်ချင်တယ်၊ ပြီးတော့ ပန်းချီ အနုပညာ တက္ကသိုလ် တက်ချင်တယ်"

ဟု သူ့မိခင်အား ပြောလိုသည့်စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုအခိုက် ပန်းရန်ဆရာ ကျိဒမ္ဗရမ်သည် မာဏိက္ကမ်အား အပေါ်ထပ် လွှတ်လိုက်ပြီးလျှင် ထိုနေရာသို့ ရောက်လာသည်။

"ငါနဲ့ အဏ္ဏာမလေအတွက် ထမင်းပြင်တော့၊ ငါ ထမင်းသိပ်ဆာနေပြီ" ဟု ကျိဒမ္ဗရမ်က ပြောလိုက်လေသည်။ သူ့မျက်နှာတွင် ငြိမ်းချမ်းမှုရှိနေသည်။ အိမ်၌ ဘာတစ်ခုမှ မဖြစ်သလိုပင် ထင်နေရသည်။ မျက်ဝန်း၌လွှမ်းနေသော ငြိမ်းချမ်းမှုသည် စိတ်နှလုံးထဲတွင် ထကြွလှုပ်ရှားနေသည့် မုန်တိုင်းကို အင်နှင့်အားနှင့် ဖုံးဖိပိတ်ဆို့ထားလေသည်။

◆ ◆ ◆





ဆာလောင်မွတ်သိပ်သောအခါ၌ လူသည် အားလုံးကို မေ့နေတတ်သည်ဟူသော စကားပုံတစ်ခုရှိသည်ဟူသော စကားပုံတစ်ခုရှိသည်။ ပန်းရန်ဆရာ ကျိဒမ္ဗရမ်နှင့် အဏ္ဏာမလေ တို့သည် အတူတကွ ထမင်းစားရန် ထိုင်လိုက်ကြသည်။ သူတို့နှစ်ယောက်အနက် မည်သူက မို၍ ဆာလောင်မွတ်သိပ်နေသည်ဆိုသည်ကို ပြောပြရန်မလွယ်ပေ။ ကိုယ့်မာန်မာနကို မေ့ထား လိုက်ကြပြီး ယင်းသို့ အတူတကွ ထမင်းစားရန် ထိုင်လိုက်ကြသည်ကို တွေ့ရသောအခါ မီနာချီအမ္ဘာလ၏ဆာလောင်မွတ်သိပ်မှုသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေသည်။

ပထမဦးဆုံး ထမင်းလုတ် ပါးစပ်ထဲထည့်လိုက်သည်နှင့် အဏ္ဏာမလေ၏ ထမင်း ဆာလောင်မွတ်သိပ်မှုသည် သန်မာအားကောင်းလာသည်။ ယင်းဆာလောင်မွတ်သိပ်မှုကို မည်သို့မည်ပုံ ဖယ်ရှားဖျောက်ဖျက်ပစ်နိုင်သည်ဆိုသည်ကို သူ နားလည်သည်။

"ကျွန်တော် ပန်းချီအနုပညာ တက္ကသိုလ်တက်ချင်တယ်"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် ထမင်း ဆက်စားသည်။ ပန်းရန်ဆရာ ကျိဒမ္ဗရမ် အံ့အားသင့်သွားသည်။ ပါးစပ်ထဲထည့်လိုက်သည့် ထမင်းလုတ် ပြန်ထွက်မလာ စေရန် ရေတစ်ကျိုက် သောက်လိုက် ရသည်။ သူ့သားသည် သူ့ဆီက အကြံဉာဏ်လည်းမယူ၊ ခွင့်ပြုချက်လည်းမတောင်း၊ သူ့ ဘာသာသူ ဆုံးဖြတ်ချက်ချသည်ကို သူ့အားတင်ပြခြင်းသာ ဖြစ်သည်။ သူ စဉ်းစားကြည့်သည်။

"ဒီကလေးဟာလေ ဘယ်လောက် ခေါင်းမာတဲ့ကလေးလည်း မသိပါဘူး။ ငါ သူ့ဆွဲတဲ့ ပန်းချီကားတွေကို ဆုတ်ဖြဲပစ်လိုက်တယ်။ အခုဟာက ငါ့ကို လက်စားပြန်ချေ တာနဲ့ တူတယ်"

ယင်းသို့ စဉ်းစားစိတ်ကူးလျက် ပန်းရန်ဆရာသည် သူ့သားကို စိုက်ကြည့်လိုက် သည်။ သားအဖနှစ်ဦးအခြေအနေသည် မြွေနှင့်မြွေပါ၏ အခြေအနေသဖွယ်များ ပြန်ဖြစ် လာဦးမည်ဟူ၍ မီနာချီအမ္ဘာလသည် ထိတ်လန့်စိုးရွံ့သွားသည်။ ထို့ကြောင့် ကြားဖြတ် ပြောလိုက်ရသည်။

"ထမင်းစားတာ တိတ်တိတ်ဆိတ်ဆိတ် စားကြစမ်းပါ။ ပြောစရာရှိတာ မနက်ကျမှ ပြောကြ၊ ထမင်းဆာလွန်းလို့ အသက်ထွက်ရတော့မယ်"

ယင်းသို့ပြောလျက် မီနာချီအမ္ဘာလသည် သားအဖနှစ်ယောက်အား ထမင်း အတင်း စားနိုင်းလေသည်။

ထိုအချိန်၌ တိုက်ပွဲပြီးဆုံးသွားပြီဟု ထင်ရသော်လည်း အမှန်က ညဉ့်နက်သန်းခေါင် အထိ ဆက်နေတုန်းပင် ဖြစ်သည်။ ထိုနေ့ည ပန်းရန်ဆရာကျိဒမ္ဗရမ်သည် မီနာချီအမ္ဘာလအား စိတ်ချလက်ချ အိပ်ခွင့်မပေးတော့ပေ။ ထိုနေ့ ညနေပိုင်းက မီနာချီအမ္ဘာလ၏မျက်နှာကို သူ ရက်ရက်စက်စက် ကုတ်ခြစ်ခဲ့သည်ဆိုသည်ကို လုံးလုံးမေ့သွားလေပြီ။ ယင်းသို့ မေ့သွား ခြင်းမှာ အံ့သြစရာမဟုတ်ပေ။ အံ့သြစရာမှာမူ မီနာချီအမ္ဘာလလည်း ထိုအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

မေ့မေ့ပျောက်ပျောက်ဖြစ်သွားပြီး သူ့ယောက်ျားအပေါ် ကိုယ်ချင်းစာနာစိတ် ဖြစ်ပွားပေါ်ပေါက် လာခြင်းဖြစ်သည်။ ပန်းရန်ဆရာ၏ စိတ်နှလုံးထဲတွင် ရိုက်သောလက်ဖြင့်သာလျှင် ပွေ့ဖက် သည်ဟူသော ရှေးဟောင်းအယူအဆ စွဲစွဲမြဲမြဲ အမြစ်တွယ်နေဟန်တူသည်။ ယင်းအဆိုပြု ချက်ကို သက်သေသာဓကပြရန်အတွက် ပန်းရန်ဆရာသည် ခုတင်ပေါ်ထိုင်ပြီး မိနာချီအမ္ဗာလ ပေးသော ကွမ်းယာကို ပါးစပ်ထဲထည့်လျက် စကားစလိုက်လေသည်။

"အဏ္ဏာမလေ ဒီစကား ငါ့ကိုပြောမယ်ဆိုတာ ငါသိတယ်၊ မာဏိက္ကမ် အဲဒီအကြောင်း ငါ့ကိုစောစောကတည်းက ပြောထားတယ်။ ပင်လယ်ကမ်းခြေမှာ အဘိုးကြီး တစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက်ပေါင်းပြီး သူ့အတွေးအခေါ်ကို ပြောင်းလဲပစ်လိုက် တယ်လို့ မာဏိက္ကမ်က ပြောတယ်။ မာဏိက္ကမ်ကို အရုပ်ကောလိပ်အကြောင်း မေးကြည့်တော့ အဲဒီအရုပ်ကောလိပ်ဆိုတာ အရူးတွေစုနေတဲ့နေရာ တစ်နေရာဖြစ်တယ်လို့ ပြောပြတယ်။ အထက်တန်းပညာကို သင်ကြားဆည်းပူးခွင့်မရတဲ့လူတွေ၊ ဉာဏ်ထက်ထက်မြက်မြက် မရှိ လူတွေ၊ အဲဒီလို တောင်မရောက် မြောက်မရောက်လူတွေသာ အဲဒီကောလိပ်မှာ ပညာ သင်ကြားတာ။ အဲဒီကောလိပ်မှာ ငါးနှစ်ပညာသင်ကြားပြီးလို့ ကျောင်းထွက်လာတဲ့ လူ ဟာ အင်မတန်ကံကောင်းပါမှ အလုပ်ရကြတယ်။ ကိုယ့်တက်လမ်းကို နားမလည်တဲ့ အဲဒီ နလပိန်းတုံးတွေသာ အဲဒီလမ်းစဉ်ကို လိုက်ကြတာဖြစ်တယ်"

ဤရွေ့ဤမျှ ပြောကြားပြီးသည့်နောက်လည်း ပန်းရန်ဆရာသည် ကျေနပ် အားရခြင်း မရှိသေးပေ။ မိနာချီအမ္ဗာလ၏ နားနားကပ်လျက် အလွန်တစ်ရာ ထိတ်လ ကြောက်ရွံ့ဖွယ် အကြောင်းအရာတစ်ခုကို ပြောလိုက်လေသည်။ ထိုအကြောင်းအရာ ပန်းရန်ဆရာသည် သူ့မယားအား လွယ်လွယ်ကူကူ ပြောမပြသေးပေ။ မိမိနှင့်မယား အရွယ်ကိုမှ အမှုမထားဘဲ ပန်းရန်ဆရာသည် မိနာချီအမ္ဗာလ၏ လည်ပင်းကို လက်ဖြ သိမ်းဖက်လိုက်ပြီးလျှင် မိမိဘက်သို့ မယား၏မျက်နှာကို ဆွဲလှည့်လိုက်လေသည်။ ယ တင်းကျပ်နာကျင်မှုကို မခံနိုင်သောကြောင့် မိနာချီအမ္ဗာလသည် "အမလေးတော့" အော်လိုက်သည်။ ထိုအခိုက် ညနေပိုင်းက မိနာချီအမ္ဗာလအား ဘယ်လောက်ရိုက်နှ သတ်ပုတ်ခဲ့သည်ဆိုသည်ကို ကျိဒမ္ဗရမ် သတိရလာသည်။ သူ့မယား၏ခြစ်ရာကုတ်ရ အပြည့်ရှိနေသော ပါးနှစ်ဖက်ကို ပွတ်သပ်ပေးနေသည်။

မိနာချီအမ္ဗာလသည် စိတ်ထဲက ရယ်မိလေသည်။ "ကဲ…တော်ပါတော့" ပြောပြီးလျှင် မိနာချီအမ္ဗာလသည် ပန်းရန်ဆရာ၏လက်ကို သူ့မျက်နှာမှ ဖယ်ပစ်လိုက် လေသည်။ သူ့ယောက်ျားသည် ဒေါသဖြစ်လာလျှင်လည်းကောင်း ချစ်စိတ်မွန်လာလျှင်သော် လည်းကောင်း၊ အကန်းပကတိ ဖြစ်သွားတတ်သည်ဟူ၍ စဉ်းစားနေမိသည်။

ထို့နောက် မိနာချီအမ္ဗာလသည် သူ့ယောက်ျားနားကပ်ပြီး "ဘာလဲ၊ ဘာပြော ချင်သလဲ" ဟု မေးလိုက်လေသည်။ သူ့ယောက်ျားပြောမည် ကြံရွယ်သည့် စကားသည်





သူ၏စိတ်နှလုံးတွင် ထူးခြားဆန်းကြယ်သည့် လှုပ်ရှားထကြွမှုတစ်မျိုး ဖြစ်ပေါ်လာအောင် ပန်တီးနေသည်။

ပြောမည့်စကားကို မပြောသေးဘဲ ကျိဒမ္ဗရမ်က နိဒါန်းချီလိုက်ပြန်လေသည်။

"ငါ မင်းကိုရိုက်လိုက်တာ လက်လွန်သွားတယ်"

"အဲဒါတွေ အသာထားလိုက်စမ်းပါဦး၊ ပြောမယ်ဆိုတာ မြန်မြန်ပြောစမ်းပါ။ ရိုက်တဲ့နှက်တဲ့အကြောင်းကိုတော့ မပြောမနေပါနဲ့တော့၊ မင်္ဂလာဆောင်ပြီး တစ်နှစ်မှ မရှိသေး ဘူး၊ ရှင် ကျွန်မလက်နဲ့ခြေကို ချိုးပစ်တယ်မဟုတ်လား"

အတိတ်က အကြောင်းအရာများကို ပြန်လည်သတိရသည်ဖြစ်၍ ပန်းရန်ဆရာ ကျိဒမ္ဗရမ်သည် စိတ်မကောင်းလည်းဖြစ်၊ အံ့ဩလည်း အံ့ဩမိလေသည်။ တခြား မိန်းမ တစ်ယောက်ယောက်သာဆိုလျှင် သူ့ကိုပစ်ပြေးပြီး၊ ကိုယ့်ကိုယ်ကို သတ်သေမှာ အမှန် ဖြစ်သည်။ သို့တည်းမဟုတ် သူ့ကို အိမ်ကမောင်းထုတ်ပစ်မည်မှာ အမှန်ဖြစ်သည်။

"ပြောစရာရှိရင်လည်း ပြောပါ၊ ဒါမှမဟုတ်ရင် ကျုပ်အိပ်ပါရစေ"

ယင်းသို့ ပြောပြီး မိနာချီအမ္ဗာလသည် ခုတင်ပေါ်မှ ထရပ်လိုက်လေသည်။

မိနာချီအမ္ဗာလအား မိမိအနီးသို့ ဆွဲရှေ့လိုက်ပြီးလျှင် ပန်းရန်ဆရာသည် နားနား ကပ်၍ တိုးတိုးပြောလိုက်လေသည်။

"အဲဒီ အရုပ်ကောလိပ်ဆိုတာမှာ ကိုယ်လုံးတီးမိန်းမတွေကို ရှေ့မှာရပ်နိုင်းပြီး အဲဒီမိန်းမတွေရဲ့ပုံ ဘယ်လိုဆွဲရမယ်ဆိုတာ သင်ပြပေးတာတဲ့၊ ကျုပ် အဲဒါကိုမယုံဘူး၊ ဒါပေမဲ့ အမှန်တကယ်တဲ့"

မိနာချီအမ္ဗာလသည် သူ့ယောက်ျားပြောပြသည်ကို မယုံပေ။ "ဟုတ်လား" ဟု မေးလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူ၏စိတ်ထဲတွင် တခြား သံသယတစ်ခုလည်း ဝင်လာသည်။

"အဲဒီကောလိပ်မှာ မိန်းကလေးတွေနဲ့ ယောက်ျားလေးတွေ အတူတက်ကြသလား၊ ဒါမှမဟုတ် ကောလိပ်တခြားစီလား"

ယင်းသို့မေးလျက် မိနာချီ အမ္ဗာလသည် ခုတင်ပေါ်၌ ပြန်ထိုင်လိုက်လေသည်။ အိပ်ချင်စိတ်လည်း ဘယ်ရောက်သွားလည်း မသိပေ။

"အဲဒီကောလိပ်မှာ မိန်းကလေးနဲ့ယောက်ျားလေး အတူတူကျောင်းတက်ကြ တယ်တဲ့"

သားဖြစ်သူသည် ဖခင်အတွက်မှုသာမက မိခင်အတွက်လည်း ပြဿနာ ဖြစ်လာ သည်။ အဏ္ဏာမလေသည် အသက်မကြီးလှသေးပေ။ နှစ်ဆယ်အရွယ် မလိမ်မိုးလေးမှာ သူငယ်မျှသာ ရှိသေးသည်။ သား၏ချော့ပုံလှပုံကို ပြောပြနိုင်သည့် အရည်အချင်း မိနာချီ အမ္ဗာလ၌ မရှိပေ။ သို့ရာတွင် သား၏အလှသည် ခပ်ပျံ့ပျံ့ခပ်နုံ့နုံ့ မိန်းကလေးများအား

www.burmeseclassic.com

www.burmeseclassic.com

ဣန္ဒြေမဆောင်နိုင်အောင် ဖြစ်စေသည်ဆိုသည်ကိုမူ သိသည်။ မိမိတို့၏အိမ်သို့ ရောက်လာကြသော သို့မဟုတ် လမ်းပေါ်က လူအုပ်ထဲတွင် တွေ့မြင်ရသော မိန်းကလေးများအနက် အချို့ သူ့သားကို ဣန္ဒြေပျက်လောက်အောင် စိုက်ကြည့်နေသည်ဆိုသည်ကို အကြိမ်များစွာ တွေ့မြင်ခဲ့ဖူးသည်။ ထိုမိန်းကလေးများသည် ထိုအချိန်၌ သူတို့ အဏ္ဏာမလေအား စိုက်ကြည့်နေသည်ကို မေ့လျော့နေကြသည်။ ယင်းအချက်ကို တွေ့မြင်ရသည်ဖြစ်၍ မိနာချီအမ္ဘာလသည် စိတ်ထဲက ပြစ်တင်ရှုတ်ချမိလေသည်။ ''ဒီမိန်းကလေးတွေဟာ ဣန္ဒြေ တစ်စက်မှ မရှိကြဘူး ငါ့သားကို စားတော့ဝါးတော့မယ့်အတိုင်းပဲ'' အဏ္ဏာမလေသည် မိမိပိုင် နူးညံ့ပျော့ပျောင်းမှု လှပမှုနှင့်အတူ ပန်းရန်ဆရာ၏ ခေါင်းမာမှု၊ စိတ်မြန်ကိုယ်မြန် ဖြစ်မှုများကိုလည်း ဆတူပင် အမွေခံအဖြစ် ရရှိထားသည်ဟု မိနာချီအမ္ဘာလ တွေးမိလေသည်။

ပန်းရန်ဆရာသည် စိုးရိမ်ကြောင့်ကြမှုသည် မိနာချီအမ္ဘာလ၏ စိုးရိမ် ကြောင့်ကြမှုလည်း ဖြစ်လာသည်။ မိမိ၏သားသည် ပိုက်ဆံတစ်မတ်ပင်ရအောင် ရှာနိုင်မည်မဟုတ်။ သား၏ဘဝသည် မျှော်လင့်စရာမရှိတော့ဟု ဖခင်က စိုးရိမ်သည်။ မိနာချီအမ္ဘာလ၏ မျက်ရှေ့၌ မည်သည့်အခါမှ သူ မကြည့်ချင်မမြင်ချင်သော စိတ်ကူးမြင်ကွင်းတစ်ခု ပေါ်ပေါက်လာသည်။ ကိုယ့်ရှေ့မှာရပ်နေသော မိန်းကလေးတစ်ယောက်၏ သူ့ဖခင်ပြောစကားအဆိုသော် ကိုယ်လုံးတီးမိန်းကလေး၏ပုံကို အဏ္ဏာမလေဆွဲနေသည်ကို မိနာချီအမ္ဘာလ မြင်ယောင်နေသည်။

ပန်းရန်ဆရာက စိုးရိမ်တကြီး ပြောလိုက်သည်။

''ဒီကောင် မင်းစကားကိုလည်း နားထောင်မှာမဟုတ်ဘူး၊ ကျုပ်စကားကိုလည်း နားထောင်မှာမဟုတ်ဘူး''

ယင်းသို့ပြောလျက် ဘယ်သူများ သူ့သားကို နားဝင်အောင် ပြောနိုင်မည်နည်းဟု စဉ်းစားကြည့်နေမိသည်။

မိနာချီက ပြောလိုက်လေသည်။

''သားကို နားချဖို့ ဒဏ္ဍာပါဏီကို ပြောကြည့်ပါလား''

မိနာချီ၏စကားကိုကြားရသည်ဖြစ်၍ ပန်းရန်ဆရာသည် အားရဝမ်းသာ ဖြစ်သွားပြီးလျှင် ''မင်းက ဘယ်ဆိုးလို့လဲ'' ဟု ပြောလိုက်လေသည်။ သူ၏အမြင်၌ မိနာချီသည် ကျေးတောသူလုံးလုံး ဖြစ်သည်။ သို့ရာတွင် မိမိနှင့် အနေကြာလာသောကြောင့် မိမိမယားလည်း တစ်ခါတစ်ရံ အသိဉာဏ်နှင့်ယှဉ်သည့် စကားကိုပြောတတ်ပါကလားဟု စဉ်းစားဆင်ခြင်ပြီးလျှင် နားထင်သွေးရောက်သွားသည်။ ထို့နောက် အားတက်သရော ပြောလိုက်လေသည်။

''မင်းပြောတာ မှန်တယ်၊ တို့သားကို နားချမယ့်လူဟာ ဒဏ္ဍာပါဏီ တစ်ယောက်တည်း ရှိတယ်''





မဒရပ်လာ အခြေချပြီးသည့်နောက် မကြာခင်ပင် ပန်းရန်ဆရာသည် ဒဏ္ဍာပါဏီနှင့် အသိအကျွမ်းဖြစ်သွားသည်။ ဒဏ္ဍာပါဏီသည် မမျှော်လင့်ဘဲ သူဌေးဖြစ်လာသူဖြစ်သည်။ အိမ်ဆောက်စဉ်က ပန်းရန်ဆရာနှင့် အကျွမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒဏ္ဍာပါဏီက သူ ပန်းရန်ဆရာနှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းဟု ပြောပြသည်။ တဖြည်းဖြည်း အိမ်ထောင်စုနှစ်စုသည် ရင်းနှီးခင်မင်လာကြသည်။ ဒဏ္ဍာပါဏီ၏ စကားပြောလိမ္မာပုံနှင့် အလုပ်အကိုင်ကျွမ်းကျင်ပုံကို တွေ့မြင်ရသည့်အတွက် ပန်းရန်ဆရာသည် တအံ့ကြသြဖြစ်နေသည်။

ပန်းရန်ဆရာက သူ့ဇနီးကို ပြောလိုက်သည်။

''ဒီတစ်ခါ စာမေးပွဲအောင်ရင် သားကို 'စက္ကူတာ' ဝယ်ပေးမယ်လို့ ဒဏ္ဍာပါဏီ ပြောထားတာ မင်းသတိရသေးသလား''

''ကျုပ်သား စာမေးပွဲအောင်ရင် ကျုပ်တို့အိမ် 'စက္ကူတာ' ရောက်နေတာကြာပြီ''

ယင်းသို့ပြောလျက် မိနာချီအမ္ဘာလသည် သက်ပြင်းတစ်ချက် ရှူလိုက်သည်။ ကျိဒမ္ဗရမ်၏အမြင်၌ကား စက္ကူတာက အရေးမကြီးလှ။ အရေးကြီးသည်မှာ ဒဏ္ဍာပါဏီနှင့် မိမိတို့မိသားစု၏ ဆက်သွယ်ရေးဖြစ်သည်။ ဒဏ္ဍာပါဏီ၏သမီး ဆုန္ဒရီကို သူ ရုတ်တရက် သတိရလာသည်။

''ကျုပ်တို့သားကို ဒဏ္ဍာပါဏီ မျက်စိကျနေတယ်ဆိုတာ မင်းသိတယ်မဟုတ်လား''

မိနာချီအမ္ဘာလက ရယ်လိုက်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူများစွာ သိထားသည်။ အဏ္ဏာမလေကို ဒဏ္ဍာပါဏီ မျက်စိကျနေသည်ဆိုသည်မှာ မှန်သည်။ သို့ရာတွင် သူ့သမီး ဆုန္ဒရီသည် အသက်မကြီးလှသေးပေ။ မလိမ်မိုးမလိမ်မှာ အရွယ်မျှသာ ရှိသေးသည်။ သူ့မျက်လုံးကိုကြည့်၍လည်း မိနာချီအမ္ဘာလသည် သူ့အတွင်းသဘောကို အကဲခတ်ထားပြီး ဖြစ်သည်။

ပန်းရန်ဆရာက ပြောလိုက်သည်။

''ကျုပ်တို့သားကို အကျိုးသင့်အကြောင်းသင့် ပြောပြပါလို့ ဒဏ္ဍာပါဏီကို ပြောကြည့်မယ်။ အဲဒီလိုလုပ်တဲ့အတွက် ကျုပ်တို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းဖို့ ရှိတယ်။ စာမေးပွဲကျပေမယ့် သူတို့ရဲ့အမြင်မှာ ကျုပ်သား ဂုဏ်ငယ်နေမှာမဟုတ်ဘူး။ ပြီးတော့ ကျုပ်သားလည်းပဲ အမှန်အတိုင်း မြင်လာဖို့ရှိတယ်''

သားကိုအကြောင်းပြုလျက် သူတို့မျက်မှောက်တွင် ပေါ်လာသော ပြဿနာကို ဖြေရှင်းဖို့ရန်အတွက် လမ်းစတစ်ခု သူတို့ရရှိပြီဟူ၍ လင်မယားနှစ်ယောက် တွေးတောမိကြသည်။ ပန်းရန်ဆရာ ခုတင်ပေါ်၌ လှဲလိုက်လေသည်။ မိနာချီအမ္ဘာလကမူ အခန်းထဲတွင် ဖျာခင်းပြီး လှဲအိပ်လိုက်လေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



ပန်းရန်ဆရာ ကျိဒမ္မရမ်သည် ဒဏ္ဍာပါဏီထံ မသွားမီ အခြားလူတချို့နှင့် တွေ့ဆုံ၍ အရပ်ကောလိပ်အကြောင်း မေးမြန်းစုံစမ်းကြည့်သည်။ ဒဏ္ဍာပါဏီက သူ့ကိုတောသားဟူ၍ မထင်မှတ်စေလိုပေ။ တစ်ပြိုင်နက်တည်းမှာပင် မာဏိက္ကမ် ပြောပြသည့်အကြောင်းအရာများ ဘယ်ရွေ့ဘယ်မျှ မှန်သည်ဆိုသည်ကိုလည်း စုံစမ်းကြည့်ချင်သည်။

လူတော်တော်များများနှင့် တွေ့ပြီးသောအခါ လူအတော်များများသည် မဒရပ်မြို့၌ ပန်း၏အနုပညာတက္ကသိုလ်တစ်ခုရှိသည်ဆိုသည်ကိုပင် မသိကြကြောင်း ကျိဒမ္မရမ် သိရှိနားလည်သွားသည်။ ပန်း၏အနုပညာတက္ကသိုလ်အကြောင်း သိပါသည်ဟု ပြောကြသူများကလည်း၊ ပန်း၏အနုပညာတက္ကသိုလ်အကြောင်းကို ပန်းရန်ဆရာထံက ကြားရသည့်အကြောင်းအရာများကိုသာလျှင် သူတို့၏အကြောင်းအရာလုပ်ပြီး ပန်းရန်ဆရာအား ဇာတ်ပြားဟောင်းပြန်ဖွင့်ပြကြသည်။ ပန်းရန်ဆရာသည် သူတို့ပြောသည့်စကားကို ငြိမ်နားထောင်နေသည်။ မာဏိက္ကမ် ပြောပြသည့်အကြောင်းအရာများသည် အမှန်တကယ်ပင်ဖြစ်၏ဟူ၍ ယုံကြည်သွားသည်။

နောက်တနင်္ဂနွေနေ့၌ ပန်းရန်ဆရာသည် ဒဏ္ဍာပါဏီတို့၏ အိမ်သို့သွားသည်။ ရာယပေတာ ဈေးလမ်းနှင့်ဆက်နေသော လမ်းကြားတစ်ခုမှ ပထမဦးဆုံး အိမ်သည် ဒဏ္ဍာပါဏီ၏အိမ်ဖြစ်သည်။ ဒဏ္ဍာပါဏီသည် အိမ်တံခါးကို အရှေ့ဘက်က လမ်းမဘက် လှည့်ပြီး ဆောက်လိုက ဆောက်နိုင်သည်။ သို့ရာတွင် တမင်တကာ ထိုသို့မဆောက်ဘဲထားခြင်း ဖြစ်သည်။ အကယ်၍ ထိုသို့ဆောက်ပါက လမ်းမဘက်လှည့်လျက် ဆိုင်ခန်းနှစ်ခုဆောက်ပြီး ငှားရမ်းမှာ ငှားစား၍ရပါမည်နည်း။

လမ်းကြားကိုကျော်ပြီးနောက် ပန်းရန်ဆရာ ကျိဒမ္မရမ်သည် ဒဏ္ဍာပါဏီ၏ ကားရှိသလား မရှိဘူးလားဆိုသည်ကို တံခါးဝမှ အတွင်းဘက် ချောင်းကြည့်လိုက်သည်။ ကားရပ်ထားသည်ကို တွေ့မြင်ရ၍ ပန်းရန်ဆရာသည် တံခါးဖွင့်ပြီး အတွင်းသို့ ဝင်လာသည်။ အိမ်နောက်ဖေးက ကွက်လပ်၌ ဆုန္ဒရီ၏အစ်ကိုများထဲက တစ်ယောက်သည် ဆုန္ဒရီအား စက်ဘီးစီး သင်ပေးနေသည်။ စက်ဘီးကို မတတ်တတတ် စီးနေသော ဆုန္ဒရီသည် ပန်းရန်ဆရာကို မြင်လိုက်သည်နှင့် စိတ်လှုပ်ရှားတက်ကြွလာပြီးလျှင် စက်ဘီးကို ခပ်မြန်မြန်နင်းလိုက်လေရာ စက်ဘီးသည် ပန်းရန်ဆရာကို ဝင်တိုက်မည်ကဲ့သို့ ဖြစ်သွားသည်။ ဆုန္ဒရီသည် ရုတ်တရက် စက်ဘီးနှင့်အတူ မှောက်လဲသွားသည်ဖြစ်၍ ရှက်ရှက်နှင့် မျက်နှာနီရဲသွားသည်။ မီနီစကတ်တွင် ပေနေသည့်ဖုန်များကိုမခါဘဲ ဆုန္ဒရီသည် အိမ်ထဲပြေးဝင်သွားသည်။ ဆုန္ဒရီ စက်ဘီး စီးတတ်သည်ကို ပန်းရန်ဆရာကျိဒမ္မရမ် ဂုဏ်ယူနေမိသည်။

ဆုန္ဒရီ၏အစ်ကိုကြီးက ပန်းရန်ဆရာ ကျိဒမ္မရမ်ကို မမြင်ပေ။ လုံချည်နှင့် စွပ်ကျယ် ဝတ်ထားသော အစ်ကိုကြီးဖြစ်သည်။ ဆုန္ဒရီအား မြည်တွန်တောက်တီးရင်း စက်ဘီးကို ပြန်ကောင်းလာအောင် လုပ်နေသည်။





ပန်းရန်ဆရာသည် အိမ်ရှေ့ခြမ်း ဧည့်ခန်းကဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ထိုအိမ်မှာ သူ ကြီးမှူးဆောက်လုပ်သည့်အိမ် ဖြစ်လေသည်။ ဧည့်ခန်းထဲတွင် လူလတ်တန်းစား ယဉ်ကျေးမှုကို ဖော်ပြနေသော ပစ္စည်းပရိဘောဂအချို့ကို တွေ့ရသည်။ ပြတင်းပေါက်များတွင် ခန်းစီးများ တပ်ထားသည်။ အခန်းထောင့်၌ စက္ကူပန်းများ ထိုးထားသော ပန်းအိုးကြီးတစ်လုံး ရှိသည်။ မှန်ဗီရိုထဲတွင် ကစားစရာများကို လှလှပပ ထည့်ထားသည်။ ခုံငယ်ကလေး တစ်ခုပေါ်၌ ထိုနေ့ထုတ် သတင်းစာရှိနေသည်။ တစ်ဖက်၌ စီးကရက်တစ်ဘူး တင်ထားသည်။ ယင်းသို့အားဖြင့် ထိုအခန်းထဲတွင် ပစ္စည်းမျိုးစုံ ရှိနေသည်။ အခန်းတွင်းတွင် စီးကရက်နံ့များ မွှန်နေသည်။ အခန်းကို မည်သူကမှ ရှင်းလင်းပုံမရပေ။ ဆိုဖာပေါ်၌လည်း ဖုန်တင်းကြမ်းဖြစ်နေသည်ဟု ပန်းရန်ဆရာက ထင်နေသည်။

ခန်းစီးကိုလှစ်လျက် အခန်းထဲဝင်လာရင်း ဒဏ္ဍာပါဏီက ''လာပါ၊ လာပါ၊ ခင်ဗျားရောက်နေတဲ့သတင်း ဆုန္ဒရီက ကျုပ်ကိုလာပြောတယ်''ဟု ပြောလျက် ပန်းရန်ဆရာကို ကြိုဆိုဧည့်ခံသည်။ ဒဏ္ဍာပါဏီသည် အသက်ငါးဆယ်လောက်ရှိပြီ။ သိပ်သည်းထူထပ်ပြီး မည်းနက်သော ဆံပင်များ၏အကြား၌ ကြိုကြားကြိုကြား ဆံပင်ဖြူများ တောက်ပနေကြသည်။ စူးရှသော မျက်လုံး၊ ထူထဲသောနှုတ်ခမ်းရှိသည့် ဒဏ္ဍာပါဏီသည် ဗိုက်နှင့် ရှပ်အင်္ကျီကို ဝတ်ထားသည်။ အရပ်အမောင်း ထွားကျိုင်းသူတစ်ယောက်ဖြစ်၍ အဆီအစ်နေခြင်းကို လူတွေ ကောင်းကောင်း မသိကြ။

မျက်လုံးမှာ အလွန်တစ်ရာ ထက်မြက်စူးရှသည်။ မြင်ရသူများအား မျက်လုံးဖြင့် ထွင်းဖောက်ပစ်မည့်ဟန် ပေါက်နေသည်။

ဒဏ္ဍာပါဏီသည် အဏ္ဏာမလေ စာမေးပွဲကျသွားသည့်အတွက် စိတ်မကောင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောရင်း ...

''မပူပါနဲ့မိတ်ဆွေ၊ နောင်နှစ်ကျရင် တစ်နည်းမဟုတ်တစ်နည်းနဲ့ အောင်အောင်လုပ်ဖို့ ကျုပ်တာဝန်ထားပါ''ဟု ပြောလိုက်လေသည်။ ပန်းရန်ဆရာ စိတ်အတန်ငယ် သက်သာရာ ရသွားသည်။ အဏ္ဏာမလေ စာမေးပွဲမအောင်သည့်အတွက် မိမိနည်းတူ ဒဏ္ဍာပါဏီလည်း စိတ်ထိခိုက်သွားလိမ့်မည်ဟု ထင်ခဲ့သည်။ သို့ရာတွင် သူ့အတွေးကို သူ ဖုံးဖုံးဖိဖိ လုပ်ထားသည်။ ယင်းအခြေအနေကြောင့် ဒဏ္ဍာပါဏီသည် တစ်ဖက်က စိတ်မကောင်းဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဝမ်းသာအားရဖြစ်နေသည်။ အကယ်၍ အဏ္ဏာမလေ စာမေးပွဲအောင်ပါက သူ့ကတိအတိုင်း အဏ္ဏာမလေအား စက္ကူတာဝယ်ပေးဖို့အတွက် ငွေနှစ်ထောင်လောက် အကုန်ခံရမည်။ သူ့သားများကလည်း ငြိမ်နေမည့်လူစားများ မဟုတ်ပေ။ သူတို့ကိုလည်း စက္ကူတာ ဝယ်ပေးရလိမ့်မည်။ စိတ်လိုက်မာန်ပါ အဏ္ဏာမလေအား စက္ကူတာ ဝယ်ပေးမည်ဟု ကတိပေးခဲ့သော်လည်း ယခု ကတိအတိုင်းမလုပ်ရသဖြင့် အဏ္ဏာမလေအား စိတ်ထဲက ကြိတ်ပြီး ကျေးဇူးတင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခန်းစီးကိုမလျက် လက်ထဲက ကော်ဖီခွက်ကိုကိုင်ရင်း ပြုံးရွှင်သောမျက်နှာဖြင့် ဒဏ္ဍာပါဏီ၏ဇနီးသည် အခန်းထဲဝင်လာသည်။

''ယောင်းမတစ်ယောက် နေကောင်းတယ်နော်''

ယင်းသို့ပြောလျက် ဒဏ္ဍာပါဏီ၏ဇနီးသည် ကော်ဖီပန်းကန်ကို ပန်းရန်ဆရာရှေ့တွင် ချပေးလိုက်လေသည်။ ညှို့ဝတ်သောင်ဝတ်အဖြစ်ဖြင့် စကားတစ်ခွန်းနှစ်ခွန်း အပြေအပြစ် ပြောပြီးလျှင် ဒဏ္ဍာပါဏီ၏ဇနီးသည် အတွင်းခန်းသို့ ပြန်ဝင်သွားသည်။ သူ၏ကိုယ်ခန္ဓာသည် အချိုးအစားပြေပြစ်လှပသည်။ သူ့ကိုမြင်လျှင် လူလားမြောက်နေသည့် သားသမီးလေး ယောက်၏မိခင်ဟူ၍ မည်သူမျှထင်မည်မဟုတ်ပေ။ မျက်နှာပုံပန်းမှာ အလွန်စွဲမက်စရာ ကောင်းသည်။ ဒဏ္ဍာပါဏီ၏ဇနီးသည် အလုပ်ဝင်စ ကောလိပ်တော်အရာရှိတစ်ဦး၏ဇနီးသည် မိမိလင်ယောကျ်ား၏ လက်အောက်တွင် အမှုထမ်းနေကြသော ကောလိပ်တော် အရာရှိယ် များအား ညှို့ခံသည့်ပုံစံမျိုးဖြင့် ကျွဲခံမှုရမ်အား ကော်ဖီဖြင့်ညှို့ခံသည်။ သူ၏ စကားပြောဟန် နှင့် ကြည့်ရှုပုံအမူအရာ၌ မာန်မာန အရိပ်အယောင် ပေါ်နေသည်။

ကော်ဖီသောက်ပြီးသောအခါ ပန်းရံဆရာက စကားစသည်။ သား၏ခေါင်းမာမှု သည် သူနှင့်သူ့ဇနီးအတွက် ပြဿနာတစ်ခုဖြစ်နေကြောင်း ပြောပြသည်။

ပန်းရန်ဆရာက ပြောပြသည်။

''အဏ္ဍာမလေတစ်ယောက် အရပ်ကောလိပ်တက်မယ်ဆိုပြီး နားပူနားဆာ လုပ်နေ တယ်၊ သူ့ကို ဘယ်လိုနားချရမယ်ဆိုတာ ကျုပ်ရော ခင်ဗျားနမရော နားမလည်အောင် ဖြစ်နေတယ်''

ဒဏ္ဍာပါဏီက ''ဟုတ်လား၊ ဒါပြောချင်လို့လား'' ဟု စိတ်ပါလက်ပါ ပြန်ပြော လိုက်လေသည်။ ထိုအခါ ပန်းရန်ဆရာသည် အဏ္ဍာမလေ တိတ်တိတ်ခိုးပြီး ပန်းချီဆွဲနေ ကြောင်း၊ အဏ္ဍာမလေ ရေးဆွဲထားသည့် ပန်းချီကားများကို မိမိဖျက်ဆီးပစ်ကြောင်း၊ ရုတ်တရက် အဘိုးကြီးတစ်ယောက်နှင့်တွေ့ပြီး အဘိုးကြီးက အဏ္ဍာမလေကို အတွေးအခေါ် အယူအဆ ပြောင်းလဲသွားအောင် လုပ်လိုက်ကြောင်း စသည်များကို ပြောပြသည်။ အဘိုးကြီး နှင့်အတူ မိန်းမပျိုတစ်ဦးပါလာသည်ဆိုသည်ကိုမူ ပန်းရန်ဆရာသည် တမင်တကာ မပြောဘဲ ချန်ထားလိုက်လေသည်။

ဒဏ္ဍာပါဏီ၏မျက်နှာတွင် တဖြည်းဖြည်း အပြုံးရိပ်ပေါ်လာသည်။ စီးကရက် တစ်လိပ်မီးညှိလျက် ရှိုက်ဖွာပြီးလျှင် ပန်းရန်ဆရာပြောပြသည့်စကားကို စူးစိုက်စွာ နားထောင်နေသည်။ သူ၏မျက်လုံးနှစ်လုံးသည် ပြူးကျယ်သွားလေသည်။ ဒဏ္ဍာပါဏီ စိတ်အားတက်ကြွနေပုံကို တွေ့မြင်ရ၍ ပန်းရန်ဆရာကျွဲခံမှုရမ် အံ့အားသင့်သွားသည်။ ငါ့ကို ထောက်ထားငဲ့ညှာ ကိုယ်ချင်းစာနာရမည့်အစား သူက ဘာကြောင့် အားရဝမ်းသာ ဖြစ်နေ သနည်း။





ဒဏ္ဍာပါဏီသည် ရွှင်လန်းတက်ကြွစွာဖြင့် သူ့သမီးကို ...

''သမီးဆုန္ဒရီ၊ ဒီလာ ပါဦး'' ဟု ခေါ်လိုက်လေသည်။ ညီအစ်ကို မောင်နှမ လေးယောက်ထဲက တစ်ဦးတည်းသော မိန်းကလေးဖြစ်နေသောကြောင့် ဆုန္ဒရီသည် မိဘအလို လိုက်ထားသည့် သမီးဖြစ်နေသည်။

ဆုန္ဒရီ ရောက်လာသည်။ အခန်းထဲဝင်လာရန် ခန်းဆီး၏နောက်ကွယ်၌ အဆင် သင့်ပင်ရပ်နေသလားဟု ထင်ရသည်။ ထိုအချိန်၌ ဆုန္ဒရီသည် အဝတ်အစား လဲဝတ်ထား လိုက်လေပြီ။ အစိမ်းနရောင် မီနီစကတ်ပေါ်၌ နုပ်ဆီသွေးပဝါ ခြုံထားသည်။ ဆုန္ဒရီ၏ ကိုယ်ဟန်အနေအထားသည် သူ့မိခင်၏ ကိုယ်ဟန်အနေအထားအတိုင်း ဖြစ်သည်။ သူ့မိခင် အတိုင်းပင် စွဲမက်စရာမျက်နှာပုံပန်းနှင့် ကိုယ်ကာယအချိုးအစား ရှိသည်။ မျက်နှာတွင် အသက်အရွယ်နှင့်လိုက်ဖက်ညီစွာ ငယ်မူပေါ်နေသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများမှာ အသက် အရွယ်၏ အတိုင်းအတာဖြင့်ပြောလျှင် အတန်ငယ်ဖွံ့ထွားနေသည်ဟု ထင်ရသည်။

''သမီးနဲ့ရည်မှန်းထားတဲ့ အဏ္ဍာမလေဟာ ပန်းချီဆွဲ အင်မတန်တော်တယ်လို့ ဖေဖေ သမီးကိုပြောတယ်မဟုတ်လား၊ ဖေဖေပြောတာ အခုမှန်နေပြီ၊ သမီးကြည့်နေ၊ သူ တကယ့်ပန်းချီဆရာကြီးတစ်ယောက် ဖြစ်လာတော့မယ်''

ပန်းရန်ဆရာသည် ''သေလိုက်ပါတော့'' ဟု သူ့ကိုယ်သူ ကျိန်ဆဲလိုက်လေသည်။ ဒဏ္ဍာပါဏီထံ အကြံဉာဏ်တောင်းရန်လာခဲ့သည်မှာ ငါးပါးမှောက်ပြီဟု တွေးနေမိသည်။ တအံ့တသြဖြစ်သွားသောကြောင့် ဆုန္ဒရီ၏ မည်းနက်သော မျက်လုံးကြီးနှစ်လုံးသည် သူ့ဖခင်၏ မျက်လုံးကြီးများသဖွယ် ဖြစ်သွားသည်။ သူ၏မျက်လုံးကို ကြည့်ရခြင်းအားဖြင့် သူသည် ပန်းချီဆရာ အဏ္ဍာမလေအကြောင်းကို တွေးတော ငေးမောနေသည်ဟု ထင်ရသည်။ သူ၏နှာတံမှာ အလွန်တရာလှပသည်။ လက်မှုပညာသည်တစ်ဦးဦးက ဆောက်ဖြင့် နိုင်နင်း ကျွမ်းကျင်စွာ ဖြတ်တောက်ထုလုပ်ထားသလားဟု ထင်ရသည်။ သူ၏နှုတ်ခမ်းသည် စိတ်မာတတ်လှုပ်ရှားမှု အရှိန်အဟုန်အပြည့်ရှိပြီး သိမ်မွေ့နူးညံ့သော်လည်း ပုံသဏ္ဌာန်မှာ ပါးပါး လျလျ မရှိလှပေ။ တအံ့တသြ ဖြစ်သွားသောကြောင့် ပွင့်သွားသော ခံတွင်းမှ သွားများသည် တောက်ပနေကြသည်။

ဆုန္ဒရီ တစ်စုံတစ်ရာ မပြောနိုင်မဆိုနိုင် ဖြစ်နေသည်ကိုတွေ့ရ၍ ဒဏ္ဍာပါဏီ၏ မျက်နှာတွင် တွန့်ကြောင်းများ ပေါ်လာသည်။ ပန်းရန်ဆရာဘက် မျက်နှာလှည့်ပြီး ဒဏ္ဍာပါဏီက ပြောလိုက်သည်။

''မြင်းကို မြင်းစာကျွေးရတယ်၊ ကျုပ်တို့ နွားကို မြင်းစာပဲ သွားကျွေးလို့ရမလား''

ထို့နောက် သူ့မေးခွန်းကို သူကိုယ်တိုင် အဖြေပေးရင်း ပြောလေသည်။

''နွားကိုတော့ မြက်နုကျွေးရတယ်မဟုတ်လား၊ အဏ္ဍာမလေဟာ အနုပညာရှင် တစ်ယောက်ဖြစ်တယ်၊ သူ့ကို ဂဏန်းသင်္ချာသင်ပေးလို့ရမှာ မဟုတ်ဘူး၊ အနုပညာကိုသာ

www.burmeseclassic.com

www.burmeseclassic.com



သူ ဝါသနာပါတယ်၊ သူ့ကို အဲဒီနယ်မှာပဲ ရှေ့တိုးတက်ခွင့်ရအောင် ကျုပ်တို့ အားထုတ်ရလိမ့်မယ်''

''ခင်ဗျားပေးတဲ့ အကြံက မစွံပါဘူး''ဟူသော အဓိပ္ပာယ်ဖြင့် ပန်းရန်ဆရာ ဦးခေါင်းလှုပ်ရမ်းလိုက်လေသည်။

''ဟုတ်တယ် ဦးလေး၊ သူ တကယ့်ပန်းချီဆရာကြီးတစ်ယောက်ဆိုတာ ကျွန်မ အရင်ကတည်းက သိပါတယ်''

ယင်းသို့ပြောလျက် ဆုနှရီသည် ကုလားထိုင်ပေါ် ဝင်ထိုင်လိုက်သည်။ ထိုအချိန်၌ ပန်းရန်ဆရာ ကျိဒမ္မရမ်သည် သူ့ဇနီး မီနာချီအမ္မာလအား အကြီးအကျယ် ဒေါပွသွားသည်။ မီနာချီသည်ပင်လျှင် ဒဏ္ဍာပါဏီထံ အကြံဉာဏ်တောင်းရန် သညာပေးခဲ့ခြင်းဖြစ်သည်။ မနက် စောစောစီးစီး ဤအိမ်သို့ ရောက်လာမိခြင်းမှာ မဟာအမှားကြီးဖြစ်သည်ဟူ၍ ပန်းရန်ဆရာ တွေးမိသည်။

ပန်းရန်ဆရာသည် သူ့သား မည်သို့မည်ပုံ ပိုက်ဆံရှာမည်နည်း၊ မည်သို့မည်ပုံ ဘဝတွင် ရပ်တည်သွားမည်နည်းဟူသည်များနှင့် ပတ်သက်၍ ဒဏ္ဍာပါဏီနှင့် အခြေအတင် ဆွေးနွေးကြည့်လေသည်။ သူ့သားသည် မိန်းကလေးများနှင့်အတူထိုင်ပြီး မည်သို့မည်ပုံ ပညာသင်ကြားမည်ဆိုသည့်အကြောင်းနှင့် မိန်းကလေးများကိုကြည့်၍ မည်သို့မည်ပုံ အရုပ်ဆွဲမည်ဆိုသည့်အကြောင်းများကိုလည်း ဒဏ္ဍာပါဏီအား ရှင်းလင်းပြောပြလိုသည်။ သို့ရာတွင် ယင်းကဲ့သို့မှ မပြောပြဖြစ်ပေ။ အနီး၌ ဆုနှရီရှိနေ၍ မိန်းကလေးများအကြောင်းကိုမူ တစ်ခွန်းမျှမပြောဘဲ ပိုက်ဆံကြေးငွေစကားကိုသာ ထပ်တလဲလဲ ပြောပြသည်။

ဒဏ္ဍာပါဏီက ခပ်ပြတ်ပြတ်အသံဖြင့် မေးလိုက်လေသည်။

''ပန်းချီဆွဲပြီး ပိုက်ဆံရှာလို့မရဘူးလို့ ဘယ်အကောင်က ပြောသလဲ၊ ဒါ မဒရပ်မြို့ ဒီမြို့မှာ ပန်းချီဆရာတစ်ယောက်ဟာ ငွေသောင်းနှင့်သိန်းနှင့်ချီပြီး ရှာနိုင်တယ်။ ဇက်ကြိုး ချည်ထားတဲ့မြင်းလို ခင်ဗျားဟာ ကိုယ့်အလုပ်အကြောင်းလောက်ပဲ နားလည်တယ်။ ခင်ဗျား သူ့ကို အင်ဂျင်နီယာဖြစ်တာပဲ ကြည့်ချင်နေတယ်။ သူ့မှာ ဉာဏ်ရှိတယ်ဆိုတာ ခင်ဗျား မေ့မထားပါနဲ့။ သူက အခန်းထဲမှာထိုင်ပြီး ဒီမိန့် ပိုက်ဆံရှာချင်တဲ့ လူတစ်ယောက်ဖြစ်တယ်။ အဲဒီလိုလုပ်တာ ဘာမှားလို့လဲ''

ဒဏ္ဍာပါဏီ နှုတ်မှ ထွက်ပေါ်လာသည့် 'စီနေမာ'၊ အတ်ဒါရိုက်တာ'၊ 'ပိုစတာ'၊ 'ဘင်နား'၊ 'ပပ်ဗလစ်စီတီ' စသည့် အင်္ဂလိပ်စကားလုံးကြီးများကို ကြားရ၍ ပန်းရန်ဆရာ ခမျာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ဒဏ္ဍာပါဏီ၏စကားများကို ကြားရသဖြင့် သူ့ အပေါ်တွင် ပိုက်ဆံမိုးရွာနေသည်ဟူ၍ပင် ပန်းရန်ဆရာအောက်မေ့နေသည်။ သားကို ပန်းချီ အနုပညာတက္ကသိုလ်တွင်ထားရေးနှင့်ပတ်သက်၍ မီနာချီအမ္မာလ ဆန့်ကျင်ကန့်ကွက်သည်ကို သူ အနည်းငယ်မျှဂရုမထားတော့ပေ။ အဏ္ဏာမလေသည် နောက်ဆုံးတွင် လူငယ်တစ်ယောက်





သာလျှင်ဖြစ်သည်ဟူ၍လည်းကောင်း၊ ပိုက်ဆံရှာရမှန်းသိတတ်လျှင် တော်ပြီဟူ၍လည်း ကောင်း တွက်လိုက်လေသည်။

ပန်းရန်ဆရာသည် အားရဝမ်းသာဖြစ်သွားပြီး ...

''ကျုပ် ခင်ဗျားပြောတဲ့အတိုင်း အားလုံးလုပ်မယ်''ဟု ပြောပြီးလျှင် ဒဏ္ဍာပါဏီ ကို့အိမ်မှ ပြန်လာခဲ့လေသည်။ ဒဏ္ဍာပါဏီအား စကားပြောလိမ္မာသည်ဟူ၍ ယူဆထားသော သူ၏ယုံကြည်ချက်သည် ယခုနှစ်ဆတိုးလာသည်။ ဒဏ္ဍာပါဏီသည် သူ့သား အဏ္ဏာမလေကို များချပြီး စိတ်ပြောင်းသွားအောင်လုပ်မည့်အစား သူ့ကို စိတ်ပြောင်းသွားအောင် လုပ်လိုက်လေသည်။

◆ ◆ ◆

တစ်ခါတစ်ရံ၊ မမျှော်လင့်ဘဲ တွေ့ကြုံဆုံစည်းလိုက်ရသော အချို့သောလူများသည် ကျွန်ုပ်တို့၏ဘဝလမ်းကြောင်း ပြောင်းလဲသွားခြင်း၏ အခြေခံအကြောင်းတရား ဖြစ်လာတတ်လေသည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့၏ ထူးခြားမှုတစ်ခုခုကိုညွှန်ပြလျက် ကျွန်ုပ်တို့အား ထိုထူးခြားမှုဆီသို့ အာရုံစိုက်စေတတ်ကြသည်။ နှာခေါင်းကျည်မွေ့တွေ့နေသည့် အချိန်မျိုး၌ လမ်းစကိုပြောပြရန်အတွက် ဘုရားသခင်သည် ထိုပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ထံသို့ လွှတ်လိုက်ခြင်းများ ဖြစ်နေသလော။

''မင်း အရုပ်ကောလိပ်တက်နိုင်ပြီ''

ပန်းရန်ဆရာကျိဒမ္မရမ်ထံမှ ထွက်ပေါ်လာသောစကားကို ကြားရ၍ အဏ္ဏာမလေ သည် သူ့နားကိုပင် သူ မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ချက်ချင်း အဒေယာ့သို့ပြေးသွားပြီး ကဒီရေရှန်အား တွေ့လိုသည့်စိတ်ဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာသည်။ ကဒီရေရှန်သည်ပင်လျှင် မှတ်မဦးစွာ အဏ္ဏာမလေအား ထိုအကြံကို ညွှန်ကြားပြောပြခဲ့သည် မဟုတ်လော။

ပန်းရန်ဆရာကျိဒမ္မရမ် ဒဏ္ဍာပါဏီတို့ အိမ်သွားခြင်း၊ ဒဏ္ဍာပါဏီနှင့် တိုင်ပင် ဆွေးနွေးခြင်း စသော အကြောင်းအရာများကို အဏ္ဏာမလေ မသိပေ။ စိတ်ဆိုးမာန်ဆိုးနှင့် မိမိ၏ ပန်းချီကားများကို ဆုတ်ဖြဲလွှင့်ပစ်သည့် မိမိဖခင်နှင့် အကြီးအကျယ် တိုက်ပွဲဝင်ရလိမ့်မည်ဟူ၍ တွေးတောထားသည်။ ယင်းတိုက်ပွဲ၌ အောင်မြင်မှုရရှိလိမ့်မည်ဟူ၍ သူ လုံးဝ မမျှော်လင့်ပေ။

ပင်လယ်ကမ်းခြေ၌ ကဒီရေရှန်အား လေးစားကြည်ညိုခြင်း ဖြစ်ပေါ်လာခဲ့သည်။ ကဒီရေရှန်နှင့် မတွေ့ဆုံခင်က ပန်းချီအနုပညာတက္ကသိုလ်ကျောင်းနှင့် ပတ်သက်၍လည်း ကောင်း၊ ထိုကျောင်း၌ မိမိကိုယ်တိုင်တက်ရောက် ပညာသင်ကြားခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ စိုးစဉ်းမျှပင် စိတ်မကူးမိခဲ့ပေ။ ပန်းချီဆွဲလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာပြီး ပန်းချီဆွဲနေခြင်းသာ ဖြစ်သည်။ တဖြည်းဖြည်း ယင်းစိတ်ဆန္ဒသည် တိုးတက်ဖွံ့ထွားလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပန်းချီဆွဲခြင်းသည် သူ့ဝသီ ဖြစ်လာခဲ့သည်။ ပန်းချီဆွဲလိုသည့်ဆန္ဒရှိသော မိမိသ[illegible] ပန်းချီရေးဆွဲခြင်း၌ လုံးလုံး အာရုံစူးစိုက်လာလိမ့်မည်ဟူ၍ သူ မထင်ခဲ့ပေ။ မိမိ၏အနုပည[illegible] ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း လမ်းစတစ်ခု သူ့မျက်မှောက်၌ရှိနေသော်လည[illegible] သူသည် ထိုလမ်းစဆီသို့ အာရုံမရောက်ခဲ့ပေ။

အဏ္ဏာမလေသည် ထိုနေ့ ထိုအချိန်၌ အဒေယာသို့သွားလိုသည့်အကြံ ဖြစ်[illegible] လာသည်။ သို့ရာတွင် သူ့တွင် ကဒိရေရှန်အား ပြရန်သင့်လျော်သည့် ပန်းချီကား ကော[illegible] ကောင်းမရှိသည့်အတွက် သူ၏အကြံကို ပြောင်းလိုက်သည်။ သူ၏ပန်းချီ လက်ရာကော[illegible] များသည် အမှိုက်တောင်းများထဲတွင် ရှိနေကြသည်။ နောက်တစ်နေ့မှသွားရန် အကြံပြုပြီး[illegible] ပန်းချီကားအသစ်တချို့ကို ရေးဆွဲလေသည်။

ကော်ပီစာအုပ်နှင့် ခဲတံကိုင်ပြီး အခန်းထဲ၌ထိုင်နေသော အဏ္ဏာမလေသည် အ[illegible] ဘက်က ကမ္ဘာလောကကို လုံးလုံးမေ့သွားသည်။ မိနာချီအမ္ဘာလ နားပူနားဆာ လုပ်သ[illegible] ထမင်းနှစ်လုတ်သုံးလုတ် သွားစားလိုက်သည်။ ထို့နောက် အခန်းထဲ၌ပင် ပြန်ထိုင်နေသ[illegible] သူ၏ စိတ်ကူးထဲတွင်ပေါ်လာသည့် မြင်ကွင်းတချို့သည် ခဲတံ၏အကူအညီဖြင့် သူ့အလိုလို[illegible] ကော်ပီစာအုပ်ပေါ်၌ အရုပ်ထင်သွားကြသည်။ နေမစောင်းမီ ပန်းချီကားသုံးကား ရေးဆွဲ[illegible] သွားပြီး စတုတ္ထပန်းချီကားကို စတင်ရေးဆွဲလိုက်လေသည်။

သူ၏ပန်းချီကားကို ကဒိရေရှန်သည် တစ်ယောက်တည်း ကြည့်မည်မဟုတ်[illegible] ကဒိရေရှန်၏သမီး အာနန္ဒီ၏မျက်လုံးနှင့် ထိုမျက်လုံးမှ စီးကျယိုထွက်နေသည့် ရောင်[illegible] များကို အဏ္ဏာမလေ ရုတ်တရက် သတိရလာသည်။ စိတ်နှလုံးတွင် ကြွတက်လာသ[illegible] ရွှင်လန်းနှစ်သိမ့်မှုသည် အပြင်သို့ထွက်လာပြီးလျှင် ပန်းချီကားများထဲ၌ စီးဆင်းနေကြသ[illegible]

အခန်းထဲတွင် မှောင်ရီသမ်းလာလေပြီ။ ပန်းချီရေးဆွဲရသည်မှာ မသွက်တော့[illegible] မီးဖွင့်ရန်အတွက် ကုလားထိုင်ပေါ်မှ ထလိုက်သည်နှင့် သူ့နောက်က ရပ်နေသော မာဏိက္ကမ်[illegible] တွေ့လိုက်ရလေသည်။ မာဏိက္ကမ် ဘယ်လောက်ကြာကြာ ထိုနေရာ၌ ရပ်နေသည်ဆိုသည[illegible] သူ မသိပေ။

အဏ္ဏာမလေသည် မီးဖွင့်လျက် စိတ်အားတက်ကြွစွာဖြင့် မာဏိက္ကမ်၏ လက်[illegible] တွဲပြီး သူ့အနီးရှိ ကုလားထိုင်ပေါ် ထိုင်နိုင်းလိုက်သည်။ အလုပ်စူးစိုက် လုပ်နေသူဖြ[illegible] ခေတ္တရပ်နားဖို့လိုသည်ဟူသော အသိဝင်လာသည်။ သူ့ဖခင်က ပန်းချီအနုပညာတက္ကသိုလ်[illegible] သူ့ကို တက်ခွင့်ပေးလိုက်ပြီဆိုသည့်အကြောင်းကို အားတက်သရော ပြောပြပြီးလျှင် ရေးဆွဲထားသည့် ပန်းချီကားများကို မာဏိက္ကမ်၏ ရှေ့တွင်ချပြလိုက်သည်။ အဏ္ဏာမလေသ[illegible] သူ့ပန်းချီကားများကို တစ်စုံတစ်ဦးအား ပြရသည်မှာ ရှက်သူတစ်ယောက်ဖြစ်သည်။ ထို့နေ[illegible] ကား အလွန်တရာ ဝမ်းသာအားရဖြစ်နေသည်။ မိမိစိတ်နှလုံးထဲက ဝမ်းသာအားရမှု[illegible] မိမိသူငယ်ချင်းအား မျှဝေပေးလိုသည့် ဆန္ဒရှိနေသည်။





အဏ္ဏာမလေ ပြောပြသည်များကို ကြားနေရသောကြောင့်လည်းကောင်း၊ အဏ္ဏာမလေ ပန်းချီကားများကို တွေ့မြင်ရသောကြောင့်လည်းကောင်း မာဏိက္ကမ်သည် ဝမ်းသာအားရ လုံးဝဖြစ်မလာပေ။ သူ၏မျက်နှာတွင် ခံစားမှုတစ်ခု ပေါ်လာသည်။ စိတ်မဝင်စားသည့်ဟန်ဖြင့် အဏ္ဏာမလေ၏ ကော်ပီစာအုပ်ကို စားပွဲပေါ်ပစ်တင်လိုက်ပြီး၊

"ငါ မင်းနဲ့ စကားတစ်ခွန်း ပြောချင်တယ်"ဟု ပြောလိုက်လေသည်။

"ဘာများလဲ သူငယ်ချင်း"

အဏ္ဏာမလေ ပန်းချီအနုပညာ တက္ကသိုလ်ကျောင်းတက်မည်ဆိုသည်ကို သူ့မိဘနှစ်ဦးလုံးက လုံးဝနှစ်မြို့က်ခြင်းမရှိကြောင်း၊ သူ စိတ်အားထက်သန်လွန်း အားကြီးနေသဖြင့် သူ့ဖခင်က စိတ်မပါ့တပါဖြင့် သူ့ကို ခွင့်ပြုခြင်းဖြစ်ကြောင်း၊ သူ့ဖခင်နှင့် စကားပြောကြည့်ရာ ဖခင်ဖြစ်သူသည် အလွန်တရာ စိတ်မချမ်းမသာဖြစ်နေကြောင်းကို မာဏိက္ကမ်က အဏ္ဏာမလေအား ပြောပြသည်။

သူ၏လမ်း၌ ဤကဲ့သို့သော အနှောင့်အယှက်အဟန့်အတား ရောက်လာလိမ့်မည်ဟူ၍ အဏ္ဏာမလေ လုံးဝမစဉ်းစားမိခဲ့ပေ။ မာဏိက္ကမ်နှင့် သူသည် ညီအစ်ကိုအရင်းပမာ နေလာခဲ့ကြသည်။ သူ့ထက် အသက်အရွယ်လည်း ကြီးသည်။ ထို့ကြောင့် အဏ္ဏာမလေသည် မာဏိက္ကမ်အား ဆန့်ကျင်ဘက်မပြုဘဲ တိတ်တဆိတ်သာ နေလိုက်လေသည်။

"အဏ္ဏာမလေ မင်းအနာဂတ်နဲ့ ပတ်သက်ပြီး ငါတစ်စုံတစ်ရာ ပြောပိုင်ခွင့်ရှိတယ်။ ငါတို့နှစ်ယောက် အလုပ်တစ်မျိုးတည်းကိုလုပ်ပြီး ကြီးပွားချမ်းသာတာကို ငါတို့ဖေဖေက မြင်ချင်တယ်၊ မင်းဖေဖေနဲ့ ငါ့ရဲ့မျှော်မှန်းချက်ကို လုံးဝဘေးဖယ်ထားပြီး ငါနဲ့ တသီးတခြားဖြစ်အောင်လုပ်ဖို့ မင်းကြိုးစားနေတယ်။ ဖေဖေက မင်းကို လက်လွှတ်လိုက်ပေမယ့် ငါကတော့ မင်းကို လက်မလွှတ်ဘူး"

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် သူ ဆရာကောင်းတစ်ယောက်ရှာဖွေပြီး အဏ္ဏာမလေအား တစ်နည်းနည်းဖြင့် နောက်တစ်နှစ်တွင် အင်ဂျင်နီယာ စက်မှုတက္ကသိုလ်၌ ဝင်ခွင့်ရအောင် လုပ်ပေးမည်ဆိုသည်အကြောင်းကို ပြောပြလေသည်။

အဏ္ဏာမလေ၌ အားနည်းချက်တစ်ခုရှိသည်။ မာဏိက္ကမ်၏စကားကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဆန့်ကျင်ဘက် ပြန်လှန်မပြောရဲပေ။ မာဏိက္ကမ်၏ သဘောသဘာဝကမူ သူ၏သဘောသဘာဝနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ သို့ရာတွင် ခင်မင်ရင်းနှီးရသည့် သူငယ်ချင်းမိတ်ဆွေဖြစ်သည့်အတွက် အဏ္ဏာမလေသည် အတန်ကြာမျှ [illegible]ကြောင်သားရပ်နေသည်။ ဘုရားသခင် ပေးသနားသောဆုကို ဘုရားကျောင်းနေ ပုရောဟိတ်က သူ့ဆီကလုယူဖို့ ကြိုးစားနေသည်ဟူ၍ ထင်သွားသည်။ ယင်းသို့ဖြစ်သော်လည်း နေ့ရက်များစွာက စ၍ အတူတကွ နေလာခဲ့ကြသောကြောင့် မာဏိက္ကမ်ကို သူ အခင်မပျက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မာဏိက္ကမ် ဒီကိစ္စမှာ ကျွန်တော့်ကို ကျွန်တော့်ဆန္ဒအတိုင်း လုပ်ခွင့်ပေး... ချင်တယ်၊ ဒီအလုပ်ကို ဘယ်သူနှစ်သက် မနှစ်သက် ကျွန်တော် အင်မတန် နှစ်သက်နေတယ် ဒါကလွဲပြီး တခြား ခင်ဗျားပြောတာ ဘာမဆို ကျွန်တော် လိုက်နာဖို့ အဆင်သင့်ရှိပါတယ်"

"မင်း အရူးလုံးလုံးဖြစ်သွားပြီ၊ မင်းမှာ အသိဉာဏ်မရှိတော့ဘူး၊ ဒါကြောင့် မင်း ငါပြောတာကို သဘောမပေါက်နိုင်အောင်ဖြစ်နေတာ"

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် စိတ်ဆိုးမာန်ဆိုးနှင့် အခန်းထဲက ထွက်သွ... လေသည်။ အဏ္ဏာမလေတွင် ဘယ်လို အရူးစိတ်မျိုးဝင်နေသည်ဆိုသည့်အကြောင်း... အသိဉာဏ် ဘာကြောင့်ပျောက်ကွယ်သွားသနည်းဆိုသည့်အကြောင်းကိုမူ မာဏိက္ကမ် ပြေ... မပြပေ။ မာဏိက္ကမ်အကြောင်းကို တွေးတောစဉ်းစားရင်း အဏ္ဏာမလေသည် အမှန်တကယ်... စိတ်မချမ်းမသာ ဖြစ်နေလေသည်။ သူ ငါ့အကျိုးကို လိုလားသည်။ ထို့ကြောင့်သာလျှ... ငါ့ကို ဤကဲ့သို့သော စကားများကို ပြောပြခြင်းဖြစ်သည်ဟူ၍ တွေးတောစဉ်းစားနေသည်...

ထို့နောက်တွင်ကား သူ ပန်းချီဆက်မဆွဲနိုင်တော့ပေ။ နောက်တစ်နေ့တွင် နံန... စောစောထလျက် အဏ္ဏာမလေသည် တစ်ပိုင်းတစ်ပျက် ရှိနေသေးသော သူ၏ပန်းချီကား... အပြီးသတ်လိုက်သည်။ ထို့နောက် နံနက်စာစားလျက် အိမ်မှ ထွက်သွားလေသည်။ ထိုနေ့တွ... အဏ္ဏာမလေသည် ပန်းဆိုင်များ၌လည်းကောင်း၊ ကပ္ပါလီရွာရှိ ဘုရားကျောင်း မုခ်ဦးတွ... လည်းကောင်း၊ ရေကန်တွင်လည်းကောင်း အစစအရာရာ၌ ဆန်းသစ်သောအလှကိုသာလျှ... တွေ့မြင်နေရသည်။ ယင်းမြင်ကွင်းများကိုကြည့်၍ နှစ်သိမ့်ရွှင်လန်းခြင်း ဖြစ်နေသေ... အဏ္ဏာမလေသည် ဘတ်စ်ကားမှတ်တိုင်သို့လာပြီးလျှင် ဘတ်စ်ကားတစ်စီးတွင် တက်စီးလျ... လိုက်ပါသွားလေသည်။

အဒေယာသို့ရောက်သောအခါ ဘတ်စ်ကားပေါ်မှဆင်းလျက် လမ်းလျှောက်သွ... သည်။ ကဒီရေရှန်တို့၏အိမ်၌ သံတံခါးစေ့ထားသည်။ အတွင်းဘက်မှ သော့ခလော... ခတ်မထားပေ။ ဝင်းတံခါးကိုအသာဖွင့်လျက် ခြံဝင်းထဲဝင်သွားသည်။ တခြားကမ္ဘာတစ်ခု... ရောက်သွားသည်ဟုထင်နေမိသည်။ နေရောင်ခြည်သည် အုန်းပင်များကြားထဲမှ ဖြာထွက်လ... ပြီးလျှင် ဟိုနေရာသည်နေရာတွင် ပြန့်ကျဲနေလေသည်။ စံပယ်နှင့် မြတ်လေးပန်းရနံ့များသ... အရိပ်ထက်ဝန်းကျင်၌ ကြိုင်လှိုင်နေသည်။ တကျီကျီအော်မြည်နေကြသည့် ငှက်ကလေးများ... ရှဉ့်များသည် သူ့ကိုနှုတ်ခွန်းဆက်ကြိုဆိုနေသည်။ သူ၏ခေါင်းပေါ်မှ ကြက်တူရွေးတစ်ကောင် ... သွားသည်။

အဏ္ဏာမလေသည် ခပ်ရှိရှိပင် လှသွားလမ်းကလေးပေါ်မှ ရှေ့ဆက်လျှော... သွားသည်။ အတန်ငယ်လျှောက်မိသောအခါ လက်ယာဘက်ရှိ အိမ်အပြင်ဘက်ဆီသို့ မျက်... ရောက်သွားသည်။ အိမ်အပြင်ဘက်တံခါးမှာ ပိတ်ထားသည်။ တံခါးကို သူ မခေါက်ရဲပေ...





ရှုအသာတိုးသွားလျက် ဖွင့်ထားသည့် ပြတင်းပေါက်များမှ အတွင်းဘက် ချောင်းကြည့်လိုက်လေသည်။

အတွင်းဘက်က မြင်ကွင်းကို တွေ့ရသဖြင့် ကြက်သီးမွေးညင်းထသွားသည်။ မျက်တောင်ခတ်ဖို့ရန်ပင် မေ့သွားပြီး ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ရပ်နေမိသည်။ အခန်းထဲက မုံတစ်ခုပေါ်တွင် ရွှေရုပ်တု၏လက်ထဲတွင် လှပသည့် စောင်းတစ်လက်ကိုင်ထားသည်။ ရွှေရုပ်တု၏လက်ချောင်းများသည် စောင်းကြိုးများကို တီးခတ်နေသလော သို့မဟုတ် တီးခတ်မနေဘူးလောဟူသည်ကိုမူ သူ မသိပေ။ လက်ချောင်းများ မလှုပ်ဘဲနှင့် စောင်းကြိုးမမြည်ဘဲနှင့် ဖြစ်ပေါ်လာသည့် အသံတိတ် ဂီတသံတစ်သံ ထိုအခန်းထဲတွင် ပဲ့တင်ထပ်နေသည်ဟူ၍မူ ထင်မိလေသည်။ ထိုရွှေရုပ်တု၏ မပွင့်တစ်ပွင့်မျက်လုံးကို ကြည့်ခြင်းအားဖြင့် ထိုရွှေရုပ်တုသည် ယင်းအသံတိတ် ဂီတ၏အသံတွင် နစ်မျောနေသည်ဟု ထင်ရလေသည်။

ထိုရုပ်တုမှာ ရွှေကိုအရည်ကျို၍ ထုလုပ်ထားသော မာကျောသည့် ရွှေရုပ်တု မဟုတ်ပေ။ ရွှေရုပ်တု၌ နူးညံ့ပျော့ပျောင်းမှု ဘယ်မှာရှိမည်နည်း။ ရွှေကို အမှုန့်ပြုလျက် မြေကြီးအသွင် ဖန်တီးပြီးလျှင် ယင်းကို မီးထဲတွင် အရည်ပျော်အောင်မလုပ်ဘဲ ရေဖြင့်နယ်ပြီး လုပ်ထားသည့် ရုပ်တုတစ်ခုဟူ၍ပင် စဉ်းစားကြည့်ပါတော့။ အာနန္ဒီသည် ထိုအချိန်၌ ထိုရုပ်တုသဖွယ် မြင်နေရလေသည်။

အဏ္ဏာမလေသည် မည်သို့မှ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ယခင်က မည်သူ့ကိုမျှ ထိုအသွင်သဏ္ဌာန်မျိုးဖြင့် မမြင်ခဲ့ရဖူးပေ။

အာနန္ဒီသည် ထိုကဲ့သို့ အဘယ့်ကြောင့် မတုန်မလှုပ် ခပ်မဆိတ် ထိုင်နေသနည်း။ အဏ္ဏာမလေသည် ရပ်နေသောနေရာမှ အတန်ငယ် ခွာလိုက်သည်။ ထို့နောက် အတွင်းဘက် တစ်ဖန် လှမ်းကြည့်လိုက်ပြန်သည်။ ထိုအခါကျမှ အခြေအနေအားလုံး နားလည် သဘောပေါက် သွားသည်။

ကဒီရေရှန်သည် ရွှံ့စေးဖြင့် သုရဿတီရုပ်တုတစ်ခု ထုလုပ်နေလေသည်။

ကဒီရေရှန် ရွှံ့စေးဖြင့်ထုလုပ်နေသော ရုပ်ထုကိုလည်းကောင်း၊ ယင်းရုပ်တု၏ 'မိုဒယ်လ်'အဖြစ် ထိုင်နေသော အာနန္ဒီကိုလည်းကောင်း တွေ့ရသဖြင့် အဏ္ဏာမလေသည် အရှိန်အဟုန်ပြင်းစွာဖြင့် နှလုံးတုန်ရင်ခုန် ဖြစ်သွားသည်။

သုရဿတီ အမည်ရှိသော ထူးခြားဆန်းကြယ်သည့်စိတ်ကူးကို ပထမဦးဆုံး ပုံပန်းသဏ္ဌာန်နှင့် နာမ်အသိတရားအကောင်အထည်ဖော်ပေးသော ကမ္ဘာဦးအနုပညာရှင်၏ ရှေ့တွင်လည်း အာနန္ဒီတစ်ဦးဦး၏ ရုပ်ပုံသာလျှင် ရှိနေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ အခန်းတွင်းက ထိုကျောက်ရုပ်နှစ်ရုပ်နှင့် အတူတကွ အပြင်ဘက်က ရပ်နေသော အဏ္ဏာမလေလည်း ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်အပြင်ဘက်၌ အဏ္ဏာမလေ ရပ်နေသည်ဆိုသည်ကို အတွင်း၌ ထိုင်နေသူနှစ်ယောက်က မသိပေ။ အဏ္ဏာမလေသည် သူတို့နှစ်ယောက် အလုပ်တွင် အနှောင့်အယှက် မပေးဝံ့ပေ။ အိမ်ပြန်သွားပြီး ညနေကျမှ တစ်ခါပြန်လာရလျှင် ကောင်းမည်ဟူ၍ အကြံဖြစ်မိသည်။ သို့သော်လည်း ခြံထဲက ပြန့်ပြူးနေသောအရိပ်အာဝါသနှင့် အေးမြသောလေက သူ့ကို ထိုနေရာမှ ထွက်ခွာမသွားအောင် ဖန်တီးထားလိုက်သည်။

အတွင်းဘက်လက်ရမ်းအနီး၌ပင် 'နာဂလိဂ်' ပန်းပင်တစ်ပင်ရှိသည်။ အရွက်များ၊ အပွင့်များ တင်းကြမ်းဖြစ်နေသည်။ သိပ်သည်းထူထပ်သော ထိုပန်းပင်သည် သူ့အပေါ် အရိပ်ဖြန့်မိုးပေးရန်အတွက် ပေါက်နေသကဲ့သို့ ဖြစ်နေသည်။ သစ်ရွက်များမှာ ကြီးမားထွားကျိုင်းလှသည်။ အကိုင်းများမှ မြွေသဏ္ဍာန်ရှည်လျားသော အခက်အလက်များ ထိုးထွက်ဖြာကျနေကြသည်။ အဏ္ဏာမလေသည် ပန်းပင် ပင်စည်ကိုမှီလျက် မြေထောက်နှစ်ဖက်ဆန့်ပြီး ထိုင်လိုက်သည်။ ပန်းပွင့်များ ပွင့်လန်းဝေဆာနေသည့် ပန်းပင်များသည် သူ့ပတ်လည်၌ ဝိုင်းလျက်ရံလျက် ရှိနေကြသည်။ တိတ်ဆိတ်အေးချမ်းမှုအရသာကို တွေ့နေသည်။ သဘာဝ၏ နူးညံ့ပျော့ပျောင်းသော လက်မောင်းထဲတွင် မိမိ အကျဉ်းသားတစ်ယောက် ဖြစ်နေသည်ဟု ထင်မိသည်။ ယင်းသို့နေရခြင်းကို အလွန်တရာ ကျေနပ်အားရနေသည်။

မိမိ၏အေးပတ်ပတ်လည်၌ ပျံ့နှံ့နေသော သဘာဝ၏အစိတ်အပိုင်းအားလုံးထဲတွင် ဘုရားသခင်အမည်ရှိသော ထိုထူးခြားဆန်းကြယ်သည့် အနုပညာရှင်ကို တွေ့မြင်သယောင်ယောင်ရှိနေသည်။ ထိုအနုပညာရှင်သည် အလွန်တရာ အနုပညာ လက်ရာမြောက်စွာဖြင့် အမျိုးမျိုးအပြားပြားသော အရာဝတ္ထုများကို အရောင်မျိုးစုံ အသွင်သဏ္ဍာန်မျိုးစုံ ဖန်တီးပြုလုပ်ထားသည်။ နံနက်အချိန်တွင် ပွင့်ပြီး မွန်းတည့်ချိန်၌ ညှိုးနွမ်းလျက် ညနေချိန်တွင် ကြွေကျသွားရသော ပန်းပွင့်ငယ်ကလေးများတွင် ရောင်မျိုးစုံ တောက်ပဝင်းလက်နေသည်ကို တွေ့မြင်ရသည်။ ပန်းပွင့်များ၌ မည်မျှ အလှရှိနေသနည်း။ မည်မျှ ရနံ့ရှိနေသနည်း။

အဏ္ဏာမလေ၏ စိတ်ထဲတွင် အနုပညာကို လေ့လာသင်ကြားပြီးလျှင် ထိုအတုမရှိ ကျွမ်းကျင်တတ်မြောက်သော အနုပညာရှင်နှင့် တုဖက်ပြိုင်ဆိုင်လိုသည့် ထက်သန်သော စိတ်ဆန္ဒဖြစ်ပေါ်လာသည်။

ရုတ်တရက် လေတစ်ချက်ဝှေ့ပြီးလျှင် 'နာဂလိဂ်' ပန်းတစ်ပွင့်ကြွေပြီး သူ၏ရင်ဘတ်ပေါ်လာကျသည်။ ထိုပန်းပွင့်က သူ့ကို "သင် အဲဒီအနုပညာရှင်နဲ့ ပြိုင်လိုတဲ့ဆန္ဒရှိလို့လား။ ရှိရင် အခုကစပြီး ကိုယ့်အလုပ် ကိုယ်လုပ်ပေတော့"ဟူ၍ ပြောနေသကဲ့သို့ ထင်ရလေသည်။ တအံ့တသြဖြစ်သွားပြီး အဏ္ဏာမလေသည် ပန်းပွင့်ကို ကောက်ယူလျက် စူးစိုက်ကြည့်ရှုနေသည်။ ဘုရားသခင်တည်းဟူသော ပန်းချီအနုပညာရှင်သည် သူ၏ စိတ်ဆန္ဒကို သိသွားသည်ဖြစ်၍ သူ့အား တစ်ချက်စိန်ခေါ်လိုက်သည်ဟူ၍ အဏ္ဏာမလေ ထင်သွားသည်။ ထိုစိန်ခေါ်ချက်ကို အရဲစွန့်၍ လက်ခံလိုက်သည်။





ပန်းပွင့်အလယ်၌ရှိသော ပွင့်ချပ်များအလယ်က သိဝလိဂ်၏ အသွင်သဏ္ဍာန်လို မောက်တက်နေသည့် ပန်းဝတ်ဆံပေါ်၌ ပါးပျဉ်းတစ်ထောင်ရှိသော မြွေတစ်ကောင်သည် သူ၏ပါးပျဉ်းများကို လှပစွာဖြန့်မိုးထားသည်ဟု ထင်နေရသည်။ ဝင်းလဲ့တောက်ပပြီး နူးညံ့ပျော့ပျောင်းနေသော ပွင့်ချပ်မွှင့်လွှာများသည် သိဝလိဂ်၏ အသွင်သဏ္ဍာန် မို့မောက်နေသော ပန်းဝတ်ဆံများကို ပတ်ပတ်လည်မှ ရံထားသည်။ ထိုပန်းပွင့်သည် အနီ၊ အဝါ၊ အဖြူ ၇သော အရောင်မျိုးစုံထဲမှ အချို့အရောင်ကို ခပ်များများ မိမိကိုယ်ပေါ်တွင် လိမ်းကျံပက်ဖျန်းထားသည်။ ထိုပန်းပွင့်မှ ထွက်ပေါ်လာသည့် ထူးခြားသောရနံ့သည် အဏ္ဏာမလေအား သတိမေ့သွားအောင် ပြုမူဖန်တီးလိုက်လေသည်။

အဏ္ဏာမလေ၏လက်ထဲတွင် ခဲတံအနက် တစ်ချောင်းသာလျှင်ရှိသည်။ သို့ရာတွင် သူ အားမလျှော့ပေ။ ကော်ပီစာအုပ်ကိုဖြန့်လျက် မှောက်လျက် လှဲလိုက်လေသည်။ ပါးပျဉ်းထောင်နေသည့် မြွေကဲ့သို့ ပွင့်နေသော ထိုပန်းပွင့်သည် သူ့ရှေ့တွင် ရှိနေသည်။ စက္ကူပေါ်တွင် ခဲတံဖြင့် ပန်းချီအရုပ်ရေးဆွဲရင်း အဏ္ဏာမလေသည် သူ့ကိုယ်သူ လုံးဝမေ့နေသည်။

အိမ်တွင်း၌ကား ကဒီရေရှုန်သည် နံနက်ခင်းအလုပ်ကို အပြီးသတ်ပြီးလျှင် မောပန်းသွားသောကြောင့် ပက်လက်ကုလားထိုင်ပေါ် လှဲနေလေသည်။ မိမိ ထုလုပ်ထားသော သူရဿတီရုပ်တုကိုကြည့်လျက် မိမိ၏ပင်ပန်းနွမ်းလျမှုကို ကြိုးစား၍ ဖြေဖျောက်နေသည်။ သူရဿတီရုပ်တု၏မျက်နှာတွင် ကွယ်လွန်သွားပြီဖြစ်သည့် သူ့ဇနီး ဆရစွတီ(သူရဿတီ)၏ ပုံသဏ္ဍာန် ရုတ်တရက်ပေါ်လာသည်။ ကဒီရေရှုန်သည် သမီး၏မျက်နှာတွင် ပေါ်နေသည့် သမီးမိခင်၏ပုံကို ဖြစ်သည့်နည်းဖြင့် ယူပြီးလျှင် ရုပ်တုတွင် တပ်ဆင်ပေးလိုက်ခြင်း ဖြစ်လေသည်။

မီးဖိုချောင်ထဲ ဝင်သွားသောအခါ သူ၏အံ့သွား ထမင်းချက်နေသည်ကို အာနန္ဒီတွေ့ရလေသည်။ ဖန်ခွက်တစ်ခွက်နှင့်ထည့်ထားသော သံပုရာဖျော်ရည်နှင့် ဗန်းတစ်ခုတွင် ထည့်ထားသော ငှက်ပျောသီးသုံးလေးလုံးကို ယူပြီးလျှင် အာနန္ဒီသည် သူ့ဖခင်အနီးသို့ လာခဲ့လေသည်။ သံပုရာရည်နှင့် ငှက်ပျောသီးကို ဖခင်အနီး၌ ချပြီးလျှင် ဖခင်အား သုံးဆောင်ရန် သတိပေးလိုက်လေသည်။

ဖခင်ကို ပြုစုသည့်အလုပ်ကို အာနန္ဒီသည် သူ့မိခင် ဆရစွတီထံမှ သင်ယူတတ်မြောက်ထားခြင်းဖြစ်သည်။ "အာနန္ဒီ... ဒီအိမ်မှာ သမီးဖေဖေက မေမေရဲ့ ပထမကလေး၊ သမီးက ဒုတိယ ကလေး" ဟုပြောလျက် ဆရစွတီက ရယ်လေသည်။ သူ၏ ထိုပထမကလေးကို ကြည့်ရှုရသည်မှာ မိခင်အနေဖြင့် မည်မျှအခက်အခဲနှင့် ရင်ဆိုင်ရသည်ဆိုသည်ကို အာနန္ဒီ ကောင်းစွာနားလည်သည်။ မိခင် ထာဝရခွဲခွာခြင်းဖြင့် ခွဲခွာသွားပြီးသည့်နောက်ပိုင်း၌ကား ထိုပထမကလေးကို ကြည့်ရှုရသည့်တာဝန်သည် ဒုတိယကလေးပေါ်တွင် ရောက်လာခဲ့သည်။ ဆရစွတီ ကွယ်လွန်သွားပြီးသည့်နောက်၌ ကဒီရေရှုန်လည်း အတော်



www.burmeseclassic.com

www.burmeseclassic.com

အတန် ပြောင်းလဲလာခဲ့သည်။ သားချစ်တစ်ယောက်ကဲ့သို့ ပြုစုယုယမှုကို ခံခဲ့ရသော ကဒီရှေ့ရှ်နဲ့သည် သူ ယခုမိန်းမပျိုတစ်ယောက်၏ ဖခင်ဖြစ်သည်ဟူ၍လည်းကောင်း၊ နားလည်သဘောပေါက်လာသည်။ သို့ရာတွင် သူ့ဖခင်ကို ပြုစုရသည့်အတွက် အာနန္ဒီသည် ထူးထူးခြားခြား ကျေနပ်အားရခြင်း ဖြစ်နေသည်။

ရုတ်တရက် အိမ်အပြင်ဘက် ထွက်လိုက်သောအခါ အာနန္ဒီသည် သစ်ပင်ရင်းတွင် ခြေထောက်အပေါ် ထောင်လျက် ဝမ်းလျားမှောက်နေသော အဏ္ဏာမလေးကို တွေ့ရသည့်အတွက် အံ့အားသင့်သွားသည်။ အဏ္ဏာမလေးသည် မိမိဖေဖေလိုပဲ လူမမယ်ကလေးတစ်ယောက်ပါလား ဟူ၍ တွေးတောလျက် အာနန္ဒီသည် စိတ်ထဲက ပြုံးမိလေသည်။ အာနန္ဒီ သူ့အနားကပ်ပြီး ရပ်နေသည်ကို အဏ္ဏာမလေ မသိပေ။ စက္ကူပေါ်တွင် သူရေးဆွဲထားသည့် နာဂလိင်ပန်းပွင့် စက္ကူထဲမှ အပြင်ဘက် လှမ်းကြည့်နေသည်ဟူ၍ပင် ထင်နေသည်။ ပန်းပွင့်၏အနီး၌ပင် ပျားပိတုန်းတစ်ကောင် ပျံနေပုံကို ရေးဆွဲလျက် အဏ္ဏာမလေးသည် ပန်းပွင့်မှထွက်နေသော ရနံ့နှင့် ပန်းပွင့်ထဲက ပြူထွက်နေသော ပန်းဝတ်မှုန်များကို ညွှန်ပြထားသည်။ တစ်ခဏ အတောအတွင်း၌ပင် အာနန္ဒီသည် အဏ္ဏာမလေတွင် အတွေးစွမ်းအားနှင့် လက်ရာမြောက်မှု နှစ်ခုလုံးရှိသည်ဟူ၍ နားလည်သွားသည်။

"ရှင် ဘယ်တုန်းက ရောက်နေသလဲ"

အာနန္ဒီသည် အလွန်တရာ ချစ်ကြည်ရင်းနှီးစွာဖြင့်လည်းကောင်း၊ အလွန်တရာ နူးညံ့ချိုသာစွာဖြင့်လည်းကောင်း၊ ယင်းမေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် သူ၏ မေးခွန်းကိုကြား၍ အဏ္ဏာမလေ လန့်သွားသည်။ ပြူးတူးပြဲတဲဖြင့် ထရပ်လိုက်သည်။ မိမိလာရင်းအလုပ်ကိစ္စကို လုံးဝမေ့ပျောက်ပျောက် ဖြစ်သွားပြီးလျှင် ထိုနေရာ၌ ကိုယ့်အိမ် ကိုယ့်ခြံထဲတွင် လဲနေသကဲ့သို့ ဤကဲ့သို့ ခြေပစ်လက်ပစ် လဲနေမိသည့်အတွက် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ အဝတ်ပေါ်၌ တင်နေသည့် ဖုန်မှုန့်များကို ခါပစ်ရန်ပင် သတိမရဘဲ "ခွင့်လွှတ်ပါနော်"ဟု ရုတ်တရက် ပြောလိုက်လေသည်။

အာနန္ဒီသည် မျက်လုံးဖြင့် "ရှင်က ဘာဖြစ်လို့ ခွင့်လွှတ်ဖို့ တောင်းပန်နေတာလဲ" ဟု မေးလိုက်လေသည်။ သို့ရာတွင် တကယ်လက်တွေ့မှာမူ "ရှင် ဒီရောက်နေတာ တော်တော်ကြာပြီလား"ဟု ဟူသော မေးခွန်းကိုသာလျှင် မေးလိုက်လေသည်။

"ဟုတ်... ဟုတ်ကဲ့၊ ခင်ဗျားကိုကြည့်ပြီး ခင်ဗျားအဖေက ရပ်တု ထုလုပ်နေတယ်၊ ဒါကြောင့် ကျွန်တော်..."

အဏ္ဏာမလေသည် တစ်နည်းနည်းဖြင့် သူ့စကားကို အပြီးသတ်ပြီးလျှင် သူ လာရခြင်းအကြောင်းကို ပြောပြလေသည်။

အာနန္ဒီ၏မျက်နှာသည် ရှက်သွေးဖြင့် နီရဲသွားသည်။ ဖခင်ထုလုပ်သည့် ရုပ်တု အတွက် သူသည် 'မိုဒယ်လ်' အဖြစ်ထိုင်နေခဲ့သည်။ အဏ္ဏာမလေသည် သူ့ကို ထိုအသွင်အပြင်





ဖြင့် မြင်သွားသည်။ ယင်းသို့တွေးလျက် သူ ရှက်စိတ်ဝင်လာသည်။ သူတို့၏ အိမ်သည် မြို့ထဲတွင် အတွင်းဘက်ခပ်ကျကျ၌ရှိသည်။ ထို့ကြောင့် အပြင်ဘက်က တစ်စုံတစ်ယောက်သည် သူတို့အလုပ်လုပ်နေသည်ကို လွယ်လင့်တကူ မမြင်နိုင်ပေ။ ထို့ကြောင့် သူတို့သည် ပြတင်းပေါက် ခန်းဆီးများကို ပိတ်မထားဘဲနှင့် နေရောင်အောက်၌သာလျှင် အလုပ်လုပ်နေကြခြင်းဖြစ်သည်။ ယင်းအချက်ကို တွေးမိသောကြောင့် အာနန္ဒီသည် ရှက်စိတ်ပေါ်လာသည်နှင့် အမျှ အားရကျေနပ်ခြင်းလည်း ဖြစ်မိသည်။ ထို့နောက် ငုံ့ပြီး နာဂလိင်ပန်းကို ကောက်ယူလျက် ပြောလိုက်လေသည်။

"ရှင် ဒီလာပြီး ဒီပန်းပွင့်ပုံကို ဆွဲနေတာနဲ့တူတယ်"

ပန်းပွင့်ကို လက်ချောင်းကလေးများဖြင့်ကိုင်ပြီး ငေးယမ်းနေသော အာနန္ဒီကို တွေ့ရသည့်အခါ အဏ္ဏာမလေသည် 'နရဂျဟံ၊ မုမတာဂျ်' တို့လို မဂိုအလုပျိုများကို သတိရလာသည်။ ထိုမဂိုအလုပျိုများသည် ရုပ်ပုံများထဲ၌ နူးညံ့ပျော့ပျောင်းသော သူတို့၏ လက်ချောင်းကလေးများဖြင့် နှင်းဆီပွင့်ကိုင်ထားသည်ကို တွေ့မြင်ဖူးလေသည်။

အဏ္ဏာမလေ၏ ကော်ပီစာအုပ်ကို ကောက်ကိုင်ပြီးလျှင် စာရွက်များကို လှန်လှော လျက် အာနန္ဒီက ပြောလိုက်လေသည်။

"ဟိုနေ့တုန်းက ရှင့်ပန်းချီပုံကို တွေ့ရတော့ ဖေဖေ သိပ်ကျေနပ်သွားတယ်၊ ရှင့်မှာ မွေးရာပါပန်းချီအနုပညာဗီဇ ရှိတယ်လို့ ဖေဖေက ထင်တယ်၊ ဖေဖေဟာ ဘယ်သူ့ကိုမှ ဒီလောက် ခပ်လွယ်လွယ် မချီးမွမ်းခဲ့ဖူးဘူး"

အာနန္ဒီသည် အဏ္ဏာမလေကိုခေါ်လျက် အိမ်ထဲဝင်သွားသည်။ အာနန္ဒီ၏ ယဉ်ကျေးသော အမူအရာနှင့် လှပသောကိုယ်အနေအထားဆီသို့ အဏ္ဏာမလေ ရုတ်တရက် အာရုံရောက်သွားသည်။ အာနန္ဒီကိုကြည့်ရသည်မှာ ယဉ်ကျေးမှုအမှတ်လက္ခဏာဟု ခေါ်ဆိုကြသော ပေါက်လွှတ်ပဲစားဖက်ရှင်များမှ ခပ်ခွာခွာနေလျက် မိမိဘာသာမိမိ အဆင်တန်ဆာဆင်သည့် အတတ်ပညာ သင်ကြားတတ်မြောက်ထားသူဖြစ်သည်ဟု ထင်ရသည်။ အာနန္ဒီတွင် သဘာဝ မကျဟုပြောရမည့် မည်သည့်အရာဝတ္ထုကိုမှ အဏ္ဏာမလေ မမြင်ရပေ။ သူ၏သွက်လက် ဖျတ်လတ်သော လှုပ်ရှားသွားလာမှု၊ သဘာဝကျသော ကိုယ်လက်အနေအထား၊ စံပယ်ပန်း ပန်ထားသည့် ဆံထုံး၊ ယင်းအရာအားလုံး၌ တစ်နတည်းသောအလှရှိနေသည်။ မွေးရာပါ အနုပညာရှင်ဖြစ်သော ဗြဟ္မာကြီးသည် "ငါ ပန်းချီဆရာတစ်ဦး၏သမီးကို ဖန်ဆင်းမည်"ဟု တွေးလျက် မိမိကိုယ်မိမိမေ့ပြီး အာနန္ဒီကိုများ ဖန်ဆင်းထားသလားဟု အဏ္ဏာမလေ ထင်နေမိလေသည်။

အာနန္ဒီသည် အဏ္ဏာမလေအား အပြင်ခန်းတွင် ခဏထိုင်နေရန်ပြောလျက် ကဒီရှေ့ရှ် ထံ သွားလေသည်။ "ဒီခေါ်ခဲ့လေ"ဟု ကဒီရှေ့ရှ်က ပြောသောအခါ အာနန္ဒီသည် အဏ္ဏာမလေအား "လာပါ"ဟု ပြောလျက် သူ့ဖခင်အနီးသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဒီရေရှန်၏ အခန်းတွင်းမဝင်မီ အဏ္ဏာမလေး၏မျက်လုံးသည် နံရံတွင် ရေးထားသည့် စကားလုံးများဆီသို့ ရောက်သွားသည်။

''လူပစ္စာ နေသွားတတ်အောင် သင်ကြားဆည်းပူးပါ။ အကယ်၍ဖြစ်နိုင်ပါက ဘဝကို လှအောင်လုပ်ပါ။ အကယ်၍ မဖြစ်နိုင်ပါက ယုတ်စွအဆုံး ဘဝကို အရုပ်ဆိုးသွားအောင်တော့ မလုပ်ပါနှင့်''

အဏ္ဏာမလေးသည် ကဒီရေရှန်အား နှုတ်ဆက်ပြီးလျှင် အနီး၌ရှိသော ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်သည်။ ထိုအခန်းတွင်း၌ ယခုအချိန်အထိ မမြင်ဖူးသေးသော ကမ္ဘာလောကသစ်တစ်ခုကို သူ တွေ့မြင်ရသည်။ မဒရပ်မြို့၌ ကဒီရေရှန်တို့၏ အိမ်နှင့် ထိုအိမ်၌ရှိသော ထိုအခန်းသည် လွတ်လပ်သော ကမ္ဘာတစ်ခုနှင့်တူနေသည်။ ထိုအိမ်အခန်း၌ တစ်ခုတည်းသောအလှသာလျှင် လွှမ်းမိုးကြီးစိုးနေလေသည်။

✦ ✦ ✦

အဏ္ဏာမလေးသည် သူရေးဆွဲထားသည့် ပန်းချီပုံကို ကဒီရေရှန်အား ပေးပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေသည်။ သို့ရာတွင် စိတ်ဂနာမငြိမ် ဖြစ်နေသဖြင့် ကြာမြင့်ရရ ထိုင်မနေနိုင်ပေ။ အခန်းထဲတွင်စုံအောင် လျှောက်ကြည့်လိုသည့် စိတ်ဆန္ဒပြင်းပြစွာ ဖြစ်လာသည်။ ကဒီရေရှန်သည် အဏ္ဏာမလေး၏စိတ်ဆန္ဒကို ရိပ်စားမိသည်ဖြစ်၍

''အခန်းထဲ ကြည့်ချင် လျှောက်ကြည့်ပါ''ဟုပြောလျက် အာနန္ဒနှင့်အတူ အခန်းထဲ လျှောက်ကြည့်ခွင့် ပေးလိုက်လေသည်။ အခန်းတွင်းရှိနံရံများ၌ ကဒီရေရှန်ဆွဲထားသော ရောင်စုံပန်းချီပုံများ ချိတ်ဆွဲထားသည်။ အခန်း၏ ထောင့်တိုင်းထောင့်တိုင်း၌ ရောင်မျိုးစုံခြယ်ထားသည့် ရုပ်တုကလေးများ ရှိသည်။ အခန်းမှာ အတော်ပင်ကျယ်ဝန်းသည်။ သို့ရာတွင် ပန်းချီကားများနှင့် ကန့်လန့်ကာများ၏ အကူအညီဖြင့် အခန်းကို အကန့်များစွာ အပိုင်းများစွာ ခွဲခြားထားလေသည်။

ပထမဦးစွာ သူရသသတီရုပ်တု၏ အနီး၌ရပ်လျက် ရုပ်တုကိုကြည့်ရင်း အဏ္ဏာမလေးသည် အာနန္ဒထံ ရုတ်တရက် စိတ်ရောက်သွားသည်။ အာနန္ဒသည် ရုတ်တရက် ရှက်စိတ်ဝင်လာသဖြင့် ဦးခေါင်းကို ငုံ့လိုက်လေသည်။ မျက်နှာတွင် ရှက်သွေးလွှမ်းနေသည်ဟူ၍ အဏ္ဏာမလေးက ထင်လေသည်။

အဏ္ဏာမလေးက ..

''ဒီရုပ်တုကို အပြီးသတ်ပြီးတဲ့အခါ အရောင်ရော ခြယ်ဦးမှာလား''ဟု မေးလိုက်လေသည်။ ထိုအချိန်၌ ကာလအတန်ကြာက ဘုရားကျောင်းမှုခ်ဦးအတွက် လက်မှုပညာသည်များ ထုလုပ်သည့်မြေရုပ်တုများကို အဏ္ဏာမလေး သတိရလာသည်။

အာနန္ဒက ပြောလိုက်လေသည်။



''ဓာတ်သတ္တုတစ်ခုခုနဲ့ ရုပ်တုလုပ်ဖို့အတွက် ပထမ အခုလို ရွှံ့စေးနဲ့ပုံလောင်းရတယ်။ ပုံလောင်းထားတဲ့သဲပုံစံထဲ မြေစေးထည့်ပြီး ဂဏော့ရုံ ရုပ်တုတွေ ထုလုပ်သလို ဒီပုံစံထဲမှာ အရည်ကျိုထားတဲ့ ဓာတ်သတ္တုကို လောင်းပြီး ဓာတ်သတ္တုရုပ်တု ထုလုပ်ရတယ်''

အာနန္ဒသည် အလွန်တရာ သိလွယ်နားလည်လွယ်သော စကားလုံးများဖြင့် ဖူး၊ ဆောက်စသည်ကို အသုံးမပြုဘဲ ဓာတ်သတ္တုကို အရည်ကျို၍ ရုပ်တု ထုလုပ်သည့် နည်းလမ်းသစ်ကို အဏ္ဏာမလေးအား ရှင်းလင်းပြောပြလေသည်။ ထို ရုပ်တုရှေ့က ခန်းဆီးကိုဆွဲလျက် အာနန္ဒသည် တစ်ဖက်သို့ တွန်းပို့လိုက်လေသည်။ တခြားနေရာ တစ်နေရာတွင် ထောင်ထားသည့် 'စတင်း'ပေါ်က ပိတ်ကားပေါ်၌ အပြီးမသတ်သေးသော သဘာဝရှုခင်းပန်းချီကားတစ်ကား ရှိသည်။ တစ်ဖက်ရှိစားပွဲပေါ်က စက္ကူပေါ်တွင်ကား ရောင်စုံပန်းချီပုံတစ်ပုံ ရေးဆွဲထားသည်။ စက္ကူပေါ်၌ ရေးဆွဲထားသောဆေးကို ရေမြင့် စင်ဖျော်ရသည်။ ယင်းသို့ပြောလျက် အာနန္ဒသည် အဏ္ဏာမလေးအား ဆေးအမျိုးမျိုးနှင့်တကွ စုတ်တံ စသည်တို့ကို ပြလေသည်။

ထိုပန်းချီကားများကို သေသေချာချာကြည့်ရှုရန်နှင့် ခံစားမှုပြုလုပ်ရန်အတွက် တစ်နေ့လုံးလုံး အချိန်လိုသည်ဟူ၍ အဏ္ဏာမလေး သဘောပေါက်သွားသည်။ အခန်းထဲက ထောင့်တစ်ထောင့်တွင်ရှိသော မှန်ဗီရိုများထဲတွင် ရာပေါင်းများစွာသော စာအုပ်ထူကြီးများကို နေသားတကျ ထည့်ထားသည်။ မှန်ဗီရိုများတွင် ကပ်ထားသော ကတ်ပြားပေါ်၌ နိုင်ငံအသီးသီး၏ အမည်နာမများကို ရေးထားသည်။ ယင်းကတ်ပြားများကို တွေ့ရသောအခါ အဏ္ဏာမလေးက မေးလိုက်လေသည်။

''ဒီဗီရိုတွေထဲမှာ နိုင်ငံအသီးသီးနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို ရေးသားထားတဲ့ စာအုပ်တွေ ထားသလား''

''ဟုတ်တယ်၊ ဒီစာအုပ်တွေမှာ နိုင်ငံအသီးသီးက ပန်းချီပညာရှင်များနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ရေးသားထားတယ်''

ယင်းသို့ပြောလျက် အာနန္ဒသည် စာအုပ်ထူထူကြီးတစ်အုပ်ကို ထုတ်ယူပြီးလျှင် အဏ္ဏာမလေး၏လက်ထဲ ထည့်လိုက်လေသည်။ ထိုစာအုပ်တွင် အိန္ဒိယ အနုပညာများနှင့် ပတ်သက်သောအကြောင်းအရာများကို ရေးသားဖော်ပြထားသည်။

ထိုစာအုပ်၌ ဣန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုကို ဖော်ပြသည့် မိုဟန်ဂျိုဒရိုရုပ်တုများမှ စ၍ ခေတ်သစ်ပညာရှင်များလက်ထက်က ပန်းချီအနုပညာ၊ ပန်းပုအနုပညာများနှင့် ပတ်သက်သော လှပသည့်လက်ရာများနှင့် ရာပေါင်းများစွာသော ဆေးရောင်စုံ ပန်းချီပုံများ ပါဝင်သည်။ အဏ္ဏာမလေးသည် ထိုစာအုပ်ကိုကိုင်၍ ထိုနေရာ၌ ထိုင်ချလိုက်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော်လည်း တခြားအလုပ်ကိစ္စတစ်ခုနှင့် ထိုနေရာသို့လာခဲ့ခြင်းဖြစ်သည်ဆိုသည်ကို ရုတ်တရက် သတိရသွားသည်။ ထို့ကြောင့် ထိုစာအုပ်ကို အာနန္ဒအားပေးလျက် ကဒီရေရှန် အနီးသို့ ခပ်သုတ်သုတ်သွားပြီး ထိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဘယ့်နယ်လဲ၊ တော်တော်များများကြည့်ခဲ့ပြီးပြီလား''

ယင်းသို့မေးလျက် ကာဒီရေရှန်က ရယ်လိုက်သည်။ အဏ္ဏာမလေ၏ မျက်နှာကို အကဲခတ်လျက် အဏ္ဏာမလေ စိတ်ထဲတွင် ပေါ်လာသည့် အားရဝမ်းသာမှုနှင့် အံ့ဩမှုများကို ကာဒီရေရှန် သိရှိနားလည်သွားသည်။ အဏ္ဏာမလေက ခပ်မဆိတ်ထိုင်နေသည်။ ကာဒီရေရှန်ကလည်း အဏ္ဏာမလေထံမှ တစ်စုံတစ်ခုသော အဖြေစကားကို မမျှော်လင့်ပေ။

အာနန္ဒီသည် သူတို့နှစ်ဦးကို ထိုနေရာ၌ထားခဲ့ပြီး အလုပ်ကိစ္စ တစ်ခုခုလုပ်ရန် အိမ်ထဲဝင်သွားသည်။ အဏ္ဏာမလေသည် အလွန်နှိမ့်ချရိုကျိုးသော အမူအရာဖြင့် ကာဒီရေရှန်၏ ရှေ့၌ ကာဒီရေရှန်အား ပန်းချီအနုပညာ သင်ကြားဆည်းပူးလိုသည့် သူ၏အလိုဆန္ဒကို ထုတ်ဖော်ပြောပြသည်။ ထိုကိစ္စအတွက် သူ့ဖခင်က သူ့ကိုခွင့်ပြုလိုက်ပြီဆိုသည့်အကြောင်းကိုလည်း ပြောပြသည်။

အဏ္ဏာမလေ၏ စကားကိုကြားရသောအခါ ကာဒီရေရှန်သည် အတန်ကြာမျှ ခပ်မဆိတ်နေပြီးနောက် ရုတ်တရက် စိတ်ပါလက်ပါ ဖြစ်လာပြီးလျှင် ပြောလိုက်လေသည်။

''ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တက္ကသိုလ်မှာမှ ပန်းချီရေးနည်းဖြစ်စေ၊ ကဗျာဖွဲ့နည်းဖြစ်စေ သင်လို့ မတတ်မြောက်နိုင်ဘူး''

ကာဒီရေရှန်စကားကို ကြားရသောအခါ အဏ္ဏာမလေ ခေါင်းကုတ်လိုက်လေသည်။ ထို့နောက် ဤသို့စဉ်းစားမိလေသည်။ လမ်းမှာ ဆုံစဉ်အခါတုန်းက ငါ့ကို သူပင် ပန်းချီအနုပညာတက္ကသိုလ်မှာ ကျောင်းတက်ရန်အတွက် နှိုးဆော်တိုက်တွန်းခဲ့သည်။ ယခု ထိုတက္ကသိုလ်တွင် တက်ရောက်သင်ကြားဖို့ရန်အတွက် သူ့ထံမှ အကူအညီရယူရန် လာရောက်သောအခါ သူက ငါ့ကို ဤကဲ့သို့ စိတ်ပျက်အားလျော့အောင် လုပ်နေသည်။

''လက်နဲ့ပန်းချီဆွဲတဲ့ အလေ့အကျင့်ကိုလုပ်ရုံနဲ့ ပန်းချီအတတ်ပညာ တက်လာတယ်လို့၊ ပြီးတော့ လျှာကို အမြဲမပြတ်အသုံးပြုရုံနဲ့ ကဗျာအတတ်ပညာ တတ်လာတယ်လို့ မောင် ကြားဖူးမှာပေါ့။ အဲဒီစကားဟာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီစကားဟာ တစ်ဝက်တစ်ပျက်သာ မှန်တယ်လို့ ဦးပြောချင်တယ်''

အဏ္ဏာမလေ ဘာတစ်ခုမှ အဓိပ္ပာယ်နားမလည်ဖြစ်နေသည်။ ကာဒီရေရှန်ကိုသာလျှင် မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေမိသည်။ အတန်ငယ်ကြာသွားသောအခါ ကာဒီရေရှန်က တစ်ဖန်ပြောလိုက်ပြန်သည်။

''အရုပ်ဆွဲတဲ့အလေ့အကျင့် လုပ်ပြီးတဲ့အခါ တကယ်လို့ အရုပ်တစ်ခုခု ဆွဲဖြစ်သွားရင် အဲဒီအရုပ်မှာ ပုံသဏ္ဌာန်သက်သက်သာ ရှိနေပေလိမ့်မယ်။ အတွေးအခေါ်ဆိုတာ ရှိမှာ မဟုတ်ဘူး။ အဲဒီလိုပဲ စာပေကို သေသေချာချာ လေ့လာပြီးတဲ့နောက်မှာ တကယ်လို့ ကဗျာရေးဖွဲ့လို့ရှိရင်လည်း အဲဒီကဗျာမှာ စကားလုံးတွေ စုပေါင်းထားတဲ့ စကားလုံးအစုအဝေးကိုသာ တွေ့မြင်ရလိမ့်မယ်။ တကယ်ကတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အတွင်းသန္တာန်မှာ





အနုပညာအသိတို့၊ အတွေးစွမ်းအားတို့၊ သက်ဝင်လှုပ်ရှားနေတာတို့ရှိပါမှ ပန်းချီကားနဲ့ ကဗျာကို မွေးဖွားပေါ်ပေါက်လာအောင် လုပ်နိုင်ပေလိမ့်မယ်၊ ပန်းချီအနုပညာတက္ကသိုလ်မှာ ကျောင်းတက်ရင် အဲဒီအကျိုးကျေးဇူးကိုပဲ ရနိုင်တယ်''

ကာဒီရေရှန်ထွက်ပြသည့် ထူးခြားချက်များအနက်က မည်သည့်ထူးခြားချက် တစ်စုံတစ်ခု သူ့ထံတွင် ရှိမရှိဟူသည်နှင့်ပတ်သက်၍ အဏ္ဏာမလေ ဝေခွဲမရ ဖြစ်လာလေသည်။

''ကျွန်တော့်ပန်းချီကားတွေမှာ ...'' အဏ္ဏာမလေက တစ်စုံတစ်ခု မေးမည်ပြုလိုက်လေသည်။

''မောင့်ပန်းချီကားတွေမှာ အသက်ရှိတယ်ဆိုတာ ဦး ဟိုနေ့ကပဲ နားလည်သဘောပေါက်ခဲ့ပါတယ်။ မောင့်အတွင်းသန္တာန်မှာ အနုပညာအသိ အညွန့်အညှောင့်ပေါက်စပြုလာပါပြီ။ အဲဒီအညွန့်အညှောင့်ကို မောင်ဟာ တက်ကြွမှု လုံ့လဝီရိယသဟာပြုမှု အလေ့အကျင့်ပြုမှု စသည်တို့နှင့် ကြီးထွားအောင် ပြုလုပ်ရလိမ့်မယ်''

အဏ္ဏာမလေရေးဆွဲသည့် ပန်းချီကားများထဲက 'နာဂလိင်' ပန်းပွင့်ပုံသည် သူ့ကို ထူးထူးခြားခြား စိတ်ပါဝင်စားစေခဲ့သည်ဟူ၍ ကာဒီရေရှန်က ပြောပြသည်။ ကာဒီရေရှန်သည် တကယ့်ဆရာကြီးသမားကြီးဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း၊ အဏ္ဏာမလေထက် အဆမတန်ကြီးသည်။ သို့ရာတွင် ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပင် စကားပြောဆိုသည်။ ယင်းအချက်ကို အဏ္ဏာမလေ အလွန်တရာသဘောကျသည်။ ကာဒီရေရှန်ပြောပြသော စကားများကြောင့် တအားတက်သွားသည်။

အဏ္ဏာမလေက ပြောလိုက်လေသည်။

''ဦးကြီးတို့ခြံထဲမှာ ထိုင်ပြီးတော့ ကျွန်တော် ဒီပန်းပွင့်ဆွဲတာပါ''

''ဟုတ်လား၊ ဒီလိုဆိုရင် ဒီခြံထဲက ပတ်ဝန်းကျင်အနေအထားကို မောင် သဘောကျတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့''

အဏ္ဏာမလေအပေါ်တွင် ထိုနေရာမှ ပတ်ဝန်းကျင်အနေအထားမျှသာလျှင် မဟုတ်ပေ။ ထိုပတ်ဝန်းကျင်အနေအထားကို စိမ့်ဖန်တီးပြီး ထိုပတ်ဝန်းကျင်အနေအထား အတွင်း၌နေကြသော ထိုသက်ရှိပုဂ္ဂိုလ်နှစ်ဦးလည်း ဩဇာလွှမ်းမိုးနေလေသည်။ လက်ထဲတွင် စောင်းပိုက်ပြီး ထိုင်နေသော အာနန္ဒီသည် ဘယ်လောက်လှပြီး ဘယ်လောက် သူရသဘာဝနှင့် ကျွသနည်း။

''ပန်းချီအနုပညာတက္ကသိုလ်ကျောင်း ဖွင့်တဲ့အချိန်အထိ မောင် ဦးဆီလာပြီး ပန်းချီဆွဲ သင်နိုင်ပါတယ်။ တစ်ပတ်သုံးလေးရက်လောက် ညနေပိုင်းမှာလာရင် အကျိုးများကြီး ဖြစ်လာနိုင်ဖို့ရှိပါတယ်''

ကာဒီရေရှန်အား မည်သို့မည်ပုံ ကျေးဇူးတင်စကား ပြောရမည်ဖြစ်သည်ကို အဏ္ဏာမလေ နားမလည်အောင် ဖြစ်သွားသည်။ ထိုအိမ်သို့ မကြာခဏလာ၍ ကာဒီရေရှန်



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲထားသည့်ပန်းချီကားများကို ကြည့်ခွင့်နှင့် ကဒီရေရှန်၏စာအုပ်များကို ဖတ်ခွင့်ရလျှင် သူ့အတွက် အလွန်တရာ ကျေးဇူးများမည်ဟု အဏ္ဏာမလေ စဉ်းစားမိလေသည်။ ကဒီရေရှန်မှ ခွင့်ပန်ပြီးလျှင် ပြန်ဖို့ဟန်ပြင်လိုက်လေသည်။

"နေဦးလေ" ဟု ပြောလျက် ကဒီရေရှန်သည် ငှက်ပျောသီးထည့်ထားသည့်ဗန်းကို သူ့ ရှေ့တိုးပေးလိုက်လေသည်။ သူကိုယ်တိုင်လည်း အဏ္ဏာမလေနှင့်အတူ ငှက်ပျောသီး စားလေသည်။

ကဒီရေရှန်၏မျက်နှာတွင် ပြောင်းလဲမှု ဖြစ်ပေါ်လာလေသည်။ ယခုအထိ အနုပညာရှင်၏အသွင်သဏ္ဌာန်ဖြင့် မြင်နေရသော ကဒီရေရှန်သည် ရှောင်တခင် သာမန် သက်ရှိလူသားတစ်ဦးအသွင်အဖြစ် မြင်လာလေသည်။

မဒရပ်မြို့၌နေလာသော အဏ္ဏာမလေသည် လူပေါင်းများစွာနှင့် တွေ့ကြုံဆုံစည်း ခဲ့သည်။ သူနှင့်ဆုံသမျှ လူများသည်လည်း ကဒီရေရှန်ကဲ့သို့ပင် သူ့ကို မေးခွန်းပေါင်းများစွာ မေးခဲ့ကြဖူးသည်။

သူ၏မိဘဘိုးဘွားများသည် မဒရပ်မြို့၌ပင် နေထိုင်လာခဲ့ကြသလော။ သို့မဟုတ် တစ်နေရာမှပြောင်းလာပြီး ဤမြို့၌ အခြေချကြသလော။ သူ့မိဘဘိုးဘွားများသည် မည်သည့်အမျိုးဇာတ်များနည်း၊ သူ၏ဖခင်ဘာလုပ်သနည်း။ မဒရပ်မြို့၌ ကိုယ်ပိုင်အိမ် ရှိသလား၊ သို့မဟုတ် အိမ်ငှားနှင့်နေသလား။ သူ့မှာ ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိ သနည်း။ မဒရပ်မြို့မှာ သူ့ဆွေမျိုးသားချင်း ရှိသလား မရှိဘူးလား။ ထိုပုဂ္ဂိုလ်များနှင့် မည်သို့တော်သနည်း စသောစသော မေးခွန်းများဖြစ်လေသည်။ အခြားတစ်စုံတစ်ယောက်က အဏ္ဏာမလေအား ထိုမေးခွန်းများ မေးသည့်အခါ၌ အဏ္ဏာမလေသည် အဖြေစကား ပြောကြား ရင်း ခေါင်းရှုပ်ရှုပ်သွားလေသည်။ သို့ရာတွင် ကဒီရေရှန်၏ နှုတ်မှထွက်ပေါ်လာသော ယင်းမေးခွန်းများကို ကြားရသောအခါ အတိုင်းမသိ ဝမ်းမြောက်အားရခြင်း ဖြစ်မိလေသည်။

မိမိကို သူ ချစ်ခင်ကြင်နာမှုရှိသည်။ ထို့ကြောင့်သာလျှင် မိမိအကြောင်းကို ခရေစေ့ တွင်းကျ သိရှိနားလည်အောင် ကြိုးစားနေခြင်းဖြစ်သည်ဟူ၍ အဏ္ဏာမလေက စဉ်းစားသည်။ ကဒီရေရှန်မေးသည့် မေးခွန်းအားလုံးကို ပြန်ဖြေသည်။ သူ၏ ဦးကြီးဖြစ်သော ဒဏ္ဍပါဏီတို့၏ အိမ်ထောင်မိသားစုနှင့်ပတ်သက်သော အကြောင်းအရာကိုပင် မချန်မချင်း ကဒီရေရှန်အား ပြောပြလေသည်။

"ဟိုနေ့က မောင့်ကိုလာရှာတဲ့ သူငယ်က ဘယ်သူလဲ"

"ဦးကြီး··· မာဏိက္ကမ်ကို မေးနေတာနဲ့တူတယ်"

"ဟုတ်တယ်"

ကဒီရေရှန်၏ အမှတ်အသားကို သိရသည်ဖြစ်၍ အဏ္ဏာမလေ အလွန်တရာ အံ့သြသွားလေသည်။ အဏ္ဏာမလေသည် မာဏိက္ကမ်၏အလုပ်အကိုင်၊ ပညာဗဟုသုတ၊





လုပ်ငန်းကျွမ်းကျင်မှုတို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောပြလိုက်လေသည်။ စက်မှုတက္ကသိုလ်အစား ပန်းချီအနုပညာတက္ကသိုလ်၌ သူ တက်ရောက်မည့်ကိစ္စကို မာဏိက္ကမ် က သဘောမတူဆိုသည့်အကြောင်းကိုလည်း အဏ္ဏာမလေက ပြောပြလိုက်လေသည်။

"ဒီသူငယ်က တော်တော်ပါးပုံရတယ်"

ယင်းသို့ပြောလျက် ကဒီရေရှန်သည် စိတ်ထဲက ရယ်လိုက်မိလေသည်။

အဏ္ဏာမလေ ထိုအိမ်မှ ထွက်ခွာလာခဲ့သည်။ အိမ်အရှေ့ဘက်အခန်း၌ ထိုင်နေသော အာနန္ဒီက သူ့ကို တံခါးဝအထိလိုက်ပို့သည်။ ရှေးဘဝက ကုသိုလ်ကံကြောင့်သာလျှင် ယနေ့ သူသည် အာနန္ဒီနှင့်အတူတကွ လမ်းလျှောက်ခွင့်ရသည် ဟူ၍ အဏ္ဏာမလေ စဉ်းစားတွေးတော နေလေသည်။

✦ ✦ ✦

နှလုံး၏အတွင်း၌ ရာထောင်များစွာသော ရောင်စုံပန်းပွင့်များပွင့်လျက် ရနံ့မျိုးစုံ ကြိုင်လှိုင်နေခဲ့ဖူးသလော။ လှသောနေ့နှင့် ည၏ကောတိုင်း နာရီတိုင်း၌တွင် နှလုံးခုန်ခြင်းနှင့် အတူတကွ အသံညီလျက် ချိုသာသောသီချင်းဂီတကို သီဆိုဖူးသလော။ ရောင်မျိုးစုံ ခြယ်ထားသည့် ဥဒေါင်းသည် သူ၏တောက်ပသော အတောင်ကို ဖြန့်လျက်ကပြီးလျှင် ကြည့်နေသူများအား ကြက်သီးမွေးညင်းထအောင် လုပ်ဖူးသလော။

ကဒီရေရှန်တို့၏ အိမ်သို့ စတင်သွားပြီးသည့်နောက်ပိုင်း၌ကား အဏ္ဏာမလေ၏ စိတ်နှလုံးသည် ကနေသော ဥဒေါင်းကဲ့သို့လည်းကောင်း၊ တွန်ကြူးနေသော ဥသြကဲ့သို့လည်း ကောင်း၊ ပန်းပွင့်များအပြည့်ရှိနေသည့် ပန်းဥယျာဉ်ကဲ့သို့လည်းကောင်း ဖြစ်လာလေသည်။ ကဒီရရှန်က သူ့ကို တစ်ပတ်သုံးလေးကြိမ်မျှ အဘယ့်ကြောင့် ခေါ်သနည်း။ နေ့စဉ် အဘယ်ကြောင့်မခေါ်သနည်းဟူ၍ အဏ္ဏာမလေ စဉ်းစားနေမိသည်။ အနုပညာတက္ကသိုလ် ကျောင်း ဖွင့်ပြီးသည့်နောက်၌လည်း အကယ်၍ မိမိသည် အနုပညာတက္ကသိုလ်ကျောင်းသို့ မသွားဘဲ ကဒီရေရှန်ထံမှသာလျှင် ပန်းချီနည်း သင်ကြားဆည်းပူးနေရလျှင် မကောင်းပေ ဘူးလော။

တစ်လ ကုန်ဆုံးကျော်လွန်လာခဲ့လေပြီ။ အဏ္ဏာမလေ အပြောင်းအလဲ ဖြစ်လာ ခြင်းကို သူ၏မိခင် မီနာချီအမ္မာလ ရိပ်မိလာလေသည်။ အဏ္ဏာမလေ၏မျက်နှာတွင် ရွှင်လန်းမှုရှိလာသည်။ မျက်လုံး၌ ရောင်ခြည်ပြက်လာသည်။ သွားလာလှုပ်ရှားခြင်း၌ သွက်လက်ဖျတ်လတ်မှု ရှိလာသည်။ စကား၌ ရွှင်စမ်းမှုရှိလာသည်။ လင်ယောကျ်ားနှင့် အတူတကွ အိမ်ထောင်သစ်ထူထောင်သောဇနီးသစ်၌ မြင်ရသည့် ပြောင်းလဲမှုမျိုးကို အဏ္ဏာမလေတွင် တွေ့မြင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com

လူငယ်လူရွယ်များသည် အလုပ်ခွင်၌ မိမိတို့တက်လှမ်းလိုသည့်အမြင့်သို့ တက်ရောက်လာသည့်အခါ ယင်းကဲ့သို့သော ပြောင်းလဲမှုမျိုး ပေါ်လာတတ်သည်ဟူ၍ မီနာချီ အမွှာလ စဉ်းစားမိလေသည်။ သူ၏လင်ယောက်ျားသည် အလုပ်သင် ပန်းရန်ဆရာလေးဘဝမှ ပန်းရန်ဆရာကြီးဖြစ်လာပြီး 'လုပ်စပိုမိုရလာသည့်အခါတုန်းကလည်း ဤကဲ့သို့သော ပြောင်းလဲမှုမျိုး ပေါ်လာခဲ့ဖူးသည်။ ဆင်းဆင်းရဲရဲ ဘဝအတွက် ရုန်းကန်လှုပ်ရှားစဉ်က ဆုံးရှုံးပျောက်ကွယ်သွားသော သူ၏ပျိုရွယ်မှုသည် အသက် လေးဆယ်အရွယ်လောက်၌ သူ့ထံ တစ်ဖန်ပြန်ရောက်လာသည်။ ထိုအခါကျမှ ကျိဒမ္ဗရမ်သည် မီနာချီအမွှာလနှင့်အတူ ရယ်နိုင်မောနိုင် စကားပြောနိုင် ဖြစ်လာသည်။ မီနာချီအမွှာလအား ဈေးနှင့်ဘုရားကျောင်းသို့ ခေါ်သွားနိုင်သည့်အခြေသို့ ရောက်လာသည်။ မီနာချီအမွှာလနှင့်အတူ ပင်လယ်ကမ်းခြေသွား၍ ပင်လယ်လေ ရှူနိုင်ရှိုက်နိုင်သည့်အခြေသို့ ရောက်လာသည်။ မေ့ပျောက်၍မရနိုင်သည့် ထိုနေ့ရက်များ၌ပင် မီနာချီအမွှာလသည် အဏ္ဏာမလေကို မွေးဖွားခဲ့လေသည်။

သူ၏ ယင်းနေ့ရက်အခါကာလများကို အဏ္ဏာမလေသည် တစ်သက်လုံး မေ့နိုင်စွမ်းမရှိခဲ့ပေ။ နေ့လယ်မွန်းတည့်ချိန်၌ ကဒီရေရှန်တို့၏ အိမ်သို့သွားရန်အတွက် အဏ္ဏာမလေသည် မနက်ကတည်းကပင် ပြင်စရာရှိသမျှကို ပြင်ဆင်ထားသည်။ ကဒီရေရှန်တို့၏ အိမ်မှပြန်လာပြီးသည့်နောက်၌လည်း ထိုအိမ်တွင်တွေ့မြင်ရသော အရာဝတ္ထုအမျိုးမျိုးနှင့်ပတ်သက်၍ စားမြုံ့ပြန်ခြင်းသည် သူ့အတွက် အချိန်ကုန်မှန်းမသိ ကုန်သွားစေရန် အလွန်လုပကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်လာလေသည်။

အဏ္ဏာမလေသည် အာနန္ဒီနှင့် စကားပြောရခြင်း စသော အခွင့်အရေးများကို အကြိမ်များစွာ ရရှိသည်။ အာနန္ဒီသည် လူမှုရေး စည်းကမ်းထုံးတမ်းများနှင့် တင်းတင်းကျပ်ကျပ် ချည်နှောင်ထားခြင်းခံရသော မိန်းမပျိုတစ်ဦးကဲ့သို့လည်း သူနှင့် ခပ်ခွာခွာ ခပ်ကင်းကင်း မနေပေ။ ယင်းကဲ့သို့သော အနှောင်အဖွဲ့များဖြင့် ချည်နှောင်ခြင်း မခံရသည့် လွတ်လပ်သော အတွေးအခေါ်ရှိသူဖြစ်သည်။ သို့သော်လည်း မိမိအတွက် မိမိကိုယ်တိုင်ပင် စည်းကမ်းကလနားများကို သတ်မှတ်ထားသည်။ ယင်းသို့ပင် အဏ္ဏာမလေက နားလည်လေသည်။

တစ်ခါတစ်ရံ ပန်းချီရေးဆွဲနေသည့်အချိန် ကဒီရေရှန်သည် သားမေ့ မယားမေ့ ဖြစ်နေတတ်သည်။ ထိုအချိန်မျိုး၌ ကဒီရေရှန်ကို ပြုစုယုယရသည့်တာဝန်သည် အာနန္ဒီ အပေါ် ကျရောက်လာသည်။ အလုပ်လုပ်နေစဉ် တစ်စုံတစ်ဦး လာရောက်နှောင့်ယှက်သည်ကို ကဒီရေရှန်သည် လုံးဝ သည်းခံနိုင်ခြင်းမရှိပေ။ ယင်းကဲ့သို့သော အချိန်မျိုး၌ အာနန္ဒီသည် ဖခင်အလုပ်လုပ်ပြီးချိန်ကိုစောင့်ရင်း အဏ္ဏာမလေနှင့် စကားစမြည် ပြောနေတတ်သည်။ သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် မေးတစ်ခွန်း ပြောတစ်ခွန်းလောက်သာ စကားပြောကြသည်။ သို့ရာတွင် အာနန္ဒီ၏အနီး၌ ထိုင်နေရခြင်းသည် အဏ္ဏာမလေအတွက် ရွှင်လန်းချမ်းမြေ့ဖွယ် အတွေ့အကြုံတစ်ခုဖြစ်နေသည်။ ကဒီရေရှန်အနား ရောက်သွားသည့်





အခါ၌ကား အာနန္ဒီသည် သူ့ဖခင်ညွှန်ကြားပြောပြသည့် အလုပ်ကိစ္စများကို လုပ်ပေးနေတတ်သည်။

တစ်နေ့သ၌ နေ့လယ် မွန်းတည့်ချိန် အဏ္ဏာမလေ ကဒီရေရှန်တို့ အိမ် ရောက်သွားသောအခါ ကဒီရေရှန်သည် အိမ်၌မရှိပေ။ သူ့ဖခင် အရေးကြီးသောကိစ္စတစ်ခုနှင့် မြို့ဘက်သွားသည်ဟူ၍ အာနန္ဒီက ပြောပြလေသည်။ အဏ္ဏာမလေသည် စိတ်ခပ်လေးလေးဖြင့် "ဒီလိုဆိုရင် ကျွန်တော် ပြန်တော့မယ်၊ မနက်ဖြန်ကျမှ တစ်ခါလာခဲ့မယ်" ဟု ပြောလိုက်လေသည်။

အာနန္ဒီက ပြောလေသည်။

"ခဏနေပါဦးလား၊ ဖေဖေ ပြန်လာပါလိမ့်မယ်၊ အချိန်နောက်ကျမှ ပြန်မယ်ဆိုရင် ကျွန်မကို ပြောပြီးသွားတတ်ပါတယ်"

ကဒီရေရှန် မရှိသည့် အချိန်၌လည်းကောင်း၊ သို့မဟုတ် အာရုံစူးစိုက်ပြီး ပန်းချီဆွဲနေသည့်အခါ၌လည်းကောင်း၊ အဏ္ဏာမလေသည် ကဒီရေရှန်၏ စတူဒီယိုအတွင်းသို့ သွားလေ့မရှိပေ။ ထို့ကြောင့် အပြင်ဘက်အခန်းထဲက ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လိုက်လေသည်။

အဏ္ဏာမလေသည် အာနန္ဒီနှင့် စကားပြောလိုသည့်ဆန္ဒ ပေါ်ပေါက်လာသည်။ သို့ရာတွင် မည်သို့မည်ပုံ စကားစပြောရမည်ဆိုသည်ကို မတွေးတတ်အောင်ဖြစ်နေသည်။ အာနန္ဒီလည်း အဏ္ဏာမလေနှင့် စကားပြောဆိုရန် ဆန္ဒထက်သန်နေသည်။ ပြတင်းပေါက်ဘက်ဆီမှ အေးမြသော လေပြည်လေညင်းသည် အခန်းထဲ ဝင်လာလေသည်။ ထို့ကြောင့် အာနန္ဒီ၏ ဦးခေါင်းတွင်ပန်ထားသော စံပယ်ပန်းရနံ့သည် အဏ္ဏာမလေထံ ရောက်လာသည်။ အဏ္ဏာမလေက စံပယ်ပန်းနံ့ကို တစ်ဝရှူရှိုက်လိုက်လေသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

"အာနန္ဒီ ဖေဖေ ထုလုပ်တဲ့သုရဿတီ ရုပ်တုလိုလှတဲ့ရုပ်တုမျိုး ကျွန်တော် ဒီနေ့အထိ ဘယ်မှာမှမတွေ့ဖူးဘူး၊ ဒီရုပ်တု ဘယ်သူ့အတွက် ထုလုပ်တယ်ဆိုတာ အာနန္ဒီ သိသလား"

အဏ္ဏာမလေထံမှ ထိုရုပ်တုအကြောင်း ပြောပြသည်ကို ကြားရသည့်အခါ အာနန္ဒီ၏ ပါးနှစ်ဘက်တွင် ရှက်သွေးလျှမ်းသွားလေသည်။ အဏ္ဏာမလေ သူ့အကြောင်းပြောနေသည်ဟူ၍ အာနန္ဒီသည် တစ်ခဏမျှ တွေးမိသွားလေသည်။ သူ၏ဦးခေါင်းသည် ရှက်စိတ်ကြောင့် ငိုက်ကျသွားလေသည်။ ထိုအတိုင်း ရပ်နေရင်းကပင် ပြောလိုက်လေသည်။

"တကယ်လို့ တစ်စုံတစ်ယောက်ကို ပေးမယ့်ဟာဆိုရင် ကျွန်မကို 'မိုဒယ်'အဖြစ်နဲ့ အထိုင်ခိုင်းပြီး ဒီရုပ်တုကို ဆွဲမှာမဟုတ်ပါဘူး။ တခြားလူများအတွက် ပန်းချီကား ဆွဲတဲ့အခါ ဖြစ်စေ ရုပ်တုထုလုပ်တဲ့အခါဖြစ်စေ ဖေဖေက ကျွန်မကို 'မိုဒယ်'အဖြစ် ဘယ်တော့မှ အထိုင်မခိုင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤမေးခွန်းကို သူ အဘယ်ကြောင့် မေးမိလိုက်သနည်းဟူ၍ အဏ္ဏာမလေ သူ့ကိုယ်သူ အပြစ်တင်နေသည်။ ထို့နောက် "ကျွန်တော့်ကို ခွင့်လွှတ်ပါ" ဟု ပြောလိုက်လေသည်။ အဏ္ဏာမလေ စကားမပြောမဆိုဘဲ ငြိမ်ထိုင်နေရမှာ စိုးရိမ်မိသည့်အတွက် အာနန္ဒီက ပြောလိုက်သည်။

"အဲဒီရုပ်တုကို ကျွန်မတို့ခြံထဲက သစ်ပင်တွေကြားထဲမှာရှိတဲ့ ကုန်းမြင့်တစ်ခုပေါ်မှာ ထားမယ်လို့ ဖေဖေက ရည်ရွယ်ထားပါတယ်"

အာနန္ဒီ၏နှုတ်မှ "ကျွန်မတို့ခြံ" ဆိုသည့် စကားလုံးကိုကြား၍ အဏ္ဏာမလေ အလွန်တရာ ဝမ်းသာအားရဖြစ်သွားသည်။ အာနန္ဒီသည် သူ့ကိုလည်း သူတို့အိမ်သား တစ်ယောက်အဖြစ် လက်ခံသတ်မှတ်လိုက်ပြီဟူ၍ အဏ္ဏာမလေ ထင်နေမိလေသည်။

အတန်ငယ်ကြာသောအခါ အာနန္ဒီက ပြောလိုက်ပြန်သည်။

"ဒီအိမ်က သိုပ်ဟောင်းနေပြီ။ ဒီအိမ်ကိုဖျက်ပြီး အသစ်ပြန်မဆောက်ရင် တစ်ခါခါမှာ ကျွန်မတို့ခေါင်းပေါ် ပြိုကျမှာ စိုးရိမ်ရတယ်။ ဒီအိမ်ပြန်ပြင်ဆောက်ပြီးတဲ့ အခါကျတော့ ဒီရုပ်တုကို အိမ်ရှေ့ဘက်မှာထားဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါကလည်း အကြောင်းတစ်ကြောင်း ရှိနေတယ်"

"ဘာပြောတယ်၊ အကြောင်းတစ်ကြောင်း ဟုတ်လား"

"ဟုတ်တယ်"

ယင်းသို့ပြောလျက် အာနန္ဒီသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူ၏နှလုံးသည် ငိုနေသည်။ သူက ဆက်ပြောသည်။

"ကျွန်မရဲ့ အမေနာမည်က ဆရစ္စတီ(သူရဿတီ)လို့ခေါ်တယ်။ ဆရစ္စတီဆိုတဲ့ နာမည်နဲ့ လိုက်လျောညီစွာပဲ ကျွန်မမေမေဟာ ဖေဖေ့အနုပညာရဲ့အခြေခံလည်း ဖြစ်ခဲ့တယ်။ မေမေ ကွယ်လွန်သွားပြီးတဲ့အခါကျတော့ ဖေဖေရဲ့အခြေအနေဟာ မိခင်မရှိတဲ့ ကလေးသူငယ်လို ဖြစ်လာခဲ့တယ်"

အာနန္ဒီ၏ဖခင်မှာ စိတ်မကောင်းခြင်း အပြည့်အဝဖြစ်ခဲ့ရသည်။ ထိုအဖြစ်အပျက်ကို ပြောပြသောအခါ အာနန္ဒီအလွန်တရာ စိတ်မချမ်းမသာဖြစ်နေသည်ကို တွေ့ရ၍ အဏ္ဏာမလေလည်း စိတ်ထိခိုက်သွားသည်။ အာနန္ဒီ၏အသံသည် ငိုသံပါလာသည်။ မျက်လုံး၌ မျက်ရည်စို့လာသည်။ အခုပင် ငိုတော့မည်ထင်နေရသည်။ သူ့အမေအကြောင်း ပြန်ပြောင်း သတိရခြင်းသည် အာနန္ဒီအား မည်မျှ စိတ်နှလုံးထိခိုက်မှု ဖြစ်ပေါ်စေသည်ဆိုသည်ကို မိမိမျက်စိဖြင့် ကိုယ်တိုင်ကိုယ်ကျတွေ့ရသောအခါ အဏ္ဏာမလေသည် အာနန္ဒီအား ယောင်၍မျှပင် သူ့မိခင်အကြောင်းကို မေးမြန်းခြင်း မပြုလုပ်တော့ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုအိမ်သည် အတွင်းအပြင် နှစ်ခုလုံး၌ပင် ရွှင်လန်းဝမ်းသာမှု ပင်လယ်ထဲတွင် အပြည့်အဝနစ်မြုပ်နေသည်ဟူ၍ အဏ္ဏာမလေ ထင်ထားခဲ့သည်။ မိမိကိုယ်ကိုမိမိ ပြောလိုက်မိလေသည်။





"ဒီမှာလည်းပဲ ဒုက္ခနဲ့ပါကလား"

ယင်းကဲ့သို့သော အဖြစ်အပျက်များမှာမူ အိမ်တိုင်းအိမ်တိုင်း၌ ဖြစ်ပျက်ခဲ့သည်သာ ဖြစ်သည်။ ဤအိမ်၌ ယင်းအဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်မှာ အချိန်မကြာလှသေးသောကြောင့် သူတို့ ထိုဒုက္ခကို ခံနိုင်ရည်မရှိ ဖြစ်နေကြခြင်းဖြစ်သည်ဟူ၍ အဏ္ဏာမလေ တွေးမိလေသည်။

"မေမေ့အကြောင်း မေ့မေ့ပျောက်ပျောက် ဖြစ်နေစေလိုတဲ့အတွက် ဖေဖေဟာ အမြဲမပြတ် ပန်းချီဆွဲနေတာဖြစ်တယ်၊ အဲဒီလိုမှ မလုပ်ရင် ဖေဖေဟာ ခုတင်ပေါ်မှာ လဲနေမှာ သေချာတယ်"

အဏ္ဏာမလေသည် အကြောင်းအရာ လို၍လွှဲပြီး၊ အာနန္ဒီအား မေးလိုသည်မှာ အချိန်အတော်ကြာနေပြီ။ မေးခွန်းတစ်ခု ပြောင်းမေးလိုက်လေသည်။

"စတူဒီယိုမှာ အာနန္ဒီရဲ့ ပုံတစ်ပုံမှ မရှိပါလား၊ အာနန္ဒီရဲ့ဖေဖေက အာနန္ဒီကို ကြည့်ပြီး ပန်းချီကားတစ်ပုံမှ မဆွဲဘူးလား"

အဏ္ဏာမလေသည် ယင်းမေးခွန်းကို မေးချလိုက်သော်လည်း အတန်ငယ် အရဲစွန့် လိုက်သည်ဟူ၍ သူ့ကိုယ်သူ တွေးနေမိလေသည်။

အာနန္ဒီသည် သူ၏မျက်လုံးနှစ်ဖက်ကို အပြည့်အဝ ဖွင့်လိုက်ပြီးလျှင် အဏ္ဏာမလေအား စူးစိုက်ကြည့်လိုက်သည်။ သူ၏နှုတ်ခမ်း၌ အပြုံးပန်းပွင့်လာသည်။

"အဲဒီလို ပန်းချီကားတွေ အထဲမှာ ရှိပါတယ်၊ လာလေ ကြည့်ရအောင်"

အာနန္ဒီသည် အဏ္ဏာမလေကိုခေါ်ပြီး အိမ်အပြင်းဘက် အခန်းထဲ ဝင်သွားသည်။ ထိုအတွင်းခန်းထဲက နံရံပေါ်တွင် ကဒ်ရေရှုန်နှင့် ဖန်းပုံအပြင် အာနန္ဒီ၏ပုံကိုပါ တစ်ပုံစီ တစ်ပုံစီ ဆွဲချိတ်ထားသည်။ မီးဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အဏ္ဏာမလေသည် ကြက်သီး မွေးညင်း ထသွားသည်။ ကျွန်ုပ်နှစ်ဦး၏ ပန်းချီပုံများကို သေသေချာချာ မကြည့်ပေ။ သို့မဟုတ် ထိုပုံများကို သူ မမြင်ရဟု ပြောလိုက ပြောနိုင်သည်။

နံရံတွင်ချိတ်ထားသော အာနန္ဒီ၏ရုပ်ပုံပန်းချီကားကို တွေ့မြင်ရသောအခါ အာနန္ဒီသည် ထိုပန်းချီကားထဲမှ ခုန်ထွက်ပြီး သူ့ဆီသို့ လာနေသည်ဟူ၍ အဏ္ဏာမလေ ထင်နေမိသည်။ ညနေဆည်းဆာအချိန် ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်၌ အာနန္ဒီသည် ခြေလှမ်းလှမ်းနေသည်။ နေမဝင့်တဝင် ထိုဆည်းဆာအချိန်၌ ခပ်လှမ်းလှမ်း တစ်နေရာတွင် ကောင်းကင်နှင့် ပင်လယ်သည် တစ်သားတည်းရောစပ်နေသည်။ ငုပ်လျှိုးသွားပြီဖြစ်သည့် နေ၏ရောင်ခြည်များသည် အာနန္ဒီ၏မျက်နှာနှင့် ရင်သားပေါ်၌ ဖြာကျနေကြသည်။ လေထဲတွင်လွင့်ပျံနေသည့် သူ၏ဆံပင်များသည် နဖူးပေါ်တွင် ဖွာရရာကျဲနေသည်။ ညင်ညင်သာသာ တိုက်ခတ်လာသော တောင်လေတွင် သူ၏ ဆာရီအနားစသည် တဖျပ်ဖျပ် လွင့်နေသည်။ တကယ် အသက်ဝင်ရှားရှိနေသည့် အာနန္ဒီသည်သာလျှင် အလွန်တရာ ရွှင်လန်းတက်ကြွသော အမူအရာဖြင့် သူ့ဘက် လှမ်းလာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပုံထဲတွင် မိမိအား စူးစိုက်ကြည့်နေသော အင်္ဂလာမလေး၏မျက်လုံးကို တွေ့ရသဖြင့် အာနန္ဒီသည် ရှက်စနိုးဖြစ်လာလေသည်။ အင်္ဂလာမလေးသည် တခြား ထောင့်တစ်ထောင့် သွားပြီး ရပ်နေလိုက်သည်။ ပန်းချီရုပ်ပုံထဲက အလှပျိုသည် မျက်လုံးလှည့်လျက် သူ့ကို လှမ်းကြည့်နေသည်။ သူဘယ်သွားသွား ရုပ်ပုံထဲကအလှပျိုသည် သူသွားသည့်ဘက် လှမ်းကြည့်နေသည်။

"ဒါ တကယ်အမှန်လား၊ ဒါ တကယ်အမှန်လား"

ရုပ်ပုံထဲတွင် အာရုံစူးစိုက်နေသည့် အင်္ဂလာမလေး၏မျက်လုံးသည် ရုတ်တရက် မိမိအပါး၌ ရပ်နေသော အာနန္ဒီကို လိုက်ရှာသည်။ အာနန္ဒီ ထိုနေရာ၌ မရှိတော့ပေ။ အင်္ဂလာမလေးသည် အပြင်ဘက်ခန်းထဲ ပြေးထွက်လာပြီးလျှင် ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သည်။ သက်ပြင်းတစ်ချက် ရှူရှိုက်လိုက်သည်။ တစ်ကိုယ်လုံး ချွေးပြန်လာသည်။ အတန်ကြာမျှ မျက်လုံးမှိတ်ထားလိုက်လေသည်။ အတန်ငယ်ကြာသွားပြီးနောက် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ရှေ့တွင်ရပ်လျက် သူ့ကို အချစ်ရည်ပြည့်လျှမ်းနေသော မျက်လုံးဖြင့်ကြည့်နေသည့် အာနန္ဒီကို တွေ့မြင်ရလေသည်။ အင်္ဂလာမလေးသည် ဘာကိုမျှပြောလိုသည့်စိတ်ဆန္ဒ မရှိပေ။ အာနန္ဒီကလည်း ဘာကိုမျှမပြောလိုပေ။ အင်္ဂလာမလေးသည် ဘာတစ်ခွန်းမှ မပြောမဆိုဘဲ အခြားကုလားထိုင် တစ်လုံးတွင် သွားထိုင်နေလိုက်သည်။

"မောင် အကြာကြီးစောင့်နေရတယ် ဟုတ်လား"

ယင်းသို့ပြောလျက် ကဒီရေရှန်သည် သူ့ကိုထိုင်စောင့်နေသော အင်္ဂလာမလေးအား ခေါ်ခဲ့ပြီးလျှင် စတူဒီယိုအခန်းထဲ ဝင်လာသည်။ ကဒီရေရှန်သည် ခုံတစ်ခုံပေါ်၌ နာရီ၊ ပန်းအိုး၊ စာအုပ် စသည်တို့ကိုထားပြီးလျှင် အင်္ဂလာမလေးအား ပြောလိုက်လေသည်။

"ဒီပစ္စည်းတွေကိုကြည့်ပြီး မောင် ပန်းချီကား စဆွဲပေတော့၊ ဦးလည်း ဒီနေ့ ပန်းချီကားတစ်ကား အပြီးသတ်စရာရှိနေတယ်၊ ဦး အခုပဲလာခဲ့မယ်"

ယင်းသို့ပြောလျက် ကဒီရေရှန်သည် အိမ်ထဲဝင်သွားသည်။

ထိုနေ့အဖို့တွင် သက်မဲ့ပစ္စည်းများကိုကြည့်လျက် ပန်းချီဆွဲရခြင်း၌ အင်္ဂလာမလေးသည် စိတ်မပါဖြစ်နေသည်။ စိတ်နှလုံး ဂနာမငြိမ်ဖြစ်နေသည်။ ခဏမကြာခင်က အိမ်အတွင်းဘက်၌ တွေ့ခဲ့သော အာနန္ဒီ၏အသက်ဝင်နေသော ရုပ်ပုံကားကို မေ့ဖျောက်၍မရဖြစ်နေသည်။ ယင်းပုံကို ကဒီရေရှန်သည် မကြာခင်ကမှ ဆွဲထားခြင်းဖြစ်ပေလိမ့်မည်။ အသိအကျွမ်းဖြစ်လာခဲ့သည်မှာ နေ့ရက်များစွာ ကြာခဲ့ပြီဖြစ်သော်လည်း အင်္ဂလာမလေး၏မျက်လုံးသည် အာနန္ဒီ၏ ထူးခြားသောအလှ၏ လျှို့ဝှက်ချက်ကို ထိုရုပ်ပုံ၏အကူအညီဖြင့်သာ သိရှိနားလည်သွားသလိုဖြစ်နေလေသည်။ အင်္ဂလာမလေးသည် အလွန်တရာ အရှက်ကြီးသူဖြစ်သည်။ အာနန္ဒီနှင့် နှစ်ဦးချင်းကပ်လျက် အာနန္ဒီ၏မျက်ဝန်းထဲတွင်ကား ဆန်းသစ်သောရောင်ခြည်များ အပြည့်ရှိနေသည်။ အင်္ဂလာမလေးသည် အမြင်သစ်တစ်ခု ရရှိသွားသည်။





ထိုအခိုက် သူ့ဖခင်လုပ်မည့်အလုပ်အတွက် လိုအပ်သောပစ္စည်းများ အဆင်သင့်ဖြစ်စေရန် အာနန္ဒီသည် ထိုနေရာသို့ရောက်လာပြီးလျှင် သူ့ဖခင်၏စားပွဲအနီးသို့ တန်းသွားလေသည်။ ပန်းချီရေးဆွဲနေချိန်၌ ကဒီရေရှန်၏အနီးတွင် ရေဖြည့်ထားသော ရေတကောင်းတစ်ခု မုချလိုအပ်သည်။ ရေတကောင်းတွင် ရေဖြည့်ပြီးသည့်နောက် အာနန္ဒီသည် သူ့ဖခင်၏ မဲတံများကို ချွန်ထားသည်။ ရှုပ်ထွေးကပ်နေသော အညစ်အကြေးများကိုလည်း သန့်စင်အောင် လုပ်ထားလိုက်သည်။ ရုပ်တံများကို ဆေးကြောပြီးလျှင် ပန်းကန်ပြားထဲတွင် နေရာတကျ စီစဉ်ထားသည်။ စားပွဲ၌ရှိနေသော စက္ကူတွင်ရေးဆွဲထားသည့် ပန်းချီကားကို တွေ့မြင်ရသည်ဖြစ်၍ ယင်းကားတွင်ခြယ်မှုန်းရန် ဆေးအမျိုးမျိုးကို ရေနှင့်ရောစပ်လျက် အရောင်အသွေးကျအောင် ပြုလုပ်ထားသည်။

အင်္ဂလာမလေးသည် အာနန္ဒီလုပ်နေသော အလုပ်အားလုံးကို မမှိတ်မသုန် ကြည့်ရှုနေသည်။ ကဒီရေရှန်သည် အလွန်ကုသိုလ်ကံထူးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်၏ဟု ထင်မြင်ယူဆနေမိသည်။ အာနန္ဒီသည် ပန်းချီဆရာတစ်ဦး၏သမီးအဖြစ်ဖြင့် မွေးဖွားလာခြင်းဖြစ်သည်။ ကဒီရေရှန်သည် သူ၏အနုပညာအလုပ်၌ အကူအညီရအောင် အာနန္ဒီအား မွေးမြူကြည့်ရှုလာခဲ့သလား မသိပေ။ အာနန္ဒီသည် ပေါ့ပါးဖျတ်လတ်စွာဖြင့် သူ့ဖခင်အတွက် အသေးအဖွဲ အလုပ်ကလေးများကို စနစ်တကျ လုပ်ပေးသည်။

ထိုအချိန်၌ အာနန္ဒီ၏ နူးညံ့ပျော့ပျောင်းသော လက်ကိုလည်းကောင်း၊ လှပသော လက်ချောင်းကလေးများကိုလည်းကောင်း၊ အင်္ဂလာမလေး မကြည့်ဘဲ မနေနိုင်ပေ။ အာနန္ဒီသည် မည်သည့်အလုပ်ကိုမဆို အာရုံစိုက်၍ စိတ်ပါလက်ပါ ပြုလုပ်နေစဉ် ဆူဆူညံညံအသံ တစ်စက်မှ မထွက်ပေ။ တိတ်ဆိတ်ငြိမ်သက်စွာသာလျှင် လုပ်သည်။ ယင်းအချက်ကို တွေ့မြင်ရ၍ အင်္ဂလာမလေး တအံ့တဩ ဖြစ်နေမိသည်။

အင်္ဂလာမလေးသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသည်။ ထို့ကြောင့် အာနန္ဒီအား မိမိက ကြည့်နေသည်ဆိုသည်ကို အာနန္ဒီသိမည်မဟုတ်ဟူ၍ ထင်နေသည်။ အာနန္ဒီက သူ့ဘက်လှည့်မကြည့်ပေ။ အခန်းထဲတွင် ချိတ်ဆွဲထားသည့်မှန်ကြောင့် သူ ခိုးကြောင်ခိုးဝှက် ကြည့်နေသည်ကို ဖမ်းမိသွားသည်။ မှန်ထဲက အင်္ဂလာမလေး၏ရုပ်ပုံကို တွေ့မြင်ရသောအခါ အာနန္ဒီသည် အင်္ဂလာမလေး၏ ပြုံးကျယ်နက်မှောင်သော မျက်လုံးထဲတွင် ပေါ်လာသည့်သဘောထားကို ကြိုးစား၍ နားလည်သဘောပေါက်အောင်လုပ်သည်။ ယင်းမျက်လုံးထဲတွင် အလှကို နားလည်မှု၊ အနုပညာကို ချစ်မြတ်နိုးမှု၊ အထူးအဆန်းကို အကဲခတ်မှုများ ရောနှောပေါင်းစုနေသည်ကို အာနန္ဒီ တွေ့မြင်ရသည်။ ယောကျ်ားပျိုတစ်ဦးအနေဖြင့် မိန်းမပျိုများအား တပ်မက်သောအကြည့်ဖြင့် စူးစိုက်ကြည့်သည့်အခါတွင် ယင်းယောကျ်ားပျို၏မျက်လုံးတွင် ပေါ်နေသော အပြစ်မကင်းသည့် သဘာဝမျိုးကို အင်္ဂလာမလေး၏မျက်လုံးတွင် စိုးစဉ်းမျှပင် မမြင်မတွေ့ရပေ။ အာနန္ဒီသည် စိတ်ထဲကပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေကို ကြည့်လျက် အာနန္ဒီက ပြောလိုက်သည်။

''ရှင် အခုထက်ထိ ပန်းချီ စ မဆွဲသေးဘူးလား''

ယင်းသို့ပြောလျက် ရယ်လိုက်သည်။ ထိုအခါကျမှ ပန်းချီဆွဲစရာ ရှိပါသေးလား ဟူ၍ အဏ္ဏာမလေ သတိရလာသည်။ အာနန္ဒီသည် အဏ္ဏာမလေအား ထိုမေးခွန်းကိုမေးလျက် ထိုနေရာမှ ပြန်ထွက်သွားလေသည်။

အဏ္ဏာမလေသည် သူ့အလုပ်ကို စတင်လုပ်လေတော့သည်။ နာရီ၊ စာအုပ်၊ ပန်းအိုး စသည့်များ၏ပုံတွေကို စတင်ရေးဆွဲလေသည်။

ကာဒီရေရှန် အခန်းတွင်းပြန်ဝင်လာသောအခါ ကာဒီရေရှန်အား သူရေးဆွဲထားသည့် ပုံများကိုပြလျက် အဏ္ဏာမလေသည် အိမ်သို့ ခပ်မြန်မြန်ပြန်လာခဲ့လေသည်။ ဘတ်စ်ကားပေါ် တက်ထိုင်လိုက်သည်။ ပျာယာခတ်နေသောကြောင့်လား၊ သို့မဟုတ် တစ်စုံတစ်ရာကို တွေးတောစိတ်ကူးနေသောကြောင့်လား မသိ၊ အဏ္ဏာမလေသည် ဘုရားကျောင်း ရေကန်အနီး၌ ဆင်းရမည့်အစား ထိုမှတ်တိုင်မရောက်မီ ခပ်လှမ်းလှမ်းနေရာတစ်နေရာတွင်ရှိသော မနွေဝေလီ မှတ်တိုင်၌ပင် ဘတ်စ်ကားပေါ်က ဆင်းလိုက်သည်။

အိမ်ပြန်ရောက်လာသောအခါ အဏ္ဏာမလေသည် မိနာချီအမ္မာလ ပြောသောစကား ကိုလည်း၊ သေသေချာချာ နားမထောင်ပေ။ ဂရုတစိုက်လည်း ပြန်မပြောပေ။ နေ့စဉ်နေ့တိုင်း ကဲ့သို့ မျက်နှာ၊ ခြေလက်တို့ကိုလည်း မဆေးကြောပေ။ ရှပ်အင်္ကျီကိုချွတ်လျက် တစ်ဖက်တွင် ပစ်တင်လိုက်ပြီးလျှင် သူ့အခန်းထဲက ကုလားထိုင်ပေါ်တွင် အနုပညာအသိစိတ်ခတ် အညွှ အညောက် ထွက်နေပြီ။ မီးဖွားစဉ် ဝေဒနာခံစားရသကဲ့သို့ ချိုမြိန်သောဝေဒနာတစ်ခုသည် သူ့ကို နှိပ်စက်ကလူပြုနေပြီ။ သူသည် ထိုဝေဒနာကို ခံစားနိုင်စွမ်းမရှိပေ။

အဏ္ဏာမလေသည် စိတ်လေလွင့်နေသောကြောင့် စက္ကူပေါ်၌ ခဲတံဖြင့် တောင်ခြေ မြောက်ခြစ် ခြစ်နေသည်။ ကွေ့ကောက်လိမ်တွန့်နေသည့် အကြောင်းများ၏ ကြားထဲတွင် ဝန်းဝန်းဝိုင်းဝိုင်း သဏ္ဌာန်တစ်ခု ရေးဆွဲလိုက်လေသည်။ ယင်းအကြောင်းများ ခြစ်ရာများကို ဖျက်ပစ်ရန်၊ သို့မဟုတ် နောက်တစ်ကြိမ် ထပ်ဆွဲရန် မလိုတော့ပေ။ မကြာခင်ပင် အာနန္ဒီ၏ မျက်နှာဝန်းသည် စာရွက်ပေါ်၌ ရေးခြယ်ပြီးသားဖြစ်သွားသည်။ အဏ္ဏာမလေသည် ဆေးရောင် စုံ ပုံဆွဲနည်းမသင်ရသေးပေ။ ထို့ကြောင့် ခဲတံဖြင့်သာလျှင် အာနန္ဒီ၏ သက်ဝင်လှုပ်ရှားနေသော မျက်နှာကို စာရွက်ပေါ်၌ ရေးဆွဲလိုက်လေသည်။ အာနန္ဒီ၏ မျက်တောင်များဆီသို့ သူ့လက်ကို ရွှေ့ယူစဉ်ခဏ၌ အဏ္ဏာမလေ၏လက်ချောင်းများသည် အနည်းငယ်တုန်နေသည်။ အာနန္ဒီက ပြုံးလျက် ရှင့်လက်ချောင်းလေးတွေ ဘာကြောင့်တုန်နေသလဲဟု မျက်လုံးဖြင့် ပြောနေသလို ထင်ရသည်။ ပန်းချီပုံကို စားပွဲပေါ်တွင်တင်လျက် အဏ္ဏာမလေသည် ရှုထောင့်အမျိုးမျိုးမှ ထိုရုပ်ပုံကိုကြည့်သည်။ သူ ဘယ်ဘက်မှာရပ်ရပ်၊ ရပ်သည့်ဘက်သို့ အာနန္ဒီက မျက်လုံးလည်ပြီး သူ့ကိုလိုက်ကြည့်နေသည်။





ပုံဆွဲပြီးသောအခါ အဏ္ဏာမလေသည် အပြည့်အဝ အားရကျေနပ်ခြင်း ဖြစ်မသွားပေ။ ကာဒီရေရှန် ရေးဆွဲထားသောပုံ၌ အပြည့်အဝ ပေါ်လွင်နေသော တသွင်သွင် စီးဆင်းနေသည့် မြစ်ရေအလျဉ်ကဲ့သို့ မျက်လုံးအပြင်ဘက် ယိုထွက်စီးကျနေသော အာနန္ဒီ၏စိတ်နှလုံးတွင်းမှ ရှိုးသားမှုနှင့် တက်ကြွလှုပ်ရှားမှု၏ အပုံတစ်ရာပုံ တစ်ပုံမျှပင် သူ ရေးဆွဲထားသောပုံ၌ ပေါ်မလာပေ။ ယင်းသို့တွေးလျက် အဏ္ဏာမလေသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ သို့သော်လည်း အာနန္ဒီ၏မျက်နှာ၌ အာနန္ဒီ၏နူးညံ့ပျော့ပျောင်းပုံကို ရေးခြယ်ဖော်ပြနိုင်သည်ဟုတွေးမိ၍ အဏ္ဏာမလေ အားရဝမ်းသာဖြစ်သွားသည်။ ထိုရုပ်ပုံကို စားပွဲပေါ်၌ တင်ထားပြီးလျှင် အဏ္ဏာမလေသည် မျက်နှာသုတ်ပဝါတစ်ထည် ဆွဲယူလျက် ရေတွင်းဘက် ထွက်လာခဲ့သည်။

ထိုရေတွင်းတွင် အလုပ်ကပြန်လာသော သူဖခင်သည် မျက်နှာနှင့် ခြေလက်ကို ဆေးကြောသုတ်သင်နေသည်။ ထိုနေရာ၌ လေအေးကလေးလည်း၊ တိုက်ခတ်နေလေသည်။ ပန်းရန်ဆရာက မေးလိုက်သည်။

''မင်းဆရာက မင်းကို စိတ်ပါလက်ပါ သင်ပြရဲ့လား၊ တကယ်လို့ သူအလိုရှိတယ် ဆိုရင် ငါတို့ သူ့ကို အခကြေးငွေပေးမယ်၊ နောက်တစ်ကြိမ် သူ့ဆီသွားတဲ့အခါ သူ့ကို ပညာသင်ပေးခ ဘယ်လောက်ပေးရမလဲဆိုတာ မေးခဲ့၊ သူက မင်းကို အလကားသင်ပေးနေရ တယ်လို့ သူ့စိတ်ထဲမှာ ပေါ်မလာပါစေနဲ့''

မည်သည့်အရာဝတ္ထုကိုမဆို၊ မည်သည့်ပုဂ္ဂိုလ်ကိုမဆို၊ ပိုက်ဆံကြေးငွေ ချိန်ခွင် ဖြင့်သာ ချိန်ကြည့်တတ်သော သူ့ဖခင်၏စကားကို ကြားရသောအခါ အဏ္ဏာမလေ ရယ်ချင်လာ သည်။ အခကြေးငွေစကားကြားရလျှင် ကာဒီရေရှန် စိတ်မချမ်းမသာ ဖြစ်သွားလိမ့်မည်ဆိုသည့် အကြောင်းနှင့် ယင်းကဲ့သို့ ငွေစကားကိုပြောလိုက်လျှင် ကာဒီရေရှန်တို့၏အိမ်သို့ သူ နောက်ထပ် သွားဖို့မလွယ်ကူတော့ ဆိုသည့်အကြောင်းကို အဏ္ဏာမလေ သိရှိနားလည်သည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''ဆရာကြီးက ပိုက်ဆံကြေးငွေ မလိုပါဘူး။ တကယ်လို့ ကျွန်တော်တို့ကပေးသည့် တိုင်အောင် သူယူမှာမဟုတ်ဘူး''

ပန်းရန်ဆရာက တအံ့တသြနှင့် မေးလိုက်လေသည်။

''ဒီမြို့မှာ ပိုက်ဆံအလိုမရှိတဲ့လူရယ်လို့ ရှိသေးသလားကွာ''

ထို့နောက် သူ့ကိုယ်သူ ပြောနေသည်။

''ဒီမြို့မှာ အိမ်တစ်လုံးရှိတဲ့လူက အိမ်ကိုးလုံးလိုချင်နေတယ်၊ ကားတစ်စီးရှိတဲ့လူက ကားကိုးစီး လိုချင်နေတယ်''

အတန်ငယ်စဉ်းစားပြီးနောက် ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

''သူ ပိုက်ဆံကြေးငွေယူဖို့ စိတ်မရှိဘူးဆိုရင်တော့ ငါတို့ အကျိုးချည်းပဲ၊ မင်းကိုယ့်အလုပ်ကိစ္စအတွက် စက်ကိရိယာ စတဲ့ပစ္စည်းတွေကို ဝယ်ချင်တယ်ဆိုရင် ငါ့ကိုပြောဖို့ မမေ့နဲ့၊ အလုပ်ကိစ္စအတွက် ရင်းနှီးမြှုပ်နှံတဲ့ ပိုက်ဆံဆိုတာ ငါတို့ဆီ အမြဲမပြတ် ပြန်လာနေတာပါပဲ''

ပန်းချီဆွဲရန်အတွက် စက်ကိရိယာ... အဏ္ဏာမလေ မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

''မင်းဦးလေး ဒဏ္ဍပါဏီပဲ ငါ့ကို အဲဒီလိုပြောတာ၊ မင်းအလုပ်လုပ်ဖို့အတွက် ကင်မရာတို့ ဓာတ်ပုံရိုက်တဲ့ စက်ကိရိယာစတဲ့ ပစ္စည်းတို့ လိုလိမ့်မယ်လို့ သူက ငါ့ကိုပြောတယ်။ အဲဒီပစ္စည်းတွေအားလုံးက နိုင်ငံခြားကလာတဲ့ ပစ္စည်းတွေချည်းပဲ၊ ဒါကြောင့် အဲဒီပစ္စည်းတွေကို ဝယ်ခြမ်းဖို့အတွက် ငွေထောင်ပေါင်းများစွာ ကုန်လိမ့်မယ်''

အဏ္ဏာမလေက ပြန်ပြောသည်။

''အခု အဲဒီပစ္စည်းတွေ မလိုသေးပါဘူး၊ ပန်းချီအနုပညာတက္ကသိုလ်ကျောင်းတက်ပြီးတဲ့နောက် တကယ်လို့ လိုလာရင် ဖေဖေ့ကိုပြောပါ့မယ်''

ကဒီရေရှုန်၏ထံတွင် ကင်မရာတစ်ခုရှိသည်ကိုလည်းကောင်း၊ လျှပ်စစ်မီးတိုင်အမျိုးမျိုး၊ ပိတ်ကားတင်သည့် စတင်း၊ ဆေး၊ စုတ်တံ စသော ပစ္စည်းများ ရှိသည်ကိုလည်းကောင်း၊ အဏ္ဏာမလေ သိသည်။ သို့ရာတွင် သူ့ဖခင်ပြောသလို ကဒီရေရှုန်၏ထံ၌ စက်ကိရိယာများကိုမူ သူ မမြင်ပေ။

အဏ္ဏာမလေသည် ခြေလက်ဆေးကြောပြီးလျှင် တိတ်တဆိတ် အိမ်ထဲဝင်လာသည်။ ရုတ်တရက် အာနန္ဒီ၏ရုပ်ပုံကို သတိရလာသည်။ ရုပ်ပုံကို စားပွဲပေါ်၌ထားခဲ့ပြီး ထွက်လာခဲ့သည်မှာ အမှားကြီးမှားသည်ဟု ထင်မိသည်။ သူ့မိခင်ဖြစ်စေ၊ ဖခင်ဖြစ်စေ ထိုရုပ်ပုံကို တွေ့သွားမှာစိုးရိမ်သည်။ တခြားလူတွေ မမြင်ရအောင် ရုပ်ပုံကို ဖုံးထားလိုသည့်အတွက် အလျှင်အမြန် အခန်းထဲဝင်လာသည်။ ထိုရုပ်ပုံကို အဏ္ဏာမလေသည် မိမိအတွက် ဆွဲထားခြင်းသာ ဖြစ်သည်။ မည်သူ့ကိုမှ ထိုရုပ်ပုံကို ကြည့်စေလိုသည့် စိတ်ဆန္ဒမရှိပေ။

အခန်းထဲတွင် မီးပွင့်နေသည်ကို တွေ့ရသောအခါ နှလုံးတုန် ရင်ခုန် ဖြစ်သွားသည်။ မီးဖိုထဲ လှမ်းကြည့်လိုက်သည်။ မိခင် မီနာချီအမ္မာလ မီးဖို၌ အလုပ်လုပ်နေသည်ကိုတွေ့ရ၍ အခန်းမီးကို သူ့မိခင်ဖွင့်ထားခြင်းသာ ဖြစ်လိမ့်မည်ဟု တွေးမိလေသည်။ သူ၏မိခင်သည် ထိုရုပ်ပုံကို တွေ့မြင်လိမ့်မည်မဟုတ်ပေ။ တွေ့မသွားခြင်းသာ ခပ်ကောင်းကောင်း ဖြစ်ပေလိမ့်မည်။

သို့ရာတွင် တကယ်တမ်းမှာမူ အကောင်းဖြစ်မလာဘဲ အဆိုးသာ ဖြစ်လာလေသည်။ အခန်းထဲဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းထဲ၌ရပ်နေသော မာဏိက္ကမ်၏ကျောကို အဏ္ဏာမလေ လှမ်းမြင်ရလေသည်။ မာဏိက္ကမ်၏လက်ထဲ ရုပ်ပုံရောက်နေသည်။ မာဏိက္ကမ်





သည် မျက်လုံးဖြူလျက် ရုပ်ပုံကိုကြည့်နေသည်မှာ စားမတတ်၊ ဝါးမတတ် ဖြစ်နေသည်။ အဏ္ဏာမလေ အခန်းထဲဝင်လာသည်ကိုပင် မသိပေ။

အဏ္ဏာမလေသည် ကင်းအကိုက်ခံရသကဲ့သို့ ထူခနဲ ဖြစ်သွားသည်။ အသံတုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

''ဘယ်သူလဲ၊ မာဏိက္ကမ်လား''

ထို့နောက်တွင်လည်း၊ မာဏိက္ကမ်သည် ရုပ်ပုံကို ကြည့်မြဲကြည့်နေသည်။ ရုပ်ပုံကို ကိုင်ပြီး မာဏိက္ကမ်သည် အနီးတွင်ရှိသော ကုလားထိုင်ပေါ်၌မထိုင်ဘဲ အဏ္ဏာမလေ၏ ကုလားထိုင်ပေါ် ထိုင်လိုက်သည်။ အဏ္ဏာမလေ ငြိမ်မနေနိုင်တော့ပေ။

''အဲဒီပုံ ကျွန်တော့်ပေးပါ''

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် ရုပ်ပုံကို ဆောင့်ဆွဲလုသည်။ မာဏိက္ကမ်ကလည်း ရုပ်ပုံကို ဆွဲကိုင်ထားသည်။ ဗျင်းခနဲ ရုပ်ပုံစုတ်သွားသည့်အသံကြား၍ အဏ္ဏာမလေသည် အသည်းနှလုံးတုန်လှုပ်သွားလေသည်။ ရုပ်ပုံ၏ထောင့်တစ်ထောင့်တွင် စုတ်ပြဲသွားသည်။ အာနန္ဒီ၏မျက်နှာသည် ထိုအတိုင်းပင်ရှိနေသည်။ သို့ရာတွင် မိမိ၏ပန်းချီပုံ၌ အပြစ်အနာအဆာ အနည်းငယ်ရှိသွားပြီဟု အဏ္ဏာမလေ ထင်သွားသည်။

အဏ္ဏာမလေသည် ရုပ်ပုံကို စားပွဲအံထဲ၌ သိမ်းထားလိုက်လေသည်။ မာဏိက္ကမ်ထိုနေရာမှ ထွက်သွားပြီးသည့်အခါကျမှ ရုပ်ပုံကို တစ်နေရာ၌ သော့ခတ်ထားလိုက်မည်ဟု အဏ္ဏာမလေ အကြံရသည်။ သို့ရာတွင် မာဏိက္ကမ်သည် ထိုအချိန်အထိ ထိုနေရာမှရွှေ့ဖို့ စိတ်မကူးသေးပေ။

✦ ✦ ✦

မာဏိက္ကမ်သည် အဏ္ဏာမလေ အနုပညာလက်ရာမြောက်ပုံကို ချီးကျူးခန်းဖွင့်နေသည်။ သူ့အနေနှင့် ပန်းချီအနုပညာကို ဘာမှနားလည်ခြင်းမရှိကြောင်း၊ သို့သော်လည်း အဏ္ဏာမလေရေးဆွဲသည့် အာနန္ဒီ၏ရုပ်ပုံကို သူ အလွန်တရာ စိတ်ပါဝင်စားကြောင်းကို ပြောပြနေသည်။ ထိုရုပ်ပုံကိုတွေ့သည့်အတွက် သူ့အနေနှင့် ဇလီယတ် ပင်လယ်ကမ်းခြေ၌ အာနန္ဒီနှင့်တွေ့ဆုံရခြင်း၊ သူ့ကိုကြည့်ပြီး အာနန္ဒီပြုံးရယ်နေခြင်း စသော အဖြစ်အပျက်များကို သူ သတိရလာကြောင်းကိုလည်း မာဏိက္ကမ်က ပြောပြသည်။

''အဏ္ဏာမလေ...မင်းကို ရှေ့မတက်လှမ်းနိုင်အောင် ပိတ်ပင်တားမြစ်ခဲ့တာ ငါ့အမှားပဲ၊ မင်းဟာ တကယ့်ပန်းချီပုံလှလှတွေကို ဆွဲတတ်တဲ့လူပါလား''

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် အဏ္ဏာမလေကို အားပေးအားမြှောက် ပြုလုပ်နေသည်။ အဏ္ဏာမလေ၏ဒေါသလည်း တဖြည်းဖြည်း လျော့နည်းသွားလေသည်။ အဏ္ဏာမလေ ဒေါသပြေသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာသွားပြီးသည့်နောက် မာဏိက္ကမ်သည် အလွန်တရာ ချစ်ခင်ရင်းနှီးစွာဖြင့် အဏ္ဏာမလေအား တချို့အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းနေပြန်သည်။ ကဒီရေရှန်တို့၏အိမ်၌ မည်သို့မည်ပုံ ပန်းချီပညာသင်ကြားရသနည်း၊ ကဒီရေရှန်က ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လား၊ အာနန္ဒီက ချစ်ချစ်ခင်ခင် စကားပြောရဲ့လား၊ အာနန္ဒီ ကျောင်းနေသေးသလား၊ ကျောင်းထွက်သွားပြီလား၊ သူတို့ မည်သည့်အမျိုးဇာတ်နည်း၊ ထိုအိမ်မှတစ်ပါး သူတို့မှာ တခြားမွေးချင်းဉစ္စာ မယ်မယ်ရရ ရှိသေးသလား၊ ဤသို့ စသော မေးခွန်းများဖြစ်လေသည်။ မာဏိက္ကမ်မေးသည့် မေးခွန်းများအနက် အချို့မေးခွန်း၏အဖြေကို အဏ္ဏာမလေ မသိပေ။ မိမိ အတော်အတန်သိရှိထားသည့် အကြောင်းအရာမျိုးကို အဏ္ဏာမလေသည် သူတို့ကို မေးမြန်းစုံစမ်းလိုသည့်ဆန္ဒ မည်သည့်အခါကမှ မရှိခဲ့ပေ။ ယင်းအချက်ကို အဏ္ဏာမလေက မာဏိက္ကမ်အား ပြောလေသည်။ ယင်းမေးခွန်းများနှင့် ပတ်သက်၍မူ သူ ဘာမှမသိဟူ၍ အဏ္ဏာမလေက ရှင်းရှင်းပင် ပြောပြလိုက်လေသည်။

"မင်းတစ်ယောက်ဟာ တော်တော်ညံ့တဲ့အကောင်ပဲ၊ သူတို့အိမ်သွားနေတာ တစ်လကိုးသီတင်းရှိပြီ၊ အဲဒါတောင်မှ ကျွန်တော် ဘာမှမသိဘူးလို့ ပြောသေးတယ်"

အဏ္ဏာမလေက ပြောသည်။

"ကျွန်တော် သိချင်တာသိအောင်လုပ်ပြီး ပြန်လာခဲ့တာပဲ"

"မင်း တော်တော်လိမ်တဲ့အကောင်"

ယင်းသို့ပြောလျှက် မာဏိက္ကမ်က ရယ်လိုက်လေသည်။

"မင်းမသိဘဲ မနေပါဘူး၊ သိမှာပါ၊ ငါ့ကို ပြောမပြချင်လို့ မင်းဖုံးထားတာမဟုတ်လား"

အဏ္ဏာမလေက စိတ်မရှည်တော့သည့်ဟန်ဖြင့် ပြောလိုက်လေသည်။

"အဲဒီလိုပဲ မှတ်ချင်လည်း မှတ်ပါတော့ဗျာ"

မာဏိက္ကမ်က ပြောသည်။

"စိတ်မဆိုးပါနဲ့ကွာ၊ မင်းဆွဲထားတဲ့ပုံ ခဏပြပါဦး"

ထိုရုပ်ပုံကို သူ အလွန်စိတ်ဝင်စားနေပုံရသည်။

အဏ္ဏာမလေသည် သူ့ကော်ပီစာအုပ်ကို မာဏိက္ကမ်အား ပေးလိုက်သည်။ ထိုကော်ပီစာအုပ်ထဲတွင် သက်မဲ့အရာဝတ္ထုများ၏ ပုံများရှိသည်။ ဂျီဩမေတြီကော်ပီစာအုပ်ကဲ့သို့ ထိုစာအုပ်ထဲတွင်လည်း စက်ဝိုင်း၊ စက်ဝိုင်းခြမ်း၊ တြိဂံ၊ စတုရန်းစသော ပုံသဏ္ဌာန်များကို ရေးဆွဲထားသည်။ တခြား ကော်ပီစာအုပ်တစ်အုပ်၌ကား သေတ္တာ၊ စားပွဲ၊ ကုလားထိုင်၊ စာအုပ်၊ ဗီရိုစသော ရုပ်ပုံများ ရှိသည်။ ပန်းချီပညာ သင်ကြားသူတို့၏ လက်အသားကျစေရန်အတွက် အဏ္ဏာမလေအား အလေ့အကျင့် ပြုလုပ်ခိုင်းထားသည့်ပုံများသာလျှင် ထိုကော်ပီစာအုပ်များ၌ တွေ့မြင်ရလေသည်။





"မင်း အာနန္ဒီပုံကို ဘာလို့ဆွဲတာလဲ"

အဏ္ဏာမလေသည် ယင်းမေးခွန်းကို ပြန်မဖြေတတ်အောင် ဖြစ်နေသည်။ "ဆွဲချင်တဲ့စိတ်ပေါ်လာလို့ ဆွဲလိုက်တာပဲ" ဟူ၍လည်း မပြောနိုင် ဖြစ်နေသည်။ သူ့ကိုယ်သူပင် ထိုမေးခွန်းကို ပြန်လှန်မေးကြည့်ရင်း စိတ်လှုပ်ရှားလာသည်။

"သူ့သမီးပုံကိုဆွဲပါလို့ မင်းကို မင်းဆရာက ပြောလို့လား"

အဏ္ဏာမလေ ခေါင်းငုံ့သွားသည်။

"အဲဒီလို ဘယ်သူမှ ပြောမှာမဟုတ်ဘူး၊ ခင်ဗျား သက်သက် ကျွန်တော့်ဆရာကို နာမည်ဖျက်နေတယ်"

"စိတ်မဆိုးပါနဲ့ကွာ၊ ငါက မင်းအနုပညာအကြောင်း သိချင်လို့မေးတာ၊ ငါ့ကို စိတ်ဆိုးတာ မင်းမှန်ပါ့မလား၊ ဖြည်းဖြည်းပြောပါ၊ မေမေနဲ့ ဖေဖေတို့ ကြားသွားရင် တစ်မျိုးထင်နေလိမ့်ဦးမယ်"

မာဏိက္ကမ်သည် အစကတည်းကပင် သူ့စကားကို အခန်းအပြင်ဘက်က လူတစ်ယောက် ကြားသွားမှာစိုးသည့်အတွက် တိုးတိုးသာသာ ပြောနေလေသည်။

မာဏိက္ကမ်သည် အဏ္ဏာမလေကို အလျှော့ပေးမည့်သူ မဟုတ်ပေ။

"အာနန္ဒီက မင်းကို သူ့ပုံဆွဲပေးပါလို့ပြောလို့လား၊ မင်းရှေ့မှာရပ်ပြီး သူက သူ့ပုံကိုအဆွဲခံသလား"

မာဏိက္ကမ်၏ မသိနားမလည်မှုနှင့်ပတ်သက်၍ ငိုရမလား၊ ရယ်ရမလားဟူ၍ အဏ္ဏာမလေ နားမလည်အောင် ဖြစ်နေသည်။ ဘုရားသခင်သည် မာဏိက္ကမ်၏ဦးနှောက်ကို ဖုတ်ခဲ၊ ကျောက်ခဲ၊ အင်္ဂတေတို့နှင့် လုပ်များထားသလားဟု အဏ္ဏာမလေ သံသယဖြစ်သွားသည်။

"ဒီကနေ့ညနေ အိမ်ပြန်လာပြီးနောက် အခန်းတံခါးပိတ်ထိုင်ပြီး ကျွန်တော် ဒီအရုပ်ကိုဆွဲတာ၊ ကျွန်တော့်ရှေ့မှာ အာနန္ဒီ ရှိမနေပေမယ့် ကျွန်တော် ကိုယ့်အမှတ်သညာပေါ်မှာအခြေခံပြီး သူ့ရုပ်ပုံကို ဆွဲတာပါ၊ ခင်ဗျား အခု ဒီအခန်းထဲကထွက်သွားပါ။ ခင်ဗျား မရှိတဲ့အချိန်မှာ ကျွန်တော် ခင်ဗျားပုံကို ဆွဲပေးမယ်လေ"

မာဏိက္ကမ် ထိုနေရာမှ မရွေ့သေးပေ။

"မင်းတော်တော် တော်တဲ့အကောင်ပဲ"

ယင်းသို့ပြောလျှက် မာဏိက္ကမ်သည် အဏ္ဏာမလေကို ချီးကျူးခန်းဖွင့်နေသည်။

"ငါ့ပုံဆွဲဖို့ကိစ္စ ဘေးဖယ်ထားစမ်းပါဦး၊ မင်းဆွဲထားတဲ့ပုံကို ငါ့ပေးပါလား"

ယင်းသို့ပြောလျှက် မာဏိက္ကမ်သည် အဏ္ဏာမလေထံမှ ပန်းချီပုံကို တောင်းနေလေသည်။ တစ်စုံတစ်ယောက်က သူ့ထံမှ သူ့အသက်ကို တောင်းနေသည်ဟူ၍ပင် အဏ္ဏာမလေ ထင်မိလေသည်။ ထိုအကျပ်အတည်းကို အဏ္ဏာမလေ ခံနိုင်စွမ်းမရှိပေ။ ဖြည်းဖြည်းသက်သာပင် ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား အမြဲ ဒီလိုချည်းလုပ်တာပဲ''

မှန်သည်၊ ယင်းမှာ မာဏိက္ကမ်၏ဝသီပင်ဖြစ်သည်။ အဏ္ဏာမလေ မိမိအတွက် လိုလိုချင်ချင် ဝယ်ယူလာသည့် ပစ္စည်းတစ်စုံတစ်ခုကို မာဏိက္ကမ်သည် အဏ္ဏာမလေထံမှ နိုင်ထက်စီးနင်း လုယူတတ်သည်။ အပြေအပြစ် စကားတစ်ခွန်းနှစ်ခွန်း ပြောပြီးလျှင် မာဏိက္ကမ်သည် အဏ္ဏာမလေထံမှ အင်္ကျီဖျင်၊ ဒိုတီစ၊ မျက်နှာသုတ်ပဝါ စသော ပစ္စည်းများကို အတင်းယူတတ်လေသည်။ အဏ္ဏာမလေကိုယ်တိုင် သူ့ကို ထိုပစ္စည်းများပေးသည်ဟူ၍ မီနာချီအမ္မာလအား ပြောပြတတ်လေသည်။ ပန်းရန်ဆရာ ကျိဒမ္ဗရမ်ကလည်း ထိုအကြောင်း အရာများဆီသို့ အာရုံမရောက်ပေ။ မာဏိက္ကမ်သည် သူ၏သားကြီးဖြစ်သည်။ ဆင်းရဲနွမ်းပါး သည့် အိမ်ထောင်မိသားစု၏ သားတစ်ယောက်ဖြစ်သောကြောင့် မာဏိက္ကမ်သည် ကျိဒမ္ဗရမ်၏ အလေးပေးခြင်းခံရသော သားတစ်ယောက်ဖြစ်နေသည်။

သို့ရာတွင် ထိုရုပ်ပုံမှာ အဏ္ဏာမလေ၏ ပစ္စည်းဥစ္စာမျှသာမကပေ၊ အသက်ဝိညာဉ် လည်း ဖြစ်နေသည်။

မာဏိက္ကမ်က တစ်ဖန်မေးလိုက်ပြန်သည်။

''မင်း အဲဒီပုံ ငါ့ကိုမပေးဘူးလား''

''ဒီပုံ ကျွန်တော့်ကို မတောင်းနဲ့၊ ဒီပုံဟာ ခဲတံနဲ့ဆွဲထားတဲ့ 'စက္ကူချပ်'တစ်ခုသာ ဖြစ်တယ်။ အပြီးမသတ်ရသေးတဲ့ ပုံတစ်ပုံသာ ဖြစ်တယ်။ အပြီးမသတ်ရသေးတဲ့ပုံကို ဘယ်သူ့ကိုမှမပေးရဘူး''

မာဏိက္ကမ်က စိတ်ဆိုးသွားပြီး ပြောလိုက်သည်။

''ကျွန်တော် ဒီပုံ ခင်ဗျားကိုမပေးချင်ဘူးလို့ ဘာဖြစ်လို့ တိုက်ရိုက်မပြောတာလဲ''

''ကောင်းပြီ၊ အဲဒီလိုပဲ မှတ်ပါ''

''ငါ ဒီ ဘာမဟုတ်တဲ့ စက္ကူစုတ်ကို လိုချင်တယ်လို့ မင်းက အောက်မေ့နေ သလား၊ ဒီစက္ကူစုတ်ရလို့ ငါဘာလုပ်ရမလဲ''

မာဏိက္ကမ်၏မျက်လုံးသည် ဒေါသကြောင့် ရတ်တရက် နီရဲလာသည်။ အဏ္ဏာမလေ အား တိုးတိုးသာသာပင် ပြောလိုက်သည်။

''ဒီမှာ ငါပြောတာနားထောင်၊ မင်းအတွက်စိုးရိမ်လို့ ငါပြောတာ၊ မင်း အလကား သက်သက် ဒုက္ခရောက်မှာ ငါမကြည့်ချင်ဘူး၊ ဒါကြောင့် မင်းကို နားလည်အောင် ပြောပြ နေတာ''

''ဘယ်လို ဒုက္ခရောက်မှာလဲ''

''မင်းကို ငါဘာဖြစ်လို့ ပြောပြရမှာလဲ၊ ဒုက္ခတွေ့မှ မင်းကိုယ်တိုင်သိလိမ့်မယ်''

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် အခန်းအပြင်ဘက် ထွက်သွားမည့်ဟန်ဖြင့် ထလိုက်သည်။





မာဏိက္ကမ်က ''ငါသွားမယ်'' ဟုပြောလိုက်သည်။ သို့ရာတွင် ထိုနေရာ၌ ရပ်မြဲရပ်နေသည်။

''ဘာလဲဆိုတာ ကျွန်တော့်ကို ပြောပြသွားပါ''

မာဏိက္ကမ်သည် ထိတ်လန့်စိုးရိမ်သည့်ဟန်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက် သည်။ ထို့နောက်မှ အဏ္ဏာမလေ၏အနားကပ်လျက် တိုးတိုးပြောလိုက်သည်။

''မေမေနဲ့ ဖေဖေ ဒီပုံကိုတွေ့သွားရင် မင်းကို ဘယ်လိုထင်မလဲ၊ သူတို့ မင်းကို အထင်လွဲမသွားကြပေဘူးလား၊ တကယ်လို့ အဲဒီအကြောင်း မိန်းကလေးရဲ့ဖခင်နား ပေါက် ကြားသွားရင် မင်းကို သူတို့အိမ် လာခွင့်ပေးပါတော့မလား၊ မင်းဟာ သူငယ်နုပ်စား မဟုတ် တော့ဘူး၊ အခုလို ကလေးဆန်တဲ့ အပြုအမူမျိုးကို ဘာဖြစ်လို့လုပ်ရတာလဲ''

အဏ္ဏာမလေသည် ''သူ့အလုပ်ကို တစ်စုံတစ်ယောက်သူက ဘာဖြစ်လို့ မကောင်း ထင်မှာလဲ''ဟု မေးလိုက်ချင်သည့်စိတ် ပေါ်လာသည်။ ယခုအထိ သူ့အလုပ်ကို မှန်သည်ဟူ၍ သာလျှင် သူထင်နေသည်။ မာဏိက္ကမ်၏စကားကို ကြားရသောအခါ သူ့အလုပ် မှားများနေ သလားဟု ထင်သွားပြန်သည်။ အဏ္ဏာမလေ ဦးနှောက်ချောက်သွားသည်။

''အဲဒီလို ဘာဖြစ်လို့ ကြောင်ကြည့်နေတာလဲ၊ မင်း၊ အဲဒီကလေးမကို ချစ်နေ တယ်လို့ သူတို့တစ်တွေက မအောက်မေ့ပေဘူးလား''

စိတ်မကောင်းခြင်းကြီးစွာဖြင့် အဏ္ဏာမလေက ပြောလိုက်သည်။

''ဘာ ဒါကိုပြောတာလား''

''အချစ် … အချစ်''

ယင်းစကားလုံး၏ အနက်အဓိပ္ပာယ်ကို တစ်စုံတစ်ခုသော အတိုင်းအတာအထိမှ သိရှိနားလည်ခြင်း မရှိပေ။ ကောလိပ်တွင် ကျောင်းတက်ရင်း သူသည် ကျောင်းသားအချို့ တိုးတိုးတိတ်တိတ် တစ်ယောက်နှင့်တစ်ယောက် ယင်းစကားလုံးနှင့်ပတ်သက်၍ ချီးမွမ်းပြော ဆိုနေကြသည်ကိုလည်းကောင်း၊ ကဲ့ရဲ့ရှုတ်ချနေကြသည်ကိုလည်းကောင်း ကြားဖူးသည်။ ဝတ္ထုနှင့် ကဗျာတို့၌လည်းကောင်း၊ ရှေးဟောင်းစာပေတို့၌လည်းကောင်း ယင်းစကားလုံး အကြောင်းကို ဖတ်ဖူးသည်။ သူ၏မိဘနှစ်ပါးသည် ဆုန္ဒရီအမည်ရှိ မိန်းကလေးနှင့် သူ့ကို လက်ထပ်ပေးလိုကြသည်။ သူ၏ အတွင်းသန္တာန်၌ ဆွဲဆောင်မှုတစ်မျိုး ပေါ်ပေါက်လာသည်။ ရုပ်ရှင်အချို့၌ သရုပ်ဖော်ထားသည့် တကယ့်လက်တွေ့ဘဝ၌ ဘယ်မှာမှမမြင်ရသော ထိတ်လန့် ကြောက်ရွံ့ဖွယ် မြင်ကွင်းများကို မြင်ရသည်။ ရုပ်ရှင်များ ဥယျာဉ်များထဲတွင်လည်းကောင်း၊ ပင်လယ်ကမ်းခြေတွင်လည်းကောင်း၊ မိန်းမပျိုနှင့် ယောကျ်ားပျိုများ တစ်ယောက်နှင့် တစ်ယောက် ပွေ့ဖက်လျက် ကလူကျီစယ်နေသည်ကို တွေ့ရသောအခါ သူ၏စိတ်နှလုံးသည် ရှက်ရွံ့ရာမှုန်းတီးခြင်းအပြည့် ဖြစ်သွားတတ်သည်။ စစ်မှန်သောအချစ်ဟူသည်မှာ မည်သည့်အရာ နည်းဟူ၍ သူ သည်နေ့အထိ မစဉ်းစားမိသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေက ပြောလိုက်လေသည်။

''ခင်ဗျားပဲ အဲဒီအကြောင်းတွေကို တွေးနေတာနဲ့တူတယ်''

''မင်းကရော''

''ကျွန်တော် မတွေးပါဘူး''

''ဒီလိုဆိုရင် ဝမ်းသာစရာပေါ့၊ ဒါပေမဲ့ ငါပြောပြမယ်၊ တခြားလူတွေကတော့ အဲဒီလိုပဲ တွေးကြလိမ့်မယ်၊ အဲဒီအကြောင်း ငါ မင်းကိုပြောပြနေတာ''

''ဒီလိုဆိုရင် ကျွန်တော် ဘာလုပ်ရမှာလဲ''

''မင်း ဒီပုံကို ငါ့ကိုမပေးချင်ရင်လည်း မပေးနဲ့၊ မင်းဘာသာမင်း ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်၊ ဒါမှမဟုတ်ရင် မင်း ဘာမဟုတ် ညာမဟုတ်နဲ့ ဒုက္ခရောက်နေလိမ့်မယ်''

အဏ္ဏာမလေက စိတ်မပါ့တပါဖြင့် ''ဟုတ်လား'' ဟု ပြောလိုက်လေသည်။ မာဏိက္ကမ်သည် စိတ်မပါ့တပါဖြင့် ထိုနေရာမှ ထသွားလေသည်။ ထိုနေရာ၌ ဆက်လက်ထိုင်နေနိုင်သည့် အစွမ်းသတ္တိ မရှိတော့ပေ။

ထိုနေရာမှ မာဏိက္ကမ်ထွက်သွားသောအခါ အဏ္ဏာမလေသည် စိတ်ဆိုးမာန်ဆိုးဖြစ်လာပြီးလျှင် ထိုပုံကိုဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်ချင်သည့်စိတ် ပေါ်ပေါက်လာသည်။ ရုပ်ပုံကို ကောက်ယူလိုက်သောအခါ သူ့လက် တုန်နေသည်။ ပုံကလည်း တုန်နေသည်။

''အလို... အာနန္ဒီ၊ အိပ်မက်ထဲတွင် နစ်မြုပ်နေသည့် အာနန္ဒီ၏ မျက်လုံးပါကလား'' အဏ္ဏာမလေ၏ မျက်လုံးတွင် အမှတ်မထင် မျက်ရည်စို့လာသည်။

✦ ✦ ✦

အဏ္ဏာမလေသည် အာနန္ဒီ၏ပုံကိုဆုတ်ဖြဲ၍ လွှင့်ပစ်လိုသည့်စိတ် ပေါ်လာသည်။ မျက်လုံးစုံမှိတ်၍ ထိုအလုပ်ကို ပြုလုပ်မှဖြစ်ပေမည်။ အကယ်၍ ဒေါသကြောင့် မျက်ကန်းဖြစ်သွားလျှင်လည်း ထိုအလုပ်ကို လုပ်နိုင်ပေလိမ့်မည်။ သို့ရာတွင် နှစ်မျိုးလုံးပင် ဖြစ်မလာပေ။ မာဏိက္ကမ်က သူ့ကို ဒေါသထွက်အောင် လုပ်သွားသည်။ ရုပ်ပုံထဲက အာနန္ဒီ၏မျက်လုံးကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် သူ၏ဒေါသသည် ဝါဂွမ်းကဲ့သို့ လွင့်သွားသည်။

ရုပ်ပုံထဲတွင် ရေးခြယ်ထားသည့် အာနန္ဒီသည် မျက်လုံးဖြင့် အဏ္ဏာမလေအား မေးနေသည်။

''ရှင် ကျွန်မကို ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ၊ ကျွန်မ ရှင့်ကိုဘာလုပ်မိလို့လဲ၊ ကျွန်မကို မမေးမစမ်းဘဲနဲ့ ရှင်ဘာဖြစ်လို့ ကျွန်မရုပ်ပုံကို ဆွဲတာလဲ''

မည်သို့မည်ပုံ ထိုမေးခွန်းများကို ပြန်ဖြေရမည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်အောင် ဖြစ်နေသည်။ ပန်းချီရုပ်ပုံကိုဆုတ်ဖြဲပစ်ရန် ကောက်ယူလိုက်သည်။ သို့ရာတွင် ရုပ်ပုံ၏





ပြုစုတ်သွားသောနေရာကို ဂရုတစိုက် ကော်ဖြင့်ကပ်လိုက်သည်။ ရုပ်ပုံတွန့်မနေအောင်လည်း ရုပ်ပုံ၏အပေါ်ပိုင်းနှင့် အောက်ပိုင်းတွင် ကပ်ထူစက္ကူတစ်ချပ်စီ ကပ်ထားလိုက်သည်။ ထို့နောက် သေတ္တာဖွင့်ပြီးလျှင် ရုပ်ပုံကို သေတ္တာထဲတွင် နေသားတကျထားလျက် သော့ခတ်ထားလိုက်လေသည်။ အဏ္ဏာမလေသည် မာဏိက္ကမ်ကို အလွန်တရာ ဒေါသထွက်သွားသည်။ မာဏိက္ကမ်သည် မဟုတ်မဟပ် အချစ်အကြောင်းပြောလျက် သူ့ကို ခြောက်လှန့်သွားလေသည်။

နောက်တစ်နေ့ နေလယ်မွန်းတည့်အချိန်၌ အမှန်တကယ်ပင် အဏ္ဏာမလေ ထိတ်လန့်ကြောက်ရွံ့သွားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

အဏ္ဏာမလေသည် အဒေယာသို့သွားရန် အိမ်မှထွက်လာခဲ့ပြီး ရေကန်ဆီသို့ ဦးတည်လျှောက်နေသည်။ လမ်းပေါ်၌ ခြေကျင်သွားသူများနှင့် ယာဉ်အမျိုးမျိုးကိုစီးလျက်သွားနေသူများ တင်းကျမ်းဖြစ်နေသည်။ လမ်းအလယ်တည့်တည့်၌ အရှိန်အဟုန်ပြင်းစွာဖြင့် မောင်းလာသော တက္ကစီကားတစ်စီးသည် အသံပြင်းစွာမြည်ပြီး ရပ်တန့်သွားသည်။ ကားဘီးများ မြေကြီးထဲဝင်သွားသဖြင့် ပတ်ဝန်းကျင်တစ်ခွင်၌ ဖုန်တွေ ထောင်းခနဲ ထလာသည်။

အဏ္ဏာမလေ လန့်ပြီးလှည့်ကြည့်လိုက်သည်။ ထိုမြင်ကွင်းကို မြင်ရသဖြင့် သူ၏အသည်းနှလုံးသည် သွက်သွက်ခါ တုန်လှုပ်သွားသည်။ ထိုအဖြစ်ဆိုး၏ သားကောင်ဖြစ်မည့်ဘေးက သီသီကလေးလွတ်သွားသော ဆုန္ဒရီသည် စက်ဘီးနင်းလျက် လမ်းတစ်ဖက်မှ အဏ္ဏာမလေဆီသို့ လာနေသည်။ သူ၏အာရုံသည် အဏ္ဏာမလေဆီသို့ လုံးလုံးရောက်နေသည်။ ထို့ကြောင့် လမ်းပေါ်၌ တခြားမည်သည့်အရာကိုမျှ မမြင်ရပေ။

တက္ကစီဒရိုင်ဘာက ဆုန္ဒရီကို ဆဲသည်။ ဆုန္ဒရီကလည်း တက္ကစီဒရိုင်ဘာကို ပြန်ဆဲသည်။ အဏ္ဏာမလေဆီသို့ တန်းလာပြီး ဆုန္ဒရီသည် စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။ ရယ်ရယ်မောမောနှင့် ဆုန္ဒရီကို တွေ့မြင်ရသဖြင့် အဏ္ဏာမလေသည် ပိုပြီး စိုးရိမ်ကြောင့်ကြသွားသည်။ တက္ကစီကားအောက် ရောက်သွားပြီး သူ့လက်နှင့် ခြေများ ကျိုးပဲ့သွားခဲ့သော်၊ သွေးရဲရဲ သံရဲရဲဖြင့် သူ ကိစ္စတုံးသွားခဲ့သော်...။

ဆုန္ဒရီက အရယ်မပျက် ပြောလိုက်သည်။

''ကြည့်စမ်း...ဒီဒရိုင်ဘာ ဘယ်လောက်လူပါးဝသလဲ၊ မျက်စိမှိတ်ပြီး ကားအရမ်းမောင်းပြီးတော့ လူကို ဆဲရေးတိုင်းထွာလုပ်နေသေးတယ်''

ဘယ်သူလူပါးဝသည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်နိုင်အောင် ဖြစ်နေသည်။ ဆုန္ဒရီကို ကြည့်ရသည်မှာ ထိတ်လန့်သွားပုံလည်းမရပေ။ စိုးရိမ်တကြီး ဖြစ်နေပုံလည်းမရပေ။

''ဆုန္ဒရီ ဘယ်တုန်းက စက်ဘီးစီးသင်လိုက်တာလဲ''

ဆုန္ဒရီက ပြန်မေးသည်။

''ရှင့်ကို ဦးလေး မပြောဘူးလား၊ ကျွန်မ စက်ဘီးစီးတာတွေ့ရလို့ ရှင် အံ့သြနေတယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ လမ်းလယ်ခေါင်ကြီးမှာရပ်၍ ဆုန္နရီနှင့် စကားပြောနေရသည့်အတွက် အဏ္ဏာမလေသည် ခပ်ရှက်ရှက်ဖြစ်လာသည်။

"ဆုန္နရီ… အိမ်ကို သွားမလို့မဟုတ်လား၊ အိမ်မှာ အမေရှိတယ်"

ဆုန္နရီက အဏ္ဏာမလေကို ကြည့်၍ ပြောလိုက်သည်။

"ကျွန်မ ရှင့်ကိုပြောစရာရှိလို့ ရှင်နဲ့တွေ့အောင်လာခဲ့တာ"

အဏ္ဏာမလေကိုကြည့်လျက် ဆုန္နရီသည် မျက်တောင်မှိတ်တုတ်မှိတ်တုတ် ခတ်နေသည်။ ဘုရားကြည်ညိုသူတစ်ဦးက ဘုရားသခင်အား "အရှင်မြတ်ဘုရားသခင်အား ကြည့်လျက် မျက်တောင်ခတ်သော ထိုမျက်လုံးသည် အဘယ်ကဲ့သို့သော မျက်လုံးနည်း" ဟူ၍ ပြောပြသော စကားတစ်ခွန်းရှိသည်။ ယင်းအချက်ကို တွေးမိ၍လားမသိ။ ဆုန္နရီလည်း အံ့ဩငေးမောလျက် မျက်လုံးအပြူးသားနှင့် အဏ္ဏာမလေကို စိုက်ကြည့်နေလေသည်။ မိမိအား ယင်းသို့ကြည့်နေသည်ကို တွေ့ရသည့်အတွက် အဏ္ဏာမလေ အားရဝမ်းသာဖြစ်သွားသည်။

ထိုအချိန်၌ အဏ္ဏာမလေသည် ကလေးဆန်မှု၊ လှုပ်ရှားဖျတ်လတ်မှု အပြည့်ရှိနေသော ဆုန္နရီ၏မျက်လုံးကို အာနန္ဒီ၏မျက်လုံးနှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။ အာနန္ဒီ၏မျက်လုံးသည် အတန်ငယ် သွယ်သည်။ ဆုန္နရီ၏မျက်လုံးကမူ ဝိုင်းပြီးနက်နေသည်။ အာနန္ဒီ၏မျက်လုံး၌ အိပ်မက်တစ်ခု ပေါ်နေသလို မြင်ရသည်။ တစ်ခါတစ်ရံ သူ၏မျက်လုံးအတွင်း အေးမြသော ရောင်ခြည်အလျှဉ်တစ်ခု ယိုစီးဖြာကျနေသည်။ ဆုန္နရီ၏မျက်လုံး၌ကား အားကောင်းသော ဆွဲဆောင်မှုရှိနေသည်။ ဆုန္နရီသည် အာနန္ဒီထက် အသက်ငယ်သည်။ သို့ရာတွင် သူ့မျက်လုံး၌ သူ့ကို ကြည့်ရှုသူများအား ဆွဲဆောင်နိုင်သည့် စွမ်းအားရှိသည်။

"ရှင် ဘာဖြစ်လို့ ဒီလိုကြည့်နေတာလဲ"

ဆုန္နရီ၏မေးခွန်းကို ကြားရသောအခါကျမှ သတိပြန်ရလာပြီးလျှင် အဏ္ဏာမလေသည် ရှက်သွားသောကြောင့် ဦးခေါင်းကိုငုံ့လိုက်လေသည်။ ဆုန္နရီက အဏ္ဏာမလေအား သူ့နှင့်အတူ အိမ်လိုက်ခဲ့ဖို့ပြောသည်။

"ရှင် အပြင်သွားမယ်လို့ထင်တယ်"

"ဟုတ်တယ်…ငါ အဒေယာကို သွားမလို့"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် အဒေယာသို့သွားရခြင်း၏ အကြောင်းကိုလည်း ပြောပြသည်။ အဏ္ဏာမလေနှင့်အတူ သူတို့၏အိမ်သွားလျှင် မီနာချီအမ္မာလသည် အဏ္ဏာမလေနှင့် စကားပြောခွင့်မပေးဘဲ သူကိုယ်တိုင် စကားကြောရှည်နေလိမ့်မည်ဟူ၍ သိသောကြောင့် ဆုန္နရီသည် အဏ္ဏာမလေ ဘတ်စ်ကားပေါ်တက်ပြီးမှ အဏ္ဏာမလေတို့၏အိမ်သို့ သွားမည်ဟူ၍ ပြောလိုက်သည်။ နှစ်ဦးသားယှဉ်ပြီး ရေကန်ဘက်သို့ လျှောက်သွားကြသည်။

ဆုန္နရီသည် ယခင်ကလည်း အဏ္ဏာမလေနှင့် စကားပြောဖူးသည်။ သို့ရာတွင် အဏ္ဏာမလေနှင့် ခပ်ခွာခွာသာ နေလာခဲ့သည်။ အိမ်အပြင်ဘက်၌ အဏ္ဏာမလေနှင့် စကား





မပြောဖူးပေ။ ထိုနေ့တွင်ကား ဆုန္နရီသည် အဘယ့်ကြောင့် လွန်လွန်ကဲကဲ ဝမ်းသာအားရဖြစ်နေသည်မသိပေ။ သူ စက်ဘီးစီးတတ်သည်မှာ မကြာသေးပေ။ အဏ္ဏာမလေနှင့် တွေ့ရသည့်အတွက် ပိုပြီး ဝမ်းသာအားရဖြစ်သွားသည်။ စက်ဘီးကိုတွန်းလျက် အဏ္ဏာမလေနှင့်အတူ လမ်းလျှောက်လာရင်း ဆုန္နရီက ပြောလိုက်သည်။

"ရှင် အန္နပြည်ာယန်းချိကောလိပ်မှာ ကျောင်းတက်ခွင့်ရဖို့ ကျွန်မဖေဖေနဲ့ပေါင်းပြီး ရှင့်အတွက် ရှေ့နေလိုက်ခဲ့တာ ရှင်သိရဲ့လား၊ ရှင် တာကယ့်ပန်းချီဆရာကြီးတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ကျွန်မပဲ ရှင့်ဖေဖေကို ပြောခဲ့တယ်"

"ဟုတ်လား…ဒီလိုကိုး၊ ဒါကြောင့် ဖေဖေက ငါ့ဆန္ဒကို သဘောတူလိုက်တာဖြစ်မှာပဲ၊ သူ့သဘောနဲ့ ငါ့ကို အဲဒီလိုပြောတယ်လို့ ငါ မယုံကြည်ဘူး"

သစ်ပင်ရိပ်အောက် သူတို့ရောက်သည်နှင့် တစ်ဖြိုင်နက် အဒေယာသို့သွားသော ဘတ်စ်ကားသည် ထိုနေရာတွင် လာရပ်လိုက်လေသည်။

"ရှင် နောက် ဘတ်စ်ကားတစ်စီးလာမှ သွားပါ"

ယင်းသို့ပြောလျက် ဆုန္နီသည် အဏ္ဏာမလေအား ထိုဘတ်စ်ကားနှင့်မသွားအောင် တားမြစ်ပိတ်ပင်ထားလိုက်သည်။ အုန်းရည်သောက်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသဖြင့် အနီးရှိ အုန်းသီးသည်ထံမှ အုန်းစိမ်းနှစ်လုံးကို ဝယ်ယူလိုက်လေသည်။

အဏ္ဏာမလေ ပိုက်ဆံမပေးမီ ဆုန္နရီက အရင်ဦးအောင် ပိုက်ဆံထုတ်ပေးလိုက်သည်။ မည်သည့်ကိစ္စဖြင့် မိမိထံလာသည်ဆိုသည်ကို ပြောပြရန် အဏ္ဏာမလေက ဆုန္နရီအား သတိပေးလိုက်လေသည်။

အမှန်စစ်စစ် ဆုန္နရီသည် အဏ္ဏာမလေအား ပြောပြစရာ ထူးထူးခြားခြားကိစ္စမရှိပေ။ စက်ဘီးအသစ်ကိုစီး၍ သူ့သူငယ်ချင်းတွေအားလုံး၏အိမ်မှ လှည့်လာခဲ့ခြင်းဖြစ်သည်။ သူ၏အကြီးမားဆုံးသောဆန္ဒမှာ မီနာချီအမ္မာလနှင့် အဏ္ဏာမလေတို့အား စက်ဘီးစီးတတ်ကြောင်း ပြလိုခြင်းသာဖြစ်သည်။ မိမိ၏အလိုဆန္ဒပြည့်ဝရန်အတွက် အကြောင်းတစ်ကြောင်းကို ရှာဖွေလိုက်လေသည်။ ဆုန္နရီသည် အဏ္ဏာမလေအား ထိုအကြောင်းကို ပြောပြသည်။

"ရှင် ကျွန်မကို တစ်ခုကူညီမလား"

"ဘာကူညီရမလဲ"

"ကျောင်းဖွင့်တာနဲ့ တီချာက ကျွန်မကို ပုံအမျိုးမျိုးဆွဲဖို့ ပြောလိမ့်မယ်၊ ကျွန်မလုံးလုံး ပုံမဆွဲတတ်ဘူး၊ သူငယ်ချင်းတွေကိုဆွဲနိုင်ရင် သူတို့က ကြောင်ခြစ်သလို ခြစ်ပေးကြလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း မာနကြီးတစ်ခွဲသားနဲ့ စကားတောင် ပြန်ပြောဖော်ရမှာ မဟုတ်ဘူး၊ အခုကစပြီးတော့ ရှင်ပဲ ကျွန်မကို ပုံဆွဲပေးပါ"

"ဒီအကြောင်း ပြောဖို့ပဲလား"

ဆုန္နရီက ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ သူငယ်ချင်းတွေ အံ့သြသွားအောင် ရှင် ကျွန်မကို ပုံလှလှလေးတွေ ဆွဲပေးပါလား"

သူ ပန်းချီဆွဲခြင်းကို ဆုနှရီသည် သူ့သူငယ်ချင်းတွေ အံ့သြသွားအောင် လုပ်ခြင်းလောက် တန်ဖိုးမထားဟူ၍ အဏ္ဏာမလေ တွေးမိလေသည်။ တစ်ပြိုင်နက်တည်းမှာပင် သူ၏စိတ်ထဲတွင် သံသယတစ်ခု ဝင်လာသည်။

"မင်းအတွက် ငါက အရုပ်ဆွဲပေးရင် သင့်လျော်ပါ့မလား"

"ကျွန်မ သူငယ်ချင်းတွေအားလုံး တခြားလူတွေကိုချည်းပဲ အရုပ်ဆွဲခိုင်းတာပဲ။ ဘာမသင့်လျော်တာရှိလို့လဲ"

အဏ္ဏာမလေက ဆုနှရီအား စလိုက်လေသည်။

"မင်းအစား ငါ စာမေးပွဲဖြေပေးရင် ဘယ်နဲ့နေမလဲ"

"စာမေးပွဲ ဟုတ်လား၊ နှစ်ခါတောင် စာမေးပွဲကျတဲ့လူက ကျွန်မ အစား စာမေးပွဲဖြေပေးမယ်ဆိုရင် ကျွန်မအခြေအနေ ဘယ်လိုဖြစ်လာမှာလဲ"

ဆုနှရီက ထိုစကားကို ပြောင်မြောက်ပျက်ချော် ပြောလိုက်ခြင်းဖြစ်သည်။ အဏ္ဏာမလေကလည်း ဆုနှရီနှင့်အတူ ရောရှုရယ်လိုက်သည်။ ထိုအခိုက် အခြားဘတ်စ်ကားတစ်စီး ဆိုက်လာသည်။ ဆုနှရီသည် အဏ္ဏာမလေအား ထိုဘတ်စ်ကားဖြင့်လည်း မသွားစေသေးပေ။ "အလုပ်နောက်ကျနေပြီ" ဟူ၍ အဏ္ဏာမလေက ပြောမှ ဆုနှရီသည် အဏ္ဏာမလေအား သွားခွင့်ပြုလိုက်သည်။ ဆုနှရီ သီသီလေးလွှတ်သွားသည့် ထိုဘေးအန္တရာယ်ကို သတိလာသည်ဖြစ်၍ အဏ္ဏာမလေက ပြောလိုက်လေသည်။

"လမ်းပေါ် သတိနဲ့သွားနော်၊ တက္ကစီတစ်စီးစီးနဲ့ တိုက်မိဦးမယ်"

ဆုနှီက ပြုံးတုံ့ပြုံးတဲ ပြောလိုက်လေသည်။

"တက္ကစီကြောင့် မဟုတ်ဘူး၊ ရှင့်ကြောင့် အဲဒီလိုဖြစ်ရတာ၊ ရှင့်ကို ရှေ့မှာ မတွေ့ရဘူးဆိုရင် ကျွန်မ လမ်းပေါ်မှာ ကောင်းကောင်းထိန်းသွားလို့ရတယ်"

ဆုနှရီ၏စကားကိုကြားရ၍ အဏ္ဏာမလေ လန့်သွားသည်။ ဆုနှီရီသည် အသက်အရွယ်နှင့် လိုက်လျောညီစွာ ကိုယ်ခန္ဓာ စည်ပင်ဖွံ့ထွားမှုသည် သူ၏ကိုယ်ခန္ဓာအထိသာလျှင် သတ်မှတ်ပိုင်းခြားထားခြင်း မရှိတော့ဟု အဏ္ဏာမလေ တွေးမိသည်။ ဆုနှရီပြောလိုက်သည့်စကားမှာ ဘာအဓိပ္ပာယ်နည်း။ ဘတ်စ်ကားနှင့် စက်ဘီးတို့သည် ဆန့်ကျင်ဘက် အရပ်မျက်နှာနှစ်ခုဆီသို့ ထွက်သွားကြလေသည်။

✦ ✦ ✦

အနုပညာတက္ကသိုလ်ကျောင်းဖွင့်မည့်ရက် နီးကပ်လာပြီ။ ကဒီရေရှန့်ထံမှ [illegible] သင်ကြားလိုသည်များကို သင်ကြားပြီးပြီဟူ၍ အဏ္ဏာမလေ စဉ်းစားမိလေသည်။






အဏ္ဏာမလေသည် ပန်းချီအနုပညာတက္ကသိုလ်ကျောင်း တက်ရောက်ရန်အတွက် စိတ်အားထက်သန်နေလေသည်။ သို့ရာတွင် ပန်းချီအနုပညာတက္ကသိုလ် ကျောင်းဖွင့်ရက် နီးကပ်လာလေလေ သူ၏စိုးရိမ်ကြောင့်ကြစိတ် တိုးပွားလာလေလေ ဖြစ်နေသည်။ ပန်းချီအနုပညာ တက္ကသိုလ်ကျောင်း ဖွင့်လှစ်ပြီးသောအခါ သူ ကဒီရေရှန့်တို့အိမ် သွားနိုင်တော့မည် မဟုတ်ပေ။ သူ့အနေနှင့် အဝေးယာသို့ သွားစရာ ဘယ်မှာလိုတော့မည်နည်း။ ပင်လယ်ကမ်းခြေ၌ ကဒီရေရှန့်တို့ သားအဖနှင့် သူ အသိအကျွမ်းဖြစ်ခဲ့သည်။ အနုပညာတက္ကသိုလ်ကျောင်း တက်ရောက်သည်နှင့်တစ်ပြိုင်နက် မိမိနှင့်သူတို့၏ ဆက်ဆံရေးသည် ထာဝစဉ် ပြတ်တောက်သွားတော့မည်လော။

တစ်နေ့သ၌ အဏ္ဏာမလေသည် သူ၏နေ့စဉ်လုပ်နေကျအလုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အလုပ်တစ်ခုကို လုပ်လေသည်။ ကဒီရေရှန့်တို့အိမ်၌ ပန်းချီဆွဲ လေ့ကျင့်ပြီးနောက် အိမ်သို့မပြန်သေးဘဲ ကဒီရေရှန့်တို့၏ ခြံအပြင်ဘက် ထွက်လာခဲ့သည်။ အတန်ကြာမျှ တစ်စုံတစ်ရာကို စဉ်းစားနေသေးသည်။ ထို့နောက်တွင်ကား အရှေ့ဘက်ရှိ လေယာဉ်ပင်လယ်ကမ်းခြေဘက်သို့ ထွက်သွားလေသည်။ ထိုနေ့ တစ်ညနေလုံး ပင်လယ်ကမ်းခြေရှိ သဲသောင်ပြင်ပေါ်၌ လှဲပြီးနေလိုက်ဦးမည်ဟု စိတ်ကူးမိသည်။

မိမိ၏စိတ် လေးလံနေသည်ဟူ၍ အဏ္ဏာမလေ ထင်နေသည်။ မသိအပ် မသိရသော ဝေဒနာတစ်ခုခုကြောင့် သူ၏အသည်းနှလုံးသည် တုန်လှုပ်နေသည်။ မိမိစိတ်နှလုံး လေးလံနေရခြင်း၏အကြောင်းနှင့် မိမိခံစားနေရသည့်ဝေဒနာ၏ အကြောင်းကိုမူ သူ မသိပေ။

ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်၌ထိုင်လျက် မြည်ဟီးနေသည့် ပင်လယ်လှိုင်းများကို အဏ္ဏာမလေ ငေးကြည့်နေမိသည်။ လှိုင်းများမြည်ဟီးပြီး ထကြွလာကြသည်။ မြွေကဲ့သို့ ပါးပျဉ်းထောင်လာကြသည်။ ယင်းလှိုင်းလုံးကြီးများသည် ရှေ့ဘက်ကလာသည့် လှိုင်းများနှင့် ထိမိရိုက်မိသောအခါ ကွေ့ပတ်ပြီးလျှင် အလွန် ထိတ်လန့်စိုးရိမ်သော အမူအရာဖြင့် သုတ်သီးသုတ်ပြာ ကမ်းဘက်သို့ ကပ်လာကြသည်။ အဏ္ဏာမလေ၏ စိတ်နှလုံးတွင် ထကြွနေကြသည့်လှိုင်းများတွင်လည်း မည်ကဲ့သို့သော ဝဲထုပ်ဝဲပိုးကြီးများ ရှိနေသည် မသိပေ။ ယင်းလှိုင်းများလည်း မည်သည့်ဒုက္ခကို ခံစားနေရသည် မသိပေ။

အဏ္ဏာမလေသည် သူ့ကိုယ်သူ မေးလိုက်လေသည်။

"ငါ့စိတ်နှလုံး ဘာကြောင့် ယခုလို ဗျာများနေပါလိမ့်"

ယင်း၏အကြောင်းကို သူ တဖြည်းဖြည်း နားလည်လာသည်။

နားလည်တတ်သည့်အရွယ်မှစ၍ အဏ္ဏာမလေသည် ယနေ့အထိ ဘယ်တုန်းကမှ ယခုလောက် ဝမ်းသာအားရ မဖြစ်ခဲ့ဖူးပေ။ ကဒီရေရှန့်တို့၏အိမ်၌ ကုန်ဆုံးသည့် တိုတောင်းလှသော အချိန်ကာလအတွင်း၌သာလျှင် ထူးခြားသော စိတ်ကူးလောကသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

မကြာမီ မတင်ပင် ယင်းအိပ်မက် ပျောက်ပျက်သွားတော့မည်ဟူ၍ ထင်နေသည်။ ယင်းစိတ်နှလုံး ထိခိုက်နာကျင်မှုကို အဏ္ဏာမလေ ခံနိုင်စွမ်းမရှိပေ။

ကဒီရေရှုန်သည် သူ၏စုတ္တဒီယို အပြင်ဘက်က သစ်သားပြားတစ်ခုပေါ်၌ "ဘဝ တစ်လျှောက် ကောင်းစွာနေသွားနည်း သင်ကြားပါ။ ဘဝကို အလှဆင်ပါ" ဟူ၍ ရေးထိုး ထားသည်။ ယင်းစကားလုံးများက အဏ္ဏာမလေအား ရုတ်တရက် ဆွဲဆောင်မှုပြုလိုက်သည်။ သို့ရာတွင် အဏ္ဏာမလေသည် ယင်းစကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အပြည့်အဝ နား မလည်ပေ။ မျက်စိဖြင့်မြင်ရသည့် ပြင်ပ အလှအပကိုသာလျှင် အလှဟူ၍ ထင်ခဲ့သည်။ ရုပ်ဆင်းသဏ္ဌာန်နှင့် အရောင်မျိုးစုံ စုပေါင်းထားခြင်းကြောင့် ဖြစ်ပေါ်လာသည့်အလှကို သာလျှင် တကယ့်အလှဟု ထင်မှတ်ခဲ့သည်။

"သို့ရာတွင်"

မျက်စိဖြင့် မမြင်မတွေ့ရသော အသက်၌ အလှမရှိဘူးလော၊ စိတ်နှလုံး၌ အလှ မရှိဘူးလော၊ စိတ်နှလုံးနှင့် အသက်မှအပဖြစ်သော ဝိညာဉ်၌ အရောင်အဆင်း သို့မဟုတ် အနံ့တစ်စုံတစ်ရာ မရှိဘူးလော၊ ရှိသည်။ ယင်းအချက်ကို ကဒီရေရှုန် တို့၏အိမ်သို့ သွားပြီး သည့်နောက်မှသာလျှင် အဏ္ဏာမလေသည် ပထမဆုံး စတင်နားလည်ခဲ့သည်။

ယင်းအလှကို အဏ္ဏာမလေ အာနန္ဒီ၏မျက်လုံး၌ မြင်ရသည်။ အာနန္ဒီ၏ စကားလုံး များ၌ မြင်ရသည်။ စကားလုံးများကို ဖွင့်ဟပြောပြပုံ ပြောပြနည်း၌ မြင်ရသည်။ အာနန္ဒီ၏ အသံ၌လည်း ယင်းအလှသည် တွယ်ကပ်နေသည်။ မိမိ၏ လှုပ်ရှားသွားလာမှု၊ ဆင်ယင် ထုံးဖွဲ့မှု၊ အတွေးအခေါ်၊ ကိုယ်လက်လှုပ်ရှားမှု စသည်တို့ဖြင့် အာနန္ဒီသည် အလှနတ်သမီးအား ပသပူဇော်နေသည့်ဟန် ပေါ်နေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကိုယ်နှုတ်နှလုံးဖြင့် ပြုလုပ်သည့်အရာဟူသမျှ၌ အလှရောင်ခြည်သည် သူ့အလိုလို ထွက်နေသည်ဟူသော အချက် ကို အာနန္ဒီက သက်သေသာဓက ပြမှန်းမသိ ပြနေသည်။

အဏ္ဏာမလေသည် အာနန္ဒီ၏ရှေ့မှောက်၌ အလှနှင့်ပတ်သက်သော စကားကို တစ်ခါမှ ဆွေးနွေးပြောကြားခြင်း မရှိခဲ့ပေ။ လူပေါင်းများစွာတို့သည် အာနန္ဒီအား လှသည်ဟူ၍ ပြောရန် အဆင်သင့် ရှိလိမ့်မည်မဟုတ်ပေ။ အာနန္ဒီ၏ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ အနေအထားသည် သူ့ကိုမြင်ရသူများအား ဆွဲဆောင်နိုင်သည့် အစွမ်းသတ္တိကား မရှိပေ။ ပန်းဥယျာဉ်ကို အပြင်အပမှ သာမန်ကာလျှံကာ ကြည့်ရှုမှုနှင့် ယင်းပန်းဥယျာဉ်၏ အလှကို ဘယ်မှာ သိနိုင်ပါမည်နည်း။ အဏ္ဏာမလေသည် ယင်းပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက် နေထိုင်ခြင်းကား မရှိပေ။ သို့ရာတွင် ယင်း ပန်းဥယျာဉ်အား အတော်အသင့် ကြည့်ခွင့်ရသည်။ ပန်းဥယျာဉ်ကို ချောင်းကြည့်ရှုမှုနှင့်ပင် ပန်းဥယျာဉ်မှ ခွဲခွာသွားရခြင်းသည် သူ့အတွက် အလွန်တရာ ခံရခက်သော အကြောင်းတရား ဖြစ်နေသည်။






ထိုအချိန်၌ ပင်လယ်ကမ်းခြေတွင် ထူးခြားသောအဖြစ်အပျက်တစ်ခု ဖြစ်လာသည်။ တစ်စုံတစ်ယောက်က သူ့ကို နောက်ဘက်မှနူးညံ့သာယာပြီး ချွဲမက်စရာ ကောင်းသောအသံဖြင့် လှမ်းခေါ်လိုက်သလိုလို ထင်သွားသည်။ အမှန်အားဖြင့်မူ သူ့ကို မည်သူမှမခေါ်ပေ။ တစ်စုံတစ်ဦးက သူ့ကိုလှမ်းခေါ်နေသည်ဟူ၍ အမှတ်မှားသွားခြင်းဖြစ်သည်။ ငါ၏ အထင် သာ ဖြစ်မည်ဟူ၍ တွေးတောလျက် အဏ္ဏာမလေသည် ရုတ်တရက် နောက်ပြန်ကြည့် လိုက်သည်။

အဏ္ဏာမလေသည် ကိုယ့်မျက်စိကိုပင် ကိုယ်မယုံကြည်အောင် ဖြစ်သွားသည်။ အံ့အားလည်းသင့်၊ လန့်လည်းလန့်သွားသည်။ ဝမ်းသာလွန်းအားကြီးသဖြင့် နှလုံးခုန် ရင်တုန် ဖြစ်သွားသည်။ ခပ်လှမ်းလှမ်း၌ အာနန္ဒီ တစ်ယောက်တည်း လာနေသည်။ အာနန္ဒီက သူ့ကို ခေါ်မည်မဟုတ်ပေ။ အကယ်၍ ခေါ်သည့်တိုင်အောင် အာနန္ဒီ၏အသံသည် သူ့ဆီသို့ ရောက်မလာနိုင်ပေ။

သို့ဖြစ်လျှင် ယင်းချွဲမက်စရာအသံသည် သူ၏စိတ်နှလုံးတွင်းမှ အသံဖြစ်သလော။

အဏ္ဏာမလေသည် အာနန္ဒီ၏နောက်မှ ကဒီရေရှုန် ပါလာသလား၊ မပါဘူးလား ဆိုသည်ကို လှမ်းကြည့်လိုက်သည်။ ကဒီရေရှုန်ကို မမြင်ရပေ။ အာနန္ဒီနှင့် အတူတကွ သူ့ သူငယ်ချင်း အပေါင်းအဖော်များလည်း ပါလာသည်ကို မတွေ့ရပေ။ အာနန္ဒီတစ်ယောက်တည်း ပင်လယ်ကမ်းခြေ လာသည့်အကြောင်းကို စဉ်းစားမိသောအခါ အဏ္ဏာမလေသည် အတန်ငယ် တုန်လှုပ်သွားလေသည်။ ထိုမိန်းကလေးသည် အတော်ရဲတင်းသည့် မိန်းကလေးပါလား။

အဏ္ဏာမလေသည် အာနန္ဒီကို ပြေးကြိုဆိုရန် စဉ်းစားလိုက်သည်။ သို့ရာတွင် နောက်ပိုင်း၌ သူ့အကြံအစည်ကို ပြောင်းလဲပစ်လိုက်သည်။

အာနန္ဒီသည် တစ်စုံတစ်ဦးနှင့်တွေ့ရအောင် လာခြင်းများဖြစ်နေသလား။ အဏ္ဏာမလေ စိတ်မကောင်းဖြစ်သွားသည်။ အကယ်၍ ငါထင်သည့်အတိုင်းဖြစ်ခဲ့သော် ငါ ဒီနေရာက ချက်ချင်း ရှောင်ပေးသင့်သည်။

သူရှိရာသို့ အာနန္ဒီ လာနေသည်။ အဏ္ဏာမလေသည် မိမိထိုင်မြဲနေရာ၌ ထိုင်၍ သာလျှင် အာနန္ဒီ၏ လှပယဉ်ကျေးသော လှုပ်ရှားသွားလာမှု အရသာကို ခံစားနေသည်။ အာနန္ဒီ၏ ခြေထောက်များနှင့်အတူ ဆာရီအတွန့်များမှာ ကနေကြသည်။ ဆာရီ၏အနားသည် လေထဲတွင် တဖျပ်ဖျပ်လွင့်နေသည်။ သူ၏ခြေလှမ်း၌ အလောတကြီး ဖြစ်နေပုံမျိုးကို လည်းကောင်း၊ သုတ်သီးသုတ်ပျာ ဖြစ်နေပုံမျိုးကိုလည်းကောင်း မမြင်ရပေ။ သူ၏ခြေလှမ်းနှင့် လက်ဟန်ခြေဟန်တို့၌ အလှတစ်မျိုး ရှိနေသည်။ လက်နှင့်ခြေတို့၏လှုပ်ရှားမှုသည် သဘာဝ အတိုင်း ဖြစ်နေသည်။ အိမ်အတွင်းဘက်အခန်း၌ ဆွဲချိတ်ထားသော ကဒီရေရှုန် ရေးဆွဲထား သည့် အာနန္ဒီ၏ပုံတူပန်းချီကားသည် သူ့ဆီလာနေသည်ဟု ထင်မှတ်သွားသည်။ ကဒီရေရှုန် သည် အကြိမ်များစွာ သူ့သမီးကို ဤပုံပန်းသွင်ပြင်မျိုးဖြင့် တွေ့ရပြီး စိတ်ကြည်နူးရွှင်ပျခြင်း


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာခွင့် ရရှိလိမ့်မည်ဟူ၍ အဏ္ဏာမလေ စဉ်းစားကြည့်မိသည်။ အာနန္ဒီ၏ ဤပုံသဏ္ဌာန်သည် သူ့ဖခင်၏ စိတ်နှလုံးထဲတွင် စွဲနေပေလိမ့်မည်။ ထို့ကြောင့်သာလျှင် ကဒီရေရှန်သည် ဤကဲ့သို့သော အသက်ဝင်နေသည့်ရုပ်ပုံကို ဆွဲနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

အဏ္ဏာမလေ အနီးသို့ရောက်လာသောအခါ အာနန္ဒီသည် သဲပြင်ပေါ်၌ ထိုင်လိုက်သည်။ အတန်ကြာမျှ နှစ်ဦးလုံးတိတ်ဆိတ်ငြိမ်သက်နေကြသည်။ အဏ္ဏာမလေ၏ မျက်နှာ အမူအရာကို တွေ့ရ၍ အဏ္ဏာမလေ စိတ်ပျံ့လွင့်နေသည်ဟု အာနန္ဒီ အကဲခတ်မိသွားလေသည်။ ထို့ကြောင့် ပြုံးပြလိုက်လေသည်။

အဏ္ဏာမလေက မေးလိုက်သည်။

''အာနန္ဒီဖေဖေရော မလာဘူးလား''

''ဖေဖေ အရုပ်ဆွဲနေတယ်၊ ခုနစ်နာရီလောက်ကျမှ ဆွဲလို့ပြီးမယ်လို့ ဖေဖေက ပြောတယ်''

''အာနန္ဒီ တစ်ယောက်တည်းလည်း ဒီကိုလာသလား''

''ဟင့်အင်း၊ ဒီကနေ့ ကျွန်မ ပထမဆုံးအကြိမ် လာတာပါ''

''အာနန္ဒီ တစ်ယောက်တည်း ဒီကိုလာတာ . . .''

အဏ္ဏာမလေက ပြောပြီးမှ စကားအဆုံးမသတ်ဘဲ ရပ်ထားလိုက်လေသည်။

''ကျွန်မသူငယ်ချင်းတွေကို ခေါ်တော့ခေါ်ပါတယ်၊ ဒါပေမယ့် သူတို့ တစ်တွေ အားလုံးမအားကြဘူး။ ရှင် ဒီမှာရှိလိမ့်မယ်ဆိုတာ ကျွန်မ သိတယ်၊ ဒါကြောင့် ဒီကိုလာခဲ့တာ''

''ကျွန်တော် ဒီမှာရှိတယ်ဆိုတာ အာနန္ဒီ သိတယ်လား''

''ရှင် အိမ်ကိုမပြန်ဘဲ ပင်လယ်ကမ်းခြေဘက်ထွက်သွားတာ ကျွန်မ မြင်လိုက်တယ်''

ယင်းသို့ပြောလျက် အာနန္ဒီသည် ရုတ်တရက် ဦးခေါင်းကို ငုံ့လိုက်သည်။ သူ၏ လက်ချောင်းကလေးများသည် ပင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်တွင် အလွန်တရာ လျှပ်ရှားသွက်လက်စွာဖြင့် အလုပ်လုပ်နေလေသည်။ လက်ချောင်းလေးဖြင့် သဲထဲတွင် လျှင်မြန်ဖျတ်လတ်စွာ ပထမကြာဖူးတစ်ဖူးကိုလည်းကောင်း၊ ထို့နောက် ကြာငုံတစ်ငုံကိုလည်းကောင်း၊ နောက်ဆုံး၌ ကားကားစွင့်စွင့် ပွင့်နေသည့်ကြာပွင့်ကိုလည်းကောင်း ရေးခြစ်လိုက်လေသည်။

မိမိ၏ စိတ်နှလုံးတွင်းမှထွက်လျက် ပင်လယ်ငှက် ထောင်ပေါင်းများစွာ တို့သည် အုပ်ဖွဲ့ပြီးလျှင် အတောင်တဖျပ်ဖျပ်ခတ်လျက် ကောင်းကင်တွင် ပျံသွားကြသည်ဟူ၍ အဏ္ဏာမလေ ထင်နေမိသည်။ ပျော်ရွှင်ချမ်းမြေ့ခြင်း ပင်လယ်ထဲတွင် အပြည့်အဝ နစ်မြုပ်နေသော အဏ္ဏာမလေသည် အာနန္ဒီ ကြာပွင့်အရုပ် ရေးခြစ်နေသည်ကို တွေ့ရ၍ မေးလိုက်လေသည်။

''အာနန္ဒီလည်း အရုပ်ဆွဲတတ်သလား''



''မဆွဲတတ်ပါဘူး''

''အဲဒီအရုပ်တွေကို ဆွဲထားတာတောင်မှ မဆွဲတတ်ပါဘူးလို့ ပြောသေးသလား''

''ဒီလောက်ကလေးကို ပန်းချီဆွဲတတ်တယ်လို့ပြောရင်တောင် မိန်းကလေးတိုင်းကို ပန်းချီဆရာလို့ ရှင်ပြောနိုင်ပါတယ်။ ကျွန်မတို့ မိန်းကလေးတွေဟာ ဇာထိုးပန်းထိုးအလုပ်ကို လုပ်ကြရတယ်။ အိမ်ကို လှနေအောင် ပြင်ရဆင်ရတယ်''

မြို့ကြီးပြကြီးများ၌ ယင်းကဲ့သို့သောအလုပ်မျိုးကို လုပ်ကြသည့် မိန်းကလေးများ၏ ဦးရေသည် လျော့နည်းလာလေပြီဟူ၍ ပြောပြလိုသည့်စိတ်ဆန္ဒ အဏ္ဏာမလေတွင် ပေါ်လာသည်။

''အာနန္ဒီရော ပန်းချီ မသင်ဘူးလား''

''ဟင့်အင်း၊ ကျွန်မ မသင်ဘူး''

ပြောပြောဆိုဆို အာနန္ဒီက ရယ်လိုက်သည်။ သူကိုယ်တိုင် ပန်းချီမဆွဲတတ်သည့် အတွက်ကြောင့်သာ သူ့ဖခင်ကို ပြုစုနိုင်သည်ဆိုသည့်အကြောင်းကို အာနန္ဒီက ပြောပြသည်။ အနုပညာရှင်တို့သည် ကလေးသူငယ်နှင့် ဘာမှမထူးပေ။ အနုပညာရှင်တို့၏ အိမ်သူအိမ်သားများအနေဖြင့် အနုပညာရှင်တို့၏လမ်းမ၌ တစ်စုံတစ်ရာ အနှောင့်အယှက်မဖြစ်ဖို့နှင့် အနုပညာရှင်တို့အား အကူအညီပေးနိုင်ဖို့ကို သိရှိနားလည်ထားသင့်သည်။ ယင်းအချက်နှစ်ချက်ကို ကောင်းစွာ သဘောပေါက်နေခြင်းသည် သာလျှင် သူ့အတွက် တော်လောက်ပါပြီဟူလည်း အာနန္ဒီက ပြောလေသည်။

အဏ္ဏာမလေက ပြောလိုက်ပြန်သည်။

''အာနန္ဒီရဲ့ဖေဖေဟာ သိပ်ကံကောင်းတာပဲနော်''

''ရှင်…အဲဒီစကားကို တခြားနည်းနဲ့လည်း ပြောလို့ရတယ်။ ကျွန်မလည်း ကံကောင်းတယ်လို့ ဆိုနိုင်တယ်''

ပန်းချီဆရာ၏ သမီးဖြစ်ရခြင်းအတွက် အလွန်အားရကျေနပ်နေသည့် အမူအရာသည် သူ၏မျက်နှာ၌ ပေါ်လွင်နေသည်။ အတန်ငယ်စဉ်းစားပြီးသောအခါ ပြောပြန်လေသည်။

''ရှင့်မိဘတွေနဲ့ ကျွန်မတို့ မသိရသေးဘူး။ တစ်နေ့နေ့မှာ ရှင့်မိဘတွေကို ကျွန်မတို့ အိမ် ခေါ်လာခဲ့ပါလား''

''ကျွန်တော့်အဖေကလည်း အာနန္ဒီတို့နှစ်ယောက်ကို အိမ်ခေါ်လာဖို့ ခဏခဏ ပြောနေတယ်၊ အဲဒီအကြောင်းကို အာနန္ဒီရဲ့အဖေကို ပြောပြရမှာ ဝန်လေးနေလို့ မပြောဖြစ်တာ''

''ဝန်လေးတယ် ဟုတ်လား၊ ဘာကြောင့် ဝန်လေးတာလဲ''

''ကျွန်တော်တို့က အာနန္ဒီတို့ကို ညွှေ့ဝတ်ကြေအောင် ပြုနိုင်ချင်မှပြုနိုင်မယ်၊ ကျွန်တော်တို့က တောသားတွေ၊ အိမ်ကိုဖိတ်ရင် အာနန္ဒီတို့က ဘယ်လိုထင်သွားမယ် မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေက အဲဒီလို သဘောမထားပါဘူး၊ ဝမ်းတောင်သာဦးမှာ၊ ယဉ်ကျေးမှု အရဆိုပြီး လုပ်တဲ့ မှောက်မှားနေတဲ့ အပြုအမူတွေကို ဖေဖေက သိပ်မုန်းတာ''

အဏ္ဏာမလေက အားတက်သရော ပြန်ပြောလေသည်။

''အဲဒီလိုဆိုရင် ကျွန်တော်နဲ့အဖေ အာနန္ဒီတို့ကို ဖိတ်ဖို့ လာခဲ့မယ်''

မိမိ၏ တိမ်မြုပ်ပျောက်ကွယ်နေသောအိပ်မက်ကို အာနန္ဒီက အသစ်တစ်ဖန် အသက်သွင်းပေးလိုက်သည်ဟူ၍ အဏ္ဏာမလေ ထင်သွားလေသည်။

✦ ✦ ✦

လူ၏စိတ်သည် အလွန်တရာ ဆန်းကြယ်သည်။ မနေ့ကအထိ ကဲ့ရဲ့ရှုတ်ချလာခဲ့သော သူကို ကျွန်ုပ်တို့သည် ယနေ့ ဂုဏ်ပြုချီးကျူးကြသည်။ မနက်ဖြန်ကျလျှင် ထိုသူ့အကြောင်းကို တစ်ဖန်တစ်မျိုးတစ်မည် ပြောလိမ့်ဦးမည်။ ပန်းရန်ဆရာကျိဒမ္မရမ်လည်း ယင်းသဘောတရားမှ ခြွင်းချက်ထားရသူ မဟုတ်ပေ။

ပထမဦးစွာ မာဏိက္ကမ်ထံမှ ကဒီရေရှန်အကြောင်းကြားရ၍ မိမိမျက်စိနှင့် မတွေ့မမြင်ရဘဲနှင့် ကျိဒမ္မရမ်သည် ကဒီရေရှန်အကြောင်း မကောင်းပြောခဲ့သည်။ ထိုအဘိုးကြီးနှင့်သူ့သမီးတို့ပေါင်းပြီး မိမိ၏သားကို သွေးဆောင်ဖြားယောင်းသည်ဟူ၍ တွေးပြီးလျှင် ကဒီရေရှန်အကြောင်း အမနာပ ပြောခဲ့သည်။ ဧက္ကာပါဏီ၏စကားကို ကြားရသောအခါ သူ့အတွေးအခေါ်သည် အတန်ငယ်ပြောင်းလဲသွားသည်။ အချိန် အတန်ငယ်ကြာသွားသောအခါ သူ့သားကို အဖိုးအခမယူဘဲနှင့် ပန်းချီပညာသင်ပေးသည့်အကြောင်းကိုလည်းကောင်း၊ လူ့ရည်တတ်များ ဖြစ်ကြသည်ဆိုသည့်အကြောင်းကိုလည်းကောင်း၊ ယင်းသို့ စသော အကြောင်းများကို သိရသည်ဖြစ်၍ ပန်းရန်ဆရာသည် ကဒီရေရှန်အား လေးစားမှုရှိလာခဲ့သည်။

ကဒီရေရှန် သားအဖကို အိမ်ဖိတ်ပြီး ထမင်းကျွေးဦးမည်ဟူ၍ပင် စဉ်းစားစိတ်ကူးလာလေသည်။ ကဒီရေရှန်ကို မိမိအိမ်သို့ဖိတ်ခေါ်ရန် ပန်းရန်ဆရာသည် အဏ္ဏာမလေနှင့်အတူ လာခဲ့သည်။ ကဒီရေရှန်တို့၏အိမ်၌ ပန်းရန်ဆရာ အသစ်အဆန်းတစ်ခုကို တွေ့မြင်ရသည်။ ထိုအိမ်က သူ့အား ကျယ်ဝန်းကြီးမားသော ခြံကြီးတစ်ခြံ၏အတွင်း၌ ရှိနေသည့် သခ်ျကျောင်းကို သတိရစေသည်။ အာနန္ဒီနှင့် ကဒီရေရှန်တို့က အပြင်ထွက်လာပြီး သူတို့ကို ကြိုဆိုကြသည်။ အပြင်ဘက်က အခန်းငယ်တစ်ခုတွင် သူတို့ကိုနေရာပေးပြီး ကဒီရေရှန် ကိုယ်တိုင်လည်း သူတို့အနီးမှာပင် ထိုင်လိုက်သည်။ အာနန္ဒီသည် ခုန်ပေါက်ပြေးလွှားပြီး အိမ်ခန်းတွင်း ဝင်သွားသည်။

ကဒီရေရှန်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရသောအခါ ပန်းရန်ဆရာသည် ကဒီရေရှန်အား လေးစားကြည်ညိုသည့် စိတ်ထားများ တဖွားဖွားပေါ်လာသည်။ ထိုနည်းအတိုင်းပင် ပန်း





ဆရာ၏ရိုးသားမှုကလည်း ကဒီရေရှန်အား ဖမ်းစားထားလိုက်သည်။ ကဒီရေရှန်က ပြောလိုက်သည်။

''အဏ္ဏာမလေကို မေးမြန်းကြည့်လို့ မိတ်ခွေအကြောင်းကို သိရပါတယ်။ ကျုပ်တို့တစ်တွေ အခုလို တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခွင့်ရတာ ကျုပ်အနေနဲ့ အများကြီး ဝမ်းသာအားရ ဖြစ်ရပါတယ်''

ပန်းရန်ဆရာက ပြန်ပြောလေသည်။

''သားကို တစ်နည်းနည်းနဲ့ ဆင်ဂျင်နီယာ ဖြစ်စေချင်တာ ဖြစ်မလာခဲ့ဘူး။ အခု ဆရာကြီးကပဲ သူ့ကို လမ်းတစ်လမ်း ညွှန်ပြလိုက်တယ်။ ဖဲဒီလမ်းအတိုင်း လျှောက်သွားပြီး ကြီးပွားတိုးတက်သွားလိမ့်မယ်လို့ ထင်ပါတယ်''

ကြီးပွားတိုးတက်မည်ဆိုသည့်စကားကို ကြားရသောအခါ ကဒီရေရှန်သည် စိတ်ထဲက ရယ်မိလေသည်။ မိမိသား အရှိန်အဟုန်နှင့် ကြီးပွားတိုးတက်ရေးကို ဖခင်တိုင်းလိုလားကြသည်။ အသက်ငယ်ရွယ်စဉ်အခါကပင် မိမိတို့၏သားများအား မြင်းအပြေးပြိုင်ပွဲကဲ့သို့ ပြိုင်ပွဲတစ်ခုခုအတွက် အဆင်သင့်ဖြစ်စေအောင် ပြုလုပ်ထားခြင်းသည် မိမိတို့သားများအား ကြီးပွားတိုးတက်အောင် ပြုလုပ်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသလော။

ပန်းရန်ဆရာက ထိုအိမ်သို့လာရခြင်း၏အကြောင်းကို ပြောပြလျက် ကဒီရေရှန်အား သူ့အိမ်သို့ ဖိတ်မန္တက ပြုလိုက်လေသည်။ တနင်္ဂနွေနေ့ မနက်ပိုင်းတွင် သူတို့အိမ်မှာ သူတို့နှင့်အတူ အချိန်ဖြုန်းပြီး နေ့လယ်စာ စားပြီးမှ အိမ်ပြန်ရန် ကဒီရေရှန်အား ပန်းရန်ဆရာက ပြောသည်။

ကဒီရေရှန်က ''ကျုပ်တို့ ဆက်ဆက်လာခဲ့ပါမယ်''ဟု ကတိပေးလိုက်လေသည်။ ထိုအခိုက် အာနန္ဒီသည် လင်ပန်းတစ်ခုဖြင့် မုန့်နှင့်သစ်သီး စသည်တို့ကို ယူလာသည်။ ရှေ့ဘက်ကခုံကို သူတို့အနီးသို့ ဆွဲယူလျက် စားသောက်ဖွယ်ရာများကို တည်ခင်းထားလိုက်လေသည်။

''ကျုပ်က ထမင်းစားပွဲအတွက် လာဖိတ်တာပါ။ စားဖို့အတွက် လာတာ မဟုတ်ပါဘူး''

ယင်းသို့ပြောလျက် ပန်းရန်ဆရာသည် မုန့်တစ်ခုကို ကောက်ယူလိုက်လေသည်။ အာနန္ဒီက ပြောလေသည်။

''ဒါ ထမင်းစားပွဲ ဘယ်မှာဟုတ်လို့လဲ ဦး၊ အဒေါ်နဲ့အတူ ကျွန်မတို့အိမ် တစ်ခါလောက် ထမင်းစားကြွပါဦး''

အာနန္ဒီ၏စကားကို ကြားရသောအခါ ပန်းရန်ဆရာသည် ကဒီရေရှန်အား ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''သူငယ်မက သိပ်လိမ္မာတာပဲ၊ ကောလိပ်ကျောင်းမှာ နေသလား''

''ကျုပ်သမီးက ပညာသင်ချင်တဲ့စိတ် အလွန်ထက်သန်တယ်၊ ကျုပ် သူ့ကို ကောလိပ်မှာထားတယ်''

''အခု ဘာသင်နေသလဲ''

''ဘီအေ နောက်ဆုံးနှစ်ပါ''

ပန်းရန်ဆရာက မေးလိုက်ပြန်သည်။

''ဘီအေမှာ ဘာ ဘာသာယူသလဲ''

ကဒီရေရှုန်က ပြောလေသည်။

''စာပေ ''

စာပေ မည်သို့မည်ပုံ အသုံးဝင်သည်ကို ပန်းရန်ဆရာ နားမလည်နိုင်အောင် ဖြစ် သည်။ မည်သည့်အလုပ်ကိုရဖို့ရန် စာပေကို သင်ကြားဆည်းပူးရသနည်း။ လွတ်လပ် ရပြီးသည့်နောက်၌ တိုင်းပြည်တွင် ခေတ်စားလာသော စီးပွားရေး အသိတရားတို့ကြော လူပေါင်းများစွာတို့သည် သိပ္ပံပညာ၊ စက်မှုပညာ၊ ဘောဂဗေဒပညာ စသည်တို့ကို သင်ကြ ဆည်းပူးကြသည်။ ယင်းဘာသာရပ်များသည် လုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ် ရှိကြသည်။ ထမင်း ဟင်းစသော ရုပ်ပိုင်းဆိုင်ရာ အသက်မွေးမှုအတွက် လိုအပ်ချက်များ တိုက်ရိုက်ဆက်စပ်မှုမရှိသော စာပေကိုမူ ချောင်တစ်ချောင်တွင် ထိုးထားကြသည်။

ပန်းရန်ဆရာက ပြောလေသည်။

''ကျွန်တော်က စာမတတ် ပေမတတ် တောသားတစ်ယောက်ပါ။ ဘာ နားမလည်ဘူး၊ ကျွန်တော့်ကို စာပေရဲ့အနက်အဓိပ္ပာယ်အကျဉ်း ပြောပြပါဦး''

''တမီလ်၊ အင်္ဂလိပ် စတဲ့ ဘာသာစကားများနဲ့ ရေးထားတဲ့ကဗျာ၊ ဝတ္ထု၊ ပြဇာတ် ဆောင်းပါး စာတမ်း စသည်တို့ကို သင်ကြားလေ့လာတာပါပဲ''

ပန်းရန်ဆရာက မေးလိုက်ပြန်လေသည်။

''အဲဒါတွေကို လေ့လာသင်ကြားလို့ ဘာကျေးဇူးရှိမှာလဲ''

ပန်းရန်ဆရာသည် မည်သည့်အကြောင်းအရာနှင့်ပတ်သက်၍ တွန့်ဆုတ်ခြင်း အလျှ မရှိဘဲ မည်သူ့ကိုမဆို မေးတတ်၊ မြန်းတတ်လေသည်။ မိမိကိုယ်ကို စာမတတ်၊ ပေမတတ် တောသားလူအဟု ပြောပြီး မေးခွန်းများဖြင့်လည်းကောင်း၊ အတွေ့အကြုံအရလည်းကောင် အကြောင်းအရာများစွာကို သိရှိနားလည်အောင်လုပ်ခြင်းသည် သူ၏ဝသီဖြစ်သည်။

ကဒီရေရှုန်သည် အားတက်သရောဖြစ်လာပြီးလျှင် ကုလားထိုင်ပေါ်၌ ကိုယ်ကို မတ်မတ်ထားထိုင်လိုက်သည်။ အာနန္ဒီသည် ပန်းကန်အလွတ်များကိုယူလျက် အခန်းတွင်းသို့ ဝင်သွားသည်။ ပန်းရန်ဆရာသည် ကဒီရေရှုန် ပြောပြသည့်စကားများကို ဂရုတစိုက် နားထော နေလေသည်။ ကဒီရေရှုန်က သူ့စကားကို ဆက်သည်။





''အကျိုးတရားဆိုတာ နှစ်မျိုးနှစ်စားရှိတယ်၊ တစ်မျိုးက မျက်မှောက်မှာ တွေ့မြင်ရတဲ့အရာဖြစ်တယ်၊ နောက်တစ်မျိုးက မျက်မှောက်မှာ တွေ့မြင်ရတဲ့အရာ မဟုတ်ဘူး။ အဆောက်အအုံကြီးတွေ၊ တာတမံကြီးတွေ၊ လျှပ်စစ်စက်ရုံကြီးတွေ၊ စက်မှု စက်ရုံကြီးတွေ၊ ရက်ကန်းစက်ရုံကြီးတွေ၊ ကျုပ်တို့မျက်မှောက်မှာ တွေ့မြင်နေရတဲ့ အကျိုးတရားတွေ ဖြစ်တယ်။ လုပ်ငန်းပိုင်းနဲ့ ပတ်သက်တဲ့ အသိဉာဏ် ဗဟုသုတတွေနဲ့ ကျုပ်တို့ဟာ အဲဒီအကျိုးတရားတွေရဲ့ ပမာဏကို ကြီးမားလာအောင် လုပ်နိုင်ကြတယ်။ ဒါပေမဲ့ လူဆိုတာ တကယ့်လူဖြစ်နေဖို့ လိုတယ်၊ လူနဲ့တူအောင် ကြိုးစားနေရုံနဲ့ မလုံလောက်ဘူး။ အဲဒီလို လူမျိုးဟာ အလိမ်အညာသာ ဖြစ်တယ်။ အပေါ်ယံကြောလောက်သာဖြစ်တယ်''

ပန်းရန်ဆရာက စိတ်လှုပ်ရှားတက်ကြွလာပြီးလျှင် ပြန်ပြောလေသည်။

''ဆရာကြီး ပြောတာ မှန်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဗဟိဒ္ဓအသွင် အပြင်ကို ကြည့်ပြီး ကျွန်တော်တို့ အထင်ကြီးနေဖို့ မသင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ပုဂ္ဂိုလ်ဟာ အတွင်း ဘက်မှာ ရောဂါဝေဒနာတစ်ခုခု ဖိစီးနှိပ်စက်ခြင်း ခံနေရတတ်တယ်။ 'ဥဒိယမရမ်'လို့ခေါ်တဲ့ သစ်ပင်ဟာ အပြင်ဘက်က ဝန်းဝိုင်းနေတယ်၊ အဲဒီလိုပဲ၊ တကယ်လို့ လူတစ်ယောက်ဟာ အပြင်အပကသာ ဝန်းဝိုင်းပြည့်ဖြိုးနေရင် ဘယ်လိုကျေးဇူးမှ ရှိမှာ မဟုတ်ဘူး၊ ဆရာကြီး ပြောတာ အဲဒီသဘောမျိုးပဲ မဟုတ်လား''

မိမိပြောသည့်စကားကို အနက်အဓိပ္ပာယ်နားလည်အောင် ကြိုးစားအားထုတ်ပြီး နားထောင်နေသည့် ပန်းရန်ဆရာကို တွေ့မြင်ရသောအခါ ကဒီရေရှုန်သည် တအံ့တဩ ဖြစ်သွားလေသည်။ ပန်းရန်ဆရာက ပြောလိုက်ပြန်သည်။

''ဟုတ်ကဲ့၊ ရှေ့ဆက်ပြောပါဦး ဆရာကြီး''

''ယခုခေတ်မှာ လူတွေကို ဘဝတစ်သက်တာ နေသွားနည်း အတတ်ပညာ သင်မပေးကြဘူး။ ပိုက်ဆံရှာနည်းကိုသာ သင်ပေးနေကြတယ်။ ဒါကြောင့် ကျုပ်တို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ လောဘ၊ မာန်မာန၊ အလိမ်အညာ၊ ကောက်ကျစ်စဉ်းလဲခြင်း စတဲ့ သဘောတရားတွေကိုပဲ မြင်နေရတယ်။ တကယ်လို့ လူတွေရဲ့အကျင့်စရိုက် ပျက်စီးနေရင်၊ လူလူချင်း ထားရှိအပ်တဲ့ အသိတရားတွေ ပျောက်ပျက်သွားရင် တိုင်းပြည်နိုင်ငံမှာ ကြေးငွေနေ ဘယ်လောက်ပေါပေါ အဲဒီ တိုင်းနိုင်ငံဟာ အထက်တက်နိုင်ဖို့ မလွယ်တော့ဘူး။ စာပေ ဆိုတာဟာ လူတွေရဲ့ အတွေးအခေါ်၊ အပြောအဆို၊ အလုပ်အကိုင်တွေကို လှပကောင်းမွန်အောင် ပြုလုပ်ပေးတဲ့ အရာဖြစ်တယ်။ လူတွေရဲ့ ကိုယ်ခန္ဓာ အတွင်းသန္တာန်မှာရှိနေတဲ့ စက်ကိရိယာ တွေကို၊ ဣန္ဒြေငါးပါးကို လမ်းကောင်းလမ်းမှန်ပေါ် ရောက်သွားအောင် စာပေက ပြုလုပ် ပေးတယ်''

ကဒီရေရှုန်သည် လူ၏ကိုယ်ခန္ဓာအတွင်း၌ လည်ပတ်နေသော စက်ကိရိယာသဖွယ် ဖြစ်သည့် စိတ်၊ မျက်လုံး၊ ပါးစပ်၊ ကိုယ်ခန္ဓာ စသည်တို့၏အကြောင်းကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်ဆရာမျှသာမက အဏ္ဏာမလေ၏ နားသောတသည်ပင် ထိုနေ့တွင် အနံ့အရသာနှင့် ပြည့်စုံသည့် စားပွဲသောက်ပွဲကို သုံးဆောင်ခွင့်ရရှိသည်။ ကဒီရေရှန်သည် အလှပဆုံးသော စကားလုံး၏ ဆန်းသစ်သော အဓိပ္ပာယ်ဖွင့်ကို ပြောပြသည်။

''တကယ်လို့ ပညာသင်ရရင် ကျွန်တော်လည်း အကြောင်းအရာများစွာကို သိရှိနားလည်လာမှာ အမှန်ပဲ''

ယင်းသို့ပြောလျက် ပန်းရန်ဆရာက မိမိစိတ်မကောင်း ဖြစ်ရပုံကို ပြောပြသည်။

''ပညာသင်ကြားရုံနှင့် တစ်စုံတစ်ရာ အကျိုးထူးလာတာ မဟုတ်ဘူး၊ အစဉ်အဆက် ဆင်းသက်လာတဲ့ ဓလေ့ထုံးစံတွေကို သူ့အတိုင်း လိုက်နာကျင့်သုံးနေတဲ့ တချို့လူတွေဟာ ပညာမတတ်မြောက်ကြပေမယ့် ပညာတတ်လူတွေထက်တောင် ပိုပြီး ယဉ်ကျေးတဲ့ အကျင့်စရိုက် ရှိနေတယ်။ ကျုပ်တို့ဟာ ကိုယ်သင်ကြားထားတဲ့အတိုင်း ကျင့်ကြံအားထုတ်သင့်ကြတယ်၊ သင်ပုန်းကြီးသင်စဉ်က အလုပ်လုပ်လိုတဲ့ဆန္ဒ မွေးမြူပါလို့ ကျုပ်တို့သင်ရတယ်၊ အဲဒီစကားဝါကျမှာ လျှို့ဝှက်တဲ့အနက်အဓိပ္ပာယ်တွေ ရှိနေတယ်၊ အဲဒီစကားဝါကျကို အခြေပြုလုပ်ပြီးတော့ ကျုပ်တို့ဟာ ကိုယ်သင်ချင်တဲ့ အရာကို သင်နိုင်ကြတယ်။ အဲဒီအခြေခံအုတ်မြစ် မရှိဘဲနဲ့ ကြီးမားတဲ့အဆောက်အအုံကြီးကို ဆောက်မယ်ဆိုရင် အဲဒီအဆောက်အအုံဟာ ကြာရှည်ဆဖြင့် တည်တံ့နေနိုင်မှာ မဟုတ်ဘူး''

ကဒီရေရှန်ထံမှ အဆောက်အအုံ၊ အုတ်မြစ်စသော စကားလုံးများကို ကြားရ၍ ပန်းရန်ဆရာသည် စာပေကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီးလျှင် သူ့လုပ်ငန်းအကြောင်းကို တွေးတော စဉ်းစားလာလေသည်။

ပန်းရန်ဆရာသည် ထိုအိမ်၏ နံရံနှင့်အမိုးကို လှမ်းကြည့်လိုက်သည်။ ထိုအိမ်၏ အုတ်မြစ်သည် ခိုင်မာကောင်း ခိုင်မာပေလိမ့်မည်။ သို့ရာတွင် အိမ်မှာ ဟောင်းမြင်းနေပြီးဖြစ်၍ နံရံများပေါ်၌ အက်ကြောင်းများ ပေါ်နေကြသည်။ ထိုအိမ်ကို သေချာစွာ စစ်ဆေးကြည့်ရှု၍ ပြန်ပြင်ဆောက်သင့်သည်ဟူ၍ တွက်ချက်ကြည့်သည်။ ပန်းရန်ဆရာက ...

''ကျွန်တော် ဒီအိမ်ကို နေရာအနှံ့ လိုက်ကြည့်လို့ရမလား''ဟု မေးလိုက်သည်။

''ဘာဖြစ်လို့ မရရမှာလဲ၊ ကျုပ်ကိုယ်တိုင် ခင်ဗျားကို ကျုပ်အိမ်လိုက် ပြချင်နေတာ၊ ဒီအိမ်ကို ပြန်ပြင်ဆောက်ဖို့ရှိနေတယ်''

ဧည့်သည်နှင့်အိမ်ရှင်သည် အိမ်ကို အနှံ့လျှောက်ကြည့်ကြသည်။ ကဒီရေရှန်၏ ဆေးရောင်စုံ ပန်းချီပုံများနှင့် ရုပ်တုများသည် ပန်းရန်ဆရာအား ဆွဲဆောင်ခြင်း လုံးဝမပြုနိုင်ကြပေ။ သူ၏အာရုံသည် အိမ်၏အလျား၊ အနံ၊ နံရံ၏ အထူအပါးဆီသို့လည်းကောင်း၊ နံရံနှင့်အမိုး၌ ဟိုနေရာ၊ သည်နေရာတွင် တွေ့ရှိနေရသော အက်ကြောင်းများဆီသို့လည်းကောင်း ရောက်ရှိနေသည်။ ကဒီရေရှန်၏ အိပ်ခန်းထဲ ရောက်သွားသောအခါ ပန်းရန်ဆရာ၏ မျက်လုံးသည် ထိုအခန်းထဲတွင် ချိတ်ဆွဲထားသော ဓာတ်ပုံဟောင်းတစ်ခုဆီသို့ ရောက်သွား





ပြန်သည်။ ခဏကြာမျှ တိတ်တဆိတ်ရပ်လျက် ဓာတ်ပုံကိုကြည့်နေသည်။ ဓာတ်ပုံမှာ လင်မယားနှစ်ယောက်နှင့် သမီးတစ်ယောက် ပါဝင်သည့်အိမ်ထောင်မိသားစုတစ်ခု၏ ဓာတ်ပုံဖြစ်သည်။ မျက်စိပွတ်လျက် ထိုဓာတ်ပုံကို သေချာစွာကြည့်လိုက်သည်။ သူ၏မျက်နှာသည် ရုတ်တရက် ပွင့်လန်းလာလေသည်။

''ဒီဓာတ်ပုံဟာ ကာရေကုဒီက ကုမာရရွာမိရဲ့ ဓာတ်ပုံမဟုတ်လား၊ အဲဒီပုဂ္ဂိုလ်ဟာ ရှုရိလက်မှာ အချိန်တော်တော်ကြာကြာ အရောင်းအဝယ်သွားလုပ်ပြီး သူ့ရွာကိုပြန်လာခဲ့တယ်၊ နောက်ဆုံးကျတော့ သူ့ရွာကိုစွန့်ပြီး မြို့တက်လာတယ် မဟုတ်လား''

ကဒီရေရှန်က မဖြေချင်ဖြေချင် ဖြေလိုက်သည်။

''ဟုတ်ပါတယ်''

''သူ့သမီးက တော်တော်ကံဆိုးရှာတယ်၊ 'အသက်ငယ်ငယ်မှာပဲ ...''

ကဒီရေရှန်က ပန်းရန်ဆရာပြောမည့်စကားကို ဖြတ်ပြောလိုက်သည်။

''အဲဒီ သူ့သမီးဆိုတာ ကျုပ်ဇနီးပေါ့၊ အာနန္ဒီရဲ့အမေလေ၊ အခု သူ မရှိတော့ဘူး၊ သူ့အမေ ကျုပ်ယောက္ခမ အခု ကျုပ်နဲ့အတူရှိနေတယ်''

ပန်းရန်ဆရာသည် ဘာတစ်ခုမျှ နားမလည် ဖြစ်သွားသည်။ ဦးနှောက်လည်း ခြောက်သွားသည်။ မီးဖိုချောင်တွင် အာနန္ဒီ၏အဘွားကို ရုတ်တရက် တွေ့လိုက်ရသည်ဖြစ်၍ ပန်းရန်ဆရာသည် အမေဟူ၍ အော်ခေါ်လိုက်ပြီးလျှင် လ[illegible]က်လိုက်လေသည်။

''အမေ၊ အမေတို့ရဲ့တပည့် ဒီက ကျိဒမ္ဗရမ်ကို မှတ်မိသေးရဲ့လား၊ သခင်မြို့ပြောင်းမသွားခင် ကျွန်တော် တစ်နှစ်တိတိ အမေတို့ကျွေးတဲ့ထမင်းကို စားနေရတယ်လေ''

အတန်ကြာမျှ တွေးတောစဉ်းစားပြီးသည့်နောက်၌ အာနန္ဒီ၏အဘွားသည် သူတို့၏ တပည့်တပန်းဟောင်း ကျိဒမ္ဗရမ်ကို သတိရလာသည်။ မျက်နှာလည်း ရွှင်ပျလာသည်။ ကဒီရေရှန်၏မျက်နှာမှာမူ ရုတ်တရက် ဘာကြောင့် ညှိုးငယ်သွားသည် မသိပေ။

✦ ✦ ✦

ပန်းရန်ဆရာနှင့် ကဒီရေရှန်တို့သည် အိမ်အနောက်ဘက် ခြံထဲသို့ သွားသောအခါ အဏ္ဏာမလေလည်း သူတို့နှင့်အတူ လိုက်ပါသွားသည်။ ထိုအိမ်သို့ သူလာလာနေသည်မှာ ရက်ပေါင်းများစွာ ကြာပြီ။ သို့သော်လည်း အိမ်အနောက်ဘက် ခြံထဲသို့ သွားခွင့် တစ်ခါမှ မကြုံခဲ့ပေ။ ထိုခြံထဲ၌ တစ်ဖက်တွင် အုန်းပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင် စသော သစ်ပင်များ ရှိသည်။ အခြားတစ်ဖက်တွင်ကား ခရမ်းချဉ်၊ ခရမ်းချို၊ ရုံးပတီသီး စသောအပင်များနှင့် အတူတကွ တခြားဟင်းသီးဟင်းရွက်ပင်များ ပေါက်နေကြသည်။ ဝါးကပ်ကလေးများဖြင့် ပြုလုပ်ထားသော ဝါးတန်းပေါ်၌ စံပယ်ပန်းနွယ် ပျံ့နှံ့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက် ခြံစည်းရိုးအနီး၌ ဝေလေယာအမည်ရှိ မာလီ၏တဲတစ်တဲ ရှိသည်။ အတန်ကြီးမားသော ဝါးတဲတစ်တဲဖြစ်သည်။ တဲထဲတွင် ဝေလေယာ၏သမီး ထမင်းချက်နေသည်။ ဝေလေယာနှင့် ဝေလေယာ၏ဇနီးသည် ခြံထဲတွင် အလုပ်လုပ်နေကြသည်။ နွားတင်းကုတ်ထဲ၌ နွားပေါက်ကလေးတစ်ကောင် သူ့မိခင် နွားမကြီး၏ဝမ်းဗိုက်ကို ဦးခေါင်းနှင့် တိုးဝှေ့ကစားနေသည်။

အိမ်နောက်ဘက်က အလျားအနံ ကျယ်ဝန်းလှသော မြေနေရာကို တွေ့ရသောအခါ ယန်းရန်ဆရာ ကျိတ်မှုရမ်သည် တအံ့တသြ ဖြစ်သွားသည်။ ထိုကြီးမားကျယ်ပြန့်သည့် ခြံမြေနှင့် ခြံမြေ၏ အလယ်၌ရှိနေသော ကဒီရေရှန်တို့၏ အိမ်ငယ်လေးမှာ လိုက်လျောညီထွေမရှိလှဟူ၍ တွေးမိသည်။ အိမ်ကိုပြင်ဆောက်ဖို့ ဖြစ်နိုင်လိမ့်မည်မဟုတ်။ ဖြိုပြီး အသစ်တစ်ဖန်ပြန်ဆောက်မှ သင့်လျော်မည်။ အကယ်၍ကဒီရေရှန်တွင် အိမ်ဆောက်ဖို့ ငွေကြေးရှိလျှင်မူ အရေးမကြီးလှပေ။ သို့မဟုတ်လျှင်ကား မြေတစ်ဝက် ဖဲ့ရောင်း၍ ရသည့်ငွေဖြင့် အိမ်သစ်ပြန်ဆောက်၍ ရနိုင်သည်။

နှစ်ယောက်သား အိမ်အရှေ့ဘက်အခန်းသို့ ပြန်လာကြသည်။ ယန်းရန်ဆရာက ပြောလိုက်လေသည်။

"ကျွန်တော် အားလုံးသေသေချာချာ ကြည့်ရှုအကဲခတ်ပြီးပြီ၊ ဆရာကြီးအနေနဲ့ အိမ်အသစ်တစ်ဆောင် ဆောက်လုပ်သင့်တယ်၊ ဒီအိမ်ကတော့ အချိန်ကြာကြာခံဖို့ မလွယ်တော့ဘူး"

ကဒီရေရှန်က အေးအေးဆေးဆေး ပြောပြသည်။

"ဟုတ်တယ်၊ အိမ်အသစ်ပြန်ဆောက်မှ ဖြစ်မယ်ထင်တယ်"

"အိမ်ဆောက်တာ ခဲယဉ်းတဲ့အလုပ် မဟုတ်ပါဘူး"

ကဒီရေရှန်၏မျက်နှာတွင် ခံစားမှုတစ်ခုနှင့် ရောစပ်နေသော အပြုံးရိပ်ပေါ်လာသည်။

"ကျုပ်က ဒီအလုပ်မျိုးလုပ်တတ်တဲ့ အလေ့အကျင့် မရှိဘူး။ သူ မကွယ်လွန်ခင်တုန်းကတော့ ကျုပ်အနေနဲ့ ဘာတာဝန်မှမရှိဘဲ အေးအေးချမ်းချမ်း နေရလာခဲ့ရတယ်။ ဝင်ငွေထွက်ငွေ၊ အိမ်တာဝန် စတဲ့ အလုပ်ကိစ္စတွေကို ကျုပ် ဘာမှနားမလည်ဘူး၊ အိမ်ဆောက်ကြည့်ပါ၊ သမီးကိုလက်ထပ်ကြည့်ပါလို့ ဆိုတဲ့ စကားပုံတစ်ခုရှိတယ်။ ကျုပ်အနေနဲ့က အိမ်လည်း ဆောက်စရာရှိနေတယ်၊ သမီးကိုလည်း လက်ထပ်ပေးစရာရှိနေတယ်၊ အဲဒါတွေကို စဉ်းစားလိုက်တိုင်း ကျုပ် ဦးနှောက်ခြောက်သွားတာချည်းပဲ"

ယန်းရန်ဆရာက အတန်ငယ် စိတ်တက်ကြွလာပြီးလျှင် ပြောလိုက်လေသည်။

"အိမ်ဆောက်ဖို့ ကျွန်တော့်တာဝန်ထားလိုက်ပါ၊ စက္ကူပေါ်မှာ အိမ်ပုံစံရေးဆွဲတာက စပြီး အိမ်ကိုပြီးအောင် ဆောက်ပြီးတော့ ရှေးဟောင်းထုံးတမ်းစဉ်လာအရ အိမ်တက်မင်္ဂလာ





လုပ်ဖို့အထိ ကျွန်တော့်ဆီမှာ လူတွေ အလုံအလောက်ရှိပါတယ်။ အဲဒီအလုပ်တွေ အားလုံးကို ကျွန်တော် ကြီးကြပ်လုပ်ပေးပါ့မယ်"

"အခုခေတ်မှာ ကုန်ပစ္စည်းဈေးနှုန်းတွေ အဆမတန် တက်နေတယ်။ အဲဒီအချိန်မှာ ဒီလောက် ဦးနှောက်ခြောက်ရတဲ့ အရှုပ်အထွေးထဲက ကျုပ် ရုန်းလို့မရမှာ စိုးရိမ်နေမိတယ်"

"ဆရာကြီး ပြောတာတော့မှန်ပါတယ်၊ ကုန်ပစ္စည်းဈေးနှုန်းတွေ မတန်တဆ တက်နေတယ်။ အဲဒီလိုသာ စဉ်းစားနေမယ်ဆိုရင် ကုန်ပစ္စည်းတွေရဲ့ဈေးနှုန်းဟာ အကျမရှိဘဲ တက်သည်ထက် တက်လာဖို့သာရှိတယ်။ မြို့ထဲမှာ အခုဆိုရင် နိုင်ငံခြားကရောက်လာတဲ့ လူတွေနဲ့ ငွေကြေးကြွယ်ဝတဲ့လူတွေ တင်းကျပ်ဖြစ်နေတယ်၊ ကျွန်တော် ကိုယ့်အိမ်လို သဘောထားပြီး အကုန်အကျ နည်းနိုင်သမျှနည်းနည်းနဲ့ ဆရာကြီးကို တောင့်တင်းခိုင်မာတဲ့ အိမ်တစ်လုံးဖြစ်အောင် ဆောက်ပေးပါ့မယ်။ ဆရာကြီးဟာ ကျွန်တော့်သခင်ဟောင်းရဲ့ သားမက် ဖြစ်တယ်မဟုတ်လား၊ ဆရာကြီးဆီက အမြတ်စားဖို့ ကျွန်တော် ဘယ်တော့မှ စိတ်မကူးပါဘူး"

"ဟုတ်တယ်၊ ဒီအလုပ်ကိုတော့ လုပ်ဖြစ်အောင် လုပ်ရလိမ့်မယ်ထင်တယ်"

"ဆရာကြီးက ငွေကြေးအတွက် ပူပန်နေတာလား"

"ဟုတ်တယ်၊ လုပ်အားခအနေနဲ့ ရထားတဲ့ငွေကြေးအနည်းငယ် ကျုပ်ဆီမှာ ရှိတယ်။ အရေးကြီးတဲ့အခါ သုံးရအောင် ငွေကြေးအနည်းငယ် ကျုပ်စုထားတယ်။ အဲဒီအခြေအနေနဲ့ ကျုပ် အိမ်ပြင်ဆောက်ဖို့ စိတ်ကူးနေတာပဲ"

"လက်ထဲမှာ ထောပတ်ရှိနေတဲ့နောက် ဆီဖိုးအတွက် ဘာစိုးရိမ်ကြောင့်ကြဖြစ်နေစရာလိုသလဲ။ ဒီလောက်ကျယ်တဲ့ခြံ ဆရာကြီးတို့အတွက် မလိုပါဘူး။ ဒီခြံကြီးတစ်ခုထဲမှာ အိမ်လေးလုံးလောက်တောင် ဆောက်နိုင်တယ်။ ဆရာကြီး မြေတစ်ဝက်ကိုရောင်းလိုက်ပါ။ ရတဲ့ငွေနဲ့ ဆရာကြီး ကိုယ့်အတွက် အိမ်ကောင်းကောင်းတစ်လုံး ဆောက်လို့ရပါတယ်"

အဏ္ဏာမလေသည် ဖခင်ပြောပြသောစကားကို ဘဝင်မကျလှပေ။ ရက်များမတိုင်မီက မာဏိတ္တမ် ပြောပြသောစကားကိုပင် မိမိဖခင်က ပြောပြန်သည်ဟု ထင်လိုက်လေသည်။

ကဒီရေရှန်က ပြောသည်။

"မိတ်ဆွေပြောတဲ့ အကြံဉာဏ်လေး ကောင်းပါတယ်၊ ဒါပေမဲ့ ကျုပ် မာလီ ဝေလေယာကို ဒီခြံထဲက ထုတ်မပစ်ချင်ဘူး"

"သူ့အတွက် ဆရာကြီးအိမ်ရှေ့မှာ အိမ်လေးတစ်လုံး ဆောက်ပေးလို့ရပါတယ်"

ကဒီရေရှန်က ခိုင်ခိုင်မာမာ ပြောလိုက်လေသည်။

"ကျုပ် မိတ်ဆွေပေးတဲ့အကြံဉာဏ်ကို သဘောတူပါတယ်"

ယန်းရန်ဆရာသည် ခဏကြာမျှ မျက်လုံးမှိတ်လျက် တစ်စုံတစ်ရာကို စဉ်းစားစိတ်ကူးနေသည်။ ထို့နောက်မှ ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးရဲ့ မြေတစ်ခြမ်းအတွက် တခြားလူတွေပေးမယ့်ဈေးကို ကျွန်တော် ပေးပါ့မယ်။ ဆရာကြီး ကျွန်တော့်အတွက် ပိုက်ဆံတစ်ပြားမှ နစ်နာသွားတာ ကျွန်တော် မလိုလားပါဘူး။ ကြေးငွေမနေညစ္စာပစ္စည်း မိတ်ဆွေသင်္ဂဟဆိုတာ တစ်ခုနဲ့တစ်ခု ဘယ်လို ဆက်စပ်မှုမျိုးမှ မရှိဘူး။ တကယ်လို့ ကျွန်တော်တို့က အဲဒါတွေကို တစ်ခုနဲ့တစ်ခု ရောနှော ဆက်စပ်လိုတယ်ဆိုရင် ကျွန်တော်တို့ အရှုံးဘက်ကချည်း ဖြစ်နေလိမ့်မယ်"

ကဒီရေရှန် ကျေနပ်အားရသွားသည်။ ပန်းရန်ဆရာ၏ ဝါဒသဘောတရားကို နှစ်သက်သွားသည်ဖြစ်၍ အားတက်သရော ပြောလိုက်သည်။

"တကယ်လို့ မိတ်ဆွေကသာ ဒီမြေကိုဝယ်မယ်ဆိုရင်တော့ ကျုပ် ငွေကြေး အတွက် ပူပန်စရာအကြောင်းမရှိတော့ဘူးပေါ့"

"အဲဒီလိုမပြောပါနဲ့၊ နောင်တစ်နေ့ကျရင် ဆရာကြီးကိုလှည့်ပြီး ဆရာကြီးရဲ့ မြေကို ကျွန်တော် အပိုင်ယူလိုက်တယ်လို့ လူတွေကပြောလိမ့်မယ်၊ ဆရာကြီးအနေ လူနှစ်ယောက် သုံးယောက်လောက်ကို မေးစမ်းပြီး မြေတန်ဖိုး ကျွန်တော့်ဆီက လိုသလောက် ပြောပါ၊ ကျွန်တော် ပေးဖို့အဆင်သင့်ရှိပါတယ်"

ကဒီရေရှန်က ပန်းရန်ဆရာ၏စကားကို လက်ခံသဘောတူလိုက်သည်။ ရုတ်တရက် သူ၏ပန်ပန်ကြောင့်ကြမှုတစ်ဝက် ပျောက်ကွယ်သွားပြီဟု၍ စဉ်းစားမိပြီး ဝမ်းသားအား ပြောလိုက်သည်။

"ကျုပ်ကို မိတ်ဆွေ ဒီလောက်ကူညီလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး"

ပန်းရန်ဆရာနှင့် အဏ္ဏာမလေတို့ နှုတ်ဆက်ပြီး ပြန်မည်ပြုသောအခါ အာနန္ဒီ ဝေလေယာတို့ ရောက်လာကြသည်။ ဂုန်အိတ်ကြီးနှစ်အိတ်ထဲတွင် ဟင်းသီးဟင်းရွက်များ ငှက်ပျောဖီးများ ထည့်ယူလာကြသည်။ ငှက်ပျောရွက်ဖြင့် ထုပ်ထားသော စံပယ်ပန်းအ ကြောင့် အခန်းတစ်ခန်းလုံး မွှေးကြိုင်နေသည်။ မိမိတို့အပေါ်၌ထားသော အာနန္ဒီ၏ မေတ္တာ စေတနာကိုတွေ့ရ၍ ပန်းရန်ဆရာ အံ့အားသင့်သွားသည်။

"သမီး ဒါတွေလိုလို့လား"

"လိုတယ် မလိုဘူးဆိုတာ ဦးလေးမသိပါဘူး၊ အိမ်ပြန်ရောက်တော့ ဒေါ်ဒေါ်ကို မေးကြည့်ပါ၊ ဒေါ်ဒေါ်က ဦးလေးကို ပြောပြပါလိမ့်မယ်"

အာနန္ဒီ၏ မေတ္တာစေတနာကို တွေ့မြင်ရသောကြောင့် အဏ္ဏာမလေ ဝမ်းသာ အားရ ဖြစ်သွားသည်။ အာနန္ဒီသည် နေပူကြီးထဲတွင်ရပ်လျက် သူတို့ခြံထဲက ဟင်းသီး ဟင်းရွက်များကို ဆွတ်ခူးလာခဲ့ခြင်းဖြစ်သည်။ သူ၏နဖူးပေါ်၌ ချွေးသီးချွေးပေါက်လေး များ တင်နေသည်။ ကဒီရေရှန်က ပြောလိုက်သည်။

"မိတ်ဆွေတို့နဲ့အတူ ဝေလေယာ လိုက်ပြီး အိတ်နှစ်အိတ် ကားပေါ်တင်ပေး လိမ့်မယ်"





"နေပစေ၊ နေပစေ" ဟု ပြောလျက် ပန်းရန်ဆရာသည် အိတ်တစ်အိတ်ကို မ ယူလိုက်သည်။ တခြားအိတ်တစ်အိတ်ကိုမူ အဏ္ဏာမလေက ယူလိုက်သည်။

"တနင်္ဂနွေနေကျရင် အဏ္ဏာမလေကို လွှတ်လိုက်မယ်၊ ကျွန်တော်တို့အိမ်လာတဲ့ အခါ အမေကိုလည်း အတူခေါ်လာခဲ့ပါ"

သားအဖနှစ်ယောက် ပစ္စည်းအပြည့်ထည့်ထားသည့် အိတ်ကြီးနှစ်အိတ်ကို သယ် ဆောင်ပြီးလျှင် အိမ်သို့ပြန်လာကြသည်။ ပန်းရန်ဆရာ၏ စိတ်နှလုံးထဲတွင် ထူးထူးခြားခြား တက်ကြွလှုပ်ရှားမှု ဖြစ်ပေါ်နေသည်။ ထိုကျယ်ပြန့်ကြီးမားသည့် မြေ၏တစ်ခြမ်းကို မိမိ ဝယ်ယူရတော့မည်ဆိုသည်ကို စိတ်ကူးလျက် အပျော်ကြီးပျော်နေသည်။ အဏ္ဏာမလေ၏ စိတ်နှလုံးကမူ စံပယ်ပန်းရနံ့ထဲတွင် လုံးဝနစ်မြုပ်နေသည်။

ပန်းရန်ဆရာသည် ခြံမြေနှင့်ပတ်သက်၍ သူ့ဇနီးကို ဘာတစ်ခုမှမပြောပြပေ။ သူ့ဇနီးကိုပြောပြရန်အတွက် သူ့တွင် ထူးခြားသောအကြောင်းအရာတစ်ခု ရှိနေသည်။

"မိနာချိ…သူတို့အိမ်ရောက်သွားတော့ လှို့ဝှက်ချက်တစ်ခု ကျုပ်သိလာခဲ့ ရတယ်"

"ဘာများလဲတော့"

"သီရိလင်္ကာမှာ သွားနေတဲ့ ကျုပ်သခင်ရဲ့ဇနီးကို ဟိုအိမ်မှာ တွေ့လာခဲ့ရတယ်။ ကျုပ်သခင်မှာ သမီးတစ်ယောက်ရှိတယ်။ နာမည်က ဆရဿတီလို့ခေါ်တယ်။ လက်ထပ်ပြီးလို့ ခြောက်လလောက်အကြာမှာ ဆရဿတီရဲ့ယောကျ်ား ဆုံးသွားတယ်။ အဲဒီမုဆိုးမ မိန်းကလေးနဲ့ ကဒီရေရှန် လက်ထပ်တယ်။ အခု ဆရဿတီ မရှိတော့ဘူး၊ ကွယ်လွန်သွားပြီ၊ ကဒီရေရှန်နဲ့ ဆရဿတီရဲ့သမီးက ညည်းဖို့ ဟင်းရွက်ဟင်းသီးတွေ ပေးလိုက်တယ်၊ ဒီမိန်းကလေးကြည့်ရ တာ သူ့အမေနဲ့တစ်ပုံစံတည်းပဲ"

မိနာချိအမ္မာလသည် သူ့ယောကျ်ားပြောပြသည့် အကြောင်းအရာကို ထူးခြား သလိုလို ထင်နေမိသည်။ သူ့အဖို့ တောသူတောင်သားများကဲ့သို့ မြို့သူမြို့သားများ တစ်ဦးနှင့် တစ်ဦး ဟင်းသီးဟင်းရွက်များ ပေးပို့ခြင်းသည် ထူးခြားဆန်းသစ်သော အကြောင်းအရာတစ်ခု ဖြစ်နေသည်။ အာနန္ဒီ၏ မိခင်အကြောင်းကို ကြားရသည်မှာ သူ့အတွက် အဆန်းဖြစ်နေသည်။

✦✦✦

အကယ်၍ ကျွန်ုပ်တို့သည် ဆရာဝန်များအား ကူးစက်တတ်သောရောဂါများသည် မည်သည့်ရောဂါများဖြစ်သနည်းဟူ၍မေးလျှင် ဆရာဝန်များက နှာစေး ချောင်းဆိုးခြင်း များခြင်း စသော သာမန်ရောဂါဝေဒနာမျိုးမှစ၍ ကျောက်ရောဂါ၊ ဝမ်းရောဂါ စသော ထိတ်လန့်ကြောက်ရွံ့ဖွယ် ရောဂါဝေဒနာကြီးများအထိ ကူးစက်ရောဂါဝေဒနာများကို


www.burmeseclassic.com

www.burmeseclassic.com



ရေတွက်ပြပေလိမ့်မည်။ ဆရာဝန်များ မသိနားမလည်သော ကူးစက်ရောဂါ ဝေဒနာတစ်ခု ရှိသေးသည်။ လူလတ်တန်းစား ပုဂ္ဂိုလ်များသည်သာလျှင် ယင်းရောဂါဝေဒနာ၏ သားကောင် ဖြစ်ကြရသည်။ ခေတ်မီခြင်းအဖြစ်ဖြင့် ယင်းရောဂါဝေဒနာ အစပျိုးလေသည်။ နေ့ရက် အတန်ကြာပြီးသည့်နောက် ယင်းရောဂါဝေဒနာ အသည်းအသန် ဖြစ်လာသောအခါတွင်ကား ရောဂါဝေဒနာသည် ဝါကြွားခြင်းအဖြစ် ပြောင်းလဲသွားသည်။ အခြားပုဂ္ဂိုလ်များကို ကြည့်ရှုမှုဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယင်းရောဂါဝေဒနာ ဖြစ်ပွားလာတတ်သည်။ ယင်းရောဂါဝေဒနာ၏ ရောဂါပိုးမွှားများသည် မျက်စိမှတစ်ဆင့် စိတ်နှလုံးအထိ ရောက်လာပြီးလျှင် စိတ်နှလုံးထဲတွင် ဥများဥပြီး ရောဂါဝေဒနာပိုးမွှား တိုးပွားများပြားလာအောင် ပြုလုပ်သည်။ ယောကျ်ားများ၌ ယင်းရောဂါဝေဒနာသည် ဟိုတယ်တွင်နေခြင်း၊ ဆိုဖာလျှပ်စစ်ပစ္စည်း စသည်တို့ကိုဝယ်ခြင်းဖြင့် အစပျိုးပြီးလျှင် အရစ်ကျဆပ်သည့်စနစ်ဖြင့် အကြွေးယူလျက် မော်တော်ကားဝယ်သည်အထိ တိုးတက်လာသည်။ မိန်းမများ၌ကား ယင်းရောဂါဝေဒနာသည် စတီးလ်၊ ငွေနှင့်ပြုလုပ်ထားသည့် အိုးခွက်များကိုဝယ်ခြင်းမှ အစပြုပြီးလျှင် ပိုးဆာရီနှင့် စိန်အဆင်တန်ဆာများကို ဝယ်ခြင်းအထိ တိုးတက်လာသည်။

ယင်းရောဂါဝေဒနာ နှိပ်စက်ဖိစီးခြင်းခံရသောအခါ၌ လစာဘယ်လောက်ရရ၊ ထိုပုဂ္ဂိုလ်သည် တစ်ဖက်၌ ချို့တဲ့မှုအမျိုးမျိုး၏ သားကောင်ဖြစ်လျက် ပင်ပန်းနွမ်းဟိုက်နေရပြီး အခြားတစ်ဖက်၌ကား သူ၏ လောဘတည်းဟူသော အဆိပ်အရှိန်သည် တက်သည်ထက် တက်နေလေသည်။ အဆိပ်အရှိန်တက်ခြင်းကို ခံနေရမည်ဖြစ်သည်။

မိမိ၏ပျို့ရွယ်မှုအရှိန်၌ ပန်းရန်ဆရာ ကျိဒမ္ဗရမ်သည် ဆင်းရဲမှုဒဏ်ကို မခံရပေ။ စိတ်နှလုံး ထောင့်တစ်ထောင့်၌ ခိုကပ်နေသော လောဘသည် သူ့ကို တစ်စုံတစ်ခုပြုလုပ်ရန် လှုံ့ဆော်တိုက်တွန်းနေသည်။ ယင်းလှုံ့ဆော်တိုက်တွန်းချက်ကို နေ့ရက်အတန်ကြာမျှ သူ ဖယ်ရှားပစ်နေသည်။ ကဒီရေရှန် လာရောက်လည်ပတ်မည်ဆိုသည့်အကြောင်းကို စဉ်းစားလျက် တစ်နေ့တွင် ပန်းရန်ဆရာသည် သူ၏'ခေတ်မီခြင်း'ကို အသုံးချရန် စဉ်းစားစိတ်ကူးလေသည်။

ကဒီရေရှန်သည် အဏ္ဏာမလေ၏ ဆရာသမားမျှသာမကပေ၊ လူရည်တတ်တစ်ဦးလည်းဖြစ်သည်။ ပန်းရန်ဆရာသည် ကဒီရေရှန်၏မြေတစ်ခြမ်းကို ဝယ်ယူလိုသည့်စိတ် ပေါ်နေသည်။ ခမ်းခမ်းနားနား ထမင်းစားပွဲကျင်းပပြုလုပ်ပြီး ထိုမြေကို မိမိဝယ်ယူနိုင်စွမ်းရှိကြောင်း ပြလိုက်မည်ဟူ၍ ပန်းရန်ဆရာ စိတ်ကူးနေသည်။

သူ၏အချစ်တော်သား မာဏိက္ကမ်ကိုခေါ်လျက် ပန်းရန်ဆရာသည် ဈေးထဲထွက်သွားသည်။ ဈေးထဲက ဆိုဖာဆက်၊ လျှပ်စစ်ပန်ကာ၊ ပန်းစီး၊ ပန်းအိုး စသော ပစ္စည်းများကို ဝယ်သည်။ ယင်းသို့ ပန်းရန်ဆရာ ငွေကို ရေလိုဖြုန်းနေသည်ကို တွေ့ရသောအခါ မာဏိက္ကမ်က သူ့အတွက် 'တယ်ရလင်း'အင်္ကျီနှစ်ထည်နှင့် ဒိုတီနှစ်ထည်ဝယ်လိုက်သည်။ အဏ္ဏာမလေတွင် ဝတ်စရာအင်္ကျီ စသည် အလုံအလောက်ရှိသည်ဟူ၍လည်း မာဏိက္ကမ်ကပြောလိုက်





သည်။ ထို့ကြောင့် ပန်းရန်ဆရာသည် အဏ္ဏာမလေအတွက် ဘာတစ်ခုမှမဝယ်ပေ။ စနေနေ့ ညနေချမ်းအချိန် ရောက်လာသောအခါ ပန်းရန်ဆရာသည် ဧည့်သည်များကို ဧည့်ခံရန်အတွက် အိမ်ကိုပြင်ဆင်ထားလေသည်။

တနင်္ဂနွေနေ့နံနက် ဆယ်နာရီ မရှိတရှိအချိန်တွင် အဏ္ဏာမလေနှင့် မာဏိက္ကမ်တို့သည် ကဒီရေရှန်နှင့် အာနန္ဒီတို့ကို သွားခေါ်ဖို့ဟန်ပြင်ကြသည်။ မာဏိက္ကမ်သည် ကိုးနာရီထိုးလောက်ကစပြီး သူ့ကိုယ်သူ ပြင်ဆင်နေသည်။ 'တယ်ရလင်း' အင်္ကျီအသစ်နှင့် ဒိုတီအသစ်သည် သူ့ကိုယ်နှင့်အံကိုက်ဖြစ်နေသည်။ မျက်နှာတွင် ပေါင်ဒါလိမ်းဖို့လျက် လက်ကိုင်ပဝါဖြင့် ဖွဖွလေး မှုံးလိုက်သည်။

အင်္ကျီမှ ရေမွှေးနံ့ထွက်နေသည်။

မာဏိက္ကမ်ကို သွားခေါ်သောအခါ အဏ္ဏာမလေသည် မာဏိက္ကမ်၏အပြင်အဆင်ကို တွေ့ရ၍ အံ့ဩသွားသည်။ မာဏိက္ကမ်ကို စလိုက်သည်။

"ခင်ဗျားကလည်း ပြင်ဆင်နေလိုက်တာ၊ လက်ထပ်မင်္ဂလာပွဲ သွားရမယ့်အတိုင်းပဲ"

"တကယ့် ဧည့်ကောင်းဆောင်ကောင်းတွေရဲ့ရှေ့မှာ ဝါ ယဉ်ကျေးတဲ့ပုဂ္ဂိုလ်တွေ ဝတ်စားဆင်ယင်သလို ဝတ်စားဆင်ယင်ခြင်း မပြုဘဲနေမယ်ဆိုရင် ဧပါဝ စိတ်မဆိုးပေဘူးလား။ မင်းကတော့ ပညာရှင်တစ်ယောက်ဖြစ်နေတဲ့အတွက် ကိစ္စမရှိဘူး၊ မင်းအနေနဲ့က ဆံပင်မဖြီးဘဲနဲ့ သူတို့ရှေ့သွားပြီး ထိုင်နေလို့ရတယ်၊ ဈော… မင်းလည်း ရေမွှေး နည်းနည်း ဆွတ်သွားပါလား"

အဏ္ဏာမလေက ပြောသည်။

"ခင်ဗျား အဲဒီရေမွှေးအနံ့ရရင် ကျွန်တော် ခေါင်းကိုက်လာလိမ့်မယ်၊ ကျွန်တော့်အတွက် ရေမွှေးပါ ခင်ဗျားပဲ ဆွတ်လိုက်ပါတော့၊ ကဲ… လာ မြန်မြန်သွားရအောင်"

သူတို့ အဒေယာသို့ သွားဖို့မလိုတော့ပေ။ မာဏိက္ကမ်သည် ပထမထပ်အခန်းမှ အပြင်ဘက် လှမ်းကြည့်လိုက်သောအခါ လမ်းမပေါ်၌ ကဒီရေရှန်နှင့် အာနန္ဒီတို့ လာနေကြသည်ကိုတွေ့ရသည်။ သူတို့သားအဖကို ပထမဆုံးစတွေ့သူမှာ မာဏိက္ကမ်ဖြစ်သည်။ မာဏိက္ကမ်သည် အဏ္ဏာမလေအား ဘာမှမပြောမဆိုဘဲ တံခါးဝတွင်ရပ်နေသော အဏ္ဏာမလေကို တစ်ဖက်ကွန်းပစ်လိုက်ပြီး လှေကားအောက်ဘက် ပြေးဆင်းသွားသည်။ အတန်ကြာမှ အကြောင်းစုံကို အဏ္ဏာမလေ သိရလေသည်။ မာဏိက္ကမ်သည် လမ်းမပေါ်အတင်းပြေးသွားပြီး ကဒီရေရှန်တို့သားအဖကို ကြိုဆိုလေသည်။

ပန်းရန်ဆရာသည် ကဒီရေရှန် သူ့ယောက္ခမ ခေါ်မလာသည်ကို တွေ့ရ၍ …

"အမေ ဘာဖြစ်လို့ ပါမလာသလဲ၊ အမေ့ကိုလည်း ဆရာကြီးတို့ ခေါ်လာစေချင်ကောင်းကယ်"ဟု ပြောပြီးလျှင် သားအဖနှစ်ဦးကို ပျာပျာသလဲ ကြိုဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဒီရေရှန်က ''အမေက အပြင်သိပ်မထွက်တတ်ပါဘူး၊ အသက်လည်း တော်တော်လေး ထောက်နေပြီမဟုတ်လား''ဟု ပြန်ပြောလေသည်။ အာနန္ဒီ၏ မျက်လုံးသည် အဏ္ဏာမလေကို ရှာနေသည်။ အဏ္ဏာမလေကိုတွေ့မှ စိတ်အေးသွားသည်။ အိမ်ထဲ အာနန္ဒီ တန်းဝင်သွားသည်။

အမေကြီး ပါမလာသည့်အတွက် ပန်းရန်ဆရာ စိတ်မကောင်းဖြစ်နေမိသည်။ မိမိသခင်ဟောင်း၏နေ့အား မိမိကိုယ်တိုင် ယနေ့ သခင်ဖြစ်နေပြီဆိုသည့်အကြောင်းကို ပြလိုသည့်စိတ် ပေါ်နေသည်။

မီနာချီအမ္မာလသည် အပြင်ထွက်လာပြီးလျှင် အလွန်တရာနှိမ့်ချစွာဖြင့် ကဒီရေရှန်အား လက်အုပ်ချီနှုတ်ဆက်ပြီးလျှင် အာနန္ဒီ၏လက်ကိုဆွဲလျက် အလွန်တရာ ချစ်ခင်ရင်းနှီးသော အမူအရာဖြင့် အိမ်ခန်းထဲခေါ်သွားသည်။ မီးဖိုချောင်ထဲတွင် ဟင်းသီးဟင်းရွက် လှီးနေသည့် မာဏိက္ကမ်၏အမေ ကျေလမ္မာလနှင့် အာနန္ဒီကို မိတ်ဆက်ပေးသည်။ ကျေလမ္မာလက ပြုံးပြီး အာနန္ဒီကို ကြိုဆိုသည်။ အာနန္ဒီ၏လက်ဝတ်တန်ဆာ၊ ဆာရီ စသည်တို့ကို လှမ်းကြည့်ပြီးလျှင် ကျေလမ္မာလသည် သူ့အလုပ် သူဆက်လုပ်နေလေသည်။

ကျေလမ္မာလသည် အရွယ်အတော်ပင် ဝေထာင်နေပြီ။ သို့ရာတွင် ကိုယ်ခန္ဓာမှာမူ တောင့်တင်းခိုင်မာတုန်းပင် ရှိသေးသည်။ အလုပ်လုပ်ရ၍ ကိုယ်ခန္ဓာတောင့်တင်း သန်မာနေခြင်း ဖြစ်သည်။ မည်သည့်အလုပ်မျိုးကိုမဆို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် လုပ်လေ့ရှိသည်။ သူ၏မျက်လုံး၌ ကြောင့်ကြစိတ်စောမှုကို တွေ့မြင်နေရသည်။

မီနာချီအမ္မာလ ခင်းပေးသောဖျာပေါ်၌ အာနန္ဒီမထိုင်ပေ။ အာနန္ဒီက ပြောလိုက်သည်။

''ကျွန်မကိုလည်း အလုပ်လုပ်ခိုင်းပါ၊ ကူညီအလုပ်လုပ်ပေးဖို့အတွက် ကျွန်မ စောစောလာခဲ့တာပါ''

''သမီး ဘာမှမလုပ်ပါနှင့်၊ စားရုံစားရင် တော်ပါပြီ၊ အမေတို့က ဧည့်သည်တွေကို စားတဲ့အလုပ်ကိုပဲ လုပ်ခိုင်းချင်တယ်''

ယင်းသို့ပြောလျက် မီနာချီက ရယ်လိုက်လေသည်။

''ကျွန်မ ဧည့်သည်မဟုတ်ပါဘူး၊ ကျွန်မကို သမီးလို့ပဲ သဘောထားပါ၊ ကျွန်မ ထမင်း ကောင်းကောင်းချက်တတ်တယ်ဆိုတာ အမေ မယုံရင် ခိုင်းကြည့်ပါလား''

ထိုအမျိုးသမီးနှစ်ယောက်အနက် မည်သူ့တွင်မှ သမီးမရှိပေ။ သို့ရာတွင် သမီးမရှိသည့်အတွက် မီနာချီအမ္မာလက ပို၍စိတ်မကောင်းဖြစ်နေသည်။ ထို့ကြောင့် မီနာချီသည် အာနန္ဒီ ပြောသောစကားကို အလွန်တရာ ကျေနပ်အားရသွားသည်။ ကျေလမ္မာလကမူ ''ဒီကလေးမဟာ အပြောအဆို အတော်လိမ္မာပါးနပ်ပါကလား''ဟု တွေးနေမိသည်။





ထိုနေရာ၌ ချထားသော ဟင်းသီးဟင်းရွက်ထည့်ထားသည့်ဗန်းကို ဆွဲယူပြီးလျှင် အာနန္ဒီက ''ကျွန်မကိုလည်း ဓားတစ်ချောင်းပေးပါလား''ဟု ကျေလမ္မာလအား ပြောလိုက်သည်။ အာနန္ဒီသည် ဟင်းသီးဟင်းရွက် လှီးပေးမည် လုပ်လေသည်။

''သမီး... နေပါစေ၊ လက် ဓားထိသွားဦးမယ်၊ သမီးကြည့်ရတာ အလုပ်လုပ်နေကျ ဟုတ်ပုံမရဘူး''

ယင်းသို့ပြောလျက် ကျေလမ္မာလသည် ထောင့်၌ရှိသော ဓားတစ်ချောင်းကို ယူလျက် အာနန္ဒီအား လှမ်းပေးလိုက်သည်။

အာနန္ဒီသည် ဟင်းသီးဟင်းရွက်များကို ဆေးကြောပြီးလျှင် သွက်လက်ဖြတ်လတ်စွာလှီးလျက် ဇလုံတစ်လုံးထဲတွင် ထည့်လေသည်။ ကြက်သွန်ကို အခွံခွာပြီး လှီးသည်။ ဟိုနေရာသည်နေရာ၌ ပြန့်ကျဲနေကြသော အိုးခွက်များကိုစုပြီးလျှင် ဆေးကြောပေးသည်။ မီနာချီအမ္မာလသည် အတိုင်းမရှိ ဝမ်းလည်းဝမ်းသာသွားသည်။ ဂုဏ်လည်း ယူမိလေသည်။ ပညာတတ်မိန်းကလေးများသည် အိမ်အလုပ်ကို မလုပ်ကြဟူ၍ မီနာချီ ကြားသိထားသည်။ ယင်းအချက်ကို အာနန္ဒီက ပယ်ဖျက်ပစ်လိုက်သည်။ ကျေလမ္မာလကလည်း အာနန္ဒီကို စူးစိုက်ကြည့်ရှုနေသည်။ အာနန္ဒီကိုကြည့်ရင်း ကျေလမ္မာလသည် မလှီးရသည့် ဟင်းသီးဟင်းရွက်များကို မှားပြီး လှီးလိုက်သည်။

မီနာချီက အတန်တန်တားသော်လည်း အာနန္ဒီသည် တံမြက်စည်းတစ်ချောင်း ယူလာပြီးလျှင် အခန်းထဲတွင် တံမြက်စည်းလှည်းသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ သူ၏ အလေ့အကျင့်ဖြစ်သည်။ မိမိရှိနေသည့်နေရာ၌ အာနန္ဒီသည် ညစ်ပတ်မနေအောင် အမြဲမပြတ် ပြုလုပ်သည်။ ယင်းဝါသနာကြောင့် ထိုအချိန်၌ တံမြက်စည်းတစ်ချောင်း ယူလာပြီး အခန်းထဲတွင် တံမြက်စည်းလှည်းနေခြင်း ဖြစ်သည်။

အခန်းထဲတွင် အာနန္ဒီ တံမြက်စည်းလှည်းနေစဉ် ရုတ်တရက် ရေမွှေးနံ့ သင်းပျံ့ကြိုင်လှိုင်လာသည်။ မိမိ၏ကျောဘက်ရှိ တံခါးအနီး၌ တစ်စုံတစ်ယောက် ရပ်နေသည်ဟူ၍ အာနန္ဒီထင်သွားသည်။ အဏ္ဏာမလေ ဖြစ်လိမ့်မည်ဟူ၍ ထင်မှတ်သွားပြီးလျှင် အာနန္ဒီသည် နောက်ဘက်လှည့်ကြည့်လိုက်သည်။ အာနန္ဒီ အတန်ငယ် စိတ်ပျက်သွားသည်။ မာဏိက္ကမ်ရပ်ပြီး သူ့ကို စူးစူးစိုက်စိုက် ကြည့်ရှုနေသည်။

မာဏိက္ကမ်က ပြောလိုက်သည်။

''အလို... ဒါဘာလုပ်နေတာလဲ၊ ဒီလိုအလုပ်တွေကို လုပ်ဖို့အတွက် အာနန္ဒီ ဒီကိုလာတာလား၊ ဖေဖေမြင်သွားရင် စိတ်ဆိုးလိမ့်မယ်''

''ကျွန်မ အလုပ်မလုပ်ရင် ကျွန်မဖေဖေကလည်း စိတ်ဆိုးမှာပဲ''

ယင်းသို့ပြောလျက် အာနန္ဒီက ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒီ၏စကားကြောင့်လည်းကောင်း၊ အရယ်အပြုံးများကြောင့် လည်းကောင်း မာဏိက္ကမ် သဘောခွေ့မနောတွေ့သွားသည်။ သို့ရာတွင် မာဏိက္ကမ်၏အမေ ကျေလမ္မာလကာမှု အာနန္ဒီ၏စကားထဲတွင် လျှပ်ပေါ်မှုရှိသည်ဟူ၍ ထင်မြင်ယူဆသွားသည်။ "ဒီမိန်းကလေးဟာ နည်းနည်းကလေးမှ အရှက်မရှိဘူး"ဟူ၍ တွေးမိသည်။ "တံမြက်စည်းကို အောက်မချဘဲနှင့် ငါ့သားရှေ့ရပ်ပြီး ငါ့သားနှင့် တန်းတူရည်တူ စကားပြောနေသည်"ဟူ၍ တွေးလျက် ဘဝင်မကျဖြစ်နေသည်။

✦ ✦ ✦

မာဏိက္ကမ်သည် ရေသောက်ချင်ယောင်ဆောင်ပြီး မီးဖိုချောင်ထဲ ဝင်လာသည်။ သို့ရာတွင် မီးဖိုဆောင်ထဲက ပြန်မထွက်တော့ပေ။ သူလည်း ကူညီလုပ်ကိုင်ပေးမည်ဆိုပြီး ထိုင်လိုက်သည်။ သူ့ကို အုန်းသီးခွဲခြင်း၊ ငှက်ပျောသီးစိမ်း အခွံနွှာခြင်း၊ ငှက်ပျောရွက်များကို ဖြတ်ခြင်း စသောအလုပ်များကို လုပ်နိုင်းသည်။ မာဏိက္ကမ်သည် မည်သည့်အလုပ်ကိုမဆို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သည်ဆိုသည့် အမူအရာမျိုးနှင့် အလုပ်အားလုံးကို လုပ်ပြနေသည်။ မီနာချီအမ္မာလ်သည် အကျပ်အတည်း တွေ့နေသည်။ သို့ရာတွင် မာဏိက္ကမ်အား မည်သို့မှ ပြော၍မဖြစ်သည့်အခြေအနေဖြစ်နေသည်။ ယင်းကဲ့သို့ ယောကျ်ားတစ်ယောက် မီးဖိုချောင်ထဲဝင်ပြီး အလုပ်လုပ်နေခြင်းမှာ ဤအိမ်၏ အစဉ်အလာဖြစ်လိမ့်မည်ဟူ၍ အာနန္ဒီ စဉ်းစားမိသည်။

မာဏိက္ကမ်ထံမှ ဖူးဖူးရှုရှုထွက်နေသော ရေမွှေးနံ့ကို အာနန္ဒီ မကြိုက်ပေ။ သို့ရာတွင် မာဏိက္ကမ်၏ သွက်လက်ဖျတ်လတ်စွာဖြင့် မည်သို့မှ ခွဲခြားမှုမထားဘဲ အလုပ်လုပ်သည့် အကျင့်ကိုမူ နှစ်ခြိုက်သဘောကျသွားသည်။ အာနန္ဒီသည် ဤအိမ်ကို သူစိမ်းတရံဆံစာအိမ်ဟူ၍ မသတ်မှတ်ပေ။ ဤအိမ်၌ မိန်းမတွေလုပ်ရမည့်အလုပ်ဆိုပြီး ယောကျ်ားတွေက မျက်နှာလွှဲနေသည့် အစဉ်အလာလည်းမရှိဟူ၍ အာနန္ဒီ ထင်မှတ်သွားသည်။

မာဏိက္ကမ်သည် ဤအိမ်၌ သူကသာ သားကြီးသြရသဖြစ်သည် ဆိုသည့် အကြောင်း ထင်ရှားသိသာစေရန် မဏ္ဍပ်တိုင်တက်ပြနေသည်။

အပြင်ဘက်အခန်းထဲတွင် လူကြီးများသည် စီးပွားရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားနေကြသည်။ လူကြီးများထဲ၌ ထိုင်နေသော အဏ္ဏာမလေသည် မီးဖိုချောင်ထဲ၌ အလုပ်လုပ်နေသော အာနန္ဒီဆီ အာရုံရောက်နေသည်။ သို့ဖြစ်လင့်ကစား မီးဖိုချောင်ထဲ ဝင်သွားဖို့ရန် မဝံ့မရဲဖြစ်နေသည်။ သူတို့အိမ်သို့ ကဒိရေရှန်နှင့် အာနန္ဒီတို့ ဧည့်သည်အဖြစ် လာလည်သည့်အတွက် အဏ္ဏာမလေသည် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်နေသည်။

ထိုနေ့၌ ပန်းရန်ဆရာသည် ကဒိရေရှန်၏ ဆရာသမားဖြစ်သွားသည်။ ကဒိရေရှန်သည် စီးပွားရေးနှင့်ပတ်သက်၍ ပန်းရံဆရာအား ဆရာသမားအဖြစ် မှတ်ထင်သွားသည်။





ကဒိရေရှန်၏ ဝင်ငွေနှင့်ပတ်သက်၍ အပြည့်အစုံ စုံစမ်းမေးမြန်းပြီးသည့်နောက်၌ ပန်းရန်ဆရာက ပြောလိုက်လေသည်။

"အဲဒီဝင်ငွေရဲ့ တစ်ဝက်လောက်ရရင်တောင် ငွေနှစ်သိန်းလောက် အကုန်အကျခံပြီး အိမ်ငှားစားလို့ရတဲ့အိမ်လေးအိမ်လောက် ကျုပ်ဆောက်ပြီးပြီ"

ပန်းရန်ဆရာ၏စကားကို ကဒိရေရှန် ယုံကြည်သွားသည်။

"မြို့မှာ ပိုက်ဆံရှာဖို့က ဒီလောက်ကြီးကျယ်တဲ့ ကိစ္စမဟုတ်ဘူး။ ပိုက်ဆံကို ထိန်းသိမ်းထားဖို့က အလွန်ခက်တယ်၊ ပိုက်ဆံကို ရှာလည်းရှာရမယ်၊ ထိန်းထိန်းသိမ်းသိမ်း လုပ်ထားဖို့လည်းလိုတယ်။ တကယ်လို့ မိမိရှာလို့ရတဲ့ပိုက်ဆံကို အသုံးချသင့် ချထိုက်တဲ့ ကိစ္စတွေမှာ အသုံးပြုရင် မိမိထံ ငွေကြေးစုပြုံရောက်ရှိလာနိုင်တယ်။ လခဆန်းတာနှင့် တစ်ပြိုင်နက် ငွေထောင်နှင့်ချီပြီး အိမ်လခ ရရှိလာလိမ့်မယ်"

ကဒိရေရှန်သည် အနုပညာရှင်တစ်ဦးအဖြစ် နေထိုင်လာခဲ့သည်။ ဇနီး ကွယ်လွန်သွားပြီးသည့် နောက်ကျမှသာလျှင် လောကီလူမှုကိစ္စကြောင့်ကြမှုများသည် သူ့ခေါင်းတွင် ဝိုင်းရံလာကြသည်။ အကယ်၍ ဆင်ဆင်ခြင်ခြင်စဉ်းစဉ်းစားစားနှင့် အလုပ်လုပ်မည်ဆိုလျှင် ကဒိရေရှန်အနေနှင့် ယနေ့အချည်းနှီး အလဟဿ စိုးရိမ်ကြောင့်ကြ ဖြစ်နေစရာမလိုပေ။ သို့ရာတွင် ယဉ်ကျေးသော လူ့အဖွဲ့အစည်းသည် လူတို့အား မှန်မှန်ကန်ကန် ဆင်ခြင်စဉ်းစားနိုင်ခွင့်ပေးပါသလော။ ကဒိရေရှန်သည် သူ၏အခန်းဝ၌ "ကျွန်ုပ်တို့သည် ကောင်းစွာနေထိုင်သွားသင့်၏"ဟူ၍ ရေးသားထားသည်။ ကဒိရေရှန်သည်ပင်လျှင် ယခုအချိန်၌ "မိမိ၏ ယခုအချိန်အထိ နေထိုင်လာခဲ့သော ဘဝသည် မည်မျှ ကမောက်ကမဖြစ်နေရသနည်း"ဟူ၍ စဉ်းစားပြီးလျှင် စိုးရိမ်မကင်း ဖြစ်နေရလေသည်။ လိုအပ်ခြင်း၊ တောင့်တခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ထိတ်လန့်ခြင်း အတွေးများသည် သူ၏စိတ်နှလုံးတွင်ရှိနေသော အနုပညာနှင့်ပတ်သက်သည့် ဂုဏ်သိက္ခာ အသိနေရာ၌ စိုးရိမ်ကြောင့်ကြမှုသည် တဖြည်းဖြည်း အစားထိုးပေါ်ပေါက်လာလေသည်။

ပန်းရန်ဆရာက ပြောလိုက်သည်။

"ကျုပ်ပြောတဲ့စကားကို ဆရာကြီး အလေးအနက်ထားပြီး စဉ်းစားစေချင်ပါတယ်၊ ကျုပ် အသက်မငယ်တော့ဘူး၊ ယခု ကျုပ်အနေနဲ့ အလုပ်ကြမ်းသမားအဖြစ် လခယူပြီး တစ်စုံတစ်ဦးထံမှာ အလုပ်လုပ်နိုင်တဲ့ အခြေအနေမရှိတော့ဘူး။ ယခုအထိ အဆက်မပြတ် အလုပ်လုပ်လာခဲ့ရတယ်။ ဒါကြောင့်မို့ အလုပ်မလုပ်ဘဲ ငြိမ်ပြီး ထိုင်နေလို့လည်း မဖြစ်ဘူး။ မာဏိက္ကမ်နှင့်ပေါင်းပြီး ကိုယ်ပိုင်အလုပ်တစ်ခုခုကိုလုပ်မှ ဖြစ်မယ်၊ ကျုပ်အလုပ်ရှင်ကလည်း ကျုပ်ဆန္ဒကို ငြင်းမှာမဟုတ်ဘူး"

ကဒိရေရှန်က ပြောသည်။

"မာဏိက္ကမ်က အခု ကလေးပဲရှိသေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


''ကလေးတော့ ကလေးပဲရှိသေးတယ်။ ဒါပေမဲ့ မာဏီက္ကမ်က လုံ့လဝီရိယရှိပြီး အလွန်စိတ်ချရတယ်။ တကယ်လို့ ကျုပ်က သူ့ကို သစ်ပင်ပေါ်ကသစ်ရွက် ခူးလာခဲ့ဖို့ ပြောလိုက်ရင် သူ သစ်ပင်ကို အမြစ်နှင့်တကွ နုတ်ယူလာလိမ့်မယ်၊ မာဏီက္ကမ်က အဏ္ဏာမလေးလို သူငယ်နှပ်စားမဟုတ်ဘူး''

ပန်းရန်ဆရာပြောသောစကားကို အဏ္ဏာမလေ မကြိုက်ပေ။ စိတ်ထဲက ရယ်လိုက်လေသည်။

ကဒီရေရှန်က ပြောသည်။

''မာဏီက္ကမ်က ကလေးသူငယ်ဖြစ်ပေမယ့် လူကြီးလို အားထားရတယ်လို့ဆိုလိုတဲ့ အဓိပ္ပာယ်လား''

''မာဏီက္ကမ် သူငယ်နှပ်စားအရွယ်က သူ့အဖေက သူနှင့် သူ့အမေကို ကျုပ်လက်ထဲ အပ်ပြီး မျက်စိမှိတ်သွားတယ်။ ကျုပ်လည်း တတ်နိုင်သမျှ သူတို့ကို အကူအညီပေးလာခဲ့တယ်။ ဒီကလေးရဲ့ အမူအကျင့် ကျုပ် သဘောကျတယ်။ တကယ်လို့ ကျုပ် စီမံကိန်းအတိုင်း ဖြစ်လာမယ်ဆိုရင် ဒီကလေးဟာ အလျှင်အမြန် တိုးတက်လာလိမ့်မယ်။ ဒီကလေးကို အကြောင်းပြပြီး ကျုပ်အနေနှင့်လည်း အကျိုးကျေးဇူး များစွာရှိလာလိမ့်မယ်''

မိမိ၏ ဘဝတိုက်ပွဲကြားထဲတွင် ဤအဖမဲ့သူငယ်အား ယခုကဲ့သို့ ကြည့်ရှုစောင့်ရှောက်လာသည့်အတွက် ကဒီရေရှန်သည် ပန်းရံဆရာအား အထူးပင် ချီးကျူးစကား ပြောကြားလိုက်လေသည်။ ကဒီရေရှန်၏ စိတ်နှလုံးထဲတွင်ရှိနေသော ပန်းရန်ဆရာနှင့်ပတ်သက်သည့် လေးစားမှုသည် ပိုမို၍စည်ပင်ဖွံ့ထွားလာလေသည်။

ထမင်းစားချိန်ရောက်လာပြီ။ မာဏီက္ကမ်သည် ငှက်ပျောရွက်များကို ဖြန့်ခင်းလျက် လူကြီးများအား ထမင်းစားရန် ခေါ်လေသည်။ လက်ဆေးရေနှင့် လက်သုတ် ပဝါချခြင်းမှာလည်း သူ၏အလုပ်ဖြစ်သည်။ ယောကျ်ားများ ထမင်းစားရန် ထိုင်ကြသည်။ နောက်ဆုံး၌ မာဏီက္ကမ်လည်း အားလုံး၏ကြားထဲတွင် ထိုင်လိုက်သည်။ ပန်းရံဆရာက အာနန္ဒီအား သူတို့နှင့်အတူ ထမင်းစားရန် ပြောသည်။ သို့ရာတွင် အာနန္ဒီက လက်မခံပေ။ အာနန္ဒီသည် မီနာချိအမ္မာလနှင့်အတူတကွ ထမင်းပွဲ ဟင်းပွဲများကို ချပေးနေသည်။

စားဖွယ်သောက်ဖွယ် ထမင်းဟင်းမျိုးစုံကို တွေ့ရသောကြောင့် ကဒီရေရှန် တအံ့တသြ ဖြစ်သွားသည်။ အဏ္ဏာမလေသည် ထမင်း ကောင်းကောင်းမစားပေ။ သို့သော်လည်း အာနန္ဒီက ထပ်ခါထပ်ခါ ပြောနေသည့်အတွက် အတော်ကလေး ထမင်းစားဖြစ်လိုက်သည်။ ထမင်းစားပွဲတွင် ထိုင်နေကြသော လူများထဲက ပန်းရန်ဆရာနှင့် မာဏီက္ကမ်တို့သည် သူတို့၏ လျှာနှင့် ဝမ်းဗိုက်ကို တင်းတိမ်ရောင့်ရဲသွားအောင် လုပ်လိုက်ကြသည်။

ထမင်းစားပြီးသောအခါ ယောကျ်ားအားလုံး အပြင်ဘက်အခန်းထဲတွင် ထိုင်ပြီး စကားစမြည်ပြောနေကြသည်။ ကဒီရေရှန်သည် ထိုအိမ်၏ အစိတ်အပိုင်းအားလုံးကို ကြည့်ရှုလိုသည့်ဆန္ဒ ထုတ်ဖော်ပြောပြလိုက်သည်။ ပန်းရန်ဆရာနှင့် မာဏီက္ကမ်တို့က ကဒီရေရှန်အား ခေါ်သွားကြသည်။ ကဒီရေရှန်သည် အိမ်နောက်ဘက်က ခြံထဲတွင် ပေါက်နေသော သစ်ပင်တစ်ပင်အောက်တွင် ထိုင်လိုက်သည်။ ကျန်နှစ်ယောက်တို့လည်း ကဒီရေရှန်၏အနီးတွင် ထိုင်ချလိုက်သည်။

အခန်းထဲတွင် တစ်ယောက်တည်းထိုင်နေသော အဏ္ဏာမလေသည် နေ့လယ်ခင်း အိပ်မက်ထဲတွင် မြုပ်နှစ်နေသည်။ ထိုဟာအသစ်တစ်ခုပေါ်၌ မျက်စိမှိတ်ပြီး ထိုင်လိုက်သည်။

အိမ်ရှိ အမျိုးသမီးများနှင့်အတူတကွ ထမင်းစားသောက်ပြီးသောအခါ အာနန္ဒီသည် ရုတ်တရက် အခန်းထဲဝင်လာသည်။ အဏ္ဏာမလေ တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရသောအခါ အာနန္ဒီက အံ့သြသွားပြီး ''ရှင်က ဒီမှာ တစ်ယောက်တည်း ထိုင်နေတာကိုး'' ဟု ပြောလိုက်လေသည်။

''အာနန္ဒီက ကျွန်တော့်ကို ထမင်းအများကြီး ထည့်ကျွေးတာကိုး၊ ကျွန်တော် မလှုပ်ရှားချင်တော့ဘူး''

ယင်းသို့ပြောလျက် အဏ္ဏာမလေက ရယ်လိုက်သည်။ အာနန္ဒီလည်း အနီး၌ရှိနေသော ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

''ကိုယ့်အိမ်မှာလည်း ရှင် စည့်သည်လိုပဲ နေတယ်ထင်တယ်၊ ဒီရောက်လာတော့ ကျွန်မ အဲဒီအကြောင်းသိရတယ်၊ ရှင် ဟိုဘက် လှည့်တောင်မကြည့်ဘူး''

အဏ္ဏာမလေသည် ဟိုဘက်လှည့်မကြည့်ပေ။ သို့ရာတွင် အာနန္ဒီက သူ့အခန်းထဲ လှည့်ကြည့်သည်။ ထိုအကြောင်းကို သိရသောကြောင့် အဏ္ဏာမလေ အကြီးအကျယ် ဝမ်းသာသွားသည်။ ထိုနေ့၌ အာနန္ဒီသည် အဏ္ဏာမလေအား အခြားနေ့များထက် ပွင့်ပွင့်လင်းလင်း စကားပြောနေသည်။ ထို့နောက် ရုတ်တရက် စကားကိုဖြတ်လိုက်ပြီးလျှင် အာနန္ဒီ နှုတ်ပိတ်သွားလေသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''တကယ်လို့ ဟိုနေ့က အာနန္ဒီ ဖေဖေကို မတွေ့ရလျှင် ကျွန်တော်ကိုယ့် ဘဝမှာ ဒီလောက်ကြီးမားတဲ့အခွင့်အလမ်းကို ဘယ်တော့မှ ရရှိမှာမဟုတ်ဘူး။ ကျွန်တော် မနက်ဖြန်ကစပြီး အနုပညာကောလိပ်ကျောင်းကို သွားရတော့မယ်''

အာနန္ဒီက ပြောလေသည်။

''ကောလိပ်ဖွင့်တဲ့နောက်ပိုင်းမှာလည်း အားတဲ့နေ့တွေမှာ ရှင် ကျွန်မတို့အိမ်လာရဲ့ ရပါတယ်။ ဖေဖေ့ဆီကလည်း ရှင်သင်ကြားဆည်းပူးနိုင်ပါတယ်။ ဖေဖေ့စာအုပ်တွေကိုလည်း အသုံးပြုနိုင်ပါတယ်''

''ကျွန်တော် အဲဒီစာအုပ်တွေကို အကုန်လုံး ဖတ်ကြည့်ချင်တယ်''

''ဖတ်ပါ၊ ဖတ်ပါ၊ သဘောရှိ ဖတ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒီသည် သူ့အဖေနှင့် အဏ္ဏာမလေ အဖေတို့ပြောကြသော အိမ်ဆောက်ဖို့ ကိစ္စနှင့်ပတ်သက်သည့် အကြောင်းအရာကို အဏ္ဏာမလေအား စိတ်ပါဝင်စားစွာ မေးမြန်းကြည့် သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူသိသမျှ အဏ္ဏာမလေက အာနန္ဒီအား ပြောပြလိုက်သည်။

သူ၏ဖခင်သည် အာနန္ဒီတို့အိမ်၏နောက်ဘက်ကမြေကို ဝယ်ယူလိုကြောင်း အာနန္ဒီ တို့အတွက် အိမ်ကောင်းကောင်း တစ်ဆောင်ဆောက်လုပ်ပြီး သူ့အတွက် အိမ်တစ်ဆောင် ဆောက်ရန် ဆန္ဒရှိကြောင်းတို့ကို အဏ္ဏာမလေက အာနန္ဒီအား ပြောပြလိုက်သည်။

အာနန္ဒီက ဝမ်းသာအားရဖြစ်ပြီးလျှင် ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ရှင်တို့ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းဖြစ်လာမှာပေါ့"

အဏ္ဏာမလေကလည်း ရွှင်ရွှင်လန်းလန်းပြန်လည်ပြောပြသည်။

"အဲဒီလို ဖြစ်လာရင်တော့ သိပ်ကောင်းမှာပဲ"

ထိုအခိုက် သူတို့နှစ်ဦးပြောနေကြသောစကားကို အပြည့်အဝမကြားသော မာဏိက္ကမ်သည် "ဘာဖြစ်လာရင် ကောင်းမှာလဲ" ဟု ပြောပြောဆိုဆို အခန်းထဲဝင်လာသည်။ မာဏိက္ကမ် အခန်းထဲ ဝင်ရောက်လာသည့်အတွက် အဏ္ဏာမလေ ဘာကြောင့် စိတ် အနှော အယှက် ဖြစ်သွားသည်ဆိုသည်ကို မသိပေ။ မာဏိက္ကမ် မေးသောမေးခွန်းကို ရုတ်တရ ပြန်အဖြေမပေးနိုင်ပေ။ မာဏိက္ကမ်သည် အဏ္ဏာမလေအား စူးစိုက်ကြည့်ပြီးလျှင် အဏ္ဏာမလေ အာနန္ဒီတို့၏ကြားထဲက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ အာနန္ဒီသည် မာဏိက္ကမ် ပတ်သက်၍ ရှုံ့ရှာမုန်းတီးသည့် စိတ်မရှိပေ။ သို့ရာတွင် မာဏိက္ကမ်ရောက်လာသည့်အတွ အချိန်အတန်ကြာက သူ၏စိတ်နှလုံးထဲတွင် ပေါ်လာသော နှစ်သိမ့်မှုနှင့် တက်ကြွမှုသ ပျောက်ကွယ်သလောက် ဖြစ်သွားသည်။

အတန်ငယ်ကြာသွားသောအခါ သူ၏ဖခင်နှင့် ပန်းရန်ဆရာတို့ ပြန်ရောက်လ ကြသည်ဖြစ်၍ အာနန္ဒီသည် ပထမကအတိုင်းပင် တဖန်ပွင့်ပွင့်လင်းလင်း စကားပြန်လ ပြောကြားလေသည်။

◆ ◆ ◆

ကျောင်းပိတ်ရက်များ ကုန်ဆုံးသွားလေပြီ။ အနုပညာတက္ကသိုလ် ကျောင်းလ ဖွင့်ပြီ။ အဏ္ဏာမလေသည် အနုပညာတက္ကသိုလ်၌ စာရင်းသွင်းရန်အတွက် ကျောင် ကျောင်းသားတို့၏အုပ်စုထဲတွင် ရောက်ရှိနေသည်။ အားလုံးပင် တစ်ယောက်စီ တက္ကသ ကျောင်းအုပ်ကြီးနှင့် သွားတွေ့ကြရသည်။ အဏ္ဏာမလေ အလှည့်ရောက်လာသ အဏ္ဏာမလေသည် ကျောင်းအုပ်ကြီးအား လက်အုပ်ချီ နှုတ်ဆက်ပြီးလျှင် ကဒီရေ ထောက်ခံစာကို ပြလိုက်လေသည်။





ကျောင်းအုပ်ကြီး စိတ်ရှုပ်သွားပုံရသည်။

"မင်း ဆရာကြီးဆီက ထောက်ခံစာရအောင် အတင်းယူလာခဲ့တယ်နဲ့တူတယ်"

ယင်းသို့ပြောပြီးလျှင် အဏ္ဏာမလေအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ ထို့နောက် မျက်နှာထားခပ်တည်တည်နှင့် မေးလိုက်သည်။

"မင်း ဘာဖြစ်လို့ ပန်းချီသင်ချင်ရတာလဲ"

အဏ္ဏာမလေက အတန်ငယ်စဉ်းစားပြီး စပ်ဖြည်းဖြည်းပြောလိုက်သည်။

"သင်ချင်တဲ့ စိတ်ဆန္ဒရှိတဲ့အတွက်ကြောင့်ပါ"

"စိတ်ဆန္ဒရှိလို့ ဟုတ်လား၊ ကောင်းပြီ၊ ဒါပေမဲ့ ဒီကျောင်းမှာ စာရင်း မသွင်းခင် သေသေချာချာ စဉ်းစားကြည့်သင့်တယ်။ ဒီကျောင်းမှာ ခြောက်နှစ်တိတိ သင်ကြားဆည်းပူးရ လိမ့်မယ်။ ဒီကြားထဲမှာ မင်း ထွက်ပြေးလို့မရဘူး။ ဒီကျောင်းမှာ သင်တန်း အပြီးသတ်ပြီးတဲ့ နောက် ဘာအကျိုးထူးရှိလာမလဲဆိုတာကိုလည်း မင်း မမေးရဘူး။ ပန်းချီပညာ လေ့လာ သင်ကြားပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်းထက် ကွမ်းယာဆိုင်ဖွင့်ပြီး၊ စက်ဘီးပြင်ပြီး အသက်မွေးဝမ်းကျောင်းပြုတာက ပိုပြီး အဆင်ပြေတယ်လို့ ယူဆတဲ့လူတွေကို မင်း အများ ကြီး တွေ့ဖူးလိမ့်မယ်။ မင်းလည်းပဲ အဲဒီလို လုပ်ချင်တယ်ဆိုရင် အခုကစပြီး မင်း၊ ကွန်စုံဆိုင် တစ်ဆိုင် ဖွင့်နိုင်တယ်။ ခြောက်နှစ်ခြောက်မိုး အချိန်အလကား ကုန်မသွားဘူးမဟုတ်လား။ မင်း ဘယ်လို သဘောရသလဲ"

မည်ကဲ့သို့ ပြန်ပြောရမည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်အောင် ဖြစ်သွား သည်။ တစ်ခဏအတောအတွင်း၌ပင် သူနှင့်စကားပြောနေသော ပုဂ္ဂိုလ်ကြီးအား လူထူး လူဆန်းဟူ၍ ထင်မှတ်သွားသည်။ ကျောင်းအုပ်ဆရာကြီး၏ စကားများသည် သူ၏ လုံ့လ ဥဿဟကိုလည်း ဖျက်လိုဖျက်ဆီးလုပ်လိုက်သလို ဖြစ်သွားသည်။

ကျောင်းအုပ်ဆရာကြီးက ပြောသည်။

"ဒီအနုပညာဟာ မင်းရဲ့ အသက်မွေးဝမ်းကျောင်းမှုအတွက်လည်း ဖြစ်လာနိုင် တယ်၊ မင်းရဲ့ ဘဝတစ်သက်တာကို ပျက်စီးသွားအောင်လည်း လုပ်နိုင်တယ်၊ မင်းမှာ ဒီအနုပညာကို သင်ယူနိုင်တဲ့ အစွမ်းသတ္တိရှိတယ် မရှိဘူးဆိုတာ စဉ်းစားသင့်တယ်"

အဏ္ဏာမလေသည် တိတ်တဆိတ်ရပ်နေသည်။ ကျောင်းအုပ်ကြီးက သူ့စကားကို တစ်ဖန် ဆက်ပြောပြန်သည်။

"မင်း ဒီအနုပညာကို သင်လိုတဲ့စိတ်ဆန္ဒတော့ ရှိပုံရတယ်။ စိတ်ဆန္ဒရှိဖို့ အလွန် လိုအပ်တယ်။ ဒါပေမဲ့ စိတ်ဆန္ဒရှိရုံနဲ့ မလုံလောက်သေးဘူး၊ အကနှင့်အဆိုကို နားမလည်တဲ့ လူအတော်များများဟာ အကနှင့်အဆိုကို တတ်လိုတဲ့ဆန္ဒရှိရုံနှင့် လူပေါင်းများစွာရဲ့ မျက်လုံးနှ ရှာကို ထိနိုက်နစ်နာအောင် ပြုလုပ်ကြတယ်၊ အဲဒီနည်းအတိုင်းပဲ၊ စာမရေးတတ်တဲ့လူတွေနှင့် ပန်းချီမဆွဲတတ်တဲ့လူတွေဟာ စာရေးဆရာဖြစ်လိုတဲ့ စိတ်ဆန္ဒရှိရုံနဲ့ ပန်းချီဆရာဖြစ်လိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရှိရုံနှင့် လူပေါင်းများစွာရဲ့ ရသခံစားမှု စွမ်းရည်သတ္တိကို ဖျက်ဆီးပစ်နေကြတယ်။ ပန်းချီဆရာတစ်ယောက်အနေနှင့် ပန်းချီပုံကြည့်တဲ့လူတွေရဲ့ မျက်လုံးကို ထိခိုက်နစ်နာအောင် လုပ်ရမယ့် ဘယ်လိုအခွင့်မျိုးမှ မရှိဘူး။ စိတ်ဆန္ဒရှိခြင်းနှင့်အတူတကွ အာရုံစိုက်မှုရှိဖို့လည်း လိုတယ်။ မင်းက ကဒီရေရှန်ရဲ့ထောက်ခံစာကို ယူလာတဲ့လူဖြစ်တယ်။ ဒါကြောင့် ငါ မင်းကို သတိပေးစကား ပြောကြားနေရခြင်းဖြစ်တယ်''

ထောက်ခံစာကို ယူမလာမိလျှင် ပိုပြီး အဆင်ပြေဖွယ်ရာရှိသည်ဟု အဏ္ဏာမလေ တွေးမိလေသည်။ အဏ္ဏာမလေသည် ငိုတော့မည့်အသွင်သဏ္ဌာန် ပေါ်နေသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''ကျွန်တော် ကိုယ်တိုင်ဆွဲတဲ့ ပန်းချီကားတွေကို ယူလာပါတယ်။ တကယ်လို့ အဲဒီပန်းချီပုံကို သဘောကျရင် ဆရာကြီး ကျွန်တော့်ကို ကျောင်းဝင်ခွင့်ပေးပါ။ သဘောမကျရင် လည်း ကျောင်းဝင်ခွင့် မပြုပါနှင့်တော့''

''ငါ အခု မင်းပန်းချီပုံတွေကို မကြည့်နိုင်သေးဘူး။ မင်းယူလာတဲ့ ပန်းချီပုံတွေဟာ မင်းကိုယ်တိုင်ဆွဲတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကို အဆွဲခိုင်းတာလား ဆိုတာ ငါ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ''

အဏ္ဏာမလေ ငိုချင်လာသည်။ ကျောင်းအုပ်ဆရာကြီးကို နှလုံးသားကင်းမဲ့သော လူတစ်ယောက်အဖြစ် ထင်မှတ်သွားသည်။ ဆရာကြီး၏အသက်မှာ ငါးဆယ်ကျော်လောက် ရှိသည်။ ကိုယ်ခန္ဓာမှာ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်သည်။ မျက်နှာက ခပ်လုံးလုံးဖြစ်သည်။ ထိပ်ပြောင် နေသည်။ ဆံပင်ကို သေသေသပ်သပ် ညှပ်ထားသည်။ ကုတ်အင်္ကျီရှည်ကြီးနှင့် ဒိုတီ ဝတ်ထားသည်။

''ကောင်းပြီ... မင်းသွားနိုင်ပြီ၊ မည်သူ့ကိုမဆို စမ်းသပ်စစ်ဆေးပြီးတဲ့နောက် ငါ ကောလိပ်ဝင်ခွင့်ပြုတယ်၊ တကယ်လို့ မင်းမှာ အရည်အချင်းရှိတယ်ဆိုရင် စစ်ဆေး စမ်းသပ်တဲ့အခါကျတော့ မင်းအရည်အချင်းကို ထုတ်ပြနိုင်တယ်''

ယင်းသို့ပြောပြီးလျှင် ကျောင်းအုပ်ကြီးက အဏ္ဏာမလေအား သွားခွင့်ပြုလိုက်သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် စမ်းသပ်စစ်ဆေးမှုကို စတင်ပြုလုပ်သည်။ ဆက်တိုက် နှစ်ပတ်တိတိ စမ်းသပ်စစ်ဆေးပွဲ ပြုလုပ်မည်ဟူ၍ အားလုံးအား အကြောင်းကြားထားသည်။ ကျောင်းသားနှင့် ကျောင်းသူများသည် ခန်းမကြီးတစ်ခုထဲတွင် စားပွဲများအနီး၌ ချထားသော ခုံများပေါ်တွင် ထိုင်နေကြသည်။ စမ်းသပ်စစ်ဆေးပွဲ စတင်ပြီ။ ကျောင်းသား ကျောင်းသူ များ၏ ကြားထဲ၌ ခုံတစ်ခုံပေါ်တွင် သံကို တွင်ခုံစက်နှင့်ပြုလုပ်ထားသော ရှေးခေတ်ယောက်ျား ရုပ်တုတစ်ခုကို တင်ထားသည်။ ဆရာတစ်ယောက်က ကျောင်းသူကျောင်းသားများအား ထိုရုပ်တုကိုကြည့်လျက် ပုံတူ ရေးဆွဲရမည်ဟု ပြောပြလိုက်သည်။ ကျောင်းသူ ကျောင်းသား များသည် အလွန်တရာ သွက်လက်လျင်မြန်စွာဖြင့် ပန်းချီရေးဆွဲကြသည်။







အဏ္ဏာမလေသည် ထိုရုပ်တုအား စူးစိုက်ကြည့်ရှုနေသည်။ ထိုအနုပညာ လက်ရာသည် ရပ်နေသည့်အမူအရာဖြင့် သိဝနတ်ဘုရား၏ ပဗ္ဗတီအား ချစ်ကြည်စွာ ပွေ့ဖက်ထားပုံကို သရုပ်ဖော်ထားသော အလွန်တရာထူးခြားသည့် အနုပညာလက်ရာ ဖြစ်သည်။ ယင်းကဲ့သို့ ထူးခြားသည့် အနုပညာလက်ရာမျိုးကို အဏ္ဏာမလေသည် ယခုအထိ တစ်ခါမှ မတွေ့ဖူး သေးပေ။ ယင်းရုပ်တုကို တွေ့ရှိမှုနှင့် အဏ္ဏာမလေသည် ကြက်သီးမွေးညင်းထသွားသည်။ အမည်နာမနှင့် နေရပ်ကိုမသိရသော ရာစုနှစ်များစွာက တစ်နေ့သောအခါ၌ ဤအနုပညာ လက်ရာကို ဖန်တီးပြီးလျှင် ကွယ်ပျောက်သွားသော ထိုပြိုင်ဘက်ကင်း အနုပညာရှင်ဆီသို့ အဏ္ဏာမလေသည် ရုတ်တရက် အာရုံရောက်သွားသည်။ ထိုအနုပညာလက်ရာကို ဖန်တီးသော ထိုလက်ရာရှင်သည် အနုပညာ လက်ရာ၏အတွင်း၌ထိုင်လျက် မိမိနှင့် စကားပြောနေသည် ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ သူ၏ အသံတိတ်စကားကို အဏ္ဏာမလေသည် နားထောင်နေရသည်နှင့် တူနေသည်။

''သား... ဘဝတစ်လျှောက်မှာ ဘယ်နေရာမှ မတွေ့မြင်ရတဲ့ ယောက်ျား၏ အလှနှင့် မိန်းမ၏အလှကို သား ဒီနေရာမှာ တွေ့မြင်နေရတယ်မဟုတ်လား။ သူတို့ရဲ့ ရုပ်ပုံသွင်ပြင်ဟာ လူတွေရဲ့ ရုပ်ပုံသွင်ပြင်နှင့် တူညီမှုရှိနေတယ်။ ဒါပေမဲ့ ဒီရုပ်တုနှစ်ခုဟာ လူတွေရဲ့ပုံတူကို ထုလုပ်ထားတဲ့ ပုံအတုတော့ မဟုတ်ဘူး။ လူတွေရဲ့ အတွင်းသဏ္ဌာန်နှင့် အပြင်အပမှာ ချို့တဲ့ချက်၊ အားနည်းချက်များစွာ ရှိနေတယ်။ လူတွေထဲက တချို့ဟာ ပြည့်ဝမှုအတွက် ရှာပုံတော်ထွက်နေကြတဲ့ လူတွေဖြစ်တယ်၊ အဲဒီလို လူတွေရဲ့ မြင့်မြတ်တဲ့ အတွေးအကြံက ပေါ်ပေါက်လာတဲ့ ပြည့်ဝစုံလင်မှု ဘာမဆိုရှိတဲ့ ကမ္ဘာ့မိခင်နှင့် ကမ္ဘာ့ဖခင်ကို ငါ ပုံဖော်ထားတာဖြစ်တယ်။ ဒီအနုပညာလက်ရာကို သား သေသေချာချာကြည့်စမ်း။ ဒီအနုပညာလက်ရာရဲ့ အတွင်းအပြင်နှစ်ခုလုံးမှာ ပြည့်ဝမှုရဲ့ သြဇာအရှိန်အဝါကို မြင်နေရ တယ်လို့ ငါ စဉ်းစားဆင်ခြင်နေတယ်၊ ငါ ခံစားနေရတဲ့ အဲဒီချိုမြိန်တဲ့ ခံစားမှုကို မှန်းဆကြည့် လို့ ရနိုင်ပါ့မလား''

အဏ္ဏာမလေသည် ပထမဆုံးအကြိမ် အနုပညာမျက်လုံးဖြင့် ထိုရုပ်ပုံအား စူးစူး စိုက်စိုက် ကြည့်ရှုလိုက်သောအခါ သူ၏မျက်လုံးတွင် ပီတိမျက်ရည်များ ပြည့်လျှံလာသည်။ ဘုရားကျောင်းများ၌ အဏ္ဏာမလေသည် ရုပ်တုအတော်များများကို တွေ့မြင်ဖူးသည်၊ အဝေးမှ ထိုင်ကြည့်ရသောကြောင့် ထိုရုပ်တုများ၏ မျက်နှာများကိုသာလျှင် တွေ့မြင်ရသည်။ အနုပညာ ရှင်များ သူတို့၏ရုပ်တုများကို ဆင်ပေးထားသော အဝတ်တန်ဆာများကို လုံလောက်ပြီဟူ၍ မထင်မှတ်ကြသောကြောင့် အကြည်ညိုပွားပြီး သဒ္ဓါတရား ထက်သန်သူများက ယင်းရုပ်တု များကို အဝတ်တန်ဆာအမျိုးမျိုး ဆင်ပေးကြသည်။

သို့ရာတွင် ခုံပေါ်၌ တင်ထားသော ကမ္ဘာ့မိခင်၏ ယင်းရုပ်တုမှာ မည်သည့် အတုအယောင် အဆင်တန်ဆာမျိုးမှ ဆင်ယင်ထားခြင်းမရှိပဲ မိမိ၏သဘာဝအလှကိုသာလျှင်



www.burmeseclassic.com

www.burmeseclassic.com





ဖော်ပြနေသည်။ ရုပ်တုများကို ဝတ်စားတန်ဆာဆင်ပေးသော အနုပညာရှင်တို့၏ အတွေး စွမ်းအားနှင့်ပတ်သက်၍ ဆင်ခြင်စဉ်းစားမိသော်အခါ အဗ္ဗာမလေသည် အံ့ဩ‌ေမောသွား လေသည်။ ထိုအနုပညာရှင်များသည် ရှုဆောက်၏အကူအညီဖြင့် အင်္ဂါကြီးငယ် အစိတ်အပိုင်း များနှင့်အတူတကွ အဝတ်အစားနှင့် အဆင်တန်ဆာများကိုလည်း ထုလုပ်ဖန်တီးရလေသည် ထို့ကြောင့် ရုပ်တုများ၏ အင်္ဂါအစိတ်အပိုင်းများကို ထုလုပ်ရာ၌ အနုပညာရှင်များသည် အနုပညာလက်ရာကို ကြည့်ရှုသူများအား စိတ်ကောင်းမွေးမြူလာနိုင်စေရန်အတွက်လည်း အလုပ်လုပ်ကြရလေသည်။

ကမ္ဘာ့ဖခင်သည် လက်ရုံးဖြင့် ပုဆိန်ကို မ ၊ မဘဲ ပန်းပွင့်ကဲ့သို့ နူးညံ့သော နှုတ်သမီးပျိုအနီးက ရပ်နေသည်။ ကမ္ဘာ့ဖခင်၏ မျက်နှာအမူအရာကို ကြည့်ရခြင်းအားဖြ ခပ်ရွှရွှမှုနေရသော်လည်း ယင်းမြင့်မြတ်သော ရနံ့ကြိုင်သင်းနေသည့် ပန်း၏ရနံ့ကို ရှူရှိုက် ရသည့်အတွက် ပီတိတဖွားဖွား ဖြစ်ပေါ်နေသည်ဟူ၍ မှတ်ထင်ယူဆရသည်။ ကမ္ဘာ့မိခင်၏ နှုတ်ခမ်းပေါ်က အပြုံးမျက်နှာတွင်ပေါ်နေသော ရှက်သွေးရောင်လွှမ်းနေသည့် ဟန်အမူအရာ လက်ချောင်းများ၏ နူးညံ့ပျော့ပျောင်းမှု၊ ယင်းအရာအားလုံး၌ ထင်ဟပ်နေသော တင့်တယ် လှပမှု စသည်တို့ကို ကြည့်ရှုရန်အတွက် သူ၏မျက်လုံးနှစ်လုံးသည် မလုံလောက်ဟု အဗ္ဗာမလေတွေးနေမိသည်။

ကဒိရေရှ၏ အိမ်၌တွေ့ခဲ့ရသော စာအုပ်များထဲက စာအုပ်တစ်အုပ်တွင် ရေးထား သော စာကြောင်းများကို အဗ္ဗာမလေ သတိရလာသည်။

"တမီလ်နာဒူးရှိ အနုပညာရှင်များ မှန်ကို တွင်ခုံစက်နှင့်ပြုလုပ်သော ရုပ်တုမျိုး ကမ္ဘာပေါ်၌ မည်သူမှမထုလုပ်ပေ။ ထို့ကြောင့် နိုင်ငံခြားက အနုပညာလောကသည် ယင်းရုပ်တုများအား အနုပညာ၏ထူးခြားသော ရတနာသိုက်ဖြစ်သည်ဟူ၍ ထင်မှတ်ယူ ကြသည်"

အဗ္ဗာမလေသည် နေ့ရက်အတန်ကြာက ဖတ်ရသော သတင်းတစ်ပုဒ်ကိုလည်း သတိရလာသည်။ ထိုသတင်းကို သတိရလာသည်နှင့်တစ်ပြိုင်နက် ဒေါသထွက်လာသည် ဖြစ်၍ အဗ္ဗာမလေ မျက်လုံးကြီး နီလာသည်။ လူတချို့က ဘုရားကျောင်း တစ်ကျောင်း ရှိသော ရုပ်တုများကိုခိုးယူပြီး နိုင်ငံခြားသားများအား ရောင်းချကြသည့်ဟူသော သတင်း ဖြစ်သည်။ ထူးခြားသော အနုပညာလက်ရာများ မွေးဖွားသည့် ဤတမီလ်နာဒူး ပြည်နယ်၌ မိခင်နှင့် နမများကို ခိုးယူပြီး ရောင်းချသော လူယုတ်မာများလည်း မွေးဖွားပေါ်ပေါက်လာ သည်ဟူ၍ အဗ္ဗာမလေ စဉ်းစားဆင်ခြင်နေမိသည်။

အချိန်သမယသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ကုန်ဆုံးကျော်လွန် နေသည်။ မိမိတို့ လုပ်ရမည့်အလုပ်ကို အာရုံစူးစိုက်၍ လုပ်နေကြသည်။ အဗ္ဗာမလေသည် ထိုအချိန်၌ ဤလောကထဲတွင် ရှိမနေပေ။ အနုပညာ တိုးတက်ကြီးပွားမှုအတွက် မဟာ

ရာဇာများ ပြုလုပ်တည်ထောင်ထားကြသော ပြတိုက်ပေါင်းများစွာထဲက ပြတိုက်တစ်ခုထဲ ရောက်ရှိနေသည်။ သာယာချိုအေးသော ရှုဆောက်တို့၏အသံများ သူ၏နားထဲတွင် ပွဲတင်ထပ် နေသကဲ့သို့ ထင်နေသည်။ အဗ္ဗာမလေသည် မိမိကိုယ်ကိုပင် မေ့နေသည်။

ခန်းမထဲသို့ ကျောင်းအုပ်ဆရာကြီးဝင်လာသည်။ ဆရာကြီးသည် ကျောင်းသူ ကျောင်းသားများ၏ ကော်ပီစာအုပ်များကို တစ်ချက်စေ့ကြည့်ပြီးလျှင် ရှေ့သို့ဆက်သွားသည်။ ကျောင်းအုပ်ဆရာကြီး မိမိအနီးသို့ ရောက်ရှိလာပြီးသည့် နောက်တွင်လည်း အဗ္ဗာမလေသည် ကျောင်းအုပ်ဆရာကြီးအား သတိမထားမိပေ။ အဗ္ဗာမလေ၏ပခုံးပေါ် လက်တင်လျက် ကျောင်းအုပ်ဆရာကြီးသည် အဗ္ဗာမလေ၏ ကော်ပီစာအုပ်ကို ကောက်ကြည့်လိုက်သည်။ အဗ္ဗာမလေသည် ကော်ပီစာအုပ်တွင် မျဉ်းကြောင်း တစ်ကြောင်းကိုမျှပင် မရေးဆွဲရသေးပေ။ ခဲတံကို အဗ္ဗာမလေ ထိပင်မထိသေးသည်ကို ကျောင်းအုပ်ဆရာကြီး တွေ့မြင်သွားသည်။ ဗလာဖြစ်နေသော ကော်ပီစာအုပ် ညွှန်ပြလျက် ကျောင်းအုပ်ဆရာကြီးက အတန်ငယ် ဒေါသ ထွက်သွားပြီးလျှင် မေးလိုက်သည်။

"မင်း ဒီနေ့ ဒီပုံကိုပဲ ဆွဲတာလား"

အဗ္ဗာမလေ လန့်သွားသည်။ သူ၏အနီး၌ထိုင်နေကြသော ကျောင်းသားများသည် မရယ်မိအောင် မနည်းထိန်းချုပ်နေကြရသည်ဆိုသည်ကို အဗ္ဗာမလေ မြင်ရသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ရှေ့ဆက်လျှောက်သွားသည်။ တဏ္ဍသိုလ် ကျောင်းဆင်းသည့်အချိန် လည်း ရောက်ရှိလာသည်။

ကျောင်းသားများထဲက တစ်ယောက်က ပြေးလာပြီးလျှင် အဗ္ဗာမလေ ကော်ပီ စာအုပ်ကို ကောက်ကြည့်လိုက်သည်။ ထိုကျောင်းသားသည် အဗ္ဗာမလေ၏ ကော်ပီစာအုပ်ကို ကျောင်းသား အပေါင်းများများအားပြပြီးလျှင် ရယ်လေသည်။

တစ်ယောက်ကပြောသည်။

"ကိစ္စမရှိဘူး၊ နောက်နှစ်ပတ်တောင် ကျန်သေးတယ်၊ တဖြည်းဖြည်း ပန်းချီဆွဲလို့ ရပါတယ်"

နောက်တစ်ယောက်က ပြောလိုက်ပြန်သည်။

"ကိစ္စမရှိပါဘူး၊ နှစ်ပတ် ကြာပြီးသွားတဲ့အခါကျတော့လည်း အခုလို ဘာမှမဆွဲရ သေးတဲ့ ဗလာစာအုပ်ကို ပြလို့ရပါတယ်"

အခန်းထဲတွင် ရုတ်တရက် ကျောင်းသားများ၏ ရယ်သံများ ဆူညံသွားလေသည်။ အဗ္ဗာမလေသည် ကျောင်းသားများ၏ ယင်းအပြုအမူကြောင့် အောင့်သက်သက် ဖြစ်သွား ပြီးလျှင် စိတ်လေးလေးဖြင့် ပြန်လာခဲ့လေသည်။

✦ ✦ ✦





www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လာသောအခါ အဏ္ဏာမလေသည် မည်သူနှင့်မှ စကားမပြောပေ။ အနုပညာတက္ကသိုလ်၌ ပထမဦးဆုံးနေ့တွင် တွေ့ရသော အတွေ့အကြုံသည် သူ့အတွက် အလွန်တရာ ဆန်းကြယ်သည်ဟူ၍ ထင်နေသည်။ အနုပညာတက္ကသိုလ်သို့ မလာဘဲနှင့် ကဒီရေရှန်ထံမှ ပန်းချီပညာ သင်ကြားဆည်းပူးနေရလျှင် ပို၍ကောင်းမည်ဟူ၍ စဉ်းစား ဆင်ခြင်နေမိသည်။ အဒေယာသို့သွား၍ မိမိ၏အလိုဆန္ဒကို ကဒီရေရှန်အား ပြောပြမည်ဟူ၍ပင် စိတ်ကူးလိုက်သေးသည်။ သို့ရာတွင် အတန်ငယ်ကြာသွားပြီးသည့်နောက်၌ကား ယင်းသို့ ပြုလုပ်ခြင်းသည် သူ့ရဲ့ဘောကြောင်ခြင်းသက်သက်သာ ဖြစ်သည်ဟူ၍ ထင်သွားလေသည်။

နောက်တစ်နေ့၌ ကိုယ့်ကိုယ်ကို မဲတင်းပြီးလျှင် အဏ္ဏာမလေသည် အနုပညာ တက္ကသိုလ်သို့ တစ်ဖန်သွားလျက် သူ၏အတန်းထဲတွင် သွားထိုင်နေသည်။ ရှေ့တွင် ချထား သော ရုပ်တုကို ထုလုပ်ဖန်တီးထားသူ မသိမမြင်ရသော ထိုရှေးဟောင်း မဟာအနုပညာရှင် ကြီးအား စိတ်ထဲက ဦးညွှတ်အရိုအသေပြုလိုက်ပြီးလျှင် ခဲတံကို ကောက်ကိုင်လိုက်သည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ယောက်ယောက်က စူးဆောက်၏အကူအညီဖြင့် သံကို ဖြတ်တောက် ထွင်းထုလျက် ထူးခြားသော အနုပညာလက်ရာကို ဖန်တီးပြုလုပ်နိုင်သည်ဆိုလျှင် ယင်း အနုပညာလက်ရာကိုကြည့်လျက် စက္ကူပေါ်တွင် ပုံတူဆွဲရန်မှာ ကြီးကျယ်ခက်ခဲသည့် အလုပ် ဖြစ်ပါသလော။

ယင်းရုပ်တု၏ပုံတူကို စက္ကူပေါ်၌ဆွဲခြင်းသည် အတန်ငယ် အခက်အခဲရှိနေသည်။ နေ့လယ် ထမင်းစားချိန်၌ အဏ္ဏာမလေသည် ထမင်းစားရန်အတွက်ပင် အပြင်မထွက်ပေ။ ထိုအချိန်၌ အဏ္ဏာမလေသည် အစားမေ့အသောက်မေ့ ဖြစ်သွားသည်။ သို့ရာတွင် မိ လုပ်ရမည့်အလုပ်ကိုမူ မမေ့ပေ။ နေ့လယ် မွန်းတည့်ချိန်၌ အခြားကျောင်းသားများသည် ယခင်ကအတိုင်းပင် အဏ္ဏာမလေကိုကြည့်လျက် တစ်ယောက်နှင့်တစ်ယောက် လက်တို့ပြ အဏ္ဏာမလေအား ပြောင်လှောင်သရော်ကြသည်။

နေ့လယ်ပိုင်း၌ ကျောင်းအုပ်ဆရာကြီး အခန်းထဲဝင်လာသည်။ အခြား ကျောင်းသား များ ရေးဆွဲထားသော ပန်းချီပုံများနှင့်အတူတကွ အဏ္ဏာမလေ၏ ပန်းချီပုံကိုကြည့်ပြီးလျှင် အခန်းထဲက ထွက်ခွာသွားသည်။ ယင်းသို့အားဖြင့် ငါးရက်ခြောက်ရက် ကြာသွားသည်။ အဏ္ဏာမလေသည် သိဝနတ်ဘုရား၏ပုံကို ရေးဆွဲပြီးသလောက်ရှိသွားသည်။ ထိုအချိန် ကျောင်းသားအချို့ကမူ ပုံနှစ်ပုံလုံးကို အပြီးသတ်ပြီးကြလေပြီ။ ထိုကျောင်းသားများအား ကျောင်းအုပ်ဆရာကြီးက အနုပညာတက္ကသိုလ်တွင် ဝင်ခွင့်ပြုလိုက်ပြီးလျှင် အသီးအသီး မိမိတို့၏အတန်းသို့ သွားနေကြရန် ညွှန်ကြားပြောပြလိုက်သည်။ အဏ္ဏာမလေသည် အလုပ် တစ်ခုကို သုတ်သီးသုတ်ပျာ ပြုလုပ်လိုစိတ် မရှိပေ။ သိဝနတ်ဘုရား၏ ဗဟိဒ္ဓ အသွင်အပြင်နှင့် တကွ ခံစားချက်များကိုလည်း ရေးခြယ်ရန် အဏ္ဏာမလေ ဆန္ဒပြင်းထန်နေသည်။ ဗဟိ အလှကို အာရုံစူးစိုက်နေပါလျှင် ခံစားချက်များကို ဖော်ပြရန် အခက်အခဲရှိသည်ဟု ထင်





ရသည်။ ခံစားချက်ကို ဖော်ထုတ်ရန် ကြိုးစားအားထုတ်ပါကလည်း အပြင်အပ ဗဟိဒ္ဓအလှ သည် အားပျော့သွားသည်ဟု ထင်ရသည်။ ယင်းနှစ်မျိုးထဲက မည်သည့်အရာကိုမှ အလွှတ် မပေးဟူ၍ အဏ္ဏာမလေ ဆုံးဖြတ်ချက်ချထားသည်။

ကျောင်းအုပ်ဆရာကြီးသည် နေ့စဉ်နေ့တိုင်း ကျောင်းသူကျောင်းသားများကို ရွေးရွေးပြီး အတန်းထဲပို့ပေးနေသည်။ ထို့နောက် အဏ္ဏာမလေအနီးသို့ လာပြီးလျှင် အဏ္ဏာမလေ ရေးဆွဲထားသော ပန်းချီပုံကို အချိန်ကြာမြင့်စွာ စူးစိုက်ကြည့်ရှုနေသည်။ ဆယ်ရက်လောက် ကြာသွားသောအခါ ကျောင်းသူကျောင်းသား တစ်ဝက်ကျော်ကျော်ကို အနုပညာတက္ကသိုလ် တွင် ဝင်ခွင့်ပြုလိုက်လေသည်။ ဆယ့်တစ်ရက်မြောက်နေ့၌ အဏ္ဏာမလေ၏ ဘေးနှစ်ဘက်တွင် ထိုင်နေကြသော ကျောင်းသားနှစ်ယောက်ကို ဝင်ခွင့်ပြုလိုက်လေသည်။ ထိုကျောင်းသား နှစ်ယောက်လည်း သူတို့ရေးဆွဲသော ပန်းချီပုံတူများကို အပြီးမသတ်ကြပေ။ ထိုအချိန်ထိ ကျောင်းအုပ်ဆရာကြီးက သူ့ကို တစ်စုံတစ်ရာ ပြောမပြခြင်းနှင့် သူ့အား အနုပညာတက္ကသိုလ် တွင် ဝင်ခွင့်မပြုခြင်း စသည်တို့မှာ အဏ္ဏာမလေအတွက် စိတ်ပူပန်စရာအကြောင်းများ ဖြစ်လာကြသည်။ အဏ္ဏာမလေသည် စိတ်ဂနာမငြိမ် ဖြစ်သွားသည်။ သို့ရာတွင် ပန်းချီပုံကိုမူ ဆက်လက် ဆွဲမြဲဆွဲနေသည်။

ဆယ့်တစ်ရက်မြောက်သောနေ့၌ သင်တန်းမစမီ ကျောင်းသားတစ်ယောက်က အခြားကျောင်းသားတစ်ယောက်အား လျှို့ဝှက်ချက်တစ်ခုကို ပြောပြသည်။ ဆုဗေယာသည် အဏ္ဏာမလေ၏အနီး၌ထိုင်၍ ပန်းချီဆွဲသော ကျောင်းသားဖြစ်သည်။ ထိုကျောင်းသားအား ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်။

"ဆုဗေယာတစ်ယောက်တော့ ကံကောင်းသွားပြီ၊ သူ့ကို ဒုတိယတန်းမှာ တန်းပြီး ဝင်ခွင့်ပြုလိုက်တယ်၊ သူ့အတွက် တစ်နှစ် အချိန်မကုန်တော့ဘူး"

ကျောင်းသားတစ်ယောက်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဆုဗေယာသည် ပန်းချီပုံကို ကောင်းကောင်းဆွဲထားသည်။ ထို့ကြောင့် ဆုဗေယာ အား သူ၏အရည်အချင်းနှင့် လိုက်လျောညီစွာ နေရာပေးလိုက်ခြင်း ဖြစ်သည်။

အဏ္ဏာမလေက စိတ်ပူပန်သောအသံဖြင့် မေးလိုက်သည်။

"ပန်းချီပုံ ကောင်းကောင်း မဆွဲတတ်တဲ့အတွက် တက္ကသိုလ်က ထုတ်ပစ်တဲ့ ကျောင်းသားရော ရှိသလား"

"မရှိပါဘူး၊ မင်းဘာမှ မစိုးရိမ်နှင့်၊ မင်းကို သစ်သားဖြတ်တဲ့အလုပ်တို့၊ မြေပြင် ယယ်တဲ့အလုပ်တို့၊ တံဆိပ်ထုတဲ့အလုပ်တို့ကို သင်ပေးတဲ့အတန်းမှာ ဝင်ခွင့်ပေးလိမ့်မယ်။ တက္ကသိုလ်ကတော့ ထုတ်ပစ်မှာမဟုတ်ဘူး။ ယခုအထိ ဘယ်ကျောင်းသားကိုမှ စိတ်ပျက်သွား အောင် တက္ကသိုလ်က ထုတ်မပစ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေအား ယင်းကဲ့သို့ ပြက်ရယ်စကားပြောကြားသော ကျောင်းသားသည် ထိုအချိန်အထိ အဏ္ဏာမလေ၏ပန်းချီပုံကို မမြင်ရသေးပေ။ အဏ္ဏာမလေ၏ ထိတ်လန့်စိုးရိမ်မှုသည် အတန်ငယ်လျော့သွားသည်။ ထိုနေ့ နေ့လယ်ပိုင်း ရောက်လာသောအခါ အဏ္ဏာမလေ၏ ပန်းချီပုံသည် အပြီးသတ်သွားသည်။ အဏ္ဏာမလေသည် ပန်းချီပုံကို အပြီးသတ်လိုက်ပြီးလျှင် သူ၏ ပန်းချီပုံကို ကြည့်ရှုလိုက်သောအခါ ကျေနပ်အားရသွားသည်။

ကျောင်းမဆင်းခင် အချိန်အနည်းငယ်အလို၌ ကျောင်းအုပ်ဆရာကြီး ထိုနေရာသို့ ရောက်လာသည်။ အဏ္ဏာမလေအား ပန်းချီပုံ လက်ကကိုင်ပြီး သူ့ကို စောင့်နေသည်ကို တွေ့မြင်ရသည်ဖြစ်၍ ကျောင်းအုပ်ဆရာကြီးသည် အဏ္ဏာမလေထံ တန်းသွားသည်။ အဏ္ဏာမလေ၏ ပန်းချီပုံကိုယူပြီးလျှင် ကျောင်းအုပ်ဆရာကြီးသည် အချိန်အတန်ကြာမျှ ကြည့်နေသည်။ အဏ္ဏာမလေ၏ပန်းချီပုံကို ပထမဦးဆုံးအကြိမ် ကြည့်ရှုစဉ်က အာနန္ဒာ၏မျက်လုံးတွင် ပေါ်လာသော ရောင်ခြည်တစ်မျိုးကို ကျောင်းအုပ်ဆရာကြီး၏မျက်လုံးတွင် တွေ့မြင်နေရသည်။ အဏ္ဏာမလေသည် နှလုံးတုန် ရင်ခုန်ဖြစ်နေသည်။

''မင်း ငါနှင့်လိုက်ခဲ့'' ယင်းသို့ပြောပြီးလျှင် ကျောင်းအုပ်ဆရာကြီးသည် အဏ္ဏာမလေကို အခန်းအပြင်ဘက် ခေါ်လာခဲ့သည်။ ပထမတန်းတွင် မှရ ဝင်ခွင့်ရလိမ့်မည်ဟု အဏ္ဏာမလေ စိတ်ချယုံကြည်သွားသည်။ ကျောင်းအုပ်ဆရာကြီးသည် ပထမတန်းကို ကျော်ဖြတ်သွားသည်။ အဏ္ဏာမလေ၏ စိတ်နှလုံးသည် ပီတိပင်လယ်ထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ ကျောင်းအုပ်ဆရာကြီးနှင့် အဏ္ဏာမလေတို့သည် ဒုတိယတန်းဆီသို့ လျှောက်သွားနေကြသည်။ ကျောင်းအုပ်ဆရာကြီးသည် ဒုတိယတန်း အခန်းထဲသို့လည်း ဝင်မသွားပေ။ အဏ္ဏာမလေ စိုးရိမ်သွားပြန်သည်။ ''ကျောင်းအုပ် ဆရာကြီးက ငါ့ကို တက္ကသိုလ်အပြင်ဘက် ထုတ်ပစ်တဲ့လမ်းကို ပြမလို့ ခေါ်သွားတာများလား'' ဟူ၍ စဉ်းစားမိလေသည်။

ကျောင်းအုပ်ဆရာကြီးနှင့် အဏ္ဏာမလေတို့သည် တတိယတန်းအနီးသို့ ရောက်လာကြသည်။ အခန်းအပြင်ဘက်၌ ရှိရှိကျိုးကျိုးကလေးရပ်နေသော အဏ္ဏာမလေ၏ပခုံးကို အလွန်တရာ ချစ်ခင်လေးစားသော အမူအရာမျိုးဖြင့် ကိုင်ပြီးလျှင် ကျောင်းအုပ်ဆရာကြီးသည် အခန်းထဲဝင်သွားသည်။ အဏ္ဏာမလေဆွဲထားသော ပန်းချီပုံကို အခန်းထဲတွင် ထိုင်နေသည့် ဆရာအား လှမ်းပေးပြီးလျှင် ပြောလိုက်သည်။

''ပန်းချီဆရာ အသစ်တစ်ယောက်ကို ကျုပ် ရှာလာခဲ့တယ်။ ဒီသူငယ်ဟာ ဆက်လက်ကြိုးစားရင် တကယ့် အနုပညာရှင်ကြီး ဖြစ်လာနိုင်တယ်''

ယင်းသို့ပြောပြီးလျှင် ကျောင်းအုပ်ဆရာကြီးသည် အဏ္ဏာမလေ၏ပန်းချီပုံကို တခြားကျောင်းသားများ မြင်နိုင်လောက်သည့်နေရာ၌ ဆွဲချိတ်ထားလိုက်လေသည်။ အတန်းထဲတွင် ထိုင်နေကြသော ကျောင်းသူကျောင်းသားအားလုံးသည် အဏ္ဏာမလေ၏ ပန်းချီပုံကို ဝိုင်းရံပြီး ရပ်ကြည့်နေကြလေသည်။

Treasure



ကျောင်းအုပ်ဆရာကြီးက ပြောလေသည်။

''သူ့နာမည်က အဏ္ဏာမလေလို့ ခေါ် တယ်၊ ဒီကနေ့စပြီး သူ မင်းတို့နဲ့အတူ ဒီအတန်းထဲမှာ ထိုင်လိမ့်မယ်'' ယင်းသို့ ပြောပြီးလျှင် ကျောင်းအုပ်ဆရာကြီးသည် အခန်းထဲက ထွက်သွားလေသည်။

မုတ်ဆိတ်နှင့် ပိန်ပိန်ပါးပါး ကျောင်းသားတစ်ယောက်က အဏ္ဏာမလေ၏ လက်ကို ဆွဲလျက် တအားလှုပ်ရမ်းပြီးလျှင် ''သူငယ်ချင်း သိပ်ကောင်းတယ်၊ 'ဒဗယ်လ်ပရိုမိုးရှင်း' တောင်မကဘူး၊ 'တရိုင်ပယ်လ်ပရိုမိုးရှင်း' ရသွားတယ်'' ဟူ၍ ချီးကျူးစကား ပြောလေသည်။

မိမိအား တအံ့တသြနှင့် ကြည့်ရှုနေကြသော မျက်နှာများထဲက မျက်နှာတစ်ခုကို အဏ္ဏာမလေ တွေ့ဖူးသလိုလို သိသလိုလို ထင်နေမိသည်။ အဏ္ဏာမလေသည် ရှာရဒါအား အာနန္ဒာတို့၏အိမ်၌ တစ်ကြိမ်မက တွေ့မြင်ဖူးသည်။ အဏ္ဏာမလေအား တွေ့ရသည်နှင့် တစ်ပြိုင်နက် ရှာရဒါက .....

''အလို…ရှင် ကျွန်မတို့ အတန်းထဲ ရောက်လာပါကလား၊ အများကြီး ချီးကျူးပါတယ်''ဟု ပြောပြီးလျှင် အဏ္ဏာမလေ လှိုက်လှဲစွာ ကြိုဆိုသည်။ အတန်းထဲတွင် မျက်နှာစိမ်းများ၏အလယ်၌ အသိအကျွမ်း တစ်မျက်နှာကို တွေ့ရသဖြင့် အဏ္ဏာမလေလည်း အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားသည်။

မိမိအတွက် သတ်မှတ်ထားသော နေရာ၌ အဏ္ဏာမလေထိုင်ပြီး မကြာခင်မှာပင် ခေါင်းလောင်းသံကြားရသည်။ တက္ကသိုလ်ကျောင်းဆင်းချိန် ရောက်လာသည်။ အဏ္ဏာမလေသည် အခြားကျောင်းသားများနှင့်အတူ တက္ကသိုလ်ကျောင်းဝင်းထဲက ထွက်လာပြီးလျှင် ကားမှတ်တိုင်ရှိရာသို့သွားသည်။ ရှာရဒါလည်း သူ့နောက်က ခြေလှမ်းစိပ်မြန်မြန်လှမ်းပြီး လိုက်လာသည်။ ရှာရဒါက ပြောလိုက်သည်။

''ရှင် မယိလာပူ သွားရမယ် မဟုတ်လား၊ ကျွန်မ အဒေယာကို သွားမယ်၊ ကျွန်မတို့နှစ်ယောက် ဘတ်(စ်)ကားတစ်စီးတည်း စီးရင်ရတယ်''

မယိလာပူသို့သွားရန်အတွက် တခြားဘတ်စ်ကား အတော်များများကိုလည်း စီး၍ရသည်။ သို့ရာတွင် အဏ္ဏာမလေသည် ရှာရဒါ၏ အလိုဆန္ဒကို လိုက်လျောလိုက်လေသည်။

ဘတ်စ်ကားစောင့်နေရင်း ရှာရဒါက ပြောလိုက်သည်။

''ရှင် ဒီအနုပညာတက္ကသိုလ်မှာ ကျောင်းတက်မယ်ဆိုတဲ့အကြောင်း ကျွန်မကို အာနန္ဒာပြောထားရင် ကျွန်မ ပထမနေ့ကပဲ ရှင်နဲ့မတွေ့ဘဲ နေမှာမဟုတ်ဘူး။ ရှင်တို့ စမ်းသပ်စစ်ဆေးပွဲပြီးသွားမှ ကျွန်မ ရှင်နှင့်တွေ့မယ်လို့ စိတ်ကူးထားတယ်။ ရှင် ရုပ်ပုံ နှစ်ပုံဆွဲပြီး လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်းမှာပဲ အတန်းနှစ်တန်းကို ဖြတ်ကျော်လာခဲ့တယ်။ ဒီသတင်းကိုကြားရင် အာနန္ဒာနှင့် သူ့ဖေဖေ ဘယ်လောက် ဝမ်းသာလိုက်ကြမယ်ဆိုတာ ရှင် သိလား''

Treasure

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေသည် ကျေးဇူးအထူးတင်ရှိစွာဖြင့် ကဒီရေရှန်အား သတိရသွားသည်။

"ကျွန်တော် အိမ်ပြန်ပြီး အိမ်ကနေ သူတို့အိမ်ကို သွားမယ်၊ ကျေးဇူး အထူးတင်ရှိတယ်ဆိုတဲ့အကြောင်းကို အလျင်အမြန် သွားမပြောလို့ မဖြစ်ဘူး"

"ရှင် သူတို့အိမ်မရောက်ခင် ဒီသတင်းကို သူတို့ရကြပါလိမ့်မယ်"

ယင်းသို့ ပြောပြီးလျှင် ရှာရဒါက ရယ်လိုက်လေသည်။

"ကျွန်မ ဒီသတင်းကို သူတို့ဆီပို့ပြီးမှ အိမ်ပြန်မယ်"

ရှာရဒါသည် ချစ်စဖွယ်ပြုမူဆက်ဆံတတ်သော စကားကြွယ်သူ မိန်းကလေးတစ်ယောက်ဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ရှာရဒါသည် ရိုးရိုးသားသားစိတ်ထဲရှိသမျှကို ဘွင်းဘွင်းပြောပြတတ်သည်။ သူ၏အကြည့်၊ သူ၏စကား၊ သူ၏လှုပ်ရှားသွားလာမှု၊ သူ၏သဘောသဘာဝ၌ ရှုစိမ်းလိုမှု တစ်မျိုးရှိနေသည်။ သူ၏မျက်လုံးဝိုင်းဝိုင်းစက်စက်တွင် ရိုးသားအပြစ်ကင်းစင်မှုပေါ်လွှင် ထင်ရှားနေသည်။ သူ၏ဝတ်စားတန်ဆာများကိုကြည့်လျက် ရှာရဒါသည် ဆင်းရဲသားမိသားစုထဲက မိန်းကလေးတစ်ယောက်ဖြစ်သည်ကိုမှန်းဆကြည့်၍ရသည်။ ပစ္စည်းချို့တဲ့မှု၏အလယ်၌ သူ၏အလှသည် ပေါ်လွှင်နေသည်။ အရပ်အတန်ငယ်ပုသော သေးသေးသွယ်သွယ် မိန်းကလေးဖြစ်သည်။ မျက်နှာမှာလှပြီးအသားညိုချောဖြစ်သည်။ မျက်လုံးတွင် မျက်နက်ဆေး မလိမ်းဘဲနှင့် သဘာဝအနက်ရောင်တောက်ပနေသည်။

"ကျောင်းအုပ်ဆရာကြီးက သိပ်ဆိုးတယ်၊ သူ ဘယ်လိုတွေးတယ်၊ ဘယ်လိုပြောတယ်ဆိုတာ ဘယ်သူမှ နားမလည်ကြဘူး၊ ဒါပေမဲ့ အားလုံးရဲ့အရည်အချင်းနှင့် အရေးအခေါ်ကိုတော့ အကဲဖြတ်နိုင်တယ်။ ရှင်ရတဲ့ အခွင့်အရေးမျိုး ဘယ်သူမှ ရနိုင်မှာမဟုတ်ဘူး၊ ကျွန်မကိုကြည့်ပြီး ရှင် အဲဒီအချက်ကို သဘောပေါက်လို့ရတယ်။ ဒီကျောင်းမှာ ကျွန်မ သုံးနှစ်ရှိသွားပြီ။ အခု တတိယနှစ်ပဲ"

အဒေယာသို့သွားသော ဘတ်စ်ကား ရောက်လာသည်။ အဏ္ဏာမလေနှင့် ရှာရဒါတို့သည် ဘတ်စ်ကားပေါ်တက်လျက် ခုံတစ်ခုံစီတွင် ထိုင်ကြသည်။ လက်မှတ်ကိုလည်းကိုယ့်ဟာကိုယ် ဝယ်ကြသည်။ ဘတ်စ်ကား ထွက်သွားသည်။

✦ ✦ ✦

အနုပညာတက္ကသိုလ်သည်သာလျှင် အဏ္ဏာမလေ၏ ကမ္ဘာလောက ဖြစ်လာသည်။ ယခင်က ကဒီရေရှန်တို့၏အိမ်သို့ အားတက်သရော သွားသကဲ့သို့ပင် ယခုအခါ၌ အဏ္ဏာမလေသည် အနုပညာတက္ကသိုလ်သို့သွားသည်။ တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ သစ်ပင်ပန်းပင်အပြည့်ရှိနေသော ကျယ်ပြန့်သည့်ခြံဥယျာဉ်ကြီးနှင့် တက်ကြွလှုပ်ရှားနေကြသောလည်း



ဆူညံခြင်းနှင့် အတုအပအယောင်အဆောင်ကင်းသော တက္ကသိုလ်၏ပညာရေးစနစ် စသည်တို့ကို အဏ္ဏာမလေ နှစ်ခြိုက်သဘောကျနေသည်။ ပထမနေ့က သူ့ကို လှောင်ပြောင်သရော်ကြသော ကျောင်းသားများသည် ယခု သူ့ကိုတလေးတစားနှင့် ဆက်ဆံလာကြသည်။ အကြောင်းမှုကား အဏ္ဏာမလေသည် မိမိ၏အရည်အချင်းပေါ်ရပ်လျက် ရုတ်တရက် အဆင့်မြင့်အတန်းသို့ တက်လှမ်းသွားနိုင်သောကြောင့် ဖြစ်သည်။ သင်တန်း၏ ပတ်ဝန်းကျင်သည် ကျောင်းသူကျောင်းသားများ၏ အတွေးအခေါ်ကို နိုးကြားစေပြီး အဏ္ဏာမလေကို စိတ်ဓာတ်တက်ကြွစေသော ပတ်ဝန်းကျင်ဖြစ်သည်။

ပန်းရန်ဆရာ ကျိဒမ္ဗရမ်သည် သူ့သား အဏ္ဏာမလေကို အကြောင်းပြုလျက် ဂုဏ်ယူမော်ကြွားစရာ ဖြစ်လာသည်။ ယခင်က အဏ္ဏာမလေအား ငတုံးအဟု ထင်မှတ်ခဲ့သည်။ သို့သော်လည်း ယခု အဏ္ဏာမလေသည် အသိဉာဏ်ပညာကြွယ်ဝသူ တစ်ဦးဖြစ်ကြောင်း သက်သေထူပြလိုက်သည်။ ပန်းရန်ဆရာသည် မိမာရီအမ္မာလအား အဏ္ဏာမလေ တတိယတန်း၌ တန်းပြီးဝင်ခွင့်ရသည်ဆိုသည့်အကြောင်းကို ပြောပြလိုက်သည်။

"ကျားရဲ့သားဟာ ကြောင်ဖြစ်မလာနိုင်"ဟု ပြောလျက် ပန်းရန်ဆရာသည် သူ့ကိုယ်သူ သိဒ္ဓိတင်လိုက်လေသည်။ ဒဏ္ဍပါဏီတို့ အိမ်သို့သွားပြီး ဒဏ္ဍပါဏီနှင့် ဒဏ္ဍပါဏီအိမ်သူအိမ်သားများ ရှေ့၌လည်း အဏ္ဏာမလေအကြောင်းကို တခမ်းတနား ချီးမွမ်းစကားပြောပြသည်။ ပန်းရန်ဆရာ၏ စကားကို ကြားရသောအခါ ဒဏ္ဍပါဏီတို့ အိမ်ကလူများလည်း တအံ့တသြ ဖြစ်သွားကြသည်။ ပန်းရန်ဆရာသည် မာဏိက္ကမ်ရှေ့တွင်လည်း အဏ္ဏာမလေအကြောင်း ချီးကျူးစကား ပြောပြသည်။

"ဟော့ ကြည့်၊ ကလေးက ပြောသလို လုပ်ပြလိုက်ပြီ"

ပန်းရန်ဆရာသည် စိတ်ဓာတ်တက်ကြွလာရုံမျှနှင့် ဘယ်အလုပ်မျိုးကိုမှ ပြုလုပ်သူမဟုတ်ပေ။ သူ၏ စိတ်ဓာတ်တက်ကြွလှုပ်ရှားမှု၌ အကြောင်းတစ်စုံတစ်ရာ အမှန်မုချရှိသည်။ သူ၏သားအား အသုံးမတည့်သော လူဖျင်းလူညံ့ဟု မည်သူ့ထင်သည်ကိုမှ မကြိုက်ပေ။ အဏ္ဏာမလေနှင့်ပတ်သက်၍ ယင်းကဲ့သို့ ထင်မှတ်ယူဆလာခဲ့သူများ၏ အယူအဆကိုပြောင်းလဲပစ်ရန်အတွက် ပန်းရန်ဆရာသည် ထိုအခါအခွင့်ကို အသုံးချလိုက်လေသည်။

ပန်းရန်ဆရာက မာဏိက္ကမ်အား ပြောလိုက်သည်။

"အဏ္ဏာမလေဟာ သူ့စိမ်ကိန်းအတိုင်း သူ့အလုပ်ကို အားလုံးပြီးမြောက် အောင်မြင်အောင် လုပ်ပြလိုက်ပြီ၊ ငါတို့လည်း ကိုယ့်စီမံကိန်းအတိုင်း ကိုယ့်အလုပ်ကို ပြီးမြောက်အောင်မြင်အောင် လုပ်ကြဖို့လိုတယ်"

မာဏိက္ကမ်က တအံ့တသြဖြစ်သွားပြီး မေးလိုက်လေသည်။

"ဘာအလုပ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဒ်ရေရှုန်တို့ရဲ့ မြေပေါ်မှာ ငါတို့အတွက်နဲ့ သူတို့အတွက် အိမ်နှစ်လုံးဆောက်ပြီး ငါတို့ အဲဒီမှာနေကြမယ်။ အဲဒီအလုပ်ကိုလုပ်ရင်း ငါတို့လည်း ကိုယ်ပိုင်အလုပ်ကို စတင် လုပ်ရလိမ့်မယ်။ ကဒ်ရေရှုန်တို့အိမ်ကိုဆောက်ပြီး ငါ အမြတ်မယူချင်ပါဘူး။ သူတို့အိမ်ကို ဆောက်ပြီး တကယ်လို့ ငါတို့ နာမည်ထွက်လာတယ်ဆိုရင် နောက်ပိုင်းမှာ ငါတို့ ငွေကြေး အမြောက်အမြားရအောင် လုပ်နိုင်လာဖို့ရှိတယ်။ တို့အလုပ်ရှင်ကို ပြောပြပြီး တို့နှစ်ယောက် အလုပ်ကထွက်ကြရင် ကောင်းလိမ့်မယ်ထင်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဘယ်လိုသဘော ရသလဲ"

မာဏိက္ကမ်သည် ပန်းရန်ဆရာပြောပြသည်ကို သဘောကျသွားသည်။ ပန်းရန်ဆရာ သည် မာဏိက္ကမ်၏အကူအညီမပါဘဲ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သော ဘယ်အလုပ်မျိုးကို မဆို မပြုလုပ်နိုင်ပေ။ မာဏိက္ကမ်သည် လုပ်ငန်းနားလည်သည်။ ပညာတတ်တစ်ဦးလည်း ဖြစ်သည်။ ပထမဆုံးအကြိမ် သူတို့နှစ်ဦးပေါင်းပြီး ဆောက်ဖို့ရည်ရွယ်သည့်အိမ်မှာ အာနန္ဒီတို့၏ အိမ်ဖြစ်သည်။ ယင်းသို့အားဖြင့် မာဏိက္ကမ်သည် ကဒ်ရေရှုန်နှင့် အာနန္ဒီတို့၏ ရှေ့မှောက်၌ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သော မိမိ၏အရည်အချင်းကိုပြရန် အခွင့်ကောင်း အခါကောင်း ရလာပေလိမ့်မည်။ မာဏိက္ကမ်သည် ပန်းရန်ဆရာပြောပြသည့် စကားကို အားတက်သရော သဘောတူလိုက်လေသည်။

ပန်းရန်ဆရာက ပြောသည်။

"ကောင်းပြီ… ဒီလိုဆိုရင် ငါ ငွေကြေးကိစ္စ စီမံဖန်တီးလိုက်မယ်"

နောက်တစ်နေ့မှစ၍ ပန်းရန်ဆရာသည် ငွေကြေးရရန် အားထုတ်ကြိုးပမ်းလေ တော့သည်။ မာယီလာပူမှ 'လပ်စကော်နာ'အနီးရှိ အိန္ဒိယ မြောက်ပိုင်းသားတစ်ဦးဖြစ်သော အထည်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံသည်။ နှစ်ယောက်သားသည် ဆိုင်၏မြေအောက်ခန်းသို့ သွား၍ အတန်ကြာမျှ စကားပြောဆိုကြသည်။ အိန္ဒိယမြောက်ပိုင်းသား ထိုပုဂ္ဂိုလ်သည် ဆင်ဓီအမျိုးသားဖြစ်သည်။ နိုင်ငံကို နှစ်ခြမ်းခွဲလိုက်သောအခါ ဒုက္ခသည်တစ်ဦးအနေဖြင့် ဘုံဘေသို့ ရောက်လာသူဖြစ်သည်။ ထို့နောက် ဘုံဘေမှ မဒရပ်သို့ ပြောင်းလာပြီး အရောင်း အဝယ်အလုပ် စတင်လုပ်ကိုင်သည်။ မိမိဆိုင်အနီး မယီလာပူ၌ အိမ်တစ်လုံးကို ဝယ်ယူလိုသည့် ဆန္ဒရှိနေသူ ဖြစ်လေသည်။

နေ့ရက်များစွာမကြာမီအခါက ထိုပုဂ္ဂိုလ်က သူ့ဆန္ဒကို ပန်းရန်ဆရာအား ပြောပြ ထားဖူးသည်။

"သူဌေးကြီး… ကျွန်တော် အိမ်တစ်လုံးတွေ့ပြီ၊ သူဌေးကြီး ကိုယ်တိုင်လိုက်ပြီး အိမ်ကို ကြည့်စေချင်တယ်။ တကယ်လို့ အဲဒီအိမ်ကို သူဌေးကြီးကြိုက်တယ်ဆိုရင် ကျွန်တော်တို့ အဲဒီအိမ်ကို ရောင်းချင်တယ်"



ယင်းသို့ပြော၍ ပန်းရန်ဆရာသည် ထိုအိမ်၏ဂုဏ်ပုဒ်များကိုလည်းကောင်း ထိုအိမ်၌ရရှိသည့် အဆင်ပြေမှုများကိုလည်းကောင်း တခမ်းတနား ပြောပြလေသည်။

ဘာဘာနီအမည်ရှိ ထိုဆင်ဓီအမျိုးသားက မေးလိုက်လေသည်။

"အဲဒီအိမ်ကို ဝယ်ပြီးတာနဲ့ အိမ်မှာနေလို့ရမလား"

"အဲဒီလိုမဟုတ်ဘူး၊ အိမ်ရှင်က အိမ်ကိုရောင်းပြီး ရတဲ့ငွေနဲ့ အဒေယာမှာ အိမ် တစ်လုံးဆောက်ဖို့ စိတ်ကူးတယ်။ အဲဒီအိမ်ဆောက်ပြီးတာနဲ့ သူတို့ အဲဒီအိမ်ကို ပြောင်းသွား လိမ့်မယ်။ အဲဒီအခါကျမှပဲ သူဌေးကြီးကို အိမ်အပ်လိမ့်မယ်။ အိမ် အသစ်ဆောက်တာ တစ်နှစ်လောက်ကြာလိမ့်မယ်။ အဲဒီအချိန်အတောအတွင်း အိမ်လခပေးမယ်ဆိုတဲ့အကြောင်း သူတို့ စာချုပ်ချုပ်လိမ့်မယ်။ တကယ်လို့ သူဌေးကြီးသဘောတူရင် ကျွန်တော်နဲ့လိုက်ပြီး အိမ်ကို ကြည့်စေချင်တယ်"

ဘာဘာနီသည် ပန်းရန်ဆရာနှင့်အတူ လိုက်သွားသည်။ ပန်းရန်ဆရာသည် ဘာဘာနီကိုခေါ်၍ သူ့အိမ်သို့ တန်းပြီးလာခဲ့သည်။ အိမ်ရောက်သောအခါ အိမ်နှင့်ခြံကိုပြသည်။ မိနာချီအမ္မာလကမှ ဘာတစ်ခုမှ နားမလည်ဖြစ်နေသည်။ ပန်းရန်ဆရာသည် အိမ်၏ တောင့်တင်းခိုင်ခံ့ပုံ အိမ်ဆောက်လုပ်ထားသည့် သစ်သားများ၏ မျိုးမှန်ပုံ၊ ထိုလမ်း၏ ထူးခြားမှုရှိပုံ၊ ထိုလမ်း၌နေလျှင် ရရှိမည့်အဆင်ပြေပုံ စသည်များကို အဆုံအစ ဆင်ဓီအမျိုးသား အား ရှင်းလင်းပြောပြနေလေသည်။ ဘာဘာနီသည် အိမ်ကို သဘောကျသွားသည်ဖြစ်၍ အဖိုးစားနားကို မေးလိုက်လေသည်။ ပန်းရန်ဆရာက ပြောသည်။

"ဒီအိမ်က ကျွန်တော့်အိမ်ပါ။ အဖိုးကတော့ ငါးသောင်းလောက် လိုချင်ပါတယ်"

ဘာဘာနီသည် ရုတ်တရက် 'အမလေး'ဟု လန့်အော်ပြီးလျှင် ပန်းရန်ဆရာအား ပြောလိုက်လေသည်။

"ဈေးသိပ်များပါကလား"

ပန်းရန်ဆရာက တည်ငြိမ်သောအသံဖြင့် ပြောသည်။

"ဒီမှာ သူဌေးကြီး ကျွန်တော် ဒီအိမ်ကိုရောင်းဖို့ မလောဘူး။ နောက်ထပ် အချိန် အနည်းငယ် စောင့်လိုက်လို့ရှိရင် ကျွန်တော် နောက်ထပ်ငွေတစ်သောင်း ပိုရနိုင်တယ်။ အခု အချိန်မှာတော့ ကျွန်တော် ငွေငါးသောင်းထဲက ငွေငါးဆယ်တောင် လျှော့ပေးမှာမဟုတ်ဘူး"

ဘာဘာနီသည် ဆိုခဲစေမြဲစေဆိုသည့် ပုဂ္ဂိုလ်များထဲက ဖြစ်သည်။ သူ၏ ဆိုင်တွင် လည်း ဈေးကို တစ်ခွန်းတည်းပြော၍ အထည်များ ရောင်းချသူဖြစ်သည်။

ဘာဘာနီသည် အတန်ကြာမျှ စဉ်းစားစိတ်ကူးနေသည်။ ငွေရှာသည့်အလုပ်နှင့် သုံးသည့်အလုပ် နှစ်မျိုးလုံးကို ဘာဘာနီ ကောင်းစွာ သိရှိနားလည်သည်။ တိုင်းပြည်၌ အမျိုးဇာတ်နှင့်ပတ်သက်၍လည်းကောင်း၊ လူတန်းစား ခွဲခြားမှုနှင့် ပတ်သက်၍လည်းကောင်း ထိတ်လန့်ကြောက်ရွံ့ဖွယ် အဓိကရုဏ်းများ စတင်ဖြစ်ပွားလာစဉ်ကပင်လျှင် သူ့အသက်သည်

www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာဓနထက် မြင့်မြတ်သည်ဟူသောအချက်ကို သဘောပေါက် နားလည်ထားသူဖြစ်သည်။ အိန္ဒိယမြောက်ပိုင်း၌ရှိသော ဆင်းရဲပြည်နယ်၌ မိမိ၏အိမ်ထောင်မိသားစုထဲက တစ်ဝက်နှင့် မိမိ၏ဥစ္စာပစ္စည်းအတော်များများ ဆုံးရှုံးသွားခဲ့ပြီး ကျန်ရှိနေသည့် အိမ်ထောင်မိသားစုနှင့် ဥစ္စာပစ္စည်းကို ဆောင်ကြဉ်းလျက် ဒုက္ခသည်အဖြစ်ဖြင့် ပြေးလာသူ ဖြစ်လေသည်။ ပထမဦးစွာ ဘုံဘေမြို့၌နေသော်လည်း သူ၏စိတ်နှလုံးသည် မိမိလိုလားသည့် ငြိမ်းချမ်းမှုကို မရရှိခဲ့ပေ။ ဥစ္စာပစ္စည်းကိုသာလျှင် မိမိတို့ဘဝ၏ တစ်ခုတည်းသော အခြေခံဖြစ်သည်ဟူ၍ ထင်မှတ်ကြသော သူ၏မိတ်ဆွေများသည် ဘုံဘေမြို့ကို နှစ်သက်သဘောကျကြသော်လည်း သူကမူ တောင်ပိုင်းသို့ ရွှေ့ပြောင်းလာခဲ့သည်။

မဒရပ်မြို့၏ ငြိမ်းချမ်းမှုနှင့် လှပသာယာမှုသည်လည်းကောင်း၊ မဒရပ်မြို့၌ နေထိုင်ကြသူများ၏ ခံနိုင်ရည်ရှိသော သဘောသဘာဝသည်လည်းကောင်း၊ ဘာဘာနီအား အလွန်တရာ နှစ်သိမ့်ကျေနပ်စေခဲ့သည်။ မဒရပ်မြို့သည် ဘာသာတရားနှင့်လည်းကောင်း၊ အမျိုးဇာတ်ကွဲပြားခြားနားမှုနှင့်လည်းကောင်း၊ ပတ်သက်ဆက်နွယ်သည့် ပဋိပက္ခများ အဓိကရုဏ်းများမှ ခပ်ကင်းကင်း ခပ်ရှင်းရှင်းနေခဲ့သည်။ သို့ရာတွင် တိုင်းပြည်၌ ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများအရ ထိုမြို့၌လည်း ပြောင်းလဲမှုများ ဖြစ်လာလေသည်။ မဒရပ်မြို့၌ နေထိုင်ကြသော လူပေါင်းများစွာတို့သည် သက်မွေးဝမ်းကျောင်းမှု အလုပ်ရှာရန် အိန္ဒိယမြောက်ပိုင်းမြို့များသို့ သွားရောက်အခြေချကြသည်။ အလားတူပင် တိုင်းပြည်တွင်းရှိ နေရာအသီးသီးမှ လူများသည်လည်း မဒရပ်မြို့သို့လာ၍ လုပ်ငန်းအမျိုးမျိုး ရောင်းဝယ်ဖောက်ကားမှုအမျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ်နေထိုင်ကြသည်။ မဒရပ်မြို့သည် ပဋိပက္ခအမျိုးမျိုး၊ အဓိကရုဏ်းအမျိုးမျိုးမှ ကင်းရှင်းအောင်နေပြီးလျှင် တိုင်းပြည်နိုင်ငံ၏ ပြောင်းလဲနေသော အခြေအနေအားလျော်စွာ ပြောင်းလဲနေလေသည်။

ယင်းအချက်အားလုံးကို သိရှိနားလည်ပြီးသောအခါ ဘာဘာနီသည် သူ့မိသားစုအားလုံးကို မဒရပ်မြို့သို့ ခေါ်လာခဲ့လေသည်။ ထိုအချိန်က ဘာဘာနီသည် မဒရပ်မြို့မြောက်ပိုင်း၌ အိမ်တစ်လုံးငှားပြီးနေလေသည်။

"အိမ်ဈေးသိပ်ကြီးတယ်၊ ဒါပေမဲ့ အိမ်ကို ကျုပ် သဘောကျတယ်။ ခင်ဗျား တောင်းတဲ့ဈေးကို ကျုပ်ပေးမယ်"

ယင်းသို့ပြောလျက် ဘာဘာနီက ပန်းရန်ဆရာအား မေးလိုက်လေသည်။

"ဒီအိမ်ကို ဘာကြောင့် ကျုပ်ဝယ်ချင်သလဲဆိုတာ ခင်ဗျားသိရဲ့လား"

ဘာဘာနီသည် မပီကလာပီကလာ တမီးလ်ဘာသာစကားဖြင့် ပြောပြနေလေသည်။ သို့ရာတွင် ပန်းရန်ဆရာက သူပြောသည့်စကားကို နားလည်သည်။

ပန်းရန်ဆရာက ပြောလိုက်လေသည်။





"သူဌေးကြီးက ဒီရပ်ကွက်မှာ ဆိုင်ဖွင့်ထားတယ်မဟုတ်လား၊ ဆိုင်အနီးအနားမှာ အိမ်ရတယ်ဆိုရင် အဆင်ပြေမှုရှိမှာပဲလို့ သူဌေးကြီးစိတ်ကူးတယ်မဟုတ်လား"

ယင်းအချက်ကို တွေးတောစဉ်းစားလျက် ပန်းရန်ဆရာသည် ဘာဘာနီထံမှ အိမ်ဈေး မတန်တဆတောင်းလိုက်ခြင်း ဖြစ်လေသည်။

"ခင်ဗျားပြောတာ မှန်ပါတယ်။ ဒါပေမဲ့ နောက်အကြောင်းတစ်ခု ရှိသေးတယ်။ ကျွန်တော်ဟာ ဆင်ဒီအမျိုးသားတစ်ဦးအနေနဲ့သာမကဘဲ၊ အိန္ဒိယ နိုင်ငံသားတစ်ဦးအနေနဲ့လည်းပဲ ဘဝတစ်လျှောက် နေထိုင်သွားလိုတယ်။ တမီးလ်ဘာသာစကား ပြောသူများရဲ့ကြားမှာနေပြီး ကျုပ်လည်းပဲ သူတို့ရဲ့ သုခနဲ့ဒုက္ခတွေကို ဝေမျှယူပြီး ဘဝတစ်လျှောက် နေထိုင်သွားလိုတယ်"

ပန်းရန်ဆရာသည် ဘာဘာနီပြောသည့်စကားကို အဓိပ္ပာယ်နားမလည် ဖြစ်နေသည်။ ဘာဘာနီအား မေးလိုက်လေသည်။

"ဆင်ဒီအမျိုးသားတစ်ဦးက အိန္ဒိယနိုင်ငံသားတစ်ဦးအနေနဲ့ နေထိုင်သွားလိုတယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်ပါလဲ"

ဘာဘာနီက စိတ်မချမ်းမမြေ့ဖြစ်သွားသည့်အသံဖြင့် ပြောလိုက်လေသည်။

"အိန္ဒိယနိုင်ငံမှာ အိန္ဒိယနိုင်ငံသားတွေကို တွေ့မြင်ရဖို့ အတော်ပဲခဲယဉ်းနေပြီ။ ဒီနိုင်ငံမှာ မိမိတို့ကိုယ်မှာ ဆင်ဒီ၊ ဘင်္ဂါလီ၊ မရာထီ၊ ဂူဂျရာတီ၊ တမီးလ် ဘာသာစကားပြောသူ၊ တေလဂူဘာသာစကားပြောသူ သို့မဟုတ် မလာယာလမ် ဘာသာစကားပြောတဲ့လူတွေသာ အများစုဖြစ်ကြတယ်။ အဲဒါတွေအားလုံးရဲ့အပေါ်ကို တက်ပြီး၊ ကျုပ်ဟာ အိန္ဒိယတိုင်းနိုင်ငံသားပါ သို့မဟုတ် ကျုပ်ဟာ လူသားတစ်ဦးပါလို့ စိတ်သဘောထားရှိတဲ့လူများ ဒီနိုင်ငံမှာ အတော်နည်းနေပြီ"

ယင်းသို့ပြောလျက် ဘာဘာနီသည် စိတ်မချမ်းမမြေ့ဖြစ်သွားလေသည်။ အမျိုးဇာတ်နှင့်ပတ်သက်၍လည်းကောင်း အတန်းအစားကွဲပြားခြားနားမှုနှင့်ပတ်သက်၍လည်းကောင်း ဖြစ်ပေါ်လာသည့်ပဋိပက္ခများ အဓိကရုဏ်းများ၏ ထိတ်လန့်ကြောက်ရွံ့စရာများကိုလည်းကောင်း ယင်းပဋိပက္ခများ အဓိကရုဏ်းများ ဖြစ်ပေါ်ပေါက်ဖွားချိန်က တွေ့ကြုံသိရှိခဲ့ရသည့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော အတွေ့အကြုံများကိုလည်းကောင်း ပြောပြရင်း ဘာဘာနီသည် မျက်ရည်ဝဲလာလေသည်။

"ကျုပ်တို့ဟာ အမျိုးဇာတ်အမျိုးမျိုး လူမျိုးအမျိုးမျိုးခွဲခြားပြီး အားလုံးနဲ့ တသီးတခြား နေသွားလိုကြတယ်။ တကယ်လို့ ကျုပ်တို့ရဲ့နိုင်ငံဟာ အိန္ဒိယမဟုတ်ဘူးဆိုရင် ဒီအမျိုးဇာတ်၊ ဒီဘာသာတရား၊ ဒီလူမျိုး ဘယ်မှာရှိနေမလဲ"

ဘာဘာနီသည် ပိုက်ဆံရဖို့ရန်သာ ရည်ရွယ်ချက်ထားသည့် အိန္ဒိယ မြောက်ပိုင်းသားများထဲက လူမျိုးမဟုတ်ကြောင်းကို ပန်းရန်ဆရာက နားလည်သွားသည်။ ဈေးမဆစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

သူ ဆောက်လုပ်ထားသည့်အိမ်ကို လက်ခံသွားသည့်အတွက် အလွန်တရာ သဘောကျသွားသည်။

"ကျွန်တော်ဟာ အလုပ်လုပ်ဖို့အတွက် အိန္ဒိယတောင်ပိုင်း ရွာသိမ်ရွာငယ်တစ်ခုက ဒီကို ရောက်လာခဲ့ပါတယ်။ သူဌေးကြီးကတော့ အိန္ဒိယမြောက်ပိုင်းက ဒီကိုရောက်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီမှာ ညီရင်းအစ်ကိုလို့ သဘောထားပြီးနေဖို့ သင့်ပါတယ်"

ဤတိုင်းပြည်၏ အစဉ်အလာ သဘောထားကိုသာလျှင် မိမိတို့ ထုတ်ဖော် ပြောပြနေသည်ဟူ၍ ဘာဘာနီက ယူဆသည်။

◆ ◆ ◆

အဏ္ဏာမလေတို့၏အတန်းမှ ကျောင်းသားများသည် အသက်ထင်ရှား ရှိနေသည့် လူတို့ကို 'မိုဒယ်'အဖြစ်ထားလျက် ယင်းတို့၏ပုံတူကို ရေးဆွဲသည့် အလေ့အကျင့်ပြုလုပ်နေကြသည်။ အနုပညာကောလိပ်၌ နှစ်နှစ်သင်ကြားပြီးသော ကျောင်းသားများကမူ ယင်းအချက်နှင့်ပတ်သက်၍ မဆွကပင် သိရှိနားလည်ထားကြသည်။ တတိယတန်း ကျောင်းသားများသည် အသက်ထင်ရှားရှိနေသော 'မိုဒယ်'ကို ကြည့်၍ ယင်းတို့၏ပုံတူကို ရေးဆွဲကြသည်ဟူ၍ နှစ်နှစ်သင်ပြီးသော ကျောင်းသားများ နားလည်ထားကြသည်။ သူတို့အတွက် ယင်းအချက်သည် အသစ်အဆန်းမဟုတ်ပေ။ အဏ္ဏာမလေကမူ တစ်ပြိုင်နက်တည်း တတိယတန်းသို့ ရောက်လာသူဖြစ်၍ ယင်းအချက်သည် သူ့အတွက် အကြီးအကျယ် အဆန်းတကျယ် ဖြစ်နေသည်။

ကျောင်းသားများ ပုံဆွဲလေ့ကျင့်နေသည့်အချိန်၌ တခြားပုဂ္ဂိုလ်များကို အတန်းတွင်းသို့ ဝင်မလာစေရန် အခန်းတံခါးကို ပိတ်ထားသည်။ ပြတင်းပေါက်များကို ခန်းစီးများဖြင့် ကာထားသည်။ အတန်းတွင်းရှိ ထောင့်တစ်ထောင့်၌ လိုက်ကာချပြီး အခန်းငယ်ကလေးတစ်ခု ဖန်တီးပြုလုပ်ထားသည်။ 'မိုဒယ်'အဖြစ် ရောက်ရှိလာသည့်လူသည် ထိုအခန်းတွင်း၌ နားနားနေနေ နေချင်လည်း နေနိုင်သည်။ သို့မဟုတ် အဝတ်အစားများကိုလည်း လဲနိုင်သည်။ အခန်းထဲရှိ နေရာတစ်နေရာ၌ 'မိုဒယ်'အတွက် ခုံတစ်ခုံချထားသည်။ ယင်းခုံ၏ ရှေ့ဘက်၌ ကျောင်းသားကျောင်းသူများအတွက် လဝန်းသဏ္ဌာန်ထိုင်ခုံနှင့် စားပွဲများကို ချထားသည်။ ကျောင်းသားအားလုံး ပုံဆွဲရန်အတွက် အဆင်သင့်ဖြစ်နေကြသည်။

ရုတ်တရက် မိန်းမပျိုတစ်ဦးသည် လိုက်ကာ၏အကွယ်မှ ထွက်လာပြီးလျှင် ရှက်နေသဖြင့် ဦးခေါင်းငုံ့လျက် ခုံအနီးတွင် လာရပ်သည်။ မိန်းမပျိုအား မည်သည့်နေရာ၌ မည်သို့မည်ပုံ ရပ်နေရမည်ဟူ၍ ဆရာက ပြောပြသည်။ မိန်းမပျိုသည် 'မိုဒယ်'အဖြစ်





လုပ်ရည်ဝနေပြီဖြစ်၍ မဆိုင်းမတွပင် ဆရာညွှန်ကြားသည်ကို နားလည်သွားပြီးလျှင် မျက်နှာကို တစ်ဖက်သို့ အသာကလေးစောင်းပြီး ရပ်လိုက်သည်။ သူ၏အင်္ဂါကြီးငယ်များကို ပြည့်ပြည့်ဝဝ ဖုံးအုပ်ထားခြင်းငှာ မစွမ်းနိုင်သော သေးငယ်ပါးလွှာသည် ပဝါကလေးသည် သူ၏လက်ထဲတွင် တုန်ခါလျက် သူ၏အရှက်ကို လှစ်ပြနေလေသည်။

မိန်းမပျိုသည် မျက်လုံးကိုပင်၍ မည်သူ့ကိုမှ မကြည့်ပေ။ မိမိ၏ ကိုယ်ပိုင်လောက၌ မိမိ၏အတွေးလောက၌ မြုပ်နေသွားစေရန် ကြိုးစားအားထုတ်နေသည်။ သူ၏ မျက်နှာ၌ အရှက်နှင့်အတူတကွ ခံစားမှုဝေဒနာတစ်ခုလည်း လွှမ်းနေသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်လိုက်လေသည်။ ပထမဆုံးအကြိမ် ယင်းရှုကွင်းကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေ၏ ကိုယ်ခန္ဓာသည် ကြက်သီးမွေးညင်း ထသွားသည်။ ထိုအချိန်၌ သမ္မာကျမ်းစာ၌ ဖတ်ဖူးသော ဝေအမည်ရှိ မိန်းမပျို၏အကြောင်းကို သတိရလာသည်။ ထို့နောက် မကြာခင် ထိုမိန်းမပျိုနှင့် ကျောက်ဖြင့် ထုလုပ်ထားသော ရုပ်တု၌ ဘယ်လိုခြားနားချက်မှ မရှိဟူ၍ ထင်မှတ်သွားသည်။ ထူးခြားချက်မှာ ထိုမိန်းမပျိုက ဗြဟ္မာအမည်ရှိ ရုပ်တုဆရာ ထုလုပ်ထားသော အသက်ရှင်နေသည့်ရုပ်တုမျှသာ ဖြစ်သည်။

များမကြာမီကာလက အဏ္ဏာမလေသည် ကဒီရေရှုန်တို့၏ ထိမ်ရေ၌ သူတောင်းစားမိန်းမပျိုတစ်ယောက်ကို တွေ့ခဲ့ဖူးသည်မဟုတ်လော။ ယခု မိန်းမပျိုသည် ထိုမိန်းမပျိုအတိုင်းပင် ဖြစ်လေသည်။ မိန်းမပျိုသည် အလွန်တရာ ဆင်းရဲသည်။ သို့ရာတွင် သူ၏ ကိုယ်လက်အင်္ဂါများမှာ ထူးထူးခြားခြား လှပနေသည်။ ကျေးရွာများ၌ လယ်ယာအလုပ် လုပ်ကြသော အလုပ်သမားများ၏သမီးနှင့် တူပုံရလေသည်။ အဏ္ဏာမလေသည် မိန်းမပျို၏ ဗဟိဒ္ဓအလှ အတွင်းသို့၊ မိန်းမပျို၏ နှလုံးတွင်းသို့ စောင်းငုံ့ကြည့်ရှုလိုက်သည်။ မိန်းမပျို၏ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုစီတစ်ခုစီသည် ကြောက်ခြင်း၊ ရိုးသားခြင်း၊ ရှက်ရွံ့ခြင်း၊ အားလျော့ခြင်းစသော မိမိကြားထားဖူးသည့် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ပြောပြနေသည်ဟူ၍ ထင်မှတ်သွားသည်။

အနီးတွင်ထိုင်နေသော ကျောင်းသားတစ်ယောက်က အဏ္ဏာမလေ၏ နားနားကပ်ပြီး လျှို့ဝှက်ချက်တစ်ခု ပြောပြလိုက်သည်။ ထိုကျောင်းသား ပြောပြချက်ကို ကြားရသောအခါ အဏ္ဏာမလေ မျက်ရည်လည်လာသည်။ ထို 'မိုဒယ်' မိန်းမပျို၏ ယောကျ်ားမှာ ကိုယ်တစ်ပိုင်းသေသော ရောဂါဝေဒနာ ခံစားနေရသူဖြစ်သည်။ မိမိလင်ယောကျ်ားနှင့် မိမိဝမ်းဗိုက်ဖြည့်တင်းရန်အတွက် ထိုမိန်းမပျိုသည် အလုပ်အမျိုးမျိုးကို လုပ်ရသည်။ မိမိဝမ်းကို ဝစေလျက်၊ မိမိခါးကို လှစေလျက်၊ မိမိယောကျ်ားကို ပြုစုလျက်၊ ဝဋ်သိက္ခာရှိစွာ နေထိုင်သွားလိုသော အသားဖြူဖြူ ထိုမိန်းမပျိုကို ထိုအခြေအနေ၌ တွေ့ရသော်လည်း အဏ္ဏာမလေ၏ စိတ်နှလုံးထဲတွင် ထိုမိန်းမပျိုနှင့်ပတ်သက်သော မြင့်မားသည့်အယူအဆသည် ထိုအတိုင်းပင် ရှိနေသည်။ သူ၏ စိတ်နှလုံးထဲတွင် မည်သည့်ဖောက်ပြန်မှုမျိုးမျှ ပေါ်မလာပေ။ တခြား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများ၏ စိတ်နေသဘောထားလည်း အဏ္ဏာမလေ၏ စိတ်နေသဘောထား အတိုင်းပင် ဖြစ်ဖို့ရှိလေသည်။

မိန်းမပျိုသည် မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရပ်နေသည်။ အားလုံး၏မျက်လုံးများသည် သူ၏ရုပ်ပုံ၌ စုဝေးရောက်ရှိနေကြသည်။ ကျောင်းသားများ၏ လက်များသည် မိန်းမပျို၏ပုံကို စက္ကူပေါ်တွင် ရေးဆွဲနေကြသည်။ အားလုံး မိမိတို့၏နေရာအသီးသီးတွင် ထိုင်လျက် သီးသန့်ထောင့်တစ်ထောင့်မှနေ၍ မိန်းမပျို၏ပုံကို ဆွဲနေကြသည်။ အခြားထောင့် တစ်ထောင့်မှ ပုံဆွဲလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာလျှင်လည်း ကျောင်းသားများသည် တစ်ဦးနှင့် တစ်ဦး နေရာချင်းလဲ၍ ပုံဆွဲကြလေသည်။

'မိုဒယ်'အနားရစေရန်အတွက် အချိန်အနည်းငယ်ပေးထားပြီး ထိုအချိန် အတော အတွင်း ဆရာများက ကျောင်းသားကျောင်းသူများ ရေးဆွဲထားသော ပုံများကို ကြည့်ရှုကြ သည်။ ကျောင်းသားများသည် မိမိတို့ ရေးဆွဲထားသည့်ပုံကို တခြားကျောင်းသားများအား ပြပြီး တခြားကျောင်းသားများ ရေးဆွဲထားသည့်ပုံများကို မိမိတို့ကကြည့်ကြသည်။ ရှာရဒါ သည် သူရေးဆွဲထားသောပုံကို အဏ္ဏာမလေအား ပေးပြီးလျှင် အဏ္ဏာမလေ၏ပုံကို ကောက်ယူ လိုက်သည်။ ရှာရဒါ ရေးဆွဲထားသောပုံသည် ကင်မရာဖြင့် ကျွမ်းကျင်စွာ ရိုက်ကူးထားသည့် ဓာတ်ပုံလို ထင်နေရသည်။ ရှာရဒါလည်း ပန်းချီဆွဲတော်သူတစ်ယောက်ဖြစ်သည်။ အဏ္ဏာမလေ၏ပုံကိုကြည့်၍ ရှာရဒါက တအံ့တသြ မေးလိုက်သည်။

''ရှင် သူ့အရုက်နဲ့ သူ့ခံစားမှုဝေဒနာကို ဘယ်လိုလုပ်များ ပုံဖော်လိုက်သလဲ''

အဏ္ဏာမလေက ပြောသည်။

''ကျွန်တော် သူ့ခံစားချက်ကို အပြည့်အဝ မဖော်နိုင်ပါဘူး။ သူ့အတွင်းက ခံစားချက်ကို အပြင်ရောက်အောင်ဖော်ပြရတာ ကျွန်တော့်အတွက် အများကြီး အခက်အခဲ တွေ့နေပါတယ်''

''ခုလောက်ဆွဲနိုင်တာတောင် ရှင် မကျေနပ်သေးဘူးထင်တယ်၊ ပါရမီနဲ့လာတဲ့ အနုပညာရှင်တွေအတွက် အနုလိုအားမလိုအားမရ ဖြစ်တတ်တဲ့သဘောဟာ ဓမ္မတာပါပဲ''

ယင်းသို့ပြောလျက် ရှာရဒါက ရယ်လိုက်သည်။ အခြားကျောင်းသား တစ်ယောက် သည် ရှာရဒါ၏လက်ထဲက အဏ္ဏာမလေ၏ ပုံကိုယူကြည့်ပြီးလျှင် မဲ့လိုက်လေသည်။

''သူ့ 'ရီရယ်လစ်ဇင်း'ကို ကျွန်တော်တော့ မကြိုက်ပါဘူး၊ ဒီပုံက ဓာတ်ပုံ ရိုက်ပြ ထားသလိုပဲ၊ ကျွန်တော်တော့ သင်္ကေတ သဘောပါတဲ့ 'အက်ဘ်စတရက်' ပုံမျိုးကိုပဲ ကြိုက်တယ်''

ယင်းသို့ပြောလျက် ထိုကျောင်းသားသည် သူ၏ပုံကို အဏ္ဏာမလေအား ပြလိုက် လေသည်။ သူပြောသည့်အတိုင်းပင် သူရေးဆွဲထားသောပုံလည်း ယဉ်ကျေးမှုသစ် အရောင်ထဲ မြုပ်နှစ်နေသကဲ့သို့ ထင်ရသည်။ ကျောက်ခေတ်လူတို့သည် သူတို့ရေးဆွဲသည့်ပုံ၌ မိန်းမပျို





အင်္ဂါအစိတ်အပိုင်းများကို ကြွတက်လာအောင် ပြုလုပ်လေ့ရှိကြသည်။ ထိုနည်းအတိုင်းပင် ထိုကျောင်းသားလည်း သူ၏ပုံတွင် ရေးဆွဲထားသည်။ ထို 'မိုဒယ်'မိန်းမပျိုကို ကြည့်၍ ယင်းကဲ့သို့အတွေးမျိုးလည်း ပေါ်ပေါက်လာနိုင်သည်ဆိုသည့်အချက်ကို စဉ်းစားလျက် အဏ္ဏာမလေ တအံ့တသြဖြစ်နေသည်။ အဏ္ဏာမလေက ပြောလိုက်သည်။

''ခင်ဗျားဆွဲထားတဲ့ပုံရဲ့ အနက်အဓိပ္ပာယ်ကို ကျွန်တော်တော့ နားမလည်ဘူး၊ ကျွန်တော့်အနေနဲ့ နားလည်လာအောင် ကြိုးစားရလိမ့်ဦးမယ်''

ထိုကျောင်းသားက ပြန်ပြောသည်။

''ကြည့်ရုံနဲ့ အနက်အဓိပ္ပာယ် သဘောပေါက်သွားရင် အနုပညာ ဘယ်မှာ ဟုတ်နိုင် ပါ့မလဲ''

အဏ္ဏာမလေသည် သူ၏နားမလည်မှုကြောင့် စိတ်မကောင်းဖြစ်သွားပြီးလျှင် ထိုပုံကို ငေးကြည့်နေလေသည်။

''ဒါ နည်းသစ်နဲ့ဆွဲထားတဲ့ ပန်းချီအနုပညာပဲ''

အဏ္ဏာမလေပြောသော စကားကိုကြား၍ ရှာရဒါသည် စိတ်ထဲက ပြုံးမိလေ သည်။ အဏ္ဏာမလေကမူ ရယ်ချင်စိတ် ပေါ်မလာပေ။ ရသအမျိုးမျိုးရှိသည် ဆိုသည်ကို သူ နားလည်သည်။ အတန်းထဲ၌ ကျောင်းသူ ကျောင်းသားများ၏ အတွေးအခေါ်ပေါ်၌ မည်ကဲ့သို့သော အဟန့်အတားမျိုးကိုမှ မထားပေ။ ကျောင်းသားအားလုံး မိမိတို့၏ အတွေး အခေါ်နှင့် ခံစားချက်အရ ရုပ်ပုံများကို ရေးဆွဲနေကြသည်။

အချိန်အတန်ကြာမျှ နားပြီးနောက် တစ်ဖန် အတန်းပြန်စလေသည်။ ယင်းသို့ အားဖြင့် နေ့ရက်တွေ ကုန်ဆုံးကျော်လွန်လာခဲ့သည်။ မိန်းမပျိုများကဲ့သို့ပင် ယောကျ်ားပျိုများ ကိုလည်း 'မိုဒယ်'အဖြစ်ထားပြီး ပုံရေးဆွဲလေ့ရှိကြသည်။ အဏ္ဏာမလေသည် တဖြည်းဖြည်း တစ်စတစ်စနှင့် လူကို ကြည့်၍ ပုံဆွဲသည့် အလေ့အကျင့် ရလာသည်။ ပုံအမျိုးမျိုးသည် သူ၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသည်။

အဏ္ဏာမလေထံသို့ မည်ကဲ့သို့သော ဘေးရန်အန္တရာယ်မျိုးမှ ရောက်ဖို့ရန် အလား အလာမရှိသည့်နေရာမှ ဘေးရန်အန္တရာယ်တစ်ခု ရောက်လာသည်။ မိမိ၏ ကော်ပီစာအုပ်များ ကိုလည်းကောင်း၊ မိမိ၏ တခြားပစ္စည်းဥစ္စာများကိုလည်းကောင်း၊ ထိန်းထိန်းသိမ်းသိမ်း ထားသည့်အလေ့အထ အဏ္ဏာမလေတွင် မည်သည့်အခါမှ မရှိပေ။ အိမ်ပြန်ရောက်သောအခါ ကော်ပီစာအုပ်များကို အခန်းထဲ၌ ဖရိုဖရဲပစ်ထားလိုက်သည်သာများသည်။ အိမ်၌ မည်သူကမှ လည်း သူ၏ကော်ပီစာအုပ်များကို လှန်လှော၍ကြည့်လေ့ကြည့်ထ မရှိပေ။

တစ်နေ့တွင် ဆုန္ဒရီသည် အဏ္ဏာမလေ၏ ကော်ပီစာအုပ်များကို လှန်လှောကြည့် သောအခါ ဒေါသထွက်လွန်းမက ထွက်လာသဖြင့် မျက်လုံးမျက်ဆံ ပြူးလာပြီး ပြောလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါ လုံးဝ မတရားတဲ့အလုပ်ပဲ''

မတရားသောအလုပ်မျိုးကို မိမိမည်သည့်အခါမှမလုပ်ဟု အဏ္ဏာမလေက ယုံကြည်စိတ်ချထားသည်။ ထို့ကြောင့် အသံထွက်အောင် ရယ်လိုက်လေသည်။ ပန်းချီပုံများကို လှန်လှောကြည့်လျက် ''ဟင်… ဘယ်လောက်ဆိုးတဲ့ အလုပ်လဲ''ဟု ပြောပြီးလျှင် ဆုနှင်းရီသည် ဣန္ဒြေမဆယ်နိုင်အောင် ဖြစ်နေသည်။ အဏ္ဏာမလေ၏ရှေ့တွင်ရပ်လျက် ပုံတစ်ပုံကို ညွှန်ပြပြီးလျှင် ဆုနှင်းရီသည် မေးလိုက်လေသည်။

''ဒီလိုပုံများကို ရှင်ဆွဲရဲတာ အံ့ပါရဲ့၊ ရှင် မရှက်ဘူးလား''

ဆုနှင်းရီက တဖျစ်တောက်တောက် ပြောနေသည်။

''ဒီမှာ နားထောင်၊ အဲဒါတွေအားလုံးဟာ ငါတို့အတန်းထဲမှာ သင်ရတာ သိလား၊ ရှေ့မှာရှိနေတဲ့ တစ်စုံတစ်ယောက်ကို ကြည့်ပြီးတော့ အဲဒီပုဂ္ဂိုလ်ရဲ့ပုံကို ဆွဲမှသာ ပန်းချီဆွဲတဲ့ အလေ့အထ ဖြစ်လာနိုင်တယ်''

''ဘာပြောတယ်၊ ရှင် သူ့ကို ဒီလိုပုံပန်းမျိုးနဲ့ကြည့်ပြီး ပုံဆွဲသလား''

''ဟုတ်တယ်… ဆွဲရတယ်၊ အဲဒါ ဘာအပြစ်ရှိလို့လဲ ပြောစမ်းပါ''

ဆုနှင်းရီသည် အဏ္ဏာမလေ၏အနီး၌ထိုင်၍ အဏ္ဏာမလေအား မေးခွန်းအမျိုးမျိုး ထုတ်ပြီးလျှင် သူ သိရှိနားလည်လိုသည့်အချက်များကို သိရှိနားလည်အောင်လုပ်သည်။ ထိုအချိန်၌ ဆုနှင်းရီတွင် ဒေါသအစား သိရှိနားလည်လိုသည့်အသိက လွှမ်းကဲအားကောင်းလာသည်။ အကြောင်းစုံကို ကြားရသောအခါ ဆုနှင်းရီက ပြောလိုက်လေသည်။

''ကျွန်မ အဲဒါတွေအားလုံးကို နဂိုကတည်းက သိထားတယ်ဆိုရင် ရှင့်ကို အနုပညာကောလိပ်မှာမထားဖို့ ဦးလေးကို ပြောမိမှာအမှန်ပဲ''

ဆုနှင်းရီအား အမှတ်မထင် အကြောင်းစုံ အမှန်အတိုင်းပြောပြလိုက်သောကြောင့် အဏ္ဏာမလေသည် ဘေးအန္တရာယ်ထဲ ကျရောက်သွားသည်။ ဆုနှင်းရီအား ဤမျှ နီးနီးကပ်ကပ် တွေ့ရသည်ဖြစ်၍ အဏ္ဏာမလေ၏ အနုပညာမျက်လုံးသည် ဆုနှင်းရီကိုလည်း ထူးခြားသော 'မိုဒယ်' တစ်ခုအဖြစ်ဖြင့် မြင်လာသည်။ ဆုနှင်းရီ၏ အင်္ဂါအစိတ်အပိုင်းများသည် အသက်အရွယ်၏ အမြင်အရကြည့်လျှင် အရွယ်နှင့်မလိုက်အောင်ပင် စည်ပင်ဖွံ့ထွားနေသည်။ သူ၏ ရုပ်ရည်အလှသည် အဏ္ဏာမလေအား သူ့ပုံကိုဆွဲရလျှင် ဘယ်လိုနေမည်နည်းဟူသော အတွေးမျိုးကို မတွေးဘဲမနေအောင် စေ့ဆော်ဖန်တီးနေလေသည်။

✦ ✦ ✦

အဒေယျာ၌ အိမ်ဟောင်းကိုဖြိုပြီး အိမ်သစ်ဆောက်ရန် အားလုံးအဆင်သင့်ဖြစ်နေပြီ။ ပန်းရန်ဆရာသည် လုပ်အားကို အပြည့်အဝအသုံးချလျက် အလုပ်ကို စတင်လုပ်ကိုင်သည်။ လော်ရီကားကြီးများဖြင့် အုတ်များ၊ သဲများ၊ ဘိလပ်မြေများကို သယ်ဆောင်



ယူလာကြသည်။ အလုပ်သမားများနှင့် ပန်းရန်များသည် ထိုနေရာ၌ စုရုံးရောက်ရှိနေကြသည်။ ပန်းရန်ဆရာနှင့် မာဏိက္ကမ်သည် နံနက်အချိန်မှစ၍ ညနေစောင်းသည့်အထိ ထိုနေရာ၌ အလုပ်တွင် အာရုံစူးစိုက်နေကြသည်။ တစ်ခါတစ်ရံ၌ သူတို့နှစ်ယောက် ကဒိရေရှုန်တို့၏ အိမ်မှာပင် ထမင်းစားကြသည်။

အိမ်ဟောင်းကို ဖြိုဖျက်လိုက်ပြီးသည့်အတွက် ပန်းရန်ဆရာသည် ကဒိရေရှုန်တို့ နေထိုင်ရန်အတွက် တဲတစ်လုံး ဆောက်ပေးထားသည်။ မာဏိက္ကမ်သည် အိမ်ဟောင်းက ပစ္စည်းအားလုံးကို ထိုတဲထဲသို့ ပို့ပေးသည်။ တံမြက်စည်းလှည်းသည့်အလုပ်မှစ၍ လေးလံသည့် ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်သည့်အလုပ်မျိုးအထိ မည်သည့်အလုပ်ကိုမဆို ပြုလုပ်သည့်အခါ၌ မာဏိက္ကမ်သည် သေးသိမ်အောက်ကျသည်ဟူ၍ သဘောမထားပေ။ သူကိုယ်တိုင် အလုပ်လုပ်သည့်နည်းတူ အလုပ်သမားများအားလည်း စေ့စေ့စပ်စပ် အလုပ်လုပ်နိုင်းသည်။ သူ၏လုံ့လဉဿဟနှင့် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒကိုတွေ့ရ၍ ကဒိရေရှုန်သာမက အာနန္ဒီ ကိုယ်တိုင်ပင်လျှင် အံ့သြနေလေသည်။

နံနက်ကောလိပ်သွားပြီး ညနေအိမ်ပြန်လာသောအခါ အဏ္ဏာမလေသည် မာဏိက္ကမ် အတန်ငယ်ပြောင်းလဲနေသည်ကို တွေ့ရသည်။ အလုပ်သမားများ၏ ကြားထဲ၌ရပ်လျက် မာဏိက္ကမ်ကိုယ်တိုင် ဆုံလည်ကဲ့သို့လည်နေသည်ကိုလည်းကောင်း၊ အခြားအလုပ်သမားများကိုလည်း အအားမရှိအောင် စေခိုင်းနေသည်ကိုလည်းကောင်း တွေ့မြင်ရသည်။ တစ်ရက် နှစ်ရက် အတောအတွင်း၌ပင် မာဏိက္ကမ်သည် ခြံအတွင်းရှိ သစ်ပင်များနှင့် နွယ်ပင်များသည် အာနန္ဒီ၏ အသက်ဖြစ်သည်ဆိုသည့်အကြောင်းကို သိသွားသည်။ ညနေခင်းတွင် အာနန္ဒီသည် သူ၏ သစ်ပင်ပန်းပင်များ နဂိုနေအတိုင်း ရှိ မရှိ ကြည့်ရှုရန်အတွက် အသစ်ဆောက်လုပ်နေသည့် အိမ်ဘက်သို့ လာတတ်သည်။

မာဏိက္ကမ်က အာနန္ဒီအား ပြောပြသည်။

''အာနန္ဒီ မစိုးရိမ်ပါနဲ့၊ တကယ်လို့ လိုအပ်လာရင် ကျွန်တော်တို့ အာနန္ဒီကိုမေးပြီးမှ သစ်ပင်နှစ်ပင်၊ သုံးပင်လောက်ကိုပဲ လှဲပစ်မှာပါ''

ယင်းသို့ပြောလျက် အလုပ်သမားများဘက် လှည့်ပြီးလျှင် ''သစ်ပင်တွေ နွယ်ပင်တွေကို ဂရုစိုက်ကြ၊ တကယ်လို့ မင်းတို့ သီးစားအပင်တစ်ပင်ပင်ကို မှားပြီး ခုတ်မိရင် ငါ့မှမဟုတ် နင်းမိရင် ဒီမမက ငါတို့အားလုံးကို အလုပ်ကဖြုတ်ပစ်လိမ့်မယ်''ဟူ၍လည်း ကြိမ်းမောင်းထားသည်။

ပန်းရန်ဆရာ၏တာဝန်မှာ ရံဖန်ရံခါ အလုပ်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မာဏိက္ကမ်အားအကြံဉာဏ်ပေးခြင်းလောက်သာဖြစ်သည်။ ပန်းရန်ဆရာထံမှ အကြောင်းစုံကို သိရှိနားလည်အောင်လုပ်ပြီးလျှင် မာဏိက္ကမ်သည် အလုပ်တာဝန်ကိုကျေပွန်အောင် လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အဘိုးကြီးနှစ်ယောက်သည် စကားစမြည်ပြောရင်း အချိန်ဖြုန်းခွင့် ရရှိနေကြသည်။ ကဒီရေရှန်သည် ပန်းချီဆွဲသည့်အလုပ်ကို ခေတ္တရပ်ထားပြီးလျှင် တဲအတွင်း၌ထိုင်လျက် ပန်းရန်ဆရာ၏ စီးပွားရေးနှင့်ပတ်သက်သော ပြောပြချက်များကိုသာ နားထောင်နေလေသည်။

"ဥစ္စာပစ္စည်းသည်သာ ဒီကမ္ဘာလောကမှာ အကြီးမားဆုံး နတ်ဒေဝတာဖြစ်တယ်။ ဥစ္စာပစ္စည်းမရှိရင် လူဟာ အသေကောင်နဲ့ ဘာမှမထူးဘူး၊ ဥစ္စာပစ္စည်း ကြွယ်ဝ ချမ်းသာတဲ့ လူကိုသာ လူတွေက အထင်ကြီးကြတယ်။ ပညာမရှိပေမယ့် ဥစ္စာပစ္စည်းရှိတဲ့လူ ပြောတဲ့စကား ကိုသာ လူတွေက အလေးအနက်ထားကြတယ်။ တခြားလူတွေအဖို့ မရနိုင်တဲ့ အရာဝတ္ထု အားလုံးကို မစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့လူတွေ ရရှိကြတယ်၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ ကိုယ့်သားသမီးကို ငွေရှာတတ်အောင် သင်ပေးရမယ်"

ပန်းရန်ဆရာ၏ပြောပြချက်များကို ကြားရသောကြောင့် အနုပညာရှင် ကဒီရေရှန် သည်ပင်လျှင် လက်တွေ့သမားဖြစ်မှန်းမသိ ဖြစ်လာသည်။

တစ်ကြိမ်တွင် စကားအလျဉ်းသင့်ရင်း ကဒီရေရှန်က ပြောလိုက်လေသည်။

"မိတ်ဆွေနဲ့အတူတကွ နေရတဲ့အတွက် မာဏိက္ကမ်တစ်ယောက်လည်း သူ့ဘဝ တိုးတက်အောင်မြင်လိမ့်မယ်လို့ ကျုပ်ထင်တယ်၊ အခုအရွယ်ထဲက မာဏိက္ကမ်ဟာ တော်တော် နားလည်မှုရှိတဲ့ လူတစ်ယောက်ဖြစ်လာပြီ"

ပန်းရန်ဆရာက ပြောသည်။

"ကျွန်တော် အဏ္ဏာမလေကို စိတ်မချဘူး၊ ဒီကောင်က ခပ်အအ။ မာဏိက္က ကတော့ မကြာခင် ဒီမြို့ရဲ့တစ်ဝက်ကိုဝယ်နိုင်တဲ့ အခြေအနေရှိလာနိုင်တယ်။ အလုပ်လုပ် နေရာနဲ့ ငွေရှာတဲ့နေရာမှာ လုံ့လဝီရိယ အင်မတန်ရှိတဲ့ လူငယ်ဖြစ်တယ်။ အခုဆိုရင် ငွေတစ်ထောင်၊ နှစ်ထောင်လောက် စုမိနေပြီထင်တယ်"

ပန်းရန်ဆရာ၏စကားကိုကြားရ၍ ကဒီရေရှန် တအံ့တသြဖြစ်သွားသည်။ မာဏိက္ကမ်အရွယ်လောက်တန်းက ပိုက်ဆံစုရကောင်းမှန်း မသိခဲ့ပေ။ ပန်းရန်ဆရာ၏ စကား ကြားရသောကြောင့် ကဒီရေရှန်သည် မာဏိက္ကမ်အပေါ်၌ ထူးထူးခြားခြား ချစ်ခင်တွယ်တာ ဖြစ်လာသည်။

အာနန္ဒီသည် မာဏိက္ကမ်နှင့် မကြာခဏ တွေ့ဆုံခွင့်ရနေသည်။ အာနန္ဒီ၏ စိတ် နှလုံးတွင် မာဏိက္ကမ်နှင့်ပတ်သက်၍ မလိုလားမှု မရှိသော်လည်း မာဏိက္ကမ်ကို စကား ပြောသည့်အခါ၌ ခပ်လှမ်းလှမ်းခပ်ခွာခွာမှပင် စကားပြောလေ့ရှိသည်။ မာဏိက္ကမ် သူ့ ကပ်လာလိုသည်ဆိုသည့်အကြောင်းကို အာနန္ဒီ ကောင်းကောင်း နားလည်ထားသည်။

မိန်းမတို့၏ဉာဏ်ဖြင့်သာလျှင် အာနန္ဒီသည် မာဏိက္ကမ်ကို သတိနှင့်စကားပြော သည်။ မာဏိက္ကမ်ကလည်း အာနန္ဒီနှင့်ပတ်သက်၍ အဘယ်ကြောင့် ကြောက်သလို ရှိသလိုလို ဖြစ်နေသည်မသိပေ။ အာနန္ဒီနှင့် ပွင့်ပွင့်လင်းလင်း စကားပြောဆိုပြီး ဖြ





ရယ်ရယ်နေသော်လည်း မာဏိက္ကမ်သည် ရှေ့တိုးရန်အတွက်မူ မဝံ့မရဲ ဖြစ်နေသည်။ အာနန္ဒီ သည် တစ်ဖက်က ရှေးဟောင်းဓလေ့ထုံးစံကို လက်ခံထားပြီး အခြားတစ်ဖက်၌မူ ခေတ်သစ်၏ လွတ်လပ်သော စိတ်နေသဘောထားမျိုးလည်း ရှိနေသည်။

အဏ္ဏာမလေသည် မကြာခဏ အာနန္ဒီတို့၏အိမ်သို့ လာတတ်သည်။ ရက်သတ္တ တစ်ပတ်အတွင်း အခြားနေ့များ၌ လာလာ မလာလာ တနင်္ဂနွေနေ့၌မူ လာဖို့မမေ့ပေ။ ကဒီရေရှန် နှင့် အာနန္ဒီတို့အား သူရေးဆွဲထားသည့်ပုံများကို ပြသည်။ တစ်စုံတစ်ခု မရှင်းမလင်းတာ ရှိလျှင်လည်း သံသယဖြစ်နေသည့်အချက်နှင့်ပတ်သက်၍ ကဒီရေရှန်အား မေးမြန်းသည်။ အာနန္ဒီနှင့်အတူ အိမ်ဆောက်သည့်အလုပ်များကို ကြည့်သည်။ မြို့ထဲတွင် လှည့်လည်သည်။ အာနန္ဒီသည် အဏ္ဏာမလေနှင့်နီးစပ်မှု ရှိလာသည်။ အဏ္ဏာမလေအပေါ်၌ ထူးထူးခြားခြား အခွင့်အရေးရှိနေသူတစ်ဦးပမာ ပြုမူဆက်ဆံသည်။ အဏ္ဏာမလေကလည်း အာနန္ဒီတို့၏အိမ်သို့ မကြာခဏ လာရောက်တတ်သည်။ အဏ္ဏာမလေ လာသည့်အခါ၌ အာနန္ဒီသည် အဏ္ဏာမလေ နှင့် စကားလက်ဆုံကျရန် သတင်းထူးသတင်းဆန်းများကို မေးမြန်းစုံစမ်းတတ်သည်။

ထိုအိမ်သို့ အဏ္ဏာမလေ ရောက်လာသည့်အခါများ၌ မာဏိက္ကမ်သည် သူတို့ နှစ်ယောက် စကားပြောရာ၌ ဝင်မပါပေ။ ယင်းသို့ ဘာသိဘာသာနေခြင်း၏ အကြောင်းတစ်ခု မှာ သူ့အနေဖြင့် ခပ်လှမ်းလှမ်းမှနေ၍ သူတို့နှစ်ယောက်၏ အမူအရာများကို လေ့လာ စုံစမ်းလိုခြင်းဖြစ်သည်။ နောက်တစ်ကြောင်းမှာ သူတို့ကြားထဲ ဝင်ခြင်းအားဖြင့် အာနန္ဒီ စိတ်ဆိုးသွားမှာ စိုးရိမ်ခြင်းဖြစ်သည်။ အဏ္ဏာမလေကိုမူ ဂရုပြုစရာဟု မထင်မှတ်ပေ။ မာဏိက္ကမ်၏အမြင်၌ အဏ္ဏာမလေသည် နို့သက်မကုန်သေးသည့်ကလေးသူငယ်မျှသာ ဖြစ်သည်။ အာနန္ဒီကိုကြည့်လျက် ပုံတူရေးဆွဲလိုသည့်စိတ်ဆန္ဒ ပေါ်ပေါက်လာစေကာမူ ယင်းမှတစ်ပါး တခြားစိတ်ထားမျိုး ပေါ်လာနိုင်မည် မဟုတ်ပေ။ သို့ပင်ဖြစ်သော်လည်း မာဏိက္ကမ်သည် ခံစားမှုဝေဒနာတစ်မျိုး နှိပ်စက်ဖိစီးခြင်း ခံနေရသည်။ ယင်းခံစားမှုဝေဒနာကို စကားလုံးဖြင့် ဖော်ပြ၍ရမည်မဟုတ်ပေ။

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် အဏ္ဏာမလေသည် အိပ်ရာလိပ်နှင့် လက်ဆွဲ သေတ္တာယူလျက် အဒေယာသို့ ရောက်လာသည်။ ထိုနေ့ညနေတွင် သူ၏အတန်းမှ ကျောင်းသားအားလုံး မဟာဗလိပူရံသွားဖို့ အစီအစဉ်လုပ်ထားသည်။ ကျောင်းသားများ သည် သုံးလေးရက် မဟာဗလိပူရံ၌နေ၍ ထိုနေရာမှ အနုပညာလက်ရာများ၏ပုံကို ပန်းချီဆွဲပြီး ပြန်လာကြမည်ဟု စိတ်ကူးထားကြသည်။ အဒေယာအနီးရှိ သစ်သားတံတား ယာဘက်က ဆိပ်ကမ်းမှ မဟာဗလိပူရံသို့ လှေများထွက်ကြမည်။ ထိုနေ့မှာ လပြည့်နေ့ဖြစ်သည်။ လရောက်လျှင်ထွက်ရင်း လှေလှော်ခတ်သွားပါက တစ်ညလုံး လှေပေါ်၌ အချိန်ကုန်ပြီး နောက်တစ်နေ့ နေထွက်ချိန်ကျမှ မဟာဗလိပူရံသို့ ဆိုက်ရောက်သွားနိုင်သည်။ ထိုနေ့တွင် ကျောင်းမှာလည်း ရှေ့ပြည့်လျှံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာရဒါသည် အာနန္ဒီအား မခွဲကပင် အကြောင်းစုံပြောပြထားသည်။ ထို့ကြောင့် အာနန္ဒီသည် အဏ္ဏာမလေကို စောင့်မျှော်နေသည်။ အဏ္ဏာမလေ ရောက်လာသည့်အချိန် အိမ်ရှိယောက်ျားအားလုံး အိမ်ဆောက်သည့်အလုပ်ကြည့်ရှုရန် အိမ်အပြင်ဘက် ရောက်နေ ကြသည်။ မာဏိက္ကမ်လည်း အဏ္ဏာမလေ ရောက်လာသည့်အကြောင်း မသိပေ။ အာနန္ဒီက အဏ္ဏာမလေအား ကြိုဆိုပြီးလျှင် အဏ္ဏာမလေ၏ လက်ဆွဲသေတ္တာကိုယူလျက် အခန်းထဲ ဝင်သွားသည်။ အာနန္ဒီသည် လက်ဆွဲသေတ္တာ ဖွင့်ရန်အတွက် အဏ္ဏာမလေထံမှ သော့ တောင်းမည်လုပ်စဉ် လက်ဆွဲသေတ္တာ၌ သော့ခတ်မထားသည်ကို သိသွားသည်ဖြစ်၍ လက်ဆွဲသေတ္တာကိုဖွင့်လျက် အဏ္ဏာမလေ၏ကော်ပီစာအုပ်များနှင့် အဝတ်အစားများ နေရာတကျ ထည့်ပေးသည်။ ခဲတံများကို ချွန်ပေးသည်။ သံဘူးတစ်ဘူးကို လက်ဆွဲ သေတ္တာထဲတွင်ထည့်လျက် လက်ဆွဲသေတ္တာတွင် အိမ်မှာရှိသော သော့ခလောက်တစ်လုံး ခတ်ပေးထားလိုက်လေသည်။ ထို့နောက် လက်ဆွဲသေတ္တာနှင့်အတူ လက်ဆွဲသေတ္တာတွင် ခတ်ထားသော သော့ခလောက်သော့ကို အဏ္ဏာမလေလက်ထဲ ထည့်လိုက်သည်။

"ခရီးထွက်တဲ့အခါ လက်ဆွဲသေတ္တာကို သော့မခတ်ဘဲသွားလို့ သင့်လျော် မလား၊ ရှင်ဒါလောက်တော့ သိထားဖို့ကောင်းတယ်"

ယင်းသို့ပြောလျက် အာနန္ဒီ ရယ်လိုက်သည်။ ထို့နောက် အဏ္ဏာမလေအား ကြိမ်းလိုက်ပြန်သည်။

"ရှင် အခု ကလေးမဟုတ်တော့ဘူး။ ဒီလို ကလေးဆန်ဆန်အလုပ်မျိုးကို မလုပ်ပါနဲ့"

အာနန္ဒီ ကြိမ်းမောင်းသည်ကို အဏ္ဏာမလေက သဘောကျသွားသည်။ စိတ်လှုပ်ရှား တက်ကြွလာပြီးလျှင် အမှတ်တမဲ့ ပြောလိုက်သည်။

"အာနန္ဒီလည်း ကျွန်တော်တို့နဲ့အတူ မဟာဗလိပ္ပုရ်လိုက်ခဲ့ရင် သိပ်ပျော်စရာ ကောင်းမှာပဲ"

အာနန္ဒီက တအံ့တသြဖြစ်သွားပြီး "တကယ်လား"ဟု မေးလိုက်လေသည်။ ယင်းသို့မေးပြီးလျှင် ဝင်းလဲ့တောက်ပသော၊ ချစ်ခင်ကြင်နာမှု အပြည့်ရှိသော အကြည့်ဖြင့် အဏ္ဏာမလေကို ကြည့်လိုက်သည်။ ရုတ်တရက် သက်ပြင်းတစ်ချက်လည်း ချလိုက်သည်။ သူ၏ နှလုံးသားသည် အပြင်းအထန်ခုန်သွားသည်။ အာနန္ဒီက ပြောလိုက်ပြန်သည်။

"ရှင်နဲ့အတူ မဟာဗလိပ္ပုရ်ကိုတော့ လိုက်လို့မဖြစ်ပါဘူး။ ဒါပေမဲ့ တံတားအထိ တော့ လိုက်ပို့မယ်"

အာနန္ဒီ၏စကားကိုကြားရသောအခါ အဏ္ဏာမလေသည် အတိုင်းထက်အလွန် အားရဝမ်းသာ ဖြစ်သွားသည်။

အတန်ငယ်ကြာသောအခါ လက်ဆွဲသေတ္တာငယ်တစ်ခုကိုဆွဲလျက် ရှာရဒါလည်း အာနန္ဒီတို့၏အိမ်သို့ ရောက်လာသည်။ မာဏိက္ကမ်သည် အလုပ်ကို အပြီးသတ်ပြီးလျှင် အလု





သမားများကို အိမ်ပြန်လွှတ်လျက် ခြေလက်ဆေးကြော သုတ်သင်ပြီးနောက် အာနန္ဒီတို့၏ အိမ်သို့လာလေသည်။ အဘိုးကြီးနှစ်ယောက်မှာမူ တဲအိမ်ဘက် ထွက်သွားကြသည်။ အာနန္ဒီသည် ဖခင် ကဒီရေရှန်အား အကြောင်းစုံပြောပြပြီးလျှင် "သမီး သူတို့ကို သစ်သား တံတားအထိ လိုက်ပို့လိုက်ဦးမယ်၊ အပြန်ကျရင် အဖော်ရအောင် ဝေလေယာကို ခေါ်သွား မယ်"ဟု ပြောလျက် ကဒီရေရှန်တို့ထံမှ ထွက်လာခဲ့လေသည်။

အာနန္ဒီစကားကိုကြားရသောအခါ မာဏိက္ကမ်က ပြောလိုက်လေသည်။

"ကျွန်တော် ဒီမှာ အလုပ်လုပ်စရာမရှိတော့ဘူး။ ကျွန်တော်လည်း အဏ္ဏာမလေကို လိုက်ပို့မယ်"

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် အာနန္ဒီတို့နှင့်အတူ အဏ္ဏာမလေတို့ကို လိုက်ပို့ဖို့ အဆင်သင့်ဖြစ်သွားသည်။ ဝေလေယာက ရှာရဒါ၏ လက်ဆွဲအိတ်နှင့် အိပ်ရာလိပ်ကို ကောက်ယူလိုက်သည်။ မာဏိက္ကမ်ကမူ အဏ္ဏာမလေ၏ လက်ဆွဲသေတ္တာကို အဏ္ဏာမလေ၏ လက်ထဲက အတင်းဆွဲယူပြီးလျှင် သူတို့နှင့်အတူ လိုက်သွားသည်။ သူတို့အားလုံး ပျော်ပျော် ပါးပါး စကားပြောဆိုပြီး လျှောက်သွားကြသည်။ လမ်းတစ်ဖက်၌ သိပ်သည်းထူထပ်သော သစ်ပင်များရှိသည်။ အခြားတစ်ဖက်၌မူ ခြောက်သွေ့သော ကွင်းပြင်ကြီး ပြန့်ပြူးနေသည်။

သစ်သားတံတားအနီးရှိ လှေဆိပ်၌ ကျောင်းသူကျောင်းသားများ တစ်အုပ်ကြီး ရပ်နေကြသည်။ လှေများကို ကျောက်ဆူးတွင် ချည်ထားသည်။ ကျောင်းသားအားလုံး မိမိတို့၏ လက်ဆွဲသေတ္တာများနှင့် အိပ်ရာလိပ်များကို သယ်ယူသွားပြီးလျှင် လှေပေါ်၌ ထိုင်လိုက်ကြသည်။ လှေသမားများလည်း ထိုနေ့တွင် ထူးထူးခြားခြား စိတ်တက်ကြွနေကြ သည်ကို တွေ့မြင်ရသည်။

မဒရပ်နှင့် မဟာဗလိပ္ပုရ်ကြားထဲတွင် ပေတစ်ရာ အဝေးပြေးလမ်းမကြီး ရှိလေ သည်။ ခရီးသည်များသည် ကုန်းလမ်းမှ မဒရပ်နှင့် မဟာဗလိပ္ပုရ် အသွားအလာ လုပ်ကြ သကဲ့သို့ပင် ရေလမ်းမှလည်း ထိုခရီးကို အားတက်သရော အသွားအလာပြုလုပ်ကြသည်။ ကျောင်းသားများသည် လပြည့်နေ့ဖြစ်သော ထိုညနေ၌ အေးချမ်းသာယာစွာ လှေပေါ်တွင် အချိန်ကုန်ပြီးလျှင် ပျော်ပျော်ပါးပါး ခရီးထွက်ကြမည်ဟူ၍ စိတ်ကူးထားကြသည်ဖြစ်၍ အနုပညာကောလိပ်မှ ပုဂ္ဂိုလ်များက ဤရေလမ်းခရီးကို စီစဉ်ကြခြင်းဖြစ်သည်။ ယင်းရှုခင်းကို မြင်ရသည်နှင့်တစ်ပြိုင်နက် အာနန္ဒီသည် အဏ္ဏာမလေနှင့် အတူလိုက်ပါသွားလိုသည့်စိတ်ဆန္ဒ ပြင်းပြင်းထန်ထန် ဘာကြောင့် ပေါ်လာသည်မသိပေ။ မိမိ၏အလိုဆန္ဒကို မသိမသာ ချိုးနှိမ် ပြီးလျှင် အာနန္ဒီသည် ရှာရဒါအား ပြောလိုက်လေသည်။

"သူ့ကို ဂရုစိုက်လိုက်ပါ"

လှေကြိုးကို ဖြတ်လိုက်ကြသည်။ ရွက်များသည် လေထဲတွင် တဖျပ်ဖျပ်လွင့်နေ ကြသည်။ ရွက်တိုက်ကောင်းလောက်အောင်ပင် လေကလည်း ဖြည်းဖြည်းညင်းညင်း တိုက်



www.burmeseclassic.com

www.burmeseclassic.com

ခတ်နေသည်။ လှေသမားများသည် သီချင်းသံဖြိုင်သီဆိုလျက် လှေများကို လှော်ခတ်ကြ လေသည်။ ကမ်းပေါ်၌ရပ်နေသော အာနန္ဒီသည် လရောင်အောက်၌ မြစ်ရေကိုခွဲပြီး ရှေ့သို့ တိုးသွားသော အဏ္ဏာမလေတို့၏ လှေကို မျက်စိတစ်ဆုံး ကြည့်ရှုနေလေသည်။

◆◆◆

အဏ္ဏာမလေကိုလိုက်ပို့ပြီး အာနန္ဒီနှင့် မာဏိက္ကမ်တို့ ပြန်လာကြသည်။ သူတို့ရှေ့က မာလီဝေလေယာက လျှောက်လာသည်။ လမ်းဘေးရှိသစ်ပင်များ၏ အကိုင်းအခက်များ ကြားထဲက လရောင်သည် ဖြာကျနေလေသည်။ ထိုရှုခင်းကိုမြင်ရသော အာနန္ဒီသည် သာယာ လှပသော ပတ်ဝန်းကျင်တွင် နစ်မျောသွားလေသည်။ တိတ်တဆိတ် လမ်းလျှောက်နေသော အာနန္ဒီ၏ စိတ်နှလုံးသည် အဏ္ဏာမလေတို့၏ လှေနှင့်အတူ ရေပေါ်၌ ကူးခတ်နေသကဲ့သို့ ဖြစ်နေသည်။ "အာနန္ဒီလည်း ကျွန်တော်နဲ့အတူ မဟာဗလိပူရံကိုလိုက်လာရင် သိပ်ပျော်စရာ ကောင်းမှာပဲ" အဏ္ဏာမလေပြောသော စကားကို အာနန္ဒီ မေ့မသွားပေ။

လရောင်ပြည့်လျှမ်းနေသည့် ညီမြာသောကောင်းကင်အောက်က ရေအလျဉ်ကို ခွဲလျက် ရှေ့သို့လှော်ခတ်သွားသော လှေနှစ်များမှ လှေထိုးသားတို့၏သီချင်းသံ၊ အဏ္ဏာမလေ နှင့် ပူးပူးကပ်ကပ်နေရခြင်း။ မည်မျှနှစ်သိမ့်ချမ်းမြေ့ဖွယ်ကောင်းသည့် အတွေ့အကြုံ ဖြစ်မည်နည်း။ အာနန္ဒီ သက်ပြင်းချလိုက်မိန်သည်။

ရှာရဒါကို အကြောင်းပြုလျက် အာနန္ဒီ၏စိတ်ထဲတွင် မည်ကဲ့သို့သော မလိုတမ် ဖြစ်မှုမျိုးမှ မပေါ်မလာပေ။ ရှာရဒါသည် တစ်နည်းတစ်လမ်းအားဖြင့် သူ့ထက် ကံကောင်းသည် ဟူ၍ အာနန္ဒီက တွေးတောနေသည်။ အတန်းထဲတွင် နေ့စဉ်နေ့တိုင်း အဏ္ဏာမလေ တွေ့နိုင်သည်။ မကြာခဏ စကားပြောနိုင်သည်။ အဏ္ဏာမလေနှင့်အတူ ယခုကဲ့သို့ ပျော်ရွှင်ချမ်းမြေ့စရာကောင်းသည့် ခရီးကိုလည်း သွားနိုင်သည်။ ရှာရဒါ သည် အာနန္ဒီထံ မကြာခဏလာ၍ အဏ္ဏာမလေအကြောင်းကို ပြောပြတတ်သည်။ သူတို့အတန်းသို့ ရောက် သည်မှစ၍ အနုပညာကောလိပ်၏ လက်ရွေးစင် ကျောင်းသားတစ်ယောက် ဖြစ်လာသည်။ အဏ္ဏာမလေနှင့်ပတ်သက်သော အကြောင်းအရာများကို စုံစုံစေ့စေ့ ပြောပြသည်။ အာန စိတ်နှလုံးထဲတွင် အဏ္ဏာမလေအတွက် ထူးခြားသောနေရာရှိနေသည်ဟူ၍ ရှာရဒါက ခန့် ထားသည်။

အာနန္ဒီနှင့်အတူ လိုက်ပါလာသော မာဏိက္ကမ်သည် အာနန္ဒီ စကားမ တုံ့ကျိုဘောလုပ်နေခြင်းကို မခံမရပ်နိုင်ဖြစ်နေသည်။ အာနန္ဒီ၏စိတ်နှလုံးသည် တစ်နေရာ ရောက်နေသည်ဟူ၍ တွက်လေသည်။ အာနန္ဒီ၏ ခပ်မဆိတ်နေခြင်းကို ဖျက်ဆီး အာနန္ဒီအား စကား စတင်ပြောဖို့ရန်လည်း မဝံ့မရဲဖြစ်နေသည်။ မာဏိက္ကမ်သည် အာ အမူအရာများကို ကြည့်ရှုအကဲခတ်လာခဲ့သည်မှာ နေ့ရက်များစွာ ကြာမြင့်လာလေပြီ။





www.burmeseclassic.com

အနေဖြင့် နေ့ရက်အတန်ငယ်ကြာမှ ထိန်းနိုင်သလောက် ထိန်းထားသင့်သည်ဟူ၍လည်း နားလည်ထားသည်။

အသက်အရွယ်မှတစ်ပါး တခြားအမြင်အရ ကြည့်မည်ဆိုလျှင် အာနန္ဒီသည် သူ့ထက်သာသည်ဟူ၍ မာဏိက္ကမ်က စဉ်းစားလေသည်။ အာနန္ဒီသည် စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးသောမိန်းမပျိုဖြစ်သည်။ မာဏိက္ကမ်နှင့် စိတ်သဘောထား ရိုးရိုး သားသားပင် စကားပြောလေ့ရှိသည်။ အသက်အရွယ်ငယ်သော်လည်း အာနန္ဒီသည် မိမိထက် အသက်အရွယ်ကြီးသူများအား မည်ကဲ့သို့ ဆက်ဆံရမည်ဆိုသည်ကို နားလည်သည်။ မာဏိက္ကမ် အား မည်သို့မျှ မုန်းစိတ်မပွားဘဲ နီးနီးကပ်ကပ် ဆက်ဆံဖို့ရန်သာ အာနန္ဒီက လိုလားသည်။

မာဏိက္ကမ်သည် ရုတ်တရက် အာနန္ဒီ၏ ခပ်မဆိတ်နေခြင်းကို ဖယ်ရှားဖျောက်ဖျက် ပစ်ရန် နည်းပရိယာယ်ကောင်းတစ်ခု သတိရလာသည်။

"ကျွန်တော့်ညီ အဏ္ဏာမလေတစ်ယောက်ဟာ ဘယ်ဘက်ကကြည့်ကြည့် တကယ် ကံကောင်းတဲ့ လူတစ်ယောက်ဖြစ်တယ်။ အဏ္ဏာမလေ ကံကောင်းပုံကိုတွေးပြီး ကျွန်တော် ဘယ်လောက် အားရဝမ်းသာဖြစ်နေတယ်ဆိုတာ အာနန္ဒီ သိတယ်မဟုတ်လား"

မာဏိက္ကမ်ထံမှ အဏ္ဏာမလေအကြောင်း ပြောပြသည့်စကားကို ကြားလိုက်သည် နှင့် အာနန္ဒီသည် အားတက်သရော မာဏိက္ကမ်ဘက်လှည့် ကြည့်ပြီးလျှင် မေးလိုက်လေသည်။

"ရှင် ဘာပြောတယ်"

"ကျွန်တော့်ညီ သိပ်ကံကောင်းတယ်လို့ ပြောနေတာပါ"

အာနန္ဒီ၏မျက်နှာ ရှက်သွေးဖြန်းသွားသည်ကို မာဏိက္ကမ် သတိထားမိလိုက်သည်။ ရှာရဒါကဲ့သို့ပင် မာဏိက္ကမ်လည်း သူ၏စိတ်ကို ရိပ်မိနေပြီဟု တွေးမိသောကြောင့် အာနန္ဒီ ရှက်သွေးဖြာသွားခြင်းဖြစ်သည်။ အဏ္ဏာမလေ ခရီးသွားသည်ကို အာနန္ဒီ လိုက်ပို့သည့် အတွက် အဏ္ဏာမလေ ကံကောင်းသည်ဟူ၍ မာဏိက္ကမ်က ပြောနေခြင်းလော။

အာနန္ဒီက မေးလိုက်ပြန်သည်။

"အဏ္ဏာမလေ ကံကောင်းတယ်လို့ ရှင် ဘာကြောင့်ပြောတာလဲ"

"မွေးဖွားလာရတာ၊ ကြီးပြင်းလာရတာ၊ ပညာသင်ကြားရတာ အစစအရာရာ အဏ္ဏာမလေက ကံကောင်းတယ်၊ သူက ကျွန်တော်တို့အားလုံးရဲ့ အချစ်တုံးဖြစ်နေတယ်။ အခုတော့ သူ အာနန္ဒီဖေဖေရဲ့ အချစ်တော်မျှသာမကပဲ အာနန္ဒီရဲ့ အချစ်တော်လည်း ဖြစ်လာပြီ"

အာနန္ဒီက ကျေနပ်အားရစွာဖြင့် ပြောလိုက်သည်။

"အာနန္ဒီက ပါရမီနဲ့လာတဲ့ အနုပညာရှင်ပဲ၊ ဒါကြောင့် ကျွန်မတို့ သူ့ကို ချစ်ခင် တာပါ"

"အာနန္ဒီပဲ စဉ်းစားကြည့်ပါ၊ ဖေဖေဟာ ကျွန်တော့်ပညာရေးအတွက် ငွေအကုန်ခံ ထက် အဆများစွာ သူ့ပညာရေးအတွက် အကုန်ခံခဲ့တယ်။ အာနန္ဒီရဲ့ ဖေဖေနဲ့တွေ့တဲ့

www.burmeseclassic.com



အခါကျတော့ သူ စန်းပွင့်သွားတာပေါ့။ ဂဏန်းသင်္ချာ စာမေးပွဲ သူနှစ်ကြိမ် သုံးကြိမ်ကျ ခဲ့တယ်။ ဒါပေမဲ့ အနုပညာနယ်မှာတော့ ဘယ်လောက်တော်သလဲဆိုရင် တစ်ခါတည်း အတန်းနှစ်တန်းကို ကျော်ဖြတ်ပြီး တတိယတန်း ရောက်သွားတယ်။ ပန်းချီအနုပညာ သူ့အမြတ်နိုးဆုံး ဘာသာရပ်ဖြစ်တယ်။ သူ့အနေနဲ့ ကျွန်တော့်လို မိုးရွာမရှောင် နေပူမရှော မြေကြီးတွေ ကျောက်ခဲတွေကြားထဲမှာ နေဖို့မလိုဘူး။ ဟောကြည့်၊ ဘယ်လောက် အခန့် ခရီးထွက်သွားသလဲ''

''အဏ္ဏာမလေသာမကဘူး၊ ရှင်လည်းပဲ ကံကောင်းတယ်မဟုတ်လား၊ ပန်း ဆရာကြီးက အဏ္ဏာမလေအစား ရှင့်ကိုပဲ သူ့သားချစ်လို သဘောထားတယ် မဟုတ်လား

မာဏိက္ကမ်သည် မိမိကိုယ်မိမိ အပြစ်တင်သလိုပြောလိုက်သည်။

''သားမှတ်လို့ရော ဘာဖြစ်မှာလဲ၊ အတုအပ ဆက်ဆံမှုဟာ အတုအပဖြစ်လာမှာပဲ

ယင်းသို့ပြောလျက် စိတ်ဓာတ်မွှန်ပြည့်ပါသော ရယ်ခြင်းမျိုးဖြင့် ရယ်လိုက်သည် ထို့နောက် ဆက်ပြောပြန်သည်။

''တကယ်လို့ ကျွန်တော်သာ သူ့သားသမီးအတု မဟုတ်လျှင် အခုဆိုရင် ကျွန်တေ အင်ဂျင်နီယာ တစ်ယောက်ဖြစ်နေပြီ။ ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော်ဟာ ခိုကိုးရာမဲ့ ဆင်းရဲသ သားသမီးတစ်ယောက်ဖြစ်တယ်။ ကျွန်တော့်မှာ ဘယ်ဆွေမျိုးမှလည်း မရှိဘူး။ ဘာပစ္စ ဥစ္စာမှလည်း မရှိဘူး။ ဖေဖေက ကျွန်တော့်ကို နှင်မထုတ်မချင်း ကျွန်တော်သူတို့နဲ့ တွယ်ကပ် ရမှာပဲ၊ အဲဒီနောက်ဆိုရင်တော့ ကျွန်တော်ဟာ ကျွန်တော့်အမေနဲ့အတူ လမ်းပေါ် တလည်လည်လုပ်နေရမှာပဲ''

အာနန္ဒီ တုန်လှုပ်သွားသည်။ မာဏိက္ကမ်၏ဒုက္ခကြောင့် သူလည်း စိတ် မ မသာဖြစ်သွားသည်။ အဏ္ဏာမလေကိုရှာရန် ပင်လယ်ကမ်းခြေသို့ လိုက်လာစဉ်က မာဏိက္က သူ ပထမဆုံးအကြိမ် တွေ့မြင်ခဲ့သည်။ အခု မာဏိက္ကသည် သူ ယခင်ကတွေ့မြင်ခဲ့ မာဏိက္ကမ် မဟုတ်တော့ဟု၍ အာနန္ဒီ တွေးမိလေသည်။ ထိုအချိန်က မာဏိက္ကမ်၏ ကြ ကြည့်နည်းနှင့် ဟန်ပန်အမူအရာကို သူမကြိုက်ခဲ့။ သို့ရာတွင် အဏ္ဏာမလေကို ချစ်ခင်တွယ် လာသည့်အတွက် အာနန္ဒီသည် မာဏိက္ကမ်ကိုလည်း တဖြည်းဖြည်း ခင်မင်မှုရှိလာသ အခက်တကာ့ အခက်ဆုံးလုပ်ငန်းများကို ရှေ့တိုး၍လုပ်တတ်သည့် သူ၏ဝါသနာကို တွေ့ ရသည်ဖြစ်၍ အာနန္ဒီသည် အလွန်တရာ ကျေနပ်နှစ်သက်သွားသည်။ ယခုအချိန်၌ တကယ်ပင် အာနန္ဒီ၏စိတ်နှလုံးထဲတွင် မာဏိက္ကမ်နှင့်ပတ်သက်၍ ထောက်ထားကြင် ဖြစ်ပေါ်လာသည်။

အာနန္ဒီက မာဏိက္ကမ်အား အားပေးစကားပြောလေသည်။

''ရှင် အခုလိုပူပန်နေစရာ မလိုပါဘူး၊ ပန်းရန်ဆရာကြီးက ရှင့်ကို ဘယ်တေ လက်လွှတ်မယ် မဟုတ်ဘူး''





''ကျွန်တော် ခုနှစ်ဘဝ ခုနှစ်ကမ္ဘာအထိ သူ့ကျေးဇူးကို မမေ့ပါဘူး။ သူ့သာမရှိရင် ကျွန်တော့်အခြေအနေ ဘယ်လိုဖြစ်လာမယ်ဆိုတာ ပြောမပြနိုင်ဘူး။ အဲဒီအမြင်မျိုးနဲ့ ကြည့်ရင် တော့ ကျွန်တော်လည်းပဲ ကံကောင်းတဲ့ပုဂ္ဂိုလ်တစ်ဦးပါပဲ၊ ဒါပေမယ့် ...''

''ဒါပေမဲ့ ဘာဖြစ်သလဲ''

''ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မဖို့ပါဘူး၊ ကျွန်တော်ဟာ မွေးကတည်းက ကံခေ လာတဲ့သူပါ၊ ကျွန်တော့် အနာဂတ်ဘဝ ဘယ်လိုဖြစ်လာမလဲဆိုတာလဲ ကျွန်တော် မသိဘူး''

''ရှင့် အနာဂတ်ဘဝ ဘယ်လိုဖြစ်လာမှာလဲ၊ ရှင့်အတွက် ပူစရာလိုမယ် မဟုတ် ပါဘူး၊ ရှင် ယောကျ်ားတစ်ယောက်ပဲ၊ စာမတတ် ပေမတတ် ပန်းရန်ဆရာကြီးတောင် မဒရပ်မြို့မှာ ချမ်းချမ်းသာသာ နေနိုင်စားနိုင်တယ်ဆိုရင် အဲဒီလို ရှင် ဘာဖြစ်လို့ မလုပ်နိုင် ရမှာလဲ။ ပန်းရန်ဆရာကြီးက ရှင့်ကို ပညာလည်းသင်ပေးတယ်၊ အလုပ်လည်း သင်ပေးတယ်၊ ရှင်ဟာ အလွန်ဖျတ်လတ်တဲ့ ပင်ကိုယ်ရှိတဲ့လူတစ်ယောက် မဟုတ်လား၊ ရှင် ပူပန်သောက ရောက်နေစရာ မလိုပါဘူး''

သစ်သားတံတားမှ ထွက်ခွာလာစဉ်က သူတို့နှစ်ယောက်အကြားရှိ ဝေးကွာမှုသည် အဒေယာရောက်လာသောအခါ နီးကပ်လာသည်။ ယင်းအချက်ကို အာနန္ဒီ သတိလည်း မထားပေ။ ဂရုလည်း မစိုက်ပေ။ မာဏိက္ကမ်ကလည်း ထိုအချက်နှင့်ပတ်သက်၍ သတိမပြုမိ သည့်ဟန်မျိုးဖြင့် လျှောက်လာလေသည်။ အာနန္ဒီ၏အနီးသို့ ကပ်လာသောအခါ ထိတ်လန့် ကြောက်ရွံ့သလို ဖြစ်လာသကဲ့သို့ပင် နှစ်သိမ့်ချမ်းမြေ့မှုလည်း ဖြစ်လာသည်။

မာဏိက္ကမ်သည် ရုတ်တရက် အတိတ်က အကြောင်းအရာဟောင်းတစ်ခုကို သတိရ သလိုလို ဖြစ်လာသည်။

''အာနန္ဒီရဲ့ ဖေဖေဆီမှာ ပန်းချီအနုပညာသင်ကြားခွင့် အဏ္ဏာမလေ ဘယ်လိုလုပ် ရတယ်ဆိုတာ အာနန္ဒီသိသလား''

''ဘာဖြစ်လို့လဲ၊ ဘယ်လိုလုပ်ရတာလဲ''

''အဲဒီအကြောင်းကလည်း အဏ္ဏာမလေအတွက် ကံကောင်းတဲ့အချက် တစ်ချက် ဖြစ်တယ်''

အာနန္ဒီသည် စိတ်လှုပ်ရှားလာပြီးလျှင် မာဏိက္ကမ်ဘက် လှည့်ကြည့်လိုက်သည်။ အဏ္ဏာမလေ ကံကောင်းခြင်း၏ လျှို့ဝှက်ချက်ကို သိလိုသည့်စိတ် ဖြစ်ပေါ်လာသည်။

''ပထမ အဏ္ဏာမလေကို ဒီလမ်းပေါ် ဘယ်တော့မှ သွားခွင့်မပြုဘူးလို့ ဖေဖေက ပြောထားတာ၊ အဏ္ဏာမလေရဲ့ ယောက္ခမကြီးနဲ့သူ့ဖနီးလောင်းက အတင်းတိုက်တွန်းတဲ့အတွက် အဏ္ဏာမလေ ဖေဖေက အဏ္ဏာမလေကို အာနန္ဒီတို့ဆီလွှတ်တာ''

မာဏိက္ကမ်၏ စကားကိုကြားရသောအခါ အာနန္ဒီသည် ထိတ်ခနဲ ဖြစ်သွားသည်။ ကိုယ်ခန္ဓာတောင့်တင်းသလို ဖြစ်သွားပြီးလျှင် လမ်း၏အလယ်ဗဟို၌ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာဏိက္ကမ်က အာနန္ဒ တုန်လှုပ်သွားခြင်း၏အကြောင်းကို မသိသလိုလို လုပ်နေသည်၊ အာနန္ဒအား ထပ်ပြီး ထိတ်လန့်တုန်လှုပ်သွားစေမည့် အကြောင်းအရာများကို ပြောပြပြန်သည်၊

"အဏ္ဏာမလေရဲ့ဦးကြီး ဒက္ခာပါဏီနဲ့သမီး ဆုန္ဒရီတို့က ပန်းရန်ဆရာကြီး... အဏ္ဏာမလေ အနုပညာပန်းချီကောလိပ်တက်ဖို့အတွက် တိုက်တွန်းတဲ့အကြောင်း အာ... မသိတူးလား။ အာနန္ဒ ဆုန္ဒရီကို မမြင်ဖူးဘူးလား။ မကြာခဏ အဏ္ဏာမလေနဲ့တွေ့ဖို့ စက်... စီးပြီး ကျွန်တော်တို့အိမ် လာတတ်တယ်လေ။ အဲဒီမိန်းမပျိုဟာ အဏ္ဏာမလေရဲ့ ဇနီးလော... မှာ။ သမီးရှင်တွေက သိပ်ချမ်းသာတာပဲ။ အဲဒီအမြင်နဲ့ကြည့်ရင်လည်းပဲ ကျွန်တော့်ညီဟာ... တကယ်ကံကောင်းတဲ့ လူတစ်ယောက်ဖြစ်တယ်"

မာဏိက္ကမ်၏ စကားကိုကြားရသောကြောင့် အာနန္ဒသည် ရှေ့ဆက် မလျှောက်... ဖြစ်နေသည်။ မိမိ၏အမူအရာကို မာဏိက္ကမ်သိမသွားအောင် ဖုံးဖိဖို့ ကြိုးစားသည်။ သို့ရာတွ... မဖုံးနိုင်မဖိနိုင် ဖြစ်နေသည်။ မြားပေါင်းများစွာ တစ်ပြိုင်နက်တည်း အစိုက်ခံရသော လူပသည... နှိုင်ငက်မကလေးသည် တဖျပ်ဖျပ်မလူးလွန့်ဘဲ နေနိုင်ပါမည်လော။

✦ ✦ ✦

အဓပြောကျယ်သော ပင်လယ်သမုဒ္ဒရာ၊ ညိုပြာသော ကောင်းကင်ပြင်၊ စိမ်းလ... စိုပြည်သော ကွင်းပြင်၊ သဲသောင်မြင်၊ လေးဖက်လေးရပ်၌ တည်ရှိနေသည့် ကျောက်ဆော... ကြီးများပေါ်၌ ထွင်းထုထားသော ရုပ်ကြွများ၊ မဟာဗလိပူရံ၏ ယင်းပတ်ဝန်းကျင် အ... အနေသည် ပန်းချီအနုပညာ သင်ကြားလေ့လာကြသည့် ကျောင်းသူကျောင်းသားများ... စိတ်နှလုံးကို ဖမ်းစားထားသည်။ မဒရပ်မြို့တွင်နေလျက် မိမိတို့အိမ်ရှိ အခန်းတစ်ခန်း... သို့မဟုတ် အတန်းတစ်တန်းထဲ၌ ထိုင်လျက် ပန်းချီဆွဲကြသော ထိုကျောင်းသူကျောင်းသ... များသည် ယင်းလှပသည့် သဘာဝပတ်ဝန်းကျင်အနေအထားကို တွေ့မြင်ရသောအခါ အ... တရာ အားရရွှင်လန်းသွားကြသည်။

အဆင်ပြေမှုမရှိသော အိမ်အိုကြီးတစ်လုံး၏တစ်ဖက်၌ ကျောင်းသားများ... လည်းကောင်း၊ အခြားတစ်ဖက်၌ ကျောင်းသူများကိုလည်းကောင်း၊ နေရာချထားပေးသည... ထိုနေရာ၌ တည်းခိုနေထိုင်ပြီး အရသာမရှိသည့် အစားအသောက်များကို လည်ချောင်း... ဖြစ်သလိုသွင်းလျက် ထိုကျောင်းသူ ကျောင်းသားများသည် မိမိတို့၏အလုပ်ကို ပြီးမြော... အောင် လုပ်နေကြသည်။ ခပ်ဝေးဝေးသို့အထိ ပြန့်ပြူးတည်ရှိနေသည့် ထိုနယ်မြေ၌ ဟိုနေ... သည်နေရာသွားကြပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် မိမိတို့ ကြိုက်နှစ်သ... ရာ ရှုခင်းရှုကွက်တစ်ခုခုကို စက္ကူပေါ်၌ ပုံတူကူးရေးခြင်းသည်သာလျှင် သူတို့၏အလု... ဖြစ်နေသည်။



ထိုနေရာသို့ရောက်လာသော အဏ္ဏာမလေသည် လှောင်ချိုင့်ထဲတွင် ဖမ်းထည့်ထားသည့် ငှက်တစ်ကောင်အား အပြင်ပတ်ဝန်းကျင်သို့ လွှတ်လိုက်သကဲ့သို့ ဖြစ်နေလေသည်။ နံနက်စောစော ကျေးငှက်သာရကာတို့၏ တွန်ကျူးသံကို ကြားရသည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေသည် ကော်ပီစာအုပ်နှင့် ခဲတံကိုယူလျက် အပြင်ဘက်ထွက်လာသည်။ မွန်းတည့်ချိန် ဦးခေါင်းပေါ် နေရောက်မှသာ ကော်ပီစာအုပ်ကို ပိတ်လိုက်လေသည်။ ထိုသို့မဟုတ်ပါကလည်း ရှာရခါက သူ့ဆီလာပြီး ထမင်းစားဖို့ အတင်းဆွဲခေါ်သွားတတ်သည်။ နေပူရှိန် အတန်ငယ် လျော့သွားသည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေသည် တစ်ဖန် အလုပ်လုပ်ရန် အပြင်ဘက်ထွက်သွားပြန်သည်။ မဒရပ်မပြန်မီ မဟာဗလိပူရံရှိ အနုပညာလက်ရာအားလုံးကို ပုံတူကူးဆွဲလိုသည့်စိတ်ဆန္ဒသည် သူ့အပေါ်တွင် လွှမ်းမိုးနေသည်။ ယင်းသို့ဖြစ်ခြင်းမှာ အနုပညာရှင်တစ်ယောက်၏ အရှုံးအမူးသဘောသဘာဝသာလျှင် ဖြစ်သည်။

ပင်လယ်ကမ်းခြေရှိ ဘုရားကျောင်း၊ ကျောက်ရထား၊ ကျောက်ဆင်၊ ကျောက်ဆောင်များအပေါ်၌ ထွင်းထုထားသည့် ရုပ်တုများ၊ ထို့ပြင် ခြဓသဲပုံ၊ ယင်းရှုခင်းများအနက် ပုံအတော်များများကို အဏ္ဏာမလေသည် မဆိုင်းမတွပင် စက္ကူပေါ်၌ ပုံတူရေးဆွဲပြီးသားဖြစ်သွားလေသည်။ မိမိ၏အလိုဆန္ဒအတိုင်း မဒရပ်သို့မပြန်မီ၊ အလုပ်ကို ပြီးစီးအောင် လုပ်နိုင်လိမ့်မည်ဟု အဏ္ဏာမလေ တွက်ထားသည်။ ကျောက်ဆောင်များပေါ်၌ ထွင်းထုထားသည့် ရုပ်ပုံနှစ်ပုံဖြစ်သော အရဂျုန်၏ အကျင့်တရားကျင့်ပုံနှင့် ဘဂီရထ၏ တရားအကျင့်ကျင့်ပုံတို့သည် အဏ္ဏာမလေအား ထူးထူးခြားခြား ဆွဲဆောင်ထားကြသည်။ အမျိုးမျိုးသော လှုသားပုံများရှိသည့် ထိုကျောက်ဆောင်များသည် အဏ္ဏာမလေအတွက် အနုပညာလက်ရာပြတိုက်ကြီးသဖွယ် ဖြစ်နေသည်။ ယင်းပုံများကို ပုံတူကူးဆွဲပြီးသည့်နောက်မှသာလျှင် အဏ္ဏာမလေသည် မိမိတိုင်းပြည်ရှိ အနုပညာရှင်တို့၏ လက်ရာမြောက်မှုကို အတော်အတန် သိရှိနားလည်ခွင့် ရရှိလာလေသည်။

မွန်းတည့်ချိန်ရောက်လာသောအခါ အဏ္ဏာမလေသည် ပုံနှစ်ပုံကိုဆွဲပြီးသွားလေပြီ။ သို့ရာတွင် မွန်းတိမ်းချိန်၌ အဏ္ဏာမလေသည် ထိုနေရာတွင် တစ်ဖန် လာထိုင်ပြန်သည်။ ထိုအချိန်၌ နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးနှင့် သူ့သူငယ်ချင်း၊ ရာဂျရေခရသည် ထိုနေရာသို့ရောက်လာသည်။ ရာဂျရေခရသည် ထိုပုံများ၌ မည်ကဲ့သို့သော ဆန်းသစ်မှုမျိုးကိုမှ မမြင်ပေ။ စိမ်းလန်းသော မြက်ခင်းပြင်၌ထိုင်လျက် အဃပ္ပနဘုရားကျောင်း၌ တွေ့မြင်ရသော မြေကြီးဖြင့်ပြုလုပ်ထားသည့် ကစားစရာအရုပ်များနှင့်တူသော ဆင်၊ မြင်း၊ လူတို့၏ ရုပ်ပုံများကို သူ့ကော်ပီစာအုပ်တွင် ပုံတူကူးဆွဲလာခဲ့သည်။

ရာဂျရေခရသည် အဏ္ဏာမလေ၏ ကော်ပီစာအုပ်ကို ဆွဲယူပြီးလျှင် ထိုကော်ပီစာအုပ်တွင် ရေးဆွဲထားသည့်ပုံများကိုကြည့်လျက် ခါတိုင်းကဲ့သို့ပင် နှုတ်ခမ်း ရှုံ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တော့ ဒီနေရာမှာရှိတဲ့ အရာဝတ္ထုတွေကို ဘာတစ်ခုမှ စိတ် မဝင်စားဘူး။ ရှေးခေတ်က အရူးတွေဟာ ကျောက်တုံးတွေပေါ်မှာ လူပုံကို ချိတ်စွပ်တူအောင် ထွင်းထုထားကြတယ်။ ကျွန်တော်တော့ အဲဒီလူတွေကို မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်တဲ့ အလုပ်မှာ တော်တယ်လို့ထင်ချင်ထင်ပေမယ့် အမှန်တကယ်ကတော့ အဲဒီလူတွေကို ကျွန်တော် မချီးကျူးနိုင်ဘူး။ ကိုယ့်ဉာဏ်စွမ်းဉာဏ်စကိုဖော်ပြနိုင်မှသာ သူတို့ကို အနုပညာရှင်လို့ ကျွန်တော် ခေါ်နိုင်မယ်။ အဲဒီပုံတွေအားလုံးဟာ 'ရီရယ်လစ်ဇင်း'တွေ လုံးလုံးဖြစ်တယ်။ မူရင်းရဲ့ဓာတ်ပုံတွေသာဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ လူတွေကိုကြည့်ပြီး ပုံတူကူးချထားတဲ့ လူတွေဖြစ်တယ်''

ယင်းသို့ပြောလျက် ရာဂျရှေခရသည် အဏ္ဏာမလေနှင့် အငြင်းအခုံပြုလုပ်ရန် စကားစလိုက်လေသည်။

အကယ်၍ ရာဂျရှေခရက မိမိအကြောင်း မကောင်းပြောလျှင် အဏ္ဏာမလေသည် သည်းခံနေကောင်း နေလိမ့်မည်။ ရာဂျရှေခရသည် ဤတိုင်းပြည်၌ မွေးဖွားပေါ်ပေါက်လာခဲ့ကြသော ပညာရှင်ကြီးများ၏အကြောင်းကိုလည်းကောင်း၊ မိမိ တိုင်းပြည်နှင့် မိမိတို့၏ အကြောင်းကိုလည်းကောင်း၊ ဆွေးနွေးပြောကြားခြင်းမပြုဘဲ မိမိတို့၏ အနုပညာလက်ရာများကို ခွန့်ခွာသွားခဲ့ကြပြီဖြစ်သည့် ဗြိုင်ဘက်ကင်း အနုပညာရှင်များအား ဝေဖန်ရှုံ့ချလျက် အဏ္ဏာမလေ၏ဒေါသကို ဆွပေးလိုက်သည်။

''ဒီမှာ ရီရယ်လစ်ဇင်းဆိုတာ ဘယ်မှာရှိသလဲ၊ ဘယ်ဟာကို ခင်ဗျား အလကား အနုပညာလို့ပြောနေတာလဲ။ ဒီအနုပညာလက်ရာတွေကို သေသေချာချာ ကြည့်စမ်းပါ။ ဒီရုပ်တုတွေရဲ့ မျက်နှာ၊ မျက်လုံး၊ နား၊ ရင်ဘတ်၊ ခါး၊ ခြေလက်၊ လက်ချောင်းခြေချောင်းတွေကို၊ ပြီးတော့ အဝတ်အစားနဲ့ အဆင်တန်ဆာတွေကို ဂရုစိုက်ကြည့်စမ်းပါ၊ တကယ်လို့ ဒီလက်ရာတွေကို လူ့လောကမှာမြင်နေရတဲ့ လူတွေရဲ့ ပုံတူကူးထားတာလို့ ခင်ဗျားထင်ရင် ခင်ဗျားမျက်စိနဲ့ ခင်ဗျားအတွေးအခေါ်တွေရဲ့ အပြစ်ပဲ။ ဒီမှာကြည့်ပါ၊ အနုပညာရှင်များရဲ့ အတွေးအခေါ်ဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ လိုအပ်ချက်အရ တချို့နေရာမှာပေါ်နေတဲ့အတွက် တချို့နေရာမှာ အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့အတွက်၊ တချို့နေရာမှာတော့ မပြတ်မသား ဖော်ပြထားတဲ့အတွက် ဒီကျောက်တုံးများရဲ့ အစိတ်အပိုင်းဟူသမျှဟာ အနုပညာရှင်များရဲ့ ခံစားချက်များကို ပုံဖော်ထားတဲ့ပုံတူလို့ ထင်နေရတယ်။ အနုပညာ အသိဉာဏ်မရှိတဲ့ပုဂ္ဂိုလ်တစ်ဦးဦးက အခုလိုပြောရင် ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ဒါပေမဲ့ ခင်ဗျားကတော့ ကိုယ့်ကိုယ်ကို အနုပညာရှင်တစ်ယောက်လို့ ပြောနေတဲ့လူဖြစ်တယ်''

''ဒီမှာမိတ်ဆွေ၊ လူတွေရဲ့ အနုပညာနဲ့ပတ်သက်တဲ့ အတွေးအခေါ် အယူအဆတွေဟာ ဒီကနေ့ အခြေအမြစ်ကစပြီး ပြောင်းလဲသွားပြီ''

ယင်းသို့ပြောလျက် ရာဂျရှေခရသည် အဏ္ဏာမလေကို ပြက်ရယ်ပြုလိုက်သည်။

Treasure Publishing House



''ဒီမြေပေါ်မှာ မွေးဖွားတဲ့၊ ဒီတိုင်းပြည်ရဲ့အနုပညာ အသိစိတ်အကြောထဲမှာ စိမ့်နေတဲ့လူတွေဟာ ဘယ်တော့မှ အကန်းလုံးလုံးဖြစ်သွားဖို့မရှိဘူး၊ ဒီမြေပေါ်မှာ အမြစ်တွယ်မနေတဲ့လူတွေရဲ့စကားကို နားယောင်ပြီး ခင်ဗျားလည်းပဲ ဒီတိုင်းပြည်ရဲ့ အနုပညာလက်ရာတွေကို အမိပ္ပာယ်မရှိ ရှုတ်ချမနေစမ်းပါနဲ့''

ထိုအခိုက် ရာဂျရှေခရသည် စင်္ကြံလမ်းမှ ရာရဒါလာနေသည်ကို မြင်ရသည်။ အဏ္ဏာမလေနှင့် စကားနိုင်လုံ၍ အနိုင်ရမည်မဟုတ်ပေ။ ထို့ကြောင့် ရာဂျရှေခရက ပြောလိုက်လေသည်။

''ကောင်းပြီ မိတ်ဆွေ၊ ကျွန်တော် သွားလိုက်ဦးမယ်၊ ခင်ဗျား ချစ်ချစ်ကြီး ခင်ဗျားကို လိုက်ရှာနေတယ်။ ကျွန်တော်ဒီမှာနေလို့ မဖြစ်တော့ဘူးထင်တယ်''

ယင်းသို့ပြောလျက် ရာဂျရှေခရ ထိုနေရာမှထွက်သွားသည်။

ချစ်ချစ်ကြီးဟူသော စကားလုံးကို ကြားလိုက်ရသည့်အတွက် အဏ္ဏာမလေ လန့်ပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အတန်ငယ်လေးလံသည့် အထုပ်အပိုးကို ခဲခဲယဉ်းယဉ်း သယ်ဆောင်ပြီးလျှင် ရာရဒါသည် အဏ္ဏာမလေအနီးသို့ ရောက်လာသည်။ သယ်ဆောင်လာသည့် ပစ္စည်းအထုပ်အပိုးကို တစ်နေရာ၌ထားလျက် ရာရဒါသည် ကျောက်ဆောင်အရိပ်အောက် အဏ္ဏာမလေအနီးတွင် ထိုင်လိုက်သည်။ ထို့နောက် ဝါးခြင်းတစ်ခုထဲမှ အာနန္ဒီပေးလိုက်သည့် သံဗူး၊ ရေထည့်ထားသည့် ရေကရား၊ ကော်ဖီအပြည့်ထည့်ထားသည့် ဓာတ်ဘူး စသောပစ္စည်းပစ္စယများကို ထုတ်လိုက်သည်။ ထို့နောက် သံဘူးကို ဖွင့်လျက် ဘူးထဲက 'ရှီဒေ'နှင့်'ဘုရတ္တ' ထုတ်ယူပြီးလျှင် အဏ္ဏာမလေ ရှေ့တိုးပေးလိုက်သည်။ သူကိုယ်တိုင်လည်း စားသည်။ သူတို့နှစ်ဦးသည် နေ့စဉ်နေ့တိုင်း ထိုအချိန်၌ နံနက်စာစားသောက်နေကျဖြစ်သည်။

အဏ္ဏာမလေက ပြောသည်။

''ဒီမှာ အစားအသောက်ကောင်းကောင်း မရဘူး၊ ဒါကြောင့် ကျွန်တော်တို့ အာနန္ဒီ ပေးလိုက်တဲ့ ဒီပစ္စည်းတွေရဲ့တန်ဖိုးကို ကောင်းကောင်း သိနေကြတယ်''

''ဒီဘူး ရှင့်လက်ဆွဲသေတ္တာထဲမှာ ရှိနေရင် ရှင့်သူငယ်ချင်းတွေအားလုံးပေါင်းပြီး တစ်မိနစ်အတောအတွင်းမှာ တစ်ဘူးလုံး ပြောင်သွားအောင် စားပစ်လိုက်ကြမှာ၊ ဒါကြောင့် ကျွန်မ ဒီဘူးကို ကျွန်မ လက်ဆွဲသေတ္တာထဲမှာ ထည့်ထားတာ''

''အဲဒီလို တစ်ကိုယ်ကောင်းကြံတာမျိုးကို ကျွန်တော် လုံးလုံးမကြိုက်ဘူး''

''ဒီကို ရှင့်လို လက်ချည်း ဘယ်သူမှမလာဘူး၊ အားလုံး ကိုယ့်အတွက် တစ်ခုခု ယူလာကြတာချည်းပဲ၊ ဒါကြောင့် အာနန္ဒီက ကျွန်မကို ဒီအလုပ် လွှဲအပ်လိုက်တာ၊ ကို ဘားမသိရန်မခံဘဲ ပြန်ခေါ်သွားဖို့ ကျွန်မမှာ တာဝန်ရှိနေတယ်''

Treasure Publishing House

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ပြောလျှက် ရှာရဒါက ရယ်လိုက်သည်။ အဏ္ဏာမလေနှင့် ပူးတွဲပူးတွဲနေသည့်အတွက် ကျောင်းသူကျောင်းသားအချို့က မျက်ရှုယ်တွင် သူတို့အကြောင်း၊ သွားပုပ်လေလွင့် ပြောနေကြသည်ကို ရှာရဒါသိသည်။ သို့ရာတွင် ယင်းအတင်းအဖျင်းများကို သူ လုံးဝဂရုမစိုက်ပေ။ တစ်ခုတော့ရှိသည်။ အဏ္ဏာမလေကိုယ်တိုင် မသိသည့် အချက်တစ်ချက်ကို သိရှိနားလည်ထားသည်။ ရှာရဒါသည် အာနန္ဒီ၏သဘောထားကို ကောင်းစွာသိရှိနားလည်သည်။ ယင်းသဘောထားကြောင့် အာနန္ဒီရရှိသည့် စိတ်ရွှင်လန်း ချမ်းမြေ့မှုသည် ရှာရဒါအတွက် ကျေနပ်အားရခြင်း၏အကြောင်းဖြစ်လာသည်။

အဏ္ဏာမလေတို့သည် နောက်တစ်နေ့ညနေချမ်းအချိန် မဟာဗလိရုံမှ ထွက်လျှက် တစ်ညကြာပြီး နောက်တစ်နေ့ နံနက်ချိန် မဒရပ်သို့ အရောက်သွားရန် အစီအစဉ်ပြုလုပ်ထားကြသည်။ ယင်းအပြန်ခရီးနှင့်ပတ်သက်၍ အတန်ကြာမျှ ဆွေးနွေးပြောကြားပြီးသည့်နောက် ရှာရဒါသည် သူရေးဆွဲထားသည့် အပြီးမသတ်သော ပုံတစ်ပုံကို အဏ္ဏာမလေအား လှမ်းပေးလိုက်လေသည်။ ပုံကိုကြည့်လျှက် အဏ္ဏာမလေက ရယ်လိုက်သည်။ ထိုပုံသည် သူ၏ပုံဖြစ်နေသည်။ ရှာရဒါသည် အာရုံစူးစိုက်လျှက် ပန်းချီဆွဲနေသော အဏ္ဏာမလေ၏ပုံကို စက္ကူပေါ်တွင် ရေးဆွဲထားသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''ကျွန်တော့်ပုံက ကျွန်တော့်ထက် အများကြီးလှနေတယ်''

''ကျွန်မ ဒီပုံ အာနန္ဒီကိုပေးမလို့၊ ဒီပုံကိုတွေ့ရင် သူ သိပ်သဘောကျမှာပဲ''

''ကျွန်တော့်ပုံအစား အာနန္ဒီပုံကိုဆွဲပြီး အာနန္ဒီကိုပေးရင် ပိုပြီးမကောင်းဘူးလား''

''အာနန္ဒီပုံကို ရှင်ဆွဲပေးရင် အာနန္ဒီ ပိုသဘောကျမှာပေါ့၊ အဲဒီလိုလုပ်တာ သင့်လည်း သင့်လျော်ပါတယ်''

ယင်းသို့ပြောလျှက် ရှာရဒါသည် အဏ္ဏာမလေကိုကြည့်လျှက် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ အဏ္ဏာမလေသည် အိပ်မက်တစ်ခု မြင်မက်နေသည့်ပမာ ထင်မှတ်နေသည်။ ရှာရဒါပြောပြသော စကားလုံးများ၏အနက်အဓိပ္ပာယ်ကို ကြိုးစား၍ နားလည်အောင်လုပ်နေလေသည်။

ထိုအခိုက် အနီးရှိလမ်းပေါ်၌ ကားတစ်စီး ဖြည်းညင်းစွာမောင်းလာပြီးလျှင် ထိုးရပ်လိုက်လေသည်။ သူတို့နှစ်ယောက်က ကားကိုမမြင်ရပေ။ ကားထဲက လူများသည် သူတို့နှစ်ယောက်ကို စိုက်ကြည့်နေကြသည်။ ယင်းသို့ ကားထဲကလူများက သူတို့အား စိုက်ကြည့်နေကြသည်ကိုလည်း သူတို့နှစ်ယောက်က မသိကြ။ ဆုန္ဒရီသည် ကားထဲမှ အတင်းတိုးဆင်းပြီး ကားတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်လေသည်။ ထိုအခါကျမှ အဏ္ဏာမလေက ကားဘက် လှည့်ကြည့်လိုက်လေသည်။





''ရှင့်ကို ကျွန်မ နေရာအနှံ့အပြေးလိုက်ရှာနေတာ ရှင် မသိဘူးလား၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးနဲ့ လူတစ်ယောက်က ရှင် ဒီမှာရှိတယ်လို့ ပြောလိုက်လို့ ဒီကို လိုက်လာရတာ''

ယင်းသို့ အဏ္ဏာမလေအား ပြောပြီးလျှင် ဆုန္ဒရီသည် သင်္ကာမကင်းသော မျက်လုံးဖြင့် ရှာရဒါကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ထိုနေရာတွင်ရှိနေသည့် မှန်ဘူး၊ ရေကရား၊ ခတ်ဘူး စသည့်ပစ္စည်းများဆီ မျက်စိရောက်သွားသည်။ ရှာရဒါ၏ လက်ထဲက အဏ္ဏာမလေ၏ ပုံကိုလည်း တွေ့မြင်သွားသည်။

◆◆◆

ဆုန္ဒရီ၏ဖခင် ဒဏ္ဍပါဏီ ကားအောက်ဆင်းလာသည်။ ဆုန္ဒရီတို့၏အိမ်မှ တခြားမည်သူမှ ပါမလာပေ။ ဒဏ္ဍပါဏီက သူ မဟာဗလိပူရံသို့ မိတ်ဆွေတစ်ဦးနှင့် တွေ့ရအောင်လာခဲ့ခြင်းဖြစ်ကြောင်း ဆုန္ဒရီက အတင်းနားပူနားဆာလုပ်ပြီး သူနှင့်အတူ လိုက်လာခြင်းဖြစ်ကြောင်း ပြောပြသည်။

ဆုန္ဒရီသည် ရှာရဒါ၏အနီးတွင်ထိုင်လျှက် ရှာရဒါ၏လက်ထဲက အဏ္ဏာမလေ၏ပုံကို ဆွဲလုလိုက်သည်။

''ဒီပုံသိပ်လှတာပဲ၊ ရှင်ဆွဲတာလား''

ရှာရဒါက ဦးခေါင်းညိတ်ပြီး ''ဟုတ်ပါတယ်''ဟူ၍ ပြန်ပြောလိုက်လေသည်။ ဆုန္ဒရီက ''ရှင် ဒီပုံ ကျွန်မကိုပေးမလား''ဟုမေးလိုက်ပြန်သည်။ ယင်းသို့မေးလျှက် အဖြေကို ပြန်မစောင့်တော့ဘဲ ပုံကို သူ့လက်ဆွဲအိတ်ထဲ ထည့်ထားလိုက်လေသည်။

အဏ္ဏာမလေသည် သားအဖနှစ်ယောက်အား ရှာရဒါအကြောင်းကို ပြောပြီးလျှင် ရှာရဒါနှင့် မိတ်ဆက်ပေးသည်။ ရှာရဒါသည် နားနှင့်လည်ပင်း၌ ဘာအဆင်တန်ဆာမှ ဝတ်ဆင်မထားပေ။ ထို့ကြောင့် ရှာရဒါကိုတွေ့လျှင်တွေ့ချင်း ဆင်းရဲသား အိမ်ထောင်စုမှ သားသမီးတစ်ယောက်ဖြစ်မည်ဆိုသည်ကို သိရှိ ရိပ်မိသွားကြသည်။ အဏ္ဏာမလေနှင့် ရှာရဒါ တွဲနေသည်ကို တွေ့လိုက်ရသည့်အတွက် ဆုန္ဒရီ၏ စိတ်နှလုံးထဲတွင် ပေါ်လာသည့် ဒေါသနှင့် သံသယသည် ပျောက်ပျက်မသွားသေးပေ။

အဏ္ဏာမလေကိုကြည့်လျှက် ဆုန္ဒရီက မေးလိုက်သည်။

''ပန်းချီဆွဲလေ့ကျင့်ဖို့ ရှင် ဒီလာတာမဟုတ်လား၊ အခု ဒီမှာရှိတဲ့ခတ်ဘူးတို့ မှန်ဘူးတို့ကိုတွေ့ရတော့ ရှင် အပျော်ထွက်လာတယ်လို့ပဲ ကျွန်မ ထင်တယ်''

''ဒီမှာ ကြည့်ပါ၊ ငါပုံတွေ အများကြီးဆွဲပြီးပြီ''

ယင်းသို့ပြောလျှက် အဏ္ဏာမလေသည် သူ၏ကော်ပီစာအုပ်ကို ဆုန္ဒရီအား ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာရဒါလည်း နှုတ်ပိတ်မနေနိုင်ပေ။ မိန်းကလေးနှစ်ယောက်တွေ့လျှင် စကား မပြောဘဲ ဘယ်မှာနေနိုင်မည်နည်း။

''သူ့ကို ဂရုစိုက်မယ့်လူမရှိရင် သူ ထမင်းမေ့ဟင်းမေ့ပြီး ပန်းချီဆွဲနေမှာ၊ ဒါကြောင့် အဒေယာမှာနေတဲ့ သူ့ဆရာသမားအိမ်က လူတွေက သူ့ကို ဂရုစိုက်လိုက်ပါလို့ ကျွန်မက မှာလိုက်တယ်၊ ပန်းချီဆွဲနေပေမယ့် ကိုယ့်ဝမ်းကိုတော့ မမေ့သင့်ဘူး မဟုတ်လား''

ရှာရဒါထံမှ အဒေယာရှိ ဆရာသမား၏အိမ်က လူများအကြောင်းကို ကြားရသော အခါ ဒဏ္ဍပါဏီသည် အတန်ငယ်တွေဝေသွားသည်။ ထိုအိမ်၌ ပန်းရန်ဆရာ အိမ်အသစ် ဆောက်နေသည်ဆိုသည်ကို သူသိသည်။ ထိုအိမ်၌ အဏ္ဏာမလေအတွက် ပွဲပန်မည့်သူများ ရှိသည်ဆိုသည့်အတွက် တအံ့တဩ ဖြစ်သွားသည်။ ယင်းအချက်ကို ဆုန္ဒရီက လုံးဝနစ်မြှုပ်ခြင်း မရှိပေ။

ဆုန္ဒရီက ပြောလိုက်လေသည်။

''ရှင် ကျွန်မနဲ့အတူ မြို့ထဲလိုက်ကြည့်ရမယ်၊ ဖေဖေက တခြားလုပ်စရာ အလုပ် တွေ ရှိသေးတယ်၊ လာပါ...လိုက်ခဲ့ပါ''

ဒဏ္ဍပါဏီက ပြောသည်။

''သမီးပြောတာ ဟုတ်တယ်၊ ဦးက ဒီကို စကာစကာရောက်နေတာ''

အဏ္ဏာမလေက ပြောသည်။

''လုပ်စရာတွေတော့ အားလုံးလုပ်ပြီးပါပြီ၊ ဒါပေမဲ့ ငါတို့နဲ့အတူပါလာတဲ့ ဆရာကို မေးပြီးမှ ဆုန္ဒရီတို့နဲ့အတူ လိုက်နိုင်မယ်''

''ကားပေါ်တက်ပါ၊ ရှင့်ဆရာဆီသွားပြီး ခွင့်တောင်းကြမယ်၊ ညနေ မစောင်းခင် ကျွန်မ ဒီမြို့လှည့်ကြည့်ချင်တယ်''

''ရှာရဒါလည်း တို့နဲ့အတူ လိုက်ခဲ့ပါလား''

အဏ္ဏာမလေက ရှာရဒါအား သူနှင့်အတူလိုက်ခဲ့ရန် ဖိတ်ခေါ်သည်။ ရှာရဒါ သည် အလုပ်လုပ်၍လည်း မပြီးမပြတ်သေးပေ။ ဆုန္ဒရီကလည်း သူ့ကို သူတို့နှင့်အတူ လိုက်ခဲ့ရန် အလေးအနက် မပြောပေ။ ထို့ကြောင့် ပြောလိုက်လေသည်။

''ရှင်တို့ပဲ အလည်သွားကြပါတော့၊ ကျွန်မ ဒီမှာထိုင်ပြီး ပုံအပြီးသတ်ချင် သေးတယ်''

ရှာရဒါကို ထိုနေရာ၌ထားခဲ့လျက် အဏ္ဏာမလေကိုခေါ်ပြီးလျှင် သားအဖနှစ်ယောက် ထိုနေရာမှ ထွက်ခွာသွားကြသည်။ ဒဏ္ဍပါဏီကိုယ်တိုင် အဏ္ဏာမလေ၏ဆရာထံသို့သွား၍ အဏ္ဏာမလေအား သူတို့နှင့်ထည့်လိုက်ရန် ခွင့်ပန်သည်။ သူကိုယ်တိုင်ကမူ သူ့မိတ်ဆွေ တစ်ယောက်၏အိမ်၌ နေခဲ့ပြီးလျှင် ဒဏ္ဍပါဏီသည် အဏ္ဏာမလေနှင့် ဆုန္ဒရီကို ဒရိုင်ဘာနှင့် အတူ အလည်လွှတ်လိုက်လေသည်။





သူတို့နှစ်ယောက်သည် ပင်လယ်ကမ်းခြေရှိ ဘုရားကျောင်းများ၊ ကျောက်ဖြင့် ပြုလုပ်ထားသည့် ယဉ်ရထားစသည်များကို ကြည့်ရှုပြီးနောက် မြို့နှင့် အတန်ငယ်ဝေးကွာ သောနေရာ၌ရှိသည့် ခြင်္သေ့ဂူအနီးသို့ ရောက်လာကြသည်။ ကားကို လမ်းဘေး၌ ရပ်နိုင်း ပြီးလျှင် အဏ္ဏာမလေသည် ဆုန္ဒရီကိုခေါ်လျက် ဥယျာဉ်များကိုဖြတ်၍ အရှေ့ဘက်သို့ သွား လေသည်။ ဥယျာဉ်တွင်း၌ ပြန့်ပြူးနေသော သိပ်သည်းထူထပ်နေသည့် အရိပ်၊ အရိပ်အပုန်ဖြင့် တိုက်ခိုက်နေသည့်လေ၊ တိတ်ဆိတ်ငြိမ်သက်နေသည့် ပတ်ဝန်းကျင်တို့ကြောင့် စိတ်တုန်လှုပ် ချောက်ချားသွားပြီးလျှင် ဆုန္ဒရီသည် အဏ္ဏာမလေနှင့်ထိကပ်လျက် လျှောက်သွားလေသည်။ ဆုန္ဒရီနှင့် အသားချင်းထိတွေ့လိုက်ရသဖြင့် ဆုန္ဒရီကဲ့သို့ပင် အဏ္ဏာမလေသည်လည်း နှစ်သိမ့်မှု ကို ခံစားရသည်။ ခြင်္သေ့ဂူကိုကြည့်ရှုပြီးနောက် ခြင်္သေ့ဂူအနီးရှိ ကျောက်ဆောင်များကို ဖြတ်ကျော်ပြီးလျှင် ကျောက်တုံးကို ထွင်းဖောက်ပြီး ပြုလုပ်ထားသည့် မဏ္ဍပ်ထဲ ရောက်လာ ကြသည်။ ထိုနေရာ၌ အနုပညာလက်ရာ ဘာတစ်ခုမှမရှိပေ။ ထို့ကြောင့် ပန်းချီရေးဆွဲရန် ထိုနေရာသို့ မည်သူမှရောက်လာကြဟန်မတူပေ။ လူသူတိတ်ဆိတ်နေသည့် ထိုနေရာ၌ ညင်ညင် သာသာ တိုက်ခတ်နေသည့်လေနှင့် သိပ်သည်းထူထပ်နေသော အရိပ်အာဝါသသည်သာလျှင် မင်းမူကြီးစိုးနေသည်။ ထိုမဏ္ဍပ်သည် လေးဖက်လေးတန်မှ ကျောက်ဆောင်များ ပတ်ရံနေ သည်။ သက်ပြင်းတစ်ချက်ချလျက် ဆုန္ဒရီသည် ထိုမဏ္ဍပ်ထဲတွင် ထိုင်ချလိုက်သည်။ အဏ္ဏာမလေကမူ ထိုနေရာ၌ထိုင်ရန် စိတ်ကူးထဲ၌ပင်မထည့်ပေ။ အဏ္ဏာမလေ နားမလည်နိုင် အောင် ဖြစ်သွားသည်။

''ဘာဖြစ်လို့ ဒီမှာ ထိုင်နေတာလဲ၊ မပြန်တော့ဘူးလား''

''ရှင်လည်း ဒီမှာထိုင်ပါဦး၊ ကျွန်မ ရှင်နဲ့ ပြောစရာရှိသေးတယ်''

အဏ္ဏာမလေသည် ဆုန္ဒရီ၏လှုပ်ရှားမှုဟူသမျှအား ရူးသလိုလို ပေါသလိုလိုပင် ထင်မှတ်နေသည်။ အတန်ငယ်လန့်သလိုလိုလည်း ဖြစ်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် ပိုင်စိုးပိုင်နင်း အလုပ်ခံရမှု အသိတစ်မျိုးလည်း ပေါ်လာသည်။

''ဘာပြောချင်လို့လဲ''

''ကျွန်မ ရှင်နဲ့အတူ ပျော်ချင်တာ၊ ဒါပေမဲ့ ဒီကို ကျွန်မ အလကားရောက်လာ မိတယ်လို့ ထင်နေတယ်''

''ဘာဖြစ်လို့လဲ''

ဆုန္ဒရီ၏မျက်နှာသည် ရုတ်တရက် ဒေါသကြောင့် နီရဲလာသည်။ လက်ဆွဲအိတ်ကို ဆတ်ခနဲ ဖွင့်လိုက်ပြီးလျှင် ဆုန္ဒရီသည် လက်ဆွဲအိတ်ထဲက အဏ္ဏာမလေ၏ပုံကို ထုတ်လိုက် သည်။ ပုံမှာ သူ့ရှေ့၌ထိုင်နေသော အဏ္ဏာမလေကိုကြည့်၍ ရှာရဒါ ဆွဲထားသောပုံဖြစ်သည်။ ပုံကို အဏ္ဏာမလေဘက် ထိုးပေးလိုက်ပြီး ဝမ်းလည်းနည်း၊ ဒေါသလည်းဖြစ်သည့်အသံဖြင့် ဆုန္ဒရီက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအလုပ်လုပ်ဖို့ ရှင် ဒီကိုလာတာ မဟုတ်လား"

ဆုန္နရီ ဘာကြောင့် ဒေါသထွက်နေသည်ဆိုသည်ကို အဏ္ဏာမလေ မသိပေ။ သူ့ပုံ ရှာရဒါ ဆွဲသည်ကို သူ မသိရကြောင်း၊ ရှာရဒါသည် သူ့ပုံကို အပျင်းပြေ အဓိပ္ပာယ်မဲ့ ဆွဲခြင်းသာ ဖြစ်လိမ့်မည်ထင်ကြောင်း ပြောပြလျက် အဏ္ဏာမလေသည် ဆုန္နရီကို နားလည် အောင် ကြိုးစားပမ်းစား ရှင်းလင်းပြောပြသည်။ ဤကိစ္စ၌ အဏ္ဏာမလေအနေနှင့် မည်ကဲ့သို့ သော အမှားကိုမှ မတွေ့မမြင်ရပေ။

"ကျွန်မ ဒီကောင်မကို လုံးဝမကျေနပ်ဘူး"

အဏ္ဏာမလေသည် မျက်လုံးပင့်လျက် ဆုန္နရီကို ကြည့်လိုက်သည်။ "ဘာဖြစ် လို့လဲ"ဟု မေးနေသကဲ့သို့ပင် ဖြစ်နေသည်။

"သူ့အမှုအရာကို ကြည့်ရတာ ရှင်နဲ့ လက်ထပ်တော့မယ့်အတိုင်းပဲ၊ မြင်ရတဲ့လူတွေ အားလုံးက အဲဒီလိုပဲ ပြောကြမှာပဲ၊ တကယ်လို့ ကျွန်မ ဒီလိုဖြစ်မယ်ဆိုတာတွေကို ကြိုတင် သိထားမယ်ဆိုရင် ရှင့်ကို ပန်းချီပညာသင်ဖို့ ဘယ်တော့မှ ခွင့်ပေးမှာမဟုတ်ဘူး"

အဏ္ဏာမလေ ဦးခေါင်းငိုက်စိုက်ချထားသည်။ ထိုအချိန်၌ ရာဂျရှေခရက ရှာရဒါ အား သူ၏ချစ်ချစ်ကြီးဟုပြောပြီး သူ့ကို နောက်ပြောင်သွားသည်ကို သတိရလာသည်။ မိမိကိုယ်ကို မိမိအပြစ်တင်ရင်း ပြောလိုက်သည်။

"ဆုန္နရီ မင်းအလကားသက်သက် ဖထင်မှားမနေနဲ့၊ ဒီမိန်းကလေးက အလွန် တော်တဲ့ မိန်းကလေး၊ ငါ့ကို သူ့အစ်ကိုကြီးလိုပဲ သဘောထားတယ်"

"ကျွန်မ သူ့ကို ဘာကြောင့်မကြိုက်တယ် မသိဘူး"

"အဲဒီလိုဆိုရင် ငါ သူနဲ့ ခပ်မှန်မှန်ပဲနေပါ့မယ်"

ဆုန္နရီသည် မျက်လုံးကိုပွတ်ပြီးလျှင် တဖြည်းဖြည်း ပြုံးလာသည်။ မျက်လုံးဖြင့်ပင် "ရှင် ကျွန်မနဲ့ပဲ လက်ထပ်ရမယ်၊ တခြားလူတွေနဲ့ ရှင် ခပ်မှန်မှန်ပဲနေပါ" ဟု ပြောလိုက် လေသည်။

လှပသာယာသော၊ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော၊ တိတ်ဆိတ်ငြိမ်သက် သော ပတ်ဝန်းကျင်၌ မဏ္ဍပ်တွင်းရှိ ကျောက်တုံးတစ်တုံးကို မှီထိုင်နေသည့်ဆုန္နရီကို တွေ့ သောအခါ အဏ္ဏာမလေ၏ လက်ချောင်းကလေးများသည် ပုံရေးဆွဲရန် လှုပ်လှုပ်ရှရှ ဖြစ်လာ ကြသည်။ ဆုန္နရီ၏ ကိုယ်ကာယအလှ၊ ထိုင်နေပုံ အချိုးအစားနှင့် ထိုနေရာဌာနသည် ပန်းချီ ရေးဆွဲရန် အပြည့်အဝ သင့်လျော်လိုက်ဖက်နေသည်။ အဏ္ဏာမလေသည် ဆုန္နရီအား အတန်ကြာမျှ စိုက်ကြည့်ပြီးလျှင် တွေတွေဝေဝေ ငေးငေးငိုင်ငိုင်နှင့် ရပ်နေလေသည်။

"ကျွန်မကို ဘာဖြစ်လို့ ဒီလိုကြည့်နေတာလဲ၊ ရှင် ကျွန်မကို စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး"





ရှက်ရှက်နှင့် အဏ္ဏာမလေ ဦးခေါင်းငုံ့လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် ထိုနေရာမှထွက်ခဲ့ပြီးလျှင် ကားရှိရာသို့လာကြသည်။

အဏ္ဏာမလေသည် နောက်တစ်နေ့ညတွင် တခြားကျောင်းသူကျောင်းသားများနှင့် အတူ လှေဖြင့်ပြန်ဖို့ရန် အစီအစဉ်ရှိလေသည်။ သို့ရာတွင် နံနက်အချိန်၌ပင် ဆုန္နရီတို့နှင့်အတူ ကားဖြင့်ပြန်လာခဲ့သည်။ လမ်းခရီး၌ ကားစက်ပျက်နေသောကြောင့် ညဦးအချိန်ကျမှပင် မဒရပ်သို့ ရောက်လာကြသည်။

နောက်တစ်နေ့နံနက်အချိန်၌ အဏ္ဏာမလေ အဓေယာသို့လာပြီးမှ အိမ်ပြန်သွား လိမ့်မည်ဟု အာနန္ဒီက စဉ်းစားနေသည်။ အဏ္ဏာမလေ ရောက်မလာသောအခါ အာနန္ဒီ မျှော်ရကျိုးမနပ် ဖြစ်သွားသည်။ ရှာရဒါရောက်လာပြီး အဏ္ဏာမလေ မဟာဗလိပူရံမှ သူတို့ အရင်ပြန်သွားသည်ဆိုသည့်အကြောင်း ပြောပြသည်။ ရှာရဒါထံမှ အဏ္ဏာမလေ ရေးကြီး သုတ်ပြာ ပြန်လာရခြင်း၏အကြောင်းကို ကြားရသောအခါ အာနန္ဒီသည် မိမိ၏စိတ်နှလုံး ပြင်းပြင်းထန်ထန် နင်းချေဖျက်စီးခြင်း ခံရသည်ဟူ၍ ထင်မှတ်သွားလေသည်။

✦ ✦ ✦

မဟာဗလိပူရံမှ ရှာရဒါ သယ်ဆောင်လာခဲ့သည့် ဆုန္နရီနှင့် ပတ်သက်သော သတင်းစကားကြောင့် အာနန္ဒီသည် မခံမရပ်နိုင်ဖြစ်နေသည်။ မာဃကြွမ်၏စကားကြောင့် အခြေမခိုင်ဖြစ်နေသည့် အာနန္ဒီသည် ယင်းသတင်းစကားကြားသိရသောအခါ အပြင်းအထန် ထိခိုက် နာကျင်သွားသည်။

ရှာရဒါ၏ ဝသီတစ်ခုမှာ အဖြစ်အပျက်အမှန်ကို အတန်ငယ် ပိုကြီးချဲ့ထွင်၍ ပြောတတ်သည်။ သို့သော် မဟုတ်မမှန်သည်ကိုမူ မည်သည့်အခါမှ မပြောတတ်ပေ။ အာနန္ဒီ၏ ရှေ့၌ ဆုန္နရီ၏ လှပုံချောပုံ၊ အရည်အချင်းနှင့်ပြည့်စုံပုံကိုလည်းကောင်း၊ ဆုန္နရီက အဏ္ဏာမလေ အား ပိုင်စိုးပိုင်နင်း၊ ပြုမူဆက်ဆံပုံကိုလည်းကောင်း၊ ပြောပြပြီးလျှင် ရှာရဒါသည် သူ၏ အာဘော်များကိုပါ အတန်ငယ် ထည့်သွင်းရောစပ်လျက် ပြောပြလိုက်သည်။

စကားကို အဆုံးသတ်လျက် ရှာရဒါက ပြောလိုက်လေသည်။

"သူ့ကို ဒီလိုလွှတ်ထားလို့ မဖြစ်ဘူး၊ သူ့ကို အကြောင်းစုံမေးမြန်းပြီး ဆုန္နရီနဲ့ ခပ်ခွာခွာနေဖို့ သတိပေးမယ်"

အာနန္ဒီက ရှာရဒါအား တောင်းတောင်းပန်ပန်နှင့် ပြောလိုက်သည်။

"ဟင့်အင်း…ဟင့်အင်း…ဒီအကြောင်းနဲ့ပတ်သက်ပြီး သူ့ကို ဘာမှမပြောပါနဲ့၊ သူ ဆုန္နရီနဲ့ပဲ လက်ထပ်မယ်ဆိုတာ ငါသိပါတယ်၊ ဒီကိစ္စမှာ ငါတို့ အနှောင့်အယှက်ပေးလို့ မတော်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှာရဒါ စိတ်ဆိုးလာသည်။

"ညည်းကို ငါအခုထက်ထိ နားမလည်ဘူး"

"နားလည်စရာအချက်လည်း ငါ့မှာ တစ်ကွက်မှမရှိပါဘူး"

ရှာရဒါက အော်လိုက်လေသည်။

"ဘာတစ်ကွက်မှ မရှိဘူးဟုတ်လား၊ အာနန္ဒီ ညည်းလိမ်ပြောနေတယ်"

"ရှာရဒါ... ညည်း အကြောင်းတစ်စုံတစ်ရာကို စိတ်ကူးယဉ်နေတယ်ဆိုတာ ငါ သိတယ်၊ သူ ဖေဖေ့ဆီ ပန်းချီသင်ဖို့ရောက်လာတယ်၊ အဲဒါနဲ့ သူနဲ့ငါ အသိအကျွမ်း ဖြစ်သွားတယ်။ အမြဲမပြတ် တွေ့ဆုံနေတဲ့အတွက် ငါတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ရင်းနှီးတဲ့ စိတ်သဘောထားတွေ ဖြစ်ပေါ်လာကြတယ်။ အဲဒါကို ညည်းက တလွဲတချော် အောက်မေ့နေတာနဲ့တူတယ်"

"အိုးချင်းထားတော့ အိုးချင်းထိတာပေါ့၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိတာပေါ့ ညည်း ငါ့ကို ကွယ်နေတယ်၊ ငါ ညည်းကို နားလည်ပါတယ်၊ ငါ မမှားပါဘူး"

အချိန်အတန်ကြာကြာ စကားပြောနေလျှင် အာနန္ဒီ ငိုတော့မည်ဆိုသည်ကို ရှာရဒါ တွက်မိသည်။ ထိုအချိန်၌ပင် အာနန္ဒီ၏မျက်လုံး၌ မျက်ရည်စို့လာပြီ။ ထို့ကြောင့် ရှာရဒါသည် ဘာမှ ဆက်မပြောတော့ဘဲ ခပ်မဆိတ်နေလိုက်သည်။

အာနန္ဒီက ပြောလေသည်။

"ရှာရဒါ... ညည်းဒီအကြောင်းကို ချက်ချင်းမေ့ပစ်လိုက်ပါ၊ ဒါမှမဟုတ်ရင် ငါတို့ အကြောင်းမဲ့သက်သက် စိတ်ပင်ပန်းနေရလိမ့်မယ်"

ရှာရဒါ ပြန်ဖြေသည်။

"ညည်းသဘောအတိုင်းပါပဲ၊ ဒါပေမဲ့ ကလေးတစ်ယောက်ကြောင့် တခြား ကလေးလည်း ပျက်စီးတတ်တယ်ဆိုတဲ့ အကြောင်းတစ်ခုကိုတော့ သတိပြုစေချင်တယ်"

"ညည်း ဘာပြောတာလဲ"

"အဏ္ဏာမလေးဟာ လူမမည်ကလေးမျှသာဖြစ်တယ်၊ ပန်းချီဆွဲတာကလွဲပြီး ဘာမှမသိဘူး၊ တခြားလူတွေရဲ့ဩဇာ သူ့အပေါ်မှာ အလွယ်တကူ သက်ရောက်သွားနိုင်တယ် ဆုန္ဒရီက ခေါင်းမာတဲ့မိန်းကလေးတစ်ယောက်၊ တကယ်လို့ အဏ္ဏာမလေ စိတ်ရှိရင် ဆုန္ဒရီ 'မိဒယ်' အဖြစ် ထိုင်နိုင်းပြီး သူ့ပုံကို ရေးဆွဲချင် ရေးဆွဲနိုင်တယ်။ အဲဒီလို ဆွဲဆောင်မှုရှိ 'မိဒယ်' များ သိပ်နီးကပ်မသွားရင် အဏ္ဏာမလေအတွက် ကောင်းလိမ့်မယ်။ တကယ် သူ့စက်ကွင်းထဲမိသွားရင်တော့ အဏ္ဏာမလေကို သူ တစ်သက်လုံး နှိပ်စက်လို့ဆုံးတော့ မဟုတ်ဘူး"

"ဒီမိန်းကလေးကို ညည်းက ကြိုက်မှမကြိုက်တာကို၊ ဒါကြောင့် ညည်း အကြောင်း မကောင်းပြောတာ မဟုတ်လား"



"နာရီဝက်လောက် သူနဲ့စကားပြောကြည့်ရုံနဲ့ပဲ ငါတော့ လန့်သွားတာပဲ၊ ညည်း သူနဲ့ နီးနီးကပ်ကပ်နေခွင့်ရမှ ငါပြောတာ သဘောပေါက်မယ်"

ရှာရဒါသည် အာနန္ဒီထံမှ ခွင့်တောင်းပြီးလျှင် သူ့အိမ်သူ ပြန်သွားသည်။ ထိုနေ့ နေ့အားဖြစ်သည်။ အာနန္ဒီတို့၏ ကောလိပ်ကျောင်းပိတ်ထားသည်။ ကောလိပ်ကျောင်း၌ သူ နောက်ဆုံးနှစ်ဖြစ်သည်။ ရှာရဒါပြန်သွားသောအခါ အာနန္ဒီသည် မည်သည့်အလုပ်ကိုမှ စိတ်မဝင်စားတော့ပေ။ စိတ်အကြီးအကျယ် ညစ်သွားသည်။ တဲအတွင်းက ထောင့်တစ်ထောင့် တွင်ရှိသော ခုတင်ပေါ် တိတ်တဆိတ်သွားပြီး လှဲနေလိုက်သည်။ သူ၏စိတ်နှလုံးတွင် အတွေး အကြံအမျိုးမျိုးသည် တစ်ပြိုင်နက်တည်း ပေါ်လာသည်။

အာနန္ဒီတို့သည် ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ပြတ်နေကြသည်။ အာနန္ဒီ၏ဖခင်သည် အမျိုးဇာတ်ချင်းမတူသည့် မုဆိုးမအမျိုးသမီးတစ်ဦးနှင့် လက်ထပ်လိုက် သောကြောင့် မည်သူကမှ သူတို့ထံ မလာမရောက်ကြတော့ပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးဦး သည် အလွန်ဆင်းရဲနေလျှင်သော်လည်းကောင်း၊ အလွန်ချမ်းသာနေလျှင်သော်လည်းကောင်း၊ လူလောက လူ့အဖွဲ့အစည်းကို ထည့်တွက်နေစရာမလိုပေ။ ကဒီရေရှန်၏ အခြေအနေမှာမူ အလယ်အလတ် ဖြစ်နေသည်။ ထိုနေ့တွင် ပထမဆုံးအကြိမ် အာနန္ဒီသည် အမျိုးဇာတ်နှင့် ပတ်သက်သော အနှောင်အဖွဲ့၊ ဆွေမျိုးသားချင်းနှင့် အမျိုးအနွယ် အနှောင်အဖွဲ့များအကြောင်းကို စဉ်းစားဆင်ခြင်မိသည်။ ယင်းအနှောင်အဖွဲ့အားလုံးသည် အလွန်တရာ ခိုင်မာမှုရှိကြသည်ဟူ၍ အာနန္ဒီ တွေးမိသည်။

ဝါးဖြင့်ပြုလုပ်ထားသော ပြတင်းတံခါးမှ အာနန္ဒီသည် အပြင်ဘက် ကြည့်လိုက် သောအခါ သူတို့၏အိမ် နေ့ချင်းညချင်းပြီးအောင် ဆောက်လုပ်နေသည်ကို တွေ့မြင်ရလေ သည်။

အဏ္ဏာမလေတို့၏အိမ်မှာမူ အုတ်မြစ်ချပြီးသွားလေပြီ။ မာဃာတ္တမ်နှင့် ပန်းရန် စရာတို့သည် ပစ္စည်းတချို့ဝယ်ယူရန် အပြင်ဘက်ထွက်သွားကြသည်။ ထို့ကြောင့် ကဒီရေရှန် သည် သစ်ပင်တစ်ပင်အောက်ထိုင်ပြီး အလုပ်သမားများ အလုပ်လုပ်နေကြသည်ကို ကြည့်နေ သည်။ မာလီဝေလေယာနှင့် သူ့သမီး မုတ္တမ္ဗာလတို့လည်း အိမ်ဆောက်သည့်အလုပ်တွင် ကူညီလုပ်ကိုင်ပေးနေကြသည်။

အလွန်တရာ စိတ်အားတက်ကြွစွာဖြင့် ဖျတ်ဖျတ်လတ်လတ် အလုပ်ကြမ်း လုပ်နေ သော မုတ္တမ္ဗာလကို အာနန္ဒီသည် စူးစိုက်ကြည့်ရှုနေသည်။ မုတ္တမ္ဗာလ၏အသက်သည် ၁၆နှစ်၊ ၁၇ နှစ်လောက် ရှိပေလိမ့်ဦးမည်။ ဆာရီအနားစကို ခါးတွင်ပတ်လျက် မုတ္တမ္ဗလသည် ရှေ့ပေါက်ပြေးလွှားရင်း ပြုံးရယ်ရင်း ထုံးခွက် ခေါင်းပေါ်တင်လျက် သွားလာလှုပ်ရှားနေ သည်။ သူ၏စကားပြောသံနှင့် ရယ်သံတို့သည် အာနန္ဒီ၏နားသို့ ရောက်လာကြသည်။ မုတ္တမ္ဗာလသည် ဘယ်လောက် အပူပင်အကြောင့်ကြကင်းနေသနည်း၊ ဘယ်လောက် ပျော်ရွှင်

www.burmeseclassic.com



ချမ်းမြေ့နေသနည်းဟူ၍ အာနန္ဒီ တွေးတောစဉ်းစားမိသည်။ အာနန္ဒီ၏စိတ်နှလုံးတွင် မုဠ္ဌမ္မာလ အား ချစ်ခင်ကြင်နာသည့် စိတ်ထားပေါ်လာသည်။

တစ်စုံတစ်ဦး သူ၏အခန်းထဲ ချောင်းကြည့်နေသည်ဟူ၍ အာနန္ဒီ ထင်သွားသည်။ ချက်ချင်းလည့်ပြီး ကြည့်လိုက်သည်။ အခန်းအပြင်ဘက်၌ ကော်ပီစာအုပ်များကို ကိုင်ပြီး အဏ္ဏာမလေးသည် မဝံ့မရဲ ရပ်နေလေသည်။

"အထဲဝင်လာခဲ့လေ"ဟု လှမ်းပြောလိုက်ပြီး ထိုခဏ၌ပင် အာနန္ဒီ ထထိုင်လိုက် လေသည်။ အာနန္ဒီ၏ ညှိုးရော်နေသည့်မျက်နှာကို တွေ့ရသောကြောင့် အဏ္ဏာမလေးက မေးလိုက်လေသည်။

"အာနန္ဒီ ဘာဖြစ်လို့ မျက်နှာမကောင်းဖြစ်နေတာလဲ၊ နေလို့မကောင်းဘူးလား"

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်"

ယင်းသို့ပြောလျက် အာနန္ဒီ ရယ်လိုက်လေသည်။ သူ၏ ညှိုးရော်နေသည့် မျက် သည် အဏ္ဏာမလေးကို မြင်လိုက်ရသည်နှင့် သွေးရောင်လျှမ်းသွားလေသည်။ သူ ခေါင်းကိုက်ဝေဒနာလည်း ဘယ်ဆီရောက်သွားသည် မသိပေ။

ကော်ပီစာအုပ်များကို အာနန္ဒီ၏လက်ထဲထည့်ပြီး အဏ္ဏာမလေးသည် အနီးတွ ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။ သူဆွဲထားသည့် ပန်းချီပုံများကို အာ ကြည့်နေသောအခါ အဏ္ဏာမလေးသည် ခုတင်ပေါ်တွင် လှဲနေသည်။ အာနန္ဒီ၏လှပသေ ရုပ်ပုံကို မြင်ယောင်နေသည်။ တစ်ခဏအတောအတွင်း၌ပင် အာနန္ဒီ၏ ထိုရုပ်ပုံသ အဏ္ဏာမလေး၏စိတ်နှလုံးတွင် ထင်ဟပ်သွားသည်။ လတ်ဆတ်သော ပန်းပွင့်များကို သိ ထားသည့် ပန်းကုံးတစ်ကုံး အတန်ငယ် ညှိုးနေသလိုလိုဖြစ်နေသည်ဟု အဏ္ဏာမလေ တွေ လေသည်။ အဏ္ဏာမလေး၏ ပန်းချီပုံများကို ချီးကျူးစကားပြောပြီးနောက် အာနန္ဒီသ အဏ္ဏာမလေးအား မေးလိုက်လေသည်။

"ရှင် ကျွန်မကို ဆုန္ဒရီအကြောင်း ဘာဖြစ်လို့ ပြောမပြတာလဲ"

"အာနန္ဒီက မေးမှမမေးဘဲ၊ မေးရင် ပြောပြမှာပေါ့၊ ကျွန်တော် အဲဒီအကြော ပြောဖို့ သတိမရမိဘူး"

"သူ မဟာဗလိပူရံကို လိုက်လာမယ်လို့ ဆုန္ဒရီက ရှင့်ကို ကြိုတင်ပြော သလား"

"ဟင့်အင်း...မပြောပါဘူး၊ သူ မမျှော်လင့်ဘဲ မဟာဗလိပူရံကို ရောက်လာ ဦးကြီးနဲ့ဆုန္ဒရီက အတင်းနားပူနားဆာလုပ်တာနဲ့ ကျွန်တော် သူတို့နဲ့အတူ ပြန်လာခဲ့ရတ ဒါကြောင့် ဒီနေ့ ဒီပန်းချီကားတွေ အာနန္ဒီတို့ဆီ ယူလာခဲ့ရတာ"

"ရှင့် ဦးကြီးမှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ ကျွန်မသိထားရင် သ ကျွန်မတို့ဆီခေါ်လာဖို့ ရှင့်ကို ကျွန်မ မပြောဘဲနေပါ့မလား"





အဏ္ဏာမလေးက အတန်ငယ်စိတ်ဆိုးသွားပြီး ပြန်ပြောလိုက်လေသည်။

"ကျွန်တော် သူ့ကိုခေါ်ပြီး ဘယ်မှမသွားဘူး၊ သူကသာ ကျွန်တော့်အိမ်ကို လာတာ၊ တကယ်လို့ အာနန္ဒီ သူနဲ့တွေ့ချင်တယ်ဆိုရင် ကျွန်တော် သူ့ကိုပြောလိုက်မယ်"

"သူ့ကို ဘာမှမပြောပါနဲ့၊ ကျွန်မကိုယ်တိုင် စီစဉ်ပါ့မယ်"

အဏ္ဏာမလေး၏အဖြေစကားကို ကြားရသည်ဖြစ်၍ အာနန္ဒီသည် စိတ် အတန်ငယ် သက်သာရာ ရသွားသည်။ အဏ္ဏာမလေးသည် ဆုန္ဒရီနှင့်တွေ့ရန် ဆုန္ဒရီတို့၏ အိမ်သို့မသွားပေ။ ယင်းနှင့်ဆန့်ကျင်ဘက်အားဖြင့် အဏ္ဏာမလေးသည် သူရေးဆွဲထားသည့် ပန်းချီပုံများကို ယူလျက် မိမိအိမ်သို့တန်းလာသည်။ အဏ္ဏာမလေးသည် လူမမည် သူငယ်တစ်ယောက်မျှသာ ဖြစ်၏ဟူ၍ပြောသော ရှာရဒါစကားသည် မှန်ပေလိမ့်မည်။ အဏ္ဏာမလေးသည် သစ်ပင်အောက်၌ ထိုင်နေသော ကဒိရေရှုန်ကို သွားတွေ့ရန် ထရပ်လိုက်သည်။ အာနန္ဒီက "ခဏနေပါဦး" ဟူ၍ပြောလျက် အဏ္ဏာမလေးအား ထားထားပြီးလျှင် "ကျွန်မ ရှင့်ကို တစ်ခုမေးချင်တယ်"ဟု ပြောလိုက်လေသည်။

"ဘာလဲ"

အာနန္ဒီသည် အတန်ကြာမျှ အဏ္ဏာမလေး၏မျက်နှာကို မတုန်မလှုပ်ကြည့်နေသည်။ ထို့နောက် စကားမပြော တုဏှိဘောနေခြင်းကို ရပ်လိုက်ပြီးလျှင် ပြောလိုက်လေသည်။

"ရှင် ဆုန္ဒရီနဲ့ပဲ လက်ထပ်မှာလား"

ယင်းမေးခွန်းကို မေးစဉ်ခဏ၌ အာနန္ဒီ၏နှလုံးသည် အရှိန်အဟုန် ပြင်းထန်စွာဖြင့် ခုန်နေသည်။ မေးခွန်းကိုမေးပြီးသည့်နောက်မှ ယင်းသို့ မေးမြန်းခြင်းသည် မသင့်လျော်ဟူ၍ စဉ်းစားမိလေသည်။ ထို့ကြောင့် နှုတ်ခမ်းကို ကိုက်လိုက်သည်။

အဏ္ဏာမလေးက ရုတ်တရက် အဖြေပြန်မပေးပေ။ ထိုမေးခွန်း၏အဖြေကို သူ နားမလည်သည့် သဘောမျိုးဖြစ်နေသည်။ သူ၏မျက်နှာ၌ ရှက်သည့်အမူအရာလည်း ပေါ် မလာပေ။ ရွှင်လန်းအားရသည့် အမူအရာလည်း ပေါ်မလာပေ။ ယင်းအချက်ကို အာနန္ဒီ သတိထားမိသည်။

"ရှာရဒါက အာနန္ဒီကို ဘာတွေပြောသလဲ"

အဏ္ဏာမလေး၏မျက်လုံးကို စိုက်ကြည့်လျက် အာနန္ဒီက ပြောသည်။

"ရှင် ကျွန်မမေးတဲ့မေးခွန်းကို ဖြေလေ"

"ကျွန်တော် အခု ပညာပြီးဆုံးအောင် သင်ရဦးမယ်၊ ပညာသင်ပြီးတဲ့အခါကျတော့ အလုပ်ရှာရဦးမယ်၊ အခုအချိန်မှာ ကျွန်တော် လက်ထပ်ဖို့ကိစ္စ ဘယ်လိုမှ မစဉ်းစားနိုင်သေးဘူး၊ အိမ်မှာ ဒီအကြောင်းနဲ့ပတ်သက်ပြီး လူကြီးတွေတော့ ပြောနေကြတာနဲ့တူတယ်၊ အဲဒီအကြောင်း ကျွန်တော် ဘာမှမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေသည် သူ့ကို ဘာမှဖုံးကွယ်မထားဆိုသည့်အချက်ကို အာနန္ဒီ သိရှိ
သွားသည်။ အဏ္ဏာမလေ၏ ရိုးသားမှုအပြည့်အဝရှိသည့် အဖြေစကားကို ကြားရသော
အာနန္ဒီသည် အဏ္ဏာမလေအား နောက်ထပ်မေးခွန်းတစ်ခုမေးရန် ဆန္ဒပြင်းပြလာပြန်လေသည်

"ရှင် သူ့ကို ချစ်နေသလား"

ယင်းမေးခွန်းသည် နှုတ်ခမ်းအထိရောက်လာပြီးမှ ရပ်တန့်သွားလေသည်။ အာ
သည် အဏ္ဏာမလေအား ယင်းမေးခွန်းကို ကားယက်မြောက် မမေးနိုင်ပေ။ အတန်
စိတ်ကိုထိန်းချုပ်လိုက်ပြီးလျှင် ယင်းမေးခွန်းကို အဏ္ဏာမလေအား ဘယ်တော့မှ မမေးဘူး
စိတ်ပိုင်း ဖြတ်လိုက်လေသည်။ ယင်းမေးခွန်း၌ သူ၏အသံ တုန်ခါနေသည်ဟူ၍ အာ
ထင်မှတ်သွားသည်။

အဏ္ဏာမလေအား အာနန္ဒီမမေးရဲသည့်မေးခွန်းကို နေ့ရက်အတန်ကြာသော
ရှာရဒါက အရဲစွန့်၍ မေးလိုက်လေသည်။ ရှာရဒါသည် အလွန်တရာ ပါးနပ်လိမ္မာ
သူ့စိတ်ထဲက တွေးထားသည့်အကြောင်းအရာကို အပြင်ရောက်လာစေရန် ကြိုးစား
လေသည်။

"မဟာဗလိပုရံကို သွားမှပဲ ရှင် ဆုန္ဒရီကိုချစ်နေတယ်ဆိုတဲ့အကြောင်း သိရတာ

"အဲဒီလို မဟုတ်ပါဘူး၊ ဦးကြီးမအားလို့ ကျွန်တော် သူ့ကို မြို့ထဲလိုက်ပြ

ယင်းသို့ဖြေလျက် အဏ္ဏာမလေသည် ရှာရဒါ၏စကားကို ငြင်းပယ်လိုက်
သည်။ ရှာရဒါမေးသည့်မေးခွန်းကို မည်ကဲ့သို့ ပြန်ဖြေရမည်ဆိုသည်ကို သူ ကိုယ်တိုင်
မသိဘဲ ဖြစ်နေသည်။ အချစ်ဟူသောစကားလုံးသည် စိတ်ရှုပ်စရာ အပြည့်အဝရှိနေသည်
သာလျှင် တွေးတောမိနေသည်။

တစ်နေ့သောအခါ၌ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ မာဏိက္က
အဏ္ဏာမလေအား တမင်သက်သက် စောဒကတက်လေသည်။

"မင်းချစ်သူ ဆုန္ဒရီက မင်းနဲ့လက်ထပ်ဖို့ အတော်စိတ်ပြင်းပြနေပုံရတယ်"

ယင်းသို့ပြောလိုက်သောအခါ အဏ္ဏာမလေ စိတ်ဆိုးသွားသည်၊

"ခင်ဗျားမှာ တခြားလုပ်စရာအလုပ် မရှိတော့ဘူးထင်တယ်၊ ကျွန်တော် ပည
ဆုံးခန်းရောက်အောင် သင်ချင်သေးတယ်"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် မာဏိက္ကမ်၏စကားကို ဖယ်ထုတ်ပစ်
လေသည်။

ရှာရဒါနှင့် မာဏိက္ကမ်တို့ကိုမူ အဏ္ဏာမလေသည် လွယ်လင့်တကူ ငြင်းဆန်လိုက်
ရသည်။ သို့ရာတွင် မိမိ၏စိတ်နှလုံးထဲကမူ ထွက်ပြေး၍မရအောင် ဖြစ်နေသည်။ သူ
ဆုန္ဒရီက နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဆက်ဆံသည့်အပြုအမူသည် သူ၏ စိတ်နှလုံး
လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်စေသလော သို့မဟုတ် အာနန္ဒီနှင့်အတူတွဲ၍ နေခွင့်မရသော်လ



အာနန္ဒီအကြောင်းကို စဉ်းစားတွေးတောရုံမျှဖြင့် စိတ်နှလုံးထဲတွင် ပေါ်လာသည့် နှစ်သိမ့်မှုကိုပင်
အချစ်ဟုခေါ်သလော။ နှစ်ယောက်လုံးကို မိမိချစ်နေသည်ဟူ၍ အဏ္ဏာမလေ တွေးနေမိသည်။
ထိုနှစ်ယောက်ကိုမချစ်ဘဲ မိမိ၏ပန်းချီကားများကိုသာ ချစ်သည်ဟူ၍လည်း ထင်နေမိ
လေသည်။

အတန်ကြာမျှ ဝေခွဲမရဖြစ်နေပြီးနောက် အဏ္ဏာမလေသည် ပညာသင်ကြားပြီးသည်
အထိ ဤကိစ္စနှင့်ပတ်သက်၍ သတိထားနေတော့မည်ဟူ၍ စိတ်ကူးလိုက်လေသည်။

သို့ရာတွင် အဏ္ဏာမလေသည် ထိုကဲ့သို့လုပ်၍မရနိုင်ဘဲ ရှိနေသည်။ မိမိ ကိုယ်တိုင်
က တက်ကြွလှုပ်ရှားမှု မပြသော်လည်း လှုပ်ငန်းအချို့ကို စမိနေပြီ။ ယင်း လှုပ်ငန်းများမှ
တိမ်းရှောင်၍ ရမည်မဟုတ်ပေ။

ရေလှိုင်းပေါ် လှော်ခတ်သွားသည့် လှေနာဝါဖြင့် စရီးသွားရခြင်းသည်လည်း
ထူးခြားသောနှစ်သိမ့်မှုတစ်ခုပင် ဖြစ်သည်။

တစ်နေ့သောအခါတွင် နေ့လယ်နေ့ခင်းအချိန် အဏ္ဏာမလေသည် တိရစ္ဆာန်ဥယျာဉ်
အတွင်းရှိ သစ်ပင်တစ်ပင်အောက်၌ထိုင်လျက် သူ့ရှေ့ဘက်က သစ်သားလှောင်အိမ်ထဲ၌
နန်ပေါက်ပြေးလွှားနေသည့် လှုံကိုကြည့်၍ အရုပ်ရေးဆွဲနေလေသည်။ တိရစ္ဆာန်ဥယျာဉ်ကို
ကြည့်ရှုရန် ထိုနေရာသို့ ရောက်လာကြသောသူများသည် အဏ္ဏာမလေကိုလည်း တိရစ္ဆာန်
ဥယျာဉ်အတွင်းက သတ္တဝါတစ်ကောင်ဟူ၍ ထင်မှတ်ပြီးလျှင် ခေတ္တခဏရပ်လျက် ကြည့်
ကြည့်သွားကြသည်။ အဏ္ဏာမလေကမူ မည်သူ့ကိုမှ ဂရုမစိုက်ပေ။ သံတိုင်များကို ဆုပ်ကိုင်
လျက် လှုပ်အောင်လုပ်နေသော လှုံကို အဏ္ဏာမလေ အလွန်သဘောကျနေသည်။

မျောက်များနှင့်အတူ မျောက်လို ဆော့ကစားနေကြသည့် မိန်းကလေးတစ်သိုက်၏
ဆူညံသံကြောင့် သမာဓိပျက်သွားသော အဏ္ဏာမလေသည် စိတ်ဆိုးပြီး နောက်ဘက် လှည့်
ကြည့်လိုက်သည်။ ထိုအခိုက် အဖော်တစ်စုနှင့်အတူ ထိုနေရာသို့ရောက်လာသော ဆုန္ဒရီက
လည်း အဏ္ဏာမလေကို တွေ့မြင်သွားသည်ဖြစ်၍ အဏ္ဏာမလေအနီး အပြေးလာလေသည်။
ဆုန္ဒရီသည် ဂုဏ်ယူမော်ကြွားစွာဖြင့် အဏ္ဏာမလေ၏ အပြီးမသတ်သေးသော ပန်းချီကားကို
လှမ်းယူလိုက်ပြီး တခြားမိန်းကလေးများကို ပြသည်။ အဏ္ဏာမလေသည် သူ့အစ်ကိုဖြစ်သည်ဟု
သူ့အဖော်များအား ဆုန္ဒရီက ပြောပြလိုက်လေသည်။ ထိုမိန်းကလေးတစ်သိုက် ထိုနေရာမှ
စပ်မြန်မြန်သွားကြပါစေဟူ၍ အဏ္ဏာမလေ ဆုတောင်းနေသည်။ ဆုန္ဒရီသည် တခြား
န်းကလေးများကို ထိုနေရာမှ တခြားသို့ လွှတ်လိုက်ပြီးလျှင် သူကိုယ်တိုင်ကမူ အဏ္ဏာမလေ၏
အနီး၌ ကျန်ရစ်ခဲ့သည်။

"ပန်းချီပုံဆိုတာကတော့ ပန်းချီပုံပဲဖြစ်တယ်" ဟုပြောလျက် အဏ္ဏာမလေသည်
မိမိရေးဆွဲထားသည့်ပန်းချီပုံကို ခေါက်ထားလိုက်ပြီးလျှင် ဆုန္ဒရီအား လှောင်အိမ်ထဲ အပြင်
ထွက်လာသည့် တိရစ္ဆာန်တစ်ဦးဦးကို ကြည့်နေသကဲ့သို့ပင် မျက်လုံးပြူးပြီးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုနှရီက အဏ္ဏာမလေအား ထိုနေ့ ကျောင်းအားသောနေ့ ဖြစ်သောကြောင့် အဖော်တစ်ယောက်နှင့်အတူ အပျင်းပြေ အိမ်ကထွက်လာသည်ဆိုသည့်အကြောင်း ပြောပြသည်။ မိန်းကလေး တစ်သိုက်သည် တိရစ္ဆာန်ဥယျာဉ်ကြည့်ပြီးသောအခါ ရုပ်ရှင်ကြည့်ဖို့အစီအစဉ် ရှိသည်။ အဏ္ဏာမလေက ပြောလေသည်။

"ဒီလိုဆိုရင် မင်းလည်း သူတို့နဲ့အတူ လိုက်သွားပါလား"

ဆုနှရီ စိတ်ဆိုးသွားသည်။ သူ့ကို စော်ကားတာဟူ၍ ဆုနှရီက ပြောလေသည်။ သူ ဒီမှာနေတာမကြိုက်ရင် ဒီနေရာက ထွက်သွားမည်ဟူ၍လည်း ခြိမ်းခြောက်သည်။ ဆုနှရီက ရှင်းလင်းပြောပြပြီး စိတ်ပြေသွားအောင် လုပ်ရသည့်အတွက် အဏ္ဏာမလေ အတော်ပင်ပန်း သွားသည်။

ဆုနှရီက ပြောသည်။

"သူတို့နဲ့ ရုပ်ရှင်ကြည့်ဖို့လိုက်မသွားတဲ့ ရှင်နဲ့ပဲ သွားမယ်လို့ ကျွန်မ စိတ်ကူးတယ် ဒါကြောင့် ကျွန်မ ဒီမှာ ချန်ခဲ့တယ်၊ လာပါ မြန်မြန်သွားရအောင် နောက်ကျနေပြီ"

ဆုနှရီ၏ ရဲတင်းမှုကိုတွေ့ရ၍ အဏ္ဏာမလေ အတန်ငယ် ထိန့်သွားလေသည်။ မိန်းမပျိုတစ်ဦးနှင့်အတူ သက်တူရွယ်တူ ယောကျ်ားပျိုတစ်ယောက် ရုပ်ရှင်သွားကြည့်ခြင်းသည် သင့်လျော်ပါမည်လား။ မြင်ရသူများက မည်သို့တွေးတောကြမည်နည်း။ မြို့ကြီးပြကြီးများ၌ ယင်းအပြုအမူများသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်ဟူ၍ အဏ္ဏာမလေ နားလည် သည်။ သို့ရာတွင် ယင်းအပြုအမူကို မသင့်လျော်ဟူ၍ သူ ထင်မှတ်သည်။ အဏ္ဏာမလေ ကြည့်လိုသည် ဆုနှရီမေးသည့် ရုပ်ရှင်ကားအမည်ကို ဆုနှရီက ပြောပြသည်။ ထို့ကြောင့် အဏ္ဏာမလေ ရုပ်ရှင်ကြည့်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုရုပ်ရှင်ကားကို မိမိ တစ်ယောက် တည်းဖြစ်စေ၊ သို့မဟုတ် မာဘီကွမ်နှင့်ဖြစ်စေ ကြည့်လိုသည်။ ဆုနှရီနှင့် အတူသွားရန် နောက်တွန့်နေသည်။ အဏ္ဏာမလေသည် မိနာဗျီအမှာလ သားဖြစ်၍ မြို့ပြယဉ်ကျေးမှုသည် သူ့အပေါ် ဩဇာသက်ရောက်မှု မရှိလှပေ။

အဏ္ဏာမလေထံတွင် ငွေလည်း များများပါမလာပေ။ ပိုက်ဆံအကြောင်းပြလျက် ဆုနှရီအား ရုပ်ရှင်မသွားဖို့ ပြောပြသည်။ ဆုနှရီက ၁၀ တန် ငွေစက္ကူထုတ်ပြီး အဏ္ဏာမလေအား ပြသည်။ အဏ္ဏာမလေက အင်တင်တင် လုပ်နေပြန်သည်။ ဆုနှရီနှင့် နှစ်ယောက်တည်း မသွားရဲဘူးဟူ၍ အဏ္ဏာမလေ ပြောပြလိုက်သည်။

မိဘ ဖူးဖူးမှုတ်ထားသည့်သမီးဖြစ်သောကြောင့် ဆုနှရီသည် ခေါင်းမာသူတစ်ဦး ဖြစ်နေသည်။ အလိုရှိသည့်အရာဝတ္ထုတစ်ခုကို မရရှိသောအခါ အခြားအရာဝတ္ထုတစ်ခုအတွက် ပူဆာသောကလေးကဲ့သို့ စိတ်ကောက်သွားပြီး ပြောလိုက်လေသည်။

"ရှင် ရုပ်ရှင်သွားမကြည့်ချင်နေ၊ ကျွန်မတစ်ခုခုစားချင်တယ်၊ ကျွန်မနဲ့ ဟိုတယ် လိုက်ခဲ့"





လူတွေကြားထဲမှာ မတ်တတ်ရပ်ရင်း ဆုနှရီဒို့မှာ အဏ္ဏာမလေ စိုးရိမ်သွားသည်။

"အဲဒီလိုဆိုရင် သွား၊ ငါလည်း တစ်ခုခုစားချင်နေတယ်"

သူတို့နှစ်ဦး တိရစ္ဆာန်ဥယျာဉ်တွင်းမှ ထွက်လာခဲ့ကြသည်။ အနီးအနားက ဟိုတယ် တစ်ခုကို အဏ္ဏာမလေက ညွှန်ပြသည်။ ဆုနှရီသည် ထိုဟိုတယ်သို့ သွားဖို့ ငြင်းဆန်ပြီးလျှင် အဏ္ဏာမလေနှင့်အတူ ဘတ်စ်ကားစီးလျက် ပဲရစ်ကော်နာသို့ သွားသည်။ ထိုနေရာ၌ ဆုနှရီသည် လမ်းကျဉ်းတစ်ခုထဲ ဝင်သွားလေသည်။ 'စေတ်သစ်'အမည်ရှိ ဟိုတယ်ကြီးရှေ့၌ ကားပေါင်း များစွာ ဆိုက်ထားကြသည်။

သူတို့နှစ်ဦး ဟိုတယ်တွင်း ဝင်သွားသည်နှင့်တစ်ပြိုင်နက် ဟိုတယ်၏မြင်ကွင်းမှာ ပြောင်းလဲသွားသည်။ နေ့သည် ညအဖြစ်သို့ ပြောင်းသွားသည်။ နေရာအနှံ့အပြား၌ လျှပ်စစ် မီးလုံးကလေးများမှ အပြာရောင်ပျံ့နေသည်။ ဟိုနေရာသည်နေရာ၌ တပ်ထားသော လေအေး စက်များမှ အေးမြသောလေ ထွက်နေသည်။ 'ရီကော့ ပလေယား'မှ အင်္ဂလိပ်သီချင်းသံ ကြားနေရသည်။

အဏ္ဏာမလေသည် မျက်လုံးပွတ်၍ ဂရုတစိုက်ကြည့်လိုက်သည်။ မြို့ပေါ်က ငွေရှင်ကြေးရှင်တချို့ စုပြုံ၍ အစားအသောက်စားသောက်ရင်း စကားစမြည် ပြောနေကြသည်။ တံခါးတစ်ချပ်၌ 'အိမ်ထောင်ရှင်များအတွက်သာ' ဟူသော ဆိုင်းဘုတ်တစ်ခု ကပ်ထားသည်။ ဆုနှရီသည် ထိုတံခါးကိုဖွင့်လျက် အဏ္ဏာမလေနှင့်အတူ အထဲဝင်သွားသည်။ အခန်းထဲတွင် အိမ်ထောင်ရှင်ဟုတ်ဟန်မတူသည့် ယောကျ်ားပျိုများ၏ အရေအတွက်သာ များနေသည်ဟူ၍ အဏ္ဏာမလေ ထင်မိသည်။ အဏ္ဏာမလေသည် အိမ်ထောင်ရှင် မဟုတ်သေးပေ။ ထို့ကြောင့် မရဲတရဲ ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လိုက်သောအခါ ဆုနှရီက သူနှင့်ကပ်ပြီး လာထိုင် သည်။ ထိုအခန်းသည် အတွင်းဘက်၌ လေယာဉ်၏ အခန်းတွင်းနှင့်တူနေသည်။ ကုလားထိုင် တစ်လုံးချသာသည့်နေရာ၌ ကုလားထိုင်နှစ်လုံးကိုစပ်ပြီးချထားသည်။ ဆုနှရီနှင့် ဘြူကပ်ပြီး ထိုင်ရသောကြောင့် အဏ္ဏာမလေ သတိလစ်သလိုလို ဖြစ်သွားသည်။

ဆုနှရီက စိတ်ပါလက်ပါ ပြောလိုက်လေသည်။

"ကျွန်မတို့နှစ်ယောက်အတူ လေယာဉ်ပျံနဲ့ ခရီးသွားနေတယ်လို့ ရှင် အောက်မေ့ နေတယ် မဟုတ်လား"

"မင်း အရင်ကလည်း ဒီကိုလာဖူးသလား"

"ကျွန်မတို့ကို ဖေဖေ ဒီနေရာ မကြာခဏခေါ်လာတယ်"

အဏ္ဏာမလေသည် ယခင်က ထိုနေရာသို့ တစ်ခါမှ မလာဖူးပေ။

သူတို့နှစ်ဦး စားသောက်နေကြသည်မှာ တစ်နာရီလောက်ကြာသွားသည်။ အစား အသောက် စီမံချက်ပြုတ်နေသည်ကို စောင့်ရသည်မှာ နာရီဝက်လောက် ကြာသွားသည်။ ကျန်နာရီဝက်မှာမူ ဆုနှရီသည် သူကိုယ်တိုင်လည်းမစား၊ အဏ္ဏာမလေကိုလည်း စားခွင့်မပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း အချိန်ကုန်လွန်သွားစေသည်။ သူတို့နှစ်ဦးသည် အစားကို အရသာမခံဘဲ တို့ကနန်းဆိတ်ကနန်းသာ စားကြသည်။ စားပွဲထိုး 'ဘောလ်'ယူလာသည်။ ဆယ့်တစ်ကျပ်နှင့် ပြားအနည်းငယ် ကျလေသည်။ 'ဘောလ်'ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် လေအေးစက်ရှိသော ဟိုတယ်၌ ထိုင်နေရစေကာမူ အဏ္ဏာမလေ ချွေးပြန်လာသည်။ နှစ်ဦးလုံးတွင်ရှိသော ပိုက်ဆံကိုပေါင်းသော်လည်း ဤမျှ ပိုက်ဆံအရေအတွက် မရှိဟူသော အတွေးသည် အဏ္ဏာမလေတွင် ပေါ်လာသည်။

ဆုန္ဒရီပင် အတန်ငယ်လန့်သွားသည်။ သူတို့နှစ်ယောက် အိတ်ထဲက ပိုက်ဆံကို ထုတ်ပြီး ရေတွက်နေကြသည်။ ဘုရားသခင်ကယ်မသည့်အတွက်ကြောင့် သူတို့တွင် အစား အသောက်အတွက် ကျသင့်ငွေအရေအတွက် ရှိနေသည်။ စားပွဲထိုးအား 'တစ်'ပေးရန်အတွက် ပိုက်ဆံမရှိပေ။ အရှက်တကွဲ အကျိုးနည်း မဖြစ်ရတော့ဟူ၍ တွေးပြီးလျှင် သူတို့နှစ်ယောက် အခန်းတံခါးဖွင့်လျက် အပြင်ထွက်လာကြသည်။

သုတ်သီးသုတ်ပျာဖြစ်နေကြသဖြင့် အပြင်ဘက်တွင် တခြားလူများနှင့် ရောထိုင်ပြီး အစားအသောက် မှာစားနေသော မာဏိက္ကမ်ကိုပင် သူတို့ သတိပြုမိကြပေ။

မာဏိက္ကမ်ကမူ သူတို့ကို လှမ်းမြင်သည်။ သို့သော်လည်း သူတို့ကို အခေါ်အပြော မလုပ်ပေ။ သူ ဤနေရာလာသည်ဆိုသည့်အကြောင်း ပန်းရန်ဆရာကြီး သိသွားမှာ စိုး နေသည်။ သံပစ္စည်းကိရိယာဝယ်ယူရန် ထိုနေရာသို့ ရောက်လာခြင်းဖြစ်သည်။ လက် တွင် ငွေများများပါလာသည့်အတွက်ကြောင့် ထိုဟိုတယ်သို့ လာခဲ့ခြင်းဖြစ်သည်။ သူ့လက် ပါလာသောငွေများမှာ သူကိုယ်ပိုင်မဟုတ်ပေ။

ဆုန္ဒရီနှင့် အဏ္ဏာမလေတို့ အပြင်ဘက်ရောက်လာသောအခါ နေခြစ်ခြစ်တောက် ပူနေသည်။ ဘတ်စ်ကားစီးပြီး အိမ်ပြန်ဖို့အတွက် သူတို့တွင် ပိုက်ဆံမရှိတော့ပေ။ ဆုန္ဒရီ ကြည့်လိုက်သောအခါ ဘာမှမပူသလိုပင် တွေ့နေရသည်။ ပူပန်သောက ရောက်နေသူမှာ အဏ္ဏာမလေသာ ဖြစ်သည်။

ဆုန္ဒရီက ပြောလိုက်သည်။

"ကျွန်မတို့ တက္ကစီနဲ့ အိမ်ပြန်ကြစို့"

"ဘတ်စ်ကားစီးဖို့တောင် ပိုက်ဆံမရှိတာ၊ မင်းက တက္ကစီစကား ပြော သလား"

"ပိုက်ဆံမရှိလို့ တက္ကစီနဲ့သွားဖို့ ပြောနေတာပေါ့၊ အိမ်ရောက်တဲ့အခါကျ တစ်ယောက်ယောက်ဆီက ပိုက်ဆံယူပြီး တက္ကစီခ ပေးမယ်လေ"

"တကယ်လို့ အိမ်မှာသော့ခတ်ထားရင် ဘယ်နဲ့လုပ်မလဲ"

"အဲဒီလိုဆိုရင် ရှင်တို့အိမ်ပြန်မလား"

"တို့ ခြေကျင်လျှောက်ရအောင်"





ဆုန္ဒရီကလည်း အဏ္ဏာမလေ အဆိုပြုချက်ကို သဘောကျသည်။ သူတို့နှစ်ယောက် ပင်လယ်ကမ်းခြေ၌ မိုင်အတော်များများ ခြေကျင်လျှောက်ကြသည်။ ဆုန္ဒရီ သတ္တိကို တွေ့ရ၍ အဏ္ဏာမလေ တအံ့တသြဖြစ်နေသည်။ အကယ်၍ သူတို့ထံတွင် ဟိုတယ်တွင် စားသောက် သည့်အတွက် ကုန်ကျစရိတ်ကိုပေးရန် ပိုက်ဆံမရှိသောကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသော် အဏ္ဏာမလေ စိတ်အခြေအနေသည် တစ်မျိုးတစ်မည် ဖြစ်ခဲ့ရပေလိမ့်မည်။ သို့ရာတွင် ယခုအချိန်၌ကား ယင်းအတွေ့အကြုံအားလုံးသည် သူ့အတွက် အဆန်းတကျယ် ဖြစ်နေသည်။

ရှာရဒါနှင့် မာဏိက္ကမ်တို့ မေးသောမေးခွန်းသည် မိမိအတွက် အမှန်တကယ် ဖြစ်နေဟန်တူသည်ဟုတွေးလျက် အဏ္ဏာမလေသည် ရူးသလိုလို ဖြစ်သွားသည်။ ယင်းအခြေ အနေ၌ ဆုန္ဒရီ စကားပြောဟန်၊ ရယ်ဟန်၊ ပြုံးဟန်တို့ကြောင့် အဏ္ဏာမလေ စိတ်တက်ကြွ လှုပ်ရှားလာသည်။ ခြေထောက်နေသည်ကိုပင် သတိမရဘဲ ဆုန္ဒရီနှင့် ပူးကပ်ပြီး လျှောက်လာခဲ့ လေသည်။

✦ ✦ ✦

မာဒရပ်မြို့၌ အချိန်ကာလသည် ဂျက်လေယာဉ်စီး၍ ပျံသန်းနေသလားဟူ၍ အောက်မေ့ရသည်။ ထိုမြို့၌ အချိန်သမယကုန်ဆုံး ကျော်လွန်သွားခြင်းကို ဘာမှမလုပ်ဘဲ အမြဲနားထိုင်ပြီး အချိန်ဖြုန်းနေကြသည့် လူပျင်းများလည်း သတိမထားမိကြပေ။ ခဏာတိုင်း နာရီတိုင်းကို အသုံးချပြီး ပိုက်ဆံရှာနေကြသည့် ကိုယ်ကျိုး ကိုယ်စီးပွားသမားများလည်း သတိမထားမိကြပေ။ မဒရပ်မြို့၏ဘဝသည် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ရှေ့သို့ စီးဆင်း သွားနေသည်။ ရက်သတ္တပတ် အပတ်တိုင်း လအသစ် စ နေသလိုလို ထင်နေရသည်။

ကဒီရေရှန်၏အိမ် ဆောက်ပြီးသွားလေပြီ။ အိမ်တက်မင်္ဂလာ လုပ်ရန်သာ ကျန်တော့ သည်။ ပန်းရန်ဆရာ၏ အိမ်သစ်မှာလည်း ပြီးခါနီးပြီ။ မာဏိက္ကမ်သည် ဘာကြောင့်မှန်းမသိ ပန်းရန်ဆရာအိမ်ကို ဆောက်လုပ်ရာ၌ ကဒီရေရှန်အိမ် ဆောက်လုပ်သလောက် စိတ်ပါဝင်စားမှု မရှိပေ။ အာနန္ဒီတို့၏အိမ်ကို မိမိအိမ်ဟုသဘောထားပြီး ပန်းရန်ဆရာအိမ်ကိုမူ အိမ်နီးနားချင်း အိမ်အဖြစ်လောက်သာ သဘောထားသည်။ သို့ရာတွင် ယင်းသဘောထားနှင့်ပတ်သက်၍ တခြားလူများ သိရှိရိပ်မိသွားစေနိုင်လောက်သည့် အလုပ်မျိုးကိုမူ မလုပ်ပေ။ ပန်းရန်ဆရာ ကိုယ်တိုင်ပင် မာဏိက္ကမ်၏ ပြောင်းလဲချက်ကို မရိပ်မိပေ။

ဒဏ္ဍာပါဏိသည် ပန်းရန်ဆရာ၏အိမ်သစ်ကို လာကြည့်သည်။ ဒဏ္ဍာပါဏိနှင့် ကဒီရေရှန်တို့ အသိအကျွမ်းဖြစ်သွားကြသည်။ ထို့ကြောင့် ကဒီရေရှန်သည် မိမိတို့၏အိမ်တွင် ပြုလုပ်မည့် အိမ်တက်မင်္ဂလာပွဲအတွက် ဖိတ်မန္တကပြုရန် ပန်းရန်ဆရာနှင့် အာနန္ဒီကိုခေါ်ပြီး ဒဏ္ဍာပါဏိတို့၏ အိမ်သို့သွားသည်။ အာနန္ဒီသည် ဆုန္ဒရီနှင့်တွေ့လိုသည့်ဆန္ဒ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒီကို တွေ့သည်နှင့် ဆုန္နရီသည် ငယ်ပေါင်းကြီးဖော်သဖွယ် အတင်းတွယ်ကပ်နေသည်။ သူတို့နှစ်ဦးသည် အတန်ကြာမျှ ဆုန္နရီ၏အမေနှင့် စကားပြောနေကြသည်။ ထို့နောက် ဆုန္နရီက အာနန္ဒီအား တခြားခေါ်သွားသည်။ အာနန္ဒီနှင့် စကားလက်ဆုံကျနေသည်ကို ကြည့်လျှင် အာနန္ဒီအကြောင်း ဆုန္နရီ များစွာသိထားသည်ဟူ၍ သိရှိနိုင်သည်။

ဆုန္နရီက ပြောသည်။

"အစ်ကိုနဲ့အတူ ကျွန်မ မမတို့နဲ့တွေ့ဖို့လာမယ် လုပ်နေတာ၊ အဲဒီအချိန် အတော အတွင်းမှာပဲ မမက ဒီကိုရောက်လာတယ်"

အာနန္ဒီက မေးလိုက်လေသည်။

"အဏ္ဏာမလေက မမအကြောင်း ညီမကို ပြောပြသလား"

အာနန္ဒီသည် ဆုန္နရီအား ထိုမေးခွန်းကို ဘာကြောင့်မေးမြန်းလိုသည် မသိပေ။ အကယ်၍ အဏ္ဏာမလေသည် ဆုန္နရီအား သူ့အကြောင်း တစ်စုံတစ်ရာ ပြောပြခဲ့သော် ဆုန္နရီသည် စိတ်မချမ်းမသာ ဖြစ်သွားဖွယ်ရာရှိသည်။

ဆုန္နရီက မဲ့ပြုံးပြုံးလျက် စကားနာထိုးသည့် လေသံမျိုးဖြင့် ပြောလေသည်။

"သူက ဘာဖြစ်လို့ ပြောရမှာလဲ၊ သူဘယ်လိုလုပ်ပြောနိုင်မှာလဲ"

ထို့နောက် တစ်ဖန် လေသံအေးအေးဖြင့် "ကျွန်မကိုယ်တိုင်လည်း အတော် အတန်တော့သိပါတယ်"ဟု ပြောပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

ဆုန္နရီ ဘာကိုသိသနည်း။ အကြောင်းစုံသိနေသော်လည်း သူ ငါ့ကို ဘာကြောင့် ဤမျှ ချစ်ခင်ရင်းနှီးစွာဖြင့် ပြုမူဆက်ဆံနေသနည်း။ ယင်းသို့တွေးလျက် အာနန္ဒီသည် ပြင်းပြင်းထန်ထန် နှလုံးတုန်ရင်ခုန်ဖြစ်နေသည်။

အဏ္ဏာမလေ ဆုန္နရီနှင့် လက်ထပ်မည်ဟူ၍ မာဏိက္ကမ် ပြောပြသည်မှာ မမှန်ပါ ထင်သည်။ ဆုန္နရီ မနာလိုဝန်တိုဖြစ်နေသည်ဟူ၍ ရှာရဒါပြောပြသည်မှာလည်း မှားနေသလား။ မိမိ၏ ပင်ကိုမျက်လုံးအမူအရာဖြင့်ပင် အာနန္ဒီက မေးလိုက်သည်။

"မမအကြောင်း ညီမက ဘာတွေသိထားလို့လဲ"

"မမ လန့်သွားသလား၊ မလန့်ပါနဲ့၊ မမအကြောင်း အကောင်းပြောတာပဲ ကြားပါတယ်၊ မမ သိပ်သဘောကောင်းတယ်ဆိုတာ ကျွန်မ သိပါတယ်၊ မမက ဘယ်သူ့ကိုမှ ခွဲခွဲခြားခြားမလုပ်ဘဲ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ ဟိုတစ်နေ့တုန်းက အရီး မီနာချိ အိမ်မှာ မမကိုယ်တိုင် ထမင်းဟင်းဝင်ချက်တယ်၊ တကယ်လို့ ကျွန်မသာသိရင် အဲဒီနေ့က ကျွန်မလည်းပဲ အရီး မီနာချိတို့အိမ်လာပြီး မမနဲ့ မတွေ့ဘဲနေမှာ မဟုတ်ဘူး၊ ကျွန်မက မမထက်ငယ်ပါတယ်၊ ကျွန်မကို နင် ငါလို့ပဲပြောပါ"

မီနာချိအမွှာလသည်ပင်လျှင် ဆုန္နရီအား သူ့အကြောင်း ပြောပြခြင်းဖြစ်လိမ့်မည် ဟူ၍ အာနန္ဒီ တွေးနေသည်။





"မမကို မတွေ့ခင်ကတည်းက ကျွန်မစိတ်ထဲမှာ မမကို ချစ်ခင်နေတယ်ဆိုတာ မမသိလား၊ ကျွန်မ မမကို အကဲခတ်တာ မမှားနိုင်ပါဘူး။ အသက်ငယ်ပေမယ်လို့ ကျွန်မ ပါးရည်နပ်ရည်ရှိပါတယ်၊ မာဏိက္ကမ်က ကျွန်မကို အိတ်သွန်ဖာမှောက် ပြောပြပါတယ်"

ယင်းသို့ပြောလျက် ဆုန္နရီက ရယ်လိုက်လေသည်။

ဆုန္နရီကို မာဏိက္ကမ် ဘာတွေများပြောထားပါလိမ့်ဟူ၍ အာနန္ဒီတွေးနေသည်။ ရုတ်တရက် အသက်ရှူမှားသွားသည်။ ဆုန္နရီကို မသိနားမလည်သေးသော သူငယ်မ တစ်ယောက်ဟူ၍ ထင်မှတ်၍မရတော့ပေ။ အာနန္ဒီသည် မိမိအကြောင်းနှင့်ပတ်သက်၍ ဆုန္နရီနှင့် အချိန်ကြာကြာ စကားမပြောနိုင်တော့ပေ။ ဆုန္နရီ၏ပညာရေး စသောအကြောင်း အရာများနှင့်ပတ်သက်၍ မေးမြန်းနေလေသည်။

ဆုန္နရီက ပြောပြသည်။

"ကျွန်မ စာမေးပွဲဖြေပြီးပြီ၊ အောင်စာရင်းလည်း သိထားပြီ"

"အခုကတည်းက သိထားပြီလား"

"ဟုတ်ကဲ့… ကျွန်မ စာမေးပွဲရှုံးမှာ သေချာတယ်"

ယင်းသို့ပြောလျက် ဆုန္နရီက ရယ်လိုက်ပြန်သည်။

"အဲဒီတော့ ဘာလုပ်ရမှာလဲ၊ ဒုတိယအကြိမ် ထပ်ပြီး စာမေးပွဲဖြေရဦးပေါ့၊ နောက် တစ်ခါ တတိယအကြိမ် ထပ်ပြီးတော့လည်း စာမေးပွဲဖြေရဦးမှာပဲ၊ ကျွန်မ ဘယ်နှကြိမ် ကြိုးစားကြိုးစား စာမေးပွဲအောင်နိုင်ဖို့ မလွယ်ပါဘူး၊ နောက်ဆုံးကျတော့ ဖေဖေလည်း စိတ်ပျက်ပြီး ကျွန်မကို ကျောင်းကထုတ်ပစ်လိုက်မှာပဲ၊ အဲဒီတော့ ကျွန်မ အေးအေးချမ်းချမ်း နေရရော မဟုတ်လား"

အာနန္ဒီသည် ဆုန္နရီအား ထူးဆန်းသော သတ္တဝါတစ်ဦးကို ကြည့်သကဲ့သို့ ကြည့်နေသည်။ ဆုန္နရီ၏ကိုယ်ခန္ဓာမှာ ဖွံ့ထွားပြီး သန်မာထွားကြိုင်းနေသည်။ စကားပြောသည့် အမူအရာ၌လည်းကောင်း အသက်ရှူသည့် အမူအရာ၌လည်းကောင်း အင်္ဂါကြီးငယ် အစိတ် အပိုင်းများ၌လည်းကောင်း ပျိုရွယ်မှု၏ဆွဲဆောင်မှု ပေါ်လွင် ထင်ရှားနေသည်။

"မမ ကြည့်ပါ၊ ကျွန်မ အခုအထိ စာကြိုးစားသင်ကြားလာခဲ့ပါတယ်၊ ဒီနှစ်ကျ တော့ ရုတ်တရက် ကျွန်မ ဘာဖြစ်သွားတယ်မသိဘူး၊ ကျွန်မဦးနှောက် သွပ်ချောင်ချောင်များ ဖြစ်သွားသလား မသိဘူး။ ကျွန်မစာသင်ရတာ စိတ်မဝင်စားတော့ဘူး။ စာသင်လို့လည်း နားမလည်တော့ဘူး"

အပျိုမဖြစ်ခင်ကပင် ပျိုရွယ်မှု၏ လှုပ်ရှားဖောက်ပြန်မှုသည် ဆုန္နရီ၏အပေါ်၌ လွှမ်းမိုးနေပြီဟူ၍ အာနန္ဒီ နားလည်သွားလေသည်။

"မမ ဘီအေ စာမေးပွဲဖြေထားတယ် မဟုတ်လား။ မမက အမြဲပဲပထမရတယ် နော်၊ ဘီအေ အောင်ပြီးတော့ မမ ဘာလုပ်မယ် ကြံရွယ်ထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျောင်း ဆက်မတက်တော့ပါဘူး၊ ဖေဖေက မမ ဘီအေအောင်ပြီးရင် ကျောင်းဆက်ပြီး တက်စေချင်တဲ့ဆန္ဒမရှိဘူး''

''ကောင်းပါတယ်၊ အဲဒီလို လုပ်တာပဲ ကောင်းပါတယ်''

ယင်းသို့ပြောလျက် ဆုန္နရီသည် အာနန္ဒီအား လက်မောင်းဖြင့် သိုင်းဖက်လိုက်ပြီးလျှင် အာနန္ဒီ၏နားနားကပ်၍ တိုးတိုးပြောလိုက်လေသည်။

''မမက ပညာသင်လို့ပြီးသွားပြီပဲ၊ အခု မမ ကိုယ်ကြိုက်တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ပါတော့လား''

အာနန္ဒီ ချွေးပြန်လာသည်။ ဆုန္နရီ ဘာများပြောနေသနည်း။ အကြောင်းစုံကို သိလျက်နှင့် ယခုလို ပြောနေသလား။ သို့မဟုတ် ဘာတစ်ခုမျှမသိသည့်အတွက် ယခုလို ရောက်တတ်ရာရာ ပြောနေခြင်းလား။ ''ကိုယ်ကြိုက်တဲ့လူတစ်ယောက်ယောက်နဲ့ လက်ထပ်ပါတော့လား' သူ့စကားက ဘယ်လိုအဓိပ္ပာယ်လဲ။

ဆုန္နရီနှင့် စကားကြာကြာပြောဖို့ မသင့်တော့ဟု၍ စဉ်းစားပြီးလျှင် အာနန္ဒီသည် ဆုန္နရီကို အပြင်ဘက်ဆွဲခေါ်လာခဲ့သည်။ ဆုန္နရီအား သူတို့၏အိမ်တက်မင်္ဂလာ အခမ်းအနားသို့ လာရန် ဖိတ်စာပေးပြီးလျှင် အာနန္ဒီသည် သူ့ဖခင်နှင့်အတူ အဒေယာသို့ ပြန်လာသည်။

ဆုန္နရီ နောက်ဆုံးပြောလိုက်သောစကားသည် အာနန္ဒီ၏စိတ်နှလုံးကို ဂနာမငြိမ်အောင် ပြုမူဖန်တီးနေသည်။ ထိုစကားနှင့်ပတ်သက်၍ ရယ်ရမည်လော။ သို့မဟုတ် ငိုရမည်လော။ အာနန္ဒီ နားမလည်နိုင်အောင်ဖြစ်နေသည်။ ငိုလည်း ငိုချင်သည်။ ရယ်လည်း ရယ်ချင်သည်။

အာနန္ဒီနှင့်တွေ့ရသဖြင့် ဆုန္နရီသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။ အလွန်တရာ လိမ္မာပါးနပ်စွာဖြင့် အာနန္ဒီအား မိမိ အဆိုတစ်ခုပြုလိုက်ရသည်ဟု၍ တွေးတော စဉ်းစားပြီးလျှင် ဆုန္နရီသည် အလွန်တရာ ကျေနပ်အားရခြင်းဖြစ်နေသည်။ အမှန်စင်စစ်အားဖြင့် အာနန္ဒီ၏ စိတ်နှလုံးထဲတွင် မည်သည့်အရာ ကိန်းအောင်းနေသည်ဆိုသည်ကို ဆုန္နရီ မသိပေ။ တစ်နေ့တွင် မာဏိက္ကမ်က သူ့ကို အကြောင်းအရာတစ်ခု ပြောပြဖူးသည်။ မာဏိက္ကမ်၏ ပြောပြချက်ကို အမှန်တကယ်ထင်မှတ်လျက် ဆုန္နရီသည် အာနန္ဒီအား ယင်းကဲ့သို့ အဆိုပြုလိုက်ခြင်းဖြစ်သည်။

အကြောင်းအရာမှာ ဤမျှသာဖြစ်သည်။

တစ်နေ့သောအခါ၌ ဆုန္နရီသည် စက်ဘီးစီးလျက် အဏ္ဏာမလေနှင့် တွေ့ဆုံရန် လာခဲ့သည်။ ထိုအချိန်၌ အိမ်တွင် မည်သူမျှမရှိပေ။ အိမ်သူအိမ်သားများအကြောင်း မေးမြန်းစုံစမ်းလိုသည်ဖြစ်၍ ဆုန္နရီ အပေါ်ထပ်တက်သွားသည်။ မာဏိက္ကမ်၏ မိခင်သည် မိနာ အမ္မာလနှင့်အတူ ဘုရားကျောင်းသို့သွားသည်။ မာဏိက္ကမ်တစ်ယောက်တည်း ကျန်ခဲ့သည်။

''သူတို့ အခုပဲ ပြန်လာကြပါလိမ့်မယ်၊ တွေ့ပြီးမှပြန်ပါလား''





ယင်းသို့ပြောလျက် မာဏိက္ကမ်သည် ဆုန္နရီကို တားထားလိုက်လေသည်။

ဆုန္နရီသည် မာဏိက္ကမ်အား ဘာကြောင့်မုန်းမသိ၊ လိုလိုလားလား မရှိပေ။ ပစ္စည်းဥစ္စာကြွယ်ဝသူသခင်တစ်ဦးဦးက သူ၏ဆင်းရဲသားအစေခံကို ဂရုမစိုက်သကဲ့သို့ပင် ဆုန္နရီလည်း မာဏိက္ကမ်ကို ဂရုတစိုက်မရှိပေ။ ထိုနေ့တွင်မူ မာဏိက္ကမ်က သူနှင့် အဏ္ဏာမလေအကြောင်းကို စကားစပ်ပြီးပြောသည့်အတွက် ဆုန္နရီသည် မာဏိက္ကမ်အား ကျေနပ်သွားသည်။ သူတို့နှစ်ယောက်ကို ပဲရစ်ကော်နာရှီ ဟိုတယ်၌လည်းကောင်း၊ တခြားနေရာများစွာတို့၌လည်းကောင်း၊ နှစ်ယောက်တွဲနေကြသည်ကို တွေ့မြင်ရသည်ဆိုသည့်အကြောင်း မာဏိက္ကမ်က ပြောပြသည်။ သူတို့နှစ်ယောက် မကြာခင်လက်ထပ် ထိမ်းမြားနိုင်ကြပါစေဟု၍ ဆုတောင်းကြောင်းကိုလည်း မာဏိက္ကမ်က ပြောပြသည်။ ဆုန္နရီ အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားသည်။

''ညည်းက သူနဲ့ လက်ထပ်တော့မယ်မဟုတ်လား၊ ဒါကြောင့် ငါ ညည်းကို တစ်ခု ပြောပြထားချင်တယ်၊ အဲဒီအကြောင်းက လျှို့ဝှက်ထားရမယ့်အကြောင်းဖြစ်တယ်၊ ညည်းအဲဒီအကြောင်း ဘယ်သူကိုမှပြောမပြနဲ့၊ နားလည်တယ်မဟုတ်လား''

ဆုန္နရီက မာဏိက္ကမ်စကားကို လက်ခံလိုက်သည်။

မာဏိက္ကမ်သည် ကာဒိရေရှန်တို့၏အိမ်အကြောင်း စကားစပ်ပြောသည်။ အာနန္ဒီအား အကြီးအကျယ်ချီးမွမ်းသည်။ ပန်းချီဆရာ၏သမီးဖြစ်သောကြောင့် အာနန္ဒီသည် အဏ္ဏာမလေ၏ ပန်းချီကားများကို ထူးထူးခြားခြား ချီးကျူးပြောဆိုကြောင်း၊ သို့ရာတွင် အဏ္ဏာမလေသည် အာနန္ဒီ၏ စိတ်သဘောထားကို အမှန်အတိုင်း နားမလည်သောကြောင့် ယုန်ထင်ကြောင်ထင် ဖြစ်နေကြောင်း မာဏိက္ကမ်က ပြောပြလေသည်။

ဆုန္နရီ မျက်နှာအမူအရာသည် ချက်ချင်းပြောင်းလဲသွားသည်။ သူ၏မျက်လုံးသည် ဒေါသကြောင့် နီရဲသွားသည်။ ဆုန္နရီက ခပ်ထန်ထန် ပြောလိုက်သည်။

''အဲဒါ အမှန်တကယ်ပဲလား''

''ညည်း အခုလို စိတ်ဆိုးမာန်ဆိုး ဖြစ်ရလောက်အောင်တော့ အခုအထိ ဘာမှ မဖြစ်သေးပါဘူး။ အာနန္ဒီဟာ အလွန်ရိုးသားတဲ့ မိန်းကလေးတစ်ယောက် ဖြစ်တယ်။ သူ့စိတ်နှလုံးမှာ အညစ်အကြေး ဘာမှမရှိဘူး။ အဏ္ဏာမလေကို ကိုယ့်မောင်အရင်းလိုပဲ သူက ထင်တာ။ အာနန္ဒီရဲ့ စိတ်နေသဘောထားကို တလွဲထင်မှတ်ပြီး အဏ္ဏာမလေ ညည်းကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာကိုပဲ ငါစိတ်ပူတယ်၊ ညည်းတို့နှစ်ယောက် ကောင်းစားဖို့ အတွက် ငါ ပြောပြနေခြင်းဖြစ်တယ်''

''အာနန္ဒီ စိတ်နှလုံးဖြူစင်သန့်ရှင်းတယ်ဆိုတာ ရှင်ဘယ်လိုလုပ်သိသလဲ''

မာဏိက္ကမ်က ရှက်သည့်အမူအရာဖြင့် ဦးခေါင်းငုံ့လိုက်ပြီးလျှင် ရယ်လေသည်။ အတန်ငယ်ကြာပြီးသောအခါမှ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ညည်း အာနန္ဒီကို ယုံမှားသံသယဖြစ်ရင်တော့ ငါ စိတ်ဆိုးရလိမ့်မယ်၊ ညည်းတို့ နှစ်ယောက် ခင်မင်ရင်းနှီးနေသလို ငါတို့နှစ်ယောက်လည်း ခင်မင်ရင်းနှီးနေတာ၊ အဲဒီ အကြောင်းကို ညည်း ဘယ်သူ့ကိုမှမပြောနဲ့၊ နို့မဟုတ်ရင် ငါတို့ ဒုက္ခဖြစ်လာနိုင်တယ်''

''ဩော် ဒီလိုလား''

ယင်းသို့ပြောလျက် ဆုန္နရီ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူ၏ စိတ်နှလုံးပေါ်မှ လေးလံသည့် ဝန်ထုပ်ကြီးတစ်ခု ရွေ့လျားပျောက်ကွယ်သွားသည်ဟူ၍ ထင်မှတ်လိုက်လေသည်။

ယခုအထိ ဆုန္နရီ ဆေးဖော်ကြောဖက်မလုပ်ခဲ့သော မာဏိက္ကမ်၏ တန်ဖိုးသည် ဆုန္နရီ၏အမြင်၌ ရှောင်တခင် မြင့်တက်လာလေသည်။ အကြောင်းမူကား သူ့ကိုချစ်သည့် မိန်းကလေးတစ်ဦးဦးလည်း ရှိပါသေးသလားဟူ၍ သိသွားသောကြောင့်ဖြစ်သည်။ ယင်း အကြောင်းအရာကို ကြားဖြီးသည့်အချိန်မှစ၍ ဆုန္နရီသည် အာနန္ဒီအား ချစ်ခင်မှုရှိလာခဲ့ခြင်း ဖြစ်သည်။

မာဏိက္ကမ်က ပြောပြန်သည်။ ''ညည်း ဒီအကြောင်း အဏ္ဏာမလေကို မပြောနဲ့။ သူ့ကို ညည်း ဘာမှမမေးနဲ့။ အချိန်တန်တဲ့အခါကျတော့ အဏ္ဏာမလေကို အကြောင်းစုံပြောပြပြီး ငါ အာနန္ဒီကို ပြောမယ်။ တကယ်လို့ ညည်း အဒေယာကို အသွားအလာလုပ်နေရင် အားလုံး အဆင်ပြေလာပါလိမ့်မယ်''

မာဏိက္ကမ်၏ ပြောပြချက်များကို ယုံကြည်စိတ်ချသောကြောင့်သာလျှင် ဆုန္နရီသည် သူ့ကို ထိုစကားပြောခြင်းဖြစ်သည်ဆိုသည့်အကြောင်း အာနန္ဒီ ဘယ်မှာသိနိုင်ပါမည်နည်း။ အာနန္ဒီသည် ဆုန္နရီကိုလည်း နားမလည်ပေ။ ဆုန္နရီပြောပြသည့် စကားကိုလည်း နား မလည်ပေ။

✦ ✦ ✦

''အိမ်ကိုဆောက်ကြည့်၊ သမီးကို မင်္ဂလာဆောင်ကြည့်''ဟူသော စကားပုံရှိသည်။ ယင်းစာမေးပွဲနှစ်ခုအနက် ပထမစာမေးပွဲ၌ ကဒိရေရှန်သည် ပန်းရန်ဆရာ ကျိုဒမ္မရမ်၏ အကူအညီဖြင့် အောင်မြင်သွားသည်။ ယင်းအလုပ်၌ ပန်းရန်ဆရာနှင့် ကဒိရေရှန်နှစ်ဦးလုံးပင် အကျိုးကျေးဇူးရှိကြသည်။ ပန်းရန်ဆရာသည် အလွန်တရာ လှပသေသပ်သည့်အိမ်တစ်လုံး ရရှိသည်။ ကဒိရေရှန်လည်း အနုပညာပုံစံဖြင့် ဆောက်လုပ်သည့် အိမ်သစ်တစ်လုံး ရ သွားသည်။ ကဒိရေရှန်၏ရှေ့မှောက်တွင် ဒုတိယ စာမေးပွဲဖြစ်သည့်သမီးကို အိမ်ထောင် ရက်သားချပေးရမည့် စာမေးပွဲရှိနေသည်။ ယင်းစာမေးပွဲမှာ ပိုပြီးခက်ခဲသည်။

ကဒိရေရှန်သည် မကြာခဏ စကားစပ်တိုင်း ပန်းရန်ဆရာအား မိမိသမီးအတွက် ကြောင့်ကြပူပန်မှုရှိသည် ဆိုသည့်အကြောင်းပြောပြသည်။ ပန်းရန်ဆရာသည် အိမ်ဆောက်လု ရာ၌ မိမိအား အကူအညီပေးသကဲ့သို့ အကယ်၍ ဤကိစ္စတွင်လည်း မိမိအား အကူအညီ ပေးလျှင် ကောင်းလိမ့်မည်ဟူ၍ ကဒိရေရှန် စဉ်းစားမိသည်။ အကယ်၍ ပန်းရန်ဆရာက ခမည်းခမက်တော်ရန် စကားစလာလျှင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ အလေးအနက် စဉ်းစား ရန် ကဒိရေရှန် အဆင်သင့်ဖြစ်နေသည်။

ပန်းရန်ဆရာတွင်လည်း ဈစ်ခြစ်၊တစ်ခု ရှိနေသည်။ စာမတတ်ပေမတတ် ခပ်အအ ပုဂ္ဂိုလ်တစ်ဦး၏သားနှင့် အကယ်၍ ပညာတတ်တစ်ဦး၊က သူ၏ဘွဲ့ရပြီး သမီးကို လက်ထပ် ထိမ်းမြားပေးလိုသည့်ဆန္ဒရှိခဲ့သော် အလွန်တရာ ကြီးကျယ်သည့် အကြောင်းခြင်းရာဖြစ်သည် မဟုတ်လော။ ပန်းရန်ဆရာသည် အာနန္ဒီကို အလွန်တရာ သဘောကျသည်။ အကယ်၍ အဏ္ဏာမလေသည် အာနန္ဒီနှင့် လက်ထပ်ထိမ်းမြားပါက အာနန္ဒီတို့၏အိမ်သစ်သည်လည်း အဏ္ဏာမလေ အပိုင်ဖြစ်သွားနိုင်သည်။ အကယ်၍ အဏ္ဏာမလေသည် ပန်းရိုးရေးဆွဲ၍ အသက် မွေးဝမ်းကျောင်းမှု မပြုနိုင်ခဲ့သော် ထိုခြံတွင်း၌ အိမ်နှစ်လုံးသုံးလုံးဆောက်လျက် ယင်းအိမ်များမှ ရရှိသော အိမ်ငှားခဖြင့် မကြောင့်မကြ ချမ်းချမ်းသာသာနေသွားနိုင်သည်။

ပန်းရန်ဆရာကျိုဒမ္မရမ်သည် စိတ်ထဲတွင်ပင် စီမံကိန်းများကို အလွန်လျင်မြန်စွာ ရေးဆွဲချမှတ်နေသည်။ မိမိ၏အရှုံးအမြတ်ကို တွက်ကြည့်သည်။ ပြောင်းလဲနေသည့် ပတ်ဝန်းကျင်အခြေအနေများကို ကြည့်လျှင်မူ ယင်းအလုပ်၌ သူ့အတွက် အမြတ်ထက် အရှုံးပေါ်လာနိုင်သည့် အလားအလာ ရှိနေသည်ဆိုသည့် အကြောင်းကို သိရှိသွားသည်။

နိုင်ငံလွတ်လပ်ရေး ရရှိပြီးသည့် နောက်ပိုင်း၌ တိုင်းပြည်ရှိ လူအားလုံးသည် ဘုရင်ဖြစ်ကုန်ကြသည်။ ဘုရင်တို့၏အလယ်၌ စကြဝတေးဘုရင်လုပ်ပြီး နေလိုသည့်ဆန္ဒ ရှိသူများအတွက် လူမျိုးရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများရှိဖို့ လိုအပ်လာသည်။ ညှိသည့် အရည်အချင်းမျိုးမှမရှိသော မိမိတို့၏ ကျောပေါ်၌ ဝန်ထုပ်ပိုးရန်ပင် စွမ်းအား မရှိကြသည့် လူပျင်းများစွာတို့သည် မိမိတို့၏ နီးစပ်သူများနှင့် အမျိုးဇာတ်တူသူများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသောကြောင့် ငွေကို ရေလိုသုံးဖြုန်းနေကြသည်။ ဟော်တော်ကား တစီစီစီးနေကြသည်။

မိမိနှင့် အမျိုးဇာတ်ချင်းတူသူများအား စွန့်ခွာခဲ့ပြီးလျှင် အသက်မွေးဝမ်းကျောင်းမှု ရှာရန် မဒရပ်သို့ ရောက်လာသော ပန်းရန်ဆရာသည် ပူပန်ကြောင့်ကြမှုရှိနေရသည်။ ဤခေတ် ဤအချိန်အခါ၌ အမျိုးဇာတ်သည် မည်မျှအရေးပါ အရာရောက်သနည်း။ မျက်မှောက် အချိန်ပန်း၌ အမျိုးဇာတ်ဆိုင်ရာ အနှောင်အဖွဲ့ကို ဖြတ်တောက်ဖယ်ရှားပစ်ရန် ကျိန်ဆိုထား သည့်လူများသည်လည်း အခြားပုဂ္ဂိုလ်များ၏ ထမင်းလုတ်ကို လုလျက် မိမိတို့၏ အမျိုး ဇာတ်နှင့်ပတ်သက်သော ချည်နှောင်ဖွဲ့စည်းမှုအားဖြင့် ဥစ္စာပစ္စည်းနှင့် အခွင့်အာဏာ နှစ်မျိုးလုံး ရရှိကြသည်။ ထို့ကြောင့် ပန်းရန်ဆရာသည် ယင်းအချက်ကို ထိထိမိမိ ဆုပ်ကိုင်ထားရန် ကျိုးစားစိတ်ကူးကြည့်လေသည်။

www.burmeseclassic.com

ကဒ်ရေရှန်သည် ပန်းရန်ဆရာ၏ ဆွေမျိုးနီးစပ်ထဲက မဟုတ်သည်မှာ သည်လော
အရေးမကြီးပေ။ သို့သော်လည်း ပန်းရန်ဆရာနှင့် အမျိုးဇာတ်လည်း မတူပေ။ ကဒ်ရေရှန်သ
အမျိုးဇာတ်ကွဲသော မုဆိုးမအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုထားသူလည်း ဖြစ်သည
ကဒ်ရေရှန်ထံ၌ အဆင်ပြေမှုအမျိုးမျိုးရှိနေပါလျက် ယခုအထိ အဘယ်ကြောင့် အ
အိမ်ထောင်ရက်သား မကျသေးသနည်း။

ဒဏ္ဍာပါဏီသည် ပန်းရန်ဆရာနှင့် အမျိုးဇာတ်ချင်းတူသည်။ ဒဏ္ဍာပါဏီတွင် သ
တစ်ယောက်သာလျှင်ရှိသည်။ ဆုန္ဒရီတွင် မွေးချင်းယောကျ်ားလေး လေးယောက်ရှိသ
အကယ်၍ အဏ္ဏာမလေ ဒုက္ခတစ်စုံတရာဖြစ်ခဲ့သော် ယောက်ဖလေးယောက်တို့သ
အကူအညီပေးရန် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင်ဖြစ်နေကြပေလိမ့်မည
ယင်း၊အချက်အလက်များကို ထားလိုက်ပါဦး။ အကယ်၍ အဏ္ဏာမလေ ဇာတာစ
မွဲလျက် ရုတ်တရက် သူဌေးကြီးတစ်ဦး ဖြစ်သွား၍ ငွေကို ရေလိုသုံးလျှင် အမြတ်တော
အရာရှိများ၏ မျက်လုံးထဲ သဲနှင့်ပက်ရန်အတွက် ညီအစ်ကို မောင်နှမများ၊ ယောက္ခမမျ
ယောက်ဖများ၏ အကူအညီလိုလာပေလိမ့်မည်။ ပန်းရန်ဆရာသည် အဏ္ဏာမလေ
ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ကဒ်ရေရှန်နှင့် အပေါင်းအသင်း မပျက်လို
ကဒ်ရေရှန်၏အိမ်၊ ကဒ်ရေရှန်၏ မြို့ကိုလည်းကောင်း၊ ကဒ်ရေရှန် အပြုအမူအပြောအဆိုမျ
လည်းကောင်း၊ အာနန္ဒီ၏ ချစ်စဖွယ်အပြုအမူများကိုလည်းကောင်း အားလုံးကိုပင် နှစ်သ
သည်။ မိမိ၏စီမံကိန်းအရ ပန်းရန်ဆရာသည် ကဒ်ရေရှန်၏ အကူအညီယူလိုသည်
ဖြစ်လာသည်။

မာဏိက္ကမ်နှင့် အာနန္ဒီကို လက်ထပ်ပေးလိုက်ရလျှင် ဘယ်လိုနေမည်နည်းဟု
ပန်းရန်ဆရာ စဉ်းစားကြည့်သည်။ ကဒ်ရေရှန်တွင် သားယောကျ်ားတစ်ယောက်မှ မရှိ
မာဏိက္ကမ်သည် အိမ်ထောင်ကျပြီးသည့်နောက်ပိုင်း၌ အာနန္ဒီတို့၏ အိမ်တွင် နေရပေလိမ့်မ
ယင်း၊အစီအစဉ်၌ နှစ်ဦးလုံးအကျိုးရှိလာနိုင်သည်။

မာဏိက္ကမ်အကြောင်း စဉ်းစားလိုက်သည်နှင့် မာဏိက္ကမ်နှင့် ဆက်စပ်နေသေ
အကြောင်းအရာတစ်ခု ပန်းရန်ဆရာ၏ စိတ်နှလုံးထဲ ဝင်ရောက်လာသည်။ အဲဒီ
အိမ်ဆောက်သည့်အလုပ် အစပြုသည့်အချိန်အခါကဖြစ်သည်။ တစ်နေ့တွင် ညနေပိုင်း လူ
မသိအောင် ထောင့်တစ်ထောင့်၌ တိတ်တိတ်ကလေးရပ်နေသော မာဏိက္ကမ်သည် မာ
ဝေလေယာ၏သမီးနှင့် ဖက်လဲတကင်းလုပ်နေသည်ကို ပန်းရန်ဆရာ မြင်လိုက်ရသည
ပန်းရန်ဆရာသည် ကင်းအကိုက်ခံလိုက်ရသလို ဖြစ်သွားသည်။ ယင်းအခြေအနေကို မြင်လျ
နှင့် မသိကျိုးကျွံပြုနေပါက နောက်ပိုင်းတွင် ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သည်။ မာ
ဝေလေယာ သိသွားပါက မာဏိက္ကမ်ကို အရှင်လတ်လတ် မြေကြီးထဲ မြှုပ်ပစ်နိုင်သည
မာဏိက္ကမ်သည် လူလားမြောက်လာပြီ။ သူနှင့် မိတ်ဆွေသဘော ပြုမူဆက်ဆံခြင်းသည





သာလျှင် သင့်လျော်ပေလိမ့်မည်။ သူ့ကို ပွင့်ပွင့်လင်းလင်း ဆုံးမကြိမ်းမောင်း၍မဖြစ်ပေ။ မိန်းကလေးတစ်ဦးနှင့် ဆက်ဆံသည့်အခါ အပြုအမူအပြောအဆိုမှစ၍ စိတ်သဘောထား စင်ကြယ်သန့်ရှင်းဖို့လိုသည်ဟူ၍သာလျှင် ပန်းရန်ဆရာသည် မာဏိက္ကမ်အား သတိပေးထားလိုက်လေသည်။

မုတ္တုမ္မာလနှင့် ပွတ်သီးပွတ်သက်နေသော်လည်း မာဏိက္ကမ်သည် အာနန္ဒီအား မြေတစ်ပေါင်ကျိုးတစ်ယောက်က သစ်ကိုင်းပေါ်၌ တွဲကျနေသည့်ပျားအုံကို ကြည့်သကဲ့သို့ ကြည့်နေသည်ကို ပန်းရန်ဆရာ သိသည်။ မုတ္တုမ္မာလနှင့် အရောတဝင်နေခြင်းမှာ ဖျို့ရွယ်မှု၏ အပြစ်သာလျှင်ဖြစ်သည်။ အကယ်၍ ပျားအုံကို လှမ်း၍ဆွဲ၍ရမည်ဟူ၍သာသိလျှင် မာဏိက္ကမ်သည် အရက်ခွက်နောက် ပြေးလိုက်လိမ့်မည်မဟုတ် ဟူ၍ ပန်းရန်ဆရာက အပြည့်အဝ ယုံကြည်စိတ်ချမှုရှိသည်။ ပန်းရန်ဆရာသည် လူ့လောကပတ်ဝန်းကျင်ကို ဂရုတစိုက်ကြည့်သူဖြစ်သည်။ သို့ရာတွင် အာနန္ဒီက သူ့သားကို ချစ်ကြိုက်နေသည်ကိုမူ မသိပေ။

ပန်းရန်ဆရာ၏ အိမ်သည် ဆောက်၍ပြီးတော့မည်။ တစ်နေ့တွင် ညနေချမ်းအချိန်၌ အိမ်ကိုလှမ်းကြည့်ရင်း သစ်ပင်တစ်ပင်အောက်ရှိ ကုလားထိုင်ပေါ်၌ ထိုင်နေသည့် ပန်းရန်ဆရာနှင့် ကဒ်ရေရှန်တို့သည် စကားစမြည်ပြောနေကြသည်။

"ကျွန်တော် အိမ်လည်းဆောက်လို့ပြီးတော့မယ်။ ကျွန်တော့်မှာ အရေးတကြီး လက်ထပ်မင်္ဂလာပွဲတစ်ခု လုပ်ပေးဖို့ ရှိနေတယ်" ယင်းသို့ပြောလျက် ပန်းရန်ဆရာသည် စကားတို့ကြည့်လိုက်လေသည်။

ကဒ်ရေရှန်က စိတ်အားထက်သန်စွာဖြင့် ပန်းရန်ဆရာ၏ မျက်နှာကို လှမ်းကြည့်လိုက်လေသည်။

"သမီးအတွက် ဆရာကြီး စိုးရိမ်ကြောင့်ကြရှိနေသလိုပဲ ကျွန်တော်လည်း သားကြီး မာဏိက္ကမ်အတွက် စိုးရိမ်ကြောင့်ကြမှု ဖြစ်နေရတယ်။ သူက ခု သိတတ်တဲ့အရွယ်ရောက်လာပြီ မဟုတ်လား"

ကဒ်ရေရှန်ထံမှ စကားပြန်ပေါ်မလာပေ။ မျက်နှာအတန်ငယ် ညှိုးရော်သလိုလို ဖြစ်သွားသည်။ ကဒ်ရေရှန်သည် မာဏိက္ကမ်၏ အသိဉာဏ်အစွမ်းအစ လိမ္မာပါးနပ်မှု စသည်တို့ကို ကျေနပ်နှစ်သက်နေသူတစ်ဦးဖြစ်သည်။ သို့ရာတွင် မာဏိက္ကမ်၌ တစ်ခုခုလိုနေသည်ဟူ၍ ထင်နေသည်။ စိတ်ကောင်းစေတနာကောင်း ယဉ်ကျေးမှုစသော ဝေါဟာရစကားလုံးများ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားစိတ်ကူးကြည့်လေသည်။ ယင်းဂုဏ်အင်္ဂါရပ်များထဲက နှစ်ခုသုံးခု မာဏိက္ကမ်တွင် ချို့တဲ့နေသည်ဟူ၍ ကဒ်ရေရှန်က ထင်သည်။

"ဆရာကြီးကလည်း အတွေးလွန်နေလိုက်တာ၊ အကယ်၍ ဆရာကြီး သဘောတူရင် အခုကိစ္စကိုလည်း ဆရာကြီးနဲ့ ပေါင်းပြီး ပြီးမြောက်အောင် လုပ်လိုတယ်။ ကျွန်တော်တို့ မိတ်ဆွေအပေါင်းအသင်းဖြစ်ခဲ့ကြပြီး လုပ်ငန်းစပ်လုပ်လိုက်တဲ့အတွက် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေသဘောဟာ တိုးတက်ကြီးထွားလာတယ်။ မိတ်ဖြစ်ဆွေဖြစ်ကို ဆွေမျိုးသားချင်းအဖြစ် ပြောင်းလဲလိုက်ဖို့ ကျွန်တော် ဆန္ဒရှိနေပါတယ်''

''ခင်ဗျားစိတ်ကူး မဆိုးပါဘူး''ကဒီရေရှန်သည် ရှေ့ဆက်၍ မပြောနိုင် ဖြစ်နေသည်။

''စိတ်ထဲရှိတာ ပြောပြပါ ဆရာကြီး''

''အဏ္ဏာမလေးရဲ့ အာနန္ဒီအကြောင်းကို ပြောလိမ့်မယ်လို့ ကျုပ်က ထင်နေတာ တကယ်လို့ အဲဒီလိုသာလုပ်မယ်ဆိုရင် ကျုပ်အနေနဲ့ ရှည်ရှည်ဝေးဝေး တွေးနေစရာမလိုပါဘူး။ ကျုပ်တို့ နောက်နှစ်နှစ်လောက် ကြာပြီးတဲ့နောက်လည်း ဒီအလုပ်ကို လုပ်နိုင်ကြပါတယ်''

ပန်းရန်ဆရာက ပြောသည်။ ''ဒါလောက် ကုသိုလ်ကံထူးတဲ့ ကံတရား ကျွန်တော့်မှာ ပါမလာဘူးထင်တယ်။ ဆရာကြီးပြောသလို ဖြစ်နိုင်တဲ့ကုသိုလ်ကံမျိုးကို ကျွန်တော်မလုပ်မိဘူး။ ကျွန်တော့် ကုသိုလ်ကံကြယ်ကြွေခဲ့တာကြာပြီ။ ဆွေမျိုးနီးစပ်တော်တဲ့ ဒဏ္ဍပါဏိကို ကျွန်တော်ပေးထားခဲ့တဲ့ ကတိကို ကျွန်တော် မလိုက်နာလို့ မဖြစ်ဘူး။ ကတိပေးပြီး ကတိဖျက်တဲ့အကျင့်မျိုး ကျွန်တော့်မှာမရှိဘူး။ ဒါကြောင့် အာနန္ဒီကို ကျွန်တော့်သားကြီးနဲ့ လက်ဆက်ပေးလိုတဲ့စိတ်ဆန္ဒ ဖြစ်ပေါ်နေတာပါ''

ကဒီရေရှန်သည် အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ ပန်းရန်ဆရာက ဒဏ္ဍပါဏိအား ယင်းသို့ ကတိပေးထားသည်ဆိုသည်ကို သူမသိပေ။ ထို့နောက် ပန်းရန်ဆရာအား ပြောရန်အတွက် သူ့ထံတွင် ဘာမှမကျန်တော့ပေ။ တဖန် ခပ်မဆိတ်ဖြစ်သွားပြန်သည်။ အတွေးရေယဉ်ကြောတွင် မျောသွားပြန်သည်။ မာဏိက္ကမ်တွင် လိုအပ်သည်ထက် ပိုနေသော ပါးနပ်မှုကို မြင်ရသည့်အတွက် ကဒီရေရှန် ထိတ်လန့်ကြောက်ရွံ့နေသည်။ မာဏိက္ကမ်၏ ဓာတ်ပုံသဏ္ဌာန်ကိုကြည့်ပြီးလျှင် အမှုတ္တအတွင်းသန္တာန်သို့ ဝင်လျက် အမှုတ္တအတွင်းသန္တာန်ထဲက ဂုဏ်အင်္ဂါရပ်အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုပြီးသည့်နောက်၌လည်း ကဒီရေရှန်၏ စိတ်နှလုံးထဲက ယုံမှားသံသယသည် ရွေ့လျားပျောက်ကွယ်မသွားပေ။ မာဏိက္ကမ်နှင့် ယှဉ်လိုက်လျှင် အဏ္ဏာမလေကိုသာ မိမိ၏သားမက်ဖြစ်နိုင်သည့် အရည်အချင်းရှိသူဟူ၍ ကဒီရေရှန်က ထင်မှတ်ထားသည်။ကဒီရေရှန်သည် သူတို့နှစ်ယောက်အနက် အဏ္ဏာမလေကို ပို၍ချစ်သည်။ အကြောင်းအရာမှာ ဤမျှသာဖြစ်သည်။ အာနန္ဒီသည် အဏ္ဏာမလေကို ချစ်သည်ဟူ၍လည်း ကဒီရေရှန်က တွက်ထားသည်။

မိမိ၏အဆုံးအဖြတ်ကို ပြောမပြမီ ကဒီရေရှန်သည် အကြောင်းအမျိုးမျိုးကို စဉ်းစား စိတ်ကူးကြည့်သည်။

ပန်းရန်ဆရာက မေးလိုက်သည်။

''ကဲ ဆရာကြီး ဘယ်လိုစိတ်ကူးရသလဲ''





''စဉ်းစားပြီးမှ ပြောပါရစေ၊ အာနန္ဒီလည်း သူငယ်နှပ်စားအရွယ် မဟုတ်တော့ဘူး။ လက်ထပ်မင်္ဂလာပြုလုပ်ပြီးတဲ့အခါ သူ့အနေနဲ့ တစ်သက်လုံး ကိုယ့်လင်သားနဲ့အတူ အိမ်ထောင်သားမွေးလုပ်သွားရလိမ့်မယ်။ သူ့သဘောထားကို တီးခေါက်ကြည့်ပြီးတဲ့နောက်မှ ကျုပ် မိတ်ဆွေကို အဖြေပြန်ပေးပါ့မယ်''

ပန်းရန်ဆရာက ပြောသည်။

''ဆရာကြီး အထပ်ပြောသလိုသာ အဖြေပေးပါ။ ကျွန်တော် အရေးတကြီးမဟုတ်ပါဘူး။ တကယ်လို့ ဆရာကြီး အခြားတစ်ဦးဦးရဲ့ သမီးကို လက်ထပ်ထိမ်းမြားပေးမယ်ဆိုရင်လည်း ဆက်ဆက်လုပ်ပါ။ ကျွန်တော် ဝင်မစွက်ပါဘူး။ ဒါပေမဲ့ တစ်ခြားနည်းလမ်းကြည့် မမြင်တဲ့အခြေအနေမှာ အခု အခွင့်အရေးကိုတော့ လက်မလွှတ်သင့်ဘူးထင်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အာနန္ဒီနဲ့ ဆွေးနွေးတိုင်ပင်ကြည့်ပါ ဆရာကြီး''

ကဒီရေရှန်၏ ကိုယ်ခန္ဓာသည် တုန်လှုပ်သွားလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ သူ အာနန္ဒီနှင့် ဘယ်လိုလုပ် စကားပြောမည်နည်း။

✦ ✦ ✦

ကဒီရေရှန်သည် အာနန္ဒီအား ပန်းရန်ဆရာက သူနှင့် မာဏိက္ကမ်ကို လက်ထပ်ထိမ်းမြားပေးလိုသည်ဆိုသည့်အကြောင်းကို ပြောမပြပေ။ သို့ရာတွင် ပန်းရန်ဆရာကမူ ထိုအကြောင်းကို မာဏိက္ကမ်အား ပြောပြလိုက်လေသည်။ မာဏိက္ကမ်အား ''ကဒီရေရှန်က အာနန္ဒီကိုမေးကြည့်ပြီး ငါ့ကို စကားပြန်မယ်လို့ပြောတယ်''ဟူ၍ ပြောပြထားသည်။

ကဒီရေရှန်သည် အာနန္ဒီအား ဤကိစ္စနှင့်ပတ်သက်၍ မည်သို့မျှမပြောနိုင် မဆိုနိုင် ဖြစ်နေလေသည်။ ယင်းသို့ဖြစ်ရခြင်း၌ အကြောင်းအချို့ရှိသည်။ သူ၏စကားကို ကြားရလျှင် အာနန္ဒီသည် စိတ်နှလုံးမချမ်းမသာ ဖြစ်သွားနိုင်သည်။ သို့မဟုတ်ကလည်း ယင်းအဆိုပြုချက်ကို မိမိဖခင်၏အလိုဆန္ဒဟူ၍ ထင်မှတ်ပြီးလျှင် မိမိမလိုလား မနှစ်သက်သော ထိုပေါင်းသင်းဆက်ဆံမှုအတွက် သဘောတူလျှင်လည်း တူသွားနိုင်သည်။ ကဒီရေရှန်သည် ယင်းအခြေအနေနှစ်မျိုးလုံးကို ဖြစ်ပေါ်စေလိုသည့်ဆန္ဒမရှိပေ။ အဏ္ဏာမလေကို ဆန္ဒရှိ စောင့်နေသည်ဟူသော အချက်သည်လည်း အာနန္ဒီအတွက် ဘယ်မှာ လျှို့ဝှက်ချက်ဖြစ်နိုင်မည်နည်း။

လက်ထပ်မင်္ဂလာအကြောင်း ပြောပြရင်း ပန်းရန်ဆရာက သူ့ကို နောက်ဆုံး သတိပေးစကား ပြောသွားသည်ကို ကြားလိုက်ရသည့်အတွက် ကဒီရေရှန်သည် အလွန်တရာ စိတ်မချမ်းမသာ ဖြစ်သွားသည်။ အာနန္ဒီတွင် အမျိုးဇာတ်နောင်ဖွဲ့မှု မရှိသောကြောင့် တစ်ခြားတစ်နေရာရာ၌ သူ့ကို လက်ထပ်ပေးဖို့ရန်မှာ မလွယ်ကူကြောင်းကို ပန်းရန်ဆရာက အရိပ်အမြွက် ပြောပြသွားသည်။ ကဒီရေရှန်အနေနှင့် မာဏိက္ကမ်မှလွဲ၍ တခြားသားမက်ရှာဖို့ မလွယ်ဟူ၍ ပန်းရန်ဆရာက ပြောပြသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဒီရေရှန် စဉ်းစားကြည့်သည်။

"ယခုလို စိတ်ကူးပြီး ငါ အာနန္ဒီကို မာဏိက္ကမ် လက်ထဲ အပ်နှင်းလိုက်ရမည်လား။ မိန်းကလေးပေါင်းများစွာ အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနှင့် တစ်သက်လုံးနေသွားကြသလို ငါ့သမီး အာနန္ဒီလည်း နေသွားပေလိမ့်မည်"

အာနန္ဒီ သဘောမတူဘဲနှင့် တစ်သက်တာ ဝန်ထုပ်ဝန်ပိုးကြီးကို သူ့ခေါင်းပေါ် ရွက်စေဖို့ ကဒီရေရှန်တွင် အစွမ်းသတ္တိမရှိပေ။

ကဒီရေရှန်သည် အမှုမဲ့အမှတ်မဲ့သာ အချိန်ဖြုန်းနေလေသည်။ ပန်းရန်ဆရာက လည်း နောက်ပိုင်းတွင် ထိုကိစ္စနှင့်ပတ်သက်၍ စကားမစတော့ပေ။ မာဏိက္ကမ်သည် သူ၏ ပါးနပ်လိမ္မာမှုဖြင့် အခြေအနေကို မိမိအလိုကျ ပုံသွင်းယူနိုင်သူဟူ၍ ပန်းရန်ဆရာက ယုံကြည် စိတ်ချထားသည်။ ထို့ကြောင့် တာဝန်ဟူသမျှကို မာဏိက္ကမ်အပေါ်၌သာလျှင် ပုံချထားလိုက် သည်။

အခြေအနေသည် ပန်းရန်ဆရာ၏ အလိုကျဖြစ်နေသည်။ အိမ်လည်း ဆောက်လုပ် ပြီးစီးသွားပြီ။ အိမ်ထောင်မိသားစုနှင့် အတူတကွ ထိုအိမ်သစ်တွင် ပြောင်းရွှေ့နေထိုင်လိုက် ကြသည်။ မာဏိက္ကမ်တို့က ပန်းရန်ဆရာ၏ အိမ်အပေါ်ထပ် နေကြသည်။ ဘီအေအောင် ပြီးသောအခါ အာနန္ဒီ ကျောင်းထွက်လိုက်လေသည်။

ဆုန္ဒရီသည် အာနန္ဒီအား ကျောင်းတက်လိုသည့် ဆန္ဒမရှိဟု ပြောခဲ့ဖူးသည်။ ထိုနည်းအတိုင်းပင် အာနန္ဒီလည်း ကျောင်းဆက်တက်လိုသည့် ဆန္ဒမရှိတော့ပေ။

ပန်းရန်ဆရာ၏ အိမ်တက်မင်္ဂလာပွဲ၌ အဏ္ဏာမလေးအတွက် စက္ကူတာအသစ် တစ်စီး ဝယ်လာလေသည်။ အဏ္ဏာမလေးသည် စာမေးပွဲအောင်၍ နောက်တစ်ဆင့်တက်သွားသည်။ ဆေးရောင်စုံပန်းချီကား ရေးဆွဲသည့် အလေ့အကျင့်ကို ပြုလုပ်ရပေတော့မည်။ ယမန်နှစ် စာမေးပွဲအောင်စဉ်က ဒဏ္ဍပါဏီသည် အဏ္ဏာမလေးအား မည်သည့်ဆုကိုမျှ မပေးခဲ့ပေ။ ယခု ထိုအိမ်တက်မင်္ဂလာအခမ်းအနား၏ ဂုဏ်သရေကို တိုးမြှင့်စေရန်အတွက် ဒဏ္ဍပါဏီသည် ပန်းရန်ဆရာတို့ ချေးထားသောအကြွေးကို အတိုးနှင့်တကွ အရင်းကိုပါ ပေးဆပ်လိုက်သည်။ သူ့ထံတွင် ရုတ်တရက် ငွေကြေး အစုလိုက်အပုံလိုက် ဝင်လာမစဲဖြစ်နေသည်။

အခမ်းအနားတွင် ဧည့်သည်များအားကြိုဆိုဧည့်ခံရန် မာဏိက္ကမ်နှင့် ဆုန္ဒရီက တာဝန်ယူကြသည်။ ယင်းအလုပ်မှာ အပိုသက်သက်ဖြစ်သည်ဟူ၍ အဏ္ဏာမလေးက ယူဆ သည်။ ထို့ကြောင့် အိမ်သို့ရောက်လာကြသည့် ဧည့်သည်များနှင့် သွားရောမနေပေ။ ဆုန္ဒရီက လည်း သူ့ကို သီးခြားတစ်နေရာသို့ခေါ်၍ စကားစမြည် မပြောအားပေ။ အဏ္ဏာမလေးအတွက် စက္ကူတာအသစ်သည် မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုးတစ်ခုပမာဖြစ်လာသည်။

အခမ်းအနားတွင် ဆုန္ဒရီသည် အာနန္ဒီအား သူနှင့်အတူ ဆွဲခေါ်လာသည်။ စက္ကူတာအသစ်ကိုပြပြီး ပြောလိုက်လေသည်။





"မမလည်း မမဖေဖေကိုပြောပြီး အစ်ကိုမာဏိက္ကမ်အတွက် စက္ကူတာတစ်စီး ဝယ်ပေးပါလား။ သူ့ကို ဒရိုင်ဘာလုပ်ပြီး စက္ကူတာပေါ်မှာ သူ့နောက်ကစီးပြီးတော့ ဟိုဟိုဒီဒီ အပျော်သွားလို့ရတာပေါ့"

အာနန္ဒီသည် အကြောင်းစုံကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်သွား သည်။ ဆုန္ဒရီနှင့် ပထမဆုံးအကြိမ်တွေ့စဉ်က "မမ ကိုယ်ကြိုက်တဲ့လူနဲ့ လက်ထပ်ထိမ်းမြား ပါလား"ဟူ၍ ဆုန္ဒရီပြောခြင်းမှာ မည်သည့်ပုဂ္ဂိုလ်ကိုမှ ရည်ရွယ်၍ ပြောသည့်ဆိုသည့် အကြောင်းကို သူ နားလည်သွားသည်။ မိမိတို့အိမ်နှင့် အဏ္ဏာမလေးတို့အိမ်ကို အတူယှဉ်တွဲ၍ ဆောက်လုပ်သည်ကို တွေ့ရသောအခါ အာနန္ဒီသည် လေထဲ တိုက်အိမ်ဆောက်မိလေသည်။

အိမ်နှစ်ဆောင်ဆောက်လုပ်ပြီးသောအခါ၌မူ အာနန္ဒီသည် လေထဲတွင် ဆောက်သည့် သူ၏ တိုက်အိမ်ကို ဖြိုဖျက်ပစ်လိုက်ရလေသည်။ အိမ်တက်အခမ်းအနားသည်ပင်လျှင် ထိုလေထဲဆောက်သည့်တိုက်အိမ်၏ ဈာပနအခမ်းအနားသဖွယ် ဖြစ်နေသည်။

အာနန္ဒီတို့အိမ်၏ အိမ်အနီး၌ကပ်လျက် အိမ်ဆောက်ပြီးသောအခါ မာဏိက္ကမ်နှင့် အဏ္ဏာမလေးတို့သည် အာနန္ဒီတို့၏အိမ်သို့ သွားလာဝင်ထွက်လုပ်နေကြသည်။ မာဏိက္ကမ်သည် မည်သည့်အခါ၌မဆို တစ်ယောက်တည်းသာလျှင် အာနန္ဒီတို့၏ အိမ်သို့သွားသည်။ တစ်နေ့တွင် မာဏိက္ကမ်သည် အာနန္ဒီ ဘီအေအောင်သည့်အကြောင်း သိရသဖြင့် အာနန္ဒီအား တစ်ရာကျော် တန် ဆုတစ်ဆု လာပေးသည်။ ဆုကို ကဒီရေရှန်၏ ရှေ့မှောက်၌ပေးသည်ဖြစ်၍ အာနန္ဒီသည် မာဏိက္ကမ်ပေးသည့်ဆုကို ငြင်းဆန်ဖို့ရန် မလွယ်ဖြစ်သွားသည်။ ထိုဆုမှာ ဆပ်ပြာ၊ ဘီး၊ ပေါင်ဒါဘူး စသည်တို့ ထည့်ထားသည့် ငွေသေတ္တာတစ်လုံးဖြစ်သည်။

မာဏိက္ကမ်သည် အာနန္ဒီနှင့် တွေ့ခွင့်စကားပြောခွင့် မကြာခဏရရှိသည်။ သို့ရာတွင် မာဏိက္ကမ်သည် အာနန္ဒီအား တစ်စုံတစ်ရာ မပြောရဲမဆိုရဲ ဖြစ်နေသည်။ တစ်စုံတစ်ခုမေးရန် အာသာဆန္ဒပြင်းပြနေသော်လည်း ခပ်မဆိတ်သာနေသည်။ တစ်စုံတစ်ခု မေးလိုက်သည်ဖြစ်၍ အကယ်၍ သူ့စကားကို အာနန္ဒီ လက်မခံပါက အာနန္ဒီတို့၏အိမ်၌ မြေချ၍ရတော့မည်မဟုတ် ဟူ၍ မာဏိက္ကမ် နားလည်ထားသည်။ မာဏိက္ကမ်သည် အာနန္ဒီအား သူ၏ဇာတာစန်းလင် နတ်ဒေဝီဟူ၍ ထင်မှတ်ယူဆထားသည်။ ထိုနတ်ဒေဝီသည် သူကိုယ်တိုင်က နှစ်မြို့က် သဘောကျပြီး မိမိအား ဆုနှင်းရန် မာဏိက္ကမ်ကြိုးစား အားထုတ်နေသည်။ မိမိအကြောင်းကိုမူ ဖွင့်ဟပြီး ဘာမှပြောမပြပေ။ သို့ရာတွင် အမူအရာအားဖြင့်မူ အာနန္ဒီကိုမှမရလျှင် သူ့အသက် သေဖို့ရာသာ ရှိတော့သည်ဟူသောအချက်ကိုမူ အာနန္ဒီအား ပြောပြနေသည်။ ပန်းရန်ဆရာ သတိပေးထားသည့်အတွက် မာလီ၏သမီး မုက္တမ္မာလကိုမူ လှည့်၍ပင် မကြည့်တော့ပေ။

ထိုအချိန်အတောအတွင်း၌ ကဒီရေရှန်သည် အလွန်တရာ စိတ်မချမ်းမသာ ဖြစ်နေ သည်။ အာနန္ဒီသည် လူလားမြောက်လာပြီ။ မိမိ၏အကောင်းအဆိုးကို နားလည်သည်။ ထို့ကြောင့် အာနန္ဒီကိုယ်တိုင် သူ့ကို တစ်စုံတရာလာပြောလိမ့်မည်ဟူ၍ ကဒီရေရှန် စောင့်စား



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ မာဏိက္ကမ်သည် စိတ်မြန်ကိုယ်မြန် တစ်ဦးဖြစ်သည်။ သို့ရာတွင် အာနန္ဒီ၏ စိတ်သဘောကို ကောင်းစွာနားလည်ထားသောကြောင့် သင့်လျော်မည့်အခွင့်ကိုသာလျှင် စောင့်စားနေသည်။ ပန်းရန်ဆရာသည် ကာဒီရေရှုန်၏ ဆုံးဖြတ်ချက်ကိုသိရန် ငံ့လင့်နေသည်။

အာနန္ဒီသည် မည်သည့်အရာကိုဖြစ်ဖြစ် စောင့်စားမနေတတ်ပေ။ သည်းခံစိတ်ရှိသူဖြစ်သော်လည်း တိတ်တဆိတ်ထိုင်မနေနိုင်ပေ။ သူနှင့်ပတ်သက်၍ အဏ္ဏာမလေ မည်သို့စဉ်းစားစိတ်ကူးသည်ကို ချက်ချင်းလက်ငင်း သိလိုသည့်ဆန္ဒရှိနေသည်။ အိမ်ရှိလူများသာမက တစ်တိုင်းပြည်လုံးနှင့် တစ်ကမ္ဘာလုံးရှိ လူတွေအားလုံးပေါင်း၍ အဏ္ဏာမလေနှင့် ဆုန္ဒရီလက်ထပ်ဖို့ရန် ကြိုးစားကြိုးစား သူ့အနေနှင့် ကန့်ကွက်စရာ ဘာမှမရှိပေ။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ အဏ္ဏာမလေက မည်သို့သဘောထားသည်ဆိုသည်ကို သူသိလိုသည်။ အဏ္ဏာမလေသည် ဆုန္ဒရီကို ချစ်ကြိုက်နေသလား။ သို့မဟုတ် ဆုန္ဒရီသည် အဏ္ဏာမလေအတွက် စိတ်ဝင်စားစရာသက်သက်တစ်ခုမျှသာ ဖြစ်နေသလား။ ယင်းအခြေအနေနှစ်မျိုး၏ ခြားနားချက်ကို အဏ္ဏာမလေ သိရှိနားလည်ရဲ့လား။

အာနန္ဒီသည် အဘယ်ကြောင့် မာဏိက္ကမ်အား လုံးလုံးလစ်လျူရှုမထားသည် မသိပေ။ ဆင်းရဲသူတစ်ဦးဖြစ်သောကြောင့် အာနန္ဒီသည် မာဏိက္ကမ်အား ကိုယ်ချင်းစာနာမှု ထားသည်။ မာဏိက္ကမ်သည် သူ၏ခင်မင်သည့် မိတ်ဆွေအပေါင်းအသင်း အဆင့်လောက်သာ ရှိသည်။ မာဏိက္ကမ် ပင်ပင်ပန်းပန်း၊ အလုပ်လုပ်သည်ကို မြင်ရသောအခါ အံ့သြမိသည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ ဤမျှသာဖြစ်သည်။ အကယ်၍ မာဏိက္ကမ်က လက်ထပ်ထိမ်းမြားရေးနှင့်ပတ်သက်၍ တစ်စုံတရာမေးပါက အာနန္ဒီ၏ထံ၌ "ကျွန်မကိုတောသည်းခံပါ"ဟူသည့်အဖြေသည် အဆင်သင့်ပင်ရှိနေသည်။

မိမိလည်း ရာရဒါ သို့မဟုတ် တခြားမိန်းကလေးများစွာကဲ့သို့ပင် တစ်ကိုယ်တည်းနေသွားမည်ဟူ၍ အာနန္ဒီ စဉ်းစားထားသည်။ ဆာလောင်မွတ်သိပ်သော်လည်း ကျားသည်မြက်ကို မစားပေ။ ယင်းသို့အားဖြင့် မိမိ၏ ချစ်ကြိုက်သူနှင့် လက်မထပ်ရသည့်အခြေအနေ၌ တခြားတော်ရာရော်ရာ တစ်ဦးတစ်ယောက်နှင့် လက်ထပ်ဖို့ အဘယ်မှာ လိုမည်နည်း။

အာနန္ဒီသည် အဏ္ဏာမလေအကြောင်း စဉ်းစားရင်းနှင့် စိတ်လှုပ်ရှားနေသည်။ တစ်နေ့တွင် အဏ္ဏာမလေနှင့် စကားပြောရန် အဏ္ဏာမလေတို့၏ အိမ်သို့ လာခဲ့သည်။ အဏ္ဏာမလေ အနုပညာကောလိပ်မှ ပြန်မရောက်လာလေပြီ။ အတန်ကြာမျှ မီနာချီအမ္မာလနှင့် စကားပြောနေပြီးနောက် အာနန္ဒီသည် အဏ္ဏာမလေ၏အခန်းထဲသို့ ဝင်သွားသည်။ ခါတိုင်းကဲ့သို့ပင်အခန်းတွင်းရှိ ဘီရိုထဲတွင် အဏ္ဏာမလေ၏ကော်ပီစာအုပ်ကို ထုတ်လျက် လှန်လှောကြည့်သည်။

အာနန္ဒီသည် ဘယ်ပုံဘယ်နည်း စကားစရမည်နည်းဟူ၍ စဉ်းစားစိတ်ကူးနေသည်။ အဏ္ဏာမလေအား မည်သည့်အရာကိုမေးမည်နည်း။ မည်သို့ မေးမည်နည်း။





"ရှင် …ကျွန်မကို ဘယ်ပုံဘယ်နည်းချစ်သနည်း။ ဆုန္ဒရီကို ဘယ်ပုံဘယ်နည်းချစ်သနည်း" ယင်းသို့ အာနန္ဒီသည် အဏ္ဏာမလေအား တိုက်ရိုက်မေး၍ မဖြစ်ပေ။ အဏ္ဏာမလေအား ယင်းကဲ့သို့သော မေးခွန်းများကိုမေးခြင်းသည် ဘယ်အထိ သင့်လျော်လျောက်ပတ်မည်နည်း။ အာနန္ဒီသည် သူ့ကိုယ်သူ မေးခွန်းထုတ်ကြည့်နေသည်။

နောက်ဆုံး၌ အာနန္ဒီသည် နည်းလမ်းတစ်ခုတွေ့သွားသည်။ အဏ္ဏာမလေအား ပြောပြမည်။ "မာဏိက္ကမ်ရဲ့ အပြောအဆိုနဲ့ အပြုအမူတွေကိုကြည့်ရတာ ကျွန်မနဲ့ လက်ထပ်ချင်နေပုံရတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရှင် ဘယ်လိုသဘောရသလဲ" ယင်းစကားကို ကြားရလျှင် အဏ္ဏာမလေသည် အကြီးအကျယ် စိတ်ထိခိုက်သွားပေလိမ့်မည်။

"အကယ်၍ ငါပြောတဲ့စကားကို ကြားရလျှင် အဏ္ဏာမလေ စိတ်မချမ်းမသာဖြစ်သွားလျှင်ဖြစ်စေ၊ စိတ်ဆိုးမာန်ဆိုးဖြစ်သွားလျှင်ဖြစ်စေ၊ သို့မဟုတ် မနာလိုဝန်တို ဖြစ်သွားလျှင်ဖြစ်စေ၊ ငါ သူ့ကို နားလည်တာ မမှားဘူးလို့ ယူဆရလိမ့်မယ်။ သူ့အတွင်းစိတ်ကို အမှန်အတိုင်း နားလည်တဲ့အထိ ငါစောင့်နိုင်တယ်။ တကယ်လို့ သူ ငါ့စကားကို ကြားရပြီး ဝမ်းသာအားရဖြစ်သွားရင်တော့ ငါ့ကံကြမ္မာပဲလို့ ယူဆပြီး တိတ်တိတ်နေလိုက်ရုံပဲရှိတယ်"

ယင်းသို့ တွေးတောစိတ်ကူးရင်း အာနန္ဒီသည် အဏ္ဏာမလေ ရေးဆွဲထားသည့်ပုံများကို ဟိုလှန်သည်လှန်ကြည့်နေသည်။ အဏ္ဏာမလေ၏ ကော်ပီစာအုပ်ထဲမှ ပုံတစ်ပုံထွက်လာပြီး ကြမ်းပြင်ပေါ်ကျသွားသည်ကို အာနန္ဒီ ရုတ်တရက် တွေ့မြင်လိုက်ရသည်။ ထိုပုံကို ကောက်ယူပြီးကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ ကိုယ်ခန္ဓာသည် ခြင်းထန့်စွာ တုန်လှုပ်သွားသည်။ အဏ္ဏာမလေရေးဆွဲထားသော ပန်းချီပုံများကို ကြည့်ရှုသည့်အခါများ၌ အာနန္ဒီ၏ မျက်လုံးတွင် အမြဲမပြတ် ဝင်းလက်တောက်ပလာခဲ့သည် မဟုတ်လား။ ထိုအခါ၌မူ သူ့မျက်လုံး၏ ရှေ့မှောက်၌ အမိုက်မှောင် လွှမ်းသွားလေသည်။

✦ ✦ ✦

အာနန္ဒီသည် မျက်လုံးကို သေချာစွာမှတ်ပြီးလျှင် စိတ်ကိုတင်းလျက် ထိုပုံကိုကြည့်လိုက်သည်။ ထိုပုံသည် ဆုန္ဒရီ၏ပုံဖြစ်နေသည်။

မိမိ၏ရုပ်ပုံကို ရေးဆွဲစေရန်အတွက် ဆုန္ဒရီသည် ဤပုံစံမျိုးဖြင့် မည်သို့မည်ပုံထိုင်ပါလိမ့်။ ဤပုံစံမျိုးဖြင့်ထိုင်နေသော ဆုန္ဒရီကိုကြည့်၍ အဏ္ဏာမလေသည် မည်သို့မည်ပုံ ဆုန္ဒရီ၏ ရုပ်ပုံကို ဆွဲပါလိမ့်။ အာနန္ဒီသည် သူ၏မျက်လုံးကိုပင် မယုံကြည်သလို ဖြစ်လာသည်။ ခေတ်အဆက်ဆက်ကစ၍ နူးညံ့ပျော့ပျောင်းမှုအပြည့်ရှိသော မိန်းမသား၏ ကိုယ်ကာယအလှသည် ပန်းချီဆရာနှင့် ပန်းပုဆရာတို့အား စိတ်ပါဝင်စားလာခဲ့စေသည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းအလှသည် ထိုအနုပညာရှင်တို့၏ စိတ်ကူးစွမ်းအားနှင့် အနုပညာစွမ်းရည်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ကြီးထွားလာခဲ့စေသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ပန်းချီဆရာ၏ သမီးဖြစ်သည့်အတွက် အာနန္ဒီသည် ယင်းအချက်ကို ကောင်းစွာ နားလည်သဘောပေါက်ထားသူဖြစ်သည်။

သို့ရာတွင် ဆုန္ဒရီသည် 'မိုဒယ်'မဟုတ်ပေ။ ဆုန္ဒရီနှင့် 'မိုဒယ်'တွင် ခြားနားချက် ရှိသည်။ ယောက်ျားတစ်စုံတစ်ယောက်နှင့် တစ်နည်းနည်းအားဖြင့် ဆက်စပ်နေသော မိန်း[မ] တစ်ယောက်ယောက်သည် ထိုယောက်ျား၏ သားမယားပင်ဖြစ်နေစေကာမူ အိန္ဒိယပြည်[၏] ပတ်ဝန်းကျင်၌နေလျက် ယင်းကဲ့သို့ 'ပို့စ်'မျိုး ကို ဘယ်မှာ ပေးနိုင်မည်နည်း။ ဆုန္ဒရီသ[ည်] ပန်းချီပညာ လေ့လာသင်ကြားသော ကျောင်းသားများ၏ ရှေ့မှောက်၌ 'မိုဒယ်'တစ်ယော[က်] ယောက်က 'ပို့စ်'ပေးသည့် ပုံမျိုးဆန်ဆန် 'ပို့စ်'မျိုးနှင့် ထိုင်နေသည်။ သို့ရာတွင် 'မိုဒယ်' အဖြစ်ထိုင်နေသော မိန်းမပျိုသည် ပန်းချီရေးဆွဲနေသူအား ဤကဲ့သို့သော အဓိပ္ပာယ်ပါသ[ည့်] အကြည့်မျိုးဖြင့် မကြည့်ပေ။ 'မိုဒယ်'၏ မျက်နှာမှလည်းကောင်း၊ တခြား ကိုယ်လက်အ[င်္ဂါ] အစိတ်အပိုင်းများမှလည်းကောင်း၊ ယင်းကဲ့သို့သော အဓိပ္ပာယ်ရှိသည့် အမူအရာမျိုး ပေါ်ပေါ[က်] လာသည်ကို မတွေ့ရပေ။ ယင်းပုံစံမျိုးဖြင့် ထိုင်နေသော မိန်းမပျိုတစ်ယောက်၏ပုံ[ကို] အဏ္ဏာမလေသည် အရှုံးအမှုးမဖြစ်ဘဲနှင့် မည်ကဲ့သို့ ဆွဲနိုင်မည်နည်း။

စက္ကူပေါ်၌ရေးခြစ်ထားသည့် လိုင်းအချို့ကိုကြည့်လျက် အာနန္ဒီသည် ဆုန္ဒရီတို့ အိမ်အပေါ်ထပ်ရှိအခန်းကို သွားသတိရသည်။ အဏ္ဏာမလေသည် ထိုရုပ်ပုံကို ဆုန္ဒရီတို့ အိမ်၌ ထိုင်၍ ရေးဆွဲခြင်းဖြစ်လိမ့်မည်ဟူ၍ အာနန္ဒီ စဉ်းစားမိလေသည်။ တစ်ခဏအတော အတွင်း၌ပင် သူ၏စိတ်နှလုံးထဲ၌ ရှိနေသော အဏ္ဏာမလေနှင့် ပတ်သက်သည့် လေးစားမှုသ[ည်] စက်ဆုတ်ရွံရှာဖွယ်အဖြစ် ပြောင်းလဲသွားသည်။ ယင်းသို့ဖြစ်ရခြင်းသည် အဏ္ဏာမ[လေ၏] အနုပညာကို ထူးထူးခြားခြား ချစ်ခင်မြတ်နိုးခြင်း၏ ဆိုးကျိုးဖြစ်လေသလော။ သို့တည်း မဟုတ် အဏ္ဏာမလေတွင် တခြားအမျိုးအစား သရဲမရဲ စီးနေသလော။ ယောက်ျားတိုင်းသ[ည်] မာဃဂိတ္တမ်ကဲ့သို့ပင် တစ်ပုံစံတည်း ထွင်းထုထားခြင်းများ ဖြစ်သလော။ အာနန္ဒီသ[ည်] ထိုပန်းချီကားကို ကြာရှည်စွာ ကြည့်မနေနိုင်တော့ပေ။ ထိုပန်းချီကားကို ဆုတ်ဖြဲ[၍] လွှင့်ပစ်ချင်လောက်အောင် ဒေါသထွက်လာသည်။ အပြင်ဘက်၌ စကူတာရပ်သံ ကြားလိုက် လေသည်။ အာနန္ဒီသည် ပန်းချီကားကို ကော်ပီစာအုပ်ထဲတွင် ညှပ်လျက် ကော်ပီစာအုပ်ကို သူနေရာသူ ပြန်ထားလိုက်သည်။ အလွန်တရာ စိတ်ဆိုးမာန်ဆိုးလည်း ဖြစ်နေသည်။ အိမ်[ထဲသို့] အဏ္ဏာမလေ ဝင်မလာခင် ထိုအိမ်မှ ထွက်သွားလိုသည့် ဆန္ဒဖြစ်ပေါ်လာသည်။ သို့ရာတွ[င်] အဏ္ဏာမလေကို ချစ်နေသောချစ်စိတ်က သူ့ကို ဟန့်တားလိုက်လေသည်။

ထိုအိမ်သို့ မိမိလာရခြင်းအကြောင်းကို စဉ်းစားဆင်ခြင်လျက် အာနန္ဒီသည် တပြီးလျှင် ပြတင်းပေါက်အနားကပ်လာလျက် အပြင်ဘက် လှမ်းကြည့်လိုက်လေသည်။

အဏ္ဏာမလေတစ်ယောက်တည်း ပြန်မလာပေ။ စကူတာပေါ်၌ သူ၏နောက်က ဆုန္ဒရီ ထိုင်နေသည်။ ဆုန္ဒရီ၏ ဆာရီစသည် လေထဲတွင် လွင့်နေသည်။ အမြန်စီးလာသည့်



စကူတာ ရုတ်တရက် ရပ်သွားသောကြောင့် ဆုန္ဒရီသည် အဏ္ဏာမလေ၏ ကျောနှင့် အရှိန်ပြင်းစွာ ထိကပ်သွားသည်။ ထို့နောက် ဆုန္ဒရီသည် အောက်ခုန်ချလိုက်သည်။ အာနန္ဒီက ယင်းအရာ များလုံးကို မတွေ့ချင်မြင်ရက်သား ဖြစ်နေသည်။

အာနန္ဒီသည် ရုတ်တရက် သူတို့မမြင်အောင် အိမ်ထဲဝင်သွားပြီးလျှင် နောက်ဖေး ပေါက်မှထွက်လျက် သူ့အိမ်ပြန်သွားသည်။ အိမ်ထဲ၌ မီနာချီအမ္မာလသာ ရှိနေပါမူ အာနန္ဒီအား ယင်းသို့ ဒေါသကြောင့် တုန်နေသည်ကို မုချတွေ့မြင်သွားမည်မှာ အမှန်ဖြစ်သည်။ သူ၏အိမ်သို့ ရိုးရိုးပင် လျှောက်လာသလား။ သို့မဟုတ် ပြေးလာသလားဆိုသည်ကို အာနန္ဒီ မသိလိုက်ပေ။ အပြင်းအထန် မောဟိုက်သွားပြီးလျှင် လှေကားကို အထစ်ပေါင်းများစွာ ကျော်တက်လျက် သူ့အခန်းထဲ ဝင်သွားသည်။ အခန်းထဲ၌ ပက်လက်ကုလားထိုင်ပေါ်တွင် ကိုယ်ကို ပစ်ချ လိုက်သည်။ ဦးခေါင်းတွင် တက်လာသောအပူရှိန်ကြောင့် ဆံထုံးတွင် ပန်ထားသော စံပယ်ပန်း သည် ညှိုးနွမ်းသွားသည်။ မျက်ရည်ကို ဟန့်တားမထားနိုင်တော့ပေ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ဟု အာနန္ဒီထင်နေသည်။ သူ၏ အိပ်မက်သည် ကျိုးပျက်ပြီး ပြန့်ကြဲသွားပြီဟု တွေးမိလေသည်။ ထိုအချိန်၌ သူ၏ဖခင်၊ သူ၏အဖွား၊ အိမ်ရာခြံမြေ၊ ပန်း၊ ပန်းချီကား၊ ပန်းပုရုပ်တု၊ ပညာသင်ကြားရေး၊ အားလုံးတို့သည် တစ်ခုမကျန် အချည်းနှီးအလဟဿသာ ဖြစ်ကုန်ကြသည်ဟူ၍ ထင်မှတ်သွားသည်။ မိမိ ကိုယ်ကို သရဲဘောကြောင်သူဟူ၍လည်းကောင်း၊ ဘဝတစ်လျှောက် နေသွားပုံနေသွားနည်း အတတ်ပညာနားမလည်သော သူဟူ၍လည်းကောင်း၊ အသက်ရှင်နေသွားနိုင်သည့် အရည် အချင်း လုံးဝမရှိသူဟူ၍လည်းကောင်း၊ ရေရွတ်ပြီးလျှင် ပြစ်တင်ရှုံ့ချသည်။ အစပထမ ငါတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နီးနီးကပ်ကပ်ရှိစဉ်တုန်းက ငါသည် သူ့ ရှေ့မှောက်၌ မိမိ၏စိတ်သဘောထားကို ဘာကြောင့် မဖော်ပြမိခဲ့သနည်းဟူ၍ စဉ်းစားနေ မိသည်။ ပင်လယ်ကမ်းခြေတွင် ထိုင်နေကြသည့်အခါတုန်းက အဏ္ဏာမလေသည် သူ၏ စိတ်အတွင်းက ခံစားမှုကို ငါ၏မျက်မှောက်၌ ဖော်ပြခဲ့ဖူးသည်။ ထိုအချိန်က ငါသည် ယင်းကဲ့သို့သောခံစားမှုမျိုးသည် မိမိ၏စိတ်နှလုံးထဲတွင်လည်း ဖြစ်ပေါ်နေသည်ဟူ၍ အဘယ် ကြောင့် ပြောမပြခဲ့သနည်း။

ညနေချမ်းရောက်လာသည်နှင့်တစ်ပြိုင်နက် အခန်းထဲတွင် အမှောင်လွှမ်းလာလေ သည်။ အာနန္ဒီသည် အခန်းထဲတွင် ရုပ်တုတစ်ခုကဲ့သို့ ထိုင်နေသည်။ ထပြီး မီးဖွင့်လိုသည့် ဆန္ဒပင် မရှိပေ။ ထိုအချိန်၌ သူ့အတွက် အမှောင်သာလျှင် လိုအပ်နေပုံရလေသည်။

လှေကားမှ တစ်စုံတစ်ယောက်တက်လာသံ ရုတ်တရက်ကြားလိုက်ရသည်။ တစ်စုံ တစ်ခု စိတ်မချမ်းမသာဖြစ်နေသည့်ဟန်မျိုးဖြင့် ဦးခေါင်းငိုက်ချလျက် မာဃဂိတ္တမ် အခန်းထဲ ဝင်လာသည်။ ချက်ချင်းထပြီး အာနန္ဒီ မီးဖွင့်လိုက်သည်။ မာဃဂိတ္တမ်ကို တွေ့ရသောကြောင့် ထိတ်လန့်သွားသည်။ အာနန္ဒီ အဏ္ဏာမလေ၏အိမ်သို့သွားပြီး ထိုအိမ်မှ သူ့အိမ်သို့ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်ကို မာဏီက္ကမ်သည် အိမ်က ရပ်ကြည့်နေသည်။ ယင်းသို့ မာဏီက္ကမ်ကြည့်နေသည်ကို အာနန္ဒီက မသိပေ။

"အလုပ်ပြုတ်သွားတဲ့အတွက် ကျွန်တော် စိတ်မချမ်းမသာ ဖြစ်နေရတယ်။ ဒါပေမဲ့ အဲဒါ အသာထားပါဦး။ အာနန္ဒီ ဘာစိတ်မကောင်းဖြစ်နေတာလဲ၊ နေလို့ မကောင်းလို့လား"

ယင်းသို့ပြောလျက် မာဏီက္ကမ်သည် အာနန္ဒီ၏အနီးရှိ ကုလားထိုင်ပေါ်၌ ထိုင်လိုက်သည်။

စိတ်မချမ်းမသာဖြစ်နေသည့်အချိန်၌ မာဏီက္ကမ်၏ စကားကို ကြားရသည့်အတွက် အာနန္ဒီသည် အတန်ငယ် သက်သာရာရသွားသည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ နေလို့ကောင်းပါတယ်။ ရှင်က ဘာစိတ်မချမ်းသာစရာ ရှိနေလို့လဲ"

မာဏီက္ကမ်သည် စိတ်ညစ်သည့်လေသံဖြင့် သူ၏အခက်အခဲကို ဖွင့်ဟ ပြောပြလေသည်။ အိမ်ဆောက်သည့်အလုပ်ကို လုပ်ရန်အတွက် ပန်းရန်ဆရာက အလုပ်ကထွက်ဖို့ ပြောခဲ့လေသည်။ ယခုအိမ်ဆောက်၍ ပြီးသွားပြီ။ သို့ရာတွင် သူ့အလုပ်ဟောင်းပြန်သွား၍ မရတော့။ အိမ်ကြီးမှူးဆောက်ရန်အတွက် ပန်းရန်ဆရာက သူ့ကို ငွေပေးသည်။ သို့ရာတွင် အလုပ်မလုပ်ဘဲ ပန်းရန်ဆရာထံမှ ငွေယူရန် သူ့အတွက် မသင့်လျော်တော့ပေ။

ပန်းရန်ဆရာသည် သူနှင့်အတူတွဲလျက် လုပ်ငန်းအသစ်တစ်ခု စတင်လုပ်ကိုင်ရန် စီမံစိုင်းပြင်းနေသည်ဆိုသည့်အကြောင်းကိုမူ မာဏီက္ကမ်သည် အာနန္ဒီအား ပြောမပြပေ။

အာနန္ဒီ စိတ်မကောင်းဖြစ်သွားပြီး ပြောလိုက်သည်။

"ကျွန်မတို့ အိမ်ဆောက်ပေးရတဲ့အတွက် ရှင် အလုပ်လက်လွှတ်သွားရတယ်။ ကျွန်မတို့ကြောင့် ရှင် ဘယ်လောက် ဒုက္ခရောက်သွားရသလဲ"

မာဏီက္ကမ်က ပြန်ပြောလေသည်။

"အဲဒီလို နောက်တစ်ကြိမ် ထပ်မပြောပါနှင့်။ အာနန္ဒီတို့ရဲ့အလုပ်ကို လုပ်ခွင့်ရတာ ကျွန်တော့်အတွက် အင်မတန် ကံကောင်းပါတယ်"

"ရှင်နဲ့ ရှင့်ဖေဖေတို့ဟာ ကျွန်မတို့အတွက် အများကြီး ကြိုးစားအားထုတ်ခဲ့ကြတယ်။ အခုခေတ်မှာ ကျွန်မတို့အနေနဲ့ ဒီလိုအိမ်မျိုးကို ဆောက်နိုင်ဖို့ဆိုတာ အင်မတန် ခဲယဉ်းတယ်"

"ဖေဖေဟာ သူ့အကျိုးကို မကြည့်ဘဲနဲ့ ဒီအလုပ်ကို လုပ်တာမဟုတ်ဘူး။ အာနန္ဒီတို့က သူ့ကို မြေတစ်ဝက်ပေးရတယ်မဟုတ်လား"

သူကသာ မိမိ၏အကျိုးကိုမကြည့်ဘဲ ယခု အလုပ်ကိုလုပ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ပန်းရန်ဆရာသည် မိမိ၏အကျိုးအတွက်သာ သူ့ကို စေခိုင်းခြင်းဖြစ်သည်ဟူ၍လည်းကောင်း မာဏီက္ကမ်က ပြောပြလိုဟန်ရှိသည်။ အာနန္ဒီသည် မာဏီက္ကမ်၏စကားကို အမှန်တကယ်ပင်ဟူ၍ ထင်မှတ်သွားသည်။





အာနန္ဒီသည် သူ့ပင်ကိုယ်သဘာဝအားဖြင့် ဆင်းရဲသူများကိုလည်းကောင်း၊ ဒုက္ခရောက်နေသူများကိုလည်းကောင်း ကြင်နာထောက်ထားတတ်သည်။ မာဏီက္ကမ်အား အမှန်တကယ်ပင် စိတ်ဆင်းရဲခြင်းဖြစ်နေသည်ဟူ၍ ထင်မှတ်သွားပြီးလျှင် သူ့ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်သွားသည်။ အလုပ်ရဖို့ရန် ခဲယဉ်းသည့် ယခုလိုအချိန်မျိုး၌ အလုပ်လက်လွှတ်လိုက်ရသောကြောင့် စိတ်မကောင်းဖြစ်နေသည့် မာဏီက္ကမ်ကိုကြည့်လျက် စိတ်မချမ်းမသာဖြစ်သွားသည်။ အတန်ကြာသည့်တိုင် နှစ်ယောက်လုံး စကားမပြောဘဲ ငြိမ်သက်နေကြသည်။ ထို့နောက် အတန်ငယ်ကြာသွားသောအခါ ကြင်နာထောက်ထားသည့်အကြည့်ဖြင့် အာနန္ဒီအား ကြည့်ပြီးလျှင် မာဏီက္ကမ်က ပြောလိုက်သည်။

"အာနန္ဒီကို ကျွန်တော် စကားတစ်ခွန်း ပြောချင်တယ်။ ပြောဖို့ ကြိုးစားခဲ့တာ ရက်ပေါင်းကြာခဲ့ပြီဖြစ်ပေမယ့် မပြောဖြစ်ခဲ့ဘူး။ အဲဒီအကြောင်းကို အာနန္ဒီလည်း သိကောင်းသိပါလိမ့်မယ်"

မာဏီက္ကမ် ဘာများ ပြောပြမည်နည်းဟူ၍ အာနန္ဒီ ထိတ်လန့်သွားသည်။ မာဏီက္ကမ် ရုတ်တရက် ဤကဲ့သို့ ပြောင်းလဲလာလိမ့်မည်ဟူ၍ အာနန္ဒီ တွေးပင်မတွေးမိခဲ့ပေ။ ထိုနေရာမှ ပြေးထွက်သွားမည်ဟူ၍ပင် အာနန္ဒီ တွေးမိလိုက်သေးသည်။

"ကျွန်တော့်အဖေက အာနန္ဒီရဲ့အဖေကို သူ့အနေနဲ့ အာနန္ဒီကို ကျွန်တော့်ဇနီးအဖြစ် မြင်ချင်တယ်လို့ ပြောပြလိုက်တယ်။ အာနန္ဒီရဲ့အဖေက အာနန္ဒီကိုတိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်လို့ ပြောလိုက်တယ်"

ထိတ်လန့်တုန်လှုပ်သွားသောအသံဖြင့် အာနန္ဒီသည် ...

"ဖေဖေက ကျွန်မကို ဘာမှ မပြောဘူး"ဟူ၍ပြောပြီးလျှင် နေရာမှ ထလိုက်သည်။ သူ၏ တစ်ကိုယ်လုံးလည်း တုန်လှုပ်နေသည်။

"ကျွန်မတို့ မနက်ဖြန်ကျမှ စကားပြောမယ်၊ အခု ကျွန်မ စိတ်တွေ ဂနာမငြိမ်ဖြစ်နေတယ်"

အာနန္ဒီသည် ဖြည်းညှင်းစွာ ထိုနေရာမှ ထလာပြီးလျှင် လေကားအနီးသို့ လာခဲ့သည်။ မာဏီက္ကမ်အား အခန်းထဲက ထွက်သွားရန် မပြောရက်ပေ။ ထို့ကြောင့် မိမိကိုယ်တိုင် အခန်းထဲက ထွက်လာခဲ့ခြင်း ဖြစ်သည်။ မာဏီက္ကမ်သည် ရုတ်တရက်ထလျက် အခန်းမီးကို ငြိမ်းပြီးလျှင် အာနန္ဒီနောက် လိုက်သွားသည်။

မိမိရှေ့မှ သွားနေသော အာနန္ဒီ၏ညှို့အွမ်းနေသည့် နွယ်ပင်ကဲ့သို့သော ကိုယ်ကာယကို တွေ့ရသောအခါ မာဏီက္ကမ်၏ စိတ်ထဲတွင် ထူးခြားသောအတွေး တစ်မျိုးဝင်လာသည်။ တစ်စုံတစ်ဦးအား အမှတ်တရပန်ဆင်ထားသော အာနန္ဒီ၏ဆံထုံးက စံပယ်ပန်းအနံ့သည် မီးညွန့်မီးလျှံပမာ မာဏီက္ကမ်အား လောင်မြိုက်နေသည်။ အမှောင်ထဲတွင် မာဏီက္ကမ် မိမိအနီး ကပ်လာသည်ဆိုသည်ကို အာနန္ဒီ မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



မာဏီက္ကမ်သည် မှုမမှန်သောအသံဖြင့် "အာနန္ဒီ"ဟူ၍ ခေါ်လိုက်သည်။ အာနန္ဒီက လန့်ပြီး လှည့်ကြည့်လိုက်သည်။

ဤမျှသာလျှင်တည်း။

တစ်ခဏအတောအတွင်း၌ မည်သို့ဖြစ်သွားသည်ဆိုသည်ကို အာနန္ဒီ နားမလည်လိုက်ပေ။ မာဏီက္ကမ်၏လက်နှစ်ဖက်သည် သံလက်ပမာ သူ့ကို ဖမ်းကိုင်လိုက်သည်။ ကျောက်ဆောင်တစ်ခုနှင့် သူ၏ရင် သွားဆောင့်သည့်ပမာ အာနန္ဒီသည် အသက်ရှူရပ်သွားသလို ဖြစ်သွားသည်။ သူ၏နီရဲနေသောနှုတ်ခမ်းသည် မီးနှင့် တို့လိုက်သကဲ့သို့ လောင်ကျွမ်းသွားသည်။ သူ၏နှုတ်ခမ်းသည် ပူလောင်မှုကို ခံစားနေရသည်။

တစ်ခဏအတောအတွင်း၌ ဖြစ်သွားခြင်းဖြစ်သည်။ အာနန္ဒီ၏ မျက်စိရှေ့၌ အမှောင်လွှမ်းသွားသည်။ ခြေထောက် ခနော်ခနဲ့ဖြစ်သွားသည်။ အာနန္ဒီသည် သတ္တိကို အတန်ငယ်မွေးလျက် စိတ်ဆိုးမာန်ဆိုးဖြင့် မာဏီက္ကမ်အား တွန်းပစ်လိုက်လေသည်။

လှေကားတွင် လဲကျသွားသော မာဏီက္ကမ်သည် အလျှင်အမြန် အာနန္ဒီ၏ ခြေထောက်ကိုဖမ်းဆွဲပြီးလျှင် အာနန္ဒီ၏ ခြေထောက်ပေါ်၌ သူ၏ဦးခေါင်းကို တင်လျက် ရှိသေဦးညွတ်သော အမူအရာဖြင့် လဲလျောင်းလိုက်လေသည်။

"အာနန္ဒီ ဘယ်သူ့ကိုမှ ဒီအကြောင်း မပြောမပြပါနဲ့။ တကယ်လို့ ပြောပြမယ်ဆိုရင် ကျွန်တော် ပင်လယ်ထဲ ခုန်ချပြီး သေသွားပြီးတဲ့နောက်မှ ပြောပြပါ"

ထိုအချိန် အာနန္ဒီကိုယ်တိုင် ပင်လယ်ထဲ ခုန်ချလျက် ကိုယ့်ကိုယ်ကို သတ်သေလိုသည့် ဆန္ဒဖြစ်ပေါ်နေလေသည်။

◆ ◆ ◆

နှုတ်မှထွက်လာသော စကားလုံးများ၏ ရှန့်ရင်းကြမ်းတမ်းပုံအကြောင်းကို ပြောပြလျက် တိရုဝလ္လုဝရက "မီးလောင်သဖြင့်ရသော အနာဒဏ်ရာသည် ကျက်သာနိုင်သည်။ သို့ရာတွင် လျှာမှထွက်သော စကားလုံးများကြောင့်ရသည့် အနာဒဏ်ရာမှာမူ ကျက်လာဖို့ မလွယ်ပေဟူ၍ ဆိုထားသည်။ ပါးစပ်မှ ထွက်လာသော စကားသည် မြားသကာကဲ့သို့ အရသာ ချိုမြိန်နိုင်သည်။ သို့ရာတွင် မာဏီက္ကမ်သည် ပါးစပ်နှင့်ထိတွေ့ခြင်းသည် မိန်းမပျို တစ်ယောက်ယောက်၏ စိတ်နှလုံးတွင် ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိသည်ဟူသော အတွေး ပေါ်ပေါက်လာစေသည့် အဆိပ်ရှိသော အရာဝတ္ထုလည်း ဖြစ်သည်ဟူသောအချက်ကို သက်သေသာကေပြလိုက်လေသည်။ ကဗျာစာဆို ကဝိတို့သည် "ပါးစပ်နှင့်ထိတွေ့ခြင်းကို အမြိုက်အရသာနှင့်တူသည်ဟူ၍ ထင်မှတ်ပြီးလျှင် ချီးမွမ်းစကားဆိုကြသည်။ ယင်း၌ အဆိပ်လည်းရှိသည်ဆိုသည့်အချက်ကိုမူ စာဆိုကဝိတို့ မေ့နေကြဟန်တူသည်။ ထိုနေ့တွင်



တစ်ညလုံး အာနန္ဒီသည် အဆိပ်ပြွမ်းသော ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသည့်ဝေဒနာကို ခံစားနေရသည်။

ကွေ့ကွင်းနေရသည့်အခြေအနေ၌ အိပ်ရာနေရာသည် ဆူးညှောင့်သဖွယ် စူးဝင်သည် ဟူ၍ ပြောကြသည်။ ရေခဲနေသူများအတွက်လည်း အိပ်ရာနေရာသည် စူးဝင်နေသည့် ဆူးညှောင့်များသာဖြစ်သည်။ ထိုနေ့ညနေတွင် အာနန္ဒီသည် တစ်ခဏကလေးမျှပင် မျက်လုံး ပိတ်၍ မရပေ။ နှီးလျက်နှင့်ပင် ရေတွင်းထဲကျနေသည်ဟူ၍ ထင်မှတ်နေသည်။ သူ၏ ကိုယ်တွင် ရွှံ့များ ပေကျံသွားသည်ဟူ၍ အာနန္ဒီသည် မိမိကိုယ်ကို စက်ဆုပ်ရွံရှာသွားသည်။ သူ၏ ကိုယ်တွင်း၌ မီးလောင်ကျွမ်းနေသည်ဟု ထင်မှတ်နေသည်။ တစ်ကိုယ်လုံးတွင် ကြောက်မက်ဖွယ်ကောင်းသော ပူလောင်မှုကို ခံစားနေရသည်။

အာနန္ဒီသည် ချက်ချင်းသေလည်းမသေနိုင်ပေ။ အကြောင်းမူကား မာဏီက္ကမ်က သူ၏ခြေထောက်ကိုဖက်၍ အကယ်၍ ယခုအကြောင်း တစ်စုံတစ်ယောက်နား ပေါက်ကြား သွားပါက သူ ပင်လယ်ထဲ ခုန်ချလိုက်မည်ဟူ၍ ငိုပြီးပြောထားသည်။ မာဏီက္ကမ်သည် သူပြောသည့်အတိုင်း မည်သည့်အခါမှ မလုပ်သည်ကို အာနန္ဒီ အဘယ်ကြောင့် နားမလည်သည် မသိပေ။ သူတို့နှစ်ယောက်လုံး တစ်ပြိုင်တည်း သေသွားပြီး အကယ်၍ ပြဿနာ ပြေရှင်းသွား ခဲ့သော် ကောင်းချင်ကောင်းလာဦးမည်။ သို့ရာတွင် ယင်းသို့ ဘယ်မှာဖြစ်လာနိုင်မည်နည်း။ လူတွေက သူတို့နှစ်ယောက်၏ဆက်ဆံရေးကို တွေးတောပြီး သူတို့ကို ရှုတ်ချကြပေလိမ့်မည်။ မိမိကို မွေးဖွားသည့်အမေနှင့် မိမိအား မွေးကျွေးသော အဖေအား ရှုတ်ချစရာ၊ ကဲ့ရဲ့စရာ စော်ကားစရာဖြစ်စေရန်အတွက် သေသွားခြင်းမှာ သင့်လျော်ပါမည်လော။ အမေသည် ယနေ့ အသက်ထင်ရှား ရှိမနေတော့ပေ။ သို့ရာတွင် အဖေသည် တစ်သက်လုံး ယင်းကဲ့ရဲ့ရှုတ်ချမှု ပန်ထုပ်ဝန်ပိုးကြီးကို အဘယ်ကြောင့် ထမ်းရွက်ထားရမည်နည်း။

အာနန္ဒီသည် သေပစ်လိုက်ချင်သည့် စိတ်ဆန္ဒရှိနေသည်။ သို့ရာတွင် သူ၏ သေခြင်းသည် သူ၏အသက်ရှင်ခြင်းထက်ပင် အခြေအနေဆိုးဝါးလာနိုင်သည်ဟူ၍ နားလည် သွားသည်။ ထို့ကြောင့် သေပစ်လိုက်ချင်သည့် စိတ်ဆန္ဒကို စွန့်ပစ်လိုက်သည်။ ထိုအခြေအနေ၌ အသက်ရှင်နေလိုသည့် အကြောင်းကိုလည်း သူ တွေးတောစဉ်းစား၍ မရပေ။

ရှေးခေတ်အချိန်ကာလက မိန်းကလေးတို့၏ အကျင့်စာရိတ္တကို ကာကွယ်ရန် အတွက် မိန်းကလေးများကို အိမ်၏နံရံအတွင်း၌ ပိတ်လှောင်ထားကြသည်။ ယခုအာနန္ဒီသည် ရှေးခေတ်လူများ၏ ယင်းအယူအဆကို တရားသလို ထင်မှတ်လာသည်။ ယခုခေတ်တွင် ရုပ်ရှင်၊ သီချင်း၊ စာနယ်ဇင်းများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဝါသနာကို နှိုးဆွပြီးလျှင် ထိုပုဂ္ဂိုလ်များထံမှ ပိုက်ဆံ လုယူကြသည်။ အကျင့်စာရိတ္တ ပျက်ပြားအောင်လုပ်ခြင်းမှာ ယင်းတို့၏လုပ်ငန်းဖြစ်နေကြသည်။ ယောက်ျားလေးနှင့် မိန်းကလေးတို့အတွက် တန်းတူရည်တူ လွတ်လပ်ခွင့်ကို တောင်းဆိုကြသည်။ သို့ရာတွင် ယင်းလွတ်လပ်ခွင့် ဘယ်မှာလိုသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မိမိအကျင့်စာရိတ္တကို ဖျက်ဆီးပစ်ရန်အတွက် လွတ်လပ်ခွင့် လိုပါသလော။ တခြားလူတို့၏ လွတ်လပ်ရေးကို အမှုမထားသော လူ၏စိတ်ပိုင်းဆိုင်ရာ လွတ်လပ်ရေးကို ဖျက်ဆီးပစ်ရန် ကြိုးစားနေသည့်လူတို့၏အလယ်၌ အားမဲ့သူသည် ဘယ်မှာလျှင် လုံခြုံမှုရှိနိုင်မည်နည်း။

ကဒီရေရှန်က သူ့ကို မကြာခဏ ပြောဖူးသည်။

''အာနန္ဒီ၊ သမီးဟာ ဖေဖေတို့ရဲ့ ရှေးဟောင်းအစဉ်အလာထဲက ကောင်းတာတွေကို ယူပြီး ခေတ်နဲ့လျော်ညီတဲ့ အတွေးအခေါ် အယူအဆသစ်တွေကို လက်ခံသွားရမယ်'' သူပြော ပြောသောစကားကို အာနန္ဒီ သတိရလာသည်။ ယခုခေတ်သစ်သည် အဆိပ်ရှိသောအစွယ်ဖြင့် အာနန္ဒီ၏ကိုယ်တွင် ထိုးစိုက်လိုက်သည်။ ခေတ်ဟောင်းသည် ''ညည်းအတွက် အားလုံးဆုံးပါ ဖျက်စီးသွားပြီ''ဟု ပြောလျက် သူ့ကို ရှာပန်းမသာချလိုက်သလို ဖြစ်သွားသည်။ အကယ်၍ အာနန္ဒီသည် ရှေးဟောင်းအစဉ်အလာကို အပြည့်အဝလိုက်နာကျင့်သုံးသော မိန်းမပျိုဖြစ်ခဲ့သော် မာဏိက္ကမ်အား လေ့ကာအထက် တက်ခွင့်ကိုပင် ပေးမည် မဟုတ်ပေ။ အကယ်၍အာနန္ဒီသည် ခေတ်သစ်မိန်းမပျိုဖြစ်ခဲ့လျှင် မိမိ၏ပါးတွင် ထိသွားသော မာဏိက္ကမ်၏ပါးစပ်ရာကို လက်ဖြင့် ပွတ်လျက် မာဏိက္ကမ်၏ မျက်နှာကိုတံတွေးဖြင့် ထွေးပြီးလျှင် ''ဟဲ့ သေချင်းဆိုး''ဟု ပြောလည်းပြောမည်။ ခြေထောက်ဖြင့်လည်း ကန်ကျောက်ပေလိမ့်မည်။ သို့ရာတွင် သူ့ အခြေအနေမှာ ယင်းကဲ့သို့ မဟုတ်ပေ။ ဟောင်းနွမ်းရင့်ရော်နေပြီဖြစ်သည့် ရှေးဟောင်း အစဉ်အလာများ၏ တင်းကျပ်သောအနှောင်အဖွဲ့နှင့် ခေတ်သစ်၏ မရင့်ကျက်သေးသော ထုံးတမ်းစဉ်လာများ၏ ပိုက်ကွန်အတွင်း၌မိနေသော အာနန္ဒီသည် မလှုပ်သာမလှည့်သာ ဖြစ်နေသည်။

အကယ်၍ မမျှော်လင့်သည့်အဖြစ်အပျက်တစ်ခုခု ဖြစ်ပျက်လာပြီး အဏ္ဏာမလေက သူ့ကိုလက်ထပ်ရန် အဆိုပြုစေကာမူ အာနန္ဒီသည် ယခုအခါ၌ အဏ္ဏာမလေနှင့် လက်ထ နိုင်သည့်အခြေအနေတွင် မရှိတော့ပေ။ သူသည် မည်သည့်အချိန်၌မဆို အခြားပုဂ္ဂိုလ်တစ် တစ်ယောက်နှင့် လက်ထပ်ထိမ်းမြားနိုင်သည်။ သို့ရာတွင် သူ၏စိတ်နှလုံးက ယင်းအချ အတွက် အဆင်သင့် မရှိတော့ပေ။ သူ၏ပါးပေါ်၌ တစ်စုံတစ်ယောက်၏ ပါးစပ်ရာ ထ နေသည်။

အာနန္ဒီသည် ဤအခြေအနေ၌ တခြားယောကျ်ားတစ်ဦးဦး၏ ဇနီးမယားအဖြစ်ဖြ မင်္ဂလာမဏ္ဍပ်အတွင်း၌ မည်ကဲ့သို့ ထိုင်နိုင်တော့မည်နည်း။ အာနန္ဒီသည် ခေတ်သစ် မိန်းမ ဖြစ်သည်။ မဒရပ်မြို့၌ လူလားမြောက်ခဲ့သည်။ ပညာတတ်လည်း ဖြစ်သည်။ ယင်းသ ဖြစ်ပါလျက် ဤနုပျိုသောအရွယ်၌ ဤကဲ့သို့သော အဖြစ်အပျက် တစ်ခု ဖြစ်သွားသည်ဖြစ် ယင်းကဲ့သို့ မတွေးတော မစဉ်းစား၍ မဖြစ်သည့်အခြေအနေသို့ ရောက်လာခဲ့သည်။

နံနက်မိုးသောက် အလင်းရောက်လာသည်။ ထိုအချိန်ထိ အာနန္ဒီသည် မျက်လုံး နီရဲနေတုန်းပင် ရှိသေးသည်။ မျက်နှာလည်း အစ်နေသည်။ အသံကွဲအက်နေသည်။ အိပ်ရာက



ထလျက် ရေချိုးလိုက်သည်။ ပန်းကုံးသီလျက် မိခင်၏ဓာတ်ပုံတွင် တင်လိုက်သည်။ မိခင်၏ ဓာတ်ပုံရှေ့၌ ရပ်ပြီးလျှင် အချိန်အတန်ကြာမြင့်စွာ တိတ်တဆိတ် ငိုနေသည်။ ထိုအချိန်၌ သူ့တွင် မိခင်ရှိတဲ့နေသည်ဆိုသည့်အဖြစ်ကို သတိရလာသည်။ စဉ်းစားကြည့်သည်။ ယခု အချိန်တွင် အကယ်၍ သူ့မိခင်သာ အသက်ထင်ရှားရှိနေလျှင် မိခင်၏ရင်ခွင်ထဲတွင် မျက်နှာ ဝှက်ပြီး ရှိုက်၍ ရှိုက်၍ ငိုနိုင်သည်။

အတန်ငယ်ကြာသွားသောအခါ အာနန္ဒီသည် အပြင်ဘက်ခန်းထဲ၌ သတင်းစာများ ကို လှန်လှောကြည့်နေသော ကဒီရေရှန်၏အနီးသို့ သွားထိုင်လိုက်သည်။ အာနန္ဒီ၏မျက်နှာကို လှမ်းကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ကဒီရေရှန် လန့်သွားသည်။ အာနန္ဒီ၏ နဖူးကို စမ်း ကြည့်လိုက်သည်။ ခြစ်ခြစ်တောက်ပူနေသည်။ စိုးရိမ် ထိတ်လန့်သွားပြီးလျှင် ကဒီရေရှန်သည် အာနန္ဒီ၏အခြေအနေကို မေးကြည့်သည်။

အာနန္ဒီက ''သမီးနေကောင်းပါတယ်''ဟူ၍ လိုးလွဲပြောဆိုလိုက်သည်။ ''ဘယ် ဆရာဝန် ဘယ်ဆေးဆရာနဲ့မှ ကုဖို့မလိုပါဘူး''ဟူ၍ အာနန္ဒီက ထပ်လောအနက် ပြောဆို လိုက်သည်။

''ဖေဖေ သမီးနေကောင်းသွားမှာပါ၊ အကြောင်းတစ်ခုအတွက် သမီး စိတ် မငြိမ်မသက်ဖြစ်နေတယ်။ အဲဒီအကြောင်း ဖေဖေ့ကို ပြောပြလိုက်လို့ရှိရင် သမီးနေလို့ လုံးလုံး ကောင်းသွားမှာ''

ကဒီရေရှန်သည် သတင်းစာကို အောက်တွင်ချလျက် အလွန်တရာချစ်ခင်သော အမူအရာဖြင့် အာနန္ဒီ၏ဆံပင်များကို လက်ဖြင့်ပွတ်သပ်ပြီးလျှင် ...

''ဘာလဲ သမီး၊ ဘယ်လိုအကြောင်းများရှိလို့လဲ''ဟု မေးလိုက်လေသည်။ ဖခင်၏ ထိတွေ့မှုကို ခံရသည်နှင့် တစ်ပြိုင်နက် အာနန္ဒီ၏ ကိုယ်ခန္ဓာသည် ဘာကြောင့်မှန်းမသိ တုန်လှုပ်သွားသည်။

''ပန်းရန်ဆရာက သမီးကို မာဏိက္ကမ်နဲ့ လက်ထပ်ထိမ်းမြားပေးလိုတယ်လို့ ဖေဖေ့ကိုပြောတယ် မဟုတ်လား။ အဲဒီအကြောင်း ဖေဖေ သမီးကို ဘာဖြစ်လို့ပြောမပြသလဲ''

အာနန္ဒီ၏စကားကို ကြားရသောအခါ ကဒီရေရှန်သည် တစ်စုံတစ်ဦးက သူ၏ ဦးခေါင်းကို ထုနက်လိုက်သည်ဟု ထင်မှတ်သွားသည်။ မျက်မှန်ကို ပြင်တပ်လိုက်ပြီးလျှင် အာနန္ဒီကို စူးစိုက်ကြည့်လိုက်သည်။ ထိုအကြောင်းအရာနှင့် အာနန္ဒီ နေမကောင်းထိုင်မသာ ဖြစ်နေခြင်းသည် နီးကပ်သောဆက်စပ်မှုရှိနေသည်ဆိုသည့်အကြောင်းကို ကဒီရေရှန် နားလည် သွားသည်။ အာနန္ဒီသည် ဖခင်ကိုကြည့်လျက် ထိတ်လန့်ကြောက်ရွံ့နေသည်ဖြစ်၍ ဦးခေါင်းကို ငုံ့လိုက်လေသည်။

''သမီးကို ဒီအကြောင်း ဘယ်သူပြောပြသလဲ၊ မာဏိက္ကမ်လား၊ ပန်းရန်ဆရာလား''

''မာဏိက္ကမ်ပါ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com

"သူပြောကော ဘာဖြစ်လာမှာလဲ၊ ပန်းရန်ဆရာကပြောတဲ့အတွက် သမီး၊ မာဏိက္ကမ်နဲ့လက်ထပ်ဖို့ မလိုပါဘူး၊ ဒါလောက်ကလေးကြားတာနဲ့ သမီးက တစ္ဆေသရဲ တစ်ကောင်ကောင်ကို တွေ့လိုက်ရသလို တထိတ်တလန့် ဖြစ်နေရသလား။ သူတို့ သမီးအတွက် အရေးဆိုချင်ဆိုနေကြပါစေ။ သူတို့ လိုလားတာကို လက်မခံဘူးလို့ ဖေဖေပြောလိုက်မယ်"

"ဖေဖေက သမီးကိုမေးပြီး စကားပြန်မယ်လို့ပြောထားတယ် မဟုတ်လား။ ဖေဖေ သမီးကိုလည်း ဘာမှမေးမကြည့်ပါလား"

"ဖေဖေကိုယ်တိုင် တစ်စုံတစ်ခု အဆုံးအဖြတ်မပေးနိုင်တဲ့ အခြေအနေမှာ ရှိနေတယ်။ အဲဒီအခြေအနေမှာ သမီးကို မေးကြည့်ရင်လည်း သမီးက အဲဒါကို ဖေဖေ့အလိုဆန္ဒလို့ အောက်မေ့ပြီး လက်ခံချင် လက်ခံသွားမှာ။ လက်ထပ်ထိမ်းမြားပြီးတဲ့အခါ သမီးပဲ လင်သားနဲ့ အတူ တစ်သက်လုံးနေသွားရမှာ။ ဖေဖေ့ကြောင့် သမီးရဲ့ဘဝမှာ ဘယ်လိုအဆင်မပြေမှုမျိုးမှ မဖြစ်စေဖို့ ဖေဖေလိုလားတယ်"

"ဖေဖေ"ဟူ၍ အော်ခေါ်ပြီးလျှင် အာနန္ဒီသည် သူ့ဖခင်၏ ရင်ခွင်တွင်း၌ လဲကျသွားပြီးလျှင် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ မိမိသည် ယင်းကဲ့သို့ သရဲဘော ကြောင်သူ ယောကျ်ားတစ်ဦး၏သမီး၊ အဘယ်ကြောင့်ဖြစ်ရသနည်းဟူသော အတွေးသည် အာနန္ဒီအား နှိပ်စက်ကလူပြုနေသည်။ အာနန္ဒီသည် အိမ်ထောင်မပြုဘဲ တစ်သက်လုံး သူ့ဖခင်၏ သမီးအဖြစ်ဖြင့် သူ့ဖခင်ကို ပြုစုလုပ်ကျွေးနေနိုင်သည်။ သူ၏ဖခင်အတွက် အသက်ရှင်နေခြင်းထက် ပိုမိုလှနက်သော ကံကောင်းမှုမျိုး အာနန္ဒီ အတွက် တခြားဘယ်မှာရှိနိုင်ဦးမည်နည်း။

သို့သော် "ငါ၏ကိုယ်သည် ဖေဖေ၏ကိုယ်နှင့် ထိမိသွားပြီ"ဟု စဉ်းစားပြီးလျှင် အာနန္ဒီ တုန်လှုပ်သွားလေသည်။ ထို့နောက် ရုတ်တရက် သူ့ဖခင်ထံမှ ခွာပြီးလျှင် ထိုင်လိုက်သည်။ နှုတ်ခမ်းတွင် ပူလောင်မှုရှိနေတုန်းဖြစ်သည်။ အနာဒဏ်ရာဖြစ်နေသကဲ့သို့ ထင်ရသည်။ အာနန္ဒီသည် သူ၏ အနာဒဏ်ရာကို ဆေးလိမ်းရန်အတွက် စိတ်စောနေသည်။ နှုတ်ခမ်းတွင် ရှိသော ယင်းအနာဒဏ်ရာကြောင့် ယခုအခါတွင် သူ့အနေနှင့် မိမိဖခင်၏ သမီးကညာစစ်စစ် တစ်ဦးအနေနှင့် အသက်ရှင်နေနိုင်ဖို့ရန် မလွယ်တော့ပေ။

"အဲဒီအကြောင်း ဖေဖေသမီးကို စောစောကတည်းက မေးဖို့ကောင်းတယ်၊ ဖေဖေမေးရင် ဘယ်လောက်ကောင်းမလဲ"

"ဘာဖြစ်လို့လဲ သမီး"

ဘာကြောင့်ဆိုသည်ကိုမူ အာနန္ဒီသာလျှင် သိလေသည်။

"ဖေဖေ ကျွန်မ အိမ်ထောင်ပြုတော့မယ်။ တကယ်လို့ ကျွန်မ နှစ်သက်တဲ့ လူတစ်ယောက်နဲ့ အိမ်ထောင်ပြုမယ်ဆိုရင် မတားမြစ်မပိတ်ပင်ဘူး မဟုတ်လား"

အာနန္ဒီက အဏ္ဏာမလေး၏အမည်နာမကိုများ ပြောမည်လားဟူ၍ ကဒိရေရှန် စိုးရိမ်ထိတ်လန့်သွားသည်။





"သမီးနှစ်သက်တာကို ဖေဖေ မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ပန်းရန်ဆရာကတော့ သဘောတူမှာမဟုတ်ဘူး"ဟူ၍ ပြောလိုက်မည်ဟု ကဒိရေရှန်က စဉ်းစားသည်။

"ဖေဖေ"

"ဘာလဲသမီး"

"သမီး မာဏိက္ကမ်နဲ့ လက်ထပ်မယ်၊ အဲဒါ သမီးရဲ့ဆန္ဒပဲ။ သမီးရဲ့ ဆုံးဖြတ်ချက်ပဲ"

ကဒိရေရှန်သည် သူ၏နားကိုပင် မယုံသကဲ့သို့ဖြစ်သွားသည်။

"အာနန္ဒီ အိုးကင်းပူထိမိသွားတဲ့အတွက် မီးထဲခုန်ချတယ်ဆိုတာ မသင့်လျော်ဘူး။ သမီး အဏ္ဏာမလေးနဲ့ လက်မထပ်ရတဲ့အတွက်ကြောင့် ..."

"ဟင့်အင်း အဲဒီလိုမဟုတ်ပါဘူး၊ တကယ်လို့ အဏ္ဏာမလေးနဲ့ သူ့အဖေက လိုလားတယ်ဆိုတောင်မှ သမီး အဏ္ဏာမလေးနဲ့လက်ထပ်ဖို့ သဘောမတူနိုင်ဘူး"

အာနန္ဒီ၏အသိဉာဏ်သည် ဖောက်လွဲဖောက်ပြန်ဖြစ်သွားပြီဟူ၍ ကဒိရေရှန် ထင်သွားသည်။ ထို့ကြောင့် အာနန္ဒီအား အချိန်အတန်ကြာမျှ အိမ်ထောင်သည်ဘဝနှင့် ဘဝကြင်ဖော်ရွေးနည်း စသည့်အကြောင်းအရာများကို ရှင်းလင်းပြောပြနေသည်။ အာနန္ဒီသည် သူ့ဖခင်ပြောပြသည့် စကားများကို နားမလည်နိုင်အောင်ဖြစ်နေသည်။ သူ့ဖခင်ပြောပြသည့် စကားများကို နားလည်နိုင်သည့်အခြေအနေတွင်လည်း ရှိမနေပေ။

အာနန္ဒီက စိတ်မရှည်သလို ပြောလိုက်သည်။

"ဖေဖေ သမီးဆုံးဖြတ်ချက်ကို ပြင်ဖို့ နည်းပေးလမ်းပြလုပ်မနေပါနဲ့တော့"

ကဒိရေရှန်က ပြောလိုက်သည် "အာနန္ဒီ သမီး ဘာလုပ်လုပ် ဖေဖေ မတားမြစ်တော့ပါဘူး"ကဒိရေရှန်သည် လျှာလေးအာလေးကြီးနှင့် ဖြစ်နေလေသည်။

✦✦✦

အာနန္ဒီက သူနှင့်လက်ထပ်ဖို့ သဘောတူလိုက်ပြီဟူ၍ မာဏိက္ကမ်အား ပန်းရန်ဆရာကိုယ်တိုင်လာ၍ ပြောပြသောအခါ မာဏိက္ကမ် မယုံပေ။ မာဏိက္ကမ်သည် အာနန္ဒီအား မဖွယ်မရာ ပြုမူပြီးသည့်နောက် အပြင်ဘက် မထွက်ရဲတော့ပေ။ မိမိကျူးလွန်ပြုလုပ်သည့် ပြစ်မှုအတွက် မည်သည့်အပြစ်ဒဏ်ကို ခံရမည်နည်းဟူ၍ စိုးရိမ်ကြောင့်ကြဖြစ်နေသော မာဏိက္ကမ်သည် ပန်းရန်ဆရာပြောပြသည့်စကားကို ယုံကြည်ဖို့ရန် အတန်ငယ်ခဲယဉ်းသလိုဖြစ်နေသည်။

ပန်းရန်ဆရာသည် မာဏိက္ကမ်၏အမေ ကျေလမ္မာလအား ကဒိရေရှန်နှင့် ဆွေးနွေးပြောကြားခဲ့သည့်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောပြလိုက်သည်။ အာနန္ဒီ၏ စိတ်သဘောထားကို စုံစမ်းပြီးမှ ကဒိရေရှန်သည် သူ၏ဆုံးဖြတ်ချက်ကို ပြောပြရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ငယ် ကြာသွားသည်ဆိုသည့်အကြောင်းကို ပန်းရန်ဆရာက ပြောပြသည်။ ထိုအကြောင်းကို ကားရသောအခါ ကျော့လမ္ဘာလသည် စိတ်ထဲက အလွန်တရာ ဝမ်းသာအားရ ဖြစ်သွားသည်။ သို့ရာတွင် အပြင်ပန်းကမူ မျက်နှာမဲ့ကာ ရွဲ့ကာနှင့် ပြောလိုက်လေသည်။

''သူ့ကို ဘာမေးမြန်းနေစရာလိုသလဲ။ မိဘတွေ စီစဉ်တဲ့အတိုင်း သူလိုက်နာရမှာပေါ့''

''ကျော့လမ္ဘာလ၊ ညည်းနဲ့ မာဏိက္ကမ်တို့ဟာ ရှေးဘဝက ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့ကြပေလိမ့်မယ်။ ဒါကြောင့် ညည်းတို့ ဒီမိန်းကလေးကို ရတာ။ ငွေတစ်သိန်းနီးပါး တန်ဖိုးရှိတဲ့ ပစ္စည်းဥစ္စာပိုင်ရှင်နဲ့ လက်ချမ်းနတ်သမီး ညည်းတို့အိမ် ရောက်လာတော့မယ်။ အဲဒီနတ်သမီးကို ထိန်းသိမ်းထားဖို့မှာ ညည်းတို့ရဲ့ တာဝန်ဖြစ်တယ်။ ကျုပ်တို့အနေနှင့် ဘယ်လောက်ကြိုးစားကြိုးစား အဲဒီအဆင့်ရောက်ဖို့ မလွယ်ဘူး။ အဲဒါတွေကို ဆင်ခြင် စဉ်းစားပြီး သတိတရားနဲ့ အလုပ်လုပ်ရလိမ့်မယ်''

ပန်းရန်ဆရာသည် ထိုနေရာမှ ထွက်သွားသည်။ ကဒိရေရှန်နှင့် အတူပေါင်း၍ လက်ထပ်မင်္ဂလာပွဲအတွက် အရေးတကြီး စီစဉ်လုပ်ကိုင်စရာတွေ ရှိနေသည်။

တွေတွေဝေဝေနှင့်ထိုင်နေသော မာဏိက္ကမ်သည် ရုတ်တရက် အသိအမြင်တစ်ခု ရရှိသကဲ့သို့ ဖြစ်သွားသည်။ မိမိကိုယ်မိမိ ပြောလိုက်သည်။

''အာနန္ဒီက ငါ့ကို ချစ်တယ်ဆိုတာ ငါအခုမှ သိရတယ်။ တကယ်လို့ သူ ငါ့ကို မချစ်ရင် သူ့ကို ငါက ချစ်တယ်ဆိုတဲ့အကြောင်း ထုတ်ဖော်ပြလိုက်ရုံနှင့် သူ ငါနဲ့လက်ထပ် သဘောတူမှာ မဟုတ်ဘူး''

အာနန္ဒီကိုချစ်သော သူ၏အချစ်သည် လက်ထပ်မင်္ဂလာပြုခြင်း၏ အသွင်တစ်ခု သာဖြစ်သည်ဟူသောအတွေးသည် မာဏိက္ကမ်၏ ဦးနှောက်တွင် ရုတ်တရက် လျှပ်စီး လက်လိုက်သကဲ့သို့ ပြက်ခနဲဖြစ်သွားသည်။ ထိုအချိန်၌ အတိုင်းမရှိ ပီတိသောမနဿ ဖြစ်သွားသည်။ မာဏိက္ကမ်သည် ချက်ချင်း သတို့သားတစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်ပြီး အာနန္ဒီ၏အိမ်သို့သွားသည်။ အပြင်ဘက်အခန်းထဲ၌ ကဒိရေရှန်နှင့် ပန်းရန်ဆရာတို့သည် စကားပြောနေကြသည်။ အောက်ထပ်အခန်းထဲ၌ အာနန္ဒီမရှိကြောင်း သိရသည်ဖြစ်၍ မာဏိက္ကမ်သည် စိတ်အလွန်တက်ကြွနေပြီးလျှင် ပိုင်စိုးပိုင်နင်း အပေါ်ထပ်အခန်းသို့ တက် သွားသည်။ အခန်းထောင့်ရှိ အိပ်ရာပေါ်၌လှဲနေသော အာနန္ဒီကို အဝေးမှ လှမ်းမြင်လိုက်သည် နှင့် တစ်ပြိုင်နက် ရင်ခုန်သွားသည်။

ခြေသံကြားရသည်နှင့် တစ်ပြိုင်နက် အာနန္ဒီ လှည့်ကြည့်လိုက်သည်။ မာဏိက္ကမ်ကို တွေ့ရသောအခါ လန့်သွားပြီးလျှင် ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက် ''အဲဒီမှာ ထိုင်ပါ''ဟု ပြောလိုက်သည်။

သူကိုယ်တိုင်ကမူ အိပ်ရာပေါ်မှ မထပေ။





''အာနန္ဒီ နေလို့မကောင်းဖူးလား''

အာနန္ဒီက ညှိုးငယ်သောအသံဖြင့် ''ကျွန်မနေကောင်းပါတယ်''ဟူ၍ ပြန်ဖြေ ပြီးလျှင် သူ၏ယောကျ်ားလောင်းကို ကြောင်ကြည့်နေသည်။ မမြင်ဘူး၊ မသိဘူးသည့် လူတစ်ယောက်ကို ကြည့်နေသကဲ့သို့ပင် ထင်ရသည်။

မာဏိက္ကမ်သည် စိတ်လှုပ်ရှားတက်ကြွလာပြီးလျှင် ပြောလိုက်လေသည်။

''အာနန္ဒီ သိပ်ကျေးဇူးတင်တာပဲ''

''အသက်သေဖို့နဲ့ လက်ထပ်ဖို့ နှစ်ခုရှိတဲ့အထဲက ကျွန်မအနေနဲ့တစ်ခုကို ရွေးရမှာ ဖြစ်တဲ့အတွက် ရွေးလိုက်တာပဲ။ ရှင်ကတော့ ဝမ်းသာနေတယ်မဟုတ်လား'' ယင်းသို့ ပြောလျက် အာနန္ဒီသည် လည်ချောင်းတစ်ဆို့သွားလေသည်။

''အာနန္ဒီ အခုလိုပြောရင်တော့ ...''

ယင်းသို့ ပြောရင်းပြောရင်း မာဏိက္ကမ်သည် အာနန္ဒီ၏ကုတင်အနီးသို့ တိုးသွား သည်။ အာနန္ဒီကိုလည်း 'မင်း'ဟူ၍ ပိုင်စိုးပိုင်နင်း ခေါ်လိုက်သည်။ မာဏိက္ကမ်သည် အခု ကတည်းက မိမိအား သူ၏ လက်ထပ်မယားအဖြစ် အသိအမှတ်ပြုထားပြီဟူ၍ အာနန္ဒီက နားလည်သွားသည်။

အာနန္ဒီက မာဏိက္ကမ်အား ခပ်ထန်ထန်အသံဖြင့် ပြောလိုက်သည်။

''ရှေ့မတိုးပါနဲ့၊ ကျွန်မတို့ လက်မထပ်ရသေးခင် ရှင် ကျွန်မနဲ့ တစ်ယောက်တည်း တွေ့ဖို့မတော်ဘူး၊ ရှင် ကျွန်မနဲ့ တွေ့ခွင့်မရှိဘူး''

အာနန္ဒီ၏ မာကြောသောအသံသည် မာဏိက္ကမ်အား နောက်တွန့်သွားအောင် ပြုလိုက် သည်။ မိမိသည် အာနန္ဒီ၏အမိန့်ဩဇာကို တွန်းလှန်ပယ်ဖျက်ခြင်းငှာ မစွမ်းနိုင်ဟူ၍ မာဏိက္ကမ် တွေးမိသွားသည်။ အကယ်၍ အာနန္ဒီ၏ အမိန့်ဩဇာကို တွန်းလှန်ပယ်ဖျက်လိုက်ပါက အစီအစဉ်တွေအားလုံး ပျက်စီးသွားနိုင်သည်ဟူ၍လည်း မာဏိက္ကမ် စိုးရိမ်ထိတ်လန့်နေသည်။ အချိန်အတန်ကြာမျှ တိတ်တဆိတ် ထိုင်နေပြီးနောက် အာနန္ဒီဘက်ကို လှမ်းကြည့်လျက် စိတ်ပျက်အားလျော့သောအသံဖြင့် ပြောလိုက်လေသည်။

''လက်မထပ်ခင်ကတည်းက ကျုပ်တို့ရဲ့အချစ် အပြည့်အဝ ပွင့်လန်းစည်ပင်နေဖို့ ကျုပ် ဆန္ဒရှိတယ်။ တကယ်လို့ အဲဒါကို အာနန္ဒီက သဘောမတူဘူးဆိုရင်လည်းပဲ ကိစ္စ မရှိပါဘူး''ယင်းသို့ပြောလျက် မာဏိက္ကမ် ထိုနေရာမှ ထသွားသည်။

အာနန္ဒီသည် စိတ်ထဲကပင် အချစ်ဟူသောထိုစကားလုံးကို တစ်ကြိမ်၊ နောက် တစ်ကြိမ် ထပ်ရွတ်လိုက်ပြီးလျှင် ခံစားမှုအပြည့်ရှိနေသည့် ရယ်ခြင်းမျိုးဖြင့် ရယ်လိုက်သည်။

အာနန္ဒီ၏ထံမှ စိတ်ပျက်လက်ပျက်နှင့်ပြန်လာသော မာဏိက္ကမ်သည် လှေကားမှ ဆင်းရင်း လွန်ခဲ့သည့်နေ့က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို သတိရလာသည်။ မိမိသည် လတ်ဆတ်သည့် နှင်းဆီပန်းတစ်ပွင့်ကို နင်းချေပစ်လိုက်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လှပသည့်နိုင်ငံခြားပစ်ကောင်ကို အသက်ရှုရပ်သွားအောင် လည်ပင်းညှစ်ပစ်လိုက်သည်ဟူ၍ လည်းကောင်း ထင်မိလေသည်။ သူ့ခြေထောက်ပေါ် ငါ လဲလျောင်းမသွားသင့်ပေ။ အကြောင်းမူကား ယင်းသို့ပြုလုပ်မိသောကြောင့်သာလျှင် ယနေ့ သူ ဤမျှ မာန်မာနတက်ကြွနေပြီး ဒေါသပုန်ထနေခြင်းဖြစ်သည်ဟူ၍ မာဏိက္ကမ် စဉ်းစားမိလေသည်။

မာဏိက္ကမ်သည် အိမ်ပြန်ရောက်လာသည့်အချိန်၌ သူ၏မိခင် ကျေလမ္မာလသည် မီးမွှေးနေသည်။ ကျေလမ္မာလသည် မာဏိက္ကမ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ မာဏိက္ကမ် ဘယ်နေရာက ပြန်လာသည်ဆိုသည်ကို သိသွားသည်။ သား လက်ထပ်မည်ဆိုသည့်သတင်းကို ကြားပြီးသည့်နောက်၌ ဘာကြောင့်မှန်းမသိ ကျေလမ္မာလ၏ စိတ်နှလုံးတွင် ဆန့်ကျင်ဘက်အတွေးနှစ်ခု ပေါ်ပေါက်လာပြီးလျှင် မနေနိုင်မထိုင်နိုင် ဖြစ်နေသည်။ တစ်ဖက်တွင် အလွန်တရာ ဝမ်းသာအားရဖြစ်နေပြီးလျှင် အခြားတစ်ဖက်၌မူ မသိရမမြင်ရသည့် ဘေးအန္တရာယ်တစ်ခုကို သက်မကင်းဖြစ်နေသောကြောင့် ကြောက်ရွံ့တုန်လှုပ်နေသည်။

မာဏိက္ကမ်သည် တယုတယ မွေးမြူကြည့်ရှုလာခဲ့ရသည့် သူ၏ တစ်ဦးတည်းသောသား ဖြစ်သည်။ သားအတွက် မည်ကဲ့သို့သော ဒုက္ခသုက္ခများကို ခံစားလာခဲ့သည်ကို သူတစ်ဦးတည်းသာလျှင် သိသည်။ မိမိ၏သားအတွက် အကယ်၍ သူကိုယ်တိုင် သတို့သမီးကိုရှာပြီး သူ့ဩဇာညောင်းနိုင်မည့် သတို့သမီးနှင့် မာဏိက္ကမ်ကို လက်ထပ်ပေးရလျှင်မှ ဤမျှ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ ကဒီရေရှန်၏ အိမ်၌ သားမရှိသောကြောင့် မိမိသားကို ကဒီရေရှန်တို့အား ရောင်းစားရသည်ဟူ၍ထင်ပြီး စိတ်နှလုံး ဂဏာမငြိမ် ဖြစ်နေသည်။ မြို့ကြီးပြင်ဖြစ်သော ပညာတတ်မိန်းကလေးတစ်ဦးက သူ၏သားကို သူ့လက်ထဲက လုယူတော့မည်ဟူသော အတွေးကြောင့်လည်း ထိတ်လန့်စိုးရိမ်ခြင်း ဖြစ်နေမိသည်။ အိမ်တွင် ဖြစ်ပေါ်လာမည့်အကြောင်းကိစ္စကို တားမြစ်ပိတ်ပင်နိုင်ဖို့ရန်မှာမူ ကျေလမ္မာလ အနေဖြင့် စွမ်းဆောင်နိုင်သည့်အရာမဟုတ်ပေ။ သူ၏စကားကို ပန်းရံဆရာကလည်း လက်မခံပေ။ မာဏိက္ကမ်ကလည်း ဂရုမစိုက်ပေ။

"မာဏိက္ကမ် နင် ပန်းရန်ဆရာပြောတဲ့စကားကို နားယောင်ပြီး ငါတို့ကံဇာတာ ပွင့်လာပြီလို့များ မအောက်မေ့နဲ့။ တကယ်လို့ ဒီမိန်းကလေး အစစအရာရာတော်တယ်ဆိုရင် ပန်းရန်ဆရာက သူ့သားနဲ့ လက်ထပ်မပေးဘဲ နင်နဲ့ဘာဖြစ်လို့ လက်ထပ်ပေးရတာလဲ။ ဆွမ်းဆန်ထဲမှာ ကြက်ချေးရောနေတယ်ဆိုတာ ငါနားလည်တယ်"

ယင်းသို့ ကျေလမ္မာလက သူ၏စကားကို အစပျိုးသည်။

အာနန္ဒီတို့အိမ်မှ စိတ်လည်းပျက်၊ ဒေါသလည်းထွက်၍ ပြန်လာသော မာဏိက္ကမ်၏ ဒေါသသည် မိခင်၏စကားကို ကြားရသောအခါ ပေါက်ကွဲမည်ကဲ့သို့ ဖြစ်လာသည်။ မာတာပိတုဂုဏော အနန္တောဟူသည့် အယူဝါဒကို မာဏိက္ကမ်သည် အပြည့်အဝ ယုံကြည်ရှိသည်။ ထို့ကြောင့် မိမိဒေါသကို ချိုးနှိမ်ပြီးလျှင် ပြောလိုက်လေသည်။





"လက်ထပ်မင်္ဂလာ ပြုလုပ်တဲ့အချိန်အထိ အမေ တိတ်တိတ်နေရင် ကောင်းလိမ့်မယ်"

ကျေလမ္မာလက အော်ကြီးဟစ်ကျယ်ပြောလိုက်သည်။

"ဟဲ့၊ ဒီအဓိပ္ပာယ် မရှိတဲ့စကားတွေကို မပြောစမ်းနဲ့။ ငါ့ကို မိကျောင်းမင်း ရေကင်းလာပြမနေနဲ့။ ငါ အားလုံး နားလည်တယ်။ တကယ်လို့ အကြောင်းထူးမရှိရင် ဒီအဖိုးကြီးက သူ့သမီးကို နင့်ခေါင်းပေါ်ရွက်ထားဖို့ ဘယ်မှာ သဘောတူမှာလဲ။ ဒီကောင်မကလည်း နင်နဲ့ လက်ထပ်ဖို့ အခုလို ဘယ်မှာအရေးတကြီးလုပ်နေမှာလဲ"

မာဏိက္ကမ်ကလည်း အော်ပြောလိုက်သည်။

"အမေ တိတ်မလား မတိတ်ဘူးလား"

ကျေလမ္မာလကဲ ထပ်ကဲပြန်သည်။

"ကောင်းတယ်၊ မယားလုပ်တဲ့လူ ဒီအိမ်မှာ ခြေမချရစ်ကတည်းက နင် ငါပြောတဲ့စကားကို ခါးခါးသီးသီးငြင်းနေတယ်၊ နင့်မယားအိမ်ရောက်လာလို့ရှိရင် ငါ့အခြေအနေဘယ်အထိ ဖြစ်သွားမလဲဆိုတာ ငါ မသိဘူး။ တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ သူ လက်ထပ်ထိမ်းမြားဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် သူ နင့်လည်ပင်းကို ကြိုးကွင်းချည်နေတာ၊ ဒီကောင်မရဲ့ အမေဟာ မုဆိုးမဖြစ်ပြီးတဲ့နောက်မှ ဒုတိယအကြိမ်အိမ်ထောင်ပြုတယ်။ ဒီအကြောင်းတွေကို တစ်မြို့လုံး သိနေကြတယ်။ နင် ဖုံးကွယ်ဖို့ ကြိုးစားနေလို့ အလကားပဲ"

မိမိအား ဆန့်ကျင်လိမ့်မည်ဟု လုံးဝမျှော်လင့်မထားသူတစ်ဦးထံမှ ရုတ်တရက် ဆန့်ကျင်ဘက်ပြုလုပ်လာသည်ကို တွေ့ရသောအခါ မာဏိက္ကမ်သည် မတွေးတတ် မကြံတတ် ဖြစ်သွားသည်။ အာနန္ဒီ၏အမေသည် နှစ်ကြိမ်တိုင်တိုင် အိမ်ထောင်ပြုခဲ့သည်။ ယင်းအချက်ကို သူ မသိမဟုတ်ပေ။ ယင်းအကြောင်းကြောင့်သာ အာနန္ဒီနှင့် သူ လက်ထပ်ခွင့်ရခြင်း ဖြစ်လိမ့်မည်ဟူ၍ တွေးတောနေမိလေသည်။ သူ၏အမေ အိမ်တကာလည်ပြီး ထိုအကြောင်းကို ကြေငြာလျှက် သူ၏အကြံကို ဖျက်ဆီးပစ်လိမ့်မည်ဟူ၍လည်း သက်မကင်းဖြစ်သွားသည်။

ကျေလမ္မာလသည် အရပ်တကာ လှည့်လည်ပြီးလျှင် မိမိသည် ဆင်းရဲသော ပညာမတတ်သော သာမန်လူတစ်ယောက် ဇနီးမယားဖြစ်သော်လည်း တင့်တယ်ကြွယ်ဝသော အိမ်ထောင်စုတစ်ခုတွင် မွေးဖွားလျက် ဂုဏ်သရေရှိရှိ နေထိုင်လာခဲ့ရသည်ဆိုသည့် အကြောင်းကို မောင်းထုသည်။ တစ်ကြိမ်တစ်ခါ ကံကြမ္မာအလျဉ်းမသင့် ဖြစ်သွားပြီးသည့်နောက်၌ မိမိသည် နောက်တစ်ကြိမ် အိမ်ထောင်ပြုလျက် ဤသားကို မွေးဖွားခြင်း မဟုတ်ဆိုသည့် အကြောင်းကိုလည်း ကျေလမ္မာလ ပြောပြနေသည်။ ကျေလမ္မာလသည် ဘာကြောင့်မှန်းမသိ။ မိမိတို့၏အိမ်ထောင်စုသည် သမီးရှင်၏အိမ်ထောင်စုထက် အစစအရာရာ အဆင့်အတန်းမြင့်သည်ဆိုသည့်အကြောင်းကို အလျှင်အမြန် ထုတ်ဖော်မကြေညာဘဲ မဖြစ်ဟူ၍ ထင်မှတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မာဏိက္ကမ်သည် ပန်းရန်ဆရာ၏ထံသို့ ပြေးသွားပြီးလျှင် ပန်းရန်ဆရာကို ခေါ်လျက် သူ့မိခင်ထံပြန်လာသည်။ ကျေလမ္ဗာလသည် ပန်းရန်ဆရာကို ကြောက်သည်။ ပန်းရန်ဆရာသည် သူ၏ကိုယ်ခန္ဓာနှင့် အသက်ကိုသာလျှင်မက သူ၏ ဂုဏ်သိက္ခာကိုလည်း စောင့်ရှောက်ထားသူဖြစ်သည်။ ပန်းရန်ဆရာသည် ကျေလမ္ဗာလအား မြောက်တစ်လှည့် မြှောက်တစ်လှည့် လုပ်ယူလိုက်လေသည်။

"မာဏိက္ကမ်ပေါက်ထပ်တဲ့အချိန်အထိ တကယ်လို့ ညည်း တစ်စုံတရာပြောမယ် ဆိုရင် ညည်း၊ မိအိမ်နဲ့အဆက်အသွယ် ထာဝစဉ်ပြတ်သွားပြီလို့သာ မှတ်ပေတော့။ သ ကောင်းစားတာကို မကြည့်ဘဲ၊ ကိုယ့်ပစ္စည်းအလုခံရသလို အခုလိုဘာဖြစ်လို့ ဟောင်ဖ ဟောင်ဖြာနဲ့ လျှောက်ပြောနေရတာလဲ" ယင်းသို့ပြောလျက် ပန်းရန်ဆရာသည် ကျေလမ္ဗာ အား ဆူပူကြိမ်းမောင်းလိုက်လေသည်။

မျက်လုံးတွင် စို့လာသည့် မျက်ရည်ကို အနိုင်နိုင်တားဆီးပြီးလျှင် ကျေလမ္ဗာ သည် အခန်းထောင့်တစ်ထောင့်သို့သွား၍ လှဲနေလိုက်လေသည်။ ပန်းရန်ဆရာအနေဖြ မိဂ်၏လမ်း၌ ယင်းကဲ့သို့ အနှောင့်အယှက် ပေါ်လာသောကြောင့်လည်းကောင်း၊ မာဏိက္က အနေဖြင့် လက်မထပ်ခင် အာနန္ဒီနှင့်အတူတွဲ၍ ပျော်ပါးမှုပြုခွင့်မရသောကြောင့်လည်းကောင် စပ်သုတ်သုတ်ပင် လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပဖို့ရန် စိုင်းပြင်းနေကြလေသည်

လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပသည့်အချိန် ရောက်လာလေပြီ။ အာနန္ဒီသ မာဏိက္ကမ်၏ဇနီးမယား ဖြစ်သွားလေပြီ။

မဒရပ်မြို့၌ သူဌေးသူကြွယ်တို့၏ အိမ်များ၌လည်းကောင်း၊ သို့မဟုတ် သူ သူကြွယ်ဖြစ်ဖို့ရန် ရည်ရွယ်ချက်ထားကြသူများ၏ အိမ်များ၌လည်းကောင်း၊ ခမ်းန သိုက်မြိုက်စွာကျင်းပသည့် လက်ထပ်မင်္ဂလာအခမ်းအနားများကဲ့သို့ပင် ယခု လက်ထပ်မင်္ဂလ အခမ်းအနားမှာလည်း စည်ကားသိုက်မြိုက်လှပေသည်။ မာဏိက္ကမ်နှင့် ပန်းရန်ဆ နှစ်ဦးလုံးပင် သူဌေးသူကြွယ်ဖြစ်ဖို့ရန် ရည်မှန်းချက်ထားသူများ ဖြစ်ကြသည်။ သူ နှစ်ဦးသည် ကဒိရေရှန်၏ငွေများကိုလည်းကောင်း၊ ဟိုမှသည်မှ ချေးငှား၍ရသည့် ငွေများက လည်းကောင်း ရေလိုသုံးပစ်လိုက်ကြလေသည်။

လက်ထပ်မင်္ဂလာအခမ်းအနားနေ့၌ အဏ္ဏာမလေသည် မြို့တွင်မရှိပေ။ သူ အဖော်ကျောင်းသားများနှင့်အတူ ပန်းချီရေးဆွဲရန် တန်ဂျာဝူရသို့သွားသည်။ ရှာရဒါသည အာနန္ဒီ၏ လက်ထပ်မင်္ဂလာအခမ်းအနား တက်ရန်အတွက် အနုပညာကောလိပ်မှ ခွင့်ယူလိုက် လေသည်။ အဏ္ဏာမလေကမူ ဘယ်သူက ဘယ်လိုပြောပြော ထိုအချိန်တွင် မဒရပ်မြို့၌နေရ စိတ်ဆန္ဒမရှိပေ။

အာနန္ဒီသည် သူတစ်ဦးတည်းရှိနေချိန်၌ သူ၏မင်္ဂလာဆွဲကြိုးကို လက်ဖြင့် ကိုင်ပြ လျှင် မျက်လုံးတွင် ကပ်လိုက်လေသည်။ ယင်းမင်္ဂလာဆွဲကြိုးသည် မိမိအား ဘဝသစ်က





မပေးနိုင်ပါစေ။ မိမိနှင့်မိမိ အိမ်ထောင်စု၏ဘဝကို ချမ်းသာသုခနှင့် ပြည့်ဝအောင် ပြုလုပ်နိုင်ပါစေဟူ၍ အာနန္ဒီသည် ဘုရားသခင်ထံ ဆုတောင်းလိုက်လေသည်။ ထိုအချိန်၌ မျက်လုံးမှ ထွက်လာသော မျက်ရည်သည် ထိုမင်္ဂလာဆွဲကြိုးကို ဆေးကြောပေးနေသည်။ ယင်းမျက်ရည်များသည် ပီတိမျက်ရည်များ ဖြစ်ပါသလော။ မည်သူမျှ အမှန်တကယ် မပြောနိုင်ပေ။

◆◆◆

ပန်းချီအနုပညာကောလိပ်ကျောင်းသားတို့သည် မဒရပ်မြို့မှ တန်ဂျာဝူရသို့ သွားရန်အတွက် ဘတ်စ်ကားတစ်စီးကို အထူးစီစဉ်ကြသည်။ ဘတ်စ်ကားဖြင့် တန်ဂျာဝူရ သို့ အရောက်သွားပြီးလျှင် တန်ဂျာဝူရ၌ နှစ်ရက်နားလျက် ကုဒန်ဒေအမည်ရှိ နေရာတစ်နေရာ သို့ သွားကြသည်။ ခရီးလမ်းတစ်လျှောက်၌ ကျောင်းသားအပေါင်းများများသည် စိတ်ပါ ဝင်စားစရာ အတွေ့အကြုံအမျိုးမျိုးကို ရရှိကြသည်။

ဘယ်ဆီကိုကြည့်လိုက်ကြည့်လိုက် အဝေးသို့အထိ ပျံ့လွင့်နေသည့် ယာခင်းများ သည် စိမ်းမြမြကဘလာကို ခင်းလျက် ကျောင်းသားများအား ကြိုဆိုနေသကဲ့သို့ ထင်ရသည်။ လမ်းတစ်လျှောက်၌ တွေ့မြင်ရသော အုန်းပင်များ၊ ငှက်ပျောပင်များ၊ ကြံခင်းများနှင့် ဝါးရုံတောများသည် ကျောင်းသားများ၏ အနုပညာမျက်လုံးများကို အလွန်တရာ နှစ်သက် ရွှင်လန်းမှုပေးနေကြသည်။ ဟိုနေရာသည်နေရာ၌ ရှိနေကြသည့် ချောင်းငယ်မြောင်းငယ်များနှင့် မြစ်များသည် ဟသွင်သွင်စီးဆင်းနေကြသည်။ ရေအပြည့်ရှိနေသည့် အိုင်များနှင့် ရေကန်များ၌ ကြာမျိုးစုံ အမြောက်အများပွင့်နေကြသည်။ ယင်းရှုခင်းများကို မဒရပ်မြို့၌ နေကြသူများ အနေဖြင့် မြင်ရဖို့ရန် အလွန်တရာ ခဲယဉ်းသည်။

အဏ္ဏာမလေအတွက် ယင်းရှုခင်းများသည် အဘယ်ကြောင့် ခြောက်သွေ့ပြီး ငြီးငွေ့ဖွယ်ဖြစ်နေသည်မသိပေ။ ဘတ်စ်ကားပေါ်၌ ထောင့်တစ်ထောင့်တွင် ထိုင်နေသော အဏ္ဏာမလေသည် ယင်းရှုခင်းများကို ခရီးသည်တစ်ဦးဦးက သိကၡာရ ရှုခင်းများကို ကြည့်ရှုနေသကဲ့သို့ပင် ငေးကြည့်နေသည်။

သူ၏မျက်လုံးမှာ ပွင့်နေသော်လည်း သူ၏အမြင်သည် မည်သည့်သုညထဲတွင် လှည့်လည်နေသည်မသိပေ။ အဏ္ဏာမလေသည် မိမိ၏တစ်သက်တာ၌ ယခင်က ဤကဲ့သို့ ခါးသီးလှသည့် စိတ်မချမ်းသာမှုမျိုးကို မတွေ့ကြုံ မခံစားရဖူးပေ။ သူ အဘယ်ကြောင့် ဤမျှ စိတ်မချမ်းမသာဖြစ်နေသည်ဆိုသည်ကို သူကိုယ်တိုင်လည်း နားမလည်ပေ။

ကျောင်းသားများသည် တန်ဂျာဝူရမှ ဘုရားကျောင်းများ၏ မြို့ဖြစ်သော ကုဒန်ဒေ သို့ ရောက်လာကြသည်။ ထိုနေရာသို့ ရောက်ရှိသောအခါ ကျောင်းသားများသည် တစ်စုစီ တစ်စုစီခွဲလျက် ဘုရားကျောင်းအသီးသီးသို့ သွားကြသည်။ ကျောင်းသားအချို့မှာမူ သဘာဝ ရှုခင်းများကို ပန်းချီရေးဆွဲရန်အတွက် ထွက်သွားကြသည်။ အဏ္ဏာမလေလည်း သူတို့နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com





လိုက်ပါသွားသည်။ သို့ရာတွင် လမ်း၌ တိတ်ဆိတ်ခြောက်သွေ့နေသော ဘုရားကျောင်းဟောင်း တစ်ခုကို တွေ့မြင်ရသည်ဖြစ်၍ ထိုဘုရား ကျောင်းအတွင်းသို့ ဝင်သွားလေသည်။

ဘုရားကျောင်းအတွင်းရှိ အခန်း၏ပတ်ဝန်းကျင်တဝိုက်၌ ထူထပ်သော အမိုက်မှောင် လွှမ်းနေသည်။ ထိုနေရာရှိ ဆိုးဝါးသောအနံ့အသက်သည် လင်းနို့များ၏ နေရာဌာနဖြစ်သည်ဆိုသည့်အကြောင်းကို ညွှန်ပြနေသည်။ ဘုရားကျောင်းအတွင်းက ကြမ်းပြင်မှာ ဖုံအပြည့်ဖြစ်နေသည်။ အမိုက်မှောင်ထဲတွင် ရုပ်တုစသည်ကို ရှာဖွေနေသော အဂ္ဂါမလေသည် နောက်ဆုံး၌ ရုပ်တုတစ်ခုကိုတွေ့ရ၍ ထိုရုပ်၏ ရှေ့ဘက်ရှိတိုင်ကိုမှီလျက် ထိုင်လိုက်သည်။ အမိုက်မှောင်ထဲတွင် အတန်ကြာမျှ ဟိုဟိုသည်သည် ကြည့်နေသည်။ ထို့နောက် ဘုရားကျောင်းနံရံ၏ အပေါ်ဖက်နံရံ၌ လင်းနို့အများအပြား တွဲလွဲဆွဲနေကြသည်ကို မြင်သွားသည်။

တန်ဂျာဝူရရှိ ဘုရားကျောင်းများ၏ နံရံများပေါ်၌ ရေးခြယ်ထားသည့် ရောင်စုံပုံများကို သူ့နှဂိုအတိုင်း စက္ကူပေါ်၌ ပုံတူရေးဆွဲဖို့ရန် ကော်ပီစာအုပ်ကိုဖွင့်ပြီး ကြည့်လိုက်သည်။ ကော်ပီစာအုပ်ထဲတွင် ရေးခြစ်ထားသည့်ပုံများကို တွေ့မြင်ရသောအခါ ပန်းချီရေးဆွဲရာ၌ အလေ့အကျင့်မရှိသေးသော လူတစ်ယောက်ယောက်က ခဲတံဖြင့် ကွေ့ကွေ့ကောက်ကောက် အကြောင်းများကို ရေးဆွဲထားသည်ကဲ့သို့ ထင်သွားသည်။ မိမိ၏စိတ် ယင်းကဲ့သို့ အဘယ်ကြောင့် ပုံမမှန်ဖြစ်နေသည်ဆိုသည်ကို သူ နားမလည်ပေ။

အဂ္ဂါမလေသည် မဒရပ်မြို့မှ ဝေးရာသို့သွားပြီး မိမိအလုပ်ထဲတွင် နှစ်မြှုပ်ထားလိုသည့်ဆန္ဒ ရှိနေသည်။ သို့ရာတွင် ထိုနေရာသို့ ရောက်လာသည့်အခါ၌မူ သူ၏ စိတ်နှလုံးသည် အဘယ်ကြောင့် ပုံမမှန်ဖြစ်နေသည်မသိပေ။ စိတ်ဂနာမငြိမ် ဖြစ်နေသည်။

နံရံပေါ် တွဲလွဲဆွဲနေကြသည့် လင်းနို့များသည် ရုတ်တရက် ဟိုဟိုသည်သည် ထပြန်ကြသည်။ လင်းနို့တစ်ကောင်သည် ပျံရင်း အဂ္ဂါမလေ၏ကျောကို ဝင်တိုးသည်။ နောက်ဖက်၌ ရှဥ့်များသည် ဆူဆူညံညံလုပ်လျက် ပြေးလွှားလှုပ်ရှားနေကြသည်။ ကြွက်များကလည်း တွန်နေကြသည်။ ထိုကြွက်များသည် အလွမ်းသီချင်း ဂီတအတွက် စည်းလိုက်ဖို့ရန် ကြိုးစားနေကြသလားဟု အဂ္ဂါမလေ ထင်သွားသည်။

အဂ္ဂါမလေသည် ရှာရဒါကို စိတ်ဆိုးသွားသည်။ အကယ်၍ ရှာရဒါသာ လိုက်ပါလာပါက သူ ယခုလောက် စိတ်မချမ်းမသာ ဖြစ်မည်မဟုတ်ပေ။ ရင်ဖွင့်လျက် ရှာရဒါနှင့်စကားပြောရင်း အချိန်ဖြုန်း၍ ရနိုင်သည်။ ရှာရဒါသည် အာနန္ဒီ၏လက်ထပ်မင်္ဂလာပွဲအတွက် ခွင့်ယူသွားသည်။ သူက ငါ့ထက် အာနန္ဒီအတွက် ပိုပြီးကြောင့်ကြစိုက်ပုံရသည်။ ယင်းသို့တွေးလျက် အဂ္ဂါမလေ ဒေါသထွက်လာသည်။

မဒရပ်မြို့၌ ရှာရဒါနှင့်အတူတကွ အားလုံးက သူ့ကို လက်ထပ်မင်္ဂလာပွဲတက်ရန် အရေးဆိုကြသည်။ ဆုန္ဒရီသည် သူ့ကို မင်္ဂလာဆောင်သွားရန် ငိုယိုပြီး တောင်းပန်သည်။ မာဏိက္ကမ်နှင့်အတူ အဂ္ဂါမလေ၏ မိဘများအပြင် အာနန္ဒီ၏ဖခင်ပါ သူ့ကို ခရီးမထွက်ရန် ဖျောင်းဖျပြောကြားကြသည်။ သို့ရာတွင် သူ မနာယူခဲ့ပေ။ အဂ္ဂါမလေသည် အမှန်အားဖြင့် တခြားလူများ တောင်းပန်တိုက်တွန်းသည့်စကားကို ခေါင်းညိတ်လျက် လက်ခံနာယူသည့် အကျင့်ရှိသူဖြစ်သည်။ သို့ရာတွင် ထိုနေ့၌ကား အဘယ်ကြောင့် ဤမျှခေါင်းမာနေသည် မသိပေ။ အကယ်၍ အာနန္ဒီကသာ သူ့ကို ခရီးမထွက်ရန် တောင်းပန်တိုးလျှိုးမည်ဆိုပါက သူ လိုက်လျောပေလိမ့်မည်။ အာနန္ဒီသည် သူ့ကို ခရီးမထွက်ရန် အဘယ်ကြောင့် အလေးအနက် မပြောဆိုသည်မသိပေ။ ယခု အာနန္ဒီသည် ငါ့ကို တယ်မှာဂရုစိုက်တော့မည်နည်းဟူ၍ တွေးတောပြီးလျှင် အဂ္ဂါမလေ စိတ်မကောင်းဖြစ်သွားသည်။

ပထမဦးစွာ မာဏိက္ကမ်ကိုယ်တိုင် အဂ္ဂါမလေထံလာ၍ သူ လက်ထပ်တော့မည် ဆိုသည့်အကြောင်းကို ပြောပြသည်။ မိမိနှင့် အာနန္ဒီတို့သည် တစ်ယောက်နှင့်တစ်ယောက် ချစ်နေကြသည်လည်းကောင်း၊ ထို့ကြောင့်သာ အာနန္ဒီကိုယ်တိုင် သူ့ဖခင်ထံသွားပြီး သမီး လက်ထပ်ရမည်ဆိုလျှင် မာဏိက္ကမ်နှင့်ပင် လက်ထပ်မည်။ တခြားလူနှင့်လက်မထပ်ဘူး ပြောခဲ့သည်ဆိုသည်ကိုလည်းကောင်း မာဏိက္ကမ်က အဂ္ဂါမလေကို ပြောပြသည်။ ယင်းကဲ့သို့ သောစကားများကို ပြောပြလျက် မာဏိက္ကမ်သည် အဂ္ဂါမလေရှေ့တွင် ကြွားပြသည်။ သူ အဂ္ဂါမလေထက် သာသွားပြီဆိုသည့်အကြောင်းကို မာဏိက္ကမ်သည် သက်သေထူပြလိုသည့် ဆန္ဒရှိသည်။

မာဏိက္ကမ်၏စကားများကြောင့် တွေ့ကြုံခဲ့ရသည့် စိတ်မချမ်းမသာမှုကို အဂ္ဂါမလေအနေဖြင့် ခံနိုင်စွမ်းမရှိ ဖြစ်နေသည်။ မာဏိက္ကမ်က သူ၏နှလုံးကို သံတုနှင့် ရိုက်နှက်လိုက်သည်ဟူ၍ အဂ္ဂါမလေ ထင်မှတ်နေသည်။ ယင်းသို့ဖြစ်သော်လည်း သူ၏ စိတ်နှလုံးထဲတွင် မာဏိက္ကမ်နှင့်ပတ်သက်၍ ရွံရှာခြင်း သို့မဟုတ် မုန်းတီးခြင်း မရှိပေ။ မာဏိက္ကမ်နှင့် အဂ္ဂါမလေတို့သည် တစ်မိဝမ်းတွင်းက ဆင်းသက်သည့် ညီအစ်ကိုသဖွယ်ပင် ဖြစ်နေကြသည်။ သို့ရာတွင် အဂ္ဂါမလေသည် မာဏိက္ကမ်အား မည်သည့်အခါမျှ နှစ်ကိုယ့် တစ်စိတ်ရှိသည့် အမူအရာမျိုးကို မပြပေ။ မာဏိက္ကမ်အား မိမိ၏အစ်ကိုတစ်ယောက်အဖြစ်မှု မှတ်ထင်လေသည်။

အာနန္ဒီသည် မာဏိက္ကမ်အား အဘယ်ကြောင့် ချစ်ကြိုက်သွားသနည်း။ အာနန္ဒီ၏ စိတ်နှလုံးသည် မာဏိက္ကမ်၏အလိုကျ အဘယ်ကြောင့်ဖြစ်သွားသနည်း။ အာနန္ဒီသည် သူ့ဖခင်အား နားပူနားဆာလုပ်လျက် လက်ထပ်ထိမ်းမြားပေးရန် အဘယ်ကြောင့် အလျင်အမြန် တိုက်တွန်းသနည်း။ ယင်းအချက်များကို အဂ္ဂါမလေ မယုံကြည်ပေ။ လုံးဝ မယုံကြည်ပေ။ အဂ္ဂါမလေသည် အမှန်တကယ်ပင် ယင်းအချက်တို့ကို ယုံကြည်မှုမရှိပေ။ မိမိ ငိုမိလိမ့်မည်ဟု အဂ္ဂါမလေထင်လာသည်။ မာဏိက္ကမ်၏ရှေ့၌ ထိန်းထားနိုင်သော်လည်း မာဏိက္ကမ် ထွက်သွားပြီးနောက် တစ်ကိုယ်တည်းရှိသည့်အခါ၌မူ အဂ္ဂါမလေသည် ရှိုက်၍ရှိုက်၍ ငိုလိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေ အဘယ်ကြောင့် ငိုသနည်း။

အဏ္ဏာမလေသည် မဒရပ်မြို့၌ မိန်းကလေးအမြောက်အများကို တွေ့ဖူးသည်။ အာနန္ဒီသည် သူ့အတွက် သာမန်မိန်းကလေးတစ်ယောက် မဟုတ်ပေ။ အိမ်မက်လောကထဲက အလှပျိုသဖွယ်ဖြစ်နေသည်။ အာနန္ဒီအား မိမိကဲ့သို့သော သာမန်လူများအနေဖြင့် ရောက်ရှိ... အလှမ်းဝေးသည့် အလွန်မြင့်မားသော သစ်ကိုင်းပေါ်၌ပွင့်နေသည့် စကားဝါပွင့်ကဲ့သို့ ထင်မှတ်... သည်။ စိတ်နှလုံးထဲတွင် မည်ကဲ့သို့သော ဖောက်ပြန်မှုမျိုးကိုမှ မဖြစ်စေဘဲ အဝေးမှရပ်လျက် ထိုပန်းပွင့်ကို ကြည့်ပြီးလျှင် ဖြူစင်သောနှလုံးသားဖြင့် ထိုပန်းပွင့်ကို နမ်းရှုံ့ပါက စိတ်နှလုံး... ရွှင်လန်းမှုဖြစ်ပေါ်လာနိုင်သည်ဟူ၍ ထင်မှတ်ထားသည်။ အဏ္ဏာမလေသည် အာနန္ဒီအား... ထိုနည်းအတိုင်းပင် လူသားမဟုတ်သည့် နတ်ကညာပျိုတစ်ပါးဟူ၍သာ ထင်မှတ်ထားသည်...

တစ်ချိန်တုန်းက အဏ္ဏာမလေသည် အာနန္ဒီနှင့် အာနန္ဒီ၏အဖေကို မိမိတို့အိမ်... ပင့်ဖိတ်ရမှာ တွန့်ဆုတ်ဆုတ်ဖြစ်ခဲ့သည်။ သူတို့သားအဖနှစ်ယောက်သည် မိမိထက် အ... အရာရာ သာသည်ဟူ၍ ထင်မှတ်ယူဆထားသည်။ အာနန္ဒီတို့ သားအဖသည် အဏ္ဏာမလေ... ဆက်ဆံပေါင်းသင်းရာ၌ မည်ကဲ့သို့သော လူတန်းစားခွဲခြားမှုမျိုးကိုမှ မထားပေ။ သူတို့... အနေအထိုင်သည် အလွန်တရာမှ ရိုးသားမှုရှိသည်။ သို့ပင်ဖြစ်သော်လည်း သူတို့တွင် ဖွေ... ချိန်စက်၍မရသည့် ထူးခြားမှုတစ်ခု မြင့်မြတ်မှုတစ်ခု ရှိနေသည်။ အဏ္ဏာမလေသည် စာအု... များထဲတွင်အကြိမ်များစွာ ရည်မွန်မှု၊ ယဉ်ကျေးမှု ဆိုသည့်စကားလုံးများကို ဖတ်ဖူးသည်... သို့ရာတွင် အာနန္ဒီကို တွေ့မြင်ရပြီးနောက်ပိုင်းကျမှသာလျှင် ယင်းစကားလုံးများ၏ အနက်... အဓိပ္ပာယ်ကို အပြည့်အဝနားလည် သဘောပေါက်လာသည်။ အာနန္ဒီ၏အကြည့်၊ အာနန္ဒီ၏... စကား၊ အာနန္ဒီ၏ လှုပ်ရှားမှုအားလုံးသည် ယဉ်ကျေးနေသည်။ ရည်မွန်နေသည်။ အာနန္ဒီတွင်... အလှရှိနေသည်။ ယဉ်ကျေးမှု ရှိနေသည်။ သိမ်မွေ့နူးညံ့မှု ရှိနေသည်။

အာနန္ဒီကို စိတ်ညွတ်နေသော အဏ္ဏာမလေသည် အာနန္ဒီနှင့်ခွဲလိုက်ရသဖြင့်... စိတ်မကောင်းဖြစ်နေသော်လည်း ဆုန္ဒရီကို တွေးတောသည့် နည်းလမ်းမျိုးဖြင့် အာနန္ဒီကို... မတွေးတော စိတ်မကူးရဲပေ။ မိမိနှင့်အာနန္ဒီ၏အကြား၌ မည်ကဲ့သို့သော တူညီမှုမျိုးမှ မရှိဟု... အဏ္ဏာမလေထင်သည်။ တစ်ဖက်တွင် အပြင်အပအလှနှင့် အတွင်းအလှတို့ ထူးခြားစွာ... ရောစပ်ပေါင်းစုနေသည့် ပန်းပွင့်ကဲ့သို့ နူးညံ့သိမ်မွေ့သော အာနန္ဒီရှိနေပြီ။ အခြားတစ်ဖက်၌... အုတ်နှင့် ဘိလပ်မြေတို့၏ အကူအညီဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသည့်ပန်းရန်ဆရာ... ကျိဒမ္ဗရမ်၏သား မိမိရှိနေသည်။ မိမိ၏ အိမ်ထောင်မိသားစုသည် စီးပွားရေးအမြင်အားဖြင့်... ကြွယ်ဝချမ်းသာမှု ရှိနေသော်လည်း အိမ်ထောင်မိသားစုထဲက အများစုမှာ ပန်းရန်အလုပ်ကို... သာလျှင် လုပ်ကြသူများဖြစ်ကြသည်။

ယဉ်ကျေးမှု၊ ပညာရေး၊ အိမ်ထောင်မိသားစုအခြေအနေ၊ မည်သည့်အမြင်ဖြင့်... ကြည့်ကြည့် မာဏိက္ကမ်အား အာနန္ဒီနှင့် လိုက်ဖက်သည်ဟူ၍ ဘယ်မှာပြောနိုင်မည်နည်း။





အာနန္ဒီသည် မာဏိက္ကမ်အား သူ၏ချစ်သူအဖြစ် ဘယ်မှာထားနိုင်မည်နည်း။ အာနန္ဒီလည်း တခြားသာမန် မိန်းကလေးတို့၏ အဆင့်အတန်း၌ပင် ရှိနေသလော။ ဘယ်လိုလဲကွယ် အာနန္ဒီရယ်။

အာနန္ဒီကို အကြောင်းပြုလျက် ဤကဲ့သို့ သူ အဘယ်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေသနည်းဆိုသည်ကို အဏ္ဏာမလေမသိပေ။ သနားစရာ အဏ္ဏာမလေ။ သူ၏ စိတ်နှလုံး ဗိမာန်တွင်း၌ စံပယ်နေသည့် နတ်ဒေဝတာကို နိမ့်ကျမှုမှတ်ည့်သူတစ်ယောက်က သိမ်းပိုက်လိုက် သည်ဆိုသည်ကို သူ့မှာ နားမလည်ရှာပေ။

◆ ◆ ◆

ဘုရားကျောင်းခန်းထဲ၌ ပြန့်နေသည့်အမိုက်မှောင်အတွင်း၌ပင် အဏ္ဏာမလေသည် တဖြည်းဖြည်း ကျောက်ရုပ်တုတစ်ခုကို တွေ့မြင်လာသည်။ ထိုရုပ်တုကို အာရုံစိုက်၍ ကြည့်လိုက်သည်။ ထိုရုပ်တုမှာ အနုပညာမြောက်စွာ ထုလုပ်ထားသည့် ရောင်စုံလက်ျာမီး နတ်သမီးရုပ်တု ဖြစ်နေသည်။

"သနားစရာ လက်ျာမီနတ်ဒေဝီ၊ ဤအခန်းသည် ဤကဲ့သို့ အမိုက်မှောင်ထဲတွင် နစ်မြုပ်နေလိမ့်မည်ဟူ၍ သိပါလျက်နှင့် သင်နတ်သမီးသည် ဤနေရာကို မိမိ၏နေစရာ ဗိမာန်အဖြစ် အဘယ်ကြောင့် ပြုလုပ်ထားသနည်း"

ယင်းသို့ စိတ်ထဲက တွေးတောပြီးလျှင် အဏ္ဏာမလေသည် သက်ပြင်းကြီးတစ်ချက် ရှုလိုက်လေသည်။ ထိုအချိန်၌ တခြားဘာကိုမှ တွေးတောစဉ်းစား၍ မရတော့ပေ။ ရုပ်တုများ၏ အလယ်၌ သူကိုယ်တိုင်လည်း ရုပ်တုတစ်ခု ဖြစ်သွားသည်။

မာဏိက္ကမ်နှင့် အာနန္ဒီတို့ လက်ထပ်တော့မည်ဆိုသည့်သတင်း၊ ကြားသိရပြီးသည့် နောက်ပိုင်းမှစ၍ အဏ္ဏာမလေသည် အတန်းထဲတွင် အမြဲလိုလိုပင် ယင်းကဲ့သို့ ရုပ်တုတစ်ခုပမာ ထိုင်နေတတ်သည်။ တခြားကျောင်းသားများနှင့်အတူ ပူးပေါင်း၍ ပန်းချီကားအချို့ကို ရေးဆွဲ သော်လည်း မည်သည့်ပန်းချီကားကိုမှ အပြီးမသတ်ပေ။ သူ့တွင် ဖြစ်ပေါ်နေသည့် ယင်းအပြောင်းအလဲကို ရှာရဒါ သတိထားမိသည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ရှာရဒါသည် အဏ္ဏာမလေအား ဘာမှ မေးမကြည့်ပေ။ ထိုအချိန်၌ ရှာရဒါသည် အာနန္ဒီ လက်ထပ်တော့မည် ဆိုသည့်အကြောင်း မသိသေးပေ။ အဏ္ဏာမလေသည် ထိုအကြောင်းကို မည်သူ့ကိုမှ ပြော မပြပေ။

သူလက်ထပ်တော့မည်ဟူ၍ အာနန္ဒီပြောပြသောသတင်းကို ကြားရသောအခါ ရှာရဒါ တအံ့တဩဖြစ်သွားသည်။ ရှာရဒါသည် မာဏိက္ကမ်အကြောင်းကို အတော်အတန် သိထားသည်။ မာဏိက္ကမ်သည် လှုပ်ပေါ်လော်လီသော စိတ်သဘောထားရှိသူ ...ယ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ဟူ၍ တွက်ထားသည်။ ရှာရဒါ တွေးတောစဉ်းစားနေမိသည်။ အင္ဂျာမလေသည် ငါ့ကို ယင်းသတင်း အဘယ်ကြောင့် ပြောမပြသနည်း။ ငါ့ကို ဤသတင်း ပြောမပြဘဲနှင့် သူ ဘယ်လိုလုပ်နေနိုင်သနည်း။

တစ်နေ့ နေ့လယ်စာ၌ အင္ဂျာမလေသည် ထမင်းသွားမစားပေ။ တစ်ယောက်တည်း အတန်းထဲ၌ ထိုင်နေသည်။ အခွင့်ပေါ်ပြီဖြစ်၍ ရှာရဒါက အင္ဂျာမလေကို လာဖမ်းသည်။ ရှာရဒါသည် နေ့စဉ်နေ့တိုင်း သူ့သူငယ်ချင်းများနှင့်အတူ ထမင်းသွားစားလေ့ရှိသည်။ ထိုနေ့၌မူ အခန်းထဲ၌ ကျန်ရစ်ခဲ့သည်။ အင္ဂျာမလေအား မေးလိုက်သည်။

''ရှင် လေးငါးရက်လောက်ရှိပြီ၊ ဘာဖြစ်လို့ ဒါလောက်မှိုင်နေတာလဲ၊ အခုတလော ရှင် နေ့လယ်စာထမင်းတောင် သွားမစားဘူးထင်တယ်''အင္ဂျာမလေက ရှာရဒါကို မကြည့်ဘဲနှင့် ပြန်ဖြေသည်။

''ကျွန်တော် နေလို့သိပ်မကောင်းဘူး''

''နေလို့မကောင်းရင် ဘာဖြစ်လို့ ကောလိပ်ကိုလာရတာလဲ၊ ခွင့်ယူပြီး အိမ်မှာ နေပါလား''

မည်ကဲ့သို့ ပြန်ဖြေရမည်ဆိုသည်ကို အင္ဂျာမလေ မတွေးတတ်အောင်ဖြစ်သွားသည်။

''ရှင် နေမကောင်းတာ အာနန္ဒီတို့ လက်ထပ်တော့မယ်ဆိုတဲ့ အကြောင်းနဲ့တော့ ဘယ်လိုမှ မပတ်သက်ပါဘူးနော်။ ရှင် အဲဒီအကြောင်း၊ ကျွန်မကို ဘာဖြစ်လို့ ပြောမပြသလဲ''

အင္ဂျာမလေက ထိတ်ထိတ်ပျာပျာဖြစ်သွားသော အသံဖြင့်ပြောလိုက်သည်။

''ရှာရဒါ အဲဒီလိုမပြောပါနဲ့''

အင္ဂျာမလေက ယင်းကဲ့သို့ ပြောသော်လည်း ရှာရဒါသည် နှုတ်ပိတ်မနေပေ၊ ''သနားစရာသူ့ခမျာ အာနန္ဒီ''ဟူ၍ ပြောပြီးလျှင် ရှာရဒါသည် သက်ပြင်းတစ်ချက် ရှူလိုက်သည်။ အတန်ငယ်ကြာသွားသောအခါ ဆက်ပြောပြန်သည်။

''ရှင့်အဖေက သူ့ကို မာဏိက္ကမ်နဲ့ ပေးစားတာ။ ဒါကြောင့် သူ မာဏိက္ကမ်နဲ့ လက်ထပ်ထိမ်းမြားဖို့ သဘောတူလိုက်တာဖြစ်တယ်။ တကယ်လို့သာ ရှင့်အဖေက ရှင်နဲ့ လက်ထပ်ဖို့ပြောမယ်ဆိုရင် သူ သိပ်ဝမ်းသာမှာပဲ။ အခုတော့ သူ့ရုပ်ရည်ကို ကျွန်မ မမြင်ရက်ဘူး။ တစ္ဆေသရဲ ဖမ်းစားထားသလိုပဲ ကျွန်မ သူ့ကို မြင်နေတယ်''

တစ်စုံတစ်ယောက်က သူ၏ဦးခေါင်းကို ပြင်းထန်စွာ ထုနက်လိုက်သည်ဟူ၍ အင္ဂျာမလေ ထင်သွားသည်။ အကယ်၍ ဖေဖေကသာ ငါနှင့်လက်ထပ်ဖို့ပြောလျှင် အာနန္ဒီသည် အမှန်တကယ်ပင် ဝမ်းသာအားရ ဖြစ်သွားမည်လား။ ရှာရဒါ ပြောပြသောစကားသည် အမှန်တကယ်ပဲလား။ အာနန္ဒီက သူ့ကို ချစ်နေသည်ဟူ၍လည်းကောင်း အာနန္ဒီကိုယ်တိုင် သူ့ဖခင်အား မာဏိက္ကမ်နှင့် လက်ထပ်ချင်ပါသည်ဟူ၍ ပြောပြသည်ဟူ၍လည်းကောင်း၊





မာဏိက္ကမ်က ငါ့ကိုပြောပြသည်။ ရှာရဒါကမူ ယခု အာနန္ဒီကိုကြည့်လျှင် တစ္ဆေသရဲ ဖမ်းစားနေသလားဟု ထင်ရသည်ဟူ၍ ပြောပြနေသည်။ နှစ်ဦး၏စကားတွင် မည်သူ၏စကား အမှန်ဖြစ်သနည်း။ မည်သူ၏စကားက အမှားဖြစ်သနည်း။

အာနန္ဒီက သူ့ကို လိုလားသည်ဆိုသည့်အကြောင်း ရှာရဒါထံမှ ကြားသိရသောအခါ အင္ဂျာမလေ၏စိတ်ထဲတွင် တစ်စုံတစ်ခုလုပ်ရန် အစွမ်းအစ နိုးကြားထကြွလာသည်။ အင္ဂျာမလေ စဉ်းစားကြည့်သည်။ မိမိသည် အာနန္ဒီအတွက် ဆုန္ဒရီကို မေ့ပစ်နိုင်သည်။ ဖခင်အား အတင်းအကျပ်ပြောဆိုလျက် နှင်ဆုံးဖြတ်ချက်ကို အပြင်ခိုင်းနိုင်သည်။ အကယ်၍ မာဏိက္ကမ် လှန်ပြောခြင်းဖြစ်သည်ဆိုလျှင် မိမိကိုယ်တိုင် အာနန္ဒီနှင့် လက်ထပ်ထိမ်းမြားမည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် မာဏိက္ကမ်အား တစ်ပတ်ရိုက်ခြင်းလည်း မဟုတ်ပေ။

ရှာရဒါသည် အတန်ငယ် စိတ်ဆိုးလာပြီးလျှင် လှုပ်ရှားတက်ကြွသောအသံဖြင့် ပြောလိုက်သည်။

''ဟုတ်တယ်၊ ဖြစ်ပြီးတဲ့အကြောင်းကို ပြန်ပြောနေလို့ ဘာအကျိုးရှိမှာလဲ။ ကိုယ့်လက်ထဲမှာရှိနေတဲ့အခါတုန်းကတော့ အဲဒီအရာဝတ္ထုရဲ့ တန်ဖိုးကို ရှင်နားမလည်ဘူး။ အဲဒီလိုဖြစ်ရတာဟာ အမှန်မှာတော့ အာနန္ဒီရဲ့ ကံကြမ္မာပါပဲ။ အခုတော့ သူ့ခမျာ မိမိကံကြမ္မာမှာ ရေးထားတဲ့အတိုင်း ဖြစ်ရတော့မှာပဲ။ တကယ်လို့ ရှင့်အပေါ်မှာ ဆုန္ဒရီကသာ လွှမ်းမိုးမနေဘူးဆိုရင် ကျွန်မကိုယ်တိုင် ရှင့်ကို အကြောင်းစုံ ပြောမပြဘဲနေမှာမဟုတ်ဘူး''

အဖြစ်အပျက်သည် ဆုံးခန်းသို့ မရောက်သေးပေ။ အစပင်ရှိသေးသည်ဟု တွေးတောစဉ်းစားပြီးလျှင် အင္ဂျာမလေသည် စိတ်နှလုံးမရိုးမရွ ဖြစ်နေသည်။ ရှာရဒါ၏စကားကို ကြားရပြီးသည့်နောက်၌ အတန်းထဲတွင် ထိုင်မနေနိုင်တော့ပေ။ နေ့လယ်ချိန်နောက်ပိုင်း၌ ကောလိပ်မှခွင့်ယူပြီးလျှင် စက္ကူတစ်းလျက် ထွက်လာခဲ့သည်။

ဤစက္ကူတာသည် သူ့ကို ဆုန္ဒရီ၏ဖခင် ဒေါ်ပါတီ ဝယ်ပေးသည်ဆိုသည်ကို အင္ဂျာမလေ ရုတ်ခြည်းသတိရလာသည်။ စဉ်းစားကြည့်လိုက်သည်။ ဆုန္ဒရီ၏ဖခင် ဝယ်ပေးသည့် ပစ္စည်းဖြစ်သော်လည်း ကိစ္စမရှိ။ ဆွေမျိုးသားချင်းများမှာမူ တစ်ဦးနှင့်တစ်ဦး အပေးအယူ ရှိကြသည်ချည်းဖြစ်သည်။ အတိုးနှင့်တကွ သူဝယ်ပေးသည့် ပစ္စည်း၏တန်ဖိုးကို ငါ ပြန်ဆပ်မည်။ အင္ဂျာမလေသည် မည်သည့်အခါကမှ ဤမျှ လျင်မြန်စွာ စက္ကူတာကို မမောင်းခဲ့ဘူးပေ။ တစ်စုံတစ်ခု စိတ်မချမ်းမြေ့စရာ အဖြစ်အပျက်၏ သားကောင်ဖြစ်မသွားဘဲနှင့် အိမ်သို့ ချောချောမောမော ရောက်သွားခြင်းမှာ သူ့အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။ ပထမဦးစွာ ရင်ဖွင့်လျက် အာနန္ဒီကို အကျိုးအကြောင်း ပြောပြမည်။ ထို့နောက် သူ၏မိဘနှင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များနှင့်လည်းကောင်း ဆွေးနွေးတိုင်ပင်မည်ဟူ၍ စဉ်းစားထားသည်။ အကယ်၍ လိုအပ်ပါက အာနန္ဒီအတွက် မည်သည့်ပစ္စည်းဝတ္ထုကိုဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုဖြစ်စေ စွန့်လိုက်ဖို့ရန် အဆင်သင့်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်သမယနှင့် ပတ်ဝန်းကျင်အခြေအနေတို့သည် သူနှင့် လိုက်လျောညီထွေ ဖြစ်နေသည်။ ပန်းရန်ဆရာနှင့်တကွ ကာဗီရေရှန်နှင့် မာဏီကွာမ်တို့သည် လက်ထပ်မင်္ဂလာပွဲအတွက် လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်းရန် ဈေးသို့သွားနေကြသည်။ အာနန္ဒီ တစ်ယောက်တည်း အိမ်တွင်ရှိနေသည်။ အိမ်၏အရှေ့ဖက်ခြမ်းရှိ အခန်းထဲတွင် လဲလျောင်းနေသော အာနန္ဒီသည် အဏ္ဏာမလေကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ချက်ချင်း ထရပ်လိုက်သည်။ ထိုအချိန်၌ အာနန္ဒီ၏ပုံပန်းသဏ္ဌာန်ကို တွေ့မြင်လိုက်ရသောအခါ အဏ္ဏာမလေသည် ရှာရဒါပြောသည့်အတိုင်းပင် အာနန္ဒီအား တစ္ဆေသရဲ ပူးကပ်နေသည်ဟူ၍ပင် ထင်မှတ်သွားသည်။ သို့ရာတွင် အာနန္ဒီသည် သူ့ပင်ကိုယ် သဘာဝအတိုင်းပြုံးလျက် အဏ္ဏာမလေကို ကြိုဆိုပြီးလျှင် ပြောလိုက်လေသည်။

"ရှင့်ကို တွေ့မြင်ဖို့ရာကလည်း ဒုလ္လဘတစ်ခုဖြစ်နေပါကလား။ လက်ထပ်တော့မယ်ဆိုတဲ့သတင်းကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် ရှင် ကျွန်မကို ချီးကျူးဂုဏ်ပြုဖို့ လာလိမ့်မယ်လို့ ကျွန်မတွေးနေတာ။ ခုမှ ရှင် အားတယ်ထင်တယ်"

မည်ကဲ့သို့ အဖြေပြန်ပေးရမည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်အောင် ဖြစ်သွားသည်။ အိမ်ချင်းကပ်၍နေသော်လည်း ဤသတင်းကို ကြားရလျှင်ကြားရခြင်း အာနန္ဒီနှင့် တွေ့ဆုံရန် အဏ္ဏာမလေ အဘယ်ကြောင့် မလာသည်မသိပေ။ အဏ္ဏာမလေသည် တိတ်တဆိတ်ရပ်လျက် အာနန္ဒီကို ကြည့်နေသည်။ အာနန္ဒီကလည်း မတုန်မလှုပ်ပင် အဏ္ဏာမလေကို ကြည့်နေသည်။ စိတ်မချမ်းမသာ ဖြစ်လွန်းလှသဖြင့် အာနန္ဒီကဲ့သို့ပင် အဏ္ဏာမလေ၏ ပုံပန်းသဏ္ဌာန်မှာလည်း အလွန်တရာ ပြောင်းလဲသွားသည်။ အဏ္ဏာမလေ ဘာများဖြစ်နေသနည်းဟူ၍ စဉ်းစားပြီးလျှင် အာနန္ဒီ စိတ်မကောင်းဖြစ်နေသည်။

စိတ်ကိုတင်းလိုက်ပြီးလျှင် အာနန္ဒီ၏မျက်လုံးကို စူးစိုက်ကြည့်လျက် အဏ္ဏာမလေက ပြောလိုက်သည်။

"ကျွန်တော် အာနန္ဒီကို အရေးကြီးတဲ့ကိစ္စတစ်ခု မေးမလို့ လာခဲ့တာ။ အာနန္ဒီ ကျွန်တော့်ကို အဖြစ်အပျက်အားလုံး မကွယ်မဝှက်ဘဲ ပြောပြရမယ်"

အာနန္ဒီသည် မိမိ၏နှလုံးအခုန်များ ရပ်သွားလေသလားဟူ၍ ထင်မှတ်သွားသည်။ အဏ္ဏာမလေတွင် ဤကဲ့သို့သော အစွမ်းသတ္တိ ဘယ်ကရောက်လာသနည်းဟူ၍ တွေးတောစဉ်းစားပြီးလျှင် အာနန္ဒီ တအံ့တဩဖြစ်သွားသည်။ အာနန္ဒီက မေးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဘာအကြောင်းထူးလို့လဲ"

အဏ္ဏာမလေက ပြောသည်။

"အာနန္ဒီဟာ ကိုယ့်သဘောနဲ့ကိုယ် မာဏီကွာမ်နဲ့ လက်ထပ်မယ်လုပ်နေတာလား။ ဒါမှမဟုတ် ကျွန်တော့်အဖေ သဘောကျအောင် အဲဒီလိုလုပ်တာလား"

အာနန္ဒီက ခံစားမှုဝေဒနာအပြည့်ရှိနေသောအသံဖြင့် မေးလိုက်လေသည်။





"လွန်ခဲ့ပြီးတဲ့အကြောင်းကို ရှင်က အခုမှ ဘာဖြစ်လို့ နောက်ကြောင်းပြန်နေတာလဲ"

အဏ္ဏာမလေက ညှိုးငယ်သောအသံဖြင့် မေးလိုက်ပြန်သည်။

"အာနန္ဒီ ကျွန်တော့်ကို ပြောမပြဘူးလား"

အဏ္ဏာမလေ၏မျက်လုံးတွင် မျက်ရည်စို့လာသည်။ အသံလည်း ကွဲအက်လာသည်။

"အကြောင်းနှစ်ကြောင်း၊ ကြောင့် ကျွန်မ အဲဒီလို ဆုံးဖြတ်လိုက်တာ။ ရှင့် အဖေက ကျွန်မကို မာဏီကွာမ်နဲ့ လက်ထပ်ထိမ်းမြားပေးလိုတဲ့ စိတ်ဆန္ဒရှိတယ်။ လက်ထပ်ထိမ်းမြားမယ့်လူကလည်း ကျွန်မကို လိုလားတယ်။ ကျွန်မကို နှစ်သက်တယ်။ ကျွန်မကလည်း သူ့ကို လိုလားပါတယ်"

"အာနန္ဒီ သူ့ကို နှစ်သက်တယ်ဆိုတာ အမှန်တကယ်ပဲလား"

"ရှင့်စိတ်ထဲမှာ အခုမှ ဘာဖြစ်လို့ အဲဒီလို သံသယမျိုးဝင်လာတာလဲ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ပါဘူး"

ယင်းသို့ ပြောလျက် အဏ္ဏာမလေသည် ရှေ့ဆက် ဘာမှမပြောနိုင်တော့ပေ။ အာနန္ဒီက ပြောလိုက်လေသည်။

"ပြောလေ၊ ပြောပါ"

"ရှာရဒါက ကျွန်တော့်ကို အကျိုးအကြောင်း၊ ပြောပြတယ်။ အာနန္ဒီသဘော မတူဘဲ မာဏီကွာမ်နဲ့ လက်ထပ်ရတော့မယ်။ တကယ်လို့ ဖေဖေက ကျွန်တော်နဲ့ အာနန္ဒီ လက်ထပ်ဖို့ပြောတယ်ဆိုရင် အာနန္ဒီ သိပ်ဝမ်းသာအားရဖြစ်မှာပဲလို့ ရှာရဒါက ပြောပြတယ်။ တကယ်လို့ ကျွန်တော် အဲဒါလောက် ကုသိုလ်ကံထူးသူဖြစ်ပြီ၊ အာနန္ဒီက အဲဒီလို လိုလားတယ်ဆိုရင် ကျွန်တော် အဲဒီကိစ္စအတွက် ဘာမဆိုလုပ်ဖို့ အဆင်သင့်ရှိတယ်။ အခုလည်း လက်မလွန်သေးဘူး။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့စကားတွေကို အဓိပ္ပာယ်တစ်မျိုးတော့ မကောက်လိုက်ပါနဲ့။ ကျွန်တော် အခုလိုဖြစ်ရတာကို သည်းခံမနေနိုင်ဘူး။ ကျွန်တော်ဟာ အတွေးအခေါ်အယူအဆ နိမ့်ကျညံ့ဖျင်းတဲ့ တစ်ကိုယ်ကောင်းသာ ကြည့်တဲ့လူမဟုတ်ဘူး။ အာနန္ဒီအကြောင်း ရှာရဒါ ပြောတာ ကြားရတဲ့အတွက် ကျွန်တော် ကောလိပ်ကနေတန်းပြီး၊ အာနန္ဒီဆီကို လာခဲ့တာပါ"

အဏ္ဏာမလေသည် အသက်မရှူဘဲ ထိုစကားများကို ခဲယဉ်းစွာ တစ်ထိုင်တည်း ပြောချလိုက်လေသည်။

အဏ္ဏာမလေ၏စကားကို ကြားရသောအခါ အာနန္ဒီ၏ နှလုံးသည် ပြင်းပြင်းထန်ထန် ဝေဒနာခံစားသွားရသည်။ ကလေးငယ်သဖွယ်ဖြစ်သော လူမမယ်အဏ္ဏာမလေအား မိမိ၏ မျက်ရည်များဖြင့် ဆေးကြောစိမ့်ထုံလျက် အားပေးစကားပြောလိုက်လိုသည့်ဆန္ဒ အာနန္ဒီတွင် ပေါ်ပေါက်လာလေသည်။ သို့ရာတွင် သူ၏စိတ်နှလုံးသည် ရှောင်တခင် ကျောက်တုံးကျောက်ခဲပမာ ခက်ထန်မာကြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒီ တွေးတောစဉ်းစားလိုက်သည်။ တစ်စုံတစ်ယောက်က ပါးစပ်... မသန့်မရှင်းဖြစ်နေသည့်သစ်သီးကို ငါသည် ဤသူငယ်နတ်ဒေဝတာအား ပေးပြီး ... ကြောင့် ပြစ်ဒဏ်ပြုစားရမှာနည်း။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ အလွန်တရာ ကြီးမားသော... မဖြစ်ပေဘူးလား။

အာနန္ဒီက ပြောလိုက်လေသည်။

"ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ အကဲခတ်မမှားခဲ့ဘူး။ တစ်ခုတော့ ပြော... ဦးမယ်။ ရှာရပါ ပြောပြတာလောက်နဲ့ ရှင်က ယုံသွားတာကိုး။ သူပြောတဲ့စကားက နိုင်... မနိုင်မာပဲ။ ကျွန်မ ကိုယ့်သဘောနဲ့ကိုယ် မာဏိက္ကမ်နဲ့ လက်ထပ်မယ်လုပ်တာပါ"

"ဒီလိုဆိုရင် ကောင်းပါပြီ။ ကျွန်တော် သွားတော့မယ်။ ကျွန်တော့် ဆုတော... မေတ္တာကို လက်ခံပါ။ ကျွန်တော် အာနန္ဒီရဲ့ လက်ထပ်ပွဲကိုတော့ လာနိုင်မှာမဟုတ်သ... ကျွန်တော် အလုပ်တစ်ခုခုနဲ့ တခြားသွားစရာရှိနေလို့ပါ"

အာနန္ဒီက စိတ်ကိုတင်းလျက် ပြန်ပြောလိုက်လေသည်။

"ကောင်းပါပြီ။ ဘေးမသီရန်မခဘဲ ပြန်လာနိုင်ပါစေလို့ ဆုတောင်းလို... ပါတယ်"

မင်္ဂလာမဏ္ဍပ်တွင်း၌ မီးနတ်ကို သက်သေထူလျက် အာနန္ဒီ၏လည်တွင် မင်္ဂ... ဆွဲကြိုးကို ဆွဲပေးလိုက်သည့်အချိန်၌ အဏ္ဏာမလေသည် တန်ဂျာဝူရရှိ ဘုရားကျော... တစ်ကျောင်းအတွင်း၌ တစ်ခဲနက် မှောင်မိုက်နေသည့် အမိုက်တိုက်အကြား၌ လက္ခမီနတ်သ... ရုပ်တုကို မမှိတ်မသုန်ကြည့်ရှုနေလေသည်။

✦ ✦ ✦

တန်ဂျာဝူရခရိုင်ခရီးကို အပြီးသတ်လျက် အဏ္ဏာမလေ မဒရပ်မြို့သို့ ပြန်လာ... သည့်အချိန်၌ လက်ထပ်ပြီးစ ဇနီးမောင်နှံဖြစ်သည့် မာဏိက္ကမ်နှင့် အာနန္ဒီတို့အတွက် နေရာ... အနှံ့အပြား၌ ထမင်းစားပွဲ တည်ခင်းဧည့်ခံကျွေးမွေးနေကြသည်။ ပန်းရန်ဆရာနှင့် ကဒိရေရှန်တို့... သည်လည်း ဇနီးမောင်နှံနှစ်ဦးကို မိမိတို့၏အိမ်၌ တစ်လှည့်စီ ထမင်းစားပွဲ တည်ခင်းဧည့်ခံ... ကျွေးမွေးကြသည်။ ဆုန္ဒရီ၏ဖခင် ဒဏ္ဍပါဏီကလည်း မာဏိက္ကမ်နှင့် အာနန္ဒီတို့အတွက် ထမင်းစားပွဲတစ်ပွဲကို ခမ်းခမ်းနားနား တည်ခင်းဧည့်ခံသည်။

ထမင်းစားပွဲများ တစ်ပွဲပြီးတစ်ပွဲ အပြီးသတ်သွားသောအခါ၌ မလုပ်မဖြစ်သည့် ဘာသာရေး ဓလေ့ထုံးစံများကို ပြုလုပ်ကြသည်။ ပန်းရန်ဆရာကျိဒမ္ဗရမ်၏အိမ်၌ ပြောင်းလဲမှု... ကြီးတစ်ခု ဖြစ်လာသည်။ ပန်းရန်ဆရာ၏ အိမ်အပေါ်ထပ်တွင်နေသော မာဏိက္ကမ်သည် သူ၏မိခင်နှင့်အတူ အာနန္ဒီတို့၏အိမ်သို့ ပြောင်းရွှေ့လျက်နေထိုင်သည်။ မာဏိက္ကမ်၏အမေသည်





...ဝမ္မ သူ၏သား အိမ်ပြောင်းရွှေ့နေထိုင်သည်ကို သဘောမတူပေ။ သို့ရာတွင် နောက်ပိုင်း... ပန်းရန်ဆရာပြောပြသည့်အတွက် စိတ်မပါမပါဖြင့် သဘောတူလိုက်ရသည်။

အစပထမတွင် မာဏိက္ကမ်သည် ယင်းအဖြစ်အပျက်အားလုံးကို ဝတ္ထုများတွင် ...ထားသော ပြဇာတ်များတွင်ပါဝင်သော ရှကွင်းရှကွက်များပမာ ထင်နေသည်။ ...နန္ဒီအပေါ်၌ နည်းမျိုးစုံဖြင့် အပြည့်အဝစိုးမိုးမှုပြုလာသည်။ အာနန္ဒီ၏အိမ်၊ အာနန္ဒီ၏ခြံ၊ ...နန္ဒီ၏ပစ္စည်းများအပေါ်၌ မာဏိက္ကမ် ပိုင်ဆိုင်မှုရှိလာသည်။ သူ၏ဘဝ၌ အမြစ်အရင်းမှစ၍ ...ပြောင်းလဲလာသည့်အဖြစ်အပျက်များသည် မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်နေသည်။ မာဏိက္ကမ် ...သည် စိတ်ထဲတွင် အလွန်တရာပီတိသောမနဿ ဖြစ်နေပြီ၊ လျှင် သူဟာသူလည်း စကား ...ပြောနေသည်။ အခွင့်ပေါ်လာသောအခါ၌ အာနန္ဒီနှင့်နှစ်ယောက်တည်း၊ စကားပြောနေသည်။ ...ဖြစ်ယ်နေသည်။

တစ်နေ့တွင် ပန်းရန်ဆရာ၏အိမ်၌ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ...စားသောက်ပြီးသောအခါ မာဏိက္ကမ်သည် တစ်ယောက်တည်း အိမ်သို့ပြန်လာသည်။ ...ထိုအချိန်၌ ကဒိရေရှန်သည် သမီး၏လက်ထပ်မင်္ဂလာကိစ္စအတွက် အလုပ်များနေသောကြောင့် ...လုံးမေ့နေသော အဏ္ဏာမလေ၏ပန်းချီပုံများကို ရုတ်တရက် သတိရလာသည်။ အဏ္ဏာမလေ ...သည် တခြားမြို့များသို့သွား၍ ရေးဆွဲလာခဲ့သည့် ပန်းချီပုံများကို ထိုအချိန်အထိ ကဒိရေရှန် ...အား မပြပေ။ ထိုပန်းချီကားများကို ကဒိရေရှန်အား ပြလိုသည့်အနေလည်း မရှိပေ။

ကဒိရေရှန်က ထိုပန်းချီကားများအကြောင်းမေးသောအခါ အဏ္ဏာမလေသည် ...စိတ်မပါတပါဖြင့် သူ၏ကော်ပီစာအုပ်ကို ကဒိရေရှန်ထံ ယူလာခဲ့သည်။ အဏ္ဏာမလေ၏ ...ပန်းချီကားများကို ကြည့်ရှုရန် အာနန္ဒီလည်း ထိုနေရာသို့ ရောက်လာသည်။"

အဏ္ဏာမလေက ပြောလိုက်လေသည်။

"ဒီက ထွက်သွားကတည်းက ကျွန်တော် နေလို့သိပ်မကောင်းဘူး။ ဒါကြောင့် ...ပန်းချီကားတစ်ကားမှ ကျကျနနမဆွဲဖြစ်ခဲ့ဘူး"

အဏ္ဏာမလေ၏ ကော်ပီစာအုပ်ကို လှန်ကြည့်လိုက်သောအခါ ကဒိရေရှန် ...ကြီးအကျယ် စိတ်ပျက်သွားသည်။ စိတ်မချမ်းသာသည့် အသံဖြင့် ပြောလိုက်လေသည်။

"မောင်ဒီမှာသာနေရင် သိပ်ကောင်းမှာပဲ၊ အဲဒီတုန်းကတော့ လက်ထပ်မင်္ဂလာ ...မှာမနေဘဲ ကိုယ့်အလုပ်ကို ပြီးအောင်လုပ်ဖို့ လိုအပ်တယ်လို့ မောင်ထင်ခဲ့တယ်၊ ဒါပေမဲ့ ...ရီးထွက်သွားပြီးတော့လည်း မောင်ကိုယ့်အလုပ်ကို ဟန်ကျပန်ကျ မလုပ်နိုင်ခဲ့ဘူး"

အာနန္ဒီသည် အဏ္ဏာမလေ၏ ပန်းချီကားများကို မြင်ရသောအခါ အံ့ဩသွားသည်။ အဏ္ဏာမလေသည် ပန်းချီကားတစ်ကားကိုမှ ကျကျနနဆွဲမထားပေ။ ကော်ပီစာအုပ်၌ နေရာ ...အနှံ့အပြားတွင် ပုံကိုဆွဲလျက် ထိုပုံကို ဟိုနေရာ သည်နေရာ၌ ပြင်ပြီးလျှင် ကောင်းလာအောင် ကြိုးစားထားသည်။ အတန်ငယ်ကောင်းသော ပန်းချီပုံများကို တွေ့ရသောအခါလည်း



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေ.စိတ်မပါတပါဖြင့် ထိုပုံများကို ဆွဲထားသည်ဆိုသည့်အကြောင်းကို သိရလေ
သည်။ ယင်းပန်းချီပုံများကို တွေ့မြင်ရလျှင် အရူးစိတ်ပေါက်ပြီး တစ်စုံတစ်ယောက်
ကြောင်ခြစ်သလို ခြစ်ထားသည်ဟု ထင်ရလေသည်။

အာနန္ဒီသည် အဏ္ဏာမလေအား စူးစိုက်ကြည့်လိုက်သည်။ သူ၏မျက်လုံးက ''ရှင်
ဘယ်တုန်းက ရူးချင်သလိုလို ဖြစ်သွားတာလဲ''ဟု မေးနေသကဲ့သို့ ထင်ရလေသည်။
အဏ္ဏာမလေသည် အာနန္ဒီ၏မျက်လုံးကို ရင်ဆိုင်လိုသည့်ဆန္ဒမရှိပေ။ ထို့ကြောင့် မျက်နှာ
လွှဲလျက် ရပ်နေလိုက်လေသည်။ သူ၏အမြင်၌ အာနန္ဒီသည် သူတစ်ပါးမယား ဖြစ်သွား
လေပြီ။ အာနန္ဒီအား ယခင်ကကဲ့သို့ ပွင့်ပွင့်လင်းလင်း စကားမပြောနိုင်တော့ပေ။

အဏ္ဏာမလေ၏ဖခင်သည် သူတို့အားလုံးကို အပေါ်ခန်းသို့ ခေါ်သွားသည်။
ထိုအခန်း၌ ယခင်က မာဏိက္ကမ်နေသည်။ ထိုအခန်းသည် ယခုအခါ၌ အဏ္ဏာမလေ၏အခ
ဖြစ်လာသည်။ အခန်းထဲ၌တွင်ရှိနေသည့် စားပွဲကုလားထိုင်အသစ်များကို တွေ့ရသောအခ
ကာဒီရေရှန်သည် အလွန်တရာ အံ့သြသွားသည်။

ပန်းရန်ဆရာက ကာဒီရေရှန်အား အိမ်အပေါ်ထပ်၌ အဏ္ဏာမလေအတွက် စတူဒီယ
တစ်ခုလုပ်လိုသည့် ဆန္ဒရှိသည်ဆိုသည့်အကြောင်း ပြောပြသည်။ အဏ္ဏာမလေ၏ လုပ်ငန်း
အတွက် လိုအပ်သည့်ပစ္စည်းကိရိယာအားလုံးကို မြန်နိုင်သမျှမြန်မြန် စုဆောင်းထားရှိဖို့
ပန်းရန်ဆရာ ဆန္ဒထက်သန်နေသည်။ ကာဒီရေရှန်၏ထံ၌ရှိသော ပန်းချီနှင့်ပတ်သက်သည့်
ပစ္စည်းကိရိယာများကို စောစောကပင်ဝယ်ယူလျက် မိမိတို့၏အိမ်၌ ထားရန်လည်း အစ
ရှိသည်။ ပန်းရန်ဆရာ၏ ယင်းရည်ရွယ်ချက်များကို သိရသောအခါ ကာဒီရေရှန် အံ့သြမသွားပေ
စိတ်ထဲကပင် ပန်းရန်ဆရာကို ပျက်ရယ်မပြုပေ။ မိမိ၏တစ်ဦးတည်းသော သ
အတွက် ပန်းရန်ဆရာ၏ စိတ်သဘောထားကို သိရသောအခါ ကာဒီရေရှန်သည် ပန်းရန်ဆရာအ
ချီးကျူးမိလေသည်။

ပန်းရန်ဆရာက ပြောသည်။

''ဆရာကြီးဆီမှာရှိတဲ့ ပစ္စည်းကိရိယာတွေရဲ့ စာရင်းတစ်ခုကိုလုပ်ပေးပါ။
ကျွန်တော် အဲဒီပစ္စည်းမျိုးတွေကို ဈေးက ဝယ်ယူထားချင်တယ်။ အဏ္ဏာမလေရဲ့ယောက်ျား
လောင်း ဒဏ္ဍာပါဏီ ဒီအိမ်ရောက်လာပြီး အဲဒီပစ္စည်းတွေကို တွေ့ရတဲ့အခါ တအံ့တသြ
ဖြစ်သွားလိမ့်မယ်''

ပန်းရန်ဆရာသည် အဏ္ဏာမလေ အဲသုံးပြုဖို့အတွက် မဟုတ်ဘဲ။ အဏ္ဏာမလေ၏
ယောက်ျားလောင်းအား တအံ့တသြဖြစ်သွားစေရန်အတွက်သာလျှင် ပန်းချီနှင့်ပတ်သက်သည့်
ပစ္စည်းကိရိယာများကို ဝယ်လိုသည့်ဆိုသည့်အကြောင်း ကာဒီရေရှန် နားလည်သွားလေသည်။

ကာဒီရေရှန်က ပြောလိုက်လေသည်။





''အဏ္ဏာမလေရဲ့ စတူဒီယိုအတွက် ခင်ဗျား ဘယ်လိုပစ္စည်းမျိုးမှ ဝယ်ဖို့မလိုဘူး၊
ဘာပစ္စည်းမှ ခင်ဗျားမဝယ်ပါနဲ့''

ပန်းရန်ဆရာက မေးသည်။

''ဆရာကြီးက အဲဒီလို ဘာလို့ပြောတာလဲ၊ လက်ထပ်ပွဲအတွက် လက်ဝတ်တန်ဆာ
အဝတ်အစား ပန်းကန်ခွက်ရောက် စတဲ့ပစ္စည်းများကို ဝယ်ဖို့အတွက် ငွေစုဆောင်းထားဖို့လိုတဲ့
သမီးမှ ကျွန်တော့်မှာမရှိဘဲ၊ ကျွန်တော့် ဇိသား့အတွက်လိုအပ်တဲ့ ပစ္စည်းကိရိယာအားလုံးကို
ဝယ်ထားလိုက်ရင် နောက် ကိုယ့်လုပ်ငန်းစတဲ့အခါ သူ့ကနေနဲ့ ဘာမှပူစရာမလိုတော့ဘူး
မဟုတ်လား''

''အဏ္ဏာမလေအတွက် လိုအပ်တဲ့ ပစ္စည်းအားလုံး ကျုပ်ဆီမှာ ရှိပါတယ်။ ခင်ဗျား
အလကားငွေကုန်ခံပြီး အဲဒီပစ္စည်းတွေကို တခြားက ဝယ်ဖို့မလိုပါဘူး။ ကျုပ် အခုပဲ အဲဒီပစ္စည်း
တွေကို ခင်ဗျားတို့အိမ် ပို့လိုက်ပါမယ်''

ကာဒီရေရှန်၏ထံမှ ထိုပစ္စည်းများကို ရယူလိုသည့်ဆန္ဒရှိသော်လည်း ပန်းရန်ဆရာ
သည် ထိုပစ္စည်းများကို လက်ခံရန်ငြင်းဆန်နေသည်။ ကာဒီရေရှန်အတွက် ဖသုံးဝင်နေသည့်
ပစ္စည်းများကို ကာဒီရေရှန်ထံမှ မည်သည့်အခါမှ မယူပါရစေနှင့်ဟူ၍ ပန်းရန်ဆရာက ပြတ်ပြတ်
သားသားပင် ပြောပြလေသည်။

ကာဒီရေရှန်က ပန်းရန်ဆရာပြောသည့်စကားကို လက်မခံပေ။

''ကျုပ် တိရစ္ဆာန်ရမ်၊ ဂီတာလိုကျမ်းစာများကို ဖတ်ပြီးတော့နေလိုတဲ့ဆန္ဒပဲ ရှိလာ
တယ်။ တစ်သက်လုံးပန်းချီဆွဲပြီး ဘယ်သူနေနိုင်မှာလဲ၊ အခုဆိုရင် အရွယ်အတော်ရလာပြီ
ဖြစ်တဲ့အတွက် ကျုပ်လက်တွေလည်း တုန်လာပြီ၊ စိတ်တော့ မလျှော့ချင်သေးဘူး၊ ဒါပေမဲ့
တစ်ခါတစ်ရံ ပန်းချီကားတစ်ခုစနှစ်ခုစကိုပဲ ဆွဲတော့မယ်။ တကယ်လို့ ကျုပ်ပိုင်တဲ့ ပန်းချီ
ပစ္စည်းတွေကို ခင်ဗျားအိမ်လိုက်ပို့ရင် ကျုပ်လည်း စိတ်ချလက်ချ နေလို့ရမယ်။ ဒီပစ္စည်းတွေကို
ကျုပ်ဆီမှာထားလို့ကော ဘာလုပ်တော့မှာလဲ''

''အဲဒီလိုဆိုရင် ဆရာကြီး အဲဒီပစ္စည်းတွေအတွက် ကျွန်တော့်ဆီက အဖိုးစားနား
ယူပါ။ တစ်ဝက်ဖြစ်ဖြစ် ဒါမှမဟုတ် သုံးပုံပုံနှစ်ပုံဖြစ်ဖြစ် ယူချင်သလောက်ယူပါ။ ဆရာကြီးရဲ့
ပစ္စည်းတွေကို ကျွန်တော် အလကားယူတယ်လို့ ဆရာကြီးရဲ့ စိတ်ထဲမှာ ပေါ်ပေါက်မလာစေ
ချင်ပါဘူး''

ကာဒီရေရှန်သည် ပန်းရန်ဆရာ၏ စိတ်နေစိတ်ထားကို သိရှိနားလည်ပြီးသူ
ဖြစ်သည်။ ထို့ကြောင့် ပန်းရန်ဆရာပြောပြသောစကားကို အဆိုးမထင်မိပေ။

''ကျုပ်ရဲ့ကြီးမားတဲ့ အလိုဆန္ဒတွေကို ပြည့်ဝအောင်လုပ်တဲ့နေရာမှာ ခင်ဗျား
အများကြီး အကူအညီပေးခဲ့တယ်။ ခင်ဗျားရဲ့အကူအညီနဲ့ ကျုပ်အိမ်ကိုလည်း ဆောက်ပြီးပြီ။
သမီးရဲ့လက်ထပ်မင်္ဂလာကိစ္စကိုလည်း ဆောင်ရွက်ပြီးပြီ။ အဲဒါတွေကို တုံ့ပြန်တဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ခင်ဗျားကို ဘာပေးခဲ့သေးလို့လဲ။ ကျုပ် ဒီပစ္စည်းတွေကို ကိုယ့်သဘောနဲ့ကိုယ် အဏ္ဏာမလေကို လက်ဆောင်ပေးတယ်လို့ပဲ ခင်ဗျား ထင်မှတ်ယူဆထားစေချင်တယ်''

ပန်းရန်ဆရာသည် ကဒီရေရှန်၏ စကားကို မငြင်းဆန်နိုင်တော့ပေ။

နောက်တစ်နေ့၌ ကဒီရေရှန်သည် အာနန္ဒီနှင့် မာလီဝေလေယာတို့၏ အကူအညီဖြင့် သူ၏ စတူဒီယို၌ရှိနေသော စတင်း၊ စားပွဲ အစရှိသော ပစ္စည်းများကို အဏ္ဏာမလေ၏အခန်းသို့ ပို့လိုက်လေသည်။ အာနန္ဒီ လက်ထပ်ပြီးသည့်အချိန်မှစ၍ ကဒီရေရှန်၏ စိတ်နှလုံးထဲတွင် တရားသံဝေဂစိတ် ပေါ်ပေါက်လာလေသည်။ ပန်းချီနှင့်ပတ်သက်သည့် မိမိ၏ပစ္စည်းများကို အဏ္ဏာမလေအား ပေးအပ်ပြီးလျှင် မိမိ၏တရားသံဝေဂစိတ်ကို အားလုံး၏ရှေ့မှောက်၌ ဖော်ပြလိုသည့်စိတ် ရှိနေဟန်တူသည်။ လေးလံသည့် ပစ္စည်းများကို ဝေလေယာ၏ အကူအညီဖြင့်လည်းကောင်း၊ စုတ်တံ၊ ခွက် စသော အသေးအဖွဲ့ပစ္စည်းများကို အာနန္ဒီ၏ အကူအညီဖြင့်လည်းကောင်း အဏ္ဏာမလေ၏ထံသို့ ပေးပို့လိုက်လေသည်။

သူ၏ယောက္ခမ အဘယ်ကြောင့် ဤကဲ့သို့ ပြုလုပ်နေသည်ဆိုသည်ကို မာဏိက္ကမ် နားမလည်ပေ။ သူ၏ယောက္ခမသည် မိမိပိုင်သည့် ပစ္စည်းများကို အလှူဒါနပေးလျက် အလွန်တရာ မိုက်မဲသည့်အလုပ်ကို လုပ်နေသည်ဟူ၍ ထင်လေသည်။

မာဏိက္ကမ် စဉ်းစားကြည့်သည်။ အကယ်၍ သူ၏ ယောက္ခမအနေဖြင့် ဤပစ္စည်းများကို အလိုမရှိတော့လျှင်လည်း ဘာကြောင့် ဤကဲ့သို့ ပြုလုပ်ရမှာနည်း။ ပစ္စည်းများကို လေလံတင်ရောင်းချသည့် ကုမ္ပဏီတစ်ခုခုအား ဤပစ္စည်းများကို အပ်နှံလိုက်လျှင် ငွေတစ်ရာများစွာဖြင့် ဤပစ္စည်းများကို ရောင်းချပေလိမ့်မည်။ ငွေထောင်ပေါင်းများစွာ အကုန်အကျခံလျက် ဝယ်ယူထားသောပစ္စည်းများကို ဤကဲ့သို့ တစ်စုံတစ်ယောက်အား အလကားပေးပစ်ခြင်းသည် အသိဉာဏ်နှင့်ယှဉ်သည့် အလုပ်ဖြစ်ပါသလော။

ကဒီရေရှန်၏ ရက်ရောမှုကို မာဏိက္ကမ် သဘောမကျပေ။

မာဏိက္ကမ်က ကဒီရေရှန်အား ပြောလိုက်သည်။

''ဒီပစ္စည်းတွေကို အခုကတည်းက အဏ္ဏာမလေကိုပေးဖို့ ဘယ်မှာလိုသလဲ။ တကယ်လို့ သူ ပန်းချီဆွဲချင်ရင် ဒီလာပြီး ဆွဲလို့ရတာပဲ။ တကယ်လို့ နောင် ဒီပစ္စည်းတွေကို အဖေလိုရင် ဘယ်လိုလုပ်မှာလဲ''

မိမိဖခင်၏အလုပ်တွင် မာဏိက္ကမ်ဝင်စွက်သည်ကို တွေ့ရသောအခါ အာနန္ဒီသည် အတန်ငယ်ထိတ်လန့်သွားသည်။ ကဒီရေရှန်သည် စိတ်လိုက်မာန်ပါပြုလုပ်တတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သို့ရာတွင် ထိုအချိန်၌ စိတ်ဆိုးမသွားပေ။ မိမိ၏သားမက်သစ်ဖြစ်သော မာဏိက္ကမ်အား အတန်ငယ်စူးစိုက်ကြည့်ရှုလိုက်သည်။ သူ၏ မျက်လုံးသည် မာဏိက္ကမ်အား ''မင်း ငါ့အလုပ်မှာ အကြောင်းမဲ့ ဝင်မရှုပ်ချင်ပါနှင့်'' ဟူ၍ ပြောနေသကဲ့သို့ ထင်ရသည်။ အပြင်ပန်းတွင်မူ ဤသို့ပြောလိုက်လေသည်။





''ငါ့အတွက် အသုံးမလိုတော့တဲ့ ပစ္စည်းအနည်းအကျဉ်းကို အဏ္ဏာမလေဆီ ပို့လိုက်တာပါ။ တကယ်လို့ ဒီပစ္စည်းတွေကို ငါအလိုရှိရင် သူ့ဆီသွားပြီး ငါ့အလုပ်လုပ်လို့ ရတာပဲ''

အပေါ်ပန်းခံ၍ စုဆောင်းထားသော မိမိ၏ပစ္စည်းဥစ္စာကို ကဒီရေရှန်သည် အကြောင်းမဲ့သက်သက် ဖြုန်းတီးဖျက်ဆီးပစ်လိုက်သည်ဟူ၍ မာဏိက္ကမ် အဘယ်ကြောင့် ထင်နေသည်မသိပေ။ ဤကိစ္စ၌ သူ၏ဖခင်ဘက်က အာနန္ဒီဝင်ရပ်ခြင်းကိုလည်း မာဏိက္ကမ်သည် လုံးလုံးမနှစ်မြို့ပေ။

✦ ✦ ✦

မဒရပ်မြို့မှ တခြားသွားလျက် အဏ္ဏာမလေဆွဲယူလာသည့် ပန်းချီပုံများကို ကြည့်လျက် ကဒီရေရှန်ကဲ့သို့ပင် အနုပညာကောလိပ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးကလည်း ရှုမဲ့သွားလေသည်။ မဒရပ်မြို့မှ ထွက်ခွာမသွားခင်ကပင် အဏ္ဏာမလေတွင် ဖြစ်ပေါ်နေသည့် အပြောင်းအလဲကို ကျောင်းအုပ်ဆရာကြီး သတိထားမိသည်။ သို့သော်လည်း၊ အဏ္ဏာမလေ အဘယ်ကြောင့် ဤကဲ့သို့ တမှိုင်မှိုင်တတွေတွေ ဖြစ်နေရသည်ဆိုသည်ကိုမူ နားမလည်ပေ။

ကျောင်းအုပ်ဆရာကြီးသည် အဏ္ဏာမလေအား အခန်းတွင်းခေါ်ပြီး တမှိုင်မှိုင်တတွေတွေ ဖြစ်နေရခြင်းအကြောင်းကို မေးသည်။ သူ၏အိမ်၌ သူ့အမေဖြစ်စေ၊ အဖေဖြစ်စေ မကျန်းမမာဖြစ်နေသလား။ သူကိုယ်တိုင်ပင် နေထိုင်မကောင်းဖြစ်နေသလား၊ သူ ရုတ်တရက် အဘယ်ကြောင့် ဤမျှ မပျော်မရွှင်ဖြစ်နေသနည်း။ ယင်းမေးခွန်းများကို ကျောင်းအုပ်ဆရာကြီးက မေးလေသည်။

အဏ္ဏာမလေက ပြုံးလျက် ''အဲဒါတွေ ဘာတစ်ခုမှ မဟုတ်ပါဘူး'' ဟူ၍ ပြောပြီးလျှင် ကျောင်းအုပ်ဆရာကြီးကို ငြင်းလိုက်လေသည်။

ကျောင်းအုပ်ဆရာကြီးသည် အဏ္ဏာမလေ၏ ပြောပြချက်ကို အယုံအကြည်မရှိပေ။ ''ငါ မင်းပြောတာတွေကို မယုံကြည်ဘူး''ဟူ၍ပြောလျက် ကျောင်းအုပ်ဆရာကြီးက ရယ်လိုက်လေသည်။ ခဏကြာသောအခါ ကျောင်းအုပ်ဆရာကြီးသည် မိတ်ဆွေတစ်ဦးကဲ့သို့ အလွန်တရာ ချစ်ခင်ရင်းနှီးစွာဖြင့် အဏ္ဏာမလေအား ပြောပြလေသည်။

''ဒီမှာ ငါ့ညီ၊ ဒါ ပန်းချီအနုပညာကောလိပ်ကျောင်းဖြစ်တယ်။ ဒီကျောင်းမှာနေတဲ့ တချို့ကျောင်းသားတွေဟာ အိမ်ထောင်ရက်သား ကျပြီးသားတွေဖြစ်ကြတယ်။ တချို့ကျောင်းသားတွေဟာ နောင်ကျရင် တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ထိမ်းမြားကြလိမ့်မယ်ဆိုတာကိုလည်း ငါသိတယ်။ တကယ်လို့ မင်း မိန်းကလေးတစ်ယောက်ယောက်ကို အကြွေးမြှပြီး စိတ်မငြိမ်မသက်ဖြစ်နေတယ်ဆိုရင် အဲဒီမိန်းကလေးကလည်း တော်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်တယ်ဆိုရင် အဲဒီမိန်းကလေးနဲ့ လက်ထပ်လိုက်ပါလား။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ လက်ထပ်လိုက်တဲ့အတွက် မင်း အလုပ်မှာ ဘာမှထိခိုက်စရာမရှိနိုင်ပါဘူး။ တကယ်လို့ အဲဒီလိုမှ မလုပ်နိုင်ရင်လည်း အဲဒီမိန်းကလေးကို မင်း လုံးဝမေ့ပစ်လိုက်ပါ။ အဓိပ္ပာယ်မရှိတဲ့အကြောင်းအရာတွေကို တွေးတောစိတ်ကူးပြီး အခုလို စိတ်မချမ်းမသာဖြစ်နေ… မလိုဘူး၊ အလကား အကြောင်းအရာတွေကို စိတ်ကူးမနေနဲ့။ အချစ်ဆိုတာ စိတ်နှလုံး… ရောဂါတစ်ခုဖြစ်တယ်။ အဲဒီရောဂါကို ဖယ်ရှားပစ်ဖို့အတွက် နည်းနှစ်နည်းရှိတယ်။ တစ်နည်းက လက်ထပ်လိုက်ခြင်းဖြစ်ပြီး နောက်တစ်နည်းက ကာမဂုဏ်အာရုံတွေကို စွန့်ပယ်… လိုက်ခြင်းဖြစ်တယ်။ အဲဒီနည်းထဲက မင်းကြိုက်တဲ့နည်းကို ရွေးပါ။ ကိုယ့်စိတ်နှလုံးကို… ငြိမ်အောင်ထိန်းထားပါ။ ဘာဖြစ်လို့လဲဆိုရင် အနုပညာရှင်ရဲ့ အခြေခံပစ္စည်းဆိုတာ စိတ်… နှလုံးသားဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ် ငါ့ညီ''

အနုပညာကောလိပ်ကျောင်းအုပ်ကြီးသည် ယင်းကဲ့သို့ ဆုံးမစကားပြောကြား… ပြီးလျှင် အဗ္ဗာမလေကို ပြန်လွှတ်လိုက်လေသည်။ အဗ္ဗာမလေ၏ အနာဂတ်သည် အလွန်… တရာ ဝင်းလက်တောက်ပမည်ဟူ၍ ကျောင်းအုပ်ဆရာကြီးက အပြည့်အဝ ယုံကြည်စိတ်ချ… ထားသည်။ ထို့ကြောင့် အဗ္ဗာမလေ၏ သောကကို ဖယ်ရှားဖျောက် ဖျက်ပစ်ရန် ဆုံးမစကား… ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကျောင်းအုပ်ဆရာကြီးစကားကို ကြားရသောအခါ အဗ္ဗာမလေသည် ရှက်စိတ်… ဝင်လာသည်။ ကိုအချိန်မတိုင်ခင်က ကဒိရေရှန်နှင့် အာနန္ဒီတို့ သူရေးဆွဲထားသည့် ပန်းချီ… များကို ကြည့်ရှုစဉ်အခါကလည်း သူ၏စိတ်နှလုံးထဲတွင် ရှက်စိတ် အသိတရားပေါ်လာ… သည်။ ယင်းရှက်စိတ်အသိသည် တဖြည်းဖြည်း စိတ်ပျက်ခြင်းအဖြစ် ပြောင်းလဲသွားသည်… စိတ်နှလုံးကို ထိန်းချုပ်လျက် အဆင့်အတန်းမြင့်သော ပန်းချီဆရာတစ်ယောက်ဖြစ်အောင်… လုပ်မည်ဟူ၍ အဗ္ဗာမလေ ဆုံးဖြတ်လိုက်လေသည်။

ကောလိပ်မှပြန်ရောက်လာသောအခါ အဗ္ဗာမလေသည် သူ၏အခန်းထဲသို့ တန်းဝင်… သွားပြီးလျှင် တံခါးကို ပိတ်လိုက်လေသည်။ အခန်းထဲ၌ ရှိနေသော လိုသည်ထက်ပိုနေသည့်… ဇိမ်ခံပစ္စည်းများကို သူသဘောမကျပေ။ သို့ရာတွင် တိတ်ဆိတ်ငြိမ်သက်သည့် ထိုပတ်ဝန်း… ကျင်၌ မိမိ၏ အနုပညာဉာဏ်ကို ကောင်းစွာ တိုးတက်ဖွံ့ထွားအောင် လုပ်နိုင်ပေလိမ့်မည်ဟူ၍… ထင်သွားသည်။ စိတ်ပါလာသည့်အခါ၌ ကိုယ့်အခန်းထဲကိုယ်ဝင်ပြီး တံခါးအလုံပိတ်လျက်… ကိုယ့်အလုပ်ကို လုပ်နိုင်ပေလိမ့်မည်ဟူ၍ စဉ်းစားမိသည်။

ကုလားထိုင်ပေါ်တွင်ထိုင်လျက် အဗ္ဗာမလေသည် သူရေးဆွဲထားသည့် ပန်းချီ… ကြမ်းများကို လှန်လှောကြည့်နေသည်။

နောက်တစ်နေ့ကား ကောလိပ်အားသည့်နေ့ဖြစ်သည်။ အရောင်ခြယ်ရသည့်… ဆေးရောင်စုံပန်းချီကားတစ်ကား ရေးမည်ဟူ၍ စဉ်းစားလိုက်သည်။ ပန်းချီပုံကြမ်းများ… ကြားထဲ၌ နေ့ရက်အတန်ကြာက ရေးဆွဲထားသည့် ဆုန္ဒရီ၏ပုံကို မြင်သွားသည်ဖြစ်၍ ထိုပုံကို…





ကောက်ယူလိုက်သည်။ အကယ်၍ ဆုန္ဒရီသည် နာရီဝက်လောက် ငြိမ်ငြိမ်ထိုင်နေလျှင် ထိုပုံကို အပြီးသတ်၍ရပေမည်။ ထိုပုံကို ရှေ့တွင်ချလျက် ဆေးရောင်ခြယ် ပန်းချီကား တစ်ကား ရေးဆွဲရန် စိတ်ကူးလိုက်လေသည်။ မျက်နှာပုံပန်းကို အတန်ငယ် ပြင်လိုက်ပါက ထိုပုံသည် ဆုန္ဒရီ၏ပုံဟူ၍ မည်သူမှ သိလိမ့်မည်မဟုတ်ပေ။

အဗ္ဗာမလေသည် ဆုန္ဒရီတို့၏အိမ်သို့ ချက်ခြင်းသွားပြီး ဆုန္ဒရီအား နောက်တစ်နေ့တွင် သူ့အိမ်သို့လာခဲ့ရန် ပြောမည်ဟူ၍ စိတ်ကူးလိုက်လေသည်။ ထိုအခိုက် တစ်စုံတစ်ယောက် သူ၏အခန်းတံခါးကို လာခေါက်သည်။ ပန်းချီပုံကို ချထားလိုက်ပြီးလျှင် အဗ္ဗာမလေ တံခါးထဖွင့်လိုက်သည်။ အပြင်ဘက်၌ ဆုန္ဒရီရပ်နေသည်ကို တွေ့ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။ အဗ္ဗာမလေက အားတက်သရော ပြောလိုက်သည်။

''ဟာ …ဆုန္ဒရီပါလား၊ အထဲကိုလာခဲ့''သို့သော်လည်း၊ ဆုန္ဒရီက အခန်းထဲ ဝင်မလာပေ။

''ကျွန်မ အရီးနဲ့ အာနန္ဒီကို တွေ့ရအောင်လာတာ၊ သူတို့ တွေ့ပြီးပြီ။ အခုပြန်တော့ မလို့''

ဆုန္ဒရီသည် နေ့ရက်အတန်ကြာကာလကစ၍ အဗ္ဗာမလေအား၊ စိတ်ကောက်နေသည်။ အဗ္ဗာမလေသည် ဆုန္ဒရီပြောပြသည်ကို နားမထောင်ဘဲ မဒရပ်မြို့မှ တခြားထွက်သွားသည်။ ပြန်ရောက်လာသောအခါလည်း အဗ္ဗာမလေသည် ဆုန္ဒရီအား ပြေရာပြေကြောင်း ပြောလျက် စိတ်ကျေနပ်သွားအောင် မလုပ်ခဲ့ပေ။ ဆုန္ဒရီ စိတ်ကောက်နေခြင်း၏ အခြားအကြောင်းတချို့လည်း ရှိသေးသည်။

အဗ္ဗာမလေက ဆုန္ဒရီကို ပြောလိုက်သည်။

''ငါ မင်းကို ဒီအိမ်ခေါ်လာဖို့ မင်းတို့အိမ် အခုလာမလို့လုပ်နေတာ။ အထဲကို ဝင်ခဲ့လေ။ တကယ်လို့ အချိန်နောက်ကျနေရင် ငါ မင်းကို စက္ကူတာပေါ်တင်ပြီး လိုက်ပို့မယ်''

ဆုန္ဒရီသည် စိတ်မပါ့တပါဖြင့် အဗ္ဗာမလေနှင့်အတူ အခန်းထဲသို့ ဝင်လိုက်သွားသည်။ ဆုန္ဒရီအခန်းတွင်းသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် အဗ္ဗာမလေသည် အခန်းတံခါးကို မင်းတုပ်ချပိတ်လိုက်သည်။ ဆုန္ဒရီက စိတ်ဆိုးသွားပြီး အဗ္ဗာမလေကိုကြည့်ပြီးလျှင် တံခါးကို ပြန်ဖွင့်လိုက်လေသည်။ အဗ္ဗာမလေ၏ အခန်းကို စတူဒီယိုပုံစံဖြင့် တွေ့မြင်ရသောကြောင့် ဆုန္ဒရီသည် အတန်ငယ်အံ့ဩသွားသည်။ အခန်းထဲတွင် ရှိနေသော ပစ္စည်းအမျိုးမျိုးကို တွေ့မြင်ရသည်ဖြစ်၍ စိတ်ထဲကပင် အဗ္ဗာမလေ တစ်ယောက် တကယ့် အနုပညာရှင်ကြီး ဖြစ်နေပါပကောလားဟူ၍ ဂုဏ်ယူလိုက်မိသည်။ အဗ္ဗာမလေသည် ဆုန္ဒရီအား ကြိုးစားပမ်းစား ချော့မော့ပြောဆိုသည်။

''ငါ အခု မင်းပုံကိုကြည့်နေတာ၊ တကယ်လို့ အဲဒီပုံကို ငါ ဆိုက်ကြီးကြီးရေးပြီး အရောင်ခြယ်လိုက်ရင် အဲဒီပုံဟာ သိပ်လှလာမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဆုန္နရီက စိတ်ဆိုးပြီး ပြောလိုက်သည်။

"ရှင် ကျွန်မကို ကြိုက်တာမဟုတ်ဘူး၊ ကျွန်မရုပ်ပုံကိုသာ ရှင်ကြိုက်တာ၊ အဲဒီပုံကို ရှင်ကြည့်နေပါလား၊ ကျွန်မကို ဒီခေါ်ဖို့ ဘာလိုသေးသလဲ"

လူမမယ်ကလေးသူငယ်မကဲ့သို့ ပြုမူတတ်သောဆုန္နရီသည် ရုတ်တရက် ဘာများ ဖြစ်သွားပါလိမ့်ဟူ၍ အဏ္ဏာမလေ နားမလည်အောင်ဖြစ်သွားသည်။ ဆုန္နရီသည် နေ့ရက် အတန်ကြာကာလက သူတို့၏ အိမ်အပေါ်ထပ်၌ထိုင်လျက် အဏ္ဏာမလေအား သူ့ပုံ အတင်းဆွဲ ခိုင်းခဲ့သည်။ ယနေ့ သူဘာဖြစ်သွားသနည်း။ အကယ်၍ ယင်း၏အကြောင်းမှာ သူ၏ စိတ်ကောက်နေခြင်းဖြစ်သည်ဆိုလျှင် အဏ္ဏာမလေသည် သူ့ကို နားလည်အောင် ရှင်းလင်း ပြောပြခဲ့ပြီးလေပြီ။

"ဒီမှာ ဆုန္နရီ၊ မင်း နာရီဝက်လောက်ငြိမ်ငြိမ်ထိုင်နေလို့ရှိရင် ဒီပုံကို အပြီးသတ် လိုက်မယ်။ မနက်ဖြန်ခါညနေကျတော့ လာပြီး မင်းပုံဘယ်လောက်လှလှပပ ဆွဲထားတယ် ဆိုတာ ကြည့်ပါ။ မင်းစိုးရိမ်စရာ ဘာမှမလိုဘူး၊ ငါ မင်းမျက်နှာပုံကို အနည်းငယ် ပြင်ယ် လိုက်မယ်"

ဆုန္နရီက အော်ပြောလိုက်သည်။

"ကျွန်မ ရှင်လှည့်စားတာကို ခံမယ်မှတ်သလား။ ကျွန်မကို ရှင်လိုချင်သလို ကြိုးဆွဲလို့ မရဘူး။ ကျွန်မ 'မိုဒယ်' မဟုတ်ဖူး။ ရှင် တစ်ခြား မိန်းကလေးတစ်ယောက် ယောက်ကို အခန်းထဲခေါ်ပြီး ထိုင်ခိုင်းပါလား" ယင်းသို့ပြောလျက် ဒေါသထွက်နေသဖြ ထရပ်လိုက်သည်။ အဏ္ဏာမလေက ချော့ပြန်သည်။

"ငါပြောတာ တစ်ခါလောက် နားထောင်စမ်းပါဦး။ နာရီဝက်လောက်ပဲ ဒီမှာ ထိုင်ပါ။ ငါ မင်းပုံကို ခပ်မြန်မြန် အပြီးသတ်လိုက်ပါ့မယ်"

"ဟင့်အင်း၊ မရဘူး"

ယင်းသို့ပြောလျှက် ဆုန္နရီသည် လှေကားဆီသို့ ခပ်သွက်သွက် လှမ်းလေသည်။ အဏ္ဏာမလေ၏ အနုပညာစိတ်သည် ရုတ်တရက် အားကောင်းလာသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် အားလုံးကိုမေ့နေလေသည်။ အခန်းတံခါးကို ရုတ်တရက် ပိတ်လိုက်ပြီးလျှ ဆုန္နရီအား အပြင်မထွက်သွားရန် ဟန့်တားထားလိုက်သည်။

"ဆုန္နရီ ငါပြောတာ နားထောင်စမ်းပါ။ ဘယ်အလုပ်ကိုမှ ငါ စိတ်မဝင်စားတာ တစ်လလောက် ရှိသွားပြီ။ အခု ငါမင်းရုပ်ပုံကို စိတ်ပါလက်ပါ ရေးဆွဲဖို့ စိတ်ကူးနေတယ် တကယ်လို့ မင်း ဒီကိုရောက်မလာရင် အကောင်းသားပဲ။ အခုတော့ ဒီကိုလာပြီး ဘာဖြစ်လို့ အခုလို ခေါင်းမာနေရတာလဲ။ အရင်ကတော့ မင်းကိုယ်တိုင် ငါ့ကို မင်းရုပ်ပုံကို အတင်းအကျ ရေးဆွဲခိုင်းတယ် မဟုတ်လား။ မင်းရုပ်ပုံကို အပြီးသတ်လိုက်ဖို့ မင်းမလိုဘူးလား၊ မင်းရုပ်ပုံကို အခုလို တစ်ပိုင်းတပျက် ငါမထားလိုဘူး"





ထိုအချိန်၌ အခန်းထဲတွင် အဏ္ဏာမလေ မစဉ်းစား မမျှော်လင့်သောအဖြစ် အပျက် တစ်ခု ဖြစ်သွားသည်။ ဆုန္နရီသည် ရုတ်တရက် အဏ္ဏာမလေ ပခုံးတွင် သူ၏ဦးခေါင်းဖြင့် မှီလိုက်သည်။ ယင်းအချက်ကို တွေ့ရသောအခါ အဏ္ဏာမလေ ထိတ်လန့်သွားသည်။ ဘာလုပ် ရမည်ဆိုသည်ကို နားမလည်အောင် ဖြစ်သွားလေသည်။

"ရှင် ကျွန်မနဲ့ အရင်လက်ထပ်ပါ။ ပြီးတော့မှ ကျွန်မ ရှင်ပြောတာ အားလုံးကို လိုက်နာမယ်။ ရှင် ကျွန်မကို ခပ်မြန်မြန်လက်ထပ်မယ် မဟုတ်လား။ ရှင့် အဖေက အာနန္ဒီကို လက်ထပ်ပေးလိုက်တယ်။ ရှင်က ကျွန်မကို ဘာဖြစ်လို့ 'မိုဒယ်' အဖြစ်လောက်သာ လုပ်ချင်နေ တာလဲ"

ဆုန္နရီ၏ စကားကို ကြားရသောအခါ အဏ္ဏာမလေ ချော့ပြန်လာသည်။ ဘာလုပ် ရမည်ဆိုသည်ကို မသိတော့ပေ။ တုန်လှုပ်နေသောလက်ဖြင့် ဆုန္နရီ၏ ဦးခေါင်းကို သပ်လိုက် လေသည်။

"ကျွန်မမေးတာကို ဖြေပါ။ ရှင် ကျွန်မနဲ့ လက်ထပ်မလား၊ လက်မထပ်ဘူးလား။ ရှင် ကျွန်မကို ထိုင်ခိုင်းပြီး ကျွန်မရုပ်ပုံကို ရေးဆွဲနေတဲ့အခါ ကျွန်မ ဘယ်လိုခံစားနေတယ် ဆိုတာ ရှင်သိရဲ့လား"

အဏ္ဏာမလေသည် "မင်းခိုင်းတဲ့အတွက်ကြောင့် ငါမင်းရုပ်ပုံကို ဆွဲရတာပါ"ဟူ၍ သူ့ကိုယ်သူ ပြောလိုက်မိလေသည်။ ထို့နောက် အနုပညာကောလိပ်ကျောင်းအုပ် ဆရာကြီး ပြောပြသည့်စကားကို ရုတ်တရက် သတိရလာသည်။ လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် တရားသံဝေဂရခြင်း။ ယင်းနှစ်မျိုးတွင် မည်ကဲ့သို့သော ခြားနားချက်မှမရှိဟု ထင်မှတ်သွား လေသည်။

အဏ္ဏာမလေက ပြောလိုက်လေသည်။

"ကောင်းပြီ၊ ဆုန္နရီ။ ငါတို့ခပ်မြန်မြန်ပဲ လက်ထပ်ကြမယ်"

ငိုနေသော ဆုန္နရီသည် မျက်လုံးကို မှိတ်လိုက်သည်။ ထို့နောက်တဖြည်းဖြည်း ပြုံးလာလေသည်။

✦ ✦ ✦

ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်သည်။ အဏ္ဏာမလေသည် နံနက်စောစော အခန်းတံခါး ပိတ်လျက် ခွက်များထဲတွင် ဆေးရောင်စုံကို ဖျော်စပ်လိုက်သည်။ ထိုနေ့၌ နေ့ရက်ပေါင်း များစွာ ကြာပြီးသည့်နောက်မှ အဏ္ဏာမလေတွင် အလုပ်လုပ်လိုသည့်စိတ်ဆန္ဒ နိုးကြား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆုန္နရီ၏ကောက်ကြောင်းပုံကို ရှေ့တွင်ချလျှက် အဏ္ဏာမလေ သည် ဆုန္နရီ၏ ပန်းချီပုံကို အရောင်ခြယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ ညနေပိုင်းက ဆုန္နရီသည် အဏ္ဏာမလေပြောသည့်စကားကို အချိန်အတန်ကြာမြင့်စွာ ငြင်းပယ်နေသည်။ သို့ရာတွင် အဏ္ဏာမလေက လက်ထပ်ပါမည်ဆိုသည့် ကတိကိုပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဆုန္နရီတွင် လုံးဝပြောင်းလဲသွားသည်။ အဏ္ဏာမလေ၏ ရှေ့တွင် ရုတ်ခြည်း 'မိုဒယ်'အဖြစ် ထိုင်ပြီးလျှင် ပြောလိုက်သည်။

''ပုံကို စဝ်မြန်မြန် ပြီးအောင် ဆွဲပြီး ကျွန်မကို အိမ်လိုက်ပို့ပေးရမယ်နော်''

အဏ္ဏာမလေသည် ဆုန္နရီ၏ လှပသောရုပ်ပုံကို မိမိ၏ စိတ်နှလုံးတွင် ထင်ဟပ်သွားအောင်ပြုလိုက်ပြီးလျှင် ထိုပုံကို စက္ကူပေါ်တွင် ရေးခြယ်လိုက်လေသည်။ ပုံဆွဲပြီးသောအခါ အဏ္ဏာမလေသည် ဆုန္နရီအား စက္ကူတာနံပေါ်တွင် တင်ပြီး သူ့အိမ်သို့ လိုက်ပို့လေသည်။

စကူတာစီးသွားရင်း လမ်း၌ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်ကို အဏ္ဏာမလေသည် ထိုအချိန်၌ သတိရလာလေသည်။

ကျွဲစီးလာသော ယမမင်း၏စက်ကွင်းမှ လွတ်မြောက်ရန်အတွက် မာကဏ္ဍေယသည် ထိုအချိန်၌ သတိရလာလေသည်။ ကျွဲစီးလာသောယမမင်း၏ စက်ကွင်းမှ လွတ်မြောက်ရန်အတွက် မာကဏ္ဍေယသည် ရှိဝလိင်ကို သူ၏လက်မောင်းနှစ်ဖက်ဖြင့် ဖမ်းကိုင်ထားသည့်ရုပ်ပုံကို အဏ္ဏာမလေသည် နေရာများစွာတို့၌ တွေ့မြင်ဖူးသည်။ စကူတာစီး၍ သွားသောအခါ ဆုန္နရီသည် သူ့ကို ရှိဝလိင်ကဲ့သို့လည်းကောင်း၊ မိမိကိုယ်ကို မာကဏ္ဍေယအဖြစ်လည်းကောင်း မှတ်ထင်အောက်မေ့ထားသည်။ ညဥ့်အချိန်ဖြစ်၍ လမ်းပေါ်၌ သွားလာလှုပ်ရှားနေသူများသည် သူတို့ နှစ်ယောက်ကို အာရုံပြုကြလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် အဏ္ဏာမလေသည် စကူတာပေါ်၌ အဘယ့်ကြောင့် ငြိမ်ငြိမ်ထိုင်မနေနိုင်သည်မသိပေ။ ဆုန္နရီ ထိတွေ့ရသဖြင့် စိတ်လှုပ်ရှားလာသည်။ ရှေ့ဘက်မှ ကျွဲစီးလာသည့် ယမမင်းအစား လော်ရီကား။ ယမမင်းလာသည်ကို တွေ့ရသည်ဖြစ်၍ အဏ္ဏာမလေ ထိတ်လန့်သွားသည်။ နှစ်ဦးလုံး သေမင်းခံတွင်းထဲ ရောက်မသွားသည်မှာ ကံကောင်းလှပေသည်။

ဆုန္နရီအား တစ်စုံတစ်ခု ပြောရဲသည့် အစွမ်းသတ္တိသူ့တွင် မရှိပေ။ သူ တစ်စုံတစ်ရာ ပြောလိုက်လျှင် ဆုန္နရီ စိတ်ဆိုးသွားပေလိမ့်မည်။ ထို့ကြောင့် စကူတာ လုပ်သူများကိုသာလျှင် ကျိတ်ပြီး ဆဲရေးတိုင်းထွာလိုက်သည်။

''ဒီလူတွေ စကူတာ နောက်ပိုင်းမှာ ထိုင်ပြီး စီးတဲ့လူတွေ အဆင်ပြေစေဖို့အတွက် စကူတာနောက်ပိုင်းမှာ လက်ကိုင်တစ်ခု ဘာ့ကြောင့် တပ်မထားကြပါလိမ့်၊ နိုင်ငံခြားသားတွေ အတုကို ငါတို့ယူအောင် သူတို့ လုပ်ချင်ကြတယ်။ မိမိတို့ တိုင်းပြည်က လူတွေရဲ့ အဆင်ပြေမှုကို ကြည့်ပြီး ဒီလူတွေဟာ စကူတာပုံစံကို ပြောင်းမဖြစ်နိုင်ကြဘူးထင်တယ်။ မျက်စိမှိတ်ပြီး နိုင်ငံခြားယဉ်ကျေးမှုကို လက်ခံတာ ဘယ်လောက်အန္တရာယ်ကြီးသလဲ''

အဏ္ဏာမလေသည် ဆုန္နရီ၏ပုံကိုရှဲ့လျှက် မျက်နှာတွင် အနည်းငယ်ပြင်လိုက်ပြီးလျှင် ပုံတွင်ဆေးရောင်စုံခြယ်နေလေသည်။ အဏ္ဏာမလေသည် မျက်စိဖြင့်ကြည့်လျှက်





မိမိ၏ စိတ်နှလုံးထဲတွင် ထင်ဟပ်နေအောင် ပြုလုပ်ထားသည့်အရာကို စက္ကူပေါ်၌ ပုံဖော်နိုင်သည့် ထူးခြားသော အစွမ်းအစရှိသူဖြစ်သည်။ အဏ္ဏာမလေ၏ ပန်းချီရုပ်ပုံ၌ ဆုန္နရီ၏ သဘာဝအလှသည် သူ၏ရုပ်ပုံသွင်ပြင်နှင့်အတူတကွ ပေါ်လာတော့မည်။ ဆုန္နရီသည် မကြာခင် သူပိုင်ဖြစ်တော့မည်။ နေ့စဉ်နေ့တိုင်း တွေ့မြင်နေရသော ဆုန္နရီထက် သူ၏ ယခုရုပ်ပုံသည် အဏ္ဏာမလေအား အဆများစွာ နှစ်သိမ့်ကြည်နူးစေသည်။ အဏ္ဏာမလေသည် ရုတ်တရက် ချိုမြိန်သော အိပ်မက်အမျိုးမျိုးကို မြင်မက်နေသည်။ တစ်စုံတစ်ဦး၏ အပိုင်းအခြားမရှိသည့်အလှအကြောင်းကို ချွေးနွေး ပြောကြားသူများသည် ယခုအလှ၏ လျှို့ဝှက်ချက်ကို ဘယ်မှာ သိနိုင်ကြမည်နည်း။

ပန်းပွင့်များ အပြည့်ရှိနေသည့် နွယ်ပင်တစ်ပင်သည် သဘာဝနိယာမဖြင့် ဆန့်တန်းပြီးလျှင် မိမိ၏ကိုယ်ကာယအလှကို တချို့တချို့နေရာ၌ ဖုံးဖုံးဖိဖိလုပ်လျှက် ပြုံးနေသကဲ့သို့ပင် အဏ္ဏာမလေသည် ထင်မှတ်သည်။ တခဏအတော အတွင်း၌ပင်ပုံကို အပြီးသတ်လိုက်သည်။ အချိန်အတန်ကြာမြင့်စွာ ပုံကို ရှုထောင့်အမျိုးမျိုးမှ ကြည့်လျှက် ဝမ်းသာအားရ ဖြစ်နေသည်။ ပုံကို အပြီးသတ်လိုက်ရသည်ဖြစ်၍ ကျေနပ်အားရသွားသည်။ တစ်ဆက်တည်း အလုပ်လုပ်နေရသည့်အတွက် မောသွားသောကြောင့် ဆိုဖာပေါ်၌ အချိန်အတန်ကြာလှဲနေလိုက်သည်။ ထို့နောက် အောက်ဆင်းလာသည်။

ထမင်းစားပြီး အပေါ်ထပ်တက်လာသောအခါ အဏ္ဏာမလေသည် ပန်းချီကားတွင် အချို့အချို့နေရာ၌ အတန်ငယ်ပြင်လိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ပန်းချီပုံထဲ စိတ်ရောက်နေသည်ဖြစ်၍ အဏ္ဏာမလေသည် အခန်းတံခါးပိတ်ဖို့ မေ့သွားသည်။ အလုပ်ထဲတွင် အာရုံရောက်နေသည့်အတွက် အိမ်အပြင်ဖက်၌ ကားတစ်စီး ရပ်သံကိုလည်း မကြားလိုက်ပေ။

အတန်ငယ်ကြာသောအခါ ဆုန္နရီ၏ဖခင် ဒဏ္ဍပါဏီသည် သူ၏အခန်းထဲသို့ ရောက်လာသည်။ အဏ္ဏာမလေသည် အခန်းထဲ ဒဏ္ဍပါဏီ ဝင်လာသည်ကိုလည်း သတိမပြုပေ။

ဒဏ္ဍပါဏီသည် ဂုဏ်ယူမော်ကြွားစွာဖြင့် အခန်းထဲ လှမ်းကြည့်လိုက်သည်။ အခန်းထဲတွင်ရှိနေသော ကင်းဘတ်၊ စုတ်တံ၊ စားပွဲ၊ ကုလားထိုင်၊ စက္ကူလိပ် စသည်နှင့် ပြတင်းပေါက်များ၌ တပ်ထားသော ခန်းစီး၊ အခန်းထောင့်တွင်ချထားသော ပန်းအိုး စသည်တို့ကို တွေ့ရသောအခါ ဒဏ္ဍပါဏီသည် အလွန်အံ့သြသွားလေသည်။ အဏ္ဏာမလေရေးဆွဲနေသည့် ရုပ်ပုံကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် အံ့သြလွန်းမက အံ့သြသွားသောကြောင့် ဒဏ္ဍပါဏီသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မိမိအခန်းထဲ ဒဏ္ဍပါဏီရောက်နေသည်ကို တွေ့ရသည်ဖြစ်၍ အဏ္ဏာမလေ ထိတ်လန့်သွားသည်။ ဆုန္နရီ၏ ကောက်ကြောင်းပန်းချီကားကို ရှေ့၌ မထားမိသည့်အတွက် ကံကောင်းသည်ဟူ၍ တွေးမိလေသည်။ ဒဏ္ဍပါဏီသည် အဏ္ဏာမလေ ရေးဆွဲနေသည့်



www.burmeseclassic.com

www.burmeseclassic.com

ရောင်စုံပန်းချီကားကို စိုက်ကြည့်နေသည်။ ထိုမိန်းကလေးပုံ၌ ဒဏ္ဍာပါဏီသည် ဆုနှရီကို ကြိုးစား၍ ရှာနေသည်ဟူ၍ အဏ္ဏာမလေထင်သည်။

ဒဏ္ဍာပါဏီသည် အနည်းငယ် မယုံသင်္ကာရှိသည့်အသံဖြင့် "ဒီပုံက မင်းဆွဲတာလား"ဟူ၍ မေးလိုက်သည်။

ထို့နောက် အလွန်တရာ စိတ်အားတက်ကြွလာပြီးလျှင် "တယ်တော်ပါလား၊ တယ်တော်ပါလား"ဟူ၍ ပြောလျှက် အဏ္ဏာမလေ၏ကျောကို ခပ်ပြင်းပြင်းပုတ်လိုက်လေသည်။ ထို့နောက် တုံ့ဩသည့် လေသံဖြင့် ပြောလိုက်ပြန်သည်။

"မင်းပုံထဲက မိန်းကလေးကတော့ ငါတို့ရဲ့ ရုပ်ရှင်မင်းသမီးတွေကိုတောင် အနိုင်ယူသွားပြီ။ အခုလို လှပတဲ့မိန်းကလေးကို ငါဒီကနေ့အထိ မမြင်ဖူးဘူး"

အဏ္ဏာမလေ စိတ်ထဲက ကျိတ်ရယ်လိုက်သည်။ ဒဏ္ဍာပါဏီ၏စကားကို ကြားရသောအခါ ဘယ်လောက် ကာမဂုဏ်အာရုံဝါသနာပါသည့် လူကြီးဖြစ်သနည်းဟူ၍ အဏ္ဏာမလေ နားလည်သွားသည်။

"ငါအခု ပန်းချီနဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုပြောပြဖို့ မင်းဆီလာခဲ့တာ"

ယင်းသို့ ပြောပြလျှက် ဒဏ္ဍာပါဏီသည် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ချလိုက်သည်။ အဏ္ဏာမလေသည် သူ့အလုပ်ကို ထားခဲ့ပြီးလျှင် ဒဏ္ဍာပါဏီအနီးသို့ လာသည်။

"ကရုဏာကရမ်ဆိုတဲ့ ပန်းချီဆရာကြီးတစ်ယောက်ရဲ့ နာမည်ကို မင်းကြားဖူးတယ်မဟုတ်လား၊ လက်ဟောင်းပုဂ္ဂိုလ်တွေထဲက တစ်ယောက်ပေါ့။ တစ်ချိန်တုန်းကတော့ ပြဇာတ်တွေထဲက ရှုခင်းတွေအတွက် သူရေးဆွဲတဲ့ကားတွေကိုသာ အသုံးပြုကြတယ်။ အခုတော့ အသက်အရွယ်ကြီးလာပြီဖြစ်တဲ့အတွက် သူ့မှာ အတော်ကသီနေတယ်။ အဲဒီပုဂ္ဂိုလ်ကြီးလည်း အကျိုးရှိ ငါတို့လည်း အကျိုးရှိမယ့် လုပ်ငန်းသစ်တစ်ခု ငါလုပ်မယ်လို့ ကြံရွယ်တယ်"

"လုပ်ငန်းသစ်ဟုတ်လား"

"ဟုတ်တယ်၊ ပြဇာတ်သမားတွေနဲ့ ရုပ်ရှင်သမားတွေကို ငါကောင်းကောင်းသိတယ်။ အခုအချိန်မှာ ပြဇာတ်သမားတွေရဲ့ အခြေအနေက မကောင်းဘူး၊ ရုပ်ရှင်သမားတွေကတော့ ဝင်ငွေဖြောင့်နေကြတယ်။ ရုပ်ရှင်ရိုက်တဲ့ လူတွေထဲက တချို့ ငွေမပြည့်စုံတဲ့အတွက် အကြံအိုက်နေကြတာ တွေ့ရလို့ ငွေထားစရာမရှိအောင် ပေါများနေတဲ့အတွက် ပျာယာခပ်နေကြတဲ့ လူတွေဆီက ငွေကိုလှည့်ပြီး အဲဒီရုပ်ရှင်သမားတွေကို ချေးခဲ့တယ်။ အဲဒီလို ရုပ်ရှင်သမားတွေနဲ့ အပေါင်းအသင်းဖြစ်နေတဲ့အတွက် သူတို့ ငါ့ကိုလည်း အကူအညီပေးလိမ့်မယ်လို့ ငါမျှော်လင့်တယ်။ သူတို့ ငါ့ကိုအပ်တဲ့ အလုပ်တွေကို ကရုဏာကရမ် တစ်ယောက်တည်း လုပ်နိုင်မှာ မဟုတ်ဘူး"





အဏ္ဏာမလေသည် တအံ့တဩဖြစ်သွားပြီးလျှင် ဒဏ္ဍာပါဏီကို ကြည့်လိုက်လေသည်။ "ကျွန်တော် ဒီကိစ္စမှာ ဦးကြီးကို ဘယ်လိုကူညီရမည်နည်း"ဟူ၍ မေးနေသကဲ့သို့ ထင်ရလေသည်။

"ကောလိပ်ကို မသွားခင်အချိန်နဲ့ ကောလိပ်က ပြန်လာပြီးတဲ့အချိန် မင်း အားလပ်နေတဲ့အခါ ငါ့ဆီလာလို့ရှိရင် ငါ့အလုပ်ဖြစ်ပါတယ်။ မကြာခင်မှာပဲ ဘယ်လိုအလုပ်မျိုးကို လုပ်ရမယ်ဆိုတာ မင်းကိုယ်တိုင် နားလည်လာလိမ့်မယ်။ တကယ်လို့ လိုအပ်ရင် မင်း သူ့ဆီမှာနေပြီး သူ့ကို အကူအညီပေးနိုင်တယ်။ သိပ်အရေးကြီးတဲ့ကိစ္စရှိရင်တော့ ငါ သူ့ကို မင်းဆီလွှတ်လိုက်မယ်"

အဏ္ဏာမလေ အကျပ်တွေ့နေသည်။ ကောလိပ်၌ ဆေးများကို ရေနှင့်ဖျော်လျှက် စက္ကူပေါ်၌ ရောင်စုံပုံများ ရေးဆွဲနည်းကိုသာလျှင် သင်ကြားဆည်းပူးသည်။ အားလပ်သည့်အချိန်များ၌ ကဒီရေရှုန်ထံမှ ဆီဆေးရေးနည်း သင်မည်ဟု ကြံရွယ်ထားသည်။

အဏ္ဏာမလေသည် သူ့ဆန္ဒကို ဒဏ္ဍာပါဏီအား ပြောပြသောအခါ ဒဏ္ဍာပါဏီက ပြောသည်။

"အဲဒါတွေကို ကရုဏာကရမ်ဆီက လွယ်လွယ်ကလေး သင်ယူနိုင်ပါတယ်"

အဏ္ဏာမလေသည် ဒဏ္ဍာပါဏီ၏ စကားကို မငြင်းဆန်နိုင်တော့ပေ။ ဒဏ္ဍာပါဏီ၏ အလုပ်ကို လုပ်ခြင်းကြောင့် သူ၏ပညာရေး၌ မည်ကဲ့သို့သော အနှောင့်အယှက် အဟန့်အတားမှ ဖြစ်လိမ့်မည်မဟုတ်ဆိုသည်ကို သိရသောအခါ အဏ္ဏာမလေသည် ဒဏ္ဍာပါဏီ၏ စကားကို လက်ခံလိုက်လေသည်။

ဒဏ္ဍာပါဏီသည် စကားပြောလိမ္မာပါးနပ်သောကြောင့် အလွန်တရာ လေးလေးနက်နက် တွေးခေါ်ကြံဆသည့် ပုဂ္ဂိုလ်သည်ပင်လျှင် သူ့အလိုကျ ဖြစ်သွားတတ်သည်။ အဏ္ဏာမလေ၏ အခြေအနေမှာမူ တခြားလူများနှင့်မတူပေ။ ဒဏ္ဍာပါဏီသည် ဆုနှရီ၏ဖခင် သူ၏ ယောက္ခမလောင်းဖြစ်သည်။ တစ်ခြားနည်းလမ်းမရှိတော့သည့်အတွက် အဏ္ဏာမလေသည် ဒဏ္ဍာပါဏီ၏စကားကို လက်ခံလိုက်လေသည်။

"တို့အိမ်များမှာကပ်ပြီး တဲတစ်တဲ ထိုးပြီးတော့ ငါ အဲဒီလုပ်ငန်းကို စလုပ်မယ်လို့ ရည်ရွယ်တယ်။ လုပ်ငန်းစတင်ဖွင့်လှစ်တဲ့အခမ်းအနားကို သိုက်သိုက်မြိုက်မြိုက် ကျင်းပမယ်။ တကယ်လို့ မင်းအဲဒီအချိန်မှာ ပုံတွေကို ရေးဆွဲထားပြီးရှိမယ်ဆိုရင် လူတွေတအံ့တဩ ကြည့်ရှုကြမှာ သေချာတယ်"

အဏ္ဏာမလေအား ရေပက်မဝင်အောင် ပြောပြပြီးလျှင် ဒဏ္ဍာပါဏီသည် ကားပေါ် တက်လျှက် အိမ်ပြန်သွားလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍပါဏီသည် မဒရပ်မြို့သို့ ရောက်လာပြီးလျှင် သူ၏အတွေ့အကြုံအရ လူတစ်ဦးတစ်ယောက်၏ အသိဉာဏ်ဗဟုသုတသည်သာလျှင် ထိုသူ၏ အခြေခံပစ္စည်း ဥစ္စာဖြစ်သည် ဆိုသည့်အကြောင်းကို သိရှိနားလည်သွားသည်။ စကားကို လိမ်မာပါးနပ်စွာ ပြောခြင်းအားဖြင့်လည်းကောင်း အခါအခွင့်ကို အမြတ်ထုတ် အသုံးချခြင်းအားဖြင့်လည်းကောင်း မကြောင့်မကြ စားသောက်နေသွားနိုင်သည်။ ဂုဏ်သိက္ခာရှိရှိ အသက်မွေးဝမ်းကျောင်းမှုပြုလုပ်ရာ၌ ရှိသောနည်းလမ်းအားလုံးတွင် အပြိုင်အဆိုင်သည် အဓိကဖြစ်နေသည်ဆိုသည့်အကြောင်းနှင့် ယင်းနည်းလမ်းဖြင့်သာ လုပ်ကိုင်သွားပါက တစ်ဝမ်းတစ်ခါးဝဖို့ပင် မလွယ်ကူဆိုသည့် အကြောင်းကို ဒဏ္ဍပါဏီ နားလည်သွားသည်။ ထို့ကြောင့် လုပ်ငန်းသစ်တစ်ခုကို ဖွင့်လှစ်လိုက်လေသည်။ သူကမူ ကော်မရှင်အေးဂျင့်ဖြစ်သွားသည်။

အိမ်ဟောင်းနှင့် ကားဟောင်းအရောင်းအဝယ်လုပ်သူများ၏ အကြား၌လည်းကောင်း၊ သူဌေးသူကြွယ်များထံမှ လာဘ်ယူသောအရာရှိတို့အကြား၌လည်းကောင်း၊ အကြွေးပေးသူနှင့် အကြွေးယူသူတို့၏ အကြား၌လည်းကောင်း ပွဲစားအလုပ်လုပ်လျက် ဒဏ္ဍပါဏီသည် ကျွမ်းကျင်ပါးနပ်သော ပွဲစားတစ်ဦးဖြစ်လာသည်။ နိုင်ငံရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆိုင်ရာ နယ်ပယ်များ၌ လူပေါင်းများစွာတို့နှင့် အံပေါင်းအသင်းဖြစ်အောင် လုပ်ထားသည်။

ဒဏ္ဍပါဏီ၏သားများထဲက တစ်ယောက်မှာ လိမ္မာပါးနပ်သည်။ ထိုသူငယ်သည် ခပ်လွယ်လွယ်ဖြင့်ပင် သူ၏ကျောင်းသားဘဝကို အပြီးသတ်လိုက်သည်။ ကျန်နှစ်ယောက်မှာမူ နားကျောင်းနိုင်သည့် အရည်အချင်းမျှပင် မရှိကြပေ။ ဒဏ္ဍပါဏီသည် သက်ဆိုင်ရာ ပုဂ္ဂိုလ်အချို့ကို တိုးလျှိုးတောင်းပန်လျက် အဆိုးအကောင်းနည်းမျိုးစုံ အကူအညီဖြင့် ထိုသားနှစ်ယောက်ကို ဆယ်တန်းစာမေးပွဲတွင် အမှတ်များများရအောင် လုပ်ပြီးလျှင် တစ်ယောက်ကို ဆေးကောလိပ်၌လည်းကောင်း၊ အခြားတစ်ယောက်ကို အင်ဂျင်နီယာကောလိပ်၌လည်းကောင်း ရအောင်လုပ်ပေးလိုက်သည်။ သမီးအတွက်မှာမူ ပူပန်ကြောင့်ကြမှု မရှိလှပေ။

အဏ္ဏာမလေသည် သူ၏ကြိုးပမ်းအားထုတ်မှုများဖြင့် သူ၏နယ်ပယ်၌ တိုးတက်မှုရှိအောင် ပြုလုပ်လိမ့်မည်ဆိုသည့်အကြောင်းကို ဒဏ္ဍပါဏီ သိရသောအခါ ယင်းအချက်ကို သတိပြုလျက် ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်သော သူ၏ ဤကုမ္ပဏီအသစ်ကို အစပြုလိုက်ခြင်းဖြစ်လေသည်။

ထိုအချိန်၌ နာမည်အကျော်ကြားဆုံး နိုင်ငံရေးခေါင်းဆောင်နှင့် ရုပ်ရှင်လောကမှ ရုပ်ရှင်သရုပ်ဆောင်ကို ဖိတ်ကြားပြီးလျှင် ဒဏ္ဍပါဏီသည် သူ၏ကုမ္ပဏီကို ဖွင့်စေခဲ့သည်။ သတင်းစာများ၌ ကုမ္ပဏီဖွင့်ပွဲဓာတ်ပုံများကို ဖော်ပြပါရှိစေရန် ကြိုးစားသည်။ ကုမ္ပဏီဖွင့်ပွဲ ခမ်းအနား၌ ဒဏ္ဍပါဏီသည် သူ၏အကူအညီဖြင့် ငွေချေးလျက် မိမိတို့၏လုပ်ငန်းကို ကောင်းအထည်ဖော်နေကြသော ရုပ်ရှင်လောကမှ လူတစ်စုနှင့် အဏ္ဏာမလေကို မိတ်ဆက်ပေး





လေသည်။ ဒဏ္ဍပါဏီသည် အဏ္ဏာမလေ၏ ကျွမ်းကျင်မှုကို လိုသည်ထက်ပို၍ ချဲ့ထွင်ချီးကျူးပြီးလျှင် ထိုလူငယ်အနုပညာရှင်ကို မိမိကြိုးပမ်းအားထုတ်၍ ရှာဖွေရသည်ဟူ၍ ပြောပြသည်။ အဏ္ဏာမလေ နားခေါင်းကျည်းမွေ့တွေ့ သွားသည်။

လခစားအဖြစ် ခန့်ထားသောပန်းချီဆရာ ကရုဏာကရမ်၏အကူအညီဖြင့် အဏ္ဏာမလေသည် မည်သည့်အလုပ်များ လုပ်ရမည်ဆိုသည်ကို သိရှိနားလည်သွားသည်။ ဓာတ်ပုံကိုကြည့်လျက် ရောင်စုံပိုစတာကားကြီးများကို ရေးဆွဲရမည်ဟု သူကိုပြောပြသည်။ ဒဏ္ဍပါဏီသည် သူ၏ကုမ္ပဏီအတွက် သေးငယ်သောဓာတ်ပုံများကို အရွယ်ကြီးကြီး ရိုက်နှိပ်ပေးနိုင်သည့် စက်တစ်ခုကိုလည်း ဝယ်ပေးထားသည်။

အဏ္ဏာမလေသည် အတန်ငယ် သက်သာကင်းလေသောအသံဖြင့် ပန်းချီဆရာ ကရုဏာကရမ်အား မေးကြည့်သည်။

"ဒီမှာ ကျွန်တော်တို့ ကိုယ့်သဘောအတိုင်း အလုပ်လုပ်နိုင်ခွင့် ရပါ့မလား"

ငါးဆယ်ငါးနှစ်ကျော်လာခဲ့ပြီဖြစ်သည့် ထိုပန်းချီဆရာက ရယ်လျက်ပြန်ဖြေသည်။

"အနုပညာနဲ့ စီးပွားရေးအလုပ်မှာ အနုပညာရဲ့တန်ဖိုးက ပိုပြီးကြီးမားတယ်ဆိုတာ ယုံမှား သံသယဖြစ်နေစရာမလိုပါဘူး။ ဒါပေမဲ့ တကယ်လို့ မောင် ကိုယ့်သဘောအတိုင်း ပန်းချီဆွဲနေမယ်ဆိုရင်တော့ မောင်ဟာ ဒီလောကထဲ အသက်ရှင်နေနိုင်ဖို့ မလွယ်ဘူး"

ထိုနေ့တွင် အဏ္ဏာမလေသည် ကဒီရေရှန်၏ထံသွားလျက် ထိုကိစ္စနှင့် ပတ်သက်၍ ကဒီရေရှန်၏ သဘောထားကို မေးမြန်းစုံစမ်းကြည့်သည်။ ကဒီရေရှန်က အဏ္ဏာမလေအား ယောက္ခမလောင်း၏လုပ်ငန်း၌ အကူအညီပေးရမည့်ကိစ္စတွင် မတားမြစ် မပိတ်ပင်ပေ။ သို့ရာတွင် သတိပေးသည့် စကားတစ်ခွန်းကိုမူ ပြောလိုက်လေသည်။

"နိုင်ငံခြားတိုင်းပြည်တွေမှာဆိုရင် ကျောင်းသူကျောင်းသားတွေဟာ အားလပ်တဲ့အချိန်များမှာ သတင်းစာတိုက်တွေမှာ လုပ်အားပေးကြတယ်။ ဟိုတယ်တွေမှာ စားပွဲထိုးအလုပ်လုပ်ကြတယ်။ ကိုယ့်ခွန်အား စိုက်ထုတ်ပြီး အလုပ်လုပ်တာကို ဂုဏ်ငယ်တယ်လို့ မထင်ကြဘူး။ ဒါပေမဲ့ ဘယ်အလုပ်မျိုးကိုလုပ်လုပ် စညာသင်ကြားတဲ့ မိမိတို့ရဲ့ရည်မှန်းချက်ကိုတော့ မေ့မထားကြဘူး။ အဲဒီလိုပဲ မောင်လည်းပဲ ဒီအလုပ်ကို ကိုယ်ကာယခွန်အား စိုက်ထုတ်ပြီးလုပ်ရတဲ့ အလုပ်တစ်ခုလိုပဲ သဘောထားပါ။ ဘယ်အခြေအနေမျိုးမှာမဆို မိမိရဲ့ အနုပညာတိုးတက်ထွန်းကားလာအောင် လုပ်ဖို့ရန်ကိုတော့ မမေ့ပါနှင့်"

ကဒီရေရှန်၏စကားကို လက်ခံပြီးလျှင် အဏ္ဏာမလေသည် ညနေချိန်၌ ကြော်ငြာကုမ္ပဏီ၏ အလုပ်ကိုလုပ်သည်။ အဏ္ဏာမလေသည် အလုပ်တစ်ခုခုကို အာရုံစူးစိုက်၍ လုပ်တတ်သည်။ ယင်းအချက်ကို တွေ့မြင်ရ၍ ဒဏ္ဍပါဏီသည် အလွန်တရာ အားရဝမ်းသာဖြစ်နေသည်။ အဏ္ဏာမလေအလုပ်လုပ်ချိန်၌ ဆုန္ဒရီအား အိမ်ထဲတွင် ခြေငြိမ်ငြိမ်နှင့်နေရန် အတွက်မှာမူ ဒဏ္ဍပါဏီအတွက် အလွန်ခက်ခဲသည့် အလုပ်ကဲ့သို့ ဖြစ်နေသည်။ ဆုန္ဒရီသည်



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေအား သူတို့အိမ်သို့ နေ့စဉ်နေ့တိုင်း မလာလာအောင်လုပ်သည်။ တစ်ခါတစ်ရံလည်း ဆုန္ဒရီသည် အဏ္ဏာမလေအား တွန့်ဆုတ်ခြင်း၊ အလျှဉ်းမရှိဘဲ အကူအညီပေးသည်။

တနင်္ဂနွေနေ့တစ်နေ့တွင် အဏ္ဏာမလေသည် ကောလိပ်ကျောင်းမှ ပါလာသည့် အလုပ်ကိုလုပ်ရန်အတွက် တခြားမသွားဘဲ အိမ်၌ပင်ရှိနေသည်။ ကောလိပ်၌ ပြပွဲတစ်ခု စီစဉ်ပြုလုပ်ထားသည်။ ထိုနေ့တွင် ပြပွဲအတွက်ရေးဆွဲထားသော ပန်းချီကားအချို့ကို အပြီး သတ်မည်ဟူ၍ အဏ္ဏာမလေစိတ်ကူးထားသည်။

သို့ရာတွင် ထိုနေ့၌ နံနက်စောစောကတည်းက ဒဏ္ဍပါဏီသည် ခါတ်ပုံ တစ်ထပ် ကြီးကိုယူလျက် သူ့ကားနှင့် အဏ္ဏာမလေထံ ပေါက်လာသည်။ ရုပ်ရှင်ကား တစ်ကား၏ ရှုခင်းရှုကွက် ဆယ်ခုဆယ့်နှစ်ခုနှင့် ရှုခင်းရှုကွက် တစ်ခုစီ၏ခါတ်ပုံ ဆယ်ခုဆယ့်နှစ်ခု သူနှင့်ပါလာသည်။

"သန်ဘက်ခါကစပြီး ဒီရုပ်ရှင်ကား ရုံတင်လိမ့်မယ်။ ရုပ်ရှင် ကြော်ငြာအတွက် ရုပ်ရှင်ရုံများမှာ ဒီခါတ်ပုံတွေကို ဆေးရောင်ခြယ်ပြီးထားရလိမ့်မယ်။ မနက်ဖြန်ခါ ပြီးအောင် လုပ်ပေးမယ်လို့ ရုပ်ရှင်ကုမ္ပဏီက လူတွေကို ဦးပြောလိုက်တယ်။ မောင် စိတ်ပါရင် ဒီအလုပ်ကို ချက်ခြင်းလုပ်ပေးနိုင်ပါတယ်"

ယင်းသို့ပြောလျက် ဒဏ္ဍပါဏီသည် အဏ္ဏာမလေ၏ရှေ့တွင် သူ၏အိတ်ကို ဖွင့်ပြ လိုက်လေသည်။ အဏ္ဏာမလေသည် ဒဏ္ဍပါဏီ၏စကားကို မငြင်းဆန်နိုင်ပေ။

ပြပွဲအတွက် ရေးဆွဲထားသောပန်းချီကားများကို တစ်ဖက်တွင် ထားလိုက်ပြီးလျှင် အဏ္ဏာမလေသည် စက်၏အကူအညီဖြင့် ပြုလုပ်ထားသော ခါတ်ပုံများပေါ်တွင် စက်၏ အရှိန်အဟုန်ဖြင့် ဆေးရောင်ခြယ်လိုက်လေသည်။ တစ်မျိုးတစ်စားတည်းသော ခါတ်ပုံများ ပေါ်၌ အကြိမ်များစွာ ဆေးရောင်ခြယ်နေရသဖြင့် ငြီးငွေ့လာသည်။ ထိုခါတ်ပုံများများသည် မပေါ့တပေါ် အဝတ်ဝတ်လျက် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်နေကြပုံ စုံတွဲများ၏ ခါတ်ပုံများ ဖြစ်သည်။ ထိုအလုပ်ကို အပြီးလုပ်ပေးရန် ကတိပေးထားပြီးဖြစ်သည်။ ထို့ကြောင့် ညနေ စောင်းလာသည်နှင့် အလုပ်ကို အပြီးသတ်လိုက်သည်။

ဒဏ္ဍပါဏီသည် အလုပ်ကို အကဲခတ်သည့်ပုံနှင့် ညနေချမ်းအချိန်တွင် ဆုန္ဒရီကို ခေါ်ပြီးလျှင် ထိုအိမ်သို့ ရောက်လာသည်။ ခါတ်ပုံများကို မြင်ရသောအခါ "တယ်တော်တဲ့ သူငယ်ပဲ။ ဒါလောက် အချိန်နည်းနည်းကလေးနှင့် သူနိုင်သည့်အလုပ်ကို သေသေချာချာ လုပ်ပေးသည်"ဟူ၍ တွေးတောလျက် အလွန်တရာ ကျေနပ်အားရ ဖြစ်သွားသည်။ အဏ္ဏာမလေသည် သူ့အလုပ်ကို အသောနှင်လျက် ပြီးအောင် လုပ်လိုက်သည်။

ဒဏ္ဍပါဏီသည် မိမိမျက်စိကိုပင် မယုံနိုင်အောင်ဖြစ်နေသည်။ အဏ္ဏာမလေ ကျေနပ်အောင် ပွင့်ပွင့်လင်းလင်း ချီးကျူးစကားပြောပြီးလျှင် လက်ဆွဲအိတ်ကို ဖွင့်လျက် တစ်ရာတန် ငွေစက္ကူ အသစ်စက်စက်ဆယ်ချပ်ကို အဏ္ဏာမလေအား ပေးလိုက်လေသည်။

Treasure Publishing House



အဏ္ဏာမလေသည် ဤမျှများပြားသောငွေကို ယခင်က မြင်ရုံပင် မမြင်ခဲ့ဘူးပေ။ ထိုငွေများကို ဒဏ္ဍပါဏီထံမှ ယူ၍ ဘာလုပ်ရမည်ဆိုသည်ကို သူ နားမလည်အောင် ဖြစ်နေသောကြောင့် ငွေကိုယူရန် ငြင်းဆန်လိုက်လေသည်။ ဒဏ္ဍပါဏီထံမှ ဘာကိုမှမယူပါဟု ပြောပြီး ခေါင်းခါ နေသည်။ ထိုအခါ ဒဏ္ဍပါဏီက ရယ်လေသည်။ ဟက်ဟက်ပတ်ပတ် ရယ်လေသည်။

"ရှင် ငွေအလိုမရှိရင် ကျွန်မကိုပေးလေ။ မေမေ့ကို တောင်းရင် မေမေက ကျွန်မကို ငွေတစ်ဆယ်တောင် မပေးဘူး" ယင်းသို့ ပြောလျက် ဆုန္ဒရီက အဏ္ဏာမလေကို စနေသည်။

"အဲဒါသာကြည့်ပေတော့၊ လက်မထပ်ခင်ကတည်းက မောင့်အပေါ် အာဏာပြ နေပြီ၊ လက်ထပ်ပြီးရင်တော့ မောင်သူ့ကို ငွေအပ်ရလိမ့်မယ်။ အခုတော့ ဒီငွေတွေကို ယူပြီး မောင့်မေမေကို ပေးပါ။ မောင့်ကို ဦး ဒီငွေတွေ လက်ဆောင်အဖြစ်ပေးနေတာ မဟုတ်ဘူး။ ဒါ မောင့်လုပ်အားကြောင့် ရတဲ့ငွေဖြစ်တယ်"

အဏ္ဏာမလေ ငွေယူရန်ငြင်းဆန်နေသည်ကို တွေ့ရသောအခါ ဒဏ္ဍပါဏီသည် အောက်သို့ဆင်းပြီးလျှင် ပန်းရန်ဆရာကို ခေါ်လာသည်။ အဏ္ဏာမလေသည် သူ့ဖခင်၏ စကားကို မဖယ်ရှားနိုင်ဟူ၍ ဒဏ္ဍပါဏီက နားလည်ထားသည်။

"မင်းငွေ လက်ခံဖို့ ဘာကြောင့် ငြင်းဆန်နေတာလဲ။ မင်းမယောက္ခမက သူ့သားမက် လူအပဲလို့ ထင်မှတ်သွားလိမ့်မယ်။ မင်းတို့ လက်ထပ်ဖို့လည်း နီးလာပြီ။ ဒီငွေတွေကို သတို့သားအတွက် ပေးအပ်တဲ့လက်ဆောင်ပစ္စည်းလို့ပဲ သဘောထားချင်ထားလိုက်ပါ"

ယင်းသို့ပြောလျက် ပန်းရန်ဆရာသည် အဏ္ဏာမလေအား ငွေအတင်းအကျပ် လက်ခံနိုင်းလေသည်။

ဒဏ္ဍပါဏီနှင့် စကားဆွေးနွေးပြောကြားပြီးသည့်နောက်မှသာလျှင် ပန်းရန်ဆရာ သည် သူ့သားလုပ်ငန်း၏အရေးပါပုံကို သိရှိနားလည်သွားသည်။ ထိုငွေများသည် ဒဏ္ဍပါဏီ ၏ ငွေမဟုတ်ပေ။ သူ့သား၏ လုပ်အားကြောင့် ရရှိသည့်ငွေများဖြစ်သည်။ သူ့အနေနှင့်မူ ဤမျှများပြားသောငွေကို နေပူမရှောင် မိုးရွာမရှောင် အလုပ်မပြတ် လုပ်ပြီးသည့်နောက်မှ သာလျှင် ရရှိနိုင်သည်ဟူ၍ တွက်လေသည်။ အဏ္ဏာမလေသည် ဤမျှလွယ်လွယ်ကူကူဖြင့် ဤမျှများပြားသော ငွေကိုရအောင် လုပ်လိုက်သည့်အတွက် ပန်းရန်ဆရာ အကြီးအကျယ် အံ့ဩသွားသည်။

အဏ္ဏာမလေသည် ဒဏ္ဍပါဏီထံမှ ငွေကို ချက်ခြင်းလှမ်းယူလိုက်ပြီးလျှင် သူ့ဖခင် ၏ လက်ထဲထည့်လိုက်လေသည်။ ပန်းရန်ဆရာသည် ငွေများကို လက်နှင့်လှမ်းယူပြီး နမ်းရှုပ်လိုက်လေသည်။ ထို့နောက် တစ်ခဏကြာမျှ အံ့ဩငေးမောလျက် ရယ်နေလေသည်။ အတန်ကြာပြီးသည့်နောက်မှ …

"ဆုန္ဒရီ၊ ညည်းကိုယ်တိုင် ဒီငွေတွေကို ယူသွားပြီး ညည်းဒေါ်ဒေါ်ကို ပေးလိုက်" ဟု ပြောလျက် ငွေစက္ကူများကို ဆုန္ဒရီ၏ လက်ထဲထည့်လိုက်လေသည်။ အဏ္ဏာမလေသည်

Treasure

www.burmeseclassic.com

www.burmeseclassic.com



သူရှေ့မှောက်၌ ပြဇာတ်တစ်ခုကပြနေသကဲ့သို့ပင် ထင်မှတ်နေသည်။ ထိုအချိန်၌ပင် ကောလိပ်ပြပွဲအတွက် ရေးဆွဲထားသည့် ပန်းချီကားများအကြောင်းကို တွေးတောနေသည်။

◆ ◆ ◆

ပန်းရန်ဆရာနှင့် ကဒီရေရှုန်တို့၏ အိမ်၌ "ဗိသုကာ-မာဏိက္ကမ်" ဟူ၍ ရေးထားသော ဆိုင်းဘုတ်အသစ်ကို တွေ့ရလေသည်။ အိမ်တွင် ဆိုင်းဘုတ် မတပ်ခင်ကပင်လျှင် ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့သည် အလုပ်ကောင်းကောင်းတစ်ခု ရရှိကြသည်။ ကဒီရေရှုန်၏ မိတ်ဆွေတစ်ဦးသည် မာဒေယာ၌ မြေဝယ်ယူသည်။ ကဒီရေရှုန်နှင့် ပန်းရန်ဆရာတို့၏ အိမ်သစ်ကို တွေ့မြင်ရသည်ဖြစ်၍ ထိုပုဂ္ဂိုလ်သည် ပန်းရန်ဆရာ၏ လုပ်ငန်းကျွမ်းကျင်နားလည်ပုံကို အပြည့်အဝ ယုံကြည်စိတ်ချသွားသည်။ မာဏိက္ကမ်သည် ကဒီရေရှုန်၏ သားမက်ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အိမ်ဆောက်သည့်လုပ်ငန်းကို မာဏိက္ကမ်နှင့် ပန်းရန်ဆရာတို့အား လွှဲအပ်ထားလိုက်လေသည်။

အိမ်ဆောက်သည့်အလုပ်ကို အားသွန်ခွန်စိုက် လုပ်ကိုင်နေကြသည်။ ပန်းရန်ဆရာသည် နံနက်စောစောအလုပ်သို့ ထွက်သွားလေ့ရှိသည်။ မာဏိက္ကမ်ကမူ ကိုးနာရီလောက်တွင် အိမ်မှ ထွက်တတ်သည်။ ညနေခြောက်နာရီလောက်တွင် အိမ်ပြန်ရောက်လာတတ်ကြသည်။

မာဏိက္ကမ် အိမ်ကမထွက်ခင်နှင့် အိမ်ပြန်လာပြီးသည့်နောက်ပိုင်းများ၌ အာနန္ဒီသည် စိတ်ပါလက်ပါ မာဏိက္ကမ်အား ပြုစုသည်။ ညနေပိုင်း မာဏိက္ကမ် အိမ်ပြန်ရောက်ချိန်၌ ရေချိုးရန် ရေနွေးနှင့်လဲရန် အဝတ်အစားများ အဆင်သင့်ရှိနေသည်။ ထို့နောက် မကြာခင် သူတို့ထမင်းကို စားတတ်ကြသည်။ အိမ်အပေါ်ထပ်အခန်းသို့ ရောက်သောအခါ မာဏိက္ကမ်သည် အာနန္ဒီကို စောင့်နေတတ်သည်။

အစပထမ၌ မာဏိက္ကမ်သည် ယင်းအစီအစဉ်များကို အသစ်အဆန်းသဖွယ် ထင်မှတ်နေသည်။ သို့ရာတွင် နှစ်ရက်သုံးရက် အတောအတွင်း၌ပင် လူလတ်တန်းစားတို့၏ ဓလေ့အတိုင်း ချမ်းချမ်းသာသာနေထိုင်သည့်အလေ့အကျင့် ရသွားသည်။

ထိုအိမ်၌ မာဏိက္ကမ် အသုံးပြု၍မရသော ပစ္စည်းအချို့လည်းရှိသည်။ အာနန္ဒီ၏ ဖခင်သည် မိမိအတွက် အိမ်မှာပင် စာကြည့်တိုက်တစ်ခု ဖန်တီးထားသည်။ ယင်းစာကြည့်တိုက်၌ ကောင်းမွန်သည့် စာအုပ်ရာပေါင်းများစွာရှိသည်။ ကဒီရေရှုန်သည် ထိုစာကြည့်တိုက်အတွက် သတင်းစာကြီးများကိုလည်း မှာယူထားသည်။ 'ဟာလ်မွန်နီယား' နှင့် အာနန္ဒီ၏ ဂီတစာအုပ်များကိုလည်း အပေါ်ခန်း၌ထားသည်။ မာဏိက္ကမ်သည် သူ၏အားလပ်ချိန်တွင် စိတ်တိုင်းကျနေ၍ရသည်။ သို့ရာတွင် ယင်းပစ္စည်းများကိုမူ အသုံးပြု၍မရပေ။ သတင်းစာများ၌ အုတ်အော်သောင်းတင်းဖြစ်စေမည့်သတင်းများကိုသာလျှင် မာဏိက္ကမ် ဖတ်လေ့ရှိသည်။



ကဒီရေရှုန် ရေးဆွဲထားသည့် ပန်းချီကားများကို ယခုအချိန်အထိ ဂရုတစိုက်ကြည့်ပင် မကြည့်ပေ။

မာဏိက္ကမ်သည် အာနန္ဒီအလာကို စိတ်အားထက်သန်စွာ စောင့်မျှော်နေသည်။ အာနန္ဒီအား စောင်းတီးပြပါဟူ၍ တစ်ကြိမ်မျှပင် မပြောခဲ့ဖူးပေ။ အာနန္ဒီအား သီချင်း အဆိုခိုင်းလျက် အာနန္ဒီ၏သာယာသောအသံကို တစ်ခါမျှ အာရုံမစားခဲ့ဖူးပေ။ အိပ်ခန်းထဲ အာနန္ဒီ ရောက်လာပြီးမကြာခင်မှာပင် မာဏိက္ကမ်သည် အခန်းမီးကို ပိတ်ပစ်လိုက်တတ်သည်။ ထို့နောက်အခန်းထဲတွင် အမိုက်တိုက်သည့် ပျံ့နှံ့မပ်မှုသွားလေသည်။

မိမိ၏အလေ့အထအတိုင်း တစ်နေ့သောအခါ၌ အာနန္ဒီသည် နံနက်စောစော အိပ်ရာမှ ထသည်။ ထိုအချိန်၌ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေသည်။ နေ့စဉ်နေ့တိုင်း နံနက်စောစော အိပ်ရာမှ ခဲခဲယဉ်းယဉ်းထရသည်။ ထိုနေ့တွင်မူ ဘာမျှမလုပ်ချင် မကိုင်ချင်ဖြစ်နေသည်။ ထိုအချိန်၌ မာဏိက္ကမ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပင် ရှိသေးသည်။ မာဏိက္ကမ်သည် နေ့စဉ်နေ့တိုင်း ခုနစ်နာရီလောက်ကျမှ အိပ်ရာမှ ထလေ့ရှိသည်။ အာနန္ဒီသည် မာဏိက္ကမ်အား စောင်ခြုံပေးပြီးလျှင် ဖြည်းညှင်းစွာ မာဏိက္ကမ်၏ခြေကို ထိတို့လိုက်သည်။ ယင်းအပြုအမူကို အာနန္ဒီအား သူ့အဖွားက သင်ပြပေးခြင်းဖြစ်သည်။ သူ့ကိုယ်တိုင်လည်း သူ့မိခင်ဆရာဒွတီအား သူ၏ဖခင် ကဒီရေရှုန်ခြေကို ထိတို့သည်ကို တွေ့မြင်ရသည်။

နံနက်စောစောထလျှက် ရေနွေးဖြင့် ရေချိုးပြီးသော်လည်း အာနန္ဒီ၏ ကိုယ်ခန္ဓာအကိုက်အခဲသည် ပျောက်မသွားပေ။ တစ်စုံတစ်ယောက်က အပ်ဖြင့် သူ့ကိုယ်ခန္ဓာကို ထိုးဆွနေသကဲ့သို့ပင် ထင်မှတ်နေသည်။ မာဏိက္ကမ်အိမ်မှ ထွက်ခွာသွားသည်အထိ အာနန္ဒီသည် လုပ်နေကျအလုပ်များကို လုပ်နေသည်။ ထိုနေ့တွင် ထမင်းလည်း စား၍မရပေ။ အပေါ်ထပ်အခန်းသို့ တက်သွားပြီးလျှင် ကြမ်းပြင်ပေါ်၌ လှဲနေလိုက်သည်။ ထိုအချိန်၌ တစ်ကိုယ်လုံးသည် ပူနေသည်။ မျက်နှာလည်းတင်းနေသည်ဟု ထင်နေရသည်။

မိမိ၏အိမ်ထောင်မှု ဘဝသစ်အကြောင်းကို စဉ်းစားဆင်ခြင်လျက် အာနန္ဒီသည် စိတ်ထဲက ရယ်မိသည်။ ယင်းအခြေအနေ၌ပင် ရယ်နိုင်သေးသည့် အစွမ်းသတ္တိသည် သူ့ထံတွင် ကျန်နေသေးသည်။ ထိုအချိန်၌ သူ့ဖခင် ပြောဆိုဆုံးမထားသော ဆုံးမစကားအချို့ကို သတိရလာသည်။

"အာနန္ဒီ၊ ရှေးခေတ်အခါက လူ၏ပျော်ရွှင်မှုသည် စိတ်နှလုံးပေါ်၌ အခြေတည်သည်ဟူ၍ လူအများပြောကြသည်။ ယင်းစကားသည် လုံးဝမှန်ကန်သောစကား ဖြစ်သည်။ သမီး မိမိစိတ်နှလုံးကို မိမိဘဝသစ်နှင့် လိုက်လျောညီထွေအောင် ပုံသွင်းယူပါ။ မွေးဖွားလာပုံ၊ ကြီးပြင်းလာမှု၊ ပတ်ဝန်းကျင်အခြေအနေ၊ အိမ်ထောင်မိသားစု အစဉ်အလာစသော အကြောင်းများကြောင့် လူပုဂ္ဂိုလ်တို့၏ အကျင့်စရိုက်များသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနေကြသည်။ အခြားပုဂ္ဂိုလ်များ၏ အကျင့်စရိုက်ကို သိအောင်လုပ်၍ မိမိကိုယ်ကို ယင်းတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောညီထွေတ်အောင် ကြိုးစား၍ ပုံသွင်းသင့်သည်။ အကယ်၍ လိုအပ်လာလျှင် အခြားပုဂ္ဂိုလ်များကိုလည်း မိမိ၏ပုံစံအတိုင်း ပုံသွင်းယူနိုင်သည်။ မည်သည့်မိန်းကလေးမဆို အိမ်ထောင်မိသားစု၌နေလျက် ချစ်ခင်ခြင်း၊ စနိုင်ရည်ရှိခြင်းအားဖြင့် မိမိ၏အလုပ်အားလုံးကို ပြည့်ဝအောင်မြင်အောင် လုပ်ကိုင်နိုင်သည်။ သမီး၊ ပထမဦးစွာ မိမိကိုယ်ကို မာဏိက္ကမ်နှင့် လိုက်လျောညီထွေတ်အောင် ပုံသွင်းယူပါ။ နောက်ပိုင်းတွင် သူ့ကိုလည်း မိမိနှင့် လိုက်လျောညီထွေတ်အောင် ပုံသွင်းယူနိုင်သည်။

အာနန္ဒီသည် ဖခင်၏ ယင်းဆုံးမစကားများကို သူ၏ကော်ပီစာအုပ်ထဲတွင် ရေးမှတ်ထားသည့်အပြင် အလွတ်ရအောင်လည်း ကျက်မှတ်ထားသည်။ ထို့ကြောင့် ဒုက္ခဖြင့် လူးလွန့်နေရသော်လည်း ရယ်နိုင်ပြုံးနိုင်ရှိနေခြင်းဖြစ်သည်။

အမှောင်လွှမ်းနေသောအခန်းထဲ၌ မာဏိက္ကမ်သည် အာနန္ဒီအား အသက်ထက်ပင် ချစ်ခင်မြတ်နိုးပါသည်ဟူ၍ အကြိမ်များစွာ ပြောကြားဖူးသည်။ အာနန္ဒီကလည်း မာဏိက္ကမ်အား နှလုံးသည်းပွတ်ကြားမှ ကြိုးစား၍ ချစ်ကြည့်သည်။ ယောကျ်ားတိုင်း မိန်းမတိုင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြပြီးသည့်နောက်မှသာလျှင် လင်မယားနောင်ကြိုးဖြင့် ဖွဲ့နှောင်ကြသည်ဟူ၍ ပြောပြရန် ခဲယဉ်းလှသည်။ ယောကျ်ားမိန်းမ နှစ်ဦးတို့၏အကြားတွင်ရှိသော ဆွဲဆောင်မှုမှာလည်း အလွန်တရာ အားကောင်းလှသည်။ ယောကျ်ားနှင့်မိန်းမတို့၏ ဆက်ဆံမှုသည် ကိုယ်ကာယအထိသာလျှင် သတ်မှတ်ထားခြင်းမရှိသည်မှာ အမှန်ဖြစ်သည်။ နေ့ရက်မကြာမီအတောအတွင်း၌ပင်လျှင် တစ်ယောက်သည် တစ်ယောက်၏အကျင့်စရိုက်ကို သိရှိနားလည်သွားပြီးလျှင် လင်မယားနှစ်ယောက်၏ စိတ်နှလုံးသည် တစ်ပေါင်းတည်း တစ်ခုတည်းဖြစ်သွားတတ်ကြသည်။

အာနန္ဒီ၏ ကိုယ်ပိုင်ဘဝမှာ ဤကဲ့သို့ဖြစ်ပါသလော။

လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသည်နှင့် မာဏိက္ကမ်သည် အာနန္ဒီအား ချစ်ကြောင်းပြရန်အတွက် တစ်ယောက်တည်း အာနန္ဒီ၏အခန်းထဲသို့ ဝင်သွားသည်။ အာနန္ဒီက မာဏိက္ကမ်အား "လက်မထပ်မီအတောအတွင်း ရှင် ကျွန်မကို ဒီလိုတွေ့ဖို့ မကြိုးစားပါနဲ့။ ဒီလိုလုပ်ရင် သင့်လျော်မယ်မဟုတ်ဘူး" ဟူ၍ လေးလေးနက်နက် ပြောပြခဲ့သည်။ ယခုအချိန်၌ မာဏိက္ကမ်သည် အာနန္ဒီ၏ ယင်းပြောပြချက်ကို ကလဲ့စားချေနေပုံရသည်။ တစ်စုံတစ်ဦးအား နှိပ်စက်ခြင်းသည် သူ၏အကျင့်စရိုက် ဖြစ်ဟန်တူသည်။ အာနန္ဒီသည် ယခုအထိ မာဏိက္ကမ်အား နားလည်သဘောပေါက်ခြင်း မရှိသေးပေ။

စိတ်မချမ်းမသာများစွာဖြစ်ပြီးလျှင် အာနန္ဒီသည် အခြေခံအားဖြင့် ချစ်ခြင်းသည် ကိုယ်ကာယနှင့် ဆက်စပ်မှုရှိသော်လည်း ချစ်ခြင်းကို အသေအချာ ခံစားမှုရှိနိုင်ရန်အတွက် ဘုရားသခင်သည် ငါတို့အား ခံစားတတ်သည့် ဣန္ဒြေငါးမျိုးကို ပေးထားသည်ဟူ၍ တွေးတောစဉ်းစားနေမိသည်။ လူပုဂ္ဂိုလ်သည် ကိုယ်ကာယအလှကို မျက်စိဖြင့် တွေ့မြင်ရသောအခါ





နှစ်သိမ့်ရွှင်လန်းမှု ဖြစ်လာနိုင်သည်။ ချစ်ခင်ရင်းနှီးစွာဖြင့် ရယ်ကာပြုံးကာ စကားပြောသောအခါ နှစ်သိမ့်ရွှင်လန်းမှုဖြစ်ရသည်။ တစ်စုံတစ်ယောက်၏ ချိုသာသောစကားကိုလည်းကောင်း၊ သို့မဟုတ် သီချင်းဂီတကိုလည်းကောင်း နားထောင်ရသည့်အခါ ကျေနပ်အားရခြင်း ဖြစ်ရသည်။ ဆံထုံးတွင် ပန်ဆင်ထားသည့် ဥယျာဉ်ထဲကစံပယ်ပွင့်ကို နမ်းရသည့်အခါ ကျေနပ်နှစ်သိမ့်မှုဖြစ်ရသည်။ လူပုဂ္ဂိုလ်များကို မဆိုထားဘိ၊ ခြံဥယျာဉ်တွင်း၌ ဟိုဟိုသည်သည် လှည့်လည်သွားလာနေကြသည့် ရှဉ့်၊ ဖုက်၊ နွားထီး၊ နွားမစသော တိရစ္ဆာန်များသည်ပင် တစ်ဦးနှင့်တစ်ဦး လွယ်လင့်တကူ ချစ်ကြည်မှုပြုလျက် နှစ်သိမ့်ကျေနပ်မှု ရယူခြင်းကို နားလည်ကြသည်။ အချစ်သည် ကိုယ်ကာယအထိ တယ်မှာ သတ်မှတ်ကန့်သတ်ထားချက် ရှိမည်နည်း။ ကိုယ်ကာယနှင့်ပတ်သက်သော ဆွဲဆောင်တပ်မက်မှုသည်သာလျှင် အချစ်ဖြစ်သလော။

အာနန္ဒီသည် သူ့ဖခင်ပြောပြထားသော ဆုံးမစကားကို ရုတ်တရက် သတိရလာသည်။

"လုပစွာ နေသွားနိုင်အောင် သင်ကြားပါ။ အကယ်၍ ဖြစ်နိုင်လျှင် ဘဝကို လှအောင် လုပ်ပါ။ အရုပ်ဆိုးသွားအောင်တော့ မည်သည့်အခါမှ မလုပ်ပါနှင့်"

ယင်းသို့ စဉ်းစားပြီးလျှင် အာနန္ဒီသည် စိတ်ထဲက တစ်ကြိမ်၊ နောက်ထပ်တစ်ကြိမ် ရယ်လိုက်ပြန်လေသည်။

အာနန္ဒီသည် မှသားပြောလျက် မိမိ၏စိတ်နှလုံးကို မလှည့်စားလိုပေ။ သူ့ကို မာဏိက္ကမ်က အင်အားသုံးလျက် နေထိုင်သွားစေခဲ့သည့်နည်းလမ်းကို အာနန္ဒီ သဘောမကျပေ။ အိမ်တွင် ကောင်းမွန်စွာနေထိုင်သွားရန် သူ့ကို ပညာပေးထားသည်။ မာဏိက္ကမ်၏ ဘဝတစ်လျှောက် နေသွားနည်းသည် အာနန္ဒီအတွက် စိမ်ခေါ်ချက်တစ်ခုဖြစ်လာသည်။ ချစ်ခြင်းသည် ဖုတ်ပူမီးတိုက်လုပ်ခြင်း၊ ပျာယာခပ်ခြင်း၊ ရမက်ပွားခြင်း၊ အသက်ရှုကျပ်ခြင်း၊ ချွေးထွက်ခြင်း၊ သက်ပြင်းရှုခြင်း စသောအကြောင်းအရာများနှင့် ဆက်စပ်နေသော အချည်းနှီးအလဟဿဖြစ်သည့် အဖြစ်အပျက်တစ်ခုမျှသာလောဟူ၍ အာနန္ဒီ စဉ်းစားဆင်ခြင်နေမိသည်။ မာဏိက္ကမ်သည် အာနန္ဒီ၏ခင်ပွန်း ဖြစ်သည်။ ထို့ကြောင့် အာနန္ဒီသည် နေ့စဉ်နေ့တိုင်း မာဏိက္ကမ်ပြောသည့်အတိုင်း အားလုံးလိုက်လုပ်နေရသည်။

မိန်းမနှင့်ယောကျ်ား၏ အချစ်နှင့်ပတ်သက်၍ ဖြစ်ပျက်သောအဖြစ်အပျက်များကို ဖွင့်ဆိုရေးသားကြသော ကဗျာဆရာများနှင့် ဝတ္ထုရေးဆရာများကိုလည်းကောင်း၊ ယင်းအဖြစ်အပျက်ကို ပုံဖော်ကြသည့် ပန်းချီဆရာများကိုလည်းကောင်း အာနန္ဒီသည် စိတ်ထဲက ကျိန်ဆဲရေရွတ်နေမိသည်။ ထိုပုဂ္ဂိုလ်များသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အရာဝတ္ထုတစ်ခုကို မိမိတို့၏စိတ်ကူးဖြင့် ဖုံးအုပ်ပြီးလျှင် အလှအပဖြစ်အောင် ဖန်တီးများထားကြသလော။ သို့မဟုတ် သဘာဝအလှဖြင့် ဆက်စပ်နေသော အရာဝတ္ထုတစ်ခုသည် မိမိအတွက် အကျည်း



www.burmeseclassic.com

www.burmeseclassic.com



တန် အရုပ်ဆိုးပြီး စက်ဆုပ်ရွံရှာဖွယ်ဖြစ်နေသလော။ အာနန္ဒီမတွေးတတ်အောင် ဖြစ်နေသည်။ ယင်းသို့ဖြစ်သော်လည်း ဖခင်ဖြစ်သူ ပြောပြထားသည့် ထူးခြားသော အစွမ်းသတ္တိနှင့် ပြည့်စုံသော 'ချစ်ခြင်း'နှင့် 'ခံနိုင်ရည်ရှိခြင်း' စကားနှစ်လုံး၏အကူအညီဖြင့် ယင်းစကား နှစ်လုံးတည်းဟူသော ဓော်ယန္တရားနှစ်ခု၏အကူအညီဖြင့် အာနန္ဒီသည် အလွန်တရာ ပျော်ရွှင် စွာဖြင့်ပင် မိမိ၏ဘဝ လမ်းကြောင်း၌ လျှောက်သွားလေသည်။ မိမိ၏ အနာဂတ်ဘဝသည် နှစ်သိမ့်ရွှင်လန်း၍ အပြည့်အဝရှိလာလိမ့်မည်ဟူ၍ စွဲမှတ်ယုံကြည်ထားလေသည်။

အိမ်အပေါ်ထပ်အခန်းထဲ၌ အာနန္ဒီနေ၍မရပေ။ အောက်ထပ်ရှိ ဖခင်အခန်းသို့ ဆင်းလာသည်။ ဖခင် အဂ္ဂျာမလေနှင့် စကားပြောနေသည်ကို တွေ့ရ၍ ထိုနေရာသို့ သွားရန် ရွံတွန့်တွန့်ဖြစ်နေသည်။ အဂ္ဂျာမလေ ပန်းချီကားအချို့ယူလာသည်။ အာနန္ဒီသည် ထိုပန်းချီ ကားများကို ကြည့်ရှုလိုသောဆန္ဒကို ထိန်းချုပ်မထားနိုင်ပေ။

အဂ္ဂျာမလေသည် သဘာဝရှုခင်းများနှင့်လည်းကောင်း၊ လူနှင့်လည်းကောင်း၊ ပတ်သက်သော ပန်းချီကားသုံးကားစီကို ယူလာသည်။ ယင်းပန်းချီကားများသည် ကောလိပ် ပြပွဲအတွက် ရေးဆွဲထားသည့် ပန်းချီကားများဖြစ်ကြသည်။ သဘာဝရှုခင်းများနှင့် ပတ်သက် သော ပန်းချီကားများကို 'ချမ်းမြေ့ခြင်းနှင့် အံ့သြခြင်း'ဟူ၍ အမည်ပေးထားပြီး လူနှင့် ပတ်သက်သော ပန်းချီကားများကိုမူ 'ဆင်းရဲခြင်းနှင့် အံ့သြခြင်း'ဟူ၍ အမည်ပေးထားသည်။

ပန်းချီကားတစ်ကား၌ နွားမ၏နို့မှထွက်လာသော နို့ကို နွားပေါက်ကလေးသည် အငမ်းမရစို့နေသည်။ ပန်းချီကား၌ အဂ္ဂျာမလေသည် နွားပေါက်ကလေး၏ ရွှင်မြူးခြင်းနှင့် နွားမကြီးခံစားရသော ချမ်းမြေ့ခြင်းကိုလည်း ရေးခြယ်ထားသည်။ နောက်ကားတစ်ကား၌ အဆာလွန်ပြီး နွားပေါက်ကလေး သေဆုံးသွားပုံ၊ နွားပေါက်ကလေး၏ အရေခွံထဲတွင် ဖွဲနုအပြည့်ထည့်ပြီးလျှင် နွားမကြီးအား နွားမွေးသမား နို့ညှစ်နေပုံစသည်ဖြင့် မြို့ထဲက နွားမွေးသမားများ၏ရက်စက်ပုံကို သရုပ်ဖော်ထားသည်။ အာနန္ဒီသည် ယင်းပန်းချီကား နှစ်ကားကို အချိန်အတန်ကြာ ကြည့်ရှုနေသည်။

ကဒိရေရှန်သည် အဂ္ဂျာမလေ၏ အခြားပန်းချီကားတစ်ကားကို အာရုံစူးစိုက် ကြည့်ရှုနေသည်။ ယင်းပန်းချီကားမှာ နံနက်စောစော ဟင်းရွက်ဈေးမှ မယ်လာပုံအဝ ခရီးသည်တင်ဆောင်လာသော လန်ချားသမား၏ပုံဖြစ်သည်။ လန်ချားသမားသည် ဟင်းသီး ဟင်းရွက်အပြည့်ထည့်ထားသော အိတ်ကြီးပေါ်၌ ပိုင်ရှင်မိန်းမကြီးကို ထိုင်စေပြီးလျှင် လျှင်မြန် သွက်လက်စွာ လန်ချားကို ဆွဲနေသည်။ ချွေးများရွှဲနေသည့် သူ၏အားကောင်းမောင်းသန် လက်မောင်းကြီးများဖြင့် လန်ချားကို ဆုပ်ကိုင်ထားသော လန်ချားသမားသည် လေထဲတွင်ပျံ သလားဟူ၍ အောက်မေ့နေရသည်။ လန်ချားသမား၏ ခြေထောက်သည် မြေကြီးနှင့် လွတ်နေသလိုပင် ထင်နေရသည်။ လန်ချားသမားသည် သူ၏ကိုယ်ပေါ်၌ လန်ကွတ်ဖော် တစ်ခုကိုသာလျှင် ဝတ်ထားသည်။ နောက်ဖက် အဝေးလှမ်းလှမ်း၌ကား မြင့်မားသော





အိမ်ကြီးရခိုင်များနှင့် ပလိုင်းမောက် ကားစီးနေကြသောလူများကို မြင်နေရသည်။ လန်ချား သမား၏ ပတ်ဝန်းကျင်ရှုခင်းသည် လူတို့၏ချမ်းသာကြွယ်ဝပုံကို ဖော်ပြနေသည်။

ကဒိရေရှန်သည် အဂ္ဂျာမလေအား တမင်သက်သက် မေးလိုက်သည်။

"မောင် ဒီပန်းချီကား ရေးဆွဲဖို့ ဘယ်က စိတ်ကူးရတာလဲ"

အဂ္ဂျာမလေက ပြောပြသည်။

"လူ့အသိုင်းအဝန်းထဲမှာ ရှိနေတဲ့ ကျွန်တော့် စိတ်နှလုံးထဲမှာ အံ့သြမှု စိတ်ဆင်းရဲမှု ကိုယ်ချင်းစာနာမှုစတဲ့ အသိအမြင်တွေ အမျိုးမျိုးဖြစ်ပေါ်လာပါတယ်။ ရှေးခေတ်အခါတုန်းက ထမ်းစင်များပေါ်မှာ ထိုင်နေတဲ့လူတချို့ကို အခြားလူတချို့က သယ်ဆောင်သွားကြရတယ်။ အခုအချိန်မှာ ခေတ်ပြောင်းသွားပြီဖြစ်ပေမယ့် လူတွေကတော့ မပြောင်းကြဘူး၊ ယခုခေတ် လူတွေမှာ ကိုယ်ချင်းစာနာမှု သဘောထားနည်းပါးတာကို ကျွန်တော် သိပ်အံ့သြမိတယ်"

ကဒိရေရှန်သည် အလွန်တရာ ချစ်ခင်ရင်းနှီးသည့်အမူအရာဖြင့် အဂ္ဂျာမလေ၏ ကျောကို သပ်လေသည်။ လက်ထဲတွင် ကိုင်ထားသော ပန်းချီကားကို အဂ္ဂျာမလေအား ပြန်ပေးချိန်၌ အာနန္ဒီ၏မျက်လုံးတွင် မျက်ရည်ဝဲနေသည်။ နွားပေါက်ကလေးကို အစဉ်ထာဝရ ဆုံးရှုံးလက်လွှတ်လိုက်ရသော နွားမကြီး၏ခံစားမှုကြောင့် အာနန္ဒီ တုန်လှုပ်သွားသည်။

ကောလိပ်သွားချိန်ရောက်လာပြီဖြစ်၍ အဂ္ဂျာမလေသည် သူ၏ ပန်းချီကားများကို ခပ်မြန်မြန်သိမ်းယူပြီးလျှင် ထိုအိမ်မှ ထွက်ခွာသွားသည်။ အဂ္ဂျာမလေ ထွက်ခွာ သွားပြီးသည် နောက် ကဒိရေရှန်သည် အဂ္ဂျာမလေ ရေးဆွဲထားသည့် ပန်းချီကားများကို ချီးကျူးစကား ပြောကြားနေသည်။ အဂ္ဂျာမလေသည် သူ့ပတ်ဝန်းကျင်ရှိ လူများ၏ဘဝကို သေသေချာချာ ကြည့်ရှုလေ့လာကြောင်း၊ အဂ္ဂျာမလေ၏ စိတ်နှလုံးထဲတွင် တည်ရှိနေသော တခြားလူများနှင့် ပတ်သက်သည့် ချစ်ခင်ခြင်း၊ ကိုယ်ချင်းစာနာခြင်း အသိသည် သူ၏စိတ်ကူးစွမ်းအားကို ဖွံ့ထွားတိုးတက်အောင် ပြုလုပ်ကြောင်းများကို ပြောပြနေလေသည်။

ကဒိရေရှန်သည် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြောလိုက်လေသည်။

"အဂ္ဂျာမလေဟာ ချစ်ခြင်းကို အခြေခံပြုလုပ်ပြီး၊ သူ့ဦးတည်ချက်ဆီသို့ ရှေ့ရှုသွား နေတယ်"

ဖခင်၏စကားကို ကြားရသောအခါ အာနန္ဒီအနေနှင့်လည်း အတန်ငယ် ဂုဏ်ယူ ဝံ့ကြွားမှု ဖြစ်လာသည်။ အချိန်အတန်ကြာမျှ သူ့ဖခင်နှင့် ပွင့်ပွင့်လင်းလင်း စကားပြောနေသည်။ အတန်ငယ်ကြာသွားသောအခါ သူ့ဖခင်အား ထမင်းစူးခပ်ကျွေးပြီးလျှင် သူကိုယ်တိုင်လည်း အနည်းငယ်စားလိုက်လေသည်။ သူ၏ကိုယ်ခန္ဓာသည် ကိုက်ခဲနာကျင်နေတုန်းပင် ရှိသေး သည်။ ထို့ကြောင့် 'နေ့လယ်မွန်းတည့်ချိန်၌ ခေတ္တခဏ အိပ်ပျော်သွားလေသည်။

မာဏိက္ကမ် အိမ်ပြန်ချိန်ရောက်လာပြီ။ အာနန္ဒီသည် စိတ်တက်ကြွနေသလိုလို ဖြစ်ပြီးလျှင် အိပ်ရာမှထလျက် တခြားနေ့များကထက်ပင် အတန်ငယ်ပို၍ သပ်ပြင်ဝတ်စား

www.burmeseclassic.com

www.burmeseclassic.com

ထားလေသည်။ ထို့နေ့၌ သူ၏အဆင်အပြင် ဆင်ယင်ထုံးဖွဲ့မှု၊ နမူးတွင် တို့ထားသောဆေးရောက်၊ ပန်ထားသော ပန်းပွင့်အားလုံး၌ပင် အပြောင်းအလဲရှိနေသည်ကို တွေ့မြင်ရသည်။ မာဏိက္ကမ် ပြန်ရောက်လာသောအခါ အာနန္ဒီသည် ပြုံးကာရယ်ကာ စိတ်တက်ကြွစွာဖြင့် လုပ်စရာ အလုပ်အားလုံးကို လုပ်ပြီးလျှင် မာဏိက္ကမ်အား ထမင်းပွဲပြင်ကျွေးသည်။ မာဏိက္ကမ် တက်မလာခင်ပင် အပေါ်ထပ်အခန်းသို့ အာနန္ဒီ ရောက်သွားသည်။

အာနန္ဒီသည် သူ၏အခန်းထဲတွင်ထိုင်လျက် စောင်းကြိုးကို ညှိပြီးလျှင် သာယာနာပျော်ဖွယ်အသံဖြင့် သီချင်းတစ်ပုဒ်သီဆိုလျက် သီချင်းအလိုက် စောင်းကို တီးလိုက်လေသည်။ စာဆိုကဝိ ဘာရတီသည် ထိုသီချင်းကို သူ့အတွက်များ သီဆိုထားသလားဟု အောက်မေ့နေလေသည်။

"လှပသောစောင်းတစ်လက်ကို ပြုလုပ်ပြီးလျှင် ထိုစောင်းကို ဖုန်မှုန့်ထဲ လွှင့်ပစ်လိုက်ရမည်လော။ ပြောစမ်းပါ၊ အို ကမ္ဘာ့သခင် ကျေးဇူးရှင်၊ သင်သည် အကျွန်ုပ်အား ဤကမ္ဘာလောကအတွက် ကောင်းကျိုးပြုနိုင်မည့် စွမ်းရည်သတ္တိကို မပေးတော့ဘူးလော"

အာနန္ဒီသည် ကိုယ်နှုတ်နှလုံးကို အရည်ပျော်အောင် လုပ်ပြီးလျှင် ချိုလွန်းသာယာငြိမ်းအေးသောအသံဖြင့် မိမိအတွက် သီဆိုနေသကဲ့သို့ပင် ထင်နေရသည်။ သူ၏အသံသည် အပေါ်ထပ်ခန်းထဲတွင် ပဲ့တင်ထပ်နေသည်။ အပေါ်ထပ်အခန်းတွင်းသို့ မာဏိက္ကမ် ရောက်လာပြီး သူ့ရှေ့တွင် ရပ်နေသည်ကိုပင် သတိမပြုမိပေ။ မာဏိက္ကမ်ကို တွေ့မြင်လိုက်ရသည်နှင့် အာနန္ဒီသည် ရုတ်တရက် ပြုံးလိုက်သည်။ သို့ရာတွင် သီချင်းကိုမူ ရပ်မပစ်လိုက်ပေ။ ဆက်ဆိုနေသည်။ သူသီဆိုသော နောက်သီချင်းတစ်ပိုဒ်၏ သီချင်းစာသားမှာ ဤသို့ဖြစ်သည်။

"မောဟတရားကို ဖယ်ရှားပေးပါ

သို့မဟုတ်ကလည်း အကျွန်ုပ်ကို အသက်ရှုရပ်သွားအောင် လုပ်ပေးပါ။

ကိုယ်ခန္ဓာပျက်စီးသွားအောင် လုပ်ပေးပါ။

သို့မဟုတ်ကလည်း စဉ်းစားတွေးခေါ်သည့် စွမ်းရည်သတ္တိကို ဖယ်ရှားပေးပါ"

သူ၏သီချင်းကို ကြားရသည့်အခါ မာဏိက္ကမ်၏ စိတ်နှလုံးသည်လည်း အရည်ပျော် သွားလိမ့်မည်ဟူ၍ အာနန္ဒီ လိုလားမျှော်လင့်ထားသည်။ သူ၏ သဘာဝအလှနှင့် ယင်းထက် နှစ်ဆပိုသော သူ၏အနုပညာစွမ်းအင်ကို တွေ့ရသည်ဖြစ်၍ မာဏိက္ကမ်သည် အမှန်မုချ တွေဝေငေးမောသွားလိမ့်မည်ဟူ၍ အာနန္ဒီတွက်ထားသည်။ မာဏိက္ကမ်သည် ထိုနေ့တွင်ချစ်ခင်ကြင်နာမှု အပြည့်ရှိသော စကားလုံးများကို ပြောကြားလျက် သူ့ကို နှစ်သိမ့်ကျေနပ်မှုရအောင် ပြုလုပ်လိမ့်မည်ဟူ၍ အာနန္ဒီသည် ဣန္ဒြေပျက်လောက်အောင်ပင် စိတ်ကူးနေသည်။

သို့ရာတွင် ယင်းကဲ့သို့ တစ်ခုမှ ဖြစ်မလာပေ။ ရုပ်ရှင်များထဲတွင် တွေ့မြင်ရသော ချစ်ခြင်းအပြည့်ရှိနေသည့် မြင်ကွင်းတစ်ခုကိုသာလျှင် ထိုနေရာ၌လည်းတွေ့မြင်နေရသည်။





မာဏိက္ကမ်သည် သူ၏စောင်းကို လှယူပြီးလျှင် ဘေးတစ်ဖက်တွင် ချထားလျက် သူ့ကို လက်နှစ်ဖက်ဖြင့် မ ထူလိုက်သည်။ အာနန္ဒီက သူ၏သီချင်းကို နားထောင်ရန် အနူးအညွတ်တောင်းပန်သည်။ မာဏိက္ကမ်ကို သူ တစ်စုံတစ်ခုပြောကြားလိုကြောင်း၊ သူ ယခုထက်ထိ ထမင်းမစားသေးကြောင်း၊ သူ့နေလို့ထိုင်လို့ မထီမသာဖြစ်နေကြောင်း အာနန္ဒီက မာဏိက္ကမ်အား ပြောပြသည်။

"ဆိုတာတီးတာတွေ စကားပြောတာတွေကို မနက်ဖြန်ကျမှ လုပ်စမ်းပါ။ ဒီကနေ့ ကျုပ်ပြောတာကို နားထောင်စမ်း"

ယင်းသို့ပြောလျက် မာဏိက္ကမ်က ရယ်လိုက်လေသည်။ မာဏိက္ကမ်ရယ်သံသည် အာနန္ဒီအား မီးကဲ့သို့ မျိုလောင်မြိုက်လိုက်သည်။ မာဏိက္ကမ်သည် ရုတ်တရက် အပေါ်ထပ်အခန်းထဲက မီးနှင့် အပြင်ဘက်ကမီးကို ငြိမ်းလိုက်သည်။ ထောက်ဝန်း၊ကျင်၌ အမှောင်လွှမ်းသွားသည်။ တစ်ခဲနက် အမိုက်မှောင်လွှမ်းသွားသည်။

အမိုက်မှောင်အတိသာလျှင် ဖြစ်သွားလေသည်။

အမိုက်မှောင်ထဲတွင် မာဏိက္ကမ်သည် မကြာခင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ တစ်နေ့လုံး ပြေးလွှားလှုပ်ရှားနေရသောကြောင့် မောပန်းနေသော မာဏိက္ကမ်သည် ချက်ချင်း အိပ်ပျော်သွားသည်။ သို့ရာတွင် အာနန္ဒီကမူ အိပ်၍ မရပေ။ အိပ်ချင်စိတ်လည်း မရှိပေ။ သူနားမလည်သည့် ရှုကွင်းရှုကွက်အချို့သည် သူ့ကို နှိပ်စက်ညှဉ်းပန်းနေသည်။ ယင်းအရာများသည် အမှန်တကယ်ပင် ဖြစ်ပျက်နေသလော။ သို့မဟုတ် အိပ်မက်မျှကိုသာ မြင်မက်နေခြင်းဖြစ်သလော။ မိမိခံစားနေရသည့် ဆင်းရဲဒုက္ခအတွက် အာနန္ဒီသည် မာဏိက္ကမ်အား မကျိန်ဆဲပေ။ မာဏိက္ကမ်သည် သူ၏လင်ယောကျ်ား ဖြစ်သည်။ အရှင်သခင်ဖြစ်သည်။ မာဏိက္ကမ်၏ စရိုက်သည် သူ့သဘောသဘာဝ အတိုင်းသာဖြစ်နိုင်သည်။ မွေးကတည်းက ပါလာသည့် အလေ့အကျင့်ကို ဤရွေ့ဤမျှ မြန်မြန်ဆန်ဆန် ဘယ်မှာ ပြောင်းလဲပစ်နိုင်မည်နည်း။ အာနန္ဒီစောင့်ဆိုင်းရပေလိမ့်မည်။ နေ့ရက်အတန်ကြာ နောက်ထပ် စောင့်ဆိုင်းရပေလိမ့်မည်။ ယင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ။

နံနက်ချိန်ရောက်လာပြီ။ ခြံဥယျာဉ်တွင်းရှိ သစ်ပင်များပေါ်၌ နားနေကြသည့် ကျေးငှက်သာရကာများသည် တွန်ကျူးအော်မြည်နေကြသည်။ အာနန္ဒီသည် အတန်ငယ် စိတ်တင်းလျက် အိပ်ရာက ထလိုက်သည်။ သူ၏လက်သည် မာဏိက္ကမ်၏ခြေထောက်ဆီသို့ ရုတ်တရက်ရောက်သွားသည်။ သူ၏ စိတ်နှလုံးထဲတွင် ရုတ်တရက်စက်ဆုပ်ရွံ့ရှာသည့် အသိအမြင်တစ်ခု ဝင်လာပြီးလျှင် နောက်ဘက် တိမ်းလိုက်သည်။ မာဏိက္ကမ်၏ ခြေထောက်နှင့် မိမိ၏ဦးခေါင်းကိုထိလျက် စိတ်ရှိလက်ရှိ ငိုပစ်လိုက်မည်ဟူ၍ စိတ်ကူးသည်။ သို့ရာတွင် တစ်နည်းနည်းဖြင့် မိမိကိုယ်ကို ထိန်းချုပ်ထားလိုက်လေသည်။

စိတ်ထဲကပင် ညည်းညူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး လွဲမှားသောအလုပ်များအတွက် ကျွန်ုပ်ကို အသုံးမချပါနှင့်။ သင့်ကို ကျွန်ုပ်တောင်းပန်ပါရစေ"

ယင်းသို့ ညည်းတွားလျက် တုန်လှုပ်သောလက်ဖြင့် မာဏိက္ကမ်၏ ခြေထောက်ကို တို့ထိလိုက်လေသည်။

နာကျင်ကိုက်ခဲမှု တိုးတက်လာသောကြောင့် အာနန္ဒ၏ ကိုယ်ကာယတစ်ခုလုံး မသက်မသာဖြစ်နေသည်။ သို့ရာတွင် စိတ်ငြိမ်းချမ်းနေသည်။ ချစ်ခြင်းလမ်းမပေါ်၌ လျှောက်နေသော သူ၏ရှေ့မျက်၌ ပေါ်ပေါက်လာသည့် စိန်ခေါ်ချက်များကို ဖွဲကောင်းကောင်းဖြင့် သာလျှင် ရင်ဆိုင်ရပေလိမ့်မည်။ ယင်းအချက်ကို အာနန္ဒ အပြည့်အဝ ယုံကြည်စိတ်ချထား လေသည်။

◆◆◆

ပန်းချီပြပွဲစပြီ။ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ကြသည်။ ဖိတ်စာများကို ဖြန့်ဝေထားကြသည်။ နေရာအနှံ့အပြား၌ ကြော်ငြာထားသည်။ တစ်ပတ်တိတိ ပြပွဲခင်းကျင်း ပြသထားရန် အစီအမံပြုလုပ်ထားသည်။ သို့ရာတွင် ပြပွဲကြည့်ရန် လူများ များများစားစား မလာရောက်ကြပေ။ အလွန်အထက်တန်းကျသည့်ပြဇာတ်ကို ကြော်ငြာအမျိုးမျိုး ကြော်ငြာပြီး သည့်နောက် ပွဲကြည့်ပရိသတ်မရှိသည့် ခန်းမထဲတွင် ကုလားထိုင်များရှေ့၌ ကပြခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးဖြစ်လာနိုင်မည်နည်း။ အဏ္ဏာမလေတို့၏ ကောလိပ်၌ တည်ခင်းပြသ ထားသော ပန်းချီအနုပညာပြပွဲ၏ အခြေအနေမှာလည်း ထိုအတိုင်းပင်ဖြစ်နေသည်။

အဏ္ဏာမလေသည် မဒရပ်မြို့ထဲတွင် လမ်းအလယ်၌ရပ်လျက် ရုပ်ပုံကားချပ် တစ်ခုခုကိုကြည့်၍ တပျော်တပါးဖြစ်နေကြသော လူအုပ်ကို အကြိမ်များစွာ တွေ့မြင်ခဲ့သည်။ လမ်းလယ်ခေါင်၌ ရပ်လိုက် လူတို့သည် ပါးစပ်အဟောင်းသားနှင့် ယာဉ်လမ်းကို စိတ်ချ ပြီးလျှင် အကယ်၍ သူတို့တွင် လုပ်စရာအလုပ်ရှိလျှင်လည်း ယင်းအလုပ်ကို လုံးဝမေ့ထား ပြီးလျှင် ရုပ်ပုံကားတစ်ခုခုကို စိတ်ပါလက်ပါ ကြည့်နေတတ်ကြသည်။ သူတို့၏ရှေ့ မလှမ်း မကမ်း၌ ရုပ်ရှင်လောကမှ ဇာတ်လိုက်မင်းသားနှင့် ဇာတ်လိုက်မင်းသမီးတို့၏ စွဲမက်ဖွယ် ပုံများကို မြင်နေရသည်။ သူတို့၏အပြုအမူမှာ သင့်မြတ်လျော်ကန်လှပေသည်။ ကျွန်ုပ်တို့သည် ကျောက်ခေတ်နှင့် သတ္တုခေတ်အကြားတွင်ရှိသော ယဉ်ကျေးမှုနှင့် သိန္ဓုမြစ်ဝှမ်းယဉ်ကျေးမှု ဆက်စပ်မှုရှိနေသည်။ ထိုခေတ်မှစ၍ ကျွန်ုပ်တို့၏နိုင်ငံ၌ ပန်းချီအနုပညာနှင့် ပန်းပုအနုပညာ အစဉ်အလာတစ်ခု ဆင်းသက်ပြန့်ပွားလာခဲ့သည်။

ပန်းချီပြပွဲနှင့်ပတ်သက်သော လူများသည် ထိုင်ပြီးငိုက်နေကြသည်တော့ မဟုတ် ပေ။ သဲကန္တာရထဲ၌ ဟိုနေရာသည်နေရာကွက်၍ စိမ်းစိမ်းစိုစို မြင်ရသကဲ့သို့ တစ်ဦးချင်းသော် လည်းကောင်း၊ သုံးလေးယောက်ပေါင်း၍သော်လည်းကောင်း ပြပွဲလာကြည့်သူများရှိသည်။





ပြပွဲသို့ ရောက်လာကြသော လူတချို့သည် အဏ္ဏာမလေ၏ထံသို့လာပြီး အဏ္ဏာမလေကို ချီးကျူးစကား ပြောကြားကြသည်။ ထိုအခါ အဏ္ဏာမလေသည် ရှက်ရှက်နှင့် သူတို့နှင့် ဝေးအောင် ထွက်ပြေးရှောင်ရှားသွားတတ်သည်။ မှတ်ဆိတ်နှင့်လုလင် ရာဂျရှေခရသည် လူတွေကို အတင်းဆွဲခေါ်ပြီးလျှင် သူရေးဆွဲထားသည့် ပန်းချီကားများ၏ ရှေ့၌ရပ်လျက် သူ့ပန်းချီကားများအကြောင်း 'လက်ချာ' ပေးနေသည်။ သူစကားကွင်းမိသွားကြသည့် လူတချို့ သည် ထိုနေရာမှ 'လစ်ထွက်သွားဖို့လောက်သာ' စိတ်ကူးနေကြသည်။

ဆုန္ဒရီသည် သူ၏သူငယ်ချင်းများနှင့်အတူ နှစ်ကြိမ်သုံးကြိမ်ပြပွဲသို့ လာရောက် ကြည့်ပြီးလေပြီ။ ရာရဒါရေးဆွဲထားသည့် ပန်းချီကားများကိုမူ ဆုန္ဒရီသည် ယောင်၍ပင် လှည့်မကြည့်ပေ။ ဆုန္ဒရီ ပြပွဲလာရောက်သည့်အတွက် တခြားကျောင်းသူ ကျောင်းသားများ သည် အဏ္ဏာမလေအား စ ရန်၊ ပြောင်ရန် အခွင့် ကောင်းများရရှိသွားကြသည်။

မြို့ထဲတွင်နေထိုင်ကြသော နိုင်ငံခြားသားများသည်လည်းကောင်း၊ နိုင်ငံခြား တိုင်းပြည်များမှ ထိုမြို့သို့ရောက်လာကြသော ခရီးသွားများသည်လည်းကောင်း ထိုပန်းချီ ပြပွဲသို့ လာရောက်ကြည့်ရှုကြသည်။ နိုင်ငံခြားယဉ်ကျေးမှုထဲတွင် နစ်မြုပ်နေသော အိန္ဒိယ လူမျိုးအချို့လည်း ပြပွဲသို့ လာရောက်ကြသည်။

အမှန်တကယ် ပန်းချီအနုပညာအထုံဝါသနာပါသော မြို့နေလူတို့ကိုမူ ပြပွဲ၌ ရှားရှားပါးပါး တွေ့မြင်ရသည်။

တစ်နေ့တွင် အဏ္ဏာမလေ၏ ပန်းချီကားများနှင့်ယှဉ်၍ထားသော ရာဂျရှေခရ၏ ပန်းချီကားများရှေ့၌ လူတစ်အုပ်ရပ်နေသည်။ ယင်းတို့၏ ဟန်ပန်အမူအရာ အဝတ်အစား အဆင်အပြင် စကားအပြောအဆို လက်ခြေ ဦးခေါင်းစသည်တို့၏ပုံစံအရ ယင်းတို့သည် တမီးလ်ဘာသာစကားပြော ပုဂ္ဂိုလ်များလည်း ဟုတ်ဟန်မတူပေ။ နိုင်ငံခြားသားများလည်း ဟုတ်ဟန်မတူပေ။ လေးငါးယောက် စုရုံးနေကြသည့် ယင်းယောကျ်ားလေး မိန်းကလေး တစ်သိုက်ကို ကြည့်ရခြင်းအားဖြင့် ယင်းတို့၏အပေါ်၌ ယဉ်ကျေးမှုတစ်ခုမှ စူးရှလွှမ်းမိုး နေသည်ဆိုသည့် အကြောင်းကို သိရှိရသည်။

ရာဂျရှေခရသည် ယင်း လူတစ်သိုက်အား အလွန်တရာလိမ်မာပါးနပ်စွာဖြင့် သူ့အလိုကျပြုလုပ်ပြီးလျှင် သူ၏လိမ်မာပါးနပ်သော စကားလုံးများဖြင့် ညိဇာလွှမ်းမိုးသွား အောင် ပြုလုပ်လိုက်သည်။ ထိုနေရာသို့ ရောက်လာကြသော ထိုပုဂ္ဂိုလ်များသည် ရာဂျရှေခရနှင့် ရာဂျရှေခရ၏ပန်းချီကားများကို ဓာတ်ပုံအများအပြား ရိုက်ယူကြသည်။ ရာဂျရှေခရ ရှင်းလင်း ပြောပြသည့် စကားများ၏အရေးကြီးသော အချက်အလက်များကိုလည်း စာရွက်ပေါ်တွင် ရေးမှတ်ကြသည်။ ရာဂျရှေခရအား မေးခွန်းပေါင်းများစွာ မေးပြီးနောက် ကျေနပ်အားရ သွားကြပြီးလျှင် ရာဂျရှေခရ၏ဉာဏ်ပညာကို ချီးကျူးပြောဆိုလျက် ထိုနေရာမှ ထွက်ခွာသွား ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုလူသိုက်သည် အဏ္ဏာမလေး၏ ပန်းချီကားများရှေ့သို့ ရောက်လာကြသည်။ ထိုလူသိုက်ထဲတွင် ပါဝင်သည့်မိန်းကလေးများသည် အဏ္ဏာမလေး၏ ပန်းချီကားများထက် အဏ္ဏာမလေး၏ရုပ်အလှကို စူးစူးစိုက်စိုက်ကြည့်ကြသည်ဟူ၍ ပြောလျှင် မှားမည် မဟုတ်ပေ။ အဏ္ဏာမလေး၏ ပန်းချီကားများကို စိတ်ဝင်စားမှုမရှိဟူသည့်အချက်ကို သူတို့၏ မျက်နှာများက ထင်ထင်ရှားရှား ပြောပြနေကြသည်။ မိန်းကလေးတစ်ယောက်က အခြားမိန်းကလေးတစ်ဦးအား ပြတ်ပြတ်သားသားပင် အင်္ဂလိပ်လို "သူက သူ့ပန်းချီကားတွေထက် ပိုပြီးလှတယ်" ဟု၍ ပြောပြီးလျှင် ရယ်လိုက်လေသည်။ ထိုမိန်းကလေးနှင့်ရော၍ တခြားမိန်းကလေးများလည်း ရယ်သည်ကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေး ရှက်စိတ်မွန်သွားသည်။ မိမိသည် အချိန်ကာလအလျှောက် တိုးတက်ဖွံ့ဖြိုးခြင်းမရှိသော အနုပညာနှင့် မိမိကိုယ်ကို ဆက်စပ်မှုမရှိအောင် ပြုလုပ်မိသည်ဟူ၍ အဏ္ဏာမလေး သူ့ဘာသာသူ တွေးမိသည်။

အတန်ငယ်ကြာသောအခါ ထိုနေရာသို့ အသက်ကြီးကြီး နိုင်ငံခြားသား လူကြီးလူကောင်းတစ်ယောက် ရောက်ရှိလာသည်။ ရာဂျရှေခရသည် ထိုပုဂ္ဂိုလ်ကြီးထံ အပြေးသွားလျက် သူ့ပန်းချီကားများရှိရာသို့ ခေါ်လာခဲ့သည်။ ရာဂျရှေခရ၏ ဟောပြောမိန့်ဆိုချက် စလေပြီ။ သည်းညည်းခံပြီး သူ၏ဟောပြောမိန့်ဆိုချက်ကို နားထောင်ပြီးသည့်နောက် ထိုပုဂ္ဂိုလ်ကြီးက ...

"ကျုပ် ပြင်သစ်က အနုပညာမြတ်နိုးသူတစ်ယောက်ဖြစ်တယ်။ မောင်တို့ တိုင်းပြည်ရဲ့ယဉ်ကျေးမှုနဲ့ ဆက်စပ်နေတဲ့ပန်းချီကားများကို ကြည့်ချင်တဲ့အတွက် ဒီကိုလာခဲ့တာပါ။ ကျုပ်တို့ဆီက အနုပညာကို ပုံတူကူးချထားတာတွေကိုကြည့်ဖို့ ဒီလောက်ဝေးလံတဲ့ ခရီးကို လာခဲ့တာမဟုတ်ပါဘူး" ဟူ၍ ပြောပြီးလျှင် ရှေ့ဆက်လျှောက်သွားလေသည်။

အဏ္ဏာမလေး၏ ပန်းချီကားခြောက်ကားကို ထိုပုဂ္ဂိုလ်ကြီး ကြည့်နေသည်မှာ နာရီဝက်ခန့် ကြာသွားသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ထိုပန်းချီကားများနှင့်ပတ်သက်၍ အဏ္ဏာမလေးအား "မောင်က တော်လှန်ရေးသမားလား" ဟူသော မေးခွန်းကို မေးပြီးလျှင် အဏ္ဏာမလေး၏လက်ကို ခပ်ပြင်းပြင်း ကိုင်လှုပ်လိုက်လေသည်။ အဏ္ဏာမလေး၏ လက်မောင်းများ ပခုံးက ပြုတ်ထွက်သွားမည်လားဟူ၍ အောက်မေ့လိုက်ရသည်။ လက်မောင်းများ ကျင်သွားသောအခါ အဏ္ဏာမလေးက "ဒီအဖိုးကြီးရဲ့ လက်တွေဟာ သံနဲ့များ လုပ်ထားသလား မသိဘူး" ဟူ၍ တွေးပြီးလျှင် "ဒီပုဂ္ဂိုလ်ကြီးဟာ တခြားလူတွေနဲ့မတူဘဲ အနုပညာမြတ်နိုးသူ ပုဂ္ဂိုလ်ကြီးဖြစ်ပုံရတယ်" ဟူ၍ စဉ်းစားလျက် ပျောက်သွားသော သူ၏ကိုယ့်ကိုယ်ကို ယုံကြည်အားထားမှုသည် ပြန်လည် အသက်ဝင်လာလေသည်။

ပြပွဲရက်များအတွင်းက ရက်တစ်ရက်သည် အဏ္ဏာမလေးအတွက် ဘယ်သောအခါမှ မမေ့နိုင်သည့်ရက်ဖြစ်နေသည်။ ထိုနေ့တွင် အာနန္ဒီပြပွဲကို လာကြည့်သည်။ သူ့ဖခင်





ကဒိရေရှန်နှင့်အတူ ကောလိပ်ကျောင်းအုပ်ကြီးကိုယ်တိုင် လိုက်လာပြီးလျှင် ပြပွဲတွင် တင်ထားသည့် ပန်းချီကားအားလုံးကို ပြသည်။ သူ့ဖခင်နှင့် ကျောင်းအုပ်ကြီးတို့ စကားစပ်ရင်း အဏ္ဏာမလေးအကြောင်း ပြောနေကြသည်ကို အာနန္ဒီက သတိပြုမိသည်။ သူတို့နှစ်ဦး ပြောသည့်စကားကို ကြားရသည်ဖြစ်၍ အာနန္ဒီဂုဏ်ယူမိသည်။ မိမိ၏အိမ်ထောင်သည်ဘဝ၌ ဆက်တိုက်ဆင်းရဲဒုက္ခ ခံစားလာခဲ့ရသော အာနန္ဒီအတွက် အဏ္ဏာမလေးနှင့်ပတ်သက်သော ယင်းစကားများသည် အမြိုက်အရသာသဖွယ် ရှိပြီနေသည်ဟူ၍ ထင်မှတ်ရလေသည်။

"လူ့ဘဝ၌ အဏ္ဏာမလေးသည် လူအလှူနဲ ကလေးတစ်ယောက်ဖြစ်သည်။ သို့သော်လည်း အနုပညာနယ်ပယ်၌မူ အဏ္ဏာမလေးသည် ရင့်ကျက်မှု ရရှိနေဟန်တူသည်" ဟူ၍ စဉ်းစားပြီးလျှင် အာနန္ဒီသည် အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်သွားသည်။

သူ၏ဖခင်နှင့် ကောလိပ်ကျောင်းအုပ်ကြီးတို့သည် စကားပြောရင်းပြောရင်း တစ်နေရာ၌ ရပ်လိုက်ကြသည်။ အာနန္ဒီသည် တစ်ဦးတည်း ပန်းချီကားအမျိုးမျိုးကို ကြည့်ပြီးလျှင်အဏ္ဏာမလေးထံ ရောက်လာသည်။ အာနန္ဒီသည် အဏ္ဏာမလေး၏ ပန်းချီကားများကို မိမိတို့၏အိမ်တွင် ကြည့်ပြီးပြီဖြစ်သည်။ သို့ရာတွင် ထိုပန်းချီကားများကို ပထမဆုံးအကြိမ် တွေ့မြင်ရသည့်ပုံမျိုးဖြင့် စူးစူးစိုက်စိုက် ကြည့်ရှုနေသည်။ အဏ္ဏာမလေးသည် အာနန္ဒီ၏ မျက်လုံးတွင် အံ့သြခြင်း ပြည့်လျှမ်းနေသည်ကို တွေ့မြင်ရသည်ဖြစ်၍ စိတ်အားတက်ကြွလာသည်။ ထိုအချိန်၌ သူ၏အာရုံသည် အာနန္ဒီ၏ကြွလှိုနေသော ကိုယ်ကာယနှင့် ထိုင်းမှိုင်းဆုတ်ဆိုင်းနေသော အမူအရာဆီသို့ ရောက်မသွားပေ။

အဏ္ဏာမလေးက ပြောလိုက်လေသည်။

"ဒီပန်းချီကားတွေကို အာနန္ဒီ တွေ့ပြီးပြီမဟုတ်လား"

"ဟင့်အင်း၊ ဟင့်အင်း၊ ကျွန်မ မတွေ့ရသေးဘူး" ယင်းသို့ ပြောလျက် အာနန္ဒီ ရယ်လိုက်လေသည်။

"အိမ်မှာ ဒီကားတွေကို ကြည့်တာ ဘယ်သူလဲ"

"ဒီပန်းချီကားတွေ အားလုံးရဲ့ကြားထဲမှာပဲ ရှင့် ပန်းချီကားတွေကို ကျွန်မ ကြည့်ချင်တယ်။ ကျွန်မနဲ့ ဖေဖေဟာ အခုအချိန်ကျမှ ရှင့်ပန်းချီကားတွေရဲ့ တန်ဖိုးအစစ်အမှန်ကို နားလည်တယ်။ နက္ခတ်ကြယ်တာရာတွေရဲ့ အလယ်မှာမှ လမင်းရဲ့ အလှအစစ်အမှန်မြင်ရတယ် မဟုတ်လား" အဏ္ဏာမလေးသည် အာနန္ဒီ၏ ချီးကျူးစကားများကို ကြားရသောအခါ ရှက်မသွားပေ။ အလွန်တရာ ကျေနပ်အားရသွားပြီးလျှင် မိမိကိုယ်ကိုပင် မေ့သလို ဖြစ်သွားသည်။ အလွန်ကျေးဇူးတင်သွားပြီးလျှင် တုန်ခါသောအသံဖြင့် ပြောလိုက်လေသည်။

"အာနန္ဒီက ကျွန်တော့်ကို တမင်သက်သက် မြှောက်ပြောနေတာလား"

"ရှင့် ပန်းချီကားတွေအားလုံး ရောင်းပြီးပြီဆိုတာ ရှင် သိရဲ့လား"

အဏ္ဏာမလေးက မယုံကြည်သောအသံဖြင့် မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

''ဘာပြောတယ်''

''ရှင်တို့ ကောလိပ်ကျောင်းအုပ်ကြီးက ခွေးတွေကိုကိုင်ပြီး ရှင့်ကို စောင့်နေတယ်။ ပြပွဲပြီးမှပဲ အဲဒီပန်းချီကားတွေကို ငွေပေးနိုင်မယ်လို့ ပန်းချီကားဝယ်တဲ့လူကို ပြောပြလိုက်တယ်။ ရှင့်ပန်းချီကားတွေ မကြာခင် ပြင်သစ်ပြည်ရောက်သွားလိမ့်မယ်။ ပြင်သစ်ကလာတဲ့ အနုပညာ မြတ်နိုးသူတစ်ယောက်က တိတ်တိတ်ကလေး အဖိုးပေးပြီး ရှင့်ပန်းချီကားခြောက်ကားကို ဝယ်လိုက်ပြီ။ တစ်ကမ္ဘာလုံးမှာ သူတို့နိုင်ငံက အနုပညာရှင်တွေထက်သာတဲ့ အနုပညာရှင်မျိုး တွေ့ဖို့ မလွယ်ဘူးလို့ သူတို့က ထင်မှတ်ယူဆနေကြတာ''

အဇ္ဈာမလေသည် သူ့နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

''အာနန္ဒီ တကယ်ပြောနေတာလား''

အာနန္ဒီသည် ရှောင်တခင် လက်မထပ်ခင်က အာနန္ဒီဖြစ်သွားသည်။ အချိန် အတန်ငယ်ကာလကစ၍ ခံစားလာခဲ့ရသော စိတ်မချမ်းမြေ့မှုများသည် သူ့ထံမှ လွင့်ပါး ပျောက်ကွယ်သွားကြသည်။ သူ၏စိတ်နှလုံးသည် လိပ်ပြာကဲ့သို့ ပေါ့ပါးသွားသည်ဟူ၍ ထင်မှတ် သွားသည်။ ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ညနှင့်နေ့ကဲ့သို့ ဘဝ၌ ဒုက္ခနှင့်သုခသည်လည်း တစ်ခုပြီးတစ်ခု ဖြစ်နေသည်ဟူသော အသိဝင်လာလေသည်။ ဒုက္ခခံရန်အတွက် စိတ်နှလုံး ထဲတွင် စွမ်းရည်သတ္တိ ရှိနေသင့်သည်မဟုတ်လော။ ဤနေရာသို့ ရောက်လာပြီးမှ ထိုစွမ်းရည် သတ္တိကို အာနန္ဒီရရှိသွားခြင်းဖြစ်လေသည်။

မကြာမီ အဇ္ဈာမလေအား အံ့အားသင့်သွားစေသည့် နောက်ထပ်အဖြစ်အပျက် တစ်ခု ဖြစ်ပေါ်လာပြန်သည်။ 'ကလိုက်မလာ' အမည်ရှိ စာစောင်အယ်ဒီတာသည် သူ၏ စာစောင်၌ အဇ္ဈာမလေ၏ ပန်းချီကားများနှင့်အတူတကွ အဇ္ဈာမလေအကြောင်း ဆောင်းပါး ရှည်ကြီးတစ်ပုဒ် ရေးသားထုတ်ဝေလိုက်သည်။ ထိုစာစောင်၌ ရှာရဒါ ရေးဆွဲထားသည့် အဇ္ဈာမလေ၏ပုံတူကိုလည်း ပုံနှိပ်ဖော်ပြထားသည်။

အဇ္ဈာလေကလည်း ထိုစာစောင်အယ်ဒီတာကို မမြင်ဖူးပေ။ ထိုစာစောင် အယ်ဒီတာကလည်း အဇ္ဈာမလေကို မမြင်ဖူးပေ။ ထိုအယ်ဒီတာ ပန်းချီပြပွဲလာသည်ကို လည်းကောင်း၊ သူရေးဆွဲထားသည့် ပန်းချီကားများကို ဓာတ်ပုံရိုက်ယူသွားသည်ကို လည်း ကောင်း၊ ရှာရဒါက သူ့ပုံတူဆွဲပြီး ထိုအယ်ဒီတာအား ပေးသည်ကိုလည်းကောင်း အဇ္ဈာမလေ လုံးဝမသိပေ။ ရှာရဒါကလည်း အဇ္ဈာမလေအား တစ်ခုမှပြောမပြပေ။

ကျောင်းနှင့်ကောလိပ်မှ သူနှင့်ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့ကြသည့် ကျောင်းသားပေါင်းများစွာတို့က သူ့ကို ချီးကျူးသောစာများ ပေးကြသည်။ အဇ္ဈာမလေ မတွေးတတ်အောင် ဖြစ်သွားသည်။

''ငါ အမှန်တကယ်ပဲ အနုပညာရှင်တစ်ယောက်များ ဖြစ်သွားပြီလား''ဟူ၍ ကိုယ့်ကိုယ်ကို တွေးမိသည်။





အနုပညာနယ်ပယ်၌ တိုးတက်အောင်မြင်လာသော အဇ္ဈာမလေကို တွေ့မြင်ရသည် ဖြစ်၍ ဆုန္ဒရီ၏ဖခင် ဒဗ္ဗာပါဏီနှင့် သူ၏ဖခင် ပန်းရန်ဆရာတို့၏ ပီတိမှာမူ အပိုင်းအခြား မရှိတော့ပေ။ အဇ္ဈာမလေသည် အလွန်တရာ ကံကောင်းသူတစ်ယောက်ဖြစ်သည်ဟူ၍ ဒဗ္ဗာပါဏီက မဆွကပင် စဉ်းစားထားသည်။ ယင်းကဲ့သို့သော အတွေးအသိမျိုး ပေါ်ပေါက်လာ ခြေင်း၏ မူလအကြောင်းရင်းမှာ အဇ္ဈာမလေကို စိတ်ကူးထဲထည့်၍ သူ စတင်ခဲ့သော ကြော်ငြာကုမ္ပဏီ၏အလုပ် အောင်မြင်ထမြောက်စွာ ဆက်လက်တည်တံ့နေခြင်းပင် ဖြစ်လေ သည်။

ယခုအချိန်၌ ယင်းကိစ္စနှင့် စပ်လျဉ်းသော သူ၏စိတ်ကူးမှာ အလွန်တရာ ခိုင်မြဲ အားကောင်းသွားသည်။ အဇ္ဈာမလေအကြောင်း ရေးသားပါရှိသည့် 'ကလိုက်မလာ' စာစောင်ကို စောင်ရေတစ်ရာလောက်ဝယ်ယူလျက် ဒဗ္ဗာပါဏီသည် သူ၏ကြော်ငြာကုမ္ပဏီနှင့် ပတ်သက်ဆက်သွယ်နေသော လူအားလုံးထံ ပေးလိုက်လေသည်။ ထိုကမ္ဘာကျော် မဟာ အနုပညာရှင်၏လက်ရာများကို အသုံးချလျက် အကျိုးရှိအောင် ဆက်လက်ဆောင်ရွက်နေကြ ပါရန်လည်း ထိုပုဂ္ဂိုလ်များထံ စာရေးသား အကြောင်းကြားလိုက်လေသည်။

အခါကောင်းအခွင့်ကောင်းကို အသုံးပြုလျက် အလျင်အမြန် ဆုန္ဒရီနှင့် အဇ္ဈာမလေ ကို လက်ထပ်ပေးမှဖြစ်မည်ဟူ၍ ဒဗ္ဗာပါဏီစိတ်ကူးမိသည်။ ပညာသင်ကြားပြီးသည့်နောက်မှ အိမ်ထောင်ချပေးသည့်စကားကို ပြောလျှင်ကောင်းလိမ့်မည်ဟူ၍ ပန်းရန်ဆရာက အကြိမ် များစွာ ပြောသည်။ သို့ရာတွင် ဒဗ္ဗာပါဏီသည် ပန်းရန်ဆရာ၏စကားကို လက်မခံပေ။ ခါတိုင်းကဲ့သို့ပင် လိမ်မာပါးနပ်သော စကားလုံးများဖြင့် ပန်းရန်ဆရာအား သူ့စကားကို လက်မခံ ခံအောင် ပြုလုပ်လိုက်လေသည်။

ပန်းရန်ဆရာသည် အကြောင်းစုံကို အဇ္ဈာမလေအား ပြောပြလိုက်သည်။ အဇ္ဈာမလေသည် ဆုန္ဒရီနှင့် လက်ထပ်ရန် မငြင်းဆန်ပေ။ ပညာဆုံးခန်းရောက်သည်နှင့် တစ်ပြိုင်နက် ဆုန္ဒရီနှင့် လက်ထပ်ပါမည်ဟူ၍ ကတိပေးသည်။ သူ၏ ပင်ကိုယ်စရိုက်နှင့် ဆန့်ကျင်ဘက်အားဖြင့် လက်ထပ်မင်္ဂလာကိစ္စနှင့်ပတ်သက်၍ အဇ္ဈာမလေ တင်းခံနေသည်ကို တွေ့ရသောအခါ ပန်းရန်ဆရာသည် ဒဗ္ဗာပါဏီအား ကိုယ်တိုင် အဇ္ဈာမလေကို ပြောပါဟူ၍ ပြောပြလိုက်လေသည်။

ဒဗ္ဗာပါဏီသည် ယင်းကိစ္စနှင့်ပတ်သက်၍ သူကိုယ်တိုင် အဇ္ဈာမလေအား ဘာမှ ပြောကြားလိုသည့် စိတ်ဆန္ဒမရှိပေ။ ဆုန္ဒရီက အဇ္ဈာမလေအား နားချလိမ့်မည်ဟူ၍ အပြည့်အဝ ယုံကြည်ထားသည်။ ကဒိရေရှန်အားလည်း အကြောင်းစုံကို ပြောပြလိုက်သည်။ သူ၏ ဆွေမျိုးသားချင်းများထဲက ဆုန္ဒရီအား ချေးမတော်ရန်အတွက် အဆင်သင့်ဖြစ်နေကြသူ အများ အပြားရှိကြောင်း၊ သူ့အနေနှင့် အချိန်ဆွဲမထားနိုင်တော့ကြောင်းကို ဒဗ္ဗာပါဏီက ကဒိရေရှန်အား လုပ်ကြံပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ကြည့်လျှင်လည်း အဏ္ဏာမလေအနေနှင့် အချိန်ဖြုန်းနေဖို့ရန်မှာ မလွယ်တော့ပေ။ ဆုန္နရီကဲ့သို့ ရင်းရင်းနှီးနှီး ဆက်ဆံသူ မိန်းမပျိုတစ်ဦးအား သူ့လို ယောကျ်ားပျိုတစ်ဦးအတွက် ဘယ်အထိ လစ်လျူရှုထားနိုင်ပါမည်နည်း။ မိမိနှင့် ခပ်ခွာခွာနေသော အဏ္ဏာမလေကို တွေ့ရသောအခါ ဆုန္နရီသည် အဏ္ဏာမလေအား မကျေမနပ်လည်း ဖြစ်နေသည်။ မကြာမီက တစ်ဦးချင်းဆုံသောအခါ၌ သူတို့နှစ်ဦးသည် အကြောင်းတစ်စုံတစ်ခုနှင့်ပတ်သက်၍ ရန်ဖြစ်လေ့ရှိကြသည်။ အဏ္ဏာမလေသည် ယခုခေတ် လူငယ်တစ်ဦးဖြစ်သည်။ စိတ်လိုက်မာန်ပါလုပ်တတ်သည်။ သို့သော်လည်း ဘာကြောင့်မှန်းမသိ သည်းခံစိတ် ထားနေသည်။ ဆုန္နရီသည် သူ၏ဧနီးလောင်းဖြစ်သည်။ ထို့ကြောင့် သတိလက်လွတ် မပြုလုပ်သင့်ဟူ၍ အဏ္ဏာမလေ ယူဆထားသည်။ အဏ္ဏာမလေအား ရုပ်ရှင်မင်းသားများကဲ့သို့ မပြုလုပ်သည့်အတွက် ဆုန္နရီ စိတ်ဆိုးနေခြင်းဖြစ်သည်။ ဆုန္နရီ၏ စိတ်နှလုံးထဲတွင် အဏ္ဏာမလေနှင့်ပတ်သက်၍ ယုံကြည်မှုသည်လည်း အတော်အတန် လျော့နည်းလာသည်။ ရုရဒါနှင့် ချစ်ကြိုက်နေသောကြောင့်သာလျှင် အဏ္ဏာမလေသည် သူ့ကို လစ်လျူရှုနေသည်ဟူ၍ ဆုန္နရီသံသယ ဝင်နေသည်။

အဏ္ဏာမလေ လက်ထပ်ချိန်ကို ဆွဲနေသည်ဟူ၍သိသည်နှင့် တစ်ပြိုင်နက် ဆုန္နရီသည် အဏ္ဏာမလေတို့၏ အိမ်သို့မသွားတော့ပေ။ သူတို့အိမ် အဏ္ဏာမလေ ရောက်လာသောအခါ၌လည်း ဆုန္နရီသည် အဏ္ဏာမလေနှင့် ဟက်ဟက်ပက်ပက် စကားမပြောတော့ပေ။ သူတို့အိမ်အနီးရှိ စတူဒီယို၌ အဏ္ဏာမလေ အလုပ်လုပ်နေသောအခါလည်း ဆုန္နရီသည် စတူဒီယိုဘက်ကို လှည့်မကြည့်တော့ပေ။ ဆုန္နရီသည် ရက်တရက် အဏ္ဏာမလေကို တိုက်ခိုက်ရန် အဆင်သင့်ဖြစ်သွားသည်။

ဆုန္နရီသည် မည်သည့်အကြောင်းများကြောင့် သူ့ကိုစိတ်ဆိုးပြီး တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေသည်ဆိုသည့်အကြောင်းကို အဏ္ဏာမလေသည် အာနန္ဒီထံမှတစ်ဆင့် သိရှိသွားသည်။ ကဒီရေရှန်သည် အဏ္ဏာမလေကို ခေါ်ပြီးလျှင် ဒက္ခပါဏီ ပြောပြသည်များကို မချန်မချွင်း အားလုံးပြောပြလိုက်သည်။ ကဒီရေရှန်သည် အဏ္ဏာမလေအား တစ်စုံတစ်ခု ပြုလုပ်ရန်အတွက်လည်း အတင်းမတိုက်တွန်းပေ။ မိမိအနေနှင့်လည်း ဘာမှ မပြောကြားပေ။ ယင်းကိစ္စနှင့်ပတ်သက်၍ အဏ္ဏာမလေ၏ ဆုံးဖြတ်ချက်မှန်သည်ဟူ၍ ကဒီရေရှန်က ထင်သည်။ သို့ရာတွင် အချင်းချင်းတစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်နေသူများ၏ကြားထဲတွင် ဝင်ရောက်စွက်ဖက်ရန်အတွက်မှာမူ ဝန်လေးနေသည်။

အာနန္ဒီသည် သူ၏ ဝသီစရိုက်နှင့်ဆန့်ကျင်ဘက်အားဖြင့် အဏ္ဏာမလေအား ခေါ်ပြီးလျှင် ဆုံးမဩဝါဒပေးသည်။ အချို့မိန်းကလေးများသည် အိမ်ထောင်ရက်သားကျပြီးသည့်နောက်မှသာလျှင် မိမိတို့တွင် အသက်အရွယ်နှင့် အတွေ့အကြုံ အမြင် နှစ်မျိုးလုံး အရ ရင့်ကျက်မှုရှိလာပြီဟူ၍ ထင်မှတ်ကြသည်။ ယင်းကဲ့သို့ပင် မိမိကိုယ်ကို တကယ့်





လူကြီးသူမအဖြစ် ထင်မှတ်ပြီးလျှင် အာနန္ဒီသည် အဏ္ဏာမလေအား ဆုံးမစကား ပြောကြားလေသည်။

"ကျွန်မပြောတဲ့စကားကို နည်းနည်းဖြစ်ဖြစ် နားထောင်စမ်းပါ။ ဆုန္နရီဟာ ကျွန်မဆီလာပြီး မျက်ရည်နဲ့မျက်ခွက်ဖြစ်နေတာ အကြိမ်များလှပြီ။ ရှင့်အနုပညာ မြတ်နိုးတဲ့စိတ်ကို သူ ခုထက်ထိ သဘောမပေါက်သေးဘူး။ ရှင် ရုရဒါဆီ စိတ်ရောက် နေတဲ့အတွက်ကြောင့်သာ သူ့ကို လျစ်လျူရှုနေတယ်လို့ သူက ထင်နေတယ်။ အဲဒီလိုအတွေးမျိုး ဘယ်တော့မှ မတွေးပါနဲ့လို့ ကျွန်မသူ့ကို ပြောပြပြီးပြီ။ ဒါပေမဲ့ ရှင် သူ့ဆန္ဒကို နားလည်သဘောပေါက်အောင် ကြိုးစားပါလို့တော့ ကျွန်မပြောချင်တယ်။ တကယ်လို့ ရှင်တို့နှစ်ယောက် တစ်ဦးနဲ့တစ်ဦး စိတ်ထဲက ချစ်ခင်မြတ်နိုးမှု ရှိနေတယ်ဆိုရင်တော့ လက်ထပ်ဖို့ကိစ္စကို အခုလို ရွှေ့ဆိုင်းရွှေ့ဆိုင်း လုပ်နေဖို့မလိုဘူး မဟုတ်လား"

အဏ္ဏာမလေက ပြန်ပြောသည်။

"ကျွန်တော်ပညာကို ဆုံးအောင် သင်ချင်သေးတယ်"

"ရှင် အခု ကောလိပ်သွားပြီး သင်နေစရာမလိုတော့ပါဘူး။ ကိုယ့်အိမ်မှာ နေပြီး အနုပညာကို အလေ့အကျင့်ပြုလုပ်နေပါလား။ လက်ထပ်ထိမ်းမြားတဲ့အတွက် ရှင့်အနုပညာ လေ့ကျင့်တဲ့အလုပ်ကို ရပ်ထားလိုက်ရမှာမဟုတ်ပါဘူး။ ရှင်ကိုယ်တိုင်က သူ့ကို 'မိုဒယ်'အဖြစ် ထိုင်ခိုင်းပြီး သူ့ရုပ်ပုံကို ဆွဲပြီးပြီမဟုတ်လား။ အဲဒီအကြောင်း ကျွန်မကိုပြောပြီး ဆုန္နရီက ငိုတယ်"

အာနန္ဒီစကားကိုကြားရသောအခါ အဏ္ဏာမလေ လန့်သွားသည်။ အာနန္ဒီ၏ ရှေ့မှောက်၌ ခိုးထုပ်ခိုးထည်နှင့်မိသောသူခိုးကဲ့သို့ ဖြစ်သွားသည်။

"ကျွန်မ ဆုန္နီအတွက်သာ ရှင့်ကို အခုလို ပြောဖြစ်နေတာ မဟုတ်ဘူး"

ယင်းသို့ပြောလျက် အာနန္ဒီရယ်လိုက်လေသည်။

"ဆုန္နရီဟာ ကျောင်းက ထွက်ပြီး အိမ်မှာ အလကားထိုင်နေရတယ်။ ကျွန်မလည်း တိုးတိုးဖော်တစ်ယောက် လိုနေတယ်၊ အိမ်မှာ ငုတ်တုတ်ထိုင်ပြီးနေရတာ ကျွန်မသိပ်ပျင်းတာပဲ။ အိမ်အလုပ်တွေကို ကျွန်မရဲ့ ယောက္ခမနဲ့အဖွားတို့က ဒိုင်ခံပြီးလုပ်ကြတယ်"

ယင်းသို့ပြောလျက် အာနန္ဒီသည် အဏ္ဏာမလေအား အခြေအနေအကျပ်အတည်းက လွတ်မြောက်အောင် ပြုလုပ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

အာနန္ဒီ၏ပြောပြချက်သည် လုံးလုံးမှန်ကန်နေသည်။ အာနန္ဒီသည် ယခင်ကကဲ့သို့ အဏ္ဏာမလေနှင့် အဆီးအတားမရှိ လွတ်လွတ်လပ်လပ် စကားပြောနိုင်သည့် အခြေအနေမရှိပေ။ အဏ္ဏာမလေသည် အိမ်ထောင်မရှိသေးသည့် လူလွတ်လူငယ် တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် အာနန္ဒီသည် အဏ္ဏာမလေနှင့်ခပ်ခွာခွာနေပြီးမှသာလျှင် စကားစမြည် ပြောဆိုလေ့ရှိသည်။ ယင်းသို့ပြုလုပ်စေကာမူ သူ၏ယောက္ခမက သူ့ကိုမသင်္ကာသည့်မျက်လုံးဖြင့် ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



နေတတ်သည်ဆိုသည်ကို အာနန္ဒီသိသည်။ ယောက္ခမ၏ သံသယမျက်လုံးက ကင်းလွတ်စေရန် အတွက် အဏ္ဏာမလေ အိမ်ထောင် ရက်သားကျဖို့ရန် အလွန်တရာလိုအပ်ပေသည်။

အာနန္ဒီသည် အချိန်အတော်ကြာစွာ အဏ္ဏာမလေနှင့် စကားပြောပြီးလျှင် အဏ္ဏာမလေ အား သူ့စကားကို လက်မခံမနေအောင် အတင်းအကျပ်ပြုလုပ်လေသည်။ အာနန္ဒီ၏ ချစ်ခင် ကြင်နာမှုအပြည့်ရှိသော လမ်းညွှန်ချက်ကို အဏ္ဏာမလေ မဖယ်ရှားနိုင်ပေ။

"ကောင်းပါပြီ။ ကျွန်တော် အာနန္ဒီစကားကို လက်ခံပါတယ်။ ကျွန်တော် အခုပဲ လက်ထပ်ဖို့ အဆင်သင့်ပါပဲဆိုတဲ့အကြောင်း ဖေဖေ့ကို သွားပြောမယ်" ယင်းသို့ ပြောလျက် အဏ္ဏာမလေသည် အာနန္ဒီတို့၏အိမ်မှ ထွက်လာခဲ့လေသည်။

"ကျွန်မ ချီးကျူးစကားကို လက်ခံသွားပါဦး" ယင်းသို့ပြောလျက် အာနန္ဒီက ရယ်လိုက်လေသည်။

မဒရပ်မြို့၌ မင်္ဂလာအခမ်းအနား စီစဉ်မှုသည် အခြေအနေပေါ်၌ မတည်ဘဲ ငွေကြေးအပေါ်၌သာ တည်သည်။ ကျေးရွာများ၌မူ ရွာသူရွာသားများ နှစ်ချီလချီပြီး လက်ထပ် မင်္ဂလာအခမ်းအနားအတွက် အစီအစဉ်ပြုလုပ်ကြရလေသည်။ မဒရပ်မြို့၌ နေသူများ အတွက်ကား ထိုကဲ့သို့ လုပ်ရန်မလိုပေ။ ထိုင်ရာမထ အိမ်ကနေပြီး တယ်လီဖုန်း ဆက်လိုက်ရုံ နှင့် မင်္ဂလာမဏ္ဍပ်၊ လက်ဝတ်ပစ္စည်း၊ အဝတ်အစား၊ ဖိတ်စာ၊ ဧည့်ခံ ကျွေးမွေးမှုများအတွက် လိုအပ်သောပစ္စည်းများနှင့် လက်ထပ်ထိမ်းမြားပေးသော ပုရောဟိတ်ကအစ အားလုံး အဆင်သင့်ဖြစ်လာနိုင်သည်။

ဒဏ္ဍာပါဏီသည် လက်ထပ်မင်္ဂလာ အခမ်းအနားအတွက် စရိတ်စကအားလုံးကို သူတစ်ဦးတည်း အကုန်အကျခံရန် အဆင်သင့်ဖြစ်နေသည်။ သို့ရာတွင် ပန်းရန်ဆရာက သူ၏ အဆိုပြုချက်ကို လက်မခံပေ။ အကြောင်းမှုကား ယင်းကဲ့သို့ စီစဉ်လိုက်လျှင် သူ၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်ဟူ၍ ယူဆသောကြောင့် ဖြစ်လေသည်။

နှစ်ဦးလုံးပင် မိမိတို့၏ အလိုဆန္ဒရှိသည့်အတိုင်း ငွေအကုန်အကျခံကြသည်။ လက်ထပ်မင်္ဂလာအခမ်းအနားတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လိုက်လေသည်။ လက်ထပ်မင်္ဂလာအခမ်းအနားကို အာနန္ဒီက သတို့သမီးအရံအဖြစ်ဖြင့်လည်းကောင်း၊ မာဏိက္ကမ်က သတို့သားအရံအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ကြသည်။ မိမိ၏စကားကို အဏ္ဏာမလေ လက်ခံနာယူသည်ဟူ၍ တွေးပြီးလျှင် ဆုန္ဒရီသည် ဝမ်းသာအားရဖြစ်သွားသည်။ သို့ရာတွင် သူ၏ ယခင်ကအကြိတ်အခဲသည် ယခုထက်ထိ အပြီးအပိုင် ကြေမသွားပေ။ အဏ္ဏာမလေသည် လက်ထပ်မင်္ဂလာပွဲနှင့်ပတ်သက်သော အလုပ်ကိစ္စဟူသမျှကို စိတ်ပါ လက်ပါ ပြီးမြောက်အောင် လုပ်လိုက်သည်။ လက်ထပ်မင်္ဂလာအခမ်းအနား၌ သတို့သား သတို့သမီးတို့သည် တခြားပုဂ္ဂိုလ်များ ပြောပြသည့် စကားမှန်သမျှကို လက်ခံနာယူရန် အဆင်သင့်ဖြစ်ကြသည်။ ထိုနည်းအတိုင်းပင် အဏ္ဏာမလေသည် လူအများ၏ ပြောပြချက်





အတိုင်း လက်ထပ်မင်္ဂလာအစဉ်အလာကို လိုက်နာလျက် ဆုန္ဒရီ၏လည်ပင်းတွင် မင်္ဂလာဆွဲကြိုး ဆွဲပေးလိုက်လေသည်။ မင်္ဂလာဆွဲကြိုး၏ ပထမဆုံးအရစ်ကို အဏ္ဏာမလေ တပ်ပြီးသည့် နောက်၌ အာနန္ဒီက ကျန်နေသည့်အရစ်နှစ်ရစ်ကို ဆွဲတပ်ပေးလိုက်လေသည်။

မင်္ဂလာ တူရိယာဂီတများကို တီးမှုတ်နေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ဘင်ခရာသံဖြင့် ပွဲတင်ညံနေသည်။ ဟိုနေရာ သည်နေရာ၌ ဆန်နှင့်ပန်းပေါက်ပေါက် စသည်တို့ ပျံ့ကြဲနေသည်ကို တွေ့ရသည်။ ဆန်နှင့် ပန်းပေါက်ပေါက်သည်သာလျှင် လူ၏ဘဝနှင့် ရည်မှန်းချက်တို့၏သင်္ကေတ အမှတ်အသားများသဖွယ် ဖြစ်နေသည်။ မည်သည့်နည်းနှင့်မျှ တစ်ဦးနှင့်တစ်ဦး ဆက်စပ်၍မရနိုင်သော စုံကြယ်နှစ်ပွင့်ကို တစ်ပွင့်နှင့် တစ်ပွင့် ဆက်စပ်ပေး လိုသည့် အာသာဆန္ဒကသာလျှင် ယင်းဆုံစည်းမှု၏ အမှတ်သင်္ကေတများကို ပေါက်ဖွား ဖြစ်ပေါ်စေခဲ့ဟန်တူလေသည်။

◆ ◆ ◆

အဏ္ဏာမလေနှင့် ဆုန္ဒရီတို့၏ လက်ထပ်မင်္ဂလာအခမ်းအနား ပြီးဆုံးသွားသည်။

ကဒိရေရှန်သည် ကြင်စဦး ဇနီးမောင်နှံကို အိမ်သို့ဖိတ်၍ ထမင်းစားပွဲ တည်ခင်း ကျွေးမွေးသည်။ 'ကလိုက်မလာ' စာစောင်အယ်ဒီတာ 'ရှုရဝဏန်'မှတစ်ပါး တခြား အပြင် အပကမည်သည့်ပုဂ္ဂိုလ်ကိုမျှ ထမင်းစားပွဲတွင် ဖိတ်မန္တကမပြုလုပ်ပေ။ အာနန္ဒီသည် မိးဖိုချောင်၌ယောက္ခမနှင့်လည်းကောင်း အဖွားဖြစ်သူနှင့်လည်းကောင်း ပူးပေါင်းပြီးလျှင် စိတ်ပါလက်ပါ ထမင်းစားပွဲအတွက် ပြင်ဆင်ဖန်တီးနေသည်။ ဆုန္ဒရီတွင် ဘာမှလုပ်စရာ အလုပ်မရှိပေ။ စကားစမြည်ပြောရန် ထိုနေရာ၌ ထိုင်နေသည်။ ပန်းရန်ဆရာနှင့် မာဏိက္ကမ် တို့သည် ထမင်းစားချိန်တွင် ရောက်အောင်ပြန်ရောက်လာမည်ဟူ၍ ပြောပြီးလျှင် အလုပ်လုပ်ရန် အတွက် ထွက်သွားကြလေသည်။

ကဒိရေရှန်သည် ရှုရဝဏန်အား ခပ်စောစောလာရန် ပြောထားသည်။ ရှုရဝဏန်အား ကဒိရေရှန်သည် အဏ္ဏာမလေတို့၏ လက်ထပ်မင်္ဂလာအခမ်းအနားအတွက်လည်း ဖိတ်သည်။ သို့ရာတွင် လက်ထပ်ပွဲ၌ ဧည့်ပရိသတ်များ ရှုပ်နေသဖြင့် ကဒိရေရှသည် ရှုရဝဏန်အား အဏ္ဏာမလေအကြောင်းကို ထောက်ခံပြောကြားခဲ့ခြင်း လုံးဝမရှိပေ။ အဏ္ဏာမလေ ကဒိရေရှန်၏ တပည့်ဖြစ်သည်ဆိုသည့်အကြောင်းကို ရှုရဝဏန်က မသိပေ။ ရှုရဝဏန်သည် အဏ္ဏာမလေနှင့် တွေ့ဆုံခွင့် တစ်ခါမှ မရခဲ့ဖူးပေ။ ယင်းသို့ဖြစ်သော်လည်း ရှုရဝဏန်သည် အဏ္ဏာမလေ အကြောင်း ဆောင်းပါးတစ်ပုဒ် သူ၏စာစောင်၌ ထည့်သွင်းဖော်ပြခဲ့သည်။ ယင်းကဲ့သို့ တိကျမှန်ကန်မှုရှိသော အနုပညာဝေဖန်ရေးသမားတစ်ဦးနှင့် အဏ္ဏာမလေအား မိတ်ဆက်ပေးရန် လိုအပ်သည်ဟူ၍ စဉ်းစားဆင်ခြင်ပြီးလျှင် ကဒိရေရှန်သည် ရှုရဝဏန်အား ထမင်းစားပွဲသို့ ဖိတ်လိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဒီရေရှန်က အဏ္ဏာမလေအား ပြောပြသည်။

"ရှရဝဏန်ဟာ ဒီမြို့မှာရှိတဲ့ ဦး၊ ထူးထူးခြားခြား လေးစားမှုရှိတဲ့ ပုဂ္ဂိုလ်မဆို စလောက်ထဲမှာ ပါဝင်တဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ ပညာဉာဏ် ထက်မြက်တယ်၊ ကြိုးစားလည်း ကြိုးစားတယ်။ သတ္တိလည်း ရှိတယ်။ ငွေကြေးနဲ့ ရာထူးဂုဏ်ထူး ဩဇာလွှမ်းမိုးမှု စုရှိပြီး မိမိရဲ့ရပ်တည်မှုကို ထိခိုက်အောင်မလုပ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်တယ်။ တကယ်လို့ ရှရဝဏန်ဟာ ဟန်ဆောင်တာတို့၊ လိမ်တာလှည့်တာတို့ကို မဆန့်ကျင်ဘူးဆိုရင် ငွေသိန်းပေါင်းများစွာ စုဆောင်းမိနေတာကြာပြီ။ အဲဒီလို ပုဂ္ဂိုလ်များနဲ့ မောင် ဆက်သွယ်သင့်တယ်လို့ ယူဆပြီး ဦးသူ့ကို ဖိတ်လိုက်တာပဲ"

အဏ္ဏာမလေသည် 'ကလိုက်မလာ'စာစောင်ကို အမြဲတမ်းဖတ်နေသူဖြစ်သည်။ ယခင်ကတည်းကပင် အယ်ဒီတာ ရှရဝဏန်၏ အတွေးအခေါ်များသည် အဏ္ဏာမလေအား တစ်စုံတစ်ခု စဉ်းစားဆင်ခြင်ရန်အတွက် လှုံ့ဆော်အားပေးလာခဲ့သည်။

စာစောင်အယ်ဒီတာသည် ကိုယ်ပိုင်ကားနှင့် လာလိမ့်မည်ဟူ၍ အဏ္ဏာမလေက စဉ်းစားထားသည်။ သို့ရာတွင် ရှရဝဏန်သည် တက္ကစီကားဖြင့်ပင် မလာပေ။ ဘတ်စ်ကားမှ ဆင်းပြီးလျှင် ကဒီရေရှန်၏အိမ်ရှိရာသို့ ခပ်မြန်မြန်ခပ်သွက်သွက် ခြေကျင်လျှောက်လာခဲ့လေသည်။ သူ၏အသက်မှာ လေးဆယ်ဝန်းကျင်လောက် ရှိပေမည်။ ဆံပင်ဖရိုဖရဲဖြစ်နေသည်။ ကိုယ်ခန္ဓာပိန်လှီသေးကွေးလှသည်။ ကြည့်ရသည်မှာ အလွန်တရာ ရိုးသားပုံရသည်။ သူ၏ လှုပ်ရှားမှုနှင့် မျက်စိအမြင်၌ ထက်မြက်မှုရှိသည်။

ကဒီရေရှန်သည် ရှရဝဏန်အား ကြိုဆိုနှုတ်ဆက်ပြီးလျှင် အလွန်တရာ စိတ်အားတက်ကြွစွာဖြင့် စကားစမြည်ပြောဆိုကြသည်။

ကဒီရေရှန်က ပြောသည်။

"အဏ္ဏာမလေနဲ့ မတွေ့ဖူးသေးပဲနဲ့၊ အဏ္ဏာမလေနဲ့ အသိအကျွမ်း မဖြစ်ဖူးသေးဘဲနဲ့ သူ့အကြောင်းကို ခင်ဗျားက ခင်ဗျားစာစောင်ထဲမှာ ဆောင်းပါးတစ်ပုဒ် ပုံနှိပ်ဖော်ပြလိုက်တယ်။ အဲဒါကျုပ်အတွက် ဂုဏ်ယူစရာဖြစ်တယ်။ ခင်ဗျားစာစောင်က စာမျက်နှာ အတော်များများမှာ ယနေ့ခေတ်အနုပညာကို ဘယ်လိုလုပ်များ ဦးစားပေးထားသလဲဆိုပြီး တအံ့တဩဖြစ်နေရတယ်"

ရှရဝဏန်က ပြန်ပြောသည်။

"ကျွန်တော် စိတ်ကောင်းစေတနာရှိတဲ့ စာဖတ်သူတွေရဲ့အဆင့်ကို အောက်တွန်းချပြီး မိမိက အထက်ကို လှမ်းတက်လိုတဲ့ စိတ်ဆန္ဒမရှိဘူးဆိုတာ ဆရာကြီး ကောင်းကောင်း နားလည်ပါတယ်" တစ်အောင့်နားပြီးလျှင် ဆက်ပြောပြန်သည်။

"ဒီပန်းချီကားတွေကို အကျယ်တဝင့် ရှင်းလင်းဖော်ပြမယ့်အစား ကျွန်တော့်စာစောင်ရဲ့မျက်နှာဖုံးနှင့် အတွင်းစာသားတွေမှာ ရုပ်ရှင်မင်းသမီးတွေရဲ့ စွဲမက်စရာရုပ်ပုံများကို ရိုက်နှိပ်ဖော်ပြလို့ရပါတယ်။ အဲဒီလိုလုပ်ရင် ကျွန်တော့်ရဲ့ စာစောင်ဟာ စောင်ရေအများကြီး





ရောင်းရမယ်ဆိုတာ သေချာတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်ရင် စာစောင်ရဲ့အမည်ကို 'ကလိုက်မလာ' (အနုပညာပန်းပွင့်)အစား 'ကိုလိုက်မလာ' (လူသတ်ကောင်ပန်းပွင့်)လို့ မှည့်ရလိမ့်မယ်"ယင်းသို့ ပြောလျက် ရှရဝဏန်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

ကဒီရေရှန်က မေးလိုက်ပြန်သည်။

"အခုလို ခေတ်ကြီးမှာ ခင်ဗျား ဘယ်လိုလုပ်..."

ကဒီရေရှန်၏စကားကို ကြားဖြတ်ပြီး ရှရဝဏန်က ပြောလေသည်။

"ကျွန်တော် အခု ဘယ်လိုရပ်တည်နေသလဲဆိုတာ ဆရာကြီး အံ့ဩချင်အံ့ဩနေလိမ့်မယ်။ ကျွန်တော်လုပ်ငန်းက အသိဉာဏ်ပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ သေသေချာချာ ဆင်ခြင်စဉ်းစားပြီး လုပ်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်ခေတ်ရဲ့ ရေစီးကြောင်းကို ဆန်ပြီး ဘယ်လိုလုပ်သွားနေသလဲဆိုတာ ဆရာကြီးက သိချင်နေတယ် မဟုတ်လား"

သူကိုယ်တိုင်ပင် သူ့မေးခွန်းကိုဖြေရင်း ဆက်ပြောလေသည်။

"ကျွန်တော့် ပတ်ဝန်းကျင်မှာ မိမိရဲ့အသိဉာဏ်ကို မှန်ကန်စွာ အသုံးချဖို့အတွက် ဝန်မလေးကြတဲ့လူတွေ ရှိကြပါတယ်။ အဲဒီလူတွေဟာ ကျွန်တော့်ရဲ့စာစောင်ကို ရဲရဲဝံ့ဝံ့ ဝယ်ပြီး ဖတ်ကြပါတယ်။ အဲဒါကြောင့် ဒီကနေ့အထိ ကျွန်တော် နေ့စဉ် စားသောက်နေထိုင်ရေးအတွက် အခက်အခဲမတွေ့လှပါဘူး။ ကျွန်တော့် လိုအပ်ချက်များကလည်း အလွန်တရာ ကျဉ်းမြောင်းပါတယ်။ ညစ်ခံပွဲတွေမှာ သွားပြီးစားရင် ကျွန်တော် အစာမကြေဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ကိုယ်ခန္ဓာက ရိုးရိုးအစားအသောက်ကိုပဲ လက်ခံပါတယ်။ ဆရာကြီးဖိတ်တာကို မငြင်းဆန်လိုတဲ့အတွက်ကြောင့် ကျွန်တော် အခုလာရောက်ခဲ့ရတာ ဖြစ်ပါတယ်"

ကဒီရေရှန်နှင့် ရှရဝဏန်တို့သည် အချိန်အတန်ကြာမျှ အနုပညာ၊ စာပေ၊ နိုင်ငံရေး၊ စီးပွားရေးစနစ် အစရှိသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားနေကြသည်။ ရှရဝဏန်၏ ပြောကြားချက်များကို ကြားရသောအခါ မိမိသည် ဟိမဝန္တာတောင်၏ အနီး၌ ရပ်နေရပါကလားဟူ၍ အဏ္ဏာမလေ တွေးမိသည်။ ရှရဝဏန်၏ နိုင်မာတည်တံ့မှု ကြီးကျယ်မှုကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေသည် ရှရဝဏန်အား ဟိမဝန္တာတောင်နှင့်သာ နှိုင်းယှဉ်၍ ရမည်ဟူ၍သဘောပေါက်သွားသည်။ ရှရဝဏန်က ဂုဏ်ယူမော်ကြွားစွာ ပြောလိုက်သည်။

"သာမန်အရိုးကလေးတစ်ချောင်းအတွက် ခွေးတွေတစ်ကောင်နဲ့တစ်ကောင် ကိုက်နေကြသလို အခုခေတ်မှာ လောဘဇောတွက်နေကြတဲ့ အကြွားသမားတွေဟာ ငွေကြေးနေအတွက် နိမ့်ကျယုတ်ညံ့မှုဆိုတဲ့အလုပ်တွေကို လုပ်ဖို့အတွက် အဆင်သင့်ဖြစ်နေကြတယ်။ အဲဒီလိုအခြေအနေမျိုးမှာ သာမန်ရိုးရိုး လူတစ်ယောက်လို ရပ်တည်နေဖို့အတွက် တိုက်ပွဲဝင်ရတာကလည်းတစ်မျိုး ပျော်စရာပဲ။ ကျွန်တော် အကြွားသမားတွေကို အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ သူတို့တွေထက် ကျွန်တော်က ပိုပြီးစိတ်ချမ်းသာမှုရှိတဲ့အတွက် ကျွန်တော် ဝမ်းသာအားရဖြစ်နေမိပါတယ်။ တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ညအချိန်ကျရင် ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်''

ရှရဝဏန်၏ပြောဆိုချက်များသည် အဏ္ဏာမလေအား တစ်စုံတစ်ခု စဉ်းစားဆင်ခြင်ရန်အတွက် လှုံ့ဆော်ပေးလိုက်သည်။ အမှန်တရားသမားများနှင့် အကြွားသမားများ၏ အကြောင်းကို ဆွေးနွေးပြောကြားသည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေသည် ရှရဝဏန်နှင့် သူ့ယောက္ခမ အဏ္ဏာပါဏီတို့ကို တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်မကြည့်ဘဲ မနေနိုင်တော့ပေ။

ရှရဝဏန်သည် ရုတ်တရက် အဏ္ဏာမလေဘက် လှည့်ပြီးလျှင် မေးလိုက်သည်။

''ပညာဆုံးအောင်သင်ပြီးတဲ့အခါ ဘာလုပ်မယ်လို့ စိတ်ကူးသလဲ''

မည်သို့ အဖြေပြန်ပေးရမည်ဆိုသည်ကို အဏ္ဏာမလေ မသိပေ။ မတုန်မလှုပ်သာလျှင် ဖြစ်နေသည်။

''ဒီအနုပညာရဲ့ အကူအညီနဲ့ အသက်မွေးဝမ်းကျောင်း လုပ်နိုင်မယ်လို့ မောင်ရင် ယုံကြည်သလား။ ဒါမှမဟုတ်ရင်လဲ တခြားလုပ်ငန်းတစ်ခုခုကို လုပ်ဖို့ မောင်ရင် စိတ်ကူးသလား။ အခု မောင်ရင် လက်ထပ်လို့လည်းပြီးပြီ။ မကြာခင်မှာပဲ ဖခင်တစ်ယောက် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် ကျုပ်မောင်ရင့်ကို ဒီမေးခွန်း မေးနေရခြင်းဖြစ်တယ်''

အဏ္ဏာမလေသည် စိတ်ရှုပ်သည့်အသံဖြင့် ပြန်ဖြေလိုက်လေသည်။

''ဘာလုပ်ရမယ်ဆိုတာ ကျွန်တော် မသိပါဘူး''

ရှရဝဏန်က သူ့စကားကို ဆက်ပြန်သည်။

''ကျုပ်ပြောတဲ့စကားကို မောင်ရင် နားထောင်ပါ။ ဒီနေ့အထိ အနုပညာရှင်အနေနဲ့ ဘယ်လိုလုပ် အသက်မွေးဝမ်းကျောင်းမှု ပြုလာခဲ့တယ်ဆိုတာ မောင်ရင့်ကို ကျုပ်ပြောပြမယ်။ ရှေးခေတ်အခါတုန်းက ဘုရင်စကြာဇ်များနဲ့ ဘာသာရေးဝန်ထမ်းများက အနုပညာရှင်များကို အကူအညီ အထောက်အပံ့ ပေးခဲ့ကြတယ်ဆိုတာ အမှန်ပါပဲ။ တစ်ကမ္ဘာလုံးမှာ ပန်းချီအနုပညာဟာ အဲဒီပုံစံနဲ့ တိုးတက်ထွန်းကားတာဖြစ်တယ်။ ခေတ်အဆက်ဆက် ပဒေသရာဇ်တွေ၊ အရင်းရှင်တွေ၊ မြေပိုင်ရှင်တွေရဲ့ အားပေးကူညီမှုနဲ့ အနုပညာဟာ ဖွံ့ထွားတိုးတက်လာခဲ့တယ်။ 'အနုပညာသည် အနုပညာအတွက်' ဆိုတဲ့ သဘောတရားကို လက်ခံယုံကြည်ကြတဲ့ ဘယ်ပန်းချီဆရာမဆို ထမင်းငတ်ပြီး သေဖို့အတွက် မိမိတို့ရဲ့အနုပညာကို အသုံးမချကြဘူး။ မိမိတို့ရဲ့ပုဂ္ဂလိက အကျိုးကို မစွန့်ဘဲ အဲဒီပုဂ္ဂိုလ်တွေဟာ တခြားလူတွေရဲ့ အကျိုးကိုဆောင်ပြီးတော့ တခြားလူတွေကို အားရကျေနပ်အောင် ပြုလုပ်လာခဲ့ကြတယ်။ အဲဒီအချက်ကို မောင်ရင် အခုအချိန်မှာ သေသေချာချာ နားလည်သဘောပေါက်သင့်တယ်။ မောင်ရင့်အနေနဲ့ ဘယ်အခြေအနေမျိုးမှာမဆို မိမိရဲ့ပုဂ္ဂလိက အကျိုးကို မစွန့်လွှတ်သင့်ဘူး။ မိမိကိုယ်ကို အာရုံပြုပြီး ပြုလုပ်တဲ့ မောင်ရင်ရဲ့အလုပ်ဟာ တခြားလူတွေအတွက်လည်း အကျိုးဖြစ်သင့်တယ်။ အမှန်



ကတော့ ကျုပ်တို့ရဲ့ အခြေအနေဟာ တစ်ချိန်တည်းမှာ မြင်းနှစ်ကောင်ကိုစီးတဲ့ ဆပ်ကပ်ထဲက လူနှင့်အတူတူပဲ''

ကဒိရေရှန်က ရှရဝဏန်ပြောသည့်စကားကို ထောက်ခံလျက် ပြောပြသည်။

''အကြွားသမားတွေနဲ့ ဝေးဝေးနေတဲ့ အနုပညာရှင်စစ်စစ်တွေရဲ့ဘဝဟာ အမှန်တကယ်ပဲ တိုက်ပွဲအပြည့်ရှိနေတယ်''

ရှရဝဏန်က သူ့စကားကို ဆက်ပြန်သည်။

''အခုခေတ်က ရှေးဟောင်း၊ ပဒေသရာဇ် စကြာဇ်တွေရဲ့ ခေတ်မဟုတ်တော့ဘူး။ အခုချိန်ခါမှာ ကျုပ်တို့အားလုံးဟာ ကျုပ်တို့နိုင်ငံရဲ့ ဘုရင်များဖြစ်ကြတယ်။ ကျုပ်တို့ ဘုရင်တွေရဲ့ ကြားထဲမှာရှိတဲ့ ကြွေဝတေးမင်းတွေဆီမှာတောင် ပိုက်ဆံစုဆောင်းရှာဖွေဖို့အတွက် အချိန် လုံလုံလောက်လောက်မရှိကြဘူး။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်တွေဟာ မောင်ရင့်ပန်းချီကားတွေကို လှည့်ကြည့်ကြမှာ မဟုတ်ဘူး။ ကျုပ်တို့ ကြားထဲမှာရှိတဲ့ တခြားပုဂ္ဂိုလ်များကို မှီခိုနေရတဲ့ ငွေကြေးမပြည့်စုံတဲ့လူတွေအနေနဲ့ကလည်း ရုပ်ရှင်မင်းသမီး၊ မင်းသား ဓာတ်ပုံများကိုသာ ထူးခြားတဲ့အနုပညာလက်ရာလို့ အောက်မေ့နေကြတယ်။ နယ်ပယ်တိုင်းမှာ အကြွားသမားတွေ သစ္စာတရားရဲ့လည်မျိုကိုညှစ်နေကြတဲ့ အခုလို အခြေအနေမျိုးမှာ မောင်ရင် ဘယ်လို စဉ်းစားနေတယ်ဆိုတာ ကျုပ်သိချင်ပါတယ်''

အဏ္ဏာမလေ မွန်းကြပ်လာသည်။ အနုပညာရှင်သည် မိမိ၏အနုပညာကို လူ့အဖွဲ့အစည်း အားပေးလျက် ယင်း၏အစား လူ့အဖွဲ့အစည်း၏ အကူအညီကိုရပြီးလျှင် မိမိ၏ အသက်မွေးဝမ်းကျောင်းမှုကို မပြုနိုင်ဘူးလောဟူ၍ စဉ်းစားနေလေသည်။

အဏ္ဏာမလေက ဖြေးညှင်းစွာ ပြောလိုက်သည်။

''အနုပညာရဲ့အကူအညီနဲ့ အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်ဖို့တော့ လွယ်မှာ မဟုတ်ဘူး''

''လွယ်မှာ မဟုတ်ဘူးလို့ ဘာကြောင့် ပြောတာလဲ။ အနုပညာရဲ့အကူအညီနဲ့ အသက်မွေးဝမ်းကျောင်းမှု မပြုနိုင်ဘူးလို့ မောင်ရင်ထင်ရင် ပြတ်ပြတ်သားသားပြောပါလား''

''ဟုတ်ကဲ့ အသက်မွေးဝမ်းကျောင်းမှုပြုလုပ်နိုင်မှာ မဟုတ်ပါဘူး''

''မဖြစ်နိုင်တာကိုဖြစ်အောင် လုပ်တာဟာ လူပဲ။ အဲဒီလို ခေါ်နိုင်တယ်။ ခေတ်တိုင်း ခေတ်တိုင်းမှာ တချို့နေရာတွေမှာ အဲဒီလို ယောက်ျားတွေ ပေါ်ပေါက်လာခဲ့ကြတယ်။ အဲဒါကြောင့် မယဉ်ကျေးတဲ့လူတွေဟာ အတော်အတန် ယဉ်ကျေးလာခဲ့ခြင်းဖြစ်တယ်။ အနုပညာရှင်ဟာ ခေတ်နဲ့လျော်တဲ့ အစဉ်အလာတွေနဲ့ လူ့ယဉ်ကျေးမှုကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်တယ်။ အဲဒီလိုမလုပ်တဲ့လူဟာ အနုပညာရှင်မဟုတ်ဘူး။ အနုပညာကို သတ်နေတဲ့လူသာ ဖြစ်တယ်။ စစ်မှန်တဲ့အနုပညာဟာ တောနေလူရိုင်းတွေကိုလည်း ယဉ်ကျေးတဲ့ လူ့အဆင့်ရှိအောင် ပို့ပေးတယ်။ လွဲမှားတဲ့ အနုပညာကတော့ ယဉ်ကျေးတဲ့လူတွေကို တောနေလူရိုင်းဘဝ



www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင် လုပ်တယ်။ အနုပညာရှင်အနေနဲ့ ရပ်တည်သွားဖို့ မလွယ်ဘူး။ တကယ်လို့ မောင်ရင်ဟာ တိုက်ပွဲကို ရင်ဆိုင်နိုင်တဲ့ အစွမ်းသတ္တိရှိမယ်ဆိုရင်တော့ ကြီးကျယ်မြင့်မြတ်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်နိုင်ပါတယ်"

ရှုရဝဏန်၏ပြောကြားချက်များ၌ တစ်စုံတစ်ခုသော အပိုင်းအခြားအထိ ထက်မြက်မှုနှင့် ခါးသီးမှု နှစ်မျိုးလုံးပင်ရှိနေသည်။ သို့ရာတွင် အဏ္ဏာမလေသည် ယင်းပြောကြားချက်များကို ကဒီရေရှမ်း တည်ခင်းကျွေးမွေးသည့် ထမင်းစားပွဲထက်ပင် နှစ်သက်သည်ဟု ထင်ရသည်။ မိမိကိုယ်ကို လုပ်ဟု၍ ပြောနိုင်သည့်အရည်အချင်းရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ကြုံဆုံစည်းရသဖြင့် အဏ္ဏာမလေသည် အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်နေသည်။ ရှုရဝဏန်သည် ရပ်ပိုင်းဆိုင်ရာ ချမ်းသာမှု အဆင်ပြေမှုများနှင့် လိုအပ်မှုများ၏အပေါ်တွင် အလွန်တရာ မြင့်မားစွာ တက်ရောက်နေသူဖြစ်၏ဟူ၍ အဏ္ဏာမလေက ထင်မှတ်သွားသည်။ ရှုရဝဏန်၏ ပြောကြားချက်များကြောင့် အဏ္ဏာမလေသည် စိတ်နှလုံး ထိခိုက်သွားပြီးလျှင် အသိတရားလည်း ဝင်လာလေသည်။

◆◆◆

"ပျော်ရတာက အရက်သုံးဆယ်၊ စိတ်ညစ်ရတာက အရက်ခြောက်ဆယ်" ဟူသောစကား အကြွင်းမဲ့ မှန်ကန်ကြောင်းကို အာနန္ဒီချက်ခြင်း သိရှိနားလည်သွားသည်။ နေ့ရက်တွေကုန်ဆုံး ကျော်လွန်လာသည်နှင့်အမျှ မာဏိက္ကမ်၏ တပ်မက်မှုစွဲလန်းမှုနှင့် လိုအင်ဆန္ဒတို့၏အချက်အချာဖြစ်သော အာနန္ဒီ၏ စိတ်မချမ်းသာမှုနှင့် နာကျင်မှုများသည် လျော့နည်းလာသည်။ မာဏိက္ကမ်သည် အာနန္ဒီနှင့် စကားစမြည်ပြောချိန်ပင် မရပေ။ အာနန္ဒီ၏ ရှေ့မှောက်တွင် မိမိ၏လုပ်ငန်းကိုင်ငန်းနှင့် ဝင်ငွေ စသည်တို့၏အကြောင်းကို ပြောပြပြီး မိမိကိုယ်ကို သိဒ္ဓိတင်နေရခြင်းအားဖြင့် အရသာတစ်မျိုး တွေ့နေလေသည်။

တစ်နေ့တွင် ညနေချိန်၌ မာဏိက္ကမ်သည် အားတက်သရော အိမ်သို့ပြန်လာသည်။ သူ၏ စရိုက်နှင့် ဆန့်ကျင်ဘက်အားဖြင့် မာဏိက္ကမ်သည် တက္ကစီငှားပြီးလျှင် အာနန္ဒီနှင့်အတူ အလည်ထွက်သည်။ သူတို့နှစ်ယောက်သည် ဟိုတယ်တစ်ခု၏မိသားစု အခန်းထဲ၌ သွားထိုင်ကြသည်။ စားသောက်ဖွယ်တချို့ကို မှာပြီးလျှင် မာဏိက္ကမ်သည် ရယ်ကာမြူးကာ အာနန္ဒီနှင့် စကားပြောနေသည်။

"အာနန္ဒီကို ကျုပ်အရေးကြီးတဲ့ စကားတစ်ခွန်းပြောချင်တယ်။ အပြင်ထွက်ပြီး ထမင်းစားရင် ကျုပ်တို့နှစ်ဦးတည်း စကားပြောနိုင်တယ်လို့ အတွေးပေါ်လာတယ်။ ဒါကြောင့် အာနန္ဒီကို ဒီခေါ်လာခဲ့တာ"





ဘေးပတ်လည်၌ လိုက်ကာများ ကာရံထားသည်။ နှစ်ယောက်တည်း စကားပြောရန်အတွက် မိမိတို့၏အိမ်နှင့် ခြံထဲတွင် နေရာအလုံအလောက် ရှိပါလျက်နှင့် မာဏိက္ကမ်သူ့ကို ဤနေရာသို့ အဘယ်ကြောင့်ခေါ်လာသည်ကို အာနန္ဒီ နားမလည်နိုင်အောင် ဖြစ်နေသည်။

အာနန္ဒီက ထိတ်ထိတ်ပျာပျာနှင့် မေးလိုက်လေသည်။

"ဘာလဲ၊ ဘာ အကြောင်းလဲ"

မာဏိက္ကမ်က ပြောသည်။

"ဒီမှာ အာနန္ဒီ၊ ကျုပ်တို့ရဲ့ဘဝတာခနေလောက် ရှတ်တရက် ပွင့်လာပြီ။ လသာတုန်း ဗိုင်းငင်ပြီး ကျုပ်တို့ ခြောက်လနှစ်လအတွင်းမှာပဲ ငွေတစ်သိန်းလောက်ရအောင် လုပ်နိုင်တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းသဘောထားကို သိချင်တယ်"

မာဏိက္ကမ်သည် မည်သည့်ကိစ္စမျိုး၌မဆို အာနန္ဒီ၏သဘောထားကို မေးမြန်းလေ့မရှိပေ။ မာဏိက္ကမ်၌ ယင်းပြောင်းလဲမှု ရှတ်တရက် ဘယ်ကရောက်လာသည် ဆိုသည်ကို အာနန္ဒီ မသိနားမလည်ဖြစ်နေသည်။

"ပြောလေ"

စားပွဲပေါ်၌ စားဖွယ်သောက်ဖွယ် အများအပြားရှိထားသည်။ အာနန္ဒီသည် ထိုစားဖွယ်သောက်ဖွယ်များကို မစားသောက်နိုင်ပေ။ အစားများများလည်း မစားတတ်ပေ။ မာဏိက္ကမ်သည် အာနန္ဒီအတွက် ထည့်ထားသည့်စားဖွယ်များကိုပါ ရှတ်တရက် ယူစားပစ်လိုက်ပြီးလျှင် အတန်ငယ် လှုပ်ရှားတက်ကြွလာသောအသံဖြင့် ပြောလိုက်လေသည်။

"ဒီ မယိလာပူအနီးမှာ အနှရာပြည်နယ်က မြေပိုင်ရှင်ဟောင်း တစ်ယောက်ပိုင်တဲ့ ကျယ်ပြန့်ကြီးမားတဲ့ မြေကွက်ကြီးတစ်ကွက်ရှိတယ်။ အဲဒီမြေကွက်ကြီးကို အိမ်ဆောက်ဖို့အတွက် နှစ်ဆယ့်ငါးကွက်၊ အကွက်လုံးဆယ်လောက် ခွဲစိတ်လို့ ရနိုင်တယ်။ အနှရာပြည်နယ်မှာလည်းပဲ သူပိုင်မြေတွေ အများကြီးရှိတယ်။ အဲဒါကြောင့် သူက ဒီမြေကိုရောင်းပစ်လိုတဲ့ စိတ်ဆန္ဒရှိနေခြင်းဖြစ်တယ်။ အခု သူငွေအကျပ်အတည်း တွေ့နေတယ်။ သူ ငွေအကျပ်အတည်း တွေ့နေတဲ့အတွက် ကျုပ်တို့ကံတာ တက်လာခြင်းဖြစ်တယ်။ တကယ်လို့ ကျုပ်တို့ ဆယ်ရက်အတွင်းမှာ ငွေအပြည့်ပေးနိုင်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်က ကျုပ်တို့ကို အဲဒီမြေရဲ့ တန်ဖိုးတစ်ဝက်ဖြစ်တဲ့ ငွေငါးသောင်းလောက်နဲ့ပဲရောင်းဖို့ အဆင်သင့်ဖြစ်နေတယ်။ တကယ်လို့ ကျုပ်သူ့ဆီက အဲဒီမြေဝယ်ပြီးတော့ မြေကွက်ရိုက်ပြီး ပြန်ရောင်းမယ်ဆိုရင် ငါးလအတွင်းမှာ ငွေနှစ်သိန်းကျော်လောက် ပိုက်မိဖို့ရာရှိတယ်။ တကယ်လို့ ကျုပ်ခြောက်လအတွင်းမှာ အနည်းဆုံး ငွေတစ်သိန်း မင်းကို မပေးနိုင်ဘူးဆိုရင် ကျုပ်ရဲ့နာမည် မာဏိက္ကမ်မဟုတ်ဘူးလို့ မှတ်ပါ"

ဤမျှလောက် များပြားသည့်ငွေများကို မိမိတို့အနေဖြင့် ဘာလုပ်မည်နည်းဟူ၍ အာနန္ဒီ စဉ်းစားကြည့်သည်။ အာနန္ဒီတို့သည် ကျိုကျိုတက် ချမ်းသာသူများ မဟုတ်ကြစေကာမူ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသူများလည်း မဟုတ်ကြပေ။ မြို့တွင်း၌နေသော ကုဋေကြွယ် များစွာသောလူတို့သည် တစ်ဝမ်းတစ်ခါးအတွက် တိုက်ပွဲဝင်နေကြသော်လည်း သူတို့မှာမူ ဤမြေမပျက် စားနိုင် သောက်နိုင် နေထိုင်နိုင်လာကြသည်။

မာဏိက္ကမ်သည် အာနန္ဒ၏ရှေ့တွင် မြို့တွင်း၌ သူဌေးသူကြွယ်အသစ်တချို့၏ ဘဝဇာတ်လမ်းကို ပြောပြနေသည်။ မိမိသည် ဆယ်နှစ်အတွင်း မည်သို့မည်ပုံ ငွေရအောင် ရှာဖွေခဲ့သည်ဟူသော လျှို့ဝှက်ချက်ကိုလည်း မာဏိက္ကမ်က အာနန္ဒအား ပြောပြသည်။ မာဏိက္ကမ်၏စကားကို ကြားရသောအခါ အာနန္ဒ စိတ်ရှုပ်သွားသည်။

"အာနန္ဒ၊ လာဘ်ထိုးပြီး အိမ်ဆောက်ဖို့ ကန်ထရိုက်ရအောင်လုပ်မယ်လို့ ကျုပ်အဖေ ဖြစ်တဲ့ ပန်းရန်ဆရာကို ပြောပြတယ်။ ဒါပေမဲ့ အဖေက ကျုပ်အကြံဉာဏ်ကို သဘောမကျဘူး။ အခု ကျုပ်လုပ်မယ်လို့စိတ်ကူးထားတဲ့ အလုပ်က မသမာတဲ့နည်းမျိုး ဘာတစ်ခုမှမရှိဘူး။ ကိုယ့်အစွမ်းအစနဲ့ ကျုပ်အတွက် အကျိုးဖြစ်ထွန်းလာမှာ"

အာနန္ဒသည် ပန်းရန်ဆရာ၏ သဘောထားကို သိလိုသည်ဖြစ်၍ မေးလိုက်လေသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှင့်အဖေက ဘယ်လိုသဘောထားလဲ"

မာဏိက္ကမ်က ပြောသည်။

"မင်း အဲဒါတွေကို ဘာဖြစ်လို့ မေးနေရသလဲ။ သူ့ကို သဘောပေါက်အောင် ပြောပြဖို့ဟာ ကျုပ်အတွက် သိပ်ခက်ခဲတဲ့အလုပ်ဖြစ်နေတယ်။ သူက ရှေးလူကြီးတွေထဲက တစ်ယောက်ဖြစ်နေပြီ။ ကျုပ်ပြောတာကို နားထောင်ပြီး စဉ်းစားပြီးမှ ပြန်ပြောမယ်လို့ ပြောထားတယ်။ ကျုပ် သူ့ကို စိတ်ကုန်နေပြီ"

မာဏိက္ကမ်သည် အာနန္ဒအား ဆက်လက်ပြောပြသည်။ ပန်းရန်ဆရာ အစဉ်းစား ရှည်နေပြီး အချိန်ဆွဲနေလျှင် ထိုမြေကွက် လက်လွှတ်သွားလိမ့်မည်။ မြို့ထဲက လူပေါင်းများစွာ တို့၏ထံ၌ ငွေမည်းများ အစုလိုက်အပုံလိုက်ရှိနေသည်။ ထိုလူများသည် လင်းတငှက်က သူ၏ အစာပတ်ပတ်လည်တွင် လှည့်ပတ်ပျံဝဲနေသကဲ့သို့ မြေအလွတ်၏ ပတ်ပတ်လည်၌ လှည့်လည်ရှာဖွေနေကြသည်။ မြေကွက်အတွက် နှစ်ဆလေးဆတန်ဖိုးပေးလျက် အခြား ပုဂ္ဂိုလ်တို့၏လက်ထဲက လုယူဖို့ စိုင်းပြင်းနေကြသည်။ သူ့တွင် ကုမ္ပဏီအမည်ရှိ မိတ်ဆွေ ပွဲစားတစ်ယောက်ရှိသည်။ ထိုပွဲစားအား ထိုမြေအကြောင်းကို တိုးတိုးတိတ်တိတ် သူ ပြောပြ ထားသည်။ မြေရှင်က သူ့မြေကွက်ကို တိုးတိုးတိတ်တိတ် ရောင်းလိုသည်။

ထိုမြေအကြောင်း၊ လူတွေသိသွားလျှင် မြေတန်ဖိုးမှာ တက်လာလိမ့်မည်။ မိမိတို့ အနေဖြင့် ငွေမည်းလက်ကိုင်ရှိထားသူများနှင့် မပြိုင်နိုင်ပေ။ ထို့ကြောင့် မိမိတို့ အနေဖြင့် ခပ်မြန်မြန် ဤပစ္စည်းကို လက်ထဲရောက်အောင် ယူလိုသည် ဆန္ဒရှိနေသည်။

အာနန္ဒက မေးလိုက်လေသည်။



"ရှင် ငွေဘယ်လိုလုပ်ရအောင် လုပ်မလဲ"

"အဖေ့ကို ဖြစ်တဲ့နည်းနဲ့ ငွေသုံးသောင်းလောက် စိုက်ထားပါလို့ ပြောထားတယ်။ ကျုပ်တို့အနေနှင့်လည်း ငွေသုံးသောင်းလောက် စိုက်ဖို့လိုလိမ့်မယ်။ အကျိုးအမြတ်ရတာကို ကျုပ်တို့ အညီအမျှ ခွဲယူကြမယ်။ ဒီလုပ်ငန်းမှာ စိုက်ထုတ်ထားတဲ့ငွေအစား ခြောက်လ အတွင်းမှာ ငွေတစ်သိန်းပြန်ပေးမယ်လို့ အဖေ့ကို ပြောထားတယ်။ ကျုပ်တို့နှစ်ဦး ငွေတစ်သိန်း ကျော်ကျော် အကျိုးဖြစ်ထွန်းဖို့ရှိတယ်။ အဲဒါ နည်းသလား၊ မြေက အင်မတန်ကောင်းတဲ့ နေရာမှာရှိနေတယ်။ ဒါကြောင့် လူတွေမျက်စိစိုတာပြ၊ မြေကွက်တစ်ကွက် ငွေတစ်ထောင် အဖိုးပေးဝယ်မှာ သေချာတယ်။ ကျုပ်တို့ တယ်လီဖုန်းတို့ ကားတို့ ထားပြီး လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် စလုပ်နိုင်မဲ့ရှိတယ်။

အာနန္ဒစဉ်းစားကြည့်သည်။ ပန်းရန်ဆရာသည် မည်သို့မည်ပုံ ငွေကို ဖန်တီး မည်နည်း။ မာဏိက္ကမ်သည် မည်သည့်နည်းနှင့်ငွေရအောင် လုပ်မည်နည်း။ သူ့ကို မိနာချီ အမှာလက အဏ္ဏာမလေ၏ လက်ထပ်မင်္ဂလာအခမ်းအနားတွင် အဏ္ဏာမလေ၏ဖခင်သည် မိမိတွင် ရှိသမျှ ပုံအောပစ်လိုက်သည်ဟူ၍ ပြောပြထားဘူးသည်။ ထိုနည်းအတူပင် သူ၏ လက်ထပ်မင်္ဂလာအခမ်းအနားအတွက်လည်း သူ၏ဖခင် ကဒီရေရှုန်က လိုသမျှငွေကို သုံးပစ် လိုက်သည်။ လက်ထပ်မင်္ဂလာအခမ်းအနားအတွက် ငွေလိုနေသောကြောင့် သူ့ဖခင်သည် မိတ်ဆွေတစ်ဦးထံမှ ငွေအနည်းကိုပင် အကြွေးယူထားရသည်။ ယင်းအချက်ကိုလည်း အာနန္ဒ သိထားသည်။

"ရှင် ... ငွေ ဘယ်လိုလုပ်ရအောင် လုပ်မလဲ"

"ကျုပ် ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း သဘောထားကို သိလိုတယ်။ ဒါကြောင့် ကျုပ် မင်းကို ဒီခေါ်လာခဲ့တာ။ မင်း စားကောင်းသောက်ဖွယ်တွေစားပြီး ကျုပ်ကို အကြံ ကောင်း ဉာဏ်ကောင်း ပေးနိုင်လိမ့်မယ်လို့ ကျုပ်ထင်တယ်" မာဏိက္ကမ်သည် ကဗျာများ၌ ဖွဲ့ဆိုရေးသားထားသည့် အပိုင်းအခြားမရှိသော ချစ်ခြင်းမေတ္တာ အပြည့်အဝရှိနေသည့် ဇာတ်ဆောင်တစ်ဦး၏ပုံစံမျိုးဖြင့် အလွန်အားကိုးသည့်ဟန်မျိုးနှင့် အာနန္ဒကို ကြည့်နေသည်။

ထိုနေ့တွင် မာဏိက္ကမ်လည်း တစ်စုံတစ်ဦးအား ချစ်ခင်မှုအပြည့်ရှိသော အကြည့်ဖြင့် ကြည့်တတ်သည်ဟူ၍ အာနန္ဒ ပထမဆုံးအကြိမ် သိရှိနားလည်သွားသည်။

"ကျွန်မ ရှင့်ကို ဘယ်လိုလုပ်ပြီး အကြံဉာဏ်ပေးနိုင်ပါ့မလဲ"

"ကျုပ်အဖေက သူ့အိမ်ကို ပေါင်နှံပြီး ငွေချေးဖို့ စိတ်ကူးနေတယ်။ တကယ်လို့ မင်းလည်းပဲ မင်းအဖေကို အဲဒီလို အကြံဉာဏ်ပေးလို့ရှိရင် မင်းအဖေကလည်း ငြင်းမှာ မဟုတ်ဘူး။ ကျုပ် ငွေသုံးသောင်းလောက်ပဲ လိုပါတယ်။ မြေကွက်ငါးကွက် ခြောက်ကွက် လောက် ရောင်းလိုက်တာနဲ့တစ်ပြိုင်နက် ကျုပ်တို့ မြုပ်နှံထားတဲ့ငွေ ပြန်ပေါ်လာမှာပါ။ အကြာဆုံး သုံးလအတွင်း ကျုပ်တို့ ကြွေးပြန်ဆပ်ပြီး ကိုယ့်အိမ်ကို ပြန်ရွေးယူနိုင်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

အတိုးအတွက် မင်း စိတ်မပူပါနဲ့။ ကျုပ် တစ်ခါတည်း ငွေ အလုံအလောက်ရအောင်လုပ်ပြီ၊ အတိုးကို ဆပ်ပစ်လိုက်မယ်"

အာနန္ဒီသည် အသက်ရှူကျပ်သွားသည်။ သူ၏ စိတ်နှလုံးထဲတွင် ထူးခြားသော ထိတ်လန့်ကြောက်ရွံ့မှု အသိတစ်ခု ဝင်လာသည်။ သူ၏ဖခင်ကို သူ ကောင်းစွာ နားလည်သည်။ ကဒိရေရှန်သည် သူ၏အိမ်ကို အိမ်ထောင်မိသားစုများနေရန်-အလွန်တရာ အဆင်ပြေသည့် စီမံချက်တစ်ခုအဖြစ် ထင်မှတ်ထားသူဖြစ်သည်။ အိမ်ကို မိမိပိုင်ပစ္စည်းအဖြစ် မည်သည့်အခါမှ မထင်မှတ်ပေ။ ငွေကြေးအတွက် အိမ်က သမီးများကို အရောင်းအဝယ်လုပ်ခြင်းသည် နည်းလမ်းမကျသကဲ့သို့ပင် မိမိ၏နေအိမ်ကို ပေါင်းနှံထားခြင်းသည်လည်း နည်းလမ်းမကျဟူ၍ ကဒိရေရှန် အမြဲပြောလာခဲ့သည်၊ လူတို့သည် နေအိမ်ကို မိမိတို့၏ပစ္စည်းဥစ္စာအဖြစ် ထင်မှတ်ကြသည်ဟူ၍ ကဒိရေရှန်အယူအဆ ရှိသည်။ ထို့ကြောင့် လူပေါင်းများစွာတို့ထံ၌ နေစရာ အိမ်မရှိဖြစ်နေခြင်းဖြစ်သည်။ ကဒိရေရှန်သည် အိမ်ကိုပေါင်နှံလျက် ယနေ့အထိ ငွေချေးငှားခြင်း မပြုလုပ်ခဲ့ဘူးပေ။

အာနန္ဒီ မတုန်မလှုပ်ဖြစ်နေသည်ကို တွေ့ရသောအခါ မာဏိက္ကမ်က ပြောသည်။

"ဘယ်နှယ့်လဲ၊ ဘာစိတ်ကူးနေတာလဲ"

အာနန္ဒီက စိတ်မချမ်းသာသည့်အသံနှင့် ပြန်ပြောသည်။

"ဖေဖေ့ကို မေးပြီး ပြောပြပါ့မယ်"

"မေးပြီးပြောနေဖို့ မဟုတ်ဘူး။ ဒီအလုပ်ကို ထမြောက်အောင်မြင်အောင် လုပ်ရမယ်။ ကျုပ် ပြောတာကို မင်းနားထောင်ရမယ်"

မာဏိက္ကမ်၏ ပြောကြားချက်များသည် အာနန္ဒီ၏ စိတ်နှလုံးထဲတွင် အပ်ကဲ့သို့ စူးဝင်သွားသည်။

✦ ✦ ✦

လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပပြီးသည့်နောက်၌ အဏ္ဏာမလေနှင့် ဆုန္ဒရီတို့ ပျော်ရွှင်ချမ်းမြေ့စွာ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်သွားနိုင်ရန် ရည်ရွယ်လျက် ဒဏ္ဍာပါဏီသည် ဇနီးမောင်နှံနှစ်ဦးအတွက် အစစအရာရာ အဆင်ပြေအောင် စီမံဖန်တီးပေးထားသည်။ မိမိ၏ကားကို ဆုန္ဒရီအား ဆယ်ရက်ကြာမျှ ပေးထားပြီးလျှင် အသုံးစရိတ်အတွက်လည်း ငွေကို လုံလုံလောက်လောက် ပေးထားသည်။ နိုင်ငံခြားတိုင်းပြည်များ၌ မင်္ဂလာဆောင်ပြီးစ ဇနီးမောင်နှံတို့သည် 'ဟန်းနီးမွန်း'ဟူသော အမည်ဖြင့် ပျော်ပျော်ပါးပါး နေစေလိုသည့် ဆန္ဒရှိသည်။ ဒဏ္ဍာပါဏီ စီမံဖန်တီးပေးထားသည့် အစီအစဉ်ဟူသမျှကို ပန်းရန်ဆရာကလည်း ကျေနပ်သဘောကျသည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံတို့သည် မိနာချီအမ္မာလနှင့် သူလို





မယဉ်မကျေးဘဝမျိုးဖြင့် နေထိုင်မသွားဘဲ ယဉ်ကျေးမှုအသစ်၏ ပုံစံပြယုဂ်များ ဖြစ်စေလိုသည့် ဆန္ဒရှိနေသည်။

အဏ္ဏာမလေနှင့်ဆုန္ဒရီတို့သည် လက်ထပ်ပြီးနောက် 'ဟန်းနီးမွန်း' နေ့ရက်များ၌ အပျော်ကြီးပျော်နေကြသည်။ ဆုန္ဒရီသည် အဏ္ဏာမလေနှင့်အတူ ဟိုတယ်၊ ရုပ်ရှင်၊ ဈေး၊ ပင်လယ်ကမ်းခြေစသော နေရာဌာနများသို့ သွားသည်။ မိမိအား သူယောက်ျားက အတိုင်းအဆ မရှိ ချစ်သည်ကိုတွေ့ရ၍ ဆုန္ဒရီသည် တဖွဖွကြည်နူးဖြစ်နေသည်။ အဏ္ဏာမလေသည် သူ့ဘဝ၏ ခွဲမရသော အင်္ဂါအစိတ်အပိုင်၊ တစ်ခုကဲ့သို့ ဖြစ်နေသည်။ လက်ထပ်မင်္ဂလာအခမ်းအနား အတွက် ကောလိပ်မှ အဏ္ဏာမလေ ယူထားသောခွင့်ရက်များသည် လျှင်မြန်စွာပင် ကုန်ဆုံးလာခဲ့သည်။

မော်တော်ကားနှင့် ဟိုနေရာသည်နေရာ အလည်ထွက်ကြသည့်အခါ၌ နောက်ဖက်က ထိုင်ခုံတွင် ဆုန္ဒရီသည် အဏ္ဏာမလေနှင့် ထိ၍ထိုင်သည်။ သူ၏ အရောင်မျိုးစုံ ဆာရီအသစ်၊ ဦးခေါင်းတွင် ပန်ဆင်ထားသည့် ရနံ့မွှေးကြိုင်နေသော ပန်းမွှင့်များ၊ မျက်ဝန်းနက်ဆိုးဆေး စသော သူ၏ အဆင်တန်ဆာများကို အဏ္ဏာမလေသည် သဘောကျ ကျေနပ်နေသည်။

ဆုန္ဒရီသည် ကလေးငယ်တစ်ဦးပမာ နွဲ့ဆိုးဆိုးလျက် အဏ္ဏာမလေနှင့် ရယ်လိုက် ပြုံးလိုက်စကားပြောလိုက် စိတ်ကောက်လိုက် စလိုက်နှင့် အချိန်ကုန်လွန်လာခဲ့သည်။ အဏ္ဏာမလေသည် ဆုန္ဒရီအား ယခင်ကထက် ပိုမိုသိရှိနားလည်လာသည်။ သို့ရာတွင် ဆုန္ဒရီ၏ အပြုအမူတွင် ထူးခြားမှုရှိလာသည်။ မိမိကိုယ်ကို အဏ္ဏာမလေအား အပြည့်အဝ အပ်နှံရန် အတွက် ဆုန္ဒရီ၏အပြုအမူတွင် ပိုင်စိုးမှုသဘောပါလာသည်။ ဆုန္ဒရီသည် ချစ်ခြင်းကြီးစွာဖြင့် အဏ္ဏာမလေအပေါ်၌ ပိုင်စိုးမှုပြုရာတွင် နှစ်သိမ့်မှုရရှိသကဲ့သို့ ထိုနည်းတူစွာ ဆုန္ဒရီပြောသည်ကို လက်ခံပြီး ဘာမဆိုလုပ်ခြင်း၌လည်း အဏ္ဏာမလေအနေဖြင့် နှစ်သိမ့်မှုရှိလာလေသည်။

အဏ္ဏာမလေသည် မအူမလည် ကလေးသူငယ်တစ်ယောက်ကဲ့သို့သာ ဖြစ်သည်။ ယင်းကလေးငယ်သည် ဆုန္ဒရီ၏အဖြစ်ဖြင့် လှပသောကစားစရာတစ်ခုနှင့် မိမိအပေါ်တွင် ဩဇာအာဏာ စူးရှသော အထိမ်းအယုတစ်ဦးကို တစ်ပြိုင်တည်းရရှိထားသကဲ့သို့ ဖြစ်နေသည်။ အပြင်ထွက်သည့်အခါများ၌ သူ့အတွက် အဝတ်အစားများကို ထုတ်ထားခြင်း၊ လိုအပ်လျှင် သူ့ကို အတင်းဆွဲခေါ်ပြီး မှန်ရှေ့၌ အရပ်ခိုင်းခြင်း၊ ဆံပင်ကို ဖီးပေးခြင်း စသော အလုပ်အားလုံးကို ဆုန္ဒရီက လုပ်ပေးသည်။

ပန်းရန်ဆရာသည် အိမ်အပေါ်ထပ်၌ အဏ္ဏာမလေ၏ စတူဒီယိုနှင့်ကပ်လျက် ဆုန္ဒရီအတွက် အခန်းတစ်ခန်းလုပ်ပေးထားသည်။ ယင်းသို့အားဖြင့် အိမ်အပေါ်ထပ်၌ ဆုန္ဒရီသည် မင်းမူကြီးစိုးနေသည်။ သူ၏အလုပ်ကို ဝင်စွက်မည့်သူအပေါ်၌ တစ်ယောက်မှ မရှိပေ။ ဆုန္ဒရီသည် အဏ္ဏာမလေ၏ စတူဒီယိုအခန်း၌မူ စိုးမိုးပိုင်ဆိုင်မှု မပြုလုပ်ရပေ။ အဏ္ဏာမလေ သူ့အနီးတွင်နေခြင်းကို ကျေနပ်သဘောကျနေသည်။ ဤအပြောကျယ်လှသော ကမ္ဘာလောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲ၌ အစဉ်ထာဝရ ဆုန္နရီနှင့်နေရသည့်အတွက် အဏ္ဏာမလေသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်နေသည်။ ဘာဝကြင်ဖော်သစ်ရရှိသည့်အတွက် သူ့အနေဖြင့် အတွေ့အကြုံ အသစ်များကို ရရှိနေသည်။ အချိန်ကာလ ကုန်ဆုံးကျော်လွန် သွားစေသည့်နည်းသစ် အစီအစဉ်သစ်များကိုလည်း ရရှိထားသည်။ ဤကမ္ဘာလောကကြီး မည်မျှလှပသနည်း၊ မည်မျှ ရောင်စုံခြယ်ထားသနည်းဟူ၍ အဏ္ဏာမလေ တွေးထင်နေမိသည်။

ညဉ့်၏ ပထမယာမ်ဖြစ်သည်။ အခန်းထဲ၌ အဏ္ဏာမလေနှင့် ဆုန္နရီတို့နှစ်ဦး တည်းရှိနေကြသည်။ လမင်းသည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်း၌ ရောင်ခြည်ကို ဖြန့်ဖြူးထားသည်။ အဏ္ဏာမလေသည် ဆုန္နရီ၏ကာယအလှကို စိမ်းစိမ်းဝါးဝါး ကြည့်ရှုနေသည်။ လက်မထပ်ခင်က အနုပညာရှင်တစ်ဦး၏အဖြစ်ဖြင့်သာလျှင် ဆုန္နရီ၏ ကိုယ်ကာယ အလှကို ခံစားခဲ့သည်။ ထိုအချိန်က ဆုန္နရီအား 'မိုဒယ်'တစ်ခု အဖြစ်ဖြင့်သာလျှင် မြင်ခဲ့သည်။ အနုပညာမြတ်နိုးသူတစ်ဦး၏အဖြစ်ဖြင့် အနုပညာတည်းဟူသော ကန့်လန့်ကာအကွယ်မှ ရပ်လျက်မြင်ခဲ့သော ဆုန္နရီ၏ အလှနှင့် ယနေ့ လသာသည့်ညဉ့် လင်ယောကျ်ား၏အဖြစ်ဖြင့် မြင်ရသော ဆုန္နရီ၏အလှတွင် မည်မျှ ခြားနားချက်ရှိနေသနည်း။ ထိုအချိန်၌ ဆုန္နရီအား ကျွန်ုပ်တို့နိုင်ငံရှိ အနုပညာရှင်တို့၏ စိတ်ကူးတွင် ပေါ်ပေါက်လာသော 'ရတီဒေဝီ'ကဲ့သို့ မထင်မှတ်ပေ။ နိုင်ငံခြားအနုပညာရှင်များနှင့် ပန်းချီပညာရှင်များ၏ အိပ်မက်ထဲတွင် ပေါ်ပေါက်လာသော အချစ်နတ်သမီး 'ဗီးနပ်စ်'ကဲ့သို့ ထင်မှတ်နေမိသည်။ ဆုန္နရီ၏ အင်္ဂါကြီးငယ် အစိတ်အပိုင်းများသည် ပွံ့ထွားနေကြသည်။ အသွေးအရောင်မှာ နှင်းဆီသွေး ဖြစ်သည်။ ဆုန္နရီ၏မိန်းမမှု၌ အရှိသောအစိတ်အပိုင်းများတွင် ယောကျ်ားမှုလည်း ရောနှော ပေါင်းစပ်နေသည်။ ဆုန္နရီသည် အချစ်၏ထောက်ချမှုမရှိသော ပင်လယ်သမုဒ္ဒရာထဲ၌ နစ်မြုပ်နေရန်အတွက်သာလျှင် ဤကမ္ဘာလောက၌ ဖြစ်ပေါ်ပေါက်ဖွားလာသည်ဟူ၍ အဏ္ဏာမလေက ထင်နေမိသည်။

အဏ္ဏာမလေက ပြောလိုက်လေသည်။

"ဆုန္နရီ၊ ညည်း အဖေလည်း အနုပညာအသိဉာဏ်ရှိတယ်လို့ ငါထင်တယ်"

"အခုကျမှ ရှင်က ဘာဖြစ်လို့ အခုလို စေ့စေ့စပ်စပ်ကြည့်နေရတာလဲ"

"ညည်းအဖေဟာ အများကြီး စဉ်းစားပြီး ညည်းကို ဆုန္နရီလို့ အမည်နာမပေးထားတာဖြစ်မယ်။ ညည်းဟာ အမှန်တကယ် လှတယ်။ ညည်းသိပ်လှတယ်။ ညည်းရဲ့ အသရေဟာ အပိုင်းအခြားမရှိဘူး"

"ရှင် ကျွန်မရဲ့ ရုပ်ပုံကိုကြည့်ပြီး ပန်းချီပုံကို ဆွဲချင်နေတာနဲ့တူတယ်။ ကျွန်မ ရှင့်ကို အခုအဲဒီလို လုပ်ခွင့်မပေးပါဘူး"

"ကျုပ် ညည်းရုပ်ပုံကို ဘယ်တော့မှ မဆွဲတော့ဘူး။ မျက်နှာရဲ့ အရေးအကြောင်းများကို ပြောင်းလဲလိုက်ရုံနဲ့ တခြားမိန်းကလေးတစ်ယောက်ရဲ့ရုပ်ပုံလို ဖြစ်သွားနိုင်တယ်။



ဒါပေမဲ့ တခြားလူတွေ ညည်းရဲ့ကိုယ်ကာယအလှကို သုံးဆောင်ခံစားတာ ကျုပ် မလိုလားဘူး၊ ဆုန္နရီ ညည်းအပေါ်မှာ အခု ကျုပ်ရဲ့စိုးမိုးပိုင်ဆိုင်မှုသာ ရှိတယ်။ ညည်းဟာ ကျုပ်ရဲ့ဆုန္နရီသာ ဖြစ်တယ်"

"ညည်းဟာ ကျုပ်ရဲ့ ဆုန္နရီသာဖြစ်တယ်"ဟူသော အဏ္ဏာမလေ၏စကားကို ကြားရပြီးနောက်၌ ဆုန္နရီသည် အဏ္ဏာမလေအား နောက်ထပ်စကားပြောခွင့် မပေးတော့ပေ။ ပန်းကုံးကဲ့သို့သော မိမိ၏လက်မောင်းနှစ်ဖက်ကို အဏ္ဏာမလေ၏ လည်ပင်းတွင် ပတ်ရစ်ပြီးလျှင် မိမိဘက်သို့ ဆွဲယူလိုက်လေသည်။ သူတို့၏ရျူမြိန်လှသည့် ကျီစယ်ကစားမှုကို မရှုစားဝံ့သောကြောင့် လမင်းသည် ရှက်ရှက်နှင့် သူ၏ရောင်ခြည်များကို ရုပ်သိမ်းပြီးလျှင် အဝေးသို့ ထွက်သွားလေသည်။ အဏ္ဏာမလေသည် နွေဦးတွင် ရောင်စုံပန်းပွင့်များပေါ်၌ နားလျက် ပန်းဝတ်ရည်ကို သောက်သုံးနေသော ပျားပိတုန်းပမာဖြစ်သွားသည်။ တစ်ခဏ အတောအတွင်း၌ပင်လျှင် သူ၏စိတ်နှလုံးထဲတွင် ရျူမြိန်သော အတွေးအကြံ ရာပေါင်းများစွာ တို့သည် ပေါ်ပေါက်လာပြီးလျှင် သူ၏နှလုံးသားတွင် လှပသောရောင်စုံပန်းမျိုးကားများကို ရေးဆွဲထားလိုက်လေသည်။ ဆုန္နရီသည် ချမ်းသာမှုကို ခံစားရန်အတွက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အဏ္ဏာမလေထံမှ ချမ်းသာမှုရယူသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အဏ္ဏာမလေ အား ချမ်းသာမှု ပေးလိုက်လေသည်။

နံနက်ခင်း ရောက်လာလေပြီ။ ယင်းသို့အားဖြင့် နေ့ရက်ပေါင်းများစွာ ကျော်လွန် ကုန်ဆုံးလာခဲ့သည်။ မော်တော်ကားလိုလာပြီဖြစ်၍ ဒဏ္ဍပါဏီသည် ဆုန္နရီထံမှ မော်တော် ကားကို ပြန်ယူသည်။ ပျော်ပျော်ပါးပါး နေရန်အတွက် ဆုန္နရီအား ဒဏ္ဍပါဏီပေးထားသော ငွေများလည်း ကုန်သွားလေပြီ။ အဏ္ဏာမလေလည်း ကောလိပ်ကျောင်း တစ်ဖန် ပြန်တက် နေပြီ။ အိမ်၌နေရသည်မှာ ဆုန္နရီ ပျင်းရိငြီးငွေ့လာသည်။ အိမ်တွင် သူ့အတွက် လုပ်စရာ အလုပ်မရှိပေ။ အလုပ်အားလုံးကို မိနာချီအမှာလက ဒိုင်ခံလုပ်လေသည်။

တစ်နေ့တွင် ကောလိပ်မှ အဏ္ဏာမလေ အိမ်ပြန်ရောက်လာသောအခါ ဆုန္နရီက ပြောသည်။

"ဖေဖေ သူ့ကားကို ပြန်ယူတဲ့အတွက် ကျွန်မ လက်တွေခြေတွေအားလုံး ကျိုးသွားသလိုပဲဖြစ်နေတယ်။ အိမ်မှာနေစဉ်တုန်းကတော့ ဖေဖေက သူ့ကားကို ကျွန်မကိုပဲ ပေးထားတာများတယ်"

အဏ္ဏာမလေက ပြောသည်။

"ကျုပ်တို့အနေနဲ့ ကားဘာလိုလို့လဲ။ ကျုပ်တို့အတွက် ဒီစကျတာရှိနေရင် လုံလောက်ပါပြီ"

ဆုန္နရီ တိတ်သွားသည်။ အတန်ကြာစဉ်းစားပြီးသည့်နောက်မှ ပြောလိုက်လေသည်။

"ဖေဖေ့ကိုပြောပြီး ကျွန်မတို့ ကားအသစ်တစ်စီး ချက်ချင်းဝယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဖေဖေက ဘယ်လိုလုပ် ငွေဖန်တီးပေးမှာလဲ"

"ဖေဖေ့အနေနဲ့ ကျွန်မတို့ကို တစ်စုံတစ်ခုပေးဖို့ မလိုပါဘူး။ သူ့အတွက် ရှင်လုပ်ပေးနေတဲ့ အလုပ်တွေနဲ့ သူ့ ငွေ သိန်းပေါင်းများစွာရဖို့ ရှိနေတယ်။ အဲဒီအစား ကျွန်မတို့ကို ငွေမပေးဘဲ ကားဝယ်ပေးရင် တော်ပါပြီ"

အဏ္ဏာမလေး စိတ်ထဲက ရယ်မိသည်။ အဏ္ဏာပါဏီသည် နေ့ရက်အတန်ကြာ သူ့ကားကို ကျွန်ုပ်တို့အား ပေးသည်မှာ အမှားကြီးမှားပြီဟူ၍ ထင်သွားသည်။ မိမိအနေဖြင့် အစဉ်ထာဝရ သူ့ဖခင်၏ကုမ္ပဏီမှာ အလုပ်လုပ်စေလိုသော ဆုန္ဒရီ၏အကြံအစည်ကို အလွန်တရာ ထူးဆန်းလှသည်ဟူ၍ အဏ္ဏာမလေးက ထင်နေမိသည်။ ရုတ်တရက် သူ၏ စိတ်နှလုံးတွင် ပိုစတာနှင့် ခတ်ပုံများတွင် အရောင်ခြယ်ပြီး လှအောင်လုပ်ခြင်းဟူသော အတွေးပေါ်လာသည်။ ယင်းအလုပ်နှစ်မျိုးကို လူပေါင်းများစွာ လုပ်နိုင်ကြသည်။

ယင်းအလုပ်များ စုပ်ကိုင်နိုင်ဖို့ရာအတွက်သာ သူတို့၏ကုမ္ပဏီ၌ မိမိအား အလုပ်လုပ်နိုင်းရန် လိုအပ်ပါသလော။

အဏ္ဏာမလေးက ပြောလိုက်လေသည်။

"ကျုပ်တို့အတွက် စက္ကူတာရှိရင် တော်ပြီ၊ ကျုပ်တို့ ကားမလိုပါဘူး"

ဆုန္ဒရီသည် စိတ်ဆိုးပြီး အဏ္ဏာမလေးကို စူးစူးဝါးဝါး ကြည့်လိုက်လေသည်။

ရုတ်တရက် ကားတစ်စီး သူတို့အိမ်တွင် လာဆိုက်သည်။ အဏ္ဏာမလေးနှင့် ဆုန္ဒရီတို့သည် ယင်းကားအကြောင်းကို တွေးပင်မတွေးမိပေ။ ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့သည် သူတို့၏ လုပ်ငန်းအသစ် တိုးတက်အောင်မြင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကားတစ်ပတ်ရစ်တစ်စီးကို ဝယ်လိုက်ကြသည်။ မာဏိက္ကမ်၏ စီမံကိန်းအရ နှစ်ယောက်ပေါင်းပြီး ထိုကားကို ငွေအရစ်ကျပေးသွင်းသည့်စနစ်ဖြင့် ဝယ်လိုက်ကြခြင်းဖြစ်သည်။ ထိုကားကို ပန်းရန်ဆရာတစ်ဦးသည် ပိုင်ဆိုင်မှုမရှိပေ။ သို့သော်လည်း ကားရောက်လာသဖြင့် ဆုန္ဒရီသည် အားတက်သရောဖြစ်နေသည်။ သူတို့လည်း မကြာခင် ကား အသစ်တစ်စီး ဝယ်နိုင်လိမ့်မည်ဟု ဆုန္ဒရီက ယုံကြည်ယူဆထားသည်။

မာဏိက္ကမ်သည် သူ၏စီမံကိန်းကို အလျင်အမြန် အကောင်အထည်ဖော်သည်။ အာနန္ဒီသည် ကဒိရေရှန်အား မာဏိက္ကမ်၏စီမံကိန်းကို ပြောပြသည်။ သို့ရာတွင် အာနန္ဒီသည် အိမ်ကိုပေါင်နှံလျက် ငွေချေးယူရန်အတွက်မူ သူ့ဖခင်အား နားပူနားဆာ မလုပ်ပေ။ ပန်းရန်ဆရာကလည်း ကဒိရေရှန်အား သူ၏လုပ်ငန်းသစ်အကြောင်းကို ပြောပြသည်။

ပန်းရန်ဆရာက ပြောပြသည်။

"ကျုပ် မယိုလာပူက အိမ်ကိုရောင်းပြီး ဆရာကြီးရဲ့အကူအညီနဲ့ ဒီအိမ်ကို ဘယ်လောက်ကြိုးစားပမ်းစား ဆောက်လုပ်တယ်ဆိုတာ ဆရာကြီး အသိဖြစ်တယ်။ ကျုပ်ဆီမှာရှိတဲ့ ငွေကြေးအားလုံးဟာ အဏ္ဏာမလေးရဲ့ လက်ထပ်မင်္ဂလာပွဲမှာ သုံးပစ်လိုက်ရပြီ။ အခုဆိုရင်





ဒီအိမ်ပဲ ကျုပ်ရဲ့တစ်ခုတည်းသော ပစ္စည်းဥစ္စာဖြစ်နေတယ်။ ဒါပေမဲ့ ကျုပ် ဒီအိမ်ကိုပေါင်ပြီး ငွေချေးဖို့ စိတ်ကူးနေတယ်။ ဆရာကြီးရဲ့အခြေအနေကလည်း ကျုပ်နဲ့ ထူးမခြားနားပဲ။ ကျုပ်တို့ဟာ အခါအခွင့်ကို အမြတ်တမ်း အကျိုးရှိအောင် လုပ်သင့်တယ်ဆိုတဲ့အကြောင်းကိုပဲ ဆရာကြီးကို ကျုပ်ပြောပြချင်တယ်"

ပန်းရန်ဆရာ၏အခါအခွင့်ကို အသုံးချဖို့ ပြောပြသည့်စကားကို ကြား၍ ကဒိရေရှန်သည် စိတ်ထဲက ရယ်မိသည်။

"ဒီမြို့မှာရှိတဲ့ လူတိုင်းဟာ အခါအခွင့်ကို အသုံးချဖို့ပဲ စိတ်ကူးနေကြတယ်။ ဒါကြောင့် ဒီမြို့မှာ လေမုန်တိုင်းတစ်မျိုး ကျရောက်နေခြင်းဖြစ်တယ်။ လူတွေရဲ့ အလောင်းအစားလုပ်လိုတဲ့သဘောထားကြောင့် အစားအသောက် အဝတ်အစားနဲ့ အိမ်ရဲ့တန်ဖိုးဟာ အဖျားတက်သလို အရှိန်နဲ့တက်နေခြင်းဖြစ်တယ်။ လမ်းဘေးမှာ တဲပုတ်ကလေးတွေနဲ့ နေကြရတဲ့ ဆင်းရဲသားများကတော့ အသက်ရှူကျပ်နေကြရတယ်။ အလယ်အလတ်တန်းစား လူတွေဟာ အိမ်လခမပေးနိုင်ကြတဲ့အတွက် ဗျာများနေကြတယ်။ အိမ်နဲ့မြေကွက်တွေရဲ့ တန်ဖိုးဟာ တက်ပြီးရင်း တက်နေတယ်။ အဲဒီလိုအခြေအနေမျိုးမှာ စင်ဗျားက ဒီမြေကို ဘယ်သူ့ကို ရောင်းချပြီး အမြတ်ထုတ်ဖို့ စိတ်ကူးနေတာလဲ"

ကဒိရေရှန်၏ ရိုးအမှုကြောင့် ပန်းရန်ဆရာ ရယ်ချင်လာသည်။

"ဒီနိုင်ငံမှာ ငွေတွေ အစုလိုက်အပုံလိုက်ရှိနေပြီး အဲဒါလောက် ငွေတွေကို ကိုယ့်ဆီမှာထားပြီး ဘာလုပ်ရမလဲဆိုတာ မသိနားမလည်တဲ့လူတွေ အများကြီးရှိတယ်။ သူတို့တစ်တွေဟာ မြို့ပေါ်လာပြီး မိမိတို့ငွေကြေးကို အသုံးချဖို့အတွက် စိတ်စောနေကြတယ်။ ဒါကြောင့် ယခုအခါမှာ မြေရဲ့တန်ဖိုးဟာ ရွှေထက်တောင် တက်နေတယ်။ လူတွေဟာ အိမ်တစ်လုံးဆောက်ပြီးပေမယ့် မကျေနပ်သေးဘဲ နောက်ထပ် အိမ်ကိုးလုံးလောက် ဆောက်လုပ်နေကြတယ်။ အလွတ်မြေကွက်ကိုဝယ်ပြီး မြေကွက်ရဲ့ပတ်လည်မှာ ခြံစည်းရိုးတွေ ကာထားကြတယ်။ အဲဒီအိမ်နဲ့မြေကွက်ဟာ သူတို့ရဲ့ ခွေးခုနစ်ဆက် မျိုးခုနစ်ဆက်အတွက် ပစ္စည်းဥစ္စာဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့ရဲ့ လုပ်ငန်းကောင်းကောင်း အောင်မြင်ရခြင်း ဖြစ်တယ်"

ကဒိရေရှန်က ပြောလေသည်။

"အခုလို လောဘဇောထွက်နေတာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ အဲဒါဟာ အနာဂတ်ကာလမှာ ဖြစ်လာမယ့် ကြောက်မက်ဖွယ်ကောင်းတဲ့ လေမုန်တိုင်းရဲ့ အမှတ်လက္ခဏာဖြစ်တယ်"

"ဆရာကြီး အခုလို အကြောင်းမဲ့ စိုးရိမ်မနေစမ်းပါနဲ့။ မုန်တိုင်းတွေဘာတွေဆိုတာ လာမှာမဟုတ်ပါဘူး၊ မာဏိက္ကမ်ဟာ အင်မတန် လူရည်လည်တဲ့ သူငယ်ဖြစ်တယ်။ ဘဝကို အောင်မြင်နိုင်တဲ့နည်းလမ်းကို နားလည်တယ်။ သူ့စီမံကိန်းကို သဘောကျတဲ့အတွက် ကျုပ် ဒီလုပ်ငန်းကိုလုပ်ဖို့အတွက် အားတက်လာခြင်းဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်က အိမ်ကို ကိုယ်မနေနိုင်လို့ သဘောထားတဲ့လူမဟုတ်ဘူး။ အိမ်ဆိုတာ လူနေမှတဲ့ အိမ်ဖြစ်တာပဲဖြစ်တယ်။ အိမ်ကိုပေါင်ပြီး အကြွေးယူမှ ခင်ဗျားက ကျွန်ုပ်ကို အကြီးကျယ်ပေးနေတယ် ဟုတ်လား"

"အိမ်လုပ်ပိုင်ခွင့်အရသော် ဒီအိမ်ကို ဆရာကြီး လက်လွှတ်သွားမှာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ အိမ်ကို ပြန်ရအောင် လုပ်မှာပါ။ ဒါတင်မကဘူး။ လုပ်ငန်းကရတဲ့ အမြတ်အစွန်းနဲ့ တခြားအိမ်သစ်တစ်လုံးကိုတောင် ဆောက်ဦးမှာပါ"

ကဒီရေရှန် တွေသွားသည်။ ပန်းရန်ဆရာ၏စီမံကိန်းကို သူ လုံးဝသဘော မကျပေ။ သို့သော်လည်း စီမံလုပ်သမျှအပေါ်၌ သူ၏သမီး အံ့နန္ဒီ၏အနာဂတ်ဘဝ တည်နေသည် ဆိုသည်ကို ကဒီရေရှန် သိရှိနားလည်သည်။ အကယ်၍ ပန်းရန်ဆရာ၏စကားကို ငြင်းဆန် လိုက်ပါက အံ့နန္ဒီနှင့် မာဏိက္ကမ်တို့၏ အကြားတွင် ရင်ကြားမစေ့သည့် စိတ်သဘောထားများ ဖြစ်ပေါ်လာပေလိမ့်မည်။ အိမ်၏တန်ဖိုးက ပိုသလား၊ သို့မဟုတ် အိမ်ထောင်မိသားစု၏ တန်ဖိုးက ပိုသလားဟူ၍ စဉ်းစားကြည့်မိလေသည်။

အတန်ကြာစဉ်းစားဆင်ခြင်ပြီးနောက် ကဒီရေရှန်သည် ပန်းရန်ဆရာအား ပြောလိုက်လေသည်။

"ခင်ဗျားကြိုက်သလို လုပ်ပါ"

စာချုပ်ချုပ်ဆိုလိုက်ကြသည်။ စာချုပ်တွင် ကဒီရေရှန်အား လက်မှတ်ရေးထိုးစေသည်။ လူတို့သည် မည်သည့်အခြေအနေ၌မဆို အလိမ်အညာကို အားကိုးအားထား ပြုလုပ်ရသည်ဆိုသည်ကိုတွေ့ရ၍ ကဒီရေရှန်သည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားသည်။ ငွေသုံးသောင်းချေးယူသည်။ သို့ရာတွင် စာချုပ်၌မူ ချေးငွေ၏အရေအတွက်ကို သုံးသောင်းငါးထောင်ဟု ရေးထားသည်။ စာချုပ်ပါအတိုင်း ကဒီရေရှန်အနေနှင့် တစ်ကြိမ်တည်း အတိုးငွေကို ပေးရမည်ဖြစ်သည်။ သို့ရာတွင် အခြားတစ်နေရာ၌ အတိုးငွေကို နှစ်ကြိမ်ပေးမည်ဟူ၍ ထွေကို စာဖြင့်ရေးခိုင်းထားသည်။ ငွေကြေးဥစ္စာသည် နေရာတိုင်းတွင် ဝင်ရောက်လာပြီးလျှင် အမှန်တရားကို အပြည့်အဝ နှိပ်ကွပ်ချိုးနှိမ်ထားသည်ဟူ၍ သိရသောကြောင့် ကဒီရေရှန်သည် ငိုချင်မလောက်အောင် စိတ်မချမ်းမသာ ဖြစ်သွားသည်။ ငွေကြေးနှင့်ပတ်သက်၍ မာဏိက္ကမ်သည် အလွန်ပါးနပ်သူ ဖြစ်သည်။ အလိမ်ပညာနှင့် အကြွားအဝါ၏ အကူအညီဖြင့်သာလျှင် ဘဝကို အောင်မြင်အောင် လုပ်သင့်သည်ဟူသော သဘောတရားကို မာဏိက္ကမ်သည် အပြည့်အဝ ယုံကြည်ထားပုံရသည်။

မှတ်ပုံတင်အရာရှိရုံး၌ အိမ်ပေါင်နှံသည့်အလုပ်နှင့် မြေဝယ်ယူသည့်အလုပ်ကို တစ်ချိန်တည်း ပြုလုပ်ကြသည်။ အနွရာပြည်နယ်မှ မြေပိုင်ရှင်၏ ကိုယ်စားလှယ်သည် မြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လက်မှတ်ထိုးပြီးလျှင် ငွေကို ယူသွားသည်။ ယင်းအလုပ်အားလုံးကို ပြုလုပ်ဖို့ရန်အတွက် မြေပိုင်ရှင်က



သူ့ကို အာဏာကုန်လွှဲအပ်ထားသည်။ မြေအရောင်းအဝယ်လုပ်သူတို့သည် ပွဲစားအား ပွဲခ ပေးပြီးလျှင် အရောင်းအဝယ်အလုပ်ကို အပြီးသတ်လိုက်ကြသည်။ မြေပိုင်ရှင်၏ ကိုယ်စားလှယ်သည် မော်တော်ကားနှင့် အနွရာပြည်နယ်သို့ ပြန်သွားသည်။

မဏိက္ကမ်နှင့် ပန်းရန်ဆရာတို့သည် မြေပိုင်ရှင်၏မြေကို ပိုင်ဆိုင်သူများ ဖြစ်လာကြပြီးလျှင် မြေကို ပိုင်းလျက် အကွက်ဖော်ကြသည်။ နေ့မအား ညမအား အလုပ်လုပ်ကြသည်။ မြေကွက်များ၏အကြားတွင် ကျောက်တိုင်စိုက်လျက် တစ်ကွက်နှင့် တစ်ကွက်ကို ခြားထား လိုက်သည်။ မြေကွက်များ၏အလယ်တွင် လမ်းဖောက်ထားသည်။ ထိုအချိန်အတွင်း အိမ်နှစ်အိမ်တွင်လည်း တယ်လီဖုန်း သွယ်ထားလိုက်လေသည်။

တစ်နေ့တွင် အချိန်ကောင်းအခါကောင်းရွေးလျက် မာဏိက္ကမ်နှင့် ပန်းရန်ဆရာ တို့သည် သတင်းစာအားလုံးတွင် ကြော်ငြာထည့်လိုက်ကြသည်။

"ပန်းရုံမြို့၌ အိမ်ဆောက်ရန်အတွက် အကွက်အကွင်းကျသော မြေကွက်များ ရောင်းရန်ရှိသည်။ ရောင်းသူများအား တယ်လီဖုန်းဖြင့် အဆက်အသွယ် ပြုလုပ်နိုင်သည်။ ကိုယ်တိုင်လာရောက်တွေ့ဆုံသူများအား မော်တော်ကားဖြင့် ခေါ်ဆောင်သွားပြီး မြေကွက်ကို ပြမည်။ မြေကွက်များ အလျင်အမြန် အရောင်းအဝယ်ဖြစ်နေသဖြင့် နောက်ကျပြီးမှ လာပါက ရလိမ့်မည်ဟူ၍ အာမ မခံနိုင်ပေ။ မြေကွက်တန်ဖိုး စသော အသေးစိတ်အကြောင်းအရာများ အတွက် ကိုယ်တိုင်လာရောက်စုံစမ်းနိုင်သည်"

မဒရပ်မြို့၌ သတင်းစာဖတ်သူများထဲတွင် လူတန်းစားတစ်ရပ် ရှိသည်။ ထိုလူတန်းစားသည် သတင်းစာထဲက အစိတ်အပိုင်းတစ်ခုကိုသာလျှင် နေ့တိုင်းနေ့တိုင်း အာရုံစိုက်၍ ဖတ်သည်။ ထိုအစိတ်အပိုင်းမှာ မြေကွက် သို့မဟုတ် အိမ်အရောင်းအဝယ်နှင့် စပ်လျဉ်းသော ကြော်ငြာဖြစ်သည်။ ထိုလူတန်းစား ပုဂ္ဂိုလ်များ၏ စီးပွားရေးအခြေအနေမှာ တစ်ဦးတစ်ဦး မတူပေ။ အမျိုးမျိုးအစားစား ရှိကြသည်။ ယင်းတို့အနက် တချို့မှာ မိမိတို့ ငှားနေသည့် အိမ်လခကိုပင် လစဉ်မှန်မှန်ပေးနိုင်ဖို့အတွက် အခက်အခဲရှိသူများ ဖြစ်ကြသည်။ သို့သော်လည်း ထိုလူတို့သည် မသေမီ အိမ်တစ်အိမ်လောက် အပိုင်ဝယ်ယူလိုသည့် စိတ်ကူးနှင့် မောနေကြသူများ ဖြစ်သည်။ သတင်းစာများထဲတွင်ပါသော အိမ်အရောင်းအဝယ်နှင့် ပတ်သက်သည့် ကြော်ငြာကိုကြည့်လိုက်၊ တန်ဖိုးကို စနည်းနာပြီး မိန်းမောသွားလိုက် ဖြစ်နေခြင်းမှာ သူတို့၏အလုပ်ဖြစ်သည်။ လူအချို့မှာမူ မြေကွက်ဝယ်ယူပြီး ထိုမြေကွက်တွင် အိမ်ဆောက်လျက် အမြတ်ငွေများများနှင့် အိမ်ကို ပြန်ရောင်းကြသူများ ဖြစ်သည်။ အချို့ကား မိမိတို့တွင် ရှိသော ငွေမည်းများ သူတစ်ပါးလာထိမှာ စိုးသောကြောင့် အိမ်အဖြစ် ဖန်တီးထားလိုကြသူများ ဖြစ်သည်။ 'ပန်းရန်ဆရာ-မာဏိက္ကမ် ကုမ္ပဏီ'၏ ကြော်ငြာကိုဖတ်ပြီး ထိုပုဂ္ဂိုလ်အတန်းအစား အားလုံး စိတ်ပါဝင်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းအန်းတွင် ထိုင်နေသောမာဏိက္ကမ်သည် တယ်လီဖုန်းအနားက ခွာ၍ မရအောင် ဖြစ်နေသည်။ မကြာမီ အတောအတွင်းမှာပင် တက္ကစီနှင့်တစ်မျိုး ကိုယ်ပိုင်ကားနှင့်တစ်ဖုံ လူတွေအလျှိုလျှိုရောက်လာကြသည်။ ကုမ္ပဏီတွင် လူတွေ တင်းကြမ်းဖြစ်နေသည်။ ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့တွင် ရောင်းချရန် မြေကွက်နှစ်ဆယ့်ငါးကွက် အကွက်သုံးဆယ်မျှလောက်သာရှိသည်။ မြေကွက်ကို ဝယ်ယူရန် ရောက်လာကြသောသူများနှင့် တယ်လီဖုန်းဖြင့် စုံစမ်းသော လူများ၏ဦးရေမှာ တစ်ရာကျော်နေသည်။ ကြော်ငြာပြီး နောက်တစ်နေ့မှာပင် ဒီမျှများပြားသောလူများ ရောက်ရှိလာကြခြင်းဖြစ်သည်။ များပြားသောလူများကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းရမည် ဆိုသည်ကို ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့ မသိနားမလည်အောင် ဖြစ်နေကြသည်။

နှစ်ဦးသားသည် တစ်ဦးနှင့်တစ်ဦး လက်တို့ခေါ်လျက် လူရှင်းရာသို့ ခဏသွားပြီး တိုင်ပင်နီးနှောကြသည်။ အကယ်၍ မြေကွက်တစ်ကွက်ကို ငါးထောင် သို့မဟုတ် ခြောက်ထောင် နှင့်သာ ရောင်းချပါက မြေကွက်အားလုံး တစ်နေ့တည်းတွင် ကုန်သွားနိုင်သည်။ မြေကွက်များကို ခြောက်ထောင်နှစ်ထောင်နှင့် ရောင်းရလျှင် တော်ပြီ။ တစ်ရာရင်း နှစ်ရာမြတ်မည်။ ယင်းသို့ တွက်ထားကြသည်။ သို့သော်လည်း အခြေအနေကိုကြည့်လျက် တစ်ရာရင်း သုံးလေးရာမြတ်လျှင် ပိုမကောင်းဘူးလား။ တန်ဖိုးကို အခြေအနေအရမြှင့်ပြီး ရောင်းချသင့်သည်ဟူ၍ စဉ်းစားကြသည်။

မာဏိက္ကမ်နှင့် ပန်းရန်ဆရာတို့သည် မြေကွက်ဝယ်လိုသူများကို ခေါ်သွားပြီး မြေကွက်ကို ပြသည်။ မြေကို ဈေးကြီးပေးဝယ်ယူရကြောင်း မြေကို ယခုအခြေအနေ ရောက်အောင် လုပ်ရသည်မှာလည်း ငွေကုန်ကြေးကျများလှကြောင်းကို ပြောပြသည်။ သူတို့ကိုယ်တိုင် အိမ်ဆောက်ပေးမည်ဖြစ်ကြောင်းကိုလည်း မြေကွက်ဝယ်လိုသူများအား ကတိပေးသည်။ မြေကွက်ဈေးကို ကြားရသောအခါ အချို့မှာ မျက်လုံးမျက်ဆန် ပြူးသွားကြသည်။ သို့ရာတွင် ရှေးဘဝကုသိုလ်ကံပါသည့်ဖြစ်၍ မယိလာပူ အနီးအနားတစ်ဝိုက်က ဤမျှကောင်းမွန်သော မြေကွက်ကို မိမိတို့ရရှိလေခြင်းဟူ၍ ဝမ်းပန်းတသာ ဖြစ်နေကြသူများလည်းရှိသည်။ ထိုပုဂ္ဂိုလ်များအား ငွေကို ရေလိုဖြုန်းပစ်နိုင်ကြသူများ ဖြစ်ကြသည်။

ပထမနေ့၌ပင် မြေကွက်တစ်ကွက် ငွေခုနစ်ထောင့်ငါးရာနှုန်းဖြင့် မြေကွက် ဆယ်ကွက် အရောင်းအဝယ်ဖြစ်သွားသည်။ အားလုံးပင် စရံငွေငါးထောင်စီ ပေးသွားကြသည်။ သူတို့၏နာမည်ဖြင့် မြေကွက်ထွက်လာသည့်အခါ ကျန်ငွေကို ပေးမည်ဟူ၍လည်း သဘောတူသွားကြသည်။ ထိုနေ့ ရရှိသည့်ငွေဖြင့် အိမ်နှစ်လုံး ပေါင်နှံထားသည့်အတွက် တက်နေသည့် အတိုးကို ဆပ်မည်ဟူ၍ မာဏိက္ကမ်က ပြောသည်။ မြေကွက် အားလုံးကို ရောင်းချပြီးသည့်အခါ၌ သူတို့နှစ်ယောက် တစ်ယောက် ငွေခြောက်သောင်းစီ အမြတ်ရလိမ့်မည်ဟူ၍ စာရင်းဇယား တွက်ထားကြသည်။





ကဒိရေရှန်နှင့် အာနန္ဒီတို့ကမူ ပြဇာတ်ကနေသည်ကို ကြည့်နေကြရသလားဟူ၍ အောက်မေ့နေကြသည်။ တကယ့်ပြဇာတ်၌ပင် ယင်းကဲ့သို့ ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်မျိုး ဖြစ်သည်ကို မတွေ့ရပေ။ သို့သော် ယင်းကဲ့သို့သော အဖြစ်အပျက်မျိုး တကယ့်တကယ် ဖြစ်ပျက်နေသည်ကို တွေ့မြင်နေရသည်။

မြေကွက်များကို ဝယ်သူများ၏အမည်ဖြင့် ပြောင်းလွှဲပေးရန် ချိန်းဆိုထားသော နေ့တွင် စိတ်မချမ်းမြေ့ဖွယ်အဖြစ်အပျက်တစ်ခု ဖြစ်လာသည်။ ထိုနေ့တွင် နံနက်စောစော အချိန်၌ပင် ပန်းရန်ဆရာနှင့် မာဏိက္ကမ်ကို ပုလိပ်ဖမ်းသွားသည်။

◆◆◆

ပန်းရန်ဆရာနှင့် မာဏိက္ကမ်ကို ပုလိပ်ဖမ်းဆီးခေါ်ဆောင်သွားသည်နှင့် အိမ်ထောင်စု နှစ်စုမှ လူများ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။ ကဒိရေရှန်သည် အလွန်တရာ စိတ်ပျက်ဝမ်းနည်းစွာဖြင့် ဦးခေါင်းငိုက်စိုက်ချလျက် ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ အဏ္ဏာမလေသည် အလျှင်အမြန် ရဲစခန်းလိုက်သွားရန် ပြင်ဆင်သည်။ ရဲစခန်း၌ အဏ္ဏာမလေအား အထဲသို့ ဝင်ခွင့်မပေးပေ။ ဆုန္ဒရီသည် ငိုကြီးချက်မနှင့် သူ၏ဖခင် ဓာတ်ပုံပါဏီကို ဖုန်းဆက်သည်။ မီနာချီအမ္မာလနှင့် အာနန္ဒီတို့လည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကုန်ကြသည်။

မာဏိက္ကမ်၏ မိခင် ကျေလမ္မာလသည် ကဒိရေရှန်ရှေ့သွားပြီး သူ့ဦးခေါင်းကို သူ ထုသည်။

"ကျွန်မ အသည်းနှလုံးတွေ ကွဲကုန်ပြီ။ ဆရာကြီးက အခုလို ဘာဖြစ်လို့ မတုန်မလှုပ်ထိုင်နေရတာလဲ။ အခုပဲသွားပြီး ကျွန်မသားကို ခေါ်ထုတ်လာခဲ့ပါ။ နို့မဟုတ်လျှင် ဆရာကြီး အပြစ်မကင်းဘဲ ဖြစ်နေလိမ့်မယ်"

ယင်းသို့ပြောလျက် ကဒိရေရှန်အား ခြိမ်းခြောက်သည်။

ထိုအချိန်၌ သူ၏သား မာဏိက္ကမ်နှင့် ပန်းရန်ဆရာတို့သည် ရဲစခန်း၌ အင်စပက်တာ၏ရှေ့ရှိ ခုံတစ်ခုပေါ်တွင် ထိုင်နေကြသည်။ သူတို့နှစ်ဦး၏ အနီး၌ပင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နှင့် အနေရာပြည့်နေယ်သာ၊ မြေရှင်လည်း ထိုင်နေသည်။ သူ၏မျက်လုံးသည် ဒေါသကြောင့် နီရဲနေသည်။ သူ၏ အသွင်အပြင်ကိုကြည့်လျှင် ပြဇာတ်၌ 'ကသ'အဖြစ် ပါဝင်ဆောင်ရွက်ရန်အတွက် လုံးဝသင့်လျော် လျောက်ပတ်သည်ဟု ထင်ရသည်။ ထိုပုဂ္ဂိုလ်သည် ဒေါသအမျက်ပြင်းစွာ ထွက်လျက် တမီလ်၊ တေလဂူ၊ အင်္ဂလိပ်စကား သုံးမျိုးရောနှောနေသော ဘာသာစကားဖြင့် ပြောနေသည်။

သူပြောသောစကား၏ အနှစ်ချုပ်မှာ ဤသို့ဖြစ်သည်။ တခြားပုဂ္ဂိုလ်များ၏ ပစ္စည်းကို အလွန်တရာ ရက်ရောစွာဖြင့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို ပေးဖို့ရန်အတွက် အသင့်ဖြစ်နေကြသော ပုဂ္ဂိုလ်များကဲ့သို့ ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့သည် မိမိ၏မြေကို လေလံတင်



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ မဒရပ်၌နေသော မိမိ၏မိတ်ဆွေတစ်ယောက်က မိမိအား ထိုသတင်းကို ပေးသည့်အပြင် သတင်းစာ၌ကြော်ငြာသော ကြော်ငြာစာရွက် တစ်ရွက်ကိုပါ ပို့လိုက်သည်။ မဒရပ်သို့လာ၍ မေးမြန်းစုံစမ်းသောအခါ ဤလူလိမ်လူညစ်များသည် အခြားလူလိမ်လူညစ်တစ်ယောက်ထံမှ မြေဝယ်သည့်ပုံ ဆင်ထားကြသည်။ ထိုမြေရှင်၏ကိုယ်စားလှယ် အေးဂျင်းအစစ်အမှန်လည်း မြေရှင်နှင့်အတူ လိုက်ပါလာသည်။ မြေရှင်၏ ကိုယ်စားလှယ်အေးဂျင်းအဖြစ် ထိုနှစ်ယောက်ထံမှ ငွေယူသောသူသည် ပန်းရန်ဆရာနှင့် မာဏိက္ကမ်တို့၏ မိတ်ဆွေသာဖြစ်သည်ဟု မြေရှင်က ပြောသည်။ မြေအရောင်းအဝယ်လုပ်ခြင်းကို ဟန့်တားထားရန်အတွက် တရားရုံး၌ သူတို့နှစ်ဦးအား အမှုဖွင့်ထားသည်ဟူ၍လည်း မြေရှင်က ပြောပြသည်။ သူတို့နှစ်ဦးအား မလိမ့်တစ်ပတ်လုပ်သည်ဟူသော စွဲချက်ကိုလည်း ရဲစခန်း၌ အစီရင်ခံထားသည်။ မြေရှင်က "ဒီတရားခံနှစ်ယောက်ကို အချုပ်ခန်းထဲ မပို့ရမချင်း ငါ မဒရပ်က မပြန်ဘူး" ဟု ဟိန်းဟောက်ခြိမ်းခြောက်လိုက်သည်။

ပန်းရန်ဆရာသည် မိမိ၏တစ်သက်တာ၌ ဤကဲ့သို့ တစ်ခါမှ စော်ကားမော်ကားအလုပ်မခံရဘူးပေ။ မိမိ၏တစ်သက်တာ၌ ဆင်းရဲဒုက္ခရောက်ခြင်း၊ တစ်ပတ်ရိုက်ခံရခြင်းစသော အမျိုးမျိုးအပြားပြားသော အဆင်မပြေမှုများကို ခံလာခဲ့ရသည်။ ယနေ့အထိ သူ့ကိုမည်သူကမှ လူလိမ်လူညာဟူ၍လည်းကောင်း၊ လူယုတ်မာ ဟူ၍လည်းကောင်း မပြောဘူးပေ။ ပုလိပ်က တစ်စုံတစ်ယောက်၏အိမ်သို့ သွားပြီး ထိုအိမ်က လူတစ်ဦးတစ်ယောက်အားဖမ်းဆီးချုပ်နှောင်ခြင်းကို ပန်းရန်ဆရာသည် အကြီးအကျယ် စော်ကားခံရခြင်းဖြစ်သည်ဟု အောက်မေ့သည်။ ပန်းရန်ဆရာသည် မြို့သားလုံးလုံး မဖြစ်သေးပေ။ ထို့ကြောင့် မိမိမထိမ့်မြင်အပြုခံရသည်ဟူ၍ပင် စွဲမှတ်ထားသည်။ မကြာခဏ မိမိမျက်လုံးကို ပွတ်နေသည်။ ရှက်လွန်းလှသဖြင့် သူ၏ကိုယ်ခန္ဓာသည် ပုဝင်နေသည်။ စကားတစ်ခွန်းမှ မပြောဘဲ ခပ်မဆိတ်သာ ထိုင်နေသည်။

မာဏိက္ကမ်သည် အခြေအနေအရပ်ရပ်ကို ကောင်းစွာအကဲခတ်မိသည်။ မြေရှင်၏ကိုယ်စားလှယ်အေးဂျင့်အဖြစ်နှင့် ရောက်လာသော အန္ဓရာပြည်နယ်သား လူယုတ်မာသည်မိမိတို့အား တစ်ပတ်ရိုက်သည်ဟု နားလည်သွားသည်။

ပန်းရန်ဆရာသည် အသေအချာ မေးမြန်းစုံစမ်းပြီးမှ မြေဝယ်ရန် သူ့ကို မဆွကပင်ပြောပြထားသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ သူ့ကို ပန်းရန်ဆရာက နောက်ပိုင်းတွင်အခက်အခဲတစ်စုံတစ်ခု မတွေ့စေရန် သတိကြီးစွာ ထားရမည်ဟူ၍ သတိပေးထားသည်။ ပန်းရန်ဆရာသည် ကျောင်းနေဖူးသူ မဟုတ်ပေ။ ထို့ကြောင့် ဤမျှ ထိတ်ထိတ်ပျာပျာဖြစ်နေခြင်းဖြစ်သည်။ ယင်းသို့ စဉ်းစားလျက် မာဏိက္ကမ်သည် ပန်းရန်ဆရာ၏ စကားကိုနားမထောင်ဘဲ မိမိအလုပ်ကိုသာလျှင် တွန်းပြီး ပြုလုပ်လိုက်လေသည်။





မာဏိက္ကမ်သည် ထိတ်ထိတ်ပျာပျာ ဖြစ်မနေပေ။ ထိတ်လန့်ကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ ပုလိပ် အင်စပက်တာနှင့် မြေရှင်အား ဥပဒေစကားကို ပြောကြားနေသည်။ မြေရှင်က သူ့လူအား မြေရောင်းရန် တာဝန်ပေးထားသည်။ ယခု သူတို့ထံမှ ငွေရရှိပြီးသည့်နောက်တွင် မြေရှင်သည် သူတို့ကို အကြောင်းမဲ့ခြိမ်းခြောက်နေသည်။ ဥပဒေကြောင်းအရယခုအခါ၌ မြေကို သူတို့သာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ သူတို့သည် မြေတန်ဖိုးကို ပေးချေလျက်မြေကို မှတ်ပုံတင်ထားပြီးပြီ။ ဤမြေရှင်သည် အလိမ်အညာဖြစ်သည်။ တစ်ပတ်ရိုက်သည်။ မမှန်မကန်လုပ်သည်။ တရားဥပဒေကို ဆန့်ကျင်သည်။

ထိုအချိန်၌ မြေရှင်သည် အင်စပက်တာ၏ရှေ့၌ ထိုင်နေသည်။ ထို့ကြောင့်မာဏိက္ကမ်အား တစ်စုံတစ်ရာ မပြောကြားပေ။ သို့မဟုတ်ပါက မာဏိက္ကမ်အား နုပ်နုပ်စင်းပစ်မည်လား မသိပေ။ မိမိ၏ဥစ္စာပစ္စည်းကို လုယူသိမ်းပိုက်ပြီးလျှင် မိမိအား ကောက်ကျစ်စဉ်းလဲသူဟု ပြောနေသည်။ ထို့ကြောင့် ဒေါသထွက်လွန်းမကထွက်သဖြင့် သူ၏ တစ်ကိုယ်လုံးသည် လှုပ်ရမ်းနေသည်။ ထိုမြေရှင်သည် မိမိ၏ဆန့်ကျင်ဘက်များအား အပြတ်ရှင်းပစ်လေ့ရှိသည့် ရှေးခေတ်က မြေရှင်များထဲတွင် တစ်ဦးတစ်ယောက် အပါအဝင်ဖြစ်သည်။

မာဏိက္ကမ်လည်း အလွန်ဒေါသထွက်နေသည်။ ထိုနေ့တွင် ငွေစုနှစ်သောင်း ရစရာရှိနေသည်။ ငွေခုနှစ်သောင်းရရမည့်နေ့၌ ယင်းအဖြစ်အပျက် ဖြစ်ပေါ်လာသည်ဖြစ်၍ မာဏိက္ကမ်သည် ပုလိပ်အင်စပက်တာအား အကြီးအကျယ် ဒေါသထွက်နေသည်။ ပုလိပ်အင်စပက်တာသည် ဆိတ်ငြိမ်စွာရပ်လျက် မာဏိက္ကမ်၏စကားကို နားထောင်နေသည်။

ပန်းရန်ဆရာကမူ ဒေါသမထွက်ပေ။ မိမိအစော်ကားခံရသည်ဟူ၍သာလျှင်အောက်မေ့နေသည်။ မြေရှင်နှင့် ပုလိပ်အရာရှိအား မိမိ၏ဖြစ်ကြောင်းကုန်စင်ကို ပြောပြနေသည်။ မိမိအနေဖြင့် အလိုဆန္ဒများစွာ ရှိခဲ့သည်။ ယင်းအလိုဆန္ဒများထဲတွင် တချို့မှာတစ်စုံတစ်ခုသောအတိုင်းအတာထိ လောကနှင့် ယှဉ်တွဲနေသည်။ သို့ရာတွင် မိမိသည်လိမ်ညာခြင်း၊ ကောက်ကျစ်ခြင်း၊ မလိမ့်တစ်ပတ်ရိုက်ခြင်း၊ စသည်တို့နှင့် ကင်းအောင်နေခဲ့သည်။ မိမိသိက္ခာကျမည်ကို ထိတ်လန့်စိုးရွံ့သည်။ မြေရှင်၏မြေကို ဝယ်ယူရန်အတွက်မိမိနှင့် မိမိ၏မိတ်ဆွေ ကဒီရေရှန်တို့သည် မိမိတို့အိမ်ကို အပေါင်ထားပြီး ငွေချေးခဲ့ကြသည်။ မိမိ၏ အနာဂတ်ဘဝကို ဘေးအန္တရာယ်ထဲထည့်လျက် မိမိသည် ထိုမြေကို ဝယ်ခဲ့သည်။ မိမိဘက်က သစ္စာဖောက်ခြင်း မဟုတ်ပေ။ ကိုယ်စားလှယ် အေးဂျင်း အယောင်ဆောင်ထားသောသူကသာလျှင် သစ္စာဖောက်ခြင်းဖြစ်သည်။

"ဖြစ်ပြီးတာကတော့ ဖြစ်ပြီးသွားပြီ။ ကျုပ်တို့ ဆုံးသွားတဲ့ငွေ ကျုပ်တို့ ပြန်ရတော့မှာမဟုတ်ဘူး။ မိတ်ဆွေ ကိုယ့်ပစ္စည်းကိုယ်ပြန်ယူပြီး ကျုပ်တို့ကို ဒီနေရာက ဂုဏ်သိက္ခာရှိစွာနှင့် ထွက်ခွာသွားခွင့်ပြုပါ။ ကျုပ်အခု ဒါလောက် စိုးရိမ်သောက မရောက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရန်ဆရာသည် ယင်းထက်ပိုပြီး ရှေ့ဆက် မပြောနိုင်ပေ။ ထိုအချိန် အတော အတွင်း မာဃကြွမ်က ပန်းရန်ဆရာအား မာန်မဲကြိမ်းမောင်းလိုက်သည်။

''အဖေ၊ အဖေက မနူးမနပ်တောသားပဲ၊ အဖေ ဘာမှမပြောပါနှင့်။ ပါးစပ်ပိတ်ထားစမ်းပါ''

ထို့နောက် ဆက်၍ ကျယ်လောင်စူးရှသောအသံဖြင့် ပြောနေပြန်သည်။

''အဖေပြောသလို ဒီမှာ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ တရားဥပဒေအရ မြေကြီးကို ကျွန်တော်တို့ ပိုင်ဆိုင်ခွင့်ရှိတယ်။ မြေရှင်လုပ်ချင်တာ လုပ်ပစေ။ တရားရုံးက တရားအဆုံးအဖြတ် ပေးလိမ့်မယ်''

''တရားမှုကို ဆန့်ကျင်ဘက်လုပ်တဲ့ ဥပဒေ ဘယ်မှာရှိလို့လဲ။ မှုကို ဆန့်ကျင်ဘတ်လုပ်တဲ့ တရားရုံး ဘယ်မှာရှိလို့လဲ''

ယင်းသို့ စဉ်းစားဆင်ခြင်လျက် ပန်းရန်ဆရာသည် ဒေါသထွက်လွန်းမက ထွက်နေသည်ဖြစ်၍ အရူးတစ်ပိုင်းဖြစ်နေသည်။ ပုလိပ်ရဲစခန်း၌ ရပ်နေသည်ဆိုသည်ကို မေ့သွားသည်။ မာဃကြွမ်အား ချုပ်ကိုင်ပြီး ရိုက်မောင်းပုတ်မောင်း လုပ်သည်။ မျက်စိ၊ နားခေါင်း၊ နားရွက်စသည်တို့ကို သတိမထားဘဲ မာဃကြွမ်အား ထိုးနှက်ရိုက်ပုတ်လျက် ပုံပျက်ပန်းပျက် ဖြစ်သွားအောင် လုပ်သည်။ အခြေအနေဆိုးဝါးလာသည်ကို တွေ့မြင်ရသဖြင့် ပုလိပ်အင်စပက်တာက ကြားဝင်လျက် မာဃကြွမ်အား ပန်းရန်ဆရာ၏လက်ထဲက ကယ်လိုက်သည်။

''ကျေးဇူးကန်းတဲ့အကောင်၊ လူယုတ်မာ၊ ခွေးကောင်၊ ငါက ကျောင်းမနေဘူးတဲ့ လူမိုက်ဆိုရင် မင်းက ကျောင်းနေဖူးတဲ့လူမိုက်၊ ပြောစမ်း၊ ဒီလိုကိစ္စတွေ ဖြစ်လာအောင် မင်းလုပ်တာ မဟုတ်ဘူးလား။ မင်းကြောင့် ငါ့ ပစ္စည်းဥစ္စာသာမက ငါ့ ဂုဏ်သိက္ခာလည်း ဆုံးရှုံးရတယ်။ ဘယ်ဟာကို ဂုဏ်သိက္ခာခေါ်သလဲဆိုတာ မင်း နားလည်ရဲ့လား''

ပန်းရန်ဆရာသည် အရူးတစ်ယောက်ကဲ့သို့ ဗျစ်တောက်ဗျစ်တောက် ပြောနေသည်။ ငိုလည်းငိုသည်။ ပါးစပ်ကလည်း ထွက်မိထွက်ရာ ထွက်နေသည်။ ထိုလူများကိုလည်း တိုးလျှိုးတောင်းပန်သည်။ မိမိတမင်တကာ အမှားပြုခြင်းမဟုတ်၍ မိမိအား ခွင့်လွှတ်ပါရန်လည်း အသနားခံသည်။ ပန်းရန်ဆရာ၏ အပြုအမူကိုတွေ့ရသောအခါ မာဃကြွမ်သည် အကြီးအကျယ် ရှက်စိတ်ဝင်လာသည်။ သို့ရာတွင် ဖြစ်ပျက်သမျှကို စဉ်းစားဆင်ခြင်လိုက်သောအခါ စိုးစဉ်းမျှပင် ရှက်စရာဟုမထင်မြင်ပေ။

ပုလိပ်အင်စပက်တာသည် ဖြစ်ပျက်ပုံအလုံးစုံကို သိရှိနားလည်သွားသည်။ အမှန်အပြစ်ကျူးလွန်သော တရားခံသည် တစ်နေရာသို့သွား၍ ပုန်းအောင်းနေသည်။ သူ၏ မလိမ့်တပတ်ကျော့ကွင်းထဲတွင် ဖမ်းမိနေကြသော နှစ်ဘက်မှပုဂ္ဂိုလ်များသည် နားခေါင်းကျည်ပွေ့ တွေ့နေကြသည်။ ပန်းရန်ဆရာသည် မြေကို မြေရှင်လက်ထဲ ပြန်အပ်ရန် အဆင်သင့်ဖြစ်နေသည်။ သို့ရာတွင် မာဃကြွမ်ကမူ ယင်းအစီအစဉ်ကို လက်မခံပေ။



ထိုအချိန်၌ ပန်းရန်ဆရာနှင့် မာဃကြွမ်အား အာမခံပေးလျက် ရဲစခန်းမှထုတ်ယူရန် ဒလ္လာပါဏီနှင့် ကဒိရေရှန်တို့ ရဲစခန်း ရောက်လာကြသည်။ ကဒိရေရှန်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ပန်းရန်ဆရာသည် ကဒိရေရှန်ကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုသည်။

''ကျုပ်ဆရာကြီးကို လိမ်လည်လှည့်စားခဲ့တယ်။ ဆရာကြီးကို အိမ်သစ်ဆောက်ပေးပြီး ဆရာကြီးဆီက အိမ်သစ် လုယူခဲ့တယ်။ အဲဒီအပြစ်ဒဏ်ကိုပဲ ကျုပ် အခုခံနေရတယ်။ အခု ကျုပ်အိမ်ကိုလည်း ကျုပ်ဆီက လုယူသွားကြပြီ။ ကျုပ်အိမ်ကို သာမက ကျုပ်ဂုဏ်သိက္ခာကိုပါ လုယူသွားကြတယ်။ ကျုပ် အခါအခွင့်ကြည့်ပြီး အမြတ်ထုတ်ဖို့ စဉ်းစားခဲ့တယ်။ လောဘနောက်လိုက်လျှင် ကြောက်မက်ဖွယ်ကောင်း၊တဲ့ မှန်တိုင်းနှင့် ရင်ဆိုင်ရလိမ့်မယ်လို့ ဆရာကြီး ကျုပ်ကို ယခင်ကတည်းက သတိပေးခဲ့တယ်။ အဲဒီလေမုန်တိုင်းယခု တိုက်ခတ်နေပြီ။ အဲဒီလေမုန်တိုင်းထဲမှာ ကျုပ်တို့ အိမ်ထောင်စုနှစ်စု အတိုက်ခံနေကြရတယ်။ ဆရာကြီး ကျုပ်ကို ခွင့်လွှတ်ပါ။ ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့က ပညာမတတ်တဲ့ တောသားတစ်ယောက်ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ ကျုပ်ကို ခွင့်လွှတ်စေချင်ပါတယ်''

ပန်းရန်ဆရာနှင့် မာဃကြွမ်အား အာမခံနှင့် ရဲစခန်းမှ ထုတ်လာကြသည်။ ဒလ္လာပါဏီ၏ကားပေါ်တွင်ထိုင်လျက် သူတို့နှစ်ယောက်ကို စောင့်နေသော အဏ္ဏာမလေးသည် သူ့ဖခင်ကို တွေ့မြင်ရသောအခါ အတင်းပြေးဖက်လိုက်လေသည်။ ပန်းရန်ဆရာသည် အဏ္ဏာမလေးအား လက်ရုံးနှစ်ဖက်ဖြင့် အတင်းဖက်ပြီးလျှင် အဏ္ဏာမလေး၏ နဖူးကို နမ်းလိုက်သည်။ ပန်းရန်ဆရာသည် မိမိ၏ ဘဝတစ်သက်တာ၌ ပထမဆုံးအကြိမ် မိမိ၏သားအား နမ်းခြင်းဖြစ်သည်။ အဏ္ဏာမလေး၏ နဖူးတွင် သွေးစသွေးနကို တွေ့ရသောအခါ အနီးအနားက လူများ ထိတ်လန့်သွားကြသည်။ ပန်းရန်ဆရာ၏ ယင်းသွေးသည်ပင် အဏ္ဏာမလေးအား ဤလောက၌ မွေးဖွားပေါ်ပေါက်လာစေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုသွေးကို တွေ့မြင်ရသောအခါ ပန်းရန်ဆရာသည် အလွန်တရာ အားရကျေနပ်သွားသည်။

ပန်းရန်ဆရာသည် အဏ္ဏာမလေးအား ကားနောက်ဘက်က နေရာတွင်ထိုင်ရန် ပြောကြားပြီးလျှင် မိမိကိုယ်တိုင်မှာမူ သား၏ရင်ခွင်တွင် ဦးခေါင်းမှီလျက် လဲလျောင်းလိုက်လေသည်။ ကျန်လူအားလုံးတို့မှာ ကားရှေ့ဘက်ခုံတွင် တစ်ယောက်နှင့်တစ်ယောက် ထိကပ်ပြီး ထိုင်နေကြသည်။ အိမ်ဘက် ကားထွက်လာသည်။ သား၏ရင်ခွင်ထဲတွင် ဦးခေါင်းချလျက် လျောင်းစက်နေသော ပန်းရန်ဆရာသည် ယနေ့အထိ ဤကဲ့သို့သော ချမ်းသာသုခကို မခံစားခဲ့ရဖူးပါကလားဟူ၍ တွေးနေမိသည်။ သူ၏ မျက်လုံး၌ ပီတိသောမနဿ မျက်ရည်များ လျှံလာသည်။

အဏ္ဏာမလေးလည်း သူ့ကိုယ်သူ မထိန်းနိုင်တော့ပေ။ မျက်လုံးမှ မျက်ရည်ပေါက်များ တစ်စက်ပြီးတစ်စက် အဆက်မပြတ် စီးကျနေသည်။ မိမိ၏ နှုတ်ခမ်းပေါ်၌ စီးကျလာသော အဏ္ဏာမလေး၏ မျက်ရည်ပေါက်များကို ပန်းရန်ဆရာသည် အမြိုက်ရေစင်သဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေသည်။ အာသာဆန္ဒအမျိုးမျိုးကို ရင်ဝယ်ပိုက်လျက် ပန်းရန်ဆရာသည် အလွန်တာရာ ချစ်ခင်ကြင်နာစွာဖြင့် မျက်တောင်မခတ်ဘဲ သူ့သားကို စိုက်ကြည့်နေသည်။

"ငါ၏သားသည် ဘယ်လောက် ကြီးပြင်းလာသနည်း။ သူ့အမေကဲ့သို့ပင် သူလည်း ဘယ်လောက်လှသနည်း။ အဏ္ဏာမလေသည် အလွန်လှပသော ပန်းချီကားများကို ရေးဆွဲပြီးလျှင် ပန်းချီအနုပညာလောက၌ ဘယ်လောက်မြန်မြန်ဆန်ဆန် နာမည်ကျော်ကြား လာသနည်း" ဟူ၍ စဉ်းစားဆင်ခြင်နေသည်။

"အဏ္ဏာမလေ၊ မင်းဟာ ငါ့သားကြီးလည်းဖြစ်တယ်။ သားလတ်လည်း ဖြစ်တယ်။ သားငယ်လည်း ဖြစ်တယ်။ မင်း ငါပြောတာ နားလည်တယ်မဟုတ်လား။ မင်းဟာ သားကောင်းတစ်ယောက်ဖြစ်တယ်။ ဒီမြို့မှာ မင်း ထိန်းထိန်းသိမ်းသိမ်းနှင့် နေရလိမ့်မယ်။ အလိုဆန္ဒတွေ မျှော်လင့်ချက်တွေ မထားရဘူး မဟုတ်ဘူး။ ထားပါ။ ဒါပေမဲ့ လောဘနောက် မလိုက်နှင့်။ လောဘနောက်လိုက်လျှင် ဆုံးရှုံးနစ်နာမှု ဖြစ်ရတယ်။ ဘုရားသခင်က မင်းဘက်က နေလိမ့်မယ်။ မင်းကို ဘုရားသခင် ဘယ်တော့မှ စွန့်ခွာသွားမှာ မဟုတ်ဘူး"

ပန်းရန်ဆရာသည် သူ့သားကို ထာဝရ စွန့်ခွာသွားလေပြီ။ အဏ္ဏာမလေ၏ ရင်ခွင်ကို သိုင်းဖက်ထားသော သူ၏လက်မောင်းနှစ်ဘက်သည် ရုတ်တရက် အောက်ဘက် ပြုတ်ကျ လာသည်။ အဏ္ဏာမလေက အကြောင်းကို မရိပ်မိပေ။ ချစ်ခင်ကြင်နာမှု အပြည့်ရှိသော သူ့ဖခင်၏မျက်လုံးက သူ့ကိုလှည့်စားထားသည်။

အိမ်ရှေ့ကားဆိုက်သည်။ ပန်းရန်ဆရာသည် ကားပေါ်မှ မဆင်းတော့။ ပထဝီ မြေကြီးကဲ့သို့သော မိမိ၏ဂုဏ်သိက္ခာအပေါ်တွင် ယုံကြည်စိတ်ချထားသော စာမတတ် ပေမတတ် ကျေးတောသားပန်းရန်ဆရာသည် ပထဝီမြေကြီးနှင့် ဂုဏ်သိက္ခာ တစ်ပြိုင်တည်း ဆုံးရှုံးသွားသည်ဖြစ်၍ မိမိ၏အိမ်အတွင်း ဝင်လိုသည့်ဆန္ဒရှိပုံမပေါ်။ လှုပ်ရှားခြင်း လုံးဝ မရှိတော့ဘဲ ကားထဲ၌ပင် အစန့်သားဖြစ်နေလေသည်။

◆◆◆

ယခုခေတ်၌ သိပ္ပံပညာ၏ အခြားသော အကိုင်းအခက်အားလုံးနှင့် အတူတကွ ဆေးပညာလည်း အတော်ပင် တိုးတက်နေလေပြီ။ ယနေ့ဆေးပညာသည် ကျွန်ုပ်တို့အား နာကျင်မှုကို မခံစားရသော ဖွားမြင်ခြင်း၊ ခွဲစိတ်ကုသခြင်းနှင့်တကွ သကြားမံထားသော ဆေးခါး၊ ဓာတ်စာမပါသော ဆေးဝါးကုသခြင်းကဲ့သို့သော အဆင်ပြေမှု အတော်များများကို ဖန်တီးပေးထားသည်။ ယခုခေတ် လူတို့သည် မည်သည့်အလုပ်မျိုးကိုမဆို ဝီရိယစိုက်ထုတ်၍ မလုပ်ချင်ကြတော့ပေ။ ချမ်းသာစွာ၊ အဆင်ပြေစွာ နေထိုင်လာခဲ့ကြသည့် အလေ့အထရှိသော ယခုခေတ်လူတို့အား နောက်ဆုံးပိတ်အချိန်၌ပင် အခက်အခဲ တစ်စုံတစ်ခု မရှိစေရန် ရည်သန်





လျက် မရဏမင်းသည် ဘဝ၏နိဂုံးချုပ်စေရန်အတွက် နည်းသစ်တစ်ခု ထွင်ပေးထားလေ သည်။ ယင်းရောဂါကို ဆရာဝန်များက 'ဦးနောက်သွေးကြောပြတ်ခြင်း' ဟူ၍ နာမည်ပေးထား ကြသည်။

ပန်းရန်ဆရာ ကွယ်လွန်သွားခြင်းမှာလည်း ဦးနောက်သွေးကြောပြတ် သွားခြင်း ကြောင့် ဖြစ်သည်။ အလိုဆန္ဒ၊ ေဒါသ၊ လောဘ၊ စိုးရိမ်ကြောင့်ကြခြင်း၊ လိုအပ်သည်ထက ပို၍ အပျော်အပါးများခြင်း၊ စိတ်နှလုံး မချမ်းမသာဖြစ်ခြင်း၊ အစာအာဟာရ၊ ချမ်းသာသုခ၊ အပင်ပန်းခံခြင်း၊ ပျင်းရိခြင်းတို့သည် ရောဂါဟူသမျှ၏ အကြောင်းဖြစ်သည်ဟူ၍ ယနေ့ ဆရာဝန်များက သုတေသနပြုလုပ်ထားကြသည်။ ယင်းအကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသည့်ရောဂါများ၏ ဘုရင်မှာ 'ဟာ့အတက်' ဟု ကြေညာထားသော ရောဂါ ဖြစ်သည်။ ယင်း စကြဝတေးဘုရင်နှင့်ပတ်သက်၍ ဘယ်အချိန်လာလိမ့်မည်ဟူ၍ လည်း ကောင်း၊ ကျွန်ုပ်တို့အား မည်သို့မည်ပုံ ခေါ်သွားလိမ့်မည်ဟူ၍လည်းကောင်း ပြောပြဖို့ရန် အလွန်ခက်ခဲသည်။

ထို့ကြောင့်သာလျှင် မြို့၌နေသော ပန်းရန်ဆရာအား အချိန်မြင်းစွာ မောင်းသော ကားဖြင့် အိမ်သို့ခေါ်သွားစဉ် ယင်းဘုရင်ကေရာစ်က ပန်းရန်ဆရာ၏အသက်ကို ရုတ်တရက် လုယူသွားခြင်းဖြစ်သည်။ ပန်းရန်ဆရာသည် ခေါင်းကိုက်သည့်အတွက်ကြောင့် လည်းကောင်း၊ ဖျားနာသည့်အတွက်ကြောင့်လည်းကောင်း တစ်နေ့တစ်ရက်မျှပင် အိပ်ရာပေါ်၌ နေသည်ဟူ၍ မရှိပေ။ သူ့အတွက် ယခုကဲ့သို့ အဆုံးသတ်သွားခြင်းသည် အလွန်တာရာ ညင်သာလှပေသည်။ သို့ရာတွင် သူကွယ်လွန်သွားသည့်အတွက် ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခကိုမူ အခြားပုဂ္ဂိုလ် များ ခံနိုင်စွမ်းမရှိကြပေ။

ဖခင်ကွယ်လွန်သွားခြင်းသည် အဏ္ဏာမလေအတွက် ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းသော အတွေ့အကြုံတစ်ခု ဖြစ်သည်။ ရှာပနကိစ္စပြီး၍ အိမ်ပြန်လာသောအခါ ထူးခြားဆန်းကြယ်သော အထီးကျန်စိတ်သည် အဏ္ဏာမလေအား နှိပ်စက်ကလူ ပြုလေတော့ သည်။ မိမိကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုသည် အလွန်ကြီးမားသော အစိတ်အပိုင်း တစ်ခုသည် ဖခင်၏အလောင်းနှင့်အတူတကွ မီးလောင်ပြီး ပြာကျသွားပြီဟူ၍ အဏ္ဏာမလေ ထင်နေသည်။ ယင်း၏အကြောင်းကို သူနားမလည်ပေ။ ဖခင် ကွယ်လွန်သွားပြီး နောက်ကျမှ သာလျှင် မိမိမသိဘဲနှင့် ဖခင်သည် မိမိ၏ လေးဘက်လေးတန်၌ ချစ်မေတ္တာရဲတိုက်ကြီးတစ်ခု တည်ဆောက်ထားသည်ဟူ၍ သဘောပေါက်လာသည်။ မိမိ၏ အနာဂတ်နှင့်ပတ်သက်၍ မိမိ၏ဖခင်သည် မည်မျှလှပသော အကြံအစည်များကို ကြံစည်စိတ်ကူးထားသည်မသိပေ။

သူ့အတွက် သူ့ဖခင် တည်ဆောက်ထားသော တစ်ခုတည်းသောရဲတိုက်မှာ အဒေယာရှိ သူ့ဖခင်၏အိမ်သစ်ဖြစ်သည်။ ဖခင်ကွယ်လွန်သွားသည်နှင့်တစ်ပြိုင်နက် ထိုရဲတိုက်၏အုတ်မြစ်သည် ယိမ်းယိုင်လှုပ်ခါသွားသည်။ သူ၏ဖခင်သည် မြို့ထဲက လူပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာတို့အတွက် အိမ်ပေါင်းများစွာတို့ကို ဆောက်လုပ်ပေးခဲ့သည်။ သို့ရာတွင် မိမိအတွက်မူ အိမ်တစ်အိမ်တည်းကိုသာလျှင် ဆောက်လုပ်ပြီး ထိုအိမ်၏ အခြေအနေမှာလည်း စိုးရိမ်ဖွယ် ဖြစ်လာသည်။ အိမ်ကိုအကြောင်းပြုလျက် ပန်းရန်ဆရာအား ငွေချေးငှားသောသူသည် အဏ္ဏာမလေထံ စိတ်မကောင်းဖြစ်ရခြင်းအကြောင်းကို ပြောပြရန်လာသည့်ပုံစံမျိုးဖြင့် ရောက်လာပြီးလျှင် ပြန်သွားသည်။ ထိုသူ အဏ္ဏာမလေထံ ရောက်လာခြင်း၏ အခြား အကြောင်းတစ်ခုလည်း ရှိသေးသည်။ ပန်းရန်ဆရာ ကွယ်လွန်သွားသည့်နေ့က ပန်းရန် ဆရာအား ချေးငှားခဲ့သည့် သူ၏ငွေ ပြန်ရဖို့ရန်ဖြစ်သည်။ ကြွေးငွေမနေရရန် မျှော်လင့်ချက်ကြီး နှင့်ရောက်လာသောပုဂ္ဂိုလ်သည် အကယ်၍ ကြွေးပြန်ဆပ်မည့် သူ၏အလောင်းကို တွေ့သွား သည်ဆိုလျှင် စိတ်မချမ်းမသာမဖြစ်ဘဲ ပီတိသောမနဿ ဖြစ်လာနိုင်ပါမည်လော။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် မြေရှင်နှင့်ပတ်သက်သော အကြောင်းစုံကိုလည်း သိထားပြီးပြီ။

ကြွေးရှင်သည် ဒဿနပညာဆန်ဆန်စကားလုံးများဖြင့် အဏ္ဏာမလေအား ဆုံးမ စကားပြောပြီး ..

"သား၊ အနာဒဏ်ရာမှန်သမျှဟာ အချိန်ကြာလာရင် ကြာလာတဲ့အလျောက် ပျောက်ကင်းသွားကြရတယ်။ ဒီကမ္ဘာလောကမှာ မွေးဖွားပေါ်ပေါက်လာတဲ့လူမှန်သမျှ မချွတ် သေဆုံးသွားရတယ်။ မိမိဖခင် ကွယ်လွန်သေဆုံးသွားရပြီး သောကဖြစ်လွန်းမက ဖြစ်နေတဲ့ အတွက် ဘာမှအကျိုးဖြစ်ထွန်းမလာနိုင်ဘူး"

သူ၏စကားကို ကြားရလျှင် ထိုပုဂ္ဂိုလ်သည် ရှေးဟောင်းတမိလ်သူတော်စင် 'ပတ္တိနတြာရ'ဝင်စားသည်ဟု ထင်ရသည်။ အတန်ငယ်ကြာသွားပြီးနောက် ထိုကြွေးရှင်သည် တဖြည်းဖြည်း သူ၏ဆိုလိုရင်းစကားကို စတင်ပြောကြားသည်။

"အခုဆိုရင် သား၏တာဝန်ဝတ္တရားဟာ အလွန်တရာ ကြီးမားလာပြီ၊ ဘာဖြစ်လို့လဲ ဆိုရင် သားဟာ ကိုယ့်မိဘ၏ တစ်ဦးတည်းသောသားဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်"

သနားစရာ တစ်ဦးတည်းသော သားခမျာမှာ နို့သက်မကုန်သေးသည့် ကလေးငယ် ပမာ ထိုပုဂ္ဂိုလ်ကို ကြည့်နေရှာသည်။

"သား၊ ဦးလေးဟာ သားအဖေအပေါ် ယုံကြည်စိတ်ချတဲ့အတွက်ကြောင့်သာ ငွေချေးတာဖြစ်တယ်။ ဒီအိမ်ကို ထောက်ထားပြီး ချေးတာမဟုတ်ဘူး။ ဒီအိမ်ကိုသာကြည့်မယ် ဆိုလျှင် ဦးလေးငွေသုံးသောင်း ဘယ်တော့မှပေးမှာ မဟုတ်ဘူး၊ သား အခြေအနေကို ကြည့်ပြီးတော့ သားကို ကြွေးဆပ်ဖို့လည်း ပြောလို့ မထွက်ပါဘူး၊ လစဉ်လတိုင်း ပထမပတ်မှာ သားအနေနဲ့ အတိုးပေးသွားရင် တော်လောက်ပါပြီ၊ အတိုးငွေကလည်း အလွန်နည်းပါတယ်။ တစ်လ ငွေခြောက်ရာလောက်ပါပဲ"

ကြွေးရှင်၏စကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အဏ္ဏာမလေသည် ခေါင်း ချာချာလည်သွားသည်။ သူ့အနေနှင့် ဇနီးမယားနှင့်မိခင်ကိုလည်း ကြည့်ရှုရဦးမည်။



"လစဉ် ငါ့အနေနှင့် ငွေတစ်ထောင်ကျော်ရမှဖြစ်မည်"ဟူ၍ အဏ္ဏာမလေ စဉ်းစား ဆင်ခြင်မိသည်။

အလွန်ထိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့်ကြည့်နေသော အဏ္ဏာမလေကို တွေ့မြင်သွားသောအခါ ကြွေးရှင်သည့် အဏ္ဏာမလေ၏ နှလုံးခုန်နှုန်းလည်း ရပ်များရပ် သွားမည်လားဟူ၍ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ထို့ကြောင့် အဏ္ဏာမလေထံက ထွက်ခွာ လာခဲ့သည်။ အဏ္ဏာမလေသည် ရုတ်တရက် ရှိုက်ကြီးတငင် ငိုလေတော့သည်။ မည်သူကမှ သူ့ကို အငိုတိတ်အောင် မလုပ်နိုင်ကြတော့ပေ။ ဖခင်ကို သတိရ၍ ငိုနေခြင်းဖြစ်သည်ဟူ၍ လူတွေက ထင်ကြသည်။ သို့ရာတွင် အဏ္ဏာမလေငိုနေရခြင်းအကြောင်းမှာ တစ်ခုတည်း မဟုတ်ပေ။ မိမိ၏ မစွမ်းဆောင်နိုင်မှုကိုလည်းကောင်း၊ မိမိအပေါ်ပြိုးကျနေသည့် ဘဝကို လည်းကောင်း စဉ်းစားဆင်ခြင်မိသောအကြောင်းသာလျှင် ယခုကဲ့သို့ စိတ်မချမ်းမသာ ဖြစ်နေ ခြင်းဖြစ်သည်။ သူ့အတွက် သူ့ဖခင်မိဘမဲ့မှာဖြစ် ဆောက်လုပ်ပေးထားသောအိမ်၌ အဏ္ဏာမလေသည် တစ်လငွေခြောက်ရာပေးမှသာလျှင် နေရတော့မည်။ သူ့ဖခင်သည် အဏ္ဏာမလေအား အင်ဂျင်နီယာ၊ ကန်ထရိုက်တာ ဖြစ်စေလိုသည့် ဆန္ဒရှိသည်။ မော်တော်ကား၊ ဘန်ဂလို အစရှိသော အဆောင်အယောင်များနှင့် နေထိုင်စေလိုသည့် ရည်မှန်းချက်ရှိသည်။ နောက်ဆုံး၌ ဖခင်သည် သူ့ကို ယခုကဲ့သို့ အဘယ်ကြောင့်ပစ်သွားသနည်း။ ယင်း အကြောင်းအရာ ဥဿုံကို ဆင်ခြင်စဉ်းစားနေသော အဏ္ဏာမလေ၏ အပိုင်းအခြားမရှိသော စိတ်ဆင်းရဲမှုများသည် ပတ်ရံနေကြသည်။

မိနာချီအမွာလက သူ့သားကို ပြေးပြောပြသည်။ ဟနုရိကလည်း နားချသည်။ အာနန္ဒီကလည်း အားပေးစကားပြောကြားသည်။

အာနန္ဒီကပြောသည်။

"ယောကျ်ားအရင့်မကြီးဖြစ်လျက်နှင့် ရှင်က ယခုလို ငိုင်နေရင် ရှင့်အမေနှင့် ဆုနန္ဒရိကို ဘယ်သူက ကြည့်ကြပ်နိုင်အောင် လုပ်မှာလဲ။ ရှင် ကိုယ့်စိတ်နှလုံးထဲ ယခုလို ပျော့ညံ့တာမျိုး သွတ်သွင်းမလာသင့်ဘူး၊"

အာနန္ဒီ၏စကားကို ကြားရသောအခါ အဏ္ဏာမလေသည် စိတ်အတန်ငယ် သက်သာရာ ရသွားသည်။

အရိုးကောက်သည့်နေ့ရောက်လာသည်။ အိမ်ရှိ ယောကျ်ားအားလုံးနှင့်တကွ ကဒီရေရှန်၊ ဒဏ္ဍပါဏီ၊ မာတီဗ္ဗမ်၊ အဏ္ဏာမလေတို့သည် သုသာန်သို့သွားကြသည်။ လမ်းတွင်တွေ့ရသော တဲများကိုလည်းကောင်း၊ ထိုတဲများ၌ နေထိုင်ကြသောလူများကို လည်းကောင်း တွေ့ရသောအခါ မိမိလည်း ထိုလူတွေထဲက လူတစ်ယောက်သာဖြစ်၏ဟူ၍ အဏ္ဏာမလေ အဘယ်ကြောင့် အတွေးပေါ်ပေါက်လာသည် မသိပေ။ အထပ်ခြောက်ထပ် တိုက်များရှိသောမြို့၌ ခြောက်ပေမျှလောက်သာ မြင့်သည့်တဲများတွင် ထိုဆင်းရဲသူ ဆင်းရဲသား

www.burmeseclassic.com



များသည် မည်သို့မည်ပုံ နေထိုင်ကြသည်မသိပေ။ သို့ရာတွင် ထိုတဲအိမ်၌နေသောလူများသည် တစ်လအတိုးခြောက်ရာပေးဖို့ လိုလိမ့်မည်မဟုတ်ဟု၍ အဏ္ဏာမလေ နားလည်သည်။

သုသာန်သချိုင်းရောက်သွားသောအခါ ဆင်းရဲသား အဘွားအိုကြီး တစ်ယောက်သည် ပန်းရန်ဆရာ မီးသင်္ဂြိုဟ်ထားသော မီးပုံအနီး၌ထိုင်လျက် အဘွားအိုကြီးသည် မီးပုံကို လှန်လှော မွှေနှောက်ရှာဖွေနေသည်။ အဘွားအိုကြီးသည် တုတ်တံတစ်ချောင်းဖြင့် ပြာများကို ဖယ်ဖယ်ပြီး တစ်ဝက်တစ်ပျက် မီးလောင်ထားသည့် ထင်းစများကိုလည်းကောင်း၊ မီးသွေးများကိုလည်းကောင်း၊ ရွေးရွေးထုတ်ပြီး အနီးတွင်ချထားသော တောင်းစုတ်ကြီးတစ်ခုထဲတွင် ထည့်နေသည်။ သုသာန်သချိုင်းစောင့်သည် ထိုအဘွားကြီးကိုလည်းကောင်း၊ သုသာန်သချိုင်းသို့လာသောသူများကိုလည်းကောင်း တွေ့မြင်ရသည်ဖြစ်၍ အဘွားကြီးအနီးသို့ ပြေးသွားသည်။ အဘွားကြီး၏ တောင်းကို ကောက်ယူသည်။ အဘွားကြီးက သူ့တောင်းကို မပေးဘဲ အတင်းဆွဲထားသည်။

"အဘွားကြီး ဒီကိုမလာပါနဲ့လို့ ကျုပ် ဘယ်နှစ်ကြိမ်ပြောထားပြီးပြီလဲ။ အဲဒီလို ပြောထားပါလျက်နဲ့ အခုရောက်လာပြန်ပြီ။ အဘွားကြီးကို မီးလောင်နေတဲ့ မီးပုံထဲ ပစ်ထည့်ရလိမ့်မယ်"

အဘွားကြီးက ရုတ်ချည်းပြန်ပြောသည်။

"သား၊ အဘွားကို မီးပုံထဲ ပစ်ထည့်လိုက်စမ်းပါ။ နေ့စဉ်နေ့တိုင်း ဝမ်းဗိုက်ထဲမှာ တောက်နေတဲ့ မီးပုအလောင်ခံရတာထက်တော့ ကိစ္စပြီးမိ မီးလောင်ပြီး သေသွားရတာက ကောင်းသေးတယ်"

သချိုင်းစောင့်သည် အဘွားကြီး၏လက်ထဲက တောင်းကိုလုယူပြီးလျှင် တောင်းကို မှောက်ပစ်မည်လုပ်သည်။ သို့ရာတွင် အဘွားကြီးက ယင်းသို့ မလုပ်နိုင်အောင် သူ့တောင်းကို အတင်းဆွဲယူထားသည်။ အဘွားကြီးသည် မီးပုံရှိရာသို့ လာနေကြသော လူများကိုလည်း ဂရုမပြုပေ။

"သား၊ အဲဒီလိုမလုပ်ပါနှင့်၊ ဆန်ဝယ်ဖို့ပိုက်ဆံရှိရင် ထင်းဝယ်ဖို့ ပိုက်ဆံ မရှိဘူး၊ ထင်းဝယ်ဖို့ ပိုက်ဆံရှိရင် ဆန်ဝယ်ဖို့ ပိုက်ဆံမရှိဘူး။ ဒီမှာ ဘာမှ အသုံးမကျတဲ့ထင်းတွေကိုပဲ အဘွား မီးမွှေးဖို့ အိမ်ယူသွားတာပါ။ ဒီတစ်ကြိမ်တော့ အဘွားကို ခွင့်လွှတ်ပါ။ နောက် အဘွား ဒီမလာတော့ပါဘူး"

ယင်းမြင်ကွင်းသည် အဏ္ဏာမလေ၏ မျက်လုံးထဲ စူးဝင်သွားသည်။ အဘွားကြီး၏ စကားကို ကြားရသောအခါ အဏ္ဏာမလေသည် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်သွားသည်။ အခြားတစ်ဖက်၌မူ မာဏိက္ကမ်သည် ဒေါသအမျက်ချောင်းချောင်း ထွက်ပြီးလျှင် အဘွားကြီးအား အတင်းရိုက်နှက်တော့မည်လုပ်သည့်အတွက် အဏ္ဏာမလေက မဏိက္ကမ်၏အင်္ကျီကို ဆွဲထားလိုက်သည်။ သချိုင်းစောင့်ကို အဏ္ဏာမလေ အော်ပြောလိုက်လေသည်။





"အဘွားကြီး တောင်းကို မလုပါနှင့်၊ အဘွားကြီးကို လွှတ်လိုက်ပါ။ အိမ်ပြန်ခွင့် ပြုလိုက်ပါ"

မာဏိက္ကမ်သည် ဒေါသကြီးစွာဖြင့် ပြောနေသည်။

"ဘယ်လောက် ကောင်းတဲ့မြို့လဲ။ မီးသင်္ဂြိုဟ်တဲ့ မီးပုံထဲက ထင်းကိုဆွဲယူပြီး တစ်ခုခုအသုံးချရင် ကောင်းတယ်လို့ ဒီမြို့ကလူတွေ ရွှေဉာဏ်တော် စူးရောက်နေ ကြတယ်"

ထိုအချိန်၌ မိမိလည်း ထိုမြို့က တစ်ခြားမြို့သူမြို့သားများကဲ့သို့ပင် အခါအခွင့်ကို အပြည့်အဝ အသုံးချနည်း သိသည်မှုသည့်အကြောင်းကိုမူ မာဏိက္ကမ် မေ့နေသည်။

အဏ္ဏာမလေသည် သူ့ကိုယ်သူ ပြောနေသည်။

"အဘွားကြီးက မှားတဲ့အလုပ် လုပ်တာမဟုတ်ဘူး။ မှားတဲ့အလုပ်ကို လုပ်တဲ့လူက နှလုံးသားတို့၊ ဦးနှောက်တို့ မရှိတဲ့ ဒီမြို့သူမြို့သားတွေသာ ဖြစ်တယ်"

အဏ္ဏာမလေသည် လုပ်စရာရှိသည်ကို စပ်မြန်မြန်၊ စပ်သုတ်သုတ် လုပ်သည်။ အပိုင်းအခြားမရှိ စိတ်မကောင်းကြီးစွာ ဖြစ်နေရသည့် ယခုလို အချိန်မျိုး၌ပင် အဏ္ဏာမလေသည် အဘယ်ကြောင့် ရယ်ချင်စိတ် ပေါက်လာသည် မသိပေ။ အဏ္ဏာမလေ စဉ်းစားကြည့်သည်။ နောက်ဆုံး၌ လက်တစ်ဆုပ်စာ ပြာဖြစ်သွားသော သို့မဟုတ် မြေကြီးနှင့်ရောသွားရသော လူတို့သည် စိတ်နှလုံးထဲတွင် မည်မျှများပြားသော အလိုဆန္ဒများကို ထားကြသနည်း။ အလွန်တရာ ကြီးမားသော မျှော်လင့်ချက်ကြီးများကို မည်မျှထားကြသနည်း။ သူ့ဖခင်လည်း နောက်ဆုံးပိတ်၌ ကိုယ့်အလိုဆန္ဒများ၏ ကျေးကျွန်ဖြစ်သွားရလေသည်။

ဘဝ၏နောက်ဆုံးပိတ် အသက်ကိုရှူရင်း၊ ပန်းရန်ဆရာက သူ့ကို …

"ရည်မှန်းချက်တွေ ထားတော့ထားပါ။ ဒါပေမဲ့ လောဘနောက်ကို မလိုက်ပါနဲ့"ဟု၍ မှာကြားသွားခဲ့သည်။ ထိုအချိန်က သူသည်မှာပြောကြားသော စကားများ၏ အနက်အဓိပ္ပာယ်ကို သဘောမပေါက်ခဲ့ပေ။

ဖြစ်ရမည့်အရာသည် ဖြစ်ပြီးသွားပြီ။ ပန်းရန်ဆရာသည် မိမိ၏ ဝမ်းဗိုက်ဖြည့်တင်းရေးနှင့်ကိုယ့်လုံကြွယ်ဝရေးအတွက် ဘဝတစ်လျှောက်လုံး၊ တိုက်ပွဲဝင်လာခဲ့ရသည်။ မိမိ၏မြား ပစ်မှတ်လွဲချော်သွားသောကြောင့် ရုတ်တရက် ယင်းမြား၏ ထွင်းဖောက်ခြင်းကို ခံရပြီး အစဉ်ထာဝရ မြေကြီးပေါ်၌ အိပ်စက်သွားရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကြည့်လျှင် ပန်းရန်ဆရာသည် သောကအမျိုးမျိုးတို့က လွတ်မြောက်ငြိမ်းချမ်းမှု ရရှိသွားလေပြီ။ အဏ္ဏာမလေကမူ သောကပိုက္ကန်ထဲတွင် ပမ်းမိသွားပြီးလျှင် ဘာလုပ်ရ ဘာကိုင်ရမှန်း မသိဖြစ်နေသည်။

အချိန်အတန်ကြာမျှ ဒဏ္ဍာပါဏီလည်း ဘာလုပ်ရမည်ဆိုသည်ကို မသိနားမလည် ဖြစ်နေသည်။ ယခုလို ဖြစ်လာလိမ့်မည်ဟူ၍ အစက ကြိုတင်သိထားမည်ဆိုလျှင် ဆုနှီးကို အဏ္ဏာမလေနှင့် ပေးစားဖြစ်ချင်မှ ပေးစားဖြစ်ပေလိမ့်မည်။ ပန်းရန်ဆရာထံတွင် ကိုယ်ပိုင်အိမ်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ရာရှိနေသည်။ အသက်မွေးဝမ်းကျောင်း ပြုလုပ်ရန်အတွက် စီးပွားရေးလုပ်ငန်းတစ်ခုက လည်း ရှိနေသည်။ ထို့ကြောင့် ဒဏ္ဍပါဏီသည် ဆုန္ဒရီနှင့် အဏ္ဏာမလေကို အဆောတလျင် လက်ထပ်ပေးလိုက်ခြင်းဖြစ်သည်။ အကယ်၍ ပန်းရန်ဆရာသည် အလွန်ကြွယ်ဝချမ်းသာသော ကြေးရတတ်ဖြစ်သွားမည်ဆိုပါက မိမိအနေနှင့် မိမိသမီးအတွက် ထိုအိမ်ကို ရလိမ့်မည်မဟုတ် ဟူ၍ စိုးရိမ်နေသည်။ သို့ရာတွင် ယခုအခါ၌ကား တောင်တောင်အီအီ စဉ်းစားနေ၍ အကျိုးထူး တော့မည်မဟုတ်ပေ။ ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ဒဏ္ဍပါဏီသည် စွန့်စားခြင်းကြီးစွာဖြင့် မိမိ၏တာဝန်ဝတ္တရားကို ဆောင်ရွက်ရန် ရှေ့သို့လှမ်းလာသည်။ အဏ္ဏာမလေ၏ ယောက္ခမ ဖြစ်နေသည့်အတွက် ယခုအခါ၌ အဏ္ဏာမလေတို့၏ အိမ်ထောင်စုအတွက် ကြည့်ရှု စောင့်ရှောက်ရန် တာဝန်သည် သူ့ပခုံးပေါ်တွင် ရောက်ရှိလာသည်။ ဒဏ္ဍပါဏီသည် ဆုန္ဒရီ၏ ရှေ့မှောက်တွင်ပင် အဏ္ဏာမလေအား အားပေးစကားပြောကြားပြီးလျှင် အဏ္ဏာမလေ၏ ရှေ့မှောက်၌ သူ၏ စီမံကိန်းကိုချပြသည်။

ဒဏ္ဍပါဏီက ပြောသည်။

"အခု အဏ္ဏာမလေ ပန်းချီကောလိပ်တက်ဖို့ မလိုတော့ဘူး။ ပန်းချီကောလိပ်မှာ ပန်းချီအနုပညာသင်ကြားတာကို ရပ်လိုက်ပြီး ငါ တည်ထောင်ထားတဲ့ ကော်ပြောကုမ္ပဏီမှာ အလုပ်လုပ်ရင် လုံလောက်ပြီ။ အဏ္ဏာမလေကို တစ်လငွေတစ်ထောင် လစာအဖြစ်ပေးဖို့ ငါ တာဝန်ထား။ လစဉ်လတိုင်း အတိုးငွေ ခြောက်ရာပေးဆပ်ပြီးတော့ ကျန်တဲ့ငွေလေးရာကို သူ့ လက်ထဲထည့်မယ်။ တကယ်လို့ ကံကောင်းထောက်မရင်တော့ ငါတို့ အိမ်ပြန်ရချင် ရလိမ့်မယ်။ အလုပ်ရှာပေးဖို့ရာက ငါ့ တာဝန်၊ အဲဒီအလုပ်ကို အပြည့်အဝလုပ်ဖြစ်ဖို့က အဏ္ဏာမလေရဲ့တာဝန်"

အဏ္ဏာမလေသည် ဒဏ္ဍပါဏီ၏စကားကိုငြိမ်ပြီး နားထောင်နေသည်။ ထိုအချိန်၌ မည်သည့်အကြောင်းအရာကိုမှ အဏ္ဏာမလေ စိတ်ဝင်စားခြင်းမရှိဟူ၍ ဒဏ္ဍပါဏီ သိနေသည်။ အဏ္ဏာမလေ၏ စိတ်အခြေအနေကို နားလည်သဘောပေါက်သည်ဖြစ်၍ ဒဏ္ဍပါဏီက ပြောလိုက်သည်။

"တကယ်လို့ အပြင်ထွက်ပြီး အလုပ်လုပ်မယ်ဆိုရင် မင်းငွေနှစ်ရာတောင် ရမှာ မဟုတ်ဘူး။ အိမ်မှာထိုင်ပြီး ပန်းချီရေးဆွဲနေရင်လည်း မင်းစားဖို့သောက်ဖို့တောင် အလျှင်မီ အောင်ရဖို့ မလွယ်ဘူး။ ငါပေးတဲ့ အကြံဉာဏ်ကိုလိုက်နာတာ မင်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်" ယင်းသို့ ပြောပြီးလျှင် ဒဏ္ဍပါဏီသည် ထွက်ခွာသွားသည်။

ဆုန္ဒရီသည် အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်နေသည်။ ဝမ်းသာလွန်းမက ဝမ်းသာနေသည်ဖြစ်၍ ဖခင်အား အတင်းပြေးဖက်သည်။ မိမိ၏ဖခင်သည် မိမိ၏ လင်ယောကျ်ားအား တစ်ထိုင်တည်းနှင့် လခတစ်ထောင်ရသောအလုပ်ကို ပေးသည်ဟူ၍ တွေးမိသောကြောင့် အကြီးအကျယ် ဝမ်းသာအားရဖြစ်နေသည်။ သို့ရာတွင် အမှန်စစ်စစ်





အားဖြင့် အဏ္ဏာမလေသည် တစ်လလေးရာမျှသာ ရလိမ့်မည်ဟူသောအချက်ကိုမူ ထည့် မတွက်မိပေ။

ဒဏ္ဍပါဏီ၏စကားကို ကြားရသောအခါ အဏ္ဏာမလေသည် ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဟု မတွေးတတ်အောင် ဖြစ်နေသည်။ ထိုအချိန်၌ သူ့အနေနှင့် အပြင်းအထန် ငွေလိုအပ်နေသည်။ ထို့ကြောင့် ဓမ္မကားကို ကြားရသောအခါ အတန်ငယ် အားရှိသလိုလို ဖြစ်သွားသည်။ သို့ရာတွင် အလုပ်ကို လုပ်လိုစိတ်မရှိပေ။ 'ဂျစ်ပစီ၊ ဂျစ်ပစီ'ဟူ၍ ခေါ်ကြသည့် နိုင်ငံခြားသား ကလေကချေလူမျိုးများကဲ့သို့ အရှက်လုံလောက်ရုံမျှ အဝတ်ဝတ်လျက် ဒူးထောင်ပေါင်ကားအနေအထားဖြင့် မတ်တတ်ရပ်နေကြသူတို့၏ဓာတ်ပုံများကို အနုပညာ စိုးစဉ်းမျှမပါဘဲ ပုံကြီးချဲ့လျက် ထိုပုံများပေါ်တွင် အရောင်ခြယ်ပေးရခြင်းသည်သာလျှင် သူ၏အလုပ်ဖြစ်သည်။ တစ်မိလ်မှာဘူး၏ အနုပညာ၊ ယဉ်ကျေးမှု၊ ကာဝနေနည်း စသည်တို့နှင့် မဆီလျော်မအပ်စပ်သည့် စက်ရုပ်ယဉ်ကျေးမှုတစ်ခုကို ဖြန့်ဖြူးရန်အတွက် အဏ္ဏာမလေ ကြိုးစားအားထုတ်ရပေလိမ့်မည်။ အလုပ်အကိုင်နှင့်ပတ်သက်၍ အဏ္ဏာမလေသည် မြင့်သည်၊ နိမ့်သည်ဟူ၍ မတွက်ပေ။ သို့ရာတွင် ထိုကုမ္ပဏီ၌နေလျက် မိမိအနေနှင့်လုပ်ကိုင်ရသော အလုပ်ဟူသမျှအား ပန်းချီအနုပညာဟူ၍မူ မထင်မှတ် မယူဆပေ။

ထိုအချိန်အတောအတွင်း 'ကလိုက်မလော'စာစောင်၏ အယ်ဒီတာ ရှုရဝဏန်သည် အဏ္ဏာမလေကို လိုက်ရှာရင်းနှင့် အဏ္ဏာမလေတို့၏အိမ်သို့ ရောက်ရှိလာသည်။ ပန်းရန်ဆရာ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း၊ ပြောပြပြီးသည့်နောက် သူ၏စာစောင်အတွက် အဏ္ဏာမလေ၏ထံ၌ ရေးဆွဲပြီးသား ပန်းချီပုံရှိလျှင် ယူလိုသည့်အတွက် လာခြင်းဖြစ်ကြောင်း ပြောပြသည်။

အဏ္ဏာမလေက ရှုရဝဏန်အား အကြောင်းစုံပြောပြလိုက်သည်။ မကြာမီက ဒဏ္ဍပါဏီ တင်ပြသွားသော စီမံကိန်းကိုလည်း ပြောပြသည်။ အဏ္ဏာမလေ၏ စကားကို ကြားရသောအခါ ဒဏ္ဍပါဏီ၏ စီမံကိန်းကို လက်ခံလိုသည့်စိတ် အဏ္ဏာမလေတွင် မရှိကြောင်း ရှုရဝဏန် ရိပ်မိသွားသည်။ လခ တစ်ထောင်ရမည့်လုပ်ငန်းဖြစ်သော်လည်း ယင်းလုပ်ငန်းမျိုးကို မနှစ်မသက်သည့် လူငယ်တစ်ယောက်ကို ယခုမျက်မှောက် လူ့လောက၌တွေ့ရသည်ဖြစ်၍ ရှုရဝဏန်အကြီးအကျယ် အံ့သြသွားသည်။

ရှုရဝဏန်က ပြောပြသည်။

"အလုပ်အကိုင်နှင့်ပတ်သက်၍ မြင့်သည် နိမ့်သည်ဆိုသည့် ခွဲခြားမှုကို ကျုပ် မပြုလုပ်ပါဘူး၊ ဒါပေမဲ့ ကျုပ်တို့အနေနှင့် အနုပညာနှင့်စီးပွားရေး လုပ်ငန်းကြားထဲမှာရှိတဲ့ ခြားနားချက်ကိုတော့ နားလည်သင့်တယ်လို့ ထင်တယ်။ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အလုပ်ရုံပိုင်ရှင် လုပ်လိုသလား။ ဒါမှမဟုတ် အနုပညာရှင်လုပ်လိုသလားဆိုတာကို ကျုပ်တို့ အနေနှင့် ပထမဦးစွာ ဆုံးဖြတ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေသည် ရှုရဝဏန်ပြောပြသောစကားကို အပြည့်အဝ နားမလည်ပေ။ တအံ့တသြဖြစ်ပြီးလျှင် ရှုရဝဏန်ကို ကြည့်နေသည်။

ရှုရဝဏန်က ဆက်ပြောသည်။

"မောင်ရင့်ယောက္ခမက မောင်ရင့်ကို စီးပွားရေး လုပ်ငန်းလုပ်ကိုင်ဖို့ ပြောနေတယ် ဆိုတာသိရတယ်။ အဲဒီစီးပွားရေးလုပ်ငန်းမှာ အနုပညာရဲ့ အကာအကွယ်ယူပြီးတော့ တခြားလူတွေရဲ့ လိုအပ်ချက်ကိုကြည့်ပြီး နည်းမျိုးစုံနှင့် တခြားလူတွေကို ဆွဲဆောင်ဖြားယောင်းဖို့အတွက် လုပ်ငန်းအမျိုးမျိုးကို လုပ်ရလိမ့်မယ်။ မောင်ရင်အခု ပန်းချီဆွဲနေတာကတော့ အနုပညာတစ်ရပ်ဖြစ်တယ်။ အဲဒီအနုပညာရဲ့အကူအညီနဲ့ မောင်ရင် ကိုယ့်အတွေးအခေါ်တွေကို ဖော်ပြနေခြင်းဖြစ်တယ်။ မောင်ရင့် အနုပညာလက်ရာတွေမှာ မောင်ရင့်ရည်မှန်းချက်၊ မောင်ရင့်အတွေးအခေါ်၊ မောင်ရင့်ဝိညာဉ် ပေါ်လွင်နေတယ်။ မောင်ရင်ဟာ တစ်ခြားလူများရဲ့ လိုအပ်ချက်ကို ဂရုပြုမယ့်အစား၊ သူတို့အကျိုးကိုသာ စဉ်းစားစိတ်ကူးတယ်။ တကယ်လို့ စီးပွားရေးလုပ်ငန်းဟာ လိုအပ်တယ်လို့ဆိုလျှင် အနုပညာကို အကျိုးပြုလုပ်ငန်းရဲ့ အသွင်တစ်ခုလို့ ပြောနိုင်တယ်"

အဏ္ဏာမလေက ပြန်ပြောသည်။

"ကျွန်တော်က အနုပညာရှင်လုပ်လိုတဲ့ လူတစ်ယောက်ပါ။ ဓာတ်ပုံတချို့ကို အရောင်ခြယ်ရတဲ့အခါ ကျွန်တော် အကြီးအကျယ် စိတ်မကောင်းဖြစ်ရတယ်။ မိမိလည်း မတိုးတက်သေးတဲ့၊ တစ်ဝက်တစ်ပျက်သာ တိုးတက်နေတဲ့လူတွေကို လှည့်စားတဲ့ အကြောင်းတရား တစ်ခုဖြစ်နေပါကလားလို့ ကျွန်တော်အကြိမ်များစွာ တွေးမိခဲ့တယ်။ ကျွန်တော် ရေးဆွဲတဲ့ ပန်းချီဓာတ်ပုံများကို ကြည့်ပြီး ကျွန်တော်အမြဲမပြတ် ဂုဏ်ယူတယ်။ စိတ်ဓာတ် တက်ကြွမှုလည်း ဖြစ်တယ်။ ကျွန်တော့် ပန်းချီပုံတွေမှာ ကိုယ့်အမိနိုင်ငံရဲ့ အငွေ့အသက်တွေ ကိန်းအောင်းနေပါတယ်"

အဏ္ဏာမလေ၏စကားကိုကြားရသောအခါ ရှုရဝဏန်ပြုံးနေသည်။ လုလင် အဏ္ဏာမလေ၏ အတွင်းသန္တာန်၌ တည်ရှိနေသော အနုပညာရှင်ကို နားလည်ရိပ်မိသွားသည်။

"ယနေ့ တစ်ကမ္ဘာလုံးမှာ သာမန်ပြည်သူလူထုကို မှိုင်းတိုက်ပြီး သို့မဟုတ် သွေးဆောင်ဖြားယောင်းပြီး သူတို့ရဲ့ ကိုယ်စိတ်နှလုံးကို ညစ်ညမ်းအောင်လုပ်နေတဲ့ လုပ်ငန်းများသာ တွင်ကျယ်နေကြတယ်။ အောင်မြင်နေကြတယ်။ တိုင်းပြည် လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်းမှာ အဲဒီလိုသဘောတွေဟာ ဒီနိုင်ငံမှာလည်းပဲ အရှိန်အဟုန်နှင့် ပျံ့နှံ့နေတယ်။ တချို့လူတွေဟာ မသိနားမလည်တဲ့ပြည်သူလူထုကို နောက်ဘက်တွန်းထိုးပြီး မိမိတို့ ကိုယ်တိုင်က ငွေကြေးအများအပြား ရရှိဖို့အတွက် အဲဒီကောက်ကျစ်စဉ်းလဲတဲ့ နည်းလမ်းတွေကို အသုံးပြုနေကြတယ်။ လူတွေကို မိုက်မဲပြီး ယုတ်ညံ့တဲ့အယူအဆတွေ ရှိလာအောင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားများ ဖြစ်လာအောင်လုပ်တဲ့ ဘယ်လိုလုပ်ငန်းမျိုးမဆို အကျိုးစီးပွား ဖြစ်ထွန်းနေကြတယ်။ အခု မောင်ရင် ကိုယ်လုပ်ရမယ့်အလုပ်ကို မနှစ်သက်ဘူးလို့ ပြောနေတယ်။ ဒါပေမဲ့ အနုပညာကို အကျိုးပြုနေရင် မောင်ရင့်အနေနဲ့ နေထိုင်စားသောက်ရေး အဆင်ပြေလာဖို့ လွယ်မှာ မဟုတ်ဘူး"

အဏ္ဏာမလေက မေးလိုက်သည်။

"လုံ့လဝီရိယ စိုက်ထုတ်လျှင် အပြည့်အဝ အောင်မြင်ထမြောက်အောင် လုပ်လို့ မရတဲ့ အလုပ်မျိုးမရှိဘူးလို့ ခင်ဗျားပဲ ကျွန်တော့်ကို ပြောပြဖူးတယ် မဟုတ်လား"

"မောင်ရင်ပြောတာ မှန်ပါတယ်။ အနုပညာရှင်များအနေနှင့် ခေတ်နှင့်လျော်ညီတဲ့ အရာဝတ္ထုများကို အသုံးပြုပြီးတော့ အမေးအဖြေ တစ်နပ်စားသမားတွေနှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ရလိမ့်မည်။ ကောင်းမွန်တဲ့ ပန်းချီကားတွေကို ဝယ်ယူပြီး မိမိတို့အိမ်မှာ ဆွဲချိတ်ထားတဲ့လူတွေ ယနေ့ ကျုပ်တို့ဆီမှာ မရှိဘူး။ တကယ်လို့ တချို့လူတွေ ပန်းချီကားများကို ဝယ်ကြလျှင်လည်း အဲဒီလိုဝယ်တဲ့အတွက် အနုပညာရဲ့ ရည်မှန်းချက်ဟာ အပြည့်အဝ အောင်မြင်မလာနိုင်ဘူး။ ကျုပ်တို့အနေနှင့် ကောင်းမွန်တဲ့ ပန်းချီကားများကို ရေးဆွဲပြီး ဆင်းရဲသူ၊ ဆင်းရဲသားများကို ချေပေါပေါနှင့် ရောင်းချပြီးတော့ ဆင်းရဲသူ၊ ဆင်းရဲသားတွေ အနုပညာကို စိတ်ဝင်စားလာအောင် လုပ်ကြရလိမ့်မယ်။ ပြတိုက်၊ ကျောင်း၊ သတင်းစာတွေထဲမှာ ပန်းချီပုံများကို ရိုက်နှိပ်ပြီး အညာလွှင်ဖော်ပြကြတဲ့ အမှန်တရားကို ဖြန့်ဖြူးကြရလိမ့်မယ်။ တကယ်လို့ ကျုပ်တို့အနေနှင့် အချိန်ကြာတဲ့အထိ စောင့်ဆိုင်းပြီး တိုက်ပွဲမဝင်ဘူးဆိုရင်တော့ ကျုပ်တို့နိုင်ငံမှာ ပန်းချီအနုပညာ တစ်ဖန် ထွန်းကားလာဖို့ မလွယ်ဘူး။ ယနေ့ အမှိုက်သရိုက်ဆိုရင် အနုပညာရဲ့ အတုအယောင်တွေ ပေါ်နေတဲ့အတွက် အနုပညာအားလုံးဟာ ပျောက်ကွယ်တော့မလိုလို ဖြစ်နေပြီ။ ယနေ့ ပြဇာတ်၊ ကဗျာ၊ စာပေ၊ ဂီတစတဲ့ အနုပညာတွေရဲ့ အခြေအနေ ဘယ်လောက်ဆိုးဆိုးဝါးဝါး ဖြစ်နေတယ်ဆိုတာ မောင်ရင်အသိပဲ မဟုတ်လား"

တိုင်းပြည်နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို စေ့စေ့စပ်စပ်သိနေသော ရှုရဝဏန်ကို တွေ့ရသောအခါ ရှုရဝဏန်သည် ထိုအချိန်၌ အိမ်၏အခြေအနေကို မေ့ကောင်းမေ့နေပြီဟူ၍ အဏ္ဏာမလေ တွေးမိသည်။ သို့ရာတွင် အမှန်တကယ်မှာမူ မမေ့ပေ။ ရှုရဝဏန်က ဆက်ပြောသည်။

"အခု ကျုပ် မောင်ရင့်ကို တစ်လ ငွေနှစ်ရာပေးဖို့ အစီအစဉ်လုပ်နိုင်တယ်။ မောင်ရင် ရေးဆွဲထားတဲ့ပန်းချီကားတွေကို ပြည်သူလူထုကြားထဲမှာ ပျံ့နှံ့သလောက် ပျံ့နှံ့အောင် ကျုပ်ဆောင်ရွက်ပေးမယ်။ အချိန်အတန်ကြာ သွားတဲ့အခါကျတော့ မောင်ရင် ငွေပိုပြီး ရချင်ရလာလိမ့်မယ်။ ဒါပေမဲ့ အတိအကျတော့ ပြောမပြနိုင်ဘူး"

သူ၏ဖခင် အိမ်အပေါင်ထားပြီး ငွေချေးငှားသည့်အဖြစ်အပျက်ကို စကားစပါလျှင် အဏ္ဏာမလေကပြောပြသည်။





www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော့်အနေနှင့် အတိုးဆပ်ရုံအတွက် သက်သက်နှင့် တစ်လငွေခြောက်ရာ လိုအပ်နေပါတယ်''

''တကယ်လို့ မောင်ရင်အနေနဲ့ အိမ်ကို မေ့ထားရဲ့ဘဲ့ သတ္တိရှိပါမှ ကျုပ်အခုပြောမယ့် စကားကို မောင်ရင် လက်ခံနိုင်လိမ့်မယ်။ မိတ်ဆွေ တစ်ယောက်ယောက်ကိုပြောပြီး ငွေငါးဆယ် လောက် အိမ်လခပေးရတဲ့ အိမ်တစ်အိမ် မောင်ရင့်အတွက် ရှာပေးမယ်။ ကျုပ်ကိုယ်တိုင်လည်း လခနဲ့ငှားနေတဲ့ အိမ်မှာပဲနေတယ်။ မောင်ရင့်ဖခင် ကိုယ်တိုင် မချီနိုင်တဲ့ဝန်ကို မောင်ရင်က ဘာကြောင့် ချီချင်ရတာလဲ။ တကယ်လို့ မောင်ရင်ယောက္ခမ ဆန္ဒရှိတယ်ဆိုရင် အိမ်တာဝန်နှင့် အကြွေးဆပ်ရမယ့်တာဝန်ကို သူ့အပေါ် လွှဲထားလိုက်ပါလား''

အဏ္ဏာမလေသည် ရှုရဝဏာန်၏စီမံကိန်းကို သဘောကျသည်။ ဆုန္ဒရီ၏ ဖခင်သည် ကြွေးဆပ်ပြီး အိမ်ကိုသူ့လက်ထဲတွင် ထားနိုင်သည်ဟူ၍ စဉ်းစားမိသည်။ မိမိကိုယ်တိုင်ကမူ အနုပညာရှင်အဖြစ်ဖြင့် နေသွားရန်ဟူသော ရည်မှန်းချက်ကို ပြည့်ဝအောင်မြင်အောင် ကြိုးစားအားထုတ်သွားမည်။ ယင်းကဲ့သို့ ဘဝနေနည်းမျိုးဖြင့် နေထိုင်သွားခြင်းသည် အမှန်တကယ် အလွန်တရာကြီးကျယ်သော တရားကျင့်ကြံအားထုတ်မှု ဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သည်။ အဏ္ဏာမလေသည် ရှုရဝဏာန်အား ကျေးဇူးတင်စကား ပြောကြားလိုက်သည်။ ရှုရဝဏာန်လည်း အဏ္ဏာမလေအား နှုတ်ဆက်စကား ပြောကြားပြီးလျှင် ထွက်ခွာသွားလေသည်။

အဏ္ဏာမလေ၏ စီမံကိန်းသစ်ကို ဆုန္ဒရီနှင့် မိခင်မီနာချီအမ္မာလတို့က သဘောမတူကြပေ။ အဏ္ဏာမလေက ဆုန္ဒရီအား သူ၏အလိုဆန္ဒကို ပြောပြသောအခါ အဏ္ဏာမလေ ရူးများသွားပြီလားဟူ၍ သံသယဖြစ်သွားသည်။ ထိုအကြောင်းကို သူ၏ဖခင်သိသွားလျှင် အဏ္ဏာမလေအား စကားပင်ပြောတော့မဟုတ်ဟူ၍ ဆုန္ဒရီယူဆသည်။ ဆုန္ဒရီ တငိုငို၊ တရယ်ရယ်လုပ်နေသည်ကို တွေ့ရသောအခါ သူ့ဖခင်၏စကားကို မိမိ မလိုက်နာပါက ဆုန္ဒရီသည် မိမိအား အဖက်လုပ်တော့မည်မဟုတ်ဟူ၍ စိုးရိမ်စိတ်ဖြစ်ပေါ်လာသည်။

ဆုန္ဒရီက နင်ပဲငဆ လုပ်နေသောကြောင့် အဏ္ဏာမလေ၏ မိခင်လည်း အဏ္ဏာမလေ၏ ရှေ့သို့လာပြီး မျက်ရည်စမ်းစမ်းနှင့်ဖြစ်နေသည်။ မီနာချီအမ္မာလက ပြောသည်။

''သား၊ သားရဲ့အဖေက သားကို သူ့အသက်ထက်တောင် ချစ်မြတ်နိုးတယ်။ သားရဲ့အဖေက ဒီအိမ်ကို သားအတွက်ရည်ရွယ်ပြီး လိုလိုလားလားနှင့် ဆောက်ခဲ့တာဖြစ်တယ်။ ဒီအိမ် လက်လွှတ်သွားချင်သွားပါစေလို့ သားပြောတာ မေမေကြားရတယ်။ သားရဲ့ ဒီစကားဟာ ဘယ်အထိ သင့်လျော်မှန်ကန်မှု ရှိနိုင်ပါ့မလဲ။ သားဟာ မိဘတွေရဲ့ တစ်ဦးတည်းသော သားဖြစ်တယ်။ မိဘတွေရဲ့ ဥစ္စာပစ္စည်းအပေါ်မှာ သားပိုင်ဆိုင်ခွင့်ရှိတယ်ဆိုလို့ရှိရင် မိဘရဲ့ ကြွေးမြီကိုလည်း သားပဲ ဆပ်ရလိမ့်မယ်။ ဆောက်ဖျားအရင့်မကြီးဖြစ်ပြီးတော့ မိမိ တာဝန်ဝတ္တရားကို အခုလို ခါထုတ်ပစ်တာ မသင့်လျော်ဘူး''





အဏ္ဏာမလေ ရုတ်တရက် ဘုန်းကြီးဖြစ်သွားပြီဟူ၍လည်းကောင်း၊ ယင်းသို့ မဖြစ်စေဖို့ တားမြစ်ပိတ်ပင်ရန်နှင့် မိမိတို့ တာဝန်ဝတ္တရားဖြစ်သည်ဟူ၍ ယောက္ခမနှင့် ချွေးမ နှစ်ယောက်လုံးက ထင်မြင်ယူဆကြသည်။ ပန်းရန်ဆရာ ကွယ်လွန်သွားသည့်အတွက် ဖြစ်ပေါ်လာသော စိတ်မချမ်းမသာဖြစ်မှုကြောင့်သာလျှင် အဏ္ဏာမလေဦးနှောက် ချောင်သွားသည်ဟု ယောက္ခမနှင့် ချွေးမတို့နှစ်ယောက်လုံးက တွက်ကြသည်။

ထိုနေ့ညဉ့် အဏ္ဏာမလေ အိပ်၍မပျော်တော့ပေ။ အနုပညာအမည်ရှိသော လက်နက် လှလှလေးကို ကိုင်စွဲလျက် သတ္တိရှိစွာဖြင့် ဘဝစစ်မြေပြင်သို့ ထွက်လာပြီးလျှင် တိုက်ပွဲဝင်ရန် ဗျာများနေသည်။ မိမိအတွက် ဆန်တစ်ပြည် အဝတ်စနှစ်ကိုက်နှင့် ပန်းချီဆွဲရန်အပွက် စက္ကူနှင့်ဆေးသာလျှင် လိုသည်ဟုတွက်ထားသည်။ သူ့အတွက် ယင်းပစ္စည်းဝတ္ထုများ ဘယ်မှာ ချို့တဲ့မှုရှိနိုင်မည်နည်း။ သို့ရာတွင် မီနာချီအမ္မာလ၏ မျက်ရည်ကိုလည်း လျစ်လျူ မရှုဘဲနေ၍ မရပေ။ မိမိဖခင်ယူထားသော ကြွေးမြီကို တစ်နည်းနည်းဖြင့် မဆပ်ဘဲနေ၍ မဖြစ်ဟူ၍ အဏ္ဏာမလေ ရုတ်တရက် သဘောပေါက်လာသည်။ သို့ရာတွင် မည်သို့မည်ပုံ ဆပ်ရမည်ဆိုသည်ကိုမူ နားမလည်နိုင်အောင် ဖြစ်ရသည်။

နံနက်ချိန် ရောက်လာပြီ။ အခန်းပြတင်းတံခါးများမှ နံနက်ခင်း လေပြေလေညင်းနှင့် နေရောင်ခြည်သည် အခန်းထဲဝင်ရောက်လာသည်။ အဏ္ဏာမလေသည် ပြတင်းတံခါးအနီး လာရပ်ပြီးလျှင် အာနန္ဒိတို့၏ခြံဘက် လှမ်းကြည့်လိုက်သည်။ သူ့နှာဝသို့ တိုးဝင်လာသည့် ပွင့်သစ်စ၊ ဖူးသစ်စ ပန်းပွင့်နှင့်ပန်းဝတ်ဆံတို့သည် သူ့ကို ညို့ယူဖမ်းစားထားကြသည်။ မိမိ၏ အတွင်းသန္တာန်စိတ်၌ တဖြည်းဖြည်းငြိမ်းချမ်းသည့် အသိတရား တစ်ခုပွင့်လာသည်ကို တွေ့ရသောကြောင့် အဏ္ဏာမလေသည် အတန်ငယ် သက်သာရာ ရသွားသည်။

ခပ်ဝေးဝေးတွင် လှမ်းမြင်ရသော 'နာဂလိင်'သစ်ပင်သည် ပင်လုံးကျွတ် အပွင့်များ ပွင့်နေကြသည်။ ထိုသစ်ပင်သည် ကြီးမားသော ပန်းဆိုင်၊ ပန်းအိုးကြီးတစ်ခုသဖွယ် ထင်နေ ရသည်။ အာနန္ဒီသည် သစ်ပင်အောက်၌ရပ်လျက် အနိမ့်ပိုင်းအကိုင်းများပေါ်၌ ပွင့်နေကြသော ပန်းပွင့်များကို ခူးပြီးလျှင် ခြင်းတောင်းထဲ၌ ထည့်နေသည်။ အာနန္ဒီကို တွေ့ရရုံမျှနှင့် ဆံပင်လျှော်ပြီး၊ ဆံပင်မခြောက်ခင် ပန်းခူးရန် ထိုနေရာသို့ ရောက်လာခြင်းဖြစ်သည်ဟု သိရှိသွားသည်။ အာနန္ဒီက အဏ္ဏာမလေကို မမြင်ပေ။ ယင်းပတ်ဝန်းကျင်အခြေအနေ၌ အာနန္ဒီကို မြင်ရသောအခါလှပသော ပန်းချီကားတစ်ချပ်ကို တွေ့မြင်ရသည့်အလား အဏ္ဏာမလေ ထင်မှတ်သွားသည်။

အဏ္ဏာမလေ ရုတ်တရက် ယခင်က နေ့တစ်နေ့အကြောင်းကို သတိရလာသည်။ ထိုနေ့က သူသည် ပထမဆုံးအကြိမ် ထိုခြံထဲသို့ ဝင်ရောက်လာသည်။ ထိုအချိန်၌ အာနန္ဒီသည် 'မိုဒယ်'အဖြစ်နှင့် ထိုင်နေသည်။ အနုပညာနတ်ဒေဝီသည် သက်ရှိရုပ်လုံး ရုပ်တုအဖြစ်ဖြင့် ထိုနေရာ၌ စံပယ်နေသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ယင်းမြင်ကွင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မည်မျှလှသနည်း၊ မည်မျှနှစ်သိမ့်ရွှင်လန်းမှု ဖြစ်စေသနည်း၊ ယနေ့လည်း သူ၏မျက်မှောက်၌ ထိုခြံ၊ ထို 'နာဂလိဂ်'သစ်ပင်၊ ထိုအာနန္ဒီ ···။

အဏ္ဏာမလေ၏ စိတ်နှလုံးထဲတွင် အတိတ်၏ချိုမြသော အမှတ်သညာများ၊ ရုတ်တရက် ကြွတတ်လာကြပြီးလျှင် ယင်းအမှတ်သညာများထဲ၌ အဏ္ဏာမလေ မြုပ်နစ်သွားသည်။ ထိုနေရာ၌ အားလုံးကိုမေ့ပြီး အဏ္ဏာမလေရပ်နေသည်မှာ နံနက်ခင်း ရွှေရောင်ခြည် မိုးရွာချစဉ် အနုပညာနတ်ဒေဝီအား ငေးမျှော်ရှုစားနေသည့်အလား ထင်မှတ်ရသည်။ အဏ္ဏာမလေသည် အာနန္ဒီအား မမိတ်မသုန် စိုက်ကြည့်နေပြီးသည့်နောက်မှ မိမိ၏အပြုအမူသည် မသင့်လျော်ပါကလားဟူ၍ သတိရလာသည်။ အလှကို သုံးဆောင်ခံစားစဉ်ခဏ၌ သူ၏ စိတ်နှလုံးတွင် ဤကဲ့သို့သော သေးသိမ်ယုတ်ညံ့သည့် အတွေးအသိမျိုး ပေါ်မလာပေ။ အာနန္ဒီ၏ထံ၌ ဆွဲဆောင်စွမ်းအားတစ်မျိုးရှိသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သည်။ သဘာဝ နတ်သမီး၏ စွမ်းအားတစ်ခုကြောင့် စိတ်လှုပ်ရှားတက်ကြွလာပြီးလျှင် ဥဒေါင်းသည် သူ၏ ရောင်စုံအတောင်ကိုဖြန့်လျက် တမေ့တမော ကချေများ နေသလား။ ထိုနည်းအတိုင်း အဏ္ဏာမလေ ၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော အနုပညာဉာဉ်တည်းဟူသော ဥဒေါင်းကို ကရန် အတွက် နှိုးဆော်တိုက်တွန်းသည့် စွမ်းအားတစ်ခု အာနန္ဒီ၏ထံ၌ ရှိနေသည်။

ဤအိမ်ကို စွန့်ခွာထွက်သွားပါက ယင်းကဲ့သို့သော ရှုခင်းမျိုးကို ကြည့်လိုပါသော် လည်း ကြည့်နိုင်တော့မည်မဟုတ်ဟူ၍ အဏ္ဏာမလေ တွေးမိသည်။ ယင်းသစ်ပင်မျိုး၊ ယင်း ကျေးငှက်မျိုး၊ ယင်းအာနန္ဒီမျိုး၊ ယင်းပတ်ဝန်းကျင်မျိုး မိမိအနေနှင့် ဘယ်မှာတွေ့နိုင်မည်နည်း။

အဏ္ဏာမလေ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ စီးပွားရေးအလုပ်နှင့် အနုပညာရှင် အလုပ်ကို တစ်ပြိုင်နက်လုပ်ပြီး အသက်မွေးဝမ်းကျောင်းမည်ဟူ၍ အကြံရရှိလာသည်။ ယောက္ခ ဒဏ္ဍပါဏိ အစပျိုးထားသော စီးပွားရေးလုပ်ငန်းကို စီးပွားရေးသမားတစ်ဦးအနေနှင့် မိမိတာဝန်ဝတ္တရားကို သိရှိနားလည်စွာဖြင့် ပြုလုပ်ဆောင်ရွက်မည်။ အိမ်အပေါ်ထပ်ရှိ မိမိအခန်း မိမိ၏ပိုင်နက်အတွင်း၌ အနုပညာရှင်အဖြစ်ဖြင့် မိမိစိတ်တိုင်းကျ၊ ပန်းချီပုံအမျိုးမျိုးကို ရေးဆွဲမည်။

အဏ္ဏာမလေသည် အနုပညာကောလိပ်၏ အကြီးအကဲထံသွား၍ မိမိ၏ အခြေ အနေကို ပြောပြသည်။ အဏ္ဏာမလေ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်သွားရသည့်အတွက် အနုပညာကောလိပ် အကြီးအကဲသည် စိတ်မချမ်းမသာကြီးစွာဖြစ်သည်။ သို့ရာတွင် အဏ္ဏာမလေအား သူ့ဆန္ဒရှိသည့်အတိုင်း အလုပ်လုပ်ခွင့်ကိုမူ ပေးလိုက်သည်။

"ဘယ်စီးပွားရေးလုပ်ငန်းကိုဖြစ်ဖြစ် မင်းလုပ်လိုက လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ပန်းချီဆွဲတဲ့အလုပ်ကိုတော့ ဘယ်တော့မှ ရပ်မပစ်နှင့်။ မင်းမှာ ပန်းချီအနုပညာ ရှိနေတယ်။ အခွင့်ရတိုင်း ပန်းချီရေးဆွဲတဲ့အလေ့အကျင့်ကို ဆက်လက်လုပ်နေပါ။ အခါအခွင့်သင့်တဲ့ အခါတိုင်း မင်းဆွဲထားတဲ့ ပန်းချီပုံတွေကိုယူပြီး ငါ့ဆီလာဖို့ မမေ့နှင့်"





ယင်းသို့ပြောပြီးလျှင် ပန်းချီကောလိပ် အကြီးအကဲသည် အဏ္ဏာမလေအား ပြန်လွှတ်လိုက်လေသည်။

အဏ္ဏာမလေ အယူအဆပြောင်းလဲသွားသည်ကို တွေ့မြင်ရသည်ဖြစ်၍ ဆုနန္ဒရီသည် အလွန်အံ့သြသွားသည်။ အဏ္ဏာမလေသည် ဒဏ္ဍပါဏိ၏ကုမ္ပဏီ၌ အလုပ်စတင်လုပ်ကိုင်ပြီး နေ့စဉ်နေ့တိုင်းပင် အချိန်မှန်မှန် ကုမ္ပဏီသွားသည်။ နံနက် ၁၀ နာရီမှ ညနေ ၅နာရီအထိ ကုမ္ပဏီ၌ အလုပ်လုပ်ရသည်။ မနိုမကပ် လုပ်တတ်သူဖြစ်သောကြောင့် အဏ္ဏာမလေသည် သတ်မှတ်ပိုင်းခြားထားသည့် အချိန်အတွင်း အခြားလူများထက် နှစ်ဆအလုပ်လုပ်သည်။ အခြားသူများအားလည်း မိမိနှင့်အတူ အလုပ်မလုပ်ဘဲမနေအောင် ပြုလုပ်သည်။ ဒဏ္ဍပါဏိ သည် နေရာအနှံ့အပြား လှည့်လည်သွားလာပြီးလျှင် ဖောက်သည်များထံမှ အော်ဒါရအောင် ကြိုးစားအားထုတ်သည်။ ထိုအချိန်က ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များသည် ကြိုးပမ်းအားထုတ်မှု မပြုလုပ်ရဘဲနှင့် ငွေကြေး အဆမတန် စုဆောင်းနိုင်ကြသည်။ ယင်းတို့ကို အကြောင်းပြုလျက် ဒဏ္ဍပါဏိလည်း ဝင်ငွေကောင်းနေသည်။ ကပ်စေးနဲ့ကော်တရာအဖြစ်ဆုံး ပုဂ္ဂိုလ်ထက်ပင် ဒဏ္ဍပါဏိသည် ငွေကို ကျစ်ကျစ်ပါအောင်တုပ်ထားသည့် အတတ်ပညာကို သိရှိနားလည် သည်။ သူ၏စီးပွားရေးလုပ်ငန်း၊ ယခုကဲ့သို့ အရှိန်အဟုန်ဖြင့် သွားနေလျှင် အဏ္ဏာမလေအား အကြွေးရှင်လက်ထဲက အိမ်ကို ပြန်ရအောင်လုပ်ပေးနိုင်လိမ့်မည်ဟူ၍ ဒဏ္ဍပါဏိ စိတ်ချ ယုံကြည်သည်။

နံနက်ချိန် အလုပ်မသွားခင်နှင့် ညနေအလုပ်မှပြန်လာပြီးနောက် အချိန်အတန်ကြာမျှ အဏ္ဏာမလေသည် သူ၏ စတူဒီယို၌ထိုင်လျက် အလုပ်လုပ်နေတတ်သည်။ ယင်း အလုပ် လုပ်နေချိန်၌သာလျှင် ထိုနေ့အဖို့ မိမိအနေနှင့် အချိန်ကိုကောင်းစွာအသုံးချရသည်ဟူ၍ အဏ္ဏာမလေ ယူဆသည်။ ယင်းသို့ ကိုယ့်အလုပ်ကို လုပ်နေသည့်အခါ၌ သူ၏ကိုယ်ရော စိတ်ပါ မောပန်းနွမ်းလျခြင်းဟူသမျှ ရွေ့လျားပျောက်ကွယ်သွားသည်။ ယင်းသို့အားဖြင့် အဏ္ဏာမလေသည် ပန်းချီပုံများကို တစ်ပုံပြီးတစ်ပုံဆွဲနေသည်။ တစ်ခါတစ်ရံ ဆုနန္ဒရီကိုခေါ်ပြီး အလည်အပတ်လည်း ထွက်သည်။

အဏ္ဏာမလေ၏ ယင်းလုပ်ငန်းဆောင်တာကို ဆုနန္ဒရီ မနှစ်ခြိုက်ပေ။ သူ့အနေနှင့် ညမိုးချုပ်မှ အချိန်အနည်းငယ်မျှသာ အဏ္ဏာမလေနှင့် စကားပြောခွင့်ရသည်။ သို့ရာတွင် ဆုနန္ဒရီသည် အဏ္ဏာမလေနှင့် စကားပြောသည်ကနည်းပြီး နှုတ်လုံ့ဆိုးနေသည်က များသည်။ အပြင်ထွက်သည့်အခါများ၌ စိတ်ထင်တိုင်း ပိုက်ဆံသုံးဖြုန်းနိုင်သည့် စွမ်းအားမရှိကြပေ။ ဆုနန္ဒရီသည် ယင်းအချက်ကိုလည်း စိတ်ထဲက မကျေမချမ်းဖြစ်နေသည်။

တစ်နေ့သ၌ ဆုနန္ဒရီသည် အဏ္ဏာမလေအား ပြောင်ပြောင်တင်းတင်းပင် သူ့စိတ်ထဲ ရှိသည်ကို ဖွင့်ဟပြောပြသည်။

ဆုနန္ဒရီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"နေ့စဉ်နေ့တိုင်းပဲ နံနက်အိပ်ရာက ထတာနဲ့ တစ်ပြိုင်နက် ရှင်အလုပ်ကို သွားတယ်။ အလုပ်ကပြန်လာတော့လည်း စတူဒီယိုထဲ ရှင် တန်းဝင်သွားတယ်။ ကျွန်မကတော့ တစ်ယောက်တည်း အငူသားထိုင်နေရတယ်။ ကျွန်မ ဆက်လက်သည်းမခံနိုင်တော့ဘူး"

ဆုန္နရီပြောသည်မှာ မှန်သည်ဟူ၍ အဏ္ဏာမလေကလည်း နားလည်သည်။ လက်မထပ်ခင်က ဆုန္နရီသည် သူ့အပေါင်းအသင်းများနှင့်လည်းကောင်း၊ မိမိနှင့်လည်းကောင်း လွတ်လပ်သောငှက်ကဲ့သို့ ဟိုဟိုသည်သည်လျှောက်လည်၍သာလျှင် နေခဲ့သည်။ ဆုန္နရီကို ခေါ်ပြီး မင်္ဂလာယ်ကမ်းခြေအလည်သွားမည်ဟူ၍ အဏ္ဏာမလေ အကြိမ်များစွာ အကြံဖြစ်ပေါ်ခဲ့သည်။ အဏ္ဏာမလေက အားတက်သရော ပြောလိုက်သည်။

"ဆုန္နရီ မင်းပြောတာ လုံးလုံး မှန်တယ်။ ငါပြောတဲ့စကားကို နည်းနည်းလောက် နားထောင်စေချင်တယ်။ ငါ့ရဲ့ အချိန်တစ်ဝက်ဟာ စတူဒီယိုမှာရှိတဲ့ ပန်းချီဆွဲဖို့ ပစ္စည်းတွေကို ပြင်ဆင်တာတို့၊ ခဲတံချွန်တာတို့၊ စုတ်တံကိုဆေးရေဆေးဖြစ်တာတို့မှာ ကုန်ဆုံးသွားတယ်။ တကယ်လို့ အဲဒီအလုပ်တွေကို မင်းကူညီလုပ်ကိုင်ပေးမယ်ဆိုရင် မင်အငူသားထိုင်နေရတော့မှာ မဟုတ်ဘူး။ ငါ့အတွက်လည်း မင်းနဲ့အတူ အလည်အပတ်ထွက်ဖို့ အချိန်ရမယ် မဟုတ်လား၊ တစ်ပတ်နှစ်ခါလောက် စကူတာစီးပြီး အလည်ထွက်နိုင်လိမ့်မယ်"

ဆုန္နရီကိုယ်တိုင်လာပြီး မိမိကိုအကူအညီပေးလိမ့်မည်ဟူ၍ အဏ္ဏာမလေ ထင်ထားသည်။ သို့ရာတွင် ထင်သလိုဖြစ်မလာပေ။ မိမိစိတ်ထဲရှိသမျှကိုလည်း အဏ္ဏာမလေသည် ဆုန္နရီအား ဖွင့်ဟပြောပြလိုက်သည်။

ဆုန္နရီသည် တစ်စုံတစ်ခု အဖြေပြန်ပေးခြင်းမရှိပဲ အဏ္ဏာမလေကိုသာလျှင် မိုက်ကြည့်ကြည့်နေသည်။

အဏ္ဏာမလေကပြောသည်။

"ငါ မင်းအကျပ်အတည်းကို နားလည်သဘောပေါက်ပါတယ်။ တကယ်လို့ မင်းကလည်း ငါ့အခက်အခဲကို နားလည်သဘောပေါက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာ မလွဲဘူး"

ဆုန္နရီက မေးလိုက်သည်။

"လခစားအလုပ်လုပ်တဲ့အတွက် ရှင်လခ တစ်ထောင်ရနေတယ်။ အဲဒီလိုဖြစ်ပါလျက်နှင့် အခုလို အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေကို ဘာဖြစ်လို့ လုပ်နေရတာလဲ၊ အကျိုးမရှိတဲ့ ရှင့်အလုပ်တွေကို ရပ်ပစ်လိုက်စမ်းပါ"

အဏ္ဏာမလေသည် ဒေါသကြောင့် တောက်လောင်နီရဲနေသော မျက်လုံးဖြင့် ဆုန္နရီအား စိုက်ကြည့်လိုက်သည်။ သူ၏ တစ်ကိုယ်လုံးလည်း အပြင်းအထန် တုန်ခါနေသည်။

"ပန်းချီမဆွဲနဲ့တော့"ဟူ၍ စိတ်ဆိုးမာန်ဆိုးနှင့်ပြောသော ဆုန္နရီ၏စကားကို အဏ္ဏာမလေ လုံးဝသည်းမခံနိုင်ပေ။ ရှေးယခင်က သူ၏ ဖခင်ပန်းရန်ဆရာ ကျိဒ္ဓမှရမ်သည် သူရေးဆွဲထားသော ပန်းချီပုံများကို စုတ်ဖြဲပြီး လွှင့်ပစ်ခဲ့ဘူးသည်။ အဏ္ဏာမလေသည် ထိုအချိန်က စိတ်မချမ်းမသာဖြစ်ရခြင်းထက် အဆပေါင်းများစွာပိုပြီး ယခု စိတ်မချမ်းမသာ ဖြစ်နေရသည်။ အဖေသည် သုခုမအနုပညာ၏အရသာကို မခံစားတတ်ပေ။ ဆုန္နရီကလည်း အဖေ့လိုပင် ဖြစ်နေသလား။ ရုတ်တရက် ဆုန္နရီ ဘာဖြစ်သွားသနည်း။

လက်မထပ်ခင်က ဆုန္နရီသည် မိမိအား ပန်းချီဆရာကြီးဟု ပြောလျက် ချီးကျူးခဲ့သည်။ သူ့အပေါင်းအသင်းများ၏ရှေ့၌ ဂုဏ်ယူစွာဖြင့် မိမိအကြောင်းကို ပြောပြခဲ့သည်။ မိမိပန်းချီပုံဆွဲရန်အတွက် ဆုန္နရီသည် တွန့်ဆုတ်ခြင်းအလျဉ်းမရှိဘဲ မိမိရှေ့မှောက်၌ 'မော်ဒယ်' အဖြစ်နှင့် ထိုင်ဖို့ရန် မငြင်းဆန်ခဲ့ပေ။ ယနေ့ ဆုန္နရီသည် ဘာဖြစ်သွားသနည်း။

ထိုနေ့ ညအချိန်၌ အဏ္ဏာမလေ၏ စိတ်နှလုံးသည် အလွန်တရာ ယောက်ယက်ခတ်နေသည်ဖြစ်၍ ပန်းချီမရေးဆွဲနိုင်ပေ။ မိမိအား အဏ္ဏာမလေ စားတော့ဝါးတော့မလို ကြည့်နေသည်ကို တွေ့ရ၍ ဆုန္နရီကလည်း အဏ္ဏာမလေအား မိုက်ကြည့်ကြည့်ပြီးလျှင် အိမ်အောက်ထပ် ဆင်းသွားသည်။ အဏ္ဏာမလေသည် သူ၏ စတူဒီယို၌ အတန်ကြာထိုင်ပြီးလျှင် ပန်းချီပုံ ရေးဆွဲလျက် ဖျက်ရင်း၊ ပြင်ရင်းနှင့် စက္ကူပေါင်းများစွာ အလဟဿ ဖြုန်းတီးသွားသည်။ ထို့နောက် တိတ်တဆိတ်ထလာပြီးလျှင် အခန်းထဲက ကုတင်ပေါ်တွင် လှဲနေလိုက်သည်။

ခုတင်အနီး၌ပင် စာစောင်တစ်ခုနှင့် စာအုပ်တစ်အုပ်ပွင့်လျက်သား ဖြစ်နေသည်။ ဆုန္နရီ ဖတ်ရင်းတန်းလန်းနှင့် ပစ်ထားခဲ့သည့်စာစောင်နှင့် စာအုပ်များဖြစ်သည်။ အဏ္ဏာမလေသည် ယင်းစာစောင်နှင့် စာအုပ်ကို ကောက်ယူပြီး ဘီရိုထဲတွင် မထည့်ဘဲနှင့် စာမျက်နှာများကို လှန်လှောကြည့်လိုက်သည်။ စာစောင်မှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာစောင်ဖြစ်သည်။ ယင်းစာစောင်၌ ရုပ်ရှင်မင်းသမီးများ မည်သည့်ရုပ်ရှင်ကားများ၌ မည်သို့မည်ပုံ ဝတ်စားဆင်ယင်၍ မည်သို့မည်ပုံ ကိုယ်ဟန်ပြနေပုံကိုလည်းကောင်း၊ မိတ်ကပ်ခြယ်ထားပုံကိုလည်းကောင်း၊ ပုံအမျိုးမျိုး ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပုံနှိပ်ဖော်ပြထားသည်။ စာအုပ်ကို လှန်ကြည့်လိုက်သည်။ စာအုပ်မှာလည်း လူသတ်မှု၊ ဓားပြတိုက်မှုစသော သည်းထိတ်ရင်ဖို အကြောင်းအရာများ အပြည့်ရှိနေသည့် တတိယတန်းစား အင်္ဂလိပ်ဝတ္ထုကို အခြေခံလျက်ရေးထားသော ဝတ္ထုစာအုပ်တစ်အုပ်ဖြစ်သည်။

ယင်းကဲ့သို့ အောက်တန်းစား စာအုပ်များနှင့် စာစောင်များကို ဆုန္နရီဝါသနာပါကြောင်း တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေသည် အကြီးအကျယ်စိတ်မကောင်းဖြစ်သွားသည်။ နေ့ရက်များ မကြာခင်က မိမိချီးမွမ်းရင်း ဆုန္နရီပြောသောစကားကို အဏ္ဏာမလေ သတိရလာသည်။ သူ၏ ဖခင်ကုမ္ပဏီ၌ အလုပ်လုပ်သော အဏ္ဏာမလေသည် ရုပ်ရှင်ပိုစတာများကို ရေးဆွဲနေသည်။ ယင်းပိုစတာများကိုကြည့်လျက် ဆုန္နရီက "ရှင့် ဒီအရုပ်တွေက သိပ်လှတာပဲ။ အိမ်မှာရှင်ဆွဲတဲ့ ပန်းချီပုံတွေထက် အခုပုံတွေက အဆတစ်ထောင်သာတယ်"ဟု ပြောသည်။ ဆုန္နရီ၏ စကားကိုကြားရသောအခါ အဏ္ဏာမလေသည် ငိုရမည်လား၊ ရယ်ရမည်





www.burmeseclassic.com

www.burmeseclassic.com



လားဟု မတွေးတတ်အောင် ဖြစ်သွားသည်။ ရုတ်တရက် ရှုရဝကန်ပြောသောစကားကို သတိရလာပြီးလျှင် အယောင်အဆောင်အတုအပသည် အမှန်တရား၏လည်မျို ညှစ်နေပြီဟု၍ ထင်မှတ်သွားသည်။

ခုတင်ပေါ်၌ လှဲနေသော အဏ္ဏာမလေသည် လမ်းကြားထဲ၌ အမှိုက်ပုံအနီးတွင် ရပ်နေသော နွားမတစ်ကောင်ကို လှမ်းမြင်သည်။ ထိုနွားမသည် အိမ်နီးနားချင်း အိမ်က နွားမဖြစ်သည်။ နွားရှင်များသည် ထိုနွားမအားစိမ်းလန်းသော မြက်များနှင့် နှမ်းဖတ်များကို ကျွေးလျက် အာဟာရဖြစ်စေသည့် အရည်များကိုတိုက်ပြီးလျှင် ဝဖြိုးနေအောင် လုပ်ထားကြသည်။ ယင်းသို့ဖြစ်ပါလျှက်နှင့် ထိုနွားမသည် အမှိုက်ပုံထဲက ညစ်ပတ်ပေရေနေသော စာရွက်စုတ်တစ်စုတ်ကို ဆွဲထုတ်လျက် ဝါးနေသည်။ စားမြုံ့ပြန်နေသည်။ အကယ်၍ နွားမ၏ စရိုက်ကိုပြုပြင်ပြောင်းလဲနိုင်မည်ဆိုလျှင် လူတွေ၏စရိုက်ကို အဘယ်ကြောင့် မပြုပြင် မပြောင်းလဲနိုင်ရမှာနည်း။

ထိုနေ့ည၌ အဏ္ဏာမလေသည် ဆုန္နရီအား စကားမပြောတော့ပေ။ မိမိထံ ဆုန္နရီ ကိုယ်တိုင်လာပြီး ပြောလိမ့်မည်ဟု၍ စောင့်နေသည်။ ဆုန္နရီကလည်း နည်းနည်းနောနော ခေါင်းမာသူတစ်ယောက် မဟုတ်ပေ။ အဏ္ဏာမလေ သူ့ဆီလာပြီး စကားပြောလိမ့်မည်ဟု၍ သာလျှင် ထင်မှတ်ထားသည်။ သူတို့နှစ်ယောက်လုံး ထိုညအဖို့ စကားတစ်ခွန်းမှမပြောကြဘဲ တစ်ယောက်နှင့်တစ်ယောက် အမျက်ပွားနေကြပြီးလျှင် အချင်းချင်းအာခံရင်း အချိန်ကုန်လွန် သွားကြသည်။ နှစ်ယောက်လုံး အိပ်ကောင်းခြင်းလည်း မအိပ်ကြရပေ။ နောက်တစ်နေ့၌ အဏ္ဏာမလေသည် နံနက်စောစောကတည်းက စတူဒီယိုထဲတွင် လာထိုင်သည်။ သူ၏ အတွေး အခေါ်အကြံအစည်သည် လျှင်မြန်သောအဟုန်ဖြင့် ပြေးသွားနေသည်။ စက္ကူပေါ်တွင် ပန်းချီပုံ ရေးဆွဲလိုက်သည်။ ပန်းချီပုံတွင် နစ်မြုပ်နေသောကြောင့် ဆုန္နရီ၏လှုပ်ရှားမှုများသည် သူ၏ အလုပ်ကို အနှောက်အယှက် မဖြစ်စေနိုင်ပေ။ ဆုန္နရီသည် ပြတင်းတံခါးများကို ဂျိုင်းခနဲ တံအား ဆောင့်ပိတ်ပြီး ခြေဆောင့်နင်းလျက် တိုက်အမိုးပေါ်၌ ဟိုလျှောက်သည်လျှောက် လုပ်နေသည်။ အောက်ဆင်းလာပြီး အိုးခွက်များကို ဟိုပစ်သည်ပစ်လုပ်သည်။ သူ၏ ယင်းပြုမူ ချက်များကြောင့် မီနာချီအမွှာလ စိတ်မကောင်းဖြစ်ရသည်။ အဏ္ဏာမလေ၏အပေါ်တွင်ကား တစ်စုံတရာ သြဇာသက်ရောက်မှု ရှိမလာပေ။

ထိုနေ့ အဏ္ဏာမလေသည် အလုပ်တိုက်သို့ နောက်ကျပြီးမှရောက်လာသည်။ ရေချိုးခြင်း၊ အဝတ်အစားလဲခြင်း၊ ထမင်းစားခြင်းကိစ္စများကို ပြုလုပ်ရာ၌ ဆုန္နရီ အကူအညီ မပေးပေ။ လုပ်စရာရှိသမျှကို အဏ္ဏာမလေကိုယ်တိုင် လုပ်ရသည်။ ကုမ္ပဏီ၏အလုပ်ကို ပြီးအောင်လုပ်ပြီးနောက် အဏ္ဏာမလေသည် ညနေချိန် အိမ်ပြန်လာသည်။ အဏ္ဏာမလေ၏ စက္ကူတာအသံကြားလျှင်ကြားခြင်း ဆုန္နရီသည် အိမ်ထဲကထွက်လာပြီးလျှင် အဏ္ဏာမလေအား ကြိုဆိုမြဲဖြစ်သည်။ သို့ရာတွင် ထိုနေ့၌ကား ဆုန္နရီသည် တုတ်တုတ်မျှမလှုပ်ပေ။





ဆုန္နရီသည် အိမ်အပေါ်ထပ်က သူ၏အခန်းထဲတွင် တံခါးအလုံပိတ်လျက် ခုတင် ပေါ်၌ တိတ်တဆိတ်လှဲနေသည်။ တံခါးရွက်များ၏အကြားမှ အဏ္ဏာမလေသည် ဆုန္နရီအား စူးစိုက်ကြည့်လိုက်သည်။ ဆုန္နရီ၏ ထူးခြားသောအလှကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေ သည် အခိုက်အတန့်မျှ မှင်သက်မိသလို ဖြစ်သွားသည်။ ဆုန္နရီ၏ သိပ်သည်းနက်မှောင်သော ဆံပင်၊ မည်းနက်သော မျက်ခုံး၊ ချွန်နေသော နှာခေါင်း၊ နီရဲသောနှုတ်ခမ်း၊ ပြည့်ဖြိုးမောက်နေ သည့် ရင်သား၊ ကြာရိုးကြာစွယ်ကဲ့သို့ နုးညံ့သောလက်မောင်း၊ ဘဝ၏နွေဦးကာလကို အပြည့်အဝသုံးဆောင် ခံစားရန်အတွက် ပြုလုပ်ဖန်တီးထားသော လှပသည့်ကိုယ်လုံး ကိုယ်ထည်၊ ယင်းအရာအားလုံးကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေသည် မတ်တပ်ရပ်နေ ရင်းက ပင့်သက်ကို ရှူထုတ်လိုက်သည်။ ဆုန္နရီ၏အလှကိုတွေ့မြင်ရသောအခါ သူ့ထံ ချဉ်းကပ်သွားလျက် တောင်းပန်ပြီးလျှင် အချစ်ဖြင့် မိမိအလိုပါအောင် လုပ်တော့မည်ဟု၍ အဏ္ဏာမလေ စိတ်ကူးရလာသည်။ သို့သော်လည်း တံခါးပေါ်လက်တင်လိုက်သည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေသည် သူ၏စတူဒီယိုရှိရာသို့ လှမ်းကြည့်လိုက်သည်။ နံနက်ချိန်က သူရေးဆွဲထားခဲ့သောပန်းချီပုံသည် ကြမ်းပြင်ပေါ်၌ မှောက်လျက်ကျနေသည်။ သူ၏ ပစ္စည်း ကိရိယာများလည်း ဖရိုဖရဲပြန့်ကျဲနေကြသည်။ ယနေ့ဆုန္နရီသည် စတူဒီယိုသန့်ရှင်းရေးကို မလုပ်ပေ။ နေရာအနှံ့အပြား ဖုန်တင်းကျမ်းဖြစ်နေသည်။ ယင်းစိတ်ပျက်ဖွယ် အခြေအနေကို တွေ့မြင်ရသည်ဖြစ်၍ ဆုန္နရီနှင့်ပတ်သက်သော သူ၏စွဲမက်မှုသည် တခဏချင်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။

ဆုန္နရီ၏အပြင် ဗဟိဒ္ဓစွဲမက်ဖွယ်သည် အချင်းခပ်သိမ်းအချည်းနှီး အလဟဿသာ ဖြစ်သည်ဟု၍ တခဏအတောအတွင်း၌ပင် အဏ္ဏာမလေ နားလည်သဘော ပေါက်သွား သည်။ မိမိကို စိတ်ကောက်နေစေကာမူ မိမိကို ယခုကဲ့သို့ ခါးခါးသီးသီး မပြုလုပ်သင့်ဟု၍ အဏ္ဏာမလေ စဉ်းစားမိသည်။ စတူဒီယိုသန့်ရှင်းရေးလုပ်လျှင် ဆယ်မိနစ်ပင် မကြာပေ။ သူ၏ ပစ္စည်းကိရိယာများကို နေသားတကျ သန့်ရှင်းစွာထားသည့်အလုပ်မှာ ကြီးလေး ခက်ခဲသည့်အလုပ်မဟုတ်ပေ။

မီနာချီအမွှာလသည် အိမ်အပေါ်ထပ် တက်လေ့မရှိပေ။ ထို့ကြောင့် အိမ်အပေါ် ထပ်က လုပ်စရာအလုပ်မှန်သမျှကို ဆုန္နရီကလုပ်သည်။ ယခုကဲ့သို့ ဆုန္နရီ ပစ်ပစ်ခါခါ ပြုလုပ်ထားခြင်းကို အဏ္ဏာမလေ မကြိုက်ပေ။ လှပသော ရုပ်တုအမျိုးမျိုးရှိသော၊ ရောင်မျိုးစုံ ခြယ်သထားသည့် စိတ်ဝင်စားဖွယ်ခေါ်ပူရမ်က ကြီးကျယ်ခမ်းနားသည့် ဘုရားကျောင်း တစ်ကျောင်း၌ အကယ်၍ အချစ်၏ပုံတူဖြစ်သော နတ်သမီးရုပ်တုတစ်ခုခုမရှိလျှင် ဘယ်လို ထင်မည်နည်း။ တစ်စုံတစ်ခုပြုလုပ်ရန်အတွက် တက်ကြွနေသော အဏ္ဏာမလေ၏ အနုပညာရှင် နှလုံးသည် ရုတ်တရက်လောင်ကျွမ်းနေသော ခံစားမှုကြောင့် နွမ်းခြောက်သွားသည်။ အဏ္ဏာမလေသည် ချက်ချင်းလှေကားမှ အောက်ဆင်းလာပြီးလျှင် စက္ကူတာစီးလျက် ထွက်လယ်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေသို့ ထွက်သွားသည်။ စက္ကူတာစက် နှိုးပြီး ထွက်သွားသံကိုကြားရမှ ဆုန္နရီသည် အခန်းထဲက အပြင်ထွက်လာသည်။ အဗ္ဗာမလေတစ်ယောက်တည်း အပြင်ထွက်သွားသည်ကို တွေ့ရသည်ဖြစ်၍ သူ၏ဒေါသသည် အဆမျှားစွာ တိုးပွားကြီးမားလာသည်။

ဆုန္နရီသည် သူဟာသူ စဉ်းစားကြည့်နေသည်။

"ငါက ယောကျ်ား၊ ငါ သွားချင်တဲ့အခါ ဘယ်နေရာဖြစ်ဖြစ် သွားလို့ရတယ်။ ငါ ဘာလုပ်လုပ် သူ့ကိုမေးစမ်းနေဖို့ မလိုဘူး။ အဲဒီလို အဗ္ဗာမလေ မာန်မာနတတ်နေတယ်။ အကယ်၍လူကြီးလူကောင်း တစ်ယောက်က ယောကျ်ားကောင်းတစ်ယောက်ကို သူ့သမီး ပေးပြီး တစ်လ လခတစ်ထောင်ပေးတယ်ဆိုရင် အဲဒီယောကျ်ားဟာ အခုလို ဒေါသရှေ့ထားပါ့မလား။ သူ့ စိတ်ဆိုးမာန်ဆိုးဖြစ်နေတယ်။ ဆက်ပြီးတော့လည်း ဖြစ်ချင်ဖြစ်နေပစေ။ ငါ့အနေနှင့်လည်း ကိုယ့်အိမ်ကိုယ် ပြန်လို့ရတာပဲ"

မိမိ၏ကြီးကျယ်မှုကို ပြရန်အတွက် အလျင်အမြန် မိမိ မိဘအိမ်ပြန်သွားသင့်သည်ဟူ၍ ဆုန္နရီ အထင်ရောက်လာသည်။ မိခင်နှင့်တွေ့လျှင် အတော်အတန်ငြိမ်အေးသက်သာမှု ရလိမ့်မည်ဟူ၍ ဆုန္နရီတွေးသည်။ လက်မထပ်မီအခါက မိမိ မိခင်အား ဆုန္နရီသည် ယခုလောက် ချစ်ခင်မြတ်နိုးမှုမရှိပေ။ သူ၏မိခင်သည် သူ့ကို အဗ္ဗာမလေနှင့် လက်ထပ်ထိမ်းမြားပေးလိုသည့် စိတ်ဆန္ဒမရှိပေ။ သို့ရာတွင် သားအဖနှစ်ယောက် ဖွဲကောင်းနေကြသည်ဖြစ်၍ သူ၏မိခင် အလျှော့ပေးလိုက်ရသည်။

"မေမေကို ငါ ဘာကြောင့်ဆန့်ကျင်ဘက်လုပ်ခဲ့သနည်း"

ဆုန္နရီ နောင်တရ နေသည်။

ဆုန္နရီသည် သူ၏စိတ်ဆန္ဒအလျောက် မိခင်နှင့် တွေ့ရန်မသွားပေ။ ညနေချိန်ရောက်လာသည်။ အိမ်အပြင်ထွက်ရန်အတွက် မီနာချိအမှာလထံမှ ခွင့်ပြုချက်တောင်းရန်လိုအပ်သည်။ ယောက္ခမအိမ်၌နေလျက် ကိုယ့်မိဘအိမ်မှာကဲ့သို့ အချိန်မရွေး၊ အချိန်ရွေး သွားချင်သည့်နေရာသွား၍ မတော်ပေ။ ထို့ကြောင့် ဆုန္နရီသည် အိမ်နီးနားချင်း အာနန္ဒထံ၌ ခဏတဖြုတ်နေခဲ့ပြီး ပြန်လာသည်။ အာနန္ဒကိုမှု ဘာမှ မပြောခဲ့ပေ။ သို့ရာတွင် သူ၏ ပြောစကားများအရ သူစိတ်ကောက်နေသည်ကိုမူ အာနန္ဒ သိရှိသွားသည်။ ပင်လယ်ကမ်းခြေမှ ပြန်လာပြီးနောက် အဗ္ဗာမလေ ထမင်းစားသည်။ ထမင်းစားပြီးနောက် အပေါ်ထပ် သူ့အခန်းရှိရာသို့ သွားသည်။ အချိန်အတန်ကြာသည်အထိ မအိပ်သေးဘဲ အပြီးမသတ်သေးသော ပန်းချီပုံတစ်ပုံကို အပြီးသတ်လိုက်သည်။ ထို့နောက် စတူဒီယိုထဲ၌ပင်ရှိနေသော ဆိုဖာပေါ်၌ လှဲအိပ်လိုက်သည်။ ကပ်လျက်ရှိသောအခန်းထဲတွင် လဲလျောင်းနေသည့် ဆုန္နရီသည် အတွင်း သန္တာန်၌ ဗလောင်ဆူနေသည်။ သို့ရာတွင် အဗ္ဗာမလေ၏ စတူဒီယိုအတွင်းသို့ တစေ့တစောင်း ချောင်းမြောင်း၍ပင် မကြည့်ပေ။





နောက်တစ်နေ့ ညနေချမ်းအချိန်၌ အိမ်ပြန်လာပြီး စတူဒီယိုထဲ ဝင်သွားသောအခါ အဗ္ဗာမလေသည် အံ့ဩမဆုံး ဖြစ်သွားသည်။ ဝမ်းသာလွန်းမက ဝမ်းသာနေသည်ဖြစ်၍ 'ဆုန္နရီ' 'ဆုန္နရီ'ဟု အော်ခေါ်ရင်း ဆုန္နရီထံသို့ သွားပြီးလျှင် ဆုန္နရီအား ချစ်မေတ္တာအပြည့်ဖြင့် ပွေ့ဖက်လိုက်လေသည်။ ဆုန္နရီကမူ နားမလည်နိုင်အောင် ဖြစ်သွားသည်။

✦ ✦ ✦

အဗ္ဗာမလေ ဝမ်းမြောက်ဝမ်းသာဖြစ်နေရခြင်း၏ တစ်ခုတည်းသောအကြောင်းမှာ လွန်ခဲ့သည့်နှစ်ရက်ခန့်ကစ၍ ဖုန်တင်းကျမ်းဖြစ်နေသော သူ၏ အခန်း၊ သန့်ရှင်းစင်ကြယ်နေသည်ကို တွေ့မြင်ရခြင်းဖြစ်သည်။ ကြမ်းပြင် လုံးဝသန့်ရှင်း စင်ကြယ်နေသည်။ စားပွဲပေါ်၌ ပစ္စည်းကိရိယာအားလုံးကို နေရာတကျထားသည်။ ခဲတံများကို ကောင်းစွာချွန်ထားသည်။ ခဲတံများသည် စက္ကူပေါ်၌ ကိုယ့်ဝတ္တရားကို ဆောင်ရွက်ရန်အတွက် အဆင်သင့်ဖြစ်နေကြသည်ဟု ထင်နေရသည်။ ခဲဖျက်၏ အညစ်အကြေးများကိုလည်း သန့်စင်ထားသည်။ ဆေးထည့်သည့်ခွက်များနှင့် ရေခွက်များလည်း အသစ်သဖွယ် မြင်နေရသည်။ ပန်းအိုး၌ ဖြူထွက်စကားပွင့်များ ထိုးစိုက်ထားသည်။ ပန်းရနံ့များသည် တစ်ခန်းလုံး သင်းပျံ့ကြိုင်လှိုင်နေသည်။

ယင်းအပြောင်းအလဲကို တွေ့မြင်ရသည်ဖြစ်၍ အဗ္ဗာမလေသည် အတိုင်းထက်အလွန် အားရဝမ်းသာဖြစ်နေသည်။ မိမိအကြီးအကျယ်အောင်မြင်မှု ရရှိပြီဟု ထင်မှတ်သွားသည်။ ရှုံးတော့မည်ဟူ၍ မျှော်လင့်ထားသူသည် အကယ်၍အောင်မြင်မှု ရရှိလာမည်ဆိုပါက မည်သို့ဖြစ်လာမည်နည်း။ မိမိ၏စတူဒီယို၌ တွေ့မြင်နေရသော အပြောင်းအကြောင်းသာလျှင် ဝမ်းသာအားရဖြစ်နေသည် မဟုတ်ပေ။ ဆုန္နရီ၏ စိတ်ထား ပြောင်းလဲသွားပုံနှင့် ဆုန္နရီ၏ နှလုံးသားအလှကို တွေ့မြင်ရသည်ဖြစ်သောကြောင့်လည်း ဝမ်းသာအားရဖြစ်သွားခြင်းဖြစ်သည်။

အဗ္ဗာမလေက စဉ်းစားကြည့်သည်။ အကယ်၍ ဆုန္နရီသည် ငါ၏ပန်းချီ အနုပညာကို ရှုံ့ချမုန်းတီးသည်ဆိုလျှင် ငါ့အတွက် ယခုပြုမူဖယ်ကိစ္စမှန်သမျှကို ဘယ်မှာ ပြုလုပ်ဆောင်ရွက်ပေးမည်နည်း။ မဆိုစလောက် မာနရောက်နေသည်ဖြစ်၍ ငါ့ကို စကားနှစ်ခွန်း၊ သုံးခွန်းပြောမိသောကြောင့် ငါ သူ့ကို မည်မျှ ဒုက္ခပေးလိုက်သနည်း။ ဆုန္နရီခမျာ မည်မျှ သနားစရာကောင်းသနည်း။ ယင်းသို့တွေးပြီးလျှင် အဗ္ဗာမလေသည် ဆုန္နရီထံ ပြေးသွားသည်။

အဗ္ဗာမလေသည် ဆုန္နရီ၏ဒေါသကို လွယ်လင့်တကူ ဖြေဖျောက်၍မရနိုင် ဖြစ်နေသည်။ ဆုန္နရီအား အနူးအညွတ် တောင်းပန်သည်။ ကြေရာကြေကြောင်း ပြောသည်။ ဆုန္နရီအပေါ်တွင်ထားသော မိမိ၏ချစ်ခြင်းမေတ္တာကိုလည်း နည်းအမျိုးမျိုးဖြင့် ပြသသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဆုန္နရီ၊ ထကွာ။ ပင်လယ်ကမ်းခြေ အလည်သွားကြမယ်''

ယင်းသို့ ပြောလျက် ဆုန္နရီအား အပြင်ထွက်ဖို့ အတင်းခေါ်နေသည်။

''ပင်လယ်ကမ်းခြေသွားလို့ ဘာလုပ်မှာလဲ၊ ရှင့်စတူဒီယိုက ရှင့်ကို မျှော်လင့်ချက်ကြီးနဲ့ စောင့်နေတယ်မဟုတ်လား''

အဏ္ဏာမလေသည် ဆုန္နရီ၏နားနားကပ်ပြီး တိုးတိုးကလေး ပြောလိုက်သည်။

''ဒီကနေ့ အချစ်စကားပြောမယ်။ အနုပညာစကားကိုတော့ မနက်ဖြန်ကျမှ ပြောတော့မယ်''

ဆုန္နရီက ဒေါသနှင့်ပြောလိုက်သည်။

''အချစ် စကားပြောဖို့အတွက် ရှင် ဘယ်မှာအားလို့လဲ''

''ဆုန္နရီ၊ အချစ်နှင့် အနုပညာဟာ နီးနီးကပ်ကပ် ဆက်စပ်မှုရှိတယ်။ အဲဒီနှစ်မျိုးဟာ ကိုယ်နှင့်အသက်လိုပဲ တစ်ခုနှင့်တစ်ခု ဆက်စပ်နေတယ်။ အဲဒီအကြောင်းကို မင်း ဒီကနေ့ကျမှပဲ သိရှိနားလည်တယ်။ ဒီနေ့ကိုတော့ ငါ တစ်သက်မေ့နိုင်တော့မှာ မဟုတ်ဘူး။ ဒီနေ့ ငါတို့ ဝမ်းသာအားရတဲ့အနေနဲ့ အခမ်းအနား ကျင်းပပြုလုပ်ရလိမ့်မယ်။ ထ၊ မြန်မြန်သွားကြစို့''

ဘာမျှမသိနားမလည်သေးသည့် ကလေးသူငယ်ကဲ့သို့ ယခုလို အဏ္ဏာမလေ အဘယ်ကြောင့် ခုန်ပေါက်နေသည်ဆိုသည်ကို ဆုန္နရီ နားမလည်နိုင်အောင်ဖြစ်သွားသည်။ ယောကျ်ားအရင့်မကြီးတစ်ယောက်ဖြစ်လျက်နှင့် မိမိ၏မာန်မာနကို ဘေးဖယ်ထားလျက် အဏ္ဏာမလေသည် သူ့ကို ဝန်ချတောင်းပန်နေသည်။ ယင်းသို့ စဉ်းစားလိုက်သောအခါ ဆုန္နရီ အတန်ငယ်စိတ်ပြေသွားသည်။

လင်မယားနှစ်ယောက်သည် စက္ကူတာစီးပြီး ပင်လယ်ကမ်းခြေသို့ ထွက်သွားကြသည်။ ယင်းအခြေအနေကိုတွေ့ရတော့မှ မီနာချီအမ္မာလ သက်မချမိသည်။ သူတို့နှစ်ယောက်သည် မြေနှင့် မြေပါကဲ့သို့ တကျက်ကျက်ဖြစ်နေကြသည်ကို မီနာချီအမ္မာလ သိနေသည်။ သူတို့၏ရန်ပွဲ အခုလို အလျင်အမြန်စဲသွားသည်ဖြစ်၍ မီနာချီအမ္မာလသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။

ပင်လယ်ကမ်းခြေသို့ရောက်သွားသောအခါ အဏ္ဏာမလေသည် သဲပြင်ပေါ်၌ လှဲချလိုက်သည်။ ဆုန္နရီက သူ၏အနီးတွင်ထိုင်နေသည်။ ထိုအချိန်က ပင်လယ်ကမ်းခြေတွင် လူသည်လောက် မရှုပ်သေးပေ။

''ဆုန္နရီ၊ အရင်က မင်းငါ့ကို အနုပညာရှင်လို့ခေါ်ပြီး ချီးကျူးစကားပြောတယ်။ မိမိ အလိုဆန္ဒနှင့်ဝါသနာ ဇီဇအလျောက် ပန်းချီရေးဆွဲတဲ့အလုပ်ကို အနုပညာ ဖန်တီးမှုလို့ ခေါ်ပါတယ်။ စတူဒီယိုထဲမှာ ထိုင်နေမှသာ ငါအနုပညာလက်ရာလှလှတွေကို ဖန်တီးပြုလုပ်နိုင်တယ်။ ပိုက်ဆံရဖို့အတွက် လောဘဇောတက်ပြီး ငါ ပန်းချီပုံတွေကို ရေးဆွဲတာ မဟုတ်ဘူး။





ပန်းချီရေးဆွဲတဲ့အတွက် ငါ စိတ်ချမ်းသာမှုတစ်မျိုး ရရှိတယ်။ အဲဒီ စိတ်ချမ်းသာမှုကလည်း ငါတို့ တစ်ယောက်နှင့်တစ်ယောက် ချစ်ကြတဲ့အတွက် ရရှိတဲ့ ချမ်းသာသုခမျိုးလို့ ပြောလျှင်လည်း ပြောလို့ရတယ်''

ယင်းကဲ့သို့ အဏ္ဏာမလေ ကရားရေလွှတ် တတွတ်တွတ်ပြောနေသည်ကို ကြားရသောအခါ ဆုန္နရီသည် ပင်လယ်လှိုင်းများဘက် ကြည့်ရှုနေသည်။ အဏ္ဏာမလေ၏ စကားကို ထူးထူးခြားခြား စိတ်ပါဝင်စားဟန် မတွေ့ပေ။ ဆုန္နရီသည် ဒေါသအပြည့်အဝ ပြေပျောက်မသွားသေးဟု၍ အဏ္ဏာမလေထင်သည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''မင်း ငါ့ကို ချစ်ပြီး ငါ့အနုပညာကိုတော့ မချစ်ဘူးလို့ ငါ ယူဆတယ်။ အဲဒါကြောင့် ငါ ဒေါသထွက်သွားတာ။ ဒီကနေ့ မင်း စတူဒီယိုကိုရှင်းပြီး ပစ္စည်းကိရိယာတွေကို နေသားတကျပြင်ဆင်ထားတာကို တွေ့ရတော့ ငါ့ဒေါသဟာ တဖြေးဖြေးပြေးထွက်သွားတယ်။ မင်း ငါ့စိတ်သဘောထားကို ကောင်းကောင်း နားလည်တယ်ဆိုတာ သိရတဲ့အတွက် ငါ အလွန်အမင်း ဝမ်းသာခြင်း ဖြစ်ရတယ်''

ဆုန္နရီသည် ရုတ်တရက် အဏ္ဏာမလေဘက် ဆတ်ကနဲလှည့်ပြီးလျှင် အဏ္ဏာမလေကို စိုက်ကြည့်နေသည်။ အဏ္ဏာမလေကို တစ်စုံတစ်ခုပြောပြလိုသည့်စိတ် ပေါ်ပေါက်လာသည်။ သို့ရာတွင် ဘာမျှအပြောဘဲ အသာငြိမ်နေလိုက်သည်။

''မင်းကျွဲမြီးတိုနေတာ အခုထက်ထိ မပြေသေးဘူးထင်တယ်''

ယင်းသို့ ပြောလျက် အဏ္ဏာမလေက ရယ်လိုက်သည်။ ဆုန္နရီက မေးခွန်းထုတ်လိုက်သည်။

''ရှင်၊ ကုမ္ပဏီက ပြန်လာပြီး အိမ်မှာပဲ တစ်ချိန်လုံး အလုပ်လုပ်နေမယ်ဆိုရင် ကျွန်မ ဘယ်လိုလုပ်ပြီး သဘောကျနိုင်ပါ့မလဲ။ အလည်ထွက်တာတို့၊ ရုပ်ရှင်ကြည့်တာတို့၊ ဟိုတယ်သွားပြီး စားတာသောက်တာတို့ လုပ်ဖို့အတွက် ရှင့်မှာ ဘယ်အချိန်ရလို့လဲ''

အဏ္ဏာမလေသည် ဆုန္နရီ စိတ်မကောင်းဖြစ်နေပုံကို နားလည်သဘောပေါက်သည်။ တစ်ပြိုင်နက်တည်းမှာပင် မိမိ အိမ်ထောင်ရေး တွေ့ကြုံခံစားနေရသော အခက်အခဲကို ဆုန္နရီ ဘာမျှမသိပါလားဟူ၍လည်း နားလည်သွားသည်။ ယင်းအိမ်ထောင်ရေး၏ ပင်ရင်း အခြေခံဖြစ်သော သူ၏ဖခင် ပန်းရန်ဆရာ ကျိဒမ္ဗရမ်သည် ရုတ်တရက် ကွယ်လွန်သွားသည်။ ထို့ကြောင့် သူတို့၏အိမ်ထောင်ရေးတစ်ခုလုံး ဖရိုဖရဲဖြစ်သွားသည်။

ပန်းရန်ဆရာ သေဆုံးသွားသည့်အတွက် ဖြစ်ပေါ်လာရသော ဝမ်းနည်းကြေကွဲမှုကို သူတို့၏အိမ်ထောင်ရေးသည် မေ့ပျောက်သွားခြင်း မရှိသေးချေ။ ယင်းအခြေအနေ၌ အပြင်ဘက်အပျော်အပါးထွက်လည်လိုသည့်ဆန္ဒ အဏ္ဏာမလေတွင် မရှိပေ။ မိမိတို့၏အကျပ်အတည်း အကြောင်းကို စကားစပ်ပြီးနောက် အဏ္ဏာမလေက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို အပေါင်ထားပြီး ပေပေချေးငှားခဲ့တဲ့ငွေကြေးကို ပြန်ဆပ်ဖို့အတွက်ပေါ့။ ဒါ့ကြောင့် ဒါ မင်းအဖေ ကုမ္ပဏီမှာ အလုပ်လုပ်နေတာဖြစ်တယ်။ ငွေကြေးပြေလည်သွားပြီဆိုတဲ့နောက် မှာတော့ ငါ အိမ်မှာပဲ ပန်းချီဆွဲပြီးတော့ နေနိုင်စားနိုင်လုပ်မယ်"

ဆုန္နရီသည် ထူးဆန်းသော သတ္တဝါတစ်ကောင်ကို ကြည့်နေသကဲ့သို့ပင် အဏ္ဏာမလေကို ကြည့်နေသည်။ လခတစ်ထောင်ရသည့်အလုပ်ကို မလုပ်တော့ဟု ပြောသော အဏ္ဏာမလေ၏စကားကို ကြားရ၍ ဆုန္နရီ အကြီးအကျယ်အံ့ဩသွားသည်။ သို့သော်လည်း ဆုန္နရီသည် ထိုအချိန်၌ အဏ္ဏာမလေနှင့် အငြင်းအခုန်လုပ်နေလိုသည့် ဆန္ဒမရှိပေ။

ပင်လယ်ကမ်းခြေမှ ပြန်လာပြီးနောက် လင်မယားနှစ်ယောက် ထမင်းစားပြီး အိမ်အပေါ်ထပ် တက်သွားကြသည်။ ထိုည၌ သူတို့နှစ်ယောက်သည် ဝမ်းသာအားရ အချိန်ကုန် လွန်သွားကြသည်။ နှစ်ရက်ကြာမှ ငရဲမှာနေရပြီး နတ်ပြည် တစ်ဖန်ပြန်ရောက်လာသည်ဟူ၍ ထင်မှတ်နေကြသည်။

နောက်တစ်နေ့နံနက်ချိန်တွင် အဏ္ဏာမလေသည် စိတ်အားတက်ကြွစွာဖြင့် သူ၏ စတူဒီယိုထဲ ဝင်သွားသည်။ အလွန်တရာ ကြီးမားပြန့်ကျယ်သည့် အင်ပိုင်ယာနိုင်ငံ တစ်နိုင်ငံကို ရရှိပြီဟူ၍ ထင်မှတ်လောက်အောင်ပင် ဝမ်းသာအားရဖြစ်နေသည်။ မိမိ၏ ပစ္စည်းကိရိယာ အားလုံးကို အမြင်သစ်ဖြင့်ကြည့်ရှုလိုက်သည်။ မိမိ၏ပစ္စည်းကိရိယာ အားလုံးအပေါ်၌ ရွှေရောင်တောက်နေသော ဆုန္နရီ၏အချစ်တံဆိပ် ခတ်နှိပ်ထားသည်ဟူ၍ပင် ထင်မှတ်သွားသည်။ အဏ္ဏာမလေသည် အမှိုက်ပုံများတွင် ထိုင်လျက်လည်း ပန်းချီရေးဆွဲ၍ရသည်။ သို့ရာတွင် ယင်းသန့်ရှင်းလှပသော ပတ်ဝန်းကျင်၌ထိုင်လျက် ပန်းချီဆွဲရသောအခါ ထူးထူးခြားခြား ဂုဏ်ယူစရာဖြစ်သည်ဟူ၍ အထင်ရောက်သွားသည်။ အလွန်တရာ ကြီးမား ကျယ်ပြန့်သော အင်ပိုင်ယာဘုရင်ဧကရာဇ်သည် မိမိနှင့်လိုက်ဖက်သော မိဖုရားကို ရရှိသွားပြီ မဟုတ်လော။

အဏ္ဏာမလေသည် ငှက်နှစ်ကောင်၏အရုပ်ကို ခပ်သုတ်သုတ်ရေးဆွဲပြီးလျှင် ကုမ္ပဏီသို့သွားရန် အဆင်သင့်ဖြစ်သွားသည်။ ထမင်းစားပြီးနောက် ဆုန္နရီအား နှုတ်ဆက်ပြီးလျှင် ထွက်သွားမည်ပြုသောအခါ မိခင်ပြောလိုက်သော စကားကြောင့် အကြီးအကျယ် အံ့ဩသွားသည်။ မိနာချီအမ္မာလက ပြောလိုက်သည်။

"အာနန္ဒီတစ်ယောက် ဒီအိမ်ရောက်လာပြီး သားတို့နှစ်ယောက် ရန်ပွဲစဲသွားအောင် လုပ်လိုက်တာနဲ့တူတယ်။ အဲဒါ အင်မတန် ဝမ်းသာစရာကောင်းတဲ့အချက်ပဲ"

အဏ္ဏာမလေက တအံ့တဩ မေးလိုက်သည်။

"အာနန္ဒီ ဟုတ်လား"

"ဟုတ်တယ်လေ။ မနေ့က ညနေ အာနန္ဒီ အပေါ်ထပ်အခန်းကို ရှင်းပြီးတော့ အမှိုက်သရိုက်တွေ တောင်းအပြည့် အိမ်အောက်သယ်လာပြီး ပစ်လိုက်တယ်။ သားကလည်း





ကိုယ့်စတူဒီယိုကိုတောင်မှ သန့်သန့်ရှင်းရှင်း မထားနိုင်ဘူးလား။ ဆုန္နရီကို ဘာမှ ပြောမပြဘူး ထင်တယ်။ မနေ့က အာနန္ဒီတစ်ယောက်တည်း သိမ်းကျုံးလုပ်လိုက်ရရှာတယ်။ အဲဒီအကြောင်း ကို အာနန္ဒီကိုလည်း ပြောပြပြီးပြီလို့ထင်တယ်"

"ကောင်းပြီအမေ။ ကျွန်တော်သွားတော့မယ်။ နောက်ကျနေပြီ"

ယင်းသို့ ပြောလျက် အဏ္ဏာမလေ ခပ်သုတ်သုတ်ထွက်သွားသည်။ သူ၏ မျက်လုံး၌ မျက်ရည်စို့လာသည်။ စကူတာပေါ် တက်မထိုင်ခင် နောက်ဘက်ကအိမ်ပေါ်ထပ်ဆီ လှမ်းကြည့်လိုက်သည်။ သို့သော်လည်း လူသူ တစ်ယောက်ကိုမျှ မမြင်ရပေ။ ထိုအိမ်၌နေသော အနုပညာအဝေဇအား ကြည်ညိုလေးစားစွာဖြင့် အဏ္ဏာမလေသည် စိတ်ထဲက ဦးညွှတ်အရိုအသေ ပြုလိုက်သည်။ ယမန်နေ့ညက ရရှိခဲ့သော နတ်ချမ်းသာအား၊ အနှစ်သာရလုံးဝ ကင်းမဲ့သော စိတ်ကူးချမ်းသာအလား အဏ္ဏာမလေ ထင်မှတ်သွားသည်။ မိမိကိုယ်မိမိ လှည့်စားမိပြီဟု တွေးမိသောကြောင့် အရှက်ရသွားသည်။ လမ်းတွင် နှစ်ကြိမ်တိတိ ကားနှင့် တိုက်မိမလို ဖြစ်ပြီးကာမှ ကံကောင်းထောက်မသွားသည်ဖြစ်၍ ဘေးမသီရန်မခဘဲ အလုပ်တိုက် ရောက် သွားသည်။

အချို့သော ပုဂ္ဂိုလ်များသည် မိမိအပေါ် တခြားလူများအကျိုးပြုချက်ကိုသာလျှင် သတိပြုမိကြပြီး မိမိတို့အအပေါ် အကျိုးမဲ့ပြုခြင်းကိုမူ အလျှင်အမြန် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။ အချို့ပုဂ္ဂိုလ်များကမူ မိမိတို့အပေါ် တခြားလူများ၏ အကျိုးပြုခြင်းနှင့် အကျိုးမဲ့ခြင်း နှစ်မျိုးလုံးကိုပင် သတိပြုမိကြသည်။ ပုဂ္ဂိုလ်တချို့ကား မိမိတို့အပေါ် တခြား လူများ၏အကျိုးပြုခြင်းကို တစ်ခဏအတွင်း မေ့ပစ်လိုက်ကြပြီးလျှင် အကျိုးမဲ့ပြုခြင်းကို သာလျှင် ထာဝစဉ်မှတ်သားထားကြသည်။ တတိယအမျိုးအစား ပုဂ္ဂိုလ်တို့သည် အဆိုး မရှိသည့်နေရာ၌လည်း အဆိုးကို တွေးတောကြံဆလျက် စိတ်မချမ်းမသာကြီးစွာဖြစ်ကြသည်။

မာဏိက္ကမ်သည် ပန်းရန်ဆရာ၏အိမ်ထောင်စုနှင့် အရယ်အပြုံးမပျက် စကားပြော သော်လည်း ပန်းရန်ဆရာအိမ်ထောင်စုက သူ့ကိုပေးခဲ့သော မပြောပလောက်သည့် အပြစ်ဒဏ် ကိုပင် မေ့ပျောက်မသွားပေ။ ပန်းရန်ဆရာ မရှိတော့ပေ။ သို့ရာတွင် ပန်းရန်ဆရာနှင့် ပတ်သက်၍ မာဏိက္ကမ်၏စိတ်နှလုံးတွင် ပေါ်ပေါက်ခဲ့သော မကျေမချမ်းမှုသည် ငြိမ်းအေး ပျောက်ကွယ်မသွားပေ။ မာဏိက္ကမ် စဉ်းစားကြည့်သည်။

"ငါ့ကို ခြိမ်းခြောက်ဟိန်းဟောက်ပြီး စော်ကားမော်ကားလုပ်တာ ဘယ်အထိ သင့်လျော်တယ်လို့ ဆိုနိုင်ပါ့မလဲ။ တကယ်လို့ ငါ့အနေနှင့် သူ့ကို လက်တုံ့ပြန်မယ်ဆိုရင် ဘယ်လို ဖြစ်လာမလဲ"

ပန်းရန်ဆရာအပေါ် မာဏိက္ကမ် အခဲမကျေဖြစ်ရခြင်း၏အခြားအကြောင်း တစ်ခု ရှိသေးသည်။ မာဏိက္ကမ် စဉ်းစားကြည့်သည်။ အကယ်၍ ပန်းရံဆရာသာ အသက်မသေဘဲ ရှိနေသေးလျှင် သူတို့နှစ်ယောက်ပေါင်းပြီး မြေရှင်အား တရားစွဲလျက် မြေကို မိမိတို့မြေအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရယူနိုင်သည်။ ပန်းရန်ဆရာ ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ကုမ္ပဏီ၏အစုရှယ်ယာနှင့် ပတ်သက်ပြီး သူအပေါ် တာဝန်လုံးလုံးကျနေသည်။ ဝါ၏အစုရှယ်ယာကို ရင်းစားပြန်မပေးဘဲ သူ ကွယ်လွန်သွားသည်။ ငါ့အစုရှယ်ယာကို ရင်းစားပြန်ရအောင် လုပ်ဖို့ရန်မှာ ငါ့တာဝန်မဟုတ်ဘဲ သူ့တာဝန်သာ ဖြစ်သည်။

ပန်းရန်ဆရာနှင့်အတူပေါင်း၍ အစုစပ်သဘောဖြင့် မြေကိုဝယ်သည့်အတွက်ကြောင့် မာဏိက္ကမ်သည် ဥပဒေကြောင်းအရ ပန်းရန်ဆရာအား အပြစ်တင်ခြင်းဖြစ်သည်။ ထိုအတောအတွင်း ဥပဒေနှင့်ပတ်သက်၍ သူ့ထက်နားလည်သော ပုဂ္ဂိုလ်များက သူ့ကို အတော်ကလေး ကသီကအောက်ဖြစ်အောင်လုပ်ကြသည်။ မြေရှင်သည် မြေပေါ်၌ သူ၏ပိုင်ဆိုင်ခွင့်ကို ခိုင်မာအောင်လုပ်ပြီးလျှင် မဏိက္ကမ်ထံမှ မြေကို ပြန်သိမ်းသည်။ မြေကွက်ဝယ်ရန်အတွက် စရန်ငွေကြိုတင်ပေးထားကြသူအားလုံးကလည်း မိမိတို့ ပေးထားကြသောငွေကို မာဏိက္ကမ်ထံမှ အတင်းပြန်ယူကြသည်။ အရစ်ကျနှင့် ဝယ်ယူထားသောကားသည် မောင်းသွားသည့်လမ်းမှပင် နောက်ကြောင်းပြန်လှည့်လာရသည်။ အာနန္ဒီ၏ လက်ဝတ်လက်စားများနှင့် သူ့မိခင်၏ လက်ဝတ်လက်စားများကို ထုခွဲရောင်းချပြီးလျှင် မာဏိက္ကမ်သည် ယိမ်းယိုင်ပြိုကျသွားသော သူ၏အခြေအနေကို ပြန်လည်အဖတ်ဆယ်ရသည်။ ကဒီရေရှန်သည် သူ၏ သားမက်အား ကြွေးမှုဖြင့် အကျဉ်းထောင်၏ လေကို မရှူရှိုက်စေလိုပေ။ သူတို့၏ အိမ်ကို အပေါင်ထားပြီး ချေးငှားထားသောငွေကို သူတို့ ပြန်မဆပ်နိုင်ပေ။ ကြွေးရှင်သည် အဏ္ဏာမလေကဲ့သို့ပင် မာဏိက္ကမ်အားလည်း တစ်လငွေခြောက်ရာအတိုးပေးလျှင် တော်ပါပြီဟူ၍ ပြောထားသည်။

မိမိ၏ ယင်းပွဲဦးထွက်အရှုံးကြောင့် မာဏိက္ကမ်သည် စိတ်ပျက်အားလျော့ မသွားပေ။ ယင်းအရှုံးကြောင့် သူ၏ခိုင်မာသော စိတ်ဓာတ်သည် လျော့မသွားသည့်အပြင် ပိုမိုကြီးမားလာသည်။ မြို့ထဲတွင် ဒေဝါလီခံရသူများကိုလည်းကောင်း၊ တရားရုံးတွင် ရင်ဆိုင်နေရသူများကိုလည်းကောင်း၊ ဦးခေါင်းမော့လျက် လှည့်လည်သွားလာနေသည်ကို တွေ့မြင်ရသည့်ဖြစ်၍ မာဏိက္ကမ် အားတက်လာသည်။ အထက်တန်းကျောင်းသား၊ ကောလိပ်ကျောင်းသားများနှင့် ရုံးတွင် အောက်တန်းစာရေးစာချီ လုပ်သူများထံမှသာလျှင် အရည်အချင်းနှင့် အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံသည့်လက်မှတ် သို့မဟုတ် ထောက်ခံစာ တောင်းလေ့ရှိကြသည်။ လွတ်လွတ်လပ်လပ် လုကြီးလူကောင်းလုပ်ရန်အတွက် သို့မဟုတ် စီးပွားရှာရန်အတွက် ယင်းလက်မှတ် ထောက်ခံစာများသည် အကျိုးမရှိသည့်အပြင် အနှောက်အယှက်ပင်ဖြစ်သည်။ မာဏိက္ကမ်သည် ရုတ်တရက် ဒေါသထွက်လာပြီးလျှင် သေတ္တာထဲတွင် သိမ်းထားသော သူ၏အကျင့်စာရိတ္တနှင့်ပတ်သက်သော ထောက်ခံစာများကို ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်သည်။

တက္ကစီငှားပြီးလျှင် မာဏိက္ကမ်သည် သူ၏ အကြံပေးလမ်းညွှန် ပုဂ္ဂိုလ်များထံ သွားသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များထံက နှစ်ယောက်သုံးယောက်ကိုသာလျှင် တွေ့သည်။





ယင်းနှစ်ယောက် သုံးယောက်ထဲကလည်း တစ်ယောက်သောသူသာလျှင် မာဏိက္ကမ်သည် သူ၏ ပိုက်ကွန်နှင့်ဖမ်း၍ ရသည်။

ထိုပုဂ္ဂိုလ်အား မာဏိက္ကမ်က ပြောပြသည်။ သူ့အနေနှင့် တိုက်ဆောက်ရန်နှင့် လမ်းဖောက်ရန်အတွက်လည်းကောင်း၊ ပိုက်လုံးများကို ပြင်ရန်အတွက်လည်းကောင်း၊ ကန်ထရိုက်ရနိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိအား ကူညီပေးလျှင် ကျေးဇူးများစွာ တင်ရှိမည်။ မာဏိက္ကမ်သည် ယခုအထိ သူလုပ်ကိုင်ဆောင်ရွက်လာခဲ့သော အလုပ်အကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောပြပြီးလျှင် ထိုပုဂ္ဂိုလ်အား မိမိအပေါ် ယုံကြည်စိတ်ချသွားအောင် လုပ်သည်။ မာဏိက္ကမ်သည် ပန်းရန်ဆရာက မိမိအနေနှင့် ထိုပုဂ္ဂိုလ်၏ ကျေးဇူးတန်ထုပ်ဝန်ပိုးကို ချိုးနိုင်လိမ့်မည်မဟုတ်ဟူ၍ ပြောပြီးလျှင် ငြင်းပယ်ခဲ့သည်။ ပန်းရန်ဆရာ၏ တပည့်မာဏိက္ကမ်အား တွေ့ရသောအခါ ပန်းရန်ဆရာ၏ ကျေးဇူးကိုတုံ့ပြန်ဖို့အတွက် အခါကောင်းခွင့်ကောင်းဖြစ်သည်ဟူ၍ ယူဆသွားသည်။ ထိုပုဂ္ဂိုလ်က ပြောသည်။

"ငါမင်းကို ဒီမြို့မှာ ငွေတစ်သိန်းကုန်ကျမယ့် လမ်းဖောက်တဲ့အလုပ်ကိုပေးမယ်။ မင်းအနေနှင့် အဲဒီအလုပ်အတွက် ငွေ သုံးလေးသောင်း စိုက်နိုင်ရင်တော်ပြီ။ လမ်းကို အတွင်းဘက်က ကျောက်စရစ်ခဲတွေ အပြည့်ထည့်ထားပေမယ့် အပြင်ဘက်ကကြည့်ရင် တောက်ပြောင်နေဖို့လိုတယ်။ တစ်စုံတစ်ယောက် မင်းအလုပ်ကို စစ်ဆေးပြီး အမှားအယွင်းမရှာဖို့ ငါ့တာဝန်ထား။ ငါပြောတဲ့အလုပ်ဟာ ကျေးဇူးအများကြီးရှိမယ့် အလုပ်ဖြစ်တယ်။ မင်းအနေနှင့် ငါးဆယ်ရာနှုန်းအမြတ် ရလိမ့်မယ်။ ပန်းရန်ဆရာကို ကျေးဇူးပြန်ဆပ်တဲ့အနေနှင့် ငါ မင်းကို အကူအညီပေးချင်တယ်။ ဒါပေမဲ့ တစ်ခုတော့ သတိထားရလိမ့်မယ်။ ငါ့အနေနှင့် ငွေနှစ်သောင်း မပျက်မကွက်ရမှ ဖြစ်လိမ့်မယ်"

ထိုပုဂ္ဂိုလ်၏စကားကိုကြားရသောအခါ ဘယ်လိုစီးပွားရေးအလုပ် သို့မဟုတ် လခစားအလုပ်မျိုးမှ မလုပ်ကိုင်ဘဲနှင့် ထိုပုဂ္ဂိုလ် ဤမျှမြင့်သောအဆင့်သို့ ဘယ်ပုံဘယ်နည်း ရောက်ရှိလာသည်ဆိုသည်ကို မာဏိက္ကမ် သိရှိသွားသည်။ ထိုပုဂ္ဂိုလ်သည် လခတစ်ပြားတစ်ချပ်မှမယူဘဲ ပြည်သူလူထု၏ အကျိုးကိုသယ်ပိုးဆောင်ရွက်နေသည်ဟူ၍ ထင်ရှားကျော်ကြားနေသူ ဖြစ်သည်။

မာဏိက္ကမ်၏ထံတွင် တက္ကစီခပေးရန်အတွက်ပင် အလုံအလောက်ပိုက်ဆံ မရှိပေ။ သို့ရာတွင် ယင်းအချက်ကို တခြားလူများအား မသိစေပေ။

"အဲဒီအလုပ် ကျွန်တော့်ကိုပေးပါ။ တစ်နည်းမနည်းနှင့် ငွေရှာပြီး ပြီးမြောက်အောင် လုပ်ပါ့မယ်" ယင်းသို့ပြောလျက် မာဏိက္ကမ်သည် ထိုပုဂ္ဂိုလ်ထံမှ ထွက်ခွာလာခဲ့သည်။

အဏ္ဏာမလေ၏ယောက္ခမ ဒဏ္ဍပါဏီ၏ အကူအညီဖြင့် တစ်ယောက်ယောက်ထံမှ ငွေချေးကြည့်မည်ဟူ၍ မာဏိက္ကမ် ပထမစဉ်းစားကြည့်သည်။ သို့ရာတွင် နောက်ပိုင်း၌ ထိုအကြံကို ဖျက်ပစ်လိုက်သည်။ ဒဏ္ဍပါဏီအနေနှင့် ယုံကြည်စိတ်ချပြီး ငွေချေးလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟူ၍ တွက်မိသောကြောင့်ဖြစ်သည်။ မြို့ထဲ၌ ဈေးပါဏီထက် ကြံရည်ဖန်ရည်ရှိသူ အမြောက်အများရှိသည်။ ငွေချေးစားသူများသည် ထိုလူများမှတစ်ဆင့် ငွေချေးလေ့ရှိကြသည်။ ထိုကြွေးရှင်များသည် အရင်းပြန်မဆပ်နိုင်သော်လည်း ကြောင်ကြစိုက်လေ့မရှိကြပေ။ ငွေချေးသူများထံက အရင်းထက် အတိုးများများရဖို့ကိုသာ စိတ်စောနေကြသည်။ အရင်းပြန်ရလျှင်လည်း အစွန်းထွက်အမြတ်ဟူ၍သာလျှင် ထင်မှတ်ယူကြသည်။

မာဏိက္ကမ်သည် နေ့ညမပြတ် လမ်းသလားပြီးလျှင် အလုပ်စတင်ရန်အတွက် လိုအပ်သောငွေကို စုဆောင်းသည်။ မိမိ၏အလုပ်နှင့်ပတ်သက်၍ အာနန္ဒီအား တစ်ခွန်းတစ်ပါဒမျှမဟာပေ။ အာနန္ဒီကလည်း သူ့ကိုမည်သို့မှ မေးမြန်းစုံစမ်းခြင်းမပြုပေ။ မြေဝယ်သည့်ကိစ္စ၌ တစ်ပတ်ရိုက်ခံလိုက်ရသောကြောင့် မိမိအနေနှင့် ဒုက္ခရောက်ခဲ့ရသည်ဟူ၍ တွေးပြီးလျှင် အာနန္ဒီသည် မာဏိက္ကမ်အား သတိထားနေသည်။ မိမိ၏ အချစ်စစ်အချစ်မှန်ကို ဖော်ပြပြီးလျှင် မာဏိက္ကမ်အား ပေးခဲ့သည်။ အစက်အစဲ ကြုံတွေ့နေချိန်၌ အာနန္ဒီသည် သူ၏ လက်ဝတ်လက်စားများကို မာဏိက္ကမ်လက်ထဲ ထည့်ခဲ့သည်။

တစ်ကြိမ်က အာနန္ဒီသည် မိမိဖခင်ကိုပြော၍ မာဏိက္ကမ်အား လခစားအလုပ်တစ်ခုခု ရှာပေးရမည်လားဟု မေးမြန်းခဲ့ဖူးသည်။ ထိုအချိန်၌ မာဏိက္ကမ်က "ကျုပ် ဘယ်သူ့ဆီမှာမှ လခစားမလုပ်ဘူး။ စောင့်သာကြည့်ပါ။ ကျုပ်ကသာ တခြားလူတွေကို အလုပ်ပေးပြမယ်"ဟူ၍ပြောသည်။ မာဏိက္ကမ်၏အစွမ်းသတ္တိကို တွေ့မြင်ရသည်ဖြစ်၍ အာနန္ဒီသည် အံ့သြလည်းအံ့သြ ဂုဏ်လည်းယူမိသည်။

တစ်နေ့သ၌ ညနေချိန်တွင် မာဏိက္ကမ်သည် စိတ်အားတက်ကြွစွာဖြင့် တက္ကစီနှင့် အိမ်ပြန်လာသည်။ သူ၏လက်ထဲတွင် ဖိုင်တွေ အပြည့်ထည့်ထားသော ခြင်းတောင်းတစ်တောင်းလည်း ပါလာသည်။ အာနန္ဒီကိုအော်ခေါ်ရင်း လှေကားမှ အိမ်ပေါ်တက်လာသည်။ ဝမ်းသာအားရ မိမိအား ခေါ်သကြားရသည်ဖြစ်၍ အာနန္ဒီ အနည်းငယ် အံ့သြသွားသည်။

"အလုပ်တော့ဖြစ်ပြီ။ ဒါကြောင့် ဖိုင်တွေ အပြည့်နှင့်ခြင်းတောင်းကို ယူလာခဲ့တာ"

ယင်းသို့ ပြောပြီးလျှင် မာဏိက္ကမ်သည် အာနန္ဒီ၏လက်ထဲ စာတစ်စောင် ထည့်လိုက်သည်။ ထိုစာထဲတွင် မာဏိက္ကမ်၏ တင်ဒါကို လက်ခံလိုက်ပြီဖြစ်ကြောင်း မာဏိက္ကမ်အား ငွေတစ်သိန်းကုန်ကျမည့်အလုပ်လုပ်ရန်အတွက် ကန်ထရိုက်ပေးလိုက်ပြီဖြစ်ကြောင်း ရေးသားထားသည်။ အာနန္ဒီသည် မိမိမျက်လုံးကိုပင် မိမိမယုံကြည်နိုင်အောင် ဖြစ်သွားသည်။

မာဏိက္ကမ်ကပြောသည်။

"အလုပ်လုပ်လို့ ပြီးသွားရင် ကျုပ်အတွက် အနည်းဆုံး ငွေနှစ်သောင်းငါးထောင် အမြတ်ရဖို့ ရှိတယ်"

"စာချုပ်ထဲမှာ ရှင့်အနေနှင့် ကိုယ့်ငွေစိုက်ထုတ်ပြီး အလုပ်စတင် လုပ်ရမယ်လို့ ရေးထားတာတွေ့တယ်။ ရှင် ငွေ ဘယ်သွားရှာမှာလဲ"





"ကျုပ်အားလုံး စီစဉ်ပြီးပါပြီ"

စီးပွားရေးအလုပ်လုပ်သည့်ကိစ္စ၌ မိမိယောကျ်ားသည် အလွန်တရာပင် ကြံရည်ဖန်ရည် ရှိသူတစ်ဦးဖြစ်သည်ဟူ၍ အာနန္ဒီ သိရှိနားလည်သွားသည်။ ခွက်လက်စွဲပြီး တောင်းစားရတော့မည့်အခြေအနေ ရောက်ရှိလာသည့်အချိန်၌ သူ၏ယောကျ်ားသည် ငွေတစ်သိန်းကြီးများတောင် သုံးစွဲရမည့်အလုပ်ကို ရရှိသည်။ ယင်းသို့တွေးလျက် အာနန္ဒီ ဦးနောက်ချာချာလည်သွားသည်။

အာနန္ဒီ တအံ့တသြ ငေးမောနေသည်ကို တွေ့ရသည်ဖြစ်၍ မာဏိက္ကမ်က ရယ်ပြီး ပြောလိုက်သည်။

"အဏ္ဏာမလေ အလုပ်ကပြန်လာပြီထင်တယ်။ သူ့ကို သွားခေါ်စမ်းပါ"

အာနန္ဒီ အဏ္ဏာမလေထံသွားရန် မဝံ့မရဲဖြစ်နေသည်။ မာဏိက္ကမ်က သူ့ကို အဏ္ဏာမလေ ခေါ်နိုင်းခြင်းမှာ ဆန်းလှပါကလားဟု အောက်မေ့သွားသည်။ သို့သော်လည်း မာဏိက္ကမ်၏ စကားကို ငြင်းဆန်ရန်မဖြစ်သဖြင့် အာနန္ဒီထွက်သွားသည်။

✦ ✦ ✦

အဏ္ဏာမလေ အိမ်အပေါ်ထပ်မှာရှိသည်ကိုသိရ၍ အာနန္ဒီသည် စတူဒီယိုနားကပ်သွားလျက် အတွင်းဘက် လှမ်းကြည့်လိုက်သည်။ အဏ္ဏာမလေသည် စာရွက်တစ်ရွက်ပေါ်တွင် ခဲတံဖြင့် ထူထပ်သိပ်သည်းသော တောအုပ်တစ်ခု၏ပုံကို ရေးဆွဲနေသည်။ မိမိ၏နောက်တွင် ရပ်နေသော အာနန္ဒီအား လုံးဝ သတိမပြုမိပေ။

အဏ္ဏာမလေရေးဆွဲနေသောပုံသည် အဆီအငေါ်မတည့်ဟူ၍ အာနန္ဒီစဉ်းစားမိသည်။ ထူထပ်သိပ်သည်းပြီး အလွန်တရာ လှပသော တောအုပ်တစ်ခုသို့ မိန်းကလေးတစ်ယောက် မည်သို့မည်ပုံ ရောက်လာသည်ဆိုသည်ကို အာနန္ဒီနားမလည်ပေ။ ပန်းချီပုံတွင် မိန်းကလေးတစ်ယောက် ခြေဖျားထောက်ပြီး ခပ်မြင့်မြင့် သစ်ကိုင်းတစ်ကိုင်းက ပန်းကို လှမ်းခူးနေသည်ကို တွေ့မြင်ရသည်။

အာနန္ဒီကရယ်ပြီး မေးလိုက်သည်။

"ဒီထူထပ်သိပ်သည်းတဲ့ တောအုပ်ထဲ ဒီမိန်းကလေးက တစ်ယောက်တည်း အကြောက်အရွံ့ အထိတ်အလန့်မရှိဘဲ ဘယ်လို ရောက်လာတာလဲ"

အဏ္ဏာမလေ လန့်သွားပြီးလျှင် အာနန္ဒီဘက် လှည့်ကြည့်လိုက်သည်။ သူ၏မျက်လုံးကလည်း "အာနန္ဒီတစ်ယောက်တည်း ဘာဖြစ်လို့လာတာလဲ"ဟူ၍ မေးနေသည်။ မမျှော်လင့်ဘဲ အာနန္ဒီရောက်လာသောကြောင့် အဏ္ဏာမလေသည် အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်သွားပြီးလျှင် မေးလိုက်လေသည်။

"ဒီလိုထူထပ်သိပ်သည်းတဲ့ တောအုပ်မျိုးကို အာနန္ဒီတွေ့ဖူးသလား"

"ဟုတ်ကဲ့။ တက္ကရိမှာ ဒီလိုတောအုပ်မျိုး ကျွန်မမတွေ့ဖူးပါတယ်"

"အဲဒီတက္ကရိ ကျွန်တော့အိမ်နားမှာပဲရှိနေတယ်"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် အာနန္ဒီအားအခန်းပြတင်းတံခါးမှ သူတို့၏ခြံဥယျာဉ်ကို ပြလိုက်လေသည်။ ထိုနေရာမှရပ်လျက် မိမိတို့၏ ခြံဥယျာဉ်ကို ကြည့်လိုက်သောအခါ အာနန္ဒီသည် အမှန်တကယ်ပင် တောအုပ်တစ်ခုသဖွယ် ထင်မြင်သွားသည်။ ပြတင်းပေါက်မှ အသက်ဝင်နေသော ယင်း သဘာဝပန်းချီကားကို တွေ့မြင်ရသောအခါ အာနန္ဒီသည် ခံစားမှုအပြည့်ရှိသွားသည်။ မွေးကတည်းကစ၍ ထိုအိမ်ထဲ၌နေလာခဲ့သော်လည်း ယခုအထိ အာနန္ဒီမတွေ့မြင်ခဲ့သော ရှုခင်းကို အဏ္ဏာမလေမြင်ရသည်။ ယင်းအချက်မှာ အာနန္ဒီအတွက် အလွန်ထူးခြားဆန်းကြယ်သလို ဖြစ်သွားသည်။

အဏ္ဏာမလေ၏ ပန်းချီပုံကိုတွေ့ရသောအခါ အာနန္ဒီသည် အခြားအကြောင်းအရာတစ်ခုကိုလည်း သိရှိနားလည်သွားသည်။ အာနန္ဒီက စဉ်းစားကြည့်သည်။ သစ်ပင်ပေါ်က ပန်းကိုခူးနေသော ဤမိန်းမပျိုသည် တခြားမည်သူဖြစ်နိုင်သနည်း။ ထိုမိန်းမပျို၏မျက်လုံးသည် အလွန်တရာ ရွှန်းလဲ့တောက်ပနေသည်။ ယင်းသို့ စိတ်ကူး မိသော်လည်း အဏ္ဏာမလေကို တစ်စုံတစ်ခု မေးမြန်းစုံစမ်းကြည့်လိုသည့် ဆန္ဒမရှိပေ။

ရှက်စိတ်ဝင်လာပြီးလျှင် အာနန္ဒီက ပြောလိုက်လေသည်။

"ရှင့် ပန်းချီပုံကိုကြည့်ပြီး ဒီကိုဘာကိစ္စနှင့်လာခဲ့သလဲဆိုတာ ကျွန်မမေ့သွားတယ်။ ရှင့်ကို သူ့အခေါ် ခိုင်းလို့ ကျွန်မ လာခေါ်တာ။ အိမ်မှာ ရှင့်ကို တွေ့ချင်လို့ သူ စောင့်နေတယ်"

အဏ္ဏာမလေသည် သူ၏အလုပ်ကို တစ်ဝက်တစ်ပျက်နှင့်ထားခဲ့ပြီး သွားမည်ဟန်ပြင်လိုက်သည်။

အာနန္ဒက ပြောသည်။

"ရှင် အရင်သွားနှင့်၊ ကျွန်မ နောက်က လိုက်လာခဲ့မယ်"

အဏ္ဏာမလေထွက်သွားပြီးနောက် အာနန္ဒီသည် ဆုန္ဒရီအား အပေါ်ထပ်သို့ခေါ်ပြီးလျှင် စတူဒီယို၌ရှိနေသော ပစ္စည်းကိရိယာများကို သန့်သန့်ရှင်းရှင်း စနစ်တကျထားနည်း ပြောပြသည်။

"အနုပညာရှင်တွေဟာ အနုပညာဖန်တီးတဲ့နေရာမှာ မြတ်နိုးတဲ့စိတ်ထက်သာ ဆန္ဒနဲ့ ဖန်တီးကြတာဖြစ်တယ်။ မမတို့ဟာ သူတို့အတွက် အသေးအဖွဲ့ အလုပ်ကိစ္စက ကိုပဲဖြစ်ဖြစ် လုပ်ပေးပြီး မိမိတို့ရဲ့မြတ်နိုးမှုနှင့် အလိုဆန္ဒကို ဖော်ပြနိုင်တယ်။ မမတို့ ဘာမှမပြောပြလောက်တဲ့ အကူအညီဟာလည်း သူတို့အတွက် အလွန်အရေးပါ ရောက်တယ်။ ပန်းချီဆရာတစ်ဦးရဲ့ သမီးဖြစ်နေတဲ့အတွက် မမ ဆုန္ဒရီကို အခုလိုပြော နေရတာဖြစ်တယ်"





ဆုန္ဒရီသည် အာနန္ဒီ၏ ယင်းဆုံးမစကားကို လုံးဝ နှစ်မြို့က်ခြင်း မရှိပေ။ အာနန္ဒီက တဖွဖွ ပြောနေသည့်အတွက်ကြောင့် ဆုန္ဒရီသည် အဏ္ဏာမလေ၏ ပစ္စည်းကိရိယာနှစ်ခုသုံးခုကို ဖုန်သုတ်ပြီး ထားလိုက်လေသည်။ အာနန္ဒီ အိမ်ပြန်စရာရှိနေသေးသည်။ ဆုန္ဒရီအား နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

အိမ်တွင် မာဏိက္ကမ်သည် အဏ္ဏာမလေနှင့် ရယ်ကာပြုံးကာ စကားလက်ဆုံကျနေသည်။ အာနန္ဒီကို တွေ့ရသောအခါ မာဏိက္ကမ်က ပြောလိုက်သည်။

"ပန်းသီး စိတ်ပြီး ယူလာခဲ့ပါလား"

အာနန္ဒီသည် ပန်းသီးစိတ်များကို ယူလာသည်။ အာနန္ဒီ၏ရှေ့၌ပင် မာဏိက္ကမ်က အဏ္ဏာမလေအား ဓာတ်တာစန်းလင်္ဂါလာပြီဆိုသည့်အကြောင်းကို ပြောပြသည်။

"မင်းသိပ်ကံကောင်းတယ်။ မင်းယောက္ခမက မင်းကို တစ်လ လခ တစ်ထောင်ရတဲ့အလုပ်ကို ပေးထားတယ်။ ကိုယ့်အကျပ်အတည်းထဲက လွတ်မြောက်သွားဖို့ မင်း ထွက်ပေါက်ရရှိသွားတယ်။ ငါကတော့ အခုအထိ နေရာတကာ ခြေစကြာဖြန့်ပြီးတဲ့နောက်မှ နည်းလမ်းတစ်လမ်းကို ခဲခဲယဉ်းယဉ်း ရှာဖွေတွေ့ရှိလာတယ်။ တစ်သိန်းတန် အလုပ်တစ်ခု လုပ်ဖို့အတွက် ကန်ထရိုက်ရလာတယ်"

မာဏိက္ကမ်၏စကားကို ကြားရသောအခါ အဏ္ဏာမလေသည် အလွန်တရာ အားရဝမ်းသာဖြစ်သွားသည်။ မိမိကိုယ်တိုင် ငွေတစ်သိန်းကောက်ရသည့်အလား ဖြစ်သွားသည်။

"သိပ်ဝမ်းသာစရာကောင်းတာပဲ။ ခင်ဗျား အကျပ်အတည်းတွေလည်း ပြေရှင်းပျောက်ကွယ်သွားတော့မယ် ထင်တယ်"

"အလုပ်စဖို့အတွက် ငွေသုံးသောင်းလိုလိမ့်မယ်။ ငွေသုံးသောင်းရဖို့အတွက် ငါ လူတစ်ယောက်ကို ပြောထားတယ်။ အဲဒီလူက ငါ့ကိုအပြည့်အဝ ယုံကြည်စိတ်ချတဲ့အတွက် ထွေလီကာလီလုပ်နေမတော့ဘဲ ငါ့ကို ငွေချေးတော့မယ်။ သုံးလေးလအတွင်း ငွေပြန်ဆပ်ရလိမ့်မယ်လို့ ပြောတယ်။ ဒါပေမဲ့ ငါက တစ်နှစ်အချိန်ပေးပါလို့ ပြောထားတယ်။ မင်းအနေနဲ့ သက်သေအဖြစ် ဒီစာချုပ်မှာ လက်မှတ်ထိုးမယ်ဆိုရင် ငါ အလုပ်ဖြစ်နိုင်တယ်"

မာဏိက္ကမ်သည် စာချုပ်ကို အဏ္ဏာမလေလက်ထဲသို့ ပေးပြီးလျှင် လက်မှတ်ထိုးရမည့်နေရာကိုလည်း ပြောပြသည်။ ထိုအချိန်၌ အာနန္ဒီ အဘယ်ကြောင့် နှလုံးတုန်ရင်ခုန်ဖြစ်သွားသည် မသိပေ။ အဏ္ဏာမလေသည် စိတ်အားထက်သန်စွာပင် မာဏိက္ကမ်၏လက်ထဲက ဖောင်တိန်ကို လှမ်းယူလိုက်သည်။ သက်သေအဖြစ်ဖြင့် သို့မဟုတ် အာမခံသူအဖြစ်ဖြင့် လက်မှတ်ထိုးရာ၌ သူ့တွင် မည်ကဲ့သို့သော တာဝန်ရှိသည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်ပေ။ မိမိအနေနှင့် လက်မှတ်ထိုးလိုက်လျှင် မာဏိက္ကမ် အလုပ်ဖြစ်လာနိုင်သည်ဆိုလျှင် စာချုပ်တွင် မိမိ လက်မှတ်ရေးထိုးပေးရလိမ့်မည်ဟူ၍သာ စဉ်းစားမိသည်။

အာနန္ဒီကပြောသည်။

www.burmeseclassic.com



"ဒီစာချုပ်မှာ ဖေဖေလည်း လက်မှတ်ထိုးလို့ရတာပဲ မဟုတ်လား"

မိမိအလုပ်တွင် အာနန္ဒီ ဝင်စွက်သည်ကို မာဏိက္ကမ် မကြိုက်ပေ။ အာနန္ဒီအား စိတ်ဆိုးမာန်ဆိုးနှင့်ကြည့်လိုက်သည်။ ထို့နောက် အဏ္ဏာမလေဘက် လှည့်ကြည့်ပြီး ရယ်သည်။

"ဒီအသေးအဖွဲ့ကိစ္စအတွက် အဖိုးကြီးကို ဒုက္ခပေးလို့ မတော်ပါဘူး"

ယင်းသို့ပြောပြီးလျှင် မာဏိက္ကမ်သည် အဏ္ဏာမလေကို ကြည့်ပြီးပြောလိုက်သည်။

"အာနန္ဒီက အခုအချိန်မှာ သူ့အဖေနှင့်ငါ့ကို အကူအညီပေးပြီး ဂုဏ်ယူနေချင်ပုံရတယ်။ သူတို့နှင့် မတွေ့ခင်ကတည်းက မင်းနှင့်ငါ ဘယ်လိုအဆက်အသွယ်မျိုး ရှိခဲ့တယ်ဆိုတာကို သူ မေ့သွားပုံရတယ်"

အဏ္ဏာမလေသည် စာချုပ်ကို လက်မှတ်ထိုးပြီးလျှင် မာဏိက္ကမ်အား ပြန်ပေးလိုက်သည်။ စာချုပ်ကို လှမ်းယူပြီးလျှင် မာဏိက္ကမသည် အာနန္ဒီအား စာချုပ်လှမ်းပေးလျက် အဏ္ဏာမလေကို ပြောပြသည်။

"အခု တို့လုပ်တဲ့အလုပ်ကို ဘယ်သူ့ကိုမှ ပြောမပြပါနဲ့။ မင်းယောက္ခမ သိသွားရင် စိတ်ဆိုးပြီး သူ့ဆီက ငွေဘာဖြစ်လို့ မချေးတာလဲလို့ ငါ့ကို အပြစ်တင်လိမ့်မယ်။ အခက်အခဲ အကျပ်အတည်းတွေ ကျော်လွန်သွားပြီးတဲ့နောက်မှ ဒီအလုပ်ကိစ္စနှင့်ပတ်သက်ပြီး ပြောမယ်ဆိုရင် ပြောနိုင်တယ်"

အဏ္ဏာမလေက ပြောသည်။

"ခင်ဗျား စိတ်ချမ်းချမ်းသာသာနှင့်နေတာကိုပဲ ကျွန်တော် မြင်ချင်တယ်။ ခင်ဗျား လက်ဝတ်တန်ဆာတွေနှင့် အိမ်မှာရှိတဲ့ တခြားပစ္စည်းတွေကို ထုခွဲရောင်းချတယ်ဆိုတာ ကြားရတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ တကယ်လို့ ကျွန်တော်သာ တတ်နိုင်ရင် အဲဒီလို မဖြစ်စေရပါဘူး"

မာဏိက္ကမ်က ပြန်ပြောသည်။

"မင်း အခုစာချုပ်မှာ လက်မှတ်ထိုးပြီး ငါ့ကို အများကြီး အကူအညီပေးတယ်။ အဲဒီလို ငါ့ကို ကူညီတာကို ငါဘယ်တော့မှ မမေ့ပါဘူး"

အဏ္ဏာမလေ အိမ်ပြန်သွားပြီးသည့်နောက်တွင် မာဏိက္ကမ်သည် အာနန္ဒီထံမှ စာချုပ် တောင်းယူလိုက်သည်။ မိမိ၏အလုပ်တွင် ဝင်စွက်သောကြောင့် အာနန္ဒီအား မာန်မဲကြိမ်းမောင်းပြီးလျှင် မာဏိက္ကမ်သည် စာချုပ်စာရွက်ပေါ်၌ အဏ္ဏာမလေနှင့်ပတ်သက်၍ "အဏ္ဏာမလေသည် တစ်လ ငွေတစ်ထောင်လခရသူဖြစ်သည်။ မဒရပ်မြို့၌ သူပိုင် တိုက်တစ်လုံးရှိသည်။ စီးပွားရေးအခြေအနေကောင်းသည်" ဟူ၍ ထည့်ရေးလိုက်လေသည်။

အာနန္ဒီသည် စာချုပ်စာရွက်တွင် ပုံနှိပ်ထားသောအကြောင်းအရာနှင့် မာဏိက္ကမ် ထပ်ဖြည့်ရေးထားသောအကြောင်းအရာကို ဖတ်ကြည့်သည်။ စာချုပ်စာရွက်တွင် "အကယ်၍ မာဏိက္ကမ် ကြွေးဆပ်ဖို့ရန် ပျက်ကွက်ပါက မာဏိက္ကမ်၏အစား အဏ္ဏာမလေက ကြွေးဆပ်





လိမ့်မည်။ အကယ်၍ အဏ္ဏာမလေကလည်း ကြွေးဆပ်ဖို့ရန် ပျက်ကွက်ပါက ကြွေးရှင်က အဏ္ဏာမလေ၏ ပစ္စည်းဥစ္စာကို သိမ်းယူနိုင်သည်" ဟူ၍ ရေးသားထားသည်။ အဏ္ဏာမလေက ယင်းစည်းကမ်းချက်များကို လက်ခံလိုက်နာသည်။ ယင်းသို့ လက်ခံလိုက်နာခြင်း၏ သက်သေအထောက်အထားအဖြစ် ထိုစာချုပ်တွင် အဏ္ဏာမလေ၏လက်မှတ် ရှိနေသည်။

အာနန္ဒီသည် ရုတ်တရက် ထိတ်လန့်သွားပြီးလျှင် မဝံ့မရဲနှင့် မေးလိုက်သည်။

"စာချုပ်ထဲမှာ ဒါတွေက ဘယ်လိုရေးထားတာလဲ"

"ဘယ်လိုပဲရေးထားရေးထား အရေးမကြီးပါဘူး"

ယင်းသို့ပြောလျက် မာဏိက္ကမ် ရယ်လိုက်သည်။

"ကြွေး သူဆပ်ရမှာမှ မဟုတ်ဘဲ။ ကျုပ်ပဲ ဆပ်ရမှာမဟုတ်လား။ ကျုပ်ကြွေးကို သူ ဘယ်မှာဆပ်နိုင်ပါ့မလဲ။ သူ့ကြွေးကိုတောင်မှ သူ့အစား သူ့ယောက္ခမက ဆပ်နေရတယ်။ အဲဒီလိုအခြေအနေမျိုးမှာ သူက ကျုပ်အစား ကျုပ် ကြွေးကို ဘယ်မှာဆပ်နိုင်ပါ့မလဲ"

မာဏိက္ကမ်၏စကားကို ကြားရသော်လည်း အာနန္ဒီစိတ်မအေး မသွားပေ။ မိမိပါ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း မာဏိက္ကမ်နှင့်ပေါင်းပြီး အဏ္ဏာမလေအား တစ်ပတ်ရိုက်နေသည်ဟူ၍ ထင်မြင်လာသည်။ မာဏိက္ကမ်၏ အခက်အခဲကို ဖွေ့မြင်ယိုရှိနေရသည်ဖြစ်၍ အာနန္ဒီသည် မာဏိက္ကမ်၏အလုပ်ကိုလည်း အကောင်းအဆိုး ပြစ်တင်ဝေဖန်ခြင်း၊ မပြုနိုင်အောင် ဖြစ်နေသည်။ အခက်အခဲ အကျပ်အတည်းများစွာ ဖြစ်ပေါ်လာပြီးနောက် မာဏိက္ကမ်သည် တစ်ဖန်ဦးမော့လာအောင် ကြိုးစားနေရသည်။ မည်သို့ပင်ဖြစ်စေ၊ မာဏိက္ကမ်သည် သူ၏ ယောက်ျားဖြစ်သည်။ သူ၏ ကာမပိုင် လင်ယောက်ျားဖြစ်သည်။

ဒဏ္ဍပါဏီ၏ ကုမ္ပဏီသည် နေ့ချင်းညချင်း၊ ကြီးပွားတိုးတက်လာသည်။ အဏ္ဏာမလေသည် အသက်ရှူဖို့ပင် အချိန်မရဖြစ်နေသည်။ တစ်နေ့သောအခါ၌ နံနက် အချိန်တွင် အဏ္ဏာမလေသည် အလုပ်ရုံးခန်းထဲ၌ထိုင်လျက် ယမန်နေ့ညနေက သုတ်သီးသုတ်ပျာနှင့် အပြီးသတ်သွားခဲ့သောပုံများကို သေသေချာချာ စူးစိုက်ကြည့်ရှုနေသည်။ သူ၏ စားပွဲပေါ်၌ ပိုစတာကြီးများ ရှိနေသည်။

ယင်းပုံများတွင် သူကိုယ်တိုင် အရောင်ခြယ်ထားသည်။ သို့ရာတွင် ယင်းပုံများကို ကြည့်လျက် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်နေသည်။ သူ၏ စိတ်နှလုံးသည် ရုတ်တရက် စက်ဆုပ်ရွံရှာဖွယ်များနှင့် အပြည့်ဖြစ်သွားသည်။

သူ၏ရှေ့တွင် အမျိုးမျိုးသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကြသည့် ကျော၊ ရင်သား၊ ပေါင် စသည်တို့ကို ဖော်ပြနေသော မိန်းကလေးတစ်ယောက်၏ ပုံရှိနေသည်။ ထိုပုံထဲတွင် ယောက်ျားလေးတချို့သည် တစ်ယောက်နှင့်တစ်ယောက် လက်သီးနှင့် ထိုးကြိတ်ခြင်း၊ သေနတ်ဖြင့် ပစ်ခြင်းစသော တိရစ္ဆာန်ကျင့်၊ တိရစ္ဆာန်သဘာကို ပြနေကြသည်။ မိမိ၏အခန်းတွင် ကိုးရိုးကားယား ပုံပျက်ပန်းပျက် တောတွင်းသား လူတစ်သိုက် ဝင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟားတိုက်နေကြသည်ဟူ၍ အဏ္ဏာမလေ မှတ်ထင်သွားသည်။ ယင်းပိုစတာများသည် အိမ်ထောင်ရေးနှင့်ပတ်သက်သော တမိလ်ရုပ်ရှင်ကား တစ်ကား၏ ကြော်ငြာအတွက် ပြုလုပ်ထားသော ပိုစတာများဖြစ်သည်ကို သိရသည်ဖြစ်၍ အကြီးအကျယ် အံ့ဩသွားသည်။

အဏ္ဏာမလေသည် မိမိ၏ဇာတိနယ်မြေဖြစ်သော တမိလ်နာဒူးနှင့်ပတ်သက်၍ ဂုဏ်ယူမဆုံးဖြစ်နေသည်။ ဤနယ်မြေ၌ ဗလုဝရကဲ့သို့သော သူတော်စင်ကြီးများ၊ အိလံဂိုနှင့် ကမ္ဗရကဲ့သို့သော မဟာကဗျာဆရာကြီးများ ထွန်းကားပေါ်ပေါက်ခဲ့ကြသည်ဆိုသည်ကို ရှေးယခင် အချိန်အတန်ကြာကာလကပင် ဖတ်ဖူးကြားဖူးခဲ့သောကြောင့်ဖြစ်သည်။ ယခု အချိန်၌ကား ဤနယ်မြေတွင် မွေးဖွားရသည့်အတွက် မိမိကိုယ်ကို ကုသိုလ်ကံကြီးမားသည်ဟု ထင်မှတ်ယူဆခြင်းသည် မိမိကိုယ်ကို လှည့်စားနေခြင်းမျှသာဖြစ်သည်ဟူ၍ အဏ္ဏာမလေ အဘယ်ကြောင့် ထင်မှတ်နေသည်မသိပေ။ ပြင်ပ ကျူးကျော်မှုများ ဖြစ်ပေါ်လာသည့်အချိန် ကျမှသာလျှင် နိုင်ငံတစ်နိုင်ငံ၏ ရှေးဟောင်း ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံ၊ နေနည်း ထိုင်နည်း စသည်တို့ ဆုံးပါးပျက်စီးသွားသည်ဟူ၍ စာအုပ်များထဲတွင် ဖတ်ဖူးခဲ့သည်။ လူတို့သည် အမှုမဲ့အမှတ်မဲ့ ယဉ်ကျေးမှုဟူသောအမှတ်ဖြင့် တောရိုင်းဘဝသို့ ရောက်သွားနိုင်သည်ဟူ၍ အဏ္ဏာမလေ သဘောပေါက်လာသည်။

ကုမ္ပဏီ၌ အလုပ်စတင်လုပ်လာခဲ့သည့်အချိန်မှစ၍ ယနေ့အထိ အဏ္ဏာမလေ ယခုလောက် အောက်တန်းကျသော ရုပ်ပုံများကို မတွေ့ဖူးသေးပေ။ ယင်းရုပ်ပုံများကို တွေ့မြင်ရသည်ဖြစ်၍ အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ အခန်းထဲတွင် တိတ်တဆိတ် ထိုင်နေပြီး တစ်စုံတစ်ခုစဉ်းစားနေသည်။ ထိုအချိန်၌ ရှုရဝဏ်ပြောသော စကားကို သတိရလာသည်။ စာမတတ်ပေမတတ်သူများအတွက် မျက်စိနှင့် နားခေါင်းသည်သာလျှင် ပညာ ဗိမာန်အတွင်းသို့ ဝင်ရောက်ရာ တံခါးပေါက်များဖြစ်ကြသည်။ မျက်စိ၊ နားခေါင်းစသော ယင်းဣန္ဒြေများသည်ပင် ပညာတတ်များ၏ အသိဉာဏ်ပညာများကိုလည်း ဖျက်ဆီးပစ် နိုင်ကြသည်။

"ငါလည်း တခြားလူတွေနှင့်ပတ်သက်ပြီး မတော်မတရား ကျင့်ကြံပြုမူနေပါကလား"ဟု အဏ္ဏာမလေ သိမြင်သဘောပေါက်လာသည်။

အဏ္ဏာမလေ စဉ်းစားကြည့်သည်။ ငါသည် မိမိ၏စုတ်တံဖြင့် ရုပ်ရှင်မင်းသမီး တို့၏ဓာတ်ပုံများကို အရောင်ခြယ်ပြီးလျှင် ကိုယ်အင်္ဂါအစိတ်အပိုင်းအမျိုးမျိုးကို ပေါ်အောင် ဖော်လျက် စွဲမက်စရာမိန်းမပျိုများအဖြစ်ရေးခြယ်ကာ ကြည့်ရှုသူတို့၏ ကာမစိတ်ကို နှိုးဆွသည့် အလုပ်ပြုလုပ်နေရသည်။ ငါ တကယ့်အစစ်အမှန် အနုပညာရှင် ဖြစ်ပါသလော။ ငါသည် သာမန်လူများကဲ့သို့ ကောင်းမွန်သောဘဝနေနည်းဖြင့် နေထိုင်လာခဲ့ပါသလော။ သို့မဟုတ် ဘဝတစ်လျှောက် ဟန်ဆောင်နေနည်းနှင့် နေထိုင်သွားရုံ သက်သက်မျှသာဖြစ်ပါသလော။





အဏ္ဏာမလေ၏ အတွင်းသန္တာန်ထဲက အနုပညာရှင်မာန်သည် နိုးထလာသည်။ မိမိသည် တစ်ပြိုင်နက်တည်းမှာပင် ဘဝ၏လမ်းကြောင်းနှစ်ကြောင်းတွင် လျှောက်သွားသည် ဟူ၍ ထင်မြင်လာသည်။ ဆေးဖျော်ထားသော ပန်းကန်နှင့် စုတ်တံကိုယူလျက် အခန်းထဲက ထွက်လာပြီးလျှင် ကိုယ်လုံးတီးနီးပါးတမျှ မပေါ်တပေါ် ရပ်နေသော ရုပ်ရှင်မင်းသမီး၏ ဓာတ်ပုံရှိရာသို့ လာခဲ့သည်။ ဘောင်သွင်းထားသော ယင်း ဓာတ်ပုံကြီး၏အနီး၌ သစ်သား လှေကားတစ်ခု ထောင်ထားသည်။ အဏ္ဏာမလေသည် စိတ်လိုက်မာန်ပါ လှေကားပေါ် တက်သွားပြီးလျှင် လှေကားပေါ်၌ရပ်လျက် အချိန်အတန်ကြာမျှ စဉ်းစားစိတ်ကူးနေသည်။

ပန်းချီဆရာ ကရုဏာကရန်နှင့် ကုမ္ပဏီ၏ တခြားဝန်ထမ်းများသည် မိမိတို့၏ အလုပ်ကိုရပ်ပြီး အဏ္ဏာမလေကို ကြည့်နေကြသည်။ ထိုအချိန်၌ ရုပ်ရှင်ကုမ္ပဏီအစုစပ် ပိုင်သူများထဲက တစ်ယောက်ဖြစ်သော ကုပ္ပုဆာမိလည်း ပိုစတာပုံများကို ကြည့်ရှုရန်အတွက် ထိုနေရာသို့ ရောက်ရှိလာသည်။ ထိုပုဂ္ဂိုလ်သည် မကြာသေးခင် အချိန်ကလေးကပင် အဏ္ဏာမလေအား အရမ်းကာရော ချီးကျူးစကားပြောခဲ့သေးသည်။

ကုပ္ပုဆာမိလည်း တအံ့တဩဖြစ်သွားပြီးလျှင် အဏ္ဏာမလေ၏အနီး လာရပ်လိုက် သည်။ အဏ္ဏာမလေသည် စိတ်လိုက်မာန်ပါ စုတ်တံကို ဆေးခွက်ထဲ နှစ်လိုက်ပြီး လျှင် ထိုရုပ်ရှင်မင်းသမီးရုပ်ပုံကို အရောင်ခြယ်နေသည်။ သူ၏မျက်လုံးထဲ စူးဝင်နေသော ကိုယ်လုံးတီးတမျှ မပေါ်တပေါ် ရပ်နေသည်ကို ထိုရုပ်ရှင်မင်းသမီး အလှပျိုသည့် သူ၏ စုတ်တံအကူအညီဖြင့် လှပသောအဝတ်အစား ဝတ်စားဆင်ယင်ထားသည့် မိန်းမပျိုတစ်ယောက် ဖြစ်သွားသည်။

အဏ္ဏာမလေ၏အပြုအမူကို တွေ့ရသောအခါ လှေကားရင်း၌ ရပ်နေသော ကုပ္ပုဆာမိက အော်ဟစ်လိုက်သည်။

"မိတ်ဆွေ ဘာတွေလုပ်နေတာလဲ။ ချက်ချင်းရပ် ပစ်လိုက်ပါ။ ဒီဓာတ်ပုံအလှကို ဘာဖြစ်လို့ ဖျက်လိုဖျက်ဆီးလုပ်နေတာလဲ။ သူ့ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေကို ချွတ်ပြီး လွှင့်ပစ်လိုက်ပါ"

မိမိအား ယင်းကဲ့သို့ အော်ဟစ်ပြောဆိုနေသည်ကို မြင်ရကြားရသည်ဖြစ်၍ လှေကား ပေါ်၌ ရပ်နေသော အဏ္ဏာမလေက ဟားခနဲ ရယ်လိုက်သည်။

"မိတ်ဆွေ ပြရမယ့်အရာကိုပြပြီး ဖုံးရမယ့်အရာကို ဖုံးထားတာကို အနုပညာလို့ ခေါ်တယ်။ တကယ်လို့ ဘဝမှာ ဖောက်ပြန်မှုတွေရှိနေလျှင်လည်း အနုပညာက အဲဒီ ဖောက်ပြန်မှုကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လှတဲ့အသွင်အပြင်နှင့်ပဲ တင်ပြတယ်။ ကျုပ်တို့ ဘဝကိုလည်း မဖျက်ဆီးသင့်ဘူး။ အနုပညာကိုလည်း မဖျက်ဆီးသင့်ဘူး"

ကုပ္ပုဆာမိက ဒေါသထွက်လာပြီးလျှင် အော်ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာ၊ အနုပညာလို့ ပြောနေတဲ့ ခင်ဗျား ဓာတ်ပြားဟောင်းကြီးကို ဖယ်ထားလိုက်စမ်းပါ။ ခင်ဗျားအနုပျက်ချင်၊ အောက်ပြန်ဆင်းလာခဲ့။ ခင်ဗျားလည်းပဲ တခြားလူတွေလို ပုံအမျိုးမျိုး ဘာဖြစ်လို့ မဆွဲနိုင်ရမှာလဲ"

"ယနေ့ရဲ့ အနုပညာသင်ကြားဆည်းပူးတဲ့အခါမှာပဲဖြစ်ဖြစ်၊ ကိုယ့်ဆီမှာ ထားဖို့အတွက်ပဲဖြစ်ဖြစ် ယနေ့ရဲ့ပုံမျိုးမျိုးကို ဆွဲကြတယ်။ အခုပုံကတော့ ရုပ်ရှင်ကားတစ်ကားကို ကြော်ငြာဖို့အတွက် လမ်းလယ်၊ လမ်းခွမှာထားဖို့ ရေးဆွဲရတာဖြစ်တယ်"

အဏ္ဏာမလေသည် သူ့အလုပ်ကို သူဆက်လုပ်နေသည်။ သို့ရာတွင် ကုမ္ပဏီဆာမိက စိတ်တိုမနေ့နိုင်အောင် လုပ်နေသည်။

"မိတ်ဆွေ အဏ္ဏာမလေ၊ ခင်ဗျားအလုပ် ချက်ချင်း ရပ်ပစ်လိုက်ပါ။ ဆက်မလုပ်နဲ့တော့။ အောက်ဆင်းခဲ့"

ယင်းသို့ပြောပြီးလျှင် ကုမ္ပဏီဆာမိသည် အဏ္ဏာမလေ၏ အင်္ကျီကိုကိုင်ပြီး အောက်အတင်းဆွဲချသည်။

ကုမ္ပဏီဆာမိက ဒေါသနှင့်ပြောသောအခါ အဏ္ဏာမလေလည်း ဒေါသထွက်လာပုံရသည်။ အမှန်အားဖြင့် ကုမ္ပဏီဆာမိသည် အဏ္ဏာမလေအား လေးလေးစားစားနှင့် ဆက်ဆံသည်။ အဏ္ဏာမလေအား ကုမ္ပဏီပိုင်ရှင် ဒဏ္ဍာပါဏီ၏သားမက်ဖြစ်သည်ဆိုသည်ကို သိသည်။ မိမိအား စိတ်လိုက်မာန်ပါ ပြောနေသည်ကို တွေ့ရသောအခါ ကုမ္ပဏီဆာမိ အမှန်တကယ် စိတ်မချမ်းမသာဖြစ်နေသည်ဆိုသည်ကို အဏ္ဏာမလေ သိရှိနားလည်သွားသည်။ ကုမ္ပဏီဆာမိသည် အတင်းဆွဲချသောအခါ အဏ္ဏာမလေသည် ဘာမျှ မပြောဘဲ လှေကားပေါ်က ဆင်းလာသည်။

အဏ္ဏာမလေက ခနဲ့စကားပြောလိုက်သည်။

"ခင်ဗျားပြောလို့ ကျွန်တော် အောက်ဆင်းလာရတယ်။ အနုပညာချစ်သူတွေရဲ့ အဆင့်ကို ပြုချပြီးမှသာ ကျွန်တော်တို့ အထက်ကို တက်နိုင်ကြတယ်"

အဏ္ဏာမလေသည် စိတ်မပါ့တပါနှင့် အခန်းထဲပြန်ဝင်လာသည်။ ကုမ္ပဏီဆာမိလည်း သူ့နောက်က လိုက်လာပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်သည်။ ငွေသိန်းပေါင်းများစွာ အကုန်အကျခံလျက် ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်သည့်အချိန်၌ မည်ကဲ့သို့သော အခက်အခဲများ ကြုံတွေ့ရသည်ဆိုသည်ကို ကုမ္ပဏီဆာမိက အဏ္ဏာမလေအား ပြောပြသည်။

ကုမ္ပဏီဆာမိက အဏ္ဏာမလေကို ပြောလိုက်သည်။

"ကျုပ်တို့ အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး အဆုံးအမပေးဖို့အတွက် ရုပ်ရှင်ထုတ်လုပ်ကြတာမဟုတ်ဘူး။ အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး အဆုံးအမပေးဖို့အတွက် ဘုရားကျောင်း၊ ဗလီတို့လို ဓမ္မနေရာများနှင့် တိရစ္ဆာရုလ၊ ဂီတာတို့လို ဓမ္မကျမ်းဂန်တွေရှိနေပါတယ်"

အဏ္ဏာမလေက မချိပြုံးပြုံးလိုက်သည်။





"ကျုပ်တို့ နိုင်ငံမှာ အခု ဘီလူးသဘက်စွမ်းအားတစ်ခု အရှိန်အဟုန်နှင့် ပျံ့နှံ့နေတယ်။ အဲဒီစွမ်းအားဟာ ဘုရားကျောင်းပေါင်း တစ်ထောင်၊ ဗလီပေါင်းတစ်ထောင်၊ တိရစ္ဆာရုလလို နိတိကျမ်းဂန်ပေါင်း တစ်သောင်းကို တစ်ကြိမ်တည်း နှစ်မြှုပ်ပစ်နိုင်တဲ့ စွမ်းအားတစ်ခုဖြစ်တယ်၊ အဲဒီ စွမ်းအားရဲ့ အသွင်အပြင်တစ်ခုဟာ ဒီကြော်ငြာပဲ။ ကျွန်တော်တို့ရဲ့အလုပ်ဟာ အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး အဆုံးအမပေးတာမဟုတ်ဘူးဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနှင့် စက်ယန္တရားအမျိုးမျိုးကို အသုံးပြုပြီး မိမိတို့ရဲ့ ဓလေ့ထုံးစံနှင့် အစဉ်လာတွေကိုတော့ မဖျက်ဆီးသင့်ဘူး"

ကုမ္ပဏီဆာမိသည် အဏ္ဏာမလေ၏တရားကို နာ၊ထောင်ရန်အတွက် ထိုနေရာသို့ ရောက်လာခြင်းမဟုတ်ပေ။ အသက်နှင့်အတွေ့အကြုံ အမြင်နှစ်မျိုးနှင့်ပဲကြည့်ကြည့် ကုမ္ပဏီဆာမိသည် အဏ္ဏာမလေထက် ကြီးသူဖြစ်သည်။ ကုမ္ပဏီဆာမိနှင့် ကုမ္ပဏီဆာမိကဲ့သို့သော တခြားပုဂ္ဂိုလ်တို့၏ငွေကြေးဖြင့်သာလျှင် အဏ္ဏာမလေတို့၏ လုပ်ငန်းလည်ပတ်နေရခြင်းဖြစ်သည်။

"ဒီကောင်လေး ငတုံးအဆိုတာ ငါ့အစက ဘာ့ကြောင့် မရိပ်မိခဲ့သလဲ မသိဘူး"

ဟူ၍ တွေးမိသွားပြီးလျှင် ကုမ္ပဏီဆာမိသည် ကုလားထိုင်ပေါ်မှ ထရပ်လိုက်သည်။ ထိုနေရာမှ ထွက်ခွာမသွားခင် အဏ္ဏာမလေအား သတိပေးစကားပြောလိုက်သည်။

"ခင်ဗျားရေးဆွဲတဲ့ ပိုစတာဟာ ဓာတ်ပုံနှင့် လုံးလုံးတူရမယ်။ တကယ်လို့ အဲဒီ ပိုစတာတွေမှာ ခင်ဗျား ကိုယ့်စိတ်ကူးနှင့် ယောင်လို့ မဆိုစလောက်ပြည့်စွက်မယ် မကြံလိုက်နှင့်။ ခင်ဗျားပိုစတာတွေ ခင်ဗျားအလုပ်ခန်းက တခြားရွှေ့မှာမဟုတ်ဘူး"

အလုပ်လုပ်ရသည်ကို အဏ္ဏာမလေ စိတ်မဝင်စားတော့ပေ။ အလုပ်ခန်းတွင် ရှိနေကြသော မိမိအရောင်ခြယ်ထားသည့် ပုံအမျိုးမျိုးသည် မိမိအားသရော်နေကြသည် ဟူ၍ပင် အောက်မေ့နေသည်။ တက်တက်ကြွကြွ "ရော့ကင်ရိုးလ်" လုပ်နေကြသော ထိုပုံများသည် သူ့ကိုပင် သူတို့အထဲသို့ အတင်းဆွဲခေါ်နေသည်ဟူ၍ ထင်မှတ်နေသည်။

ထိုနေ့ အဏ္ဏာမလေသည် နောက်ထပ်အလုပ်မလုပ်ဘဲ အိမ်ပြန်လာခဲ့သည်။ စက္ကူတာ ပျက်နေသောကြောင့် ဘတ်စ်ကားဖြင့်ပင် အိမ်ပြန်ရမည်။ အလုပ်တိုက်မှ ထွက်လာပြီးလျှင် ခြေကျင်လျှောက်လာသည်။ ဈေးဆိုင်များ၌ ကပ်ထားသောစာစောင်များ၏ ရှေ့စာမျက်နှာကိုလည်းကောင်း၊ ရှေ့တွင် ဖြတ်သွားဖြတ်လာလုပ်နေကြသော လုလင်နှင့် လုံမပျိုများကိုလည်းကောင်း၊ လှမ်းကြည့်မိလေသည်။ စတိုးဆိုင်ကြီးများ၌ ပြထားသော မိတ်ကပ်ပစ္စည်းများကို တိုးဝယ်နေကြသော လူအုပ်ကိုသတိထားကြည့်လိုက်သည်။ ဤမြို့သည် သူ့ဒွေး သူကြွယ်တိုင်းပြည်အသွင် ဆောင်နေပါကလားဟူ၍ တွေးမိသည်။ လူတွေ ပျော်မဆုံးဖြစ်နေကြသည်။ ပြည်သူလူထုကို လုံးဝ ဂရုမစိုက်ကြပေ။ ကွက်ကြားမိုး ရွာနေကြသည်။

မိမိတို့အတွင်း၌ လန်ချားဆွဲသူများ၊ ထမင်းထည့်စားပြီး လွှင့်ပစ်ထားသော ဖက်ရွက်ထဲက အကျန်အကြွင်း၊ ထမင်းစ၊ ဟင်းစကို ကောက်စားနေကြရသူများ မိမိမွေးရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မီးပုံထဲက ထင်းကို ရွေးယူနေကြရသူများ၊ ယင်းလုပ်သားတွေများက အများစုဖြစ်သည် ဟူသောအချက်ကိုမူ လုံးဝ ထည့်မတွက်ကြပေ။

"ဤမြို့၌ နိုင်ငံခြားတိုင်းပြည်များမှာကဲ့သို့ နေထိုင်စားသောက်ရေးအတွက် အဆင်ပြေမှုမရှိပေ။ ဤမြို့က လူများသည် တခြားတိုင်းပြည်များမှ လူများထက် အလုပ်ကြိုးစားခြင်းနှင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းကိုမူ မသင်ကြားမသည်းပူကြပေ။ သို့သော်လည်း နိုင်ငံခြားသားများ၏ မကောင်းသော အလုပ်များကိုမူ အတုယူကြသည်။ ဤဒေသ၌ လူတို့သည် ပြည်သူလူထုအား မလိမ့်တပတ်လုပ်ပြီး မိမိတို့ ထမင်းဝအောင်လုပ်သည့်နည်းကို ကောင်းစွာ နားလည်ကြသည်။ ဤမြို့၌ လူတချို့၏ ကောင်းစားရေးအတွက် သိန်းသန်းများစွာသော မျက်နှာငယ်များ၏ ကိုယ်နှင့် စိတ်နှလုံးကို ဖျက်ဆီးပစ်နေကြသည့် အခြေအနေမျိုးဖြစ်ပေါ်နေသည်။ တမိလ်နာဒူးမြို့တော် မဒရပ်သည် ဤကိစ္စနှင့်ပတ်သက်၍ တခြားမြို့များ၏လမ်းညွှန် အဘယ်ကြောင့် ပြုလုပ်ရ မည်နည်း။

လမ်းကြိုလမ်းကြားထဲတွင် ခြေကျင် လျှောက်လာသောအခါ ကျမှသာလျှင် အဏ္ဏာမလေသည် ဤမြို့နှင့်ပတ်သက်၍ အကြောင်းစုံကို သိရှိနားလည်သွားသည်။ အိမ်ပြန်ရောက်လာသောအခါ အိမ်တွင် သူ၏ယောက္ခမ ဒဏ္ဍာပါဏီ၏ ကားဆိုက်ထားသည်ကို တွေ့ရသည်။ ဆုန္ဒရီနှင့် စကားပြောနေသော ဒဏ္ဍာပါဏီသည် အဏ္ဏာမလေကို တွေ့ရသည်နှင့် ပြောလိုက်လေသည်။

"မင်းစကုတာ ပျက်နေတာ ငါစောစောကသိရရင် ငါ မင်းကို ကားနဲ့ခေါ်လာခဲ့မှာပေါ့"

အဏ္ဏာမလေက ပြောလိုက်သည်။

"ကျွန်တော် တမင်တကာ လမ်းလျှောက်လာခဲ့တာပါ"

◆ ◆ ◆

ထိုနေ့မှစ၍ အဏ္ဏာမလေသည် သူ့ယောက္ခမ၏ကုမ္ပဏီ၌ အလုပ်လုပ်ရသည်ကို မပျော်ပိုက်တော့ပေ။ ကုမ္ပဏီတွင် အလုပ်ဆက်လုပ်ရေး မလုပ်ရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် မချခင် ကဒီရေရှန်နှင့် ရှရဝဏန်တို့ထံမှ အကြံဉာဏ်ရလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုနေ့ညနေပိုင်းတွင် ကဒီရေရှန်နှင့် တွေ့မည်ဟုအကြံပြုလျက် အိမ်ပြန်လာသောအခါ အိမ်တွင် မိမိအား စောင့်နေသော ဒဏ္ဍာပါဏီကို တွေ့မြင်ရသည်။

ဒဏ္ဍာပါဏီသည် ကုမ္ပဏီ၌ပင် သူနှင့်စကားပြော၍ရသည်။ သို့ရာတွင် သူနှင့် မပြောခင် ဆုန္ဒရီနှင့် မီနာချီအမ္မာလတို့ကို စကားပြောချင်သေးသည်။ သူတို့နှစ်ယောက်နှင့် စကားပြတ်သွားသောအချိန်မှာပင် အဏ္ဏာမလေ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်။





အိမ်အောက်ထပ် ခန်းမထဲတွင်ထိုင်နေသော ဒဏ္ဍာပါဏီသည် အမျိုးသမီးနှစ်ဦး ရှေ့မှောက်၌ပင် အဏ္ဏာမလေအား အရေးကြီးသောစကားကို ပြောပြသည်။

"မင်းကို ငါ အခုပြောပြမယ့်အကြောင်းဟာ ငါ့အိမ်က လူတွေတောင်မှ မသိကြဘူး။ မင်းတို့အိမ်ကို ပေါင်ထားပြီး ချေးငှားတဲ့ကြွေးကို တစ်ဝက်ဆပ်ပြီးပြီ။ ငွေတစ်သောင်းဆပ်ဖို့ ကျန်သေးတယ်။ ကျန်တဲ့ကြွေးကိုလည်း မကြာခင်မှာပဲ ဆပ်မယ်"

ယင်းကဲ့သို့ သတင်းမျိုးကိုကြားရလိမ့်မည်ဟူ၍ အဏ္ဏာမလေသည် မည်သည့်အခါကမှ မမျှော်လင့်ပေ။ ယောက္ခမကြီးသည် ဤမျှတိုတောင်းသော အချိန်ကာလအတွင်း ဤမျှသောငွေကြေးကို ဘယ်ပုံဘယ်နည်း ဆပ်လိုက်ပါသနည်းဟူ၍ စဉ်းစားလျက် တအံ့တဩ ဖြစ်နေသည်။

"ငါ့အနေနှင့် တစ်ပြားတစ်ချပ်မှပေးရတာ မဟုတ်ဘူး။ ယခု ပေးဆပ်လိုက်တဲ့ငွေဟာ မင်းလုပ်အားနှင့်ရတဲ့ငွေဖြစ်တယ်။ မမျှော်လင့်ဘဲ မင်းတို့အဖေ ကွယ်လွန်သွားတဲ့အတွက် မင်းတို့အိမ်ထောင်စုကို စောင့်ရှောက်ဖို့ ငါ့တာဝန်ဖြစ်လာတယ်။ အိမ်ကို ပေါင်ပြီး ယူထားတဲ့ ကြွေးမပြေမချင်း ငါ ကုမ္ပဏီက ပိုက်ဆံတစ်ပြားမှ မယူဘူးလို့ ဆုံးဖြတ်ထားတယ်။ ဟိုကဒီကရတဲ့ငွေနှင့် ငါ့အိမ်ထောင်စု နေလို့စားလို့ရတယ်။ တကယ်လို့ ဒီအကြောင်းကို အိမ်က ဆုန္ဒရီအမေနှင့် ငါ့သားတွေသိသွားရင် ငါ့အနေနှင့် သမီးနှင့်သားမက်ကိုပဲ ဖိုနေတယ်လို့ တွေးကြလိမ့်မယ်။ ဒါကြောင့် ဒီအကြောင်းကို ငါ သူတို့ကို အသိမပေးဘဲထားမယ်လို့ စိတ်ကူးထားတယ်"

ဒဏ္ဍာပါဏီသည် ဤမျှသဘောထားပြည့်ဝပြီး ဤမျှအကြင်နာတရားရှိသော ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ အဏ္ဏာမလေ မည်သည့်အခါကမှ မစဉ်းစားမိခဲ့ပေ။ ဒဏ္ဍာပါဏီသည် အဏ္ဏာမလေ၏ ရှေ့မှောက်၌ မိမိလည်းသာမန်လူတစ်ယောက်သာဖြစ်သည်ဆိုသည့်အကြောင်းကို နိုင်မာအောင် ပြုလုပ်နေသည်။ အဏ္ဏာမလေ မျက်ရည်ဝဲလာသည်။ သူ့သမီး ဆုန္ဒရီကို ဒဏ္ဍာပါဏီ မည်မျှချစ်သည်ဆိုသည့်အကြောင်းကို အဏ္ဏာမလေ သိရှိသွားသည်။

အတန်ကြာသွားသောအခါ ဆုန္ဒရီနှင့် မီနာချီအမ္မာလတို့သည် အိမ်မှုကိစ္စလုပ်ရန်အတွက် အခန်းထဲဝင်သွားကြသည်။ ဒဏ္ဍာပါဏီသည် အဏ္ဏာမလေနှင့် လုပ်ငန်းကိစ္စအကြောင်းကို ပြောနေသည်။

"ကိုယ့်ပုံမှန်ဖောက်သည်တွေကို ကျေနပ်အောင်လုပ်မှသာ ငါတို့ လုပ်ငန်းအောင်မြင်မှု ရရှိလိမ့်မယ်။ အဲဒီအချက်ဟာ ဘယ်လုပ်ငန်းမျိုးကိုမဆို လုပ်ကိုင်နေတဲ့လူတွေအတွက် အမှန်တရားဖြစ်တယ်။ အဲဒီအချက်ကို ဂရုစိုက်တဲ့အတွက်ကြောင့်သာ ငါဒီကနေ့ဒီမြို့မှာ လူကုံထံတစ်ယောက်အနေမျိုးနဲ့ နေနိုင်စားနိုင်ရတာဖြစ်တယ်။ မင်းအနေနှင့်လည်း အဲဒီအချက်ကို မျက်ကွယ်ပြုထားလို့မဖြစ်ဘူး။ ငါတို့လုပ်နေတဲ့လုပ်ငန်းမှာ အပြိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီးရှိတယ်။ ဒီမြို့မှာ ငွေလျှော့ယူပြီး တခြားလူတွေအကြိုက် ရှစ်ပုံခွဲပေးမယ့်လူတွေ အများကြီးရှိတယ်''

ဒေဝ္ဗာပါဏီအား မည်ကဲ့သို့ အပြေပြန်ပေးရမည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်နိုင်အောင် ဖြစ်သွားသည်။ အတန်ကြာ စဉ်းစားဆင်ခြင်ပြီးသည့်နောက်မှ ပြောလိုက်လေသည်။

''ဒီအလုပ်လုပ်ရတာ ကျွန်တော် စိတ်မပါတော့ဘူး''

အဏ္ဏာမလေ၏စကားကိုကြားရသောအခါ ဒဗ္ဗာပါဏီ ထိတ်လန့်တကြား ဖြစ်သွားသည်။ သို့သော်လည်း ဣန္ဒြေဆည်လျက် ပြောလိုက်သည်။

''ဒီလုပ်ငန်းလုပ်တဲ့နေရာမှာ မင်းအတွေ့အကြုံကောင်းကောင်း ရနေပြီ။ တခြားဘယ်လုပ်ငန်းကိုပဲလုပ်လုပ် မင်း ယခုလောက်ငွေရဖို့ မလွယ်ဘူး''

''ဒီလုပ်ငန်းလုပ်ဖို့ ကျွန်တော်စိတ်မပါတော့ဘူး။ တခြားလူတွေ အကျိုးရှိမယ့်လုပ်ငန်းတစ်ခုခုကိုပဲ လုပ်ချင်တယ်။ ယခု ကျွန်တော့်အနေနှင့် လူပေါင်းများစွာကို ဆုံးရှုံးနစ်နာအောင် ပြုလုပ်နေတယ်လို့ ထင်နေတယ်''

''အဏ္ဏာမလေ မင်း ဒါပြောတာ နားထောင်။ တခြား လူတွေအတွက် အကောင်း သို့မဟုတ် အဆိုးကို လုပ်ခြင်းအားဖြင့် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံကို ငါတို့ရတာ မဟုတ်ပါဘူး။ ငါတို့ကို ငွေပေးပြီး အလုပ်လုပ်နိုင်းတဲ့ လူတွေပဲရကြမှာ ဖြစ်တယ်''

အဏ္ဏာမလေနှင့် အချိန်အတန်ကြာမျှ စကားပြောပြီးနောက် ဒဗ္ဗာပါဏီသည် သူပြောသည့်စကားကို မလိုက်နာလို့မဖြစ်အောင် ပြုလုပ်လိုက်သည်။ အဏ္ဏာမလေအား ပြောပြသည်။

''တကယ်လို့ မင်းအချိန်အတန်ကြာ မပျင်းမရိဘဲ တစ်ချိန်လုံး ကြိုးစား အလုပ်လုပ်လိုက်ရင် ကြွေးကျေသွားပြီး ကိုယ့်အိမ်ကို ပြန်ရမှာ အမှန်ဖြစ်တယ်။ အဲဒီလိုဖြစ်လာဖို့အတွက် ခွန်အားနှင့်အချိန်ကြာကြာ ကုမ္ပဏီမှာ အလုပ်လုပ်ရလိမ့်မယ်။ ရလာတဲ့အခွင့်အရေးကို လက်မလွှတ်သင့်ဘူး။ လုပ်ရမယ့်အလုပ်ကို ပြီးမြောက်အောင် လုပ်ပြီးတဲ့အခါကျတော့ မင်းတို့နှစ်ယောက် ကုဏ္ဍာလမဖြစ်ဖြစ် ကိုဒေကနာလဖြစ်ဖြစ် အလည်သွားကြပေါ့။ တစ်လခွင့်ယူပြီး ဟိုဟိုဒီဒီ လျှောက်လည်ရင်း မင်းဆွဲချင်တဲ့ ပန်းချီပုံမျိုးကို ဆွဲလို့ရတယ်။ ဒီပြန်လာတဲ့အခါကျတော့ ငါ မင်းပန်းချီကားတွေကို ပြပွဲလုပ်ပြီး ပြဖို့ စီစဉ်ပေးမယ်''

ညပိုင်းရောက်သောအခါ အဏ္ဏာမလေနှင့်အတူ ထမင်းစားပြီးလျှင် ဒဗ္ဗာပါဏီသည် သူ့အိမ်ပြန်သွားသည်။ ဒဗ္ဗာပါဏီပြန်သွားပြီးသည့်နောက်မှ ဆုန္ဒရီသည် အဏ္ဏာမလေနှင့် ရယ်ကာမောကာ စကားပြောသည်။ သူ့အဖေ ဒဗ္ဗာပါဏီရောက်လာသည့်အတွက် ဆုန္ဒရီ ဝမ်းသာအားရဖြစ်နေသည်ဟူ၍ အဏ္ဏာမလေ နားလည်သွားသည်။ အပေါ်ထပ် အခန်းထဲ ရောက်သွားသောအခါ ဆုန္ဒရီသည် အဏ္ဏာမလေကိုဖက်ပြီး ပြောလိုက်သည်။





''ဖေဖေပြောမှပဲ ရှင် ဘယ်လောက်တော်တယ်ဆိုတာ ကျွန်မ သိရတယ်။ ကျွန်မတို့နှစ်ယောက် ကတောက်ကဆတ်ဖြစ်နေကြတယ်ဆိုတာ ဖေဖေ သိပုံရတယ်။ ဒါကြောင့် ရှင့်ကို ဂရုစိုက်ဖို့ ဖေဖေက ကျွန်မကို ပြောသွားတယ်''

''ငါတို့ တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆတ် ဖြစ်နေကြတယ်ဆိုတာ မင်းဖေဖေ ဘယ်လိုလုပ်သိသွားလဲ''

''ကျွန်မ မေမေကို ပြောပြမိတယ်ထင်တယ်။ မေမေကပဲ ဖေဖေ့ကို ပြောပြလိုက်တာ ဖြစ်မှာပေါ့''

''အပြင်ကလူတွေကို ကိုယ့်အိမ်တွင်းရေးကိစ္စ ပြောပြတာမကောင်းဘူး မဟုတ်လား'' ယင်းသို့ပြောလျက် အဏ္ဏာမလေသည် ချစ်ခင်ကြင်နာစွာဖြင့် ဆုန္ဒရီ၏ကျောကို ဖက်လိုက်လေသည်။ ထို့နောက် အတန်ငယ်တိတ်နေပြီးလျှင် အဏ္ဏာမလေက

''မင်းမေမေကို အခုလို လုပ်တာတွေကိုလည်း ပြောပြလိုက်ပါလား''ဟု ပြောလျက် ရယ်လိုက်လေသည်။

ထိုအချိန်၌ အဏ္ဏာမလေသည် ဆုန္ဒရီအား လူမမယ်ကလေးငယ်တစ်ယောက်လိုပါပဲလားဟူ၍ ထင်မှတ်သွားသည်။ အသက်အရွယ် အမြင်အားဖြင့်ကြည့်လျှင် ဆုန္ဒရီသည် ကလေးမဟုတ်တော့ပေ။ အလွန်တရာချောမောလှပသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။ သို့သော်လည်း အဏ္ဏာမလေသည် ဆုန္ဒရီအား ကလေးငယ်တစ်ယောက်ကဲ့သို့ပင် ထင်မှတ်နေသည်။ စိတ်နှလုံးရင့်ကျက်မှု မရှိသေးသည့်ကလေးငယ် တစ်ယောက်ကဲ့သို့လည်းကောင်း၊ မိဘအလိုလိုက်ထားသော သမီးတစ်ယောက်ကဲ့သို့လည်းကောင်း ထင်မှတ်နေသည်။

မိမိအား စိုက်ကြည့်နေသော အဏ္ဏာမလေကို တွေ့ရသောအခါ ဆုန္ဒရီက မေးလိုက်သည်။

''ရှင်ကျွန်မကို ဘာဖြစ်လို့ အခုလို ကြည့်နေတာလဲ''

''မင်းရယ်ပြီး စကားပြောတဲ့အခါ ဘယ်လောက်လှတယ်ဆိုတာ ကြည့်နေတာ။ မင်းရဲ့ အခုလိုအမူအရာကို ငါသိပ်ချစ်တာပဲ''

''ကျွန်မ စိတ်ဆိုးတဲ့အခါ ဘယ်လိုပုံမျိုးဖြစ်သွားတယ် မသိဘူး။ အဲဒါကြောင့် ငယ်ငယ်ကတည်းကပဲ ကျွန်မကို ဘယ်သူကမှ ငိုအောင်မစကြဘူးလို့ ပြောတယ်''

အဏ္ဏာမလေက ရုတ်တရက် ''မင်းစိတ်ဆိုးလို့မဖြစ်ဘူး။ စိတ်မဆိုးပါနှင့်''ဟူ၍ ပြောပြီးလျှင် ဆုန္ဒရီ စိတ်ဆိုးသောအခါ တွေ့ကြုံရသော အခက်အခဲများကို သတိရလာသည်။

''ဖေဖေက ကြွေးမြန်မြန်ကျေအောင် ဆပ်ပေးလိမ့်မယ်။ ကြွေးကျေသွားပြီးတဲ့နောက်မှ ကျွန်မတို့ကို ကုဏ္ဍာလမအလည်သွားနိုင်းဖို့ စဉ်းစားနေတယ်။ အဲဒီအတောအတွင်းမှာ တကယ်လို့ ကျွန်မတို့ ကားလိုတယ်ဆိုရင် ဖေဖေက သူ့ကား ပေးထားမယ်လို့ ပြောတယ်''

www.burmeseclassic.com

''ငါတို့ ကားမလိုပါဘူး။ စကူတာရှိနေရင် လုံလောက်ပါပြီ''ဟု၍ အဏ္ဏာမလေက ပြောပြလိုက်ချင်သည်။ သို့ရာတွင် ဆုနှရီ စိတ်ဆိုးသွားမှာစိုး၍ နှုတ်ပိတ်နေလိုက်သည်။ အတန်ကြာမျှ ရယ်ရင်းပြုံးရင်း၊စကားပြောရင်း၊ ကစားရင်းနေကြပြီးသည့်နောက်မှ နှစ်ယောက်လုံး အိပ်ပျော်သွားကြသည်။

နောက်တစ်နေ့နံနက် အိပ်ရာကထသည်နှင့် ဆုနှရီသည် အဏ္ဏာမလေအတွက် လုပ်ပေးစရာရှိသည့်အလုပ်အားလုံးကို ခပ်မြန်မြန် ခပ်သွက်သွက်လုပ်ပေးခဲ့သည်။ အဏ္ဏာမလေ၏ စတူဒီယိုသည် ပြောင်လက်သွားသည်။ ထိုနေ့တွင် ဆုနှရီစိတ်လိုလျှင် သူ့ကို မည်မျှအကူအညီပေးနိုင်သည်ဆိုသည့်အကြောင်း သိရှိနားလည်သွားသည့်အတွက် အဏ္ဏာမလေ အကြီးအကျယ် အားရဝမ်းသာဖြစ်သွားသည်။

အလုပ်သွားရန် အိမ်မှထွက်သောအခါ ဆုနှရီက အဏ္ဏာမလေအား ပြောလိုက်သည်။

''ဒီနေ့ကစပြီး ရှင် အလုပ်တိုက်မှာ အချိန်ပိုအလုပ်,လုပ်ပေးရလိမ့်မယ်လို့ ဖေဖေက ကျွန်မကို ပြောသွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ည ၈ နာရီထိုးရင်တော့ အိမ်ပြန်လာခဲ့ပါ''

ယင်းသို့ပြောပြီးလျှင် ဆုနှရီသည် သူ့ယောကျ်ားအား နှုတ်ဆက်လိုက်လေသည်။

အဏ္ဏာမလေသည် စိတ်ထဲက ရယ်လိုက်လေသည်။ မိမိ ထာဝရမလုပ်တော့ဘူး ဟု၍ စဉ်းစားစိတ်ကူးနေသော အလုပ်ကို အချိန်ပိုလုပ်ပေးပါဟု ဆုနှရီက ချစ်ခင်ကြင်နာမှု အပြည့်ဖြင့် အမိန့်ပေးနေသည်။

✦ ✦ ✦

မိမိတို့သည် ဤမြို့၌ နေထိုင်စားသောက်ရေးအတွက် လှုပ်ရှားနေကြရသည်ဟု၍ ပြောနေကြသော ထူးခြားဆန်းကျယ်သည့် အုပ်စု၏အတွင်းသို့ အဏ္ဏာမလေလည်း တဖြည်းဖြည်း ဝင်ရောက်ပေါင်းဆုံလာသည်။ အရှိန်အဟုန်နှင့် လည်ပတ်နေသော စက်ယန္တယားကဲ့သို့ သူ၏နေ့ရက်များသည် အရှိန်အဟုန်ဖြင့် ကုန်ဆုံးနေကြသည်။

ကုမ္ပဏီ၌ နေ့စဉ်နှင့်အမျှ အဏ္ဏာမလေ အလုပ်များလာသည်။ အိမ်ကို ရှစ်နာရီမှ ပြန်ရသည့်နေ့ရှိသလို ၁၀ နာရီကျမှ ပြန်ရသည့်နေ့လည်းရှိသည်။ သို့သော်လည်း ယင်းသို့ နောက်ကျပြီးမှ အိမ်ပြန်ရောက်သည့်အတွက် ဆုနှရီသည် ငြိုငြင်ခြင်း အလျဉ်းမရှိပေ။ ယခုကဲ့သို့ အဏ္ဏာမလေ အပြင်းအထန် အလုပ်ကြိုးစားလုပ်လျှင် မည်ကဲ့သို့ အကျိုးဖြစ်ထွန်းလာလိမ့်မည်ဆိုသည့်အကြောင်းကို သူ့အဖေက သူ့ကို ပြောပြထားသည်။ ယခုအခါ၌ ဆုနှရီသည် အဏ္ဏာမလေအား လိုသည်ထက်ပင် ပို၍အကူအညီပေးနေသည်။

အလုပ်မှ ပြန်လာသောအခါ အဏ္ဏာမလေသည် ရေချိုးဖို့အတွက် ရေနွေးကိုလည်းကောင်း၊ စားဖို့ရန်အတွက် ထမင်းပွဲကိုလည်းကောင်း၊ အိပ်ဖို့နှင့် အပန်းဖြေရန်အတွက် အိပ်ရာကိုလည်းကောင်း အဆင်သင့်ဖြစ်နေသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ အိမ်နှင့် နေရသည့်ဘဝကို အဏ္ဏာမလေသည် ပြဇာတ်တစ်ခုအလား ထင်မှတ်သွားသည်။ ဆုနှရီနှင့်အတူ တစ်ညကုန်ဆုံးသွားသော်လည်း မည်ကဲ့သို့သော နှစ်သိမ့်မှု၊ တက်ကြွမှုမျိုးကိုမှ မခံစားရပေ။ မိမိ၏ နိစ္စဓူဝနေရသည့်ဘဝအား စက်ယန္တရားကဲ့သို့ လှုပ်ရှားနေရသည်ဟု၍သာလျှင် ထင်မှတ်နေသည်။

အဏ္ဏာမလေသည် ယခင်ကကဲ့သို့ နံနက်စောစော ကျေးငှက်သာရကာတို့၏ တွန်ကျူးသံကိုနားထောင်လျက် ပန်းရနံ့များကို ရှူရှိုက်လျက် အရှေ့ပြူဗ္ဗာကောင်းကင်တစ်ခွင်၌ ပျံ့နေသောရောင်ခြည်ကွန်ယက်ကိုကြည့်လျက် သွက်လက်ဖြတ်လတ်စွာဖြင့် အိပ်ရာမှ မထနိုင်တော့ပေ။ နေ့ရက်အတန်ငယ်ကြာသွားသောအခါ အိပ်ရာပေါ်၌ ကုလားသေ၊ ကုလားမော အိပ်ပျော်နေသော အဏ္ဏာမလေအား ဆုနှရီက အတင်းဆွဲထူရသည့်အခြေအနေမျိုးပင် ရောက်ရှိလာသည်။ နေဖင်ထိုးသည့် အချိန်တိုင်အောင် အိပ်ရာက မထပေ။ ဘုရားသခင်ပေးသော မိမိ၏ ကိုယ်ကာယစက်ယန္တရားကို ပိုက်ဆံနှင့် ရပ်ဝတ္ထုချမ်းသာမှုအတွက် အလွဲသုံးစားပြုလုပ်နေသည်ဟု၍ အဏ္ဏာမလေသည် ကိုယ့်ကိုယ်ကို ထင်လာသည်။

နံနက်မိုးလင်းလာသည်နှင့်တစ်ပြိုင်နက် ရေမိုးချိုးလျက် ထမင်းစားသောက်ပြီး အလုပ်တိုက်ထွက်သွားသည်။ အိမ်၌မိမိ၏စုတ်တံကို တို့ရုံမျှပင် ထိရိုမ်မရချေ။ သူ၏ စတူဒီယိုကလည်း သူ့ကို ပြောင်လှောင်သရော်နေသလို ဖြစ်နေသည်။ နေ့စဉ်နေ့တိုင်း မှန်ရှေ့တွင် ရပ်လျက် ဆံပင်ဖြီးသည့်အချိန်၌ သူ၏အတွင်းသန္တာန်ထဲက အနုပညာရှင်က သူ့ကိုကြည့်လျက် ''အခုလိုဖြစ်နေတာတွေ ဆက်ဖြစ်နေပါစေလား။ မင်းက အလောတကြီးဖြစ်နေပုံရတယ်''ဟု ပြောလျက် သရော်ပြုံး ပြုံးနေသကဲ့သို့ ထင်နေရသည်။

နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေသောပြဇာတ်၌ တစ်ပတ်တွင်တစ်ကြိမ် ရှုခင်း ပြောင်းလဲ၍လည်း နေသည်။ ယင်းအပြောင်းအလဲမှာ အားလပ်သည့်နေ့၌သာလျှင် ဖြစ်သည်။ ထိုနေ့၌ နံနက်စောစော ဒဏ္ဍပါဏီ၏ကားသည် အဏ္ဏာမလေတို့၏ အိမ်သို့ ရောက်လာသည်။ ဆုနှရီ၏ ဖခင်သည် ဒရိုင်ဘာနှင့်တစ်ဆင့် ဆုနှရီသုံးစွဲရန်အတွက် ငွေအနည်းငယ်ကိုလည်း ပို့ပေးလိုက်သည်။ တစ်ခါတစ်ရံ မနက်ပိုင်းနှင့် ညနေပိုင်း နှစ်ချိန်လုံးဖြစ်ပြီး တစ်ခါတစ်ရံ၌မူ တစ်ချိန်ချိန်၌ လင်မယားနှစ်ယောက် ရုပ်ရှင်သွားကြည့်ကြသည်။ နံနက်စာနှင့် နေ့လယ်စာတို့ကို ဟိုတယ်တွင် စားကြသည်။ ဈေးထဲတွင် လျှောက်လည်ရင်း ဆုနှရီသည် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို ဝယ်ခြမ်းသည်။ အိမ်တွင် ဆိုင်ဖွင့်၍ရလောက်အောင် အဝတ်အစားတွေပုံနေသော်လည်း ဆုနှရီသည် တစ်ကိုက်တစ်ဆယ် သို့မဟုတ် ဆယ်ငါးရူပီးနှုန်းဖြင့် အဘယ်ကြောင့် အဝတ်အစားတွေ ဝယ်နေသနည်းဆိုသည်ကို အဏ္ဏာမလေနားမလည်ပေ။ သို့သော်လည်း ဘာမျှမပြောဘဲ နှုတ်ပိတ်၍သာနေသည်။ အကြောင်းမှုကား သူ၏ ပိုက်ဆံမဟုတ်ဘဲ ဆုနှရီ ဖခင်၏ပိုက်ဆံ ဖြစ်နေသောကြောင့်ဖြစ်သည်။ အကယ်၍ ''ဘာဖြစ်လို့

www.burmeseclassic.com

ဒါလောက် ဝိုက်ဆံကို အလကားသုံးဖြုန်းနေတာလဲ''ဟူ၍ အရဲစွန့်မေးလိုက်လျှင်လည်း ဆုန္နရီ၏မျက်ရည်ကို သုတ်ပေးနေရသည်မှာ တစ်ပတ်လောက် ကြာသွားတတ်သည်။

တစ်ခါတစ်ရံ ဆုန္နရီ ကျေနပ်မှုရရှိစေရန်အတွက် မိမိကိုယ်ကို မည်မျှ အပြောင်းအလဲ ပြုလုပ်နေရသည်ကိုတွေးမိသဖြင့် အဏ္ဏာမလေ စိတ်မချမ်းမသာ ဖြစ်သွားတတ်သည်။ ယင်းအခြေအနေမျိုးဖြင့် အချိန်ကြာမြင့်စွာ နေသွားနိုင်လိမ့်မည်မဟုတ်ဟူ၍ သဘောပေါက်နေသည်။ အဏ္ဏာမလေသည် ဒဏ္ဍာပါဏီ၏မေတ္တာကွန်ယက်ထဲတွင် ဖမ်းမိနေသည်။ သူ့အနေနှင့် အိမ်ပေါင်ပြီး ချေးထားသည့် အကြွေးကျေသည့်အထိ ကြိတ်မှိတ်သည်းခံနေရလိမ့်မည်ဟူ၍ တွေးမိသည်။ ဆုန္နရီအား စည်းမဲ့ကမ်းမဲ့ အရှမ်းကာရောငွေသုံးဖြုန်းနေသည်ကို တွေ့မြင်ရသောအခါ ဆုန္နရီအနေနှင့် ကြွေးဆပ်ဖို့ရန်အတွက် လုံးဝကြောင့်ကြခြင်းမရှိဟူ၍ အဏ္ဏာမလေ သိမြင်လာသည်။

တစ်ချိန်တွင် အလုပ်အားလပ်သည့်နေ့၌ ညနေပိုင်းတွင် ထုံးစံအတိုင်း ဆုန္နရီနှင့် အဏ္ဏာမလေတို့သည် ရုပ်ရှင်သွားကြည့်ကြသည်။ ရုပ်ရှင်ရုံ၏အပြင်ဘက်၌ ရှရဝဏာန်အား ဒုတိယတန်းလက်မှတ် ဝယ်သူများ၏ကြားထဲတွင် တိုးဝှေ့နေသည်ကို အဏ္ဏာမလေ တွေ့မြင်သွားသည်။ ရှရဝဏာန်၏ ရိုးရိုးအဝတ်အစားကို တွေ့ရသောအခါ ရှရဝဏာန်အနေနှင့် ဒုတိယတန်းခုံတွင် ထိုင်ကြည့်၍ မတင့်တယ်ဟူ၍ အဏ္ဏာမလေ တွေးမိသွားသည်။ ထို့ကြောင့် ပထမတန်းလက်မှတ်သုံးစောင် အလျင်အမြန်ဝယ်ယူပြီး ရှရဝဏာန်အနီးသို့ သွားသည်။

''ကျွန်တော်တို့နှင့်အတူ လိုက်ခဲ့ပါ'' ယင်းသို့ပြောလျက် အဏ္ဏာမလေသည် ရှရဝဏာန်အား လက်မှတ်တစ်စောင် ပေးလိုက်လေသည်။

ရှရဝဏာန်က ရယ်ပြီးပြောသည်။

''ကျုပ် တတိယတန်းက အမြဲကြည့်လာခဲ့တာ၊ ဒီနေ့ တတိယတန်းလက်မှတ် ဝယ်လို့မရတဲ့အတွက် ဒီမှာ လာတိုးနေရတာ''

ယင်းသို့ပြောလျက် ရှရဝဏာန်သည် အဏ္ဏာမလေပေးသော ပထမတန်းလက်မှတ်ကို ပြန်ပေးလိုက်သည်။ ထို့နောက် နှစ်မိနစ်၊ သုံးမိနစ်လောက်ကြာသောအခါ ရှရဝဏာန်က အဏ္ဏာမလေအား ပြောလိုက်ပြန်သည်။

''မောင်တို့နှစ်ယောက် စုံတွဲရုပ်ရှင်လာကြည့်တာ ကျုပ် မောင်တို့ နှစ်ယောက်ကို အနှောင့်အယှက်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ''

ရုပ်ရှင်ပြဖို့ အချိန်အနည်းငယ်လိုသေးသည်။ ထိုအခိုက် ရှရဝဏာန်သည် လက်မှတ်ဝယ်လျက် အဏ္ဏာမလေတို့အနီးသို့ ရောက်လာပြီးလျှင် စကားစမြည်ပြောဆိုနေသည်။ မည်သည့်အကြောင်းကြောင့် အဏ္ဏာမလေ ကုမ္ပဏီအလုပ်ကို လက်ခံလိုက်ရသည်ဆိုသည်ကို ရှရဝဏာန်သည် မနေ့ကတည်းက သိပြီးဖြစ်သည်။ အားလပ်သည့်အချိန်၌ဆွဲသော ပန်းချီကားများကို အဏ္ဏာမလေသည် ရှရဝဏာန်ထံသို့ ပို့ပေးလေ့ရှိသည်။





ရှရဝဏာန်က ပြောသည်။

''အခုလထုတ် စာစောင်မျက်နှာဖုံးမှာ ကျုပ် မောင်ရင်ဆွဲတဲ့ပုံကို ပုံနှိပ်ဖော်ပြထားတယ်။ ရောင်စုံပုံကို ပုံနှိပ်ပြီး ငွေဖြုန်းပစ်တဲ့အလေ့အထ ကျုပ်မှာမရှိဘူး။ ဒါပေမဲ့ မောင်ရင်ရဲ့ အဲဒီပုံကို ကျုပ်သိပ်သဘောကျတဲ့အတွက် မျက်နှာဖုံးမှာပဲ ထည့်ပေးလိုက်တယ်''

အဏ္ဏာမလေသည် အတိုင်းထက်အလွန် အားရဝမ်းသာ ဖြစ်သွားသည်။ ပန်းခူးနေသော မိန်းမပျိုပုံကို ရှရဝဏာန်သည် သူ၏စာစောင်မျက်နှာဖုံး၌ ပုံနှိပ်ဖော်ပြထားသည်။ ယင်းပုံကို အဏ္ဏာမလေသည် အလွန်တရာ နှစ်သက်မြတ်နိုးသည်။ ရှရဝဏာန်က ပြောသည်။

''ပန်းချီဆွဲတဲ့အလုပ်ကို မောင်ရင် ဘယ်တော့မှ ရပ်မပစ်နဲ့။ ဝမ်းစိုက်ပြည့်ဖို့အတွက် မိမိစိတ်ဓာတ်တိုးတက်မှုကို ဘယ်တော့မှ ဥပေက္ခာမပြုနှင့်၊ ယခုခေတ်မှာ ကြက်တွေကလည်း အတောင်ဖြန့်ပြီး ဥဒေါင်းလိုကဖို့ ကြိုးစားနေကြတယ်။ အဲဒီအကြောင်းအတွက် သက်သက်နှင့် ရောင်စုံအတောင်ရှိတဲ့ ဥဒေါင်းက ကြက်အတုယူ နေတာမကောင်းဘူး။ မောင်ရင်က အခုလည်းပဲ ဥဒေါင်းစစ်စစ် ဖြစ်တယ်ဆိုတာ ကျုပ် ယုံကြည်တယ်''

ရှရဝဏာန်၏ စကားလုံးများသည် အဏ္ဏာမလေ၏ နှလုံးသားထဲတွင် မြားကဲ့သို့ စူးဝင်သွားသည်။ ရှရဝဏာန်သည် အလွန်တရာလိမ္မာပါးနပ်စွာဖြင့် မိမိ၏အတုအယာဝကို ရည်ညွှန်း၍ ပြောနေသည်ဆိုသည်ကို သိရှိနားလည်သွားသည်ဖြစ်၍ အဏ္ဏာမလေသည် ရှက်စိတ်ဝင်လာပြီးလျှင် ဦးခေါင်းငုံ့လိုက်သည်။

ရုပ်ရှင်ပြတော့မည်ဖြစ်ကြောင်း အချက်ပေးသည့် ခေါင်းလောင်းမြည်လာသည်။ အဏ္ဏာမလေက ပြောလိုက်သည်။

''ရုပ်ရှင်ပြီးတဲ့အခါ ကျွန်တော်နဲ့လိုက်ခဲ့ပါလား။ လမ်းမှာ တစ်နေရာရာကျတော့ တစ်ခုခုစားသောက်ပြီး ကျွန်တော် ဆရာ့ကို အိမ်လိုက်ပို့ပေးပါ့မယ်''

ရှရဝဏာန်က ရယ်ပြီး ယင်းအဆိုပြုချက်ကို ငြင်းပယ်ပစ်လိုက်သည်။

''အင်မတန် မရှောင်လွှဲနိုင်မှသာ ကျုပ်အပြင်မှာ တစ်ခုခုစားသောက်လေ့ရှိတယ်။ သွားဖို့လာဖို့ လှုပ်ရှားဖို့အတွက် ဘုရားသခင်က ကျုပ်ကို ခြေထောက်တပ်ပေးထားတယ်လို့ တွေးပြီး ကျုပ် နေ့စဉ်နေ့တိုင်း ခြေကျင်သွားလို့ဖြစ်တဲ့နေရာမှာ ခြေကျင်ပဲ သွားတယ်။ အလာတုန်းက ကျုပ် ဘတ်စ်ကားနှင့် လာခဲ့တယ်။ အခုအပြန်မှာ ခြေကျင် လျှောက်သွားမယ်။ ခြေကျင်လျှောက်တဲ့အတွက် ညအိပ်တဲ့အခါမှာ အိပ်လို့ ကောင်းကောင်းပျော်တယ်''

မျှော်လင့်ချက်မရှိတော့သည်ဖြစ်၍ အဏ္ဏာမလေသည် ဆုန္နရီနှင့်အတူ ရုပ်ရှင်ရုံထဲ ဝင်သွားသည်။ ထိုနေ့ပြသောရုပ်ရှင်မှာ အနုပညာပါသော ဗင်္ဂါလီ ရုပ်ရှင်ကားတစ်ကား ဖြစ်သည်။ ထို့ကြောင့် ရှရဝဏာန် ထိုကားကို လာကြည့်ခြင်းဖြစ်သည်ဟူ၍ အဏ္ဏာမလေ သဘောပေါက်သွားသည်။

ရုပ်ရှင်ရုံထဲတွင် ထိုင်ပြီးသောအခါ ဆုန္နရီကပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကို ကျွန်မ အရင်ကတည်းက သိတယ်။ သိဝိတ်ဖဲတဲ့လူပဲ"

အဋ္ဌာမလေက တအံ့တသြဖြစ်သွားပြီးလျှင် မေးလိုက်သည်။

"သူ့ကို မင်း အရင်ကတည်းက သိတယ်ဟုတ်လား"

"ဟုတ်တယ်။ သူ့ကို ကြည့်ပြီးတော့ သိပ်ဆင်းရဲတဲ့လူတစ်ယောက်လို့ ရှင်တွေးနေလိမ့်မယ်ထင်တယ်။ ခြေညှပ်ဖိနပ် ပြတ်လုပြတ်ခင်ကိုစီးပြီး ညစ်နေတဲ့အဝတ်အစားကို ဝတ်ထားတဲ့ ဆံပင်ဖိုးရိုးဖားရားနဲ့ အဲဒီလူဟာ သိပ်ချမ်းသာတဲ့လူတစ်ယောက်ဖြစ်တယ်"

"မဟုတ်တာ ပြောနေပြန်ပြီ"

"ကျွန်မ လုံးဝမှန်တာကို ပြောနေတာ။ ကျွန်မကျောင်းတက်တဲ့ အချိန်တုန်းက ဒီလူကြီးဟာ ကျွန်မတို့ကျောင်းက ဆင်းရဲတဲ့ကျောင်းသူတွေရဲ့ အဆောင်တွေအတွက် ငွေတစ်သောင်း ပေးလှူတယ်။ ပေးလှူတဲ့အချိန်တုန်းက သူငွေလှူတဲ့အကြောင်း အခြားလူတွေကို ပြောမပြကြပါနဲ့လို့ အလေးအနက် မှာသွားတယ်။ အခမ်းအနားတစ်ခုမှာ သူ့ကို ဖိတ်ပြီးဂုဏ်ပြုမယ်ဆိုတဲ့အကြောင်းကို ကျောင်းကော်မတီတွေက ပြောပြတဲ့အခါ အဲဒီလိုလုပ်ရင် ကျုပ် ကိုယ့်အလှူငွေပြန်ယူမယ်ဆိုပြီး ကျောင်းကော်မတီတွေကို ခြိမ်းခြောက်တယ်။ တော်တော် ဆိုးတဲ့ လူကြီး"

ဆုန္ဒရီ၏စကားကို အဋ္ဌာမလေ မယုံကြည်ပေ။ "ဟုတ်ရဲ့လား ဆုန္ဒရီ"ဟု တအံ့တသြ မေးလိုက်လေသည်။ ဤမြို့၌ ငွေတစ်ထောင်လှူပြီး ငွေတစ်သောင်းတန်ဖိုး ကြော်ငြာကြသည့် လူပေါင်းများစွာကို အဋ္ဌာမလေ တွေ့မြင်နေရသည်။ အချို့လူများသည် သိန်းပေါင်းများစွာသော ငွေကိုအိမ်၌ ကျစ်ကျစ်ပါအောင် ထုတ်ထားပြီး အနည်းငယ်မျှသော ငွေကိုလှူလျှက် ဟောင်ဖွာဟောင်ဖွာ လုပ်နေကြသည်။ နေစရာအိမ်မရှိသည့် ရှူရဝဏာန်လို အယ်ဒီတာတစ်ယောက်က မိမိအင်အားနှင့်မျှတဲ့ ဤမျှ အရေအတွက်များပြားသော ငွေကို တိတ်တဆိတ် ဘယ်လိုလုပ်ပြီး လှူဒါန်းသနည်း ဟူ၍ စဉ်းစားနေမိသည်။

"ဒီလူကြီးဟာ ကောင်းတဲ့လူမဟုတ်ဘူး။ သူပြောတဲ့စကားတွေကို နားယောင်ရင် ရှင် အလိမ်ခံရလိမ့်မယ်"

ယင်းသို့ပြောလျှက် ဆုန္ဒရီက အဋ္ဌာမလေအား သတိပေးသည်။ လူကို အမှန် အတိုင်း အကဲဖြတ်နိုင်သည့် အရည်အချင်း ဆုန္ဒရီတွင် မရှိပေ။ လူတို့၏ တန်ဖိုးကိုဖြတ်ရာ၌ ဆုန္ဒရီသည် အရာခပ်သိမ်း အမှားကိုသာ ပြုလုပ်သည်။ ယင်းသို့တွေးလျှက် အဋ္ဌာမလေသည် စိတ်ထဲက ပြုံးမိလေသည်။

အဋ္ဌာမလေက တစ်လုံးချင်းပြောလိုက်သည်။

"အကြွားသမားက သူ မဟုတ်ဘူး၊ ကျုပ်။ သူက တစ်ကမ္ဘာလုံးသား အစစ်အမှန် တစ်ယောက်ဖြစ်တယ်"

◆◆◆



တနင်္ဂနွေနေ့တစ်နေ့တွင် နံနက်အစောကြီး "ကလိုက်မလာ"စာစောင်ကို ကိုင်လျှက် ရှရဒါသည် အဋ္ဌာမလေကို ရှာရင်း အဋ္ဌာမလေတို့အိမ်သို့ ပေါက်ချလာသည်။ အဋ္ဌာမလေ ထံ ရောက်မလာခင် အာနန္ဒီနှင့်လည်း တွေ့ခဲ့သည်။ ထိုနေ့တွင် ရှရဒါသည် နေ့ရက်ပေါင်း များစွာကြာပြီးမှ အဋ္ဌာမလေကို တွေ့ရှိခြင်းဖြစ်သည်။ စာစောင်တွင် အဋ္ဌာမလေ ရေးဆွဲထားသောပန်းချီပုံကို ပုံနှိပ်ဖော်ပြထားသည်။ ယင်းပုံကိုတွေ့၍ မိမိကိုယ်တိုင်သွားပြီး ချီးကျူးစကားပြောမည်ဟူ၍ အကြံရလာသည်။

အဋ္ဌာမလေသည် ထိုအချိန်ထိ သူ့ပန်းချီကားဖော်ပြထားသော စာစောင်ကို မရရှိ သေးပေ။ ရှာရဒါအိမ်ရောက်လာသောအခါ ဝမ်းသာအားရဖြစ်သွားသည်။ တစ်ဖက်တွင် ဤမျှ နေ့ရက်ပေါင်းများစွာကြာပြီးသည့်နောက်မှ ရှရဒါနှင့် တဖန် ဆုံစည်းခွင့်ရရှိသည့်အတွက် ဝမ်းသာအားရဖြစ်နေသည်။ နောက်တစ်ဖက်၌ကား မိမိ၏ ဆေးရောင်စုံပန်းချီကားကို ပထမဆုံး အကြိမ် ပုံနှိပ်ဖော်ပြသည့်အတွက် အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်နေသည်။ ထိုပန်းချီ ပုံကို တွေ့ရသောအခါ အဋ္ဌာမလေသည် ပျိုရွယ်သောမိခင်တစ်ယောက် မိမိ၏ ဝမ်းဗိုက် အတွင်းမှ သားဦးမွေးဖွားလာသည်ကို တွေ့မြင်ရ၍ ဝမ်းသာလွန်းမက ဝမ်းသာပြီး အရူးအမူး ဖြစ်သွားသည်နှင့် တူနေသည်။

ရှာရဒါ မိမိတို့၏အိမ်ရောက်နေသည်ကိုတွေ့ရသောအခါ ဆုန္ဒရီသည် မျက်နှာထား ခပ်တင်းတင်းနှင့် ထိုင်နေသည်။ အဋ္ဌာမလေက နှစ်ကြိမ်တိတိခေါ်သော်လည်း ဆုန္ဒရီသည် သူတို့၏အနီးသို့ မသွားပေ။ အဋ္ဌာမလေက မရမကခေါ်သောအခါ ဆုန္ဒရီသည် သူတို့၏ အနီးသို့သွားလျှက် ရှာရဒါ၏လက်ထဲ ကော်ဖီအပြည့်ထည့်ထားသည့် ဖန်ခွက်ပေးခဲ့ပြီးလျှင် လုပ်စရာအလုပ် အနည်းငယ်ရှိသေးသည်ဟု ပြောလျှက် အခန်းထဲပြန်ဝင်သွားသည်။

ရှာရဒါသည် အဋ္ဌာမလေ၏ ပန်းချီပုံကို လိုက်လိုက်လှဲလှဲ ချီးကျူးနေသည်။ သူကိုယ်တိုင်လည်း ပန်းချီပုံလှလှကလေးများကို ဆွဲသူတစ်ယောက်ဖြစ်သည်။ သို့သော်လည်း အဋ္ဌာမလေ၏ပန်းချီအနုပညာကို မမောနိုင်မပန်းနိုင် ချီးကျူးပြောဆိုနေသည်။

"ရှင် စန်းပွင့်လာပြီလို့ ကျွန်မ ပြောချင်တယ်။ အယ်ဒီတာ ရှူရဝဏာန် ကိုယ်တိုင် ပြည်သူလူထုနှင့် ရှင့်ကို မိတ်ဆက်ပေးလိုက်ပြီ။ ရှင့်အကြောင်း ပြည်သူတွေ သိသွားကြပြီ။ အခြားလူတွေကလည်း ရှင့်ကို လက်လွှတ်ကြတော့မှာ မဟုတ်ဘူး။ မကြာခင် ရှင့်ကို ပန်းချီဆွဲခိုင်းမယ့်လူတွေ ရှင်တို့အိမ်မှာ တန်းစီနေလိမ့်မယ်ဆိုတာ သေချာတယ်"

ထိုနေ့သည် မိမိအတွက် အလွန်တရာ မင်္ဂလာရှိသောနေ့ဟူလည်း အဋ္ဌာမလေ တွေးထင်မိသည်။ အာနန္ဒီနှင့် သူ၏ဖခင်ကလည်း ထိုပန်းချီပုံကို အကြီးအကျယ် ချီးမွမ်းကြ သည်ဟူ၍ ရှာရဒါက ပြောပြသည်။ ထိုပန်းချီပုံ၌ တွေ့မြင်ရသော ကောင်းသည့်အကွက်များကို ထုတ်ဖော်ပြောပြရင်း ရှာရဒါသည် အလွန်တရာ ပီတိသောမနဿ ဖြစ်နေသည်။

အဋ္ဌာမလေက အတန်ငယ် မဝံ့မရဲနှင့်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက် စိတ်ထဲမှာ အဲဒီလိုပုံမျိုးတစ်ပုံ ဆွဲလိုတဲ့စိတ် ပေါ်လာတဲ့အတွက် ကျွန်တော် အဲဒီပုံကို ဆွဲလိုက်တာပါပဲ။ ကျွန်တော့်ကို မေတ္တာထားတဲ့အတွက်ကြောင့်သာ ရှာရဒါ ကျွန်တော့်ကို ယခုလောက် ချီးကျူးနေတာထင်တယ်။ အဲဒီပန်းချီကားဆွဲစဉ်က အခုရှာရဒါ ဆွေးနွေးပြောပြနေတဲ့ကောင်းတဲ့အချက်၊ ကောင်းတဲ့အကွက်တွေ ရှိလာလိမ့်မယ်လို့ ကျွန်တော် လုံးဝမတွေးမိဘူး"

ရှာရဒါက ပြန်ပြောသည်။

"ဘယ်လိုအရည်အသွေးတွေ ပါရမယ်ဆိုပြီး ကြိုးစားအားထုတ်ပြီးရေးဆွဲမထားတဲ့ အရည်အသွေးများကို ကြည့်ရှုသူတွေ မြင်သွားရတဲ့အနုပညာလက်မျိုးကိုသာ အနုပညာလက်ရာစစ်လက်ရာမှန်လို့ ခေါ်တယ်။ ကျွန်မ ရှင့် ပန်းချီပုံကို အသေအချာကြည့်မိတယ်။ ကျွန်မရဲ့ လေးဘက်လေးတန်မှာ သစ်ပင်မြင့်မြင့်ကြီးတွေရှိနေပြီး ကျွန်မကိုယ်တိုင်က အဲဒီ ဥယျာဉ်ကြီးထဲမှာ လှည့်လည်သွားလာပြီး ပန်းခူးနေတယ်လို့ ရုတ်တရက်ထင်သွားတယ်။ နောက်ပိုင်းမှာလည်း ရှင် ဒီလိုပုံတွေ ဆွဲနေလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်"

မိမိတွင် ပန်းချီဆွဲရန်အတွက် အချိန်မရှိဟူ၍ ရှာရဒါအား ပြောလိုက်ရသည့်အတွက် အဏ္ဏာမလေ ရက်စိတ်ပင် ဝင်လာသည်။ အမှန်စင်စစ် သူ့ထံတွင် ဘယ်မှာ အချိန်ရှားပါးမည်နည်း။ မိမိ၏နှလုံးသားအတွင်း၌ အကျဉ်းခံနေရသော သူ၏အနုပညာအသိစိတ်သည် မှန်တိုင်းထန်နေသော ပင်လယ်သမုဒ္ဒရာပမာ ကြွတက်လာပြီးလျှင် အပြင်ထွက်ဖို့ရန်အတွက် ထွက်ပေါက်ရှာနေသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်နေသည်။ ဆုနန္ဒရီ၏ လင်ယောကျ်ား အဖြစ်နှင့် ဆုနန္ဒရီနှင့်ပတ်သက်သည့် မိမိ၏တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် အတွက် ဆုနန္ဒရီ ကျေနပ်မှုရှိစေရန်အတွက် ဆုနန္ဒရီ၏မျှော်လင့်ချက်များနှင့်အလိုဆန္ဒများကို ဖြည့်ဆည်းပေးရန်အတွက် မိမိ၏အားလပ်ချိန်များကိုလည်း ဆုနန္ဒရီအား အပ်နှံထားသည်ဟူ၍ အဏ္ဏာမလေသည် ရှာရဒါအား ဘယ်လိုလုပ်ပြောပြမည်နည်း။

အဏ္ဏာမလေနှင့် ရှာရဒါတို့ စကားပြောနေကြသည်မှာ အချိန်သိပ်မကြာလှသေးပေ။ ထိုအတောအတွင်း ဆုနန္ဒရီသည် ထိုနေရာသို့ ရောက်လာပြီးလျှင် ရှာရဒါအား ပြန်လွှတ်လိုက်ရန် အဏ္ဏာမလေအား သုံးကြိမ်သုံးခါ အရိပ်အမြွက်ပြလေသည်။ အဏ္ဏာမလေကလည်း ဆုနန္ဒရီ ထိုနေရာသို့ ရောက်လာသည်ကို မသိချင်ယောင် ဆောင်နေသည်။ ရှာရဒါသည် မိန်းမပျို တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် အဏ္ဏာမလေသည် ယနေ့အထိ ရှာရဒါတို့ အိမ်သို့ မသွားခဲ့ပေ။ ရှာရဒါ၏သူငယ်ချင်း မိတ်ဆွေစိတ်ဓာတ်ကိုလည်းကောင်း၊ အနုပညာ အသိစိတ်နှင့် ပြည့်ဝနေသည့် နှလုံးသားကိုလည်းကောင်း အဏ္ဏာမလေသည် ဉာဏ်မျှလောက် လွယ်လင့်တကူ ပစ်ပစ်ခါခါ လုပ်မပစ်နိုင်ပေ။ ရှာရဒါသည် ပြန်ရဖို့ရန် တစ်စုံတရာ မျှော်လင့်ချက်မထားဘဲ အခွင့်ကြုံတိုင်း အဏ္ဏာမလေ၏အကျိုးကို အမြဲတစေ ဆောင်ရွက်လာခဲ့သူဖြစ်သည်။ ရှာရဒါ အချိန်အတန်ကြာကြာ ထိုင်နေသည်ကို ဆုနန္ဒရီ သည်းခံမနေနိုင်ပေ။



အခန်းထဲ ဝင်လာပြီးလျှင် အဏ္ဏာမလေအား ပြောလိုက်သည်။

"ကျွန်မတို့ အရေးကြီးတဲ့ကိစ္စတစ်ခုနှင့် အပြင်သွားရမယ်ဆိုတာ ရှင်မေ့နေပြီလား။ ကျွန်မ သွားဖို့ပြင်ပြီးပြီ။ ကားလည်း အဆင့်သင့်ဖြစ်နေပြီ။ မြန်မြန်လုပ်ပါ"

ယင်းသို့ ပြောရုံမျှသာမက ဆုနန္ဒရီသည် အဏ္ဏာမလေ၏အဝတ်အစားကို ယူလာပြီးလျှင် စားပွဲပေါ်၌ တင်ထားလိုက်သည်။

အခြေအနေအားလုံးကို ရှာရဒါ သိနားလည်သွားသည်။

"ရှင်တို့ အပြင်သွားစရာ ရှိတယ်ထင်တယ်။ ဒါဆိုရင် ကျွန်မသွားတော့မယ်"

ထွက်သွားမည့်ဟန်ပြင်ရင်း ရှာရဒါသည် သူယူလာခဲ့သော စာစောင်ကို အဏ္ဏာမလေအား ပေးပြီးလျှင် ပြောလေသည်။

"ဒီစာစောင် ရှင့်ဆီမှာ သိမ်းထားပါ။ ကျွန်မ နောက်တစ်စောင်ဝယ်ယူမယ်"

အဏ္ဏာမလေသည် ရှာရဒါအား တံခါးဝအထိ လိုက်ပို့ပြီးလျှင် အခန်းထဲ ပြန်ဝင်လာသည်။ အခန်းထဲတွင် ရပ်နေသော ဆုနန္ဒရီ၏အနီး၌ "ကလိုက်မလာ" စာစောင်သည် ထိုအတိုင်းပင် ရှိနေသည်။ ထိုစာစောင်၏ မျက်နှာဖုံး၌ အဏ္ဏာမလေဆွဲသော ပန်းချီပုံ ပုံနှိပ်ဖော်ပြထားသည်ကို ဆုနန္ဒရီသိသည်။ သို့ရာတွင် ထိုစာစောင်ကို ဆွဲယူကြည့်ခြင်း မပြုရုံမျှသာမက ထိုစာစောင်ရှိရာဘက်သို့ ငဲ့စောင်း၍ပင် မကြည့်ပေ။

အဏ္ဏာမလေသည် အလွန်တရာ တက်ကြွနေသည့်အမူအရာဖြင့် စာစောင်ကို လှမ်းယူပြီးလျှင် ဆုနန္ဒရီအားပြလျက် အားတက်သရော ပြောလိုက်လေသည်။

"ဆုနန္ဒရီ၊ ဒီမှာ ကြည့်စမ်း။ ဒီစာစောင်မှာ ငါပထမဆုံးရေးဆွဲတဲ့ ဆေးရောင်စုံ ပန်းချီကား ပုံနှိပ်ဖော်ပြထားတယ်။ ဒီပန်းချီကား ဘယ်လိုနေလဲ၊ မင်း မကြိုက်ဘူးလား"

ဆုနန္ဒရီသည် စိတ်မပါတပါ လက်ဝဲလက်ဖြင့် စာစောင်ကို လှမ်းယူပြီးလျှင် မကြည့်ချင်ကြည့်ချင်နှင့် ကြည့်နေသည်။ ပန်းချီပုံကို အသေအချာစူးစိုက်ကြည့်မှသာလျှင် ပန်းချီလက်ရာ၏ ကောင်းသောအကွက်များကို သိရှိနိုင်သည်။ သို့ရာတွင် ဆုနန္ဒရီသည် ထိုပန်းချီပုံကို တစ်ချက်ကြည့်လျက် စာစောင်ကို စားပွဲပေါ် ပစ်တင်ထားလိုက်သည်။

"ငါဆွဲတဲ့ ပန်းချီကားကို ကြိုက်သလား၊ မကြိုက်ဘူးလားဆိုတာဘဲ မင်း ပြောမပြ သေးပါလား"

ဆုနန္ဒရီက မဲ့ကာရွဲ့ကာနှင့် ပြန်ဖြေသည်။

"ရှင်ဟာ တော်တော် အတွေးရခက်တဲ့ လူတစ်ယောက်ဖြစ်တယ်။ ဒီလိုတော တစ်တောရဲ့ပုံကို ဆွဲပြီး ဘယ်လိုနေသလဲလို့ ကျွန်မကို မေးနေတယ်။ ရှင့်မှာ တခြားလုပ်စရာ အလုပ်မရှိတော့ဘူးထင်တယ်။ ရှင့် ဟိုအယ်ဒီတာကလည်း အဲဒီအတိုင်းပဲ သူ့မှာလည်း တခြား လုပ်စရာအလုပ် မရှိတော့ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆုနှရီ၏ ယင်းစကားလုံးများသည် **အဏ္ဏာမလေး၏နလုံးသားအား ထိနိုက်**အနာတရဖြစ်သွားစေသည်။ အဏ္ဏာမလေးသည် **ဆုနှရီ၏ ပစ်ပစ်ခါခါပြုမြစ်၊နှင့် မထိမှုမြင်**ပြုခြင်းကို သည်းမခံနေနိုင်ပေ။ **ဦးခေါင်း ချာချာလည်သွားသည်။ မိမိ ဘာလုပ်ရမည်**ဆိုသည်ကို နားလည်**အောင်**ဖြစ်သွားသည်။ ဆုနှရီက **ပြောလိုက်သည်။**

''ဘာဖြစ်လို့ ဒီလို မတုန်မလှုပ်ရပ်ကြည့်နေရတာလဲ။ **ရှပ်ရှင်ပြတော့မယ်။** နောက်ကျသွားရင် လက်မှတ်ဝယ်လို့မရပဲ နေလိမ့်မယ်''

**အဏ္ဏာ**မလေက ဣန္ဒြေရရ ပြန်ဖြေလိုက်သည်။

''ငါ မင်းနဲ့ မလိုက်တော့ဘူး။ ငါ မင်းနဲ့ မသွားနိုင်ဘူး။ မင်းတစ်ယောက်ထဲ သွားချင်သွား''

ထိုအချိန်၌ အဏ္ဏာမလေး၏ ငြိမ်သက်နေသည့်အမူအရာကိုကြည့်လျှင် ယင်းကဲ့သို့ ငြိမ်သက်နေမှုသည် မကြာမီအတွင်း မုန်တိုင်းကျရောက်တော့မည်ဆိုသည်ကို အချက်ပေးနေသကဲ့သို့ ထင်ရသည်။

''ရှင်ဘာပြောတယ်။ ရှင် ကျွန်မနဲ့ မလိုက်ဘူးဟုတ်လား''

''ဟုတ်တယ်''

ဆုနှရီသည် ထောင်းကနဲ ဒေါသထွက်သွားသည်။ အဏ္ဏာမလေးအား စိုက်ကြည့်လိုက်သည်။ သူ၏အကြည့်သည် အဏ္ဏာမလေးအား မီးလောင်ပြာကျသွားစေမည့် အကြည့်မျိုးလို ဖြစ်နေသည်။ အဏ္ဏာမလေ စွဲလမ်းတက်မက်ခဲ့သော ဆုနှရီ၏မျက်လုံးသည် ယခုအချိန်၌ သရဲသဘက်မျက်လုံးသဖွယ်ကြောက်မက်ဖွယ် ကောင်းနေသည်ဟူ၍ အဏ္ဏာမလေ ထင်သွားသည်။ ဆုနှရီ၏ပြည့်ဖောင်းနေသော ပါးနှစ်ဖက်၏အလှသည် ပျောက်ကွယ်သွားပြီးလျှင် အကျည်းတန်အရုပ်ဆိုးသည့် ဆုနှရီ၏ ရုပ်အလှနောက်ကွယ်၌ ဤကဲ့သို့သော ကြောက်မက်ဖွယ် ရက်စက်မည့်သရဲသဘက်အသွင်အပြင် ပုန်းကွယ်နေသည်ဆိုသည်ကို အဏ္ဏာမလေ အိပ်မက်ထဲ၌ပင် မမြင်မက်ခဲ့ပေ။ ဆုနှရီကို မျက်လွှာပင့်၍ မကြည့်ရဲအောင်ပင် ဖြစ်သွားသည်။ ဆုနှရီသည် အဏ္ဏာမလေ၏ အဝတ်အစားများကို အခန်းထဲတွင် ဟိုဟိုသည်သည် လွှင့်ပစ်လိုက်သည်။ 'ကလိုက်မာလ'စာစောင်လည်း ဘယ်နေရာရောက်သွားသည် မသိပေ။ နားနှင့်ကြား၍မှ မတော်သော အမင်္ဂလာစကားများကို ဆုနှရီသည် ခုနှစ်သံ၊ ရှစ်သံဟစ်ပြီး ပြောနေသည်။

''ငါက ယောကျ်ားဆိုပြီး ရှင် ထင်တာလျှောက်လုပ်နေတယ်။ လမ်းပေါ်က ကောင်မတွေနှင့် အကြည်ဆိုက်နေဖို့အတွက်တော့ ရှင့်မှာအချိန်ရှိတယ်။ ကိုယ့်မယားနှင့်ကျတော့ အပြင်ထွက်ဖို့ အချိန်မရှိဘူး။ အခုလိုဖြစ်ရတာလဲ ရှင့်အပြစ်တော့ မဟုတ်ဘူး။ ရှင့်ကို ကိုယ့်သမီးအပ်နှင်းပြီး တစ်လတစ်ထောင် လခပေးနေတဲ့ လူရဲ့အပြစ်။ အိမ်တို့၊ ငွေတို့၊ ကားတို့ ဘာမဆိုရနေတဲ့အတွက် ရှင်ဘယ်မှာ ဘဝင်မမြင့်ဘဲနေမလဲ''





ဆုနှရီ၏အတွင်းသန္တာန်ထဲက ထွက်ပေါ်လာသော ကျ်ားသစ်မသည် အဏ္ဏာမလေး၏ အတွင်းသန္တာန်၌ အိပ်ပျော်နေသောခြင်္သေ့ကို လှုပ်နှိုးလိုက်သည်။ အဏ္ဏာမလေလည်း ထောင်းခနဲ ဒေါသထွက်လာသည်။ ဆုနှရီအား **သတိမေ့မျှော့သွား**သည့်အထိ ရိုက်နှက်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။ ဆုနှရီ၏ **လည်မျိုကို ညှစ်ပြီး** အပြင်ဘက်ပစ်လိုက်မည်ဟူ၍ပင် စိတ်ကူးပေါ်လာသည်။ သို့ရာတွင် **ဘာတစ်ခုမှ မလုပ်မိပေ**။ ယင်းသို့ ပြုလုပ်ခြင်းသည် ကောင်းသော အလုပ်မဟုတ်ဟူ၍ အဏ္ဏာမလေ **သိမြင်သဘော**ပေါက်သည်။ အလွန်တရာ ခက်ခဲစွာဖြင့်ပင် မိမိကိုယ်ကို မိမိ ထိန်း**ထားနိုင်လိုက်သည်။**

ဆုနှရီသည် အခန်းထဲက ဝုန်းခနဲ အပြင်**ထွက်သွားပြီးလျှင်** အော်ပြောလိုက်သည်။

''ဒရိုင်ဘာ ကားပြန်ယူသွားတော့။ ကျွန်မဆီ **နောက် ကားမပို့နှင့်**တော့လို့ ဖေဖေ့ကို ပြောလိုက်။ ဒီလိုဘဝမျိုးနှင့်နေသွားဖို့အတွက် ကျွန်မ **ကားမလိုဘူး**''

မိနှာချီအမ္ဘာလသည် ဘာတစ်ခုမှ နားမလည်**ဖြစ်နေသည်။ အိမ်နီးနားချင်း**က လူများသည် ပွဲကြီးပွဲကောင်းကို ကြည့်ရန်အတွက် မိမိတို့၏ပြ**တင်းပေါက်များ**မှ ပြူတစ်ပြူတစ်လုပ်နေကြသည်။ နောက်ဘက်က အိမ်ပြတင်းမှ **အနန္တလည်း** **အပြင်**တက် လှမ်းကြည့်နေသည်။ အဏ္ဏာမလေသည် မျက်ရည်ကို မချုပ်တည်း**နိုင်တော့ပေ**။ **ရေထဲဆင်း**ပြီး သေပစ်လိုက်ရင်ကောင်းမည်ဟု အတွေးပေါ်လာသည်။

စစ်စည်သံ ဆူညံနေတုန်းပင် ရှိသေးသည်။ **ဆုနှရီသည် ကျယ်လောင်** ကျယ်လောင်နှင့် ဗျစ်တောက်ဗျစ်တောက် ပြောနေတုန်းပင်ရှိသေးသည်။

◆◆◆

ဒဏ္ဍာပါဏီ၏ ကားသည် အိမ်ပြန်ရောက်သွားသည်။ **ဆုနှရီကမူ** အိမ်မှာထိုင်ပြီး ပါးစပ် သေနတ်ပစ်ဖောက်နေတုန်းပင် **ရှိသေးသည်။ သူ၏စော်**ကားချက်များသည် အဏ္ဏာမလေ၏ ကိုယ်နှတ်နှလုံးကို လောင်**မြိုက်နေကြသည်။ အဏ္ဏာ**မလေသည် အိမ်အပေါ်ထပ်တက်သွားပြီးလျှင် ကုလားထိုင်**တစ်လုံးပေါ်၌ ဝုန်းခနဲ**ထိုင်ချလိုက်သည်။ မိမိ အပေါ်၌ ယနေ့အထိ ဤမျှ**စော်ကားမော်ကားလုပ်ခြင်းမျိုးကို တစ်ခါမျှ**မခံခဲ့ဘူးပေ။ တစ်ကိုယ်လုံး မီးလောင်နေသလားဟု **တွေးမိသည်။**

ပြဿနာ ဤမျှနှင့်ပြီးပြတ် **မသွားသေးပေ**။ အတန်ငယ်ကြာသော်အခါ ဆုနှရီ၏ အခန်းထဲက ဝုန်းခနဲ၊ ဒိုင်းခနဲ **အသံများကို** ကြားရသည်။ ဘီရိုဖွင့်သံ ပေါ်လာသည်။ သေတ္တာတွေ ဟိုရွှေ့သည်ရွှေ့ ဖြစ်ကုန်ကြသည်။ ပန်းကန်ခွက်ယောက်နှင့် ဖန်ခွက်များသည် ချွင်ကနဲ ချွမ်ကနဲမြည်လျက် **အခန်းထဲတွင်** ဟိုနေရာသည်နေရာ ကျကုန်ကြသည်။ အဏ္ဏာမလေသည် သူနေရာမှထလျက် အခန်းထဲ ချောင်းကြည့်လိုက်သည်။ ဆုနှရီသည် သူ၏ ဘီရိုထဲက

www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားအချို့ ထုတ်ယူပြီးလျှင် အတက်ချိတ်စရုထဲတွင် ထိုးသိပ်ထည့်နေသည်။ အတန်ငယ်ကြာသောအခါ ဆုနှုရီသည် အခန်းထဲက ထွက်လာသည်။

ထိုဆုနှုရီသည် မကြာသေးခင်က ဝတ်စားဆင်ယင်ပြီး ရုပ်ရှင်သွားဖို့ရန် အဆင်သင့်ဖြစ်နေသော ဆုနှုရီဖြစ်သည်။ တစ်စကာအတော်အတွင်း၌ပင် သူ၏ ဆင်ယင်ထုံးဖွဲ့မှုတစ်ခုလုံး ဤကဲ့သို့ အဘယ်ကြောင့်ဖရိုဖရဲဖြစ်သွားသနည်းဆိုသည်ကို အဏ္ဏာမလေ နားမလည်ပေ။ ဆံပင်များလည်း ဖွာရရာဖြစ်ကုန်ကြသည်။ ထိုအချိန်၌ တွေ့မြင်ရသော ဆုနှုရီ၏အသွင်အပြင်သည် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းနေသည်။

အဏ္ဏာမလေက လှမ်းအော်လိုက်ပြန်သည်။

''ဆုနှုရီ ဒီမှာ ငါပြောတာ နားထောင်စမ်း''

ဆုနှုရီသည် အဏ္ဏာမလေ၏စကားကို နားမထောင်ပေ။ လမ်းတွင် ရပ်နေသော လင်ယောကျ်ားအား တွန်းထိုးပြီးလျှင် လျှင်မြန်စွာ လှေကားမှအိမ်အောက်ထပ် ဆင်းသွားသည်။ ရှေ့တွင်တွေ့ရသော ခြေညှပ်ဖိနပ်ကိုစီးလျက် တံခါးဝသို့ လှမ်းသွားသည်။ မီနာချီအမ္မာလသည် ယင်းအဖြစ်အပျက်များကို သည်းညည်းခံ ကြည့်နေနိုင်စွမ်း မရှိပေ။ ဆုနှုရီနောက်ကို အပြေးအလွှားလိုက်သွားပြီးလျှင် ဆုနှုရီလက်ထဲက အတက်ချိတ်ကို လှမ်းယူသည်။

''ဆုနှုရီ အခုလိုလုပ်တာ မသင့်လျော်ပါဘူး။ ဘယ်ကိုမှမသွားပါနှင့်။ အိမ်ထဲ ပြန်ဝင်ပါ''

''အမေ့သား ဘာလုပ်လုပ် အမေကောင်းတယ်လို့ ထင်နေမှာပဲ၊ ပေးပါ။ ကျွန်မ အတက်ချိတ်ကို''

''ဆုနှုရီ၊ ညည်း အဖေ့အိမ်ပြန်ချင်တယ်ဆိုရင် အမေ အဏ္ဏာမလေကို လိုက်အပို့ ခိုင်းဖို့ ပြောလိုက်မယ်''

''ကျွန်မ ဘယ်သူနှင့်မှ မသွားဘူး''ဟူ၍ ပြောပြီးလျှင် အိမ်အပြင်ဘက် ထွက်သွားသည်။ မီနာချီအမ္မာလသည် အိမ်အပြင်ထွက်လေ့မရှိပေ။ မုဆိုးမဘဝရောက်ပြီး သည့်နောက်၌ အိမ်အပြင်ဘက် လုံးဝမထွက်တော့ပေ။ ဆုနှုရီ၏နောက် အိမ်အပြင်ဘက် လိုက်သွားရန် မဝံ့မရဲဖြစ်နေသည့်အတွက် မီနာချီအမ္မာလသည် သူ့သားထံပြေးသွားသည်။ တစ်နည်းနည်းနှင့် ဆုနှုရီအား အပြင်ဘက်ထွက်မသွားအောင် ပြုလုပ်ရန်နှင့် အကယ်၍ပြောမရဆိုမရဖြစ်နေခဲ့သော် စကူတာပေါ်တင်ပြီး သူ့အမေ အဖေအိမ် သွားပို့ရန် မီနာချီအမ္မာလက သူ့သားကို ဖျောင်းဖျ ပြောဆိုသည်။

အိမ်တွင်းက အကြောင်းအရာသည် အိမ်အပြင်ဘက် ပျံ့နှံ့သွားသည်။ ယင်းကဲ့သို့သော အခြေအနေမျိုး၌ ဆုနှုရီကို ပြန်ခေါ်ပြီး အခြေဆိုးအနေဆိုးကို ထိန်းထိန်းသိမ်းသိမ်း လုပ်လိုသည့်ဆန္ဒ အဏ္ဏာမလေတွင် မရှိပေ။ အဏ္ဏာမလေသည် အပြင်ဘက်ထွက်ရန် မဝံ့မရဲ ဖြစ်နေသည်။ အကြောင်းမူကား လမ်းတွင် ပွဲကြီးပွဲကောင်းကြည့်ရန်အတွက် သူနှင့်ဆုနှုရီ၏





ဇာတ်ကွင်း လူတွေ ဝိုင်းအုံလာနိုင်သည်ဟူ၍ စဉ်းစားမိသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ပြင် မိမိအမေ၏ဒုက္ခကို ကြည့်မနေနိုင်ပေ။ မိမိ အမေအား ငုံ့ညွှတ်လျက် အဏ္ဏာမလေသည် ခြိမ့်မပါတပါဖြင့် စကူတာနှင့် ထွက်လာခဲ့သည်။

ဆုနှုရီ ဘတ်စ်ကားမှတ်တိုင်သို့ ရောက်လာသောအခါ အဏ္ဏာမလေလည်း စကူတာနှင့် ထိုနေရာသို့ ရောက်ရှိလာသည်။ ထိုအခိုက် ဘတ်စ်ကားတစ်စီး မှတ်တိုင်တွင် လာဆိုက်သည်။ ဆုနှုရီသည် အတက်ချိတ်ကိုဆွဲပြီးလျှင် ဘတ်စ်ကားပေါ်သို့ ပြေးတက် သွားသည်။ အဏ္ဏာမလေဘက်သို့ လှည့်၍မျှပင်မကြည့်ပေ။ အစော်ကားခံရခြင်း၊ မထေမဲ့မြင် အပြုခံရခြင်းတို့ကြောင့် အဏ္ဏာမလေသည် အိမ်လှည့်ပြန်လာသည်။ ဆုနှုရီ သူ့အဖေအိမ် သွားလိမ့်မည်ဟူ၍သာလျှင် တွက်ထားလိုက်လေသည်။

အဏ္ဏာမလေ အိမ်ပြန်ရောက်သောအခါ မီနာချီအမ္မာလသည် သူတို့ လင်မယား နှစ်ယောက်၏အကြားတွင် ဖြစ်ပွားသောရန်ပွဲ၏အကြောင်းကို မေးမြန်းပြီးလျှင် စိတ် မချမ်း မသာဖြစ်သည့်အတွက် ငိုလေသည်။ နံနက်အချိန်ကစ၍ မိမိယောကျ်ားနှင့် ရယ်ကာမောကာ စကားပြောနေသော ဆုနှုရီသည် ရုတ်တရက် ဘယ်လိုဖြစ်သွားသည်ဆိုသည်ကို မီနာချီအမ္မာလ မသိပေ။ မိမိသားအား မေးလိုက်လေသည်။

''ဘာဖြစ်ကြတာလဲသားရယ်။ ရယ်ရယ်မောမောနေရင်းက ရုတ်တရက် ဘယ်လို ဖြစ်သွားတာလဲ။ ထုံးစံအတိုင်း ရုပ်ရှင်သွားဖို့ ပြင်ဆင်နေတုန်း ဖြန်းခနဲ ဒိုင်းခနဲ အခုလို ဘာကြောင့် ဖြစ်သွားတာလဲ''

အဏ္ဏာမလေက ခေါင်းကုတ်ပြီးပြောသည်။

''သူက ကျွန်တော့်ကို ရုပ်ရှင် သွားဖို့ပြောတယ်။ ကျွန်တော်က မသွားချင်ဘူးလို့ ပြန်ပြောလိုက်တယ်။ ဖြစ်တာ အဲဒါလောက်ပါပဲ။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် စိတ် မကောင်းအောင် နောက်ထပ်မမေးချင်ပါနဲ့တော့အမေ'' ဤမျှသော အကြောင်းအရာကလေးကို အခြေခံလျက် ဤမျှကြီးကြီးကျယ်ကျယ် ရန်ပွဲကြီးဖြစ်ရသည်ဆိုသည်ကို မီနာချီအမ္မာလ လုံးဝမယုံကြည်ပေ။ သို့သော်လည်း ဤကိစ္စနှင့် ပတ်သက်၍ အဏ္ဏာမလေအား နောက်ထပ် မေးမြန်း စုံးစမ်းလိုစိတ်မရှိတော့သည့်အတွက် မီးဖိုချောင်ထဲ ဝင်သွားသည်။

လင်မယားနှစ်ယောက် ကတောက်ကဆတ်ဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းမှာ အဏ္ဏာမလေက သူ့ဇနီးနှင့်အတူ ရုပ်ရှင်သွားရန် ငြင်းဆန်လိုက်ခြင်းဖြစ်သည်။ မိမိသည် ဆုနှုရီ၏အလိုဆန္ဒကို အဘယ်ကြောင့် တားမြစ်ပိတ်ပင်ပစ်ရသနည်းဟု အဏ္ဏာမလေ တွေး နေသည်။ ထိုနေ့နံနက်ပိုင်းက အဏ္ဏာမလေသည် အလွန်တရာ အားရဝမ်းသာဖြစ်နေသည်။ ''ဒီနေ့ဟာ ငါ့အတွက် မင်္ဂလာရှိတဲ့နေ့ပါကလား''ဟူ၍ပင် တွေးနေမိသေးသည်။ ဤမျှ သုခဖြစ်ပေါ်လာပြီးသည့်နောက်၌ ရုတ်တရက် ရှောင်တခင်ဖြစ်လာသော ဒုက္ခကို အဏ္ဏာမလေ ခံနိုင်စွမ်းမရှိပေ။


www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏာမလေသည် ကြမ်းပြင်ပေါ်ကျနေသော 'ကလိုက်မလာ' စာစောင်ကို ကောက်ယူပြီးလျှင် စာစောင်၏မျက်နှာဖုံးစာမျက်နှာ၌ ဖော်ပြထားသော မိမိ၏ပန်းချီပုံကို အချိန်အတော်ကြာသည်အထိ စေ့စိုက်ကြည့်နေသည်။ မိမိ၏အတွင်းသဲနှလုံး၌ ကြည်းဖြည်း ငြိမ်းချမ်းမှုအသိတစ်မျိုး ဖြစ်ပေါ်လာနေသည်ဟူ၍ တွေးမိသည်။ မိမိအား ငြိမ်းချမ်းမှုပေးနေသောပန်းချီပုံနှင့်ပတ်သက်၍ အာနန္ဒာကလည်း ရှာရဒါ၏ရှေ့တွင် ချီးကျူးစကားပြောကြားသည်။ ကဒိရေရှန်ကလည်း ထိုပန်းချီပုံကို ချီးကျူးသည်။ ထိုပန်းချီပုံကို တွေ့မြင်ရသောကြောင့် ရှာရဒါသည် မည်မျှအားရဝမ်းသာဖြစ်သွားသနည်းဆိုလျှင် မိမိ၏ပီတိကို ဖြန့်ဝေရန်အတွက် သူ၏အိမ်သို့ ရောက်ရှိလာသည်။

"ပန်းချီပုံကိုကြည့်လျက် ငါ၏ ဇနီးက ဘာပြောသနည်း"

ယင်းသို့ တွေးတောမိပြီးလျှင် အဏ္ဏာမလေသည် အလွန်တရာ စိတ်မချမ်းမသာ ဖြစ်သွားသည်။ မိမိ၏ပန်းချီပုံကို တွေ့မြင်ရလျှင် ဆုန္ဒရီသည် အကြီးအကျယ် အံ့သြသွားလိမ့်မည်။ ဂုဏ်ယူမော်ကြွားလိမ့်မည်။ ဝမ်းသာလွန်းမက ဝမ်းသာသည့်အတွက် ထ ကလိမ့်မည်။ ယင်းသို့ အဏ္ဏာမလေက တွက်ထားသည်။ သို့ရာတွင် သူတွက်ထားသလို ဘာတစ်ခုမျှ ဖြစ်မလာပေ။ ဆုန္ဒရီသည် မိမိရေးဆွဲထားသည့် ပန်းချီပုံကို မည်မျှ ပစ်ပစ်ခါခါ လုပ်သနည်းဆိုလျှင် ပန်းချီပုံကို ယောင်၍မျှပင်လှည့်မကြည့်ပေ။ ပန်းချီပုံကို ခဏတဖြုတ်ကြည့်ပြီး ချစ်မေတ္တာအပြည့်ရှိသည့် စကားကလေးတစ်ခွန်းမှ မိမိအား ပြောဖော်မရပေ။ အကယ်၍ ဆုန္ဒရီသည် ချစ်မေတ္တာအပြည့်ရှိသည့် စကားတစ်ခွန်းကို မိမိအား ပြောပြမည်ဆိုလျှင် ယနေ့လို နေ့မျိုးသည် မိမိတို့ နှစ်ဦးနှစ်ယောက်လုံးအတွက် မည်မျှ ဝမ်းသာအားရဖြစ်ရမည့်နေ့မျိုး ဖြစ်မည်နည်း။

ဤကမ္ဘာလောက၌ ယောကျ်ားတစ်ယောက်သည် သို့မဟုတ် မိန်းမတစ်ယောက်သည် ချစ်ခြင်းမေတ္တာကို ရရှိရန်အတွက် ဗျာများနေရသည့် အခြေအနေမျိုးထက် စိတ်မချမ်းမမြေ့ဖြစ်စရာကောင်းသော အခြားအခြေအနေမျိုး မရှိနိုင်ပေ။ မိမိသည် ယင်းကဲ့သို့သော စိတ်မချမ်းမမြေ့ဖြစ်ရသည့်အခြေအနေမျိုးသို့ ရောက်ရှိနေပြီဟူ၍ တွေးမိသဖြင့် အဏ္ဏာမလေ ထိတ်လန့်သွားသည်။ အကယ်၍ ဆုန္ဒရီ၏ စိတ်နှလုံးထဲတွင် မိမိနှင့်ပတ်သက်၍ အနည်းငယ်မျှသော ချစ်မေတ္တာရှိသည်ဆိုပါလျှင် ယင်းချစ်မေတ္တာသည် စကားလုံးများဖြင့်သော်လည်းကောင်း၊ အပြုအမူများဖြင့်သော်လည်းကောင်း မပေါ်လာနိုင်ဘူးလောဟူ၍ အဏ္ဏာမလေသည် သူ့ကိုယ်သူ မေးနေသည်။

ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် ချမ်းသာသုခ အပြည့်ရှိသည့် အတိတ်၏နေ့ရက်များကို သတိရသကဲ့သို့ အဏ္ဏာမလေသည် တစ်ယောက်တည်း ထိုင်ပြီးလျှင် ဆုန္ဒရီအကြောင်းကို တွေးတောစဉ်းစားနေသည်။ ဆုန္ဒရီသည် ယနေ့အထိ မိမိ၏အလိုဆန္ဒ၊ မိမိ၏လိုအပ်ချက်၊ မိမိ၏ အကြံဉာဏ်စသည်တို့ကိုသာလျှင် အခါခပ်သိမ်းဦးစားပေး





လာခဲ့သည်ဟူ၍ အဏ္ဏာမလေ အတွေးပေါက်သွားသည်။ ငါ၏အကူအညီဖြင့် မိမိ၏ အလိုဆန္ဒ ပြည့်ဝအောင် ပြုလုပ်နိုင်သည်ဟူ၍ တွေးလျှက် ဆုန္ဒရီသည် ငါ့ကိုချစ်ခင်ခြင်းဖြစ်မည်ဟူ၍ အဏ္ဏာမလေ တွေးမိပြန်သည်။

ဆုန္ဒရီ၏ ဘာမှ မပြောပလောက်သည့်အလိုဆန္ဒကို ငြင်းပယ်လိုက်သည့်အတွက် ဘယ်လိုဖြစ်လာနိုင်သည်ဆိုသည်ကို အဏ္ဏာမလေကောင်းစွာ နားလည်သွားသည်။ မိမိအား သွားပုပ်လေလွင့်ပြောသည်ကို နားထောင်နေရသည်။ မိမိအား စော်ကားသည်ကို နားထောင်နေရသည်။ သူလုပ်သည့် အလုပ်အားလုံးကို ဘာတစ်ခွန်းမျှမပြောဘဲ ရပ်ကြည့်နေသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် အိမ်၊ ကား၊ ငွေ၊ မည်သည့်ဥစ္စာပစ္စည်းကိုမဆို ဖွဲ၊ ဆန်ကွဲမျှလောက်သာ တန်ဖိုးထားသည်။ အကယ်၍ အိမ်ထောင်သည် ဘဝ၌ နိတိကျင့်ဝတ် တစ်စစီ ပြိုပျက်နေလျှင် လင်မယားနှစ်ယောက်အတူတွဲပြီး ရုပ်ရှင်ကြည့်ခြင်း၊ ဟိုတယ် သို့မဟုတ် ဈေးသွားခြင်း၊ ပင်လယ်ကမ်းခြေ ကားဖြင့်သွားခြင်း၊ ယင်းအရာအားလုံးမှာ ပြဇာတ်မျှသာလျှင်ဖြစ်သည်ဟူ၍ အဏ္ဏာမလေ ယုံကြည်သည်။ ယင်းပြဇာတ်မျိုးအတွက် လုံ့လဝီရိယ စိုက်လျက် ငွေကြေးသုံးစွဲခြင်းသည် လူမိုက်အလုပ်မျှသာဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သည်။ အဏ္ဏာမလေသည် ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီးလျှင် သူ့အမေထံ ပြေးသွားသည်။

"အမေ၊ ဒီကနေ့က စပြီး ကျွန်တော် သူ့အဖေကုမ္ပဏီအလုပ် သွားမလုပ်တော့ဘူး။ ဒီအိမ်ကို သူပဲဖြစ်ဖြစ်၊ သူ့ အဖေပဲဖြစ်ဖြစ် ယူချင်ယူပစေ။ ကျွန်တော့် ဒီအိမ်ကို မလိုချင်ဘူး။ ကျွန်တော်လိုချင်တာက အိမ်ထောင်မိသားစု"

မိမိသား၏ဆုံးဖြတ်ချက်ကို ကြားရသောအခါ မီနာချီအမ္မာလသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်ဖြစ်သွားသည်။ အိမ်နှင့် အိမ်ထောင်မိသားစုဟူသော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို တဖြည်းဖြည်း သဘောပေါက်လာသည်။ အိမ် သို့မဟုတ် တိုက်တို့သည် အုတ်၊ ကျောက်၊ ထုံး၊ သဲ၊ ဘိလပ်မြေကဲ့သို့သော သက်မဲ့ပစ္စည်းများဖြင့် ဆောက်လုပ်ထားသည့် အရာဝတ္ထုများဖြစ်သည်။ အိမ်ထောင်မိသားစုကို ယင်းအရာဝတ္ထုများနှင့် ဆောက်လုပ်၍ ဖြစ်နိုင်ပါမည်လော။

ဒဏ္ဍပါဏီ၏ထံ၌ အိမ်၊ ကား၊ ပစ္စည်းဥစ္စာ ဘာမဆို အကုန်ရှိသည်။ ဒဏ္ဍပါဏီသည် ပြည်သူတို့၏အကြား၌ အဆောင်အယောင်၊ အခမ်းအနားနှင့်နေထိုင်သည်။ အချိန်အနည်းငယ်ကြာသွားသောအခါကျမှသာ မိမိသည် မိမိ၏အိမ်ထောင်မိသားစုကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်မလာခဲ့ဟူ၍ သဘောပေါက်လာသည်။ အစပထမတွင် သူတို့၏ အိမ်၌သူ့မယားက လွှမ်းမိုးကြီးစိုးသည်။ သူတို့၏ အိမ်၌ တရားမျှတသော စီမံခန့်ခွဲမှုဟူ၍ မရှိပေ။

ဆုန္ဒရီကို ဖူးဖူးမှုတ်ထားကြသည်။ မည်သည့်အလုပ်ကိုမျှ လုပ်မခိုင်းပေ။ ထို့ကြောင့် ဆုန္ဒရီ၏မောင်များက အကြီးအကျယ် မကျေမနပ်ဖြစ်နေကြပြီးလျှင် မည်ကဲ့သို့သော ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

ကွပ်ကဲမှုမျိုးကိုမှ လက်မခံကြပေ။ မခံမရပ်နိုင်ဖြစ်နေကြသောကြောင့် အိမ်အတွင်း၌ပင် ဆန့်ကျင်တော်လှန်မည်ဟူ၍ ကြိမ်းခြောက်ကြသည်။

လက်ထပ်ထိမ်းမြားပြီးသည့်နောက်ပိုင်း လအတန်ငယ်ကြာသည်အထိ ဆုန္နရီသည် သူ၏အိမ်၌ လွှန်လွှန်ကဲကဲ အရေးပေးခြင်း မခံရတော့ပေ။ သူ၏အခွင့်အရေးများလည်း လျော့နည်းသွားသည်။ ဆုန္နရီ ယောက္ခမအိမ်ရောက်သွားသောအခါ သူ၏မောင်များက အိမ်တွင် လွှမ်းမိုးကြီးစိုးနေကြသည်။ ထိုအချိန်၌ ဆုန္နရီ အိမ်ပြန်ရောက်လာသည်။

မောင်များထဲက တစ်ယောက်က "တော်းတစ်ယောက် အိမ်ပြန်ရောက်လာပြီ" ဟူ၍ သီချင်းလုပ်ဆိုသည်။ နောက်တစ်ယောက်က လက်ခုပ်တီးပေးသည်။ အခြားတစ်ယောက်က ကသည်။

အိမ်ပြန်ရောက်လာပြီး နေ့ရက်အတန်ကြာသောအခါ အိမ်၏အခြေအနေ အတော်ပင် ပြောင်းလဲသွားပြီဟူ၍ ဆုန္နရီယူဆသည်။ အိမ်၏အခြေအနေသည် ယခင်ကကဲ့သို့ မဟုတ်တော့ပေ။ အိမ်၌ သူ့အနေနှင့် လွှမ်းမိုးကြီးစိုးခြင်း မပြုလုပ်နိုင်တော့ပေ။ သူ အခြေအနေသည် ခဲမူးနေကဲ့သို့ ဖြစ်သွားသည်။ ယခုအခါ၌ ထိုအိမ်တွင် သားအမိ၏ လွှမ်းမိုးကြီးစိုးမှု မရှိတော့ဘဲ အဖေနှင့် ပေါက်လွှတ်ပဲစားသားများကသာလျှင် လွှမ်းမိုးကြီးစိုးနေကြသည်။

သမီးအိမ်ပြန်ရောက်လာသည့်အတွက် ဝမ်းသာအားရဖြစ်သွားသူမှာ မိခင် တစ်ယောက်သာလျှင် ရှိသည်။ သမီး၏ဒုက္ခကို တွေ့မြင်ရသည်ဖြစ်၍ အမေသည် ယူကျုံးမရ ဖြစ်နေသည်။ သမီးပြန်လာသည့်အတွက် သူ့ဘက်က ပိုမိုအားရှိသွားသောကြောင့် မိခင်သည် ဝမ်းသာအားရဖြစ်နေသည်။ ဆုန္နရီ၏မိခင်က သူ့လင်ယောကျာ်းအား ပြောပြသည်။

"ကျွန်မ ရှင့်ကို ဟိုတုန်းကတည်းက ပြောပြခဲ့တယ်။ ဒါပေမဲ့ ရှင် ကျွန်မစကားကို နားမထောင်ဘူး။ အဲဒီအချိန်တုန်းကတော့ သားအဖနှစ်ယောက်လုံး ခေါင်းမာနေကြတယ်။ အခုတော့ ကြည့်၊ ဘာဖြစ်သွားပြီလဲ။ ရှင့်သားမက်က အိမ်က ပန်းချီဆွဲတဲ့ ရှာရဒါဆိုတဲ့ ကျောင်းမလေးတစ်ယောက်နှင့် ပူးတွဲပူးတွဲလုပ်နေတယ်။ သူတို့နှစ်ယောက်ဟာ မိတ်ဟောင်း ဆွေဟောင်းတွေ ဖြစ်ကြပုံရတယ်။ အခုတော့ အဲဒီမိန်းကလေးဟာ သူတို့ အိမ် လမ်းပေါက် နေပြီ။ အဲဒီမိန်းကလေးကို ပြန်တွေ့ရတဲ့ ရှင့်သားမက် အရူးအမူးဖြစ်နေပြီ"

ဒက္ကာပါဏီသည် သူ့ဇနီးပြောပြသောစကားကို လုံးဝ အယုံအကြည်မရှိပေ။ ယင်းကဲ့သို့သော အလုပ်မျိုးကိုလုပ်ရန်အတွက် အဏ္ဏာမလေတွင် အားလပ်သည့်အချိန် မရှိ ဟူ၍ ဒက္ကာပါဏီက နားလည်သည်။ သို့ပင်ဖြစ်သော်လည်း ဒက္ကာပါဏီသည် စိတ် အကြီး အကျယ် ညစ်သွားသည်။ ယင်းအချက်သည် သူတို့၏ အိမ်ထောင်မိသားစုအထိသာလျှင် သတ်သတ်မှတ်မှတ် ဘောင်ခတ်မနေတော့ပေ။ ဆုန္နရီနှင့် အဏ္ဏာမလေတို့၏ ပဋိပက္ခသည် ဒက္ကာပါဏီတို့၏ လုပ်ငန်းအပေါ်တွင်လည်း ဩဇာသက်ရောက်မှုရှိလာသည်။ အဏ္ဏာမလေ အလုပ်မလုပ်သည့်အတွက် အခက်အခဲများစွာကို ရင်ဆိုင်ရသည်။





ယခုအချိန်၌ ဒက္ကာပါဏီသည် မိမိ၏ စီးပွားရေးလုပ်ငန်းအတွက်မျှသာလျှင်မက အိမ်ထောင်မိသားစုအတွက်လည်း ပို၍ကြောင့်ကြစိုက်လာရသည်။ အိမ်တွင် အမေနှင့် သမီးက တစ်ဖက်၊ အဖေနှင့် သားများက တစ်ဖက်ဖြစ်နေသည်။ သူတို့သည် နေ့စဉ်နေ့တိုင်း သတင်းစာ များတွင်ပါသော ပါတီအမျိုးမျိုးတို့၏ တစ်ပါတီနှင့်တစ်ပါတီ အချင်းချင်းရန်ဖြစ်နေကြသည့် သတင်းကို ဖတ်ကြသည်။ ယင်းသတင်းများ၏နေရာ၌ အိမ်တွင်းရေး ပဋိပက္ခသည် သူတို့ အတွက် ခေါင်းကိုက်စရာအကြောင်း ဖြစ်လာသည်။ အိမ်၌ အမေနှင့်သမီးသည် "အသွင်တူတဲ့ လူတွေ တစ်ပေါင်းတစည်းတည်း ဖြစ်သွားကြပြီ" ဟု ဆိုပြီးလျှင် အဖေနှင့်သားများကို ကဲ့ရဲ့ရှုတ်ချသည်။ သားများကလည်း "အမေရှိနေတဲ့အတွက် အဖေပျော့ညံ့နေတယ်" ဟု ပြောပြီး သူတို့အဖေအား အပြစ်ဖို့နေကြသည်။ ယင်းအခြေအနေ၌ အိမ်ထောင်ဦးစီးအတွက် ကြားလမ်းရှေးဖို့ရန် အခက်အခဲတွေ့နေသည်။ မိမိအနေနှင့် အိမ်ထောင် မိသားစုကို ထိန်းချုပ် ကွပ်ကဲသည့် လျှို့ဝှက်ချက် အဘယ်ကြောင့် မသိရသနည်းဟူ၍ ဒက္ကာပါဏီသည် စိတ် မချမ်းမသာဖြစ်နေသည်။

အိမ်တွင်းရေး အရှုပ်အထွေးသည် တစ်နေ့တစ်ခြား ကြီးထွားလာသည်။ အဏ္ဏာမလေနှင့်တွေ့ရန် သို့မဟုတ် အဏ္ဏာမလေတို့ အိမ်သွားရန် ဒက္ကာပါဏီအား အပြင်းအထန် ကန့်ကွက်ထားသည်။ ယင်းအမိန့်ကို ဒက္ကာပါဏီ ဆန့်ကျင်ဘက်လုပ်လျှင် မိမိ၏သမီးကိုခေါ်ပြီး အိမ်ပေါ်က ဆင်းသွားမည်၊ ကိုယ့်ကိုယ်ကို သတ်သေမည်ဟူ၍ အကြိမ်များစွာ ခြိမ်းခြောက် ထားသည်။ ဒက္ကာပါဏီ၏ဇနီးသည် ခေစပ်ကြေအေးရေးအတွက် စည်းကမ်း သတ်မှတ်ချက် တချို့ကို တင်ပြသည်။

အဏ္ဏာမလေနှင့် သူ၏အမေသည် တစ်ကြိမ်မဟုတ် ကိုးကြိမ်ဆယ်ကြိမ် သူတို့၏ အိမ်ကိုလာပြီး ဆုန္နရီအား အိမ်ပြန်ခေါ်ရမည်။ မိမိတို့၏အမှားအတွက် ဆုန္နရီနှင့် မိမိအား တောင်းပန်ရမည်။ နောင်အနာဂတ်တွင်လည်း ဤကဲ့သို့ မဖြစ်စေရဟူ၍ ကတိပေးရမည်။ မိမိ၏ စူးရှထက်မြက်သောစကားဖြင့် သူတို့ကို အရှက်ရအောင် လုပ်ပြီးမှသာလျှင် မိမိ၏ သမီးကို သူတို့နှင့် ပြန်ထည့်မည်။

ထိုအခါ သားအကြီးဆုံးကလည်း ကြားဝင်စွက်သည်။

"အမေ့သားမက်က အရှက်လုံးလုံး မရှိဘူး။ တကယ်လို့ အရှက်သာရှိတယ်ဆိုရင် ဆုန္နရီ သူတို့အိမ်က ထွက်လာကတည်းက ရေထဲဆင်းသေဖို့ ကောင်းတယ်"

အိမ်ရှိ ယောကျာ်းအားလုံး အဏ္ဏာမလေအပေါ်တွင် ကိုယ်ချင်းစာနာမှု ရှိကြသည်။ သို့ရာတွင် တစ်ယောက်ကမှ အဏ္ဏာမလေနှင့် ဆုန္နရီ၏အကြားတွင် ခေစပ်ဖြန်ဖြေရေးလုပ်ဖို့ အတွက် မကြိုးစားပေ။ ထိုကိစ္စနှင့်ပတ်သက်၍ ခပ်ဝေးဝေးကပင် နေကြသည်။ ဆုန္နရီ၏ ကိစ္စ၌ သူတို့၏ပစ်ပစ်ခါခါလုပ်နေမှုကိုကြည့်လျှက် ဆုန္နရီ ကြီးစိုးစဉ်က ခံခဲ့ရသော အခက်အခဲ အကျပ်အတည်းများကို ဂလဲ့စားပြန်ချေနေကြသည်ဟူ၍ ခန့်မှန်းရသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာပါဏီ၏ကားကို ယခုအခါ၌ သားများက အပိုင်စီးထားကြသည်။ ကားနှင့် ရှပ်ရှင်သွားလိုက်၊ ဟိုတယ်သွားလိုက် လုပ်နေကြသည်။ ဆုန္ဒရီကို လုံး၀ ဂရုမစိုက်ကြပေ။ သူတို့၏အမြင်၌ ဆုန္ဒရီသည် သူစိမ်းတစ်ရံစီ ဖြစ်နေသည်။

ဆုန္ဒရီ အရေးနိမ့်နေသောအခြေအနေကို ဖခင်ဖြစ်သူက မကြည့်ရက်ပေ။ မိမိသမီး၏ ဘ၀ကို ဖျက်ဆီးပစ်သည်ဟူ၍ သူ့ဇနီးအပေါ် မကြာခဏဒေါသထွက်မိသည်။ အဏ္ဏာမလေ ဆုန္ဒရီကို လာခေါ်မည်မဟုတ်ဟူ၍ ဒဏ္ဍာပါဏီ ပြတ်ပြတ်သားသား ပြောလိုက်သည်။ မာန်မာန တစ်ခွဲသားဖြင့် သစ်ပင်၏အမြင့်ဆုံးအကိုင်းပေါ်၌ထိုင်နေသော ဆုန္ဒရီ၏အမေသည် သစ်ကိုင်း ကျိုးများ ကျိုးကျသွားမည်လားဟုတွေးပြီး တဖြည်းဖြည်း မာန်မာန အားပျော့သွားသည်။

ထိုအတောအတွင်း ထူးခြားသောစီမံကိန်းတစ်ခု ချမှတ်ပြီးလျှင် ဒဏ္ဍာပါဏီသည် အာနန္ဒီတို့အိမ်သို့သွားသည်။ အာနန္ဒီ၏ဖခင် ကဒီရေရှန်၏ အကူအညီဖြင့် အိမ်ထောင်ရေး ပဋိပက္ခ ဖြေရှင်းသွားနိုင်သည်ဟူ၍ တွက်မိလေသည်။ အဏ္ဏာမလေသည် ကဒီရေရှန်၏ စကားကို ဖယ်ရှားပစ်နိုင်စွမ်းမရှိဟူ၍ ဒဏ္ဍာပါဏီ နားလည်ထားသည်။

ဒဏ္ဍာပါဏီ ရောက်လာသောအခါ အာနန္ဒီနှင့် အာနန္ဒီ၏ဖခင်သည် လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံကြသည်။ စကားပြောရုံမျှနှင့် ကဒီရေရှန်လည်း အကြောင်းစုံ သိရှိနားလည် နေသည်ဆိုသည့်အကြောင်း ဒဏ္ဍာပါဏီ သိရှိနားလည်သွားသည်။

ဒဏ္ဍာပါဏီသည် အကျယ်အကျယ် မဖြစ်စေလိုသောကြောင့် ပြောလိုက်လေသည်။

"ဘယ်သူ့ဘက်ကမှားမှား ယခု ဆုန္ဒရီကို သူ့ယောက်ျားအိမ် ပြန်ပို့ဖို့ကတော့ ဆရာကြီးတာ၀န်ပဲ ဖြစ်ပါတယ်"

ကဒီရေရှန်က ပြောလိုက်သည်။

"ကိုယ့်အိမ် ဘယ်အိမ်လဲဆိုတာ ဆုန္ဒရီကိုယ်တိုင် သိရှိနားလည်ရင် အားလုံး အဆင်ပြေမသွားနိုင်စရာအကြောင်းမရှိပါဘူး"

ဒဏ္ဍာပါဏီက "ယခု ကျွန်တော်တို့ ဘာလုပ်ရမလဲ"ဟု မေးလိုက်သည်။ ကဒီရေရှန်က ပြန်ပြောသည်။

"ဆုန္ဒရီကို ကားနှင့် ယောက္ခမ အိမ်ပြန်ပို့လိုက်ပါ။ ဘယ်သူကမှ သူ့ကို ကောင်းခိုး မပြောရအောင် ကျုပ် စီစဉ်ပါ့မယ်။ ဆုန္ဒရီနှင့်လည်း ကျုပ်ကိုယ်တိုင် စကားပြောကြည့်မယ်"

ကဒီရေရှန်၏စကားကို ကြားရသောအခါ ဒဏ္ဍာပါဏီ နှာခေါင်းကျည်ပွေ့ ဖွေ့သွားသည်။ တောင်ကို အမြစ်ပါမကျန်အောင် နုတ်ပြီးယူလာလျှင် ယူလို့ ရနိုင်ဦးမည်။ ဆုန္ဒရီကို ကားပေါ်တင်ပြီး သူ့ယောက္ခမအိမ် လိုက်ပို့ဖို့ရန်အတွက်မူ ဒဏ္ဍာပါဏီအနေနှင့် ထိုမျှလောက် လွယ်ကူမှုရှိမည်မဟုတ်ပေ။ မိမိ၏ဇနီးသည် ယင်းကဲ့သို့သော စေ့စပ်ပြေငြေး ရေးကို လက်ခံရန်အတွက် အဆင်သင့်ဖြစ်လိမ့်မည်မဟုတ်ဟူ၍လည်း ဒဏ္ဍာပါဏီ နားလည် ထားသည်။





ဒဏ္ဍာပါဏီသည် အချိန်အတန်ကြာမျှ ခပ်မဆိတ်ဖြစ်နေသည်။ ထို့နောက် လက်ဆွဲ အိတ်ထဲက စာရွက်တစ်ရွက်ထုတ်ပြီး ကဒီရေရှန်အား ပေးလိုက်သည်။ အဏ္ဏာမလေ၏အိမ်ကို အပေါင်ထားလျက် ချေးသောကြွေးအားလုံး ကျေအောင်ဆပ်ပြီး သွားပြီ။ ဒဏ္ဍာပါဏီသည် အဏ္ဏာမလေအတွက် ယင်းအလုပ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကဒီရေရှန်သည် စာချုပ်စာရွက်ကို ယူပြီးလျှင် အဏ္ဏာမလေကို ပေးလိုက်မည်ဟူ၍ ပြောသည်။

"ယခုခေတ်မှာ ခင်ဗျားလို ယောက္ခမမျိုးကို အဏ္ဏာမလေရတဲ့အတွက် ကျုပ် အတိုင်းထက်အလွန် ၀မ်းသာအားရဖြစ်ရတယ်။ ခင်ဗျားကလည်း အဏ္ဏာမလေနှင့် ပတ်သက် ပြီး တချို့အကြောင်းတွေ သိရှိနားလည်ဖို့လိုတယ်"

"ပြောပြပါခင်ဗျာ"

"အဏ္ဏာမလေက မွေးရာပါ အနုပညာရှင်တစ်ယောက်။ ပိုက်ဆံကြေးငွေကို ရလိုတဲ့ လောဘကြောင့် ကိုယ့်ကိုယ်ကို ရောင်းစားတဲ့လူတွေထဲမှာ အဏ္ဏာမလေ မပါဘူး။ ကျုပ်သူနှင့် စကားပြောပြီးပြီ။ ပိုက်ဆံကြေးငွေနှင့် တခြားအဆင်ပြေမှုများ ရဖို့အတွက် မိမိ မရေးဆွဲလိုတဲ့ ပုံများကို ရေးဆွဲဖို့ သူ့စိတ်ဆန္ဒမရှိဘူး။ သူ အခုကစပြီး ခင်ဗျား ကုမ္ပဏီမှာ အလုပ်လုပ်တော့မှာ မဟုတ်ဘူး"

ဒဏ္ဍာပါဏီက ပြန်ပြောသည်။

"ကျွန်တော် အဲဒါထည့်မတွက်ပါဘူး။ သမီးနှင့်သားမက် အတူတကွ ပျော်ပျော် ပါးပါး ရွှင်လန်းချမ်းမြေ့နေစေလိုတဲ့ဆန္ဒသာ ရှိပါတယ်"

"ရွှင်လန်းချမ်းမြေ့နေစေလိုတယ် ဟုတ်လား"

ယင်းသို့ပြောလျှက် ကဒီရေရှန် သက်ပြင်းရှည်ကြီး တစ်ချက်ရှူလိုက်သည်။ ထို့နောက် အတန်ငယ်ကြာသောအခါ ပြောပြပြန်သည်။

"ဘ၀မှာ အဲဒီလို ထူးခြားတဲ့အခွင့်အရေးကို ကျုပ် ရရှိခဲ့တယ်။ ကျုပ်ရဲ့ ဘ၀ ကြင်ဖော်ဟာ ကျုပ်ကို အတိုင်းမရှိ ချစ်ခင်မြတ်နိုးတယ်။ ကျုပ်ကလည်း သူ့ကို အဲဒီအတိုင်းပဲ ပြုမူဆက်ဆံခဲ့တယ်"

ကဒီရေရှန်သည် လည်ချောင်းတစ်ဆို့လာသည်။ အတိတ်၏အကြောင်းအရာများကို ပြန်လည်သတိရလာသည်။ သူ့စကားကို ခဲခဲယဉ်းယဉ်းဆက်ပြောသည်။

"အဏ္ဏာမလေဟာ အလွန်ရိုးသားတဲ့ စိတ်သဘောထားရှိသူတစ်ယောက် ဖြစ်တယ်။ ကလေးလိုပဲ ထွေထွေထူးထူး နားမလည်ဘူး။ သူ့ ရိုးစင်းတဲ့နှလုံးသားဟာ ချစ်ခြင်းကိုပဲ လိုလားတယ်။ ယခုအခါမှာ သူ့အနေနှင့် အဲဒီချစ်ခြင်းမေတ္တာကို သူ့ဇနီးထံက ရရှိသင့်တယ်။ အဲဒီ ချစ်ခြင်းမေတ္တာမျိုးကို ခြိမ်းခြောက်ဟိန်းဟောက်ပြီးတော့ လက်ဆောင် ပေးပြီးတော့ ဇနီးမယားထံက ရယူလို့မရဘူး။ အဏ္ဏာမလေဟာ ထူးခြားတဲ့အနုပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ သူ့အနုပညာနယ်ပယ် ခြောက်မသွားအောင် သူ့အနေနှင့် ခင်ဗျား သမီးရဲ့အချစ်လိုနေမှာ လိုတယ်။ ဆုနှရီက သူ့ကို ချစ်ခြင်းမေတ္တာပေးရုံသက်သက်ပဲ လုပ်ရမယ်။ တခြားလုပ်စရာ မလိုဘူး''

အနီး၌ရပ်လျက် ပခင်၏စကားကို နားထောင်နေသော အာနန္ဒီလည်း လည်မျိုတစ်ဆို့လာသည်။ နှလုံးသား အရည်ပျော်သွားသည်။ နှလုံးသားထဲက ခံစားချက်သည် မျက်ရည်အဖြစ် မျက်လုံးမှစီးကျလာသည်။ အခန်းထဲဝင်သွားပြီး တစ်ယောက်တည်း စိတ်ရှိတိုင်း ငိုပစ်လိုက်ချင်သည့် စိတ်ပေါက်လာသည်။ သို့သော်လည်း မိမိကိုယ်မိမိ ထိန်းပြီးလျှင် အာနန္ဒီသည် ဒက္ခပါဏီအား ပြောလိုက်သည်။

''ဒီကိစ္စ စိုးရိမ်မနေပါနှင့်။ မေမေနှင့် ကျွန်မတို့နှစ်ယောက် ဦးလေး အိမ်လာပြီး ဆုနှရီကို ခေါ်ပါ့မယ်''

''ဘုရားသခင်က ခင်ဗျားတို့ကို စောင့်မကြည့်ရှုပါစေ''

ယင်းသို့ပြောပြီးလျှင် ဒက္ခပါဏီသည် သားအဖနှစ်ယောက်အား လက်အုပ်ချီ နှုတ်ဆက်လိုက်လေသည်။

ဆုနှရီအား မိဘအိမ်မှ လင်ယောကျ်ားအိမ်သို့ ခေါ်ဆောင်ရခြင်းမှာ အာနန္ဒီအတွက် အလွန်တရာကြီးလေးသော အလုပ်ဖြစ်သည်။ အတော်ပင်လုံ့လဝီရိယ စိုက်ထုတ်ရသည်။ အဏ္ဏာမလေနှင့် သူ၏မိခင်အား ခပ်နာနာပြောပြီးသည့်နောက်ပိုင်းကျမှသာလျှင် မိမိ၏သမီးကို ပြန်ပို့မည်ဟူ၍ ဆုနှရီ၏ မိခင်က ဆုံးဖြတ်ချက်ချထားသည်။ သို့သော်လည်း ယင်းသို့ ပြုလုပ်ရန်အတွက် အခွင့်အလမ်းမရရှိသည်ဖြစ်၍ မိခင်၏ဒေါသသည် အာနန္ဒီအပေါ် မြားဦး လှည့်သွားသည်။

ဆုနှရီ၏မိခင်သည် အာနန္ဒီအား ကရားရေလွှတ် တတွတ်တွတ်ပြောသည်။ ထိုအချိန်၌ သူ၏လှုပ်ရှားမှုများကိုကြည့်လျှင် သူ့အပေါ်၌ သရဲစီးနေသလားဟူ၍ ထင်မှတ်ရသည်။ အာနန္ဒီကမူ တစ်ခွန်းတပါဒမျှပင် မဟပေ။ အရယ်အပြုံးမပျက်ဘဲ ပြောသမျှကို သည်းညည်းခံပြီးလျှင် ဆုနှရီအား တစ်ပါတည်းခေါ်လာခဲ့သည်။

အဏ္ဏာမလေနှင့်ဆုနှရီအား အတူတကွ တွေ့မြင်ရသောအခါ အာနန္ဒီသည် ဆုနှရီ အမေပြောပြသော အမနာပ စကားများကို လုံးဝမေ့ပျောက်သွားသည်။ ထိုအချိန်၌ သူ၏ ပီတိသောမနဿသည် အတိုင်းထက်အလွန်ဖြစ်သွားသည်။ အာနန္ဒီသည် ဆုနှရီအား နှစ်ယောက်ချင်းအချိန်အတန်ကြာ နားချပြီးနောက် သူ့အိမ်သူပြန်သွားသည်။

အာနန္ဒီ၏အိမ်၌ ရှာရဒါသည် အာနန္ဒီကို စောင့်နေသည်။ ရှာရဒါ၏မျက်နှာသည် အမြဲလိုလိုပင် ရွှင်ပျသည် မရှိလှပေ။ အာနန္ဒီကို တွေ့ရသောအခါ ရှာရဒါက ပြောပြလိုက်သည်။

''ညည်းနှင့်မတွေ့ဘဲ မပြန်ဘူးဆိုပြီး ကျုပ်ညည်းကို စောင့်နေတာ။ ညည်းနှင့် အရေးကြီးတဲ့စကား ပြောစရာတစ်ခုရှိတယ်''





ရှာရဒါ၏မျက်နှာသည် ဒေါသကြောင့်နီရဲနေသည်။ အာနန္ဒီသည် ရှာရဒါအား ခေါ်ပြီးလျှင် အိမ်အပေါ်ထပ်အခန်းထဲသို့ သွားသည်။ အဏ္ဏာမလေ၏ အိမ်ထောင်ရေးကိစ္စတွင် ဝင်စွက်ရမလားဟု မိမိအား ရှာရဒါက ကြိမ်းမောင်းလိမ့်မည်ဟူ၍ အာနန္ဒီ သံသယဖြစ်နေသည်။ သို့ရာတွင် ရှာရဒါက သူ၏စကားကို ဤသို့ စပြောသည်။

''ယခုတလော ညည်းလင်တော်မောင်တစ်ယောက် ဘယ်လိုအခြေအနေမျိုး ရှိနေသလဲ''

အာနန္ဒီ ရုတ်တရက် ပြန်ပြောလိုက်သည်။

''ရှာရဒါ ဘာကြောင့် အခုလို မေးတာလဲ။ ယခုတလော သူ့လုပ်ငန်း အဆင်ပြေပါတယ်။ အိမ်တွင်းအိမ်ပြင်လုပ်နေရတဲ့ အလုပ်တွေကြောင့် သူ့မှာ အားရတယ်မရှိဘူး။ အောက်ထပ်က အလုပ်ခန်းမှာ ညဉ့်နက် သန်းခေါင်အထိထိုင်ပြီး စာရင်းအင်းတွက်နေရတယ်။ နံနက်မိုးလင်းတာနဲ့တစ်ပြိုင်နက် သူ့အလုပ်ရှိရာကို ထွက်သွားတယ်။ အခု သူလုပ်နေတဲ့ လုပ်ငန်းကြောင့် အတော်ကျေးဇူးရှိနေတယ်လို့ပဲ ကျွန်မထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူစီးဖို့ ကားတစ်စီးတောင် ဝယ်ထားပြီးပြီ''

''ကားမောင်းဖို့ ဒရိုင်ဘာ မထားဘူးလား''

''သူကိုယ်တိုင် ကားမောင်းတယ်လေ။ ဒရိုင်ဘာထားစရာ မလိုဘူး''

''သူမနေ့က ညနေ ဘယ်နှစ်နာရီ အိမ်ပြန်လာတယ်ဆိုတာ ညည်းသိလား''

ရှာရဒါ မိမိအား ပုလိပ်စစ် စစ်နေပါကလားဟု အာနန္ဒီက တွေးမိသည်။ သို့ရာတွင် ရှာရဒါ၏ စိတ်လှုပ်ရှားနေမှုကို တွေ့မြင်ရသည်ဖြစ်၍ အာနန္ဒီ မရယ်မိအောင် အတော်ထိန်းထားရသည်။ အတန်ငယ် စဉ်းစားလျက် ပြောလိုက်သည်။

''မနေ့ညက သူ ရှစ်နာရီခွဲ ကိုးနာရီလောက် အိမ်ပြန်လာတယ်ထင်တယ်''

''မနေ့ညက ရှစ်နာရီလောက် ညည်းသူနှင့် ပင်လယ်ကမ်းခြေကို သွားသလား။ ကားနောက်ဘက်က ခုံမှာ ညည်းသူနဲ့အတူကပ်ပြီး ထိုင်သလား''

အာနန္ဒီကရုတ်တရက် အော်ပြောလိုက်သည်။

''ရှာရဒါ… ''

ရှာရဒါသည် မာဏိက္ကမ်၏ကားကို မှောင်ရိပ်တစ်နေရာ၌ ဆိုက်ထားသည်ကို တွေ့မြင်ရသည်။ အာနန္ဒီလည်း ကားထဲတွင်ရှိလိမ့်မည်ဟုတွေးပြီး ကားရှိရာသို့ ခပ်သုတ်သုတ်သွားသည်။ ကားအနီးသို့ ရောက်သွားသည်နှင့် သံသယတစ်မျိုးဝင်လာသည်။ အမှောင်ရိပ်ဆိုက်ထားသောကား၏နောက်ဘက်ခုံ၌ လူနှစ်ယောက် ကမ္ဘာလောကကိုမေ့ထားပြီး တစ်ယောက်နှင့်တစ်ယောက် ဖက်နေကြသည်။ မာဏိက္ကမ်၏ အချစ်ကျော့ကွင်း၌ဖမ်းမိနေသော ထိုမိန်းကလေး မည်သူနည်းဟူ၍ ရှာရဒါမသိပေ။ ထိုအကြောင်းကို ရှာရဒါက အာနန္ဒီအား ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

''အဲဒီမိန်းကလေး ညည်းမဟုတ်ဘူးဆိုတာတော့ ကျုပ် သိတယ်။ မိမိ လင်ယောကျ်ားကိုလည်း အခုလို လမ်းလယ်ခေါင်မှာ မိမိကိုယ်ကို ပွေ့ဖက်ခွင့် ညည်း ပြုမှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျုပ်သံသယတွေဝင်လာတာ ဖြစ်တယ်''

အာနန္ဒီသည် လည်ချောင်းတစ်ဆို့သွားသည်။ ရှာရဒါအား ဖြည်းညှင်းစွာ လက်နှင့် လှမ်းဖက်လိုက်သည်။ ပွေ့ဖက်ခြင်းသည် တဖြည်းဖြည်း ခိုင်မာသွားသည်။ အာနန္ဒီသည် မိမိ၏မျက်ရည်ကိုမှ မတားဆီးနိုင်ပေ။ ရှာရဒါသည် သူ့ကိုယ်သူ မထိန်းနိုင်အောင် ဖြစ်သွားသည်။ ဒေါသအိုးပေါက် ကွဲသွားသည်။

''ယောကျ်ားတွေဟာ သိပ်ယုတ်တယ်။ အလိမ်အညာတွေချည်းပဲ။ အခုလို အဖြစ်အပျက်တွေဟာ အိမ်တိုင်းမှာ ဖြစ်နေတယ်။ အဖွားမလေးဟာ ညည်းကိုလှည့်စားပြီး ဆုနှရီရဲ့ ပိုက်ကွန်ထဲမှာ တလူးလူး တလွန့်လွန့်အဖမ်းခံနေရတယ်။ ကျုပ်အိမ်မှာလည်းပဲ ကျုပ်အစ်ကိုနှင့် ကျုပ်မောင်ဟာ ပိုက်ဆံလောဘတက်ပြီး မိန်းမယူကြတယ်။ ပိုက်ဆံအကုန်ခံရမှာစိုးတဲ့အတွက် ကိုယ့်သမီးတွေကို မင်္ဂလာဆောင်ပေးဖို့ စိတ်မကူးကြဘူး။ အဲဒီလိုလူတွေဟာ ကိုယ့်ကိုယ်ကိုယောကျ်ားလို့ခေါ်ပြီး အရှက်မရှိ သွားလာလှုပ်ရှားနေကြတယ်။ ညည်းလည်းပဲ အလှည့်စားခံနေရတယ်။ ညည်းဒီလူနှင့် ဘာဖြစ်လို့ လက်ထပ်လိုက်တယ်ဆိုတာ ကျုပ်နည်းနည်းမှ နားမလည်နိုင်ဘူး။ ညည်းသွက်သွက်လည်အောင် မှားတယ်။ ညည်းရဲ့ အဲဒီအလုပ်တွေကို မှန်တယ်လို့ ကျုပ်ဘယ်တော့မှ မပြောနိုင်ဘူး။ ဒီလူနှင့် လက်ထပ်လိုက်တာဟာ ညည်းအလွန်တရာ မိုက်မဲတဲ့အလုပ်ကို လုပ်လိုက်တာပဲ''

ဒေါသထွက်လွန်းမက ထွက်နေသည်ဖြစ်၍ ပြောလိုသမျှစကားများကို အန်ထုတ်ပြီးလျှင် ရှာရဒါသည်မျက်ရည်သုတ်လျက် အာနန္ဒီတို့အိမ်မှ ထွက်သွားသည်။ ရှာရဒါ ထွက်သွားပြီးသည့်နောက်ကျမှ အာနန္ဒီလည်း အိမ်အောက်ထပ် ဆင်းလာဖို့ သတိရသည်။

အာနန္ဒီ၏ စိတ်နှလုံးထဲတွင် ပြဿနာတစ်ခု ပေါ်လာသည်။ ''အဲဒီလိုဖြစ်နိုင်ပါ့မည်လား''ဟု မိမိကိုယ်တိုင်ပင် ယင်းမေးခွန်း၏အဖြေကို ပြန်ဖြေသည်။ ''ဟင့်အင်း'' မဖြစ်နိုင်ဘူး။ ဒါလောက် ယုတ်ညံ့တဲ့အလုပ်ကို သူလုပ်လိမ့်မည် မဟုတ်'' မာဏိက္ကမ်မည်ကဲ့သို့သော ယုတ်ညံ့သည့်အလုပ်မျိုးကို လုပ်သနည်းဟူ၍ အာနန္ဒီ မဆင်ခြင် မစဉ်းစားတတ်ပေ။

မာလီဝေလေယာနှင့် မုတ္တမ္မာလတို့သည် မာဏိက္ကမ်နှင့်အတူ အလုပ်သွားလုပ်ကြသည်ကို အာနန္ဒီသိသည်။ တစ်ခါတလေ မာဏိက္ကမ်သည် သူတို့ သားအဖကို ကားနှင့် တင်ခေါ်သွားပြီး အပြန်တွင်လည်းကားနှင့် တင်ခေါ်လာသည်။ မုတ္တမ္မာလသည် အပျိုဖြစ်သည်။ ရိုးသားအပြစ်ကင်းစင်သော မိန်းကလေးဖြစ်သည်။ သူ၏ကိုယ်ခန္ဓာသည် စည်ပင်ဖွံ့ထွားနေသည်။ အင်္ဂါကြီးငယ်တို့သည် လက်ရာမြောက် ရုပ်တုတစ်ခုကဲ့သို့ ရုပ်လုံးပေါ်နေကြသည်။





ဝေလေယာနေထိုင်မကောင်းဖြစ်နေသောကြောင့် မုတ္တမ္မာလတစ်ယောက်တည်း အလုပ်သွားသည်ကို အာနန္ဒီ ရုတ်တရက် သတိရလာသည်။ ဝေလေယာ ဆေးကုသမှုကိစ္စ၌ မာဏိက္ကမ်သည် အထူးပင်စိတ်ပါဝင်စားသည်။ ယင်းအချက်မှာ ဆန်းလွန်းလှသည်ဟူ၍ အာနန္ဒီတွေးမိသည်။ အာနန္ဒီသည် မိမိကိုယ်ကိုမိမိ မေးခွန်းထုတ်နေပြန်သည်။

''အဲဒီလိုကော မဖြစ်နိုင်ဘူးလား''

ထိုမေးခွန်းကို မိမိကိုယ်တိုင် အဖြေပြန်ပေးသည်။

''အဲဒီလိုတော့ လုပ်ချင်လုပ်နိုင်တယ်''

ထိုနေ့တွင် အာနန္ဒီသည် ဘာကိုမျှ မစားနိုင်တော့ပေ။ စိတ်နှလုံးတွင် ပေါ်လာသော သံသယပျောက်ကွယ်သွားသည့်အထိ အစားအသောက်အဆိပ် စသည်တို့ကို ဂရုမပြုတော့ပေ။ မည်သို့ပင်ဖြစ်စေ အမှန်တရားကိုမှ သိလာရလိမ့်မည်ဟူ၍ တွက်ထားလိုက်သည်။ သံသယ ကမ္ဘာလောကထဲ၌ အချိန်ကြာမြင့်စွာ လှည့်လည်သွားလာလိုသည့်ဆန္ဒ မရှိပေ။ ထိုနေ့ညတွင် ကိုးနာရီတိတိ မာဏိက္ကမ်၏ ကားအိမ်ပြန်ရောက်လာသည်။ ကား၏နောက်ဘက်တံခါးမှ မုတ္တမ္မာလခုန်ဆင်းပြီး ခြံဥယျာဉ်ထဲပြေးဝင်သွားသည်ကို အာနန္ဒီမြင်သွားသည်။ မုတ္တမ္မာလ၏ လှုပ်ရှားသွားလာမှု၌ သွက်လက်ဖြတ်လတ်နေခြင်းတစ်မျိုးကို တွေ့မြင်ရသည်။ အရွယ်ရောက်လာသည်ဖြစ်၍ ယခုကဲ့သို့ ခုန်ပေါက် ပြေးလွှားနေခြင်းဖြစ်သည်ဟူ၍ ပြောပြီးလျှင် အာနန္ဒီသည် ကိုယ့်ကိုယ်နားချလိုသည့်စိတ် ပေါ်ပေါက်လာသည်။ မာဏိက္ကမ်သည် အာနန္ဒီဘက်သို့ လှည့်၍မျှပင် မကြည့်ပေ။

''ကနေ့ အလုပ်သမားတွေကို လခပေးစရာရှိလို့ နောက်ကျသွားတယ်''ဟူ၍ ပြောပြီးလျှင် အိမ်ထဲဝင်သွားသည်။

အိမ်ထဲဝင်သွားပြီးလျှင် မာဏိက္ကမ်သည် ထမင်းစားသည်။ ထိုအချိန်တွင် အာနန္ဒီသည် မာဏိက္ကမ်အား ဘာမျှမမေးပေ။ မာဏိက္ကမ်သည် ထမင်းစားပြီးသောအခါ ထုံးစံအတိုင်း အလုပ်ခန်းထဲ ဝင်သွားသည်။ စာရင်းတွက်ရင်း တွက်ရင်းနှင့် တစ်ခါတစ်ရံ ဆယ့်နှစ်နာရီ ထိုးသွားတတ်သည်။ ထိုအချိန်မျိုး၌ မာဏိက္ကမ်သည် အလုပ်ခန်း၌ပင် အိပ်လေ့အိပ်ထရှိသည်။

ယခုအခါ၌ မာဏိက္ကမ်သည် ရုံးတိုင်းအိမ်အပေါ်ထပ်တက်လာပြီး အာနန္ဒီအား ဒုက္ခမပေးတော့ပေ။ တစ်ခါတစ်ရံ အာနန္ဒီကို သတိရလာသောအခါ ညကြီးသန်းခေါင် အာနန္ဒီထံသွားပြီးလျှင် အိမ်အောက်ထပ်ပြန်လာလေ့ရှိသည်။ မိမိ၏ဒုက္ခမှ တစ်နည်းတစ်ဖုံ ကင်းငြိမ်းလွတ်မြောက်သွားပြီဟူ၍ အာနန္ဒီက ထင်မှတ်နေသည်။ မာဏိက္ကမ်သည် ယခုအခါတွင် မိန်းမကိုအသာထားပြီး ငွေနောက်ငွေနောက်လိုက်နေသည်ဟူ၍ အာနန္ဒီ စဉ်းစားနေမိသည်။ စာရင်းစာအုပ်များသည်သာလျှင် သူ၏ ချစ်သူဖြစ်နေပြီဟူ၍ အာနန္ဒီ ယုံကြည်ယူဆနေသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင် အာနန္ဒီ အိပ်၍မရဖြစ်နေသည်။ အကယ်၍ ညည့်နက်သန်းခေါင် အချိန် မိမိထံသို့ သူရောက်လာလျှင် သူ့ကို အားလုံးဖွင့်မေးလိုက်မည်ဟူ၍ စဉ်းစားနေသည်။ ဆယ့်နှစ်နာရီအချိန်လောက်တွင် သူ့အခန်းထဲကထလျက် ဝရန်တာဘက် ထွက်လာသည်။ အရပ်ထက်ဝန်းကျင်၌ အမှောင်လွှမ်းနေသည်။ သစ်ရက်တစ်ရွက်မျှပင် လေအလာတွင် လှုပ်ရှားနေသည်ကို မတွေ့ရပေ။ ပြတင်းပေါက်တွင်ရပ်လျက် အာနန္ဒီသည် အမိုက်မှောင်ထဲတွင် တစ်စုံတစ်ခုကို ကြည့်နေမိသည်။ ယင်းသို့ ထိုနေရာ၌ ရပ်နေခြင်းသည် မသင့်လျော်ဟု တွေးမိသော်လည်း အာနန္ဒီသည် မိမိကိုယ်ကို ထိုသို့မပြုလုပ်ရန် မတားမြစ်နိုင်ဖြစ်နေသည်။

အောက်ဘက်က ခြေသံလိုလိုကြားရသည်။ အာနန္ဒီသည် အပေါ်မှ လှမ်းကြည့်လိုက်သည်။

အာနန္ဒီကြက်သေ သေသွားသည်။ မျက်နှာကို အဝတ်အုပ်လျက် လူရိပ်တစ်ခု တိတ်တဆိတ် ခြံဥယျာဉ်ဘက်သွားနေသည်ကို တွေ့မြင်ရသည်။ အကယ်၍ ထိုနေ့မတိုင်မီက ယင်းမြင်ကွင်းမျိုးကို တွေ့ရပါမူ သူခိုး၊ သူခိုးဟု အော်ဟစ်ပြီးလျှင် တစ်အိမ်လုံးရှိ လူများကို နှိုးမိမှာအမှန်ဖြစ်သည်။ ယခုအခါ၌မူ သူခိုးမဟုတ်မှန်း သိနေသည်။ သို့ရာတွင် ထိုလူရိပ်သည် သူ၏ယောကျ်ားဖြစ်သည်ဟူ၍မူ ယုံကြည်လိုသည့် စိတ်ဆန္ဒ မရှိပေ။ အာနန္ဒီသည် အိမ်အောက်ဘက် တဖြည်းဖြည်းဆင်းလာပြီးလျှင် မာဏိက္ကမ်၏ အလုပ်ခန်းထဲ ဝင်ကြည့်သည်။ အခန်းထဲတွင် မှောင်နေသည်။ သို့ရာတွင် ဘာကိုမှအတိအကျ စဉ်းစားမရဖြစ်နေသည်။ အာနန္ဒီ၏အသိဉာဏ်သည် ချာချာလည်နေသည်။ စိတ်ထဲတွင် အတွေးအမျိုးမျိုးပေါ်လာသည်။ ငါ အပေါ်ထပ်ပြန်တက်သွားရမလား။ ဒါမှမဟုတ် သူပြန်တဲ့အထိထိုင်စောင့်နေရမလား။ ဒါမှမဟုတ် အပြင်ထွက်ပြီး သူ့နောက် လိုက်သွားရမလား။

ရုတ်တရက် သူ၏လက်သည် လပ်ထပ်မင်္ဂလာကြိုးဆီ ရောက်သွားသည်။ လက်ထပ်မင်္ဂလာကြိုးကို ကိုင်ပြီး အသေအချာကြည့်နေသည်။ တစ်ခဲနက် မှောင်မိုက်နေသည့် အမိုက်အမှောင်ထဲ၌ပင် သူ၏လက်ထပ်မင်္ဂလာကြိုးသည် တောက်ပနေသည်။

ရှာရဒါပြောသွားသည့် စကားများသည် သူ၏ နားထဲတွင် ရုတ်တရက် ပဲ့တင်ထပ်လာသည်။

"ညည်းလုပ်တာ သိပ်မှားတာပဲ။ ကျုပ် ညည်းကို သည်း မခံနိုင်ဘူး။ ဒီလူနဲ့ လက်ထပ်တာဟာ ညည်းတကယ်မိုက်မဲတဲ့အလုပ်ကို လုပ်တာပဲ"

အာနန္ဒီတုန်လှုပ်သွားသည်။ မျက်ရည်လည်း လည်လာသည်။ လက်ထပ် မင်္ဂလာကြိုးကို ကောင်းစွာမမြင်ရတော့ပေ။ လက်ထဲက လွှတ်ချလိုက်သည်နှင့် လက်ထပ်မင်္ဂလာကြိုးသည် ရင်သားနှင့် သွားထိသည်။ မိမိ၏ ရင်သားပေါ်၌ တစ်စုံတစ်ယောက်က မီးတောက်နေသော မီးကျီးခဲရဲရဲကို တင်ထားသလားဟု ထင်ရသည်။ အာနန္ဒီသည် ကိုယ့်ကိုယ်ကို မေးကြည့်သည်။





"ငါ သူ့ကို အသည်းနှလုံးထဲက ချစ်ရဲ့လား။ အကယ်၍ ငါ၏ အချစ်သည် အချစ်စစ်အချစ်မှန်ဖြစ်ခဲ့လျှင် အခုဟာတွေ ဘာကြောင့်ဖြစ်နေရသလဲ။ ငါသူ့ကို အမှန်တကယ်ချစ်ရဲ့လား။ သို့မဟုတ် ချစ်ယောင်ဆောင်နေတာလား"

"တချို့လူတွေဟာ စောစောပိုင်းက တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပေမယ့် နောက်ကျတော့ လက်မထပ်ကြဘူး။ အဲဒီလူတွေထဲမှာ ငါ ပါသလား။ ငါကိုယ်တိုင် သူနှင့် လက်ထပ်ဖို့ သဘောတူခဲ့တယ်။ လက်ထပ်မင်္ဂလာပြုလုပ်ပြီးသည့် နောက်ကျမှ ငါ သူ့ကိုချစ်ဖို့ ကြိုးစားလာခဲ့တယ်။ စိတ်ဓာတ်တိုက်ပွဲအမျိုးမျိုး၊ အခွင့်အမျိုးမျိုး ကြားထဲမှာလည်း ငါ ဆက်လက်ကြိုးစားအားထုတ်လာခဲ့တယ်။ ယခုအထိ ငါသူ့ကို မိမိအသက်နှင့် ထပ်တူချစ်တဲ့ သူလို့ မထင်မှတ်နိုင်ခဲ့ဘူး။ ယင်းသို့ ပြုလုပ်ရန်အတွက် ဝါ ကြိုးစားအားထုတ်မယ်။ သို့သော်လည်း ငါ့ဘက်က ကြိုးစားအားထုတ်ရုံနဲ့ ဖြစ်လာနိုင်ပါ့မလား"

မာဏိက္ကမ်ကို တစ်နည်းနည်းဖြင့် သိမ်းသွင်းမှဖြစ်မည်ဟူ၍ အာနန္ဒီ စဉ်းစားမိသည်။ ဘဝလမ်းခရီး၌ တစ်ဝက်အထိလျှောက်လာပြီးမှ သူ့ကို ထားပစ်ခဲ့လိုသည့်ဆန္ဒ အာနန္ဒီတွင် မရှိပေ။ "သူက ငါ့ယောကျ်ားပဲ" ဟူ၍ စဉ်းစားပြီးလျှင် အာနန္ဒီသည် တိုက်ပွဲ အမျိုးမျိုးကို ရင်ဆိုင်ရန်အတွက်၊ အဆင်သင့်ဖြစ်သွားသည်။

အာနန္ဒီသည် အပြင်သို့ထွက်လာပြီးလျှင် အမှောင်ထဲရှိ ခြံဥယျာဉ်တွင်းသို့ ဝင်သွားသည်။ ယင်းသို့ပြုလုပ်ခြင်းသည် မသင့်လျော်မလျောက်ပတ်သော စက်ဆုပ်ဖွယ် ကောင်းသော ကဲ့ရဲ့စရာကောင်းသော အလုပ်ဖြစ်သည်ဟူ၍ စဉ်းစားမိသည်။ ရွှံ့ညွန်ထဲတွင် သွားလာနေသော ပိုးမွှားကိုချစ်ပြီး ရွှံ့ညွန်ကိုမြင်ရသောအခါ စိတ် ခြောက်ခြားနေ၍ ဘယ်မှာ အကျိုးရှိမည်နည်း။

အာနန္ဒီသည် တိတ်တဆိတ်တစ်လှမ်းချင်း ရှေ့တိုးသွားသည်။ အဆင့်အတန်း နိမ့်သောမိန်းမများ အဆင့်အတန်းနိမ့်သောအလုပ်ကို လုပ်ရန်အတွက် တိတ်တဆိတ် ချိန်းထားသောနေရာသို့ သွားသကဲ့သို့ အာနန္ဒီလည်း တိတ်တဆိတ်ခြံထဲဝင်သွားသည်။ ထိုအချိန်၌ သူ၏အခြေအနေမှာ ချက်ဆိုနားခွက်က မီးတောက်သည့်အခြေအနေမျိုးဖြစ်နေသည်။ အသံကြားရာဘက်သို့ တိုးသွားမည်ဟူ၍ ပိုင်းဖြတ်လိုက်သည်။ မည်သူ့ထံကမှ စကားပြောသံ မကြားရပေ။ မုတ္တမ္မာလ ကိုယ်တိုင်ရောက်မလာသောကြောင့် မုတ္တမ္မာလကိုရှာရန် မုတ္တမ္မာလတို့ အိမ်ဘက်လာခဲ့ခြင်းဖြစ်လိမ့်မည်။ ယင်းသို့ဖြစ်ပါမူ နီးထုတ်နီးထည်နှင့် ဖမ်းပြီး အိမ်ပြန်ခေါ်သွားမည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် သူတို့ နှစ်ယောက်လုံး မကောင်းတဲ့အလုပ် မလုပ်မိကြဘဲ အပြစ်လွတ်ကင်းသွားကြလိမ့်မည်။ ယင်းသို့ အာနန္ဒီစဉ်းစားမိသည်။

အာနန္ဒီသည်တိတ်တဆိတ် အသက်ရှူအောင့်ထားသကဲ့သို့ လုပ်ပြီးလျှင် ခြေလှမ်း လှမ်းနေသည်။ သူ၏စိတ်နှလုံးထဲတွင် အတွေးပေါင်းရာထောင် ပေါ်ပေါက်လာသည်။ ရုတ်တရက်သူ၏ ခြေထောက်တွင် တစ်ခုခုစူးဝင်သွားပြီးလျှင် သွေးထွက်လာသည်။ နာကျင်မှုကို ကြိတ်ခံပြီးလျှင် ခြေထောက်တွင် စူးဝင်နေသော ထိုဖန်ကွဲ သို့မဟုတ် ထိုအစကို



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ယူပြီး လွှင့်ပစ်လိုက်သည်။ လက်တွင် စွန်းသွားသော သွေးကို ပွတ်ပစ်လိုသည့်စိတ် မရှိပေ။ တစ်ခဏမျှ အာနန္ဒီသည် ထိုနေရာ၌ရပ်နေသည်။ ပန်းပင်တစ်ပင် လှုပ်သွားသည်။ ရုတ်တရက် ထိုနေရာဘက် ခြေလှမ်းလှမ်းလိုက်သည်။ သစ်ပင်ပန်းပင်များ ထပြည့်ရှိနေသော ထိုခြံဥယျာဉ်၌ ကြားထဲကြားထဲတွင် နေရာလွတ်များလည်း ရှိသည်။

ချုံကြားထဲတွင်ရှိနေသော ထိုနေရာ၌သာလျှင် အာနန္ဒီသည် ထိုမြင်ကွင်းကို မြင်ရခြင်းဖြစ်သည်။ လေးဘက်လေးတန်တွင် တစ်ခဲနက် အမိုက်တိုက် အုံ့ဆိုင်းနေသည်။ ကောင်းကင်တစ်ခွင်၌ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ကြယ်များ၏အရောင်အောက်တွင် အာနန္ဒီ အားလုံးကို မြင်နေရသည်။ မိမိ၏ဘဝ၌ ထိုနေ့တွင် မျက်လုံးများလည်း မကောင်းမှုကို ပြုလုပ်နိုင်သည်ဟူသောအတွေးကို ပထမဆုံးအကြိမ် တွေးမိသည်။ ချက်ချင်းမျက်လုံးကို ပိတ်လိုက်သည်။ သို့ရာတွင် ထိုမြင်ကွင်းသည် သူ၏မျက်လုံးကို ပိတ်လိုက်သည်။ သို့ရာတွင် ထိုမြင်ကွင်းသည် သူ၏မျက်လုံးထဲ စူးဝင်သွားသည်။ အာနန္ဒီသည် ထိုနေရာ၌ လူသားနှစ်ယောက်ကို မမြင်မတွေ့ရဘဲ တိရစ္ဆာန်နှစ်ကောင်ကို တွေ့မြင်နေရသည်။ တိရစ္ဆာန်နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင်ဖက်လျက် ရုန်းကန်လှုပ်ရှားမှုလုပ်ရင်း အသက်ပြင်းပြင်း ရှူနေကြသည်ကို အာနန္ဒီ တွေ့မြင်ရသည်။

အာနန္ဒီသည် အရူးအသွပ်ကဲ့သို့ မိမိ၏လက်ထပ်မင်္ဂလာကြိုးကို ဆုပ်ကိုင်ပြီးလျှင် မိမိအခန်းရှိရာသို့ ပြေးထွက်လာခဲ့သည်။ မိမိပြေးထွက်လာသည့်အတွက် မည်ကဲ့သို့သော အသံထွက်လာမည် မထွက်လာမည်ကို မကြောင့်ကြတော့ပေ။ သနားစရာ အာနန္ဒီ၊ ထိုအချိန်၌ မိုးကြိုးပစ်ချသော်လည်း သူတို့နှစ်ယောက် ဘယ်လိုမှ တုန်လှုပ်လိမ့်မည်မဟုတ်ဆိုသည်ကို အာနန္ဒီ မေ့သွားသည်။

လှေကားမှ အလျင်အမြန်တက်လာပြီး အခန်းထဲရောက်လာသည်။ သူ့ကို ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ခု မေးမြန်းစုံစမ်း၍ ဘာအကျိုးမှရှိတော့မည်မဟုတ်ဟူ၍ အာနန္ဒီ စဉ်းစားမိသည်။ မိမိကိုယ်ကိုသာလျှင် ကျိန်ဆဲမိသည်။ မိမိ၏ ကိုယ်ခန္ဓာ၊ မိမိ၏ နှလုံးသား၊ ရုပ်ရည်ရူပကာ၊ အရွယ်အားလုံးကို ကျိန်ဆဲနေမိသည်။

မာဏိက္ကမ် မည့်စွန်းထင်စေခဲ့သော ကိုယ်ကာယနှင့် အသက်ရှင်နေရခြင်းထက် ယုတ်ညံ့သောအလုပ်မျိုး ရှိနိုင်မည်မဟုတ်ဟူ၍ အာနန္ဒီစဉ်းစားမိသည်။ မိမိ၏ ကိုယ်ခန္ဓာအား စက်ဆုပ်ရွံရှာလာသည်။ မှန်ရှေ့တွင်ရပ်လျက် မိမိ၏ ရုပ်ပုံကိုကြည့်လျှင် ရူးများ သွားမည်လားဟူ၍ ထိတ်လန့်ကြောက်ရွံ့သွားသည်။ မိမိကိုယ်မိမိ မည်မျှဒေါသထွက်နေသနည်းဆိုလျှင် သူ၏ဖခင် ရေးဆွဲထားသော အောက်ထပ်အခန်း၌ ဆွဲချိတ်ထားသည့် ဆေးရောင်စုံ မိမိ၏ပုံတူပန်းချီကားကို ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။

အာနန္ဒီသည် ဆုံးဖြတ်ချက်တစ်ခုခု ချလိုက်ပြီးလျှင် အခန်းအပြင်ဘက် ထွက်လာသည်။ အရှေ့ဘက်၌ ပင်လယ်သမုဒ္ဒရာတွင် ထနေသော လှိုင်းတံပိုးများက သူ့ကို မိမိတို့ထံသို့





လာရန် ခေါ်နေသကဲ့သို့ ထင်နေရသည်။ လှိုင်းတံပိုးသံများကို နားစိုက်ထောင်လိုက်သည်။ လှိုင်းတံပိုးများသည် သူ့ကို မည်မျှချစ်ခြင်းမေတ္တာ အပြည့်အဝဖြင့် ခေါ်နေကြသနည်း။

အာနန္ဒီသည် လှေကားမှ အောက်ဆင်းလာသည်။ သူ၏လမ်းကို တစ်စုံတစ်ယောက်က ပိတ်နေသည်ဟူ၍ ရုတ်တရက် ထင်မှတ်သွားသည်။ မျက်လုံးပင့်၍ ကြည့်လိုက်သည်။ အလို··· မည်သည့်အရာဖြစ်သနည်း။ သူ၏ကွယ်လွန်သူ မိခင်သည် အဘယ်ကြောင့် အသက်ပြန်ရှင်လာသနည်း။ သူ၏စိတ်နှလုံးထဲတွင် မည်ကဲ့သို့သော ယုံမှားသံသယမျိုးမျှ မရှိပေ။ ဆရစ္ဆတီအမ္မာလ သူ၏ရှေ့မှောက်၌ ရပ်နေသည်။

မိခင်က သူ့ကို ပြောပြနေသည်။

"သမီး အာနန္ဒီ၊ သမီးအဖေဟာ ဘာမှ နားမလည်တဲ့ ကလေးသူငယ်တစ်ယောက်ဖြစ်တယ်။ အမေ သူ့ကို သမီးလက်ထဲအပ်ထားခဲ့တယ်။ သူ့ကို ကြည့်ရှုစောင့်ရှောက်ဖို့ရန်မှာ သမီး၏တာဝန်ဖြစ်တယ်။ အာနန္ဒီ၊ ကိုယ့်တာဝန်ကို ထမ်းဆောင်ဖို့ မမေ့ပါနှင့်"

မိခင်ကို ဖက်ရန်အတွက် အာနန္ဒီသည် လက်နှစ်ဘက်ကို ဆန့်တန်းလိုက်သည်။ သူ၏ လက်နှစ်ဖက်သည် တံခါးဘောင်နှင့် သွားရိုက်မိကြသည်။

မိမိဘယ်နေရာ၌ ရပ်နေသည်ဟူ၍ အာနန္ဒီမသိပေ။ ထိုနေရာမှာ မာဏိက္ကမ်က ပထမဆုံးအကြိမ် သူ့ကို လက်နှစ်ဘက်ဖြင့် ပွေ့ဖက်ပြီးလျှင် သူ၏နှုတ်ခမ်းကို နမ်းစုပ်လိုက်သည်ဖြစ်၍ ယင်းဝေဒနာကို မခံမရပ်နိုင်ဖြစ်ပြီး ညည်းညူနေခဲ့ရသည့်နေရာဖြစ်သည်။

နံနက်မိုးလင်းချိန်ရောက်လာသည်။ မာဏိက္ကမ် အိမ်က ထွက်မသွားခင် အာနန္ဒီ အိမ်အောက်ထပ်ဆင်းမလာပေ။ ထိုနေ့တွင် မာဏိက္ကမ်၏ မျက်နှာကိုကြည့်လိုသည့်စိတ် မရှိပေ။ မာဏိက္ကမ်သည် အဋ္ဌာမလေကိုလည်း သတိရပုံမပေါ်ပေ။ အမေဖြစ်သူ ကျေလမ္မာလ ခူးကျွေးသော နံနက်စာကို စားပြီးလျှင် မာဏိက္ကမ်သည် အလုပ်ရှိရာသို့ ထွက်သွားလေသည်။

ကား၏အသံကို ကြားရသောကြောင့် အာနန္ဒီသည် အပေါ်ထပ်မှ ငုံ့ကြည့်လိုက်သည်။ မာဏိက္ကမ်သည် ထောင့်တစ်ထောင့်၌ ကားကိုရပ်လျက် ဟွန်းတီးပြီး မုတ္တမ္မာလကို ခေါ်လိုက်သည်။ ခပ်လှမ်းလှမ်းမှ မုတ္တမ္မာလ လာသောအခါ ကားတံခါးကို ဖွင့်ပေးလိုက်သည်။ မုတ္တမ္မာလ ကားပေါ်ရောက်သည်နှင့် ကားထွက်သွားသည်။ အလုပ်ကြမ်းသမားများကဲ့သို့ မြေကြီးသယ်ရန်သွားသော မုတ္တမ္မာလ၏ဆံထုံးတွင် ပန်းများ ဝေနေအောင်ပန်ထားသည်။ မုတ္တမ္မာလ၏အသွင်အပြင်ကို တွေ့ရသောအခါ အာနန္ဒီသည် စိတ်မချမ်းမသာဖြစ်သွားသည်။ မုတ္တမ္မာလနှင့် ပတ်သက်၍ သဝန်ကြောင်သည့် သဘောဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ကလေးသူငယ်ကဲ့သို့ မသိနားမလည်သေးသည့် ထိုမိန်းမပျိုအား မကောင်းမှု ချောက်ထဲကျအောင် လုပ်သည်ကို တွေ့ရသောကြောင့် စိတ်မချမ်းမသာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အာနန္ဒီသည် အောက်ထပ်ဆင်းလျက် ရေမိုးချိုးပြီးလျှင် အဘွားနှင့် ဖခင်အတွက် လုပ်စရာရှိသမျှကို လုပ်ပေးသည်။ သူ၏ယောက္ခမ ကျေလမ္မာလသည် မိမိနှင့် မိမိ၏သား


www.burmeseclassic.com

www.burmeseclassic.com

အတွက်မှတစ်ပါး တခြားမည်သူ့အတွက်မှ ကြောင့်ကြမစိုက်ပေ။ ထို့ကြောင့် အာနန္ဒီကသာလျှင် သူ၏အသွားနှင့် ဖခင်အား ဂရုစိုက်နေရသည်။

ထိုနေ့၌ အာနန္ဒီသည် ဘာကိုမှ စားချင်စိတ်မရှိပေ။ တစ်ညလုံး အိပ်မပျော်ဘဲ နေရသောကြောင့် တစ်ကိုယ်လုံး ကိုက်ခဲနေသည်။ ထို့ကြောင့် အခန်းထဲသွားပြီး ဆိုဖာပေါ်တွင် လှဲနေလိုက်သည်။ ပြတင်းပေါက်က အပြင်ဘက်လှမ်းကြည့်လိုက်သောအခါ အိမ်ရှေ့မှ ရှာရဒါလာသည်ကို လှမ်းမြင်ရသည်။ အာနန္ဒီသည် ထသွားပြီးလျှင် ချစ်ခင် ရင်းနှီးမှု အပြည့်ဖြင့် ရှာရဒါအား ကြိုဆို၍ အခန်းထဲခေါ်လာခဲ့သည်။ အောက်ထပ်တွင် ထိုင်လျက် စကားပြောလျှင် သူ၏ယောက္ခမ ကျေလမ္ဗာလကြားသွားမှာ စိုးသည်။ ကျေလမ္ဗာလသည် နားအလွန်ပါးသည်။

ရှာရဒါ မျက်နှာတင်းမာနေသည်။ ထိုနေ့မတိုင်ခင် တစ်ရက်က ညနေချမ်းအချိန်တွင် ရှာရဒါသည် မာဏိက္ကမ်နှင့်ပတ်သက်၍ ထပ်မံစုံစမ်းလိုသဖြင့် ပင်လယ်ကမ်းခြေသို့ သွားခဲ့သည်။ ချုံတစ်ချုံ၏အတွင်းမှ ပုန်းလျက်ကြည့်နေသည်။ မာဏိက္ကမ်နှင့်အတူ ပင်လယ်ကမ်းခြေလာသော မိန်းမပျိုမှာ မာလီ၏သမီး မုတ္တမ္မာလဖြစ်နေသည်ကို တွေ့ရသည်။ ထိုအကြောင်းကို အာနန္ဒီအား ပြောပြသည်။ အာနန္ဒီ သိပြီးနေသည့်အကြောင်းကို ရှာရဒါသည် ခဲခဲယဉ်းယဉ်း စုံစမ်းထောက်လှမ်းယူရသည်။ မိမိ၏ဒုက္ခကို မျှယူရန်အတွက် သူငယ်ချင်းတစ်ယောက် မိမိထံမှောက် ရောက်လာသည့်အတွက် အာနန္ဒီသည် စိတ်သက်သာမှု အတော်အတန် ရရှိသွားသည်။ ရှာရဒါက ပြောလိုက်သည်။

"အာနန္ဒီ ညည်း ဘယ်လိုလုပ်မယ်စိတ်ကူးသလဲ။ သူတို့ကို အခုလို ပစ်ထားလို့တော့ မဖြစ်ဘူး"

အာနန္ဒီက စိတ်ပျက်အားလျော့သည့်အသံဖြင့် ပြောသည်။

"ကျွန်မ ဘာမှ မလုပ်တတ်ဘူး။ ကျွန်မအခုထိ အသက်ရှင်နေပြီး ကိုယ့်ကိုယ်ကို သတ်မသေတာဘဲ တော်လှပြီ။ ကျွန်မအနေနှင့် ပင်လယ်သွားပြီး ရေထဲခုန်ချသေဖို့ပဲ ကောင်းတော့တယ်"

အာနန္ဒီသည် သူ့ကိုယ်သူ မထိန်းနိုင်အောင်ဖြစ်သွားသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ယမန်နေ့ညက အဖြစ်အပျက်ကို အိတ်သွန်ဖာမှောက် ရှာရဒါအား ပြောပြသည်။

"ပွဲကလို့ ပြီးသွားပြီ။ ကျွန်မအနေနဲ့ အခု သူ့ကို တားမြစ်ပိတ်ပင်လို့ ဘာလုပ်မှာလဲ"

ထိုအကြောင်းကို မည်သူ့ကိုမှ မပြောဘူးဟူ၍ အာနန္ဒီစိတ်ကူးထားသည်။ ထိုအကြောင်းသည် အသွားအသက်ထွက်သွားနိုင်သည့် အကြောင်းဖြစ်လာနိုင်သည်။ ဖခင်၏အပေါ်တွင်လည်း မည်ကဲ့သို့သော ဩဇာသက်ရောက်လာမည်ဆိုသည်ကို ပြောမပြနိုင်ပေ။ ယောက္ခမအား ပြောပြလျှင်လည်း ယောက္ခမက "သူက ယောကျ်ားလေးဆိုတော့ ဘာဖြစ်ဖြစ်လုပ်နိုင်တယ်။ တကယ်လို့ ညည်းကသာ သူ့ကို ဂရုစိုက်နေမယ်ဆိုရင် သူလမ်းမှားကို





ဘယ်မှာသွားမလဲ"ဟု ပြောပြီးလျှင် သူ့ကိုပင် အပြစ်ဖို့ချင် ဖို့နိုင်သည်။ ထို့ကြောင့် အာနန္ဒီသည် ထိုအကြောင်းကို မည်သူ့ကိုမှ မပြောဘဲ ဖုံးဖိထားမည်ဟူ၍စဉ်းစားထားသည်။

ရှာရဒါ ရောက်လာသောအခါ အာနန္ဒီသည် နှုတ်ပိတ်မနေနိုင်တော့ပေ။ ရှာရဒါအား အာနန္ဒီက သူ့ညီမအရင်းကဲ့သို့ပင် သဘောထားသည်။ ထို့ကြောင့် မိမိ စိတ်ထဲရှိသမျှအားလုံးကို ပြောပြလိုက်သည်။ အာနန္ဒီ၏စကားကို ကြားရသောအခါ ရှာရဒါသည် ယမ်းပုံမီးကျ ဒေါသထွက်လာသည်။ ထိုအချိန်၌ မာဏိက္ကမ် အိပ်မှုရှိမနေဖြင်းမှာ ကံကောင်းသွားသည်။ မိမိသူငယ်ချင်း၏ လင်ယောကျ်ားဖြစ်သည်ဟူသောအချက်ကို မေ့ပျောက်ကောင်း မေ့ပျောက်သွားပြီးလျှင် ရှာရဒါသည် ဒေါသကို မထိန်းနိုင်ဘဲ မာဏိက္ကမ်၏မျက်နှာကို တံတွေးနှင့် ထွေးပစ်ပေလိမ့်မည်။ ဒေါသ အတန်ငယ်ပြေပျောက်သွားသောအခါ ရှာရဒါ ငိုချလိုက်လေသည်။ အတန်ငယ် စဉ်းစား ဆင်ခြင်ပြီးနောက် ပြောပြသည်။

"သူ့ကို လမ်းမှန်ပြန်ခေါ်လာဖို့မှာ ကျုပ်တာဝန် ဖြစ်တယ်။ တကယ်လို့ ကျုပ်ဒီနေ့ပဲ သူ့ကို လမ်းမှန်ရောက်အောင် နည်းလမ်းမတွေ့ဘူးဆိုလို့ရှိရင် ကျုပ်နာမည် ရှာရဒါ မဟုတ်ဘူးလို့ သာမှတ်ပါ"

"ရှာရဒါ ညည်းဘာတွေ ပြောနေတာလဲ"

"မုတ္တမ္မာလကို ဒီနေ့ကစပြီး အလုပ်မလွှတ်နဲ့တော့လို့ ကျုပ် သူ့အိမ်က လူတွေကို သွားပြောမယ်။ သူ့ကို ယောကျ်ားတစ်ယောက်ယောက်နှင့် ပေးစားဖို့လည်း အမြန်စီစဉ်နိုင်းမယ်။ မင်္ဂလာဆောင်ဖို့အတွက် ငွေကြေးလိုတယ်ဆိုရင် ကျုပ်ပေးမယ်"

မုတ္တမာလအား ယောကျ်ားပေးစားမည့် အစီအစဉ်ကို အာနန္ဒီ သဘောမကျပေ။ မုတ္တမ္မာလနှင့် မာဏိက္ကမ်တို့၏ လှုပ်ရှားမှုများကို ကိုယ်တိုင်မျက်စိဖြင့် တွေ့မြင်ထားသည်။ အာနန္ဒီက ပြောသည်။

"ရှာရဒါ၊ ညည်း မုတ္တမ္မာလကို ယောကျ်ားပေးစားအောင်လုပ်ပြီး သူ့ဘဝကို မဖျက်ဆီးချင်ပါနှင့်၊ မုတ္တမ္မာလဟာ ဘာမှ မသိနားမလည်သေးတဲ့ ကလေးမလေးပဲ ရှိသေးတယ်။ သူ့ကို ယောကျ်ားပေးစားပြီး လက်ထပ်မင်္ဂလာလို့အမည်ရှိတဲ့ မလှေထုံးစံကို အိုးမည်းမသုတ်ချင်ပါနှင့်"

ရှာရဒါသည် ထူးဆန်းသော သတ္တဝါတစ်ကောင်ကို ကြည့်နေသကဲ့သို့ပင် အာနန္ဒီကို ကြည့်နေသည်။

ရှာရဒါက အပြောင်အပျက်သဘောမျိုးနှင့် မေးလိုက်သည်။

"ညည်း ဘာတွေပြောနေတာလဲ။ မုတ္တမ္မာလကို ကိုယ့်ယောကျ်ားနှင့် လက်ထပ်ပေးချင်လို့လား၊ ညည်းယောကျ်ားက အဲဒီလိုလုပ်ဖို့ သဘောတူမယ်လို့ ညည်းက ထင်သလား။ သူနဲ့အတူ အလုပ်လုပ်နေကြပြီး သူ့အချစ်ကို ခံနေရတဲ့ မိန်းမပေါင်းများစွာအတွက် ညည်းကိုယ့် အိမ်မှာ နေရာပေးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူ့အတွက် စိုးရိမ်လို့ မဟုတ်ပါဘူး။ မုတ္တမှာလအတွက် စိုးရိမ်တာပါ။ မုတ္တမှာလက ကျွန်မ ညီမလေးလိုနေတာ။ သူ့ကို ယောကျ်ားပေးစားရင် ကျွန်မတို့ အင်မတန်ကြီးကျယ်တဲ့ပြစ်မှုကြီးကို ကျူးလွန်ရာရောက်လိမ့်မယ်။ သူ့ယောကျ်ားဖြစ်လာမယ့် သူကိုလည်း လှည့်စားရာရောက်လိမ့်မယ်"

"အဲဒါကလွဲပြီး အခြားဘယ်လိုနည်းလမ်းရှိသေးလို့လဲ"

တခြားနည်းလမ်း အာနန္ဒီ ကြည့်မမြင်ပေ။

"အာနန္ဒီ၊ ညည်းလည်း ဦးနှောက်ချောင်နေပြီထင်တယ်။ ဒီကလေးမရဲ့ဘဝကို ကျုပ်တို့ ဖျက်ဆီးနေတာမဟုတ်ဘူး။ သူ့ကို အကူအညီပေးနေတာ။ ညည်း ယောကျ်ားက သူ့ကို ဖျက်ဆီးနေတာ။ လှည့်စားနေတာ။ ချောက်ကမ်းပါးထဲ လုံးဝကျမသွားခင် ကျုပ်တို့ သူ့ကို လမ်းညွှန်ပြဖို့ လိုလိမ့်မယ်"

"မှုံ့ရွှန်းထင်နေတဲ့ မိန်းကလေးကို လက်ထပ်ထိမ်းမြားပေးရမလား"ဟု အာနန္ဒီသည် သူ့ကိုယ်သူ မေးခွန်းထုတ်နေသည်။ မာဏိက္ကမ်၏ကိုယ်ခန္ဓာနှင့် ထိတွေ့သွားပြီဖြစ်၍ မာဏိက္ကမ်၏စားကြွင်းကို မိမိ၏နှုတ်ခမ်းပေါ်တွင် တင်လိုက်မိသည့်အတွက်ကြောင့် အာနန္ဒီသည် မာဏိက္ကမ်၏ ဇနီးမယားဖြစ်ရန်အတွက် သဘောတူခဲ့ရသည်။ တရားမှုဟူသည်မှာ အားလုံးအတွက် တစ်မျိုး၊ မုတ္တမှာလအတွက် တစ်မျိုးဖြစ်နေလျှင် ဘယ်မှာသင့်တော်ပါမည်နည်း။

"ရှာရဒါ၊ မုတ္တမှာလဟာ မာလီဝေလေယာရဲ့သမီးဆိုတာ ညည်းမေ့ထားလိုက်ပါ။ သူလည်းပဲ ကျွန်မတို့လို မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာ ထည့်တွက်စမ်းပါ။ တကယ်လို့ ညည်းညီမတစ်ယောက် အခုလိုအခြေအနေမျိုး ရောက်သွားတယ်ဆိုရင် ညည်း သူ့ကို လက်ထပ်ထိမ်းမြားပေးဖို့ စဉ်းစားမလား"

အာနန္ဒီ၏မေးခွန်းမှာ အဓိပ္ပာယ်မရှိသော မေးခွန်းဖြစ်သည်ဟူ၍ ရှာရဒါ ထင်မြင်ယူဆသည်။ အဘယ်ကြောင့် အာနန္ဒီ ဤကဲ့သို့သော မေးခွန်းမျိုးကို မေးနေသနည်းဟူ၍ နားမလည်နိုင်အောင် ဖြစ်နေသည်။ အာနန္ဒီ သူ့ယောကျ်ားကို ထိန်းချုပ်မည့်အစား သူစိမ်းတစ်ရံဆံ မိန်းကလေးဘက်က ရှေ့နေလိုက်နေသည်ကို ရှာရဒါ တအံ့တသြဖြစ်သွားသည်။

"ကျုပ် ညီမအကြောင်းကို ဘေးဖယ်ထားလိုက်စမ်းပါ။ တကယ်လို့ ယောကျ်ားတစ်ယောက်ယောက်က ကျုပ်ကို ကြောရအောင်ကြံပြီး ကျုပ်က သူ့ ကာမဂုဏ်ချစ်ခြင်းရဲ့ သားကောင်ဖြစ်သွားရတယ်ဆိုရင် ကျုပ် သူ့ကို ပါးရိုက်ပြီး အခြားတစ်ယောက်ယောက်နှင့် လက်ထပ်ဖို့ရန် တွန့်ဆုတ်နေမှာ မဟုတ်ဘူး။ အချစ်ကို ရယူဖို့အတွက် ဒီကမ္ဘာလောကမှာ သူ့ရဲ့ဘောကြောင်တဲ့ လူတွေရဲ့ဦးရေဟာ နည်းတာမဟုတ်ဘူး။ မိကောင်းဖခင် သားသမီးပီပီ မိမိဇနီးမယားကို လုပ်ကျွေးတဲ့ယောကျ်ားမျိုး အလွန်ရှားတယ်။ အဲဒီလိုလုပ်တာ အပြစ်လားဆိုတာ ညည်းပြောပြစမ်းပါ။ ကျုပ်အနေနှင့်ကတော့ အပြစ်ရှိသူတစ်ယောက်ရဲ့ ရှေ့မှောက်မှာ ဦးညွှတ်တာဟာ အကြီးမားဆုံး အပြစ်ဖြစ်တယ်လို့ ပြောရလိမ့်မယ်"





သူ၏နှလုံးသားကို ရှာရဒါ တူပြင့် မှုန်မှုန်ညက်ညက်ကြေအောင် ထုနက်နေသည်ဟူ၍ အာနန္ဒီက တွေးမိသည်။ ရှာရဒါ ခေတ္တတိတ်သွားသည်။ ထို့နောက် မိမိ၏ ခါးသည်းသော အတွေ့အကြုံတစ်ခုကို ရှာရဒါက အာနန္ဒီအား ပြောပြသည်။ မည်သူနှင့်မဆို ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင် စကားပြောတတ်သည့်အမူအရာကို ကြည့်လျက် အောက်တန်းစားယောကျ်ားတစ်ယောက်သည် ရှာရဒါနောက် လိုက်နေသည်။ တစ်နေ့တွင် ထိုယောကျ်ားသည် ရှာရဒါ၏ အကျင့်သိက္ခာကို ဖျက်ဆီးပစ်ရန် ကြိုးစားအားထုတ်သည်။ ထိုအခါ ရှာရဒါက ဖိနပ်ချွတ်ပြီး ထိုယောကျ်ား၏မျက်နှာကို ရိုက်သည်မှာ ဖူးရောင်သွားသည်အထိဖြစ်သည်။

"အဲဒီ အယုတ်တမာကောင်က ကျုပ်ကို စော်ကားမလို့ လုပ်တယ်။ အဲဒီလိုလုပ်တဲ့အတွက် ကျုပ် မိမိကိုယ်ကို သူ့ကို အပ်နှင်းလိုက်ရမလား။ တကယ်လို့ ကျုပ်အနေနှင့် အခြားယောကျ်ားတစ်ယောက်ယောက်နှင့် လက်ထပ်ထိမ်းမြားတယ်ဆိုရင် အဲဒီလိုလုပ်တာကို မှားတယ်လို့ ဆိုမလား"

အာနန္ဒီသည် ရုတ်တရက် ရှိုက်ကြီးတငင် ငိုလေတော့သည်။ ရှာရဒါ၏ ရင်ခွင်ထဲတွင် မျက်နှာအပ်လျက် အတန်ကြာစွာ ငိုနေသည်။ ယောကျ်ားဆို ယင်ပိုမှ မသန်းခြင်းနှင့် မှုံ့ရွှန်းထင်းခံရခြင်းစသော အကြောင်းအရာများကို စဉ်းစားဆင်ခြင်လျက် အာနန္ဒီ မိမိဘာသာ မိမိ ချမှတ်ခဲ့သောဆုံးဖြတ်ချက်သည် သူ၏နှလုံးသားထဲကို ဆူးကဲ့သို့ စူးဝင်သွားသည်။ ယခုအချိန်ကျမှ အာနန္ဒီသည် သူ၏အမှားကို သိမြင်သွားသည်။

"ရှာရဒါ ကျွန်မတော့ မှားသွားပြီ"

ယင်းသို့ပြောလျက် အာနန္ဒီသည် မာဏိက္ကမ်အား သူ ဘာကြောင့် လက်ထပ်ရသည်ဆိုသည်ကို ရှာရဒါအား ပြောပြသည်။ ထိုအချိန်၌ အာနန္ဒီသည် ရှာရဒါကို ဘာတစ်ခုမှ ထိန်ချန်မထားတော့ပေ။ ရှာရဒါက အော်ပြောလိုက်သည်။

"ကျုပ် ညည်းပြောတာ မယုံနိုင်ဘူး။ လုံးလုံး ယုံလို့မရဘူး။ ညည်း တယ်ကံဆိုးပါလား။ ကျုပ်ကို မေးမြန်းပြီး ဘာဖြစ်လို့မလုပ်တာလဲ"

"သူက သူ့ကိုယ်သူ ထိန်းချုပ်ဖို့အတွက် ငါးမိနစ်တောင်မှ မကြာဘူး။ ကျွန်မအတွက်ကတော့ ငါးရက်လောက်ကြာသွားတယ်။ ရှုပ်ထွေးလယ်ထဲမှာ ငါးစုန်းစုန်း မြုပ်သွားပြီလို့ ကျွန်မ ကိုယ့်ကိုယ်ကို တွေးမိတယ်။ အဲဒီအကြောင်းကို ကျွန်မ ဘယ်သူ့ကိုမှ ပြောပြလိုတဲ့ဆန္ဒမရှိဘူး။ အဲဒီအချိန်က နည်းလမ်းတစ်လမ်းကိုပဲ ကျွန်မ တွေးမိတယ်"

ရှာရဒါသည် မိခင်စိတ် အပြည့်အဝရှိသောမိခင်တစ်ဦးကဲ့သို့ အာနန္ဒီအား လက်မောင်းနှစ်ဖက်ဖြင့် ဆွဲဖက်လိုက်သည်။ စီးကျလာသော သူ၏မျက်ရည်ပေါက်များကြောင့် အာနန္ဒီ၏ဦးထိပ် ရွဲရွဲစိုသွားသည်။ ပညာတတ်ပြီး နားလည်မှုရှိပါလျက်နှင့် အာနန္ဒီသည် ယင်းကဲ့သို့သောအမှားကို ပြုလုပ်သည်ဟူ၍ ရှာရဒါ မယုံခဲ့ပေ။ သို့ရာတွင် ယခုအခါ၌ အာနန္ဒီပြောသောစကားကို မယုံကြည်၍ မဖြစ်တော့ပေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ရှာရဒါသည် မိမိထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို ရင်ဝယ်ပိုက်လျက် ချက်ချင်း အလုပ် စတင်ဆောင်ရွက်သည်။ မုတ္တမှာလ၏ မိဘကို မည်ကဲ့သို့ပြောလိုက်သည် မသိသော်လည်း ချက်ချင်းအကျိုးသက်ရောက်မှု ရှိလာသည်ကို တွေ့ရသည်။ နောက်တစ်နေ့မှစ၍ မုတ္တမှာလသည် မာဏိက္ကမ်နှင့်အတူ အလုပ်လိုက်မသွားတော့ပေ။ အိမ်တွင်လည်း မုတ္တမှာလအား မျက်စိအောက်က အပျောက်မခံဘဲ တင်းတင်းကျပ်ကျပ် သတိထားနေကြသည်။ မုတ္တမှာလ၏အမေ ဝေလေယက မာဏိက္ကမ်အား သူ၏သမီး မင်္ဂလာဆောင်တော့မည်ဖြစ်၍ အလုပ်သွားလုပ်နိုင်တော့မည်မဟုတ်ကြောင်း ပြောပြလိုက်သည်။

မာဏိက္ကမ်၏အခြေအနေသည် ဒဏ်ရာရသွားသော ကျားကဲ့သို့ ဖြစ်သွားသည်။ မည်သူ့ကိုမှလည်း ဖွင့်ဟမေးမြန်းစုံစမ်းနိုင်သည့် အခြေအနေမရှိပေ။ သို့ရာတွင် သူ၏လျှို့ဝှက်ချက် ပေါ်သွားပြီဆိုသည်ကို သိသွားသည်။ သူ့အနေနှင့် ယခုအခါတွင် မည်သည့်နည်းနှင့်မျှ ဖွင့်ဟပြောပြနိုင်သည့် အခြေအနေမရှိပေ။ သူ့လျှို့ဝှက်ချက်ကို မည်သူက ဖော်ထုတ်သနည်းဟူ၍ မတွေးတတ်အောင်ဖြစ်နေသည်။ ယင်းလျှို့ဝှက်ချက်ကို ဘယ်လိုလုပ်သိသွားကြသနည်း။

ယင်းအချက်မှာ မည်သူ့ကိုမှ မေးမြန်းစုံစမ်း၍ မဖြစ်နိုင်သည့်အချက်ဖြစ်နေသည်။ အာနန္ဒီ၏အပြုအမူ၌ ပြောင်းလဲမှုရှိလာပြီး မိမိအား ဂရုတစိုက်မပြုသည်ကို တွေ့ရသောကြောင့် မာဏိက္ကမ်သည် အတန်ငယ် သံသယဖြစ်လာသည်။ သို့ရာတွင် ထိုအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မေးမြန်းစုံစမ်းနိုင်သည့် သတ္တိလည်း သူ့တွင်မရှိပေ။ ထို့ကြောင့် ဖုံးဖုံးဖိဖိ လုပ်လျက် အာနန္ဒီနှင့်ပတ်သက်၍ သူ့အမေကို မေးမြန်းစုံစမ်းကြည့်သည်။

ထမင်းစားရင်း မာဏိက္ကမ်က စကားစသည်။

"အမေ့ချွေးမ ကြည့်ရတာ မျက်နှာမကောင်းပါလား။ အမေသူ့ကို ဆူလို့လား"

"သူ့ကို ဆူလားပူလားလုပ်ရင် သားက အမေ့ကို ခွင့်လွှတ်မှာတဲ့လား။ သားကို ကြောက်လွန်းလို့ အမေ ဒီအိမ်မှာ ဘာမဆိုသည်းညည်းခံပြီး ခေါင်းငုံ့နေလာခဲ့တယ်"

ကျေလမ္မာလခမျာမှာ သူ့သားက သူ့ချွေးမအပေါ် မျက်စောင်းတစ်ချက် ထိုးကြည့်ခွင့်ပင်မပေးသည့်အတွက် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေသည်။

မာဏိက္ကမ်က ပြောသည်။

"အာနန္ဒီကိုကြည့်ရတာ အရင်လိုမဟုတ်ဘူး။ မျက်နှာအမူအရာလည်း ညှိုးညှိုးငယ်ငယ်ဖြစ်နေတယ်"

"ပုတ်သင်ညိုလို ခုတစ်မျိုး ခုတစ်မျိုး အရောင်ပြောင်းနေတဲ့ သားမိန်းမအကြောင်းကို အမေဘာသိမှာလဲ။ သားကိုယ်တိုင် အဲဒီဒုက္ခကိုဝယ်တာ မဟုတ်လား"

ယင်းသို့ပြောလျက် အမေက သားကို ခနဲ့လိုက်သည်။ အတန်ငယ်ကြာသောအခါ အမေက သားကိုထပ်ပြောလိုက်သည်။





"ရှာရဒါဆိုတဲ့ ကောင်မလေးတစ်ယောက် ဒီကိုလာလာပြီး သူ့ကို တို့မီးရှို့မီး လုပ်နေတယ်ထင်တယ်။ သူတို့နှစ်ယောက် တီးတိုးတီးတိုးနှင့် ဘာစကားတွေ ပြောနေကြသလဲ မသိဘူး"

တစ်ယောက်ယောက်က သူ၏ဦးခေါင်းကို လက်သီးနှင့် ထိုးလိုက်သည်ဟု မာဏိက္ကမ်ထင်သွားသည်။ သူ၏ သံသယလည်း ရှင်းသွားသည်။ ရှာရဒါအား အကြီးအကျယ် ဒေါသထွက်သွားသည်။ ရှာရဒါသည် သူတစ်ပါးတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများတွင် အဓိပ္ပာယ်မရှိ ဝင်စွက်တတ်သူဖြစ်၍ သတိထားပြီးနေရန် သူ့အမေအား မာဏိက္ကမ်က သတိပေးသည်။

ကျေလမ္မာလက 'ဒေါသနှင့်ပြောသည်။

"အဲဒါ အမေ့ကို ဘာဖြစ်လို့လာပြောနေတာလဲ။ ကိုယ့်မယားကိုယ် သွားပြောပါလား"

"ဒီနေ့ကစပြီး အမေ ကိုယ့်ချွေးမကို မျက်စိအပြတ်မခံပါနှင့်။ အပြင် အလုပ်တွေကို လုပ်နေရတဲ့အတွက် ကျွန်တော့်အနေနဲ့က အားတယ်လို့မရှိဘူး။ ကျွန်တော့် နောက်ကွယ်မှာ အမေသူ့ကို နှိမ်ထားပါ"

ကျေလမ္မာလသည် သူ့နားသူ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ မိမိ၏ ဖနိုးမယားအား နတ်ဒေဝီအလားထင်မှတ်ပြီးလျှင် ဦးခေါင်းပေါ်ရွက်ထားသော သူ့သားက ဤကဲ့သို့ ပြောပြနေသည်ကို ကြားရသောအခါ ကျေလမ္မာလသည် ယုံရခက်ကြီး ဖြစ်သွားသည်။ သားပြောမှာကြောက်သောကြောင့်သာလျှင် ယနေ့အထိ အာနန္ဒီ၏အလုပ်တွင် ဘာတစ်ခုမှ ဝင်စွက်ခြင်းမပြုလုပ်ခဲ့ပေ။ မိမိ၏သားသည် မိမိ၏လျှာတွင် ခတ်ထားသော သော့ခလောက်ကို ဖွင့်လိုက်ပြီဟူ၍ ကျေလမ္မာလ ထင်မှတ်သွားသည်။ ချည်နှောင်ထားသော မျောက်၏သံကြိုးကို ဖြုတ်လိုက်သောအခါ မျောက်သည် မည်သို့မည်ပုံ ပြုလုပ်မည်နည်း။

"သား၊ သားရဲ့ ဦးနှောက်ကောင်းသွားပြီ။ အခု ဒီကမ္ဘာလောကမှာ သားကောင်းကောင်းနေလို့ရသွားပြီ"

ယင်းသို့ပြောလျှက် ကျေလမ္မာလသည် မိမိ၏သားအား စိတ်ထဲက ဆုမွန်ပေးသနားလိုက်သည်။

မာဏိက္ကမ်သည် စိတ်ထဲက ရယ်ရင်း ထမင်းပြီးအောင်စားပြီးလျက် ထလိုက်သည်။ အာနန္ဒီနှင့်ပတ်သက်၍ ထွက်နေသောသူ၏ဒေါသသည် ပြေပျောက်ငြိမ်းအေး မသွားသေးပေ။ အာနန္ဒီအား ကလဲ့စားချေရန်အတွက် မိခင်ကျေလမ္မာလထက်သာသော အခြား တစ်ယောက်ယောက်ကို ရှိဖို့ မဖြစ်နိုင်ပေ။ အာနန္ဒီက မိမိအား တစ်စုံတစ်ခု မပြောခင်မှာပင် အမေသည် အာနန္ဒီအား မလှုပ်နိုင်အောင် လုပ်ထားတော့မည်ဟူ၍ မာဏိက္ကမ်က တွက်လေသည်။ မာဏိက္ကမ်က သူ့ဟာသူ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပြီးတာ ဖြစ်ပေစေတော့။ မုဋ္ဌမှာလအစား တခြားမုဋ္ဌမှာလတွေ အများကြီး ရနိုင်တယ်။ အဲဒီအခါမှာ အာနန္ဒီ ဘာတတ်နိုင်ဦးမှာလဲ"

ယင်းသို့ စဉ်းစားပြီးလျှင် မာဏီကွန်သည် ကားစက်နှိုးလျက် အပြင်ဘက် ထွက်သွားသည်။

မာဏီကွန် မီးစိမ်းပြလိုက်ပြီး နောက်တစ်ရက်ကပင်စ၍ ကျေလမှာလသည် ထိုအိမ်၌ နဂါးမှန်းသိအောင် အမောက်ထောင်ပြလေတော့သည်။ ထိုအိမ်၌ရှိသော မည်သူမဆို သူ၏ မည္သာမတာပြောသောစကားများကို ကြားရသည့်အခါ နားပိတ်ထားချင်ကြသည်။ ကျေလမှာလသည် အကြောင်းအရာဟူသမျှ အလုပ်ဟူသမျှ၌ အမှားကိုသာလျှင် ရှာဖွေဖော်ထုတ်နေသည်။ ကျေလမှာလ၏ ပထမဦးဆုံးသားကောင်မှာ အာနန္ဒီ၏အဘွားဖြစ်သည်။ အာနန္ဒီ၏အဘွားသည် စကားပွင့်ပွင့်ပင် ပြောတတ်သူမဟုတ်ပေ။ အသက်အရွယ် အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း အိမ်သူအိမ်သားများအတွက် တစ်ခုမဟုတ်တစ်ခု လုပ်နေတတ်သည်။ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ ရက်ရောခြင်း၊ သည်းခံခြင်းစသည်တို့ကလွဲ၍ တခြားမည်သည့် စိတ်ထားမျိုးနှင့်မှ အကျွမ်းတဝင်မရှိပေ။

အဘွားကြီးသည် ရုတ်တရက် နေထိုင်မကောင်းဖြစ်လာသည်။ သူ၏ အရွယ်နှင့် ကျေလမှာလ၏ ရက်စက်ကြမ်းကြုတ်မှုပေါင်းပြီးလျှင် အဘွားကြီးအား အိပ်ရာမှ မထနိုင်အောင် လုပ်ထားလိုက်သည်။

အာနန္ဒီသည် အိမ်အပေါ်ထပ်ကအခန်း၌ မနေတော့ဘဲ အဘွား၏အနီး၌ နေလေသည်။ တစ်နေ့လုံး တစ်ညလုံး အဘွားအား ပြုစုစောင့်ရှောက်ရင်းနှင့် သူ၏တစ်ချိန်လုံး ကုန်လွန်သွားသည်။ အဘွားကို ပြုစုစောင့်ရှောက်နေရသည့်အတွက် မိမိ ဒုက္ခနှင့်ပတ်သက်၍ စဉ်းစားတွေးတောနိုင်ချိန်ပင် မရတော့ပေ။ အဘွား၏အနီး၌ နေရသည့်အတွက် အာနန္ဒီသည် ငြိမ်းချမ်းမှုတစ်မျိုး ရရှိနေသည်။

ကျေလမှာလ၏အပြုအမူ၌ ရုတ်တရက် ပြောင်းလဲမှုရှိလာသည့်အတွက် အာနန္ဒီ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ ယင်းပြောင်းလဲမှု၏အကြောင်းကို နားမလည်ပေ။ တစ်နေ့တွင် ရာရဒါရောက်လာသည်။ ကျေလမှာလသည် ...

"ညည်း အိမ်မှာ ညည်းလုပ်စရာ ဘာအလုပ်မှမရှိတဲ့အတွက် အာနန္ဒီကိုလည်း ဘာမှလုပ်စရာ အလုပ်မရှိတဲ့လူတစ်ယောက်လို့ ညည်းထင်နေတယ် မဟုတ်လား" ဟု ပြောပြီးလျှင် ရာရဒါအား ပြန်လွှတ်လိုက်လေသည်။

ယင်းသို့ပြုလုပ်ခြင်းကို အာနန္ဒီ သည်းခံမနေနိုင်ပေ။ သို့ရာတွင် မည်သို့မှလည်း မပြောနိုင်ပေ။ ဖခင်နှင့် အဘွားအား ကျေလမှာလ၏ ချုပ်ချယ်မှုအောက်မှ လွတ်မြောက်အောင် လုပ်ရန်မှာ အာနန္ဒီ၏တာဝန်ဝတ္တရားဖြစ်လာသည်။ ယဉ်ကျေးသော အိမ်ထောင်စု၌ ကြီးပြင်းလာရသော အာနန္ဒီသည် ကျေလမှာလကို ဆန့်ကျင်ဘက်မပြုနိုင်ပေ။





တစ်နေ့ ညနေချမ်းအချိန်၌ အဘွားအိပ်ပျော်နေသည်ဖြစ်၍ အာနန္ဒီသည် တစ်ကိုယ်တည်း တိတ်ဆိတ်ငြိမ်သက်စွာနေလိုသောကြောင့် အပေါ်ထပ်တက်လာသည်။ စိတ်နှလုံးတွင် ဝိနေသောဝန်ထုပ်ဝန်ပိုးကြောင့် မောသလိုလို ခံစားနေရသည်။ ခုတင်ပေါ်လှဲလျက် ပြတင်းပေါက်မှ မြဲဥယျာဉ်ဘက် လှမ်းကြည့်လိုက်သည်။

"ဟိုမှာ တွေ့ရတဲ့ သစ်ပင်ပန်းပင်တွေ၊ ငှက်တွေ၊ ရှဉ့်တွေဟာ ဘယ်လောက် ငြိမ်းငြိမ်းချမ်းချမ်း၊ ရွှင်ရွှင်လန်းလန်းဖြစ်နေကြသလဲ။ လူ့ဘဝကတော့ ဘာ့ကြောင့် ငရဲလို ဖြစ်နေရတာလဲ" ဟု စဉ်းစားဆင်ခြင်မိသည်။

ရုတ်တရက် ခပ်လှမ်းလှမ်းတွင် မြင်နေရသော အဏ္ဏာမလေတို့ အိမ်အပေါ်ထပ်သို့ မျက်စိရောက်သွားသည်။ အဏ္ဏာမလေသည် ပြတင်းပေါက်နားရပ်လျက် တစ်စုံတစ်ခုသော မြင်ကွင်းကို အာရုံစူးစိုက်ကြည့်ရှုနေသည်။ အာနန္ဒီတို့၏ အိမ်ဘက် လုံးဝလှည့်မကြည့်ပေ။ ယာဘက်လက်ထဲ၌ စုတ်တံကိုင်ထားသည်ဟု ထင်နေရသည်။

"သူ့ခမျာ စိတ်ပူပန်သောက ရောက်နေရှာတာနဲ့တူတယ်"

အာနန္ဒီညည်းလိုက်သည်။

"သူက သူ့စုတ်တံနှင့် ကိုယ့်အပူကို ဖယ်ရှားဖျောက်ဖျက်ပစ်လို့ရတယ်၊ ငါက တော့..."

အာနန္ဒီ၏မျက်လုံးမှ မျက်ရည်အလျှင်သည် ပါးနှစ်ဖက်ပေါ် စီးဆင်းသွားသည်။ အာနန္ဒီ သတိရလာသည်။ မာဏီကွန်နှင့်လက်ထပ်ရန် သတ်မှတ်ဆုံးဖြတ်ပြီးသည့်နောက် တစ်နေ့တွင် အဏ္ဏာမလေ သူ့ထံပြေးလာသည်။ အဏ္ဏာမလေ ပြောပြသောစကားကို မိမိက ငြင်းပယ်လိုက်သည်။ ထို့ကြောင့် လက်ထပ်မင်္ဂလာအခမ်းအနား ပြုလုပ်ချိန်၌ အလုပ်ကိစ္စတစ်ခုခု ရှိသည်ဟူသော အကြောင်းချက်ပြဖြင့် သူတခြားနေရာ ထွက်သွားသည်။

အတိတ်က အကြောင်းကို ပြန်ပြောင်းသတိရပြီးလျှင် အာနန္ဒီသည် ကိုယ့်ကိုယ်ကို ကျိန်ဆဲမိသည်။

"အမိုက်မ၊ ညည်းထဲရှာပြီး ရောက်လာတဲ့အခွင့်အလမ်းကို ညည်း ကန်ထုတ်ပစ်လိုက်တယ်။ အခုတော့ ညည်းအနေနှင့် ငိုရုံပဲရှိတော့တယ်။ စိတ်ရှိလက်ရှိ ငိုပေတော့"

အချိန်အနည်းငယ်ကြာသွားသောအခါ ယင်းကဲ့သို့ စဉ်းစားခြင်းသည် မှား၏ဟူ၍ ထင်မြင်လာပြန်သည်။ မျက်ရည်သုတ်လျက် အာနန္ဒီသည် မျက်လုံးကို မှိတ်လိုက်သည်။ မျက်လုံးကသာလျှင် သူ့အား အတိတ်အကြောင်းကို သတိရစေသည်။ ထို့ကြောင့် မျက်လုံးပိတ်ထားလိုက်လျှင်ကောင်းမည်ဟု သတိရလာသည်။ အချိန်အတန်ကြာမျှ မျက်စိမှိတ်ပြီး လဲလျောင်းနေသည်။ လှေကားပေါ် တစ်စုံတစ်ယောက်တက်လာသည့်အသံ ကြားလိုက်ရသည်။ အာနန္ဒီ လှည့်မကြည့်ပေ။ မိမိအိပ်ပျော်နေသည်ဟု တက်လာသူ ထင်မှတ်သွားစေရန် မတုန်မလှုပ် လှဲလျောင်းနေသည်။ ထိုအချိန်၌ သူ့အတွက် တိတ်ဆိတ်မှု လိုအပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ၏အခန်းအနီးသို့ ခြေသံရောက်လာသည်ဟု၍ထင်သွားသည်။ ထို့နောက် ခြေသံရပ်သွားသည်။ တစ်စုံတစ်ယောက် သူ့ဘေးတွင်ရပ်လျက် သူ့ကို ကြည့်နေသည်ဟု ထင်သွားသည်။ နောက်တစ်ခဏ၌ပင် မာဏိက္ကမ်သည် သူ့အပေါ် လှဲချလိုက်သည်။ မျက်လုံးတွင် ရာဂအခိုးအငွေ့သန်းနေသည်။ ကိုယ်ခန္ဓာ ပူလောင်နေသည်။

အာနန္ဒီသည် ရုတ်တရက် မျက်လုံးဖွင့်ကြည့်လျက် လက်နှစ်ဘက်ဖြင့် မာဏိက္ကမ်အား အားစိုက်လျက် တွန်းပစ်လိုက်သည်။ ချက်ချင်း ထထိုင်လိုက်သည်။ ထိုအချိန်၌ အာနန္ဒီ၏မျက်လုံးသည် မီးကျီးကဲ့သို့ တောက်နေသည်။

အာနန္ဒီက အော်ပြောလိုက်သည်။

"ကျွန်မကို မထိနှင့်၊ ထွက်သွားပါ။ ဒီနေရာက အခု ချက်ချင်းထွက်သွားပါ"

မာဏိက္ကမ်သည် ထိုနေရာ၌ပင် ရပ်နေသည်။ အရှုံးပေးလိုက်ရသော ကျားကဲ့သို့ တစ်ဖန် အာနန္ဒီအနား ကပ်လာပြန်သည်။ အာနန္ဒီသည် စက်ဆုပ်ရွံရှာသည့်အမူအရာဖြင့် တွန်းပစ်လိုက်ပြန်သည်။

အတန်ငယ်ကြာသွားသောအခါ စိတ်တည်ငြိမ် ဣန္ဒြေရသွားပြီးလျှင် အာနန္ဒီသည် လက်အုပ်ချီလျက် မာဏိက္ကမ်အား

"ကျေးဇူးပြုပြီးတော့ ကျွန်မအနား မလာပါနှင့်။ ကျေးဇူးပြုပြီးတော့ ဒီနေရာက ထွက်သွားပါ။ ကျွန်မ တောင်းပန်ပါတယ်" သူ၏အသံ၌ စိတ်လိုက်မာန်ပါမရှိပေ။ သို့ရာတွင် မီးမြိုက်ထားသော သံချောင်းကဲ့သို့ လောင်ကျွမ်းနေသည်ဟူ၍ ထင်နေမိသည်။

မာဏိက္ကမ်သည် သူ၏အရှုံးကို အလွယ်တကူ လက်ခံလိုစိတ်မရှိပေ။ အာနန္ဒီကို စူးစိုက်ကြည့်ပြီးလျှင် ဒေါသနှင့် "အာနန္ဒီ"ဟု အော်လိုက်သည်။

"အာနန္ဒီမရှိတော့ဘူး။ သေသွားပြီ။ ရှင် အာနန္ဒီကို မေ့ပစ်လိုက်တော့"

ယင်းသို့ပြောပြီးလျှင် အာနန္ဒီသည် လျှပ်စီးကဲ့သို့ လျှင်မြန်သောအဟုန်ဖြင့် အောက်ထပ် ဆင်းသွားသည်။ မာဏိက္ကမ်သည် အာနန္ဒီကို တားဆီးမထားနိုင်ပေ။

မာဏိက္ကမ်က "မင်းက ဒါလောက်ပဲ မာနကြီးနေသလား။ သိရောပေါ့။ မင်းကို ဖြောင့်လာအောင် မလုပ်နိုင်ရင် ငါ့နာမည် မာဏိက္ကမ်မဟုတ်ဘူး"ဟု အော်ပြောလိုက်သည်။ အာနန္ဒီလည်း ကြားလိုက်ရသည်။

အာနန္ဒီသည် ရေချိုးခန်းထဲ ပြေးဝင်သွားသည်။ ရေပိုက်ကို ဖွင့်လျက် ရေပိုက်အောက်၌ ရပ်လိုက်သည်။ မာဏိက္ကမ် ထိကိုင်လိုက်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ အပူ ပြေပျောက်သွားသည်အထိ ရေချိုးနေသည်။ ရေပိုက်မှ ရေ အဆက်မပြတ် ကျနေသည်။ သို့ရာတွင် သူ့ကိုယ်ခန္ဓာ၏အပူမှာ ငြိမ်းအေးမသွားပေ။

✦ ✦ ✦





ဘတ်စ်ကားတစ်စီးသည် ဆူညံစွာ အသံမြည်ပြီးလျှင် တစ်နာရီ မိုင်နှစ်ဆယ်နှုန်းဖြင့် တိရုကိုရာပလ္လိမှ ကျောတိနာဒုဘက် ပြေးသွားနေသည်။ ဘတ်စ်ကားမှာ ကားဟောင်းဖြစ်သည်။ လမ်းကလည်းကြမ်းသည်။ ဆုန္ဒရီနှင့် အဏ္ဏာမလေတို့သည် တစ်ယောက်နှင့်တစ်ယောက် ကပ်ထိုင်လျက် ထိုဘတ်စ်ကားဖြင့် ခရီးသွားနေကြသည်။

သူတို့နှစ်ယောက်သည် မဒရပ်မှ မီးရထားဖြင့် ထွက်လာလျက် နံနက်စောစော တိရုကိုသို့ ရောက်ရှိလာကြသည်။ နံနက်စာ စားပြီးချိန်၌ တိရုကိုမှ ဘတ်စ်ကားဖြင့် ခရီးဆက်ကြသည်။ ဆုန္ဒရီနှင့် အဏ္ဏာမလေတို့သည် ပထမဆုံးအကြိမ် အတူတကွ ခရီးထွက်လာကြခြင်းဖြစ်သည်။ သူတို့နှစ်ယောက် အယ်ဒီတာ ရှုရဝဏန်၏ရွာသို့ သွားကြသည်။

မီးရထားခရီးသည်များ ပြည့်ကျပ်နေသည်။ သို့ရာတွင် အဏ္ဏာမလေ သဘောကျနေသည်။ တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့၍ သွားကြသော ခရီးသည်တို့၏ကြားထဲတွင် ဆုန္ဒရီနှင့် ကပ်ထိုင်လျက် ခရီးသွားရခြင်းကို အလွန်နှစ်သက် သဘောကျနေသည်။ ခရီးသွားနေစဉ်အတွင်း အဏ္ဏာမလေ ကျေနပ်အားရနေသလောက် ဆုန္ဒရီတစ်ယောက် နှုတ်ခမ်းဆူနေသည်။

ဘတ်စ်ကားပေါ်၌ထိုင်ရင်း အဏ္ဏာမလေသည် အပြင်ဘက်က ရှုခင်းများကို ကလေးငယ်များကဲ့သို့ တအံ့တသြငေးမောကြည့်ရှုနေသည်။ ဘတ်စ်ကားသည် ကျေးရွာများကို ဖြတ်ကျော်လျက် တောအုပ်တောတန်းဘက် ရှေ့ရှုလာသည်။ ယင်းရှုခင်းများကို တွေ့ရသည့်အတွက် အဏ္ဏာမလေ ဝမ်းသာအားရဖြစ်နေသည်။ နေရာအနှံ့အပြား၌ အပြာရောင်ပန်းပွင့်များ ပွင့်နေကြသည်။ တစ်စုံတစ်ယောက်သောသူက အပြာရောင် ဆေးခြယ်ထားသကဲ့သို့ပင် ထင်နေရသည်။ အချို့နေရာများ၌ ရောင်စုံတောပန်းများ ပွင့်နေကြသည်။

တစ်ခါတစ်ရံ ဘတ်စ်ကားကို အရပ်ခိုင်းပြီးလျှင် ဆုန္ဒရီနှင့်အတူ တောထဲဝင်ကြည့်ချင်သည့်စိတ်ပေါ်လာသည်။ ဆုန္ဒရီကို ပြောပြလိုက်သည်။

"ဆုန္ဒရီ၊ ဟိုမှာ ကြည့်စမ်း၊ အပြာရောင်ပန်းပွင့်တွေ၊ ကရိရှဏ ဘုရားရှင်ရဲ့ အဆင်းကို အဲဒီပန်းတွေနှင့် ဥပမာပေးကြတယ်။ ဟိုခပ်လှမ်းလှမ်းမှာလည်း ပန်းတွေ ပွင့်နေတယ်။ အဲဒီပန်းပွင့်တွေရဲ့ အမည်ကိုတော့ မသိဘူး။ ကြည့်စမ်း၊ ချုံထဲမှာ ဘယ်လောက် အသွေးစုံ အရောင်စုံပန်းတွေ ပွင့်နေကြသလဲ"

ဆုန္ဒရီသည် အဏ္ဏာမလေနှင့် ကပ်ထိုင်နေသော်လည်း စိတ် ဘယ်ရောက်နေသည် မသိပေ။ တကယ်တွဲ မီးရထားစီးရခြင်းကို လုံးဝမကြိုက်ပေ။ ဘတ်စ်ကားခရီးကိုမူ ပို၍ပင် စိတ်ပျက်နေသည်။ အဏ္ဏာမလေနှင့် ခရီးသွားရခြင်းကိုလည်း စိတ်ပါလက်ပါမရှိပေ။ အဏ္ဏာမလေအား စိတ်ထဲက ကျိန်ဆဲနေသည်။

ဆုန္ဒရီက အဏ္ဏာမလေအား ကြိမ်းမောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို အခုလို ဘာဖြစ်လို့ ဒုက္ခပေးနေရတာလဲ။ ရှင်ဟာ သူငယ်နပ်စားလုံးလုံးဖြစ်တယ်။ ရှင့် အမူအရာကို တွေ့ရရင် အနားမှာထိုင်နေတဲ့ လူတွေ ဘယ်လိုအောက်မေ့ကြမလဲ"

"မြို့ထဲမှာ မင်းဒီလို ရှုခင်းမျိုးကို တွေ့ရလို့လား။ အခုတွေ့နေရတာတွေကို မင်း မြို့ရဲ့ဝန်းကျင်မှာ တွေ့နိုင်ပါ့မလား"

"အဲဒါတွေကို ရှင်ပဲကြည့်ပါ။ ကျွန်မကို လာအနှောင့်အယှက် မပေးပါနဲ့"

အဏ္ဏာမလေက "မင်းကို ငါ ဘာနှောင့်ယှက်နေလို့လဲ"ဟု တအံ့တဩမေးလိုက်သည်။ မိမိဟာ မိမိလည်း ပြောနေသည်။

"မင်းတော်တော် တုံးတယ်။ ဒီရှုခင်းတွေကို ကြည့်ပြီးတော့ စိတ်ရွှင်လန်းချမ်းမြေ့မှုဖြစ်ရမှန်း နားမလည်ဘူး။ ဘုရားသခင်က မင်းကိုဒါလောက်လှတဲ့ မျက်လုံး ဘာကြောင့်ပေးထားတယ်မသိဘူး" အဏ္ဏာမလေသည် ဆုန္နရီကို ဘာမှမပြောတော့ပေ။ သူ့ကို ပြန်လည်ရန်တွေ့မည်စိုးသည့် အတွက်ကြောင့်ဖြစ်သည်။ ဒေါသထွက်နေသည့်အချိန်၌ ဆုန္နရီသည် အချိန်နှင့်နေရာ ရွေးသူမဟုတ်ပေ။

ကလေးငယ်သည် ကစားဖော်မရှိသောအခါ ကိုယ့်ဟာကိုယ် ကစားသကဲ့သို့ အဏ္ဏာမလေလည်း လမ်းတွင် မြင်တွေ့ရသမျှသော အရာဝတ္ထုအသစ်တို့ကို ကြည့်လျက် စိတ်ရွှင်လန်းချမ်းမြေ့မှုရှိနေအောင် ကြိုးစားအားထုတ်နေသည်။ တစ်စုံတစ်ခုအရသာခံစားရန်နှင့် ရွှင်လန်းချမ်းမြေ့အောင် ပြုလုပ်ရန်အတွက်လည်း အပေါင်းအဖော်လိုသည်ဟူ၍ အဏ္ဏာမလေက တွက်သည်။ အကယ်၍ တစ်ယောက်တည်းခရီးထွက်လာလျှင် ဆုန္နရီလိုက်ပါလာပါက ဘယ်လောက်ကောင်းမည်နည်းဟူ၍ စဉ်းစားမိမည်မှာ အမှန်ဖြစ်သည်။ ယခုအခါ၌ကား ဆုန္နရီသည် သူနှင့်အတူရှိနေသည်။ မိမိတွင် ရှိသမျှအားလုံး အလုခံရသလိုဖြစ်သွားသည်ဟူ၍ အဏ္ဏာမလေ တွေးမိလေသည်။

လမ်းခရီး၌ တောသားတစ်ယောက် ဘတ်စ်ကားပေါ်တက်လာသည်။ ခါးလုံရှည်လောက်သာ ဒိုတီဝတ်ထားသည်။ သို့သော်လည်း သူ၏ဆံထုံး၊ ထောင်နေသော နှုတ်ခမ်းမွေး၊ ကျယ်ပြန့်သောရင်အုပ် စသည်တို့ကို တွေ့ရသောအခါ ရှေးခေတ်သူရဲကောင်းများကို ပြန်လည်သတိရလာသည်။ တောသားကြီး၏မျက်လုံးမှာ ဝိုင်းစက်ပြူးကျယ်ပြီး အနီရောင်ဖြစ်သည်။ ကိုယ်ခန္ဓာကြီးမား တုတ်ခိုင်လှသည်။ သူ၏အနီး၌ ထိုင်နေသောမိန်းမသည် သူ၏ဇနီးဖြစ်ပုံရသည်။ မိန်းမ၏နားနှစ်ဖက်၌ နားတန်ဆာသုံးမျိုး ဆင်ထားသည်။ လည်ပင်းတွင် ဆွဲထားသော ပုလဲပုတီးတွင် ပွင့်ကာစ လတ်လတ်ဆတ်ဆတ် ကြာနီပွင့်ငယ်တစ်ပွင့် ချိတ်နှောင်ထားသည်။

ထိုမိန်းမကြီးသည် သူ၏အိတ်ကလေးကိုဖွင့်လျက် ကွမ်းယာထုတ်ပြီးလျှင် ကွမ်းယာတစ်ယာကို သူ့ယောကျ်ားအားပေးလျက် ကွမ်းယာတစ်ယာကို သူ့ပါးစပ်ထဲ ထည့်





လိုက်သည်။ နီရဲသောနှုတ်ခမ်းသည် ပို၍ နီရဲသွားသည်။ အဏ္ဏာမလေသည် ထိုအချိန်၌ ပြင်ပရှုခင်းမှ မျက်စိခွာပြီးလျှင် လင်မယားနှစ်ယောက်ကို ဂရုတစိုက်ကြည့်ရှုနေသည်။ ဆုန္နရီအား တံတောင်နှင့်တွက်လျက် "သူတို့ကို ကြည့်စမ်း"ဟူ၍ ပြောလိုက်သည်။ ဆုန္နရီ၏ နားနားကပ်၍ "သိပ်ထူးဆန်းတဲ့ မိုဒယ်တွေပဲ"ဟု ပြောပြလိုသည့် စိတ်ပေါ်ပေါက်လာသည်။ သူ့စကားကို ဆုန္နရီကြားလျှင် မျက်နှာမဲ့ရွဲ့သွားမည်ဟူ၍ ထင်မိသောကြောင့် ခပ်မဆိတ်နေလိုက်သည်။ စိတ်ထဲတွင် ပေါ်လာသည်ကို ဆုန္နရီအား ပြောမပြရဲပေ။

အဝေးပြေးလမ်းမ၏ ကွေ့တစ်ကွေ့၌ ကားရပ်သည်။ ဆုန္နရီနှင့် အဏ္ဏာမလေတို့တွင် သေတ္တာနှင့် အိပ်ရာလိပ်ကိုယူလျက် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ကြသည်။ ရွာသားတစ်ယောက်သည် အလွန်တရာတက်ကြွစွာဖြင့် "လာပါခင်ဗျာ၊ လာပါခင်ဗျာ"ဟု ပြောလျက် သူတို့ကို ခရီးဦးကြိုပြုပြီးလျှင် သူတို့၏ဝန်စည်စလယ်များကို ဆွဲယူသည်။ အနီးတွင် ရပ်ထားသော နွားလှည်းကို တွေ့ရသောအခါ ဆုန္နရီနှင့် အဏ္ဏာမလေတို့သည် "ထိုလူသည် မိမိတို့အား နွားလှည်းနှင့် ခေါ်သွားလိမ့်မည်"ဆိုသည့်အကြောင်းကို သိရှိသွားကြသည်။

"ကျွန်တော့်နာမည်က အာရုမုဂန်လို့ ခေါ်ပါတယ်။ ခင်ဗျားတို့ ပထမရထားနှင့် လာလိမ့်မယ်ဆိုတဲ့အကြောင်း ညီတော်မောင် ရှုရဝဏန်က စာရေးထားတယ်" ယင်းသို့ ပြောလျက် ရှုရဝဏန်၏အစ်ကိုသည် သူ့ကိုယ်သူ မိတ်ဆက်သည်။

မြို့ပြတွင် ကြီးပြင်းလာခဲ့ရသော အဏ္ဏာမလေနှင့် ဆုန္နရီတို့သည် ထိုပုဂ္ဂိုလ်၏ စကားကို ကြားရသောအခါ အံ့အားသင့်သွားကြသည်။ ထိုပုဂ္ဂိုလ်၏ကိုယ်ပေါ်၌ ဇွပ်ကျယ်တစ်ထည်သာ ဝတ်ထားပြီး ခါးတွင် ဒိုတီဝတ်ထားသည်။ ပခုံးပေါ်၌ မျက်နှာသုတ်ပဝါတစ်ထည် တင်ထားသည်။ သူ၏ပုံပန်းသဏ္ဍာန်သည် ရှုရဝဏန်နှင့် အတော်ပင်တူသည်။ သို့ရာတွင် ထိုသူက ရှုရဝဏန်ထက် ပို၍ကျန်းမာပုံရသည်။ အဏ္ဏာမလေနှင့် ဆုန္နရီတို့နှစ်ယောက် နွားလှည်းပေါ် တက်ထိုင်ကြသည်။ နွားလှည်းမှာ လှည်းယဉ်ကလေးဖြစ်သည်။ လှည်းတွင် နွားနှစ်ကောင်တပ်ထားသည်။ နွားပျိုနှစ်ကောင်သည် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးလေသည်။

အခက်အခဲမရှိဘဲ ထိုလူ လှည်းမောင်းနေသည်ကို တွေ့ရသောအခါ အဏ္ဏာမလေလည်း လှည်းမောင်းလိုသည့်ဆန္ဒဖြစ်ပေါ်လာသည်။ စိတ်အားထက်သန်စွာဖြင့် "ကျွန်တော်လည်း လှည်းမောင်းလို့ မရဘူးလား"ဟူ၍ မေးလိုက်သည်။ အဏ္ဏာမလေ၏ စကားကို ကြားရသောအခါ လှည်းသမားကြီးသည် အလွန်တရာ အားရဝမ်းသာဖြစ်သွားသည်။

"ဘာဖြစ်လို့ မောင်းလို့ မရရမှာလဲ။ မောင်းကြည့်ပါလား။ လှည်းမောင်းတာ မျက်လှည့်ပြတာ မဟုတ်ပါဘူး။ ဒီနွားတွေကလည်း အတွေ့အကြုံရှိပြီးဖြစ်နေတဲ့ နွားတွေဖြစ်ပါတယ်"ဟု ပြောပြီးလျှင် အဏ္ဏာမလေကို ရှေ့တွင် ထိုင်ခိုင်းလျက် နှဖားကြိုးကို အဏ္ဏာမလေလက်ထဲ ထည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်တွင် ထိုင်နေသော ဆုနှင်္ရီက "ကျွန်မ မိဘမွေးတိုင်း၊ ဖမွေးတိုင်း အိမ်ပြန်ပါရစေ"ဟု အော်ပြောလိုက်သည်။ ယင်းမကားမှာ အပြောင်အပျက်ပြောသည့်စကား မဟုတ်ပေ။ ဆုနှင်္ရီသည် အမှန်တကယ်ပင် ထိတ်လန့်ကြောက်ရွံ့သွားသဖြင့် တုန်လှုပ်နေသည်။ အာရမုဂန်က ရယ်ပြီး . . .

"ကျွန်တော်အနားမှာ ထိုင်နေပါတယ်။ မကြောက်ပါနှင့်"ဟု ပြောလိုက်သည်။

နွားနှစ်ကောင်သည် လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးနေကြသည်။ နွားနှစ်ကောင်၏လည်ပင်းတွင် ဆွဲထားသောခြူးများသည် တချွင်ချွင် မြည်နေကြသည်။ လှည်း၏ အရှေ့ဘက်ပိုင်း၌ ထိုင်နေသော အဏ္ဏာမလေသည် "မိမိသည် ခေတ်ဟောင်းက ဘုရင့်သားတော်တစ်ပါးဖြစ်သည်"ဟူ၍ ထင်မြင်လာသည်။ မည်မျှ ဝမ်းသာအားရ ဖြစ်နေသနည်း ဆိုလျှင် မြင်းကထားသည့် ရထားပေါ်တွင် ဘုရင့်သမီးတော်ကိုတင်လျက် မောင်းနှင်နေသည် ဟူ၍ ထင်မြင်လာသည်။ "အချိန်ရလျှင် ဆုနှင်္ရီနှင့်အတူ နှစ်ယောက်တည်း လှည်းနှင့် လျှောက်လည်မည်"ဟူ၍လည်း စဉ်းစားထားလိုက်လေသည်။

နှစ်မိုင်လောက်သွားပြီးသည့်နောက် ရွာ၏ဘုရားကျောင်းမုခ်ဝကို တွေ့မြင်ရသည်။ ဘေးနှစ်ဘက်၌ စိမ်းလန်းစိုပြေနေသော စပါးခင်းများနှင့် ယာခင်းများကို တွေ့မြင်ရသည်။ လူတစ်ယောက်က ရေတွင်းထဲက ရေငင်ပေးပြီး အခြားတစ်ယောက်က စပါးခင်းနှင့် ယာခင်းကို ရေလောင်းနေသည်။ လက်ဝဲဘက်၌ နွားကို ရုန်းစေပြီးလျှင် ရေတွင်းမှ ရေငင်နေသည်။ စိုက်ခင်းများတွင် ရေလောင်းပေးနေကြသည်။ ထိုအချိန်၌ သီဆိုနေကြသော လယ်သူမများ၏ သီချင်းသံကို ကြားရသောအခါ အဏ္ဏာမလေသည် နွားလှည်းကို လမ်းပေါ်၌ အရပ်နိုင်း လိုက်သည်။ တန်းစီ၍ သီချင်းတကြော်ကြော် အော်ဆိုပြီးလျှင် စိုက်ခင်းများကို ရေလောင်း နေကြသော မိန်းမတစ်သိုက်ကို တွေ့မြင်ရသောအခါ အဏ္ဏာမလေ ကြက်သီးမွေးညင်း ထသွား သည်။

အဏ္ဏာမလေက အားတက်သရောပြောလိုက်သည်။

"သူတို့တစ်တွေကို ကြည့်ရတာ အလုပ်ပင်ပင်ပန်းပန်း လုပ်နေကြရပေမယ့် ပျော်ပျော်ပါးပါး ဖြစ်နေကြပုံရတယ်" ယာခင်းအစပ်၌ရှိသော သစ်ပင်များတွင် အဝတ်ကို ချည်လျက် ပုခက်သဘောမျိုး ပြုလုပ်ပြီးလျှင် တချို့မိန်းမများသည် မိမိတို့၏ကလေးများကို ပုခက်ပေါ်၌ သိပ်ထားကြသည်။ မိခင်ရှယ်ရှယ်တစ်ယောက် သစ်ပင်၏အကွယ်၌ ထိုင်လျက် ကလေးနို့တိုက်နေသည်ကိုလည်း တွေ့မြင်ရသည်။ လူသား၏ဘဝသည် သဘာဝနှင့် ရောစပ်နေသည်ဟူ၍ အဏ္ဏာမလေ တွေးမိသည်။

အာရမုဂန်က ပြောလေသည်။

"ညီတော် မောင်ရှုရဝဏန်ဟာ ဒီကို မကြာခဏ ရောက်ရောက်လာတယ်။ တစ်နှစ် နှစ်ကြိမ်၊ သုံးကြိမ်လောက်တော့ မလာဘဲမနေဘူး။ တစ်ပတ်ဖြစ်စေ၊ ဆယ်ရက်ဖြစ်စေ





ဒီမှာနေပြီးမှ ပြန်သွားတယ်။ မြို့မှာ အလုပ်လုပ်ပေမယ့် အနားယူဖို့အတွက်တော့ ဒီကိုပဲ လာတယ်။ ခင်ဗျားတို့ရဲ့မြို့မှာ ကျွန်တော် နှစ်ရက်ထက်ပိုပြီး မနေနိုင်ဘူး"

ရွာစပ်ရောက်လာသည်နှင့် အာရမုဂန်သည် သူကိုယ်တိုင် လှည်းမောင်းသည်။ ဧည့်သည်များ လာမည်ဆိုသည့်သတင်းကို ရွာသူ ရွာသားတွေအားလုံး ကြိုတင်သိထား ကြသည်။ တစ်ချို့က "ဧည့်သည်တွေ လာပြီလား"ဟု မေးကြသည်။ တချို့ကလည်း လှည်းနောက်က လိုက်ပြီးလျှင် "ကြွပါ ကြွပါ"ဟု ပြောလျက် ခရီးဦးကြိုပြုကြသည်။ အဏ္ဏာမလေသည် တွေ့ရသမျှ မြင်ရသမျှ အားလုံးကို အဆန်းချည်းဟု ထင်မှတ်နေသည်။

အဏ္ဏာမလေသည် အောက်ထပ်၌နေသောသူများက အိမ်အပေါ်ထပ်အခန်းများတွင် မည်သူမည်ဝါ နေသည်ဆိုသည်ကို မသိသော မဒရပ်မြို့မှလာသူဖြစ်သည်။

နွားလှည်းသည် အိမ်ကြီးတစ်အိမ်၏ အပြင်ဘက်ရောက်လာသောအခါ ရပ် လိုက်သည်။ မိန်းမတစ်ယောက်က "လာ၊ လာ သမီး ဆုနှင်္ရီ"ဟု ပြောပြီးလျှင် ဆုနှင်္ရီအား ခရီးဦးကြိုဆိုလျက် တစ်ယောက်နှင့်တစ်ယောက် သိဟောင်းကျွမ်းဟောင်း များဖြစ်ကြ သကဲ့သို့ပင် လည်ချင်းယှဉ်ဖက်လိုက်သည်။ အဏ္ဏာမလေကိုလည်း ဝမ်းသာအားရ ဧည့်ခံ ကြိုဆိုသည်။ ထိုမိန်းမသည် အာရမုဂန်၏မယားဖြစ်သည်။ မကြာမီအတွင်း၌ပင် ရွာသူရွာသား တစ်ဝက်သည် ထိုနေရာသို့ ရောက်လာကြသည်။ ရွာသူရွာသားများသည် ရင်းနှီးချစ်ခင်မှု အပြည့်ဖြင့် သူတို့နှစ်ယောက်အား ကြည့်နေကြသည်။

✦ ✦ ✦

ရှုရဝဏန်၏ ရွာဖြစ်သော အရေယန်ကုလန်သို့ အဏ္ဏာမလေရောက်ရှိလာပြီး နောက်တစ်နေ့၌ အဏ္ဏာမလေသည် ရှုရဝဏန်ထံမှ စာတစ်စောင်ရရှိသည်။ စာထဲတွင် ဤသို့ ရေးထားသည်။

"ပွဲနေ့များတွင် မောင့်ကို ကျုပ်တို့ ရွာလွှတ်လိုက်ခြင်းဖြစ်သည်။ ယင်းသို့ လွှတ်လိုက်ခြင်း၌ အကြောင်းနှစ်ကြောင်းရှိသည်။ ပထမအကြောင်းမှာ ရွာမှာ မောင်ကိုယ့်ဇနီး နှင့်အတူ ပျော်ပျော်ပါးပါးနေနိုင်ရန်ဖြစ်ပြီး နောက်တစ်ကြောင်းက ပန်းချီဆွဲရန်အတွက် ပုံကြမ်း အသစ်များ အများအပြား ရရှိနိုင်လိမ့်မည်ဟူ၍ မျှော်လင့်ခြင်းဖြစ်သည်။ ကျေးရွာဘဝသည် ယခုအချိန်၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည်။ ကျုပ်ငယ်စဉ်က အရေယန်ကုလန်ရွာသည် ယခု အရေယန်ကုလန်မဟုတ်တော့ပေ။ ဆယ်နှစ်၊ အနှစ်နှစ်ဆယ် နောက်ပိုင်းကျလျှင် ရွာ၏ ရှေးဟောင်းအသွင်အပြင်သည် လုံးဝပျောက်ကွယ်သွားလိမ့်မည်။ ခေတ်အဆက်ဆက်ကစ၍ ကျုပ်တို့ ရွာသူရွာသားများ၏ဘဝနှင့် ဆက်စပ်လျက် ထွန်းကားလာခဲ့သော ယခုအခါတွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် အနုပညာရှင်း၊ ရုက္ခကွက်များကို မောင့်အနေနှင့် ကျုပ်ပေါ်မှာ


www.burmeseclassic.com

www.burmeseclassic.com



ရေးခြယ်ပုံဖော်စေလိုသည့် ရည်ရွယ်ချက် ကျုပ်တွင် ရှိသည်။ မောင်ရင် စိတ်ကြိုက်ပန်းချီပုံများရေးဆွဲပြီး ပြန်ယူလာလိမ့်မည်ဟု မျှော်လင့်ပါသည်''

ရွာထဲရောက်လာသည့်အချိန်၌ အဏ္ဏာမလေစိတ်ထဲတွင် ဖြစ်ပေါ်လာသော အကြောင်းအရာများကိုပင် ရှုရဝဏ်၏လေးစာထဲတွင် ရေးထားသည်။ ပထမဆုံးစ၍ တွေ့ရသော ရှုခင်း၊ ရှုကွက်သည် အဏ္ဏာမလေ၏စိတ်နှလုံးထဲတွင် အပြည့်အဝ စွဲထင်သွားသည်။ ယင်းရှုခင်းရှုကွက်ကို တွေ့ရသောအခါ စိတ်ထဲတွင်ဖြစ်ပေါ်လာသည့်အတွေးများကို အဏ္ဏာမလေသည် သူ၏ပန်းချီပုံထဲတွင် ဖော်ပြလိုသည့်ဆန္ဒဖြစ်ပေါ်လာသည်။

ရွာမှာ အလွန်သေးငယ်သော ရွာကလေးတစ်ရွာဖြစ်သည်။ ရွာကို တစ်ပတ် ပတ်၍ ကြည့်ရှုသည်မှာ အချိန်မကြာလိုက်ပေ။ ရွာလယ်၌ ဘုရားကျောင်းတစ်ကျောင်းရှိသည်။ ဘုရားကျောင်း၏ သုံးဘက်သုံးတန်၌ ရွာတည်ထားသည်။ ဘုရားကျောင်း၏ အနောက်ဘက်၌ ကြာရေကန်တစ်ကန်ရှိသည်။ ရွာ၏ လေးဘက်လေးတန်၌ စပါးခင်းနှင့် ယာခင်းများရှိသည်။ ရွာအပြင်ဘက် အရှေ့ဘက်ရွာစပ်၌ ဥယျာဉ်တစ်ခုထဲတွင် ရွာနတ်ကွန်းတစ်ခုရှိသည်။ ယင်းနတ်ကွန်း၌ ကျင်းပပြုလုပ်သောပွဲသည် ရွာ၏အကြီးဆုံးသော ပွဲလမ်းသဘင်ဖြစ်သည်။ ထိုရွာ၏ ဒုတိယအကြီးဆုံးပွဲလမ်းသဘင်မှာ မကရဆံကရွှဲပွဲသဘင်ဖြစ်သည်။

ထိုရွာထဲတွင် ဟိုနေရာသည်နေရာ၌ ပွဲသဘင်အတွက် ပြင်ဆင်နေကြသည်။ ဥယျာဉ်အတွင်းရှိ ရွာနတ်ကွန်း၌ လူသူတိတ်ဆိတ်ငြိမ်သက်နေသည်။ နတ်ကွန်း၏ သုံးဘက်သုံးတန်အနီး၌ သစ်ပင်များပေါက်နေကြသည်။ ကြိုကြားကြိုကြား၌ အရိပ်အာဝါသ ကောင်းသော သစ်ပင်တချို့ရှိနေကြသည်။ မည်းနက်သော ကျောက်ဖြင့်လည်းကောင်း၊ ဖုတ်ထားသော မြေကြီးဖြင့်လည်းကောင်း ပြုလုပ်ထားသော ဆင်နှင့် မြင်းကို စီးနေကြသည့် သူရဲကောင်းရုပ်ပုံများကို တွေ့ရသောအခါ အဏ္ဏာမလေ တအံ့တသြဖြစ်သွားသည်။ ရွာနတ်သည် ရွာသူရွာသားများအား ကာကွယ်စောင့်ရှောက်ရန်အတွက် ထာဝရစစ်တပ်ကို စီစဉ်ပေးထားသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။

ပလာစတာဖြင့်လည်းကောင်း၊ ဖုတ်ထားသော မြေကြီးဖြင့်လည်းကောင်း ထုလုပ်ထားသော ရုပ်တုတစ်ချို့မှာ ကျိုးပဲ့နေကြပြီး၊ တစ်ချို့မှာ ကျိုးပဲ့မည့်တဲတဲ ဖြစ်နေကြသည်။ နတ်ကွန်းအပြင်ဘက်ရှိ သစ်ပင်တစ်ပင်အောက်၌ မြေကြီးဖြင့် ထုလုပ်ထားသော ကလေးရုပ်ထုများနှင့် ရာပေါင်းများစွာသော မြွေရုပ်ထုများကို တွေ့မြင်ရသည်။ ကလေးသူငယ်များအား အနာရောဂါ မကပ်ရောက်စေရန်နှင့် မိမိတို့ကိုယ်ကို မြွေဆိုးတို့၏ အန္တရာယ်မှကာကွယ်ရန်အတွက် ဆုတောင်းပြီးလျှင် ရွာသူရွာသားတို့သည် ထိုနေရာ၌ ကလေးရုပ်ထုများနှင့် မြွေရုပ်ထုများကို လာထားကြသည်ဟု ကြားသိရသည်။

အဏ္ဏာမလေသည် သစ်ပင်တစ်ပင်အောက်တွင် ထိုင်လျက် ထိုနတ်ကွန်း၏ပုံကို ခဲဖြင့်ရေးဆွဲနေသည်။ ထိုနေရာသည် ခေတ်အဆက်ဆက်ကစ၍ ထိုရွာသူရွာသားများ၏





ယုံကြည်ကိုးကွယ်မှု၊ ကိုးစားမှု အချက်အချာဌာန ဖြစ်လာခဲ့သည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ထိုနေရာသည် ရွာသူရွာသားတို့၏ အနုပညာကိုဖော်ထုတ်သော အချက်အချာဌာနလည်းဖြစ်နေသည်။ ထိုနေရာ၌ ရွာသူရွာသားတို့သည် အင်းဂတေ၊ ပလာစတာ၊ ကျောက်စသည်ဖြင့် သူရဲကောင်းများ၊ လူစွမ်းကောင်းများ၊ တိရစ္ဆာန်များ၊ ကလေးသူငယ်များ၊ မြွေများ၏ရုပ်ထုများကို ထုလုပ်ထားကြသည်။ ထိုနေရာ၌ မြေကြီးဖြင့် ထုလုပ်ထားသော ရုပ်ထုအသစ်ကို မတွေ့ရပေ။ ထို့ကြောင့် ပြည်သူလူထု၏ အတွေးအခေါ် ရေစီးကြောင်းတွင် ပြောင်းလဲမှုဖြစ်ပေါ်နေသည်ဟူ၍ အဏ္ဏာမလေစဉ်းစားမိသည်။

အဏ္ဏာမလေနှင့်အတူ အာရုမုဂန်နှင့် ဆုန္ဒရီတို့လည်း နတ်ကွန်းသို့ လိုက်ပါလာကြသည်။ အာရုမုဂန်သည် အဏ္ဏာမလေ၏အနား၌ထိုင်လျက် အဏ္ဏာမလေ ရေးဆွဲသောပုံများကို တအံ့တသြကြည့်နေသည်။ ဆုန္ဒရီကမူ ထိုနေရာ၌ ငါးမိနစ်ထက်ပို၍ စိတ်မဝင်စားပေ။ ''ဒီရွာက လူတွေဟာ တကယ့်တောသားအရိုင်းတွေပဲ''ဟူ၍ ထင်မြင်သွားသည်။ ထိုနေရာက ရုပ်ထုများကို တွေ့မြင်ရသောအခါ ထိတ်လန့်ကြောက်ရွံ့သလိုလိုဖြစ်လာပြီး ဆုန္ဒရီသည် အိမ်ပြန်ရန် နားပူနားဆာ လုပ်လေတော့သည်။ အဏ္ဏာမလေက မကြားချင်ယောင် ဆောင်နေသည်။ အာရုမုဂန်သည် အဏ္ဏာမလေအား ထိုနေရာ၌ တစ်ယောက်တည်းထားခဲ့ပြီး ပြန်သွားလိုသည့်စိတ် မရှိပေ။ နေ့လယ်နေ့ခင်း အချိန်ဖြစ်သော်လည်း ထိုနေရာ၌ ပိုးမွှားအမျိုးမျိုးရှိသည်။ အာရုံစူးစိုက်၍ ပန်းချီရေးဆွဲနေသော အဏ္ဏာမလေ၏အနီး၌ လူတစ်ယောက်ယောက်ရှိဖို့လိုအပ်သည်ဟူ၍ အာရုမုဂန်က ဆုန္ဒရီအားပြောပြသည်။ သို့ရာတွင် ဆုန္ဒရီက လက်မခံပေ။

အဏ္ဏာမလေက ပြောပြသည်။

''ရွာနတ်က ကျုပ်ကို ကာကွယ်စောင့်ရှောက်ပါလိမ့်မယ်။ သူ့ရဲ့ဘောကြောင်တဲ့လူကို အိမ်ကိုသာ ပြန်ပို့လိုက်ပါ''

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် အာရုမုဂန်အား ဆုန္ဒရီနှင့်အတူ ပြန်လွှတ်လိုက်သည်။

ရွာပြန်လာသောအခါ ထိုနေရာ၌ဖြစ်ပျက်သော အဖြစ်အပျက်တစ်ခုကို တွေ့ခဲ့ရ၍ ရွာနတ်ကပင် အဏ္ဏာမလေကို ကာကွယ်စောင့်ရှောက်သည်ဟူ၍ အာရုမုဂန် ထင်မှတ်သွားသည်။ အဏ္ဏာမလေ၏လက်ဝဲဘက် ခပ်လှမ်းလှမ်း၌ အဆိပ်ရှိသော မြွေသေးသေးတစ်ကောင်သည် ပါးပျဉ်းထောင်နေသည်ကို အာရုမုဂန်တွေ့မြင်ရသည်။ ထိုမြွေသည် ထိုနေရာသို့ အထူးအဆန်းကြည့်ရန် လာသလား၊ သို့မဟုတ် အဏ္ဏာမလေကို ကိုက်သတ်ရန်လာသလား။ မည်ကဲ့သို့သောကိစ္စဖြင့် လာသည်ဆိုသည်ကိုမူ မသိပေ။

အာရုမုဂန် သတိလစ်သလိုလို ဖြစ်သွားသည်။ တစ်နည်းနည်းဖြင့် အသံပြုလိုက်ပါက အဖြစ်ဆိုးဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် အာရုမုဂန်သည် တခဏမျှ တိတ်တဆိတ်ရပ်ပြီး စဉ်းစားနေသည်။ ရုတ်တရက် ထိုနေရာ၌ ထူးခြားဆန်းကျယ်သော အဖြစ်အပျက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။ သစ်ပင်များ၏ကြားထဲက နွားတစ်ကောင်သည် အရှိန်အဟုန်ဖြင့် ထွက်လာပြီးလျှင် ထိုမြွေကို သုတ်၍လျက် ပြန်ထွက်သွားသည်။ အာရုမှုဂန်သည် အဏ္ဏာမလေထံ ပြေးသွားပြီးလျှင် အဏ္ဏာမလေအား မက်လိုက်လေသည်။ သစ်ကိုင်းပေါ်၌ နားနေသော ငှက်နှင့်ငှက်၏ခြေသည်းတွင် ကျွဲလုံးကျနေသောမြွေကို ညွှန်ပြပြီးလျှင် …

"ရွာနတ်က ဒီကနေ့ ငင်များအသက်ကို ကယ်လိုက်တယ်"ဟု ပြောလေသည်။ အာရုမှုဂန်သည် တစ်ကိုယ်လုံး အချိန်အတန်ကြာသည့်တိုင် တဆတ်ဆတ်တုန်နေသည်။

ထိုအချိန်၌ အဏ္ဏာမလေသည် ကြက်သည်းမွေးညင်းထသွားသည်။ ထိုနေရာ၌ မျက်စိဖြင့် မမြင်တွေ့ရသော၊ လူမြေတို့၏ စွမ်းအားဖြင့်မသိနိုင်သော ထူးခြားဆန်းကျယ်သည့် စွမ်းရည်သတ္တိတစ်ခုခုရှိသည်ဟူသော အတွေးပေါ်ပေါက်လာသည်။ ယင်းစွမ်းရည်သတ္တိကို သိပ္ပံပညာ၏အကူအညီဖြင့် ဝေဖန်သုံးသပ်၍လည်း မဖြစ်နိုင်ပေ။ မိမိမယားသည် မိမိအတွက် ကြောင့်ကြပူပန်မှုမရှိပေ။ မိမိအား တစ်ယောက်တည်းထားခဲ့ပြီးထွက်သွားသည်။ ယင်းအခြေအနေ၌ ထိုအဖြစ်အပျက် ဖြစ်ပေါ်လာသောကြောင့် အဏ္ဏာမလေ၏ စိတ်နှလုံးတွင် ရွာနတ်အား အပိုင်းအခြားမရှိ ယုံကြည်မှုနှင့် ကိုးကွယ်မှု အသိတရားဖြစ်ပေါ်လာသည်။

မြို့ပြ၏ ရှုတ်ရှုတ်သဲသဲဖြစ်နေခြင်းနှင့် အလှမ်းဝေးကွာသော တောထဲ၌ တည်ရှိနေသည့် ယင်းနတ်ဘုရားကျောင်း၏ ပင်ကိုယ်အလှကိုလည်းကောင်း၊ ပတ်ဝန်းကျင်၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကိုလည်းကောင်း၊ ရွာသူရွာသားများ၏ ယုံကြည်မှုနှင့် ကိုးကွယ်မှုကိုလည်းကောင်း၊ မိမိပန်းချီပုံတွင် သရုပ်ပေါ်အောင် ဖော်လိုသည့်ဆန္ဒ အဏ္ဏာမလေ၏ စိတ်နှလုံးထဲတွင် ဖြစ်ပေါ်လာသည်။

ထိုရွာ၌ အဏ္ဏာမလေတွင် အချိန်အလုံအလောက်ရှိနေသည်။ အချိန်သမယသည် တဖြည်းဖြည်းတွားသွားသလို သွားနေသည်။ အလုပ်လုပ်ရန်နှင့် အပျင်းပြေ အလည်အပတ်ထွက်ရန်အတွက် အဏ္ဏာမလေ အချိန်ကောင်းကောင်းရရှိသည်။ ဆုန္ဒရီကို လှည်းပေါ်တင်ပြီး လှည့်ည်းမောင်းနိုင်သည်။ ဆုန္ဒရီနှင့်အတူ ယာခင်း သို့မဟုတ် ကန်ဘေး၌ အလည်အပတ်သွားနိုင်သည်။ ရွာအနီး၌ရှိသော တောင်ကုန်းတစ်ခုခုပေါ်တက်လျက် ကျောက်ဆောင် တစ်ခုခု၏ အကွယ်တွင်ထိုင်၍ အေးအေးဆေးဆေး စကားပြောနိုင်သည်။ ထိုရွာတွင် မိမိ စိတ်တိုင်းကျနေရန်အတွက် အဆင်ပြေမှု လိုလေသေး မရှိဖြစ်နေသည်။ သို့ရာတွင် ဆုန္ဒရီသည် သူနောက်မလိုက်ပေ။

"ဒီရွာမှာ နေရတာ လုံးဝမပျော်ဘူး"ဟု ဆုန္ဒရီကပြောပြသည်။ အဏ္ဏာမလေက သူ့ကို ကုတြာလမ် သို့မဟုတ် ကိုဒေကာနလကို ကားနှင့်ခေါ်မသွားဘဲ ဤရွာသိမ်ရွာစုတ်ကို ခေါ်လာရမလားဟူ၍ ဆုန္ဒရီ စိတ်ကောက်နေသည်။

နတ်ဘုရားကျောင်း၏ ပွဲလမ်းသဘင် စတင်ကျင်းပသည်။ ယင်းပွဲလမ်းသဘင်သည် ပတ်ဝန်းကျင်အနီးအနားရှိ ရွာများက ရွာသူရွာသားများအတွက်လည်း အကြီးကျယ်ဆုံး



ပွဲလမ်းသဘင်ဖြစ်သည်။ အရေယန်ကုလန်၌ ဈေးဆိုင်များ တန်းစီနေကြသည်။ ကလေးသူငယ်များ စီးရန်အတွက် စက်ရဟတ်များကို ပြုလုပ်ထားသည်။ မုန့်ချိုများနှင့် အခြားအစားအစာများ ရောင်းချသောဈေးသည်များနှင့် ဘိုင်စကုတ် ပြသူများလည်း ကြိတ်ကြိတ်တိုးနေကြသည်။

တူရိယာအမျိုးမျိုးကိုလည်း တီးမှုတ်နေကြသည်။ ရွာသူရွာသားများသည် စိတ်ဓာတ်တက်ကြွနေကြသည်။ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ရှိနေကြသည်။ နတ်ဘုရားကျောင်းရှေ့၌ မီးပုံထဲ လျှောက်သွားနေသောသူများကို တွေ့ရသောအခါ ဆုန္ဒရီ တအံ့တဩ ဖြစ်သွားသည်။ မိမိတို့၏ ဆုတောင်းပြည့်ဝရန်အတွက် တစ်ချို့သည် ရဲရဲငြိုးသော မီးကျီးခဲများပေါ်တွင် ပန်းပွင့်များအပေါ် လျှောက်နေသကဲ့သို့ လျှောက်နေကြသည်။ သူတို့၏ ခြေထောက်၌ မီးကိုနင်းသဖြင့် တစ်စုံတစ်ခုဖြစ်ပေါ်လာသည်ကို မတွေ့ရပေ။

ရွာထဲက မိန်းကလေးများသည် ဦးခေါင်းပေါ်၌ ရေအိုးငယ်ကလေးများကို တင်လျက် 'ကုမ္မိ'အမည်ရှိ အကတစ်မျိုးကကြသည်။ ကနေကြစဉ် ဦးခေါင်းပေါ် ရွက်ထားသော ရေပြည့်အိုးများပေါ်တွင် တင်ထားသည့် အုန်းရွက်များမှ ပုလဲလေးများ ကျနေသည်ကို အဏ္ဏာမလေ တွေ့မြင်ရသည်။ မိန်းကလေးများ၏အမူအရာ ခြေဟန်လက်ဟန် မျက်လုံးအနေအထားနှင့် သီချင်းဂီတတို့သည် အဏ္ဏာမလေအား ဖမ်းစားထားကြသည်။

အခြားတစ်ဘက်၌ ခြေထောက်များတွင် ခြူတပ်ထားသော၊ ခါးတွင် အရောင်နှင့်ခါးစည်းကြိုးစည်းထားသော၊ လက်ထဲတွင် ရောင်စုံအဝတ်ကိုင်ထားသော ယောကျ်ားလေးများသည် အကတစ်မျိုး ကနေကြသည်။ အိုးအက၊ မြင်းအက၊ ပုဏ္ဏက်အက၊ တုတ်သိုင်းအက စသော အကမျိုးစုံကိုလည်း ကပြနေကြသည်။

ယင်းအကမျိုးစုံကို တွေ့မြင်ရသောအခါ အဏ္ဏာမလေသည် အယ်ဒီတာ ရှရဝကန်အား ထိုနေရာသို့ ပို့ပေးသည့်အတွက် ကျေးဇူးအထူးတင်နေမိသည်။ နှစ်စဉ်နှစ်တိုင်၊ ဤအရပ်သို့ လာမှသာလျှင် ဤဒေသရှိ လူများ၏ စိတ်လှုပ်ရှားဖွယ် အနုပညာမြောက်သည့် အကအခုန်များကို မိမိ၏ပန်းချီပုံများဖြင့် သရုပ်ဖော် နိုင်ပေလိမ့်မည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ယင်းအနုပညာလှုပ်ရှားမှုများထဲတွင် အချို့အဝက်ကို တတ်နိုင်သမျှ ခဲ၏အကူအညီဖြင့် ကော်ပီစာအုပ်တွင် ရေးခြစ်ထားမည်ဟူ၍ အဏ္ဏာမလေအကြံရသည်။ ဆုန္ဒရီနှင့်အတူ ကပွဲကိုကြည့်ရှုနေရင်း အဏ္ဏာမလေက ဆုန္ဒရီ၏ နားနားကပ်ပြီး တိုးတိုးပြောလိုက်သည်။

"ဆုန္ဒရီ၊ ငါလည်း မင်းနဲ့တွဲပြီး ကချင်ဆိုချင်တဲ့စိတ် ပေါ်လာတယ်။ အခုလိုလုပ်တာဟာ ဘဝရဲ့တကယ်စစ်မှန်တဲ့ အသွင်အပြင်ဖြစ်တယ်။ ဒီကလူတွေအားလုံး ကိုယ့်စိတ်နှင့်ကိုယ် အဆိုအကမှာ ပါဝင်ကြခြင်းဖြစ်တယ်။ ဒီက လူတွေဟာ လျှင်မြန်တဲ့ အရှိန်အဟုန်နှင့်လည်နေတဲ့ စက်ရဲ့ရှေ့မှာ လက်နှင့်ခြေ အတုတ်နှောင်ခံရပြီး ထိုင်နေရတဲ့ ငါတို့လို ရုပ်တုတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆုန္နရီ ဒေါပွသွားသည်။ ထိုနေရာ၌နေရသည်မှာ သူ့အတွက် တစ်နေ့တစ်ရက်သည် တစ်ခေတ်လောက် ကြာနေသည်ဟူ၍ ထင်နေသည်။ စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

''ရှင်လည်း တောသားအရိုင်းလုံးလုံးဆိုတာ ကျွန်မ မသိခဲ့ဘူး''

''သိခဲ့လို့ ရှိရင်ရော''

''ကျွန်မ ရှင်နှင့် ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး''

ဆုန္နရီ၏နှုတ်မှ ထွက်ပေါ်လာသောစကားကို ကြားရသည့်နောက်ပိုင်း၌ အဏ္ဏာမလေသည် သူ၏ ဉာဏ်ရည်ကို လုံးဝအချည်းနှီးအလဟဿဟူ၍ ထင်မှတ်သွားသည်။ သူ၏နှလုံးသားသည် နာကျင်လွန်းသောကြောင့် ညည်းတွားနေသည်။ ပွဲသဘင် ပြီးသွားပြီး နောက်တစ်ရက်၌ပင် သူတို့ ထိုရွာမှပြန်လာခဲ့ကြသည်။ လမ်းတွင် ဘတ်စ်ကားနှင့် မီးရထားပေါ်၌ ထိုင်နေကြသော သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကား မပြောကြပေ။

မဒရပ်မြို့ ပြန်ရောက်လာသည်နှင့် အဏ္ဏာမလေသည် ပထမဦးဆုံး ရှရဝဏန်နှင့် သွားတွေ့သည်။ ရှရဝဏန်နှင့်တွေ့ပြီး အိမ်ပြန်လာသောအခါ ရီဂျစ္စရီလုပ်ထားသော စာရွက်ကိုင်ပြီး ဆုန္နရီ သူ့ကိုစောင့်နေသည်ကို တွေ့မြင်ရသည်။ ဆုန္နရီသည် အဏ္ဏာမလေ၏ကိုယ်စား လက်မှတ်ထိုးလျက် စာပို့လုလင်ထံမှ ယူထားလိုက်ခြင်းဖြစ်သည်။ ထိုအချိန်၌ ဆုန္နရီ၏ အသွင်အပြင်မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်နေသည်။

''ရော့၊ ရှေ့နေရဲ့ နို့တစ်မဟုတ်လား''

ယင်းသို့ပြောလျက် ဆုန္နရီသည် ရီဂျစ္စရီလုပ်ထားသောစာရွက်ကို အဏ္ဏာမလေအား လှမ်းပေးလိုက်သည်။ ထို့နောက် မဲ့ကာရွဲ့ကာဖြင့် …

''ဟင်း… ရှင်ဟာ လူတစ်ယောက်မှ ဟုတ်ရဲ့လား''ဟု ပြောလိုက်လေသည်။

✦ ✦ ✦

ဆုန္နရီ၏လက်ထဲက ရှေ့နေ၏နို့တစ်ကို ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် အဏ္ဏာမလေ၏တစ်ကိုယ်လုံးသည် ခွေပျော့သွားလေသည်။ ဆုန္နရီသည် စကားလုံးမြားဖြင့် အဏ္ဏာမလေ၏ ခံစားမှုအပြည့်ရှိနေသော နှလုံးသားအား ထွင်းဖောက်ပစ်လိုက်သည်။ သူ့မှ ချေးသောကြွေးကို ပြန်ဆပ်ရန်အတွက် အဏ္ဏာမလေထံ နို့တစ်ပေးလိုက်ခြင်းဖြစ်သည်။ နို့တစ်စာတွင် အကယ်၍ အဏ္ဏာမလေအနေနှင့် တစ်ပတ်အတွင်း ကြွေးမဆပ်လျှင် တရားစွဲဆိုပြီး အဏ္ဏာမလေ၏ပစ္စည်းပစ္စယများကိုသိမ်းမည်ဟူ၍ ဖော်ပြထားသည်။

''ရှင် ဘယ်လိုလုပ်တာလဲ။ ဘယ်တုန်းက ဘာကိစ္စနှင့် ငွေသုံးသောင်း ချေးတာလဲ။ တစ်ပတ်အတွင်း ရှင်ဘယ်လိုလုပ် ပြန်ဆပ်မလဲ''





ယင်းကဲ့သို့သော မေးခွန်းများကို တသီတတန်းကြီးမေးပြီးလျှင် အဏ္ဏာမလေ၏ အဖြေကိုမစောင့်ဘဲ ဆုန္နရီက အော်ပြောလိုက်သည်။

''မနက်ဖြန်ခါပဲ ရှင် ဒီအိမ်ကို ကျွန်မနာမည်နှင့်လွှဲပေးရမယ်။ ဒီအိမ်ကို ကျွန်မ မေမေက ကြွေးရှင်လက်ထဲက ပြန်ယူထားတာ။ ဒီအိမ်ကိုပေးပြီး ကြွေးဆပ်ပိုင်ခွင့် ရှင့်မှာ မရှိဘူး''

မိမိရှေ့မှောက်တွင် အဏ္ဏာမလေ ရပ်နေသည်ကိုပင် ဆုန္နရီ နှစ်မြို့ခြင်း မရှိပေ။ ရှေ့နေ၏နို့တစ်ကို ပို့ပေးသောကြွေးရှင်ကိုပင် ဆုန္နရီသည် လူကောင်းသူကောင်းဟူ၍ ထင်မှတ်သွားသည်။ အဏ္ဏာမလေသည် ဆုန္နရီနှင့် လွတ်ရာကျွတ်ရာ အခန်းတွင်းသို့ ပြေးဝင်သွားသည်။

''ရှင် ကျွန်မကို အဖြေပေးပြီးမှ သွားပါ''

''ငါ ဘယ်လို ကြွေးမျိုးကိုမှ ယူတာမရှိဘူး။ ဒီကြွေးက မာဏိက္ကမ်ယူတဲ့ ကြွေး။ ဒီကြွေးကို မာဏိက္ကမ်ပဲ ဆပ်ရလိမ့်မယ်။ ငါက အသိသက်သေအဖြစ်နဲ့ပဲ လက်မှတ်ထိုးတာ။ ငါနှင့် ဘာမှမဆိုင်ဘူး။ သည်ကိစ္စကိုသည်မှာပဲ ရပ်လိုက်ပါတော့''

ဆုန္နရီက အော်ပြောလိုက်သည်။

''ရှင်ဘာပြောတာလဲ။ သည်ကိစ္စကို သည်မှာပဲ ရပ်ပစ်လိုက်ရမှာလား။ ရပ်ပစ်လို့ ဘယ်မှာဖြစ်မှာလဲ။ ရှင် အိမ်ကိုပေါင်ပြီး ကျွန်မကို လမ်းပေါ်ရောက်အောင် လုပ်နေတယ်''

အဏ္ဏာမလေသည် ဆုန္နရီ၏စကားကို နားထောင်နိုင်စွမ်းမရှိတော့ပေ။ ဆုန္နရီကလည်း တိတ်မသွားပေ။ အဏ္ဏာမလေက ''သည်ကိစ္စသည်မှာပဲ ရပ်ပစ်ရမယ်''ဟု ပြောလိုက်လေသည်။ အဏ္ဏာမလေ၏စကားကို အကြောင်းပြုလျက် ဆုန္နရီသည် အချိန်အတော်ကြာမျှ ဆူညံစွာ အော်ဟစ်နေသည်။ ကွဲနေသောသီချင်း ရီကော့တစ်ခု ဂျစ်ဂျစ်ဂျစ်ဂျစ်နှင့် မြည်နေသကဲ့သို့ဖြစ်နေသည်။ မိမိအား ရွာသို့ခေါ်သွားသည့်အတွက်ကြောင့်လည်း၊ ဆုန္နရီသည် အဏ္ဏာမလေအား အကြီးအကျယ် ဒေါသထွက်နေသည်။ ရွာ၌ အခြားလူများ၏ရှေ့တွင် အဏ္ဏာမလေနှင့် ခွန်းကြီးခွန်းငယ် ရန်ဖြစ်ဖို့ရန်မှ မသင့်လျော်ပေ။ အကြောင်းမျိုးစုံကြောင့် ဆုန္နရီ၏ဒေါသသည် နတ်ပြည် ခြောက်ထပ်သို့အထိ တက်သွားသည်။

ဆုန္နရီနှင့် လွတ်ရာကျွတ်ရာသို့ ထွက်သွားသော အဏ္ဏာမလေသည် အပေါ်ထပ်ရှိ သူ့အခန်းသို့ ရောက်သွားသည်။ အခန်းတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်ပြီးလျှင် အထဲမှ မင်းတုပ်ချထားလိုက်သည်။ တံခါးပိတ်သံကို ကြားရသောအခါ ဆုန္နရီသည် တစ်ယောက်ယောက်က သူ့ကို တအားရိုက်လိုက်သကဲ့သို့ ထင်မှတ်သွားသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် ဆုန္နရီကို ထိတ်လန့်သောကြောင့် အပေါ်ထပ် ပြေးတက်သွားခြင်းမဟုတ်ဘဲ မိမိကိုယ်ကို မိမိ ထိတ်လန့်ကြောက်ရွံ့နေသောကြောင့် ဖြစ်သည်။

ဆုန္နရီသည် သူ၏စကားလုံးမြားများဖြင့် မိမိ၏ခံနိုင်ရည်ရှိမှု၊ ထိန်းချုပ်မှု၊ တွေးခေါ် မြော်မြင်မှု စွမ်းရည်သတ္တိအားလုံးကို မှုန့်မှုန့်ညက်ညက် ခြေပစ်လိမ့်မည်ဟူ၍ အဏ္ဏာမလေ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိသည်။ ဆုန္နရီသည် မိမိ၏တီရှပ်အနက်ကျင့်၊ **တီရှပ်ကြီး**ကို **နီး**ကြားထကြွလာအောင် လုပ်ပြီးလျှင် သူ့ကို ရိုက်နှက်သတ်ပုတ်လျက် **အတောမသတ်** ဖိုလိမ့်မည်ဟူ၍ အဏ္ဏာမလေ ထိတ်လန့်စိုးရွံ့သွားသည်။ **ထိုအချိန်၌** အဏ္ဏာမလေသည် **မည်**မျှဒေါသအိုး ပေါက်ကွဲလာသနည်းဆိုလျှင် ဗျစ်**တောက်**ဗျစ်တောက်ပြောနေသော ပါးစပ်ကိုပြဲလျက် သတိမေ့သွားအောင် ရိုက်ပစ်လိုက်ချင်**သည့်**စိတ် ပေါ်လာသည်အထိဖြစ်သည်။ ဆုန္နရီ မိမိဒေါသ၏သားကောင်ဖြစ်သွားမှာ **စိုးရိမ်**သောကြောင့် အဏ္ဏာမလေသည် ဆုန္နရီထံမှ ပြေးထွက်လာခြင်းဖြစ်သည်။

**မိမိ**ကိုယ်ကို ထိန်းချုပ်နေရသည်မှာ အဏ္ဏာမလေအတွက် အချိန်အတန်ကြာ သွား**သည်**။ **သ**တိပေးနိုးဆော်မှု အပြည့်ရှိနေသော ရှေ့နေ၏နို့တစ်စာကို တစ်ဖန်ပြန်ဖတ်ကြည့်**သည်**။ ကြွေးယူပြီးသည့်နောက်၌ မာဏိက္ကမ်သည် အတိုးငွေကို မှန်မှန် ပြန်မဆပ်သည်ကိုလည်း သိရှိသွားသည်။

"အဲဒီလိုအခြေအနေမျိုးမှာ **သူ**စီးဖို့အတွက် ကားကို ဘယ်လိုလုပ်ဝယ်သနည်း။ သူဌေးသူကြွယ်ကဲ့သို့ အဆောင်အယောင် အပြည့်ဖြင့် ဘယ်လိုလုပ်နေနိုင်သနည်း" ယင်းကဲ့သို့သော အတွေးပေါင်းများစွာတို့သည် အဏ္ဏာမလေ၏စိတ်ထဲတွင် ပေါ်ပေါက်လာကြသည်။

မာဏိက္ကမ်အား နို့တစ်ပြပြီးလျှင် ချက်ချင်းကြွေးဆပ်နိုင်းမည်ဟု အဏ္ဏာမလေ စဉ်းစားသည်။ နောက်ပိုင်းတွင် ယခုကဲ့သို့ ခြိမ်းခြောက်မှု၊ သတိပေးမှုရှိနေသော ရှေ့နေ၏ နို့တစ်မျိုးကို မရချင်ဘူးဟူ၍လည်း မာဏိက္ကမ်အားပြောပြမည်။ ထိုအကြောင်းကို အကယ်၍ တခြားလူတွေ သိသွားကြမည်ဆိုလျှင် မိမိသည် အရှက်တကွဲ အကျိုးနည်းဖို့သာရှိသည်။ ယခုအချိန်၌ မာဏိက္ကမ်၏အခြေအနေသည် အဆင်ပြေနေသည်။ အကယ်၍ သူ့သာဆန္ဒရှိလျှင် ချက်ချင်းကြွေးဆပ်နိုင်သည်။

ရှေ့နေ၏နို့တစ်ကို ယူပြီးလျှင် အဏ္ဏာမလေသည် မာဏိက္ကမ်နှင့်တွေ့ရန် မာဏိက္ကမ်တို့ အိမ်သွားသည်။ ကံကောင်းသည်မှာ ဆုန္နရီသည် သူ့ရှေ့လာပြီး သူ့ကိုတစ်ဖန် ရန်မတွေ့တော့ပေ။ အိမ်၌ ဆုန္နရီ၏ ဆူသံ၊ ပူသံကို မကြားရတော့ပေ။ မိနာချိအမ္မာလသည် ဦးခေါင်းပေါ် လက်တင်၍ တိတ်တဆိတ် ထိုင်နေသည်။ သူ့တွင် ရှိသမျှအားလုံး အလုခံသွားရသလို ဖြစ်နေသည်။ အဏ္ဏာမလေကို တွေ့ရသောအခါ မိနာချိအမ္မာလသည် အဏ္ဏာမလေအနီးသို့ ပြေးလာသည်။

"ဒါလောက် အ တာ သား ကမ္ဘာလောကထဲမှာ ဘယ်လိုလုပ်နေလို့ရမလဲ။ မာဏိက္ကမ်ကို မယုံပါနှင့်လို့ သားဖေဖေကို အမေ အကြိမ်များစွာ သတိပေးခဲ့တယ်။ ဒါပေမဲ့ သားဖေဖေဟာ အမေပြောတဲ့စကားကို နားမထောင်ဘူး။ သားလည်းပဲ အမေပြောတဲ့စကားကို နားမထောင်ဘူး။ ဒီအိမ်ထောင်စုကို ဘုရားသခင်မမှုပဲ သက်သာရာ ရလိမ့်မယ်"

မိခင်ပြောသော စကားသည် အဏ္ဏာမလေ၏စိတ်နှလုံးတွင် မြားကဲ့သို့ စူးဝင်သွားသည်။ သို့ရာတွင် မိမိ အ,အဖြစ်သည်ကိုမူလက်မခံပေ။ မိမိသည် ထိုအလုပ်ကို မာဏိက္ကမ်





အတွက် ပြုလုပ်ခြင်းမဟုတ်ပေ။ အာနန္ဒီက သူ့ကို မာဏိက္ကမ်ထံခေါ်သွားသည်။ လက်မှတ်ထိုးချိန်၌ အာနန္ဒီလည်း အနီး၌ရပ်နေသည်။ အာနန္ဒီကိုင်လျက် စာရွက်ပေါ်တွင် ရေးသားဖော်ပြထားသည်များကို ဖတ်ရှုခြင်းမရှိဘဲ စာချုပ်တွင် လက်မှတ်ရေးထိုးပေးလိုက်ခြင်းဖြစ်သည်။ မိမိသည် မာဏိက္ကမ်အတွက် မည်သည့်အခါမှ ထိုအလုပ်အမျိုးကို မပြုလုပ်ပေ။

အမေ၏**စကား**ကို အဖြေပြန်မပေးဘဲ **အဏ္ဏာမ**လေသည် အိမ်နောက်ဘက် တံခါးဖွင့်လျက် အာနန္ဒီတို့၏ ခြံဝင်းထဲ ဝင်သွားသည်။ **အိမ်ထဲမဝင်ခင်** ဆုန္နရီနှင့် မာဏိက္ကမ်အမေ၏အသံများကို ကြားရသည်။ **အိမ်**အပြင်ဘက်တွင် **လူတချို့ စုရုံး**ရောက်ရှိနေကြသည်။ ကဒီရေရှန်သည် မျက်လုံးပင့်လျက် **အဏ္ဏာ**မလေအား မ**ကြည့်ရဲ**အောင် ဖြစ်နေသည်။ ယခုအထိဖြစ်ပျက်ခဲ့သည့် **အဖြစ်အပျက်**များနှင့်ပတ်သက်၍ **ကဒီရေရှန်ဘာမျှ**မသိပေ။ အာနန္ဒီ ရှိုက်ကြီးတငင် ငိုနေသည်။ **အဏ္ဏာမလေ**သည် အာနန္ဒီအား ယင်းအသွင်မျိုးဖြင့် တစ်ခါမှ မတွေ့ဖူးပေ။ ဆုန္နရီနှင့် မာဏိက္ကမ်၏အမေသည် စကားခွန်းကြီး၊ ခွန်းငယ်ပြော**နေ**ကြသည်။ လက်လွန်ခြေလွန်တော့ ဖြစ်ကြသေးဟန်မတူပေ။

ကဒီရေရှန်၏အခန်းအပြင်ဘက်၌ ဆွဲချိတ်ထားသော ပျဉ်ချပ်အပေါ်တွင် ရေးသားထားသည့် "ဘဝကို မည်သည့်အခါမှ ပျောက်ပြန်ပျက်စီးသွားအောင် မပြုလုပ်ပါနှင့်"ဟူသော ကဒီရေရှန်၏ ဆုံးမစကားသည် ယင်းရှုခင်းကိုကြည့်လျက် သရော်ပြုံး ပြုံးနေသည် ဟူ၍ အဏ္ဏာမလေ ထင်သွားသည်။ ဆုန္နရီသည် အဏ္ဏာမလေ ထိုနေရာသို့ ရောက်ရှိလာသည့် အကြောင်းကို လုံးဝသတိမထားမိပေ။

ဆုန္နရီက ကျေလမ္မာလအား "အမေ၊ တိတ်တိတ်နေပါ၊ ကျွန်မအခမေနှင့် စကားပြောမယ်လို့ လာတာမဟုတ်ဘူး။ အမေပါးစပ်ပိတ်ထားစမ်းပါ"ဟု ပြောပြီးလျှင် အာနန္ဒီဘက်သို့ မြားဦးလှည့်လိုက်သည်။

"အာနန္ဒီ ဒီအယောင်ဆောင် မျက်ရည်တွေကိုထုတ်နေလို့ ဘယ်လိုမှ အကျိုးမရှိဘူး၊ တကယ်လို့ ဒီကြွေးကို ရှင့်ယောကျာ်း အလျင်အမြန် မဆပ်လို့ရှိရင် ကျွန်မကို အဆိုးမဆိုနှင့်။ ကျွန်မဖေဖေကို ပြောပြီး ရှင်တို့ရဲ့ အပိုင်ပစ္စည်းတွေကို သိမ်းနိုင်းမယ်"

အာနန္ဒီသည် တစ်ပြိုင်နက်တည်းမှာပင် ဆုန္နရီနှင့် အဏ္ဏာမလေတို့အား ပြောပြလိုက်သည်။

"သူ အခု ဒီမြို့မှာမရှိဘူး။ သူပြန်လာတာနှင့် ကြွေးကို အဆပ်ခိုင်းလိုက်မယ်"

မာဏိက္ကမ် အလုပ်ကိစ္စတစ်ခုနှင့် မြို့ကထွက်သွားကြောင်း၊ သူ့အမည်နှင့်လည်း ရှေ့နေ၏ နို့တစ်ရောက်နေကြောင်း၊ သူပြန်ရောက်ဖို့ တစ်ပတ်လောက်ကြာလိမ့်ဦးမည်ဖြစ်ကြောင်း အာနန္ဒီက ပြောပြသည်။

အဏ္ဏာမလေသည် သူ၏ဖနီးကို ကြိမ်းမောင်းလိုက်သည်။

"ဆုန္နရီ၊ ဒီကိစ္စကို ငါ အဆင်ပြေအောင်လုပ်မယ်။ မင်းအိမ်ပြန်သွား"



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ပြောပြီးလျှင် ဆုနှရီ၏လက်ကို **အသာဆွဲလိုက်သည်။** ဆုနှရီသည် သူ၏ လက်ကို ပြန်ရုပ်ပြီးလျှင် အဏ္ဏာမလေးကို **ရန်တွေ့သည်။**

"ရှင်ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျွန်မမသိတဲ့ နေပါ့မလား။ တစ်လ လုခတစ်ထောင်ပေးနေတဲ့ယောက္ခမကို ရှင်ဒုက္ခရောက်အောင် လုပ်တယ်။ မနက်ဖြန်ခါ အိမ် လက်လွှတ်သွားရလို့ရှိရင် ရှင့်အနေနဲ့ ဘာပူစရာရှိသလဲ။ ဒီအိမ်က ရှင့်လုပ်စာနဲ့ ဆောက်ထားတဲ့ အိမ်မှမဟုတ်ဘဲ။ ရှင်ပိုက်ဆံရအောင် ရှာတတ်လို့လား။ ယောကျ်ားတစ်ယောက်ဖြစ်ပြီးတော့ ဒီမှာလာပြီး ခွန်းကြီးခွန်းငယ်ပြောနေတယ်။ အခု အလုပ်က စက္ကူပေါ်မှာ အရုပ်ဆွဲတာလို လွယ်တဲ့အလုပ်မဟုတ်ဘူး။ နာမည်ကျော် 'အားတစ်'ကြီးရဲ့"

ဆုနှရီ၏စကားကို ကြားရသောအခါ အဏ္ဏာမလေးသည် ယမ်းပုံမီးကျ ဒေါသထွက် သွားသည်။ မိမိအသက်ကဲ့သို့ ချစ်မြတ်နိုးသော ပန်းချီအနုပညာကိုလည်းကောင်း၊ မိမိ၏ ဝိညာဉ်ကိုလည်းကောင်း ကဲ့ရဲ့ရှုတ်ချသောမိန်းမကို ထိုနေရာ၌ပင် နပ်နပ်စင်း ပစ်လိုက်ချင် သည့်စိတ် ပေါ်လာသည်။

အာနန္ဒီကိုယ်တိုင်ပင်လျှင် ဆုနှရီ၏စကားကို ကြားရသောအခါ လန့်သွားသည်။

"ဆုနှရီ အဲဒီလိုမပြောနှင့်။ အဲဒီလို မပြောနှင့်"ဟုပြောပြီးလျှင် အာနန္ဒီသည် ဆုနှရီ၏ပါးစပ်ကို သူ့လက်နှင့် သွားပိတ်လိုက်သည်။ ဆုနှရီသည် ယင်းကဲ့သို့ အာနန္ဒီ ဝင်စွက်သည်ကို လုံးဝမကြိုက်ပေ။ အာနန္ဒီ၏လက်ကို ကိုင်ပြီး တအားတွန်းလိုက်ရာ အာနန္ဒီ သည် နံရံနှင့် သွားဆောင့်သည်။ ဦးခေါင်းကွဲသွားသလားဟု ထင်မှတ်ရလောက်အောင်ပင် အာနန္ဒီ နာကျင်စံစက်ဖြစ်သွားသည်။

ဒေါသကြောင့် အရူးတစ်ပိုင်းဖြစ်သွားသော အဏ္ဏာမလေးသည် ဆုနှရီအား ဂုတ်ကိုင် ပြီးလျှင် "ပြန်၊ အိမ်ကိုပြန်"ဟု ပြောလျက် အတင်းဆွဲခေါ်သည်။

"ငါမပြန်ဘူး၊ နင် ဘာလုပ်ချင်သလဲ"

ဆုနှရီ၏နှုတ်မှ ထွက်လာသော 'နင်၊ ငါ'ဟူသော စကားလုံးများသည် အဏ္ဏာမလေး၏နှလုံးသားထဲတွင် သေံနတ်ကျည်ဆံကဲ့သို့ ထွင်းဖောက်စူးဝင်သွားသည်။ ထိုအချိန်၌ အဏ္ဏာမလေးသည် ဆုနှရီအား ဘီလူးမအသွင် ထင်မြင်သွားသည်။

အဏ္ဏာမလေးသည် မျက်စိ၊ နား၊ နှာခေါင်း၊ မျက်နှာစသည်တို့ကို ဂရုမထားတော့ဘဲ ဆုနှရီအား ပြင်းပြင်းထန်ထန် ရိုက်ပစ်လိုက်သည်။ ဇနီးမယားကို ရိုက်ခြင်းသည် တောနေ လူရိုင်းတို့၏ အလေ့အထဖြစ်သည်ဟူ၍ အဏ္ဏာမလေး သိရှိနားလည်ထားသည်။ သို့ရာတွင် ထိုအချိန်၌ အဏ္ဏာမလေးသည် ဆုနှရီအား မိမိ၏ဇနီးမယားဟု မထင်မှတ်ပဲ ရန်သူဟု ထင်မှတ် သွားသည်။

အာနန္ဒီ ကြားဝင်ဖြန်ဖြေသည့်အတွက်ကြောင့် အဏ္ဏာမလေးသည် ဆုနှရီအား ဆက် မရိုက်တော့ဘဲ အသာငြိမ်နေလိုက်သည်။ အမှန်က အဏ္ဏာမလေး၏လက်သီးဒဏ်ကို ဆုနှရီ



သည်လောက်မခံရဘဲ ဆုနှရီထက် ကြားဝင်ဖြန်ဖြေသော အာနန္ဒီက ပို၍ ခံသွားရသည်။ စိတ်မထိန်းနိုင်ဖြစ်ပြီးလျှင် ဆုနှရီအား အိမ်သို့ အတင်းဆွဲခေါ်သွားလေသည်။

✦ ✦ ✦

ဆုနှရီသည် အိမ်အပေါ်ထပ် သူ့အိပ်ခန်းထဲ ရောက်သွားသောအခါ အတွင်းက တံခါး ပိတ်ထားလိုက်သည်။ အဏ္ဏာမလေ တံခါးပေါက်က ကြည့်လိုက်သောအခါ ဆုနှရီအား ဆံပင်ဖိုးရိုးဖားယားနှင့် ကြမ်းပြင်ပေါ်တွင် မှောက်လျက်အိပ်နေသည်ကို တွေ့ရသည်။ ရှေ့ဆက်၍ ဘာများလုပ်ဦးမည်နည်းဟူ၍ စိုးရိမ်မကင်းဖြစ်သွားသည်။

ရှေ့နေ၏နို့တစ်သည် သူတို့ကတောက်ကဆ ဖြစ်ရခြင်း၏အကြောင်းများထဲတွင် အကြောင်းတစ်ကြောင်းဖြစ်သည်။ အကယ်၍ ရှေ့နေ၏နို့တစ်စာ မရောက်မလာလျှင်လည်း ဆုနှရီသည် ရန်တွေ့ရန်အတွက် အကြောင်းတစ်ကြောင်းကို ရှာဖွေမည်မှာအမှန်ပင်ဖြစ်သည်။ အာနန္ဒီ တိုက်တွန်းသည့်အတွက် သူ့မိဘအိမ်က ပြန်လာပြီးသည့်နောက် ဆုနှရီတွင် တစ်စုံတစ်ခု အပြောင်းအလဲ ဖြစ်လာလိမ့်မည်ဟူ၍ အဏ္ဏာမလေ မျှော်လင့်သည်။ သို့ရာတွင် ဆုနှရီ ယောက္ခမအိမ် ပြန်လာပြီးသည့်နောက်၌ အဏ္ဏာမလေးသည် တစ်ရက်တစ်ရက် နေထိုင်ရ သည်ကို ခေတ်တစ်ခေတ် နေထိုင်ရသည့်အလား ဝန်လေးလာသည်။

ရွာကိုခေါ်သွားလိုက်လျှင် ဆုနှရီတွင် အထိုက်အလျောက် ပြောင်းလဲမှု ရှိချင်ရှိလာ လိမ့်မည်ဟူ၍ အဏ္ဏာမလေ စဉ်းစားကြည့်သည်။ သို့ရာတွင် သူမျှော်လင့်သလို ဖြစ်မလာဘဲ ပြောင်းပြန်ဖြစ်လာသည်။ ဆုနှရီ၏ဒေါသသည် လျော့နည်းသွားမည့်အစား ပိုမိုလွန်ကဲ လာသည်။ ရှေ့နေ၏နို့တစ်စာကို တွေ့ရသောအခါ သူ၏ဒေါသကို ထုတ်ဖော်ရန်အတွက် အကြောင်းတစ်ကြောင်း ရရှိသွားသည်။ ရှေ့နေ၏နို့တစ်စာ ရောက်မလာလျှင် ဆုနှရီသည် အဏ္ဏာမလေနှင့် တိုက်ပွဲဆင်ရန်အတွက် အကြောင်းတစ်ကြောင်း ရှာဖွေမည်မှာ အမှန်ဖြစ်သည်။ ယင်းအခြေအနေမျိုး၌ ဆုနှရီနှင့်အတူ မည်ကဲ့သို့ပေါင်းသင်းဆက်ဆံ၍ နေနိုင်မည်နည်း။

အဏ္ဏာမလေးသည် ရုတ်တရက် အစဉ်အလာ ပြောဆိုလာခဲ့ကြသည့်စကား တစ်ခွန်း ကို သတိရလာသည်။

"အကယ်၍ လက်ထပ်ဇနီးမယားက ဖောက်ပြန်သောအကျင့်ရှိမည်ဆိုလျှင် ဖန်ရည် သက်နှင်းဝတ်ရုံလျက် ရသေ့၊ ရဟန်းလုပ်ရန်သာရှိတော့သည်"ဟူသော စကားဖြစ်သည်။ တိုင်းပြည်တွင် ယင်းကဲ့သို့ ပြန်လုပ်ရန် သင့်တော်သည်ဟု မထင်ပေ။ စိတ်နှလုံးထဲတွင် ခံစားနေရသည့်အတိုင်းမရှိသော ဝေဒနာကိုမခံနိုင်သောကြောင့် အဏ္ဏာမလေးသည် အိမ်အပေါ် ထပ်တွင် ဟိုလျှောက်သည်လျှောက် လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမများကိုကြည့်လျက် ပန်းချီပုံကို ဆွဲနိုင်သည်။ သို့ရာတွင် မိန်းမများနှင့်အတူ ပေါင်းသင်းနေထိုင်ခြင်းမှာမူ အကြီးဆုံးသော မိုက်ကန်းသည့်အလုပ်ဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်သွားသည်။

ထိုအခိုက် သူ့ကိုရှာနေသော အာနန္ဒီသည် ရုတ်တရက် ထိုနေရာသို့ ရောက်လာသည်။ အာနန္ဒီ၏လက်ထဲတွင် စက္ကူသေတ္တာလေးတစ်ခု ကိုင်ထားသည်ကို အဏ္ဏာမလေ မကြည့်မိပေ။ အာနန္ဒီ၏မျက်နှာကို တွေ့ရသောအခါ ''ငါ့ ရှေ့မှောက်မှာ အာနန္ဒီပဲ လာရပ်နေပါကလား''ဟူ၍ တအံ့တသြဖြစ်သွားသည်။

ဆုန္နရီ နိုးဆွပေးသည့်အတွက် အဏ္ဏာမလေသည် ဒေါသကြောင့် အရူး တစ်ပိုင်း ဖြစ်သွားခဲ့သည်။ ဆုန္နရီကို ရိုက်ပုတ်ထိုးနက်သည်။ သို့ရာတွင် သူ၏ရိုက်ပုတ် ထိုးနက်ခြင်းများသည် ဆုန္နရီအပေါ်တွင် ရောက်မသွားဘဲ အာနန္ဒီအပေါ်တွင်သာ ရောက်သွားကြသည်။ ဆုန္နရီကိုကာကွယ်ရန် ကြိုးစားအားထုတ်သော အာနန္ဒီသည် မိမိကိုယ်ကို မကာကွယ်နိုင်ခဲ့ပေ။ မျက်နှာဖူးရောင်နေသည်။ မျက်လုံးနီရဲနေသည်။ ပါးနှစ်ဘက်၌ အညိုအမည်းစွဲနေသည်။ အာနန္ဒီ၏ ယင်းအသွင်အပြင်ကို တွေ့ရသောအခါ အဏ္ဏာမလေ ပျာယာခတ်သွားသည်။

ထစ်ထစ်ငေါ့ငေါ့အသံဖြင့် ပြောလိုက်သည်။

''ဒီလို ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မတွေးမိဘူး''

ယင်းသို့ပြောလျက် လည်မျိုတစ်ဆို့သွားသည်။ အာနန္ဒီက ပြုံးနေသည်။ အဏ္ဏာမလေ၏ လက်သီးဒဏ်က လွတ်မြောက်သွားသောသူကမူ အခန်းထဲတွင် မှောက်လျက်လှဲပြီး ငိုနေသည်။ အာနန္ဒီသည် ဤမျှအထိုးအနှက်ခံရသော်လည်း မည်ကဲ့သို့ ပြုံးနိုင်ရယ်နိုင်ဖြစ်နေသနည်း။

မိမိ၏ဝေဒနာကို မေ့ထားပြီးလျှင် အာနန္ဒီက ပြောလိုက်သည်။

''ရှင် ဘယ်လောက် ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ ကျွန်မ သိသွားပြီ။ ကံကောင်းထောက်မတဲ့အတွက် ဆုန္နရီ ချမ်းသာရာရသွားတယ်''

အာနန္ဒီသည် စက္ကူသေတ္တာကလေးကိုဖွင့်လျက် အဏ္ဏာမလေ၏ရှေ့တွင် ထားလိုက်သည်။ သေတ္တာထဲတွင် သူ၏ဆွဲကြိုး၊ လက်ကောက်၊ နားကပ်၊ လက်စွပ် စသော လက်ဝတ်တန်ဆာများ ထည့်ထားသည်။ အဏ္ဏာမလေသည် မျက်လုံးပြူးလျက် အာနန္ဒီကို ကြည့်လိုက်သည်။ အာနန္ဒီသည် သူ၏မင်္ဂလာလက်ထပ်ဆွဲကြိုးမှတစ်ပါး ကျန်လက်ဝတ်တန်ဆာအားလုံးကို ချွတ်ပြီး ယူလာသည်။

''ကျွန်မ ရှင်နှင့်အတူ ဖေဖေ့ကို ထည့်လိုက်မယ်။ ရှင်တို့နှစ်ယောက်သွားပြီး ဒီပစ္စည်းတွေကို ထုခွဲပြီး ရသလောက်ငွေနှင့် ကြွေးရှင်ကို ပေးလိုက်ပါ။ သူ ပြန်ရောက်လာတာနှင့် ကျွန်မသူ့ကို ကျန်တဲ့ကြွေး ဆပ်ခိုင်းပါ့မယ်။ ဒီကိစ္စကို အကြောင်းပြုပြီးတော့





ရှင်နှင့် ဆုန္နရီ တကျက်ကျက်ရန်ဖြစ်နေစရာမလိုတော့ပါဘူး။ ရှင်တို့ အိမ်ထောင်စု ပြိုကွဲသွားတာ ကျွန်မ မမြင်ချင်ဘူး''

''ဟင့်အင်း၊ အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ''

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် အာနန္ဒီယူလာသော ပစ္စည်းများကို ငြင်းပယ်လိုက်သည်။

''ကျွန်တော် ဒီပစ္စည်းတွေကို လက်နှင့်တောင် မတို့ချင်ဘူး။ အာနန္ဒီပဲ ဝတ်ထားပါ။ မာဏိက္ကမ် ရောက်လာတော့ ကျွန်တော်သူ့နှင့် ရှင်းပါ့မယ်''

အာနန္ဒီက လက်ဝတ်လက်စားများကို အတင်းထိုးပေးသည်။ သို့ရာတွင် အဏ္ဏာမလေက လက်မခံပေ။

''ကျွန်တော် အာနန္ဒီကို ရိုက်နှက်မိတယ်။ အဲဒီအပြစ်အတွက် မာဏိက္ကမ်ကို တောင်းပန်ရလိမ့်မယ်။ တကယ်လို့ ကျွန်တော် အာနန္ဒီရဲ့ပစ္စည်းတွေကို ယူတဲ့အမှားကို ကျူးလွန်မိတယ်ဆိုရင် သူ့ရှေ့မှာ ကျွန်တော် ရပ်တောင်ရပ်ရဲတော့မှာ မဟုတ်ဘူး။ အာနန္ဒီ ဒီပစ္စည်းတွေကို ပြန်ယူသွားပါ''

အာနန္ဒီက ရယ်ပြီးပြောသည်။

''ရှင်က ကျွန်မကို တမင်တကာ ရိုက်တာမှ မဟုတ်ဘဲ။ ကျွန်မကိုယ်တိုင်က ရှင့်အရိုက်ကို ခံတာပါ''

ယင်းသို့ ပြောလျက် အာနန္ဒီ ထိုနေရာမှထွက်ခွာသွားသည်။ ယခုလို စိတ်မချမ်းမသာဖြစ်နေသည့်ကြားထဲတွင်လည်း အာနန္ဒီအား ပြုံးပြုံးရယ်ရယ်ရှိနေသည်ကို တွေ့ရသည့်အတွက် အဏ္ဏာမလေ သက်သာရာ ရသွားသည်။ လူတစ်ယောက်၏ အလွန်တရာ သေးငယ်သော အပြုအမူသည် အခြားသူများအား မည်မျှနှစ်သိမ့်မှု ပေးနိုင်သည်ဟူသော အကြောင်းကို အဏ္ဏာမလေ အံ့သြနေမိသည်။

အဏ္ဏာမလေ၏ ယင်းအခြေအနေသည် ကြာရှည်လေးမြင့်စွာ တည်တံ့မနေပေ။ ဆုန္နရီ၏အခန်းတံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေ၏ ငြိမ်းချမ်းမှုသည် အဝေးသို့ ထွက်ပြေးသွားသည်။ အဏ္ဏာမလေသည် အပြင်ဘက် အခန်းထဲကြည့်လိုက်သည်။ ဆုန္နရီသည် သူ၏အတက်ချိုကိုယူလျက် အပြင်ဘက် ထွက်သွားဖို့ အဆင်သင့်ဖြစ်နေသည်။ အလွန်တရာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အဏ္ဏာမလေ စောင့်နေလာခဲ့သော ထိတ်လန့်ကြောက်ရွံ့ဖွယ် ခဏသည် ရုတ်တရက် ရောက်ရှိလာသည်။ အဏ္ဏာမလေ၏အကြည့်သည် ဆုန္နရီ၏ မျက်နှာပေါ် ရောက်ရှိသွားသည်။ ဆုန္နရီ၏ပါးနှစ်ဘက်တွင် ဒဏ်ရာဒဏ်ချက် လုံးဝမရှိပေ။ သို့သော်လည်း သူ၏မျက်လုံးသည် ဒေါသကြောင့် မီးကျီးခဲပမာ တောက်လောင်နေသည်။ အဏ္ဏာမလေက ဆုန္နရီရှေ့ သွားရပ်လိုက်သည်။ ဆုန္နရီသည် အဏ္ဏာမလေအား ဒေါသမျက်လုံးဖြင့် စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏာမလေသည် ''ဒီတစ်ခါသွားရင်တော့ နောက်ပြန်လာလို့ရမှာ မဟုတ်ဘူး'' ဟူ၍ ပြောမည့်ဆဲဆဲဖြစ်သွားသည်။ သို့ရာတွင် သူ့ထံ အာနန္ဒီလာပြီး ပြန်သွားသည့် နောက်ပိုင်း၌ အဏ္ဏာမလေသည် ငြိမ်းချမ်းမှု အတော်အတန်ရရှိသွားပြီဖြစ်၍ မိမိကိုယ်ကို အတော်အတန်ထိန်းနိုင်နေသည်။ အဏ္ဏာမလေက ပြောသည်။

''ဖြစ်ပြီးခဲ့သမျှတွေကို ငါ မေ့ပစ်မယ်။ မင်းလည်း မေ့ပစ်လိုက်ပါ။ ငါတို့ နှစ်ယောက်ဟာ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် လိုအပ်နေတဲ့လူတွေဖြစ်တယ်။ အိမ်တို့၊ ပစ္စည်းတို့၊ စည်းစိမ်ချမ်းသာတို့ကို တွေးတောမနေနှင့်တော့။ ငါတို့နှစ်ယောက် အစပြန်ပြီး ဘဝကို လူသစ်စိတ်သစ်နှင့် စကြမယ်''

''ကျွန်မ အခုလိုဖြစ်ရတာ တစ်သက်မမေ့ဘူး''

''ငါတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြင်နာကြတယ်ဆိုရင် ငါတို့ အဲဒီလို မလုပ်နိုင်စရာ ဘာရှိသလဲ''

ဆုန္ဒရီသည် သူ့ဟာသူ စိတ်ထဲက ပြောနေသည်။

''ဒီချစ်ခင်တယ်၊ ကြင်နာ တယ်ဆိုတဲ့ စကားတွေကို ဘေးဖယ်ထားလိုက်စမ်းပါ။ ကျွန်မ ရှင့်ကို ချစ်ခဲ့တာ အမှားကြီးမှားတယ်။ အဲဒီလို ချစ်ခဲ့တဲ့အတွက် ကျွန်မ အပြစ်ဒဏ်ခံရပြီးပြီ။ ကျွန်မကို သွားခွင့်ပေးပါ''

''ဆုန္ဒရီ၊ ငါပြောတဲ့စကားကို နားထောင်ပါ။ ငါတို့ နှစ်ယောက်ဟာ တစ်ယောက်နှင့် တစ်ယောက် ဘာမဆို သည်းခံခွင့်လွှတ်သင့်တယ်။ ဒီနေ့တော့ အနည်းဆုံး သည်းခံနေလိုက်ပါ။ မနက်ဖြန်ကျတော့ တကယ်လို့လိုအပ်ရင် ငါကိုယ်တိုင် မင်းကို လိုက်ပို့မယ်။ ပြီးတော့ ငါကိုယ်တိုင်ပဲ မင်းကို လာခေါ်မယ်''

''ကျွန်မ ရာယပေတာ သွားတဲ့လမ်းသိတယ်။ ရှင် ကျွန်မကို လိုက်ပို့စရာမလိုဘူး''

ဆုန္ဒရီသည် လျှင်မြန်စွာ ဆင်းသွားသည်။ ရှေ့တွင်ရပ်နေသော ယောက္ခမအား ဂရုမစိုက်ဘဲ အိမ်အပြင်ဘက် ထွက်သွားသည်။ အိမ်အပေါ်၌ရပ်နေသော အဏ္ဏာမလေသည် ဆုန္ဒရီအား ရပ်ကြည့်နေသည်။ ရုတ်တရက်မျက်ရည်များက သူ၏အကြည့်ကို မှုန်ဝါးသွားအောင် လုပ်လိုက်သည်။

ဆုန္ဒရီထွက်သွားပြီ။

မိမိ ရှုံးသွားပြီဟူ၍ အဏ္ဏာမလေ ရုတ်တရက် ထင်သွားသည်။ အိမ်အပေါ်ထပ်မှ အောက်ခုန်ချလိုက်ဖို့ရန်ပင် စဉ်းစားမိသည်။ အောက်ဘက် လှမ်းကြည့်လိုက်သည်။ အိမ်အပေါ်ထပ်သည် မြေပြင်ထက် အတော်အတန်မြင့်သည်။ တစ်ခဏအတွင်း၌ပင် သူ၏ဒုက္ခမှန်သမျှ နိဂုံးချုပ်သွားမည်။

အဏ္ဏာမလေ ခုန်ချပြီး သေကြောင်းကြံလိုသည့်နေရာ၌ အမေ မိနာချီအမ္မာလသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်ရပ်နေသည်။ သူ့ကို တိုက်အပေါ်ထပ်မှ ခုန်မချနိုင်အောင်





တားမြစ်ပိတ်ပင်ရန်အတွက် သူ၏ကံကြမ္မာသည် သူ၏မိခင်အား ထိုနေရာ၌ ရပ်ခိုင်းထားသလား မသိပေ။

အဏ္ဏာမလေ ပျာယာခတ်နေသည်။ ဆုန္ဒရီသည် ချစ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သဘောထားပြည့်ဝခြင်း စသည်တို့၏အနက်အဓိပ္ပာယ်ကို နားမလည်ပေ။ သို့ရာတွင် ဆုန္ဒရီသည် သူ၏ဇနီးမယားသာဖြစ်သည်။ ဆုန္ဒရီနှင့်အတူ နေထိုင်ပေါင်းသင်း လာခဲ့သည်။ ဆုန္ဒရီအား မိမိကိုယ်ကို အပ်နှင်းထားခဲ့သည်။ ဆုန္ဒရီသည် သူ၏နှလုံးသားနှင့် ဝိညာဉ်ကို အဏ္ဏာမလေအား ပေးဖို့ရန် နားမလည်ပေ။ သို့ရာတွင် ကိုယ်ခန္ဓာကိုမူ အဏ္ဏာမလေအား အပြည့်အဝအပ်နှင်းထားသူ ဖြစ်သည်။

အဏ္ဏာမလေသည် ယခင်ကကဲ့သို့ပင် စကူတာစီးပြီး ထွက်လာခဲ့သည်။ ဘတ်စ်ကား မှတ်တိုင်၌ရပ်လျက် အတန်ကြာမျှ ဆုန္ဒရီအား နားချနေသည်။ ဆုန္ဒရီက လက်မခံပေ။ ဆုန္ဒရီသည် ယခင်အခါကကဲ့သို့ပင် ဘတ်စ်ကားပေါ် တက်လိုက်သွားသည်။ အိမ်ပြန်ရောက်လာသောအခါ အဏ္ဏာမလေသည် သူ၏အိမ်ကို သုသာန်တစပြင်သဖွယ် ထင်မှတ်သွားသည်။ ယင်းကဲ့သို့ ဖြစ်ပျက်သည်များကို လုံးဝခံနိုင်စွမ်းမရှိပေ။ နေ့နှင့်ညသည် တစ်နာရီ တစ်ဗီဇနာသဖွယ် သူ့ကို နှိပ်စက်ကလူပြုနေသည်။

နံနက်မိုးမလင်းခင်ပင် အိမ်ရှေ့ ကားဆိုက်တဲ့ကြားရသည်။ အဏ္ဏာမလေ လူးလဲထလိုက်သည်။ သူ့ယောက္ခမ ကားဖြစ်သည်။ မျှော်လင့်ချက်တစ်ခု ပေါ်လာပြီးလျှင် ကားရှိရာသို့ ပြေးသွားသည်။ ယောက္ခမကိုယ်တိုင် ကားမောင်းလာသည်ဖြစ်၍ ဆုန္ဒရီလည်း အတူ ပါလိမ့်မည်ဟူ၍ အဏ္ဏာမလေ တွေးမိသည်။ ကားပေါ်က မဆင်းဘဲ ဒဏ္ဍပါဏီက ''ဆုန္ဒရီ ဒီကိုလာသလား''ဟူ၍ မေးလိုက်သည်။ ဒဏ္ဍပါဏီ၏ ယင်းမေးခွန်းကို ကြားရသောအခါ အဏ္ဏာမလေသည် မိမိ၏နှလုံးသားကို ကားဝင်တိုက် သွားသည်ဟူ၍ ထင်မှတ်သွားသည်။ အဏ္ဏာမလေက ပျာယီးပျာယာနှင့်ပြန်ဖြေသည်။

''ဟင့်အင်း ဒီကိုမလာဘူး''

ဒဏ္ဍပါဏီသည် ကားထဲတွင် သတိမေ့ပြီး လဲကျသွားသည်။ သတိပြန်ရလာသောအခါ ဒဏ္ဍပါဏီက အဏ္ဏာမလေအား ပြောပြသည်။ ယမန်နေ့ညက ဒဏ္ဍပါဏီသည် ဆုန္ဒရီအား ယခုလို လင်ယောကျ်ားနှင့် စကားများပြီး မိဘအိမ် မကြာခဏပြန်ပြန်လာခြင်းမှာ ကောင်းသောအကျင့်မဟုတ်ဟူ၍ မာန်မဲကြိမ်းမောင်းလိုက်သည်။ ဒဏ္ဍပါဏီ၏သားများကလည်း ဆုန္ဒရီအား လှောင်ပြောင်ပြောဆိုကြသည်။ ဒဏ္ဍပါဏီက ဆက်ပြောသည်။

''မနေ့ညက ဆုန္ဒရီ သူ့အမေနှင့်အတူ အိပ်သေးတယ်။ မနက်မိုးလင်း အိပ်ရာထတော့ ဆုန္ဒရီ မရှိတော့ဘူး။ သားတွေစီးတဲ့ ဆိုင်ကယ်လည်း ပျောက်သွားတယ်''

အဏ္ဏာမလေနှင့် ဒဏ္ဍပါဏီတို့သည် ကားနှင့်လှည့်လည်ပြီး ရှာကြသည်။ မိုင်လာပုရရှိ ပင်လယ်ကမ်းခြေ၌ ပစ္စည်းတစ်ခုကို လူတွေ ဝိုင်းအုံရပ်ကြည့်နေသည်ကို


www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏာမလေနှင့် ဒဏ္ဍာပါဏီတို့ တွေ့မြင်သွားကြသည်ဖြစ်၍ ကားပေါ်မှဆင်းပြီး ထိုနေရာသို့ ပြေးသွားကြသည်။ လမ်းတစ်ဘက် သဲပြင်ပေါ်တွင် ဆိုင်ကယ်တစ်စီးကို တွေ့မြင်သွားသည်။ လူအုပ်၏ကြားထဲတွင် ပင်လယ်ထဲက ဆယ်ယူပြီး ချထားသည့် ဆုနှရီ၏အလောင်းရှိနေသည်။ အသက်ပျောက်သွားပြီဖြစ်သော်လည်း ဆုနှရီ၏အလှသည် ထူးခြားပြီး တောက်ပနေတုန်းပင် ရှိသေးသည်။

အဏ္ဏာမလေသည် ဆုနှရီ၏ မလုပ်ယှက်အေးစက်နေသည့် အလောင်းပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားပြီးလျှင် ရှိုက်ကြီးတငင် ငိုနေသည်။ ပင်လယ်သမုဒ္ဒရာ၏ လှိုင်းများကလည်း အဏ္ဏာမလေနှင့်အတူ ငိုနေကြသည်၊ ဒဏ္ဍာပါဏီသည် မိမိ၏မျက်နှာကို လက်ဖြင့် ဖုံးအုပ်ပြီး ငိုရှိုက်နေသည်။

✦ ✦ ✦

အယ်ဒီတာ ရှရဝဏန်သည် အဏ္ဏာမလေအား အလုပ်ထဲတွင် အာရုံစူးစိုက်ပြီးလျှင် မိမိကိုယ်ကို မေ့သွားစေရန်အတွက် ပြင်းပြင်းထန်ထန် အလုပ်လုပ်ခိုင်းသည်။ သူ့အတွက် ပန်းချီကားများလည်း အရေးတကြီးလိုအပ်နေသည်။ တစ်ပြိုင်နက်တည်းမှာပင် အဏ္ဏာမလေအားလည်း ပူပန်သောက ရောက်မနေစေရန် လိုလားသည်။ ထို့ကြောင့် ရှရဝဏန်သည် ထိုကဲ့သို့စီစဉ်လိုက်ခြင်းဖြစ်သည်။ အဏ္ဏာမလေသည် တစ်နေ့လုံးတစ်ညလုံး စတူဒီယိုတွင် ထိုင်လျက် ပန်းချီပုံများကို အာရုံစူးစိုက်လျက် ဆွဲနေရလေသည်။

ရွာတွင်ရှိစဉ်က ခဲဖြင့် 'စကက်ချ်'ဆွဲထားသော ပုံများကို ရောင်စုံခြယ်သည့် လှပသောပန်းချီကားများအဖြစ် ဖန်တီးလိုက်သည်။

နံနက်မိုးမလင်းခင် ပန်းပေါ်တွင် ထယ်သွားထမ်းလျက် နွားများနှင့်အတူ လယ်ကွင်းသို့ ထွက်လာသောလယ်သမား၏ပုံကိုလည်းကောင်း၊ သီချင်းညည်းလျက် ရေတွင်းမှ မောင်းဖြင့်ရေငင်ပြီး လယ်ခင်းနှင့် ယာခင်းကို ရေလောင်းသော တောင်သူလယ်သမား၏ ပုံကို လည်းကောင်း၊ ကောက်စိုက်လျက် လယ်ကွက်များထဲတွင် ကတ္တီပါအစိမ်းကို ဖြန့်ခင်းကြသော လယ်သူမများ၏ပုံကိုလည်းကောင်း၊ နွားနို့ညှစ်ယူနေကြသည့် ကျေးရွာသူများ၏ ပုံကိုလည်းကောင်း၊ ယင်းကဲ့သို့ ပုံအမျိုးမျိုးကို အဏ္ဏာမလေ ရေးဆွဲထားသည်။

လုပ်ငန်းကိုင်ငန်းအမျိုးမျိုးနှင့် ဆက်စပ်သောပုံများကို ရေးဆွဲသော အဏ္ဏာမလေသည် ရွာသူရွာသားတို့၏ ပျော်ရွှင်မှုနှင့် ပတ်သက်သောပုံများကိုလည်း ရေးဆွဲဖို့ရန် မမေ့ပေ။ ကျေးရွာအနုပညာ၏ အဓိကအချက်အချာဖြစ်သော ရွာ၏ နတ်ကွန်း၌ကျင်းပသော ဘုရားပွဲသည်လည်း အဏ္ဏာမလေ၏ပန်းချီပုံများထဲတွင် အကောင်အထည်ပေါ်လာကြသည်။ မိန်းကလေးများ၏ ရေအိုးအက၊ ယောကျ်ားကလေးများ၏ အက၊ စည်ကားသော ဘုရားပွဲစသော ဘုရားပွဲ၌ တွေ့ရသည့်ရှုခင်းအပေါင်းကို သူ၏ပုံများ၌ ရေးခြယ်ထားသည်။





သူရေးခြစ်ထားသော စကက်ချ်ကို သူ့ရှေ့တွင် ချထားသည်မှာ မှန်သည်။ သို့ရာတွင် အမှန်တကယ်မှာမူ အဏ္ဏာမလေသည် မိမိ၏နှလုံးသားတည်းဟူသော အနုပညာဘဏ္ဍာတိုက်မှ ပုံတစ်ပုံစီ၊ တစ်ပုံစီကို စုတ်တံ၏အကူအညီဖြင့် အပြင်ဘက်ထုတ်ယူနေသည်ဟူ၍ ထင်မှတ်ရသည်။ တစ်ကြိမ်တွေ့ရုံမျှဖြင့်ပင် ယင်းအံ့သြဖွယ် ရှုခင်းများသည် သူ၏နှလုံးသားထဲတွင် တိုးဝင် ပေါင်းစုလာကြသည်။

နွားနို့ညှစ်ယူနေသော ကျေးရွာသူ မိန်းမပျို၏ပုံကို အပြီးသတ်လျက် အဏ္ဏာမလေသည် ထိုပုံကို စူးစိုက်ကြည့်ရှုနေသည်။ ပုံထဲတွင်ဖော်ထားသော မိန်းမပျို၏ဆင်ယင်ထုံးဖွဲ့မှုစသည်တို့သည် ကျေးရွာသူ မိန်းကလေးအတိုင်းပင်ဖြစ်နေသည်။ သို့ရာတွင် ပုံတွင်ပါသော မိန်းကလေး၏တောင့်တင်းသန်မာသော ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများနှင့် မျက်နှာပေါက် အနေအထားမှာ ဆုနှရီ၏ပုံစံမျိုးဖြစ်နေသည်။ ကျေးရွာသူမိန်းကလေး၏ပုံကို ဆွဲရင်း အဏ္ဏာမလေသည် အမှုမဲ့အမှတ်မဲ့ ဆုနှရီ၏ပုံကို ရေးဆွဲမိလျက်သားဖြစ်သွားသည်။

အဏ္ဏာမလေ ကြက်သီးမွေးညင်းထသွားသည်။ မည်သို့ပင်ဖြစ်စေ ဆုနှရီသည် သူ၏ အသွေးအသားထဲတွင် ရောနှောပေါင်းစပ်နေသည်။ သူ့ဘဝ၏ ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခု ဖြစ်နေသည်။

အဏ္ဏာမလေက သူ့ကိုယ်သူ ပြောလိုက်သည်။

''သူ့ကိုသတ်တာ ငါပဲ။ ငါကြောင့်သာ သူ့ဘဝ ဆုံးရှုံးသွားရခြင်းဖြစ်တယ်။ သူ့ကိုသတ်တဲ့တရားခံဟာ ငါပဲ''

အဏ္ဏာမလေသည် ယင်းသို့စဉ်းစားလျက် စုတ်တံကို လွှင့်ပစ်လိုက်ပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ဝုန်းခနဲ ပစ်လှဲလိုက်လေသည်။ မျက်လုံးနှစ်ဖက်မှလည်း မျက်ရည်များ သွန်ကျလာသည်။ အလုပ်ထဲတွင် နစ်မြုပ်လျက် မိမိကိုယ်ကို မေ့သွားဖို့ ကြိုးစားအားထုတ်သည်။ သို့ရာတွင် ယင်းသို့ ပြုလုပ်နိုင်စွမ်းမရှိပေ။ ဆုနှရီသည် သူ၏ ပန်းချီကားထဲက ထွက်လာပြီးလျှင် သူ့ရှေ့တွင်လာရပ်နေသည်။

အဏ္ဏာမလေသည် ထိုင်ရာမှထလျက် ပထမဆုံးအကြိမ် ဆုနှရီအား 'မိုဒယ်'အဖြစ် ထိုင်ခိုင်းလျက် ရေးဆွဲထားသော ပန်းချီပုံကို ယူလာခဲ့သည်။ ထိုပန်းချီပုံကို ရင်ဖြင့်အပ်လျက် အဏ္ဏာမလေသည် သက်ပြင်းတစ်ချက် ရှူထုတ်လိုက်သည်။

''ဘာပဲဖြစ်ဖြစ် ဆုနှရီဟာ မိန်းမသားတစ်ယောက်ဖြစ်တယ်။ ဘဝ၏ ချိုမြိန်တဲ့ အရသာကို ငါ့ရှေ့မှာ သူဖွင့်ပြတယ်။ ငါနှင့်အတူ နေထိုင်ရင်း မိမိဘဝ၏အမှတ်သညာ လက္ခဏာများကို ငါ၏နှလုံးသားပေါ်မှာ သူခတ်နှိပ်ထားတယ်''

ထိုနေရာသို့ ကဒ်ရေရှန်ရောက်လာသည်ကို အဏ္ဏာမလေ သတိမပြုမိပေ။ ကဒ်ရေရှန်က သူ၏ပခုံးပေါ်လက်တင်လိုက်မှသာ အဏ္ဏာမလေ လန့်ဖြတ်သွားသည်။ ကဒ်ရေရှန်က အဏ္ဏာမလေအား ဖြည်းညှင်းစွာလှုပ်လျက် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလဲ အဏ္ဏာမလေ။ ဘာဖြစ်နေတာလဲ''

''သူ့ကို၊ ဆုန္နရီကို ကျွန်တော်ပဲ...''

ယင်းသို့ ပြောလျက် အဏ္ဏာမလေ လည်မျို တစ်ဆို့သွားသည်။

ကာဒီရေရှန်သည် ချစ်ခင်ရင်းနှီးစွာဖြင့် မာန်မဲကြိမ်းမောင်းလိုက်သည်။

''မောင်အခုလို စကားမျိုးတွေ ပြောနေရင်တော့ ဦး ဒီကို နောက်မလာတော့ဘူး''

ယင်းသို့ ပြောလျက် ကာဒီရေရှန်သည် အဏ္ဏာမလေအား ချစ်ခင်ရင်းနှီးစွာဖြင့် အားပေးစကား ပြောကြားသည်။ ဆုန္နရီ သေဆုံးရခြင်း၏အကြောင်းမှာ အဏ္ဏာမလေ မဟုတ်ဟူ၍လည်း ရှင်းလင်းပြောကြားသည်။

''ဦးပြောတဲ့စကားကို နားထောင်ပါဦး။ ဆုန္နရီဟာ ပြောင်းလဲနေတဲ့ မျိုးဆက်သစ်ရဲ့ အဆန်မပါဘဲ အခေါင်းကြီးသာဖြစ်နေတဲ့ အမှတ်လက္ခဏာတစ်ခုဖြစ်တယ်။ အဲဒီလိုဖြစ်ရတာလဲ သူ့အပြစ်မဟုတ်ဘူး။ သူမွေးဖွားတဲ့နေရာ၊ သူ့ကိုမွေးမြူစောင့်ရှောက်ပုံ စောင့်ရှောက်နည်း၊ သူ၏ပညာရေး၊ ပိုက်ဆံကိုသာ နတ်ဒေဝတာအဖြစ် အမှတ်ထားတဲ့ သူ့ပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်း၊ အဲဒါတွေ အားလုံးဟာ ဆုန္နရီ သေဆုံးရခြင်း၏ အကြောင်းတွေဖြစ်တယ်။ ဦး ကိုယ်တိုင် ကိုယ့်အိမ်ထောင်စုမှာ အဲဒီဖောက်ပြန်တဲ့ အကျင့်မျိုးဖြစ်ပွားနေတာ တွေ့ရတယ်။ တကယ်လို့ အိမ်ထောင်စုမှာရှိတဲ့ လူကြီးသူမတွေက ဘဝအမှန်တရားကို ရှာဖွေဖို့ စိတ်မရှိရင် ကလေးသူငယ်တွေအနေနှင့် အဲဒီဘဝ၏ အမှန်တရားတွေကိုသာ ဘယ်မှာရရှိနိုင်ပါ့မလဲ။ တကယ်လို့ ဦးတို့ဟာ မိမိတို့၏ကူနွေငါးပါးကို မကောင်းတဲ့အလုပ်တွေအတွက် အသုံးမချဘဲ၊ ကောင်းတဲ့အလုပ်တွေအတွက် အသုံးချမယ်ဆိုရင် ဦးတို့ဘဝမှာ ချမ်းမြေ့ရွှင်လန်းမှု အပြည့်ရှိလာနိုင်တယ်။ ယခုခေတ်လူတွေဟာ မျက်စိနှင့် ဘယ်ဟာကို ဘယ်လိုကြည့်ရမယ်ဆိုတာ၊ နားနှင့် ဘယ်အကြောင်းကို ဘယ်လိုနားထောင်ရမယ်ဆိုတာ၊ မိမိကိုယ်ကို ဘယ်လိုထိန်းပြီး၊ ဘယ်လိုကောင်းတဲ့နေရာမှာ အသုံးချရမယ်ဆိုတာ၊ စိတ်နှလုံးကို ဘယ်လိုလူသားဆန်တဲ့ ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံအောင်လုပ်ပြီး၊ ဘယ်လိုယဉ်ကျေးမှုရှိလာအောင် လုပ်ရမယ်ဆိုတာ မသင်ကြဘူး။ အဲဒါတွေဟာ လူသားတွေအတွက် အလွန်တရာ လိုအပ်တဲ့အခြေခံပညာ သင်ကြားရေးဖြစ်တယ်။ အဲဒီလို ပညာသင်ကြားရေးမျိုးကို ဒီကနေ့ ကလေးသူငယ်တွေဟာ အိမ်မှာလည်း မရရှိကြဘူး။ ကျောင်းမှာလည်း မရရှိကြဘူး။ လူ့အဖွဲ့အစည်းမှာလည်း မရရှိကြဘူး။ တစ်ချိန်တုန်းက အိမ်မှာလိုပဲ လမ်းတွေနှင့် ရွာတွေမှာလည်း ကိုယ့်အကြီးအမှူးနှင့်ကိုယ် ရှိကြတယ်။ အဲဒီလူတွေဟာ စက္ကူပေါ်မှာ လက်မှတ်မထိုးတတ်ကြပေမယ့် မိမိတို့၏ အတွေ့အကြုံအရ အဲဒီအခြေခံပညာသင်ကြားရေးကို ရရှိကြတယ်။ အဲဒီပညာသင်ကြားရေးနှင့်အညီ ကျင့်ကြံအားထုတ်ဖို့လည်း ကြိုးစားကြတယ်။ ယခုခေတ်မှာတော့ ဦးတို့ဟာ နီတိကျင့်ဝတ်ဆိုတာတွေကို မေ့ဖျောက်ထားပြီး စီးပွားရေးနယ်ပယ်မှာ အရှိန်အဟုန်နှင့် ရှေ့ရောက်အောင် အတင်းပြေးနေကြတယ်။ အခြေခံအုတ်မြစ်မရှိတဲ့ လူ့အဖွဲ့အစည်း၏





တိုးတက်မှုနှင့်ကျယ်ပြန့်မှုဟာ အလွန်တရာ အန္တရာယ်ရှိတယ်ဆိုတဲ့အကြောင်းကို ဆုန္နရီက ဦး တို့ကို သတိပေးသွားတယ်''

ကာဒီရေရှန်သည် စိတ်ပါလက်ပါ ပြောပြနေသည်။ နေ့စဉ်နေ့တိုင်း မိမိ၏အိမ်တွင် ရုတ်တရက် ပေါ်ပေါက်လာသော ငွေမျက်လှည့်ပွဲများကို ကာဒီရေရှန် မမြင်ချင်အဆုံး ဖြစ်နေသည်။ အဏ္ဏာမလေက ကာဒီရေရှန်၏ စကားကိုဖြတ်၍ ပြောလိုက်သည်။

''တကယ်လို့ ကျွန်တော် သူ့ကို မရိုက်ရင်...''

ကာဒီရေရှန်က ပြန်ပြောသည်။

''မောင်သူ့ကို ဘယ်မှာ ရိုက်လို့လဲ။ အာနန္ဒကို ရိုက်တာမဟုတ်လား''

ယင်းသို့ပြောလျက် ကာဒီရေရှန် ရယ်လိုက်သည်။

''ဦး အနားမှာရပ်ပြီး အားလုံးကို ကြည့်နေတယ်။ ဆုန္နရီပြောတဲ့ အမနာပစကားတွေကို ကြားရတဲ့အတွက် မောင် ကိုယ့်ကိုယ်ကို သတိမထားတာဘဲ ဦး တအံ့တသြဖြစ်နေမိတယ်''

အဏ္ဏာမလေကလည်း အသံထွက်ပြီး ရယ်လိုက်လေသည်။ သူ၏ စိတ်နှလုံးလည်း ပေါ့ပါးသွက်လက်သွားသည်။ ယင်းသို့ တွေ့မြင်သိရှိရသည့်အတွက် ကာဒီရေရှန် ကျေနပ်နှစ်သိမ့်သွားသည်။ ကာဒီရေရှန်ပင်လျှင် အဏ္ဏာမလေ၏ အတွင်းသန္တာန်၌ရှိသော အနုပညာရှင်ကို ရှာဖွေဖော်ထုတ်ပြီးလျှင် ယနေ့အဆင့်မြင့် အနုပညာရှင်ဖြစ်အောင် ဖန်တီးခဲ့ခြင်းဖြစ်သည်။

အယ်ဒီတာ ရှရဝဏန်ကလည်း အဏ္ဏာမလေထံ မကြာခဏသွားလျက် အကျိုးအကြောင်း မေးမြန်းကြည့်ရန် ကာဒီရေရှန်အားပြောထားသည်။ အဏ္ဏာမလေနှင့် စကားပြောရင်း ကာဒီရေရှန်၏အချိန်သည် ကုန်ဆုံးကျော်လွန်သွားသည်။

''ကဲကောင်းပြီ၊ ဦး သွားလိုက်ဦးမယ်'' ယင်းသို့ပြောလျက် ကာဒီရေရှန် ထရပ်လိုက်သည်။ အိမ်ခန်းထဲက ထွက်သွားရင်းနှင့်လည်း ပြောလိုက်သည်။

''အသက်ရှင်နေစဉ်တုန်းက ဒီကလေးမ မောင့်ကို နှိပ်စက်ညှဉ်းဆဲသမျှနှင့် တော်လောက်ပါပြီ။ အခု သူ ကွယ်လွန်သွားပြီးတဲ့နောက် ကိုယ့်ကိုယ်ကို ညှဉ်းဆဲနှိပ်စက်ခွင့် မပေးပါနဲ့တော့''

ကာဒီရေရှန်ထွက်သွားသည်။ အဏ္ဏာမလေသည် တစ်ဖန် ပန်းချီရေးဆွဲခြင်းအလုပ်၌ နှစ်မြုပ်သွားပြန်သည်။ ယင်းအလုပ်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ တစ်နေ့ရာတည်း၌ ထိုင်လျက် ပန်းချီရေးဆွဲနေသည့်အတွက် သူ၏ခါးမှာ ကျိုးသလိုလို ဖြစ်နေသည်။ သို့ရာတွင် ပန်းချီရေးဆွဲသည့်အလုပ်ကို အားသွန်ခွန်စိုက်လုပ်နေသည်။ တက်ကြွလှုပ်ရှားမှုလည်း ရှိနေသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် စက်ရုပ်ကဲ့သို့ တစ်မျိုးတည်းသောပုံများတွင် ထပ်ခါထပ်ခါ ဆေးရောင်ခြယ်သည့်အလုပ်မျိုးကို မလုပ်ပေ။ သူ၏ ပုံတိုင်းပုံတိုင်းသည် အသစ်ဖြစ်ကြသည်။ ပန်းချီပုံတိုင်းပုံတိုင်းသည် ဆန်းသစ်သော အနုပညာဖန်တီးမှုအသစ်ခု ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နှစ်ရက် ညနေချမ်းအချိန်၌ ရှာရဒါသည် အဏ္ဏာမလေကို ရှာရင်း အဏ္ဏာမလေ၏ စတူဒီယိုသို့ ရောက်လာသည်။ ဆုနရီကွယ်လွန်သွားသည့်သတင်းကို ကြားသိရသည်ဖြစ်၍ ရှာရဒါသည် အဏ္ဏာမလေထံ သတင်းမေးလာပြီးလျှင် ကိစ္စဝိစ္စ ပြုလုပ်ပြီးသည်အထိ အဏ္ဏာမလေတို့ထံ၌ နေသည်။ ထို့နောက်တွင်လည်း ရှာရဒါသည် အဏ္ဏာမလေနှင့် နှစ်ကြိမ်သုံးကြိမ် တွေ့သေးသည်။

ထိုနေ့ အဏ္ဏာမလေထံ ရောက်လာသည်နှင့် ရှာရဒါက ပြောလိုက်သည်။

"ကျွန်မ သတင်းကောင်းတစ်ခု သယ်ဆောင်လာတယ်"

ယင်းသို့ပြောလျက် ဆိုဖာပေါ်၌ ထိုင်ချလိုက်သည်။ ထိုအချိန်၌ အဏ္ဏာမလေအနေနှင့်လည်း နားဖို့ လိုအပ်လာသည်ဖြစ်၍ ကုလားထိုင်တစ်လုံးဆွဲလျက် ရှာရဒါအနီးသို့ လာထိုင်သည်။

"အနုပညာကောလိပ်မှာ ကျွန်မ ဆရာမအလုပ်ရပြီ။ မနေ့ကပဲ အကြောင်းကြားစာရတယ်။ ကျွန်မ အခု စိတ်အေးလက်အေး ရှိသွားပြီ။ စားရေး၊ သောက်ရေးကိစ္စများနှင့် ပတ်သက်ပြီး အိမ်ကလူတွေ ကျွန်မကို ဝန်ထုပ်ဝန်ပိုးအဖြစ် အမှတ်ထားကြတော့မှာ မဟုတ်ဘူး"

အဏ္ဏာမလေသည် အလွန်တရာ အားရဝမ်းသာဖြစ်သွားပြီးလျှင် ရှာရဒါအား ချီးကျူးစကား ပြောကြားသည်။

"ရှင် ဘာဖြစ်လို့ ဒါလောက် အားရဝမ်းသာဖြစ်နေရတာလဲ"

"ရှာရဒါရဲ့အခက်အခဲတွေကို ကျွန်တော်သိတယ်။ ဟိုတုန်းက ကျွန်တော် ရှာရဒါကို အကူအညီပေးနိုင်တဲ့အခြေအနေ မရှိခဲ့ဘူး။ တကယ်လို့ ကျွန်တော် အကူအညီပေးချင်ဦးတော့ ရှာရဒါက ကျွန်တော့်ကို အဲဒီလိုလုပ်ခွင့်ပေးမှာ မဟုတ်ဘူး။ အခု ကျွန်တော် အဲဒီလိုကြောင့်ကြနေစရာမလိုတော့ဘူး"

ရှာရဒါသည် ချစ်ခင်ရင်းနှီးမှုအပြည့်ရှိသောအကြည့်ဖြင့် အဏ္ဏာမလေကို ကြည့်၍ ပြုံးနေသည်။ အဏ္ဏာမလေ၏ စိတ်နှလုံးထဲတွင် မိမိနှင့်ပတ်သက်၍ အကြင်နာတရားရှိသည် ဟူသောအချက်ကို ယနေ့မှသာလျှင် ရှာရဒါ သိရှိရိပ်မိသွားသည်။

"ရှင် အဲဒီအကြောင်း အရင်က ကျွန်မကို ဘာကြောင့်ပြောမပြတာလဲ"

"တကယ်လို့ ရှာရဒါက ကျွန်တော့်ကို ဒီသတင်းပြောမပြရင် ကျွန်တော်ကလည်း ပြောပြဖြစ်မှာမဟုတ်ဘူး။ နှုတ်နှင့်ပြောရုံသာ ပြောပြနေလို့ ဘာအကျိုးရှိမှာလဲ"

ရှာရဒါက ဂုဏ်ယူစွာဖြင့် ပြောပြသည်။

"အာနန္ဒီက မကြာခဏ ကျွန်မကို အကူအညီပေးပါတယ်။ ကောလိပ်တက်တဲ့ စရိတ်ကို သူနှင့် သူ့အဖေကပဲ ပေးကြတယ်။ သူ့အဖေထောက်ခံစာနှင့်ပဲ ကျွန်မ အဲဒီအလုပ်ကို ရတာ"





လူတို့သည် အလွန်တရာကြီးကျယ်သည့် အလှူဒါနမျိုးကို မပြုလုပ်ကြစေကာမူ အကယ်၍ မိမိစွမ်းအားရှိသလောက် လူနှစ်ယောက် သုံးယောက်လောက်ကို အကူအညီပေးလျှင်လည်း ကမ္ဘာလောက၌ ဆင်းရဲဒုက္ခ၏အတိုင်းအတာသည် လျော့နည်းသွားစရာအကြောင်းရှိသည်ဟူ၍ အဏ္ဏာမလေ စဉ်းစားမိသည်။

ထိုအချိန်၌ ကဒိရေရှုန်ကပင်လျှင် မိမိဘဝ၏လမ်းကြောင်းကိုလည်း ပြောင်းလဲပစ်လိုက်သည်ဟူ၍ အဏ္ဏာမလေ တွေးမိသည်။ အဏ္ဏာမလေ၏ စိတ်နှလုံးသည် ကတညုတကတဝေဒီတရား အပြည့်ဖြစ်နေလေသည်။

✦ ✦ ✦

အဏ္ဏာမလေသည် အစားအသောက်ကိုမေ့လျက် သူ့ပန်းချီပုံတွေထဲမှာသာ နစ်မြုပ်နေသည်ဟူ၍ မီနာချီအမွှာလက ရှာရဒါအား ပြစ်တင်စကား ပြောပြသည်။ ရှာရဒါသည် အောက်ထပ်ဆင်းသွားပြီးလျှင် မီနာချီအမွှာလ ချက်ပြုတ်ထားသော စားဖွယ်သောက်ဖွယ်များကိုယူပြီး အပေါ်ပြန်တက်လာသည်။ အဏ္ဏာမလေ လက်နှင့် ပါးစပ်ရေဆေးပြီး ပြန်မလာခင် ရှာရဒါသည် အခန်းကို ရှင်းလင်းထားလိုက်သည်။ ထမင်းဟင်းများကို အဏ္ဏာမလေအားလည်း ကျွေးသည်။ မိမိကိုယ်တိုင်လည်းအတူ စားသည်။

ရှာရဒါက ပြောသည်။

"ရှင့်အမေပြောတဲ့စကားကိုကြားရတော့ ရှင့်ကို ထမင်းကျွေးဖို့ ကျွန်မ နေ့တိုင်း ရှင့်ဆီလာရလိမ့်မယ်လို့ တွေးမိသွားတယ်"

"တကယ်လို့ ရှာရဒါလည်း ကျွန်တော်နှင့်အတူ ထမင်းစားမယ်ဆိုရင်တော့ ဆက်ဆက်လာပါ"

"အိမ်မှာ တယ်လီဖုန်းတပ်ပါ။ အနုပညာကောလိပ်ကနေပြီးတော့ ကျွန်မ ရှင့်ကို ထမင်းစားဖို့ သတိပေးမယ်။ ညနေအိမ်ပြန်တဲ့အခါကျတော့ ကျွန်မဒီကို ဝင်လာပါ့မယ်။ ရှင်ဟာ တော်တော်အမျှင်းထူတဲ့လူ ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုတောင် ဂရုမစိုက်ဘူး။ ဒါကြောင့်မို့ အနုပညာကောလိပ်ကျောင်းတက်တဲ့အချိန်တုန်းက အာနန္ဒီက ရှင့်ကို ပြုစုစောင့်ရှောက်ဖို့ ကျွန်မကို တာဝန်ပေးထားတာဖြစ်တယ်"

အဏ္ဏာမလေ ခပ်မဆိတ်ဖြစ်သွားသည်။ အိမ်အနီးအနား၌ နေသော်လည်း အာနန္ဒီသည် ယခုအခါတွင် သူ့ထံ မလာသလောက်ပင်ဖြစ်နေသည်။ မာဏိက္ကမ် ပြန်ရောက်လာပြီ။ အာနန္ဒီက အကြွေးကိစ္စနှင့်ပတ်သက်၍ လုပ်စရာရှိသမျှကို သူကိုယ်တိုင်လုပ်မည်ဟူ၍ အဏ္ဏာမလေထံမှ ရှေ့နေ၏နို့တစ်ကို ယူထားသည်။ ဆုနရီရှိစဉ်က လာသကဲ့သို့ ယခုအခါ၌ အာနန္ဒီ အဏ္ဏာမလေထံ မလာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ရှာရဒါကပြောသည်။

''အာနန္ဒီ ယောက္ခမကြီးရဲ့ ဖိနှိပ်ချုပ်ချယ်မှုနှင့် မာဂါက္ကမ်ရဲ့ တင်းတင်းကျပ်ကျပ် ဆက်ဆံမှုဟာ တစ်နေ့တခြား ကြီးထွားလာတယ်။ ကျွန်မလာတာတောင် သူတို့ မကြိုက်ဘူး''

အဏ္ဏာမလေသည် သက်ပြင်းရှည်ကြီး ရှူထုတ်လိုက်သည်။ အာနန္ဒီနှင့် ပတ်သက်၍ ရှာရဒါအား မည်သို့မျှပြောမပြနိုင်အောင် ဖြစ်နေသည်။

ရှာရဒါထပြီး အဏ္ဏာမလေ၏ပန်းချီပုံများကို ကြည့်ရှုသည်။ ထိုပန်းချီပုံများကို တွေ့မြင်ရသောအခါ ရှာရဒါ အံ့ဩငေးမောသွားသည်။ အဏ္ဏာမလေသည် အသက်အရွယ် ငယ်ငယ်ကလေးနှင့်ကြီးကျယ်သော အနုပညာရှင်တစ်ယောက်ဖြစ်သွားပြီဟူ၍ ရှာရဒါ အပြည့်အဝ ယုံကြည်သွားသည်။ အဏ္ဏာမလေ၏ အတွင်းသန္တာန်၌ တည်ရှိနေသော မွေးရာပါ အနုပညာစွမ်းရည်သတ္တိကို သိရှိနားလည်သွားသည့်အလား ရှာရဒါသည် ဝမ်းသာအားရ ဖြစ်သွားသည်။

ရှာရဒါကပြောပြသည်။

''ရှင့် ပုံတွေကို တွေ့မြင်ရတော့ ကျွန်မအနေနှင့် ပန်းချီဆွဲလို့ မသင့်တော်တော့ဘူးလို့ ထင်မိတယ်။ ကျွမ်းကျင်မှုနှင့် အလေ့အကျင့်ပြုမှုတို့ဟာ ဒီအနုပညာနှင့် ဘယ်လိုမှ ဆက်စပ်ခြင်းမရှိဘူးလို့ ထင်ရတယ်။ ဒီအနုပညာဟာ အရောင်အမျိုးမျိုး၊ အသွင်အမျိုးမျိုးနှင့် သူ့ဟာသူ အတွင်းသန္တာန်ထဲက ကြွတက်လာရတာဖြစ်တယ်။ ဒီအနုပညာနှင့် တိုက်ပွဲဝင်ရင်း ဝင်ရင်း ကျွန်မတော့ မောနေပြီ''

''ကျွန်တော် အဲဒီလိုပြောတာ မကြိုက်ပါဘူး။ ကျွန်တော်ရေးဆွဲတဲ့ ပုံတွေထဲမှာလည်း ကျွန်တော်ကိုယ်တိုင် အားမရတဲ့ပုံတွေရှိပါတယ်။ ရှာရဒါနှင့် တခြားလူတွေ ဆွဲတဲ့ ပန်းချီပုံတွေမှာ တစ်မူထူးခြားနေတဲ့အလှကို ကျွန်တော်တွေ့ရပါတယ်။ စံပယ်ပန်း ပွင့်တဲ့အတွက် နှင်းဆီကို မပွင့်ရဘူးလို့ ပြောလို့မရပါဘူး''

''ရှင်က ဘယ်လိုပြောတာလဲ၊ စံပယ်ပွင့်တွေက နတ်သုဒ္ဓါ မိုးရွာချနေသလို ထင်နေရတယ်''

ယင်းသို့ ပြောပြီးလျှင် ရှာရဒါသည် အဏ္ဏာမလေအား ခနဲ့လိုက်သည်။ အယ်ဒီတာ ရှရဝဏာန်သည် အနုပညာနှင့်ပတ်သက်၍ လှုပ်ရှားမှု အသစ်တစ်ရပ် ပြုလုပ်လိမ့်မည်ဟူ၍လည်း ရှာရဒါက အဏ္ဏာမလေအား ပြောပြလိုက်သည်။

ရှာရဒါက ပြောသည်။

''ရှရဝဏာန်ဟာ ကျွန်မတို့ယဉ်ကျေးမှုကို တစ်ဖန်ပြန်ပြီး အဖတ်ဆယ်ဖို့အတွက် စီမံကိန်းကြီးတွေကို လုပ်နေတယ်။ မကြာခင် လှုပ်ရှားမှုကြီးတစ်ခု လုပ်လိမ့်မယ်။ သူ့အလုပ်ဌာနမှာ အရှိန်အဟုန်နှင့် လုပ်ငန်းတွေများစွာ လုပ်နေတယ်။ အချိန်ရရင် ကျွန်မလည်း သူ့ဆီ ခဏတဖြုတ်လောက် သွားဦးမယ်''





အဏ္ဏာမလေက တအံ့တဩနှင့် မေးလိုက်သည်။

''အနုပညာနှင့် ပတ်သက်တဲ့ လှုပ်ရှားမှုဟုတ်လား''

''ပုန်ဂလပွဲတော်မတိုင်ခင် တစ်လောက်စပြီး မဒရပ်မှာ အဲဒီလှုပ်ရှားမှုကို စတင်ပြုလုပ်လိမ့်မယ်။ အဲဒီအခါမှာ အနုပညာ အထူးထုတ်စာစောင်ကို ထုတ်လိမ့်မယ်။ ပြပွဲတစ်ခုကိုလည်း ခင်းကျင်းပြသလိမ့်မယ်။ အစည်းအဝေးပွဲတွေ လုပ်လိမ့်မယ်။ ဟောပြောပွဲတွေ လုပ်လိမ့်မယ်။ တနယ်ခင်းများကတစ်ဆင့် ပန်းချီအနုပညာ ပြန့်ပွားသွားအောင် လုပ်လိမ့်မယ်။ အယ်ဒီတာကြီး သိပ်တက်ကြွနေတယ်။ အဲဒီလုပ်ငန်းတွေကို အောင်မြင်အောင် ကြိုးပမ်းအားထုတ်လိမ့်မယ်လို့ ထင်နေရတယ်''

အဏ္ဏာမလေကလည်း စိတ်တက်ကြွလာသည်။

''အဲဒီလုပ်ငန်းတွေ လုပ်ဖို့အတွက် ငွေ ဘယ်ကရမှာလဲ''

''အဲဒီအသုံးစရိတ်အတွက် အယ်ဒီတာကြီးကိုယ်တိုင် ကျခံလိမ့်မယ်။ သူ့ မိတ်ဆွေတွေက သူ့ကို ငွေထောင်ပေါင်းများစွာ ပေးကြတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ကျွန်မတို့ တိုင်းပြည်မှာရှိတဲ့ ဓော်ဘွားတွေ၊ ခေါင်းဆောင်ကြီးတွေရဲ့ စိတ်နှလုံးထဲမှာ အနုပညာနှင့် ပတ်သက်ပြီး လေးစားမှုဖြစ်ပေါ်လာစေဖို့အတွက် ကောင်းမေ့ဆိုတဲ့ပန်းချီကားတွေကို သိန်းနှင့် သောင်းနှင့် ဝယ်ပြီးတော့ အဖိုးနှုန်းချိုချိုနှင့် ရောင်းဖို့ကြံနေကြတယ်။ အဲဒီပွဲအတွက် ရှင်ရေးဆွဲထားတဲ့ ပန်းချီကားတွေကိုပဲ ပိုစတာလုပ်ကြလိမ့်မယ်ထင်တယ်။ အခု သူတို့တစ်တွေဟာ အနုပညာအတွက် အရူးအမူးဖြစ်နေကြတယ်။ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုတစ်ခုကို ကိုယ်စားပြုတဲ့ အိန္ဒိယနိုင်ငံရဲ့ ရှေးအကျဆုံး နိုင်ငံသူနိုင်ငံသားများဖြစ်ကြတဲ့ ကျွန်မတို့ ပြည်နယ်သားတွေဟာ ပုန်ဂလပွဲသဘင် အခမ်းအနားနှင့်ပတ်သက်ပြီး ပေးပို့ကြတဲ့ ဂုဏ်ပြုချီးကျူးစာလွှာတွေကိုဖတ်ပြီး သူတို့ တတွေမျက်လုံးတွေမှာ သွေးရောင်လွှမ်းလာကြတယ်။ အဲဒါကြောင့် အယ်ဒီတာကြီးက ပုန်ဂလပွဲသဘင်မှာ ဒီလှုပ်ရှားမှုကြီးကို အစပြုဖို့ စဉ်းစားနေတာဖြစ်တယ်''

အဏ္ဏာမလေက ပြောသည်။

''ဂန္ဒီကြီးဟာ ပင်လယ်ထဲက လက်တစ်ဆုပ်စာ ဆားယူပြီးတော့ သူ့လှုပ်ရှားမှုကို အစပြုခဲ့တယ်။ ဂန္ဒီကြီး၏လှုပ်ရှားမှုဟာလည်း၊ အခုလှုပ်ရှားမှုလိုပဲ မဟုတ်လား''

''ဂန္ဒီကြီး ကျေးဇူးရှိတဲ့ လူတွေအားလုံးက ဂန္ဒီကြီးကို ဝိုင်းဝန်းကူညီကြတယ်။ အဲဒါကြောင့် ဂန္ဒီကြီးရဲ့လှုပ်ရှားမှု အောင်မြင်သွားခြင်းဖြစ်တယ်။ ပုန်ဂလပွဲသဘင်မှာ ဆုတောင်းမေတ္တာပို့ကြတဲ့ လူတွေဟာ တကယ်လို့ အဲဒီပွဲသဘင်ရဲ့ မြင့်မြတ်စင်ကြယ်မှုကို နားလည်ကြတယ်ဆိုရင် အခု လှုပ်ရှားမှုဟာလည်း မအောင်မြင်နိုင်စရာ အကြောင်းမရှိဘူး။ ကျွန်မတို့ဘိုးဘွားဘီဘင်များဟာ သူတို့ရဲ့လုပ်ငန်းဖြစ်တဲ့ လယ်ယာအလုပ် တိုးတက်ကြီးပွားမှု ရှိဖို့အတွက် ကြံ စသည်တို့နှင့် ဘုရားသခင်ကို ပူဇော်ပသကြတယ်။ အဲဒီအခါမျိုးမှာ ကျွန်မတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားဘီဘင်များဟာ လယ်ယာလုပ်ငန်းမှာ အထောက်အကူဖြစ်တဲ့ ကျွဲနွားတွေကိုလည်း မမေ့ကြဘူး။ ပွဲသဘင်အမျိုးမျိုးမှာ ဆုတောင်းမေတ္တာလွှာ ပေးပို့တဲ့အလေ့အထကို ကျွန်မတို့နိုင်ငံခြားသားတွေဆီက သင်ယူကြတယ်။ ဒါပေမဲ့ နိုင်ငံခြားသားတွေဟာ ဆုတောင်းမေတ္တာလွှာပို့တဲ့အချိန်မှာ မိမိတို့ရဲ့ ဆုတောင်းမေတ္တာ သဝဏ်လွှာများမှာ အဲဒီပွဲလမ်းသဘင်နှင့် မအပ်စပ်တဲ့ ကပြက်ကချော် ပန်းချီပုံတွေကို ဖော်ပြမထားကြဘူး။ အဲဒီလို လုပ်တာတောင်မှ နိုင်ငံခြားတွေက တောနေလူရိုင်းတွေ မိမိတို့မှ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုကို ကိုယ်စားပြုနေကြတဲ့ အလွန်တရာ ယဉ်ကျေးတဲ့လူတွေဖြစ်တယ်လို့ ပြောနေကြသေးတယ်''

အဏ္ဏာမလေ၏ စိတ်နှလုံးသည် ထိခိုက်နာကျင်သလို ဖြစ်သွားသည်။ နက်နက်နဲနဲ စဉ်းစားကြည့်လိုက်သည်။ ကိုးရိုးကားယား အဝတ်အစားတွေကို ဝတ်စားဆင်ယင်ထားကြသော ရုပ်ရှင်သရုပ်ဆောင်များ၏ပုံများကို ဆုတောင်းမေတ္တာသဝဏ်လွှာစာများတွင် ရိုက်နှိပ်ဖော်ပြသော ဓလေ့ထုံးစံအသစ်တစ်ခု ငါတို့ တိုင်းပြည်၌ ခေတ်စားနေပြီ။ ယင်းဓလေ့မျိုး အခြားနိုင်ငံများ၌ မရှိပေ။ တောင်သူလယ်သမားများ အစော်ကားခံရသော တိုင်းပြည်၌ ဆန်ရေစပါး မချို့တဲ့ဘဲ ဘယ်မှာရှိမည်နည်း။ မိမိတို့၏ နယ်မြေပေါ်တွင် ရှင်သန်ကြီးထွားလာခဲ့သော အနုပညာများကိုမေ့နေကြသော လူတွေ ပေါ်များသည့်နိုင်ငံ၌ တောနေလူရိုင်းတို့၏ အရေအတွက် ဘယ်မှာမများဘဲ ရှိမည်နည်း။

ယင်းသို့ စဉ်းစားပြီးလျှင် အဏ္ဏာမလေက ပြောပြသည်။

''ရာရဒါ၊ အယ်ဒီတာ ရုရဝဏာန်ရဲ့အကြံကို ကျွန်တော်ကောင်းကောင်း နားလည်သွားပြီ။ ကျွန်တော့်ကို သူရှာလွှတ်ပြီး အခုလို ပန်းချီပုံတွေ ဘာကြောင့်အဆွဲခိုင်းတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားပြီ။ အဲဒီပန်းချီပုံတွေဟာ လက်တစ်ဆုပ်စာလောက်ရှိတဲ့ သူဌေးသူကြွယ်တွေရဲ့ အိမ်ကြီးရခိုင်တွေကို ကျက်သရေရှိစေရုံမျှသာမကဘဲ ဆုတောင်းမေတ္တာသဝဏ်လွှာများအဖြစ် ပစ္စည်းမဲ့ဆင်းရဲသားတွေရဲ့ တဲအိမ်များအထိ ဝင်ရောက်သွားစေနိုင်ဖို့ ကျွန်တော့် ဆန္ဒထက်သန်နေတယ်''

ရာရဒါနှင့် အဏ္ဏာမလေတို့သည် ထိုပန်းချီပုံများကို အမြင်သစ်ဖြင့် ကြည့်ကြသည်။ မိမိရေးဆွဲထားသော ပန်းချီပုံတစ်ပုံ တွေ့ရသောအခါ ယင်းပုံ၌ မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ပြီးမှ စားသောက်ကြသော တခြားလူတွေကိုလည်း ကျွေးမွေးသော ငြိမ်းချမ်းစွာနေထိုင်ကြသည့် တောင်သူလယ်သမားများနှင့်ပတ်သက်၍ မိမိ၏ကျေးဇူးအသိကို ဖော်ပြထားသည်ဟူ၍ အဏ္ဏာမလေ သိမြင်သွားသည်။ သူ၏ ပန်းချီပုံအားလုံးသည် ပုန်ဂလပွဲတော်၏ စင်ကြယ်မြင့်မြတ်မှုကို ဖော်ပြနေကြသည်။

'ပုန်ဂလ'(ဆန်ပြုတ်ချို)၏ အစိတ်အပိုင်းတစ်ခု ဖြစ်သောဆန်သည် ပြည်သူအပေါင်းတို့၏ ပင်ပင်ပန်းပန်းလုပ်ရသော လုပ်အားကို ညွှန်ပြနေလျက် ကျန်အစိတ်အပိုင်းတစ်ခုဖြစ်သောကြံရည်သည် ပြည်သူပြည်သားတို့၏ အနုပညာအသိကို ညွှန်ပြနေသည်။





အဏ္ဏာမလေ၏ ပန်းချီပုံများလည်း ယင်းနှစ်မျိုးနှစ်စားသော အတွေးအခေါ်ကို ဖော်ပြနေကြသည်။

''သူရဲကောင်းတွေက အားကောင်းမောင်းသန် နွားထီးကြီးများကို နဖားကြိုးထိုးပြီး ဦးချိုတွေမှာ ချည်ထားတဲ့ငွေအိတ်နှင့် သမီးမျိုးလှလှကို လက်ဆောင်ပဏ္ဏာအဖြစ်ရရှိတဲ့ အဖြစ်အပျက်မျိုးကို ရှင် ပန်းချီပုံတွေထဲမှာ ဘာဖြစ်လို့ ရေးဆွဲမထားသလဲ''

''ပုန်ဂလပွဲတော်ကျတော့ ကျွန်တော် မောက်ထပ် အဲဒီရွာကို သွားဦးမယ်။ 'မန်ကိုဝိရတ္တု'အမည်ရှိတဲ့ ရာရဒါ အခုပြောပြနေတဲ့ အကာနှင့်ပတ်သက်တဲ့ပုံတွေကို ရေးဆွဲမလာဖြစ်ခဲ့ဘူးဆိုတာ ကျွန်တော်လည်း သိပါတယ်။ ရှေးဟောင်း တမီလ်ကျမ်းစာအုပ်ဖြစ်တဲ့ 'ကလိတ္တိုဂေ'မှာ အဲဒီအကကို 'အေရုတလုဝုဒလ' (နွားများကို နဖားကြိုးထိုးခြင်း)လို့ ပြောပြထားတယ်။ အဲဒီအကဟာ နွားကျောင်းသား လူငယ်လူရွယ်များ၊ အပျော်အပါး ကစားကြတဲ့ ကစားနည်းတစ်မျိုးဖြစ်တယ်။ ကျွန်တော်တို့ဒေသမှာ အဲဒီအလေ့အထ ခေတ်စားလာခဲ့တာကြာပြီ။ ကျွန်တော်တို့ ကျေးရွာသူရွာသားတွေ အဲဒီအလေ့အထကို မေ့မသွားကြခင် ကျွန်တော်တို့ ပန်းချီပုံများရေးဆွဲပြီး ထိန်းသိမ်းထားသင့်ကြတယ်''

ရာရဒါက ပြောသည်။

''ရုရဝဏာန်တို့ရဲ့ရွာ ရှင်နောက်ထပ်သွားတဲ့အခါ ကျွန်မလည်း ရှင်နှင့်အတူလိုက်ခဲ့မယ်။ အဲဒီအချိန်ကျရင် ကျွန်မတို့ ကျောင်းလည်းပိတ်ပါလိမ့်မယ်''

အဏ္ဏာမလေက ပြောလိုက်သည်။

''ကောင်းတယ်၊ ကောင်းတယ်၊ ဆက်ဆက်လိုက်ခဲ့''

ယင်းသို့ပြောလျက် ရာရဒါ၏မျက်လုံးကို စူးစိုက်ကြည့်လိုက်သည်။ ရာရဒါ ဘာကြောင့် ဦးခေါင်းငုံ့သွားသည်မသိပေ။ ရာရဒါ၏မျက်နှာတွင် ရှက်သွေးရောင် ဖြန်းသွားသည်ဟု အဏ္ဏာမလေ ထင်မှတ်သွားသည်။

✦ ✦ ✦

အနုပညာနှင့်ပတ်သက်သော ထိုလှုပ်ရှားမှုကြီးသည် မဒရပ်မြို့ရှိ အနုပညာဝါသနာပါသူများနှင့် လူငယ်လူရွယ်တို့၏အကြား၌ အုတ်အော်သောင်းတင်းဖြစ်သွားစေခဲ့သည်။ မဒရပ်မြို့အပြင်ဘက် တမီလ်နာဒူးပြည်နယ်တစ်ခုလုံး၌လည်း ယင်းသတင်းသည် ပျံ့နှံ့သွားသည်။ ပုန်ဂလပွဲတော်၌ ပုန်ဂလပွဲတော်အထိမ်းအမှတ်အဖြစ် ပေးပို့ကြသည့် အဝတ်မလုံ့တလုံဝတ်ထားသော မိန်းမပျိုများ၏ မြူဆွယ်သည့်ပုံများ ရိုက်နှိပ်ထားသော ဆုတောင်းမေတ္တာစာလွှာများကို မီးရှို့ပစ်လိုက်ကြသည်။

''အကယ်၍ ကျုပ်တို့အဆိုးကို ဖယ်ရှားပစ်ဖို့မကြိုးစားလျှင် ဤနိုင်ငံ၌ အကောင်းထွန်းကား ပြန့်ပွားမလာနိုင်''ဟူ၍ အယ်ဒီတာ ရုရဝဏာန်က ထုတ်ပြန်ကြေညာလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေနှင့် အခြားပန်းချီဆရာအချို့ ရေးဆွဲထားသော ပိုစတာများသည် မြို့၏ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့အား အသရေတိုးမြှင့်ပေးနေကြသည်။ ထိုပန်းချီ အနုပညာရှင်တို့၏ ထောက်ပံ့အားပေးမှုကြောင့် အနုပညာနှင့်ပတ်သက်သော ထိုပွဲသဘင်၏ သတင်းစကားသည် ပြည်သူလူထုအထိ ရောက်ရှိသွားသည်။

ပန်းချီပုံများစွာ၌ တောင်သူ လယ်သမားတို့၏လုပ်အားကို ဖော်ပြထားကြသည်။ အချို့ပန်းချီပုံများစွာ၌ တောင်သူလယ်သမားတို့၏ဘဝနှင့် ခွဲခြား၍မရသော အင်္ဂါ အစိတ်အပိုင်းများဖြစ်ကြသည့် တောင်သူလယ်သမားတို့၏ ပျော်ရွှင်ဖွယ်အမျိုးမျိုးကိုလည်း ရေးဆွဲထားကြသည်။ ပန်းချီပုံတိုင်း၌ ပြည်သူလူထုကို လှမ်းခေါ်သော "ပုန်ဂလအစားအစာကို စားသောက်ကြသော ပြည်သူအပေါင်းတို့၊ ကျွန်ုပ်တို့အား မေ့မထားကြပါနှင့်။ တိုင်းပြည်၏ အစဉ်အလာကို ဖျောက်ဖျက်မထားကြပါနှင့်"ဟူသော ဝါကျကို ပုံနှိပ်ဖော်ပြထားသည်။

နေ့စဉ်နေ့တိုင်း နေရာအနှံ့အပြား၌ လူထုအစည်းအဝေးပွဲများ ပြုလုပ်ကျင်းပပြီးလျှင် ယင်းအစည်းအဝေးပွဲများ၌ ကျွန်ုပ်တို့ တိုင်းပြည်နိုင်ငံ၏ စာပေ၊ ယဉ်ကျေးမှု၊ ဘဝနေနည်း အစရှိသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်ကြသည်။ ပန်းချီအနုပညာရှင်များ၏ ဆေးရောင်စုံပန်းချီကားအလှများကို အရေအတွက် သိန်းပေါင်းများစွာရိုက်နှိပ်ပြီးလျှင် အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချကြသည်။ ပြက္ခဒိန်၊ ဆုတောင်းမေတ္တာသဝဏ်လွှာ၊ ဒိုင်ယာရီတို့၌လည်း ပန်းချီပုံများကို ရိုက်နှိပ်ဖော်ပြထားကြသည်။ ရှုရဝဏန်သည် သူ၏စာစောင် 'ကလိုက်မလာ'ကို ပန်းချီအနုပညာ အထူးထုတ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။ ပန်းချီအနုပညာပြပွဲများနှင့် စည်းဝေးသဘင်များကိုလည်း နေရာအနှံ့အပြားကျင်းပပြုလုပ်ကြသည်။ သတင်းစာများ၏ အကူအညီရရှိသည်ဖြစ်၍ ရှုရဝဏန်သည် အနုပညာနှင့်ပတ်သက်သော ယင်းပွဲသဘင်၏သတင်းကို အလှမ်းဝေးကွာသောနေရာများသို့အထိ ရောက်အောင်ပြုလုပ်လိုက်လေသည်။

စာစောင်တစ်ခု၏ ခေါင်းကြီးပိုင်း၌ ဤသို့ရေးသားဖော်ပြထားသည်။

"မိမိ၏ယင်းလှုပ်ရှားမှုဖြင့် ရှုရဝဏန်သည် ကျွန်ုပ်တို့အား ဤကဲ့သို့သော အကြောင်းအရာနှင့်ပတ်သက်၍ ကိုယ်ကျိုးမကြည့်ဘဲ သမာသမတ်ကျကျ ဆင်ခြင်စဉ်းစားသည့် ပုဂ္ဂိုလ်များသည် အကယ်၍ မိမိတို့ကိုယ်တိုင် ကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် တိုင်းပြည်အတွက် မည်သည့်အရာကိုမဆို မစွမ်းဆောင်နိုင်ဘဲ ရှိမည်မဟုတ်ပေ။ ပန်းချီအနုပညာအတွက်မျှသာမက စာပေ၊ ဂီတ၊ ပြဇာတ်၊ လက်မှုပညာစသော တခြားအနုပညာများအား မြှင့်တင်မြှောက်ပေးရန်အတွက်လည်း ဤကဲ့သို့သော လှုပ်ရှားမှုများ လိုအပ်ပေ၏"

သတင်းစာများ၌ ထည့်သွင်းဖော်ပြသော ယင်းလှုပ်ရှားမှုသတင်းကို ဖတ်ရှု၍ ပွဲသဘင်သို့ ရောက်လာပြီးလျှင် ပြပွဲကိုကြည့်ရှုသော အနုပညာမြတ်နိုးသူ နိုင်ငံခြားသားတစ်ယောက်က ရှုရဝဏန်အား ပြောပြသည်။



"ခင်ဗျားတို့ရဲ့ ဒီပန်းချီပုံတွေဟာ အလွန် အဆင့်မြင့်တဲ့ပန်းချီပုံတွေဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ ဒီပန်းချီပုံတွေကို ပိုစတာနှင့် ဆုတောင်းမေတ္တာသဝဏ်လွှာတွေမှာ ပုံနှိပ်ပြီး ပန်းချီပုံတွေရဲ့တန်ဖိုးကို လျှော့ချပစ်နေကြတယ်။ အဲဒီလိုလုပ်တာဟာ သင့်လျော်ပါမည်လား"

ရှုရဝဏန်က ထိုပုဂ္ဂိုလ်အား ရှင်းပြသည်။

"လက်တစ်ဆုပ်စာလောက်ရှိတဲ့ သူဌေးသူကြွယ်တို့ကိုသာ အနုပညာအရသာ ခံစားနိုင်ခွင့်ပေးဖို့ ကျုပ်တို့ မရည်ရွယ်ဘူး။ စစ်မှန်တဲ့ အနုပညာရှင်တွေဟာ သာမန်ပြည်သူလူထုနှင့် ဝေးကွာသွားလို့ရှိရင် ငွေလောဘတက်ပြီး ဘာမဆိုလုပ်ဖို့ ဝန်မလေးတဲ့ လူလိမ်လူညာတစ်နပ်စားသမားများအဖြစ်နှင့် ပြည်သူလူထုကို လက်တစ်လုံးကြား လုပ်ကြလိမ့်မယ်။ ခေတ်အဆက်ဆက်က ခေတ်စားလာခဲ့တဲ့ ကျုပ်တို့နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးမှုအတွက် ကျင်းပပြုလုပ်တဲ့ ဒီမြင့်မြတ်စင်ကြယ်တဲ့ ပုန်ဂလပွဲတော်ဟာ ယခုခေတ်မှာ ပုံပျက် ပန်းပျက်ဖြစ်လာတယ်။ မှုန်ဝါးထင်းလာတယ်။ ယခုအခါမှာ ကျုပ်တို့ တိုင်းပြည်မှာရှိတဲ့ လူငယ်လူရွယ်တွေဟာ ဘုရားကျောင်း ဆောက်လုပ်ပြီးတော့ ဘုရားကျောင်းမှာ ရုပ်ရှင်သရုပ်ဆောင်များ၏ မြူဆွယ်နေတဲ့ပုံများကိုပင် ချိတ်ဆွဲလာကြဖို့ရှိတယ်။ အဲဒီလူတွေကို မည်သည့်ပုဂ္ဂိုလ်တွေကို မည်သည့်နေရာမျိုး၌ မည်ကဲ့သို့ ရိုးကျိုးဂုဏ်ပြုရမယ်ဆိုတဲ့အကြောင်း ကျုပ်တို့ အခုကျင်းပပြုလုပ်တဲ့ ပွဲသဘင်နှင့်ပြောပြလိုတဲ့စိတ်ဆန္ဒ ရှိကြတယ်။ ပုန်ဂလပွဲတော်၏ ဇာတ်လိုက်မင်းသားမှာ တောင်သူလယ်သမားဖြစ်ပြီး ဇာတ်လိုက်မင်းသမီးမှာ တောင်သူလယ်သမား၏ ဇနီးမယားဖြစ်တယ်။ သူတို့၏ အဖော်သဟဲများကတော့ ကျွဲနွားစသည်တို့ဖြစ်တယ်"

ပွဲသဘင်လှုပ်ရှားမှုသည် အာနန္ဒ၊ ကဒိရေရှန်၊ ရာရဒါ၊ အဏ္ဏာမလေတို့၏ အပေါ်တွင် ဩဇာသက်ရောက်မှုရှိသွားသည်။ ရှုရဝဏန်က သူတို့အားလုံးကို လုပ်ငန်းတစ်ခုစီ လွှဲအပ်ထားသည်။ သူတို့သည် ပွဲသဘင် စသည့်အချိန်မှပြီးသွားသည့်အချိန်အထိ အသက်ရှူဖို့ပင် နားခွင့်မရပေ။ စိတ်ဓာတ်တက်ကြွနေကြသည်ဖြစ်၍ မောရပန်းရမှန်းပင် မသိပေ။ ပွဲသဘင် အောင်မြင်ထမြောက်ရေးအတွက် ကိုယ့်တာဝန်၊ ကိုယ့်လုပ်ငန်းကို အဆက်မပြတ် လုပ်ကိုင်နေကြသည်။

ယင်းပွဲသဘင်အတွက် မာဏိက္ကမ်သည် ငွေလည်းမပေးပေ။ တခြား မည်သည့် အကူအညီမျိုးကိုမှလည်း မပေးပေ။ အစကတည်းက ထိုပွဲသဘင်နှင့် ခပ်ကင်းကင်းနေလာခဲ့သည်။ နေ့ရက်အတန်ကြာလာသောအခါ ထိုပွဲသဘင်နှင့်ပတ်သက်၍ ကဲ့ရဲ့ရှုတ်ချသည့် စကားပင်ပြောလာသည်။ ကဒိရေရှန်သည် ပွဲသဘင်၏လုပ်ငန်းတာဝန်များကို မိမိကိုယ်ပိုင် လုပ်ငန်းတာဝန်များဖြင့် ယူဆထားသည်ဖြစ်၍အခါမလပ် အာနန္ဒ၏အကူအညီကို ယူအပ်နေသည်။ မကြာခဏ အဏ္ဏာမလေနှင့် ရာရဒါကိုလည်း သူ့အိမ်သို့ခေါ်၍ မိမိ၏ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

တာဝန်များကို ခွဲဝေပေးသည်။ မာဏိက္ကမ်က ယင်းသို့ ပြုလုပ်ခြင်းများကို နှစ်မြို့ခြင်း မရှိပေ။ မိမိ၏ယောက္ခမအား ကိုက်ရိုက် ကဲ့ရဲ့ရှုတ်ချရန်အတွက်မူ မဝံ့မရဲဖြစ်နေသည်။ အကြောင်းမူကား၊ ထိုအိမ်သည် သူ၏အိမ်ဖြစ်သည်။ အာနန္ဒီသည် သူ၏သမီးဖြစ်သည်။ ဤပွဲသဘင်နှင့် သူတို့ကိုရိုက် ဆက်စပ်မှုမရှိနေသည်။

မာဏိက္ကမ်၏အမေ ကျေလမ္မာလက မာဏိက္ကမ်၏ဒေါသကို ဆွပေးလိုက်သည်။

"သားအဖနှစ်ယောက်လုံး ဘာဖြစ်နေကြတယ်မသိဘူး။ မင်းယောက္ခမက ဒီပြဇာတ်ကဖို့အတွက် မှာ့ငါးရာပေးတယ်လို့ အမေကြားရတယ်။ အဏ္ဏာမလေ ဒီအိမ်လာတာ၊ ဒီအိမ်က သားအဖနဲ့အကူ အပြင်ထွက်သွားတာ အမေ လုံးဝမကြိုက်ဘူး။ မင်းမိန်းမက ဘာမှမသိနားမလည်တဲ့ အပျိုအရွယ်မိန်းကလေးတစ်ယောက်ဖြစ်တယ်။ ကိုယ့်အိမ်ထောင်ကို ထိန်းထိန်းသိမ်းသိမ်း မလုပ်နိုင်တဲ့အတွက် သူ့အခုလို ပေါက်လွှတ်ပဲစားဖြစ်နေရတာ။ တကယ်လို့ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်လာရင် မင်းအနေနှင့်မျက်နှာပြဖို့ ကောင်းတော့မှာ မဟုတ်ဘူး"

မာဏိက္ကမ်၏ စိတ်နှလုံးတွင် ယုံမှားသံသယ အညွန့်အညှောက်ထွက်ပြူလာသည်။ တစ်ပြိုင်နက်တည်းမှာပင် အဏ္ဏာမလေနှင့်ပတ်သက်၍ ဣဿာမစ္ဆရိယ ဖြစ်ပေါ်လာသည်။ ထိုပွဲသဘင်သည် အနုပညာကို တစ်ဖန်ပြန်လည် ထုတ်ဖော်ဖို့ရန်အတွက် ကျင်းပပြုလုပ်သော ပွဲသဘင်ဖြစ်သည်။ သို့ရာတွင် မာဏိက္ကမ်သည် ဘယ်နေရာကြည့်လိုက်ကြည့်လိုက် အဏ္ဏာမလေရေးဆွဲထားသော ပန်းချီပုံများကိုသာ တွေ့မြင်နေရသည်။ ပိုစတာများ၌လည်းကောင်း၊ ဆိုင်များတွင် ချိတ်ဆွဲထားသော စာစောင်များ၏မျက်နှာဖုံးနှင့်သတင်းစာများ၌ လည်းကောင်း နေရာအားလုံး၌ အဏ္ဏာမလေ အပြည့်အဝလွှမ်းမိုးမှုရနေသည်ဟူ၍ မာဏိက္ကမ် အထင်မှားသွားသည်။ တခြားပန်းချီဆရာများ ရေးဆွဲသောပန်းချီပုံများကိုလည်း အဏ္ဏာမလေ၏ ပန်းချီပုံများဖြစ်သည်ဟူ၍ ထင်ပြီးလျှင် မာဏိက္ကမ်သည် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်နေသည်။ မာဏိက္ကမ်သည် ငွေကြေးအတော်များများ စုဆောင်းမိသွားသည်။ ငွေကို သုံးဖြုန်းလျက် စည်းစိမ်ချမ်းသာခံစားစံစားရန်အတွက် သူ့ထံတွင် ကားလည်းအဆင်သင့် ရှိနေသည်။ အစေခံများသည် သူ့ရှေ့မှောက်၌ လက်နှစ်ဘက်ယှက်လျက် ကိုင်တဆိတ် ရပ်နေကြသည်။ သူဌေးသူကြွယ်များနှင့်နှင့် တွေ့ဆုံနိုင်ခွင့်လည်း ရရှိနေသည်။ ယင်းသို့ဖြစ်ပါ သော်လည်း မာဏိက္ကမ်သည် အဏ္ဏာမလေအား စိုးစဉ်းမျှပင် ချီးကျူးစကားမပြောနိုင်ပေ။

"အဏ္ဏာမလေသည် ဘဝတွင်နည်းလမ်းမှန်ဖြင့် နေထိုင်သွားနည်း နားမလည်ပေ။ စာမေးပွဲလည်း နှစ်ခါကျသည်။ ဘာတစ်ခုမှ အလုပ်မဖြစ်ပေ။ ယခုအချိန်၌ကား ဇာတာစန်းလက် ပွင့်လာသည်" ဟူ၍ မာဏိက္ကမ် ရေတွေးတောစဉ်းစားနေသည်။

မိမိ၏ယောက္ခမနှင့် ဇနီးမယားသည် ရှရဝဏန်၏အကူအညီဖြင့် အဏ္ဏာမလေ အား မြှောက်ပင့်မြှောက်ပေးနေကြသည်ဟူသော မာဏိက္ကမ်က ထင်မြင်ယူဆသည်။ မိမိ၏





အိမ်၌ မိမိအား ဆန့်ကျင်သောလုပ်ကြံမှုတစ်ခုကိုလည်း လုပ်နေကြသည်ဟူ၍ မာဏိက္ကမ် အထင်ရောက်လာသည်။

မာဏိက္ကမ်၏အိမ်၌ ရုတ်တရက် သေးငယ်သောအဖြစ်အပျက်တစ်ခု ဖြစ်ပေါ် လာသည်။ အပြင်ဘက်မှ ပြန်လာသောအခါ ကဒိရေရှန်၏ အခန်းထဲတွင် သားအဖနှစ်ယောက် ဆုံလျက် စကားပြောနေကြသည်ကို မာဏိက္ကမ် တွေ့မြင်သွားသည်။ သားအဖနှစ်ယောက်သည် အဏ္ဏာမလေအကြောင်းကို ပြောနေကြသည်။ မာဏိက္ကမ်သည် တံခါးအပြင်ဘက်မှ ပုန်းကွယ် လျက် တိတ်တဆိတ်ရပ်ပြီးလျှင် သားအဖနှစ်ယောက် ပြောနေကြသည့်စကားကို နားစိုက် ထောင်နေသည်။

အာနန္ဒီက သတင်းစာဖြတ်ပိုင်းတစ်ချို့ကို ကိုင်ထားသည်။ ယင်းသတင်းစာ ဖြတ်ပိုင်းများမှာ ကဒိရေရှန်မှတစ်ဆင့် အဏ္ဏာမလေထံ ရှရဝဏန် ပို့လိုက်သော သတင်းစာ ဖြတ်ပိုင်းများဖြစ်သည်။ ယင်းသတင်းစာဖြတ်ပိုင်းများ၌ အဏ္ဏာမလေ၏ ပန်းချီပုံများနှင့် ပတ်သက်၍ ဝေဖန်ချီးကျူးထားသည်။ တချို့သတင်းစာများကသာလျှင် ထိုရုပ်ပုံများ၏ ချို့ယွင်းချက် တစ်ခုနှစ်ခုလောက်ကို ထောက်ပြထားကြသည်။ သတင်းစာ အများအပြားကမူ အဏ္ဏာမလေအား ချီးကျူးဂုဏ်ပြုထားကြသည်။

အာနန္ဒီသည် ယင်းသတင်းစာများကို စိတ်ပါလက်ပါ ကဒိရေရှန်အား ဖတ်ပြနေ သည်။ သူ၏စကားလုံးများမှ ပေါ်ထွက်လာသော ချီးကျူးခြင်းနှင့် မျက်နှာတွင် ပေါ်လွင် နေသည့် အမူအရာများသည် မာဏိက္ကမ်အား မခံမရပ်နိုင်အောင် ပြုလုပ်နေကြသည်။ မာဏိက္ကမ်သည် သူ့နေရာမှ ရွေ့မသွားပေ။ အာနန္ဒီသည် သတင်းစာထဲက ရေးသားချက် တစ်ခုကို ဖတ်ပြနေသည်။

"ကျေးရွာနတ်ဘုရားကျောင်း ပန်းချီပုံသည် ကျွန်ုပ်တို့အား တောထဲတွင်ရှိနေသော ထိုနတ်ဘုရားကျောင်းအတွင်းသို့ ပို့လိုက်သကဲ့သို့ ထင်နေရသည်။ ထိုဘုရားကျောင်း ပန်းချီပုံ၏ တင့်တယ်လှပမှု၊ တိတ်ဆိတ်ငြိမ်သက်မှု၊ ထိတ်လန့်ကြောက်ရွံ့ ဖွယ်ကောင်းမှုများနှင့် ယင်းပန်းချီပုံ၌ပေါ်နေသော ကြည်ညိုသဒ္ဓါသည် ကျွန်ုပ်တို့အား အပြည့်အဝ ညို့ယူဖမ်းစား ထားသည်။ ယင်းပန်းချီပုံသည် မွေးရာပါ အနုပညာ၏ ဆုံးဖြတ်ရန်အနုပညာလက်ရာဟူ၍ စဉ်းစားမိသော ကျွန်ုပ်တို့သည် တအံ့တသြဖြစ်ကြရသည်" သတင်းစာဖြတ်ပိုင်းကို ဖတ်ရင်း အာနန္ဒီက ရုတ်တရက် ပြောလိုက်သည်။

"ဖေဖေ ဒီပန်းချီပုံကိုကြည့်ပြီး သမီးစိတ်ထဲမှာလည်း အဲဒီလို အတွေးတွေ ဘာကြောင့်ပေါ်လာသလဲ မသိဘူး"

ကဒိရေရှန်ကပြောသည်။

"ဒီပန်းချီပုံဟာ အမှန်တကယ် အလွန် အဆင့်အတန်းမြင့်တဲ့ လက်ရာဖြစ်တယ်။ မွေးရာပါ အနုပညာရှင်တွေဟာ အနုပညာလက်ရာများနှင့် မိမိတို့ရဲ့အတွေးအခေါ်များကို



www.burmeseclassic.com

www.burmeseclassic.com



အနုပညာလက်ရာများနှင့် တခြားလူတွေအထိ ရောက်အောင် ပို့ပေးကြတယ်။ တစ်ခုံ တစ်ယောက်ရဲ့ အတွေးအခေါ်အယူအဆ၊ ဂုဏ်အရည်အချင်း၊ အကျင့်စာရိတ္တတို့ကို စကားလုံး နှင့် ဖော်ပြရတာထက် အနုပညာနှင့်ဖော်ပြရတာက ပိုပြီးခက်ခဲတယ်။ အဏ္ဏာမလေဟာ တစ်နည်းနည်းနှင့် အဲဒီအနုပညာကို အပိုင်ရရှိထားတယ်''

ဝေဖန်ရေးဆရာတစ်ဦးကမူ ထက်မြက်စူးရှသော စကားလုံးများဖြင့် ဝေဖန်ပြီးလျှင် ပုန်ဂလ၏ ဆုတောင်းမေတ္တာစာလွှာများနှင့် ပိုစတာများအတွက် ပန်းချီပုံရေးဆွဲသူကို အနုပညာရှင်ဟူ၍ ကျွန်ုပ်တို့ ဘယ်မှာ ပြောဆိုနိုင်မည်နည်းဟူ၍ မေးခွန်းထုတ်ထားသည်။

''အဲဒီလို ပန်းချီရေးဆွဲတဲ့လူကို အနုပညာရှင်လို့မခေါ်ရင် ဘယ်သူတွေကို သွားခေါ်မှာလဲ''

ယင်းသို့ပြောပြီးလျှင် ကဒီရေရှန်က ရယ်လိုက်သည်။ ထို့နောက် ဆက်ပြောသည်။

''မိမိပန်းချီပုံများကို ကြည့်ပြီး မိမိကိုယ်တိုင် ဝမ်းသာအားရဖြစ်ဖို့အတွက် သို့မဟုတ် လူနှစ်ယောက်သုံးယောက်ကြားထဲမှာ ရပ်ပြီး တစ်ယောက်နှင့်တစ်ယောက် ချီးကျူးစကား ပြောဖို့အတွက် ပန်းချီရေးဆွဲနေလို့ ဘာကျေးဇူးရှိမှာလဲ။ ယခုခေတ်ဟာ ပြည်သူလူထုနှင့် ဝေးကွာရာကိုသွားပြီး တောင်ထိပ်တစ်ခုခုပေါ် တက်ထိုင်နေဖို့ ကြိုးစားတဲ့လူတွေရဲ့ခေတ် မဟုတ်တော့ဘူး။ ခေတ်ပြောင်းလဲသွားပြီဆိုတာ အနုပညာရှင်တွေ နားလည်သဘောပေါက် သင့်တယ်။ အဲဒီလိုသဘောပေါက်မှသာ အနုပညာရှင်တွေအနေနှင့် ခေတ်သစ်ကို တည်ဆောက် နိုင်ကြလိမ့်မယ်''

အာနန္ဒီက မေးလိုက်သည်။

''ပန်းချီပုံတွေကို ပုံနှိပ်ဖော်ပြတာ မှန်သလား၊ မှားသလား ဖေဖေ''

ကဒီရေရှန်က ပြန်ဖြေသည်။

''ပန်းချီပုံတွေကို ဘာကြောင့် ပုံနှိပ်ဖော်ပြရတယ်ဆိုတာကို သမီး ပထမနားလည် ထားဖို့လိုတယ်။ ပန်းချီပုံ တစ်ခုခုကိုအရေအတွက်များတဲ့ အနုပညာမြတ်နိုးသူတွေထံ ရောက် အောင်၊ ဆင်းရဲသားပစ္စည်းမဲ့ အနုပညာမြတ်နိုးသူတွေထံရောက်အောင် ပုံနှိပ်ဖော်ပြခြင်း ဖြစ်တယ်။ ပန်းချီပုံတစ်ခုခုဟာ အဆင့်မြင့်တဲ့အနုပညာလက်ရာလား၊ ဒါမှမဟုတ် အဆင့်မြင့်တဲ့ အနုပညာလက်ရာ မဟုတ်ဘူးလားဆိုတာကိုပဲ စဉ်းစားဆင်ခြင်သင့်တယ်။ အခုအခါမှာတော့ အညံ့စား ပန်းချီပုံတွေကိုလည်း ပုံနှိပ်ဖော်ပြကြတယ်။ အဆင့်မြင့်တဲ့ ပန်းချီပုံတွေကိုလည်း ပုံနှိပ်ဖော်ပြကြတယ်။ ပန်းချီပုံအမျိုးမျိုးတွေထဲက လက်ရွေးစင်ပန်းချီပုံတွေကိုရွေးပြီး ခံစားမှု ပြုလုပ်တာ ပန်းချီအနုပညာ ချစ်မြတ်နိုးသူတွေရဲ့ တာဝန်တစ်ရပ်ဖြစ်တယ်။ အနုပညာရှင် အနေနဲ့ အချိန်ကာလရဲ့ အရှိန်အဟုန်ကိုကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့တဲ့အတွက် တိုက်ပွဲ မဝင်ရဲတဲ့နေ့မှာ ကမ္ဘာပေါ်မှာ လူရယ်လို့ ရှိတော့မှာမဟုတ်ဘူး။ အင်း··· တစ်ခုတော့ရှိတယ်။ လူလိုခေါ်တဲ့စက်ရုပ်တို့တော့ ရှိချင်ရှိနိုင်တယ်။ တကယ်လို့ တချို့လူတွေ စက်ယန္တရားရဲ့





အကူအညီနှင့် လူကို တိရစ္ဆာန်ဖြစ်အောင် လုပ်နိုင်တယ်ဆိုရင် အနုပညာရှင်အနေနှင့် အဲဒီ စက်ယန္တရားတွေရဲ့ အကူအညီနှင့် လူကို လူဖြစ်အောင် ဘာကြောင့်တိုက်ပွဲမဝင်နိုင်ရမှာလဲ''

အာနန္ဒီသည် နက်နက်နဲနဲ တွေးခေါ်စဉ်းစားနေသည်။ တံခါးအပြင်ဘက်၌ မာဏိက္ကမ် ကြာရှည်စွာ ရပ်မနေနိုင်တော့ပေ။ သားအဖနှစ်ယောက်၏ စကားများကလည်း သူနားလည်၍ရသည့် စကား၏အပြင်ဘက်ရောက်သွားကြသည်။ သို့ရာတွင် သားအဖ နှစ်ယောက် ပြောကြားသည့်စကားကို တလွဲအဓိပ္ပာယ်ကောက်ယူလိုက်သည်။ မိမိ၏ ယောက္ခမ နှင့် ဇနီးမယားသည်ပူးပေါင်းလျက် အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ တိုက်ပွဲဝင်ရန် အတွက် မြှောက်ထိုးပင့်ကော်လုပ်နေကြသည်ဟူ၍ တွေးမိသွားသည်။

မာဏိက္ကမ်သည် သူ၏အလုပ်ခန်းရောက်သွားသောအခါ တစ်စုံတစ်ခု တွေးတော စဉ်းစားနေသည်။ မျက်နှာပျက်နေသည့်အမူအရာဖြစ်နေသော မိမိမျက်နှာကို တစ်ကြိမ် ခပ်ကြမ်းကြမ်းသုတ်လိုက်သည်။ အလွန်တရာ စိတ်လှုပ်ရှားနေစေကာမူ ထိုကဲ့သို့မျက်နှာကို သုတ်လိုက်လျှင် သူ၏မျက်နှာသည် လုံးဝငြိမ်းအေးသွားသလို ထင်ရသည်။ အင်္ဂဝိဇ္ဇာ ကျွမ်းကျင်သူများပင် ထိုအချိန်၌ သူ၏မျက်နှာကိုကြည့်လျက် အတွင်းစိတ်ကို သိနိုင်စွမ်း ရှိကြမည်မဟုတ်ပေ။

ထိုအချိန်၌ မာဏိက္ကမ်ထံတွင် ငွေငါးသောင်းစုဆောင်းမိနေပြီ။ ယင်းငွေဖြင့် ကဒီရေရှန်၏အိမ်ကို ရွေးယူမည်ဟူ၍ စဉ်းစားသည်။ ကြွေးရှင်သည် မကြာခဏ ငွေတောင်း နေသည်။ အကြွေးသည် အတိုးသုံးသောင်းနှင့်တကွ လေးသောင်းအထိ ဖြစ်နေသည်။

မာဏိက္ကမ်က စဉ်းစားကြည့်သည်။ ပန်းရန်ဆရာကြောင့် မိမိဆုံးသွားရသည်ကို ပြန်ဖြည့်ရန်အတွက် မိမိသည် ယခုအခါ၌ကြိုးစားအားထုတ်နေသည်။ အတိုးကို ဆပ်ရုံမျှဖြင့် အကျိုးမရှိပေ။ ဤအိမ် မိမိလက်ထဲက လွတ်သွားပေလိမ့်မည်။ နောက်တစ်ဖန်အကြာ၌ မာဏိက္ကမ် ထပ်မံစဉ်းစားကြည့်ပြန်သည်။

''အိမ်လက်လွတ်သွားချင် သွားပစေ။ အိမ်က ယောက္ခမအိမ်မဟုတ်လား။ ကြွေးကိုလည်း သူတို့ပင် ယူကြတာ ဖြစ်တယ်''

ထိုကြွေးကို သူတို့မည်သူ့အတွက် ယူကြသည်ဆိုသည်ကို ထိုအချိန်၌ မာဏိက္ကမ် မေ့သွားသည်။ သို့ရာတွင် ထိုအိမ် လက်လွတ်ဆုံးရှုံးသွားဖို့အတွက်မှာမူ မာဏိက္ကမ်မလိုလားပေ။ ထိုအိမ်မှာ သူရမည့်ဆဲဆဲ အိမ်ဖြစ်နေသည်။ ငွေတစ်သိန်း အကုန်အကျခံလျှင်လည်း သူ့အနေနှင့် ဤကဲ့သို့ အိမ်သစ်တစ်လုံးကို ဆောက်ရန်မလွယ်ကူပေ။ ဝယ်ယူ၍လည်း မရနိုင်ပေ။ မည်သို့ပင်ဖြစ်စေ မိမိအနေနှင့် ငွေလေးသောင်းပေးမှ ဖြစ်မည်။ အခြားနည်းလမ်းမရှိ။ ယင်းသို့ မာဏိက္ကမ်စဉ်းစားမိသည်။ ရုတ်တရက် မာဏိက္ကမ်၏ စိတ်နှလုံးတွင် ထိတ်လန့် ကြောက်ရွံ့သည့် အတွေးတစ်ခု ပေါ်လာသည်။ ယင်းသို့ ထိတ်လန့်ကြောက်ရွံ့ရခြင်း၌ ထူးခြားသော အကြောင်းတစ်ရပ် ရှိနေသည်။ မာဏိက္ကမ်က စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြွေးဆပ်ဖို့တာဝန် ငါ့အပေါ်မှာ ရောက်နေတယ်။ သူတို့ငါ့ကို မှီနေကြရတယ်။ ဒါပေမဲ့ အိမ်မှာဖြစ်ချင်သလို ဖြစ်နေကြတယ်။ ငါလည်း ဒီအိမ်ကလူဆိုတာကို သားအမ နှစ်ယောက် မေ့နေကြတယ်။ ကိုယ့်သဘောအတိုင်း သူတို့ခေါ်ချင်တဲ့လူကို အိမ်ခေါ်ပြီး ပျော်ချင်သလို ပျော်နေကြတယ်။ ယခုအခါမှာ အဈ္ဈာမလေဟာ သူတို့ရဲ့ ချစ်မဝတဲ့ သား တစ်ယောက်ဖြစ်နေပြီ။ အာနန္ဒကလည်း အဲဒီလိုလုပ်နေရတာကို ဂုဏ်ယူမဆုံးဖြစ်နေတယ်။ တကယ်လို့ ငါ့အနေနှင့် ကြွေးဆပ်ပြီး အိမ်ကို ကြွေးရှင်လက်ထဲက ပြန်ယူမယ်ဆိုရင် အဈ္ဈာမလေကို မင်းဒီအိမ်မလာရဘူးလို့ အချိန်မရွေးပြောနိုင်တယ်မဟုတ်လား"

ယင်းကဲ့သို့သော နေ့ရက်မျိုး မုချရောက်လာရမည်ဟူ၍ မာဏိက္ကမ် ရုတ်တရက် သဘောပေါက်သွားသည်။

ထိုအချိန်၌ မာဏိက္ကမ်သည် အိမ်နှင့်ပစ္စည်းကို မိမိအမည်ဖြင့် ပြောင်းလဲယူရန် အခွင့်အရေးရနေသည်။ ဥပဒေသဘောအရကြည့်လျှင် ကဒ်ရေရှန် မျက်နှာလွှဲသွားပြီးသည် နောက်၌ အိမ်ကို အာနန္ဒရမည်။ မာဏိက္ကမ်က စဉ်းစားကြည့်သည်။

"အကယ်၍ အာနန္ဒ အိမ်ရှင်ဖြစ်သွားခဲ့လို့ရှိရင် အာနန္ဒသည် ဘဝင်ပိုမြင့်လာပေ လိမ့်မည်။ မိမိအနေနှင့် သူ့ကို ချုပ်ကိုင်၍ ရတော့မည်မဟုတ်ပေ။ ထိုနေ့က မိမိအနေနှင့် ချုပ်ကိုင်မည်ပြုသောအခါ သူက မိမိအား တွန်းလှန်ဖယ်ထုတ်ပစ်သည်။ ယခုအခါ၌ အာနန္ဒ သည် မိမိနှင့်ဝေးရာသို့ ခွာပြီး တောင်ထိပ်တစ်ခုပေါ်တွင် သွားထိုင်နေသည်။ ပညာမာန်မာနနှင့် အတူ တကယ်လို့ သူ့မှာ ငွေမာန်မာနရောက်ရှိလာခဲ့သော်..."

မာဏိက္ကမ်သည် ချက်ချင်း ကဒ်ရေရှန်နှင့်စကားပြောရန် အခန်းထဲက ထွက်လာ သည်။ အာနန္ဒမရှိတော့မှသာ မာဏိက္ကမ် ကဒ်ရေရှန်ထံ ရောက်သွားခြင်းဖြစ်သည်။ ယခင် အချိန်အခါများက မာဏိက္ကမ်သည် ငွေရေးကြေးရေးနှင့်ပတ်သက်သော မည်သည့်ကိစ္စမျိုးကို မဆို အာနန္ဒမှတစ်ဆင့် ကဒ်ရေရှန်အား ပြောကြားခဲ့သည်။ ယခုအခါ၌မူ အာနန္ဒအပေါ်တွင် ယုံကြည်မှုမရှိတော့ပေ။

မာဏိက္ကမ်သည် အချိန်အတန်ကြာမျှ ကဒ်ရေရှန်နှင့် ဟိုအကြောင်းသည်အကြောင်း ပြောကြားနေသည်။ ထို့နောက်မှ သူပြောချင်သည့်စကားကို ပြောလိုက်လေသည်။

"ကျွန်တော် အိမ်ပေါင်ပြီး ချေးထားတဲ့အကြွေးကို ပြန်ဆပ်ဖို့ စိတ်ကူးနေတယ်။ ကြွေးဆပ်လိုက်ရင် ဦးအနေနှင့်လည်း စိတ်မပူရတော့ဘူး"

ကဒ်ရေရှန် မျက်နှာညိုသွားသည်။ အတန်ငယ်စဉ်းစားပြီးနောက် ပြောလိုက်သည်။

"မောင် ငွေချေးထားတယ်ထင်တယ်။ မောင်နှင့် အဈ္ဈာမလေဆီ ရောက်လာတဲ့ ရှေ့နေ့တစ်စာအကြောင်းကို ကျုပ်ပြောနေတာ။ အဲဒီကြွေးကို မောင်ရင်ဆပ်လိုက်ပါ။ အဲဒီကြွေး ကြောင့်ပဲ သူတို့ဘဝမှာ ထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ်အပျက်ကြီးဖြစ်ခဲ့ရတယ်"





"အဲဒီကြွေးကို ကျွန်တော်မကြာခင်ဆပ်မှာပါ။ နောက်တစ်ကြိမ်ဆို ကျွန်တော့် ကြွေးကျေအောင် ဆပ်လိုက်ပါ့မယ်။ ကြွေးရှင်က ကျွန်တော့်လူပါ။ ဒီလိုပဲ သူ့ခြိမ်းခြောက်ရုံ ခြိမ်းခြောက်တာပါ။ တခြားဘာမှ ဖြစ်လာမှာမဟုတ်ပါဘူး"

ယင်းသို့ပြောလျက် မာဏိက္ကမ် ရယ်လိုက်သည်။ သူ့ကိုကြည့်လျှင် ဆုနှရီ ကွယ်လွန် သွားသည့်အတွက် အနည်းငယ်မျှ ကြောင့်ကြမှုမဖြစ်ဆိုသည်ကို တွေ့မြင်သိရှိနိုင်သည်။

"ကောင်းပြီ၊ မောင် ကြိုက်သလိုလုပ်ပါ"

"ဆပ်လိုက်တဲ့ကြွေးဟာ အနာဂတ်ကာလမှ ကျွန်တော်တို့လုပ်ငန်း တိုးတက်ရေး အတွက် အထောက်အကူဖြစ်လာနိုင်စေဖို့အတွက် ကျွန်တော်စဉ်းစားနေပါတယ်။ အဲဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော် ဦးရဲ့အကြံဉာဏ် ရယူလိုပါတယ်"

သူ၏ ယာက္ခမထံမှ အကြံဉာဏ်ရလိုဟန်ဆောင်လျက် မာဏိက္ကမ်သည် သူ၏ အကြံဉာဏ်ကို သူ့ယောက္ခမရှေ့တွင် ချပြလိုက်လေသည်။

"တကယ်လို့ ကျွန်တော် ကြွေးကို ဦးရဲ့နာမည်နှင့်မဆပ်ဘဲ ကျွန်တော့်အနေနှင့် ဆပ်ပြီး အိမ်ကို ကျွန်တော့်နာမည်နှင့် လွှဲယူထားလိုက်ရင် ကျွန်တော့်လုပ်ငန်း တိုးချဲ့လုပ်ကိုင်တဲ့ နေရာမှာ အများကြီး အဆင်ပြေနိုင်စရာ အကြောင်းဖြစ်လာပါလိမ့်မယ်။ ကျွန်တော့်လုပ်ငန်း တိုးချဲ့လုပ်ကိုင်ဖို့အတွက် ငွေအမြောက်အမြားလိုလာပါလိမ့်မယ်။ တကယ်လို့ ဒီအိမ် ကျွန်တော့် နာမည်နှင့်ရှိလျှင် ကျွန်တော် ဦးကို ဒုက္ခမပေးရဘဲနှင့် ကြိုက်တဲ့အချိန်မှာ ကြွေးယူလို့ရနိုင် ပါတယ်"

ကဒ်ရေရှန် ခပ်မဆိတ်ဖြစ်နေသည်။ မည်ကဲ့သို့ အဖြေပြန်ပေးရမည်နည်းဟူ၍ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ မာဏိက္ကမ်က အိမ်ကို အပိုင်စီးချင်နေသည်ဟူသော အချက်နှင့်ပတ်သက်၍ ကဒ်ရေရှန်သည် အနည်းငယ်မျှ ယုံမှားသံသယ မရှိပေ။ အိမ်၏ အကူအညီဖြင့် မိမိ၏လုပ်ငန်းအတွက် ကြွေးယူမည်ဆိုသည့် မာဏိက္ကမ်၏စကားကို ကဒ်ရေရှန် သဘောမကျပေ။

ကဒ်ရေရှန်က ပြောလိုက်သည်။

"အိမ်ဆိုတာ ငြိမ်းချမ်းစွာနေရတဲ့ နေရာတစ်ခုဖြစ်တယ်။ အဲဒီလိုနေရာမျိုးကို ပစ္စည်းဥစ္စာအဖြစ် ထင်မှတ်ယူဆတာ ဦးတော့ မကြိုက်ဘူး။ အိမ်ကို လုပ်ငန်းနှင့် တွဲလိုက်ပြီး တော့ အရှုပ်အရှင်းတစ်ခုခု ဖြစ်ပေါ်လာမှာ ဦးမလိုလားဘူး။ လုပ်ငန်းကိစ္စနှင့် ပတ်သက်တဲ့ စိတ်ညစ်စရာတွေကို မေ့ပျောက်ပစ်ဖို့အတွက် အိမ်ရှိဖို့လိုတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မောင် အလေးအနက် စဉ်းစားဆင်ခြင်ကြည့်ပါ"

မာဏိက္ကမ်က ဒေါသနှင့်ပြောလိုက်သည်။

"ကျွန်တော့်အလုပ်က ဟန်းချီဆွဲတဲ့ အလုပ်မဟုတ်ဘူး။ တကယ်လို့ ကျွန်တော် သိန်းပေါင်းများစွာဖိုး ကျောက်နှင့်သဲ ဝယ်ပြီး နေ့ပူမရှောင် မိုးရွာမရှောင် အလုပ်လုပ်လို့ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ငွေရင်းနှင့်တကွ အကျိုးအမြတ် ရရှိနိုင်တယ်။ ဒါကြောင့် မကြာခဏ ငွေကြေးအမြောက်အမြား လိုအပ်လာနိုင်တယ်။ အဲဒီအခါမှာ ကျွန်တော် ငွေကြေးအတွက် ဘယ်သွားရမှာလဲ''

ကဒီရေရှန်က ''မောင်ဘာဖြစ်လို့ အခုလို ဒေါသတကြီးဖြစ်နေရတာလဲ''ဟု မေးလိုက်သည်။ အေးအေးသာသာ ပြောနိုင်ပါလျက် အဘယ်ကြောင့် ဤမျှစိတ်လိုက်မာန်ပါ ဖြစ်နေရသနည်းဆိုသည်ကို ကဒီရေရှန် နားမလည်ပေ။

မာဏိက္ကမ်က ပြောလိုက်သည်။

''ဒါ ဒေါသဖြစ်စရာအကြောင်း မဟုတ်ပါဘူး။ ဦးရဲ့အမြင်မှာ ကိုယ့်အိမ်ကိုပဲ အဓိကထားနေတယ်။ အိမ်ကို ကျွန်တော့်နာမည်နှင့်လွှဲယူတာ ဦး မကြိုက်ဘူးထင်တယ်။ ကျွန်တော့်ကို မယုံကြည်ဘူးလို့ ဘာဖြစ်လို့ ပြတ်ပြတ်သားသားမပြောသလဲ။ ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် အခုလို ဖုံးဖုံးဖိဖိလုပ်နေစရာ မလိုပါဘူး။ ဦးတို့က ကြွေးရတာတွေဖြစ်ပြီး ကျွန်တော်က ဆင်းရဲသားပါ။ သားအမိပဲဖြစ်ဖြစ် ပါးစပ်နှင့်ဝမ်းဗိုက်က တခြားစီဖြစ်တယ်လို့ ဦးက စဉ်းစားနေတယ် ထင်တယ်''

ကဒီရေရှန်အံ့သြသွားသည်။ လူတို့သည် ယင်းကဲ့သို့သော အကြောင်းအရာများကိုလည်း စဉ်းစားတွေးခေါ်နိုင်ကြသည်ဆိုသည်ကို ကဒီရေရှန်အတွက် အဆန်းတကြယ် ဖြစ်သွားသည်။ ကားတစီစီးပြီး သွားလာနေသူကလည်း မိမိ၏ဆင်းရဲသားဘဝကို သတိရလျက် စိတ်မချမ်းမသာဖြစ်နေရသည်ဆိုသည့်အကြောင်းကို စဉ်းစားလျက် ကဒီရေရှန် တအံ့တသြဖြစ်သွားသည်။

မာဏိက္ကမ်သည် ကမူးရှူးထိုးဖြစ်သွားပြီးလျှင် ဝုန်းကနဲထလျက် သူ့အခန်းသို့ ထွက်သွားသည်။ ယခင်အခါက မာဏိက္ကမ်သည် ထိုကဲ့သို့သော အပြုအမူမျိုးကို မလုပ်ခဲ့ဖူးပေ။ ကဒီရေရှန် အလွန်တရာ စိတ်မချမ်းမသာဖြစ်သွားသည်။ အာနန္ဒီသည် သူ၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ မာဏိက္ကမ်သည် အာနန္ဒီ၏ဘဝကို တည်ဆောက်လည်း တည်ဆောက်နိုင်သည်။ ဖျက်ဆီးလည်း ဖျက်ဆီးပစ်နိုင်သည်။ အိမ်သည် သမီး၏ ဘဝပျက်စီးရာပျက်စီးကြောင်း ဖြစ်လာလိမ့်မည်ဆိုသည်ကို ကဒီရေရှန် တွေးတောပူပန်သည်။

ကဒီရေရှန်သည် မာဏိက္ကမ်ကိုရှာရင်း မဏိက္ကမ်၏ အခန်းထဲသို့လာပြီးလျှင် ငွေလေးသောင်း ချက်လက်မှတ်တစ်စောင်ဖြတ်လျက် မာဏိက္ကမ်ကိုပေးလိုက်သည်။

''မောင်ဒီချက်ကို ယူသွားပြီးပေးလိုက်။ ဦးအတွက်ကြောင့် မောင် ကြွေးတင် ရတယ်လို့ မအောက်မေ့နှင့်။ ဦး ကိုယ့်လုပ်ငန်း ကိုယ်နားလည်တယ်။ ဦးကိုယ်တိုင် အဲဒီ လုပ်ငန်းကို အဆင်ပြေအောင်ကြည့်လုပ်မယ်''

မာဏိက္ကမ်အား ရှင်းပြောပြပြီးလျှင် မာဏိက္ကမ်၏ ဒေါသကို အေးငြိမ်းသွားအောင် လုပ်ရင်းလုပ်ရင်းနှင့် ကဒီရေရှန်ကိုယ်တိုင် စိတ်မချမ်းမသာဖြစ်သွားရသည်။



မာဏိက္ကမ်သည် ကဒီရေရှန်အား မိမိထံသို့လာလျက် မချော့ချော့အောင် လုပ်လိုက်သည်။ ကဒီရေရှန်ကို ဒုက္ခပေးပြီးလျှင် မိမိ၏အလိုဆန္ဒပြည့်ဝရန်အတွက် မာဏိက္ကမ်သည် အိမ်ကို မိမိအမည်နှင့် ပြောင်းယူလျက် ကဒီရေရှန်အပေါ် ထောက်ထားငဲ့ညှာသလို ပြုလုပ်လိုက်သည်။

နာရီဝက်လောက်ကြာသောအခါ မာဏိက္ကမ်သည် ကားနှင့်အပြင်ဘက် ထွက်သွားသည်။ ကဒီရေရှန်သည် အာနန္ဒီကိုခေါ်ပြီးလျှင် အကျိုးအကြောင်းရှင်းပြသည်။ မာဏိက္ကမ်၏အမည်နှင့်အိမ်ကို လွှဲပြောင်းပေးခြင်းမှာ အာနန္ဒီအတွက် ကြီးကျယ်သော အကြောင်းအရာတစ်ခု မဟုတ်ပေ။ မာဏိက္ကမ်သည် ဤအိမ်ကိုနှုတ်ယူပြီး တခြားရွှေ့မသွားနိုင်ဟူ၍ အာနန္ဒီက ထင်မှတ်သည်။ အာနန္ဒီသည် ငွေရေးကြေးရေးကိစ္စဖြင့် တစ်ပတ်ရိုက်ခြင်း၊ လိမ်ခြင်း၊ ညာခြင်းများနှင့် လုံးဝသူစိမ်းပြင်ဖြစ်နေသောပုဂ္ဂိုလ်၏ သမီးဖြစ်သည်။

သို့ရာတွင် အာနန္ဒီသည် အကြောင်းအရာတစ်ခုအတွက်မူ ဖခင်၏ရှေ့မှောက်၌ စိတ်မကောင်းဖြစ်သည်ဆိုသည့် အကြောင်းကို ပြောပြသည်။

''ကြွေးကို အရင်ဆပ်ဖို့ ဖေဖေ သူ့ကို ပြောပြဖို့ကောင်းတယ်။ သမီးသာ သိရင် သမီးသူ့ကို အဲဒီအကြောင်း ခပ်တင်းတင်းပြောပြမှာပဲ''

''ဖေဖေသူ့ကို အဲဒီအကြောင်းပြောပြပါတယ်။ ကြွေးကိုနောက်မှ ဆပ်မယ်လို့ သူက ပြောတယ်''

''သူ့အနေနှင့် အကြွေးကို အရင်ဆပ်သင့်တယ်။ ပထမအကြိမ် ကြွေးချေးလို့ နာမည်ပျက်သွားရတဲ့အတွက် ပန်းရန်ဆရာကြီး အသက်ဆုံးရှုံးသွားရတယ်။ ယခုတစ်ကြိမ် ကြွေးချေးတဲ့အတွက် ဖြစ်ပေါ်လာရတဲ့ဒုက္ခကြောင့် အဖွားမလေ ဆုန္ဒရီကို လက်လွှတ်လိုက်ရတယ်။ တစ်ယောက်ပြီးတစ်ယောက် မိမိဖခင်နှင့် မိမိဇနီးဆုံးရှုံး လက်လွှတ်လိုက်ရတဲ့လူရဲ့ ဒုက္ခနှင့်ပတ်သက်ပြီး အနည်းအကျဉ်းလောက်တော့ စဉ်းစားသင့်တယ်လို့ ဖေဖေ သူ့ကို ပြောသင့်တယ်။ တကယ်လို့ သမီးတို့ဟာ ကိုယ့်အတွင်းသန္တာန်မှာရှိတဲ့ ဝိညာဉ်ရဲ့အသံနှင့် ဆန့်ကျင်ဘက်အလုပ်တစ်ခုခုကို လုပ်မယ်ဆိုရင် မနက်ဖြန်ခါ သမီးတို့ အိမ်ထောင်မိသားစု ပြိုကွဲပျက်စီးသွားနိုင်တယ်။ အခုအချိန်မှာလည်း သမီးတို့ အိမ်ထောင် မိသားစုအခြေအနေဟာ ကောင်းတယ်လို့ မဆိုနိုင်ဘူး။ သူ ပြန်လာပေစေဦး။ သူပြန်လာမှ ကျွန်မကိုယ်တိုင် သူ့ကို မေးကြည့်မယ်''

ကဒီရေရှန်သည် အာနန္ဒီ၏ လက်ကို ကိုင်ဆွဲလျက် မျက်ရည်စက်လက်နှင့်...

''အဲဒီလိုမလုပ်နှင့် အာနန္ဒီ၊ သမီးသူ့ကို ဘာမှမပြောနှင့်''ဟု ပြောရှာသည်။ ဒေါသထွက်လာသောအခါ မာဏိက္ကမ် ပြောင်းလဲသွားပုံကို စဉ်းစားပြီးလျှင် ကဒီရေရှန် တုန်လှုပ်နေသည်။ သူ့ဖခင် အဘယ်ကြောင့် ဤကဲ့သို့ တငိုငို၊ တရယ်ရယ်ဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကို အာနန္ဒီ နားမလည်ပေ။ ဖခင်၏ မျက်ရည်ကို သုတ်ပိုကြိုးစားရင်းနှင့် အာနန္ဒီသည် အဘယ်ကြောင့် မိမိ၏မျက်ရည်သုတ်ရမှာ **မေ့သွားသည်ဆိုသည်ကို မသိပေ။**

✦ ✦ ✦

**အနုပညာ**ပြပွဲတွင် လုံးပမ်းနေရသဖြင့် အဏ္ဏာမလေသည် တစ်စုံတစ်ခုသော အတိုင်း**အတာအထိ** မိမိကိုယ်ကို မေ့နေသည်။ အနုပညာပြပွဲ အပြီးသတ်သွားသောအခါ မဒရပ်ကထွက်ခွာပြီးလျှင် အခြားတစ်နေရာရာသို့ သွားသင့်သည်ဟူသော အတွေးပေါ်လာသည်။ သူ၏ စိတ်နှလုံး မအေးချမ်း၊ မငြိမ်သက်ဖြစ်နေရခြင်း၏အကြောင်းကို သူ ကိုယ်တိုင်လည်း မသိပေ။ မည်သည့်နေရာ၌မှ ရပ်နားခြင်းမရှိဘဲ ခြေသလုံးအိမ်တိုင် လျှောက်သွားရန်အတွက်သာလျှင် စိတ်စောနေသည်။ မိမိဘဝကို မိမိအဆုံးသတ်သွားသော ဆုန္နရီ၏ အဖြစ်အပျက်ကလည်း သူ၏စိတ်နှလုံးကို ဂဏာမငြိမ်အောင် ပြုလုပ်နေသည်။

အာနန္ဒီတို့၏အိမ်မှ သတင်းကလည်း သူ့နားအထိ ရောက်လာသည်။ ယင်းသတင်းကို ကြားရသည့်အတွက် အလွန်စိတ်မချမ်းမသာဖြစ်ရသည်။ အာနန္ဒီသည် သူတို့၏ လျှို့ဝှက်ချက်ကို အခြားသူများထံ မပေါက်ကြားစေဘဲ လျှို့ဝှက်ထားရန် အကြိမ်အသိန်းအသောင်းမက ကြိုးစားအားထုတ်သည်။ သို့ရာတွင်တစ်နည်းတစ်လမ်းအားဖြင့် တခြားသူများထံ ပေါက်ကြားသွားသည်။ တစ်နေ့သောအခါ၌ မာလီဝေလေယာ၏ ဇနီးသည် မီနာချီအမ္မာလထံလာလျက် ငိုကာရယ်ကာနှင့် ဖာတ်စုံခင်းပြသည်။

"အာနန္ဒီ ကံကြမ္မာ အခုလိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားမိဘူး"ဟု မာလီဝေလေယာ၏ဇနီးက ရင်ထုမနာပြောပြသည်။ မီနာချီအမ္မာလက ထိုအကြောင်းအရာများကို မိမိသားအားတစ်ဆင့် ပြောပြသည်။

နေ့ရက်အတန်ကြာသွားသောအခါ မာဏိက္ကမ်နှင့် အာနန္ဒီတို့၏ နင်ပဲငဆဖြစ်သည့် သတင်းကိုကြားရသောအခါ အဏ္ဏာမလေ အလွန်တရာ စိတ်မချမ်းမသာဖြစ်သွားသည်။ စတူဒီယို၌ ထိုင်နေသော အဏ္ဏာမလေသည် အိမ်ပေါ်ထပ် မိမိအခန်းထဲက ရပ်ကြည့်လိုက်သောအခါ မာဏိက္ကမ်၏ ဟာစ်အော်ကြိမ်းမောင်းသောအသံကို ကောင်းစွာကြားရသည်။ အဏ္ဏာမလေကို သက်သေအဖြစ်ထားပြီး ချေးသည့်ကြွေးကို အရင်ဆပ်ပါဟု အာနန္ဒီက မာဏိက္ကမ်အား အကြောက်အကန်ပြောနေသည်။ ယင်းသို့ပြောသောအခါ အာနန္ဒီအား မာဏိက္ကမ် ဆဲရေးတိုင်းထွာသည်ကို ကြားရသည်ဖြစ်၍ အဏ္ဏာမလေ ထိတ်လန့်ကုန်လှုပ်သွားသည်။ အာနန္ဒီ၏ငိုသံသည် အဏ္ဏာမလေ၏ စတူဒီယိုထိ ရောက်ရှိလာသည်။ အစပထမတွင် သူတို့ထံ ပြေးသွားပြီး ပြေရာပြေကြောင်း ပြောမည်ဟူ၍ စိတ်ကူးလိုက်သေးသည်။ သို့ရာတွင် ယင်းသို့ ပြုလုပ်နိုင်ဖို့ မလွယ်ဖြစ်နေသည်။ အကြောင်းမှာ ရန်ပွဲသည် သူနှင့်လည်း ဆက်စပ်မှု ရှိနေ





သောကြောင့် ဖြစ်သည်။ ယင်းကဲ့သို့သော စိတ်မချမ်းသာစရာများက အဏ္ဏာမလေအား နှိပ်စက်နေကြသောအခါ အဏ္ဏာမလေသည် နေ့ရက်အတန်ကြာ မြို့က တခြားထွက်ခွာသွားဖို့ စဉ်းစားကြည့်သည်။

**အယ်ဒီတာရှုရဝဏာန်အား သဘာဝရှုခင်းများကို** ပန်းချီရေးဆွဲရန်အတွက် တခြားနေရာထွက်ခွာသွားလိုသည်ဟူသော **သူ၏ဆန္ဒကိုပြောပြ**သောအခါ ရှုရဝဏာန်က အဏ္ဏာမလေအား ယင်းသို့ မပြုလုပ်ရန် တားမြစ်ပိတ်ပင်**ခြင်း မပြုလုပ်ပေ**။ ရွာအသီးသီး၌ နေထိုင်ကြသော မိမိ၏မိတ်ဆွေများအား စာရေးပေးလျက် **အဏ္ဏာမလေအား** အစစအရာရာ အကူအညီအပေးနိုင်းမည်ဟူ၍ ရှုရဝဏာန်က အဏ္ဏာမလေအား **အားပေးသည်**။ ပုဂလပွဲတော်၌ သူတို့၏ရွာတွင်ကပြသော 'မဂ္ဂိဝိရတ္တု'(နွားများကို နဖားကြိုးထိုးခြင်း) **အမည်**ရှိ အကကို ကြည့်ပြီးမှ **ထိုရွာမှ အခြားရွာများသို့သွားရန်လည်း** ရှုရဝဏာန်က **အဏ္ဏာမလေအား** ညွှန်ကြားပြောပြသည်။

**ခရီးထွက်ဖို့ ဆုံးဖြတ်ပြီးသည့်နောက်၌ အဏ္ဏာမလေသည်** ပထမဦးစွာ ရှာရဒါနှင့်တွေ့ပြီး စကားပြောလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ **တစ်နေ့သောအခါ**၌ ရှာရဒါကပင် သူ့ထံ ရောက်ရှိလာသည်။ အနုပညာကောလိပ်ကျောင်း၏အလုပ်ကို **ပြီးစီးအောင်** လုပ်ပြီးနောက် အိမ်ပြန်ရင်း ရှာရဒါသည် အဏ္ဏာမလေ၏အိမ်သို့ ဝင်ရောက်လာ**သည်**။ အဏ္ဏာမလေသည် ရှာရဒါအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံပြီးလျှင် **သူ ခရီးထွက်မည်**ဆိုသည့်အကြောင်းကို ပြောပြသည်။

"ပုန်ဂလပွဲတော်ကျောင်းပိတ်တဲ့နေ့တွေတုန်းက 'မဂ္ဂိဝိရတ္တု' အမည်ရှိတဲ့ အကကို ကြည့်ဖို့အတွက် ကျွန်တော်နှင့်အတူ ရှုရဝဏာန်တို့ ရွာလိုက်မယ်လို့ ရှာရဒါပြောထားဖူးတယ် မဟုတ်လား။ အခု ကျွန်တော်သွားမလို့ လိုက်မယ်မဟုတ်လား"

ရှုရဒါက အံ့သြသည့်အမူအရာဖြင့် အဏ္ဏာမလေအား ကြည့်လိုက်သည်။

"အဏ္ဏာမလေသည် အမှန်တကယ်ပင် မိမိအား သူနှင့်အတူလိုက်ဖို့ ပြောနေတာ ဟုတ်မှ ဟုတ်ရဲ့လား"ဟူ၍ ရှာရဒါသံသယဖြစ်နေမိသည်။

"ကျောင်းပြန်ဖွင့်တာနဲ့တစ်ပြိုင်နက် ရှာရဒါ မဒရပ်ကို ပြန်လာပါ။ ကျွန်တော်က အဲဒီရွာကနေ ဆေလမ်ခရိုင်၊ ကာဝေရီဆိပ်ကမ်းမှာရှိတဲ့ ရွာတစ်ရွာကို သွားမယ်။ အိုဟေယနက္ကမှာနေပြီးတော့ မြစ်ဆိပ်ကမ်နေရာဌာနတွေကို လည်ပြီးမှပြန်လာမယ်လို့ ကျွန်တော် စိတ်ကူးနေတယ်။ ရှာရဒါက ကျွန်တော့်လို နေရာအနှံ့အပြားလျှောက်လည်လို့ မဖြစ်ဘူး။ ဒါကြောင့် ကျွန်တော်နှင့်အတူ အရေယမ်ကုလန်လိုက်လာပြီး အဲဒီကမှ ပြန်လာလို့ရတယ်"

ရှာရဒါက ရယ်ပြီး ပြောသည်။

"ရှင် ကျွန်မကို တကယ်ခေါ်သွားမှာလား"

"ရှာရဒါ ကိုယ်တိုင်ပြောထားတဲ့စကားကို မေ့သွားပြီလား။ ကျွန်တော်နှင့်အတူ လိုက်မယ်လို ရှာရဒါပဲ ပြောထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောတဲ့စကားကို ရှင်က အမှန်တကယ်လို့ ယူဆထားတာကိုး။ စိတ်ထဲ ပေါ်လာတဲ့အတိုင်း ကျွန်မရှင့်ကို ပြောလိုက်တာ။ အဲဒီစကားကို ကျွန်မ မှားပြီး ပြောလိုက်မိတယ်။ အဲဒါက လွဲပြီး တခြားဘာမှမဟုတ်ပါဘူး"

"တကယ်လို့ ရှာရဒါ ကျွန်တော်နှင့်အတူ လိုက်လာရင် ..."

ရှာရဒါသည် "ရှင်နှင့်အတူ ကျွန်မ လိုက်လာစေလိုတဲ့စိတ် ရှင် တကယ်ရှိလို့လား" ဟု မေးပြီးလျှင် အဏ္ဏာမလေအား စိုက်ကြည့်နေသည်။ သူ၏လက်ချောင်းကလေးများကမူ လည်ပင်းတွင်ဆွဲထားသော ဆွဲကြိုးကလေးနှင့် အမှုမဲ့အမှတ်မဲ့ ကစားနေသည်။ အတန်ငယ်ကြာသွားသောအခါ ရှာရဒါသည်သူ၏ ဆွဲကြိုးကလေးကို နှုတ်ခမ်းပေါ်တင်လျက် ဝါးသလို လုပ်နေသည်။ ရှာရဒါအား ယင်းအသွင်မျိုးဖြင့် တွေ့ရသောအခါ မိမိထံတွင်ရှိသော သောကပူသမျှ အားလုံးကို ပျောက်ကွယ်သွားစေသော ပဋ္ဌလက်သတ္တိတစ်မျိုးဖြစ်သည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ထို့ကြောင့် အဏ္ဏာမလေသည် ရှာရဒါအားသူနှင့်အတူ ခေါ်သွားလိုသည့်စိတ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အချိန်အတန်ကြာမျှ ရှာရဒါ၏မျက်နှာတွင် ပျံ့နေသောရုက်သွေးရောင်ကို တွေ့မြင်နေရပြီးသည့်နောက် အဏ္ဏာမလေက ပြောလိုက်သည်။

"ကျွန်တော်နှင့်အတူ လိုက်ခဲ့ဖို့ ရှာရဒါကို တကယ်ပဲ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လို လူတွေအနေနှင့် အဲဒီရွာကို ကြည့်ရှုသင့်တယ်။ ရှာရဒါလည်း ကျွန်တော်နှင့်အတူ လိုက်ခဲ့ပါ"

ရှာရဒါက အဖြေပြန်မပေးပေ။ ပြုံးပြီးကြည့်နေသည်။ ကလေးသူငယ် လူငယ်များကဲ့သို့ အဏ္ဏာမလေ၏ ရိုးသားအပြစ်ကင်းစင်သောစကားကို ရှာရဒါ အလွန်တရာ နှစ်သက်ကျေနပ်သည်။ အကယ်၍ သူနှင့်အတူ လိုက်သွားနိုင်လျှင် မိမိအတွက် အလွန်ကြီးမားသော ဂုဏ်သိက္ခာပင် ဖြစ်လိမ့်မည်ဟူ၍ ရှာရဒါ စဉ်းစားမိသည်။

အဏ္ဏာမလေက တစ်ဖန်မေးလိုက်ပြန်သည်။

"ဘယ်နှယ့်လဲ၊ လိုက်မယ်မဟုတ်လား"

"ရှင် တစ်ယောက်ဟာ သူငယ်နှပ်စားကလေးဘဝက မတတ်သေးဘူး"

ယင်းသို့ပြောလျက် ရှာရဒါသည် သက်ပြင်းတစ်ချက် ရှူထုတ်လိုက်သည်။

"အတူတွဲပြီး ခရီးထွက်သွားကြမယ်ဆိုလျှင် ရှင့်အမေက ဘယ်လိုပြောမလဲ။ ကျွန်မအိမ်က လူတွေကလည်း ကျွန်မကို ဘာပြောမလဲ။ ဟိုမှာ ကျွန်မတို့တည်းတဲ့အိမ်က လူတွေက ကျွန်မတို့နှင့်ပတ်သက်ပြီး ဘယ်လိုထင်ကြမလဲ။ ရှင် ဆုန္ဒရီကိုခေါ်ပြီး သွားတဲ့ရွာကို အခု ကျွန်မကိုခေါ်ပြီး သွားမယ်ဆိုရင်..."

ရှာရဒါ၏ စကားကိုကြားရသောအခါ အဏ္ဏာမလေသည် ပြင်ပကမ္ဘာ လောကကို သတိရလာသည်။ မိမိတို့သည် လူမှုရေး စည်းကမ်းသတ်မှတ်ချက်များနှင့် တုပ်နှောင်ခြင်း





ခံနေရပါကလားဟူ၍ အဏ္ဏာမလေတွေးမိသည်။ ရှာရဒါ မေးသော မေးခွန်းများနှင့်ပတ်သက်၍ အချိန်အတန်ကြာ စဉ်းစားဆင်ခြင်ပြီးသည့်နောက်၌ အဏ္ဏာမလေသည် စိတ်ပျက်အားလျော့သွားပြီးလျှင် ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ရှာရဒါပြောတဲ့စကားတွေဟာ မှန်ပါတယ်"

"ဘယ်လိုမှန်တာလဲ"

ယင်းသို့မေးလျက် ရှာရဒါသည် မချိပြုံး ပြုံးပြလိုက်သည်။

"အမှန်တရားဆိုတာ ဘယ်လိုဟာလဲလို့ ရှင် ဘယ်တုန်းကမှ သိအောင် မကြိုးစားဘူး။ အဲဒါကြောင့် ရှင်ဟာ အမှန်တရားကို ခါးခါးသီးသီး ငြင်းပယ်ပစ်ခဲ့ခြင်းဖြစ်တယ်။ အမှန်တရားလို့ ထင်ရတဲ့ အရာဝတ္ထုနောက် ကပ်ပါနေကြတဲ့ အစက်အခဲအမျိုးမျိုးတွေကို ရှင် တွေ့ကြုံနေရတယ်။ အခုလည်းပဲ ရှင် နှစ်လုံးနှစ်ခွဖြစ်နေတယ်"

ရှာရဒါက အာနန္ဒအကြောင်းသတိရအောင် လုပ်လိုက်သည့်အတွက် အဏ္ဏာမလေ စိတ်နှလုံး မချမ်းမသာဖြစ်သွားသည်။ မိမိ၏နာကျင်မှုကို ဖုံးဖိထားရန် အကြီးအကျယ်ကြိုးစားသည်။ သို့ရာတွင် သူ၏မျက်လုံး၌ မျက်ရည်လျှံလာသည်။ လည်မျိုလည်း တစ်ဆို့လာသည်။ အဏ္ဏာမလေက ပြောလိုက်သည်။

"အတိတ်က အကြောင်းတွေကို စမြွ အပြန်နိုင်းပြီး ကျွန်တော့်ကို ဒုက္ခမပေးပါနှင့်။ အဲဒီအတိတ်အကြောင်း ပြန်ပြောင်းသတိရတာကို ခံနိုင်တဲ့စွမ်းရည် အခု ကျွန်တော့်မှာမရှိဘူး။ အဲဒါကြောင့် ကျွန်တော် ရောက်ရာနေရာသွားပြီး ပန်းချီကားအမျိုးမျိုးကို ဆွဲပြီးတော့ ကိုယ့်ကိုယ်ကို လုံးဝမေ့ပစ်ဖို့ကြိုးစားနေတာဖြစ်တယ်"

ရှာရဒါ၏ စိတ်နှလုံးတွင် အဏ္ဏာမလေနှင့်ပတ်သက်၍ ကိုယ်ချင်းစာနာမှု အသိတရား အဘယ်ကြောင့်ပေါ်ပေါက်မလာသည်မသိပေ။ ရှာရဒါက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

"အာနန္ဒ တစ်ယောက် ယခုတလော ဘယ်လောက် စိတ်ဆင်းရဲနေရသလဲဆိုတာ ရှင် သိလား။ သူအခု အိမ်မှာ နေရတာ လုံးဝမပျော်ဘူး။ စိတ်ညစ်လို့ သေသွားမှာတောင် စိုးရိမ်ရတယ်"

"ကျွန်တော့်ရှေ့မှာ အဲဒီအကြောင်းတွေကို လာမပြောပါနှင့် ရှာရဒါ။ ကျွန်တော် အားလုံးသိတယ်။ ရှာရဒါ ပြောပြဖို့ မလိုပါဘူး"

"စိတ်ထဲမှာ ဒါလောက် ခံစားနေရပါလျက်နှင့် ရှင် ကျွန်မကို ရှင်နှင့်အတူ လိုက်ဖို့ ဘာကြောင့်ပြောနေရတာလဲ"

အဏ္ဏာမလေက ပြန်ပြောသည်။

"အဲဒီခံစားနေရတာတွေကို မေ့ပစ်လိုက်ချင်လို့ပါ။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့ အိပ်မက်ဆိုးတစ်ခုကို မြင်မက်ပြီး နိုးလာသလိုလိုဖြစ်တဲ့အခါမှာ အဲဒီအိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့ တခြားအိပ်မက်ဆိုးတစ်ခု ကျွန်တော့်ဆီ ရောက်လာတယ်။ ဆုနွရီ အသက်ထင်ရှားရှိနေတဲ့အခါတုန်းက သူနှင့်အတူနေထိုင်သွားဖို့ဆိုတာ ကျွန်တော့်အတွက် ပြဿနာတစ်ခုဖြစ်နေတယ်။ အဲဒီအချိန်တုန်းက အာနန္ဒီရဲ့ဘဝဟာ အလွန်တရာ ချမ်းသာသုခနှင့်ပြည့်ဝနေတယ်လို့ ကျွန်တော်ထင်ခဲ့တယ်။ အခု ကျွန်တော် သူ့ဒုက္ခကို မကြည့်ရက်ဘူး။ သူ့အတွက် ကျွန်တော်စိတ်မချမ်းမသာဖြစ်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စဟာ သူတို့အတွင်းရေးပြဿနာဖြစ်နေတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော် သူတို့ကိစ္စကို လျစ်လျူရှုလို့မရဘူး။ ကျွန်တော့်အိမ်နီးနားချင်းတွေ ဖြစ်နေတယ် မဟုတ်လား''

ပြောပြောဆိုဆို အဏ္ဏာမလေသည် ရုတ်တရက် ရှာရဲဒါအနီးသို့ ကပ်လာပြီးလျှင် ရှာရဒါ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ၏ ကိုယ်ခန္ဓာသည် ယိမ်းထိုးနေသည်။ ရှာရဒါ တအံ့တသြဖြစ်သွားသည်။ သို့ရာတွင် မိမိ၏ လက်နှစ်ဖက်ကိုရုန်းဖို့ မကြိုးစားပေ။

''ရှာရဒါ ကျွန်တော်နှင့်လက်ထပ်မယ်ဆိုရင် ကျွန်တော့်အပေါ် ကျေးဇူးပြုရာ ရောက်ပါလိမ့်မယ်။ အခုလောလောဆယ်လက်ထပ်ဖို့ မလိုသေးပါဘူး။ ရှာရဒါ ခေါင်းငြိမ့်မယ်ဆိုရင် ကျေနပ်ပါပြီ''

ထိုအချိန်၌ ရှာရဒါသည် အမှန်တကယ်ပင် အဏ္ဏာမလေနှင့်ပတ်သက်၍ ထောက်ထားငဲ့ညှာ ကြင်နာသနားစိတ်ဖြစ်ပေါ်လာသည်။ မိမိ၏လက်ကို ဖြေးညင်းစွာ ရုပ်ပြီးလျှင် မျက်ရည်အပြည့်ရှိနေသော အဏ္ဏာမလေ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

''ကျွန်မဘက်ကိုလည်း ကြည့်စမ်းပါဦး။ ရှင် သူရဲဘောကြောင်တဲ့ လူတွေရဲ့ အလုပ်မျိုး မလုပ်ချင်ပါနှင့်။ ရှင် ကိုယ့်လမ်းပေါင်းကို တစ်ဖန်ပြန်လိုက်နေတယ်။ ကိုယ့်ဆင်းရဲဒုက္ခက လွတ်မြောက်မှု ရရှိလိုတဲ့အတွက်ကြောင့်သာ ရှင် ကျွန်မကို ဒီမေးခွန်း မေးနေတာ ဖြစ်တယ်။ ရှင်ပြောတဲ့စကားကို ကျွန်မမှန်တယ်လို့ မယူဆဘူး။ ရှင် တစ်ယောက်တည်းပဲ တောရွာတွေကို အလည်သွားပါ။ ပြန်လာပြီးတဲ့အခါကျမှ ကျွန်မတို့ နောက်ထပ် စကား ပြောကြမယ်''

အဏ္ဏာမလေက စိတ်နှလုံးလှုပ်ရှားစွာဖြင့် ခေါ်လိုက်သည်။

''ရှာရဒါ''

''ဟင့်အင်း၊ ဟင့်အင်း၊ ကျွန်မရှင်နှင့် အမြဲတစေ ရိုးရိုးသားသားတွေ့ဆုံနေတာကို ရှင်လိုလားရင် နောက်ထပ် ရှင် အခုလိုစကားမျိုးကို မပြောပါနှင့်။ ရှင်ပြောတဲ့စကားကြောင့် ကျွန်မစိတ်လည်း မဆင်းရဲဘူး။ ဒေါသလည်း မထွက်ချင်ဘူး။ ရှင် တစ်ယောက်တည်းသာ ရွာသွားပြီး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနှင့် ပြန်လာခဲ့ပါ''

''အဲဒီလိုဆိုရင် ရှာရဒါ ကျွန်တော်နှင့်အတူ မလိုက်တော့ဘူးပေါ့''

ရှရဒါက ပြန်ပြောသည်။





''ရှင်နောက်ထပ် အဲဒီစကားကိုပြောရင် ကျွန်မငိုမိလိမ့်မယ်''

ယင်းသို့ ပြောပြီးလျှင် ရှာရဒါသည် မျက်ရည်လျှံနေသော သူ၏မျက်လုံးကို သုတ်ပြီးလျက် ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

◆◆◆

အဏ္ဏာမလေ ရထားဖြင့် ထွက်ခွာသွားမည့် နေ့လယ်မွန်းတည့်အချိန်လောက်တွင် တရားရုံး၌ တရားမမှုတစ်ခုအတွက် အစစ်ဆေးခံရန် တရားရုံးမှဆင့်ခေါ်သော သမ္မန်စာ ရောက်ရှိလာသည်။ တရားရုံးက ချပရစီကို ပြန်လွှတ်လိုက်ပြီးလျှင် အဏ္ဏာမလေသည် သမ္မန်စာကို သေသေချာချာဖတ်ကြည့်သည်။ ကြွေးရှင်က မာဏိက္ကမ်နှင့် အဏ္ဏာမလေတို့အား တရားခံအဖြစ် စွဲဆိုထားသောအမှုဖြစ်သည်။ သတ်မှတ်ထားသော နေ့ရက်တစ်ရက်၌ တရားရုံးသို့ဆင့်ခေါ်သောအမိန့်ကိုလည်း အမိန့်စာ၌ ရေးသားဖော်ပြထားသည်။

မိမိဘာလုပ်ရမည်ဆိုသည်ကို အဏ္ဏာမလေ နားမလည်အောင်ဖြစ်သွားသည်။ မာဏိက္ကမ်ပြောပြထားသော အကြောင်းအရာနှင့် တခြားစီဖြစ်နေသည်။ တရားရုံးမှ ချိန်းဆိုထားသောနေ့သည် အဏ္ဏာမလေ ခရီးထွက်မည့်နေ့ဖြစ်သည်။ တရားရုံးနှင့် ပတ်သက်သော ကိစ္စများကို အဏ္ဏာမလေ ဘာတစ်ခုမှ နားမလည်ပေ။ ထို့ကြောင့် စာရွက်စာတမ်းများကို ဖတ်ကြည့်သည်နှင့်တစ်ပြိုင်နက် ဦးနှောက်ချာချာလည်သွားသည်။ စာရွက်ထဲတွင် မာဏိက္ကမ်အတွက် စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ထိုးထားသည့်ပြစ်မှုဖြင့် အဏ္ဏာမလေအနေနှင့် အလျှင်အမြန် ငွေလေးသောင်းပေးဆပ်ရမည်ဟူ၍ ဖော်ပြထားသည်။

''ငါ့ဆီမှာ ငွေရှိရင် ငါ ဒီကြွေးကို ဆပ်မှာအမှန်ဖြစ်တယ်။ အခုအချိန်မှာတော့ ငါ့ဆီမှာ ငွေလေးသောင်းဝေးလို့ ငွေလေးရာတောင် မရှိဘူး''

ယင်းသို့စဉ်းစားလျက် အဏ္ဏာမလေသည် ပူပန်သောကရောက်သွားသည်။ အတန်ငယ်ကြာသောအခါ ယင်းစာရွက်များကို ယူပြီးလျှင် အဏ္ဏာမလေသည် အိမ်ချင်း ကပ်လျက်ရှိနေသော အိမ်ဘက်သို့ ထွက်လာခဲ့သည်။ မာဏိက္ကမ်သည် နေ့လယ်စာ ထမင်းစားရန် အိမ်ပြန်မလာသေးပေ။ အဏ္ဏာမလေလက်ထဲက စာရွက်များကို ယူပြီး ဖတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကဒ်ရေရှန် စိတ်ထိခိုက်သွားသည်။

အာနန္ဒီကလည်း စာရွက်များကိုဖတ်ကြည့်သည်။ တစ်စုံတစ်ခုပြောလို လုပ်လိုသည့် စိတ်ဆန္ဒ အာနန္ဒီတွင် မရှိတော့ပေ။ ထိုအချိန်၌ မကြာသေးခင်ကလေးက မာဏိက္ကမ်ကို လာရှာသောလူသည် တရားရုံးမှလူဖြစ်ပြီး မာဏိက္ကမ်အတွက် ယခုကဲ့သို့သော စာမျိုးကို ယူလာခြင်းဖြစ်လိမ့်မည်ဟူ၍ အာနန္ဒီ တွေးမိသည်။

မိခင်က မသိနားမလည်သေးသော သားငယ်အား အလွန်တရာကြင်နာသော အကြည့်ဖြင့် ကြည့်နေသကဲ့သို့ အာနန္ဒီသည် အဏ္ဏာမလေကို စိုက်ကြည့်နေသည်။ မျက်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း မျက်ရည်ပေါက်ပေါက်ကျနေသည်။ အဏ္ဏာမလေက ဦးခေါင်းမော့ပြီး အာနန္ဒီကို ကြည့်လိုက်သည်။ ယင်းအချိန်၌ အာနန္ဒီ၏မျက်ရည်သည် အဏ္ဏာမလေအား သက်သာရာ ရအောင်ပြုလုပ်နေသည်။

"အာနန္ဒီ ဘာဖြစ်လို့ ငိုနေတာလဲ။ ဒီကိစ္စအားလုံး မာဏိက္ကမ် ဖြေရှင်းပေးပါ လိမ့်မယ်" ယင်းသို့ပြောပြီးလျှင် အဏ္ဏာမလေအား အာနန္ဒီအား အားပေးသည်။

"ကျွန်မအတွက်ကြောင့် ဒီကိစ္စတွေအားလုံး ဖြစ်ပေါ်လာတာ။ ကျွန်မပဲ ရှင့်ကို ခေါ်ပြီး စာချုပ်ထဲမှာ လက်မှတ်အထိုးခိုင်းခဲ့တာ။ တကယ်လို့ ဒီအကြောင်းကို ကျွန်မ ကြိုတင် သိထားရင် ယခုလိုဖြစ်လာမှာ မဟုတ်ဘူး"

ယင်းသို့ပြောရင်း အာနန္ဒီသည် လည်ချောင်းတစ်ဆို့သွားသည်။ ထို့နောက် ဆက် မပြောနိုင်တော့ပေ။

"ဒီကိစ္စတွေဟာ အာနန္ဒီကြောင့် ဖြစ်လာတာမဟုတ်ပါဘူး။ တကယ်လို့ မာဏိက္ကမ် ကိုယ်တိုင် ဒီကိစ္စပြောမယ်ဆိုရင်လည်း ကျွန်တော်လက်မှတ်ထိုးပေးမှာပဲ။ အခုလည်း အခြေအနေမဆိုးသေးပါဘူး။ အမှုချိန်းတဲ့နေ့ကျရင် ကျွန်တော်ဒီမြို့မှာရှိမှာ မဟုတ်ဘူး။ တကယ်လို့ ကျွန်တော်မာဏိက္ကမ်ကို ဒီအကြောင်း ကြိုတင်ပြောပြထားရင် သူ့ဟာသူ ဒီကိစ္စ အားလုံးကို ဖြေရှင်းပေးပါလိမ့်မယ်"

အကယ်၍ မာဏိက္ကမ်ကသာ ဆန္ဒရှိရင် နေ့ရက်အနည်းငယ် မတိုင်ခင်ကပင် ကြွေးဆပ်နိုင်သည်ဟူ၍ ကာဒိရေရှန်နှင့် အာနန္ဒီတို့နှစ်ယောက်လုံး သိရှိနေကြသည်။ ယင်းကြွေး ကို ဆပ်မည့်အစား မာဏိက္ကမ်သည် အိမ်ပေါင်ထားသောကြွေးကိုဆပ်ပြီး သူ၏နာမည်နှင့် အိမ်ကိုလွှဲပြောင်း ယူထားလိုက်သည်။ မာဏိက္ကမ်လုပ်သော အလုပ်အားလုံးသည် သူတို့အတွက် မဖြေရှင်းနိုင်သော ပဟေဠိများသာ ဖြစ်သည်။

အာနန္ဒီကပြောလိုက်သည်။

"ရှင် သူနှင့်တွေ့ပြီး စိတ်ချလက်ချ ခရီးထွက်သွားပါ။ ဖြစ်တဲ့နည်းနှင့် ဒီကြွေးကို ဆပ်ပါလို့ ကျွန်မ သူ့ကိုပြောမယ်"

မကြာမီအတောအတွင်း၌ပင် မာဏိက္ကမ်ပြန်လာသည်။ ကားပေါ်မှဆင်းလိုက် သည်နှင့်တစ်ပြိုင်နက် အာနန္ဒီအနီးတွင် ရပ်နေသော အဏ္ဏာမလေကို တွေ့လိုက်ရ၍ နှာခေါင်း ရှုံ့သွားသည်။ မိမိမရှိသည့် အချိန်အတောအတွင်း၌ အဏ္ဏာမလေသည် ဤအိမ်သို့ မကြာခဏ အသွားအလာလုပ်နေသည်ဟူ၍ သံသယဝင်သွားသည်။ ဤသို့ပြုလုပ်ရန်အတွက် ယောက္ခမ ကြီးသည် အပြည့်အဝ လွတ်လပ်ခွင့်ပေးထားခြင်းဖြစ်လိမ့်မည်။ ယင်းသို့ ဖြစ်ပျက်နေသည်ကို မာဏိက္ကမ်လုံးဝ မနှစ်မြို့ပေ။

"ဘယ်လိုလဲ၊ ဘာကိစ္စဆွေးနွေးနေကြတာလဲ။ နောက် ပန်းချီပြပွဲတစ်ခုအတွက် စီမံကိန်းချမှတ်နေကြတာလား"

သရော်သလို ခနဲ့သလို ပြောပြီးလျှင် မာဏိက္ကမ်သည် အဏ္ဏာမလေအနီးတွင် ဝင်ထိုင်လိုက်သည်။ သူ၏စကားလုံးများတွင် ကွယ်ဝှက်နေသော သရော်လုံး ခနဲ့လုံးများသည် ကာဒိရေရှန်၏ နှလုံးသားထဲတွင် ဆူးကဲ့သို့ စူးဝင်သွားသည်။

အာနန္ဒီသည် စကားတစ်ခွန်းမှမပြောဘဲ လက်ထဲတွင်ကိုင်ထားသော စာရွက်များကို မာဏိက္ကမ်အား ပေးလိုက်သည်။ ယင်းစာရွက်များကို တွေ့ရသောအခါ မာဏိက္ကမ် ထိတ်လန့် သွားသည်။ မိမိ၏အတွင်းစိတ်ကို ဖုံးဖိထားပြီးလျှင် ဘာမှ မမှုသလိုလိုနှင့် ရယ်လိုက်သည်။

"ဒီလူ ကျုပ်တို့ကို တရားစွဲဆိုပြီး ခြိမ်းခြောက်နေတာနှင့်တူတယ်။ တရားစွဲချင် စွဲပါစေ။ ကျုပ်တို့ပေးထားတဲ့ငွေကို စာရင်းထဲမထည့်ဘဲ ကျုပ်တို့ကို လိမ်ဖို့ညာဖို့ ကြိုးစား နေတယ်။ ဒီလူကို အေးအေးဆေးဆေးလွှတ်ပေးလို့ မဖြစ်ဘူး။ ကျုပ်တို့ အဆုံးအထိ ဒီလူနှင့် ရင်ဆိုင်ရလိမ့်မယ်"

"ကျွန်တော် ခရီးထွက်ဖို့ စိတ်ကူးနေတယ်။ တစ်လကျော်လောက်ကြာမှ ပြန်လာ လိမ့်မယ် ထင်တယ်" အဏ္ဏာမလေက စကားစပြောလိုက်သည်။

မာဏိက္ကမ်က ပြောသည်။

"မင်းစိတ်ချလက်ချသာ သွားပါ။ မင်း တရားရုံးသွားဖို့ မလိုပါဘူး။ ငါ အားလုံး ဖြေရှင်းမှာပါ။ ငါ့ရှေ့နေကလည်း ဒီကိစ္စတွေကို ဖြေရှင်းပေးပါလိမ့်မယ်"

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် ဤအရေးကြီးကိစ္စအတွက် သုံးယောက်သား မျက်နှာချင်းဆိုင်ထိုင်လျက် ယခုကဲ့သို့ စိတ်ပူပန်သောက ရောက်နေစရာ လုံးဝမလိုဆိုသည့် အကြောင်းကိုလည်း အဏ္ဏာမလေအား ပြောပြလိုက်သည်။

အဏ္ဏာမလေ ပြန်ထွက်လာသည်။ တောင်ကြီးတစ်လုံးကဲ့သို့ အလွန်တာရာ ကြီးမား နေသော ပြဿနာကြီးတစ်ရပ်သည် လွယ်လင့်တကူဖြင့်ပင် ဖြေရှင်းသွားသည်။ ထို့ကြောင့် အဏ္ဏာမလေသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။ မာဏိက္ကမ်သည် တစ်နေ့ တခြား သူ့ကိုယ်သူ ယုံကြည်လာသည်။ ရဲရဲဝံ့ဝံ့ဖြစ်လာသည်ဟူ၍ အဏ္ဏာမလေ မြင်သွား သည်။

တံခါးဝအထိ ရောက်သွားသော အဏ္ဏာမလေအား မာဏိက္ကမ်က ပြန်ခေါ် လိုက်သည်။

"ညနေကျရင် ရှေ့နေ မင်းဆီလွှတ်လိုက်မယ်။ ခရီးမထွက်ခင် ရုံးက စာရွက် စာတမ်းတွေမှာ လက်မှတ်ထိုးပေးလိုက်ပါ။ မင်းအနေနှင့်ရှေ့နေကို အခကြေးငွေ ပေးစရာလည်း မလိုဘူး။ တရားရုံးစရိတ်ခံစရာလည်း မလိုဘူး။ ရှေ့နေက ငါ့ ရှေ့နေ၊ စရိတ်အားလုံး ငါ အကုန်ကျခံမယ်"

မာဏိက္ကမ်၏ယင်းရက်ရောမှုကို ဆန်းကြယ်လှပါကလားဟူ၍ အဏ္ဏာမလေ တွေးနေမိသည်။ အဏ္ဏာမလေက ကြားဖြတ်ပြောလိုက်သည်။



Treasure Publishing House

www.burmeseclassic.com

www.burmeseclassic.com

"ရှေ့နေက ခင်များကို အကူအညီပေးတယ်။ ခင်များက အဲဒီအကူအညီအစား ရှေ့နေကို တရားရုံးစရိတ် ခံဖို့ပြောမယ်။ ခင်များအလုပ်က အင်မတန် တရားမျှတချဲ့အလုပ်ပဲ"

မာဏိက္ကမ်က ဒေါသထွက်သွားသည်။ အဗ္ဗာမလေးအား လောင်ကျွမ်းသွားစေမည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။ "မင်းဒီနေရာကနေ တိတ်တိတ်ကလေး ထွက်သွား"ဟု မျက်နှာရိပ်မျက်နှာကဲဖြင့် အမိန့်ပေးလိုက်သသည်။ အဗ္ဗာမလေက မသွားသေးဘဲ ထိုနေရာ၌ ရပ်နေသည်။ မာဏိက္ကမ် အကြီးအကျယ် ဒေါသထွက်လာသည်။ အဗ္ဗာမလေအား မှိုချိုးမှုစ်ချိုး ပြောလျက် မိမိ၏ဒေါသကို ပြေပျောက်သွားအောင် လုပ်မည်ဟု စဉ်းစားလိုက်သည်။

"တရားဥပဒေအရဆိုလျှင် မင်း ကိုယ့်စရိတ်နှင့် ကိုယ်ရှေ့နေငှားပြီး အမှုရင်ဆိုင်ရ လိမ့်မယ်။ ဒါပေမဲ့ မင်းအနေနှင့် ဘယ်မှာ သွားရှာမလဲ။ ပန်းချီရေးဆွဲလို့ ရတဲ့ငွေနှင့် ဝမ်းဝအောင်တောင် မစားရဘူး။ မင်းအကျပ်အတည်းကိုကြည့်ပြီး ငါက မင်းကို အကူအညီ ပေးတာ။ တကယ်လို့ ငါ အကူအညီမပေးရင် မင်းကိုယ်တိုင် ရှေ့နေငှားပြီး အမှုရင်ဆိုင်ရ လိမ့်မယ်။ အဲဒီအခါမှာ မင်းတရားရုံးမှာ အထိနာဖို့ပဲ ရှိတယ်"

မှိုချိုးမှုစ်ချိုးပြောလိုက်သည့် စကားကြောင့် အဗ္ဗာမလေ ဦးခေါင်းငိုက်စိုက် ကျသွားသည်။ စကားတစ်ခွန်းမှ ပြန်မပြောဘဲ အိမ်ပြန်သွားသည်။ မာဏိက္ကမ် ငွေရေးကြေးရေး အခက်အခဲဖြစ်နေသည့်အခါများ၌ အဗ္ဗာမလေ အကူအညီပေးခဲ့သည်။ မာဏိက္ကမ်သည် အဝတ်အစားမှစ၍ အဗ္ဗာမလေထံမှ ယူဝတ်သည်။ ထိုအချိန်က အဗ္ဗာမလေသည် မည်သည့် အခါကမှ မာဏိက္ကမ်ကို အပေါ်စီးက မဆက်ဆံပေ။ ကဲ့ရဲ့ရှုတ်ချခြင်းလည်း မပြုလုပ်ပေ။ မာဏိက္ကမ်သည် ကဒီရေရှန်တို့ ရှေ့မှောက်၌ အဗ္ဗာမလေအား မထီမဲ့မြင် ပြုလုပ်လိုက်သည်။ ယင်းသို့ မထီမဲ့မြင် အပြုခံရသည့်အတွက် အဗ္ဗာမလေသည် အကြီးအကျယ် စိတ်မချမ်း မသာဖြစ်သွားသည်။ မာဏိက္ကမ်အားပေးခဲ့သည့် အကူအညီ၏ အကျိုးကျေးဇူးကို အဗ္ဗာမလေ ရရှိနေသည်။

အာနန္ဒီသည် ထိုနေရာ၌ ဆက်မနေတော့ပေ။ မိမိ၏ စိတ်နှလုံးထဲတွင် ထလာသော မုန်တိုင်းကို အေးငြိမ်းသွားစေရန်အတွက် အခန်းထဲဝင်သွားသည်။ ထိုနေ့ ညနေချမ်းအချိန်၌ သူ၏ရှေ့နေနှင့်အတူ မာဏိက္ကမ် အဗ္ဗာမလေထံ ရောက်ရှိလာသည်။ ရှေ့နေနှင့် မာဏိက္ကမ်က အဗ္ဗာမလေအား စာရွက်စာတမ်းများပေါ်၌ လက်မှတ် ရေးထိုးခိုင်းလေသည်။ မာဏိက္ကမ်နှင့် အဗ္ဗာမလေတို့၏ကိုယ်စား မိမိအနေနှင့် တရားရုံးတွင် တရားရင်ဆိုင်မည်ဟု ရှေ့နေက ရှင်းပြသည်။

"မင်းတစ်လကြာမှ ပြန်လာပြန်လာ၊ တစ်နှစ်ကြာမှ ပြန်လာပြန်လာ၊ ကိစ္စမရှိဘူး။ ကိစ္စအားလုံးကို ငါတို့ဖြေရှင်းမယ်။ မင်းအနေနှင့် ဒီကိစ္စတွေကို လုံးဝမေ့ထားလိုက်" ယင်းသို့ ပြောလျက် မာဏိက္ကမ်ထွက်သွားလေသည်။



အဗ္ဗာမလေသည် ထိုကိစ္စကို ထိုအချိန်၌ မေ့ထားလိုက်သည်။ သို့ရာတွင် အာနန္ဒီနှင့် ရှာရဒါကိုမူ မမေ့ပေ။ ခရီးထွက်မည့်အချိန်၌ အာနန္ဒီသည် အဗ္ဗာမလေ၏ အိမ်သို့လာပြီး နှုတ်ဆက်စကားပြောကြားသည်။ ရှာရဒါကမူ စပ်စောစောကပင် အဗ္ဗာမလေ၏ ဝန်စည် စလယ်ကို ထုတ်ပိုးပေးထားသည်။ ဆေးကမ္ဘာ့ဘူတာမှထွက်သော ရထားတွင် ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် အဗ္ဗာမလေသည် အာနန္ဒီနှင့် ရှာရဒါတို့၏ ချစ်ခြင်းမေတ္တာကို သတိရလာသည်။

✦ ✦ ✦

အရေယန်ကုလန်အနီး၌ ရှိသောမာလန်ပါရေအမည်ရှိ တောင်ပေါ်၌ ရွာသူရွာသား များ စုရုံးရောက်ရှိနေကြသည်။ အရေယန်ကုလန်၌ ပြုလုပ်သော မန်ကျီဝိရဇ္ဇာ၊ အမည်ရှိ ပွဲသဘင်ကြည့်ရှုရန်အတွက် အနီးအနားတဝိုက်က ရွာသူရွာသားများ၊ စုဝေးရောက်ရှိနေကြခြင်း ဖြစ်သည်။ ယင်းတောင်များ၏အလယ်၌ရှိသော တောင်ဝှမ်း၌ နှစ်စဉ်နှစ်တိုင်း နွားများကို နဖားကြိုးထိုးသော ထိုပွဲသဘင်ကို ကျင်းပကြသည်။ ပွဲကြည့်ပရိတ်သတ်အား နွားများ ဦးချိနှင့်ဝှေ့ခြင်း စသည်တို့မပြုလုပ်နိုင်ရန် ရည်ရွယ်၍ အရေယန်ကုလန်က လူများသည် ထိုပွဲသဘင်အတွက် တောင်များ၏ကြားထဲက တောင်ခြေနေရာကို ရွေးချယ်ကြခြင်း ဖြစ်ဟန် တူသည်။

အဗ္ဗာမလေသည် ရှုရဝတန်၏အစ်ကို အာရုမုဂန်နှင့်အတူ ကျောက်ဆောင်တစ်ခု ပေါ်၌ ရပ်နေသည်။ ထိုနေရာတစ်ဝိုက်၌ မည်သည့်နေရာတွင်မှထိုင်၍ ပန်းချီဆွဲရန် မဖြစ်နိုင် သလောက်ပင် ရှိနေသည်။ လူနှင့် နွားတို့၏အကြား၌ လျှပ်စီး၏အရှိန်အဟုန်ဖြင့် ဖြစ်ပေါ် လာသော ယင်းသေမည်လား၊ ရှင်မည်လားမသိရသည့် တိုက်ပွဲကို တစ်နေရာ၌ထိုင်၍ ပန်းချီဆွဲရန်မှာ မဖြစ်နိုင်သလောက်ပင် ရှိသည်ဟူ၍ အဗ္ဗာမလေ စဉ်းစားကြည့်သည်။ အဗ္ဗာမလေအတွက် တွေ့မြင်ရသမျှ အားလုံးကို ဂရုစိုက်ကြည့်လျက် နောက်ကျမှ အေးအေး ဆေးဆေးထိုင်ပြီး ပန်းချီဆွဲရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပေ။

တောင်ဝှမ်း၏တစ်နေရာ၌ စိမ်းစိုသော ဝါးခြင်းများဖြင့်ပြုလုပ်ထားသော ဝါးကပ် များကို ကာပြီးလျှင် ကွင်းပြင်တစ်ခု ပြုလုပ်ထားကြသည်။ ယင်းကွင်းပြင်ထဲတွင် နွားကောင်ရေသုံးဆယ်လေးဆယ်တို့သည် ယောက်ယက်ခတ်လျက် လှည့်လည် သွားလာနေ ကြသည်။ နွားညို၊ နွားနက်၊ နွားဖြူ၊ နွားနီ၊ နွားကြားအမျိုးမျိုးသော နွားထီးကြီးများကို ကွင်းပြင်ထဲတွင် တွေ့မြင်နေရသည်။ နွားအကောင်တိုင်း၏နှာခေါင်းတွင် ထိုးထားသော နဖားကြိုးကို လူရွယ်နှစ်ယောက်သုံးယောက်က ဆွဲပြီးလျှင် နွားကို ထိန်းချုပ်ထားရန် ကြိုးစား နေကြသည်။ နွားများ၏ လည်ပင်းတွင် ချည်ထားသောကြိုးကို ဖြတ်ချိန်ရောက်လာပေ။

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေသည် နွားများ၏ရိုးရိုးသားသားအလှနှင့် အဆင်တန်ဆာများကို အသေအချာစိုက်ကြည့်ရှုနေသည်။ နွားများ၏ဦးချိုများကို ဝါးချွန်ကဲ့သို့ ချွန်ထက်အောင် လုပ်ပြီးလျှင် ရောင်စုံဆေးခြယ်ထားကြသည်။ နွားများ၏ ဦးခေါင်းနှင့် လည်ပင်းများတွင် ပိုးချည်နှင့်ပြုလုပ်ထားသော ပန်းဖွားများ တွဲလွဲကျနေကြသည်။ နွားများ၏လည်ပင်းကို ဝန်းအပြောက်များဖော်ထားသော ပိုးသားပုဝါများဖြင့် စည်းနှောင်ထားကြသည်။ နွားများ၏ ဦးချိုများတွင် ချိတ်ထားသောအထုပ်များမှာ ငွေများလို ထုတ်ထားသည့် အထုပ်များဖြစ်သည် ဆိုသည်ကို အဏ္ဏာမလေ သိရှိသွားသည်။ အချို့ပုဂ္ဂိုလ်များသည် ရွှေဒင်္ဂါးထုပ်နှင့် ငွေဒင်္ဂါးထုပ်များကိုပင် နွားများ၏ဦးချိုတွင် ချည်နှောင်ဆွဲထားကြသည်ဟူ၍ ကြားရသည်။

နွားများရှိနေကြသော ကွင်းပြင်၏ ရှေ့မလှမ်းမကမ်း၌ နွားများကို နဖားကြိုးထိုးရန်အတွက် တန်းစီရပ်နေကြသော အားကောင်းမောင်းသန် လူငယ်လူရွယ်များကိုလည်း အဏ္ဏာမလေ တွေ့မြင်ရသည်။ အချို့က ခါးစည်းကြိုးစည်းထားကြသည်။ အချို့ကမူ ဒိုတီကို အပေါ်မတင်လျက် ခါးစည်းကြိုးသဖွယ် စည်းနှောင်ထားကြသည်။ ယင်းတို့၏ တောင့်တင်းသန်မာသော ပခုံးနှင့် ကျယ်ပြန့်သော ရင်အုပ်များမှ သူရသတိလက္ခဏာများ ပေါ်ထွက်နေကြသည်။

အာရုမုဂန်က ပြောလိုက်သည်။

"အဲဒီနဖားကြိုးထိုးတဲ့ လူငယ်လူရွယ်တွေကို နွားတွေရဲ့ လည်ပင်းနှင့်ဦးချိုများမှာ ချည်ထားတဲ့ငွေထုပ်များကို ပေးကြရတယ်။ ဒါပေမဲ့ ဒီလူငယ်လူရွယ်တွေဟာ ဆုလာဘ်ရရှိလိုတဲ့ ဆန္ဒတစ်ခုတည်းနှင့် နွားတွေကို နဖားကြိုးထိုးကြတာ မဟုတ်ဘူး။ ဟိုမှာကြည့် အရှေ့ဘက်က ကျောက်ဆောင်ပေါ်မှာ မိန်းမပျိုတစ်စု ရပ်နေကြတယ်။ မိန်းမပျိုများရဲ့အပြုံးနှင့် အားတက်သရောဖြစ်နေတဲ့ ချီးကျူးထောပနာ ချီးမွမ်းစကားများကိုသာ ဒီလူငယ်လူရွယ်တွေအတွက် အကြီးမားဆုံး ဆုလာဘ်ဖြစ်တယ်။ နွားသိုးများပေါ် အနိုင်ရရှိတဲ့ လူငယ်လူရွယ်တွေအတွက် မိန်းမပျို များရဲ့နှလုံးသားကို အနိုင်ရရှိဖို့ လမ်းပွင့်သွားတယ်"

အဏ္ဏာမလေ၏စိတ်နှလုံးသည် နှစ်ပေါင်းတစ်ထောင်လောက် ကျော်လွန်လာခဲ့ပြီဖြစ်သည့် ရှေးအတိတ်ခေတ်သို့ ရောက်ရှိသွားသည်။ ဤပွဲသဘင်သည် မုတလေဟု ခေါ်သည့် တောခေါ်သည့် နေထိုင်ကြသူများ၊ တမိလ်ပြည်နယ်ရှိ နွားမွေးသမားများ၏ သူရသတ္တိအပြည့်ရှိသော ပွဲသဘင်ဖြစ်လိမ့်မည်ဟူ၍ အဏ္ဏာမလေ စဉ်းစားနေမိသည်။ ရှေးဟောင်း တမိလ်စာပေ ကျမ်းဂန်ဖြစ်သော ကလိတ္တိုဂေကျမ်း၌ အဏ္ဏာမလေ ဖတ်ဖူးထားသော အေရုတ်တလုဘုဒလ (နွားများကို နဖားကြိုးထိုးခြင်း)အမည်ရှိသော ပွဲသဘင်သည် ယခု သူ၏မျက်မှောက်တွင် အကောင်အထည်ပေါ်လာသည်။

အာရုမုဂန်နှင့် ထိုပွဲသဘင်အကြောင်းကိုဆွေးနွေးရင်း အဏ္ဏာမလေက ပြောပြသည်။





"ရှေးခေတ်က စလာခဲ့တဲ့ ဒီပွဲရဲ့ပုံသဏ္ဌာန်ဟာ ယခုခေတ်မှာလည်း ယခင်အတိုင်းပဲ ရှိနေတယ်။ ထူးခြားမှုရှိလာတာက ရှေးယခင်ခေတ် မိန်းမပျိုများဟာ အိမ်အပေါ်ထပ်များ ကနေပြီး ဒီလိုပွဲကို ကြည့်ကြတယ်။ ယခုခေတ်မှာတော့ မိန်းမပျိုများဟာ ကျောက်ဆောင်များ ပေါ်မှာရပ်ပြီး ပွဲကို ကြည့်ကြတယ်"

"အခြေခံကျတဲ့ ခြားနားချက်တစ်ခုလည်း ရှိသေးတယ်"

ယင်းသို့ပြောလျက် အာရုမုဂန်က ရယ်လိုက်သည်။

"ယခုခေတ်မှာ ဒီပွဲကိုကြည့်ဖို့ရန်အတွက် ကျေးတောသူ မိန်းမပျိုများနှင့်အတူ ယောကျ်ားပျိုများလည်း အပြိုင်အဆိုင်ဖြစ်လာကြတယ်။ ယခုခေတ်မှာ နှစ်စဉ်နှစ်တိုင်း နွားသိုးများကို နဖားကြိုးထိုးပြီး မိမိတို့ သူရသတ္တိကိုပြကြတဲ့ လူငယ်လူရွယ်များရဲ့ အရေအတွက် နည်းသွားပြီ၊ ပွဲကြည့်ပရိတ်သတ်ဦးရေက ပိုများလာတယ်။ ဒီပွဲဟာ မကြာခင် လုံးဝ ပျောက်ကွယ်သွားတဲ့အခြေအနေ ရောက်ရှိသွားနိုင်တယ်"

အာရုမုဂန်၏စကားကို ကြားရသောအခါ အဏ္ဏာမလေ သက်ပြင်းချလိုက်သည်။ သူကိုယ်တိုင် ပြေးသွားလျက် သူရဲကောင်းတို့၏အကြားတွင် ရပ်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ရာတွင် အဏ္ဏာမလေသည် နွားများကို နဖားကြိုးထိုးသည့်အတတ်ပညာကို နားမလည်ပေ။ ယင်းအတတ်ပညာ အလေ့အကျင့်ကို မလုပ်ရသေးပေ။

အဏ္ဏာမလေကပြောသည်။

"ဒီပွဲကို လူတွေကြည့်ကြတာ ဘယ်လိုမှအပြစ်ပြောစရာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲမှာ လူငယ်လူရွယ်တွေနှင့် နွားများ ရဲ့ံ့စွာ တစ်ဦးနှင့်တစ်ဦး အားပြိုင်ကြတဲ့အတွက် ဖြစ်တယ်။ ယခုခေတ်မှာ လုလင်ပျိုနှင့် လုံမပျိုများဟာ ရပ်သေးရပ်၊ ယမင်းရုပ်အကနိုင်းပြီး မိမိတို့ ကိုယ်တိုင်လည်း ထိုင်ပြီး အဲဒီပွဲကို ကြည့်ကြတယ်။ ယခုခေတ်မှာ ကျွန်တော်တို့ဟာ သူရသတ္တိနှင့် ချစ်ခြင်းမေတ္တာ၏ အတုအယောင် အသွင်အပြင်များကိုကြည့်ပြီး ဝမ်းသာအားရဖြစ်ကြရလျှင် တော်ပြီလို့ ထင်မှတ်ကြတယ်။ ကျွန်တော်တို့ဟာ မိမိတို့သိပ္ပံပညာနှင့် ပတ်သက်တဲ့ အသိဉာဏ်ကိုလည်း စနစ်တကျတိုးတက်မှုရှိလာအောင် မပြုလုပ်ကြဘူး။ ကျွန်တော်တို့ဟာ မိမိတို့၏ အသိပညာအစစ်အမှန်ကို မေ့နေကြတယ်။ ကျွန်တော်တို့ ဘယ်လမ်း ဘယ်ခရီးသွားနေတယ်ဆိုတာ ကျွန်တော်မသိဘူး"

အာရုမုဂန်က ပြောလိုက်သည်။

"အဏ္ဏာမလေတို့လို လူငယ်လူရွယ်များပဲ ဖဲဒါနှင့်ပတ်သက်ပြီး စဉ်းစားဆင်ခြင်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အနာဂတ်အချိန်ကာလစာ ကျုပ်တို့အတွက် မဟုတ်ဘူး။ အဏ္ဏာမလေတို့လို လူငယ်လူရွယ်တွေအတွက်ဖြစ်တယ်"

တောင်ထိပ်ပေါ်၌ လူအုပ်ကြီးကြားထဲတွင် မတ်တပ်ရပ်နေသော အဏ္ဏာမလေသည် မိမိလည်း အလွန်တရာ ရှည်ကြာခဲ့ပြီဖြစ်သည့် အစဉ်အလာတစ်ခုနှင့် ဆက်စပ်မှု ရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com


ဟူ၍ ထင်မြင်လာသည်။ မိမိလည်း လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ခန့်က ဤနေရာ၌ ဤကဲ့သို့သော ပွဲသဘင်တစ်ခုတွင် ပါဝင်ခဲ့သည်ဟူ၍ ထင်နေမိသည်။ ယင်းသို့ စဉ်းစားမိသည့်အခါ၌ ပင်ပင်ပန်းပန်းကြိုးစားအားထုတ်ခြင်းကိုသာလျှင် မိမိတို့၏ မူရင်းအခြေခံဟူ၍ ထင်မှတ်ယူဆကြသော ရှန်းကန်လှုပ်ရှားမှု၊ ချစ်ခင်ကြင်နာမှု၊ အနုပညာလက်မှုများနှင့်အတူ ဘဝခရီးကိုလျှောက်ကြသော ယဉ်ကျေးသည့်လူတစ်စု၏သွေးသည် မိမိ၏အကြောများတွင်လည်း စီးဆင်းနေသည်ဟူ၍ အင္ဂျာမလေ ထင်မှတ်သွားသည်။

အင္ဂျာမလေက ပြောသည်။

“ရှေးဟောင်းယဉ်ကျေးမှု ပျောက်ကွယ်သွားပြီးနောက် ယဉ်ကျေးမှုအသစ် ပေါ်မလာခင် အချိန်ကာလမှာ တွေ့မြင်ရတဲ့ မင်းမဲ့အခြေအနေမျိုး ယနေ့တိုင်းပြည် အနှံ့အပြားမှာ တွေ့မြင်နေရတယ်”

ယင်းလူငယ်လူရွယ်အား ယခုကဲ့သို့ စဉ်းစားဆင်ခြင်သည်ကို တွေ့ရသောအခါ အာရုမုဂန် အလွန်အံ့သြသွားသည်။ ထိုအချိန်၌ အင္ဂျာမလေ၏အရွယ်သည် စိတ်ကူးထဲတွင် မျှော်နေသည့် အရွယ်မျိုးမဟုတ်ပေ။ တစ်ပြိုင်နက်တည်းမှာပင် အင္ဂျာမလေသည် အနုပညာရှင် တစ်ယောက်လည်းဖြစ်နေသည်။ သို့သော်လည်း အင္ဂျာမလေသည် လေးလေးနက်နက် တွေးတောစဉ်းစားသူဖြစ်နေသည်။ ‘မာလမှာလေ’၌ နိုးကြားမှု အပြည့်အဝဖြစ်ပေါ်စေမည့် ယင်းကဲ့သို့သော စွမ်းရည်သတ္တိမျိုးလည်း အမှန်မုချ ဖြစ်ပေါ်လာလိမ့်မည်ဟူ၍ အာရုမုဂန်က စဉ်းစားဆင်ခြင်မိသည်။

ရုတ်တရက် ပွဲသဘင်ကျင်းပရာ ကွင်းပြင်ထဲက စည်သံများပေါ်လာသည်။ လှုပ်ရှားတက်ကြွနေကြသော ကျေးရွာအနုသုခုမ ပညာရှင်များသည် ဆိုကြ၊ ကကြသည်။

နွားများကို နဖားကြိုးထိုးရန်အတွက် အဆင်သင့်ဖြစ်နေကြသော လူငယ်လူရွယ်များသည် ကျားသတ္တဝါကဲ့သို့ နွားများအပေါ်ဝင်စီးရန် အဆင်သင့်ဖြစ်သွားကြသည်။

ကွင်းပြင်ထဲက ပေါ်လာသော ကြောက်မက်ဖွယ်အသံကို ကြားရသည်။ ကြောက်မက်ဖွယ် အော်မြည်လိုက်သော အသံနှင့်တကွ ဦးချိုများဖြင့်မြေကြီးကို တူးဆွလျက် ဖုန်မှုန့်တိုင်းထသွားအောင် ပြုလုပ်ကြသော နွားများသည် လူငယ်လူရွယ်များအပေါ် ခုန်အုပ်ကြသည်။ ယင်းနွားများထဲက ဆင်ပေါက်ကလေးနှင့်တူသော မျက်စိနီရဲနေသော ဒေါသမာန်ဖြင့် ခုန်ပေါက်နေသော နွားညိုတစ်ကောင်သည် အင္ဂျာမလေ၏အာရုံကို အထူးသဖြင့် ဆွဲဆောင်ထားသည်။

ထိုနွားသည် အခြားနွားများနှင့် တစ်သီးတခြားရပ်နေပြီးလျှင် အမြီးကိုထောင်လျက် တခဏအတောအတွင်း၌ပင် မိမိနှင့်ရင်ဆိုင်ရမည့် လူငယ်လူရွယ်၏ စွမ်းအားကို မှန်းဆကြည့်နေသည်။ နောက်တခဏ၌ပင် ဦးချိုဖြင့် မြေကြီးကိုထိုးဆွလျက် နောက်ခြေထောက်ဖြင့်လည်းကောင်း၊ ဦးချိုဖြင့်လည်းကောင်း ဖုန်မှုန့်များထအောင် လုပ်လိုက်သည်။

ထိုနွားသည် ကြောက်မက်ဖွယ် အသံပြုလုပ်ပြီးလျှင် လူငယ်လူရွယ်များအား ခြိမ်းခြောက်လိုက်သည်။

အာရုမုဂန်က ပြောပြသည်။

“မနှစ်က ဘယ်သူမှ အဲဒီနွားကို မထိန်းချုပ်နိုင်ကြဘူး။ အဲဒီနွားသိုးဟာ လူငယ်လူရွယ်သုံးယောက်ကို ဦးချိုနှင့် ဝှေ့သတ်ပြီးပြီ”

ထိုအချိန်၌ အင္ဂျာမလေသည် မိမိအား မျက်လုံးနှစ်လုံးလောက်သာ ပေးရမည်လားဟူ၍ ဘုရားသခင်အား အပြစ်တင်နေသည်။ အင္ဂျာမလေသည် မျက်လုံးနှစ်လုံးဖြင့် တစ်ချိန်တည်းတွင် ရှုခင်းတစ်ခုကိုသာလျှင် ကြည့်ရှု၍ရသည်။ ထိုနေရာ၌ တစ်ချိန်တည်းတွင် ပွဲကြည့်ပရိတ်သတ်ကို ကြက်သီးမွေးညင်းထစေသည့် ရှုခင်း သုံးဆယ်၊ လေးဆယ် ဖြစ်ပေါ်နေသည်။ လုလင်တစ်ယောက်သည် နွားတစ်ကောင်၏ကျောပေါ်က ဘို့ကိုကိုင်လျက် ထိုနွားနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်နေသည်။ နွားက လုလင်ကို ဟိုဟိုသည်သည် ဆွဲသွားပြီး အက ကနေသလို လုပ်နေသည်။ အခြားလုလင်တစ်ယောက်က နွားတစ်ကောင်၏အမြီးကို ဆွဲလျက် နွား၏ ကျောပေါ်တက်ဖို့ ကြိုးစားအားထုတ်နေသည်။ နွားသည် နောက်ခြေထောက်ဖြင့် လုလင်အား ကန်ပြီးလျှင် လုလင်အပေါ် ခုန်အုပ်သည်။ အခြားလုလင်တစ်ယောက်ကမူ နွားတစ်ကောင်၏ဝမ်းဗိုက်တွင် တွဲလွဲခိုလျက် လက်နှစ်ဖက်ဖြင့် နွား၏လည်ပင်းကို လည်းကောင်း၊ ခြေထောက်နှစ်ဘက်ဖြင့် နွား၏ကျောကုန်းကိုလည်းကောင်း ညှပ်ထားသည်။ အခြား လုလင်တစ်ယောက်က နွားရှေ့၌ရပ်လျက် နွား၏ဦးချိုကို ကိုင်ပြီးလျှင် နှံနေသည်။ ထောင့်တစ်ထောင့်တွင် နွားတစ်ကောင်သည် လုလင်တစ်ယောက်အား မြေကြီးပေါ် တွန်းလှဲလိုက်ပြီးလျှင် လုလင်၏ ခါးကို ဦးချိုဖြင့် ထိုးစိုက်နေသည်။ နေရာအနှံ့အပြား၌ သွေးချောင်းစီးနေသည်။

အာရုမုဂန်သည် မိမိအနီး၌ရပ်နေသော အင္ဂျာမလေအား လှည့်ကြည့်လိုက်သောအခါ အင္ဂျာမလေကိုမတွေ့ရသောကြောင့် ရုတ်တရက် ပျာယာခတ်သွားသည်။ အရှေ့ဘက်ရှိ တောင်ဝှမ်းကို ကြည့်လိုက်သည်နှင့် အသက်ရှူ မှားသွားသည်။ အင္ဂျာမလေသည် အသက်ရန်ရှာမည့် ထိုနွားညိုရှိရာသို့ လျှင်မြန်စွာသွားနေသည်။ နွားက အင္ဂျာမလေကို သတိမပြုမိပေ။ မိမိထံသို့ ရှေးရှုလာသော လုလင်နှစ်ယောက်အား တစ်ပြိုင်နက်တည်း နောင်ကြဉ်သွားအောင်လုပ်မည့် အမူအရာမျိုးဖြင့်ရပ်နေသည်။ အင္ဂျာမလေသည် တိုက်ပွဲကို အနီးကပ်ကြည့်ရှုလိုသည့်ဆန္ဒဖြင့် ထိုနွားရှိရာသို့ လှမ်းလာခြင်းဖြစ်သည်။

အင္ဂျာမလေသည် ထိုနွားအား ချုပ်ကိုင်ရန်အတွက် သွားခြင်းမဟုတ်ပေ။ နွား၏ လှုပ်ရှားမှုကို အသေးစိတ် မိမိ၏နှလုံးတွင် မှတ်သားထားရန်အတွက်သာလျှင် သွားခြင်းဖြစ်သည်။ အင္ဂျာမလေတွင် ထိုပွဲ၌ ပါဝင်ဆင်နွှဲရန် စိတ်ဆန္ဒမရှိပေ။ အနုပညာဖန်တီးရန်အတွက်သာလျှင် စိတ်ဆန္ဒရှိနေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… အလ္လာမလေ" ယင်း၏ ဟစ်အော်လျက် အာရမုဂန်သည် ကွင်းပြင်ထဲ ခုန်ဆင်းလိုက်သည်။ အခြေအနေကို သိရှိနားလည်သွားကြသော လူများလည်း အာရမုဂန် နောက် ပြေးလိုက်သွားကြသည်။

အသက်အန္တရာယ်ပြုမည့် ထိုနွားသည် သူ့ကို ရင်ဆိုင်နေသည့်လုလင်များကို ထားပစ်ခဲ့သည်။ လူ့အုပ်ကို ကြောက်ရွံ့သောကြောင့် နွားသည် အလ္လာမလေဘက် လှည့်လာ ပြီးလျှင် အလ္လာမလေအား ထိုးနက်လေတော့သည်။ အလ္လာမလေ မြေကြီးပေါ် လဲကျသွား သည်။ ကမ္ဘာမြေကြီးတစ်ခုလုံး လည်နေသည်ဟူ၍ အလ္လာမလေ ထင်မှတ်သွားသည်။ နွားကို နဖားကြိုးထိုးရန်အတွက် လာနေကြသော လုလင်များက ထိုနွား၏အမြီးကို ဆွဲကိုင် ထားသည့်အတွက် အလ္လာမလေ အံ့ဩသွားသည်။ ထို့ကြောင့် အလ္လာမလေ အသက် ချမ်းသာရာရသွားခြင်းဖြစ်သည်။ နွားသည် တခဏအတော အတွင်း၌ပင် တစ်ဘက်လှည့် သွားသည်။ လူတွေက သူ့ကို ကျောက်ဆောင်ပေါ် ဆွဲခေါ်သွားသောအခါ အလ္လာမလေသည် နောက်သို့လှည့်လျက် ထိုနွားညိုကို ကြည့်လိုက်သည်။ ထိုအချိန်၌ နွား၏ဦးချိုနှစ်ခုပေါ်၌ ကြက်သွေးရောင် ပန်းကုံးကဲ့သို့ လုလင်တစ်ယောက်၏ သွေးချင်းနီနေသောအူသည် တွဲလွဲ ဖြစ်နေသည်။ ထိုလုလင်သည် တိုက်ပွဲတွင်ကျဆုံးသွားသော သူရဲကောင်းကဲ့သို့ အစန့်သား မြေကြီးပေါ်တွင် ကျနေသည်။

အလ္လာမလေက စိတ်လိုက်မာန်ပါနှင့် ပြောလိုက်သည်။

"ရှေးဟောင်း တမိလ်စာပေ 'ကလိတ္တိုဂေ'၏ 'မုလေကလိ'ကဗျာမှာ အခုလို နွားဦးချိုမှာ လုလင်တွေရဲ့ အူတွေတွဲလွဲဆွဲကျနေတဲ့အကြောင်းကို ရေးသားဖော်ပြထားတယ်"

အာရမုဂန်က ပြန်ပြောသည်။

"တကယ်လို့ ကျုပ်တို့ ခင်ဗျားကို ကွင်းပြင်ထဲက ဆွဲထုတ်မလာဘူးဆိုရင် နွား ဦးချိုပေါ်မှာ ခင်ဗျား အူလည်းပဲ တွဲလွဲဆွဲနေမှာ အမှန်ဖြစ်တယ်။ ခင်ဗျား အခုရှုခင်းကို ကြည့်နိုင်ဖို့အတွက် အသက်ရှင်နေနိုင်တော့မှာ မဟုတ်ဘူး"

အာရမုဂန်သည် ယခုထက်တိုင် ကြောက်စိတ်ပျောက်မသွားသေးပေ။ ယခင် ကလည်း တစ်ကြိမ်၊ ကျေးရွာနတ်ကွင်း၌ မြွေတစ်ကောင်ပါးပျဉ်းထောင်ပြီး ကနေစဉ်တုန်း ကလည်း အလ္လာမလေသည် မြွေကိုသတိမပြုဘဲ သူ့အလုပ်ထဲတွင်သာ နစ်မြုပ်နေခဲ့သည်။ ထိုအခါက အလ္လာမလေသည် ခံစားမှုအပြည့်ရှိနေပြီး မိမိကိုယ်ကိုလည်း မေ့နေသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်နေသည်ဟူ၍ အာရမုဂန် တွေးတောမိသည်။

အလ္လာမလေက အားတက်သရော ပြောလိုက်သည်။

"တကယ်လို့ ကျွန်တော် အဲဒီမြင်ကွင်းကို စက္ကူပေါ်မှာ ရေးခြယ်နိုင်တယ်ဆိုရင် အဲဒီလိုရေးခြယ်ဖို့ ကိုယ့်အသက်ကိုလည်း စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး"





ယင်းအဖြစ်အပျက်ဖြစ်ပြီး နောက်နှစ်ပတ်ကြာသောအခါ အလ္လာမလေ ရေးဆွဲ ထားသော "မံဂျိဝိရတ္တူ"အမည် ပန်းချီပုံသည် မဒရပ်မြို့ရှိ ကဒီရေရှုန်ထံရောက်ရှိလာသည်။ အရေယန်ကုလန့်၌နေလျက် ထိုပန်းချီပုံကို အပြီးသတ်ပြီး မဒရပ်သို့ပို့လိုက်ပြီးသည့်နောက်မှ သာလျှင် အလ္လာမလေသည် ကာဝေရီ မြစ်ကမ်းပါးရှိ အခြားရွာတစ်ရွာသို့ ထွက်ခွာသွားသည်။

ကန္နရဒေသမှ တမိလ်ဒေသသို့ ကာဝေရီမြစ် စီးဝင်သွားသော နယ်စပ်ဒေသ၌ တည်ရှိနေသော ရွာကလေးကို တမိလ်ဘာသာစကားပြောသူများက ကာဝေရီဟူ၍ ခေါ်ကြ သည်။ ရေလျှံတက်လာသော ကာဝေရီမြစ်သည် ချောက်ကမ်းပါးရှိ ကျောက်ဆောင်များ ပေါ်သို့ တောင်ထိပ်မှစီးကျသောအခါ မရေတွက်နိုင်သော ရေပေါက်၊ ရေမွှားများ ဖြစ်ကုန် ကြသည်။ ယင်းရေပေါက် ရေမွှားများသည် အခိုးအငွေ့အစုကဲ့သို့ မြင်နေရသည်။ ထို့ကြောင့် ကန္နရဘာသာစကားဖြင့် ယင်း ထိုကျောက်ဆောင်ကို 'ခုအန္တာရ ပတ္တရ'ဟူ၍ အမည်ပေးထား ကြသည်။

ထိုကျေးရွာ၌ တဲအိမ်သုံးဆယ်၊ လေးဆယ်လောက်ပင် မရှိပေ။ ထိုရွာသိမ်ရွာငယ် ကလေးသို့ ရောက်သွားသောအခါမိမိသည် လူသံသူသံနှင့် အလှမ်းဝေးသောနေရာတစ်နေရာ သို့ ရောက်ရှိနေသည်ဟူ၍ အလ္လာမလေ ထင်မှတ်သွားသည်။ ယင်းကျေးရွာသည် ယခု မျက်မှောက် ယဉ်ကျေးမှု၏အတုအပများမှ လွတ်ကင်းနေသော နေရာဖြစ်သည်။ ထိုနေရာ၌ တံငါတဲများ၊ တဲအသွင်ဖြင့်ရှိနေကြသော နားနေစရာ စခန်းကလေးများ၊ ငါးမွေးမြူရေးဌာနနှင့် သစ်တောဌာနမှ အမှုထမ်းများ၏ သက်ငယ်တဲများ၊ ယင်းတဲများလောက်သာလျှင် တွေ့မြင် ရသည်။ အယ်ဒီတာ ရှရဝဏန်၏မိတ်ဆွေ ငါးမွေးမြူရေးဌာနမှ အမှုထမ်းတစ်ယောက်၏ တဲ၌ အလ္လာမလေတည်းခိုနေသည်။ ငါးမွေးမြူရေးဌာနမှ ယင်းအမှုထမ်းသည် လူလွတ်ဖြစ်ပြီး သူ၏အမေနှင့် ထိုနေရာ၌ အတူနေကြသည်။ သားအမိနှစ်ယောက်၏ အပိုင်းအခြားမရှိသော ချစ်ခြင်း မေတ္တာကိုရရှိသည်ဖြစ်၍ အလ္လာမလေလည်း သူတို့၏အိမ်၌ အိမ်သားတစ်ယောက် ဖြစ်သွားသည်။ ယဉ်ကျေးမှုထွန်းကားနေသည့် လူ့အဖွဲ့အစည်း၌ရှိသော အဆင်ပြေမှုမျိုးလည်း ထိုရွာ၌မရှိပေ။ သို့သော်လည်း ထိုအမှုထမ်းလုလင်သည် အလ္လာမလေအား မည်သည့် အရာဝတ္ထုမှ ချို့တဲ့မနေအောင် ဖန်တီးပေးထားသည်။

ထိုကျေးရွာ၏တစ်ဘက်၌ တောင်နှင့်တောရှိပြီး အခြားတစ်ဘက်၌ ကာဝေရီမြစ်နှင့် တောတန်းတောင်တန်းရှိသည်။ ကျေးရွာအစပ်၌ရှိသော မြစ်ငယ်မြစ်သည် တသွင်သွင် စီးဆင်းလျက် အခြားတစ်ဘက်မှလာပြီးလျှင် ကာဝေရီမြစ်နှင့် ပေါင်းဆုံသွားသည်။

ထိုရွာသို့ ရောက်ပြီးသည့်နောက် နေ့ရက်များ မကြာမီမှာပင် အလ္လာမလေသည် ထိုရွာသားတစ်ယောက်လို ဖြစ်သွားသည်။ နေ့ရက်အချိန်ကာလစသည့်တို့ကို မေ့သွားသည်။ စမ်းချောင်းထဲတွင် ရေချိုးသည်။ မြစ်ကမ်းပါးရှိ ကျောက်ဆောင်တစ်ခုခုပေါ် ထိုင်၍လည်း ကောင်း၊ တောအတွင်းသို့သွား၍လည်းကောင်း၊ ပန်းချီပုံများကို ရေးဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲ အဏ္ဏာမလေသွားသောအခါ ရွာသူရွာသားများသည် သူ့ကို အကူအညီပေးရန် လိုက်ပါသွားကြသည်။ သဘာဝနတ်ဒေဝီသည် မိမိအလှ၏ လျှို့ဝှက်ချက်များကို လူသူ အရောက်အပေါက်မရှိသော ထိုနေရာများတွင် လုံခြုံစွာဝှက်ထားသည်။ အဏ္ဏာမလေသည် ထိုနေရာအားလုံးသို့ သွားလျက် ထိုနေရာများရှိ အပိုင်းအခြားမဲ့အလှကို မိမိ၏ ပန်းချီပုံများတွင် အကျဉ်းချုထားရန် ကြိုးစားအားထုတ်နေသည်။ အဏ္ဏာမလေအား စောင့်ရှောက်ရန်နှင့် ဘေးမသီရန်မခဘဲ တောထဲကပြန်ခေါ်လာရန်မှာ ထိုငါးမွေးမြူရေးဌာနက လုငယ်နှင့် သူ၏အပေါင်းအဖော်များအတွက် အလွန်ခက်ခဲသော အလုပ်တစ်ခုသဖွယ်ဖြစ်နေသည်။ ထိုတောများထဲတွင် မကြာခဏ ဆင်အုပ်လှည့်လည်သွားလာနေသည်ကို တွေ့မြင်ရသည်။ ကျားသစ်နှင့် ခြသေ့်တို့သည် တောထဲက ထွက်လာပြီးလျှင် တောစပ်၌ အစာစားနေကြသော နွားများကို ကိုက်ချီယူသွားကြသည်။ အဏ္ဏာမလေသည် ယင်းရှုခင်းများကို ကိုယ်တိုင်မျက်စိနှင့် ကြည့်ရှုရန် အာသာဆန္ဒပြင်းထန်နေသည်။ သူ့ကို ရွာသူရွာသားများက ထိုအလုပ်အတွက် တောထဲသို့ သွားခွင့်မပေးကြပေ။

သူ၏မိတ်ဆွေက ရယ်ပြီး မေးလိုက်သည်။

"ကျားနှင့်ခြသေ့်က မိတ်ဆွေရှေ့မှာ 'မိုဒယ်'အဖြစ်ရပ်နေကြလိမ့်မယ်လို့ မိတ်ဆွေက ထင်သလား"

နေ့တစ်နေ့၏ နံနက်ခင်းအချိန်၌ အဏ္ဏာမလေသည် အိမ်ထဲတွင် ထိုင်လျက် အတက်ချီကိုဖွင့်ပြီးလျှင် ပန်းချီရေးဆွဲသည့် ပစ္စည်းကိရိယာများကို ထုတ်သည်။ ယင်းပစ္စည်းကရိယာများထဲက အချို့မှာ ရာရဒါဝယ်ပေးထားသည့် ပစ္စည်းကိရိယာများဖြစ်သည်။ သို့သော်လည်း အဏ္ဏာမလေသည် ရာရဒါအား သတိမရပေ။ မီးရထားဖြင့် မဒရပ်မှ ထွက်လာခဲ့ပြီးနောက် မကြာခင်ပင် ရာရဒါကို မေ့သွားသည်။ ရာရဒါကို မိမိ၏ရှေ့၌ တွေ့ရလျှင် အဏ္ဏာမလေသည် အားတက်သွားတတ်သည်။ သို့ရာတွင် မိမိ၏ရှေ့မှောက်၌ မရှိသည့် အနိုက်၌မူ ရာရဒါကို သတိရသော်လည်း အားတက်သရော ရှိမလာပေ။

အဏ္ဏာမလေသည် အာနန္ဒီအား မေ့ထားရန် ကြိုးစားအားထုတ်သည်။ သို့ရာတွင် အာနန္ဒီသည် မိမိအား မည်သည့်အလုပ်မျိုးကိုမဆို လုပ်ရန်အတွက် အားပေးနေသည်ဟု၍ အဏ္ဏာမလေ ထင်မှတ်သည်။ 'မဂ်ျဝိရတ္တု'နှင့်ပတ်သက်သော မိမိရေးဆွဲထားသည့် ပန်းချီပုံများကို ကြည့်လျက် အဏ္ဏာမလေသည် ယင်းပန်းချီပုံများကို အာနန္ဒီတွေ့လျှင် မည်မျှအားရဝမ်းသာဖြစ်လိမ့်မည်နည်းဟု၍ ခန့်မှန်းကြည့်သည်။ ကဒီရေရှန်၊ ရာရဒါ၊ ရှရဝဏန် စသည်တို့သည် ထိုပန်းချီပုံများနှင့်ပတ်သက်၍ စာရေးသား ပေးပို့ကြသည်။ သို့ရာတွင် စာမရေးသော အာနန္ဒီ ချီးကျူးခြင်းသည်သာလျှင် သူ့အတွက် ပိုပြီးတန်ဖိုးရှိနေသည်။

အတက်ချီထဲတွင်ရှိနေသော ပစ္စည်းကိုမွှေနှောက်ရှာသောအခါ အဏ္ဏာမလေသည် မျှော်လင့်မထားသော အရာဝတ္ထုတစ်ခုကို သွားတွေ့သည်။ ထိုအရာဝတ္ထုမှာ ခဲဖြင့်ဆွဲထားသော





ပုံတစ်ပုံဖြစ်သည်။ ပုံမှာ စုတ်ပြဲပြီး ဟောင်းနွမ်းနေသောကြောင့် ကပ်ထူစက္ကူပေါ်တွင် ကော်နှင့်ကပ်ထားသည်။ ထိုပုံမှာ အဏ္ဏာမလေ ပထမဆုံးအကြိမ်ရေးဆွဲသော အာနန္ဒီ၏ပုံဖြစ်သည်။ အဏ္ဏာမလေ၏မျက်လုံးသည် ပန်းချီပုံပေါ် ရောက်သွားသည်။ ပုံကို ကိုင်လိုက်သော လက်သည် တုန်သွားသည်။ ပုံထဲက သူ့ကို လှမ်းကြည့်နေသော အာနန္ဒီ၏အကြည့်ကို သူ ခံနိုင်စွမ်းမရှိ ဖြစ်နေသည်။ အာနန္ဒီလက်မထပ်ခင် မိမိ သူ့ဖခင်၏ တပည့်အဖြစ်နှင့်ရှိစဉ်က အာနန္ဒီသည် သူ့ကို ယင်းအကြည့်မျိုးဖြင့်သာလျှင် ကြည့်လေ့ရှိသည်။ မိမိ၏ ယင်းဒုလ္လဘအကြည့်ဖြင့် အာနန္ဒီသည် မည်ကဲ့သို့သော ခံစားမှုမျိုးကို ဖော်ပြနေသနည်း။ ထိုအချိန်တုန်းကမူ အဏ္ဏာမလေသည် အာနန္ဒီ၏ခံစားမှုကို နားမလည်ခဲ့ပေ။

သို့ရာတွင် ယခုအချိန်၌ကော …

အပိုင်းအခြားမရှိသော နာကျင်မှုကို ပေးနေသည့် အာနန္ဒီ၏အကြည့်ကို မိမိအနေနှင့် ချုံးပွဲချပြီးသည့်နောက်၌လည်း ခံနိုင်မည်မဟုတ်ဟု၍ အဏ္ဏာမလေ စဉ်းစားမိသည်။ အာနန္ဒီ၏ မျက်လုံးတွင် ပေါ်နေသော ခံစားမှုကို ထိုအချိန်က မာဏိက္ကမ် နားလည်သည်။ ရာရဒါလည်း နားလည်သည်။ ထိုအချိန်က မိမိကမူ အကန်းဖြစ်နေသည်။ ထိုအချိန်က အကန်းဖြစ်နေပြီးမှ ယခုမှ ပုံကိုကြည့်လျက် ငိုနေ၍ ဘာထူးတော့မှာနည်း။

ထိုအချိန်၌ နှစ်အတန်ကြာခဲ့ပြီးဖြစ်သည့်အချိန်ကာလက မာဏိက္ကမ်နှင့် အချင်းများခဲ့ကြသည်ကို အဏ္ဏာမလေ ပြန်လည်သတိရလာသည်။ မာဏိက္ကမ်က မင်း သူ့ကို ချစ်နေသလားဟု၍ မေးခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူ့ကို သတိပေးခြင်း၊ အာနန္ဒီ၏ပုံကို သူ့လက်ထဲက လုယူခြင်း၊ ပုံ၏ထောင့်တစ်ထောင့် စုတ်ပြဲသွားခြင်း၊ ပုံကို စုတ်ဖြဲပြီး လွှင့်ပစ်ဖို့ မာဏိက္ကမ်က သူ့ကို အတင်းအကျပ်ပြောခြင်း စသော အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု အဏ္ဏာမလေ သတိရလာသည်။ ထိုအခါ အဖြစ်အပျက်တစ်ခုစီ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်အောင် ကြိုးစားကြည့်သည်။

"မာဏိက္ကမ်သည် တမင်သက်သက် ငါ့ကို တစ်ပတ်ရိုက်ခြင်းဖြစ်သလော၊ မာဏိက္ကမ်သည် ငါ၏ပစ္စည်းကို ငါ့ဆီက လုယူခြင်းဖြစ်သလော။ ယခုကဲ့သို့ ရက်သွေးရောင်လွှမ်းနေသောအကြည့်ဖြင့် ငါ့ကို မကြာခဏကြည့်နေသော အာနန္ဒီသည် သူနှင့် မည်သို့မည်ပုံ လက်ထပ်ဖို့ သဘောတူလိုက်သနည်း"

မာဏိက္ကမ်က အတင်းအကျပ်ပြောသော်လည်း မိမိ အာနန္ဒီ၏ပုံကို စုတ်ဖြဲပြီး လွှင့်မပစ်ခဲ့မိသည့်အတွက် အဏ္ဏာမလေသည် ကျေနပ်အားရသွားသည်။ အာနန္ဒီ၏ မျက်လုံးတွင် ပေါ်နေသောခံစားမှုကို သတိမပြုဘဲနှင့် အဏ္ဏာမလေသည် သူ၏ပန်းချီပုံထဲတွင် အကောင်အထည် ဖော်ထားလိုက်သည်။ ထို့ကြောင့် ထိုပုံသည် သူ့အတွက် ရနိုင်ဖို့မလွယ်သည့် ပစ္စည်းဥစ္စာတစ်ခုဖြစ်သည်ဟု၍ အဏ္ဏာမလေ တွေးထင်နေမိသည်။ အဏ္ဏာမလေ မိမိကိုယ်မိမိ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဤပုံသည် စိတ်နှင့်ဆွဲထားသော အပြီးမသတ်သေးသည့် ပုံတစ်ပုံဖြစ်သည်။ ပုံကိုဖြိုပြီး ပြန်ကပ်ထားသည်။ ပုံဆွဲထားသော စက္ကူ၏ ညိုညစ်သောအရောင်သည် အချိန်ကာလ၏အကြောင်းနှာမဲ့မြင်ကို ညွှန်ပြနေသည်။ သို့ရာတွင် ဤပုံကို ငါတရိုတသေ ထိန်းသိမ်းထားရမည်။ အသက်ဝင်နေသောပုံသည် ငါ၏အသက်ဖြစ်သည်''

ယင်းပုံကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေသည် မည်မျှအားရဝမ်းသာ ဖြစ်သွားသနည်းဆိုလျှင် အာနန္ဒကိုယ်တိုင် သူနှင့်အတူ ဤရွာသိမ်ရွာငယ်သို့ လိုက်ပါလာသည်ဟု ထင်နေရလောက်အောင်ပင် ဖြစ်သွားသည်။ အာနန္ဒသည် သူနှင့်အတူ ကာဝေရီမြစ်ကမ်းပါးက မြင့်မားသော သစ်ပင်ကြီးများ၏အောက်၌ရပ်လျက် အရှိန်အဟုန်နှင့် စီးဆင်းနေသော ကာဝေရီမြစ်ရေစီးကြောင်းကို ကြည့်ပြီးလျှင် ပျော်နေသည်။ တောထဲတွင် သူနှင့်အတူ လှည့်လည်သွားလာနေသည်။ ကာဝေရီမြစ်ထဲတွင် လှေအတူ လှော်နေကြသည်။ ယင်းသို့ အဏ္ဏာမလေတွေးထင်နေမိသည်။ အကယ်၍ အာနန္ဒသည် အမှန်တကယ် ဤနေရာများကို ကြည့်ရှုရသည်ဆိုလျှင် မည်မျှဝမ်းသာအားရဖြစ်လိမ့် မည်နည်းဟူ၍လည်း စဉ်းစားမိသည်။

တစ်နေ့သောအခါ၌ အဏ္ဏာမလေနှင့် သူ၏ မိတ်ဆွေသည် လှေစီးလျက် ရေဆန်ကို ဆန်တက်သွားကြပြီးလျှင် တောင်ထိပ်တောင်ထွတ်ပေါ်မှ စီးကျနေသော ရေတံခွန်ကို သွားကြည့်ကြသည်။ ကျွမ်းကျင်သောလှေသမားသည် အလွန်တရာ သတိထားလျက် လှေကို လှော်ခတ်နေသည်။ မြစ်ထဲက ငါးများသည် ခုန်ခုန်ပြီး လှေပေါ်ကျလာပြီးလျှင် တဖျပ်ဖျပ်လူးနေကြသည်။ အဏ္ဏာမလေအတွက် ယင်းအတွေ့အကြုံသည် အသစ်အဆန်းဖြစ်နေသည်။

အကွေ့တစ်ကွေ့၌ လှေကို ကွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အဏ္ဏာမလေသည် သည်းထိတ်ရင်ဖို ရှုခင်းတစ်ခုကို တွေ့မြင်ရသည်။ ကာဝေရီမြစ်သည် မြင့်မားသော ကျောက်ဆောင်ကြီးများ၏အကြား၌ ဖြတ်လျက်စီးနေသည်။ အဝေးအထိ မြင့်မားသော နံရံကြီးများသဖွယ်တည်ရှိနေသည့် ကျောက်ဆောင်ကြီးများကို မြင်နေရသည်။ အဏ္ဏာမလေတို့သည် လှေနှင့် ရေဆန်ကို ဆန်တက်လျက် တောင်များကြားထဲက ဖြတ်၍သွားနေကြသည်။ ရှေ့သို့ရောက်သွားလေလေ ရေအရှိန်အဟုန်ကြောင့် သူတို့ လှေမှောက်တော့မည်ဟု ထင်နေရလေလေဖြစ်သည်။ လှေသမားသည် ကြောက်မက်ဖွယ် ကျွမ်းကျင်မှုကိုပြလျက် ကြီးမားသော စွမ်းအားဖြင့် လှေကိုလှော်ခတ်နေသည်။ အဏ္ဏာမလေ၏ နှလုံးသားအလွှာ၌ ယင်းရှုခင်း အားလုံးသည် ပုံပေါ်လာသည်။

မြစ်ကမ်းနှစ်ဖက်၌ တွေ့မြင်ရသော ကျောက်ဆောင်ကြီးများပေါ်၌ ထောင်ပေါင်းများစွာသော အနုပညာရှင်များသည် စုပေါင်းလျက် မရေမတွက်နိုင်သော ဂူကျောင်းများကို ဖန်တီးပြုလုပ်ခဲ့ကြသည်ဟူ၍ အဏ္ဏာမလေသည် ရုတ်တရက် ထင်မှတ်သွားသည်။ မာမလ္လပူရံ (မဟာဗလိပူရံ)၌ ကျောက်ဆောင်များနှင့် တောင်များကို ဖြတ်တောက်ခုတ်ထွင်းလျက် ဘုရား





ကျောင်းများကို ဆောက်လုပ်ထားကြသည်။ ထိုနေရာများ၌ ကျောက်ဆောင်များကို ဆစ်ပြီးလျှင် မရေမတွက်နိုင်သော အနုပညာလက်ရာများကို ဖန်တီးပြုလုပ်ထားကြသည်။

ယင်းအံ့မခန်းရှုခင်းများကို တွေ့ရသောအခါ အဏ္ဏာမလေသည် မိမိ၏ မျက်လုံးကိုပင် မယုံကြည်သလိုလိုဖြစ်လာသည်။ ထိုနေရာ၌ ရာပေါင်းများစွာသော လှိုဏ်ဂူများရှိသည်။ မရေမတွက်နိုင်သော ဥမင်များရှိသည်။ ယင်းဂူများ ဥမင်များကြားထဲတွင် ထူးခြား ဆန်းကြယ်သော ပုံသဏ္ဌာန်ရှိသည့် ရုပ်တုအမျိုးမျိုးကို တွေ့မြင်နေရသည်။

ကာဝေရီအမည်ရှိသော ယင်းမိန်းမပျိုအလှသည် မိမိ၏လှိုင်းတံပိုးတည်းဟူသော ထောင်ပေါင်းများသောလက်တို့ကို စူးဆောက်သဖွယ်လုပ်ပြီးလျှင် ယင်းကျောက်ဆောင်များကို ဆစ်လျက် လုပသော အနုပညာလက်ရာများကို ဖန်တီးပြုလုပ်ထားသည်။

အဏ္ဏာမလေ စဉ်းစားကြည့်သည်။ ဤနေရာသည် သဘာဝတရားဖန်တီး ပြုလုပ်ထားသော အနုပညာပြတိုက်ကြီးဖြစ်သည်။ ဤအနုပညာလက်ရာအားလုံးကို ပန်းချီပုံဆွဲပြီးလျှင် ဤသို့ လာရောက်မကြည့်ရှုနိုင်သူများထံ ယူဆောင်သွားသင့်သည်။

လှေကို ကမ်းပါးတစ်ခု၌ဆိုက်စေပြီးလျှင် အဏ္ဏာမလေသည် ကျောက်ဆောင်တစ်ခုကို ကိုင်လျက် ခုန်ချလိုက်သည်။ ထို့နောက် ထိုနေရာ၌ မြင်တွေ့ရသော ဥမင်လိုဏ်ခေါင်းတစ်ခုထဲ ဝင်သွားပြီးလျှင် အပေါ်ဘက်တက်သွားသည်။ အချို့ကျောက်ဆောင်များမှာ စောင်းတန်းသဖွယ်ဖြစ်နေကြသည်။ အဏ္ဏာမလေသည် အပေါ်ဘက်တက်သွားပြီးလျှင် အဝေးသို့ လှမ်းကြည့်လိုက်သည်။ ကာဝေရီမြစ်သည် တောင်ထိပ်ပေါ်မှ ရေတံခွန်သဖွယ် အောက်ဘက်သို့ စီးကျနေသည်။ အဏ္ဏာမလေသည် လက်တစ်ဖက်ဖြင့် ကျောက်ဆောင်တစ်ခုကိုကိုင်လျက် ထိုထက်မြင့်သောနေရာသို့ တက်ဖို့ကြိုးစားနေသည်။

မိမိနောက်က လိုက်လာသော မိတ်ဆွေနှင့်လှေသမား၏အသံကို အဏ္ဏာမလေ မကြားရပေ။ ရေတံခွန်၏ဆူညံသံသည် အဏ္ဏာမလေအား မိမိအပါးသို့ ဆွဲခေါ်နေသည်။ အဏ္ဏာမလေသည် တောင်ထိပ်ပေါ်၌ထိုင်လျက် ပန်းချီဆွဲဖို့ကောင်းသော နေရာကိုရှာရင်းနှင့် ရှေ့တိုးသွားလေသည်။ ရုတ်တရက် နောက်ဘက်မှ အော်သံ ကြားလိုက်ရသည်။

''နေဦး၊ ခင်ဗျား ကျောက်ဆောင်ပေါ်က ချော်ကျသွားလိမ့်မယ်''

ကျောက်ဆောင်ပေါ်၌ ရေညှိရှိနေသည်။ လက်ချော်သွားပြီးလျှင် အဏ္ဏာမလေသည် ဦးခေါင်းဇောက်ထိုးလိမ့်ကျသွားသည်။ ပထမတွင် ကျောက်ဆောင်ကြား၌ ပေါက်နေသော သစ်ပင်တစ်ပင်က သူ့ကို ခံထားသည်။ သစ်ပင်နှင့်ထိပြီးနောက် အဏ္ဏာမလေသည် ကျောက်ဆောင်ပေါ်မှ လျှောကျလာရင်းနှင့် အောက်ဘက်က ကမ်းပါးသို့ ကျရောက်လာသည်။ သူ၏ညာဘက်ပခုံးမှ စီးကျလာသောသွေးအလျဉ်သည် ကာဝေရီမြစ်၏ရေအလျဉ်နှင့် ပေါင်းဆုံသွားသည်။ အဏ္ဏာမလေကို ထူမပြီးလျှင် လှေပေါ်တင်လျက် သူ့မိတ်ဆွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



လေသမားသည် လှေကို ပြန်လှော်ဖော်လာကြသည်။ ထိုရွာ၌ ဆေးရုံ၊ ဆေးခန်းလည်း မရှိပေ။ ဆရာဝန်လည်းမရှိပေ။ သတိမရပြစ်နေသည့် အခြေအနေ၌ပင် အဏ္ဏာမလေသည် ထိုရေတံခွန်၏လှေကို မမေ့မှုနိုင်ပေ။

◆ ◆ ◆

အဏ္ဏာမလေသည် မဒရပ်မြို့ ဂျင်နရယ်ဟောစပီတယ်ရှိ အခန်းတစ်ခန်းထဲက လူနာခုတင်ပေါ်၌ လဲလျောင်းနေသည်။ သူ၏ ညာဘက်ပခုံးနှင့်လက်တွင် ပတ်တီးစည်းထားသည်။ ခရုပ်နီကို မှုမရှိစေအောင် နှာကျင်ကိုက်ခဲနေသည်ဖြစ်၍ ရှုံ့မဲ့နေသည်။ ထိုအတောအတွင်း အဏ္ဏာမလေ၏မျက် အိပ်မက်သဖွယ်ဖြစ်နေသော အဖြစ်အပျက်အတော်များများ ဖြစ်ပေါ်လာခဲ့သည်။ ပေါင်းလိပ်ပေါ်တက်ရန် အဏ္ဏာမလေ ကြိုးစားအားထုတ်သည်။ ထိုနေရာ၌ ကာဝေရီ၏ရေစီးကျသည့် အပိုင်းအခြား မရှိသောအလှနှင့်တကွ ခုန်ပေါက်ပြေးလွှားနေသည်။ ယင်းရှုခင်းသည် သူ၏နှလုံးသားတွင် ခပ်နှိပ်ပြီးသားဖြစ်သွားသည်။

ကာဗေရီကမ်းခြေ၌ရှိသော ထိုရွာတွင် နေထိုင်ကြသည့် သူ၏မိတ်ဆွေများသည် သူ၏အခြေအနေကို တွေ့မြင်သွား၍ စိုးရိမ်သွားခြင်း၊ အခြားရွာတစ်ရွာမှ ဆရာဝန်ကိုခေါ်လျက် သူ့အားရှေးဦးသူနာပြုမှုပြုလုပ်ခြင်း၊ အယ်ဒီတာရှရဝဏန် မဒရပ်မှလာပြီး ကားနှင့်သူ့ကို မဒရပ်သို့ခေါ်သွားခြင်းစသည်တို့သည် အဏ္ဏာမလေအတွက် အိပ်မက်သဖွယ် ဖြစ်နေကြသည်။

အဏ္ဏာမလေအတွက် အသက်စိုးရိမ်စရာမရှိပေ။ သို့ရာတွင် ယင်းအဖြစ် အပျက်သည် သူ၏အပေါ်တွင် ဆိုးဆိုးဝါးဝါး အကျိုးသက်ရောက်မှု ရှိသွားသည်။ ညာဘက်ပခုံးရိုးကျိုးသွားသည်။ လက်ကိုကွေးလျက် ပတ်တီးစည်းထားရသည်။ ကိုယ်ခန္ဓာပေါ်တွင်လည်း နေရာအနှံ့အပြား ဒဏ်ရာဒဏ်ချက်များရှိနေသည်။

အဏ္ဏာမလေ၏ ယင်းအခြေအနေကို တွေ့မြင်ရသည်ဖြစ်၍ မီနာချီအမ္မာလသည် ပျာယာခတ်သွားသည်။ အိမ်နှင့်ဆေးရုံ ကူးချည်သန်းချည် လုပ်နေရသည်။ အယ်ဒီတာ ရှရဝဏန်နှင့် ကာမီရေရှန်တို့သည် သူတို့၏စိုးရိမ်ကြောင့်ကြမှုကို အခြားပုဂ္ဂိုလ်များအား ဖော်ပြခြင်း မပြုကြပေ။ တည်ငြိမ်ကျွန်ရစွာနှင့် လူနာအတွက် ဆေးဝါးကုသမှု စသော အစစအရာရာ အဆင်ပြေမှုများကို အာရုံစူးစိုက်နေကြသည်။ ရှာရဒါသည် ကောလိပ်ကျောင်းသွားသကဲ့သို့ပင် ဆေးရုံသွားခြင်းကိုလည်း မိမိ၏အလုပ်တစ်ခုအဖြစ် ပြုလုပ်ထားသည်။ မီနာချီအမ္မာလအား အကူအညီပေးရန်အတွက်လည်း မေ့မသွားပေ။ သို့ရာတွင် အဏ္ဏာမလေသည် အာနန္ဒီအား ဆေးရုံလာသည်ကို မတွေ့ရပေ။ အာနန္ဒီ လျစ်လျူရှုနေသည့်အတွက် အဏ္ဏာမလေ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ အာနန္ဒီ အဘယ်ကြောင့် မိမိအား ဤမျှ ပစ်ပစ်ခါခါပြုလုပ်နေသနည်းဟူ၍ တွေးပြီးလျှင် အဏ္ဏာမလေ စိတ်မချမ်းမသာဖြစ်နေသည်။





မာဏိက္ကမ်နှင့် အာနန္ဒီတို့ ပထမဆုံးအကြိမ် ဆေးရုံလာသောအခါ အဏ္ဏာမလေသည် လူနာခုတင်ပေါ်တွင် သတိမေ့နေသည်။ ထိုအချိန်၌ ဆေးရုံလူနာခန်းတွင် ဘာဖြစ်သည် ဆိုသည်ကို အဏ္ဏာမလေ မသိပေ။ နောက်ကျမှ ရှာရဒါက အဏ္ဏာမလေကိုအကြောင်းစုံ ပြောပြသည်။ အဏ္ဏာမလေအား ထိုအခြေအနေမျိုးဖြင့် တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် အာနန္ဒီ မူးမိုက်ပြီး လဲကျသွားသည်။ ဆေးရုံတွင် ဆေးဝါးကုသပြီးသည့်နောက်၌ အာနန္ဒီကို အိမ်သို့ ခေါ်ယူသွားကြသည်။ နေ့ရက်အတန်ကြာသောအခါ မာဏိက္ကမ်နှင့် အာနန္ဒီတို့သည် ဒုတိယအကြိမ် အဏ္ဏာမလေကို ကြည့်ရန်လာကြပြန်သည်။ ထို့နောက်တွင်ကား သူတို့နှစ်ယောက် ဆေးရုံဘက် ခြေဦးမလှည့်ကြတော့ပေ။

မာဏိက္ကမ်နှင့် အာနန္ဒီတို့ ဒုတိယအကြိမ် သူ့ကိုကြည့်ရန် ဆေးရုံလာစဉ်က အကြောင်းကို အဏ္ဏာမလေ ပြန်လည်သတိရလာသည်။ သူ့အနေနှင့် ထိုအကြောင်းကို ပြန်လည် သတိရစေရန် အားမထုတ်ပေ။ အကြောင်းမူကား ယင်းအဖြစ်အပျက်သည် သူ၏နှလုံးထဲတွင် အပြည့်အဝ ကိန်းအောင်းနေ၍ ဖြစ်သည်။ ထိုနေ့တွင် ဆေးရုံလူနာခန်း၌ ဝမ်းနည်းကြေကွဲဖွယ် ပြဇာတ်တစ်ခု ကလိုက်ကြသည်ဟူ၍ပင် ပြောပြနိုင်သည်။

အာနန္ဒီသည် အဏ္ဏာမလေ၏အနီး၌ရပ်လျက် အဏ္ဏာမလေအား မိမိ၏သားငယ်ကို ချစ်ခင်ယုယစွာ ကြည့်ရှုနေသည်။ ထိုအခိုက် အပိုင်းအခြားမရှိသောဝေဒနာကို ခံစားရသည် ဖြစ်၍ အာနန္ဒီသည် နှုတ်ခမ်းလှုပ်လာသည်။ မျက်ရည်ဝဲလာသည်။ အချိန်အတန်ကြာမျှ စကားမပြောနိုင်ဖြစ်နေသည်။ ထို့နောက်တွင်မှ အတန်ငယ်ထိန်းလျက် စကားပြောသည်။

"ရှင့် ပန်းချီပုံတွေကိုကြည့်ပြီး တစ်စုံတစ်ယောက်က မျက်စိစပါးမွေး စူးမနေဖို့ လိုတယ်လို့ ဖေဖေက အမြဲပြောနေတယ်။ ရှင့်ကို တစ်စုံတစ်ယောက်က မျက်စိစပါးမွေး စူးနေတဲ့အတွက် ရှင် အခုလို ကံဆိုးမိုးမှောင်ကျရခြင်းဖြစ်တယ်။ ရှင့် ပန်းချီဆွဲတဲ့လက် အခု ကျိုးသွားပြီ" ယင်းသို့ ပြောရင်းပြောရင်း မျက်ရည်အိုင်ထွန်းသွားသည်။

ဆေးရုံတွင် မာဏိက္ကမ်သည် အဏ္ဏာမလေဘက်လှည့်၍ပင် မကြည့်ပေ။ အာနန္ဒီ၏ မျက်နှာကိုသာလျှင် စိုက်ကြည့်နေသည်။ အဏ္ဏာမလေနှင့်ပတ်သက်၍ အာနန္ဒီ၏ ကြင်နာသော အမူအရာကို တွေ့မြင်ရသည်ဖြစ်၍ မာဏိက္ကမ်သည် အကြီးအကျယ် မနာလိုဝန်တို ဖြစ်သွားသည်။ အာနန္ဒီ၏ ယင်းအပြုအမူသည် မာဏိက္ကမ်အတွက် ခံရပ်နိုင်ဖွယ်မရှိ ဖြစ်သွားသည်။

မာဏိက္ကမ်က "အဏ္ဏာမလေကို မျက်စိစပါးမွေးစူးနေတာ တခြားလူ မဟုတ်ဘူး။ မင်းပဲ" ဟု ပြောပြီးလျှင် အာနန္ဒီအား စိုက်ကြည့်လိုက်သည်။ မာဏိက္ကမ်၏စကားသည် အာနန္ဒီ၏နှလုံးသားထဲ စူးဝင်သွားသည်။ ထို့နောက် မာဏိက္ကမ်သည် အဏ္ဏာမလေအနီးသို့ ကပ်သွားပြီးလျှင် သြဝါဒပေးနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

``တကယ်လို့ မင်း ပန်းချီပုံ ကောင်းကောင်းဆွဲချင်တယ်ဆိုရင် အိမ်မှာထိုင်ပြီး ာတ္တူအဖြူပေါ်မှာ အရောင်ခြယ်တဲ့အလုပ်ကိုပဲ လုပ်ရလိမ့်မယ်''

အဏ္ဏာမလေ မျက်နှာပျက်သွားသည်။ အဏ္ဏာမလေ၏အမူအရာကို တွေ့ရသည် ဖြစ်၍ မဏိက္ကမ်သည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။

``တောတွေ၊ တောင်တွေမှာ လှည့်လည်သွားလာနေပြီး ဒါမှမဟုတ် 'မံဂျီ ဝီရတ္တူ' ဲ့တော်အတွက် လုပ်နေတဲ့ နွားတွေအနီးကပ်သွားပြီး ပန်းချီပုံရေးဆွဲရင် တကယ့်သူရဲကောင်း ကြီး ဖြစ်သွားလိမ့်မယ်လို့ မင်းက ယူဆနေတယ်။ တကယ်တော့ အဲဒါတွေအားလုံးဟာ သူ့မိုက်လူအတွေရဲ့ အလုပ်ဖြစ်တယ်။ အခုတော့ မင်း ခြေကျိုးလက်ကျိုးဖြစ်နေပြီ မဟုတ်လား။ ခင်းအတွက် လူတွေ ဘယ်လောက်ဒုက္ခရောက်ရသလဲဆိုတာ မင်းတွေ့ပြီမဟုတ်လား။ မင်း အမေမှာ အကူအညီပေးမယ့်လူလည်း တစ်ယောက်မှမရှိဘူး။ သုံးစွဲဖို့ ငွေလည်းမရှိဘူး။ အဲဒါတွေကို မင်းအနေနှင့် နားလည်ဖို့ကောင်းတယ်''

အဏ္ဏာမလေ၏မျက်လုံးမှ မျက်ရည်စီးကျလာသည်။ အဏ္ဏာမလေသည် ဒုက္ခိတ ဖြစ်နေသည်။ ဆေးဝါးကုသဖို့အတွက်လည်း ပိုက်ဆံမရှိဟူ၍ မာဏိက္ကမ် မျက်နှာပြောင် ိုက်ပြီးပြောနေသည်ကို အဏ္ဏာမလေ လုံးဝ သည်းခံမနေနိုင်ပေ။ အာနန္ဒီသည် မျက်စိ ျက်နှာပျက်နှင့် မာဏိက္ကမ်အား ``အိမ်ပြန်ကြမယ်''ဟု ပြောလိုက်လေသည်။ မာဏိက္ကမ်သည် အဏ္ဏာမလေအား မှိုချိုး၊ မျှစ်ချိုး ပြောနေသည်။ အာနန္ဒီသည် သက်သေအဖြစ်နှင့် ထိုနေရာ၌ ပ်မနေချင်တော့ပေ။ မာဏိက္ကမ်သည် အာနန္ဒီပြောသည်ကို မကြားချင်ယောင်ဆောင်လျက် အဏ္ဏာမလေကို ပြောလိုက်ပြန်သည်။

``တကယ်လို့ မင်း ပိုက်ဆံလိုတယ်ဆိုရင် ငါ့ကိုပြော။ ဒုက္ခရောက်နေတဲ့အခါ ခင်းကို အကူအညီပေးဖို့ ငါ့မှာ တာဝန်ရှိတယ်။ ငါ မင်းအမေနဲ့ ပိုက်ဆံပေးလိုက်မယ်''

အဏ္ဏာမလေက ပြောသည်။

``ခင်ဗျား ဒုက္ခခံဖို့ မလိုပါဘူး။ အယ်ဒီတာကြီးက ကျွန်တော့်ကို ကူညီစောင့်ရှောက် ါလိမ့်မယ်''

အာနန္ဒီက ကြားဖြတ်ပြောလိုက်တသည်။

``သူ့ကို ငွေကြေးအကူအညီပေးဖို့ မလိုပါဘူး။ သူ့ပန်းချီပုံတွေကို ရောင်းရင် ဈေးကောင်းကောင်းရတယ်လို့ ရှရဝဏန်က ပြောနေတယ်။ ဖေဖေကလည်း သူ့ပန်းချီပုံတစ်ပုံ ာစ်ထောင်ကျော်လောက် တန်ဖိုးရှိတယ် ပြောနေတယ်''

အဏ္ဏာမလေ၏ စိတ်နှလုံးထဲတွင် အာနန္ဒီအား ကျေးဇူးတင်သည့်အသိ ပေါ်လာ သည်။ အချိန်မီ ရှေ့တိုးလာပြီးလျှင် မိမိ၏ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့်အတွက် အဏ္ဏာမလေသည် အာနန္ဒီအား ချစ်ခင်ရင်းနှီးသော အကြည့်ဖြင့်ကြည့်ပြီးလျှင် ပြုံးနေသည်။ သင်းအမူအရာကိုကြည့်၍ မာဏိက္ကမ်၏ ဒေါသသည် အရှိန်အဟုန်ဖြင့် ပေါက်ကွဲသွားသည်။





``အဏ္ဏာမလေ ငါပြောတာ နားထောင်။ ငါ မင်းကို ဒုက္ခမရောက်ဘဲနေသွားဖို့ နည်းလမ်းတစ်ခု ပြောပြမယ်။ ရှာရဒါဆိုတဲ့ ဟိုကောင်မလေးဟာ မင်းနဲ့ မင်းအမေဆီမှာ အဝင်အထွက်လုပ်နေတယ်။ မင်းကိုလည်း သူ မျက်စိကျနေပုံရတယ်။ မင်းသူနဲ့ လက်ထပ် လိုက်ပါ။ သူ့ဝင်ငွေနဲ့ မင်းတို့ အိမ်ထောင်စု လုံလောက်တယ်။ မင်း ကိုယ့်ပန်းချီကားတွေ အပေါ်မှာ ယုံကြည်စိတ်ချနေရင်တော့ မင်း၊ ထမင်းငတ်ပြီး သေဖို့ပဲရှိလိမ့်မယ်''

အဏ္ဏာမလေ အကြီးအကျယ် ဒေါသထွက်သွားသည်။ လူနာခုတင်ပေါ်က ထပြီး မဏိက္ကာမ်၏ မျက်နှာကို တံတွေးဖြင့် ထွေးပစ်လိုက်ချင်စိတ်ပေါ်လာသည်။ ရှာရဒါနှင့် လက်ထပ်ဖို့ပြောသည့်အတွက် ပို၍ စိတ်မကောင်းဖြစ်သွားသည်။ ရှာရဒါ ရှာဖွေသည့်ဝင်ငွေ အပေါ်မှာ မှီခိုနေရန်အတွက် ရှာရဒါနှင့် လက်ထပ်ရန်ပြောသော မာဏိက္ကမ်၏စကားကို ကြားရသောကြောင့် အဏ္ဏာမလေသည် တစ်ကိုယ်လုံး မီးလောင်သလို ဖြစ်သွားသည်။ လက်ထဲတွင် ပိုက်ဆံတစ်ပဲနှစ်ပြားရှိရုံနှင့် မာဏိက္ကမ် ဘယ်လောက် ဘဝင်မြင့်နေသနည်းဟူ၍ စဉ်းစားမိသည်။ တစ်ကိုယ်လုံးလည်း ခါယမ်းသွားသည်။ အာနန္ဒီက ကြား၊ဖြတ်ပြီး ပြော လိုက်သည်။

``ရှင် ကျွန်မကို လက်ထပ်တာ ပိုက်ဆံကြည့်ပြီး လက်ထပ်တာလား''

မာဏိက္ကမ်သည် အာနန္ဒီအားစကားဖြင့် အဖြေပြန်မပေးဘဲ ပါး၊တစ်ချက် ရိုက်ပြီး အဖြေပြန်ပေးလိုက်သည်။ ပါးရိုက်လိုက်ရုံမျှမက ဟောင်ဖွာဟောင်ဖွာနှင့်လည်း ပြောနေသည်။

``မင်းတို့ ပိုက်ဆံဘယ်လောက်ရှိလို့လဲ။ မင်းတို့သားအဖကို ကျွေးနေသလို ငါ လူပေါင်းများစွာကို အိမ်ပေါ်မှာတင်ပြီး ကျွေးနိုင်တယ်''

မိမိဆေးရုံတက်နေသည်ဆိုသည်ကို မာဏိက္ကမ် မေ့သွားသည်။ လူနာခန်းထဲတွင် တခြားလူများမရှိ၍ တော်သေးသည်။ မာဏိက္ကမ်သည် အာနန္ဒီကို ပါးရိုက်သည်ဆိုသည့် အကြောင်း အပြင်ဘက်က လူတွေတစ်ယောက်မှ မသိကြပေ။ မိနှာရှီအမ္မာလ်လည်း အိမ်ပြန် သွားသည်။ အာနန္ဒီသည် ပါးကို လက်ဖြင့်ပွတ်လျက် ဦးခေါင်းငုံ့သွားသည်။

ယင်းအဖြစ်အပျက်ကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေ အရှိန်အဟုန်ကြာမျှ လူသေကောင်ကဲ့သို့ မျက်လုံးမှိတ်သွားသည်။ ထိုအချိန်၌ သူတို့နှစ်ယောက်၏ ကြားထဲတွင် မိမိဝင်ပြောစရာ ဘာအခွင့်မှမရှိဆိုသည်ကို အဏ္ဏာမလေ နားလည်သည်။ မိမိအတွက် ကြောင့်သာ အာနန္ဒီ အစော်ကားခံရသည် ဟူ၍ အဏ္ဏာမလေ သဘောပေါက်သွားသည်။ သို့ရာတွင် အဏ္ဏာမလေသည် အာနန္ဒီအား ကြင်နာထောက်ထားမှုပြရန် မဝံ့မရဲဖြစ်နေသည်။

အာနန္ဒီလည်း စကားမပြောဘဲ ရပ်နေသည်။ မာဏိက္ကမ်သည် မိမိပါးကို ရိုက်လျက် မိမိ၏နှလုံးသားတွင် ဒဏ်ရာရသွားအောင် ပြုလုပ်သည်ဟု အာနန္ဒီ ယူဆနေသည်။ ထိုနေရာ တွင် ရပ်နေရင်းက မာဏိက္ကမ် ဆဲဆိုကြိမ်းမောင်းနေသည်များကိုလည်း ကြားနေရသည်။ ဆိုးရွားသော ကံကြမ္မာ၏သားကောင်အဖြစ် ခံရပြီး သေရေး၊ ရှင်ရေးအတွက် တိုက်ပွဲဝင်နေရ



www.burmeseclassic.com

www.burmeseclassic.com



ရှာသော အဏ္ဏာမလေအား ယခုကဲ့သို့ ထိုးနှက်ခြင်းသည် လုံးဝမတရားဟု၍ အာနန္ဒီ စဉ်းစားနေသည်။

"ကဲ ... ကျွန်မတို့ သွားမယ်"ဟု ပြောပြီးလျှင် အဏ္ဏာမလေကို နှုတ်ဆက်ပြီးလျှင် အာနန္ဒီသည် ကြိုးစား၍ ပြုံးသည်။

"ဒီလို ပြဇာတ်တွေဟာ အိမ်တိုင်း၊ အိမ်တိုင်းမှာ ရှိနေကြပါတယ်။ အိမ်အပြင်ဘက်မှာရောက်လာတဲ့ ကျွန်မတို့ပြဇာတ်ကို ကြည့်ရတဲ့အတွက် ရှင့်အနေနှင့် စိတ်ဆင်းရဲနေဖို့ မလိုပါဘူး"

ယင်းသို့ပြောပြီးလျှင် အာနန္ဒီသည် အဏ္ဏာမလေအား စိတ်ပြေရာပြေကြောင်း ပြောပြသည်။ သို့ရာတွင် သူ၏အသံနှင့် မျက်နှာအမူအရာကိုကြည့်လျှက် အာနန္ဒီ၏ စိတ်နှလုံးထဲတွင် မည်သို့မည်ပုံ ခံစားနေရသည်ကို အဏ္ဏာမလေနားလည်သဘောပေါက်သည်။

အဏ္ဏာမလေသည် စကားမပြောဘဲ ဦးခေါင်းညိတ်ရုံသာလျှင် ညိတ်၍ နှုတ်ဆက်လိုက်သည်။ လင်မယားနှစ်ယောက် အပြင်ဘက်ရောက်သွားပြီးသောအခါ အဏ္ဏာမလေသည် အချိန်ကြာမြင့်စွာ ငိုနေသည်။ မိမိ၏မျက်လုံးကို သုတ်နိုင်သည့်စွမ်းအား သူ့တွင်မရှိပေ။

ထိုနေ့မှစ၍ နောက်ပိုင်းတွင် မာဏိက္ကမ်နှင့် အာနန္ဒီတို့သည် ဆေးရုံသို့ မလာကြတော့ပေ။ အာနန္ဒီသည် သူ၏ဖခင်နှင့်ဖြစ်စေ၊ မီနာချီအမ္မာလနှင့်ဖြစ်စေ ဆေးရုံ လာလိမ့်မည်ဟု၍ အဏ္ဏာမလေ မျှော်လင့်နေသည်။ သို့ရာတွင် သူမျှော်လင့်သလို ဖြစ်မလာပေ။ နေရက်အတန်ကြာသောအခါ အာနန္ဒီ၏အဘွား ကွယ်လွန်သွားသည်ဆိုသည့်သတင်း အဏ္ဏာမလေကြားရသည်။ ဆေးရုံရောက်လာသော ကဒိရေရှန်အား အာနန္ဒီ၏အဘွားဆုံးသွားသည့်အတွက် ဝမ်းနည်းကြောင်း အဏ္ဏာမလေပြောပြသည်။ တစ်မြို့တည်းတွင် နေရသည်ဖြစ်သော်လည်း အာနန္ဒီသည် အဏ္ဏာမလေတို့၏အိမ်သို့ မသွားနိုင်ဖြစ်နေသည်။ အဘွားကြောင့်သာလျှင် အာနန္ဒီသည် မိခင်မရှိသည်ကို မေ့ပျောက် နေနိုင်ခြင်းဖြစ်သည်။ ယခုအချိန်၌ အဘွားလည်း ကွယ်လွန်သွားပြီ။ အဏ္ဏာမလေသည် ကဒိရေရှန်မှတစ်ဆင့် မိမိ၏ကိုယ်ချင်းစာနာကြင်နာထောက်ထားမှုကို အာနန္ဒီထံသို့ ပို့လိုက်လေသည်။

✦ ✦ ✦

အဏ္ဏာမလေသည် နေ့စဉ်နှင့်အမျှ ရှာရဒါ၏ ကျေးဇူးဝန်ထုပ်ဝန်ပိုး ပိလာလေသည်။ ရှာရဒါသည် နေ့စဉ်နေ့တိုင်း နံနက်အချိန်တွင် အဏ္ဏာမလေတို့၏အိမ်သို့ သွား၍ အဏ္ဏာမလေအတွက် နေ့လယ်စာကို ဆေးရုံသို့ယူလာသည်။ ဆေးရုံတွင် ဆေးရုံအကူတစ်ယောက်ကဲ့သို့ အဏ္ဏာမလေအတွက် လုပ်စရာအလုပ်အားလုံးကိုလုပ်ပြီးမှ ကောလိပ်ကျောင်း သွားသည်။ ညနေအချိန် ကောလိပ်ကျောင်းမှပြန်လာသောအခါလည်း အဏ္ဏာမလေထံ

တစ်ခန်းဝင်ပြီးလျှင် ညမိုးချုပ်ချိန်အထိ ဆေးရုံတွင်နေပြီးမှ သူ့အိမ်သူ ပြန်သွားသည်။ အကယ်၍ ရှရဒါသာမရှိလျှင် မီနာချီအမ္မာလတစ်ယောက်တည်း အဏ္ဏာမလေအား ယခုကဲ့သို့ ပြုစုစောင့်ရှောက်နိုင်မည် မဟုတ်ပေ။

ရှာရဒါတွင်ရှိနေသော မိန်းမပီသည့် ကြင်နာမှု၊ ချစ်ခင်မှု၊ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်မှု၊ စွန့်လွှတ်မှု စသည့်အရည်အချင်းများကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေသည် အလွန်တရာအံ့ဩနေသည်။ သူ့ အိမ်သူအိမ်သားတွေကို မည်ကဲ့သို့ပြောထားသည် မသိပေ။ ကောလိပ်ကျောင်းက လုပ်စရာရှိသမျှ အလုပ်အားလုံးကို မပျက်မကွက်လုပ်ရင်းနှင့် ရှာရဒါသည် အဏ္ဏာမလေ၏အပြုအစု အလုပ်အကျွေးလည်း ဖြစ်နေသည်။ ဘေးအခန်းများတွင် ရှိနေကြသော လူနာများက ရှာရဒါအား အဏ္ဏာမလေ၏ မယားဟူ၍ ထင်မှတ်ကြသည်။

အဏ္ဏာမလေကို မ ပြီး ခုတင်ပေါ်၌ ထိုင်စေခြင်း၊ အဏ္ဏာမလေ၏ သွားကို တိုက်ပေးခြင်း၊ တစ်ချိန်လုံး ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ အဏ္ဏာမလေကို အကူအညီပေးရန် အဆင်သင့်ဖြစ်နေခြင်းများကိုကြည့်လျှင် ရှာရဒါသည် လက်ထပ်မယားထက်ပင် ခြေတစ်လှမ်းသာနေသည်။

မိမိတို့နှစ်ယောက်၌ မည်ကဲ့သို့သော သွေးချင်းသားချင်း ဆက်သွယ်မှုမျိုးမျှ မရှိပေ။ သို့သော်လည်း ရှာရဒါသည် ယခုအချိန် မိမိအတွက် ဘုရားသခင်က ပို့လိုက်သကဲ့သို့ပင် မိမိကိုပြုစုနေသည်။ ယင်းသို့တွေးလျက် ရှာရဒါအား မျှော်နေရသည့်အတွက်လည်း ကျေနပ်အားရနေသည်။

တစ်နေ့သောအခါ ကောလိပ်ကျောင်းက ရှာရဒါပြန်လာသောအခါ အဏ္ဏာမလေ ခုတင်ပေါ်တွင် ထိုင်နေသည်။ ရှာရဒါသည် နေ့စဉ်နေ့တိုင်း မီနာချီအမ္မာလ ညစာယူပြီး ဆေးရုံသို့လာမှသာလျှင် သူ့အိမ်သူ ပြန်သွားသည်။ ထိုနေ့ ညနေပိုင်းတွင် အဏ္ဏာမလေကို ကြည့်ရန် ဆေးရုံသို့ လူတစ်ယောက်မျှ ရောက်မလာပေ။ အဏ္ဏာမလေသည် ရှာရဒါအား အနီးတွင်ရှိနေသာ ကုလားထိုင်ပေါ်တွင် ထိုင်ရန် ပြောလိုက်သည်။ ထို့နောက် အတန်ကြာမျှ ချစ်ခြင်းအားဖြင့် ရှိနေသောအကြည့်ဖြင့် ရှာရဒါ၏မျက်နှာကိုကြည့်နေသည်။ ယင်းကဲ့သို့ ကြည့်နေသည်ကို ရှာရဒါ မကြိုက်ပေ။ ဦးခေါင်း ငုံ့ထားလိုက်သည်။

အဏ္ဏာမလေက မေးလိုက်သည်။

"ရှာရဒါ ဘာဖြစ်လို့ ကျွန်တော့်အတွက် ဒါလောက် ဒုက္ခခံနေရတာလဲ"

ရှာရဒါက ပြန်ပြောသည်။

"ဆေးရုံက သူနာပြုမတွေ အလုပ်လုပ်နေကြတာ ရှင် မမြင်ဘူးထင်တယ်။ သူနာပြုတွေထဲက အနည်းငယ်မျှလောက်ပဲ အလုပ်လုပ်ရတာ စိတ်ပါပုံ မရကြဘူး။ ဒါပေမဲ့ ကျန်တဲ့သူနာပြုတွေအားလုံး ကျွန်မထက်တောင် အလုပ်လုပ်ကြတယ်။ အခုလို စိတ်ရောကိုယ်ပါ အခြားလူတွေကို ပြုစုရတဲ့အတွက်ကြောင့်လည်း စိတ်ရွှင်လန်းမှုတစ်မျိုး ရှိတယ်။

www.burmeseclassic.com



အဲဒါကြောင့်ပဲ ကျွန်မ ရှင့်ကို ပြုစုနေတာဖြစ်တယ်။ **တကယ်လို့ ဆုန္ဒရီသာ အသက်မသေ** သေးဘူးဆိုရင် ကျွန်မ ဒီကို **လာမှာမဟုတ်ဘူး''**

ရှာရဒါ၏**အဖြေစကားကို** ကြားရသည့်အတွက် **အဏ္ဏာမလေသည်** ကျေနပ်မသွားပေ။ ရှာရဒါ**သည် မိမိစိတ်**ထဲက ခံစားချက်ကို ဖုံးကွယ်နေသည်**ဟု၍ အဏ္ဏာ**မလေ ထင်မှတ်သွား**သည်**။

''**ကျွန်**တော် ဆုန္ဒရီနှင့် အချိန်အတော်ကြာကြာ ပေါင်းသင်းနေလာခဲ့တယ်။ တကယ်လို့ **ဆုန္ဒရီသာ အ**သက်မသေဘဲရှိနေရင် အခုအချိန်မှာ ဘာလုပ်မယ်ဆိုတာ ကျွန်တော်သိတယ်။ **ရှာရဒါလည်း** မိန်းမတစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့ ရှာရဒါရဲ့ အသွင်အပြင်က ဆုန္ဒရီနှင့် **လုံးဝဆန့်**ကျင်ဘက်ဖြစ်တယ်''

ရှာရဒါသည် ဦးခေါင်းကို ညင်သာစွာမော့ပြီးလျှင် အဏ္ဏာမလေအား ပြုံးပြလိုက်သည်။ အဏ္ဏာမလေ၏စကားကို ကြားရသောအခါ သူ၏အတွင်းသန္တာန်၌ ပီတိသောမနဿ လှိုင်းတံပိုးတစ်ချက် ထသွားသည်။

''ရှာရဒါ၊ လူဆိုတာ တစ်ယောက်တည်း အသက်ရှင်နေလို့ မရဘူးမဟုတ်လား၊ လုံးဝ မရဘူး။ မိမိကို ချစ်ခင်ကြင်နာမှုပေးနိုင်တဲ့ အဖော်တစ်ဦးဦး လိုအပ်တယ်။ ကျွန်တော့် အမေရဲ့ချစ်ခြင်းကို ကျွန်တော် မေ့လို့ မရပါဘူး။ ဒါပေမဲ့ အခုလိုအချိန်မှာ ကျွန်တော့်အတွက် ကျွန်တော့်အမေရဲ့ ချစ်ခင်ကြင်နာမှုဟာ မလုံလောက်ဘူး။ ချစ်ခြင်းအသိ ကင်းမဲ့ဆိတ်သုဉ်းနေတဲ့ မိန်းမတစ်ယောက်နဲ့ ပေါင်းသင်းနေထိုင်ပြီးတဲ့နောက်မှ ကျွန်တော်အချစ်ရဲ့ အရေးပါအရာရောက်မှုကို ကောင်းစွာ နားလည်သဘောပေါက်လာတယ်''

ရှာရဒါက မည်သို့မျှ ပြန်မပြောပေ။ ချက်ခင်းထပြန်သွားချင်သည့်စိတ် ပေါ်လာသည်။ သို့ရာတွင် ယင်းသို့ပြုလုပ်လျက် အဏ္ဏာမလေ စိတ်ညစ်သွားအောင် မပြုလုပ်လိုပေ။

''ရှာရဒါ၊ ဟိုတစ်နေ့က မာဏိက္ကမ်က အာနန္ဒီရှေ့မှာ ကျွန်တော့်ကို ရှာရဒါနဲ့ လက်ထပ်ပါလားလို့ တိုက်တွန်းတယ်''

''ကျွန်မ သိပါတယ်။ အာနန္ဒီက ကျွန်မကို ပြောပြတယ်။ အဲဒါတင်မက သေးဘူး။ အာနန္ဒီကိုယ်တိုင်ကလည်း ကျွန်မကို အဲဒီလိုလုပ်ဖို့ အကြံဉာဏ်ပေးတယ်''

အဏ္ဏာမလေက တအံ့တဩဖြစ်သွားပြီး မေးလိုက်သည်။

''**အာနန္ဒီ**ကလည်း ရှာရဒါကို အဲဒီလိုပြောသလား''

''ဟုတ်**တယ်**။ အာနန္ဒီပြောတယ်ဆိုတာ ကြားရတဲ့အတွက် ရှင် အခုလို ဘာဖြစ်လို့ တအံ့တဩ ဖြစ်သွားရတာလဲ''

''ဘာဖြစ်လို့မှ မဟုတ်ပါဘူး''ဟု ပြောပြီးလျှင် အဏ္ဏာမလေ နှုတ်ဆိတ်သွားသည်။ ရှာရဒါနှင့် စကားပြောနေရသည့်အတွက် တက်တက်ကြွကြွဖြစ်နေသော သူ၏ လုံ့လ





ဥဿာဟသည် ရုတ်တရက် အေးသွားသည်။ ယခုကိစ္စ၌ အာနန္ဒီ ပါလာခြင်းကို အဏ္ဏာမလေ လုံးဝ မနှစ်မြို့ပေ။

''ဘာကြောင့်လဲဆိုတာ ပြောပြလေ''

''ဘာကြောင့်မှ မဟုတ်ပါဘူး။ အာနန္ဒီအနေနှင့် ဒီကိုတောင်လာချိန်ရမှာ မဟုတ်ပါဘူး။ ကျွန်တော့်အကြောင်း သူ စဉ်းစားနိုင်ပါ့မလား''

''ရှင့်ကို သွားမကြည့်ရဘူးလို့ မာဏိက္ကမ်က အမိန့်ထုတ်ထားတယ်။ သူ ကိုယ်တိုင် အာနန္ဒီကို ဆေးရုံခေါ်သွားမယ်လို့ မာဏိက္ကမ်က ပြောထားတယ်။ မာဏိက္ကမ်မှာ အချိန်လည်း မရှိဘူး။ ဒီကိုလာချင်တဲ့စိတ်လည်း ရှိပုံမရဘူး။ ဒါကြောင့် အာနန္ဒီ ဒီကိုမလာရတာ။ သူ့အစား ကျွန်မကပဲ ဒီကို လာလာနေရတာ''

အဏ္ဏာမလေသည် အချိန်အတန်ကြာမျှ မှင်သက်မိသလိုဖြစ်သွားသည်။

''အဲဒီလိုဆိုရင် ကိုယ့်သဘောဆန္ဒနှင့် ဒီကိုလာတာ မဟုတ်ဘူးပေါ့''

''ရှင် ဘာဖြစ်လို့ အကျိုးမရှိတာတွေ မေးနေရတာလဲ။ ကျွန်မနှင့်ပတ်သက်ပြီး နောက်ထပ်မမေးရင် ကောင်းလိမ့်မယ်။ ရှင် အလျှင်အမြန် ကျန်းမာလာပြီး အိမ်ပြန်ဖို့ကိုသာ စဉ်းစားပါ''

''အာနန္ဒီတစ်ယောက်တည်း သူ့ အသွားဆုံးသွားတယ်နော်''

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် သက်ပြင်းရှူလိုက်လေသည်။

ရှာရဒါ မျက်ရည်ဝိုင်းလာသည်။ လည်မျိုလည်း တစ်ဆို့လာသည်။ အချိန် အတန်ကြာမျှ ဘာမှမပြောနိုင်ပေ။ ထို့နောက် အချိန်အနည်းငယ် ကြာသွားသည့်နောက်မှ ပြောလိုက်လေသည်။

''အာနန္ဒီကို မကြာခင် သူ့အသွားက ခေါ်ပါလိမ့်မယ်။ အဲဒီအခါကျတော့မှ အာနန္ဒီလည်း လွတ်ငြိမ်းမှု ရရှိသွားမှာပဲ။ အဲဒီလို မကြာခင် ဖြစ်လာပါလိမ့်မယ်''

အဏ္ဏာမလေက အော်ပြောလိုက်သည်။

''ရှာရဒါ..''

''ဟုတ်တယ်လေ။ တစ်ဘက်က မာဏိက္ကမ်၊ နောက်တစ်ဘက်က ရှင်။ အာနန္ဒီကို ရှင်တို့နှစ်ယောက် ကောင်းကောင်းပြောင်းလဲ ပစ်လိုက်တယ်။ သူ့ စိတ်နှလုံးထဲမှာ ရှင့်ကို ထားပြီး ဟိုသားသတ်သမားနှင့် အတူနေထိုင်ရတာ သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်။ ဘယ်လိုကံကြမ္မာ ဖန်တီးလာတယ်မသိဘူး။ သူမသေခင် ရှင်နဲ့ ကျွန်မကို လက်ထပ်ထိမ်းမြားပေးသွားချင်တဲ့စိတ် ပေါ်နေတယ်။ ရှင် မတရားပြုလုပ်တာကို သူ တစ်ကြိမ်ခံခဲ့ရတယ်။ အဲဒါကို သူ မမှတ်သေးဘူးထင်တယ်။ ယခု ကျွန်မတို့နှစ်ယောက် ပေါင်းပြီး သူ့ကို မတရားပြုလုပ်စေလိုတဲ့ဆန္ဒရှိနေတယ်''



www.burmeseclassic.com

www.burmeseclassic.com

ရာရဒါ၏စကားကို ကြားရသောအခါ အဏ္ဏာမလေ ပျာယာခတ်သွားသည်။ ရာရဒါ ပြောသောစကား၏အနက်အဓိပ္ပာယ်ကို နားမလည်ပေ။ သို့သော်လည်း ထိုစကားကို လျှစ်လျူရှုခြင်းလည်း မပြုနိုင်ပေ။ ထိုအခါကျမှ သူ၏စိတ်နှလုံးထဲတွင် အာနန္ဒနှင့်ပတ်သက်၍ မည်မျှနက်ရှိုင်းသော ချစ်ခြင်းမေတ္တာရှိနေသည်ကို နားလည်သဘောပေါက်သွားသည်။

"ကောင်းပြီလေ၊ ကျွန်မကို ပြောပြစမ်းပါ။ ရှင် ကျွန်မကို စိတ်နှလုံးထဲက နှစ်နှစ်ကာကာ ချစ်တာလား။ ဒါမှမဟုတ် ဆုန္နရီလိုပဲ ကျွန်မကိုလည်း ချစ်တာလား။ ဓိဓိ နှလုံးသားပေါ် လက်တင်ပြီး ကျွန်မမေးတာကို အမှန်အတိုင်းဖြေစမ်းပါ"

"ရာရဒါ၊ ကျွန်တော့်ကို အဲဒီလိုမေးခွန်းမျိုး မမေးပါနှင့်။ ကျွန်တော် တကယ်ပဲ အဲဒီမေးခွန်းကို အဖြေပြန်မပေးနိုင်ဘူး"

ရာရဒါက အော်ပြောလိုက်သည်။

"အလကား ရှင် ညာပြောတာ။ ရှင် အမှန်တရားကို ဖုံးကွယ်နေတယ်။ ကျွန်မ မေးတဲ့မေးခွန်းကို ရှင် ရင်မဆိုင်ချင်ဘူး။ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတယ်။ အမှန်ကို ပြောရမှာ ရှင် ထိတ်လန့်နေတယ်မဟုတ်လား"

"ရာရဒါ" အဏ္ဏာမလေက စိတ်မရှည်သလို ပြောလိုက်သည်။

"ရှင် အာနန္ဒကို ချစ်ခဲ့သလား၊ မချစ်ခဲ့ဘူးလား။ အခုလည်းပဲ ရှင် သူ့ကို ချစ်နေသေးသလား။ မချစ်ဘူးလား"

အဏ္ဏာမလေ စိတ်ဆိုးသွားသည်။ ရာရဒါအား ထိုးနှက်ရိုက်ပုတ်ပြီး အခန်းထဲက ထုတ်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။ စိတ်လိုက်မာန်ပါ ဖြစ်လာပြီးလျှင် ရာရဒါအား မယဉ်ကျေးသော အရိုင်းမလေးတစ်ယောက်အဖြစ် ထင်မှတ်သွားသည်။ သို့ရာတွင် ရာရဒါ၏ မေးခွန်းသည် ဓားထက်ထက်ကဲ့သို့ သူ၏နှလုံးသားကိုခွဲပြီး နှလုံးသားထဲတွင် ကွယ်ဝှက်နေသောလျှို့ဝှက်ချက်ကို အပြင်ဘက်ထုတ်ပစ်ဖို့ ကြိုးစားနေသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

"အာနန္ဒ မာဏိက္ကမ်ရဲ့ ကာမပိုင်မယားဆိုတာကို မေ့ထားပြီး ရာရဒါ မတော် မတရားတာတွေ လျှောက်ပြောမနေပါနှင့်"

"ရှင်ဟာ အတော်သူရဲဘောကြောင်တဲ့ လူဖြစ်တယ်။ ဟိုတုန်းကလည်း သူရဲဘော ကြောင်ခဲ့တယ်။ အခုလည်းပဲ သူရဲဘောကြောင်နေတုန်းပဲ"

ယင်းသို့ပြောလျက် အဏ္ဏာမလေအား ရွတ်ချပြီးလျှင် ရာရဒါသည် ကုလားထိုင်ပေါ်မှ ထလိုက်သည်။

"အာနန္ဒ မာဏိက္ကမ်ရဲ့မယားဆိုတာ ကမ္ဘာလောကကလည်း ယုံကြည်နိုင်တယ်။ ရှင်နှင့် အာနန္ဒ ကိုယ်တိုင်ကလည်း အဲဒါကို လက်ခံနိုင်ကြတယ်။ ဒါပေမဲ့ ကျွန်မအနေနှင့် အဲဒီအလိမ်အညာကြီးကို လက်ခံဖို့ အဆင်သင့်မရှိဘူး"





အဏ္ဏာမလေက ပြောလိုက်သည်။

"အဲဒါတော့ ရာရဒါ သဘောပဲ"

"ရှင် ကျွန်မကို အဖြေဖြောင့်ဖြောင့် မပေးဘူး။ မှန်တဲ့စကားပြောတဲ့အတွက် ရှင့်လျှာ ရှော်ကျွမ်းမသွားပါဘူး"

ရာရဒါက ရယ်လိုက်သည်။ ငိုရင်းငိုရင်း ရယ်သည်။

"ကောင်းပြီ၊ ကျွန်မသွားတော့မယ်။ ရှင့်အမေ လာချိန်ကျပြီ။ နောက်တစ်ခါ ရှင် ကျွန်မနှင့် လက်ထပ်ချင်တယ်ဆိုတဲ့အကြောင်းပြောရင် ရှင်ရှိတဲ့နေရာဘက်ကို ကျွန်မ လှည့်တောင်မကြည့်တော့ဘူး"

ယင်းသို့ပြောပြီးလျှင် ရာရဒါသည် အလျင်အမြန် အခန်းထဲက ထွက်သွားလေသည်။

ရာရဒါသည် ယနေ့ဇာတ်ကြမ်း ကပြသွားသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်သွားသည်။ ရာရဒါ၏မေးခွန်းအတွက် ရာရဒါအား ပြန်မဖြေခဲ့သည့်အဖြေကို ဓိဓိ၏ နှလုံးသားထဲတွင် ပင်ပင်ပန်းပန်း ရှာဖွေနေသည်။

ဆေးရုံ၌ အဏ္ဏာမလေအား အပြည့်အဝ ဆေးကုသပြီးပြီ။ လက်တွင် ပတ်တီး စည်းလျက် အဏ္ဏာမလေ အိမ်ပြန်လာသည်။ တစ်ပတ်တစ်ခါ ပတ်တီးလဲရန်အတွက် ဆေးရုံသို့ သွားရသည်။ တစ်လအတွင်း၌ လုံးဝကောင်းသွားသည်။ သို့သော်လည်း နောက်ပိုင်းတွင် လအတန်ကြာမျှ သတိထားပြီးနေရလိမ့်မည်ဟု ဆရာဝန်များက အဏ္ဏာမလေကို ပြောပြကြသည်။

အဏ္ဏာမလေသည် အကျဉ်းထောင်တစ်ခုမှ အခြားအကျဉ်းထောင်တစ်ခုသို့ ရောက်သွားသော အကျဉ်းသားကဲ့သို့ ဘာမှထူးခြားမှုရှိမလာပေ။ အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ပထမဦးဆုံး အာနန္ဒထံသို့သွားပြီး ဝမ်းနည်းကြောင်းပြောလိုသည့် ဆန္ဒရှိနေသည်။ အာနန္ဒ၏အဘွားသည် သူ့ကို အလွန်ချစ်သည်။ သူ့ကို စကားများများ မပြောသော်လည်း သူတို့၏ အိမ်သားတစ်ယောက်ကဲ့သို့ပင် ထင်မှတ်သည်။ အဏ္ဏာမလေသည် အိမ်နီးနားချင်း အိမ်များသို့ပင် သွားခွင့်မရသေးပေ။ သူ၏ကျန်းမာရေး အခြေအနေသည် ဟိုဟိုသည်သည် သွား၍မရသေးဟု ပြောပြီးလျှင် မီနာချီအမှာလနှင့် အယ်ဒီတာရုရဝဏန်တို့က အဏ္ဏာမလေကို အာနန္ဒတို့၏ အိမ်သို့မသွားရန် တားမြစ်ပိတ်ပင်ထားသည်။

"အနည်းဆုံး တစ်ပတ်လောက်တော့ အခန်းထဲက အပြင်မထွက်ပါနှင့်" ဟူ၍ ရုရဝဏန်က အဏ္ဏာမလေအား မှာသွားသည်။

အခန်းထဲက ခုတင်တစ်ခုပေါ်၌ လဲလျောင်းရင်း အဏ္ဏာမလေသည် အိမ်နီးနားချင်း အိမ်ကို ငေးကြည့်နေသည်။ ထိုအိမ်၏ အပြင်ဘက်က အသွင်အပြင်သည် ယခင်အတိုင်းပင် ရှိနေသည်။ ခြံထဲက သစ်ပင် ပန်းပင်၊ ကျေးငှက်၊ ရှုခင်း အားလုံးပင် ယခင်အတိုင်း တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ ထိုပတ်ဝန်းကျင်၌ ဆိတ်သုဉ်းမှုတစ်မျိုး လွှမ်းမိုးကြီးစိုးနေသည်ဟူ၍ အဘယ်ကြောင့် အဏ္ဏာမလေ ထင်မှတ်နေသည် မသိပေ။

ခြံထဲတွင် လေးမက်လေးတန်၌ စက္ကူပန်းများ ပွင့်နေကြသည်။ ယင်းပန်းပင်များ၏ အကြားတွင် ရှိနေသော ထိုအိမ်သည် စက္ကူများဖြင့်လည်းကောင်း၊ ကတ်ထူစက္ကူများဖြင့်လည်းကောင်း၊ အဝတ်များဖြင့်လည်းကောင်း ပြုလုပ်ထားသော "ဆီနေမာဆက်" သဖွယ် တွေ့မြင်နေရသည်။ ထိုနေရာ၌ အသက်၏ရင်ခုန်မှု၊ အသက်၏စီးဆင်းမှု တစ်စုံတစ်ရာကို အဏ္ဏာမလေ မတွေ့မြင်ရပေ။ သူ အလွန်တရာ ချစ်မြတ်နိုးသော 'နာဂလိင်' အပင်သည် ပင်လျှင် လှုပ်ရှားခြင်းမရှိဘဲ တိတ်တဆိတ် ရပ်တည်နေသည်။ သစ်ပင်ပေါ်တွင်လည်း အပွင့်တစ်ပွင့်မှ မရှိပေ။

အရိုးစုတစ်ခု ထိုအိမ်၏ နောက်ဘက်တံခါးမှထွက်လျက် မိမိတို့၏ အိမ်ဘက်လာနေသည်ကို အဏ္ဏာမလေ တွေ့မြင်ရသည်။ ဆေးရုံ၌မြင်တွေ့ရသော ပန်းနာရင်ကျပ်ရောဂါသည်များကို အဏ္ဏာမလေ သတိရလာသည်။ ထိုအသွင်သဏ္ဌာန်ကို စူးစိုက်ကြည့်လိုက်သည်။ ထိုအသွင်သဏ္ဌာန်သည် မိန်းမတစ်ယောက်၏ အသွင်သဏ္ဌာန်ဖြစ်နေသည်။ လူသေအလောင်းတစ်လောင်း ထပြီး လျှောက်လာသကဲ့သို့ အဏ္ဏာမလေ ထင်မှတ်သွားသည်။ မကြာခင် အခန်းထဲ ဝင်လာသည်။ အာနန္ဒီသည် အဏ္ဏာမလေအနီးသို့လာပြီး တိတ်တဆိတ် ရပ်လိုက်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် လူစိမ်းနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်ရှုနေသကဲ့သို့ပင် ကြည့်ရှုနေကြသည်။ အဏ္ဏာမလေသည် အာနန္ဒီအား မကြည့်ရဲသလို ဖြစ်နေသည်။ အာနန္ဒီ၏ အသားအရေသည် နေပူလောင်ထားသော နှယ်ပင်ကဲ့သို့ ဝါဖျော့နေသည်။

အဘွား ကွယ်လွန်သေဆုံးသွားသည့်အတွက် ဝမ်းနည်းကြောင်း ပြောပြဖို့ မေ့သွားပြီးလျှင် အဏ္ဏာမလေက မေးလိုက်သည်။

"ဆေးရုံက အာနန္ဒီ ပြန်လာတာလား၊ ဒါမှမဟုတ် ကျွန်တော် ပြန်လာတာလား"

"ရှင်က ဆေးရုံက ပြန်လာတယ်၊ ကျွန်မက ဆေးရုံကို သွားမယ်၊ ဒါပေမဲ့ ကျွန်မ ဆေးရုံကိုသွားပြီး ရှင့်လို ပြန်လာမှာမဟုတ်ဘူး"

ယင်းသို့ပြောလျက် အာနန္ဒီ ပြုံးလိုက်သည်။

မိမိအား လျှပ်စစ်နှင့်တို့လိုက်သကဲ့သို့ အဏ္ဏာမလေ ထင်မှတ်သွားသည်။ မကြာခင်က သူ၏စိတ်နှလုံးထဲတွင် ပေါ်လာသော ခံစားမှုနှင့် အာနန္ဒီပြောလိုက်သောစကား၏ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကို တွေ့မြင်ရသည်ဖြစ်၍ အဏ္ဏာမလေ ထိတ်လန့်တုန်လှုပ်သွားသည်။ ခြောက်ကပ်သော အသံဖြင့် ပြောလိုက်သည်။

" အဲဒီလို မပြောပါနဲ့ အာနန္ဒီ၊ ကျွန်တော် ခံနိုင်ရည်ရှိတဲ့အခြေအနေမရှိဘူး၊ ကျွန်တော်လည်း အာနန္ဒီလိုပဲ အဲဒီစကားကိုပဲ ပြောရလိမ့်မယ်"





မိမိကိုယ်ကို အတန်ငယ် ထိန်းချုပ်ပြီးလျှင် အဏ္ဏာမလေက မေးလိုက်သည်။

"အာနန္ဒီ နေမကောင်းဘူးလား၊ ဘာဖြစ်တာလဲ"

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ ရှင့် ကျန်းမာရေးအခြေအနေကို ပြောပြပါဦး"

ယင်းသို့ ပြောပြီးလျှင် အာနန္ဒီသည် ကုလားထိုင်တစ်လုံးဆွဲလျက် ထိုင်လိုက်သည်။

"ကျွန်မက ဒီကမ္ဘာပေါ်မှာရှိနေကြတဲ့ မိန်းကလေး အသိန်းအသန်းတွေထဲက တစ်ယောက်ပါ။ ကျွန်မ သေသေ မသေသေ ဒီကမ္ဘာလောကမှာ ဘာမှ ထူးခြားမှုရှိလာမှာ မဟုတ်ဘူး။ ဒါပေမဲ့ ရှင်ကတော့ သာမန်လူတွေထဲက လူတစ်ယောက် မဟုတ်ဘူး။ ရှင့်အနေနဲ့ အချိန်ကြာမြင့်စွာ ချမ်းချမ်းသာသာနှင့် နေသွားဖို့လိုတယ်။ ရှင့် အနုပညာဟာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့မရတဲ့ အနုပညာဖြစ်တယ်"

အာနန္ဒီ၏ အနုပညာနှင့်ပတ်သက်သော စကားကိုကြားရသည်ဖြစ်၍ အဏ္ဏာမလေသည် ခုတင်ပေါ်၌ ထထိုင်လိုက်သည်။ ကာဝေရီမြစ်ကမ်းပါး၌ရှိသော ရွာတွင်နေလျက် ရေးဆွဲပေးပို့လိုက်သော ပန်းချီပုံများကို အာနန္ဒီ အမှန်မုချ တွေ့မြင်ရလိမ့်မည်ဟု အဏ္ဏာမလေ တွေးမိသွားသည်။ ယင်းပန်းချီပုံများနှင့်ပတ်သက်၍ ကြားသိလိုသည့်ဆန္ဒကို ထုတ်ဖော်ပြောပြလိုက်သည်။

"အဲဒီ ပန်းချီပုံတွေကို တွေ့မြင်ရတဲ့အတွက်ကြောင့်သာ ရှင့် နှစ်ပေါင်းတစ်ရာ အသက်ရှင်နေဖို့ ကျွန်မ လိုလားခြင်းဖြစ်တယ်။ ရှင် ကျန်းမာလာတာနှင့် ဖေဖေနှင့် အယ်ဒီတာ ရှရဝဏန်တို့ပေါင်းပြီး အဲဒီပန်းချီကားတွေရဲ့ ပြပွဲတစ်ပွဲကျင်းပဖို့ အစီအစဉ် ရှိနေတယ်"

အာနန္ဒီသည် အဏ္ဏာမလေ၏ ပန်းချီပုံတစ်ပုံစီနှင့်ပတ်သက်၍ သူ၏ ထင်မြင်ချက်ကို ပြောပြနေသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် အာနန္ဒီ၏မျက်နှာကို စူးစိုက်ကြည့်နေသည်။ အာနန္ဒီ၏နှုတ်ခမ်းသည် ကျယ်ပြန့်နေသည်။ မျက်လုံးသည် အတွင်းဘက် ဝင်ရောက်နေသည်။ ပါးနှစ်ဖက်လည်း ပြားချပ်နေသည်။ သို့ရာတွင် အတွင်းသဏ္ဌာန်ထဲကအလှသည် အပြင်ဘက် ထွက်လာပြီးလျှင် ကျက်သရေအသစ်တစ်မျိုး ထုတ်ဖော်ပြသနေသည်။ ပထမဆုံးအကြိမ် အာနန္ဒီအား အဏ္ဏာမလေတွေ့ရသော အလွန်တရာလှပသည့် ပျိုရွယ်မှုအသွင်သည် အဏ္ဏာမလေ ရှေ့မှောက်တွင် ပေါ်လာသည်။

"အာနန္ဒီ... ကျွန်တော် ဘယ်လိုပုံစံမျိုး ဆွဲရမယ်ဆိုတာ နေ့စဉ် အခုလို ငါးမိနစ်လောက် ကျွန်တော့်ဆီလာပြီး ပြောပြပါလား။ အနုပညာနှင့်ပတ်သက်ပြီး အာနန္ဒီ ကျွန်တော်နှင့် ဆွေးနွေးစေချင်ပါတယ်။ တစ်ပတ်အတွင်းမှာ ကျွန်တော် ယခင်ကလို စုတ်တံကိုင်ပြီး အလုပ်လုပ်နိုင်လိမ့်မယ်။ ကျွန်တော် အပြည့်အဝ နေထိုင်ကောင်းလာလိမ့်မယ်"

အာနန္ဒီသည် အလွန်တရာကြင်နာသောအမူအရာဖြင့် အဏ္ဏာမလေကို ကြည့်နေသည်။ အဏ္ဏာမလေ၏ မျက်နှာအမူအရာကိုကြည့်လျက် မိမိမကြာခဏ ဆေးရုံသွားပြီး သူ့ကို မကြည့်သည့်အတွက် သူ စိတ်မကောင်းဖြစ်နေသည်ဆိုသည်ကို အာနန္ဒီ သိရှိရိပ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်နဲ့ စကားပြောနေရတဲ့အတွက် ကျွန်မ ကျန်းမာရေး ပြန်ကောင်းလာမှာ ကျွန်မ စိုးရိမ်တယ်" ယင်းသို့ပြောလျှက် အာနန္ဒီ ရယ်လိုက်သည်။ ထို့နောက် တစ်ဖန် ပြောလိုက်ပြန်သည်။

"ကျွန်မ ပြန်နေထိုင်မကောင်းချင်ဘူး၊ ရှင်နဲ့ နေ့စဉ်လာတွေ့ဖို့ ဂျာရဒါကို ကျွန်မ ပြောလိုက်မယ်"

အဇ္ဈာမလေ ခေါင်းထောင်လျှက် အာနန္ဒီ၏ မျက်လုံးကို လှမ်းကြည့်လိုက်သည်။ ဂျာရဒါ ပြောသွားသောစကားကိုလည်း သတိရလာသည်။ မိမိ၏မျက်လုံးဖြင့်ပင် မေးခွန်းထုတ်လိုက်သလို ဖြစ်သွားသည်။

"အာနန္ဒီက ကျွန်တော့်ကို ဂျာရဒါနှင့် လက်ထပ်စေချင်လို့လား"

အာနန္ဒီက မေးလိုက်သည်။

"ရှင် ကျွန်မကို ဘာဖြစ်လို့ အခုလို ကြည့်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး။ မိမိကျန်းမာရေး ပြန်ကောင်းလာမှာကိုတွေးပြီး စိုးရိမ်မကောင်း ဖြစ်နေတယ်လို့ အာနန္ဒီက ပြောတယ်၊ အာနန္ဒီပြောတဲ့ စကားရဲ့အဓိပ္ပာယ်က ဘယ်လိုလဲ"

"ဘယ်လိုမှ အဓိပ္ပာယ်မှ မရှိပါဘူး။ အခုလိုအသက်ရှင်နေလို့ ဘာမှ ကျေးဇူး မရှိဘူးလို့ ကျွန်မထင်တယ်။ ကျွန်မဟာ ကိုယ့်ဘဝနှင့် လိုတာထက်ပိုပြီး တိုက်ပွဲဝင်ရတဲ့ အတွက် မောသွားပြီ။ တိုက်ပွဲဝင်နေရတဲ့ ကာလအထိ ကျွန်မရဲ့ကိုယ်ခန္ဓာမှာ စွမ်းရည်သတ္တိ ရှိနေတယ်။ တိုက်ပွဲဝင်နေရတာကို အချည်းအနှီး အလဟဿလို့ထင်ပြီး အရှုံးပေးလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်မရဲ့ ကိုယ်ခန္ဓာက အဖြေပေးတယ်။ ကျွန်မ အခု သေခြင်းတရားကို စောင့်စားနေတယ်။ မသေခင် ကျွန်မ ကိုယ့်တာဝန်ဝတ္တရား တစ်ခုကို ပြုလုပ်ဆောင်ရွက်ပေး သွားချင်တယ်"

"အာနန္ဒီ" အဇ္ဈာမလေ အော်လိုက်သည်။ မျက်လုံးတွင်လည်း မျက်ရည် ဝိုင်း လာသည်။ လည်ချောင်းယှဉ်ဖက်လိုက်လျှက် မိမိ၏ မျက်ရည်များ အာနန္ဒီအား စိုစွတ်သွားအောင် လုပ်လိုသည့်ဆန္ဒ ပြင်းပြင်းထန်ထန် ပေါ်လာသည်။ ထိုမြို့က သို့မဟုတ် ကမ္ဘာလောကက မည်သည့်ပုဂ္ဂိုလ်ကဖြစ်စေ အာနန္ဒီအား မာဏိက္ကမ်၏ ဇနီးမယားဟု ပြောကြစေကာမူ ထိုအချိန်၌ ယင်းပြောပြချက်ကို အဇ္ဈာမလေ လက်ခံဖို့ရန် အဆင်သင့် မရှိပေ။ ယင်းပြောပြချက်ကို အပြည့်အဝ ငြင်းပယ်ပစ်လိုက်သည်။ ခေတ်အဆက်ဆက်ကတည်းက တည်ရှိလာခဲ့သော လူမှုရေး ထုံးတမ်းစဉ်လာများ၏ အရှိန်အဝါကြောင့်သာလျှင် အာနန္ဒီသည် သူ့ကိုယ်သူ မာဏိက္ကမ်၏ဇနီးမယားဟု ထင်မှတ်မှားနေခြင်းဖြစ်သည်။ ယင်းသို့ စဉ်းစားလျှက် အဇ္ဈာမလေ သည် မိမိကိုယ်ကို ပြောလိုက်သည်။

"မိမိ၏နှလုံးသားအတွင်းက ဝိညာဉ်၏အသံကို တွန်းလှန်တိုက် ဖျက်ပစ်သော လူယုတ်မာတစ်ယောက်က အာနန္ဒီကို မိမိထံမှ လုယူသွားခြင်းမျှသာဖြစ်၏"

Treasure Publishing House

ထိုအချိန်၌ပင် အဇ္ဈာမလေသည် အာနန္ဒီအား မထိရဲဘဲ ခမ်းလှမ်းလှမ်းမှသာ နေပြီးလျှင် မိမိ၏ စိတ်လှုပ်ရှားမှုများကို ကြိုးစား၍ ဖိနှိပ်ထားသည်။ အာနန္ဒီက အဇ္ဈာမလေ ၏ ဒုက္ခကို ကောင်းစွာသိရှိနေသည်။

အာနန္ဒီက မေးလိုက်သည်။

"ကျွန်မ နောက်ဆုံးတာဝန်ဝတ္တရားဆိုတာ ဘာလဲလို့ ရှင် ဘာကြောင့်မမေးတာလဲ"

"အာနန္ဒီ ဘယ်လိုရောဂါဝေဒနာမျိုး ဖြစ်နေတယ်ဆိုတာ ပြောပြပါဦး"

"ကျွန်မ ရက်တရက် မူးမူးလာတယ်၊ လမ်းလျှောက်လို့လည်း ကောင်းကောင်း မရဘူး၊ စားလို့လည်း မဝင်ဘူး။ အိပ်လို့လည်း မပျော်ဘူး။ ကျွန်မ သွေးခုန်နှုန်း လျော့လာ တယ်လို့ ပြောကြတယ်။ အဲဒီလိုဖြစ်ရခြင်းရဲ့ အကြောင်းတစ်ကြောင်းကတော့ ဘွားဘွား အသက်မသေဘဲ ရှိနေသေးလျှင်လည်း ဆေးဝါးမှီဝဲဖို့နဲ့ အစာအာဟာရအတွက် ဘွားဘွား အနေနဲ့ အခက်အခဲများစွာ ကြုံတွေ့ရဖို့ရှိတယ်။ ဘုရားသခင်က ဘွားဘွားကို ကျွန်မယောက္ခမ ခြေဖနောင့်အောက်က လွတ်အောင် လုပ်လိုက်တယ်လို့တောင် ကျွန်မ ပြောချင်တယ်။ ဒုက္ခိတ တွေလို ရှင် ဆေးရုံမှာ နေရတာကိုလည်း ကျွန်မ မကြည့်ရက်ဘူး။ ရှင့်ကို ဆေးရုံသွားကြည့်ဖို့ သူက ကျွန်မကို ခွင့်မပေးဘူး"

အာနန္ဒီသည် အကြောင်းနံကို ထိန်းချုပ်မထားဘဲ အဇ္ဈာမလေအား ပြောပြလိုက် သည်။ အဇ္ဈာမလေ၏ စကားကိုကြား၍ အာနန္ဒီမှာ မည်မျှစိတ်မချမ်းမသာ ဖြစ်ရသည် ဆိုသည်ကို အဇ္ဈာမလေ သိရှိသွားသည်။ အာနန္ဒီ၏စကားကြောင့် အဇ္ဈာမလေ အကြီး အကျယ် စိတ်ထိခိုက်သွားသည်။ အာနန္ဒီ၏အခြေအနေသည် ပင့်ကူအိမ်ထဲတွင် ဖမ်းမိနေသည် ဖြစ်သောကြောင့် အသက်ထွက်လုမတတ် ဖြစ်နေသည်။ ယင်းအခြေအနေတွင် အာနန္ဒီ အဇ္ဈာမလေထံ ရောက်ရှိလာခြင်းဖြစ်သည်။

အဇ္ဈာမလေက မရဲတရဲနှင့် မေးလိုက်သည်။

"အာနန္ဒီ အခုလို ဒီလာတာ သူ သိသွားရင်ကော"

"သိသွားရင်လည်း ဂရုမစိုက်ဘူးဆိုပြီး လာခဲ့တာပဲ။ ဒါပေမဲ့ နောက်တော့ ကျွန်မ ရှင့်ဆီလာနိုင်မှာ မဟုတ်ဘူးထင်တယ်။ ရှင့်ကို စကားတစ်ခွန်းပြောချင်တဲ့အတွက် ကျွန်မ ရှင့်ဆီကိုလာခဲ့တာ"

"အာနန္ဒီ သူ့ဆီ နောက်ထပ် လာနိုင်တော့မှာ မဟုတ်ဘူး"

ယင်းအခြေအနေအထိပင် ရောက်ရှိနေသည်ဆိုသည်ကို အဇ္ဈာမလေ စိတ်ကူးထဲ ၌ပင် မထည့်မိပေ။ နှလုံးတုန် ရင်ခုန်ဖြစ်သွားသည်။ ပါးစပ်အကြောင်သား ဖြစ်သွားသည်။

"နောက်ကျရင် အာနန္ဒီနှင့် မတွေ့ရတော့ဘူးလား။ အာနန္ဒီကို မကြည့်ရတော့ ဘူးလား။ အာနန္ဒီနှင့် စကားမပြောရတော့ဘူးလား"

"နားထောင်ပါဦး"

Treasure Publishing House

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ပြောလျက် အာနန္ဒီက အဏ္ဏာမလေကို သတိပေးလိုက်သည်။

"ကျွန်မ မျက်နှာလွှဲသွားတဲ့နောက်ကျရင် ကျွန်မမေမေ တစ်နေ့တစ်ရက်မှ ဒီအိမ်မှာ နေနိုင်မှာ မဟုတ်ဘူး။ ရှင် ကျွန်မမေမေကို စော်ကားရလိမ့်မယ်။ ရှာရဒါလည်း မေမေ့ကို တော်တော်ချစ်တယ်။ ရှင်တို့နှစ်ယောက်ပေါင်းပြီး မေမေ့ကို ကြည့်ရှုစောင့်ရှောက်ကြပါ"

အဏ္ဏာမလေက မျက်လုံးပြူးမျက်ဆံပြူးနှင့် ပြောလိုက်သည်။

"အာနန္ဒီ ဘာတွေလျှောက်ပြောနေတာလဲ"

"ရှင် ရှာရဒါနဲ့လက်ထပ်ပါ။ သူက ရှင်နှင့်လက်မထပ်ဘူးလို့ ပြောနေတယ်။ ဒါပေမဲ့ ကျွန်မ သူ့စကားကိုမယုံဘူး။ ရှင့်အနေနှင့် အခုဘဝကြြင်ဖော်မရှိဘဲ တစ်ယောက်တည်း ဆင်းရဲဒုက္ခခံနေလို့ မဖြစ်ဘူး။ ကျွန်မ သူ့ သဘောမတူ တူအောင် ပြောမယ်"

အဏ္ဏာမလေက ပြောလိုက်သည်။ "အာနန္ဒီ ရူးသွားပြီထင်တယ်"

"ကျွန်မ ရူးများ ရူးသွားပြီလားလို့ထင်ပြီး အခုလို ပျာယာခတ်နေတာဖြစ်တယ်။ အခုအခြေအနေက သေသွားတာထက်တောင် ဆိုးနေတယ်။ ဒီအခြေအနေမျိုးနဲ့နေသွားရင် ရှင်တို့အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်လာလိမ့်မယ်။ လူတွေ ရယ်စရာ၊ ဟားစရာလည်း ဖြစ်လာလိမ့်မယ်။ ကျွန်မ အဲဒီဘဝမျိုးနဲ့ နေမသွားချင်ဘူး"

အာနန္ဒီသည် ခြောက်ကပ်သောအသံနှင့် အဏ္ဏာမလေကို ပြောပြီးလျှင် ခုတင်ပေါ်က ခဲခဲယဉ်းယဉ်း ထလိုက်သည်။

"ကောင်းပြီ ကျွန်မသွားတော့မယ်"ဟု ပြောပြီးလျှင် အာနန္ဒီသည် ခပ်သုတ်သုတ် ထွက်သွားသည်။ အချိန်အတန်ကြာမျှ နောက်ထပ်နေလျှင် မိမိ၏အပြုအမူ မည်သို့ဖြစ်လာနိုင်သည်ဆိုသည်ကို အာနန္ဒီ သံသယဖြစ်သွားသည်။

✦✦✦

မာဏိက္ကမ်သည် စိတ်ဂနာမငြိမ်ဖြစ်နေပြီးလျှင် အိမ်တံခါးဝ၌ လမ်းလျှောက်နေသည်။ အာနန္ဒီ အိမ်ထဲဝင်လာသည်ကို တွေ့ရသောအခါ ဒေါသနှင့် "ဟေ့ ... နေဦး"ဟု အော်လိုက်သည်။ မာဏိက္ကမ်၏ စူးရှပြင်းထန်သောအသံကို ကြားရသည်ဖြစ်၍ အနီးအနားရှိ အခန်းထဲတွင်ထိုင်နေသော ကဒီရေရှန်သည် တစ်စုံတစ်ယောက်သော သူက သူ၏ဦးခေါင်းကို ထုနက်လိုက်သလားဟူ၍ ထင်မှတ်သွားသည်။ အပြင်ဘက် ထွက်လာမည်လုပ်သေးသည်။ သို့ရာတွင် မိမိကိုယ်ကို ထိန်းချုပ်ထားလိုက်သည်။

အာနန္ဒီသည် ဦးခေါင်းငုံ့လျက် မာဏိက္ကမ်ရှေ့တွင် ရပ်နေသည်။ မာဏိက္ကမ်အား တစ်ချက် ဦးခေါင်းမော့ကြည့်လိုက်သော်လည်း အာနန္ဒီ၏အမူအရာ၌ ရှုံ့ရှာမုန်းတီးသည့်အသွင် ပေါ်နေသည်။ သူ့ကို မာဏိက္ကမ် မထိအောင် အာနန္ဒီ သတိထားနေသည်။ မာဏိက္ကမ်က သူ့အပေါ် အာနန္ဒီ အာခံနေခြင်းကို တွန်းလှန်ဖျောက်ဖျက်ပစ်လိုက်သည့် အချိန်မှစ၍ အာနန္ဒီ၏ စိတ်နှလုံးထဲတွင်ရှိနေသော သူ့လင်ယောက်ျားနှင့်ပတ်သက်သော လေးစားမှုသည်လည်း ပျောက်သွားသည်။ အာနန္ဒီသည် မိမိကို ရိုက်နက်မှာ လုံးဝ မစိုးရိမ်ပေ။ မာဏိက္ကမ်အား ရွံ့ရှာမုန်းတီးသွားခြင်းပင် ဖြစ်သည်။ မာဏိက္ကမ်က မိမိအား ပြည့်တန်ဆာထက်ပင် နိမ့်ကျသည်ဟု ယူဆကြောင်း သိရှိသွားသောအခါ အာနန္ဒီ၏ အမြင်၌ မာဏိက္ကမ်သည် မြေကြီးခဲမျှလောက်ပင် တန်ဖိုးမရှိတော့ပေ။

အာနန္ဒီသည် မာဏိက္ကမ်အား မော်၍ပင် မကြည့်ပေ။ အာနန္ဒီ၏ မလေးမစား ပြုမူပုံကို တွေ့မြင်ရသည်ဖြစ်၍ မာဏိက္ကမ်သည် ပို၍ ဒေါသထွက်သွားသည်။

"မင်း ဘယ်သွားတာလဲ"

အာနန္ဒီက ပြန်ဖြေသည်။

"ကျွန်မ ဘယ်သွားတယ်ဆိုတာ ရှင်သိတယ်"

မာဏိက္ကမ်သည် အာနန္ဒီအား ရိုက်မည်ဟု ရွယ်လိုက်သည်။ သို့သော်လည်း ဘေးကအခန်းထဲတွင် ကဒီရေရှန် ထိုင်နေသည်ဖြစ်၍ မဝံ့မရဲဖြစ်သွားသည်။ အာနန္ဒီ၏ ရှေ့က လမ်းပိတ်ရပ်လိုက်ပြီးလျှင် "ငါပြောတာ နားထောင်စမ်း"ဟု ပြောလျက် မာဏိက္ကမ်သည် အာနန္ဒီ၏မျက်နှာကို အတင်းဆွဲမော့အောင် လုပ်လိုက်သည်။ အာနန္ဒီက မာဏိက္ကမ်ကို မကြည့်ဘဲ မျက်လွှာအောက်ချထားသည်။

"ငါ့ကို သတ်ပစ်ချင် သတ်ပစ်ပါစေ။ သူ့မျက်နှာကို မကြည့်ဘူး"ဟူ၍ အာနန္ဒီက အဓိဋ္ဌာန်ပြုထားသည်။

မာဏိက္ကမ်က ပြောလိုက်သည်။

"မင်း နောက်တစ်ခါ အဏ္ဏာမလေ့ အိမ်သွားရင် ပြန်မလာနဲ့တော့"

တစ်ခဏကြာမျှ အာနန္ဒီသည် ထိုနေရာ၌ရပ်လျက် တစ်စုံတစ်ခုတွေးတောစဉ်းစား နေသည်။ ထိုအချိန်၌လည်း အာနန္ဒီသည် အိမ်အတွင်း ဝင်ရောက်လိုသည့်ဆန္ဒ မရှိပေ။ တစ်နေရာရာ ထွက်သွားချင်သည့်စိတ်သာပေါ်လာသည်။ ထိုအခိုက် အခန်းတံခါးဖွင့်လျက် ကဒီရေရှန် အပြင်ဘက်ထွက်လာပြီးလျှင် "သမီး ဒီမှာ ဘာဖြစ်လို့ရပ်နေတာလဲ"ဟု သတိပေး လိုက်သည်။ ထို့နောက် အမိန့်ပေးသည့်လေသံနှင့် အိမ်ထဲဝင်ခိုင်းသည်။ ဖခင်၏ ချစ်ခြင်းမေတ္တာ အပြည့်ရှိသောအမိန့်၌ ဒေါသဖုံးကွယ်ထားသည်ကို သိရှိသွား၍ အာနန္ဒီ အိမ်ထဲဝင်သွားသည်။

ပျောက်သလောက်ရှိသွားပြီဖြစ်သော သူ၏တိုက်ပွဲတွင် စွမ်းရည်သတ္တိသည် အဏ္ဏာ မလေနှင့်တွေ့ပြီး ပြန်လာသည့်နောက်ပိုင်း၌ တစ်ဖန် အားရှိလာသည်။ အရှုံးခံပြီး သေသွားရ ခြင်းထက် တိုက်ပွဲဝင်ရင်း သေသွားရသည်က မြတ်၏ဟူပြီး အာနန္ဒီ စဉ်းစားဆင်ခြင်မိသည်။

မာဏိက္ကမ်သည် ချက်ခြင်း အဏ္ဏာမလေ၏အိမ်ဘက် ထွက်သွားသည်။ ငိုလာန ဖြစ်နေသော အဏ္ဏာမလေထံသွားပြီး မာဏိက္ကမ် ဘာများလုပ်ဦးမည်နည်း။ အာနန္ဒီ ကိုးရိမ်မကင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ မာဏိက္ကမ်အား မတားမြစ်နိုင်ပေ။ **တားမြစ်လိုသည့်ဆန္ဒလည်း** မရှိပေ။ ကဒ်ရေးရှန်သည် ပွဲကြည့်ပရိသတ်**တစ်ဦး၊ကဲ့သို့ တိတ်တဆိတ် အခြေအနေအားလုံး**ကို ကြည့်၍ နေသည်။

**မာဏိက္ကမ်သည်** စိတ်ဆိုးမာန်ဆိုးနှင့် အိမ်က ထွက်သွားသည်။ သို့ရာတွင် အဏ္ဏာမလေး၏ **အိမ်**ရောက်သွားသည်နှင့်တစ်ပြိုင်နက် မိမိဒေါသကို ထိန်းချုပ်ထားလိုက်သည်။ **လမ်းတွင်** တစ်နေရာ၌ရပ်လျက် မျက်နှာကိုသုတ်ပြီးလျှင် စိတ်ထဲက ရယ်လျက် **တစ်လှမ်း၊ချင်း၊** လှမ်းသွားလေသည်။ သူ၏မျက်နှာပေါ်၌ ပေါ်နေသော ဒေါသသည် **ရုတ်တရက်**ကွယ်ပျောက်သွားသည်။

အဏ္ဏာမလေး၏ ခုတင်နားတွင် ထိုင်လျက် အလွန်တရာချစ်ခင်ရင်းနှီးသော အမူ**အရာ**ဖြင့် အဏ္ဏာမလေး၏ ကျန်းမာရေးစသည်များနှင့်ပတ်သက်၍ မေးမြန်းသည်။ လုပ်ငန်းကိစ္စ၊ တရားရုံးကိစ္စများတွင် **မအားမလပ်**ဖြစ်နေသည့်အတွက်ကြောင့် မိမိအနေနှင့် မကြာခဏ အဏ္ဏာမလေးကို လာမတွေ့နိုင်သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်းကိုလည်း ပြောပြသည်။ မာဏိက္ကမ်သည် **အဏ္ဏာမလေးထံ အာနန္ဒီလာသည့်အကြောင်း** လုံးဝမဟာပေ။

တရားရုံးဟူသည့်အသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အဏ္ဏာမလေးသည် သူ၏**အမှုအကြောင်း** သတိရလာသည်။ **စိတ်ပါဝင်စားစွာဖြင့်** မေးလိုက်သည်။

"ကျွန်တော်တို့ အမှု ဘယ်လိုဖြစ်နေသလဲ။ ယခုထက်ထိ မပြီးသေးဘူးလား။ ခင်ဗျား ကျွန်တော့်အတွက် တရားရုံးသွားနေရတယ်ဟုတ်လား"

မာဏိက္ကမ်သည် အဏ္ဏာမလေးမေးသော မေးခွန်းများကို တိုက်ရိုက်အဖြေ ပြန်မပေးပေ။ တရားစွဲသူကိုလည်းကောင်း၊ သူ၏ရှေ့နေကိုလည်းကောင်း ဆဲဆို ကြိမ်းမောင်း**နေ**သည်။ ရှေ့နေစိတ်ရှိလျှင် အမှုကို နှစ်ပေါင်းများစွာဆွဲထားပြီးမှ ပြီးပြတ်သွားအောင် **လုပ်နိုင်**ကြောင်း၊ သို့သော်လည်း တရားသူကြီးကို တရားဆုံးဖြတ်ဖို့အတွက် အခွင့်အရေး **ပေးလိုက်**ကြောင်းကို မာဏိက္ကမ်က စိတ်မကောင်းသည့်အမူအရာဖြင့် ပြောပြသည်။ တရား**သူကြီး**သည် မိမိတင်ပြသောစာရင်းကို ဂရုမပြုဘဲ တရားလိုတင်ပြသည့် စာရင်းအမှားကိုသာ အမှန်ဟု ထင်ပြီး တရားအဆုံးအဖြတ်ပေးလိုက်သည်ဟူ၍ တရားသူကြီးအား အပြစ်ဖို့လျက် ပြောပြ**လိုက်**သည်။

"**ဒီ**လိုဆိုရင် အမှုပြီးသွားပြီပေါ့"

"**ဟုတ်**တယ်၊ ပြီးသွားပြီ။ ကြွေးရှင်ဘက်က အနိုင်ပေးလိုက်တယ်။ အဲဒီ တရားအဆုံးအဖြတ်**အတိုင်း** မင်းပဲ ကြွေးရှင်ကို ငွေလေးသောင်းလောက် ပေးရလိမ့်မယ်"

မာဏိက္ကမ်က 'ငါ'ဟု ပြောမည့်အစား 'မင်း'ဟု ပြောများနေသလားဟု အဏ္ဏာမလေး သင်္ကာမကင်း ဖြစ်သွားသည်။ ထို့ကြောင့် မေးလိုက်သည်။





"ခင်ဗျား ဒါလောက် အရေးအတွက်များတဲ့ငွေတွေကို နှစ်ကြိမ်တောင် ပေးရမယ် ဟုတ်လား"

"တရားဥပဒေအရ ငါတို့နှစ်ယောက်ပေါင်းပြီး အဲဒီကြွေးကို ဆပ်ရလိမ့်မယ်။ တကယ်လို့ ငါတို့နှစ်ယောက်ထဲက **တစ်ယောက်ယောက်**က အဲဒီကြွေးကိုဆပ်မယ်ဆိုရင်လည်း တရားရုံးက လက်မခံဘူး။ တရားဥပ**ဒေတွေ ဘာတွေ**ကို မေ့ထားလိုက်ပြီး မင်း ဒီကြွေးကို ဆပ်လိုက်ပါ။ ဆပ်လိုက်မှ တရားမယ်။ **မင်းအနေနှင့် ဒီ**ကြွေးကို မဆပ်လို့မဖြစ်ဘူး။ အဲဒီ နည်းလမ်းကလွဲပြီး တခြားနည်းလမ်း**မရှိဘူး**"

အဏ္ဏာမလေးသည် လက်တွင်**စည်းထားသော ပတ်တီး**ကိုမေ့ထားပြီး ခုတင်ပေါ်က ရုတ်တရက် ခုန်ချလိုက်သည်။ လက်တစ်ဖက်ဖြင့် **မာဏိက္ကမ်၏ပခုံး**ကို ကိုင်လှုပ်လိုက်သည်။

"အဲဒါ မတရားဘူး၊ မင်း ဘာတွေ**ပြောနေတာလဲ**။ ငါ **ဘာတစ်**ခုမှ နားမလည်ဘူး"

"ဒါက ငွေရေးကြေးရေးကိစ္စ။ မင်းနားလည်လည် **မလည်လည်** မင်း ရှောင်ထွက်သွားလို့ မရဘူး။ မင်းနေထိုင်မကောင်းဖြစ်နေတဲ့အတွက် **ခဏဆိုင်းပါဦး**လို့ ငါ ကြွေးရှင်ကို ပြောထားတယ်။ နို့မဟုတ်လျှင် ယခုလောက်ဆိုရင် မင်းပိုင်ပစ္စည်း**တွေကို သိမ်း**ဖို့အတွက်ဝရမ်း မင်းဆီရောက်လာပြီ။ ကြွေးဆပ်ဖို့ မင်းကိုယ်စား ငါ **အချိန်အနည်းငယ်တောင်းထား**တယ်"

ထိုအချိန်၌ အိမ်၏အမိုး သူ့အပေါ် ပြုတ်ကျလာသည်**ဟူ၍** အဏ္ဏာမလေး ထင်မှတ်သွားသည်။

"မာဏိက္ကမ်သည် တရားမှုနှင့်ပတ်သက်၍ ပြောဆိုနေသည်။ သို့သော် သူ၏ စကား၌ တရားမှုဘယ်မှာရှိသနည်း။ ကြွေးကို မာဏိက္ကမ်က ယူသည်။ **ထိုငွေဖြင့်** လုပ်ငန်းလုပ်ကိုင်သည်။ ကားဝယ်သည်။ အကျိုးအမြတ် ဖြစ်ထွန်းသည်။ ငါက **သူ့ကို အကူအညီ**ပေးဖို့ အတွက် သက်သေအဖြစ်နှင့် စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးလိုက်ခြင်းသာဖြစ်သည်။ ထိုအပြစ်ဒဏ်ကို ငါခံရမည်လား"

အဏ္ဏာမလေက မခံမရပ်နိုင်ဖြစ်လာပြီးလျှင် ...

"မာဏိက္ကမ် မင်းသူခိုးပဲ။ လူလိမ်၊ လူညာပဲ"ဟု **ပြောလိုက်**သည်။ အဏ္ဏာမလေး၏ စကားကိုကြားရသည့်အတွက် မာဏိက္ကမ် စိတ်ဆိုးမသွားပေ။ **တိတ်ဆိတ်ငြိမ်သက်စွာ**ရပ်ပြီး ပြုံးရုံသာ ပြုံးနေသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

"ငါ့ဆီမှာ ကြွေးဆပ်ဖို့ ပိုက်ဆံမရှိဘူး။ ရှိလည်းပဲ ငါ မဆပ်ဘူး"

"ငါပြောတာ နားထောင်စမ်း အဏ္ဏာမလေ။ ငါ မင်းကို ငါ့ကိုယ်စား ကြွေးဆပ်ဖို့ ပြောနေတာမဟုတ်ဘူး။ တရားဥပဒေအရ ဒီကြွေးကို မင်းပဲ ဆပ်ရမှာဖြစ်တယ်။ မင်း ဆပ်ရမယ်လို့ ငါပြောတဲ့အဓိပ္ပာယ်က မင်းအဖေဆပ်ရမယ်လို့ ပြောတာဖြစ်တယ်။ မင်း အဖေကြောင့် ငါ ငွေသုံးသောင်း ဆုံးရှုံးနစ်နာသွားတယ်။ တကယ်လို့ သူအနစ်ရှုံညြန်ယ်က



www.burmeseclassic.com

www.burmeseclassic.com



မြေရှင်နှင့်ဖြစ်တဲ့အမှုမှာ ရဲရဲဝံ့ဝံ့သာရင်ဆိုင်ရင် ငါ့အနေနှင့် ငွေငါးသောင်း အကျိုးအမြတ်ရရှိဖို့ အလားအလာရှိတယ်။ သူကြောင့် အဲဒီငွေကို ငါမရဘူး။ ယနေ့အထိ ငါပေးခဲ့ရတဲ့အတိုးကိုလည်း ထည့်တွက်ရမယ်။ တကယ်လို့ မင်းအဖေ့အိမ်ကို မင်း ပိုင်ဆိုင်ခွင့်ရှိတယ်ဆိုရင် မင်းအဖေယူထားတဲ့ကြွေးကို ဆပ်ဖို့လည်း မင်းမှာ တာဝန်ရှိတယ်"

"အဲဒါ လုံးဝမတရားဘူး။ မင်း ဒါလောက် ယုတ်ညံ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး။ မာဏိက္ကမ် မင်း မတရားတဲ့အလုပ်ကို လုပ်နေတယ်။ မင်း ငါ့ကို တစ်ပတ်ရိုက်နေတယ်"

ယင်းသို့အားဖြင့် အဏ္ဏာမလေသည် မာဏိက္ကမ်အား ပက်ပက်စက်စက် ပြောပြနေသည်။ ထိုအချိန်၌ အဏ္ဏာမလေသည် အိမ်ကိုလည်း ဂရုမစိုက်ပေ။ ငွေကြေးနေကိုလည်း ဂရုမစိုက်ပေ။ လူသားတစ်ဦးတစ်ယောက်သည် မည်မျှရက်စက်နိုင်သနည်းဆိုသည်ကို တွေး၍ သာလျှင် မခံမရပ်နိုင်ဖြစ်နေခြင်းဖြစ်သည်။ မာဏိက္ကမ်အား ပန်းရန်ဆရာကသာလျှင် ကြည့်ရှုစောင့်ရှောက်လျက် လူလားမြောက်အောင် ပြုလုပ်ခဲ့သည်။ ပန်းရန်ဆရာ၏ ကြင်နာထောက်ထားမှုကြောင့် စားရေး၊ သောက်ရေး၊ နေရေး၊ ပညာရေးများနှင့်ပတ်သက်၍ ကြောင့်ကြမှုမရှိရဘဲ ယနေ့ ဤအဆင့်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။ ဤမျှယုတ်မာသော၊ ကျေးဇူးကန်းသောမာဏိက္ကမ်၏ အပြုအမူကို အဏ္ဏာမလေ မခံမရပ်နိုင်ဖြစ်နေခြင်းဖြစ်သည်။

"ဘာဖြစ်လာမလဲဆိုတာ ကြည့်ရဦးမယ်။ ငါ အဲဒါတွေ လုံးဝဂရုမစိုက်ဘူး။ မင်း ဒီကသွားနိုင်ပြီ"

ယင်းသို့ပြောလျက် အဏ္ဏာမလေသည် မာဏိက္ကမ်အား နှင်ထုတ်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။

"မင်း အခုလို စိတ်ဆိုးနေလို့ ဘာမှအကျိုးရှိမှာ မဟုတ်ဘူး။ ကြွေးရှင်က မင်းလည်မျိုကို ညှစ်မှာ။ ငါ့ကို ဘာမှလုပ်မှာမဟုတ်ဘူး။ တကယ်လို့ မင်းဆန္ဒရှိရင် ကြွေးဆပ်တဲ့ကိစ္စမှာ ငါ မင်းကို အကူအညီပေးနိုင်တယ်"

"မင်းပေးတဲ့ အကူအညီကို ငါ မလိုချင်ဘူး"

"မင်းပိုင်တဲ့ဥစ္စာပစ္စည်းကို သိမ်းပိုက်ဖို့ ကြွေးရှင် ဝရမ်းကိုင်ပြီး ဒီကိုလာတာ ငါ မကြည့်ချင်ပါဘူး။ မင်း ဒီအိမ်ကိုပေါင်ပြီး အဲဒီကြွေးကို ဆပ်လို့ရတယ်။ ငါ မင်းကို ငွေချေးလို့ရအောင် စီစဉ်ပေးနိုင်တယ်။ ငါ့အကူအညီ လိုတယ်ဆိုရင်ပြောပါ"

အဏ္ဏာမလေက ပြောသည်။

"မင်း ဒီအိမ်ကိုလည်းသိမ်းချင်လို့လား။ ဒါမှမဟုတ် ငါ့ကို ဒီအိမ်က မောင်းထုတ်ဖို့ စိတ်ကူးနေတာလား"

မာဏိက္ကမ်သည် တစ်ချက်ခုတ်နှစ်ချက်ပြတ် ပြုလုပ်လိုသည့် ဆန္ဒရှိနေသူဖြစ်သည်။ အဏ္ဏာမလေ၏အဖြေစကားကို ကြားရသောအခါ အဏ္ဏာမလေသည် ယခင်ကလို ဘာမှ မသိနားမလည်သည့် လူတစ်ယောက် မဟုတ်တော့သည်ဆိုသည်ကို နားလည်သွားသည်။ အဖက်ဖက်က သတိထားနေသော အဏ္ဏာမလေအား အနိုင်ရဖို့အတွက် မာဏိက္ကမ်သည် သူ၏အလုပ်ကို လျင်မြန်စွာ အကောင်အထည်ဖော်လေတော့သည်။ အဏ္ဏာမလေ၏ စကားများကြောင့် ထိခိုက်သွားသော မာဏိက္ကမ်သည် မိမိအနေနှင့် တစ်ခုခုလုပ်ပြီး အဏ္ဏာမလေအား ကလဲ့စားချေရလိမ့်မည်ဟူ၍ စဉ်းစားမိသွားသည်။

◆ ◆ ◆

မာဏိက္ကမ် ထွက်သွားပြီးသည့်နောက်မှ အဏ္ဏာမလေသည် ငါးမျှားချိတ်နှင့် မျှားပြီး မြစ်ကမ်းပေါ် ပစ်တင်လိုက်သော ငါးကဲ့သို့ တဖျတ်ဖျတ်လူးနေရသည့် အခြေအနေသို့ ရောက်ရှိသွားသည်။ အသက်ရှူရပ်သွားသကဲ့သို့ ဖြစ်သွားသည်။ မျက်စိရှေ့မှောက်၌ အမိုက်တိုက်လွှမ်းသွားသည်။

မာဏိက္ကမ်သည် အာနန္ဒီ၏အကူအညီကိုရယူ၍ မိမိအားပိုက်ကွန်ဖြင့် ထောင်ဖမ်းလျက် ကြွေးနှင့်ပတ်သက်သောစာချုပ်တွင် လက်မှတ်ထိုးခိုင်းခဲ့သည်ကို အဏ္ဏာမလေ သတိရလာသည်။ မိမိအား လက်မှတ်ထိုးခိုင်းခဲ့သည့်အချိန်ကပင် မာဏိက္ကမ်၏ဦးနှောက်ထဲတွင် ယင်းစီမံကိန်းရှိနေခဲ့ပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်သည် ဤမျှအကြင်နာကင်းမဲ့နိုင်သည်။ ဤမျှ ရက်စက်နိုင်သည်ဆိုသည်ကို အဏ္ဏာမလေ မည်သည့်အခါကမှ မယုံကြည်ခဲ့ပေ။ ငါးမျှားချိတ်တွင် တပ်ထားသောငါးစာကဲ့သို့ မိမိကိုဖမ်းရန် အခြေခံအကြောင်းတရားဖြစ်နေသော အာနန္ဒီ၏ဘဝတိုက်ပွဲအကြောင်းကို အဏ္ဏာမလေ ကြားပြီးလေပြီ။ ငါးမျှားချိတ်၌တပ်ထားသော ငါးစာနှင့် ငါးမျှားချိတ်ဖြင့် ဖမ်းဆီးရမိသော ငါးသည် ယခုကဲ့သို့ လူးလွန့်ပြီး အသက်ထွက်သွားရလိမ့်မည်ဟူ၍ အဏ္ဏာမလေ တွေးတောနေမိသည်။

အဏ္ဏာမလေသည် ယင်းသို့ဖြစ်လာရသည်ကို ခံနိုင်စွမ်းမရှိပေ။ သူ၏ ကြွေးတင်ကျွန်ဖြစ်ရမည့်ဘဝသည် သူ့ကို နှိပ်စက်ကလူပြုနေသည်။

"ငါ အိမ်ကိုလည်း အလိုမရှိဘူး။ မြေတို့ ဥစ္စာပစ္စည်းတို့ကိုလည်း အလိုမရှိဘူး။ ဒီကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လို ပစ္စည်းဝတ္ထုကိုမှ ငါ အလိုမရှိဘူး။ ဒါပေမဲ့ ငါ့ကို ကြွေးတင်တဲ့လူလို့ပြောပြီး တစ်စုံတစ်ယောက်က ငါ့ဆီက ဒီပစ္စည်းဝတ္ထုတွေကို သိမ်းပိုက်ယူငင်သွားမှာကိုတော့ ငါ သည်းခံမနေနိုင်ဘူး"

အိမ်ပေါ်ထပ်တွင်ရပ်လျက် အဏ္ဏာမလေသည် ပြတင်းတံခါးနားသွားလျက် အိမ်နီးနားချင်းက အိမ်နှင့်ခြံကို ကြောင်ပြီး ငေးကြည့်နေမိသည်။ ဤအိမ်သည် ငါ ပထမဦးဆုံးအကြိမ် ဤနေရာသို့ ရောက်လာစဉ်က နတ်ပြည်၊ နတ်လောကရှိ ဘုံဗိမာန်ပမာ ထင်မြင်နေရသည့်အိမ်ဖြစ်သည်။ ယင်းအိမ်ဟောင်းသည် မာဏိက္ကမ်၏ ကျွမ်းကျင်ပါးနပ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်သစ်တိုက်သစ်ဖြစ်လာသည်။ တိုက်အိမ်၏ထူးခြားသော ပုံသဏ္ဌာန်ကြောင့်လည်းကောင်း၊ အပြင်ဘက်က ကျောက်ဆစ်အနုပညာလက်ရာများကြောင့်လည်းကောင်း၊ ထွန်းလင်းတောက်ပနေသော လျှပ်စစ်မီးရောင်များကြောင့်လည်းကောင်း၊ အိမ်၏အသွင်အပြင်သည် လုံးဝ ပြောင်းလဲသွားသည်။ သို့ရာတွင် ယခင်အိမ်ဟောင်းက အိမ်သူအိမ်သားများအား ပေးခဲ့သော အတွင်းသန္တာန် ကြည်နိုင်မှုသည် ယခုအခါ ဘယ်ရောက်သွားပြီနည်း။ ယခင်အိမ်၏ လှပမှု၊ ငြိမ်းချမ်းမှု၊ ရှင်လန်း ချမ်းမြေ့မှုများသည် ဘယ်ရောက်သွားကြပြီနည်း။ ယခင်အိမ်၏အတွင်း၌ တောက်ပနေသော ချစ်ခြင်းမေတ္တာသည် မည်သို့မည်ပုံ ပျောက်ကွယ်သွားသနည်း။ ယင်းသို့ အဏ္ဏာမလေ စိတ်ကူးကြည့်သည်။

အဏ္ဏာမလေသည် ကဒိရေရှန်နှင့် အာနန္ဒီအား ထိုအိမ်၌ရပ်နေသည်ကို ရုတ်တရက် တွေ့မြင်သွားသည်။ ထိုအခါ မိမိကိုယ်မိမိ ပြောလိုက်သည်။

''အလင်းရောင်သည် လုံးဝပျောက်ကွယ်မသွားသေးပေ။ ထိုအိမ်၌ ဆီမီးခွက်ငယ် နှစ်ခုသည် ယခုထက်တိုင် မှိတ်တုတ်မှိတ်တုတ်နှင့် တောက်နေတုန်းပင် ရှိသေးသည်။ ငြိမ်းမည့်ဆဲဆဲဖြစ်နေသော ယင်းဆီမီးခွက်နှစ်ခု၏ မီးတောက်သည် ယိမ်းထိုးခါယမ်း နေသည်''

ယင်းသို့စဉ်းစားဆင်ခြင်ပြီးလျှင် အဏ္ဏာမလေသည် ရှည်လျားသော ပင့်သက်ကို ရှူလိုက်လေသည်။

''တကယ်လို့ ငါ အာနန္ဒီကို အဝေးကပင် ကြည့်နေချင်တယ်ဆိုရင် ဒီအိမ်မှာ နေမှသာလျှင် ကြည့်၍ရမည်။ တကယ်လို့ ငါ ဒီအိမ်က ထွက်ခွာသွားရမည်ဆိုလျှင် မာဏိက္ကမ်သည် အာနန္ဒီကွယ်လွန်သွားလျှင်လည်း အာနန္ဒီ၏အလောင်းကိုပင် ကြည့်ခွင့် ပေးလိမ့်မည် မဟုတ်ပေ'' ရုတ်တရက် အဏ္ဏာမလေ၏ မျက်ဝန်းထဲက မျက်ရည်စီးကျ လာသည်။

အဏ္ဏာမလေသည် သူ၏အိမ်ကို ကြွေးရှင်၏လက်ထဲ ထိုးအပ်လိုသည့်ဆန္ဒ မရှိပေ။

''ငါ အခု ဘယ်လိုလုပ်မလဲ။ မာဏိက္ကမ်၏အကူအညီဖြင့် ကြွေးယူဖို့ လုပ် မည်လား။ ဒါမှမဟုတ် ယောက္ခမကြီး ဒဏ္ဍပါဏီဆီက အကူအညီတောင်းရင်ကော၊ အယ်ဒီတာရှုရဝဏာန်ထံသွားပြီး မာဏိက္ကမ်အကြောင်း တိုင်ပြောရရင်ကောင်းမည်လား၊ ငါ ဘယ်လိုလုပ်မလဲ'' ယင်းသို့ အဏ္ဏာမလေ စဉ်းစားနေမိသည်။

အဏ္ဏာမလေသည် မာဏိက္ကမ်ထံမှ အကူအညီတောင်းလိုသည့်စိတ် မရှိပေ။ ဆုန္ဒရီ ကွယ်လွန်သွားပြီးသည့်အချိန်မှစ၍ ယောက္ခမဒဏ္ဍပါဏီသည် သူနှင့် မပတ်သက်တော့ပေ။ ဆေးရုံတက်စဉ်က ဒဏ္ဍပါဏီသည် တစ်ကြိမ်၊ နှစ်ကြိမ်သာလာခဲ့သည်။ ဒဏ္ဍပါဏီ ကိုယ်တိုင် လည်း အခြေအနေသိပ်မကောင်းလှဟု ကြားသိရသည်။ အယ်ဒီတာ ရှုရဝဏာန်သည် ရှေးမဆွ ကပင် အိမ်ကိစ္စကြောင့်ကြမှုဖြစ်မနေဘဲ အိမ်တစ်အိမ် ငှားနေရန် အကြံဉာဏ်ပေးဖူးသည်။





''ကျွန်တော် အိမ်ကို ကိုယ့်ကိုယ်ပိုင်ပစ္စည်းဥစ္စာလို သဘောမထားပါဘူး။ ဒါပေမဲ့ အဝေးကပင် အာနန္ဒီကို ကြည့်နေချင်လို့ ကျွန်တော့်အတွက် ဒီအိမ် လိုအပ်နေပါတယ်''ဟု ရှုရဝဏာန်ကို ဘယ်လိုလုပ်ပြောပြမည်နည်း။

အဏ္ဏာမလေအတွက် ရှိသမျှလမ်းအားလုံး ပိတ်နေသည်။ မိမိ၏ အကျပ်အတည်းမှ လွတ်မြောက်ရန်အတွက် မည်ကဲ့သို့သော နည်းလမ်းကိုမျှ ကြည့်မမြင်ပေ။ မိမိ၏ အခြေအနေ သည် ကြိုးမိန့်စောင့်စားနေရသော အကျဉ်းသားကဲ့သို့ဖြစ်နေသည်ဟူ၍ အဏ္ဏာမလေ တွေးမိ သည်။ သဘာဝသည် မသိရမမြင်ရသော အသွင်ဖြင့် သူ၏လည်ပင်းတွင် ကြိုးဒဏ်ပေးသော ကြိုးကွင်းကိုစွပ်လျက် တဖြည်းဖြည်း ညှစ်သတ်နေသည်။ သဘာဝအမည်ရှိသော အရာဝတ္ထု တစ်ခုခု ရှိပါသလော။ လူသားအနေဖြင့် သူ၏တည်ရှိမှုကို ယုံကြည်သွားစေရန်အတွက် သဘာဝသည် လုပ်ကြံမှုအမျိုးမျိုးကို ဖန်တီးလျက် မိမိ၏အစွမ်းသတ္တိကို ပြနေပါသလော။

အဏ္ဏာမလေသည် လှောင်အိမ်ထဲတွင် ဖမ်းထည့်ထားသော ကျားကဲ့သို့ စိတ်နှလုံး ယောက်ယက်ခတ်ပြီးလျှင် အိမ်ဝရံတာ၌ ဟိုလျှောက်သည်လျှောက် လုပ်နေသည်။ ကပါလီရွ ဘုရားကျောင်း၏မုခ်ဝ၌ ထုလုပ်ထားသော ရုပ်ပုံသည် သူ၏နှလုံးသားထဲတွင် တဖြည်းဖြည်း ပြန်ပေါ်လာသည်။ မီးဖွားသည့်အခါ ခံစားရသောဝေဒနာမျိုးကို ခံစားနေရသည်ဖြစ်၍ လူးလွန့်၍နေသည်။ ထိုအခိုက် စာကလေးတစ်ကောင်သည် ဖြတ်ပျံလာပြီးလျှင် သူ၏ အခန်းထဲ ဝင်လာသည်။ အတန်ငယ်ကြာသောအခါ စာကလေးသည် ပြတင်းပေါက်ဝ၌ နားနေသည်။ အဏ္ဏာမလေသည် ခဏကြာမျှ စာကလေးကို စူးစိုက်ကြည့်ရှုနေသည်။ စာကလေး၏မျက်လုံး၌ လွတ်လပ်သောစိတ်၏ အသွင်အပြင်ပေါ်ထွက်နေသည်။ ယင်း အချက်နှင့် စပ်လျဉ်း၍ ကဗျာတစ်ကြောင်းနှစ်ကြောင်း သူ၏နားထဲတွင် ပဲ့တင်ထပ်လာသည်။

စာကလေးလို လွတ်လွတ်လပ်လပ်နေပါ။

သင်သည် တွယ်တာကပ်ငြိမှုမရှိဘဲ နေရမည်။

ဘုရားကျောင်းမုခ်ဝသည် အဏ္ဏာမလေ၏အတွင်းသန္တာန်ထဲ ရောက်ရှိနေသည်။ ဘုရားကျောင်းက နတ်ရုပ်သည် သူ့ကို တစ်စုံတစ်ရာပြောပြနေသကဲ့သို့ ထင်နေရသည်။ မိမိ၏ညာလက်ကို အဏ္ဏာမလေ ရုတ်တရက်ကြည့်လိုက်ပြီးလျှင် စိတ်တက်ကြွ လှုပ်ရှား လာသည်။ ပတ်တီးစည်းထားသောလက်ကို ခပ်ပြင်းပြင်းခါလိုက်သည်။ ပတ်တီးပြေ သွားသည်။ ဘယ်ဘက်လက်ဖြင့်လည်းကောင်း၊ သွားဖြင့်လည်းကောင်း ပတ်တီးကို ဆွဲယူ ပြီးလျှင် အဝေးသို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် လက်ကိုကွေးပြီး အပေါ်မြှောက်လိုက်သည်။ ယခုထက်ထိ လက်နာနေတုန်းပင် ရှိသေးသည်။ သို့ရာတွင် လက်က အနာကို လုံးဝ ဂရု မစိုက်ပေ။

အနီးတွင်ရှိနေသော အတက်ချိုကို မှောက်လိုက်ပြီးလျှင် အတက်ချိုထဲ ထည့်ထား သော ခဲနှင့် ဆွဲထားသည့် အာနန္ဒီ၏ပုံကို ရှာယူလိုက်သည်။ အိမ်အပေါ်ထပ်က အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com

ပိတ်လျက် အဏ္ဏာမလေသည် ထိုပုံကိုကြည့်လျက် ပုံကြီးကြီးတစ်ပုံ ဆွဲလေသည်။ မိမိသည် တဖြည်းဖြည်း အနောင်အဖွဲ့အားလုံးက လွတ်မြောက်သွားသည်ဟူ၍ ထင်မြင်သွားသည်။ တစ်နာရီအတောအတွင်း၌ပင် အဏ္ဏာမလေ၏ စိတ်နှလုံးသည် ကောင်းကင်၌ လွတ်လပ်စွာ ပျံသန်းနေသောစာကလေးကဲ့သို့ ဖြစ်သွားသည်။

ထိုအချိန်၌ အဏ္ဏာမလေသည် အလွန်တရာ ရွှင်လန်းချမ်းမြေ့ဖွယ်ကောင်းသော ထူးခြားလှသည့် စိတ်ကူးလောကထဲတွင် လှည့်လည်သွားလာနေသည်။ မိမိသည် သက်တံ၏ ဆေးရောင်များကို ဖျော်လျက် ယင်းဆေးရောင်များဖြင့် အာနန္ဒီ၏ပုံကို ရေးဆွဲနေသည်ဟူ၍ အဏ္ဏာမလေ ထင်မှတ်နေသည်။ လက်မထပ်သေးခင် ပျိုရွယ်စဉ်က မိမိအား ချစ်ခြင်းမေတ္တာ အပြည့်အဝဖြင့် ပြုမူဆက်ဆံခဲ့သော အာနန္ဒီ၏ပုံကို အဏ္ဏာမလေ ရေးဆွဲနေသည်။ ထိုစဉ်က အာနန္ဒီ၏ရုပ်ပုံသွင်ပြင်သည် ပွင့်သစ်စ လန်းလန်းဆန်းဆန်း ပန်းပွင့်နှင့်တူနေသည်။ စိတ်ကူးလောကထဲတွင် မြုပ်နှစ်နေသည်။ နေ့စဉ်နေ့တိုင်း မိမိ၏ပျိုရွယ်မှု၊ လှပမှု၊ တက်ကြွမှု၊ လှုပ်ရှားမှုများနှင့်လည်းကောင်း၊ ချိုသာသောအပြုံး၊ ချစ်ခြင်းမေတ္တာ အပြည့်ရှိနေသော သွက်လက်လှုပ်ရှားမှုဖြင့်လည်းကောင်း၊ အာနန္ဒီသည် အဏ္ဏာမလေအား သူ၏အိမ်၌ ကြိုဆိုဧည့်ခံသည်။ အလှ၏သက်ဝင်လှုပ်ရှားနေသော ရုပ်ထုရုပ်လုံးသဖွယ်ဖြစ်သည့် အာနန္ဒီအမည်ရှိ မိမိ၏ 'စိတြပိယာ' ပန်းချီချစ်မြတ်နိုး သူ၏ ရုပ်ပုံကိုသာလျှင် အဏ္ဏာမလေ စက္ကူချပ်ပေါ်၌ ရေးဆွဲနေသည်။

"အချိန်သမယ၏ထောင်းထုခြင်းကို ခံရသောကြောင့် အာနန္ဒီ၏ ကိုယ်ခန္ဓာသည် ခွေးမြည့်ယိုယွင်းလာသည်။ ယင်းအသက်ရှင်နေသော ရုပ်အလောင်းကို ငါ ကြည့်ရက်လိမ့်မည်မဟုတ်ပေ။ ယင်းရုပ်ပုံ၏အစား ဤ'စိတြပိယာ' ဤပန်းချီ ချစ်မြတ်နိုးသူသည် ငါ၏ အဖော်အဖြစ်နှင့် ရှိနေလိမ့်မည်။ ပန်းချီချစ်မြတ်နိုးသူ၏ ဤပန်းချီပုံကို မည်သည့် ခြေရှင်မှ ငါ့ဆီကလုယူ၍ ရမည်မဟုတ်ပေ။ ငါ ဘယ်နေရာမှာ နေနေ၊ တဲအိုပျက်မှာပဲနေနေ၊ ပန်းချီပုံထဲတွင် ရေးဆွဲပုံဖော်ထားသော အာနန္ဒီသည်၊ ငါ၏ စိတြပိယာသည်၊ ငါ၏ ပန်းချီ ချစ်မြတ်နိုးသူသည် ငါ့ကို စွန့်ခွာသွားလိမ့်မည် မဟုတ်ပေ"

ပန်းချီပုံတွင် အရောင်ခြယ်နေစဉ် ရုတ်တရက် အဏ္ဏာမလေ၏ မျက်လုံးတွင် မျက်ရည်ပြည့်လျှံလာသည်။ စုတ်တံကို ကိုင်ထားသောလက်သည် တုန်လာသည်။ ညာဘက်လက်တွင် တစ်စုံတစ်ဦးက တူနှင့် ထုရိုက်လိုက်သကဲ့သို့ပင် နာကျင်မှုကို ခံစားနေရသည်။ ဤပုံသည် ငါ၏ နောက်ဆုံးပုံဖြစ်ချင်ဖြစ်ပေစေ။ ကိစ္စမရှိ။ ဤပုံကို ဆွဲပြီးသည့်နောက် အကယ်၍ ငါ၏လက် ကျိုးသွားလျှင်လည်း ငါ ဂရုမစိုက်။ ဤပုံကို ဆွဲမပြီးမချင်း ငါ လွတ်လပ်မှု ရရှိနိုင်လိမ့်မည်မဟုတ်။ ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် အဏ္ဏာမလေသည် စိတ်တက်ကြွလှုပ်ရှားလာသည့်ဖြစ်၍ သွက်လက်ဖျတ်လတ်စွာ ပန်းချီပုံကို ဆွဲနေသည်။





ယခုအခါ၌ အဏ္ဏာမလေ၏ ကိုယ်ခန္ဓာ၊ အသား၊ အရိုး၊ အသွေး၊ အသက်၊ ဝိညာဉ်အားလုံး အရည်ပျော်ပြီးလျှင် စုတ်တံ၏ဆေးရောင်များအဖြစ်ဖြင့် စက္ကူပေါ်၌ စီးဆင်းနေကြသည်။ သူ၏ကိုယ်ခန္ဓာသည် ဤကမ္ဘာလောကထဲတွင် ရှိနေသည်။ သို့ရာတွင် အသက်ဝိညာဉ်သည် ကိုယ်ခန္ဓာကို စွန့်ခွာသွားပြီးလျှင် သူ ဖန်တီးထားသော မိမိချစ်သူ၏ အသက်ဝိညာဉ်နှင့် တစ်ပေါင်းတည်း ဖြစ်သွားသည်။

အဏ္ဏာမလေ၏စိတ်နှလုံးထဲတွင်လည်း အာနန္ဒီ ရှိနေသည်။ ရုပ်ပုံထဲတွင်လည်း အာနန္ဒီရောက်နေသည်။ ယင်းကဲ့သို့ သဟဇာတဖြစ်နေသည့် အချိန်သည် မည်မျှရွှင်လန်း နှစ်သိမ့်ဖွယ်ဖြစ်သနည်း။ ဝိညာဉ်သည် အနှောင်အဖွဲ့အားလုံးက လွတ်မြောက်သွားသည်ဟု ထင်နေရသည်။ အာနန္ဒီကိုယ်တိုင် ထိုနေရာသို့ လာပြီးလျှင် ထိုပန်းချီပုံထဲတွင် ဝင်ရောက်ကိန်းအောင်းလျက် အစွန့်ရှည်စွာ သူ၏'စိတြပိယာ' သူ၏ ပန်းချီမြတ်နိုးသူ ဖြစ်လာလိမ့်မည်ဟူ၍ အဏ္ဏာမလေ တွေးနေမိသည်။

ထိုအခိုက် တစ်စုံတစ်ယောက် တံခါးလာခေါက်သည်။ အတွေးလွန်ပြီး အရူးသဖွယ် အားလုံးကိုမေ့နေသလိုဖြစ်နေသော အဏ္ဏာမလေ၏ဦးခေါင်းကို တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် လာထုသကဲ့သို့ ဖြစ်သွားသည်။ တစ်စုံတစ်ယောက်သည် တံခါးကို ပြင်းပြင်းထန်ထန် ခေါက်နေသည်မှာ တံခါးကို ကျိုးအောင်ချိုးနေသည်နှင့် တူလေသည်။ အဏ္ဏာမလေသည် ရူးသွပ်သလို ဖြစ်သွားသည်။ ယခုအချိန်၌ ချစ်ခြင်းမေတ္တာအားကို ရရှိနေသည်ဖြစ်၍ ဖန်တီးမှု အလင်းရောင်သည် ဝင်းလက် တောက်ပနေသည်။ ဤမြင့်မြတ်သော အချိန်ကာလ၌ ငါ၏ အလုပ်တွင် အနှောင့်အယှက်လာပေးသူမှာ မည်သူဖြစ်သနည်း။ ငါနှင့် အာနန္ဒီ ကိုယ်၊ အသက်၊ ဝိညာဉ် တစ်ခုတည်းပေါင်းဆုံနေသော ဤအချိန်သမယ၌ ငါတို့နှစ်ဦး၏အကြားတွင် လာရောက်ဖို့ ကြိုးစားနေသူမှာ မည်သူနည်း။

ထိုအချိန်တိုင်အောင်ပင် တံခါးကို တစ်ခေါက်ခေါက် ခေါက်နေသည်။ အဏ္ဏာမလေသည် လျှင်မြန်စွာ ထသွားပြီးလျှင် တံခါးကိုဖွင့်လိုက်သည်။ မိမိ၏အလုပ်တွင် အနှောင့်အယှက်လာပေးသော ထိုမိန်းမပျိုအား စားတော့မလို၊ ဝါးတော့မလို ဖြစ်နေသည်။ အဏ္ဏာမလေ၏ အသွင်အပြင်ကို တွေ့မြင်ရသောအခါ ရှုရဒါ လန့်သွားသည်။ အဏ္ဏာမလေ၏ ညာဘက်လက်ကို တွေ့မြင်ရသောအခါ ရှုရဒါ အော်လိုက်လေသည်။ ပတ်တီးစည်းထားရသော အဏ္ဏာမလေလက်တွင် စုတ်တံကို တွေ့မြင်နေရသည်။ လက်ဆစ်သည် ဖူးယောင်နေသည်။

ရှုရဒါသည် အဏ္ဏာမလေအနီးသို့ ပြေးသွားပြီးလျှင် အဏ္ဏာမလေ၏ ပခုံးပေါ် လက်တင်လျက် မေးလိုက်လေသည်။

"ရှင် ဘာလုပ်နေတာလဲ။ ရှင်ခံနေရတဲ့ ဒုက္ခတွေကို မေ့သွားပြီလား။ ယခုလို စိတ်လှုပ်ရှားမှု ဘာကြောင့် ရုတ်တရက်ပေါ်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏာမလေး ဆွဲနေသောပုံကိုကြည့်လိုက်သည်နှင့် အဏ္ဏာမလေး စိတ်လှုပ်ရှားနေရခြင်းအကြောင်းကို သိရှိသွားသည်။ အာနန္ဒ၏ပန်းချီပုံကို တွေ့မြင်ရသောအခါ ရှာရဒါ ကိုယ်တိုင် ကြက်သီးမွေးညှင်းထသွားသည်။

"ကျွန်တော် ဒီအိမ်ကို စွန့်ခွာရတော့မယ်။ ကျွန်တော့်ကို ဒီအိမ်က မာဏိက္ကမ် မောင်းထုတ်မပစ်ခင် ဒီအိမ်က ထွက်သွားဖို့ ကျွန်တော် စိတ်ကူးနေတယ်"

ယင်းသို့ပြောပြီးလျှင် အဏ္ဏာမလေးသည် စကားကိုစသည်။ အတန်ငယ်စဉ်းစား ဆင်ခြင်ပြီးနောက် ဆက်ပြောသည်။

"ဒီပုံကို သူ ကျွန်တော့်ဆီက လုယူလို့မရဘူး။ ကျွန်တော် အသက် သေချင်သေ သွားပါစေ ဒီပုံကိုတော့ ဘယ်သူ့ကိုမှမပေးဘူး"

ရှာရဒါ ဘာကိုမှနားမလည်အောင် ဖြစ်နေသည်။ အဏ္ဏာမလေးသည် လိုသည်ထက် ပိုပြီး စိတ်လှုပ်ရှားတက်ကြွနေပြီးလျှင် မိမိ၏ခံနိုင်ရည်စွမ်းအား လက်လွှတ်ဆုံးရှုံးနေသည် ဆိုသည်ကို ရှာရဒါ သိရှိနားလည်သွားသည်။ အဏ္ဏာမလေးက မာဏိက္ကမ် သူ့ကို မတရား လုပ်သည်ဆိုသည့် အကြောင်းကို အပြည့်အစုံပြောပြလိုက်သည်။

"တကယ်လို့ ယခုအချိန်မှာ အာနန္ဒ သေသွားရင်တောင် ကျွန်တော် ကြည့်နိုင်တော့မှာ မဟုတ်ဘူး"ဟူ၍ အဏ္ဏာမလေးက ငိုပြီးပြောပြသည်။

✦ ✦ ✦

ညနေချိန်ရောက်လာပြီ။ အဏ္ဏာမလေး၏ အိမ်မှထွက်လာပြီးလျှင် ရှာရဒါသည် ကဒိရေရှန်တို့၏ အိမ်သို့သွားသည်။ အိမ်ရှေ့ဘက်က ခြံထဲတွင် ကဒိရေရှန်ကို တွေ့ရသည် ဖြစ်၍ ရှာရဒါက ...

"ဦးကို ကျွန်မ အရေးကြီးတဲ့အကြောင်းတစ်ခု ပြောမလို့ လာခဲ့တာ"ဟု ပြောလိုက်လေသည်။ ရှာရဒါနှင့် ကဒိရေရှန်တို့သည် သူရဿတီရုပ်တု၏ အရှေ့ဘက်က ကျောက်ဖျာခုံပေါ် သွားထိုင်လိုက်ကြသည်။ ရှာရဒါက ကဒိရေရှန်အား အကြောင်းစုံပြောပြလိုက်သည်။ ထိုအချိန်၌ ကဒိရေရှန်သည် သူ၏နောက်ဘက်၌ရှိနေသော သူရဿတီရုပ်တုကဲ့သို့ပင် မတုန်မလှုပ် ထိုင်နေသည်။

ရှာရဒါသည် မိမိပြောချင်သည့်စကားကို ထိန်ချန်မထားဘဲ ရင်ဖွင့်လိုက်သည်။ အဏ္ဏာမလေးသည် ဘာတစ်ခုမှမသိရဘဲနှင့် ကြွေးတင်သူဖြစ်သွားပြီ။ အကယ်၍ အဏ္ဏာမလေး ဒုက္ခတစ်စုံတစ်ခုဖြစ်လာလျှင် ဘုရားသခင်အတွက်ပင် တာဝန်မကင်းဖြစ်သွားလိမ့်မည်ဟူ၍ ရှာရဒါက အဆုံးစွန်စကားပြောပြလိုက်သည်။ ကဒိရေရှန်က ဘာတစ်ခုမှ ပြန်မပြောဘဲ ခပ်မဆိတ်ဖြစ်နေသည်။ ရှာရဒါသည် ထိုအိမ်သို့ရောက်လာပြီး အာနန္ဒနှင့်မတွေ့ဘဲ ပြန်သွား





သည်။ ယောက္ခမ၏တင်းကျပ်သော အုပ်ချုပ်မှုအောက်၌နေရသော အာနန္ဒကို ရှာရဒါ ဒုက္ခပေးလိုသည့်ဆန္ဒ မရှိပေ။

ရှာရဒါ ပြန်သွားပြီးနောက်၌ ကဒိရေရှန်သည် လျှပ်စစ်မီးရောင်အောက်၌ အချိန်အတန်ကြာမျှ ခြံထဲတွင် လမ်းလျှောက်နေသည်။ ထို့နောက် သူရဿတီရုပ်တု၏ ရှေ့တွင် ရပ်လျက် မျက်တောင်မခတ် သူရဿတီရုပ်တုအား စူးစိုက်ကြည့်လိုက်သည်။ သူရဿတီ ရုပ်တုကိုကြည့်နေရင်း အတိတ်ကအကြောင်းအရာများသည် သူ၏စိတ်နှလုံးထဲတွင် ပေါ်ပေါက်လာကြသည်။ ထိုရုပ်တုအတွင်း၌ သူရဿတီနတ်သမီးနှင့်အတူ မိမိ၏ဇနီး သူရဿတီလည်း ကိန်းအောင်းနေသည်။ အာနန္ဒလည်း ရှိနေသည်။ ကဒိရေရှန်လည်း ရှိနေသည်။ သူရဿတီ နတ်သမီးသည် ထိုနေရာ၌ အလှတရားဖြင့် အသက်ရှင် လိုသည့်ဆန္ဒရှိကြသော မိမိတို့ အိမ်ထောင်စုကလေး၏ အမှတ်သင်္ကေတအဖြစ်ဖြင့် တင့်တယ်စံပယ်နေသည်။ သို့ရာတွင်...

ကဒိရေရှန်သည် "ဘဝကို အလှဆင်ပါ။ ဘဝကို ဖောက်ပြန်သွားအောင် မပြုလုပ်ပါနှင့်"ဟု အခြားပုဂ္ဂိုလ်များအား ပြောလေ့ပြောထရှိသည်။ ထိုအချိန်၌ ထိုစကားသည် သူ့ကို ပြက်ရယ်ပြုနေသလို ထင်နေရသည်။ သူတို့အိမ်ထောင်စု၌ မိမိကိုယ်တိုင် နားမလည်သော အဖြစ်အပျက်များစွာ ဖြစ်ပျက်နေသည်။ ကဒိရေရှန်သည် ရှာရဒါ ပြောပြသော စကားများကို မယုံကြည်ဘဲနေ၍မရပေ။

"အာနန္ဒသည် အလွန်တရာ မိုက်မဲသည့်အလုပ်ကို ပြုလုပ်လိုက်သည်။ ယောကျ်ား တစ်ယောက်၏ ပြစ်မှုအစား အာနန္ဒသည် မိမိကိုယ်ကို ဆုလာဘ်အဖြစ်ဖြင့် ထိုယောကျ်ားအား အပ်နှင်းလိုက်သည်"ဟူ၍ ကဒိရေရှန် စဉ်းစားမိသည်။

အပြင်ဘက်တွင် ကားမီးရောင်တွေ့ရသည်။ ကားသံကိုလည်း ကြားရသည်။ မာဏိက္ကမ် အိမ်ပြန်လာသည်။ ကဒိရေရှန်သည် မာဏိက္ကမ်အား ကြိုဆိုသည့်သဘောမျိုးဖြင့် အိမ်ဝရံတာသို့ သွားရပ်နေလိုက်သည်။ ကားပေါ်မှဆင်းလာသော မာဏိက္ကမ်အား ...

"ကျုပ် အခန်းထဲ ခဏလာပါဦး"ဟု ပြောပြီးလျှင် ကဒိရေရှန်သည် ထိုနေရာမှ ထွက်သွားသည်။

မာဏိက္ကမ်သည် မတ်တပ်ရပ်ရင်းက ..

"ဘာဖြစ်လို့လဲ။ ဘာကိစ္စရှိလို့လဲ"

ကဒိရေရှန်အား မေးလိုက်သည်။ ကဒိရေရှန်က မာဏိက္ကမ်အား ထိုင်ခိုင်းပြီး စကား စပြောသည်။

"မောင် အဏ္ဏာမလေးနှင့်ပေါင်းပြီး ကြွေးယူခဲ့တယ်မဟုတ်လား။ အဲဒီကြွေးကို မောင် မြန်မြန်ဆပ်လိုက်ပါ။ အဲဒီကြွေးကို မောင်ပဲဆပ်လိုက်ပါ"

ကဒိရေရှန်၏အသံ၌ တည်ကြည်လေးနက်မှုရှိနေသည်ကို တွေ့ရ၍ မာဏိက္ကမ် သည် အတန်ကြာမျှတွန့်သလို ဖြစ်သွားသည်။ နောက်တစ်ခဏအကြာ၌ မိမိကိုယ်ကို သိမ်းထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အဏ္ဏာမလေ ကဒီရေရှ်ထံလာပြီး အကြောင်းစုံ ပြောပြခြင်းဖြစ်လိမ့်မည်ဟု မာဏီက္ကမ် သံသယဖြစ်သွားသည်။

"သူ့အဖေကြောင့် ကျွန်တော် အများကြီး ဆုံးရှုံးနစ်နာသွားတယ်။ ဒီအကြွေးကို သူပဲ ဆပ်ရမယ်။ အမွေဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့် သူ့မှာရှိရင် အဲဒီအခွင့်အရေး အစားကြွေးကိုလည်း သူပဲဆပ်ရလိမ့်မယ်"

ကဒီရေရှ်က တအံ့တသြ မေးလိုက်သည်။

"သူ့ဖခင်ကြောင့် မောင် ဆုံးရှုံးနစ်နာသွားတာလား။ ဒါမှမဟုတ် မောင့်ကြောင့် ဒီရိုးသားအပြစ်ကင်းစင်တဲ့ လူကောင်းတစ်ယောက် ကိုယ့်အသက် စွန့်လွှတ်သွားရတာလား။ မောင် အခုလို မသင့်လျော်တဲ့စကားမျိုးကို မပြောသင့်ဘူး။ ပညာသင်ကြားဖူးတဲ့ လူတွေအနေနှင့် ယဉ်ကျေးတဲ့အပြုအမူကို ပြုလုပ်သင့်တယ်။ ယဉ်ကျေးတဲ့အပြုအမူဟာ ပညာသင်ဖူးတဲ့ လူတွေရဲ့ အဆင်တန်ဆာဖြစ်တယ်"

ထိုနေ့တွင် သူ့ယောက္ခမက ပထမဆုံးအကြိမ် သူ့ကို ဆုံးမဩဝါဒပေးနေသည်။ ယောက္ခမ၏အဆုံးအမဩဝါဒကို ကြားရသောကြောင့် မာဏီက္ကမ် မခံချင်ဖြစ်သွားသည်။ မိမိယောက္ခမ၏ထံတွင် မည်မျှစွမ်းရည်သတ္တိရှိသည်ဆိုသည်ကို ပထမဆုံးအကြိမ် သိရှိနားလည်သွားသည်။ ယောက္ခမ၏စကားကို ပြန်လှန်မပြောဘဲ မာဏီက္ကမ်သည် တိတ်တဆိတ် ရပ်ကြည့်နေသည်။

"တကယ်လို့ မောင့်ဆီမှာ ငွေမရှိရင် ကျုပ်ရဲ့ ဒီအိမ်ကိုရောင်းပြီး ကြွေးဆပ်လိုက်ပါ။ အိမ်ရောင်းလိုက်ရင် မနက်ဖြန်ခါ တခြားအိမ်ဝယ်လို့ရတယ်။ ဒါပေမဲ့ မိမိဝိညာဉ်ကို ရောင်းစားလိုက်ရင်တော့ လူလိုအသက်ရှင်နေထိုင်သွားဖို့ မလွယ်ဘူး။ မနက်ဖြန်ပဲ ဒီအလုပ်ကို ပြီးအောင်လုပ်ပါ။ နောက်ကျမှ တခြားလုပ်စရာရှိတဲ့ အလုပ်ကိုလုပ်ပါ"

မာဏီက္ကမ်က အသံခပ်မာမာဖြင့် ပြန်ပြောသည်။

"အဲဒီလိုလုပ်လို့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီအိမ်ရဲ့ တန်ဖိုးထက်များတဲ့ငွေကို ချေးပြီး ကျွန်တော့်လုပ်ငန်းထဲမှာ ထည့်ထားတာ ဖြစ်တယ်။ အခုအချိန်မှာ ကျွန်တော့်ဆီမှာ ဘာမှမရှိဘူးဆိုတာ ကြွေးရှင်က သိတယ်။ ဒါကြောင့် ကြွေးဆပ်ဖို့ ကြွေးရှင်က နားပူနားဆာ လုပ်နေတာဖြစ်တယ်"

ကဒီရေရှ် မျက်လုံးပြူးသွားသည်။

"ဤအိမ်သည် ခင်ဗျားအိမ်မဟုတ်၊ ကျွန်တော့်အိမ်ဖြစ်သည်"ဟု မာဏီက္ကမ်က အရိပ်အမြွက် ပြောပြလိုက်ခြင်းဖြစ်ပေလိမ့်မည်။ မာဏီက္ကမ်၏ တစ်ကိုယ်ကောင်းဆန်မှု၊ အကြင်နာမဲ့မှုကို တွေ့မြင်သိရှိရသည်ဖြစ်၍ ကဒီရေရှ် စိတ်ထိခိုက်သွားသည်။ မိမိ အဖော်သဟဲပြုပြီး ရှေ့ချီတက်နေသော ယုံကြည်ချက်သည် ကျိုးပျက်သွားသည်။ ကဒီရေရှ်သည်





တရားမမှုနှင့် ပတ်သက်သောအကြောင်းများကိုပြောလျက် မာဏီက္ကမ်အား နားချဖို့ ကြိုးစားကြည့်သည်။ သို့ရာတွင် ကဒီရေရှ်၏ စကားများသည် မာဏီက္ကမ်အပေါ်တွင် မည်သို့မျှ အကျိုးသက်ရောက်မှု မရှိပေ။ တရားမမှုနှင့် တရားမျှတမှုသည် သူ့ဘက်၌ ရှိနေသည်ဟူ၍ မာဏီက္ကမ်က ကဒီရေရှ်အား ပြောပြသည်။ တရားရုံးက အဏ္ဏာမလေအား ကြွေးဆပ်ရမည်ဟု အဆုံးအဖြတ်ပေးလိုက်သည့်အခြေအနေ၌ အဏ္ဏာမလေဘက်က တစ်စုံတစ်ရာပြောဆိုခြင်း သို့မဟုတ် အဏ္ဏာမလေအား ကိုယ်ချင်းစာနာမှု၊ ညာတာ ထောက်ထားမှုပြုခြင်းမှာ မသင့်လျော်ဟူ၍ မာဏီက္ကမ်က အကြောင်းပြသည်။

အချည်းနှီး အလဟဿဖြစ်သော နှုတ်လှန်ထိုးသည့်စကားလုံးများကို ကဒီရေရှ်သည် အခြားပုဂ္ဂိုလ်များ၏ နှုတ်မှကြားခဲ့ရဖူးသည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ယင်းစကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ပေ။ မာဏီက္ကမ်သည် အချည်းနှီး အလဟဿနှုတ်လှန်ထိုးခြင်း၏ ရုပ်လုံးရုပ်သွင်သဖွယ် ကဒီရေရှ်၏ရှေ့၌ ထိုင်ပြီးလျှင် ကဒီရေရှ်အား နှုတ်လှန်ထိုးနေသည်။ တရားခံ သို့မဟုတ် အမှုမမှန်သော တရားလိုဘက်မှ မတရားလျှောက်လဲချက်ပေးနေကြသော ရှေ့နေများသည်ပင် မာဏီက္ကမ်ထံမှ သင်ခန်းစာ သင်ကြားဆည်းပူးနိုင်သည်ဟူ၍ ကဒီရေရှ်ထင်သွားသည်။

ကဒီရေရှ်က မာဏီက္ကမ်အား ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"မာဏီက္ကမ်၊ မောင်ဟာ အသက်အရွယ်ငယ်သေးပေမယ့် လိုတာထက်ပိုပြီး ကြိုးစားအားထုတ်မှု ရှိတယ်။ မောင်ရဲ့ ကြိုးစားအားထုတ်မှုဟာ ခြောက်သယောင်းနေတဲ့ မြေကြီးထဲ လောင်းထည့်တဲ့ရေလို အချည်းနှီးအလဟဿ ဖြစ်သွားရတာ ဦး စိတ် မကောင်းဘူး။ တခြားလူတွေကို တစ်ပတ်ရိုက်တာ၊ လက်တစ်လုံးခြား အပြုအမူများကို ပြုလုပ်တာ၊ တခြားလူတွေရဲ့ ပစ္စည်းဥစ္စာကို သိမ်းယူလိုတဲ့ဆန္ဒရှိတာ၊ အဲဒီသေးငယ်တဲ့ အလုပ်တွေဟာ ဘဝကို ဖောက်ပြန်သွားအောင် ပြုလုပ်ကြတယ်။ မောင် အခုကစပြီး ဘဝကို အလှဆင်ဖို့ ကြိုးစားလိမ့်မယ်လို့ ဦး ယုံကြည်စိတ်ချတယ်"

မာဏီက္ကမ်သည် ဒေါသထွက်လာပြီးလျှင် ယောက္ခမ၏လည်မျိုကို ညှစ်ပစ်လိုက်ချင်သည့် စိတ်ပေါက်သွားသည်။ ချက်ချင်းထပြီး အခန်းထဲက ထွက်သွားဖို့ဆုံးဖြတ်လိုက်သည်။ ထိုအခိုက် အာနန္ဒီ တံခါးဝ၌ရပ်နေသည်ကို မာဏီက္ကမ် တွေ့သွားသည်။

"အာနန္ဒီ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

ယင်းသို့ပြောပြီးလျှင် မာဏီက္ကမ်သည် ကဒီရေရှ်အပေါ် ထွက်နေသောဒေါသကို အာနန္ဒီအပေါ် မြားဦးလှည့်ပေးလိုက်သည်။

"ဦး သူ့ကို ပြောစရာတစ်ခုရှိတယ်"

ယင်းသို့ပြောလျက် ကဒီရေရှ်သည် အာနန္ဒီကို သူ့အပါးသို့ ခေါ်လိုက်သည်။ ကဒီရေရှ် မျက်ရည်လည်လာသည်။ အာနန္ဒီကို ပြတ်ပြတ်သားသား မမြင်ရပေ။ မျက်မှန်ကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်လျက် မျက်လုံးကို ပွတ်လိုက်သည်။ အခန်းအပြင်ဘက် ထွက်သွားသော မာဏိက္ကမ်သည် အာနန္ဒီအခန်းထဲ ရောက်လာသည်ဖြစ်၍ ထိုနေရာ၌ပင် ရပ်နေလိုက်သည်။

"အာနန္ဒီ၊ ဖေဖေ သမီးအတွက် လက်ဝတ်တန်ဆာတွေ လုပ်ပေးထားတယ်။ အဲဒီလက်ဝတ်တန်ဆာတွေနှင့် သမီးအမေ့ လက်ဝတ်တန်ဆာတွေကို တခြားပစ္စည်းတွေနှင့် အတူ စာရင်းလုပ်ပြီး ဖေဖေ့ဆီ ယူလာခဲ့။ အဲဒီပစ္စည်းတွေကို ဖေဖေ မနက်ဖြန်ပဲ ထုခွဲရောင်းချဖို့ အစီအစဉ်လုပ်မယ်။ ကျန်တဲ့ပစ္စည်းတွေကိုတော့ နောက်မှရောင်းမယ်။ အဌ္ဌာမလေ အကြွေး တစ်ပြားမှ ဆပ်စရာမလိုဘူး။ တကယ်လို့ ဖေဖေ သူ့ကို ကြွေးအဆပ်နိုင်းတယ်ဆိုရင် ဖေဖေ အသက်ရှင်နေလို့လည်း ဘာမှအကျိုးထူးမှာ မဟုတ်ဘူး"

ကဒိရေရှန်၏ ပိန်ကျုံပါးလျနေသော ကိုယ်ခန္ဓာသည် စိတ်လှုပ်ရှားနေမှု အရှိန်အဟုန်ကို ခံရပ်နိုင်ခြင်းမရှိသည့်အတွက် ယိမ်းထိုးလှုပ်ခါနေသည်။

မာဏိက္ကမ်သည် ပြဇာတ်ထဲတွင် ပါဝင်ကပြသူ၏ပုံစံမျိုးဖြင့် စကားကို စ ပြောသည်။

"မစ္စတာကဒိရေရှန်၊ ကျွန်တော် ခင်ဗျားကို ဒီအိမ်က မြက်ပင်တစ်ပင်ကိုတောင် ယူသွားခွင့်ပေးမှာမဟုတ်ဘူး၊ ကျွန်တော် အာနန္ဒီလည်ပင်းမှာ လက်ထပ်မင်္ဂလာဆွဲကြိုး ဆွဲပေးပြီး သူနှင့်လက်ထပ်မင်္ဂလာပြုလုပ်ထားတာ ဖြစ်တယ်။ အာနန္ဒီဟာ ကျွန်တော့်ဇနီး၊ ဒီအိမ်မှာရှိတဲ့ ပစ္စည်းအားလုံးရဲ့ပိုင်ရှင်ဟာ ကျွန်တော်ပဲဖြစ်တယ်။ အိမ်တံခါးဝမှာ ရှိနေတဲ့ ရပ်တုကို ခင်ဗျား ဘယ်ကိုပဲဖြစ်ဖြစ် ယူသွားလို့ရတယ်"

"အာနန္ဒီလည်ပင်းမှာ မင်းလက်ထပ်မင်္ဂလာဆွဲကြိုး ဆွဲပေးတဲ့အတွက် အာနန္ဒီဟာ မင်းဇနီးဖြစ်တယ်၊ အဲဒါကြောင့် ဒီအိမ်မှာရှိတဲ့ ပစ္စည်းတွေကိုလည်း မင်းပိုင် ဆိုင်တယ် ဟုတ်လား"

ယင်းသို့ပြောလျက် ကဒိရေရှန်သည် ဟားတိုက်ရယ်လိုက်သည်။ ထိုအချိန်၌ ကဒိရေရှန်၏ရယ်သံသည် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ရယ်သံဖြစ်နေသည်။

ကဒိရေရှန်၏ရယ်သံ၌ မည်သည့်အရာ ကွယ်ဝှက်နေသည်မသိပေ။ ယင်း ရယ်သံသည် မာဏိက္ကမ်၏ ကိုယ်ခန္ဓာကိုလည်းကောင်း၊ အသွေးကိုလည်းကောင်း၊ အရိုးနှင့်အသား ပေါင်းစပ်ထားသော ကိုယ်ခန္ဓာ၏အတွင်း၌ရှိနေသော ဝိညာဉ်ကိုလည်းကောင်း၊ မီးလောင်မြိုက်လိုက်သလို ဖြစ်သွားသည်။ မာဏိက္ကမ်က မတ်တတ်ရပ်နေသော အာနန္ဒီဘက် လှည့်ပြောလိုက်သည်။

"သွား၊ ငါ့ကို ထမင်းပြင်ကျွေး၊ မင်း အဖေ ဘာဖြစ်သွားတယ် မသိဘူး။ မင်း အဖေနှင့် ငါ အခု စကားပြောလို့မဖြစ်ဘူး"

ယင်းသို့ ပြောပြီးလျှင် မာဏိက္ကမ်သည် အာနန္ဒီ၏ လက်ကိုဆွဲလျက် အခန်းထဲ ဝင်သွားသည်။

အာနန္ဒီက ကဒိရေရှန်အား ထမင်းစားခေါ်လိုက်သည်။



"ဖေဖေလည်း လာစားလေ"

ကဒိရေရှန်က ဒုတိယမ္ပိ ရယ်လိုက်ပြန်သည်။

"သွား သမီးသွား၊ ထမင်းတွေစားစားပြီး ဖေဖေ့ကိုယ်ခန္ဓာဟာ ဝလွန်းမက ဝလာပြီ။ ဒီအိမ်မှာ တရားမှုနှင့် ရိုးသားမှု လုပ်ကြံသတ်ဖြတ်ခံနေရတယ်။ တရားမှုနှင့် ရိုးသားမှုကို လည်မျိုညှစ်ပြီး လုပ်ကြံသတ်ဖြတ်နေတယ်။ ဖေဖေ့အနေနှင့် ထမင်းစားဖို့ ဘယ်မှာ စိတ်ကူးထဲထည့်နိုင်မှာလဲ။ ဖေဖေ့ကို ထမင်းစားဖို့ မခေါ်နှင့်၊ သမီးသွား။ တရားမှုက ဖေဖေ့လည်မျိုညှစ်ပြီး သတ်လိမ့်မယ်"

ထမင်းစားနေသောအချိန်၌ အကြိမ်များစွာ မာဏိက္ကမ်သည် ထမင်းမျှင်နေသည်။ ချောင်းလည်း ဆိုးနေသည်။ သူ၏မိခင်က "ငါ့သားကို ဘယ်အယုတ်တမာကများ ကျိန်ဆဲနေတယ်မသိဘူး။ အဲဒီအယုတ်တမာ သေကြေပျက်စီးသွားပါစေတော်" ဟု ပြောလျက် မသိရသောသူအား ကျိန်ဆဲလိုက်လေသည်။ ယင်းအယုတ်တမာ၏ အမည်နာမကို ထုတ်ဖော် မပြောသော်လည်း သူ၏ပြောစကားကိုထောက်လျက် အာနန္ဒီနှင့် သူပင် ကဒိရေရှန်ကိုသာလျှင် ယင်းကဲ့သို့ ကျိန်ဆဲနေသည်ဆိုသည်မှာ သိသာထင်ရှားလှသည်။

ထိုနေ့၌ ထိုအိမ်တွင် လူနှစ်ယောက် ထမင်းလည်း မစားပေ။ အိပ်၍လည်း မပျော်ပေ။ နှစ်ယောက်လုံးသည် နေရာတခြားစီတွင်ရှိနေကြပြီး မိမိတို့၏ဝိညာဉ်ကို ရှာဖွေနေကြသည်။ ညဉ့်၏တခဲနက်အမိုက်တိုက်ထဲတွင် သူတို့နှစ်ယောက်သည် မိမိတို့၏ နှလုံးသား အတွင်း၌ရှိသော အလင်းရောင်ကို ရှာဖွေနေကြသည်။ သူတို့နှစ်ယောက်သည် တောင်တန်း ဒေသ၌တည်ရှိနေသော တောနက်ထဲဝင်လျက် အဝေး၌ရှိနေသည့် တောင်တစ်တောင်၏ ထိပ်ပေါ်တွင် ရှိနေသော အလင်းရောင်သို့ ရောက်အောင် ကြိုးစားနေသကဲ့သို့ ထင်ရသည်။ အဝေး၌ အလင်းရောင်တစ်ခုကို လှမ်းမြင်နေကြရသော်လည်း ထိုအလင်းရောင်သို့သွားရန် လမ်းမတွေ့ဘဲ ဖြစ်နေကြသည်။ အလင်းရောင်အနီးသို့ ရောက်ရှိလာလေလေ အလင်းရောင်မှာ ဝေးကွာသွားလေလေဟု ယုံမှားသံသယ ဖြစ်နေကြသည်။

နောက်တစ်နေ့နံနက်မိုးမှ အိပ်ရာမှထသည်နှင့်တစ်ပြိုင်နက် ကဒိရေရှန်သည် အိမ်က ထွက်သွားသည်။ မိမိဘယ်သွားမည်ဆိုသည်ကိုမှ အာနန္ဒီအား ပြောမပြခဲ့ပေ။ ထို့နောက် သူစိမ်းတစ်ရံဆံ လူအတော်များများ အဌ္ဌာမလေ၏ အိမ်ထဲဝင်သွားကြသည်ကို အာနန္ဒီ တွေ့မြင်ရသည်။ ယင်းလူများထဲက တရားရုံးက အရာရှိများကိုလည်းကောင်း၊ ကြွေးရှင်နှင့် ပစ္စည်းသိမ်းမည့်လူများကိုလည်းကောင်း အာနန္ဒီ မှတ်မိသည်။ အရူးအသွင်ကဲ့သို့ အာနန္ဒီသည် အိမ်ထဲ ပြေးဝင်သွားသည်။ မာဏိက္ကမ်သည် အိမ်အပေါ်ထပ်မှရပ်လျက် ယင်းရှုခင်းကို ပြုံးပြုံးကြီး ကြည့်နေသည်။ နေ့ရက်များစွာကပင် ယင်းရှုခင်းကို ကြည့်ဖို့ရန် စောင့်လာခဲ့ခြင်း ဖြစ်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ၌ လူစိမ်းလေးငါးယောက်သည် အဏ္ဏာမလေ၏အိမ်သို့ ရောက်လာကြသည်။ ထိုလူများက အဏ္ဏာမလေကို လာရှာသည်ဟူ၍ မီနာချီအမှာလအား ပြောပြသည်။ ထိုလူများသည် အိမ်တံခါးဝ၌ စာရွက်တစ်ရွက်ကပ်လိုက်ပြီးလျှင် မည်သူ့ထံကမှ ခွင့်မတောင်းဘဲ ပစ္စည်းအားလုံးကို ကြည့်ကြသည်။ အိမ်ထဲဝင်ရောက်လာသူ တစ်ယောက်က မီနာချီအမှာလအား အိမ်နှင့် အိမ်ရှိပစ္စည်းအားလုံးကို သိမ်းရမည်ဖြစ်ကြောင်း ပြောပြလေသည်။

မီနာချီအမှာလသည် ပါးစပ်အဟောင်းသားနှင့် ရပ်နေသည်။ ထို့နောက် အတန်ကြာမျှ ကယောင်ချောက်ချားဖြစ်ပြီးလျှင် တုန်တုန်ယင်ယင်နှင့် အိမ်အပေါ်ထပ် အဏ္ဏာမလေရှိရာသို့ ပြေးတက်သွားသည်။ အဏ္ဏာမလေသည် အာနန္ဒီ၏ပုံရှေ့၌ထိုင်လျက် အာနန္ဒီ၏ပုံကို အပြီးသတ်ရေးဆွဲနေသည်။ အာနန္ဒီ၏ပုံသည် ပြီးသလောက် ရှိသွားပြီ။ နောက်ထပ် နှစ်နာရီလောက် တိတ်တိတ်ဆိတ်ဆိတ်ငြိမ်ငြိမ်သက်သက် ရေးဆွဲဖို့လောက်သာ လိုတော့သည်။ အဏ္ဏာမလေ၏ ညာဘက်လက်၌ ပြင်းပြင်းထန်ထန် နာကျင်မှု ခံစားနေရသည်။ စုတ်တံကို ကိုင်ထားသော လက်ချောင်းများနှင့် လက်ဆစ်များလည်း နာကျင်လွန်းလှသဖြင့် ကျိုးတော့မလိုဖြစ်နေကြသည်။ သို့သော်လည်း ပန်းချီပုံကို ရေးဆွဲမပြီးမချင်း နေရာမှမထဟူ၍ အဏ္ဏာမလေ အဓိဋ္ဌာန်ပြုထားသည်။

အဏ္ဏာမလေသည် မိမိ၏အလုပ်ကို လာအနှောင့်အယှက်ပေးသော မိခင်ကို လှည့်ကြည့်လိုက်သည်။ အကြောင်းစုံကို ပြောပြပြီးသောအခါ မီနာချီအမှာလသည် ရှိုက်၍ ငိုချလိုက်သည်။ ယင်းတို့နက်ခြင်းနှင့် မတရားလုပ်ခြင်းကို သည်းခံမနေနိုင်တော့ပေ။

အဏ္ဏာမလေက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

"ယခုအချိန်မှာ ကျွန်တော် ဘယ်သူနှင့်မှ မတွေ့ချင်ဘူး။ နောက်တော်တော်လေးကြာမှ လာခဲ့ကြလို့ သွားပြောလိုက်ပါ။ တကယ်လို့ သူတို့ အတင်းအဓမ္မလုပ်ချင်လည်း လုပ်ပါစေ။ ကျွန်တော် အခုအချိန်မှာ ကိုယ်လုပ်နေတဲ့အလုပ်ကိုထားခဲ့ပြီး ဘယ်ကိုမှ မလာနိုင်ဘူး"

မိမိသား၏အမူအရာကို ကြည့်လျက် ရယ်ရမည်လား၊ ငိုရမည်လားဟူ၍ မီနာချီအမှာလ နားမလည်နိုင်အောင်ဖြစ်သွားသည်။

မီးဟုန်းဟုန်းတောက်နေသော အိမ်၏အတွင်း၌ထိုင်ပြီး ဖွဲခတ်နေရမလားဟူ၍ စဉ်းစားပြီးလျှင် မီနာချီအမှာလသည် စိတ်ဆိုးမာန်ဆိုးဖြစ်သွားသည်။ မိမိ၏သားအား မာန်မဲကြိမ်းမောင်းလိုက်သည်။ သို့ရာတွင် အဏ္ဏာမလေ၏အပေါ်၌ မည်သို့မျှ အကျိုးသက်ရောက်မှု ရှိမသွားပေ။

ထိုအခိုက်၌ပင် ထိုလူစိမ်းများသည် အိမ်အပေါ်ထပ် တက်လာကြသည်။ အဏ္ဏာမလေသည် ထိုသူများအား မျက်နှာထားတင်းတင်းနှင့်ကြည့်လိုက်သည်။ သူ၏အကြည့်၌ "အနုပညာဖန်တီးမှု ပြုလုပ်နေသော ဤမြင့်မြတ်သော အချိန်ကာလ၌ ခင်ဗျားတို့





ဤအခန်းထဲသို့ အဘယ်ကြောင့် မကြောက်မရွံ့ ဝင်လာကြသနည်း"ဟု ထိုလူများအား မေးနေသကဲ့သို့ ထင်နေရသည်။

အပေါ်ထပ်တက်လာသော လူတွေထဲက တစ်ယောက်က တရားရုံးတံဆိပ် ခတ်နှိပ်ထားသော စာရွက်တစ်ရွက်ပေါ်တွင် အဏ္ဏာမလေအား လက်မှတ်ထိုးခိုင်းလိုက်သည်။ စာရွက်ပေါ်တွင် ရေးသားထားသည်များကိုလည်း ဖတ်ကြည့်ပါဟူ၍ ပြောပြလိုက်သည်။ အဏ္ဏာမလေသည် စိတ်မပါတပါနှင့် စာရွက်ပေါ်တွင် ရေးသားထားသည်များကို ဖတ်ကြည့်လိုက်သည်။ အဏ္ဏာမလေယူထားသော ကြွေးကိုဆပ်ရန်အတွက် ရုံးတော်က အဏ္ဏာမလေ၏အိမ်နှင့် အခြားပစ္စည်းများကို လေလံပစ်ပြီးလျှင် လေလံမှရရှိသောငွေနှင့် ကြွေးဆပ်ရလိမ့်မည် ဟူ၍ စာရွက်ထဲတွင် ရေးသားဖော်ပြထားသည်။

ထိုစာရွက်ထဲတွင် အဏ္ဏာမလေ၏ ရွှေ့ပြောင်း၍ရနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်း၍ မရသောပစ္စည်းများကို တရားရုံးတော်က သိမ်းလိမ့်မည်ဆိုသည့်အကြောင်းကို ရေးသားဖော်ပြထားသည်။ ရုတ်တရက် အဏ္ဏာမလေ၏ စိတ်ထဲတွင် သံသယစိတ်တစ်ခုဝင်လာသည်။ အာနန္ဒီ၏ပန်းချီပုံကို ကြည့်လျက် စဉ်းစားမိသည်။

"ဒီလူတွေ ပန်းချီပုံကိုလည်း ငါ၏ရွှေ့ပြောင်း၍ရသောပစ္စည်းဟု ထင်မှတ်သွားပြီး ငါ့ဆီက လုယူသွားကြမှာလား"

"ခင်ဗျားတို့ အခုဘာလုပ်မယ်ဆိုတာ ပြောပြကြပါဦး"

ထိုလူတွေထဲက တစ်ယောက်ပြောသည်။

"ကျုပ်တို့ ဒီအိမ်မှာရှိတဲ့ ပစ္စည်းအားလုံးကို လော်ရီကားနှင့် ယူသွားကြမယ်။ ကျုပ်တို့လူတွေ လော်ရီကားယူပြီး နောက်က လိုက်လာကြတယ်။ အဲဒီနောက် ခင်ဗျား ဒီအိမ်မှာနေလို့ မရတော့ဘူး။ ဒီအိမ်က ထွက်ပေးရမယ်။ အိမ်ထဲမှ ဘာမှမရှိတော့မှ အိမ်က သော့ခတ်ပြီး သော့ပေါ်မှာ ချိတ်ပိတ်ပြီးတော့ ကျုပ်တို့ ဒီနေရာကထွက်သွားမယ်"

အဏ္ဏာမလေက "သြော်ဒီလိုလား"ဟု ပြောလိုက်သည်။ ထို့နောက် အတန်ငယ် စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။ အတန်ကြာသောအခါ အဏ္ဏာမလေက မေးမြန်းလိုက်ပြန်သည်။

"ခင်ဗျားတို့ထဲက ကြွေးရှင်က ဘယ်သူလဲ။ တရားရုံးက လူက ဘယ်သူလဲ"

အဏ္ဏာမလေသည် ကြွေးရှင်ကို ထိုအချိန်မတိုင်ခင်က တစ်ခါမှမတွေ့ဖူးပေ။

"ကြွေးရှင် ကျုပ်ပဲ" ယင်းသို့ပြောလျက် လူတစ်ယောက် ရှေ့ထွက်လာသည်။ မာဏိက္ကမ်ကဲ့သို့ပင် ထိုသူ၏ကိုယ်ခန္ဓာသည် ဟိုနေရာသည်နေရာ၌ အသားများ တွဲကျနေသည်။ ထိုသူ၏မျက်နှာကိုကြည့်ခြင်းအားဖြင့် ထိုသူသည် ပညာနှင့်လည်းကောင်း၊ ယဉ်ကျေးမှုနှင့်လည်းကောင်း အလွန်ဝေးကွာသောဒေသသို့ ရောက်ရှိနေသည်ဟု ထင်မှတ်ရသည်။

အဏ္ဏာမလေက ဒေါသနှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

''ဒီအလုပ်ဟာ ဥပဒေအနေနှင့် ကြည့်လျှင်တော့ မှန်ချင်မှန်မယ်။ ဒါပေမဲ့ ခင်ဗျား ကိုယ့်အတွင်းသန္တာန်ထဲက ဝိညာဉ်ရဲ့အသံကို ကြားရင်တော့ ခင်ဗျား မတရားမှုကို လုပ်နေတယ် ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။ ခင်ဗျား၊ မာဏ်ကွက်မြေပြာမြီတာနှင့် မာဏ်ကွက် အကျိုးအတွက် ဒါလောက်ကြီးမားတဲ့မတရားမှုကို ပြုလုပ်နေတယ်။ ကျွန်တော် ခင်ဗျားဆီက ကြွေးတစ်ပြားမှ မယူဘူးဆိုတာ ခင်ဗျားနားလည်တယ်။ ကျွန်တော့်အိမ်ကို လေလံပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ခင်ဗျားဟာခုလို လုပ်နေတာဖြစ်တယ်။ ခင်ဗျားလုပ်စရာရှိတာ လုပ်ပါ။ လူသားစားတဲ့လင်းတတွေဟာ လူသေပြီးတဲ့နောက်ကျမှသာ လူသေအလောင်းကို ထိုးဆိတ် စားကြတယ်။ ခင်ဗျားတို့ကတော့ စီးပွားရေး ဘီလူးသဘက်တွေဖြစ်တယ်။ အသက်ရှင်နေတဲ့ လူတွေကိုပဲ ထိုးဆိတ်စားသောက်ဖို့ ရည်ရွယ်နေကြတယ်။ ခင်ဗျားတို့ လောဘရမက် တက်နေကြတဲ့ ဥစ္စာပစ္စည်းဟာ ကျွန်တော့်ခြေထောက်မှာကပ်နေတဲ့ ဖုန်မှုန့်လောက်ပဲ တန်ဖိုး ရှိတယ်။ ကိစ္စမရှိဘူး။ ခင်ဗျားတို့ လုပ်ချင်သလို လုပ်နိုင်တယ်''

ကြွေးရှင်သည် အလွန်ချမ်းသာကြွယ်ဝသူတစ်ယောက်ဖြစ်သည်။ သူ့ထံတွင် ကားများ၊ ဘန်ဂလိုများ၊ မြေများ၊ ကျွဲနွားများ များစွာရှိသည်။ မိမိတွင်ရှိသော ဓနမာန်ဖြင့် လူပေါင်းများစွာကို ခြိမ်းခြောက်ပြီးလျှင် နည်းအမျိုးမျိုးဖြင့် မိမိအလိုသို့ပါအောင် လုပ် ထားသည်။ ဆင်းရဲသူဆင်းရဲသားများအား ဖုန်မှုန့်သဖွယ် ထင်မှတ်ထားသည်။ သို့သော်လည်း ထိုကြွေးရှင်သည် အဏ္ဏာမလေလို လူနှင့်တွေ့သွားသောအခါ အလွန်တရာ အံ့သြသွားသည်။ မိမိ၏ပစ္စည်းအားလုံး ဆုံးရှုံးလက်လွတ်သွားပြီ။ သို့ရာတွင် သူ့တွင် အလွန်တရာကြီးမားသော ပစ္စည်းဥစ္စာတစ်ခု ရှိနေသေးသည်ဟူ၍ ကြွေးရှင်သူဌေး အတွေးပေါ်လာသည်။

''ကျွန်တော် တစ်ခုတော့ပြောချင်တယ်။ တကယ်လို့ ခင်ဗျား ဒီပန်းချီပုံကို ကျွန်တော်ပိုင်တဲ့ ရွှေ့ပြောင်းလို့ရတဲ့ ပစ္စည်းဥစ္စာထဲမှာ မထည့်ဘူးဆိုရင်တော့ ကျွန်တော် ဒီပန်းချီပုံကို ယူထားချင်တယ်။ ဒီပန်းချီပုံကလွဲပြီး တခြားဥစ္စာပစ္စည်း အားလုံးကို ခင်ဗျား ယူသွားနိုင်တယ်။ ဒီပန်းချီပုံကို ကျွန်တော် ဘယ်သူ့ကိုမှ မပေးဘူး။ တကယ်လို့ တစ်စုံ တစ်ယောက်က ဒီပန်းချီပုံ လာထိမယ်ဆိုရင်တော့ ဘယ်လိုအခြေအနေမျိုး ဖြစ်သွားမယ်ဆိုတာ ပြောမပြနိုင်ဘူး''

ကြွေးရှင်သည် အဏ္ဏာမလေအား အရူးတစ်ယောက်ကို ကြည့်နေသကဲ့သို့ပင် ကြည့်နေသည်။ ထို့နောက် စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်သည်။

''ကျုပ်တို့ ဒီအမှိုက်သရိုက်လိုဟာမျိုးကို အလိုမရှိဘူး''

''ခင်ဗျားတို့က ငွေကြေးကို ပူဇော်နေတဲ့လူတွေပဲ''

ယင်းသို့ပြောပြီးလျှင် အဏ္ဏာမလေသည် ထောင့်တစ်ထောင့်တွင် ရပ်နေသော သူ့အမေဘက် လှည့်ကြည့်ပြီး ပြောလိုက်သည်။





''အမေ သူတို့ကို အိမ်သော့နှင့် သေတ္တာနှင့် ဘီရိုတွေ့ဖော်တဲ့သော့တွေကို ပေးလိုက်ပါ။ သူတို့ အိမ်အောက်ထပ်မှာရှိတဲ့ ပစ္စည်းတွေကို အရင်သယ်သွားကြပါစေ။ အဲဒီအချိန်အထိ ဒီပုံကို ကျွန်တော် ပြီးအောင်ဆွဲမယ်။ အဲဒီနောက်ကျမှ ကျွန်တော်တို့အိမ်ကို ထားခဲ့ပြီး တစ်နေရာရာကို သွားကြမယ်''

မိနာချီအမာလသည် အပြေစကားပြန်ပြောကြားနိုင်သည့် အခြေအနေမရှိပေ။ ဖြစ်ပေါ်နေသည့်အခြေအနေကို ဟန့်တားနိုင်စွမ်းသည် မရှိပေ။ ထို့ကြောင့် စကားတစ်ခွန်းမှ မပြောတော့ဘဲ အိမ်အောက်ထပ်ဆင်းသွားသည်။

အဏ္ဏာမလေက ပြောလိုက်သည်။

''ဆူဆူညံညံလုပ်ပြီး ကျွန်တော့်အလုပ်ကိုတော့ အနှောင့်အယှက်မပေးကြပါနှင့်။ ကိုယ့်အလုပ်ကိုသာ ကိုယ်သွားလုပ်ကြပါ''

ထိုနေရာသို့ရောက်ရှိလာသော လူအားလုံး ပြန်လှည့်သွားကြသည်။ ထိုလူတွေထဲ က တစ်ယောက်သောလူသည် အဏ္ဏာမလေ၏အနီးသို့ ကပ်လာသည်။ ထိုပုဂ္ဂိုလ်မှာ တရားရုံး က လူဖြစ်သည်။ ထိုပုဂ္ဂိုလ်က ပြောလိုက်သည်။

''တရားဥပဒေက ခင်ဗျားကိုလည်း အကူအညီပေးနိုင်ပါတယ်။ ခင်ဗျား ဒီကြွေးကို ဆပ်လိုက်ပြီးတော့ ကြွေးဆပ်လိုက်ရတဲ့ငွေကို မာဏ်ကွက်ဆီက တရားစွဲပြီး တောင်းယူလို့ ရတယ်''

ထိုပုဂ္ဂိုလ်၏စကားကို ကြားရသောအခါ အဏ္ဏာမလေက ရယ်လိုက်သည်။

''ကျွန်တော်ဟာ တရားရုံးသွားရတာကို သိက္ခာကျတယ်လို့ ယူဆတဲ့လူရဲ့သား ဖြစ်တယ်။ နောက်ဆုံး အသက်ထွက်မယ့်ဆဲဆဲမှာတောင် မာဏ်ကွက်ကို မယုံနှင့်လို့ ကျွန်တော့်ကို ကျွန်တော့်အဖေက သတိပေးသွားတယ်။ ကျွန်တော့်အဖေ ပြောတဲ့စကားကို နားမထောင်တဲ့ အပြစ်ဒဏ် ကျွန်တော်ခံနေရတာဖြစ်တယ်။ အဲဒီလိုခံနေရတာ ကျွန်တော့်အတွက် လုံလောက် ပါပြီ။ ကျွန်တော် အခုအဖြစ်အပျက်နှင့်အတူ မာဏ်ကွက်ကို မေ့ပစ်လိုက်တော့မယ်လို့ စိတ်ကူး တယ်။ မာဏ်ကွက်ဟာ မိတ်ဆွေအဖြစ်နှင့်ဖြစ်စေ ရန်သူအဖြစ်နှင့်ဖြစ်စေ သတိရနေဖို့ ကောင်းတဲ့ လူမဟုတ်ဘူး။ ကျွန်တော့်အနေနှင့် ကိုယ့်စိတ်နှလုံးဥစ္စာပစ္စည်းကို ကာကွယ်စောင့်ရှောက်လျှင် တော်လောက်ပါပြီ''

ထိုပုဂ္ဂိုလ်သည် စိတ်ပျက်အားလျော့သွားပြီးလျှင် ထိုနေရာမှ ဆုတ်ခွာသွားသည်။ အဏ္ဏာမလေ၏အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ အဏ္ဏာမလေသည် ဖြည်းညင်းစွာ ထပြီးလျှင် ပြတင်းပေါက်တွင်ရပ်လျက် ခပ်လှမ်းလှမ်းတွင် ရှိနေသော အိမ်နီးချင်း အိမ်ကို လှမ်းမျှော်ကြည့်နေသည်။ ယနေ့မှစ၍ နောက်ပိုင်းတွင် မိမိသည် ထိုအိမ်ကို ကြည့်နိုင် တော့မည်မဟုတ်ဟူ၍ တွေးတောစဉ်းစားပြီးလျှင် အဏ္ဏာမလေသည် ထိုအိမ်အား မိမိ၏ မျက်လုံးနှင့် စိတ်နှလုံး အပြည့်အဝ တင်းတိမ်ရောင့်ရဲမှု ဖြစ်မသွားမချင်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲတွင်လည်းကောင်း၊ ဝရံတာတွင်လည်းကောင်း၊ အိမ်နောက်ဘက်တွင်လည်းကောင်း၊ မြတင်းပေါက်၌လည်းကောင်း၊ မည်သည့်နေရာတွင်မှ အာနန္ဒီကို မတွေ့မမြင်ရပေ။ အဏ္ဏာမလေသည် အာနန္ဒီကို တစ်ကြိမ်တစ်ခါလောက် နောက်ဆုံးအကြိမ် အဝေးမှပင်ဖြစ်စေ ကြည့်ရန်ဆန္ဒပြင်းပြနေသည်။ တဖြည်းဖြည်း သူ၏ဆန္ဒသည် ဝေဒနာအဖြစ် ပြောင်းလဲသွားသည်။ ယင်းဝေဒနာကို ဖယ်ရှားပစ်မည့်သူကို မည်သည့်နေရာ၌မှ မတွေ့မမြင်ရပေ။

ရုတ်တရက် အဏ္ဏာမလေ စိုးရိမ်သွားသည်။ အာနန္ဒီ၏ပုံကို အပြီးမသတ်ရသေးခင် ပစ္စည်းသိမ်းမည့်လူများ ထိုနေရာသို့ ရောက်ရှိလာကြသည်။ ထိုပန်းချီပုံကို မည်သို့ အပြီးသတ်မည်နည်း။ မဒရပ်မြို့၌ လောလောဆယ် အိမ်လခပေးပြီး နေ၍ရသောအိမ်ကို ရရှိဖို့ မလွယ်ပေ။ ရှုရဝဏန်၏အိမ်သို့ဖြစ်စေ၊ အခြားမိတ်ဆွေတစ်ယောက်ယောက်၏အိမ်သို့ဖြစ်စေ သွားနေရမည်ဖြစ်သည်။ ထိုနေရာများ၌ ယခုလို အေးချမ်းဆိတ်ငြိမ်သောပတ်ဝန်းကျင်ကို ရရှိနိုင်ပါမည်လော။ အဏ္ဏာမလေသည် အိမ်မှ ထွက်ခွာမသွားခင် တစ်နည်းနည်းဖြင့် အာနန္ဒီအား တွေ့ဆုံနှုတ်ဆက်လိုသည့်စိတ် ဖြစ်ပေါ်လာသည်။ အာနန္ဒီကိုယ်တိုင် သူ့ထံလာတွေ့ နိုင်သည်ဟူ၍ အဏ္ဏာမလေ လုံးဝမျှော်လင့်မထားပေ။ မိမိ၏ အိမ်သို့သူလာနိုင်တော့မည် မဟုတ်ဟူ၍ မကြာခင်ကလေးကပင် အာနန္ဒီပြောကြားသွားခဲ့သည်။ ယင်းသို့ဖြစ်သော်လည်း အဏ္ဏာမလေသည် အာနန္ဒီနှင့် မတွေ့ရဘဲနှင့်၊ နှုတ်မဆက်ရဘဲနှင့် ထိုအိမ်မှ ထွက်ခွာသွားလိုသည့်ဆန္ဒ မရှိပေ။

"အာနန္ဒီနှင့် မတွေ့ရဘဲ ငါ ဒီအိမ်က သွားလို့မဖြစ်ဘူး။ ကြိုးစင်တင်တော့မည့်လူ၏ နောက်ဆုံးအလိုဆန္ဒကို ဖြည့်တင်းပေးရသကဲ့သို့ ငါ၏ ယင်းအလိုဆန္ဒလည်း ပြည့်ဝအောင်လုပ်ရမည်"ဟု အဏ္ဏာမလေ တွေးနေမိသည်။

ပန်းချီပုံ အပြီးသတ်ရန်အတွက် အဏ္ဏာမလေသည် ကုလားထိုင်ပေါ်၌ ထိုင်လိုက်သည်။ အာနန္ဒီ၏ ပုံကို ချစ်ခြင်းအပြည့်ရှိနေသောအကြည့်ဖြင့် ကြည့်လိုက်သည်။ မကြာမီမှာပင် ထူးခြားဆန်းကြယ်သော ငြိမ်းအေးမှုသည် သူ့ထံရောက်ရှိလာသည်။ မိမိတစ်သက်၌ ထိုကဲ့သို့သော ငြိမ်းချမ်းမှုမျိုးကို တစ်ခါမျှ မခံစားခဲ့ရဖူးပေ။ ဤကျယ်ပြန့် ကြီးမားသော ကမ္ဘာလောက၌ သူနှင့် အာနန္ဒီနှစ်ယောက်သာလျှင် အသက်ရှင်နေပြီး ကျန်သတ္တဝါအားလုံး ပျောက်ပျက်သွားကုန်ကြပြီဟူ၍ ရုတ်တရက် ထင်မှတ်သွားသည်။ မိမိ၏ လေးဘက်လေးတန်၌လည်း သုညအတိဖြစ်နေသည်ကိုသာလျှင် တွေ့မြင်ရသည်။ လူတို့၏ အရိပ်အယောင်မျှကိုလည်း မတွေ့ရပေ။ သစ်ပင်ဝါးပင်များ၏ အရိပ်အရောင်ကိုလည်း မမြင်ရပေ။ ပထဝီမြေကြီး၊ ရေ၊ မီး၊ လေ၊ အလင်းရောင် ဘာမျှမရှိပေ။

ယင်းသုညထဲတွင် ရပ်နေသော အာနန္ဒီသည် သူ၏ရွှန်းလဲ့နေသော မျက်လုံးဖြင့် မိမိကို ပြုံးကြည့်နေသည်။ ထိုအချိန်၌ အာနန္ဒီသည် 'စိတြပိယာ'ပန်းချီချစ်မြတ်နိုးသူအဖြစ်ဖြင့်သာလျှင် ထိုနေရာ၌ ရပ်နေသည်မဟုတ်ပေ။ အာနန္ဒီ ရင်ခုန်နေသည်ကို တွေ့မြင်ရသည်။ နှုတ်ခမ်း တုန်လှုပ်နေသည်ကို တွေ့မြင်ရသည်။ အာနန္ဒီသည် လျှို့ဝှက်ချက်အပြည့်ရှိသော အကြောင်းအရာတစ်ခုကို အဏ္ဏာမလေ၏ နားနားကပ်လျက် ပြောကြားရန် ဆန္ဒဖြစ်ပေါ်နေသည်။ အဏ္ဏာမလေသည် အာနန္ဒီ ပြောမည့်စကားကို နားထောင်ရန်အတွက် မရိုးမရွဖြစ်နေသည်။ ယင်းအသက်ဝင်နေသော ရုပ်ပုံ၏ 'မိမိ စိတြပိယာ'၏၊ မိမိပန်းချီချစ်မြတ်နိုးသူ၏ ရှေ့မှောက်၌ ရပ်ပြီးလျှင် တိုးတိုးကလေးပြောလိုက်သည်။

"အာနန္ဒီ မင်းဘာပြောချင်လို့လဲ၊ ဘယ်လိုမှ ဖုံးကွယ်မနေတော့ဘဲ ငါ့ကို အားလုံးဖွင့်ပြောပါ"

✦✦✦

'ကွန်ဖဲရီမုတ္တန်'အမည်ရှိသော မြေစိမ်းနှင့်ပတ်သက်၍ ကျေးရွာသူကျေးရွာသားများတွင် လူပြောသူပြောများသော စကားတစ်ခုရှိသည်။ တစ်စုံတစ်ယောက်အား ကိုက်သတ်လိုက်ရုံမျှနှင့် ထိုမြွေသည် အမျက်ဒေါသ ပျောက်ပျက်သွားခြင်းမရှိသေးပေ။ သုသာန်သို့သွားလျက် သစ်ပင်တစ်ပင်၏ မြင့်သောအကိုင်းပေါ်မှနေ၍ မြွေကိုက်ခံရသူ၏အလောင်းကို စောင့်မျှော်နေသည်။ အလောင်းကို တွေ့မြင်ရပြီးသည့်နောက်ကျမှသာလျှင် ထိုမြွေသည် ဒေါသပြေပျောက်သွားသည်။

မာဏိက္ကမ်အမည်ရှိသော ထိုမြွေစိမ်းလည်း အိမ်အပေါ်ထပ်တွင် ရပ်လျက် ဝမ်းမြောက်ဝမ်းသာ အားရစွာဖြင့် အိမ်မှီးချင်း အိမ်ဖရိဖရဲ ပျက်စီးသွားသည်ကို ကြည့်ရှုနေသည်။ စားပွဲ၊ ကုလားထိုင်၊ ဆိုဖာ၊ ဗီရို အစရှိသော ပစ္စည်းများကို ထိုအိမ်မှ သယ်ထုတ်နေကြသည်။ အဏ္ဏာမလေကိုလည်း အိမ်မှထွက်ခွာသွားသည်ကို မာဏိက္ကမ် ကြည့်မြင်နေလိုသည်။

ထိုအိမ်ကို လေလံတင်ရောင်းချမည့် စီမံကိန်းအားလုံးကို မာဏိက္ကမ်သည် အစကတည်းက အဆင်သင့်ပြုလုပ်ထားသည်။ မိမိကိုယ်မိမိ ပြောလိုက်သည်။

"ဒီလူယုတ်မာကို နာလန်ပြန်မထူနိုင်အောင် မြေမြှုပ်သင်္ဂြိုဟ်မည်။ အဲဒီလို ဦးကျိုးသွားမှ သူ ငါပြောတာကို နားထောင်မည်"

အာနန္ဒီ မိမိအနားသို့ရောက်လာမှသာလျှင် မိမိသည် အာနန္ဒီကို ဂရုမစိုက်ဘဲ ထင်တိုင်းလုပ်နေသည်ဆိုသည်ကို မာဏိက္ကမ် သတိရသွားသည်။ မိမိအား စူးစိုက် ကြည့်နေသော အာနန္ဒီအား ပြန်ကြည့်လိုက်ပြီးလျှင် "ဘာလဲ၊ ဘာကိစ္စရှိလို့လဲ"ဟု မေးလိုက်လေသည်။

"ရှင် ကိုယ်လုပ်တဲ့အလုပ်ကို ကြပ်မတ်ကြည့်ရှုနေတာလား"

ယင်းသို့ပြောလျက် အာနန္ဒီရယ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



"အခုလို ခိုးကြောင်ခိုးဝှက်နှင့် ဒီကနေပြီး ဘာကြောင့် ကြည့်နေရတာလဲ။ ရှင်ကိုယ်တိုင်သွားပြီး လည်မျိုညှစ်ပြီးတော့ သူ့ကို အိမ်က ဆွဲထုတ်ပစ်လိုက်ပါလား"

"ဒီမှာ နားထောင်။ တကယ်လို့ မင်းသူ့တက်ကရပ်ပြီး တစ်ခုခုပြောမယ်ဆိုရင် ငါ မင်းကို ဒီအိမ်က မောင်းထုတ်ပစ်လိုက်မယ်"

အာနန္ဒီက တစ်ဖန်ရယ်လိုက်ပြန်သည်။ သူ၏ရယ်သံသည် မာဏိက္ကမ်အား ခြောက်လှန့်နေသည်။ သို့ရာတွင် အာနန္ဒီတွင် လှသောအသွင်အပြင်တစ်ခု ပေါ်ပေါက်နေသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ မာဏိက္ကမ်အား ပြန်လှန်ရန်တွေသည့်အခါတိုင်း အာနန္ဒီ၏ အတွင်း၌ ဖုံးကွယ်နေသောအလှသည် ပေါ်ပေါက်လာတတ်သည်။ ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်းခံနေရသည်ဖြစ်၍ မရဏညောင်စောင်း၌ လဲလျောင်းနေရသော အာနန္ဒီသည် တဖြည်းဖြည်း ကျန်းမာလာသည်။ သူ၏ ဖုံးကွယ်မှုအလှသည် တစ်ဖန်ပြန်လာသည်။ အာနန္ဒီ၏ ယင်းအသွင်အပြင်ကို တွေ့ရသည့်ဖြစ်၍ မာဏိက္ကမ် စိတ်လှုပ်ရှားထကြွလာသည်။

ရယ်သွမ်းသွေးလျက် မာဏိက္ကမ်က မြူဆွယ်လိုက်လေသည်။

"အာနန္ဒီ ငါပြောတဲ့စကားကို နားထောင်စမ်းပါ"

ယင်းသို့ပြောလျက် အာနန္ဒီအား ဖြောင်းဖျနားချသည်။ အာနန္ဒီ၏ လက်ကိုကိုင်လျက် မိမိဘက် ဆွဲယူလိုက်သည်။ အာနန္ဒီ၏ ပခုံးကို ကိုင်လိုက်သည်။ မာဏိက္ကမ်၏မျက်လုံး၌ ကာမဂုဏ်ရမ္မက် ဝင်းလက်တောက်ပနေသည်။

အာနန္ဒီသည် သူ၏လက်ကိုရုန်းပြီးလျှင် ခပ်လှမ်းလှမ်း သွားရပ်နေလိုက်သည်။ အိမ်နီးနားချင်း အိမ်ဘက်ကို လက်ညှိုးညွှန်ပြလျက် …

"ဒါ လူကြီးလူကောင်း တစ်ယောက်ရဲ့အလုပ်လား"ဟု ပြောလိုက်သည်။ ထိုအချိန်၌ လူလေးငါးယောက်တို့သည် ဆူဆူညံညံနှင့် ဘီရိုတစ်လုံးကိုမပြီး အိမ်အပြင်ဘက် ထုတ်လာကြသည်။

ထိုအချိန်၌ မာဏိက္ကမ်သည် အာနန္ဒီနှင့် ရန်ဖြစ်လိုသည့်ဆန္ဒမရှိပေ။ မိမိအတွက် အာနန္ဒီ အလွန်လိုအပ်နေသည်ဟူ၍ ယူဆနေသည်။ မာဏိက္ကမ်သည် အကျိုးသင့်အကြောင်းသင့်ပြောလျက် အာနန္ဒီအား ဖျောင်းဖျနားချလိုသည့်ဆန္ဒသာ ဖြစ်ပေါ်နေသည်။

"ငါပြောတာ နားထောင်စမ်းအာနန္ဒီ။ တကယ်လို့ ငါ အခုလို မလုပ်လို့ရှိရင် ကြွေးရှင်က သူ့ကိုအရေးမယူဘဲ ငါ့နောက်လိုက်လာလိမ့်မယ်။ အဲဒီ အခြေအနေမျိုးရောက်လာရင် မင်းနဲ့ငါ လမ်းပေါ်ရောက်သွားရလိမ့်မယ်"

"အဲဒီလိုဆိုရင် ရှင် ကြွေးချေးတဲ့ကိစ္စမှာ ကိုယ့်ကို အကူအညီပေးတဲ့လူရဲ့ နောက်ကျောကို ဓားနဲ့ထိုးတာပေါ့"

မာဏိက္ကမ် ဒေါသထွက်သွားသည်။ သို့ရာတွင် ထိုအချိန်၌ မာဏိက္ကမ်သည် အာနန္ဒီ၏ရုပ်အလှကို မက်မက်မောမော ဖြစ်နေသည်။ အာနန္ဒီ၏ရုပ်အလှဆီ အာရုံရောက်နေ





သဖြင့် မိမိ၏ဒေါသကို ဖိနှိပ်ချိုးနှိမ်ထားလိုက်သည်။ စိတ်ဆိုးခြင်း အလျဉ်း မရှိသည့်အမူအရာမျိုးဖြင့် ပြောလိုက်သည်။

"ကြွေးယူတာ ငါမဟုတ်ဘူး။ သူ ယူတာ"

"ရှင် ဘာပြောလိုက်တာလဲ"

"ကြွေးဆပ်ရမယ့်လူက အဏ္ဏာမလေးသာဖြစ်တယ်။ သူ့အပေမှာ ငါ့ကြွေးရှိတယ်။ ဒါကြောင့် ဒီကြွေးကို သူပဲဆပ်ရလိမ့်မယ်။ ကြွေးဟောင်းကို ပြန်ရဖို့ တခြားနည်းလမ်း ငါ့မှာမရှိဘူး။ ကိုယ့်ဥစ္စာပစ္စည်း အဲဒီလို ရေထဲမျောပစ်လောက်အောင် ငါ မမိုက်သေးဘူး"

အာနန္ဒီက အော်ပြောလိုက်သည်။

"တကယ်လို့ ရှင်နှစ်ကြိမ်နှစ်ခါ သူ့ကို ကြွေးဆပ်ရမယ် လူလို့ပြောရင် ရှင့်လျှာ မီးလောင်ကျွမ်းသွားလိမ့်မယ်"

"အာနန္ဒီ"

"ကျွန်မနာမည်ကို ရှင်မခေါ်ပါနဲ့။ ရှင်ခေါ်တဲ့အတွက် ကျွန်မနာမည်သနတယ်"

အာနန္ဒီသည် ရုတ်တရက် စိတ်လိုက်မာန်ပါဖြစ်လာသည်။

"ရှင် အဲဒီအကြံနှင့် ကိုယ့်လက်ထပ်မယားကို သူ့ဆီ လွှတ်ပြီး အခေါ်ခိုင်းတာလား။ မိမိမယားရဲ့အပြုး၊ မိမိမယားရဲ့စကားနှင့် သူ့ကိုဖမ်းစားပြီး ကြွေးချေးတဲ့ စာချုပ်ပေါ်မှာ သူ့ကို လက်မှတ်ထိုးခိုင်းတာလား။ ပိုက်ဆံကြေးငွေအတွက် မိမိနှမကို ရောင်းစားတဲ့ မိန်းမကို ရှင် မိန်းမပျက်လို့ခေါ်တယ်။ ရှင့်လိုလူမျိုးကို ဘယ်လိုနာမည်ပေးမလဲ။ ပိုက်ဆံ ငွေကြေးနှင့်ပစ္စည်းဥစ္စာ အိမ်ရာရရှိဖို့အတွက်၊ လူလေးငါးခြောက်ယောက်ကြားထဲမှာ ကိုယ့်ကိုယ်ကို တကယ့်လူရည်တတ်ကြီးအဖြစ်ပြဖို့အတွက် အယုတ်တကာအယုတ်ဆုံး အလုပ်ကို လုပ်ဖို့ဝန်မလေးတဲ့ ရှင့်လိုလူစားတွေကို လူသားလို့ ခေါ်လို့ရပါ့မလား"

မာဏိက္ကမ်သည် ဒေါသထွက်လွန်းမက ထွက်လာသည်ဖြစ်၍ အရူးတစ်ပိုင်း ဖြစ်သွားသည်။ အာနန္ဒီကို ထိုးနှက် ရိုက်သတ်ပစ်လိုက်ချင်သည့်စိတ် ပေါ်လာသည်။ သို့ရာတွင် တခြားစိတ်လှုပ်ရှားမှုတစ်ခုကလည်း သူ၏နှလုံးထဲတွင် ဖြစ်ပေါ်နေသည်။ မိမိ တိရစ္ဆာန်ကျင့် တိရစ္ဆာန်ကြံ၏ သားကောင်ဖြစ်စေပြီးလျှင် အာနန္ဒီအား မလှန်နိုင်အောင် လုပ်လိုက်ချင်သည့် ဆန္ဒ ဖြစ်ပေါ်နေသည်။ အာနန္ဒီ ထိတ်လန့်ကြောက်ရွံ့သော၊ ရှုံ့ရှာမှုန်းတီးသော တိရစ္ဆာန်ကျင့် တိရစ္ဆာန်ကြံကိုအခြေခံလျက် အာနန္ဒီအား ခြေထောက်နှင့် နင်းခြေပစ်ရန်အတွက် မာဏိက္ကမ် အဆင်သင့်ဖြစ်သွားသည်။

မာဏိက္ကမ်၏ သံလက်နှင့်တူသော သန်မာသည့်လက်ဖြင့် ချုပ်ကိုင်ထားသည် ဖြစ်၍ အာနန္ဒီသည် ဒေါသထွက်လွန်မက ထွက်လာပြီးလျှင် တုန်ခါနေသည်။ မာဏိက္ကမ်၏ အရိုက်အနှက်ကို ခံနိုင်သော်လည်း တစ်ခဏလေးမျှပင် တိရစ္ဆာန်ကျင့်တိရစ္ဆာန်ကြံ၏ သားကောင်အဖြစ်မှ ခံနိုင်သည့်အခြေအနေ မရှိပေ။ အာနန္ဒီသည် မာဏိက္ကမ်အား ရုန်းလှန်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စတင်ကြိုးစားသည်။ ထိုအချိန်၌ အာနန္ဒီတွင် မည်သည့်နေရာမှ အစွမ်းသတ္တိ ရောက်လာသည် မသိပေ။

အာနန္ဒီသည် မာဏိက္ကမ်အား တအားတွန်းပစ်လိုက်သည်။ သူ၏ လည်ပင်းတွင် ဆွဲထားသော လက်ထပ်မင်္ဂလာဆွဲကြိုးသည် မာဏိက္ကမ်လက်ထဲ ပါသွားသည်။ မာဏိက္ကမ်သည် လက်ထပ်မင်္ဂလာဆွဲကြိုးကို တမင်တကာ ဆွဲယူလိုက်သလား။ သို့မဟုတ် ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် အမှတ်တမဲ့ သူ့လက်ထဲပါသွားသလား မသိပေ။ မာဏိက္ကမ်၏ လက်ထဲပါသွားသော မိမိ၏လက်ထပ်မင်္ဂလာဆွဲကြိုးကို တွေ့မြင်ရသည်ဖြစ်၍ အာနန္ဒီသည် မိမိ၏မျက်လုံးထဲတွင် လျှပ်စီးထောင်ပေါင်းများစွာ တစ်ကြိမ်တည်း ပြက်လိုက်သကဲ့သို့ ဖြစ်သွားသည်။ နှလုံးသားအတွင်း၌ ထိတ်လန့်ကြောက်ရွံ့ဖွယ် မိုးထစ်ချုန်းသံဖြစ်ပေါ်လာသည်။ ယင်းလက်ထပ်မင်္ဂလာဆွဲကြိုးနှင့်ပတ်သက်၍ သူ၏စိတ်နှလုံးထဲတွင် ဖြစ်ပေါ်နေသော ယုံကြည်ချက်၊ ကိုးစားချက်၊ မြတ်နိုးချက် အသိတရားများသည် ထိုထိတ်လန့်ဖွယ် လျှပ်စီးနှင့် မိုးချုန်းသံထဲတွင် မှုန့်မှုန့်ညက်ညက် ဖြစ်သွားကြသည်။

မာဏိက္ကမ် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ဘာလုပ်ရမည်ဆိုသည်ကို မသိအောင်ဖြစ်သွားသည်။ အာနန္ဒီ၏နှလုံးသားထဲမှ အားမြဲသောစမ်းရေကြည် ထွက်ပေါ်စီးဆင်းလာသည်။

''လွှတ်လပ်မှု၏ ယင်းအသိ ယင်းအတွေးသည် မည်မျှမြင့်မြတ်သနည်း။ ဤမျှသော နေ့ရက်အချိန်ကာလအထိ ယင်းအသိယင်းအတွေးသည် မည်သည့်နေရာ၌ ပုန်းခိုနေသနည်း။ ငါ၏လည်ပင်းတွင် ကြိုးစင်က ကြိုးကွင်းစွပ်နေသည်။ ယင်းကြိုးကွင်းကြောင့် ငါ့အသက် ထွက်လုနီးပါးဖြစ်နေသည်''

''အာနန္ဒီ၊ ဒီလက်ထပ်မင်္ဂလာဆွဲကြိုးကို လည်ပင်းမှာ ပြန်ဆွဲထားလိုက်ပါ''

ယင်းသို့ပြောလျက် မာဏိက္ကမ်သည် လက်ထပ်မင်္ဂလာဆွဲကြိုးကို အာနန္ဒီ၏လည်ပင်းအနီးသို့ ယူလာသည်။

အာနန္ဒီသည် လက်ထပ်မင်္ဂလာဆွဲကြိုးကို မိမိ၏အနီးသို့ယူမလာရန် အလွန်တရာငြိမ်းအေးသောအသံဖြင့် ပြောလိုက်သည်။

''သန်းကြွယ်သူဌေးကြီး အဲဒီလက်ထပ်မင်္ဂလာဆွဲကြိုးကို ကိုယ့်ချစ်သူဖြစ်တဲ့ ကြေးငွေမိန်းမစုအပုံရဲ့လည်ပင်းမှာ ဆွဲပေးလိုက်ပါ။ ငွေကြေးကို အသုံးပြုပြီး ရှင် တစ်စုံတစ်ယောက်ကိုပဲ ဝယ်ယူပါတော့။ ဒီကနေ့ကစပြီး ကျွန်မလည်း ရှင့်မိန်းမယား မဟုတ်တော့ဘူး။ ရှင်လည်းပဲ ကျွန်မ လင်ယောကျ်ား မဟုတ်တော့ဘူး''

မာဏိက္ကမ်၏လက်ထဲတွင်ရှိနေသော ထိုလက်ထပ်မင်္ဂလာဆွဲကြိုး၌ မည်ရွေ့မည်မျှအစွမ်းသတ္တိရှိနေသည်ကို မသိပေ။ မာဏိက္ကမ်သည် လက်ထပ်မင်္ဂလာဆွဲကြိုး၏ အစွမ်းသတ္တိအားလုံးကို တဖြည်းဖြည်း ပျောက်ဖျက်ပစ်လိုက်သည်။ တုန်တုန်ယင်ယင်ဖြစ်ပြီးလျှင် မာဏိက္ကမ်သည် ယိုင်ထိုးယိုင်ထိုးနှင့်နံရံအနီးသို့ ကပ်သွားသည်။





အာနန္ဒီသည် အဝတ်ကိုပြင်ဝတ်ပြီးလျှင် ဆံပင်ကိုပြင်ထုံးလျက် ထိုနေရာမှ ထွက်ခွာသွားသည်။ လှေကားအကွေ့တွင် ခြေချမိသည်နှင့်တစ်ပြိုင်နက် မီးကျိုးခဲ့ပေါ်တွင် ခြေချမိလိုက်ရသလားဟု အောက်မေ့သွားသည်။ ထိုနေရာမှာ မိမိ၏လည်ပင်းတွင် ကြိုးစင်၏ကြိုးကွင်းအတင်းစွပ်ခဲ့သည့်နေရာဖြစ်သည်။ အလျင်အမြန် အောက်ဘက်သို့ ဆင်းလာခဲ့သည်။

အာနန္ဒီ၏ဖခင်သည် ထိုအချိန်အထိ အိမ်ပြန်မလာသေးပေ။ မိမိဖခင် အယ်ဒီတာ ရှရဝဏာန်နှင့်တွေ့ရန် သွားခြင်းဖြစ်ပေလိမ့်မည်ဟူ၍ အာနန္ဒီက သိရှိနားလည်ထားသည်။ အိမ်ခန်းထဲဝင်လျက် မာဏိက္ကမ်အမေနှင့် တွေ့လိုသည့်ဆန္ဒလည်း မရှိပေ။ အာနန္ဒီသည် အိမ်ရှေ့ဘက် ခြံထဲထွက်လာပြီးလျှင် သူ့ရဲ့သတိုးနတ်သမီးရုပ်တု၏ရှေ့၌ အချိန်အတန်ကြာမျှ ရပ်နေသည်။ ထိုအချိန်၌ နေအပူရှိန်သည် မပြင်းသေးပေ။ ခြံထဲတွင် ညင်သာသော လေတိုက်ခတ်နေသည်။ ရုတ်တရက်လှည့်ပြီးလျှင် နာဂလိင်္ဂသစ်ပင်ကို လှမ်းကြည့်လိုက်သည်။ နာဂလိင်္ဂပန်းပွင့်သည့် ရာသီမဟုတ်ပေ။ သို့သော်လည်း ပန်းတစ်ပွင့်ပွင့်နေသည်ကို အာနန္ဒီ တွေ့မြင်ရသည်။ အနီးသို့ ဖြေးညင်းစွာ ကပ်သွားပြီးလျှင် မိမိ၏နူးညံ့သောလက်ဖြင့် ပန်းပွင့်ကို ခူးလိုက်သည်။ လက်ထဲတွင် နာဂလိင်္ဂပန်းပွင့်ရောက်လာသည်နှင့်တစ်ပြိုင်နက် အာနန္ဒီ၏ ခြေထောက်သည် အမှတ်တမဲ့အိမ်နီးနားချင်း အိမ်ဘက်သို့ ရွေ့ရှားလှမ်းသွားသည်။ ယင်းပန်းပွင့်ကသာလျှင် အာနန္ဒီအား လမ်းညွှန်ခေါ်သွားနေသည်ဟူ၍ ထင်ရသည်။

အိမ်အောက်ထပ်၌ အမိုက်သရိုက်များ တစ်ပုံတစ်ခေါင်းကြီး ဖြစ်နေသည်။ မီနာ၏ အမွှာလနှင့် အဏ္ဏာမလေတို့ကိုလည်း မတွေ့ရပေ။ ပစ္စည်းဥစ္စာများကို တစ်ခုပြီးတစ်ခု သယ်နေကြသည်ဖြစ်၍ အိမ်တစ်အိမ်လုံးလည်း ဟောင်းလောင်းဖြစ်နေသည်။

အာနန္ဒီအပေါ်ထပ်တက်သွားသည်။ အပေါ်ထပ်ရှိမြင်ကွင်းကို တွေ့ရသည်ဖြစ်၍ ကြက်သီးမွေးညင်းထသွားသည်။ အဏ္ဏာမလေသည် သူ၏'စိတြပိယာ' ပန်းချီပုံ ရှေ့မှောက်၌ ရုပ်တုသဖွယ် ရပ်နေသည်။ အာနန္ဒီကိုယ်တိုင် အခန်းထဲဝင်လာပြီး သူ၏အနီး၌ ရပ်နေသည်ဆိုသည်ကို အဏ္ဏာမလေမသိပေ။ သူ၏အခြေအနေသည် မြေတိုက်ခန်းထဲ၌ တည်ရှိနေသော နတ်သမီးရုပ်တု၏ရှေ့၌ မိမိ၏စိတ်နှလုံးကို အပ်နှံနေသော နတ်ရုပ်တုအား အုလိုက်အသည်းလိုက် ကြည်ညိုမြတ်နိုးသူ၏ အခြေအနေမျိုးဖြစ်နေသည်။ မှိတ်ထားသော သူ၏ မျက်လုံးမှ မျက်ရည်ဖြိုင်ဖြိုင်စီးကျနေသည်။

အာနန္ဒီသည် ယခုထက်တိုင်ပင် အဏ္ဏာမလေအား ဘာမျှမသိနားမလည်သော ကလေးသူငယ်တစ်ယောက်ကဲ့သို့ အဘယ်ကြောင့် တွေ့မြင်နေရသေးသည်ဆိုသည်ကို မသိပေ။ မိမိလက်မထပ်ခင်က အဏ္ဏာမလေသည် တစ်ကြိမ် သူ့ထံပြေးလာပြီးလျှင် ''တကယ်လို့ အာနန္ဒီနှင့် လက်ထပ်ခွင့်ရမယ်ဆိုရင် ကျွန်တော် အားမဆိုလုပ်ဖို့ အခွင့်ရှိပါတယ်''ဟု ပြောသည်။ ယခုအချိန်၌ အာနန္ဒီသည် ထိုစဉ်က အဏ္ဏာမလေ ပြောခဲ့သော စကားကို ပြန်လည်သတိရလာသည်။ ထိုအချိန်က အာနန္ဒီသည် ယင်း ဘာမှမသိနားမလည်



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးသူငယ်အား ရင်ခွင်ထဲဆွဲသွင်းလျက် မျက်ရည်သွန်ချရန် စိတ်ဆန္ဒပြင်းထန်နေခဲ့သည်။ ယခုအချိန်၌လည်း အာနန္ဒီသည် ထိုစဉ်က အခြေအနေမျိုးပင် ဖြစ်ပေါ်နေသည်။

ထိုအခိုက် အဏ္ဏာမလေ မျက်လုံးဖွင့်လျက် အာနန္ဒီကို ကြည့်လိုက်သည်။ သူတို့နှစ်ယောက် မည်မျှအချိန်ကြာမြင့်သည့်တိုင်အောင် ကြည့်နေကြသည်မသိပေ။ နှစ်ယောက်လုံး၏ မျက်လုံးသည် မျက်တောင်ခတ်ဖို့ မေ့နေသလို ဖြစ်နေသည်။

အာနန္ဒီသည် နာဂလိင်္ဂပန်းပွင့်ကို အဏ္ဏာမလေ လက်ထဲထည့်ပြီးလျှင် အဏ္ဏာမလေ၏ ဦးခေါင်းကို လက်ဖြင့်ညင်သာစွာ ပွတ်လေသည်။ အာနန္ဒီ၏ ချစ်ခြင်းမေတ္တာ ဝန်ထုပ်ဝန်ပိုးကို ခံမှုနိုင်စွမ်းမရှိသောကြောင့် အဏ္ဏာမလေသည် သူ၏ဦးခေါင်းကို အာနန္ဒီ၏ ရင်ခွင်ထဲ ထည့်ထားလိုက်သည်။ အာနန္ဒီ၏မျက်ရည်သည် အဏ္ဏာမလေ၏ မျက်ရည်နှင့် ပေါင်းစပ်ပြီးလျှင် အဏ္ဏာမလေ၏ ပါးပြင်ပေါ် စီးဆင်းနေသည်။ အာနန္ဒီသည် နှုတ်ကမူ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိပေ။ သို့သော်လည်း အဏ္ဏာမလေ၏ စိတ်နှလုံးထဲက အကြောင်းအရာကို တစ်ခုမကျန် အားလုံးသိရှိနားလည်သွားသည်။

အာနန္ဒီသည် "ကျွန်မတို့ ဒီအိမ်မှာ နေဖို့မလိုပါဘူး။ တဲအိမ် တစ်အိမ်မှာ တစ်သက်လုံးနေသွားကြလို့ ရပါတယ်"ဟူ၍လည်း မပြောကြားပေ။ သို့သော်လည်း အဏ္ဏာမလေသည် အာနန္ဒီ၏ စိတ်ထဲကအကြောင်းကို မပြောပြဘဲနှင့် အားလုံးသိရှိနားလည်သည်။ သူတို့နှစ်ဦးလုံး နှုတ်ဖြင့် တစ်စုံတစ်ရာပြောပြဖို့ရန် မလိုတော့ပေ။ ထိုနေရာ၌ မည်ကဲ့သို့သော မငြိမ်းချမ်းမှုအတွက် နေရာမရှိတော့ပေ။

လေးဘက်လေးတန်၌ ငြိမ်းချမ်းမှု လွှမ်းမိုးနေသည်။ နှစ်သိမ့်ရွှင်လန်းမှုကိုပေးသော ငြိမ်းချမ်းမှု ...

အချိန်အတန်ငယ် ကြာသောအခါ ရှာရဒါ ရောက်လာသည်။ ရှာရဒါသည် ခပ်လှမ်းလှမ်းမှရပ်လျက် ယင်းသက်ရှိရုပ်တုနှစ်ခုကို ကြည့်နေသည်။ သူ၏ မျက်လုံးသည် ဝမ်းသာအားရဖြစ်နေသဖြင့် တောက်ပနေသည်။ ရှာရဒါသည် မည်မျှပီတိသောမနေသ ဖြစ်သွားသနည်းဆိုလျှင် ထိုအချိန်၌ သူကိုယ်တိုင် အာနန္ဒီဖြစ်သွားသည်ဟု ထင်နေသည်။

အယ်ဒီတာ ရှုရဝဏာန်သည် အဏ္ဏာမလေနှင့် မိခင်မိနာချီအမွှာလူအား ခေါ်သွားရန်အတွက် ထိုနေရာသို့ ရောက်ရှိလာသည်။ ယခုအခါ၌ ရှာရဝဏာန်သည် အာနန္ဒီနှင့် ကဒိရေရှန်ကိုလည်း ခေါ်သွားဖို့ဖြစ်လာသည်။

လူငယ်လူရွယ်များ၏ ယင်းဆုံးဖြတ်ချက်ကြောင့် အိမ်ရှိ လူကြီးသူမများသည် မည်ကဲ့သို့သော ထိခိုက်မှုမှ ဖြစ်မသွားပေ။ ကဒိရေရှန်သည် ဝမ်းသာအားရဖြစ်သွားပြီးလျှင် သူတို့နှစ်ယောက်အား အကြိမ်ကြိမ်အထပ်ထပ် ကောင်းချီးသြဘာ မေတ္တာဆုမွန်ပေးနေသည်။

ရှုရဝဏာန်၏ ကားထဲတွင် ရှုရဝဏာန်နှင့်အတူ အဏ္ဏာမလေ၏ အိမ်ထောင်စုဝင် ပုဂ္ဂိုလ်လေးယောက်လည်း ထိုင်လိုက်ကြသည်။ အဏ္ဏာမလေသည် အာနန္ဒီ၏ ပုံကိုခေါက်လျက်





လက်ထဲတွင် ကိုင်ထားသည်။ ယင်းပုံမှတစ်ပါး မည်သည့်သူပိုင် ပစ္စည်းဥစ္စာမှ ကားထဲတွင် မရှိပေ။ လူသည် မွေးဖွားလာသည့်အခါ၌ အတူပါလာသော ပစ္စည်းဥစ္စာသာလျှင် ကွယ်လွန်သွားပြီးသည့်နောက်၌လည်း မိမိနှင့်တစ်ပါတည်း ယူဆောင်သွားရသည်။ ယင်းဥစ္စာပစ္စည်းဖြင့်သာလျှင် မိမိတို့၏ခရီးကို အစပြုကြရသည်။

"အဲဒီပုံ ရှင် ကျွန်မကိုပေးခဲ့"

ယင်းသို့ပြောပြီးလျှင် ရှာရဒါသည် အာနန္ဒီ၏ပုံကို အဏ္ဏာမလေလက်ထဲက လှမ်းယူလိုက်သည်။

ကားစက်နိုးပြီး ထွက်သွားသည်။ မျက်စိအောက်မှ ကွယ်ပျောက်သွားသည်အထိ ရှာရဒါသည် ထိုနေရာ၌ရပ်လျက် ကားကို မျှော်ကြည့်နေသည်။ အာနန္ဒီအနေနှင့် ဘဝသစ်ကို ရချင်ရမည်ဖြစ်သော်လည်း ယင်းဘဝ၏ ရွှင်လန်းချမ်းမြေ့မှုကိုမူ မိမိကသာလျှင် ရရှိသည်ဟူ၍ ရှာရဒါ ယုံကြည်သွားလေသည်။

ပါရုရှ

www.burmeseclassic.com